

# ဦးဝင်းတိန်

## သံသရာတစ်ကွေ့




# သံသရာတစ်ကွေ့

ဦးဝင်းထိန်








## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ပုံနှိပ်ခြင်း | ပထမအကြိမ်၊ ၂၀၁၈၊ ဒီဇင်ဘာလ။ |
| အုပ်ရေ | ၂၀၀၀ |
| တန်ဖိုး | ၁၀၀၀၀ ကျပ် |
| မျက်နှာဖုံးနှင့် အတွင်း ပုံနှိပ်သူ | **ဝင်းပပ ပုံနှိပ်တိုက် (၀၀၃၁၃)**<br>၁၂၄၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။<br>၀၉ ၅၁၀၁၇၄၄၊ ၀၉ ၇၉၅၂၉၆၃၃၅ |
| ထုတ်ဝေသူ | **ဒေါ်သင်းသင်းမွန် (၀၀၃၇၂)၊ သင်း စာပေ**<br>၁၉၊ ယောသကလမ်း၊ သာယာကုန်းရပ်ကွက်၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ |
| ဖြန့်ချိရေး | **ဝင်းပပ စာပေ၊ ပုံနှိပ်နှင့် စာအုပ်ချုပ် လုပ်ငန်း**<br>ဦးသန်းဝင်း၊ ၁၂၄၊ မဟာဗန္ဓုလလမ်း၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။<br>၀၉ ၅၁၀၁၇၄၄၊ ၀၉ ၇၉၅၂၉၆၃၃၅ |
| မျက်နှာဖုံး ဒီဇိုင်း | Prodigy |

# သံသရာ တစ်ကွေ့

ဦးဝင်းထိန်

ဦးဝင်းထိန်
သံသရာတစ်ကွေ့
(ပထမ အကြိမ်၊ ၂၀၁၈)
စာ- ၈၀၈၊ ၁၉ စင်တီ × ၂၆.၆ စင်တီ
ဝင်းပပ စာပေတိုက်
၀၉ ၅၁၀၁၇၄၄၊ ၀၉ ၇၉၅၂၉၆၃၃၅



## ဦးဂင်းထိန် (၁၉၄၁ - )

ဦးဂင်းထိန်ကို ၂၄၊ ၁၂၊ ၁၉၄၁နေ့မှာမိတ္ထီလာမြို့နယ်၊ အလယ်ရွာ ကျေးရွာ အုပ်စုမှာ ပါဝင်တဲ့ ဆည်ကုန်း ဆိုတဲ့ ဇနပုဒ်လေးမှာ မွေးဖွားခဲ့ပါတယ်။ ဖခင်က ကျောင်းဆရာ ဦးလှထွန်းနဲ့ မိခင်က ဒေါ်ခင်စု ဖြစ်ပြီး မွေးချင်း ၁၃ ယောက် ရှိခဲ့ပါတယ်။ သားအကြီးဆုံးပါ။

သူ အသက် သုံးနှစ် အရွယ်လောက်မှာ အလယ်ရွာ တောင်ကျောင်းက ကျောင်းထိုင်ဆရာတော် ဖြစ်တဲ့ ဦးသာသန ပျံလွန်တော်မူပြီးမှ အမေ ဒေါ်ခင်စုရဲ့ ဝမ်းဗိုက်မှာ ကိုယ်ဝန်တည်ရင်း အခု ဘဝသစ် တစ်ခုကို ရခဲ့တယ်လို့ ပြောခဲ့ဖူးပါတယ်။

"လူဝင်စားပေါ့ခင်ဗျာ၊ ကျွန်တော် သုံးနှစ်သားလောက်က အရင်ဘဝ ဖြစ်စဉ်တွေကို အထောက်အထား ခိုင်ခိုင်လုံလုံနဲ့ ပြောနိုင်ခဲ့ပါတယ်၊ ကြီးလာတော့ တဖြည်းဖြည်း မေ့သွားခဲ့ပေမဲ့ ဖခင် ကျောင်းဆရာကြီးက စာရေးဆရာညဉ် ရှိတော့ ကျွန်တော် ပြောတာတွေ ရေးမှတ်ထားလို့ ပြန်ပြောင်း မှတ်မိခဲ့တာပါ"

မူလတန်း ပညာကိုတော့ အလယ်ရွာ ဘုန်းကြီးကျောင်းမှာ တွဲဖက်ထားတဲ့ မူလတန်းကျောင်းက အောင်ခဲ့ပြီး အလယ်တန်းနဲ့ အထက်တန်း ပညာကို မိတ္ထီလာမြို့ အထက ၁ မှာ ဆည်းပူးခဲ့ပါတယ်။ ၁၀ တန်းနှစ်မှာ မမျှော်လင့်ဘဲ High School Final ပဲ အောင်လို့ ကျောင်းဆက်တက်ခွင့် မရတဲ့အခါ မိတ္ထီလာ ခရိုင် သစ်တောဝန်ရုံးမှာ အောက်တန်းစာရေး အဖြစ် တစ်နှစ်ခွဲ အလုပ် လုပ်ခဲ့ဖူးပါတယ်။ ၁၆ နှစ်သား အရွယ်က စခဲ့တာပါ။ အောက်တန်း *စာရေး လခ ၁၂၆ ကျပ် ၇၅ ပြား ရခဲ့ရာမှာ အဲဒီထဲက ငွေကျပ် ၁၀၀ ကို မိခင်ကြီး လက်ထဲကို* လစဉ် အပ်ခဲ့ပါတယ်။

အောက်တန်းစာရေး ဘဝက အဲဒီလို လစာငွေကို မိခင်ကြီးထံ ပို့တဲ့ အစဉ်အလာကို စစ်ဗိုလ် ဖြစ်တော့လည်း ဆက်လက် ဆောင်ရွက်ခဲ့ပါတယ်။ ဒုဗိုလ် ဘဝတုန်းက တစ်လကို ကျပ် ၁၅၀၊ ဗိုလ်ဖြစ်တော့ တစ်လ ကျပ် ၂၀၀၊ ဗိုလ်ကြီး ဖြစ်တော့ တစ်လ ကျပ် ၂၅၀ လစဉ် မပျက်မကွက် ဘဏ်ကတစ်ဆင့် ပို့ပေးခဲ့ပါတယ်။ ၁၉၆၃ ခုနှစ်၊ မေလက စပြီး ကျွန်တော် လက်ထပ်တဲ့ ၁၉၇၂ ခုနှစ်၊ ဧပြီလ အထိ ကျွန်တော်ရဲ့ စစ်ဗိုလ် လစာတွေကို တစ်လမှ အပြည့်အဝ မထုတ်ခဲ့ဖူးပါ။ ကိုးနှစ်တိုင်တိုင် ဖြစ်ပါတယ်။

၁၉၅၉ ခုနှစ်မှာ ၁၀ တန်း စာမေးပွဲ အောင်ရုံတင်မက DSA အပတ်စဉ် ၅ မှာ တက်ခွင့်ရခဲ့ပါတယ်။ ၁၉၆၃ ခုနှစ်မှာ ကျောင်းဆင်းခဲ့ပြီး ဒုဗိုလ်အဖြစ် ခန့်အပ်ခြင်း ခံခဲ့ရပါတယ်။ ကျောင်းဆင်းတဲ့အခါ အောင်စစ်သည်ဆုနဲ့ စာပေ ထူးချွန်ဆု ဆုနှစ်ဆု ဆွတ်ခူးခဲ့ပါတယ်။ ဒီလို ဆုနှစ်ဆု ဆွတ်ခူးခဲ့တာဟာ စစ်တက္ကသိုလ် သမိုင်းမှာ ပထမဦးဆုံးပါ။

မိခင် တပ်ရင်းက သနက ၅ ဖြစ်ပါတယ်။ ကျုံပျော်နဲ့ မအူပင် ပန်တပွတ် စခန်းတို့မှာ အခြေစိုက်ပြီး နေခဲ့ဖူးပါတယ်။ တပ်မှာ နေရင်း မြစ်ဝကျွန်းပေါ် ဒေသ၊ ရခိုင် ပြည်နယ် အရှေ့ခြမ်း၊ ပဲခူး ရိုးမနဲ့ ရှမ်းပြည်နယ် အရှေ့မြောက် ဒေသတွေမှာ စစ်ဆင်ရေး ဝင်ခဲ့ဖူးပါတယ်။ ၁၉၆၇ ခုနှစ်မှာ သနက ၅ ဟာ ရန်ကုန်ကို ရောက်လာပြီး အောင်ဆန်းမြို့မှာ အခြေချပါတယ်။ အဓိက တာဝန်ကတော့ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌ ဦးနေဝင်းရဲ့ လုံခြုံရေးပါ။

အဲဒီလို တာဝန် ထမ်းဆောင်ရင်းနဲ့ ကက (ကျင့်) ရဲ့ အစီအစဉ်နဲ့ နိုင်ငံခြား ဘာသာ သိပ္ပံမှာ ရုရှား ဘာသာကို အချိန်ပြည့် တက်ရောက်ခဲ့ပါတယ်။ ၁၉၆၉ ခုနှစ်မှာ ရုရှား ဘာသာ ဒီပလိုမာကို ထူးချွန် အဆင့်နှင့် အောင်မြင်ခဲ့ပြီး စစ်ရုံး [ကက (ကြည်း) တာဝန်] မှာ တွဲဖက် တာဝန် ထမ်းဆောင်ခဲ့ပါတယ်။ အဲဒီနောက် ကက (ကြည်း) စီမံရေး ဌာနကို ပြောင်းရွှေ့ တာဝန် ထမ်းဆောင်ပြီး မြန်မာ-အိန္ဒိယ နယ်နိမိတ် သတ်မှတ်ရေး ကော်မရှင် အောက်မှာ ဖွဲ့ထားတဲ့ "အောင်နိမိတ် စစ်ဆင်ရေး ဌာနချုပ်" မှာ ၁၉၆၉ ခုနှစ်က စပြီး ၁၉၇၆ ခုနှစ်အထိ ဦးစီး အရာရှိ အဖြစ် တာဝန်ယူခဲ့ရပါတယ်။

၁၉၇၇ ခုနှစ်မှာ ခမရ ၁၀၆ ကို ပြောင်းရွှေ့ပြီး စစ်ရုံးမှာ နေစဉ်က အတူ တာဝန် ထမ်းဆောင်ခဲ့ဖူးတဲ့ အရာရှိ အချို့နဲ့ ပတ်သက်ပြီး ရှေ့တန်းက ပြန်အခေါ် ခံခဲ့ရပါတယ်။ အကြောင်းရင်းကတော့ ထိုစဉ်က ပေါ်ပေါက်ခဲ့ "ဗိုလ်ကြီး အုန်းကျော်မြင့်နဲ့ အရာရှိ အချို့ရဲ့ နိုင်ငံတော် လုပ်ကြံမှု" နဲ့ ပတ်သက်လို့ ဖြစ်ပါတယ်။ ကိုယ်တိုင် မပါဝင်သော်လည်း နားစွန် နားဖျား ကြားမှုကြောင့် တစ်ကြောင်း၊ ထိုစဉ်က ခေါင်းဆောင်တွေ အချင်းချင်း အာဏာပြိုင်မှု ဖြစ်နေတာကလည်း တစ်ကြောင်းတို့ကြောင့် နာမည်ကျော်တဲ့ ထောက်လှမ်းရေးနဲ့ ရေကြည် အိုင် စခန်းမှာ ခြောက်လ အချုပ်ခံခဲ့ရပါတယ်။ သူတို့ အမှု ပြီးတဲ့ အခါမှာ အငြိမ်းစား ယူခဲ့ရပါတယ်။

၁၉၇၂ ခုနှစ်မှာ ဒေါ်သိန်းမြင့်ကြည် (တုံတုံ) နဲ့ အိမ်ထောင် ပြုခဲ့ပြီး သားသမီး လေး ယောက် ထွန်းကား ခဲ့ပါတယ်။ မဝင်းစုကြည် (ခ) မဖွန်၊ ဆန်းဝင်းထိုက် (ခ) သားဂျူး၊ အောင် ခန့်ဝင်းထိုက် (ခ) အငယ်လေးနဲ့ မချစ်စုဝင်းထိုက် (ခ) ချစ်တို့ ဖြစ်ပါတယ်။ အားလုံး အိမ်ထောင် ကျကုန်ကြပါပြီ။

၁၉၇၈ ခုနှစ်က စပြီး ၁၉၈၈ ခုနှစ် အထိ စီးပွားရေး လုပ်ခဲ့ပါတယ်။ ရွှေညောင် သကြားစက်၊ ကျောက်တော် သကြားစက်၊ ကျောက်တော် အရက်ချက် စက်ရုံ၊ မြစ်သား ဂါစက်နဲ့ ရွှေတောင် အထည်ချော စက်ရုံ စီမံကိန်းတွေ ကန်ထရိုက် ရခဲ့ပါတယ်။ အောင်မြင် တဲ့ စီးပွားရေး လုပ်ငန်းရှင် တစ်ဦး ဘဝကနေပြီး ၁၉၈၈ ခုနှစ်မှာ ပေါ်ပေါက်ခဲ့တဲ့ ရှစ်လေးလုံး အရေးတော်ပုံမှာ ပါဝင်ခဲ့ပါတယ်။ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်တို့နဲ့ အတူ အနီးကပ် နိုင်ငံရေး လုပ်ခဲ့တဲ့ အတွက် ၁၉၈၉ ခုနှစ်ကနေ ၁၉၉၅ ခုနှစ်ထိ ငါးနှစ်ခွဲ ထောင်ကျခဲ့ပါတယ်။

၁၉၉၅ ခုနှစ်မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရုံးမှာ ဆက်အလုပ်လုပ်ရင်းနဲ့ ၁၉၉၆ ခုနှစ်မှာ တစ်ခါ ပြန်အဖမ်းခံရပါတယ်။ အင်းစိန်ထောင်၊ မြင်းခြံထောင်၊ မိတ္ထီလာထောင်၊ မန္တလေးထောင်နဲ့ ကသာထောင်တို့မှာ ၂၀၁၀ ခုနှစ်အထိ ၁၄ နှစ်ကျော်ကြာ နေခဲ့ရပါတယ်။ စုစုပေါင်း ထောင်သက်က နှစ် ၂၀ နဲ့ နှစ်လ ဖြစ်ပါတယ်။

၂၀၁၂ ကြားဖြတ် ရွေးကောက်ပွဲမှာ မိတ္ထီလာ မြို့နယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဖြစ်လာပါတယ်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာတော့ ကျန်းမာရေးအရ ရွေးကောက်ပွဲ မဝင်တော့ဘဲ "အောင်နိုင်ရေး ဗဟို အဖွဲ့" မှာပဲ ဖောက်ချ တာဝန်ယူခဲ့ပါတယ်။ ရွေးကောက်ပွဲ အောင်နိုင်ပြီးတဲ့အခါ အစိုးရ တစ်ရပ် ဖွဲ့စည်းရေး အတွက် ဒေါ်အောင်ဆန်းစုကြည်ရဲ့ တာဝန် ပေးချက်အရ "အစိုးရ လွှဲပြောင်းရေး အဖွဲ့ Transition Team" ဥက္ကဋ္ဌ အဖြစ်နဲ့ တာဝန်ယူခဲ့ရပါတယ်။ အဖွဲ့ဝင် နှစ်ဦးကတော့ ဒေါက်တာ အောင်သူ (လည်/ဆယ်ဝန်ကြီး) နဲ့ ဒေါက်တာ မျိုးအောင် (နေပြည်တော် မြို့တော်ဝန်) တို့ ပါဝင်ပါတယ်။

ယနေ့အထိ ပြည်ပ ခရီးစဉ်များ အဖြစ် အိန္ဒိယ၊ အင်ဒိုနီးရှား၊ တရုတ်၊ ဘယ်လ်ဂျီယမ်၊ ပေါ်လန်နဲ့ အင်္ဂလန် နိုင်ငံများကို ရောက်ခဲ့ဖူးပါတယ်။ အဲဒီ ခရီးစဉ်တွေမှာ ကုတ်အင်္ကျီ၊ Neck tie နဲ့ ရှူးဖိနပ်များ မစီးဘဲ ပင်နီ တိုက်ပုံ၊ ကချင် လုံချည်၊ ညှပ်ဖိနပ်တွေနဲ့သာ သွားခဲ့ပါတယ်။

၂၀၁၆ ခုနှစ်မှာ NLD ရဲ့ အတွင်းရေးမှူးများ အဖွဲ့ဝင် ဖြစ်လာပြီး ၂၀၁၈ ခုနှစ်မှာ နာယက အဖွဲ့ဝင် တစ်ဦး အဖြစ် ပါတီ တာဝန်များကို ထမ်းဆောင်လျက် ရှိပါတယ်။

♥♥♥♥♥

# သံသရာတစ်ကွေ့
## မာတိကာ


အမှာစာ ၁

**အခန်း (၁)**

နိဒါန်း ၄
ကျွန်တော် တောသား ၅
သမ္မတ ဖြစ်တော့မယ့်သူ လာပို့တဲ့ Transformer ၅
အမှတ်တရလေးများ ၆
ကျွန်တော် လူဝင်စား ၆
ရွာရဲ့ ဥပုသ်ဓလေ့ ၇
အလယ်ရွာရဲ့ ခမ်းနားတဲ့ တောင်ကျောင်း ၈
တောင်ကျောင်း ဆောက်တဲ့ ဗိသုကာ ၉
ကျောင်းပေါ်ရှိ ဘုရားများ၊ ခေါင်းလောင်းများနဲ့ ဒေါ်မွေးသာ ၉
အရင်ဘဝက ဒေါ်မွေးသာရဲ့ ပစ္စည်းထုပ် ၁၀
ကျွန်တော့်ရဲ့ မူလတန်း ပညာရေး ၁၁
ကျောင်းတက်ခါစ အနေအထား ၁၁
မူလတန်းက ဆရာများ ၁၂
ကျောင်းအုပ်ကြီး အသတ်ခံရခြင်း ၁၂
ရွာက ကျွန်တော့်ရဲ့ ကျောင်းနေဘက်တွေ ၁၃
အဖေဘက်က ဆွေမျိုးများ ၁၄
အဖေရဲ့ အမေ ဒေါ်ခင်ပု ၁၅
အမေခင်နဲ့ ဒေါ်ငွေပန်းတို့ရဲ့ ရေချိုးနည်း ၁၅
အဖေနဲ့ အမေ ၁၆
ညီမ နံပါတ်ငါး လှစန်းရီ ၁၈

ဦးဝင်းထိန်


ဆရာမကြီး ဒေါ်သိန်းယဉ် ၁၉
ညီ နံပါတ်ခြောက် မောင်တင်စိုး ၂၀
ညီ နံပါတ်ရှစ် မောင်နိုင်လင်း ၂၁
ကျွန်တော့်ညီ မောင်ညိုနဲ့ ၂၂
ဦးလေး ဦးအောင်ဘီ ၂၃
အမေ့ဘက်က ဆွေမျိုးများ ၂၄
ထောင်ထဲကနေ ပို့ရတဲ့ အသုဘ ၂၄
ဦးငြိမ်းနဲ့ နောက်ဆုံး နှုတ်ဆက်ခဲ့ရခြင်း ၂၅
ဦးလေး ဦးထွန်းယု ၂၅
ဦးထွန်းနဲ့ ပေဒင်ဆရာရဲ့ ဟောကိန်း ၂၇
စည်းကမ်းကြီးတဲ့ အဘိုး ဦးအောင်ဒင် ၂၈
အဘွား ဒေါ်စောမြိုင်နဲ့ သမီးကြီး မခင်စု ၂၈
ကျွန်တော်နဲ့ လောင်းကစား ၃၀
ကြောင် မရှိတော့ ကြွက်တွေ ထပြီ ၃၁
ကျောင်းသား သမဂ္ဂ ဥက္ကဋ္ဌ ဦးငြိမ်းမောင် ၃၂
ဒေါ်တင်ညွန့်နဲ့ မိသားစု ၃၃
ပုပ္ပါး ဆရာရွှေ ၃၃
အိုးရျင်းထား အိုးချင်းထိ ၃၄
နိုးရာလိုက်သွားပြီ ၃၅
သေတပန် သက်တစ်ဆုံး ပေါင်းသွားကြတယ် ၃၆
အဘိုးနဲ့ အဘွားက ကုန်သည်တွေပါ ၃၆
အလယ်ရွာရဲ့ ဆူးလေကုန်း ဘုရားပွဲ ၃၆
ရဲဘော်ဖြူခေတ် ၃၇
ငယ်ဘဝ ၃၈
လူကြုံရင် လေယာဉ်ပျံတောင် ပန်းကန်ဖြစ်တယ် ၃၉
နီးဒေါင်းလန်းနဲ့ စားခဲ့ရဖူးတယ် ၃၉
ကျောယားရတဲ့ စက်ချုပ်သမား ၄၀
မသေကောင်း မပျောက်ကောင်း (၁) ၄၀
မသေကောင်း မပျောက်ကောင်း (၂) ၄၁
ငယ်စဉ်က မန္တလေးမြို့ ၄၂
ငယ်ငယ်ကတည်းက ဇ,ရှိတဲ့ ညီနဲ့ ၄၄
မိဘ ဘိုးဘွားများရဲ့ အခြား လုပ်ငန်းများ ၄၆
အမေရဲ့ ငှက်မြီးရှည်ကြီး ၄၇

သံသရာတစ်ကွေ့

ဝါလုပ်ငန်း ၄၇
အခါကြီး ရက်ကြီး ရွာခလေ့ ၄၈
ရန်ပွဲ ၄၉
အမှုကိစ္စ တစ်ခုမှာ ဥပဒေအရ နစ်နာ အပြစ်ပေးရိုး မရှိ ၄၉
ကလေးဘဝ ကျွန်တော့် ရန်ပွဲ ၅၀
မောင်ညိုနဲ့ တစ်ချိုးတည်း လစ်ပြီ ၅၀
ကျွန်တော် မြို့သားဖြစ်ပြီ ၅၀
စီဇနဲ့ ပတ်ဝန်းကျင် ၅၂
ငယ်ငယ်က ကြုံတွေ့ခဲ့ရတဲ့ နိုင်ငံရေး ညစ်ပတ်မှု ၅၂
တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း သခင်ရွှေ ၅၃
အထက (၁) ကျောင်းသား ၅၄
လှုပါး ပုလင်းထိ ၅၄
စိတ်တေလေ ၅၅
ကြားဖြတ် ကာလတစ်ခု ၅၆
အဲဒီခေတ်က အလုပ်အကိုင် အခွင့်အလမ်း ၅၆
ကျွန်တော် အလုပ်ရပြီ ၅၇
လုပ်ငန်း အတွေ့အကြုံ ၅၈
ယပ်ဆွဲ ၅၈
တာဝါလိန်းက ဗိုလ်ချုပ် အောင်ဆန်း အိမ်ကို ရောက်ခဲ့တယ် ၅၈
ဗိုလ်ချုပ် အောင်ဆန်း ကျဆုံးပြီ ၆၀
ထူးခြားတဲ့ တိုက်ဆိုင်မှု ၆၀
အမေရဲ့နည်းနဲ့ ကျွန်တော်ရဲ့ လောင်းကစား ဂါသနာ ၆၂
ကလေးဘဝ ဖြတ်သန်းခဲ့ပြီ ၆၄
မွေးချင်းတွေရဲ့ ပုံစံအမျိုးမျိုး ၆၄
မောင်တင်စိုးရဲ့ Naing Group ၆၆
ထားထားရီ ၆၇
မိဘတွေ စိတ်မချမ်းသာမှာ စိုးလို့ ၆၈
တီတီရဲ့ ကျေးဇူး ၆၉
ထူးခြားချက်လေး တစ်ခု ၆၉
ဘာ့ကြောင့် မငိုကြတာပါလိမ့် ၆၉
အမေနဲ့ မိထားကြီးတို့ရဲ့ ထူးခြားတဲ့ အားပြိုင်မှု ၇၀
အမေနဲ့ ကျွန်တော့် ဆက်ဆံရေးထဲက အချို့ အကြောင်းအရာလေးများ ၇၀
မြင်းခြံထောင်မှာ နာရေး ကြုံရပြန် ၇၂

နာရေး ကြော်ငြာ ၇၂
ရက်လည်နေ့က ဆုံးဖြတ်ချက် တစ်ခု ၇၃
နနုက ထကပါတော့တယ် ၇၄
ကိုးရိုးယား မင်းသမီးလေးတွေ ၇၅
အစ်ကို နစ်ယောက် မရှိတော့လို့ အိမ်မှာ ဗိုလ်လုပ်နေတာ ၇၅
ညီမ နံပါတ် ၁၀ စိုးစိုး ၇၆
ကမ္ဘာ့ အံ့ဘွယ်တစ်ခု- အိမ်သာ နစ်လုံးနဲ့ အိမ် ၇၇
ကျွန်တော် ရုပ်ရှင် ကြမ်းပိုး ၇၇
အသက်မပြည့်လို့ စာမေးပွဲ မဖြေရပြန်ဘူး ၇၈
စစချင်း ကျခဲ့တဲ့ စာမေးပွဲများ ၇၉
အကျိုးမဲ့ ဖြတ်သန်းမှု တစ်ခု ၇၉
အတိုင်ခံရပြီ ၈၀
ကျွန်တော့်ညီ မောင်ညိုနွဲ့ (၂) ၈၁
နောက်တစ်မျိုး- စန္ဒရား ညိုနွဲ့ (၃) ၈၁
နောက်တစ်မျိုး- နာဂ ညိုနွဲ့ (၄) ၈၂
အဖေနဲ့ ကျွန်တော် ၈၃
ခေတ်ရှေ့ပြေးတဲ့ အဖေ့ အမြင် ၈၅
ပွဲကြိုက်ခင် ၈၅
ကျွန်တော့်ကို အဖေ လူရာသွင်းဖို့ ကြိုးစားပုံ ၈၆
ကိုယ့်လူတို့... ဒုတ်.... အား... ၈၆
ကျွန်တော်နဲ့ စာပေ ၈၇
နောက်ခံ ဇာတ်ကြောင်း ၈၉
စာအုပ် စာပေ လူ့မိတ်ဆွေ ၉၀
အင်္ဂလိပ် စာအုပ်တွေ ကြိုးစား ဖတ်နေပါပြီ ၉၂
ကျွန်တော်နဲ့ War and Peace ၉၃
နလုံးသား ပြဿနာ ၉၄
တရုတ်ဂိတ် ၉၅
လူငယ် ဘဝ တစ်ခန်းရပ်ပြီ ၉၅

## အခန်း (၂)
## တပ်မတော်သား ဘဝ

အဖေရဲ့ ဝိရိယ ၉၇
DSA သွားမယ် ဆိုပါမှ ၉၇
သူကများ ကျွန်တော့်ကို စာမေးပွဲ စစ်နေသေးတယ် ၉၈

| | |
|---|---|
| စစ်တက္ကသိုလ်က လာတဲ့ လုကြည် | ၉၉ |
| လစ်ပြေးပြီ | ၉၉ |
| ဗိုလ်ရွေး အဖွဲ့ (Officer Testing Team) | ၁၀၀ |
| ကျွန်တော်တို့ အသုတ် (Intake) က လူပို တစ်ယောက် | ၁၀၁ |
| ဖွဲ့စည်းပုံ အဆင့်ဆင့် | ၁၀၂ |
| ချပ်ဝတ်တန်ဆာများ | ၁၀၄ |
| တပ်ပြင်ထွက် ဝတ်စုံ (Walking-out Dress) | ၁၀၄ |
| ရောက်ရောက်ချင်း ဖက်ထိပ်နဲ့ တိုး | ၁၀၅ |
| စစ်သင်တန်း ရက်သတ္တပတ် (Military Week) | ၁၀၅ |
| Passing-out Parade | ၁၀၆ |
| စစ်ရေးပြနဲ့ တွန်ဖာပုန်း | ၁၀၆ |
| စာသင်တဲ့ ကာလ စပြီ Academic Week | ၁၀၇ |
| စာမေးပွဲတွေ | ၁၀၇ |
| နှစ်ဝက် အစမ်း စာမေးပွဲ | ၁၀၉ |
| နောက်ဆုံးနှစ် ဗိုလ်လောင်း ရာထူးများ Cadet Officers | ၁၀၉ |
| ကိုထွန်းအောင်ကျော် (လေ) | ၁၁၀ |
| အနော်ရထာ တပ်ခွဲ | ၁၁၁ |
| ပထမနှစ် ဗိုလ်လောင်းများရဲ့ နိစ္စဓူဝ အလုပ်များ | ၁၁၁ |
| နံနက် တန်းစီ စစ်ဆေးခြင်း | ၁၁၂ |
| ပထမနှစ် ဗိုလ်လောင်းများရဲ့ Steeple Chase ပြိုင်ပွဲ | ၁၁၂ |
| ရာဇဝင်တွင်တဲ့ မီတာ ၁၅၀၀ အစမ်းပြေးပွဲ | ၁၁၃ |
| ကျွန်တော့်ရဲ့တစ်ကိုယ်တော် မီတာ ၅၀၀၀ ပြေးပွဲ | ၁၁၄ |
| နိစ္စဓူဝ လှုပ်ရှားမှုများ | ၁၁၅ |
| ဂုဏ်ကျေးဇူးကို အထူးသိလျက် ဆရာစက် | ၁၁၅ |
| မသေကောင်း မပျောက်ကောင်း (၃) | ၁၁၆ |
| ချယ်ရီရိပ်နဲ့ ကျွန်တော် | ၁၁၇ |
| ပထမနှစ် ကာလ ဖြတ်သန်းမှု | ၁၁၈ |
| သမ္မတ တပ်ခွဲ ပြိုင်ပွဲ | ၁၁၉ |
| ကျောင်းဆင်းပွဲများ | ၁၂၀ |
| ဒုတိယနှစ် ဖြစ်စဉ်များ | ၁၂၀ |
| ပြေးရန် ကြံကြသော်လည်း | ၁၂၁ |
| အပတ်စဉ် ၆ က ပထမနှစ်၊ အပတ်စဉ် ၃ က နောက်ဆုံးနှစ် | ၁၂၂ |
| သမ္မတ တပ်ခွဲရဲ့ လုပ်ထုံးလုပ်နည်း တစ်ခု | ၁၂၃ |

| | |
|---|---|
| အထွေထွေ အခက်အခဲ ပြိုင်ပွဲ | ၁၂၃ |
| သမ္မတ တပ်ခွဲအလံ ပြောင်းလဲ အပ်နှံခြင်း အခမ်းအနား | ၁၂၅ |
| ယားကျိုကျို အခမ်းအနား | ၁၂၆ |
| ဒုတိယနှစ်-နှစ်ချုပ် | ၁၂၆ |
| တတိယနှစ် | ၁၂၇ |
| ကျွန်တော့် တတိယနှစ်ရဲ့ ခါးသီးတဲ့ အတွေ့အကြုံ | ၁၂၈ |
| ညီနွဲ့က အချုပ်ထဲမှာ | ၁၃၀ |
| FANNY ဆိုတဲ့ ရုပ်ရှင်ကားလေး | ၁၃၁ |
| စတုတ္ထနှစ် | ၁၃၄ |
| ဗိုလ်လောင်းတွေ လူမှုရေး အသိ ကြွယ်လာအောင်လို့တဲ့ | ၁၃၄ |
| နောက်ဆုံးနှစ်မှာ ရလာတဲ့ ဝေဒနာ | ၁၃၆ |
| ကျောင်းဆင်းပွဲ | ၁၃၇ |
| အောင်စစ်သည်ဆု | ၁၄၀ |
| စာပေ ထူးချွန်ဆု | ၁၄၂ |
| လေဟုန်စီးသကဲ့သို့ ပျော်ပါးသွားခြင်း | ၁၄၂ |
| ဘာ့ကြောင့် အဲ့ဒီလို ဖြစ်တာပါလိမ့် | ၁၄၃ |
| သူငယ်ချင်းတချို့ အကြောင်း | ၁၄၃ |
| မောင်မျိုးကြောင် (၁၆၄) | ၁၄၄ |
| ငါ ဘယ်သူလဲ | ၁၄၄ |
| မျိုးအောင်ရဲ့ ဗမာကျော် လုပ်ရပ်များ | ၁၄၆ |
| မျိုးအောင် တပ်ရင်းမှူး ဖြစ်ပြီ | ၁၄၇ |
| Leopard never changes spot | ၁၄၈ |
| သေတာတောင် အဆဲမလွတ်တဲ့ ကောင် | ၁၅၀ |
| ဗိုလ်ကြီး၊ ကျွန်တော် ရှုံးတော့မယ် ထင်တယ် | ၁၅၁ |
| ကျွန်တော်လည်း ချစ်ခဲ့ဖူးပါတယ် | ၁၅၁ |
| တပေါင်း လပြည့်နေ့ | ၁၅၃ |
| နောက်ရက်အားတွေမှာ | ၁၅၄ |
| ရည်းစားတော့ ဖြစ်ပြီ | ၁၅၄ |
| နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် | ၁၅၅ |
| အဖြစ်သည်းခဲ့ပုံများ (၁) | ၁၅၆ |
| ပဲခူး ရေကြီးပြီ | ၁၅၇ |
| အဖြစ်သည်းခဲ့ပုံများ (၂) | ၁၅၈ |
| အဖြစ်သည်းခဲ့ပုံများ (၃) | ၁၅၉ |

နောက်ဆက်တွဲ ကိစ္စများ ၁၆၀
အရှေ့မြောက်ခွင် - ကွတ်ခိုင် ဒေသ ၁၆၁
ရက်စက်တဲ့ ကံကြမ္မာရယ် ၁၆၂
မမောသေးဘူးလား ကြမ္မာရယ် ၁၆၃
မင်္ဂလာဒုံ လေဆိပ်မှာ ၁၆၄
နှင်းဆီနီ အိပ်မက် ၁၆၆
၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၁၆၇

## အခန်း (၃)
## တပ်မတော် အရာရှိ ဘဝ

ကျုံပျော်သို့ ၁၆၉
ကျောင်းကုန်းမြို့ ၁၇၀
ဥပစ္စေဒကကံ မရှိဘူးတဲ့ ၁၇၀
ရခိုင် ရိုးမ အရှေ့ခြမ်း တစ်နေရာ ၁၇၁
မသေကောင်း မပျောက်ကောင်း (၃) ၁၇၂
ပြန်ပေးဆွဲ၊ ငွေတောင်းတဲ့ကိစ္စကို လိုက်ရှင်းရခြင်း ၁၇၃
ဖားစု အကြောင်း ကြားဖြတ် ၁၇၃
ထူးခြားတဲ့ တိုက်ဆိုင်မှု နောက်တစ်ခု ၁၇၄
မသေကောင်း မပျောက်ကောင်း (၄) ၁၇၄
စည်ပင်ရိပ်သာထဲက စားသောက်ဆိုင် "နှင်း ၂" ၁၇၆
ဒဏ်ရာ ဒဏ်ချက် အမှတ်အသားတွေ ၁၇၆
မသေကောင်း မပျောက်ကောင်း (၅) ၁၇၇
မသေကောင်း မပျောက်ကောင်း (၆) ၁၇၈
စိတ်ကူးယဉ်စရာ ကောင်းတဲ့ နေရာလေး A Romantic Place ၁၇၉
စခန်းနဲ့ တည့်တည့် တိုးပြီ ၁၈၀
မြစ်ဝကျွန်းပေါ်မှာ တိုက်ပွဲဖြစ်ပြီ ဆိုရင် ၁၈၃
ကိုယ့်ကိုယ်ကိုယ်တောင် အံ့ဩမိတဲ့ ဒေါသ ၁၈၅
တပ်စုမှူး သင်တန်း ၁၈၈
ကျွန်တော့် ရဲဘော်ကြီး ဗွန်ဒိုလျှန် ၁၈၉
သင်တန်း အတွေ့အကြုံ ၁၉၀
မသေကောင်း မပျောက်ကောင်းလို့ ပြောရင် ဖြစ်နိုင်မလား ၁၉၁
အတွေး လိုက်မမှီခဲ့တဲ့ လူမှုရေး ပြဿနာ တစ်ခု (အချစ်နဲ့ ရာဂ) ၁၉၂
အိုးမလုံတော့ အုံပွင့်ပြီ ၁၉၄
စစ်ဆင်ရေးများ ၁၉၅

ရှမ်းပြည်နယ် အရှေ့မြောက် ဒေသမှာ ၁၉၅
ဗိုလ်မှူး သိုးထိန်း ၁၉၆
လက်မရှိ တပ်ဖွဲ့ ၁၉၆
ပညာရှိ နိပ်စက်နည်း ၁၉၇
ငွေရေးကြေးရေး ၁၉၈
မုန်းပေါ် ဆိုတဲ့ နေရာလေး ၁၉၉
ဖောင်းဆိုင် ဒုဝါ ၂၀၀
ဦးတီခွန်မြတ်နဲ့ ကျွန်တော် ၂၀၁
မသေကောင်း မပျောက်ကောင်း (၇) ၂၀၁
တပ်ရင်းမှူး ပြောင်းပြီ ၂၀၂
အလင်းရောင် စစ်ဆင်ရေး ၂၀၃
စစ်ကြောင်း ၁ နဲ့ စစ်ကြောင်း ၂ ၂၀၃
ဗိုလ်ကြီး/ဗိုလ်မှူး ထွန်းရီ ၂၀၄
ဦးနေဝင်းအတွက် လုံခြုံရေး ၂၀၆
တပ်ရင်းမှူး ပြောင်းပြန်ပြီ ၂၀၆
ဒုဗိုလ်မှူးကြီး ထွန်းရီနဲ့ ဗိုလ်ချုပ်ကြီး စန်းယု ၂၀၇
မမျှော်လင့်သော ဒုတိယ ဗိုလ်မှူးကြီး ထွန်းရီရဲ့ ကံကြမ္မာ ၂၀၉
ကျွန်တော့်ရဲ့ အတွေး ၂၀၉
ဗိုလ်မှူးကြီး ထွန်းရီရဲ့ ကံကြမ္မာ ၂၁၀
ဘဝ အလှည့်အပြောင်း ၂၁၀
ကံကြမ္မာ အလှည့်အပြောင်း ၂၁၁
ထူးခြား ဖြစ်စဉ်များ ၂၁၁
သွေးဝမ်းနဲ့ ဒိန်ချဉ် ၂၁၂
တောတွင်း ရိက္ခာ Jungle Ration ၂၁၄
စပါးကြီးမြွေ ၂၁၄
စစ်ခွေးများ ၂၁၅
ကျွန်တော်နဲ့ နာယကကြီး ဦးတင်ဦး ၂၁၅
လောကဓံ ရိုက်ချက် ၂၁၇
ထောင်ကျတော့လည်း အတူတူ ၂၁၇
ဗိုလ်မှူးကြီး ကြည်မောင် ၂၁၈
ဂျုံးသိန်း Bulletin (ဂျုံးသိန်း သတင်းစဉ်) ၂၁၉
အက်ဖ်အာရ်စီ FRC နစ်ယောက် ၂၂၀
မျဉ်းပြိုင်နဲ့ တူတဲ့ ဘဝများ ၂၂၃

မောင်ဖြူရဲ့သား မောင်ကြည်မောင် ၂၂၃
FRC နှစ်ဦးရဲ့ တစ်ကြိမ်တည်းသော ဆုံစည်းမှု ၂၂၄
ဥပဒေရေးရာ စဉ်းစားသင့်သော အချက် ၂၂၅
အစက ပြန်ကောက်ကြဦးစို့ ၂၂၅
ရန်ကုန်ကို ပြောင်းပြီ ၂၂၅
ရုရှားဘာသာ သင်တန်းသား ၂၂၇
ဖြစ်ရပ်တွေများ ၂၂၈
တရုတ်-ဗမာ အရေးအခင်း (၁၉၆၇ ခုနှစ်၊ ဇူလိုင်လ) ၂၂၈
အရပ်ဘက် အုပ်ချုပ်ရေးကို တပ်မှ ပံ့ပိုးခြင်း Aid to Civil Power ၂၃၀
ဖြစ်စဉ်များအပေါ် သုံးသပ်ချက် ၂၃၃
ကျွန်တော်တို့ ဗမာလူမျိုးများရဲ့ စိတ်နေသဘာဝ ၂၃၃
တစ်မျိုးသားလုံး နစ်နာစေတဲ့ အကျိုးဆက် ၂၃၄


## အခန်း (၄)
## ကာကွယ်ရေး ဝန်ကြီးဌာနသို့ ပြောင်းရွှေ့ခြင်း


ကက (ကြည်း) တာဝန် တွဲဖက် ၂၃၇
ဖူးစာဖက် တွေ့ပြီ ထင်ပါရဲ့ ၂၃၇
စေ့စပ်ပြီးတဲ့နောက် ၂၄၀
မင်္ဂလာပွဲ ၂၄၁
ကျွန်တော် အတွေးခေါင်ခဲ့လေသလား ၂၄၂
ကိုယ့်ဘက်က အလိုက်သိခဲ့ပေမဲ့ ၂၄၆
မြန်မာ-အိန္ဒိယ နယ်နိမိတ် သတ်မှတ်ရေး ကော်မရှင် ၂၄၈
ပြည်တွင်း ခရီးစဉ်များ ၂၄၉
ထူးခြားချက်များ ၂၄၉
ထိုစဉ်က ထူးခြားတဲ့ ဆောလောရှာ သူကြီး ၂၅၄
ပြည်ပ ခရီးစဉ် ၂၅၅
နောက်တစ်ခေါက် အိန္ဒိယ ၂၅၅
ထူးခြားဖြစ်စဉ် တစ်ခု ၂၅၆
လေယာဉ်တင် သင်္ဘော ၂၅၇
ကာလကတ္တားရဲ့ ထူးခြားချက် ၂၅၉
အပြန်အလှန် ဧည့်သည်များ ၂၆၀
လုပ်ငန်း ဗဟုသုတများ ၂၆၀
မသေကောင်း မပျောက်ကောင်း (၈) ၂၆၁
လူမှုရေး အတွေ့အကြုံများ ၂၆၂

မီးမီးရဲ့ ကံကြမ္မာ အကျိုးပေး ၂၆၂
ခင်သန်းနုနဲ့ ဗိုလ်မှူးကြီး မောင်မောင်ခင် ၂၆၃
သေတ္တာကြီး လေးလုံး ၂၆၇
စာပို့သမားကြီးနဲ့ ကျွန်တော့် အမေ ၂၆၈
အသနားခံစာ တင်ပြီ ၂၇၀
နွေလယ်ခေါင်မှာ မိုးကြိုးပစ်ခြင်း ၂၇၁
ဗိုလ်စိန်သောင်း ကညွှန့်လို့ OKM-PSO ဖြစ်တာ ၂၇၃
လူကောင်းတွေနဲ့ မောင်တိုင်ပင်လား ၂၇၄
အန္တရာယ်က ကိုယ့်ဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့တာ ၂၇၄
မထင်မှတ်ဘဲ ကြားရတဲ့သတင်း ၂၇၆
ဒွာနကို ပြန်ပြီ ၂၇၈
စစ်ကြောရေး Interrogation ၂၇၉
စစ်ကြောရေးရဲ့ ထူးခြားမှု တစ်ခု ၂၇၉
ရေကြည်အိုင်သို့ ၂၈၀
ဗိုလ်စန်းအောင် (ခ) သာဂီ ၂၈၁
ဘာတွေ ဖြစ်ကုန်ကြပြီလဲ ၂၈၂
မတ်လ ၂၇ ရက်နေ့ အကြံ ၂၈၃
ဗိုလ်ဝင်းသိန်း ဖောက်ပြီ ၂၈၄
ဗိုလ်မှူး သူရ ချစ်ခိုင်ကို OKM က အားကိုး လေးစားတယ် ၂၈၄
ဗိုလ်မှူးကြီး ထားဝယ် မျိုးအောင် ၂၈၅
အချုပ်အနှောင်ခံ ဘဝ ၂၈၆
မတ်လ ၂၇ ရက်၊ တပ်မတော်နေ့ ၂၈၇
လုံခြုံရေး အစီအစဉ်တွေ ပြောင်းပြီ ၂၈၈
မြန်မာ့အသံက ကြေညာမယ် ၂၈၈
လူနုပ်ကြီး ဦးနေဝင်း ၂၈၈
တွက်ကြည့်တော့ စက်မရှိ ၂၈၉
ကျွန်တော်လည်း မသွားခဲ့ပါဘူး ၂၈၉
ဗိုလ်မှူးကြီး လှဖေ ၂၉၀
ဗိုလ်မှူးကြီး လှဖေရဲ့ ငယ်သူငယ်ချင်း ၂၉၁
အမှု ပေါ်ပေါက်လာပုံ ၂၉၂
ဗိုလ်ဝင်းသိန်း PSO ဖြစ်ဖို့အရေး ၂၉၃
မင်နီအိုး မှောက်ကျသွားတယ် ၂၉၃
ဗိုလ်ကြီး ထွန်းကျော်နဲ့ ဗိုလ်ကြီး စံကြည် ၂၉၄

ဝန်ကြီးများ အစည်းအဝေးကို တင်ပြီ ၂၉၅
ဗိုလ်မှူး မောင်လတ်နဲ့ ဗိုလ်မှူး သူရ ချစ်ခိုင် (လေ) ၂၉၆
တရားလို တရားခံနဲ့ အစိုးရသက်သေ (ဖော်ကောင်) များ ၂၉၇
တရားရှင်ကာလ ထူးခြား ဖြစ်စဉ်များ ၂၉၇
SB ဗိုလ်မှူး ဝီမြင့်ရဲ့ လက်စွမ်း ၂၉၈
ဗိုလ်ဝင်းသိန်းရဲ့ စေတနာ ၂၉၉
ခိုမှာက ဆုံးဖြတ်ပြီ ၂၉၉
ဆေးကုသခွင့်ရာ အမြင် ၃၀၀
ထွက်တော်မူ နန်းက ခွာပြီ Farewell to Arms ၃၀၀
ဦးသိန်းဟန် (ခ) ပြောင်ကြီး ၃၀၁
ထောင်နောက် တရားပါ ၃၀၂
သူနဲ့ ထောက်လှမ်းရေး ဆက်ဆံပုံ ၃၀၃
ကုလသမဂ္ဂ အထူး သံအရာရှိ ၃၀၃

## အခန်း (၅)
## အရပ်သား ဘဝ

စကတည်းက ယဉ်သကို ၃၀၅
ရဲဘော်ရဲဘက်စိတ် Comradeship ၃၀၅
အပြောကျယ်လှတဲ့ သမုဒ္ဒရာ ဝမ်းတစ်ထွာ ၃၀၆
အလုပ်မျိုးစုံ ၃၀၈
အင်းလျားလမ်းက မိတ်ဆွေများ ၃၀၉
ကုမ္ပဏီ အလုပ်တွေ ၃၁၀
Hard drinking Irish ၃၁၁
Project အသစ်တစ်ခု ၃၁၁
လမ်းစဉ်ပါတီခေတ်က စာချုပ်တစ်ခု ချုပ်ဆိုရာမှာ ၃၁၂
နေရာ အရွှေ့အပြောင်း ၃၁၃
ဘဝတစ်ဆစ်ချိုး ပြောင်းပြန်ပြီ ၃၁၃
ကျွန်တော်ရဲ့ ပထမဦးဆုံး စာချုပ် ၃၁၅
ရခိုင် ပြည်နယ်မှာလည်း တည်ပေးပါတဲ့ ၃၁၇
လက်ဖျားခါရပါတယ် ၃၁၇
အရက်ချက် စက်ရုံတစ်ခုလည်း တည်ရမယ် ၃၁၈
မြစ်သားမြို့က ဝါစက် ၃၁၈
လုပ်ငန်းများတွင် တွေ့ကြုံရသော ကောင်း/ဆိုးကွက်များ ၃၁၉
အနိဋ္ဌာရုံများ ၃၂၀

ချည်ထည် အချောကိုင် စက်ရုံ စီမံကိန်း (ရွှေတောင်)
Textile Finishing Plant Project ၃၂၀
ကျွန်တော်နဲ့ တောင်တွင်းကြီး ဆရာတော် ဗိုလ်ကော ၃၂၀
ငွေ အပေးအယူ ၃၂၀
ဘဝရဲ့ အရေးပါတဲ့ မှတ်တိုင် တစ်ခု ၃၂၂
မသေကောင်း မပျောက်ကောင်း (၉)၊ နောက်ဆုံးထင်ရဲ့ ၃၂၃
သေဖို့က ကံပါလာဦးမှလို့ ပြောရမလား ၃၂၅
မောင့်ဘက်တန်နဲ့ မြန်မာပြည် ၃၂၇
ဘုရားဟောများ မှန်ကုန်ပုံ ၃၂၈
လူကြီး မိတ်ဆွေတွေများထဲက ဗိုလ်မှူးကြီး ဘရွှေ ၃၂၉
သူ့ရဲ့ ဘဝခရီး ၃၃၀
ဦးကျော်သောင်းနဲ့ ဆက်ဆံရေး ၃၃၂
ဦးသိန်းမောင် သို့မဟုတ် ရွှေသိန်းမောင် ၃၃၅
ကြက်ဆင် ဦးသန်းမောင် ၃၃၅
ကျူပ်တောင် စိတ်ပါသလို ဖြစ်လာပြီ ၃၃၆
ကဏ္ဍတစ်ခုရဲ့ နိဂုံး ၃၃၇
လုပ်ငန်း သုံးခု လုပ်ရမယ်တဲ့ ၃၃၇

## အခန်း (၆)
## ရှစ်လေးလုံး အရေးတော်ပုံနှင့် အတူ

တာရှည်နေသော အခြေခံ အကြောင်းများ ၃၃၉
ဦးအောင်ကြီးရဲ့ ၄၁ မျက်နှာ ရှိတဲ့စာ ၃၄၀
ဘာ့ကြောင့်ပါလိမ့် ၃၄၁
တို့ဗမာတွေရဲ့ အယူသီးမှုတွေများလား ၃၄၁
လမ်းစဉ်ပါတီ အစိုးရရဲ့ အခက် ၃၄၂
တိုင်းပြည်ကို ဓားပြတိုက်ခြင်း ၃၄၂
လျှင်လိုက်ကြပုံများ ၃၄၃
တစ်ပြေးညီ အထိနာခဲ့ခြင်း ၃၄၃
မလိုတမာ ပေးတဲ့ အကြံလေလား ၃၄၄
ရှစ်လေးလုံး အရေးတော်ပုံ ဖြစ်စေမယ့် မီးစ ၃၄၄
ပါတီ ညီလာခံ ၃၄၅
မတည်ငြိမ်မှုအစ ဖုန်းမော်က ၃၄၅
မလုပ်ကောင်းတာတွေ ၃၄၇
တံတားဖြူ အရေးအခင်း ၃၄၇

လူမဆန်တဲ့ ဖြစ်ရပ်များ ၃၄၈
ရှစ်လေးလုံး အရေးတော်ပုံကြီးမှာ ကျွန်တော့်ရဲ့ ကဏ္ဍ ၃၄၈
ကံတရားက ဖန်လာပုံ ၃၄၉
မြန်ဆန်လွန်းလှတဲ့ ဖြစ်ရပ်တွေ ၃၅၀
General Strike Committee (GSC) ၃၅၀
SCS ၃၅၀
ဒေါက်တာ မောင်မောင် သမ္မတ ဖြစ်လာခဲ့ပြီ ၃၅၁
ဦးအောင်ကြီးရဲ့ ဟောပြောပွဲ ၃၅၂
ဒေါ်အောင်ဆန်းစုကြည် ၃၅၂
ရွှေတိဂုံဘုရား အနောက်မုခ်က တရားပွဲ ၃၅၃
တပ်မှူးဟောင်းများ အဖွဲ့ ၃၅၃
နောက်ဆက်တွဲ ဖြစ်ရပ်များ ၃၅၄
မိုးကောင်းဘုရား ဓမ္မာရုံ အစည်းအဝေး ၃၅၅
အပြောင်းအလဲ မြန်သော ဖြစ်ရပ်များ ၃၅၅
အထွေထွေ သပိတ် ကော်မတီ - GSC ၃၅၅
ဒေါက်တာ မောင်မောင် ၃၅၆
အလွှာပေါင်းစုံ ပါလာပြီ ၃၅၇
ထူးခြားချက်များ ၃၅၇
ပြောင်းလဲလာသော မြို့ပြ မြင်ကွင်းများ ၃၅၈
အဖျက်အမှောင့် ပယောဂ ၃၅၈
သတ်ကုန်ကြပြီ ၃၆၀
ငွေကြာရံ ဘုန်းကြီးကျောင်းမှာ ၃၆၀
တပ်မတော် စစ်ကြောင်းများ ၃၆၀
ကုန်သွယ်ရေးရုံး ဖြစ်စဉ် ၃၆၀
အောင်-စု-တင် ၃၆၃
လမ်းစဉ်ပါတီအတွင်း အခက်အခဲများ ၃၆၃
ထောက်လှမ်းရေးအဖွဲ့ရဲ့ သံသရာ ၃၆၅
နောက်အနှစ် ၂၀ ကြာတဲ့အခါ ၃၆၆
ဝဋ်လည်ခြင်း ၃၆၇
ရွှေးသိပ်ပုံက ၃၆၈
နောက်ထပ် အနှစ် ၂၀ မှာ ဖြစ်လာပြန်ပါပြီ ၃၆၈
အစုလိုက် အပြုံလိုက် လူဖမ်းပွဲကြီး ၃၆၉
နဖူးတွေ့ ဒူးတွေ့ လောကဓံ ၃၇၀

ရုံးတင်ပြီ ၃၇၀
လူစုခွဲပြီ ၃၇၀
သုံးသပ်ချက် ၃၇၀
ပြန်ပြီး အစဖော်ကြည့်ဦးစို့ ၃၇၂
အခြား လှုပ်ရှားမှုများ ၃၇၃
အာဏာသိမ်းပြီ ၃၇၄
ဖြစ်စဉ်များအပေါ် ကျွန်တော့်ရဲ့ သုံးသပ်ချက် ၃၇၄
မီးလောင်ရာမှာ ဓာတ်ဆီနဲ့ ပက်သလို ၃၇၅
သပိတ်ကာလ နောက်ဆုံး အခြေအနေ ၃၇၆
နဝတ အစိုးရ ၃၇၆
အာဏာသိမ်းပြီးစ အခြေအနေများ ၃၇၆
သပိတ်မှောက် အင်အားစုအချို့ တောခိုကြခြင်း ၃၇၇
အဝေးရောက်များရဲ့ ဘဝကြမ္မာ ၃၇၇
နဝတရဲ့ ကြိုးပမ်းမှု ၃၇၈
ပြည်ထောင်စု ရွေးကောက် တင်မြှောက်ရေး ကော်မရှင်
Union Election Commission-UEC ၃၇၈
NLD ပါတီဖွဲ့ပြီ ၃၇၉
ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပထမဦးဆုံး စည်းရုံးရေး ခရီးစဉ် ၃၈၀
လူတွေရဲ့ စိတ်ဝင်စားမှု ၃၈၀
မန္တလေးက အဘ ဦးညိုပု အမေ ဒေါ်နှင်းတို့ရဲ့ အိမ် ၃၈၁
မိုးကုတ် ၃၈၂
မိုးကုတ်မြို့က အမာခံများ ၃၈၃
ဦးအောင်ကြီးနဲ့ လမ်းခွဲပြီ ၃၈၄
မဲခွဲဆုံးဖြတ်ပြီ ၃၈၄
ဖြုတ်စရယ်နဲ့မှ အိုဖျင်းတောင်း ၃၈၅
ခပ်တည်တည် လာထိုင်တဲ့ ပုဂ္ဂိုလ် ၃၈၅
ဒီတစ်ယောက်ကတော့ တစ်မျိုး ၃၈၆
မိတ္ထီလာမှာလည်း ဖြစ်ခဲ့ပါသေးတယ် ၃၈၈
သုံးရောင်ခြယ် အဖွဲ့ ၃၈၈
ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည် ၃၈၉
တပ်မတော်က တာဝန်ယူသွားတယ် ၃၉၀
ဂုသွင်း သဂြိုဟ်မယ့် အစီအစဉ် ၃၉၀
အသုဘချတဲ့ နေ့မှာ ၃၉၁

ပြုံးချင်စရာလေး တစ်ခု ၃၉၂
ကြိုတင် စီစဉ်ထားတာတွေ အကုန်တလွဲ ၃၉၂
မျှော်လင့်ချက်များ ၃၉၃
ရက်လည်နေ့ ၃၉၃
နားလည်မှုတစ်ခု ရလိုက်တယ် ၃၉၄

**အခန်း (၇)**
**ဒီမိုကရေစီ အထိ မြှင့်တင်ရေး ခရီးစဉ်များ**

မြစ်ကြည်အနဲ့ မရပ်မနား ၃၉၅
စစ်ကိုင်းတိုင်း ၃၉၆
လှေတောရွာ ၃၉၆
တချင်း ပြည်နယ် ခရီး ၃၉၇
ဧရာဝတီမြစ်ရေ ၃၉၇
ကိုမော်၊ ကိုအောင်နဲ့ သူတို့ ဖခင် ဗိုလ်မင်းလွင် ၃၉၈
ဝန်းမော်-ရွှေကူ ခရီးစဉ် ၄၀၀
ကသာမြို့ ၄၀၀
အကဲလွန်တဲ့ ကသာသူတွေ ၄၀၁
မိုးညှင်း/မိုးကောင်း ခရီးစဉ် ၄၀၁
ဗိုလ်ချုပ်ကြီး စောမောင်ရဲ့ မိန့်ခွန်း ၄၀၂
ရန်ကုန်တိုင်း ၄၀၃
ရှမ်းပြည်နယ်နဲ့ ကယားပြည် ၄၀၄
တောင်ကြီးမြို့ ညစဉ့်ခံပွဲ ၄၀၄
အနှောင့်အယှက် တစ်ခု ၄၀၅
ဧရာဝတီတိုင်း ၄၀၆
သေတမ်းစာ ၄၀၆
နဖူးတွေ့၊ ဒူးတွေ့ ၄၀၆
မသေကောင်း မပျောက်ကောင်း-နေဖြူ ၄၀၇
မွန်ပြည်နယ်/ကရင် ပြည်နယ် ၄၀၈
တနင်္သာရီတိုင်း စည်းရုံးရေး ခရီးစဉ် ၄၀၉
ရေလမ်း ခရီး ၄၁၀
ဗိုလ်မှူး ကျော်ဒွန်း ၄၁၁
ရှမ်း/ကယားမှ အပြန် ၄၁၂
ရေတာရှည်မြို့ ၄၁၃
၁၉၈၉ ခုနှစ်၊ သင်္ကြန် ကာလ ၄၁၃

| | |
|---|---|
| ဦးကြည်မောင်ရဲ့ မိတ်ဆွေ | ၄၁၄ |
| မတ်လ ဖြစ်စဥ်များ | ၄၁၄ |
| အမှတ်ရစရာ နေရာလေးများ | ၄၁၅ |
| ဖျာပုံ-ကျိုက်လတ် ခရီးစဉ် | ၄၁၆ |
| မမေ့နိုင်သော သီချင်းညည်းသံ | ၄၁၆ |
| လုပ်ကြံမှုလေလား | ၄၁၇ |
| အမျိုးသား ဒီမိုကရေစီ ပါတီ | ၄၁၈ |
| NCGUB ဖွဲ့စည်းခြင်း | ၄၁၉ |
| ဒေါက်တာ စိန်ဝင်း (ခ) ကိုနီတိုး | ၄၁၉ |
| ပွဲကြမ်းစပြုလာပြီ | ၄၂၀ |
| သံချပ် ပြိုင်ပွဲ | ၄၂၀ |
| နှစ်ဆန်းတစ်ရက်နေ့ | ၄၂၀ |
| လူ့ဘောင်သစ်နဲ့ ဒေါ်အောင်ဆန်းစုကြည် | ၄၂၂ |
| NLD လူငယ် | ၄၂၂ |
| သုံးရောင်းခြယ်နဲ့ လမ်းခွဲပြီ | ၄၂၄ |
| လူ/ကယ်/ပြန်က လုပ်နေတဲ့ လူငယ်အဖွဲ့နဲ့ NLD လူငယ် | ၄၂၄ |
| လူငယ် ညီလာခံများ | ၄၂၅ |
| ဒုတိယအကြိမ် လူငယ် ညီလာခံ | ၄၂၆ |
| မေ၊ ဇွန်၊ ဇူလိုင် | ၄၂၇ |
| မင်းသားခေါင်း ကွာကျပြီ | ၄၂၈ |
| အသံသွင်းခွေ ဘယ်လိုပြန့် | ၄၂၉ |
| တာဝန်အရ ဖီဆန်ကြ | ၄၂၉ |
| အစီအစဉ်တွေ ပြောင်းလိုက်ပြီ | ၄၃၀ |
| ပုဒ်မ ၁၀ (ခ) | ၄၃၀ |
| အဲဒီနေ့ | ၄၃၁ |
| ထောက်လှမ်းရေးမှာ ရမာန်ကြီး နှစ်ပတ် | ၄၃၁ |
| ထောက်လှမ်းရေးနဲ့ စစ်ကြောရေး | ၄၃၂ |
| ကျွန်တော်နဲ့ ဗိုလ်ခင်ညွန့် | ၄၃၄ |
| သားသား (ခ) မြင့်သိန်း | ၄၃၆ |
| ဇော်ဆိုင်း | ၄၃၇ |
| ပွဲကြမ်းပြီ | ၄၃၈ |

# "သံသရာတစ်ကွေ့" မှတ်တမ်း အတွက် အမှာစာ

ကျွန်တော် ဤမှတ်တမ်းကို ပြုစု ရေးသားခဲ့သည်မှာ ၂၀၁၇ ခုနှစ် နှောင်းပိုင်းမှာ စတင်ခဲ့ပါတယ်။ နေပြည်တော်၊ ညပင်ရိပ်သာ ၂၊ အဆောင် ၁၇၊ အခန်း ၂ မှာ နေရစဉ်တုန်းက လည်းကောင်း၊ "ဇမ္ဗူသိရိ ဆေးရုံ" တွင် နှစ်လကျော် နေစဉ်တုန်းက လည်းကောင်း၊ ဆေးရုံက ဆင်းပြီး စည်ပင်ရိပ်သာ ၂ အတွင်းက အိမ်ကလေးမှာ နေစဉ်တုန်းက လည်းကောင်း၊ ဩစတေးလျ နိုင်ငံ မဲလ်ဘုန်းမြို့ရှိ သမီးကြီး မဝင်းစုကြည် (ခ) မွှေနှင့် မိသားစု အိမ်မှာ နှစ်လခန့် နေစဉ်တုန်းက လည်းကောင်း အဆက်မပြတ် ရေးသားခဲ့ပါတယ်။

ကျွန်တော့် အသက်ဟာ လူ့ဘဝရဲ့ ဆယ်စုနှစ် ရှစ်ခုကို ဖြတ်သန်းခဲ့ပါပြီ။ ဘဝပေါင်း မြောက်မြားစွာကို လည်း ကြုံတွေ့ခဲ့ရပြီးပါပြီ။ ရှင်ကြီးဝမ်းလည်း ဝင်ခဲ့သလို၊ ရှင်ငယ်ဝမ်းလည်း ဝင်ခဲ့ပြီးပါပြီ။

- မိတ္ထီလာမှာ လူငယ် ဘဝ နေခဲ့တဲ့ ၁၈ နှစ် ကာလ (၁၉၄၁ ခုနှစ်မှ ၁၉၅၉ ခုနှစ်ထိ)၊
- တပ်မတော်သား ဘဝ ၁၈ နှစ် (၁၉၅၉ ခုနှစ်မှ ၁၉၇၇ ခုနှစ်ထိ)၊
- စီပွားရေးသမား ဘဝ ၁၈ နှစ်၊ (၁၉၇၇ ခုနှစ်မှ ၁၉၉၅ ခုနှစ်ထိ)။

အဲဒီလို ဘဝတွေကို ဖြတ်သန်းခဲ့ရာမှာ ၁၈ နှစ်စီ ဖြစ်ခဲ့လို့ တိုက်ဆိုင်တာလား၊ ဒါမှမဟုတ် သာမန် ဖြတ်သန်းမှုလား ဆိုတာ အပ်ကျမပ်ကျ မပိုင်းခြားနိုင်ခဲ့ပါ။ ၁၉၉၅ ခုနှစ်မှ စပြီး နိုင်ငံရေးနယ်ပယ်ထဲကို ခြေစုံပစ် ဝင်ခဲ့ရတဲ့ အခြေအနေကို နောက်ထပ် ၁၈ နှစ် ပေါင်းလိုက်ရင် ၇၂ နှစ်ပေါ့။ ဒီတော့ ၂၀၁၃ ခုနှစ်မှာ ဘဝ တစ်ဆစ်ချိုး ပြောင်းရမယ့် သဘောမျိုးရှိပါတယ်။

အသက် ၇၂ နှစ်ကို နောက်ထပ် ၁၈ နှစ် ပေါင်းရင် ကျွန်တော့် အသက် ၉၀ နှစ် ဖြစ်လာမှာ ဆိုတော့ ကျွန်တော်ဟာ အသက် ၉၀ နှစ် (၂၀၃၁ ခုနှစ်) လောက်အထိ နေရဦးမယ့် သဘောလား။ ကျွန်တော်ကတော့ မထင်ပါ။

အသက်အရွယ် ကြီးရင့်လာတဲ့အလျောက် ကျန်းမာရေးကလည်း အဘက်ဘက်က ချို့ယွင်းစ ပြုလာ နေပါပြီ။ ခါးနာတာ၊ ဒူးနာတာနဲ့ ဘယ်ဘက် ခြေဖနောင့်ကြော ချို့ယွင်းတာတွေဟာ သေရာပါမယ့် ဝေဒနာ တွေပါ။ အတွင်း ကလီစာတွေကတော့ မပြောပါနဲ့တော့။

မကြာခဏ ဆေးစစ်တဲ့အခါ ကျောက်ကပ်နဲ့ အဆုပ် ကတော့ ပုံမှန်၊ အသည်းကတော့ အဆီဖုံးနေပါပြီ။ နှလုံးကတော့ ယိုယွင်းစပြုနေပါပြီ။ မိုင်ဝက်/တစ်မိုင်လောက် လမ်းလျှောက်ရင်ပဲ မောနေပါပြီ။ ဒါ့ကြောင့် သွားလေရာ တောင်ဝှေးမှ မပါရင် မဖြစ်တော့သလောက်ပါ။

"အသက်ကို ဉာဏ်စောင့်" ဆိုတဲ့ ဆိုရိုးစကားအရ ကျန်းမာရေးကို သတိနဲ့ ယှဉ်ပြီး ထိန်းခဲ့ပါတယ်။ ဆရာဝန်တွေက သောက်ဖို့ ပေးထားတဲ့ ဆေးမျိုးစုံကလည်း တစ်နေ့ကို ၁၀ လုံးလောက် ရှိပါတယ်။ "ဆေးသောက်ဖို့ကတော့ ကျွန်တော့် တာဝန်၊ ကျန်းမာရေး ကောင်းလာမှာ ဆိုးလာမှာကတော့ ဆရာဝန်များနဲ့ သဘာဝ တရားရဲ့ တာဝန်" လို့ မှတ်ယူပြီး ပဲကြီးလှော် စားသလို နှိုင်းယှဉ်လို့ရနိုင်တဲ့ ဆေးမျိုးစုံကိုတော့ မပြတ် မှီဝဲလျှက်ပါ။

ဗုဒ္ဓရဲ့ အယူဝါဒကို နှစ်နှစ်ကာကာ ယုံကြည် ကျင့်သုံးတဲ့သူ ဖြစ်တဲ့အတွက် သေခြင်းတရားကိုလည်း မပြတ် နှလုံးသွင်းလျှက် ရှိပါတယ်။ ဝိပဿနာ ဘာဝနာကိုလည်း အချိန်ရရင် ရသမျှ ကျင့်ကြံနေတဲ့အတွက် "အနိစ္စ" သဘောကိုလည်း ကောင်းကောင်း သဘောပေါက်ပါတယ်။

အသက်ရှင်နေသရွေ့ အကုသိုလ် နည်းနိုင်သမျှ နည်းပြီး၊ ကုသိုလ်တရားများ တိုးတက် ပွားများအောင်လည်း တတ်စွမ်းသမျှ နှလုံးသွင်းနေပါတယ်။ ရှည်လျားလှတဲ့ သံသရာ ခရီးကိုလည်း နောက်ထပ် ဘဝပေါင်း ဘယ်လောက် ဖြတ်သန်းရမယ်၊ မဂ်တရား ဖိုလ်တရားတွေကိုလည်း ဘယ်ဘဝကျမှ ဆိုက်ရောက် ပေါက်မြောက်မယ် ဆိုတာလည်း မသိသေးဘူးလို့ ဝန်ခံရပါမယ်။

အသက်ရှင်သန်နေသရွေ့ ပတ်ဝန်းကျင်မှာ တွေ့ရတဲ့ လူပေါင်းစုံနဲ့ ဆက်ဆံရာမှာ လောဘ၊ ဒေါသနဲ့ မောဟတရားတွေကို ရှေ့တန်း ရောက်မလာအောင်လည်း သတိနဲ့ ထိန်းနေပါတယ်။ ဒါ့ကြောင့် လူအများနဲ့ ဆက်ဆံရာမှာ ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ နန္ဒမာလာဘိဝံသရဲ့ အောက်ပါ ဆုံးမစကားကို လေးလေးနက်နက် ဆင်ခြင်ပြီး လိုက်နာဆောင်ရွက်ပါတယ်။

၁။ ငါသည် သူတစ်ပါး ပျက်စီးအောင် လုပ်တတ်သူ မဖြစ်စေရ၊ သူတစ်ပါး၏ ကြီးပွားမှုကို လိုလားသူသာ ဖြစ်စေရမည်။

၂။ ငါသည် သူတစ်ပါး၏ အောင်မြင်မှုကို မနာလိုသူ မဖြစ်စေရ၊ ဝမ်းသာနိုင်သူသာ ဖြစ်စေရမည်။

၃။ ငါသည် လူအများကို လှည့်စား ဟန်ဆောင်တတ်သူ မဖြစ်စေရ၊ ဟန်ဆောင်မှု ကင်းသော ရိုးသား ပွင့်လင်းသူသာ ဖြစ်စေရမည်။

ကျွန်တော်ဟာ စာရေး ကျွမ်းကျင်တဲ့သူ မဟုတ်တဲ့အတွက် အကြောင်းအရာတွေက ဟိုရောက်လိုက်၊ ဒီရောက်လိုက်နဲ့ စာဖတ်သူတွေ စိတ်ရှုပ်သွားမယ် ဆိုရင်တော့ ကြိုတင်ပြီး တောင်းပန် စကား ဆိုပါရစေ။ ဒါပေမဲ့ အဲဒီလို ရေးနည်း ရေးဟန်ကလည်း စာရှုသူ အတွက် ပိုပြီး စိတ်ဝင်စားစေတယ်လို့ အနောက်တိုင်းက စာပေ ဝေဖန်ရေးဆရာ တချို့ရဲ့ အာဘော်ကို ဖတ်ရတော့ ဒါလည်း ဟုတ်ကောင်း ဟုတ်လိမ့်မယ်လို့ ကိုယ့်ကိုယ်ကိုယ် စိတ်ဖြေရပါတယ်။

ဖြတ်သန်းရတဲ့ ဘဝထိုထိုမှာ ကြုံတွေ့ရတဲ့ ဖြစ်ရပ်တွေ၊ သင်ခန်းစာတွေနဲ့ ကျွန်တော့်ရဲ့ အယူအဆတွေကိုပါ ကြိုးစားပြီး ရေးထားတဲ့ အတွက် ကျွန်တော်ရဲ့ "သံသရာတစ်ကွေ့" မှတ်တမ်းဟာ စာရှုသူများအတွက် တစ်စုံတစ်ခုသော ရသကို ပေးစွမ်းလိမ့်မယ်လို့မျှော်လင့်ပါတယ်။

ဤမှတ်တမ်း ဖြစ်မြောက်အောင် ကူညီခဲ့တဲ့ သားသမီးများ ဖြစ်ကြတဲ့ ဩစတေးလျ နိုင်ငံနေ မဝင်းစုကြည် (ခ) မဖွန်နဲ့ ခင်ပွန်း Sonny Norton၊ သားကြီး မောင်ဆန်းဝင်းထိန် (ခ) သားဂျူးနဲ့ ဇနီး မနှင်းရတနာဇော်၊ သားငယ် မောင်အောင်ခန့်ဝင်းထိန် (ခ) အငယ်လေးနဲ့ ဇနီး အိသက်၊ အငယ်ဆုံး သမီး မချစ်စုဝင်းထိန်နဲ့ ခင်ပွန်း Eugene Qua တို့ကို ကျေးဇူးစကား ဆိုရပါမယ်။ ဇနီး ဒေါ်သိန်းမြင့်ကြည် (ခ) တုံတုံလည်း ပါတာပေါ့။

စာမူကြမ်းတွေကို ထိန်းသိမ်းပြီး ကိုမြတ်နိုင်ရဲ့ "လျှပ်တစ်ပြက် ဂျာနယ်" နဲ့ အဆက်မပြတ် ဆက်သွယ် ဆောင်ရွက်ပေးတဲ့ ညီ နံပါတ် ၁၂၊ မောင်ကျော်လင်းနဲ့ မူကြမ်း ဘဝမှာ ဖတ်ရှု အကြံပြုပေးတဲ့ ညီနံပါတ် ၁၃၊ မောင်သိန်းထိုက် (ခ) ဇော်ဇော်တို့ကိုလည်း ကျေးဇူးတင်ပါတယ်။

ဤစာအုပ် ဖြစ်မြောက်ရေးအတွက် အဓိက ဆောင်ကျင်းပေးသူများမှာ မိတ္ထီလာ မြို့နယ်၊ သဖန်းပင်ရိုး ရွာမှ ဦးကြွင်နှင့် ဆည်တုန်းသူ မအောင်ကြည်တို့၏ သားများဖြစ်သော ကိုမြင့်သန်းနဲ့ ကိုသန်းဝင်းတို့ကိုလည်း အထူး ကျေးဇူးတင်ရှိပါကြောင်း။

ဒီမှတ်တမ်းကို ရေးဖြစ်အောင် Laptop နဲ့ သည်းညည်းခံပြီး လပေါင်းများစွာ ကူညီ မှတ်တမ်းတင်ပေးခဲ့တဲ့ ရေဦး မြို့နယ်၊ ခုံတိုင်ပင်ရွာက သမီး မသင်းဟန်စိုးနဲ့ သူ့ကို ကူညီပေးတဲ့ မခင်ဇာမွန်တို့ကိုလည်း ကျေးဇူး တင်ပါတယ်။ သူတို့ကို နေပြည်တော်မှာ လွှတ်တော် ကိုယ်စားလှယ်များအတွက် အထောက်အကူပြုနိုင်အောင် စီစဉ်ပေးတဲ့ ဆရာမကြီး မကြည်ဖြူသျှင်ကိုလည်း ကျေးဇူး အနန္တ ပါ။

မေတ္တာမြင့်
ဦးဝင်းထိန်

# သံသရာတစ်ကွေ့

## အခန်း (၁)
## နိဒါန်း

ကျွန်တော်ဟာ ဒီစာကို ရေးနေတဲ့ အချိန်မှာ လူ့လောကကြီးထဲမှာ ဆယ်စုနှစ် ခုနစ်ခု ဖြတ်သန်းခဲ့ပြီး ဖြစ်ပါတယ်။ ဘဝ အမျိုးမျိုးကိုလည်း ကြုံတွေ့ခဲ့ရပြီး လုပ်ငန်း သဘာဝတွေလည်း အကြိမ်ကြိမ် ပြောင်းလဲခဲ့ရပါတယ်။

အထက်တန်း ကျောင်းသား ဘဝ။
အဲဒီဘဝက လွန်မြောက်လာတဲ့အခါမှာ တပ်မတော်သား ဘဝ။
အဲဒီလို စစ်မှုထမ်း ဘဝ ကုန်ဆုံးသွားပြန်တော့ စီးပွားရေးသမား။
ဟော အခုတော့ နိုင်ငံရေးသမား။

ဒီလို ဘဝအလီလီ ဖြတ်သန်းခဲ့ရသလို အကောင်းအဆိုး လောကဓံတွေကိုလည်း ကြုံကြိုက်ခဲ့ရပါတယ်။

အဆိုး လောကဓံနေနဲ့ အကျဉ်းဖော်ပြရရင် ကျွန်တော်ဟာ အချုပ်အနှောင် ခံရတဲ့အချိန် ကာလပေါင်းဟာ အနှစ် ၂၀ နဲ့ ၂ လ ရှိခဲ့ပါတယ်။ ပြောရရင်တော့ ကျွန်တော့် ဘဝ သက်တမ်းရဲ့ လေးပုံတစ်ပုံကို ထောင်နန်းကြီး အတွင်းမှာ ကုန်ဆုံးခဲ့ရတယ် ဆိုပါတော့။ ဒီလို ကြာရှည်စွာ အချုပ်အနှောင် ခံခဲ့ရတာကို တချို့လူတွေက နစ်နာလှချည်ရဲ့လို့ ထင်ရပါလိမ့်မယ်။ ဆုံးရှုံး နစ်နာတာတွေကတော့ မပြောပြနိုင်လောက်အောင်ပါပဲ။ သို့ပေမဲ့ ကိုယ့်ဆုံးဖြတ်ချက်နဲ့ ကိုယ် လုံးလုံး နစ်ပြီး လုပ်ခဲ့တဲ့အတွက်ကြောင့် ဒီဆုံးရှုံးမှုတွေကို ဇာမချဲ့လိုတော့ပါဘူး။ ဒါပေမဲ့ ကျွန်တော့်အဖို့တော့ ဒီကာလတွေမှာ သံသရာအတွက် အဖိုးမဖြတ်နိုင်တဲ့ ဘဝ တန်ဖိုးတွေ ရခဲ့ပါတယ်။ ဘယ်လောက်၊ ဘယ်လို ဆိုတာတွေကိုတော့ နောက်ပိုင်းမှပဲ အလျဉ်းသင့်သလို ဖော်ပြပေးပါမယ်။

အချုပ်အနှောင်နဲ့ နစ်ကာလ ကြာရှည်စွာ နေခဲ့ရာမှာ ကျွန်တော်ဟာ ထောင်ထဲမှာ နေခဲ့တဲ့ အခြားသူတို့နဲ့စာရင် ကိုယ်/စိတ် ဖိစီးမှု အတော့်ကို နည်းပါတယ်ဆိုတဲ့ အချက်ပါ။ အင်္ဂလိပ်လို ပြောရမယ် ဆိုရင်တော့ survive ဖြစ်တယ်ပေါ့။ ကျွန်တော့် အတွေ့အကြုံနဲ့ ပြောရမယ်ဆိုရင် နိုင်ငံရေး အကျဉ်းသားလို့ သတ်မှတ်ပြီး ထောင်ထဲကို ဖမ်းထည့်လိုက်တယ် ဆိုပါစို့။ သူတို့ တစ်ချိန်ချိန်မှာ ပြန်လွတ်လာတဲ့အခါ အများစုက ပြောင်းလဲသွားတတ်ကြပါတယ်။

တချို့က မိသားစုတွေ ပြိုကွဲ၊
တချို့က နိုင်ငံရေးအမြင်တွေ ပြောင်းလဲ၊
တချို့က စိတ်ဓာတ်ပျက်၊
တချို့က ကျန်းမာရေး ချို့တဲ့၊
တချို့ကျပြန်တော့ အသက်ပါ ဆုံးရှုံးခဲ့ရ၊

တကယ့် အဆိုး လောကဓံတွေကို တွေ့ကြုံခဲ့ရပါတယ်။ ဒီလိုနဲ့ ထောင်က ပြန်လွတ်လာတဲ့ အခါမှာ ဆယ်ယောက်မှာ သုံးယောက်လောက်ပဲ ထောင်မကျခင် အနေအထားအတိုင်း ပြန်မှု လှုပ်ရှားနိုင်ကြတာပါ။ ကျန်တဲ့ ခုနစ်ယောက်ကတော့ အထက်ဖော်ပြခဲ့တဲ့ အတိုင်းပဲ နိုင်ငံရေး ရေစီးကြောင်းက သွေဖီကုန်ကြပါတယ်။

ဖိစီးမှုတွေ ရှိသော်လည်းပဲ ကျွန်တော်ဟာ ထောင်မကျခင်က အနေအထားအတိုင်း ပုံမှန် ရပ်တည်နိုင်ခဲ့ပါတယ်။ အဲဒီလို ရပ်တည်နိုင်အောင်လည်း ထောင်ထဲမှာ ကိုယ့်နိုင်ငံရေး ရပ်တည်ချက်ကို သတိနဲ့ ထိန်းသိမ်းခဲ့ပါတယ်၊ ခန္ဓာကိုယ် ကြံ့ခိုင်ရေးအတွက်လည်း နေ့စဉ် ပုံမှန်လုပ်ပါတယ်။ အဓိကကျဆုံးကတော့ သမထ/ဝိပဿနာ ဘာဝနာများကို နေ့စဉ် ပုံမှန် ပွားများနေခဲ့လို့ ဖြစ်ပါလိမ့်မယ်။

ကျွန်တော်ဟာ ထောင်ထဲ မဝင်ခင်ကတည်းက သမထ/ဝိပဿနာ ဘာဝနာများနဲ့ ယဉ်ပါးပြီးသားပါ။ ထောင်ထဲ ရောက်မှ လုပ်တာ မဟုတ်ပါဘူး။ ဒီနေ့အထိ ကျွန်တော်ဟာ ဒုလ္လဘ ခုနစ်ကြိမ်လောက် ဝတ်ခဲ့ဖူးပါတယ်။ အဲဒီ အတွေ့အကြုံတွေကြောင့် ကျွန်တော်ဟာ လောကဓံကို ကြံ့ကြံ့ခံနိုင်ခဲ့တယ်လို့ ယူဆမိပါတယ်။

## ကျွန်တော် တောသား

ကျွန်တော့်ရဲ့ မွေးရာဇာတိက မိတ္ထီလာမြို့နဲ့ ခုနစ်မိုင်လောက် ဝေးတဲ့ ဆည်ကုန်းရွာ ဖြစ်ပါတယ်။ ဆည်ကုန်းရွာဟာ အဲဒီတုန်းကရော အခုရော အိမ်ခြေ ၃၀ ကျော်လောက်ပဲ ရှိတဲ့ ရွာလေး တစ်ရွာပေါ့။ အဖေ့ရွာပါ။

ဆည်ကုန်းနဲ့ တစ်မိုင်ခွဲလောက် ဝေးတဲ့ ရွာကတော့ အလယ်ရွာ ဖြစ်ပါတယ်။ အမေ့ရဲ့ ရွာပါ။ ဆည်ကုန်းဟာ အလယ်ရွာ အုပ်စုထဲက ရွာတစ်ရွာ ဖြစ်ပါတယ်။

ဟိုတုန်းကရော၊ အခုရော အိမ်ခြေ ၂၀၀ ကျော် ရှိတဲ့ ရွာကြီးပါ။ နောက်ပိုင်း နိုင်ငံရဲ့ ရေမြေ ပထဝီ·အပြောင်းအလဲကြောင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဟာ အလယ်ရွာနားက ကပ်ပြီး ဖောက်လုပ်ခဲ့လို့ ရွာရဲ့ အနေအထားဟာ အခြေအနေ ကောင်းမွန်ခဲ့ပါတယ်။ အတိအကျ ဆိုရရင် မိုင်တိုင် ၂၈၂ နဲ့ ၂ ဖာလုံမှာ တည်ရှိပါတယ်။ အဲဒါတွေအပြင် ရွာမှာ ရဲစခန်း၊ ဆေးရုံနဲ့ အထက်တန်းကျောင်းတွေ ရှိနေပါပြီ။

၂၀၁၆ ခုနစ်မှာတော့ ဒီမိုကရေစီ အစိုးသစ် လက်ထက်မှာ မန္တလေးတိုင်း ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်ရဲ့ ပံ့ပိုးမှုကြောင့် တစ်ရွာလုံး လျှပ်စစ်မီး ရရှိပြီးနောက် လအနည်းငယ်မှာ အဖေ့ရဲ့ရွာ ဆည်ကုန်းအပြင် အနီးအနားက အမျိုးတွေ များတဲ့ ကြာကန်ရွာမှာလည်း လျှပ်စစ်မီးတွေ ရခဲ့ပါပြီ။

## သမ္မတ ဖြစ်တော့မယ့်သူ လာပို့တဲ့ Transformer

ဒီမှာ ပြီးချင်စရာလေး တစ်ခုလောက် ထည့်ရေးချင်ပါတယ်။ ရွာမီးလင်းရေးအတွက် လုံးပမ်းတဲ့အခါ ကိုယ်ထူကိုယ်ထမို့လို့ မိတ်ဆွေ အပေါင်းအသင်းတွေကို မေတ္တာရပ်ခံပြီး အလှူငွေ ကောက်ခံရပါတယ်။ အရပ်ကူပါ၊ လူဝိုင်းပါပေါ့။ အပေါ်မှာ ရေးခဲ့သလို ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်ရဲ့ ပံ့ပိုးမှု ပါသလို ခေါင်းဆောင်

ဒေါ်အောင်ဆန်းစုကြည်ရဲ့ blessing လည်းပါပါတယ်။ Transformer ကို "ဒေါ်ခင်ကြည် ဖောင်ဒေးရှင်း" က လှူဖို့ သဘောတူလိုက်ပါတယ်။

အမယ်..... သူတို့က ရွာအထိ စားရိတ်ငြိမ်း ပို့ပေးတာ။ ဘယ်သူ ကိုယ်တိုင် ပို့ပေးတယ် ထင်ပါသလဲ။ နောင် လအနည်းငယ် အတွင်းမှာ သမ္မတ ဖြစ်မယ့် ကိုထင်ကျော် ကိုယ်တိုင်ပေါ့။ အဲဒီရွာ မီးဖွင့်ပွဲ အထိမ်းအမှတ် ကျင်းပါတော့ ကျွန်တော်က အဲဒါကို ထည့်ပြောတဲ့အခါ ရွာသားတွေက "ဟာ... ဒီလိုမှန်းသာ သိရင်" ဆိုတဲ့ မှတ်ချက်နဲ့ စုတ်တသပ်သပ် ဖြစ်ကုန်တော့တာပေါ့။ အဲဒီတုန်းက ကိုထင်ကျော်ဟာ "ဒေါ်ခင်ကြည် ဖောင်ဒေးရှင်း" က ဒါရိုက်တာ တစ်ယောက်မို့ သူကိုယ်တိုင် ရွာကို ကိုယ်တိုင်ကိုယ်ကျ လာပေးတာပါ။

## အမှတ်တရလေးများ

ကျွန်တော်ဟာ မြန်မာနိုင်ငံ လွတ်လပ်ရေး မရခင် ခုနစ်နှစ် စောမွေးခဲ့တော့ ကျွန်ဘဝမှာ ခုနစ်နှစ် နေခဲ့တယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ ဒီတော့ လွတ်လပ်ရေး ရတဲ့အထိ ဖြတ်သန်းမှုဟာ ကလေး ဘဝဖြစ်လို့ မိဘနဲ့ ရွာမှာပဲ ကြီးပြင်းခဲ့ရတာပါ။ အမှတ်တရ ပြောစရာတွေတော့ ရှိပါတယ်။

အလယ်ရွာနဲ့ ဆည်ကုန်းဟာ နှစ်မိုင်လောက် ဝေးပြီး အနီးနားက ရွာတွေဖြစ်တဲ့ ကြာကန်၊ ပျော်ကုန်း၊ နွားစားငုတ် (နွားစဉ်းကုတ်) ဆိုတဲ့ ရွာတွေတစ်ဝိုက်မှာ ကျွန်တော့်အမျိုးတွေ အများကြီး ရှိကြပါတယ်။ အဲ့ဒီ ထဲက အချို့ အမျိုးတွေ အကြောင်းကိုတော့ နောင်အလျဉ်းသင့်သလို ဖော်ပြသွားပါ့မယ်။ ဒီကိစ္စတွေ အခုလို ပြောပြနေတာကတော့ ကျွန်တော်ဟာ တောသားဘဝက လာတယ် ဆိုတဲ့ အကြောင်း ပြောချင်လို့ပါ။

နောက်တစ်ခုက အဖေ့ရွာ ဆည်ကုန်းဟာ ဟိုတုန်းကလည်း အိမ်ခြေ ၃-၄၀ ၊ အခုလည်း အိမ်ခြေ ၃-၄၀ လောက်ပဲ ရှိပါတယ်။ လူနေအိမ်ခြေ တိုးတက်မှု ရှိမလာပါဘူး။ အကြောင်းရင်းကတော့ ကျွန်တော်တို့ မိသားစု အပါအဝင် မျက်စိပွင့်၊ နားပွင့်တဲ့ မိသားစု အချို့က မိတ္ထီလာ၊ မန္တလေး၊ ရန်ကုန် စတဲ့ မြို့တွေကို ပြောင်းသွားကြလို့ပါ။ ရေကြည်ရာ မြက်နုရာ ဆိုပါတော့။

ဆည်ကုန်းရွာဟာ အလွန် ခေါင်ပါတယ်။ ရွာထဲမှာ ရေတွင်း တူးလို့ မရလို့ ရွာ့အပြင်ဘက် သင့်လျော်တဲ့ နေရာမှာ ရေတွင်း တူးရပါတယ်။ ဘုန်းကြီးကျောင်းလည်း မရှိ၊ အတန်းကျောင်းလည်း မရှိ။ ဒါကြောင့် ဥပုသ် စောင့်ချင်ရင် အလယ်ရွာ တောင်ကျောင်းကို သွားရပါတယ်။ ကျောင်းနေတော့လည်း အလယ်ရွာ ကျောင်းမှာပဲ တက်ရတာပါ။

ကျောင်းနဲ့ ရွာနဲ့ ကြားမှာ ချောင်းတစ်ခု ရှိပါတယ်။ မိုးတွင်းဆိုရင် အဲဒီချောင်းက ရေစီးပါတယ်။ ကျွန်တော် မူလတန်းကျောင်း တက်ရတော့ မိုးရွာတဲ့ ကာလဆိုရင် ကျွန်တော့်အစ်မ တစ်ဝမ်းကွဲ မလှသင်က ကျွန်တော့်ကို ကျောပိုးပြီး ချောင်းကူးရတာကို မှတ်မိပါတယ်။

အခုတော့ မလှသင် မရှိတော့ပါဘူး။ သူ့သား၊ သမီးတွေတော့ အလယ်ရွာနဲ့ ဆည်ကုန်းမှာ ရှိနေကြပါတယ်။ မီးဖွင့်ပွဲမှာ ကျွန်တော် ရောက်တော့ သူတို့နဲ့ တွေ့ဖြစ်ပါတယ်။

## ကျွန်တော် လူဝင်စား

ကျွန်တော် ငယ်ငယ်ဘဝ နှစ်နှစ်သား၊ သုံးနှစ်သားလောက်က ကြုံတွေ့ခဲ့ရတာလေးတွေကို မပြောမဖြစ် ပြောရမှာပါ။

ကျွန်တော် စကားပြောတတ်စ နှစ်နှစ်သားလောက် ဆိုပါတော့။ (ကျွန်တော် ကိုယ်တိုင် မှတ်မထား နိုင်ခဲ့ပေမဲ့ အဖေက ကျောင်းဆရာဖြစ်ပြီး စာတိုစာစ ရေးမှတ်တတ်တဲ့ အကျင့်ရှိသူမို့ သူ မှတ်တမ်း ရေးခဲ့တာတွေကြောင့် အခုလို ပြောနိုင်ခဲ့တာပါ။)

သီတင်းကျွတ်လမှာ ကျွန်တော်တို့ မိသားစုက ဆည်ကုန်းကနေ အလယ်ရွာကို လှည်းနဲ့ သွားကြပါတယ်။ လှည်းပေါ်မှာ သူရင်းငှား ကိုလှဒင်နဲ့ အဖေရယ်၊ အမေရယ်၊ ကျွန်တော်ရယ်၊ အငယ်ကောင် ညီ့နွဲ့ ရှုပ် ပါကြပါတယ်။ (ကိုယ် ကိုယ်တိုင်က လယ်ယာအလုပ်ကို မလုပ်ဘဲ လူငှားနဲ့ လုပ်ရတာတွေ ရှိပါတယ်။ အဲဒီလို လူငှားကို ကျွန်တော်တို့ဘက်မှာ သူရင်းငှားလို့ ခေါ်ကြပါတယ်။)

ဆည်ကုန်းနဲ့ အလယ်ရွာက အထက်မှာ ပြောခဲ့သလို နှစ်မိုင်လောက် ဝေးပါတယ်။ အလယ်ရွာကို သွားတဲ့ လှည်းလမ်းကြောင်းက ရွာအဝေါ် "တောင်ကျောင်း" ရဲ့ အနောက်ဘက် ကိုက် ၁၀၀ လောက် ဝေးတဲ့နေရာမှာ ရှိတယ်။ အချိန်က ညနေ နေဝင်ရီတရောမှာပေါ့။

ဒီခရီးက သီတင်းကျွတ်လမို့လို့ အမေ့ရဲ့ အဖေနဲ့ အမေ ရှိတဲ့ အလယ်ရွာကို သွားပြီး ဝါကျွတ် ကန်တော့ကြဖို့ ဖြစ်ပါတယ်။

ကျွန်တော်တို့လှည်း တောင်ကျောင်းနားက ဖြတ်တဲ့အခါ ကျွန်တော်က ငိုပါသတဲ့။ ငိုယုံတင်မက ကျောင်းကို လက်ညှိုးထိုးပြီး " ငါ့ကျောင်းကို သွားမယ်၊ ငါ့ကျောင်းကို လိုက်ပို့" လို့လည်း အော်ပါသတဲ့။

အမေကတော့ ကျွန်တော် အငိုတိတ်အောင် ချော့လိုက်၊ ခေါက်လိုက် လုပ်ပါတယ်။ အဖေကတော့ သတိရှိသူ ဖြစ်လို့ ကျွန်တော် အော်တာတွေကို ကြားတဲ့အခါ "ကောင်လေး၊ မင့် ကျောင်းဆိုတော့ မင်းက ဒီကျောင်းက ပျံလွန်တော်မူသွားတဲ့ ဦးသာသနလား" လို့မေးပါတယ်။ အဲ့ဒီမှာ ကျွန်တော်က "အေး၊ ငါ သာသန၊ ငါ သာသန" လို့ ပြောပါသတဲ့။ အဖေက "အေး၊ ဒါဆို တိတ်တော့၊ အပြန်ခါကျမှ ကျောင်းကို ဝင်ပေးမယ်" လို့ ပြောမှ ကျွန်တော် အငိုတိတ်သွားပါတယ်တဲ့။

အဲဒီညနေ အဘိုး၊ အဘွား အိမ်မှာ ကန်တော့လိုက်၊ စားလိုက်သောက်လိုက်နဲ့ ကြာတော့ ကျွန်တော်က အိပ်ပျော်သွားပြီး ဆည်ကုန်းအပြန်မှာ ကျောင်းကို မဝင်လိုက်တော့ပါဘူး။

## ရွာရဲ့ ဥပုသ်ဓလေ့

အဲဒီတုန်းက ရွာနီးချုပ်စပ် အားလုံးမှာ အလေ့အထ တစ်ခု ရှိပါတယ်။ ဒါကတော့ ဥပုသ်နေ့တိုင်း ဘုန်းကြီး ကျောင်းကို လာကြပြီး ဥပုသ်သီလ ဆောက်တည်ကြတာပါ။ အလယ်ရွာက ပြန်လာပြီး နောက်ဥပုသ်နေ့မှာ ကျွန်တော့် အဘိုး၊ အဘွားများ ဖြစ်ကြတဲ့ ဦးဖိုးသော့၊ ဒေါ်ခင်ပုတို့နဲ့အတူ တောင်ကျောင်းကို ဥပုသ်စောင့် သွားကြပါတယ်။ မှတ်မိတာကတော့ ကျွန်တော့်ရဲ့ အစ်မ တစ်ဝမ်းကွဲ မသန်းရင်လည်း ပါပါတယ်။ အဖေနဲ့ အမေကတော့ အိမ်မှာ ကျန်ရစ်ခဲ့ပါတယ်။

ကျောင်းကိုလည်း ရောက်ရော ကျွန်တော်က "ငါ့ကျောင်း ရောက်ပြီ၊ ငါ့ကျောင်း ရောက်ပြီ" ဆိုပြီး ကျောင်းထဲကို ဝင်ပြေးပါသတဲ့။ အဲ့ဒီအခါမှာ ကျွန်တော့်မှာ သားရေဖိနပ်လေး စီးထားပြီး ကျောင်းဝင်းထဲကို ဖိနပ်မချွတ်ဘဲ ဝင်ပြေးသွားသတဲ့။ အဲ့ဒီအခါမှာ မသန်းရင်က "ဟဲ့ကောင်လေး၊ ဘုန်းကြီးကျောင်းဝင်းလေ၊ ဖိနပ်ချွတ်ဟဲ့" လို့ အော်ပြောတဲ့အခါ ကျွန်တော်က "ဒါငါ့ကျောင်းပဲ၊ ဘာလို့ ဖိနပ်ချွတ်ရမှာလဲ" လို့ ပြောပြီး ကျောင်းဝင်းထဲကို ပြေးဝင်သွားပါသတဲ့။

ကျောင်းမြို့စည်းရိုးနဲ့ ကိုက် ၄-၅၀ လောက်ဝေးတဲ့ ကျောင်းကြီးကို ရောက်တော့ ကျောင်းအောက်က တိုင်တွေကို ဖက်ပြီး "ဒါ ငါ့ကျောင်း၊ ဒါ ငါ့ကျောင်း" လို့ ရေရွတ် ကြွေးကြော်နေပါသတဲ့။ အဘွားနဲ့ မသန်းရင်တို့ ကျွန်တော့်ကို မှီလာတော့ ကျောင်းပေါ်ကို ခေါ်သွားပါတယ်။

ကျောင်းပေါ်မှာတော့ ရွာနီးချုပ်စပ်က ဥပုသ်စောင့်မယ့်သူတွေ ရောက်နေနှင့်ပါပြီ။ အဘွားနဲ့ မသန်းရင်က ရောက်နေနှင့်တဲ့ ရွာသူရွာသားတွေကို "ဒါ့ငါ့မြေးပေ့ါ၊ မောင်လုထွန်းသားပေါ့၊ နာမည်က ဝင်းထိန်တဲ့၊ ဒီကျောင်းက ပျံလွန်တော်မူသွားတဲ့ ဦးသာသန ဝင်စားတယ်လို့ ပြောနေတယ်အေ့" လို့ ပြောလိုက်ပါတယ်။

အဲဒီအခါမှာ သိမိတဲ့သူ တချို့က ကျွန်တော့်ကို မေးခွန်းတွေ တရစပ် မေးပါတော့တယ်။ အဲဒီ ကျောင်းက ဦးသာသနဟာ ၁၉၄၀ ခုနှစ်လောက်က ပျံလွန်တော်မူခဲ့တာပါ။ ကျွန်တော် မွေးတာက ၁၉၄၁ ခု၊ ဒီဇင်ဘာဆိုတော့ ဆရာတော် ပျံလွန်တော်မူတာနဲ့ ကျွန်တော့်ကို မွေးတာနဲ့ဟာ တစ်နှစ်ကျော်လောက် ကွာခြားနေပါတယ်။

ဒါကိုလည်း ကျွန်တော် မှတ်မိခဲ့တယ်။ ဦးသာသန ဘုန်းကြီးပျံကို စည်စည်ကားကား လုပ်ပြီး ရွာသုသာန်ကို ပို့တဲ့အခါ အခေါင်းတွေ၊ တလားတွေနဲ့ ခမ်းခမ်းနားနား ဖြစ်ခဲ့တာကို ကျွန်တော်က အပေါ်စီးက မြင်နေခဲ့ရပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်ဟာ ဘာသတ္တဝါ ဖြစ်နေခဲ့သလဲ ဆိုတာတော့ မမှတ်မိပါဘူး။ ကျွန်တော့် အထင်တော့ ကျွန်တော်ဟာ ရွာအဝင်ဝက ကုက္ကိုပင်ကြီးပေါ်မှာ ရှိနေခဲ့တယ်လို့ ထင်ပါတယ်။

## အလယ်ရွာရဲ့ ခမ်းနားတဲ့ တောင်ကျောင်း

ကျွန်တော် ငယ်စဉ်က အလယ်ရွာမှာ ဘုန်းကြီးကျောင်း သုံးကျောင်း ရှိပါတယ်။ တောင်ကျောင်း၊ မြောက်ကျောင်းနဲ့ အလယ်ကျောင်းလို့ ခေါ်ကြပါတယ်။ အလယ်ကျောင်းမှာတော့ ဆရာတော် ဦးပဏ္ဍိတ ကျောင်းထိုင်ပြီး ကျောင်းကတော့ ခေတ်မီ တစ်ထပ်တိုက်ပါ။ အဲဒီကျောင်းကို ကျွန်တော် မရောက်ဖူးတော့ သိပ်ပြီး မပြောနိုင်ပါဘူး။ မြောက်ကျောင်းကတော့ အထိုက်အလျောက် ခမ်းနားတယ်လို့ မှတ်မိပါတယ်။

တောင်ကျောင်းနဲ့ မြောက်ကျောင်း မတည့်ကြပါဘူး။ အကြောင်းရင်းတော့ ဘာမှမသိပါ။ ဒါပေမဲ့ မှတ်မိတာ တစ်ခုကတော့ ကျောင်းသားချင်း ရန်ဖြစ်ရင် တစ်ဖက်နဲ့ တစ်ဖက် မခံချင်အောင် အော်ကြတာပါ။ "မြောက်ဘက် ကျောင်းသား သူတောင်းစား၊ တောင်ဘက် ကျောင်းသား အကောင်းစား" လို့ အော်ပြီး ရန်ဖြစ်ကြလေ့ရှိပါတယ်။

ငယ်စဉ်ကတည်းက မှတ်မိတာကတော့ ဥပုသ်ရက်တွေမှာ တောင်ဘက်ကျောင်းမှာ ဥပုသ်စောင့်တဲ့ ပရိသတ် အများဆုံး ဖြစ်ပါတယ်။ ကျောင်းကြီးဟာ နှစ်ထပ်ဖြစ်ပြီး အောက်ထပ်မှာ လူတစ်ယောက် ဖက်လို့ မမီအောင် လုံးပတ်ကြီးတဲ့ တိုင်ကြီးတွေနဲ့ ထောက်ခံထားပါတယ်။ တစ်ဖက်မှာ ၁၀ ပေ အကွာလောက်စီ ရှိတဲ့ တိုင်ကြီး ရှစ်လုံးနဲ့ အလျားလိုက်မှာ တိုင်လုံးကြီး ၁၂ လုံးလောက် ရှိမယ်လို့ ထင်ပါတယ်။ အောက်ထပ် ဦးခန်းမှာ သံဃာအပါး ၃-၄၀ လောက် နေရာယူ တရားဟောနိုင်လောက်အောင် ကျယ်ဝန်းတဲ့ ပျဉ်ခင်း ကွပ်ပျစ် တစ်ခု ရှိပါတယ်။

အပေါ်ထပ်မှာတော့ ပျဉ်ထောင်ပျဉ်ခင်း ဖြစ်ပြီး ဘုံခုနစ်ဆင့် အမိုးပါတဲ့ နှစ်ဆောင်ပြိုင် ကျောင်းကြီးပါ။ အလယ်ခေါင်မှာ ရေတံလျှောက် ရှိပါတယ်။ အစွန်ဘက်မှာတော့ ဆွမ်းစားခန်းပါ။ သံဃာ အပါး ၁၀၀ လောက် တစ်ပြိုင်တည်း ဆွမ်းကျွေးနိုင်လောက်အောင် ကျယ်ဝန်းပါတယ်။ ဆွမ်းစားကျောင်းနဲ့ ပင်မ ကျောင်းကြီး ကြားမှာလည်း ရေတံလျှောက်တစ်ခု ရှိပါတယ်။

ဝင်မကျောင်းကြီးဘက်က လာတဲ့ ရေတံလျှောက်နဲ့ ဆိုရင် အင်္ဂလိပ်စာလုံး "တီ" ပုံသဏ္ဌာန်ပေါ့။ ကျောင်းပေါ် အတက် အဆင်းမှာတော့ ခမ်းနားတဲ့ ခုတ်လှေကားအပြင် ခုတ်လှေကား အဆင်း တစ်ဖက် တစ်ချက်မှာ လက်ရာမြောက်တဲ့ နဂါးရုပ်တွေ ရှိပါတယ်။

## တောင်ကျောင်းဆောက်တဲ့ ဗိသုကာ

အဲဒီကျောင်းကို ကျွန်တော့် အဖေရဲ့ အဖေ (အဘိုး) ဩဘသော့ (ခ) ဦးဖိုးသော့လို့ ခေါ်တဲ့ ဗိသုကာကြီးက ဦးစီး ဆောက်ခဲ့တာပါ။ တပည့်လက်သား ၄-၅၀ လောက်နဲ့ ဆောက်ခဲ့တာပါ။ ကျောင်းကြီး ပြီးလို့ ဗိသုကာ အဖွဲ့ ဓာတ်ပုံကို ကျွန်တော် ငယ်ငယ်တုန်းက အိမ်မှာ တွေ့ခဲ့ဖူးတယ်။ အခုတော့ ဘယ်ရောက်သွားပြီလဲ မသိတော့ပါဘူး။ အဲဒီ ဩဘသော့ ဆိုသူဟာ မိတ္ထီလာ တောင်ဘက် မိုင် ၂၀ လောက် ဝေးမယ့် မြာ/ရဝေ ဘက်ပါ။ တောင်ကျောင်းကြီး ဆောက်ရင်းနဲ့ အဲ့ဒီ ဆည်ကုန်းရွာက ကျွန်တော့် အဘွား ဒေါ်ခင်ပုနဲ့ ချစ်ကြိုက်ခဲ့ကြတာပါ။

ဒီလောက် ခမ်းနား ကြီးကျယ်တဲ့ ကျောင်းကြီးဟာ လမ်းစဉ် ပါတီခေတ်မှာ ဘုန်းကြီးလည်း မရှိ၊ ကျောင်းသား လည်း မရှိတဲ့ အဖြစ်ထိ ရောက်သွားခဲ့ပါတယ်။ တစ်ချိန်မှာတော့ လမ်းစဉ် ပါတီခေတ်မှာ ချွန်းကားလာတဲ့ ဘုရား သူခိုး ဂိုဏ်းတွေရဲ့ လက်ချက်နဲ့ ဘုရားတွေ အခိုးခံရတဲ့ အပြင် နောက်ဆုံးမှာ ကျောင်းကြီးကိုပါ မီးရှို့ သွားခဲ့ပါတယ်။ အလွန် နမြောစရာကောင်းပါတယ်။

## ကျောင်းပေါ်ရှိ ဘုရားများ၊ ခေါင်းလောင်းများနဲ့ ဒေါ်မွှေးသာ

ကျွန်တော်ဟာ ဦးသာသန ဝင်စားတယ် ဆိုတော့ ဥပုသ်သည်တွေ ဝိုင်းဝိုင်းလည်ပြီး ကျွန်တော့်ကို မေးခွန်းတွေ တရစပ် မေးပါတော့တယ်။ သူတို့ မေးတာတွေကတော့ ဘုရားခန်းမှာ ရှိတဲ့ ဘုရားတွေ အကြောင်းပါ။ မော်တတ် ကိုယ်တော်၊ ထိုင်ကိုယ်တော် ဘုရားပေါင်း ၃-၄၀ လောက် ရှိမယ် ထင်ပါတယ်။ ဘယ်ဘုရားကို ဘယ်သူက လှူတာလည်း စတဲ့ မေးခွန်းတွေကို မေးတိုင်း ကျွန်တော်က မှန်အောင် ဖြေနိုင်ခဲ့ပါတယ်။

ဒါ့ကြောင့် ဥပုသ်သည်တွေက "မှန်တယ်ဟဲ့၊ မှန်တယ်တော့" ဆိုတဲ့ မှတ်ချက်တွေ ကြားနေရပါတယ်။ အဲ့ဒီအချိန်မှာ "ဟော ဒေါ်မွှေးသာကြီး လာပြီ အတော်ပဲ" ဆိုတဲ့ အသံတွေ ကြားလိုက်ရပါတယ်။ ကျွန်တော် လှည့်ကြည့်လိုက်တော့ အဘွားကြီး တစ်ယောက်ကို မြင်လိုက်ပါတယ်။ အသက် ၈၀ လောက် ရှိမယ် ထင်ပါ တယ်။ အရပ် ထောင်ထောင်မောင်းမောင်းနဲ့ တစ်ခေါင်းလုံး ဖြူနေပါပြီ။ ကျောင်းကို ဥပုသ်စောင့်ဖို့ လာတာမို့ ရိုးရိုးရှင်းရှင်းပဲ ဝတ်စားထားပါတယ်။ သူ့ကို လှမ်းခေါ်နေတဲ့သူတွေရဲ့စကားကို ကြားတော့ "ဟဲ့ ဘာလဲ" လို့ မေးလိုက်ပါတယ်။

အဲဒီမှာ တစ်ယောက်က "ဟော့ဒီမှာ ဒေါ်မွှေးသာရေ၊ ကောင်လေး နာမည်က ဝင်းထိန်တဲ့၊ ဆည်ကုန်းက ဆရာ ကိုလှထွန်းသားပဲ၊ သူက ဦးသာသန ဝင်စားတယ်လို့ ပြောနေတယ်" လို့ ပြောလိုက်တဲ့အခါမှာ အဘွားကြီးက "ဟဲ့ ဟုတ်လား" လို့ ဆိုပြီးတော့ "နင် ငါ့ကို သိလား" လို့ မေးပါတယ်။ ကျွန်တော်က "သိတာ ပေါ့၊ နင် မွှေးသာလေ" လို့ ဖြေတဲ့အခါမှာ အဖွားကြီးက အံ့ဩသွားပါတယ်။ ကျွန်တော်က ဒေါ်မွှေးသာကို အရင်ဘဝက ခေါ်တဲ့အတိုင်း နင်နဲ့ ငါနဲ့ ပြောခဲ့တာပါ။

သူက ကျွန်တော့်ကို လက်ဆွဲပြီး ကျောင်းအပေါ်ထပ်မှာ ရှိတဲ့ ခေါင်းလောင်းကြီး နှစ်လုံးဆီကို ခေါ်သွား ပါတယ်။ ပြီးမှ ကျွန်တော့်ကို " ဒီခေါင်းလောင်းတွေ ဘယ်သူ လှူထားတာလဲ ပြောစမ်း" လို့ မေးပါတယ်။

ကျွန်တော်က ကျောင်းခေါင်းရင်းဘက်က ခေါင်းလောင်းကို လက်ညှိုး ထိုးပြီးတော့ "ဒါ ငါ့ခေါင်းလောင်း၊ ဟိုဘက်ကဟာက မွေးသာ့ ခေါင်းလောင်း" လို့ ပြန်ပြောတဲ့အခါ အဘွားကြီးက "ဟဲ့ ဟုတ်တယ်ဟဲ့" လို့ တအံ့တသြ ပြောလိုက်ပါတယ်။

ဟုတ်ပါတယ်၊ ဒေါ်မွေးသာက ကျောင်းထိုင် ဆရာတော် ဦးသာသနရဲ့ ပစ္စည်း လေးပါး ဒါယကာ ဖြစ်တဲ့ အပြင် ဦးသာသနရဲ့ ဝတ္ထုငွေရယ်၊ သူ့ပိုင် ငွေရယ် စုပြီး မန္တလေးက ခေါင်းလောင်းကြီး နှစ်ခု လှမ်းဝယ်ပြီး ကျောင်းကြီး ပြီးတာနဲ့ ရေစက်ချ လှူခဲ့တာပါ။

ဒါကို နှစ်၊ လ ကြာလာတဲ့ အတွက် လူတော်တော်များများက မေ့နေကြပါပြီ။ အဲ့ဒီလို ကျွန်တော် ပြောလိုက်တော့ ဥပုသ်သည်တွေလည်း တအံ့တသြ ဖြစ်ကုန်ကြပါတယ်။ ကျွန်တော် အဲ့ဒီလို ဖြေတာတွေဟာ တိုက်ဆိုင်မှု မဟုတ်ဘဲ ကိုယ်တိုင် သိတဲ့ အသိမျိုးနဲ့ ပြန်ဖြေတဲ့အခါ ကျောင်းကို လာတဲ့ ပရိသတ်တွေ အတွက် အထူးအဆန်း တစ်ခုလို ဖြစ်သွားခဲ့တာပါ။

## အရင်ဘဝက ဒေါ်မွေးသာရဲ့ပစ္စည်းထုပ်

ဒီမှာတင် မပြီးသေးပါဘူး၊ အဘွားကြီးက ကျွန်တော့်ကို "နင် ငါ့ပစ္စည်းတွေ အကုန် ပြန်မပေးသေးဘူး၊ အခု ပြန်ပေး" လို့ ပြောတဲ့အခါမှာ ကျွန်တော်က "ငါ ပြန်ပေးပြီးပြီ" လို့ ပြန်ပြောပါတယ်တဲ့။ အဲ့ဒီလိုနဲ့ အပြန်အလှန် ငြင်းနေကြရင်းက ဒေါ်မွေးသာက ကျွန်တော့်ကို "ဒါဆိုရင် နင် သက်သေပြ" လို့ ပြောပါတယ်။ အဲ့ဒီအခါမှာ ကျွန်တော်က အဘွားကြီး လက်ကိုဆွဲပြီး "လာလိုက်ခဲ့" လို့ ဆိုပြီး ကျောင်းအောက်ကို အုတ်လှေကား အတိုင်း ခေါ် ဆင်းသွားပါတယ်။

နောက်ပြီး ကျောင်းအရှေ့ဘက်မှာ ရှိတဲ့ တံခွန်တိုင် ခြေရင်းကို လက်ညှိုးထိုးပြီး "ငါ မသေခင်က နင်ပြန်လာတောင်းလို့ ငါ ဒီကနေ တူးပေးလိုက်တာ" လို့ ပြောတဲ့အခါ ဒေါ်မွေးသာကြီးက ရင်ဘတ်စည်တီးနဲ့ "ဟဲ့ ဟုတ်တယ်ဟဲ့၊ ဒီကောင်လေးက ဦးသာသနဟဲ့" လို့ လိုက်လာတဲ့ လူတွေကို လှမ်းပြောလိုက်ပါတယ်။

တကယ်တော့ ဒေါ်မွေးသာကြီးဟာ ဦးသာသန သက်တော် ထင်ရှားရှိစဉ်က ပစ္စည်း လေးပါး ဒါယကာမ တစ်ဦး ဖြစ်ပါတယ်။ သီးနှံ အရောင်းအဝယ်လည်း လုပ်တယ်၊ ပစ္စည်း အပေါင်ခံ ငွေတိုးပေး စတဲ့ အလုပ် တွေလည်း လုပ်ပါတယ်။ တောမှာ သူခိုး၊ ဓားပြရန် ပေါ်များတော့ သူရဲ့ လက်ဝတ်လက်စားတွေ ပါတဲ့ လွယ်အိတ်ကို ဦးသာသနဆီမှာ အပ်ထားပြီး ဝှက်ထားစေတာပါ။ ဦးသာသနဟာ သေစေလောက်တဲ့ အထိ ကျန်းမာရေး ချို့တဲ့လာတဲ့ အခါကျမှ သူက ပြန်တောင်းသွားတာပါ။

အဲဒီကျောင်းမှာ ဦးသာသနက ကျောင်းထိုင်ဖြစ်ပြီးတော့ လက်ထောက် ကျောင်းထိုင်က ဦးတေဇ ဖြစ်ပါတယ်။ ဦးသာသနရဲ့ ညီအရင်းပါ။ ကျွန်တော် ကျောင်းကို ပြန်ရောက်တော့ ဦးတေဇက ကျောင်းထိုင် ဖြစ်နေပါပြီ။ သူ့အစ်ကို ဝင်စားတယ် ဆိုပြီး ကျွန်တော့်ကို အလွန် ချစ်ခင် အလိုလိုက်ပါတယ်။

ကျွန်တော့်ကို ဦးသာသန လူဝင်စားမှန်း ဒေါ်မွေးသာက ကြေညာပြီးတဲ့အခါမှာ ကျွန်တော်ဟာ ကျောင်းလာ ပရိသတ်အတွက် စိတ်ဝင်စား အခံရဆုံး ကလေးတစ်ယောက် ဖြစ်လာပါတယ်။ ဦးသာသနရဲ့ အရင်ဘဝက အကြောင်းတွေကို မေးလွန်းမက မေးလာတဲ့အခါ ကျွန်တော်ဟာ ကျောင်းအရှေ့ဘက်က ရေကန် ကန်ဘောင်မှာ ရှိတဲ့ မန်ကျည်းပင်ကြီးအောက်မှာ သွားနေလေ့ရှိပါတယ်။ လူတွေ မေးခွန်း ထုတ်တာများလို့ ငြီးငွေ့တဲ့ သဘောပါ။

## ကျွန်တော့်ရဲ့ မူလတန်း ပညာရေး

ကျွန်တော့် အဖေက ကျောင်းဆရာပါ။ အလယ်ရွာကျောင်းမှာ ကျောင်းအုပ် ရာထူးမရလို့ မိတ္ထီလာနဲ့ ကျောက်ပန်းတောင်း ကားလမ်းပေါ်က ရှမ်းမငယ် ရွာကျောင်းမှာ ကျောင်းအုပ်ဆရာ ဖြစ်ပါတယ်။ အဖေက ကျောင်းဆရာမို့လို့ ကျွန်တော့်ကို သုံး-လေးနှစ် အရွယ်ကတည်းက ကကြီး ခကွေးနဲ့ စပြီးတော့ အခြေခံ သင်ပုန်းကြီး သင်ပေးခဲ့သလို အခြေခံ သင်္ချာ ဖြစ်တဲ့ အပေါင်း၊ အနုတ်၊ အမြှောက်၊ အစားတွေလည်း သင်ပေးခဲ့ပါတယ်။ ဒါ့ကြောင့် ကျွန်တော် ကျောင်းစနေတဲ့ အခါမှာ သူငယ်တန်းမှာ မနေရတော့ဘဲ ပထမတန်းကနေ စတက်ရပါတယ်၊

## ကျောင်းတက်ခါစ အနေအထား

ကျွန်တော် ကျောင်း စနေတဲ့ ကာလဟာ ၁၉၄၆ ခုနှစ် ဝန်းကျင် ဖြစ်ပါတယ်။ ဂျပန် တော်လှန်ရေး အောင်မြင်စွာ ပြီးဆုံးလို့ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်ပြီး လွတ်လပ်ရေး ကြိုးပမ်းနေတဲ့ အချိန်ဖြစ်ပါတယ်။ စစ်ပြီးစမို့ အရာရာ မပြည့်စုံပါ။

ဥပမာ - ကျောင်းသားတွေအတွက် စာအုပ်၊ ခဲတံ လုံးဝ မရှိ၊ ကျောက်သင်ပုန်း ကျောက်တံ ဆိုတာက လည်း ရောက်မလာသေး၊ ဒါ့ကြောင့် စာသင်တဲ့အခါမှာ သစ်သား သင်ပုန်းတွေနဲ့ စာရေး၊ စာဖတ် လုပ်ကြရပါတယ်။ ယခုခေတ် လူငယ်တွေ ဗဟုသုတ ဖြစ်အောင် ရေးပြလိုက်ရပါဦးမယ်။

သစ်သား သင်ပုန်း ဆိုတာက အနံ တစ်ထွာကျော်ကျော်၊ အလျား နှစ်ပေလောက် ရှိတဲ့ သစ်သားပြားကို ချောနေအောင် ရွှေပေါ်ထိုးပြီး လုပ်ထားတဲ့ သင်ပုန်းပါ။ စာရေးလို့ရအောင် ဘယ်လို လုပ်ရသလဲ ဆိုတော့ မီးသွေးခဲကို အမှုန့်ချေ၊ ထမင်းရည်နဲ့ နယ်၊ ရတဲ့ အရည်ကို သစ်သားပြားပေါ် သုတ်ရင် အဲဒီ သင်ပုန်းများက ညည်းသွားရော။ ထမင်းရည်က အစိုဓာတ်များတော့ ခြောက်အောင် နေလှန်းရပါတယ်။ မခြောက်ခင်ကတော့ သင်တလောင်းလောင်းပေါ့။

အဲဒီလို နေလှန်းထားခိုက်မှာ ကျွန်တော်တို့တစ်တွေက ဘုန်းကြီးကျောင်း အတွင်းမှာ ရှိတဲ့ ကန်ဘောင်မှာ ဖြူချောနေတဲ့ ကျောက်ခဲလေးတွေကို ရှာရပါတယ်။ ဒီကျောက်ခဲလေးတွေကို "ကံ့ကူဆံ" လို့ ခေါ်ကြပါတယ်။ ကျောင်းသားတိုင်းလိုလိုမှာ လည်ပင်းမှာ အဝတ်အိတ်လေးတွေ ကိုယ်စီ ဆွဲလို့ပါ။ ခြောက်သွားတဲ့ သင်ပုန်းပြားတွေပေါ်မှာ မျဉ်းသားပြီး စာရေးကြရပါတယ်။

ဥပမာ- ကကြီး၊ ခကွေးကနေ အ အထိ ရေးတယ် ဆိုပါစို့။ "ကံ့ကူဆံ" နဲ့ လက်ရေး လှအောင် ရေးပြီး အဲဒီဟာ အလွတ် မရမချင်း ကျက်ရပါတယ်။ အလွတ် ရပြီ ဆိုမှ အဲဒီစာတွေကို ဖျက်ရတာပါ။ ကျောင်းဆင်းပြီး ဆိုရင် အဲဒီ သင်ပုန်းတွေကို အိမ်ပြန်ယူလေ့ မရှိပါဘူး။ ကျောင်းမှာပဲ ထားခဲ့တာပါ။ သင်ပုန်းပေါ်က စာရပြီ ဆိုတာနဲ့ မီးသွေးနဲ့ ထမင်းရည်ကို ဖျော်ပြီး အရင် စာတွေကို ဖျက်ရပါတယ်။ အဲဒါကို ကျွန်တော်တို့က သင်ပုန်း ချေတယ်လို့ ခေါ်ကြပါတယ်။

ဒီစကားကို လူမှုရေးနဲ့ နိုင်ငံရေး နယ်ပယ်တွေမှာ အသုံးများကြပါတယ်။ ဆိုလိုတာက တစ်ဦးနဲ့ တစ်ဦး အပြစ်မတင်တော့ဘူး၊ တစ်ဦးနဲ့ တစ်ဦး ရန်ငြိုး မထားတော့ဘူး။ သင်ပုန်းချေလိုက်ပြီ ဆိုတဲ့ သဘောပေါ့။ ခုခေတ်လူများက ဒီစကားကို သုံးသာ သုံးနေကြတယ် မူရင်း အဓိပ္ပာယ် မသိကြပါဘူး ထင်ပါတယ်။

## မူလတန်းက ဆရာများ

ကျွန်တော့်ရဲ့မူလတန်း ပညာရေးက အလယ်ရွာ တောင်ကျောင်းလို့ခေါ်တဲ့ ဘုန်းကြီးကျောင်းမှာ စခဲ့ပါတယ်။ အခုခေတ်လို "ဘက" လို့ ခေါ်တဲ့ ကျောင်းမျိုးတွေ မပေါ်သေးပါဘူး။ ကျောင်းကြီးရဲ့ကျယ်ပြန့်တဲ့ အနေအထား အပို ဆောက်ထားတဲ့ ဇရပ်တွေ ရှိတာကြောင့် မူလတန်းကျောင်းအဖြစ် သတ်မှတ်ထားတာပါ။

ကျောင်းမှာ ဆရာ နှစ်ယောက် ရှိပါတယ်။ ကျောင်းအုပ်ကြီးကတော့ ဦးဖိုးမင်းလို့ ခေါ်ပါတယ်။ လက်ထောက် ကျောင်းဆရာကတော့ "ကိုမောင်တင်" ဖြစ်ပါတယ်။ တကယ်တော့ သူဟာ ကျောင်းဆရာမို့လို့ ဦးမောင်တင်လို့ ခေါ်ရမှာ ဖြစ်ပေမဲ့ အမျိုးမကင်းသူမို့ အမေတို့ ခေါ်တဲ့ အတိုင်း ကိုမောင်တင်လို့ ခေါ်တာ အခုထိ စိတ်စွဲနေတုန်းပါပဲ။

အဲဒီခေတ်က ကျွန်တော့် အဖေရော ဆရာ ဦးဖိုးမင်းတို့က ကျောင်းအားရက်ဆိုရင် အနီး ပတ်ဝန်းကျင် ရွာတွေမှာ ရှိတဲ့ ဈေးတွေကို သွားပြီး "ဆေးမှုန့်" ရောင်းကြပါတယ်။ "ဆေးမှုန့်" ဆိုတာက ကျွန်တော်တို့ အခေါ်ပါ။ ချည်ထည်တွေကို ဆေးဆိုးတဲ့ ဆေးမှုန့်တွေကို ဆိုလိုရင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒေသက ဝါတွေ အလျှံပယ် ထွက်တော့ ရွာတိုင်းလိုလိုမှာ လက်ရက်ကန်းများ အများအပြား ရှိပါတယ်။

ဝါကို ချည်ခင်ဖြစ်အောင် လုပ်ပြီး ကိုယ်လိုတဲ့ အရောင် ဆေးဆိုးပြီး လုံချည်၊ အင်္ကျီ၊ စောင် စတဲ့ အထည်တွေကို ရက်ကြလေ့ ရှိပါတယ်။ ကျွန်တော်တို့ ရွာက အိမ်မှာဆိုရင် ရက်ကန်းစင် နှစ်စင် ရှိပါတယ်။ ဒါ့ကြောင့် ဆေးမှုန့်ဟာ အရောင်းတွင်ပါတယ်။ ဆေးမှုန့်ဆိုလို့ ကျွန်တော် မှတ်မိနေပါသေးတယ်၊ ဆေးမှုန့် ရောင်းတဲ့သူတွေတိုင်းမှာ လွယ်အိတ် အကြီးကြီး နှစ်လုံး ရှိပါတယ်။ တစ်လုံးမှာ ဆေးမှုန့်ပုံး လေးပုံး ထည့်ထား ပါတယ်။ အဲဒီ ဆေးမှုန့်တွေက အိန္ဒိယ နိုင်ငံထုတ် ICI တံဆိပ်နဲ့ သံဖြူပုံးတွေပါ။ ဖြူ၊ နီ၊ ဝါ၊ ပြာ ရောင်စုံပေါ့။ ရောင်းရင် ဇွန်းကလေးနဲ့ ခပ်ပြီး ငါးမူးဖိုး၊ တစ်ကျပ်ဖိုး ရောင်းကြတာပါ။

## ကျောင်းအုပ်ကြီး အသတ်ခံရခြင်း

ဆရာ ဦးဖိုးမင်းက အရိုက်ကြမ်းတယ်လို့ နာမည်ကြီးပါတယ်။ ဆရာက ကျောင်းမရောက်ခင် တာရိုးပေါ်မှာ လျှောက်လှမ်းလာတာကို မြင်တာနဲ့တင် ကျောင်းသားတွေဟာ ငြိမ်သက် တိတ်ဆိတ် သွားလေ့ရှိတယ် ဆိုတာကို မှတ်မိနေပါတယ်။

ကျွန်တော်က ဆရာ ဦးဖိုးမင်း သင်တာကို မကြုံလိုက်ပါဘူး။ ဘာ့ကြောင့်လဲ ဆိုတော့ ကျွန်တော် ဒုတိယတန်း တက်နေတုန်းမှာပဲ၊ ဆရာ ဦးဖိုးမင်း အသတ်ခံလိုက်ရတာပါ။ ဖြစ်ပုံက ဦးဖိုးမင်းဟာ ကျွန်တော်တို့ ရွာရဲ့တောင်ဘက် သုံး-လေးရွာလောက်မှာ ရှိတဲ့ ရွာတစ်ရွာက ဈေးကို ဆေးမှုန့် သွားရောင်းရင်းနဲ့ အပြန် လမ်းမှာ ဓားခုတ်ခံရပြီး ကွယ်လွန်သွားတာပါ။ အချိန်ကတော့ ၁၉၄၇ ခုနှစ်လောက် ဖြစ်မှာပါ။ သူ့ကို သတ် သွားတဲ့ တရားခံတွေကိုလည်း မိတယ်လို့ မကြားမိပါဘူး။

စစ်ပြီးစမို့ ကျွန်တော်တို့ နယ်တွေဘက်မှာ သူခိုး၊ ဓားပြတွေ အရမ်း သောင်းကျန်းပါတယ်။ ကျွန်တော်တို့ ရွာက ငယ်လို့လားတော့ မသိဘူး ဓားပြတော့ တစ်ခါမှ အတိုက်မခံရဘူးပါ။ ဒါပေမဲ့ အလယ်ရွာတို့၊ ကြာကန်တို့တော့ ခဏ ခဏ ဓားပြတိုက် ခံရပါတယ်။ ကျွန်တော် မှတ်မိပါသေးတယ်။ အလယ်ရွာကို ဓားပြတိုက်တော့ ဓားပြတွေက လုပ်သေနတ်တွေ ပစ်ဖောက်ပြီး ရွာထဲကို ဝင်တာပါ။ ရွာထဲမှာ ကင်းရှိပေမဲ့ ကင်းသမားတွေ ဘာမှ မတတ်နိုင်ပါဘူး။ သေနတ်သံ ကြားပြီ ဆိုတာနဲ့ အမေက ကျွန်တော်တို့ကို နှိုး၊

လက်ဝတ်လက်စားတွေ လွယ်အိတ် တစ်လုံးနဲ့ ထည့်၊ သင်ဖြူးဖျာနဲ့ စောင်ကြမ်း တစ်ထည် နှစ်ထည် ခေါင်းပေါ် ရွက်ပြီး ရွာပြင်ကို ထွက်ကြပါတယ်။

ကျွန်တော်တို့ အိမ်လိုပဲ တခြားအမျိုးတွေရဲ့ အိမ်ကလူတွေလည်း ရွာအပြင် ထွက်လာကြပါတယ်။ ရွာအပြင်က မန်ကျည်းတော၊ သရက်တောတွေမှာ ညအိပ်ကြရတာပါ။ ဓားပြတိုက်ခံရတဲ့ ရွာက သေနတ်သံတွေ၊ ကယ်ပါ ယူပါ အော်တဲ့ အသံတွေလည်း ကြားခဲ့ရပါတယ်။ တကယ်တော့ ကျီးလန့်စာစားနဲ့ နေခဲ့ကြရတဲ့ ကာလပါ။

## ရွာက ကျွန်တော့်ရဲ့ ကျောင်းနေဘက်တွေ

ဦးဖိုးမင်း ကွယ်လွန်သွားတော့ ဆရာ ကိုမောင်တင် ကျောင်းအုပ် ဖြစ်လာပါတယ်။ ဆရာအစားလည်း မလာတော့ ကျွန်တော် လေးတန်း အောင်တဲ့အထိ ဆရာ ကိုမောင်တင်နဲ့ပဲ စာသင်ခဲ့ရတာပါ။ အဲ့ဒီတုန်းက ကျွန်တော်တို့ စတုတ္ထတန်းမှာ ကျောင်းသား ၁၂ ယောက်ပဲ ရှိပါတယ်။ ကိုလေးဆိုသူက စာတော်ပါတယ်။ အတန်းထဲမှာ သူနဲ့ ကျွန်တော်က စာပြိုင်ဘက်ပါ။ နောင်မှာတော့ ဆေးတပ်ထဲ ဝင်ပြီး အရာခံဗိုလ် အဆင့်ထိ ရောက်တယ်လို့ သိရပါတယ်။ တစ်ခါမှတော့ ပြန်မဆုံမိပါဘူး။

နောက်တစ်ယောက်ကတော့ ကျင်မောင်။ သူကတော့ အထက်တန်းကျောင်း အဆင့်မှာပဲ ပြီးတော့ မိတ္ထီလာမြို့က ဆက်သွယ်ရေး ဌာနမှာ အလုပ် လုပ်ပါတယ်။ သူတို့အမျိုးက ယောကျ်ားရော၊ မိန်းမတွေကပါ အရုပ်အမောင်း ကောင်းကြပါတယ်။ နောက် ကိုရွှေရိုး၊ သူကတော့ ရွာမှာပဲ လက်သမား အလုပ်နဲ့ အသက်မွေးပြီး မနှစ်က ကွယ်လွန်သွားပါပြီ။ တစ်ရွာထဲသား မောင်ပုကတော့ လေးတန်း ပြီးတာနဲ့ သူ့အဖေ လုပ်ငန်းဖြစ်တဲ့ ထန်းတက်၊ ထန်းလျက်ချက် အလုပ်တွေနဲ့ ကြီးတဲ့အထိ အသက်မွေးခဲ့ပါတယ်။ အခုတော့လည်း မရှိရှာတော့ပါဘူး။

နောက် ကိုလှမြင့်၊ သူကတော့ ကျွန်တော်နဲ့ အမျိုးတော်တဲ့အပြင် အထက ၁ မိတ္ထီလာမှာ ငါးတန်းကနေ ၁၀ တန်းထိ အတူတူ နေခဲ့တာပါ။ ကျွန်တော် လွှတ်တော် ကိုယ်စားလှယ်အဖြစ်နဲ့ မိတ္ထီလာမှာ မကြာခဏ ရောက်တော့ သူနဲ့ ပြန်တွေ့ပါတယ်။ ကျွန်တော့်ထက် အသက် နှစ်နှစ်လောက် ပိုကြီးပါတယ်။ အဲဒီအချိန်ထိ သူဟာ မြေပေါက်တုန်း၊ ရေထမ်းတုန်း လုပ်နေဆဲပါ။ ဒါတွေ လုပ်နေတာက ဝင်ငွေရဖို့ မဟုတ်ဘဲ သူ မနေနိုင်လို့ အိမ်အလုပ်တွေ ဝင်လုပ်နေတာပါ။ မိတ္ထီလာမြို့ပေါ် အစွန် ရပ်ကွက် ဖြစ်တဲ့ ကျောက်ဖုံးမှာ နေပြီး သားသမီး မြေးတွေနဲ့ အခြေကျနေပါပြီ။ ဒါပေမဲ့ ၂၀၁၆ ခုနှစ်မှာတော့ ကျောက်ဖုံးမှာ ရုတ်တရက် ကွယ်လွန်သွားကြောင်း သိလိုက်ရပါတယ်။

မိန်းကလေးတွေကတော့ မှတ်မှတ်ရရ နှစ်ယောက်ပဲ ရှိပါတယ်။ တစ်ယောက်ကတော့ ခင်စိန်၊ သူ့အဖေက ပန်းပဲ လုပ်ပါတယ်။ ကျွန်တော် လွှတ်တော် ကိုယ်စားလှယ်ဖြစ်ဖို့ ရွေးကောက်ပွဲဝင်ဖို့ ရွာတွေကို စည်းရုံးရေး ဆင်းတော့ သူ့ကို မိတ္ထီလာ တောင်ဘက်က ရေငံမှာ တွေ့ခဲ့ပါတယ်။

နောက်တစ်ယောက်ကတော့ မသန်းစိန်။ သူကတော့ ကွယ်လွန်သွားတဲ့ ဆရာ ဦးဖိုးမင်းရဲ့ သမီးအကြီးပါ။ ၁၀ တန်းအထိပဲ ကျောင်းနေခဲ့ပြီး ရွာမှာပဲ မူလတန်းပြ ဆရာ ပြန်လုပ်ပါတယ်။ အခုထိ ရွာမှာ ရှိဆဲပါပဲ။ မျက်စိ သိပ်မကောင်းတော့ပါဘူး။ သူတို့မှာ အမေဒေါ်သန်းနဲ့ ညီအစ်မ နှစ်ဦးပဲ ရှိပါတယ်။ အငယ်က မြလေးလို့ ခေါ်ပြီး ကျွန်တော့်ညီ မောင်ညိုနွဲ့နဲ့ တစ်တန်းတည်းပါ။ သူလည်း ရွာမှာပါပဲ။ တခြား သူငယ်ချင်းတွေတော့ သိပ်မမှတ်မိတော့ပါဘူး။ အလယ်ရွာက ထွန်းရီနဲ့လည်း တစ်တန်းတည်း ထင်ပါတယ်။

## အဖေဘက်က ဆွေမျိုးများ

အထက်မှာ ဖော်ပြခဲ့သလို အဘိုး၊ အဘွားများကတော့ ဦးဖိုးသော့နဲ့ ဒေါ်ခင်ပုတို့ ဖြစ်ပါတယ်။ အဘိုးကတော့ မိတ္ထီလာကနေ တောင်ဘက် ထွက်ရင် ကားလမ်းမကြီးပေါ်က မြာ/ရဝေရွာ ဇာတိပါ။ တကယ်တော့ မြာနဲ့ ရဝေဟာ လေး-ငါးကိုက်လောက်သာ ကွာလို့ မြာက ရွာသတ်သတ်၊ ရဝေက ရွာသတ်သတ်ပါ။ ဒါပေမဲ့ ရှတ်တရက် ပြောရင်တော့ မြာရဝေလို့ပဲ ပြောလေ့ပြောထ ရှိကြပါတယ်။

ဦးဖိုးသော့ဟာ အရပ် ထောင်ထောင်မောင်းမောင်း (ငါးပေ ရှစ်လက်မ) နဲ့ အသား မမည်းပေမဲ့ ညိုတဲ့ ဘက်ကို ရောက်ပါတယ်။ သူ ၁၄ နှစ်သား အရွယ်တုန်းက သူ့အဖေ ဗိသုကာ ဆရာကြီးနဲ့ မန္တလေး နန်းတော် တည်တဲ့ လုပ်ငန်းခွင်ထဲမှာ အလုပ် လုပ်ခဲ့ဖူးပါတယ်။ ဉာဏ်အလွန် ထက်မြက်ပါလိမ့်မယ်။ ဘာ့ကြောင့် ကျွန်တော် အဲ့လို ပြောနိုင်သလဲ ဆိုတော့ ကျွန်တော် ၁၁ နှစ်သားရောက်တဲ့အခါ ရှင်ပြုပါတယ်။ အဲဒီ ရှင်ပြုတဲ့ အခါကျမှ အဘသော့ (ကျွန်တော်တို့ အခေါ်) ရဲ့ အစွမ်းအစကို အကဲခတ်မိတာပါ။

မှတ်မှတ်ရရ အဲ့ဒီနှစ်တွေမှာ ကျွန်တော်တို့ ပိုင်တဲ့ ဝါခင်းတွေမှာ ဝါ အောင်ပါတယ်။ အောင်ရုံတင်မက ဈေးကလည်း နှစ်ဆ သုံးဆလောက် ခုန်တက်သွားတော့ ကျွန်တော်တို့ မိသားစု အခြေအနေဟာ ချောင်လည် လာတယ်လို့ ပြောရမှာပါ။ အဲ့ဒါအပြင် အဖေက ကျောင်းအုပ်အနေနဲ့ တစ်လကို ၁၈၅ ကျပ် ရပါသေးတယ်။ အဲဒီခေတ်က ၁၈၅ ကျပ်နဲ့ မိသားစုဝင် ၁၀ ယောက်လောက် တစ်လ ကောင်းကောင်း စားနိုင်တဲ့ ငွေကြေး ပမာဏပါ။

ကျွန်တော်တို့ကို ရှင်ပြုမယ်ဆိုတော့ ဘသော့က အဖေ့ဆီက ပိုက်ဆံတောင်းပြီး မှိုင်းကိုင် စက္ကူ၊ သံဖြူ ပြား၊ မြေဆေး ရောင်စုံ ဝယ်ခိုင်းခဲ့ပါတယ်။ အလှူ့ ဧည့်ခံ မဏ္ဍပ်ကို သာမန် ဝါးလုံးတိုင်နဲ့ ထရံမိုး၊ ထရံကာ လုပ်ထားပေမဲ့ အလှူ့နေ့ မတိုင်ခင် တစ်ရက်မှာတော့ ဘသော့ ပြင်ဆင်ထားတဲ့ အရာတွေနဲ့ အလှခြယ်ပါ တော့တယ်။

မဏ္ဍပ် မျက်နှာစာက ဝါးလုံးတိုင်တွေမှာ ဘသော့ ဖန်တီးထားတဲ့ မှိုင်းကိုင် စက္ကူပေါ်မှာ ရောင်စုံ ခြယ်ထားတဲ့ တိုင်လုံးကြီးများပမာ ထင်ရတဲ့ ပန်းချီကားတွေက နေရာယူထားပါတယ်။ မဏ္ဍပ် မုခ်ဦးအဖြစ် ဘသော့က ရက်ပေါင်းများစွာ တတောက်တောက်နဲ့ အလုပ်များခဲ့တဲ့ သံဖြူပြားတွေဟာ ကနုတ်ပန်းတွေ ဝေဆာနေတဲ့ မဏ္ဍပ် မုခ်ဦးတွေ ဖြစ်လာပါတယ်။ အဲ့ဒါတင်မကပါဘူး၊ ရွာကနေ ဘုန်းကြီးကျောင်း အသွားမှာ ရှင်လောင်းတွေ စီးတဲ့ လှည်းယာဉ်ကျော့ ဘေးနှစ်ဖက်မှာလည်း ကောင်းကင်ပျံမယ့် ယာဉ်အလား ထင်မှတ် မှားရအောင် ပန်းချီကားတွေနဲ့ တန်ဆာဆင်ပေးပါတယ်။

ကျွန်တော် အသက်ကြီးလာလို့ ရှေးဟောင်း နှောင်းဖြစ်တွေ ပြန်စဉ်းစားရင် အဘိုးဖြစ်သူရဲ့ ပညာရပ် တွေနဲ့ ပတ်သက်ပြီး အမြဲတမ်း အံ့ဩရပါတယ်။ မြန်မာမှု နယ်ပယ်မှာ ဆိုရိုးစကားရှိတဲ့ ပန်း ၁၀ မျိုးထဲက ပညာ တော်တော်များများကို ဘသော့က ကောင်းကောင်း တတ်မြောက်သူပါ။ ကျွန်တော်တို့ ညီအစ်ကို မောင်နှမ အားလုံးဟာ အဘိုး ခြေရာနင်းတဲ့သူ တစ်ယောက်မှ မပါပါဘူး။ နီးစပ်တဲ့သူဆိုလို့ ကျွန်တော်နဲ့ ညီနံပါတ် ရှစ် (ညီအစ်ကို မောင်နှမ ၁၃ ယောက်၊ သူတို့အကြောင်း ပြောရင် နံပါတ်တပ် ပြောလေ့ရှိပါတယ်။) မောင်နိုင်လင်း ဖြစ်ပါတယ်။

ကျွန်တော်ကတော့ စစ်တက္ကသိုလ် တက်ခဲ့စဉ်က အောင်စစ်သည်ဆုနဲ့ စာပေ ထူးချွန်ဆု ရခဲ့ပါတယ်။ စစ်တက္ကသိုလ် သမိုင်းမှာ ဆုနှစ်ဆုကို ပထမဦးဆုံးရခဲ့သူ ဖြစ်ပါတယ်။ ကျွန်တော့်ညီ နံပါတ် ရှစ် မောင်နိုင်လင်း

ကတော့ ဆေးတက္ကသိုလ် တက်ပြီး ဆရာဝန် ဖြစ်တဲ့အထိ ထူးချွန်တဲ့သူပါ။ ထူးခြားချက် တစ်ခုက သူနဲ့ ကျွန်တော်နဲ့ မွေးနေ့ချင်း တူနေတာပါ။ အခုတော့ သူဟာ အထွေထွေ ရောဂါကု ဆရာဝန်တစ်ယောက် အဖြစ် အောင်မြင်တဲ့သူ ဖြစ်နေပါပြီ။

## အဖေရဲ့အမေ ဒေါ်ခင်ပု

အဖွားကတော့ ဒေါ်ခင်ပု ဖြစ်ပါတယ်။ အရပ်ကတော့ ငါးပေတောင် ပြည့်ပါ့မလား မသိဘူး။ ကျွန်တော်က အဘွားကို "အမေခင်" လို့ ခေါ်ပါတယ်။ သူ့ခမျာ သက်ဆိုးမရှည်ပါဘူး။ ကျွန်တော် ၁၀ နှစ်သားလောက်မှာ ကာလဝမ်း ရောဂါနဲ့ ဆုံးပါးသွားပါတယ်။

ဖြစ်ပုံက ကျွန်တော့်တို့ရွာရဲ့ တောင်ဘက်မှာ သဖန်းပင်ရိုး ဆိုတဲ့ ရွာ ရှိပါတယ်။ အဲဒီရွာမှာ အဖေရဲ့ အစ်မကြီး ဒေါ်ဆယ်တင် နေပါတယ်။ ဝမ်းရောဂါက အဲ့ဒီရွာမှာ ဖြစ်တာပါ။ တခြား ဘယ်နှယောက် ဖြစ်နေတယ်လို့ မသိပါ။ ဒေါ်ဆယ်တင် ဝမ်းရောဂါ ဖြစ်တယ်လို့ ကြားတော့ အမေခင်က သွားပြုစုပါတယ်။ အဲ့ဒီလို သွားပြုစုရာက အမေခင်မှာ ရောဂါ ကူးစက်တာပါ။ ဒေါ်ဆယ်တင်လည်း ရောဂါ မသက်သာတဲ့အပြင် နှစ်ရက် သုံးရက်လောက်မှာ အသက် ပါသွားပါတယ်။

ဒေါ်ဆယ်တင်ကို ချက်ချင်း အသုဘချပြီးမှ အမေခင် ရွာပြန်လာပါတယ်။ အဲဒီလို ရွာတွေမှာ ရောဂါ ဖြစ်နေတာတွေကို ဘယ်သူကမှ လာပြီး ပြုစု စောင့်ရှောက်တာ၊ ဆေးကုပေးတာ မရှိပါဘူး။ ၁၉၅၀ ခုနှစ် ပတ်ဝန်းကျင် ဆိုတော့ လွတ်လပ်ရေး ရပြီးခါစပေါ့။ အဲဒီတော့ အမေခင်လည်း ကြာကြာ မခံဘဲ အသက် ဆုံးပါးသွားပါတယ်။

အမေခင် ရောဂါနဲ့ ပြန်လာတယ်ဆိုတာနဲ့ အမေက ကျွန်တော်တို့ ကလေးတွေ ခေါ်ပြီး အလယ်ရွာက သူ့မိဘအိမ် ထွက်သွားရပါတယ်။ အဲဒီအချိန်မှာ အမေတို့မှာ ကလေး သုံးယောက် ရနေပါပြီ။ ကလေးတွေ အတွက် စိုးရိမ်ပြီး အမေခင်ကို ခွာရတာပါ။ အမေခင်ရဲ့နောက်ဆုံးအချိန်ကိုတော့ ဘသော့ပဲ ပြုစု စောင့်ရှောက် လိုက်ရတယ် ဆိုပါတော့။

တကယ်တော့ အဲ့ဒီခေတ်က အစစ အရာရာ ခေတ်နောက်ကျနေတဲ့ အချိန်ပါ သာမန် ဝမ်းပျက်တာမျိုး ဆိုရင် ဓာတ်ဆားရည် သောက်ရမယ် ဆိုတဲ့ ကုထုံးက ၁၉၆၀ ခုနှစ် နောက်ပိုင်းလောက်မှ ပေါ်တယ် ထင်ပါ တယ်။

အဲဒီ ဓာတ်ဆားရည် သုံးတဲ့ နည်းလမ်းကိုသာ အဲဒီတုန်းက သိခဲ့ရင် အမေခင်တို့ အသက်ကို တယ်ဆယ် နိုင်လိမ့်မယ်လို့ ထင်ပါတယ်။

## အမေခင်နဲ့ ဒေါ်ငွေပန်းတို့ရဲ့ရေရှိုးနည်း

အမေခင်နဲ့ ဒေါ်ငွေပန်းတို့ဟာ ရွာမှာ ဟိုဘက်အိမ် ဒီဘက်အိမ် နေနေကြတာပါ။ အသက်ကလည်း မတိမ်း မယိမ်းပါ။ ဒေါ်ငွေပန်းဟာ ကျွန်တော့်ရဲ့ အမေဘက်က အဘွားနဲ့ ညီအစ်မ တော်ပါတယ်။ ဥပုသ်နေ့တွေမှာ သူတို့ နှစ်ယောက် အမြဲတမ်း ဥပုသ်စောင့်လေ့ ရှိပါတယ်။ ကျွန်တော်နဲ့ ညီနှဲ့တို့က သူတို့ ဥပုသ်စောင့်ရင် အမြဲ အဖော်လိုက်လေ့ ရှိပါတယ်။ တစ်ခါမှာတော့ အဲဒီ အဘွား ညီအစ်မ နှစ်ယောက်ရဲ့ ရီစရာ အဖြစ်လေးနဲ့ ကြုံခဲ့ရဖူးပါတယ်။

တစ်ရက်မှာ ဥပုသ်နေ့ ညနေစောင်းတော့ ဘုန်းကြီးကျောင်းကနေ ရွာကို ပြန်ကြပါတယ်။ အဲဒီအချိန်က ကျောင်းအပြင်က လယ်ကွင်းတွေမှာ စပါးခင်းတွေ ရှိပါတယ်။ လယ်ထဲက ရေတွေကလည်း ကြည်လင်ပြီး ဒူးလောက် ရှိမယ် ထင်ပါရဲ့။ အဲဒီအပြန်ခရီးမှာ ကျောင်းအပြင်က လယ်ကွင်းတွေလည်း ရောက်ရော အဲဒီ အဘွား နှစ်ယောက်က ပါလာတဲ့ ရိုးငှ်တွေ၊ ပလုံးတွေကို ကန်သင်းရိုးပေါ်မှာ ချပြီး ကျွန်တော်တို့ နှစ်ယောက်ကို "ဟဲ့ကောင်လေးတွေ ဟိုလက်လှည့်" ဆိုပြီး ပြောတော့ ကျွန်တော်တို့လည်း ဘုမသိဘမသိနဲ့ နောက်လှည့် နေရပါတယ်။

သူတို့နှစ်ယောက် ဘာလုပ်တယ် ထင်ကြပါသလဲ။ ကျွန်တော်ကတော့ အဘွား ပြောတဲ့အတိုင်း နောက်လှည့် နေခဲ့ပါတယ်။ ညီနွဲ့ကတော့ မကြာခဏ ပြန်ချောင်းကြည့်လို့ သူ ပြန်ပြောတဲ့ အတွက်ကြောင့် သိရတာပါ။

သူတို့ နှစ်ယောက် လယ်ကွက်ထဲ ဆင်းပြီး အပေါ်အင်္ကျီကို ခေါက်ပြီး ခေါင်းပေါ် တင်လိုက်ပါတယ်။ ပြီးတော့ သူတို့ တအိအိနဲ့ ရေထဲကို ထိုင်ချလိုက်ကြပါတယ်။ ထိုင်ချရင်းနဲ့ လုံချည်ကိုလည်း ရေလွတ်အောင် တဖြည်းဖြည်းနဲ့ မ တင်ပါတယ်။ လူတစ်ကိုယ်လုံး ရေထဲ ထိုင်ချပြီးပြီ ဆိုမှ လုံချည်ကို ခေါက်ပြီးတော့ ခေါင်းပေါ် တင်ထားပါတယ်။ ပြီးမှ လယ်ထဲက ရေနဲ့ တစ်ကိုယ်လုံးကို ပွတ်သပ်ပြီး ရေချိုးကြတာပါ။ ရေချိုးပြီးပြီ ဆိုတော့လည်း လုံချည်ကို ခေါင်းက ပြန်စွပ်၊ လူကလည်း တဖြည်းဖြည်းနဲ့ ရပ်ပြီး လုံချည် ပြန်ဝတ်ကြတာပါ။ ဒီဖြစ်ရပ်လေးကတော့ အဘွား နှစ်ယောက်ရဲ့ ပြုံးချင်စရာ အပြုအမူလေးတွေပါ။


တစ်ဖက်ကလည်း ကျွန်တော်တို့ ဒေသမှာ ရေ ဘယ်လောက် ရှားသလဲဆိုတာ ပေါ်လွင်ပါတယ်။

## အဖေနဲ့ အမေ

အဖေ့ နာမည်က ဦးလှထွန်း၊ အမေကတော့ ဒေါ်ခင်စုပါ။ အဖေက အဲဒီခေတ် ကိုးတန်းအထိ အောင်ပါတယ်။ မူလတန်းပြ ဆရာအဖြစ် အမှုထမ်းခဲ့ရာက ကျွန်တော် လူမှန်းသိတတ်တဲ့ အချိန်မှာ မူလတန်း ကျောင်းအုပ် ဖြစ်နေပါပြီ။ လူချစ်လူခင် များပြီး သည်းခံစိတ် အပြည့်ရှိတဲ့ လူတစ်ယောက်ပါ။ အမေကတော့ လေးတန်းထိသာ ပညာ သင်ခဲ့ရပေမဲ့ လူကဲခတ် အင်မတန် ကောင်းပါတယ်။ ပြဿနာ တစ်ခု ပေါ်လာတိုင်း အခြေခံ အကြောင်းရင်းကို ချက်ချင်း ထိုးထွင်း သိမြင်နိုင်တဲ့ ဉာဏ် ရှိပါတယ်။

ကျွန်တော် အသက်အရွယ် ရလာလို့ မိဘတွေအကြောင်း ပြန်သုံးသပ်မိတဲ့ အခါတိုင်း ကျွန်တော် အပေါင်းအသင်းတွေကို "ငါက အမေနဲ့ တူတာ၊ ရုပ်ကော စိတ်နေ သဘာဝကော၊ ဒါ့ကြောင့် ထောင် ခဏ ခဏ ကျတာ၊ အဖေနဲ့ တူရင် ငါ သမ္မတ ဖြစ်မှာ" လို့ ပြောလေ့ရှိပါတယ်။ အဖေက ရုပ်ချောတယ်လို့ ပြောရမှာပါ။ အမေလည်း ချောပါတယ်။ ကျွန်တော့်ကိုတော့ ဘယ်သူမှ ချောတယ်လို့ အပြော မခံရဖူးပါဘူး။ အဖေ့ရဲ့ ထူးခြားချက်က ဘင်ဂျိုကို ပညာရှင်နီးပါးလောက် တီးတတ်ပါတယ်။ တယောလည်း ထိုးတတ်ပါတယ်။ စောင်းတို့၊ ပတ္တလားတို့လည်း တီးတတ်ပါတယ်။

ကျွန်တော် ငယ်ငယ်က အဖေက ဘင်ဂျိုတီး၊ အမေက သီချင်းဆိုနဲ့ အဖေ ရွာပြန်တိုင်း ဆိုပွဲ၊ တီးပွဲ လေးတွေ လုပ်လေ့ရှိပါတယ်။ ဒါပေမဲ့ ကလေးတွေ တစ်ယောက်ပြီး တစ်ယောက် များလာတော့ အမေ သီချင်း မဆိုနိုင်တော့ပါဘူး။ ကျွန်တော် ငယ်ငယ်က ဘင်ဂျို တီးတတ်ပါတယ်။ ကြီးလာမှ မတီးဖြစ်တော့တာပါ။ ဒါပေမဲ့ ဂီတကိုတော့ စိတ်ဝင်စားပါတယ်။ သီချင်း တစ်ပုဒ်ကို သုံး-လေးခါလောက် ကြားလိုက်ရရင် အလွတ် ရတတ်ပါတယ်။



မိခင်ကြီး ဒေါ်ခင်စု အိမ်ထောင် မကျမီ (၁၉၄၀)။

ညီတွေထဲမှာတော့ ဂီတာ တီးတဲ့ကောင်တွေ ရှိပါတယ်။ ဒါပေမဲ့ အငယ်ဆုံး ဇော်ကတော့ ဂီတာကို ကျွမ်းကျွမ်းကျင်ကျင် Lead တီးတတ်ပါတယ်။ အခုတော့ သူလည်း မန္တလေး အနုပညာ တက္ကသိုလ်မှာ ဦးစီး အရာရှိ ဖြစ်နေပါပြီ။ တစ်ခါတလေ အပေါင်းအသင်း ကောင်းရင်တော့ တီးဝိုင်းတွေမှာ Lead ဂီတာကို အပျော် သဘောနဲ့ ဝင်တီးလေ့ ရှိပါတယ်။

## ညီမ နံပါတ် ငါး လှစန်းရီ

လှစန်းရီကလည်း ဉာဏ်ကောင်းပါတယ်။ လေးတန်းထိ အမြဲတမ်း ပထမ တောက်လျှောက် ရခဲ့တာပါ။ သူ လေးတန်းနှစ်မှာ နံနက် ကျောင်းသွားတိုင်း ကျွန်တော်က စက်ဘီးနဲ့ ကျောင်းကို လိုက်ပို့လေ့ရှိပါတယ်။

တစ်နေ့မှာတော့ ကျောင်းဝင်း တံခါးဝလည်း ရောက်ရော ကျွန်တော်က စက်ဘီးပေါ်က မဆင်းဘဲနဲ့ တံခါးဘောင်ကို ကိုင်ပြီး သူ့ကို ဆင်းစေပါတယ်။ သူက လွယ်အိတ်ကို တံခါးဘောင်မှာ ချိတ်ပြီး လုံချည် ပြင်ဝတ်နေတုန်းမှာ ကျွန်တော်က ပြန်လှည့်လာခဲ့ပါတယ်။

ကျွန်တော် ပြန်လာပြီး ခဏအကြာမှာ တံခါးဘောင်ကြီးက သူ့အပေါ်မှာ ပိကျခဲ့ပါတယ်။ (ကျွန်တော် အဲဒါတွေ မသိခဲ့ရပါ။) ကျောင်းတံခါးကြီးက သစ်မာနဲ့ လုပ်ထားတဲ့အတွက် အလွန် လေးပါတယ်။ နောက်မှ သိရတာက တံခါးကြီးရဲ့ ပတ္တာတွေကို အရင်ညက သူခိုးတွေက ဖြုတ်ယူသွားပြီး မူလအတိုင်း ပုံမပျက် ထောင်ထားခဲ့တာပါ။ သူ့အပေါ် လဲကျတဲ့အခါမှာ သူ မထနိုင်ပါဘူး။ အနီးနားမှာ ရှိတဲ့ ဆရာ၊ ဆရာမတွေက ဝိုင်းမတဲ့အတွက် သူက ထွက်လို့ရပေမဲ့ တံခါးပိတဲ့ ဒဏ်ကြောင့် Shock ရပြီး စိတ်ခြောက်ခြားသွားပါတယ်။

ဆရာ၊ ဆရာမတွေကပဲ သူ့ကို ဆေးရုံကို တင်ခဲ့ရပါတယ်။ ဆေးရုံရောက်မှ ကျွန်တော်တို့ သိရတာပါ။ ဆေးရုံက ဆင်းပြီး လူသက်သာလာပေမဲ့ စိတ်ခြောက်ခြားတာတွေက တော်တော်နဲ့ မပျောက်ပါဘူး။ အဲဒီနှစ် လေးတန်းကိုတောင်မှ မနည်းအောင်အောင် လုပ်ခဲ့ရပါတယ်။ နောက်ပိုင်း အတန်းကြီးလာတော့ သူ့ အခြေ အနေ တဖြည်းဖြည်း ပြန်ကောင်းလာပါတယ်။

ဒါပေမဲ့ အရင်က ဉာဏ်ရည်ကို မမီတော့ပါဘူး။ ၁၀ တန်းကို နှစ်ချင်းပေါက်အောင် သော်လည်းပဲ ဆေးတက္ကသိုလ်၊ အင်ဂျင်နီယာ တက္ကသိုလ်တွေကို ဝင်ခွင့်ရလောက်တဲ့ အမှတ် မမီတဲ့အတွက် မကွေး ကောလိပ်မှာပဲ ဆက်ပညာသင်ပါတယ်။ နောက်ဆုံးနှစ်တွေမှာတော့ သူ အဓိက ယူတဲ့ ဓာတုဗေဒ ဘာသာ ရပ်မှာ အမှတ်တွေ ကောင်းတဲ့အတွက်ကြောင့် တက္ကသိုလ်မှာ နည်းပြအဖြစ် ခန့်အပ်ခြင်းခံရပါတယ်။ အခု တော့ သူဟာ ကထိက ဘဝနဲ့ အနားယူနေပါပြီ။

သူ့ယောကျ်ား မောင်စိုးဌေးက အင်ဂျင်နီယာ ကျောင်းသား၊ မြင်းခြံ ဇာတိပေါ့။ မောင်စိုးဌေးနဲ့ အိမ် ထောင်ကျပြီး သား တစ်ယောက် ရပါတယ်။ အဲဒီသားကလည်း ဆရာဝန် ဖြစ်လာခဲ့ပြီး အခုတော့ အဆင်ပြေ နေကြပါပြီ။ အကြောင်းအပေါင်း သင့်လို့ တစ်ခါတလေ သူတို့အိမ်မှာ ညအိပ်ညနေ နေလေ့ရှိပါတယ်။ သားက အိမ်ထောင်ခွဲသွားလို့ သူတို့ လင်မယား နှစ်ဦးပဲ ရှိပါတယ်။

အိမ်ထောင်မခွဲခင်ကတည်းက သူတို့အိမ်မှာ တည်းလေ့ရှိပါတယ်။ မောင်စိုးဌေးက အင်ဂျင်နီယာ ကျောင်းသားဖြစ်ခဲ့ဖူးလို့ သူတိုက်ခန်း ကျဉ်းကျဉ်းလေးမှာ နေချင့်စဖွယ်ဖြစ်အောင် ပြင်ဆင်ထားလေ့ရှိပါတယ်။ ဥပမာ- တီဗွီကို ဖိမ်နဲ့ ကြည့်နိုင်ဖို့အတွက် ပက်လက် ကုလားထိုင်က adjustable ပြောင်းနိုင်၊ ရွှေ့နိုင်အောင် လုပ်ထားတယ်၊ ပြီးရင် တယ်လီဖုန်း အားသွင်းရလွယ်အောင်လည်း လုပ်ထားတယ်၊ နေ့စဉ် လိုအပ်တဲ့

မွေးညှပ်လိုမျိုး၊ဇကနာလိုမျိုးလည်းလက်တကမ်းမှာရှိပါတယ်။တခြားလိုအပ်မယ့်တိုတိုထွာထွာလေးတွေလည်း လက်တစ်ကမ်းမှာပဲ။ ဒါ့ကြောင့် သူ့ကုလားထိုင်ကို ကျွန်တော်က "အုတ္တရာသယ ကုလားထိုင်" လို့ ခေါ်တော့ လုစန်းက သဘောတွေကျလို့၊ ပြီးတော့ သူတို့ အိမ်သာက ဝင်လိုက်ရင် ဂျက်ထိုးစရာ မလိုဘူး၊ သံလိုက် နှစ်ခု တပ်ထားတော့ ဂျက်ဆို ပိတ်သွားရော။

နောက်ရှိသေးတယ်။ ပထမကတော့ အဖေ အမေရယ်၊ သားရယ် သုံးယောက်ပဲ ရှိတော့ ရေချိုးခန်းထဲမှာ သွားတိုက်တံ သုံးချောင်းက အစီအရီ ချိတ်လို့။ ကျွန်တော်က သူတို့အိမ်ကို "သွားတိုက်တံ သုံးချောင်းနဲ့ အိမ်" လို့ သမုတ်တော့ လုစန်းက အခွီခွီနဲ့၊ စိုးဌေးကတော့ ပြုံးရုံပဲ ပြုံးပါတယ်။ သားက အိမ်ထောင်ကျသွားတော့ အခုဆို သူတို့အိမ်ကို "သွားတိုက်တံ နှစ်ချောင်းနဲ့ အိမ်" လို့ ခေါ်ရတော့မှာပေါ့။

သူတို့အိမ်မှာ တစ်ည နှစ်ညလောက် နေပြီးကတည်းက သဘောကျလို့ "ငါ နင်တို့ အိမ်မှာ လာနေမယ်" လို့ ပြောလိုက်ပါတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ လူဆိုတာ စား၊ ဝတ်၊ နေရေးနဲ့ ပတ်သက်ရင် ချဲ့ချင်ရင် ချဲ့ချင်သလောက် ချဲ့တတ်ကြတဲ့ သဘော ရှိပါတယ်။ သူ့ တတ်နိုင်မှုပေါ်မှာ မူတည်လို့ပေါ့။ အခု အသက် အရွယ်မှာ ကျွန်တော် သဘောပေါက်မိတာ တစ်ခုက လူဆိုတာ တပ်မက်မှု၊ လိုအင်ဆန္ဒ နည်းလေ၊ စိတ် ချမ်းသာရလေ ဆိုတဲ့ အချက်ပါပဲ။ ငယ်ငယ်က ကျွန်တော် ကြည့်ခဲ့ဖူးတဲ့ Jungle Book ကာတွန်း ရုပ်ရှင် ထဲက ဘာလူး ဆိုတဲ့ ဝက်ဝံကြီးရဲ့ သီချင်းထဲမှာ ပါတဲ့ Bear... Bare necessity စာသားအတိုင်းပေါ့။

## ဆရာမကြီး ဒေါ်သိန်းယဉ်

ကျွန်တော် ထောင်က ထွက်ပြီး သူတို့နဲ့ အဆက်သွယ် များလာတော့ လုစန်းကိုလည်း နာမည် ပေးစရာ ပေါ်လာပါတယ်။ သူက တက္ကသိုလ် ဆရာမ အငြိမ်းစားလည်း ဖြစ်၊ ဉာဏ်လည်းကြီးသူ ဖြစ်တော့ နံနက် လင်းတာနဲ့ အစ်ကိုတွေ၊ မောင်တွေဆီကို ဖုန်းဆက်၊ တစ်နေ့တာ ဘာလုပ်မလဲ မေး၊ အလာပသလ္လာပတွေ ပြော။ ညနေကျပြန်ရင်တော့လည်း အဲဒီ မောင်တွေ အစ်ကိုတွေကိုပဲ ဖုန်းဆက်၊ တစ်နေ့တာ ဘာတွေများ ဖြစ်ခဲ့သလဲ ဘာညာ ဘာညာ မေး။ အဲဒါ သူ့ရဲ့နေ့တဒူဝ လုပ်ငန်း ဖြစ်ပါတယ်။ ဒါနဲ့ ကျွန်တော့် ခေါင်းထဲမှာ ပေါ်လာတဲ့ နာမည်တစ်ခု သူ့ကို ပေးလိုက်တယ်။ "ဆရာမကြီး ဒေါ်သိန်းယဉ်" လို့။

သူက ကျွန်တော့်ကို "ဘာလို့ အဲဒီ နာမည် ခေါ်တာလဲဗျ" လို့ မေးတော့ ကျွန်တော်က " ညည်း ၁၉၈၀ ခုနှစ် ပတ်ဝန်းကျင်က ခေတ်စားတဲ့ သိုင်းဝတ္ထုတွေ မဖတ်ဖူးဘူးလား" လို့ မေးတော့ သူက "မဖတ်ဖူးဘူးဗျ" တဲ့။

"အဲဒီခေတ်က သိုင်းဝတ္ထုတွေ ထွက်တယ်လေ၊ ရုပ်အုပ်တွဲ၊ ကိုးအုပ်တွဲတွေ၊ အဲဒီထဲမှာ ဓားသိုင်းဂိုဏ်း၊ တုတ်သိုင်းဂိုဏ်း၊ လှံသိုင်းဂိုဏ်း၊ ပုတီးကုံးသိုင်းဂိုဏ်း၊ သူတောင်းစားဂိုဏ်း အဲဒီ ဂိုဏ်းပေါင်းစုံတွေထဲမှာ ဂိုဏ်းချုပ် ဆရာမကြီး နာမည်က ဒေါ်သိန်းယဉ်တဲ့"

အဲဒီလိုပြောတော့ သူက သဘောတွေကျလို့။

အဲဒါကို အငယ်ကောင်တွေကလည်း ကြားတော့ လိုက်ပြောကြတယ်။ အထူးသဖြင့် အငယ်ဆုံးကောင် ငဇော်ပေါ့။ သူက ဆရာမကြီးလို့ စခေါ် လိုက်တာနဲ့ လုစန်းက "ဟေ့ အဲဒီနာမည် ခေါ်တာ အကိုကြီးမို့လို့ ငါက ခံနေတာ၊ နင်တို့ ခေါ်လို့ကတော့ ငါက ပါးရိုက်မှာ" ပါတဲ့။ ဒါနဲ့ အငယ်ကတွေက အမြီးကုတ်ကုန်ကြတယ် လေ။

## ညီနံ့ပါတ် ခြောက် မောင်တင်စိုး

နောက်တစ်ယောက်ကတော့ ညီနံ့ပါတ် ခြောက် မောင်တင်စိုးပါပဲ။ သူလည်းပဲ မူလတန်းရော၊ အလယ်တန်း မှာရော စကောလားရှစ် ရခဲ့တာပါ။ တစ်လကို ၆ဝ ကျပ်နှုန်းနဲ့ တစ်နှစ်စာ ၇၂ဝ ကျပ် လုံးခနဲ ထုတ်ပေးတာပါ။ အဲဒီ ငွေပမာဏဟာ ကာလဒေသအလျောက် အလွန် အသုံးခံပါတယ်။ ဒီစကောလားရှစ် ပေးတဲ့ စနစ်ဟာ ကျွန်တော် လေးတန်း အောင်ပြီးမှ ပေါ်လာတာပါ။ စာထူးချွန်တဲ့ ကျောင်းသားတွေကို ချီးမြှောက်ချင်တဲ့ သဘောနဲ့ စကောလားရှစ် ပေးတာပါ။ ၁၉၆၂ ခုနှစ် တော်လှန်ရေး ကောင်စီ တက်ပြီး နောက်ပိုင်းမှာတော့ ရပ်တန့်သွားတယ်လို့ ထင်ပါတယ်။

မောင်တင်စိုးနဲ့ ကျွန်တော်နဲ့က ပဋ္ဌာန်းဆက် ရှိတယ်လို့ ဆိုရမလား မသိပါဘူး။ သူဟာ စစ်တက္ကသိုလ် အပတ်စဉ် ၁၅ ကျောင်းဆင်းဖြစ်ပါတယ်။ သမ္မတ ဦးသိန်းစိန် လက်ထက်မှာ ရန်ကုန်တိုင်း ဝန်ကြီးချုပ် ဦးမြင့်ဆွေ (အခု ဒုတိယ သမ္မတ)၊ ပဲခူးတိုင်း ဝန်ကြီးချုပ် ဦးဉာဏ်ဝင်း၊ မန္တလေးတိုင်း ဝန်ကြီးချုပ် ဦးရဲမြင့်၊ သစ်တော ဝန်ကြီး ဦးဝင်းထွန်းနဲ့ စီမံဘဏ္ဍာ ဝန်ကြီး ဦးလှထွန်းတို့ဟာ မောင်တင်စိုးနဲ့ အပတ်စဉ် အတူတူပါ။

ဒါပေမဲ့ သူ ဗိုလ်ကြီး ဖြစ်တဲ့အချိန်မှာ ကျန်တဲ့လူတွေက ဗိုလ်မှူး ရာထူး ရသွားကြသော်လည်း သူက တော့ ကျွန်တော့်ညီ ဖြစ်လို့ ရာထူး မတိုးတဲ့အပြင် ရှေ့ပေါင်း သုတေသနဌာနကို ပြောင်းရွှေ့ခြင်း ခံရပါ တယ်။ ချောင်ထိုးလိုက်တဲ့ သဘောပေ့ါ။ ကျွန်တော်တို့ အချင်းချင်း ပြောပုံမျိုးနဲ့ဆိုရင် မောင်တင်စိုးက ပစ်ဖဲ ဖြစ်သွားတာပေ့ါ။

ဒါပေမဲ့ သူ့ကံကလည်း ရှိနေတော့ သူ့ကို စောင့်မမယ့် လူကြီးတွေနဲ့ ဆုံစည်းရပြီး ရာထူး အဆင့်ဆင့် တက်လိုက်တာ နောက်ဆုံးမှာ ယဉ်ကျေးမှု တက္ကသိုလ် ပါမောက္ခချုပ်အဖြစ် ရာထူးတွေ တက်ခဲ့ပါတယ်။ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က သူ့ကို ဒုဝန်ကြီး ဖြစ်ဖို့ စာရင်းပေးတော့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ပြောပါတယ်တဲ့ (ဟုတ်မဟုတ်တော့ မသိဘူးပေ့ါ)။ "ဝင်းထိန် ညီ ဒီလောက်ရတာပဲ ကျေနပ်တော့" ဆိုပြီး သူဟာ ပါချုပ်ဘဝနဲ့ပဲ အငြိမ်းစား ယူခဲ့ရပါတယ်။

မောင်တင်စိုးဟာ Happy go lucky လို့ ပြောရမယ့်ကောင်ပါ။ ဘယ်လောက်ပဲ ခက်ခက်ခဲခဲ အနေ အထားတွေကြုံရစေကာမူကြံဖန်လွတ်ခဲ့ပြီးလမ်းကြောင်းမှန်ပေါ် ပြန်ရောက်လေ့ရှိတဲ့ သူပါ။ ငယ်ငယ်တုန်းက ဆိုရင် ဘာကစား ကစား သူပဲ အမြဲတမ်း နိုင်လေ့ရှိတယ်။ လူကြီးတွေနဲ့ ကစားလည်း နိုင်တာပဲ။ မြောက်ပန်း လှန်မလား၊ သရေကွင်း ပစ်မလား သူပဲ နိုင်တာပါပဲ။

ငယ်ငယ်က သူ ခဏ ခဏ ထမင်းငတ်ပါတယ်။ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်တွေမှာပါ။ ကျောင်း ပိတ်ရက်တွေ ဆိုရင် ကျွန်တော်တို့ ယောကျ်ားလေးတွေ အားလုံးလိုလို ကိုယ် သန်ရာသန်ရာ သူငယ်ချင်း အုပ်စုတွေနဲ့ သွားကစားလေ့ရှိပါတယ်။ မောင်တင်စိုးကတော့ အကစားသန်လို့ နေ့လယ်စာ စားချိန်ဆိုရင် အမြဲတမ်း နောက်ကျပြီးမှ ပြန်လာတတ်လို့ နေ့လယ်စာ အမြဲတမ်း ငတ်ပါတယ်။

စားစရာ ကုန်မှ ပြန်လာတဲ့ မောင်တင်စိုးကို အိမ်နီးနားချင်း အမျိုးတွေအိမ်က ထမင်းတွေ၊ ဟင်းတွေ တောင်းပြီး ကျွေးရလေ့ရှိပါတယ်။ တစ်ခါမှာတော့ သူ ပြန်လာတဲ့အခါ "အမေ ဘာစားစရာ ရှိသေးလဲ" လို့ မေးတော့ အမေက "ထမင်းတော့ ရှိသေးတယ်၊ ဟင်းကတော့ ရှာကြံ စားပေတော့" လို့ ပြောလိုက်ပါတယ်။ မောင်တင်စိုးက ထမင်းခူးပြီး ကြောင်အိမ် လှန်ကြည့်တော့ ပန်းကန်ထဲမှာ ထည့်ထားတဲ့ ငါး အတုံးလိုက်တွေ

ထည့်ထားတဲ့ ပန်းကန်ကို တွေ့တဲ့အခါ အားရပါးရ စားပါတော့ တယ်။ စားပြီးမှ အမေ့ကို လှမ်းအော်ပြောပါ တယ်။ "အမေ ငါးဟင်းက သိပ်ကောင်းတယ်ဗျို့" တဲ့။ အမေက "ဟဲ့ အဲဒီငါးတွေက ညနေစာ ဟင်းလုပ်ဖို့ ဆား နနွင်း နယ်ထားတာဟဲ့၊ နင်ကတော့လေ" လို့ မှတ်ချက်ချက်ချပါတယ်။ မောင်တင်စိုးက အဲဒီလိုပါ ဆိုနေ။

## ညီနံပါတ် ရှစ် မောင်နိုင်လင်း

ကျွန်တော့်ညီ နံပါတ် ရှစ် မောင်နိုင်လင်းကတော့ ဆေးတက္ကသိုလ် တက်ဖို့ ငယ်ငယ် ကတည်းက ရည်မှန်းချက် ရှိတဲ့သူပါ။ သူ မိတ္ထီလာမှာ ၁၀ တန်း ဖြေတော့ ပထမ တစ်နှစ်မှာ "ခ" နဲ့ပဲ အောင်ပါတယ်။ ဒုတိယ တစ်နှစ် ဖြေတော့ သင်္ချာမှာ မဖြေနိုင်ပါဘူး။ ဆေးကျောင်း အမှတ် မမီမှာ စိုးလို့ Bio ဖြေတဲ့နေ့မှာ အကုန် ခြစ်လိုက်တဲ့ အတွက် စာမေးပွဲ ကျတာပါတဲ့။

အဲဒီအချိန်မှာ ကျွန်တော်က စစ်ရုံးကို ရောက်နေပါပြီ။ မိသားစုနဲ့ ယောက်လမ်း (ယခု ယောမင်းကြီး လမ်း) မှာ နေရပါတယ်။ ဒါ့ကြောင့် အမေ့ကို ပြောပြီး ငနိုင်ကို ရန်ကုန်ကို ခေါ်၊ အထက (၁) ဒဂုံမှာ ည ကျောင်းတက်၊ နေ့ဆိုရင် သတင်းစာ ခေါင်းကြီးပိုင်းကို ကူးရေး၊ အချိန်မှတ်နဲ့ အဲဒီလို လုပ်တဲ့အခါ အဲဒီနှစ်မှာ ဒဂုံ (၁) ညကျောင်းက တစ်ဦးတည်းသော 4 D နဲ့ အောင်တဲ့သူ ဖြစ်လာပါတယ်။

အဲဒီတော့ ဆေးကျောင်း တက်ရပြီပေါ့။ သူ ဆေးကျောင်း တက်နေချိန်မှာပဲ ကျွန်တော် အုန်းကျော်မြင့် တို့စွန့် ကြိုပြီး တပ်က အငြိမ်းစား ယူခဲ့ရပါတယ်။ အဲဒီအချိန်မှာ သူ့ကို သူ့ဌေး တစ်ယောက်က စပွန်ဆာ လုပ်ပြီး ကျောင်းထားပေးမယ်လို့ ကမ်းလှမ်းလာပါတယ်။ ဒီကိစ္စကို ကျွန်တော်ကလည်း သဘောမတူ၊ သူက လည်း လက်မခံလို့ သူ ဘွဲ့ရတဲ့အထိ ကျွန်တော် ကျောင်းထားပေးခဲ့တာပါ။ ကျွန်တော်တို့ မိသားစု ရန်ကင်း ၁၂ လုံးတန်း၊ အင်းစိန်၊ လင့်လမ်း၊ လမ်းသစ်၊ ဘိုကုန်း အိမ်တွေ ပြောင်းတိုင်း သူပါ လိုက်ပါခဲ့တာပါ။

အလားတူပဲ ငကျော်နဲ့ ငဇော်ကိုလည်း မိတ္ထီလာက ခေါ်ပြီး ၁၀ တန်း အောင်ပြီးတဲ့ အခါ ဘွဲ့ရတဲ့အထိ ကျောင်းထားပေးခဲ့ပါတယ်။ ယောက်ဖတော်တဲ့ လေးမြင့်ကျော်လည်း ပါတာပေါ့။ ငနိုင်က ဘွဲ့ရပြီးတဲ့အခါ အစိုးရ အလုပ်တွေ မလုပ်ဘဲ GP အလုပ်နဲ့ပဲ အောင်မြင်နေပါတယ်။ သူ့ သားသမီး သုံးယောက်ကလည်း ဆရာဝန်တွေ ဖြစ်နေပါပြီ။

ဒါပေမဲ့ သူ့အိမ်ထောင်ရေး အဆင်မပြေပါဘူး။ ပြေလည်အောင် ကျွန်တော်က ဘယ်လိုပဲ ကြိုးစား ကြိုးစား အဆင်မပြေတာကြောင့် ကျွန်တော့်အိမ်မှာ ပြန်နေရတဲ့ဘဝ ရောက်ပါတယ်။ ကျွန်တော့် အိမ်နောက်က ပိုနေတဲ့ တစ်ထပ်တိုက်မှာ တစ်ယောက်တည်း လာနေပါတယ်။ သူ့ GP လုပ်ငန်းက ညပိုင်းမှာ Home visit များလွန်းလို့ အိမ်ပြန်ရောက်ရင် ညသန်းခေါင်ကျော် တစ်နာရီ ဆိုတာ အစောဆုံးပါ။ နံနက် အိပ်ယာထ အမြဲတမ်း နောက်ကျနေကြပါ။

ကျွန်တော် ရန်ကုန်မှာ ရှိလို့ ကျန်းမာရေးကိစ္စ သူနဲ့ ပြောစရာရှိလို့ အိမ်က ကောင်မလေးတွေကို သူ့ကို သွားနှိုးခိုင်းပါတယ်။ အဲဒီကောင်မလေးက ပြုံးစိစိနဲ့ ပြန်လာပါတယ်။ "ဘာလဲဟ" လို့ မေးတဲ့အခါ ကောင်မလေး က "ဦးနိုင် နိုးတော့ နိုးနေပြီ၊ နှုတ်ခမ်းမွေးကို မှန်ကြည့်ပြီး နှုတ်ခမ်းမွေး ဖြီးနေလို့" လို့ ပြန်ပြောပါတယ်။

ငနိုင်က အလှအပ အင်မတန် ကြိုက်ပါတယ်။ ဘောင်းဘီရှည် အမြဲဝတ်ပြီး အကျႌ လက်ရှည်ကိုလည်း ကြယ်သီး အပြည့် တပ်ပြီး ဝတ်ပါတယ်။ သူ့ကို ကြည့်လိုက်ရင် Very smart ပေါ့။ ဖြီးတော့ နှုတ်ခမ်းမွေးက

ထားလိုက်သေးတယ်။ ဆံပင်ကောင်းတော့ ခေါင်းကိုလည်း သပ်သပ်ရပ်ရပ် ဖြီးရုံတင်မက သူ့ နှုတ်ခမ်းမွေး ကိုလည်း ခေါင်းဘီးနဲ့ ဖြီးရပါသတဲ့။ သူ ဆေးခန်းထိုင်တဲ့ တာမွေ မြို့နယ်က ဆေးခန်းမှာ သူ့လူနာတွေက မွတ်ဆလင် အများစုပါ။ သူက အသား ညိုတယ်၊ အရပ်က ထောင်ထောင်မောင်းမောင်း နှုတ်ခမ်းမွေးနဲ့ ဆိုတော့ သူ့ကိုလည်း ကုလား ဆရာဝန် ထင်လို့လေ။

သူက စိတ်ရှည်တယ်၊ စကားပြောရင် မပွင့်တပွင့်နဲ့၊ ဘာပြောလို့ ပြောမှန်းမသိ။ သူ့ရဲ့ အဓိက အကျဆုံး အရည်အချင်းကတော့ သူ ဆေးကုတာဟာ "ဆေး အင်မတန် လိုက်ပါတယ်"။ သူ ပေးလိုက်တဲ့ ကုထုံးဟာ လူနာတွေရဲ့ ရောဂါတွေနဲ့ ကွက်တိဖြစ်တတ်လို့ သူ့ဆေးခန်းဟာ လူ အင်မတန် စီပါတယ်၊ သူ့ဆေးခန်းက တခြား ဆရာဝန်တွေကပါ မနာလိုဝန်တို ဖြစ်ရတဲ့အထိပါပဲ။ သူ့လူနာတွေကတော့ "ဒေါက်တာ နိုင်လင်းမှ ဒေါက်တာ နိုင်လင်း" ဖြစ်နေကြတာပါ။

## ကျွန်တော့်ညီ မောင်ညိုနွဲ့

"ခေါင်းနင်းဆင်" လို့ ခေါ်ရမယ့် ကျွန်တော့်ညီ မောင်ညိုနွဲ့ကလည်း ဉာဏ်ရည် မြင့်ပါတယ်။ သူ လေးတန်းမှာ မိတ္ထီလာ တောင်ဘက်နယ်မှာ ပထမရလို့ တစ်လကို အစိုးရ ထောက်ပံ့ကြေး ကျပ် ၆ဝ ရပါတယ်။ အဲဒီခေတ်က ကျပ် ၆ဝ ဆိုတာ အတော်လေး အသုံးခံတဲ့ ပမာဏပါ။ အဲဒီ ထောက်ပံ့ကြေးကို မောင်ညိုနွဲ့က နှစ်နှစ် ရပါတယ်။



ယာအစွန်မှ ဘျောင်ပေရှူးနဲ့ ရုပ်ဆိုးဆိုး ခေါင်းကြီးကြီး ကျွန်တော်၊
(အစဉ်လိုက် ဝဲဘက်သို့) ညီမ နံပါတ် သုံး မကြည်စန်း၊ ဖခင် ဦးလှထွန်း၊
ညီနံပါတ် လေး ရဲမြင့် (ခ) လင်းထွန်းနဲ့ ဝဲအစွန်က ညီနံပါတ် နှစ် မောင်ညိုနွဲ့ (ခ) ထွန်းထိန်။

ကျွန်တော်တို့ မိသားစုအတွက်တော့ အများကြီး အထောက်အကူ ဖြစ်ပါတယ်။ မောင်ညီမွန့်ရတဲ့ ထောက်ပံ့ကြေး တစ်နှစ်စာနဲ့ ပေါက်ချောင်း ကွက်သစ်က မြေကို ဝယ်ခဲ့နိုင်တယ်လို့ အမေ ပြောတာ ကြားဖူးပါတယ်။ ၇၀'x၄၀' မြေကွက်ကို အဲဒီခေတ်က ကျပ် ၁၀၀၀ အောက်နဲ့ ဝယ်နိုင်ခဲ့ပါတယ်။

ကျွန်တော့်မှာ မွေးချင်း ၁၃ ယောက် ရှိပါတယ်။ ယောကျ်ားလေး ရှစ်ယောက်နဲ့ မိန်းကလေး ငါး ယောက်ပါ။ အငယ်ဆုံး ညီမ ထားထားရီက သူ့ အသက် ၂၂ နှစ် အရွယ်မှာ တက္ကသိုလ် ဒုတိယနှစ် တက်ရင်း နှလုံးရောဂါနဲ့ ကွယ်လွန်ခဲ့ပါတယ်။ မွေးချင်း များပေမဲ့ အားလုံး တက္ကသိုလ် ရောက်ကြပါတယ်။ ပညာရေးနဲ့ ပတ်သက်ရင် ကျွန်တော်တို့ မိသားစုဟာ ရွာမှာ သော်လည်းကောင်း၊ မြို့မှာ သော်လည်းကောင်း လူအများက အားကျ ချီးကျူးခံရတဲ့ မိသားစု ဖြစ်ပါတယ်။

အဖေ့မှာ မွေးချင်း နည်းပါတယ်။ အထက်မှာ ရေးခဲ့သလို အဖေ့အထက်က အမက ဒေါ်ဆယ်တင် ပါတဲ့။ သူ့ခင်ပွန်းက ဦးအောင်ပိုင် ဖြစ်ပြီး သူက ဘသော့ရဲ့ လက်ထောက် ကျွမ်းကျင်တဲ့ လက်သမား ဖြစ်ပါ တယ်။ သဖန်းပင်ရိုးရွာမှာ နေပြီး သမီး နှစ်ယောက် ရှိပါတယ်။ အကြီးက မသန်းရင် ဖြစ်ပြီး အငယ်က မအေးကြင်ပါ။

မသန်းရင်ကတော့ ခင်ပွန်း ကိုချစ်အောင် ဆုံးပါးပြီး ကတည်းက မိတ္ထီလာ တောင်ဘက်က ရွာတစ်ရွာမှာ အခြေချ နေထိုင်လျက် ရှိပါတယ်။ အေးကြင်ကတော့ သားသမီး များပါတယ်။ သားကြီး သမီးကြီး တစ်ချို့ ကတော့ အိမ်ခွဲပြီးတောင် နေနေကြပါပြီ။

## ဦးလေး ဦးအောင်ဘိ

အဖေ့ရဲ့ ညီကတော့ နာမည်ကိုက အပုံစား။ "ဦးအောင်ဘိ" တဲ့။ ဆုံးသွားခဲ့ပါပြီ။ သူကတော့ နာမည် ပီးတယ်လို့ ပြောရမလား။ သူ့ဘဝမှာ မှတ်မှတ်ရရ အောင်မြင်တယ်လို့ မကြားမိဖူးပါဘူး။ မြေတိုင်း စာရေးကြီး အဖြစ်နဲ့ ပင်စင်ယူပြီး မိတ္ထီလာမြို့ ပေါက်ချောင်း ကွက်သစ်ရပ်မှာ နေကြပါတယ်။

ပြောစမှတ် တစ်ခုက မိတ္ထီလာရဲ့လူစည်ကားရာ တစ်နေရာရာမှာ တွေ့တဲ့လူတစ်ချို့ကို မေးလိုက်၊ ဦးအောင်ဘိ ဆိုရင် ဘယ်သူမှ မသိဘူး။ ဆရာကြီး ဦးလှထွန်းရဲ့ ညီဆိုမှ လူတွေက သိကြတာပါ။ ဒီလို စကားမျိုးကို ဦးအောင်ဘိရဲ့ သားတွေကတောင် ပြောလေ့ရှိပါတယ်။

အဖေ့ကျတော့ လူသိများတာလည်း မပြောနဲ့၊ အလယ်တန်း ကျောင်းဆရာ ဖြစ်တော့ မကြာခင်မှာပဲ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းဆရာများ အသင်းချုပ် (မ-က-သ-ခ) မှာ မိတ္ထီလာ မြို့နယ်ရဲ့ အတွင်းရေးမှူး အဖြစ် နှစ်အကြာကြီး လုပ်ခဲ့တာပါ။

နောက်ပိုင်းကျတော့ မိတ္ထီလာ မြို့နယ် တာပေလုပ်သား အဖွဲ့ ဥက္ကဋ္ဌ ၊ သင်္ကြန်ကာလမှာ ဆိုရင် ဆို၊ က၊ ရေး၊ တီး အဖွဲ့ ဥက္ကဋ္ဌ၊ နောက်ပိုင်း အငြိမ်းစားယူတော့ ဘိုးဘွားရိပ်သာ အကျိုးဆောင် စတဲ့ လူမှုရေး အဖွဲ့ အစည်းတွေမှာ ပါဝင် လှုပ်ရှားခဲ့ပါတယ်။ ဒါ့ကြောင့်လည်း အဖေ့ကို လူသိများကြတာပါ။ အမေကတော့ အခုလို မှတ်ချက်ပေးပါတယ်။ "မင်းတို့ အဖေကတော့ ပိုက်ဆံ မရမယ့် အလုပ်ဆို အလွန် လုပ်တာပဲဟေ့" ပါတဲ့။

## အမေ့ဘက်က ဆွေမျိုးများ

အမေ့ဘက် ကအဘိုး အဘွားတွေက အလယ်ရွာက ဖြစ်ပါတယ်။ အဘိုးက ဦးအောင်ဒင်၊ အဘွားက ဒေါ်စောမြိုင်။ ဦးအောင်ဒင်ဟာ ကျွန်တော် ငယ်စဉ်ကတည်းက အထည်အလိပ်တွေကို မိတ္ထီလာ ဈေးမှာ ရောင်းပါတယ်။ အဲဒါအပြင် မြို့နားတစ်ဝိုက် အရှိ့ရွာတွေမှာ ရှိတဲ့ ဈေးတွေကိုလည်း အထည်အလိပ်တွေ သွားရောင်းပါတယ်။ ဒါကို ဈေးပတ်လိုက်တယ်လို့ ခေါ်ပါတယ်။

အဖေဘက်က ဆွေမျိုး များများစားစား မရှိပေမဲ့ အမေဘက်ကတော့ အမျိုးတွေ များပါတယ်။ ကျွန်တော့် အမေက သမီး အကြီးဆုံးပါ။ သူ့အောက်မှာ ယောကျ်ားလေး သုံးယောက်၊ မိန်းကလေး တစ်ယောက် ရှိပါတယ်။ အခုတော့ ကျွန်တော့် အမေ အပါအဝင် အငယ်ဆုံး ဦးလေး တစ်ယောက်က လွဲလို့ ကျန်တဲ့သူတွေ ကွယ်လွန်ကုန်ကြပါပြီ။ ဦးလေး အငယ်ဆုံးဖြစ်တဲ့ ဦးသန်းမောင်တောင်မှ အသက် ၈၃ နှစ် ရှိပါပြီ။ မန္တလေးမှာ နေပါတယ်။

အမေ့ မိသားစုတွေ ဘဝကူးကြပုံက ကြီးစဉ်ငယ်လိုက်ပါ။ ပထမ ကျွန်တော့် အမေ ဆုံးတယ်။ ဒုတိယက ဦးလေး ဦးထွန်းယျ။ သူက ရွှေပြည်သာက နောက်မိန်းမ အိမ်မှာ ဆုံးပါတယ်။ အဒေါ် ဒေါ်တင်ညွန့်က အင်းစိန် ပိန္နဲကုန်း ရပ်ကွက်က သူ့အိမ်မှာ ဆုံးပါတယ်။ ပြီးတော့ တတိယ ဦးလေး ဖြစ်တဲ့ ဦးငြိမ်းမောင်က မိတ္ထီလာမှာပဲ ဆုံးပါတယ်။

ကျွန်တော်တို့ အခေါ် ဦးထွန်းရဲ့ ရွှေပြည်သာ ဇာတ်လမ်းအကြောင်း နောက်မှပဲ အကျယ်တဝင့် ရေးပြပါ့မယ်။ သူ့ဘဝ အကြောင်း ရေးမယ် ဆိုရင် စာအုပ် တစ်အုပ် သတ်သတ် ဖြစ်သွားနိုင်ပါတယ်။ သူ့ရဲ့ဘဝ ဇာတ်လမ်းတွေက များလွန်းလို့ပါ။

## ထောင်ထဲကနေ ပို့ရတဲ့ အသုဘ

ကျွန်တော် ထောင်ထဲကို ဒုတိယ အကြိမ် ရောက်တဲ့အချိန်က စပြီး အဖေ့မှာ Alzheimer ရောဂါ စွဲကပ်နေပါပြီ။ လူကြီး ရောဂါပေါ့။ တစ်စတစ်စ အခြေအနေဆိုးလို့ မိတ္ထီလာမှာ ညီမတွေက ခေါ်ထားပြီး ပြုစုနေပါတယ်။ အဲဒီလို နေရင်းက ၂၀၀၁ ခုနှစ်မှာ ကွယ်လွန်သွားပါတယ်။ အဖေ့ အခြေအနေ မကောင်းဘူး ဆိုတာကိုတော့ ထောင်ဝင်စာမှာ မိန်းမ ပြောလို့ သိပြီးသားပါ။

အဲဒီအခါမှာ ထောက်လှမ်းရေးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ရဲ့ အမိန့်အရ ကျွန်တော့်ကို မြင်းခြံထောင်ကနေ မိတ္ထီလာထောင်ကို ပြောင်းပေးပါတယ်။ မိတ္ထီလာထောင်ကမှ ကျွန်တော့် ဖခင်ကြီးရဲ့ အသုဘကို လိုက်ပို့ရတာပါ။ မိတ္ထီလာထောင်မှာ ခုနစ်ရက်လောက် နေလိုက်ရပါတယ်။ ဖခင်ကြီးရဲ့ ရက်လည်ထိအောင် နေခွင့်ရပါတယ်။

အဲဒီနေ့မှာ မိတ္ထီလာ ပြည်သာယာရပ်က ညီမ နံပါတ် ခုနစ် ဖြစ်တဲ့ ဒေါ်နနရည်ရဲ့ အိမ်ကို သွားပြီး ဘာသာရေး ထုံးတမ်း အစဉ်အလာအရ ဒါနကုသိုလ်နဲ့ သီလကုသိုလ် ကိစ္စများကို ပါဝင် ဆောင်ရွက်ခွင့် ရပါတယ်။ အဲဒီမှာလည်း အမျိုးတွေ ဆုံနေတဲ့အတွက် ခင်မင်ရင်းစွဲ ရှိနေသူတွေက လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်ကြပေမဲ့ တချို့ကျတော့ ကျွန်တော်နဲ့ စကားပြောရမှာကို ကြောက်နေကြတဲ့ ပုံစံတွေ တွေ့ခဲ့ရပါတယ်။ ကြောက်တဲ့သူတွေကိုလည်း အပြစ်မတင်လိုပါဘူး။ ဘာဖြစ်လို့လည်း ဆိုတော့ ကျွန်တော်နဲ့ အတူ မိတ္ထီလာ ထောက်လှမ်းရေးတပ်က သုံး-လေးယောက်လောက်နဲ့ ထောင်ဝန်ထမ်းတွေ ပါလာတာကိုး။ ထုံးစံ

အရ ရက်လည်ကိစ္စတွေ ပြီးတဲ့အခါမှာ ကျွန်တော့်ကို မြင်းခြံထောင် ပြန်ပို့ပါတယ်။ ထောင်ဝန်ထမ်း အားလုံးက အကျဉ်းသား တစ်ယောက်ကို ဒီလို ထောင်ပြောင်းပြီး အသုဘ ပို့ခိုင်းတဲ့ အဖြစ်မျိုး ဘယ်တုန်းကမှ မကြားဖူးဘူးလို့ မှတ်ချက်ပေးကြပါတယ်။

ကျွန်တော် မြင်းခြံထောင် ပြန်ရောက်တော့ ဦးဇော်အုန်း ဆိုတဲ့ ထောင်ပိုင်က ကျွန်တော့်ကို နိုင်ငံရေး အကျဉ်းသားတွေကို ထားတဲ့ တိုက်ကို ပြန်မပို့ဘဲ ပြစ်ဒဏ်တိုက်ကို ပို့လိုက်ပါတယ်။ အဲဒီ ပြစ်ဒဏ်တိုက်မှာ သူရိုး မြင့်သိန်းနဲ့ ဇော်ဆိုင်းတို့ ရောက်နှင့်နေကြပါပြီ။

သူရိုး မြင့်သိန်း အကြောင်းရယ်၊ ဇော်ဆိုင်း အကြောင်းရယ်တို့ကိုတော့ သီးသန့် ရေးမှ ဖြစ်မှာပါ။ ဘာဖြစ်လို့လဲ ဆိုတော့ သူရိုး မြင့်သိန်းက ထောင် အကြိမ် ၂၀ လောက် ကျဖူးတဲ့အပြင် ထောင်ထဲ ရောက်မှ လူသတ်မှု နှစ်ခု ထပ်ကျူးလွန်ခဲ့တာပါ။

ဇော်ဆိုင်းကတော့ မြောက်ပိုင်းတိုင်း တိုင်းမှူး ဗိုလ်မှူးချုပ် အယ်လ်ခွန်ဖန် (အဆိုတော် အယ်လ်ခွန်းရီရဲ့ အဖေ) ကို လုပ်ကြံခဲ့လို့ သေဒဏ်ကျခဲ့ဖူးတဲ့သူပါ။ ၁၉၉၂ ခုနှစ် လွတ်ငြိမ်းချမ်းသာခွင့် ရမှ သေဒဏ်က လွတ်ပြီး တစ်ကျွန်းဒဏ် ခံနေဆဲ ဖြစ်ပါတယ်။

## ဦးငြိမ်းနဲ့ နောက်ဆုံး နှုတ်ဆက်ခဲ့ရခြင်း

ကျွန်တော့် အဖေရဲ့ ရက်လည်ဆွမ်း ကျွေးတဲ့နေ့မှာ ကျွန်တော့် ဦးလေး ဦးငြိမ်းမောင်ကို နောက်ဆုံး တွေ့လိုက်ရပါတယ်။ ကျွန်တော့် အမေဘက်က ဦးလေးတွေ၊ အဒေါ်တွေဟာ ရုပ်ရည် အင်မတန် ချောကြပါတယ်။ အဲဒီနေ့က တွေ့ရတဲ့ ကျွန်တော်တို့အခေါ် ဦးငြိမ်းဟာ လေဖြတ်ထားလို့ စကား မပြောနိုင်သော်လည်းပဲ အမူအရာနဲ့တော့ ဆက်သွယ်လို့ရပါတယ်။

အဲဒီနေ့က ကျွန်တော် နောက်ဆုံး တွေ့ခဲ့တဲ့ ဦးငြိမ်းရဲ့ ရုပ်ရည်ဟာ အသက် ၇၀ ကျော်သော်လည်း ချောနေတုန်းပါ။ ကျွန်တော်ကတောင် "ဦးငြိမ်းက အခုထိ ချောတုန်းပဲဗျ" လို့ ပြောတော့ သူက ပြုံးပြီးတော့ အသိအမှတ်ပြုပါတယ်။ စကားတော့ မပြောနိုင်တော့ပါဘူး။ နောက် ကျွန်တော် မြင်းခြံထောင် ပြန်ရောက်တော့ သိပ်မကြာလိုက်ပါဘူး ဦးငြိမ်း ဆုံးသွားပြီလို့ ကြားလိုက်ရပါတယ်။ အဖေရဲ့ ရက်လည်နေ့မှာ ကျွန်တော်နဲ့ တွေ့ချင်လွန်းလို့ ကိုယ်လက် မသန်စွမ်းတဲ့ကြားက ကျွန်တော့်ကို လာတွေ့တာပါ။ နောက်ဆုံး နှုတ်ဆက်တဲ့ သဘောပေါ့။

## ဦးလေး ဦးထွန်းယဉ်

မွေးချင်း ငါးယောက်မှာ သူက နံပါတ် နှစ်ပါ။ ရုပ်ရည် ဘယ်လောက် ချောသလဲ ဆိုရင် ဟိုခေတ်က နာမည်ကြီး မင်းသား ထွန်းဝေထက်တောင် ချောတယ်လို့ ထင်ပါတယ်။ ရုပ်ချောသလောက်လည်း မိန်းမစွံပါတယ်။ အလုပ်က မီးရထားဌာန စာရင်းစစ်ဖြစ်တော့ ကိုယ်ပိုင် ရထားတွဲနဲ့ ရထားလမ်း ရှိတဲ့ မြို့တွေ လှည့်လည်ပြီး စာရင်းစစ်ရတာပါ။

သူက တစ်ရွာ တစ်ကျည်ဆောက် ဆိုတဲ့ ရှေးထုံးစကားအတိုင်း ကျင့်ကြံခဲ့ပါတယ်။ သူ့ရဲ့ ပထမ မယားကြီးကတော့ အငြိမ့်မင်းသမီး ရန်ကုန်သောင်း (ခေါ်) ဒေါ်ခင်သောင်း ဖြစ်ပါတယ်။ သူတို့ နှစ်ယောက် ဇာတ် ဆုံတာကလည်း မှတ်သားလောက်ပါတယ်။

ကျွန်တော် အထက်မှာ ရေးပြပြီးပါပြီ။ အဘိုး ဦးအောင်ဒင်က အင်မတန် စည်းကမ်းကြီးတဲ့ အကြောင်း။ အိမ်မှာ ဝတ္ထုစာအုပ် မဖတ်ရ၊ သီချင်း မဆိုရ၊ မယ်ဒလင် ဘင်ဂျို မတီးရ၊ လေမချွန်ရ စသဖြင့် ပိတ်ပင်ထားတာ လေ။

ဆူးလေကုန်း ဘုရားပွဲမှာ ရန်ကုန်သောင်း (ခေါ်) ဒေါ်ခင်သောင်းဇာတ် လာကပါတယ်။ အဘ ဘိုးအောင်ဒင်က သားသမီးတွေကို ပွဲကြည့် မလွှတ်ပါဘူး။ အဖေ အမေ အိပ်ချိန် သန်းခေါင်ကျော်လောက်မှ ဦးထွန်းတို့ အိမ်က ခိုးထွက်ပြီး ပွဲသွားကြည့်ကြတာပေါ့။ ဦးထွန်းက ဇာတ်ရုံ အနောက်ဘက် သွားပြီးတော့ မင်းသမီးနဲ့ မိတ်ဖွဲ့ပါတယ်။ ဇာတ် နစ်ရက် ကလည်းပြီးရော ဦးထွန်းက မင်းသမီး ဒေါ်ခင်သောင်း နောက်ကို ကောက်ကောက်ပါအောင် လိုက်သွားပါလေရော။ သူ့သားထက် အသက်ကြီးတဲ့ မင်းသမီးနဲ့ အိမ်ထောင်ကျ တာကို အဘိုးက မတားဆီးတော့ဘဲ (တားလို့ မရတော့ဘူးလေ၊ လွန်ကုန်ပြီကိုး။) လင်မယားအဖြစ် အသိ အမှတ်ပြု ဆက်ဆံပါတယ်။

သူတို့နှစ်ယောက် ညားပြီး သုံး-လေးနှစ်အတွင်းမှာ မီးယပ်ရောဂါကြောင့် ခြေထောက် တစ်ဖက် သိမ် သွားရာက စပြီးတော့ ကျန်းမာရေး ချို့တဲ့လာပါတယ်။ ဦးထွန်းယျှဟာ သူ့မယားကြီးကို စာနာ ထောက်ထားတဲ့ စိတ်နဲ့ ဆက်ဆံပေမဲ့ ကွယ်ရာမှာတော့ သူ စိတ်ကစားတဲ့အတိုင်း အငယ်အနှောင်းတွေ တစ်ယောက်ပြီး တစ်ယောက် ယူခဲ့ပါတယ်။ အင်မတန် စည်းကမ်းကြီးတဲ့ ကျွန်တော်တို့ အဘိုး ဦးအောင်ဒင်နဲ့တော့ ပြဒါး တစ်လမ်း သံတစ်လမ်းပါပဲ။

ဒေါ်ခင်သောင်း ကွယ်လွန်သွားတဲ့အခါမှာ အင်းစိန်က ဒေါ်စိန် ဆိုသူနဲ့ အိမ်ထောင်ကျပါတယ်။ ဒေါ်စိန်နဲ့ ကျမှ ဦးထွန်း ခြေငြိမ်သွားတယ်လို့ ပြောရမှာပါ။ ဘာကြောင့်လဲဆိုတော့ ဒေါ်စိန်က သူ့ယောက်ျား သွားလေရာ ထက်ကြပ်မကွာ လိုက်နေတဲ့အတွက်ကြောင့် ဦးထွန်းဟာ သူ ဝါသနာ ပါတဲ့ အရင်က အကျင့် တွေကို ထိမ်းချုပ်ထားဟန် တူပါတယ်။ ဒါပေမဲ့ ခဏပါ။

သူ မီးရထားဌာနက သက်ပြည့်ပင်စင် ယူပြီးတဲ့အခါမှာ ဘုတာကြီးနားမှာ ရှိတဲ့ "မီးရထား ရိပ်သာ" အဖျော်ယမကာ တာဝန်ယူရတဲ့ အလုပ်တစ်ခု ရပါတယ်။ အဲဒီ မီးရထား ရိပ်သာဟာ ဟိုစဥ်က သမ္မတ ရုပ်ရှင်ရုံနဲ့ မျက်စောင်းထိုးပါ။ စစ်အစိုးရ လက်ထက်မှာ ဆူးလေဘုရားလမ်း ချဲ့လိုက်တော့ အဲဒီ ရိပ်သာကို ဖျက်လိုက်ကြပါတယ်။

မီးရထား ရိပ်သာမှာ အဖျော်ယမကာ တာဝန်ယူရတော့ ရိပ်သာအတွက် ဘီလပ်ရည်၊ အရိုးရည် စတဲ့ လိုအပ်ချက်တွေ ရှိလာတဲ့အခါ ပိုလ်ချုပ်ဈေးထဲက အဖျော်ယမကာ လက္ကားဆိုင်တွေက ယူရပါတယ်။ (အဲဒီ အချိန်မှာ ဦးထွန်းက အရက် မသောက်တော့ပါဘူး။) အဲဒီ လက္ကားဆိုင် တာဝန်ခံကတော့ အသက် ၄၀ အရွယ် အပျိုကြီး တစ်ယောက် ဖြစ်ပါတယ်။ ဦးထွန်းရဲ့ ဗီဇ တစ်ခုကတော့ အမျိုးသမီး တစ်ယောက်နဲ့ ရင်းရင်းနှီးနှီး ဆက်ဆံရတိုင်း မပိုးဘဲ နေလို့ မရဘူး ဆိုတဲ့ အကျင့်ပါ။ ဒါနဲ့ သူတို့နှစ်ယောက် နီးစပ်သွားပြီ ဆိုပါတော့။ ကျွန်တော်တို့ ညီအစ်ကိုတစ်တွေ အဲဒီ ရိပ်သာကို ရောက်ဖူးပါတယ်။ အဲဒီအမျိုးသမီးကို တွေ့ခဲ့ဖူးပါတယ်။ ရုပ်ကတော့ ရွက်ကြမ်းရေကျိုလောက်ပဲ ရှိပါတယ်။

နောက်တော့ သူတို့ အချင်းချင်း မခွဲနိုင်မခွာရက် အဆင့်ထိ ရောက်သွားပါတယ်။ အမျိုးသမီးက စု ဆောင်းထားတဲ့ ငွေကြေး အနည်းငယ် ရှိဟန်တူပါတယ်။ သူနဲ့လည်း တရားဝင် အိမ်ထောင်တစ်ခု တည် ဆောက်ဖို့ ကြိုးစားပါတော့တယ်။

တိုတိုပြောရရင် မကြာမီမှာဘဲ ရွှေပြည်သာ မြို့နယ်ထဲက အိမ်တစ်လုံးကို ဝယ်ပြီး အတူတူ နေတဲ့ ဘဝ ရောက်သွားကြပါတယ်။ အဲဒီအချိန်မှာ ဦးထွန်းက မှုန်နေပါပြီ။ မယားကြီး ဒေါ်စိန်ကို အနောက် ရန်ကင်းက တိုက်ခန်းမှာ ပစ်ထားခဲ့ပြီး ရွှေပြည်သာက အမျိုးသမီးဆီမှာ ဘဝကို ပုံအပ်ထားတဲ့ သဘောပါပဲ။

ဒါပေမဲ့ သိပ်ကြာကြာ မနေလိုက်ရပါဘူး။ တစ်မနက်မှာတော့ အချိန် ကိုးနာရီလောက်မှာလို့ သိရပါ တယ်။ သူတို့အိမ်ရှေ့မှာ လာတဲ့ ဆွမ်းခံ ကိုယ်တော်ကို ဆွမ်းလောင်းပြီး ပြန်အလာ၊ ညှော်ခန်းက ပက်လက် ကုလားထိုင်မှာ ထိုင်ချလိုက်ရင်းနဲ့ ရုတ်တရက် အသက်ပါသွားပါတယ်။

အဲဒီ အမျိုးသမီးက ကျွန်တော့် ညီတော်မောင် ညိုနွဲ့ (ရုံးနာမည်ကိုတော့ ဦးထွန်းထိန်လို့ ပြောင်းထား ပါတယ်။) ကို တယ်လီဖုန်းဆက် အကြောင်းကြားတဲ့အခါ မောင်ညိုနွဲ့က ဝတ္တရားအရ အနောက် ရန်ကင်းက ဒေါ်စိန်ကိုလည်း တစ်ဆင့် အကြောင်းကြားရပါတယ်။

အဲဒီမှာ ဦးထွန်းရဲ့ အလောင်းကို မယား နှစ်ယောက် လုကြတဲ့အဆင့် ရောက်သွားတော့ မောင်ညိုနွဲ့ ကလည်း ဌာန ဆိုင်ရာတွေနဲ့ ညှိပြီး ဒေါ်စိန်ကို တရားဝင် သင်္ဂြိုဟ်ခွင့် ရအောင် လုပ်ပေးလိုက်ရပါသတဲ့။ ကျွန်တော်ကတော့ "အော်... ဦးထွန်းရယ်၊ သေတာတောင်မှ အရှုပ်တွေ ထားခဲ့တာပါလား" လို့ စိတ်ထဲက မှတ်ချက်ပြုမိပါတယ်။

## ဦးထွန်းနဲ့ ဗေဒင်ဆရာရဲ့ ဟောကိန်း

၁၉၈၅ ခုနှစ်လောက်မှာ ထင်ပါတယ်။ ဦးထွန်းနဲ့ မစိန်တို့က အနောက် ရန်ကင်းမှာ နေကြပါတယ်။ သီတင်း ကျွတ် ကာလမှာ ကျွန်တော်တို့ ညီအစ်ကိုတစ်တွေ ဦးထွန်းနဲ့ မစိန်ကို သွားပြီး ကန်တော့ကြပါတယ်။ အဲဒီမှာ ကျွန်တော့် မိသားစု၊ ညိုနွဲ့ မိသားစုအပြင် အိမ်ထောင် မကျကြသေးတဲ့ ကျွန်တော့်ညီ နံပါတ် ၁၂ နဲ့ ၁၃ လို့ ခေါ်ရတဲ့ ငကျော်နဲ့ ငဇော်တို့လည်း ပါပါတယ်။

အနောက် ရန်ကင်း တိုက်ခန်းလေးက ကျဉ်းတော့ ကျွန်တော်တို့လူတွေ ကလေးတွေနဲ့တင် ပြည့်လျှံ နေပါတယ်။ အဲဒီလို စည်ကားနေတဲ့အချိန်မှာ ဦးထွန်းက ထူးဆန်းတဲ့စကား ပြောပါတယ်။ "ငါ ငယ်ငယ်တုန်း က ရွာမှာ နေနေတုန်းမှာ ဗေဒင်ဆရာက ဟောဖူးတယ်၊ ငါ အသက် ၇၀ ကျော် အထိ နေရမယ်၊ သေတဲ့ အချိန်က ဘယ်အမျိုးတွေမှ မရှိတဲ့ နေရာမှာ" ဆိုပြီး ပြောပါတယ်။

အဲဒီတော့ ကျွန်တော်တို့က "ဦးထွန်း ဗေဒင်ဆရာကတော့ မှားသွားပြီ၊ ရန်ကုန်မှာပဲ ကျွန်တော်တို့ ညီအစ်ကို မောင်နှမတွေ အများကြီး ရောက်နေကြပြီ၊ ဘယ်လိုလုပ်ပြီး အမျိုး မရှိတဲ့ အရပ်မှာ သေရမှာလဲ" လို့ ဝိုင်းပြောကြပါတယ်။

ဦးထွန်း ဆုံးတော့ကျွန်တော် ထောင်ထဲမှာပါ။ လက်ရှိ ဇနီး မစိန်ကို ပစ်ထားပြီးနောက် ရွှေပြည်သာမှာ အတူတူ နေတဲ့ နောက်ဇနီးတွေရဲ့ ကိစ္စကို ကျွန်တော့်ညီ မောင်ညိုနွဲ့ကပဲ ဒိုင်ခံ ဖြေရှင်းရပါတယ်။ သူက နောက်မိန်းမ ယူပြီး မိန်းမနဲ့ ရွှေပြည်သာမှာ သွားနေတော့ သူ့အကြောင်းကို ညိုနွဲ့က လွဲပြီး ဘယ်သူမှ မသိ ပါဘူး။ ဒါ့ကြောင့် သူ တကယ် အသက်ထွက်သွားတဲ့အချိန်မှာ ဦးထွန်းနားမှာ ဘယ်အမျိုးမှ ရှိမနေတဲ့ အနေအထား ဆိုတော့ ရွာက ဗေဒင်ဆရာ ပြောတာ မှန်တယ်လို့ပဲ ပြောရတော့မှာပေါ့။

## စည်းကမ်းကြီးတဲ့ အဘိုး ဦးအောင်ဒင်

ကျွန်တော့် အဘိုး ဦးအောင်ဒင်ကတော့ ပြောစမှတ်ပြုရလောက်အောင် စည်းကမ်းကြီးပါတယ်။ သားသမီးတွေ အရွယ်ရောက်လာတာနဲ့ စည်းကမ်းတွေ မျိုးစုံ ချမှတ်ခဲ့တာပါ။ ဥပမာ သူ့သားသမီးတွေ အားလုံး အိမ်မှာ နေရင် ဝတ္ထုစာအုပ် မဖတ်ရ၊ သီချင်း မဆိုရ၊ လေမချွန်ရ၊ မယ်ဒလင် ဘင်ဂျိုတွေ အိမ်မှာ မရှိရ၊ စာဖတ်ချင်ရင် ကျောင်းစာနဲ့ ဘုရားစာအုပ်က လွဲလို့ ဘာမျှ မဖတ်ရ။ စတဲ့ စည်းကမ်းတွေပါပဲ။ (အပေါ်မှာလည်း ရေးပြခဲ့ဖူးပါပြီ။)

အခုခေတ် လူငယ်တွေရဲ့ အနေအထားနဲ့ နှိုင်းယှဉ်ရင် သူ ချမှတ်တဲ့ စည်းကမ်းတွေဟာ အတော့်ကို တရားလွန်တယ်လို့ ပြောရမှာပါ။ ကျွန်တော် အသက်ကြီးမှ ပြန်လည် သုံးသပ်ကြည့်တဲ့အခါ မြန်မာ ဆိုရိုးစကား တစ်ခုဖြစ်တဲ့ "တင်းလွန်းရင် ပြတ်" ဆိုတဲ့ စကားကို သွားသတိရတော့ တယ်မှန်ပါလားလို့ သဘောပေါက်ပါတယ်။

ဖခင်က အလွန် တင်းကြပ်တဲ့ စည်းကမ်းတွေ ချမှတ်ထားတော့ ဖနီးမယားဖြစ်တဲ့ ဒေါ်စောမြိုင်အပြင် သားသမီးတွေ အားလုံးကပါ မသိမသာကော၊ သိသိသာသာကော စည်းကမ်းတွေ မလိုက်နာတဲ့အပြင် ဖြောင်ဆန့်ကျင်တဲ့ အနေအထားထိ တွန်းပို့သလို ဖြစ်ခဲ့ပါတယ်။ ဒါ့ကြောင့် ရှင်တော်မြတ်ဘုရားရဲ့ အလယ် အလတ်နည်းဟာ နေရာတကာမှာ အသင့်တော်ဆုံးပဲလို့ ဆိုရမှာပါ။

## အဘွား ဒေါ်စောမြိုင်နဲ့ သမီးကြီး မခင်စု

ဦးအောင်ဒင်နဲ့ ဒေါ်စောမြိုင်တို့ရဲ့ သမီးကြီး မခင်စုဟာ လေးတန်းအောင်တာနဲ့ ကျောင်းထွက်ရပြီး အိမ်မှုကိစ္စတွေကို ပါဝင် လုပ်ကိုင်ရပါတော့တယ်။ ဒီကိစ္စမျိုးဟာ အဲဒီတုန်းကတည်းက ယနေ့ထိ တောရွာ အသီးသီး ကျောင်းသူ၊ ကျောင်းသားတွေ ကြုံတွေ့ရတဲ့ ပြဿနာပါ။ လေးတန်း အောင်တာနဲ့ အလယ်တန်း ဆက်တက်ဖို့ အခြေအနေ မပေးတော့တာကြောင့် မိရိုးဖလာ တောင်ယာ လုပ်ငန်း၊ ထန်းတက်၊ အမဲလိုက် စတဲ့ အလုပ်တွေ ထဲကို ရောက်သွားကြတာပါ။

မခင်စု အရွယ် ရောက်လာတော့ ဆည်ကုန်းက ကျောင်းဆရာလေး မောင်လှထွန်းနဲ့ တိတ်တဆိတ် ရည်းစား ဖြစ်ခဲ့ပါတယ်။ ဒါကို မိခင် ဒေါ်စောမြိုင်က သိတော့ သဘောမတူပါဘူး။ သူ သဘောတူတဲ့လူက ရွာကို မကြာ မကြာ လာတဲ့ ရဲတပ်ကြပ်ကြီး တစ်ယောက်ပါ။ အဲဒီခေတ်အခေါ် အရ အဲဒီ ရဲတပ်ကြပ်ကြီးဟာ ပြင်ပက လာဘ်ဝင်တာတွေ များတော့ ဝင်ငွေ များတယ်ပေ့ါ။ ဒါပေမဲ့ သူက ရွာကိုရောက်ရင် အသောက်အစားနဲ့ အပျော်အပါး လိုက်လေ့ရှိတဲ့အပြင် တခြားကိစ္စတွေနဲ့လည်း နာမည်ထွက်တဲ့သူပါ။ ဒါကို ဒေါ်စောမြိုင်က သဘောကျပါတယ်။ ဒါပေမဲ့ ဖခင် ဦးအောင်ဒင်က မကြိုက်ပါဘူး။ သူက စည်းကမ်းသမားကိုး။ ကျောင်းဆရာလေး မောင်လှထွန်းကိုတော့ သဘောကျပါတယ်။ ရုပ်ရည် ပြေပြစ်တဲ့အပြင် အကျင့်စာရိတ္တလည်း ကောင်းလို့ပါ။ ဒါပေမဲ့ မောင်လှထွန်း ဘင်ဂျိုတီးတာကိုတော့ မကြိုက်ဘူးတဲ့။

တကယ်တော့ မခင်စု လေးတန်းရောက်တဲ့နှစ်မှာ မောင်လှထွန်းက ကျောင်းဆရာ ဖြစ်စပါ။ အသက် ၂၀ ပေ့ါ။ မခင်စုက အပျိုဖော်ဝင်စ ၁၄ နှစ် သမီးပေ့ါ။ မောင်လှထွန်းကို ဖခင် ဦးအောင်ဒင်က သဘောတူပြီ ဆိုတာနဲ့ ဒေါ်စောမြိုင်က သမီးအပေါ် မကြည်တော့ပါဘူး။ အမြဲတမ်း အကြောင်းမရှိ အကြောင်းရှာပြီး အပြစ်တင်တယ်၊ ငြူစူပြီး စောင်းမြောင်း သရော်တာတွေ ဘာတွေ ရှိလာတော့ မခင်စုက စိတ်မချမ်းသာတော့ပါဘူး။



မိခင် ဒေါ်ခင်စု ကလေးဘဝ၊ အဘွား ဒေါ်စောမြိုင် (မတ်တပ်ရပ်လျက်) နဲ့ အစ်မ (ထိုင်လျက်)။

ဒါပေမဲ့ အမေဆိုတော့လည်း ပေါ်ပေါ်ထင်ထင် တော်လှန်လို့ မဖြစ်ဘူးလေ။ ဒါနဲ့ ဖခင် ဦးအောင်ဒင်ရဲ့ သဘောတူညီချက်အရ ကျောင်းဆရာ မောင်လှထွန်းရယ်၊ သူ့အဖေ အမေ ဖြစ်တဲ့ ဦးဖိုးသော့နဲ့ ဒေါ်ခင်ပုတို့ အပြင် မောင်လှထွန်းရဲ့ညီဦးအောင်ဘီလည်းပါလာပြီးမောင်လှထွန်းနဲ့မခင်စုတို့ရဲ့ တရားဝင် စေ့စပ်ပွဲအတွက် ဆည်ကုန်းရွာကနေ အလယ်ရွာကို ရောက်လာကြပါတယ်။ ဒီလို အဖြစ်မျိုးကို ကျွန်တော်တို့ ဒေသမှာ "နှုတ်ပြော၊ နှုတ်ဆို" လို့ ခေါ်ပါတယ်။

အိမ်ရှေ့ ဧည့်ခန်းမှာ လူကြီးတွေ အချင်းချင်း ပြောစရာရှိတာ ပြောဆိုပြီး စားဖွယ်သောက်ဖွယ်တွေနဲ့ ဧည့်ခံနေတဲ့ အချိန်မှာ မခင်စုဟာ သူ့အခန်းထဲကို ဝင်ပြီး သူ့ရဲ့ အသုံးအဆောင် အဝတ်အစားတွေ အားလုံး အိပ်ရာခင်း စောင် တစ်ခုနဲ့ ထုပ်ပိုးပြီး အိမ်ရှေ့ကို ယူလာပါတယ်။ လူကြီးဆုံရာရှေ့မှာ အဲဒီအထုပ်ကြီးကို ချပြီး "အဖေ သဘောတူရင် ကျွန်မ အခုပဲ လိုက်သွားပါတော့မယ်" လို့ ပြောချလိုက်ပါတယ်။

အဲဒီမှာ ဘယ်လို အကြိတ်အနယ်ဖြစ်တယ် ဆိုတာတော့ အသေးစိတ် မသိရပါဘူး။ နောက်ဆုံးတော့ မခင်စုဟာ ဦးဖိုးသော့ ဒေါ်ခင်ပုတို့ရဲ့ လှည်းနဲ့ ဆည်ကုန်းကို လိုက်သွားပါတော့တယ်။ မောင်လှထွန်း ရင်ထဲမှာ ဘယ်လောက် ကျေနပ်မလဲ ဆိုတာတော့ မခန့်မှန်းတတ်ပါဘူး။ ဒါ့ကြောင့်မို့လည်း ကျောင်းဆရာ မောင်လှထွန်းနဲ့ မခင်စုတို့ အကြောင်း ပါခဲ့ကြပြီး အကျိုးဆက်အဖြစ် ၁၉၄၁ ခု၊ ဒီဇင်ဘာလ ၂၄ ရက်မှာ ကျွန်တော့်ကို မီးရှူးသန့်စင်ခဲ့ပါတယ်။

## ကျွန်တော်နဲ့ လောင်းကစား

ကျွန်တော် လေးတန်း အောင်လို့ ငါးတန်းကို ရောက်တဲ့အခါ မိတ္ထီလာမြို့ပေါ်က အဘိုး၊ အဘွား အိမ်က တစ်ဆင့် ကျောင်းတက်ရပါတယ်။ အဲဒီမှာ အဘိုးရဲ့ စည်းကမ်းတွေနဲ့ တိုးတော့တာပါပဲ။ အဘ ဖိုးအောင်ဒင်က ဥပုသ်နေ့က လွဲရင် မိတ္ထီလာ ဈေးကြီးထဲမှာ အထည်အလိပ် မျိုးစုံ ရောင်းပါတယ်။

အဘက မနက် ကိုးနာရီလောက်မှာ ဈေးကို ထွက်သွားပြီ ဆိုတာနဲ့ အဘွား ဒေါ်စောမြိုင်က အိမ်နီးနားချင်းတွေခေါ်ပြီး ဖဲရိုက်တော့တာပါပဲ။ တစ်ခါတစ်လေတော့ "ကက်" ရိုက်လေ့ရှိပါတယ်။ ကျွန်တော့်ကို အမြဲတန်း ဖဲဝိုင်းရဲ့ အစောင့်သဘောမျိုးနဲ့ ခိုင်းထားတော့ အဘ ဈေးက ပြန်လာတဲ့ အခါတိုင်း ကျွန်တော်က အချက်ပြရပါတယ်။

အဲဒီအခါကျတော့ ဖဲဝိုင်းကို ရပ်၊ လူစု အမြန်ခွဲပြီး အဘွားက အိမ်အလုပ်တွေ ရှုပ်နေတဲ့ ပုံစံမျိုး ချိုးလေ့ရှိပါတယ်။ ကျွန်တော်က အဲဒီတာဝန်ကို ယူထားရာက "ကက်" ရိုက်နည်းတွေ၊ ဖဲရိုက်နည်းတွေ မျိုးစုံအောင် တတ်လာပါတော့တယ်။ ကင်းစောင့်ခအဖြစ် တစ်ခါတလေ တစ်မတ်၊ တစ်ခါတလေ ငါးမူး တစ်ကျပ် ရလေ့ရှိပါတယ်။ အဲဒီ ပိုက်ဆံတွေနဲ့ ရုပ်ရှင်တွေကို ဆက်တိုက် ကြည့်ဖြစ်ပါတော့တယ်။ အင်္ဂလိပ် ကောင်းဘွိုင်ကားတွေ၊ ကုလားကားတွေနဲ့ ဗမာကားတွေပေါ့။ ဗမာကား ဆိုရင်တော့ ရွှေဘ ပါရင် မလွတ်တမ်း ကြည့်ပါတယ်။

ဗမာရုပ်ရှင်မှာ ပထမဦးဆုံး အကယ်ဒမီ ပေးတဲ့နှစ်မှာ ဆုရသွားတဲ့ "မာလာရီ" ဇာတ်ကားလည်း ကြည့်ဖူးပါတယ်။ မင်းသား မင်းသမီးတွေက ကျော်ဝင်းနဲ့ တင်တင်မူ။ နောက်ပိုင်းမှာ ထင်ရှားလာတဲ့ အကယ်ဒမီ ဒေစီကျော်ဝင်းရဲ့ မိဘများ ဖြစ်ပါတယ်။

နောက်နှစ်တွေမှာ အကယ်ဒမီ ရတဲ့ "ချစ်သက်ဝေ" (ဇေယျ၊ ကြည်ကြည်ဌေး)၊ "ရတနာပုံ" (မောင်တင်မောင်၊ ကြည်ကြည်ဌေး၊ တင်တင်မူ)၊ "ဖိုးပြုံးချို" (ဖိုးပါကြီး၊ တင်တင်မူ) စတဲ့ ဇာတ်ကားတွေကို မှတ်မိ

နေပါတယ်။ အမြဲတမ်း ဘယ်အခါ ကြည့်ကြည့် မရိုးတဲ့ ခင်မောင်ရင်၊ ဘချစ်၊ မေမေဝင်းတို့ ပါတဲ့ "ဗိုလ်အောင်ဒင်" ကိုလည်း ကြည့်ဖူးခဲ့ပါတယ်။ နောက် ကျော်ဆွေနဲ့ မေသစ်တို့ ပါတဲ့ "သည်ဆောင်းဟေမန်" ဆိုတဲ့ ဇာတ်ကားကလည်း နာမည်ကြီးခဲ့ပါတယ်။ မေရီမြင့် တစ်ခေတ်ထလိုက်တုန်းကလည်း ကြည့်ဖြစ်ခဲ့ပါတယ်။ ထွန်းဝေကြီး ဇာတ်ပို့ မင်းသား ဘဝကနေ ခေါင်းဆောင် မင်းသား ဖြစ်လာတဲ့ "ဗိုလ်မြခင်" ဇာတ်ကားကိုလည်း လက်မလွှတ်ခဲ့ပါဘူး။

ဒီမိုကရေစီ အရေးတော်ပုံ စတင်တော့ ရွှေတိဂုံဘုရား အနောက်မုခ်မှာ ဒေါ်အောင်ဆန်းစုကြည်ကို ပြည်သူလူထုနဲ့ မိတ်ဆက်ပေးတဲ့ အခမ်းအနားမှာ မင်းသားကြီး ဦးထွန်းဝေဟာ အခမ်းအနားမှူး လုပ်ခဲ့ပါတယ်။ စစ်အစိုးရက အဲဒီလုပ်ရပ်ကို ကြီးမားတဲ့ ပြစ်ချက်လို့ ယူဆတယ် ထင်ပါရဲ့၊ သူ့ခမျာ ကွယ်လွန်တဲ့အထိ ရုပ်ရှင်ရိုက်ခွင့် အပိတ်ခံရတယ်လို့ ကြားမိပါတယ်။

ကုလားကားတွေလည်း မကြာ မကြာ ကြည့်ပါတယ်။ အဲဒီလို ကြည့်တဲ့အခါမှာ စကား နားလည်တဲ့ ကုလားတွေနဲ့ အတူ တွဲကြည့်ပါတယ်။ ရာ့ချ်ကပူးရဲ့ အာဝါရားတို့ ရှရီ-ဖိုးတွမ်တီး (ပုဒ်မ-၄၂၀) ဆိုတဲ့ ဇာတ်ကားတွေကို မှတ်မိရုံမက သူတို့ သီချင်းတွေတောင် ငယ်ငယ်က ဆိုနိုင်ခဲ့ပါသေးတယ်။ အာဝါရားဆိုတာက တေလေဂျပိုး ဆိုတဲ့ အဓိပ္ပာယ်ပေါက်ပြီး ရှရီ-ဖိုးတွမ်တီး ဆိုတာကတော့ အဓိပ္ပာယ်က လူလိမ်လူကောက်လို့ ဆိုလိုတာပါ။ ကိုလိုနီခေတ်က အိန္ဒိယနဲ့ မြန်မာနိုင်ငံတို့ဟာ ဥပဒေ တစ်မျိုးတည်းနဲ့ အုပ်ချုပ်တော့ ပုဒ်မတွေပါ တူနေတာပါ။ ကျွန်တော်တို့ ငယ်ငယ်က လူတစ်ယောက်ကို ဖိုးတွမ်တီးလို့ ဆိုလိုက်ရင် သူဟာ ဘာလည်းဆိုတာ သဘောပေါက်ကြသလိုပေ့ါ။ အခု နာမည်ကြီးနေတဲ့ ကရီနာ ကပူးလ် ဆိုရင် သူ့ရဲ့မြေးလို့ ပြောကြပါတယ်။ မှတ်မိတဲ့ မင်းသားတွေကတော့ ဒီလစ်ကူးမား၊ ဒေ့ဗ် အာနန်တို့ ဖြစ်ပြီး မင်းသမီးတွေကတော့ နာ့ဂ်ရစ်စ်တို့၊ မဒူဘာလားတို့ကို မှတ်မိပါတယ်။

အင်္ဂလိပ် ဇာတ်ကားကျတော့ ဘာသာစကား အခက်အခဲရှိပါတယ်။ အမူအယာတွေကို ကြည့်ပြီး ဇာတ်လမ်းကို မှန်းဆရတာပါ။ ဒါပေမယ့် Alan Ladd ပါတဲ့ "Shane" ဆိုတဲ့ ဇာတ်ကားကိုတော့ ကောင်းကောင်း နားလည်ပါတယ်။

နောက်နာမည်ကြီး မင်းသမီးတွေ ဖြစ်တဲ့ အယ်လစ်ဇဘက် တေလာ၊ ဆိုဖီယာ လော်ရင်း၊ မာရီလင်မွန်ရိုး၊ ဂရေ့စ် ကယ်လီ၊ ဂျီနာလိုလို ဘရစ်ဂျစ်ဒါ စတဲ့ မင်းသမီးတွေရဲ့ အလှအပတွေကိုလည်း ခံစားတတ်နေပါပြီ။ မင်းသားတွေကတော့ ကယ်ရီ ဂရန့်၊ ဂျိမ်း စတီးဝ့်၊ ဂျွန်ဝိန်းတို့ကိုလည်း မှတ်မိပါတယ်။ စစ်ကြီးပြီးခါစ ဆိုတော့ အော်ဒီ မာဖီရဲ့ To Hell and Back ကို ပြတော့ လူတွေ ကြိတ်ကြိတ်တိုးပေ့ါ။ နောက်ပိုင်းမှာ သူက ကောင်းဘွိုင်ကားတွေ ဖောချင်းသောချင်း ရိုက်လာတော့ နာမည်ကျသွားပါတယ်။

## ကျောင်း မရှိတော့ ကြွက်တွေထပြီ

အသွားက အဘိုး ထွက်သွားတာနဲ့ ဖဲဝိုင်းထောင်သလိုပဲ ဦးလေးတွေကလည်း ဖွက်ထားတဲ့ မယ်ဒလင်၊ ဘင်ဂျိုတွေ တူရိယာတွေ ထုတ်ပြီး သီချင်းတွေ ဆိုကြ၊ တီးကြနဲ့ မြိုင်နေပါတော့တယ်။ ကျွန်တော့် ဦးလေး နှစ်ယောက် (ဦးငြိမ်းမောင်နဲ့ ဦးသန်းမောင်) က ရုပ်တွေကလည်း ချော၊ အသံကလည်း ကောင်း၊ အပေါင်းအသင်းလည်း များတော့ သူတို့ရဲ့ မိတ်ဆွေ အသိုင်းအဝိုင်းက တော်တော်ကျယ်ပြန့်ပါတယ်။ ဖခင်ကြီးက စည်းကမ်းတင်းကြပ်ပေမဲ့လည်း သူ အိမ်မှာ မရှိတဲ့ အချိန်ဟာ လွတ်လပ်နေတော့ အိမ်မှာ မယ်ဒလင်သံ၊ ဂီတာတီးသံတွေ၊ သီချင်းသံတွေနဲ့ မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှပါတယ်။

သူတို့ ညီအစ်ကို နှစ်ယောက်ဟာ ဘယ်လောက်ထိ ကဲသလဲဆိုရင် ၁၉၅၂ ခုနှစ်က မိတ္ထီလာမှာ "ထိလာ မောင်မယ် ရွေးပွဲ" ရှိပါတယ်။ အဲဒီ ရွေးပွဲမှာ ကြားဖြတ် အစီအစဉ်အနေနဲ့ ထိုးဇာတ်ကလေးတွေ စီစဉ်ပါတယ်။ ထိုးဇာတ်တစ်ခုက ကိန္နရီ ကိန္နရာ ဇာတ်လမ်း ဖြစ်ပါတယ်။ အဲဒီ ထိုးဇာတ်မှာ ကိန္နရီမ နေရာမှာ ဦးသန်းက ဝင်ကပါတယ်။ ကိန္နရာ မြားမှန်တော့ ကိန္နရီမရဲ့ သစ္စာစကားကြောင့် သိကြားမင်းက ဝင်ကယ်တဲ့ အခန်းမှာ ဦးငြိမ်းက သိကြားမင်း အဖြစ် ပါဝင်ခဲ့ပါတယ်။ ကျွန်တော်က ပွဲကြည့် ပရိသတ်ထဲမှာ ရှိလို့ ကောင်းကောင်း မြင်နေရပါတယ်။

ထိလာမယ် ရွေးပွဲမှာ ဒုတိယ လမ်းမတော်က "မမြမူ" ရသွားပါတယ်။ နောက် တစ်နှစ် နှစ်နှစ် အတွင်းမှာ ထိလာမယ် ပထမ၊ ဒုတိယ၊ တတိယ စတဲ့ အမျိုးသမီးတွေဟာ တပ်က အရာရှိတွေနဲ့ အိမ်ထောင် ကျကုန်ကြပါတယ်။

မမြမူဆိုရင် ဗိုလ်ကြီး တင်စိန်နဲ့ အိမ်ထောင်ကျသွားပါတယ်။ ဗိုလ်ကြီ တင်စိန်ဆိုတာ နောင်မှာ ဗိုလ်ချုပ်အထိ ရာထူးတက်ပြီး နိုပေါနဲ့ အမေရိကန်ဆိုင်ရာ သံအမတ်ကြီးအဖြစ် တာဝန် ထမ်းဆောင်သွားပါတယ်။ သူတို့ရဲ့ သားတစ်ယောက်ဖြစ်တဲ့ ဒေါက်တာ နေစိုးမောင်ဟာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေရဲ့ သမီးတစ်ယောက်နဲ့ အိမ်ထောင်ကျပါတယ်။ တစ်လောက နာမည်ကြီးခဲ့တဲ့ နေရွှေသွေးအောင် (ခ) ဖိုးလပြည့်ဟာ သူတို့သားပေါ့။

## ကျောင်းသား သမဂ္ဂ ဥက္ကဋ္ဌ ဦးငြိမ်းမောင်

ဦးငြိမ်းမောင်ဟာ အထက (၁) မိတ္ထီလာ ကျောင်းသား သမဂ္ဂ ဥက္ကဋ္ဌအဖြစ် သုံး-လေးနှစ်လောက် တာဝန်ယူခဲ့ပါတယ်။ ဦးငြိမ်းမောင်ရော၊ ဦးသန်းမောင်ပါ ဉာဏ်ကောင်းကြသော်လည်း ၁၀ တန်းကို မအောင်မြင်ကြပါဘူး။

ကျွန်တော် လေးတန်းအောင်လို့ ငါးတန်းရောက်တဲ့အခါ ဦးသန်းက ရှစ်တန်းနဲ့ ဦးငြိမ်းက ၁၀ တန်းပါ။ မက်ထရစ်ပေါ့။ (အဲဒီခေတ်က ကိုးတန်း မရှိသေးပါ)။ ကျွန်တော်က ငါးတန်းကနေ ၁၀ တန်း ရောက်တဲ့အထိ ဦးငြိမ်းတို့၊ ဦးသန်းတို့ကလည်း ၁၀ တန်းမှာပါပဲ။ ကျွန်တော်ကလည်း ရှစ်တန်းအောင်လို့ ၁၀ တန်း ရောက်တဲ့အခါ အသက် ၁၅ နှစ် မပြည့်လို့ဆိုပြီး စာမေးပွဲ ဖြေလို့မရပါဘူး။ (ခုခေတ်တော့ အသက် မပြည့်လို့ ၁၀ တန်း မဖြေရဘူးဆိုတာ ရှိသေးလား မသိပါဘူး။) သူတို့လည်း ကျွန်တော်က ၁၀ တန်းထိအောင် မှီလာတဲ့အခါ ရှက်သွားကြတယ်နဲ့ တူပါတယ်။ ၁၀ တန်း စာမေးပွဲ အောင်တဲ့ အဆင့်ထိ ရောက်မလာကြတော့ပါဘူး။

ဦးသန်းကတော့ ၁၀ တန်း ဆက်မဖြေတော့ဘဲနဲ့ မန္တလေး ရောက်နေတဲ့ အကိုကြီး ဦးထွန်းယျ အိမ်မှာ သွားနေပါတယ်။ နောက်မကြာခင်မှာဘဲ မီးရထားမှာ အလုပ် ရပြီးတော့ မန္တလေးသူ မအေးသန်းနဲ့ အိမ်ထောင် ကျခဲ့ပါတယ်။

ဦးသန်းနဲ့ ဒေါ်အေးသန်းမှာ သားတစ်ယောက်၊ သမီးတစ်ယောက် ထွန်းကားပါတယ်။ သမီးကြီးကတော့ ဝင်းသန်းဦး၊ စီးပွားရေးနဲ့ ဘွဲ့ရပြီး ကိုယ်ပိုင် စီးပွားရေးနဲ့ မန္တလေးမှာပဲ နေပါတယ်။ အခုထိ အိမ်ထောင်မကျသေးပါဘူး။ အငယ်ကောင် အောင်ဇော်နိုင် (ခ) ဇော်ခါးကတော့ အင်ဂျင်နီယာနဲ့ ဘွဲ့ရပြီး City Mart မှာ အင်ဂျင်နီယာချုပ် ဖြစ်နေပါပြီ။

ဇော်ခါးဆိုတဲ့ နာမည်ကိုတော့ ကျွန်တော့်ညီ နံပါတ်ခြောက် မောင်တင်စိုးက ပေးထားတဲ့ နာမည်ပါ။ မောင်တင်စိုးက ၁၀ တန်းအောင်တော့ စစ်တက္ကသိုလ် မရောက်ခင် ဘူမိဗေဒ ပထမနှစ်ကို ဦးသန်း အိမ်မှာ

နေရင်း မန္တလေး တက္ကသိုလ်ကို တက်ပါတယ်။ မောင်ရဲမြင့်က မန္တလေး တက္ကသိုလ်မှာ ရူပဗေဒ အဓိကနဲ့ တက်နေတော့ ဦးသန်း အိမ်မှာ နေရပါတယ်။ အောင်ဇော်မိုင်နဲ့ လက်ပွန်းတတီး နေခဲ့ရတာပေါ့။

ဦးထွန်းဟာ မိန်းမတွေ အများကြီး ယူပြီးတော့ ကလေး တစ်ယောက်မှ မထွန်းကားပါဘူး။ ဦးငြိမ်းက တော့ ပေါက်ချောင်းသူ မအေးနဲ့ အိမ်ထောင်ကျပြီး ကလေး ခြောက်ယောက် ထွန်းကားပါတယ်။ သမီး တစ်ယောက် ကွယ်လွန်သွားပြီး ငါးယောက် ကျန်ပါသေးတယ်။ မိုးမိုးငြိမ်း၊ တိုးတိုးငြိမ်း၊ သွယ်သွယ်ငြိမ်းနဲ့ ချိုချိုငြိမ်း၊ ပြီးတော့ တစ်ဦးတည်းသောသား ခင်ဇော်ငြိမ်းတို့ ဖြစ်ပါတယ်။ သမီးတွေကတော့ မိတ္ထီလာမှာ အခြေချပြီး ခင်ဇော်ငြိမ်းက ကချင် ပြည်နယ်၊ ဝန်းသိုမှာ အိမ်ထောင်ကျပြီး စီးပွားရေး အခြေအနေ ကောင်းတယ်လို့ သိရပါတယ်။

## ဒေါ်တင်ညွှန့်နဲ့ မိသားစု

သူတို့ မိသားစုမှာ ကျွန်တော့အမေ ဒေါ်ခင်စုက အကြီးဆုံးပါ။ ဒေါ်ခင်စုအောက်က ဦးထွန်းယျ။ ဦးထွန်းယျ ပြီးမှ ဒေါ်တင်ညွှန့်ပါ။ ဒေါ်တင်ညွှန့်ကို ကျွန်တော်တို့က ဒွေးညွှန့်လို့ ခေါ်ပါတယ်။ သူ့အောက်ကမှ ဦးငြိမ်းမောင် နဲ့ ဦးသန်းမောင်။ ဒွေးညွှန့်ကို ရုပ်ချောပါတယ်လို့ ပတ်ဝန်းကျင်က ပြောကြပါတယ်။

၁၉၈၇ ခုနှစ်မှာ ကျွန်တော့်သား နှစ်ယောက်အပြင် အရွယ်ရောက်ပြီး ဖြစ်တဲ့ တူတွေနဲ့ ပေါင်းပြီး ရန်ကုန်မြို့ ချမ်းမြေ့ရိပ်သာမှာ အလှူပေးပါတယ်။ ဆွေမျိုးတွေ၊ မိတ်ဆွေတွေကိုလည်း ဖိတ်ရတာပေါ့။ အလှူကို လာတဲ့ ဧည့်သည်ထဲမှာ အရင်က စက်မှု ၁ ဒုဝန်ကြီး၊ အဲဒီတုန်းကတော့ ဥပဒေ အကျိုးဆောင် အဖွဲ့ဝင် ဦးမောင်အုန်းနဲ့ ဇနီး ဒေါ်ခင်စိုးသင်တို့ လာကြပါတယ်။ ဒေါ်ခင်စိုးသင်နဲ့ ဒွေးညွှန့်တို့ဟာ ရွယ်တူ ပေါက်ပါ။ မိတ္ထီလာ တစ်ရပ်ကွက်တည်း နေခဲ့ကြသူတွေပါ။ ရန်ကုန်မှာ နေကြပေမဲ့ လုံးဝ မတွေ့ဖြစ်ခဲ့ကြ ရာက ကျွန်တော့် အလှူမှာမှ ပြန်ဆုံကြတာပါ။

သူတို့ နှစ်ယောက်လုံးကလည်း ပြောလိုက်ကြတာ စကားကို ဖောင်လို့။ အဲဒီမှာ ဒေါ်ခင်စိုးသင် ပြောတဲ့ စကားကို ကျွန်တော်အခုထိ မှတ်မိနေဆဲပါပဲ။ သူပြောတာက "ငယ်ငယ်တုန်းက မတင်ညွှန့်က သိပ်ချောတာ၊ ဈေးကိုသွားရင် တို့အိမ်ရှေ့က ဖြတ်သွားတော့ မတင်ညွှန့် သွားပုံ လာပုံ လမ်းလျှောက်ပုံတွေကို အမြဲတမ်း လေးလေး ကြည့်ရတာ" ပါတဲ့။

အဲဒါကြောင့်မို့ ထင်ပါရဲ့ ဒွေးညွှန့်က ရုပ်ရည် ချောမောသော်လည်း ရည်းစားသနာ မရှိခဲ့ဖူးလို့ ထင်ပါတယ်။ လာပြီး စပ်ဟပ်တဲ့သူတွေ ရှိပေမဲ့ သူက ငြင်းလိုက်တယ်လို့ ကြားဖူးပါတယ်။ ဒါပေမဲ့ ဖူးစာ ဆုံချင်တော့လည်း ဖြောင့်ဖြောင့်တန်းတန်း မဖြစ်ဘဲ အကွေ့အဝိုက် အရှုပ်အယှက်လေးတွေနဲ့ ကြုံခဲ့ရပါတယ်။ အဓိက ဇာတ်ဆောင်ကတော့ အဘ ဦးအောင်ဒင် ဖြစ်ပါတယ်။ ဖြစ်ပုံက ဒီလိုပါ။

အဘ ဦးအောင်ဒင်ဟာ တစ်နှစ်မှာ တစ်ကြိမ် လနဲ့ချီပြီး ဥပုသ်စောင့်လေ့ ရှိပါတယ်။ အဲဒီနှစ်က အဘ ဦးအောင်ဒင်က ပုပ္ပါးတောင်ကို သွားပြီးတော့ ဥပုသ်ရက်ရှည် စောင့်မယ်ဆိုပြီး ထွက်သွားပါတယ်။ တစ်လခွဲ လောက် ကြာတော့ ပြန်လာပါတယ်။

## ပုပ္ပါး ဆရာရွှေ

အဘိုး ပုပ္ပါးက ပြန်လာတော့ သူနဲ့အတူ အသက် ၃၀ ခန့် ရှိတဲ့ လူငယ် တစ်ယောက် ပါလာပါတယ်။ ရုပ်ကတော့ ကြည်သန့်ပါ။ အသားဖြူဖြူ၊ မပိန်မဝါးနဲ့ အရပ်ကတော့ သာမန်ထက် အနည်းငယ် မြင့်ပါတယ်။ နာမည်

ကတော့ ကိုမောင်ရွှေ ဖြစ်ပါတယ်။ သူက မြစ်ဝကျွန်းပေါ် ဇာတိ ဖြစ်ပြီး ပညာ အရည်အချင်းကတော့ ရှစ်တန်းလောက်ပဲ ဖြစ်မှာပါ။ အဲဒီအချိန်တုန်းက သူဟာ တိုင်းရင်းဆေး ပညာကို စတင် လိုက်စားနေတယ်လို့ သိရပါတယ်။ ဒါကြောင့် သူ့ကိုယ်သူ ဆရာရွှေ၊ ပုပ္ပါး ဆရာရွှေလို့ ညွှန်းလေ့ ရှိပါတယ်။

အဘ ဦးအောင်ဒင် ပုပ္ပါးကို ဥပုသ်စောင့်သွားတော့ ဆရာရွှေကလည်း အဲဒီမှာ ဥပုသ်ရက်ရှည် စောင့်ရင်းနဲ့ ဆုံကြတာပါ။ ဇရပ် တစ်ခုတည်းမှာ တည်းရင်းနဲ့ ဥပုသ်စောင့် တရားထိုင်ပေါ့။ ရက်ရလာတာနဲ့ အမျှ ဆရာရွှေက အဘ ဦးအောင်ဒင်နဲ့ ရင်းနှီးလာပြီး အဘိုးရဲ့ စားရေးသောက်ရေး အပြင် ဝေယျာဝစ္စတွေကိုပါ တလေးတစား လုပ်ကိုင်ပေးပါသတဲ့။

လူကြီးတစ်ယောက်ကို တလေးတစားနဲ့ ပြုစုစောင့်ရှောက်တဲ့ ဆရာရွှေကို အဖိုးက သဘောကျသွားပါပြီ။ မိတ္ထီလာမှာ ကျန်ခဲ့တဲ့ သားနှစ်ယောက်ရဲ့ မြောက်ကြွ မြောက်ကြွ အမူအရာတွေနဲ့စာရင် အလွန် ကွာခြားလှတယ်ပေါ့။ သူ့သား နှစ်ယောက်ကတော့ ပြောမရ၊ ဆိုမရ၊ ပညာလည်း ကောင်းကောင်း မသင်။ သူတို့နဲ့စာရင် ဆရာရွှေက အင်မတန် သိမ်မွေ့တဲ့ လူငယ်လေး တစ်ယောက်လို့ မြင်လာပါပြီ။ ဦးအောင်ဒင်ရဲ့ အသိအမြင်မှာ ဆရာရွှေလေးဟာ ရတနာ သုံးပါးလည်း ကိုင်းရှိုင်းတယ်၊ လူကြီး မိဘတွေကို ရိုသေရမှန်း သိတယ်။ အိမ်က သားနှစ်ယောက်နဲ့တော့ ကွာပါ့လို့ မြင်မိပါတယ်။

ထုတ်ဖော် မပြောသော်လည်းဘဲ ကျွန်တော် သုံးသပ်ကြည့်တဲ့အခါမှာ မိတ္ထီလာမှာ ကျန်ခဲ့တဲ့ သမီးချော မတင်ညွှန့်နဲ့ အသင့်လျော်ဆုံး လူငယ်တစ်ယောက်လို့ အဘိုးက သတ်မှတ်လိုက်ဟန်တူပါတယ်။ ဒါကြောင့် ပုပ္ပါးက အပြန် သနားစရာကောင်းပြီး သိမ်မွေ့တဲ့ မောင်ရွှေလေးကို မိတ္ထီလာကို တစ်ခါတည်း ခေါ်လာတော့တာပါပဲ။

## အိုးချင်းထား အိုးချင်းထိ

ပြီးတော့ အိမ်မှာ တည်းခိုးတယ်၊ အိမ်သား တစ်ယောက်လို အနေအထား ဖြစ်သွားတာပေါ့။ တိုက်ဆိုင်ချင်တော့ အဘွား ဒေါ် စောမြိုင်(ကျွန်တော်တို့အခေါ် အမေစော) က အသေးစား လေဖြတ်တဲ့ ရောဂါ ခံစားနေရပါတယ်။ အဲဒီမှာ ဆရာရွှေက ဆေးကုသလိုလို လုပ်နေရင်းနဲ့ ရက်ရှည်လများ နေဖြစ်ပါတော့တယ်။ ဦးလေး နှစ်ယောက်ကတော့ လုံးဝ မကြည်ဖြူပါဘူး။ ဒါပေမဲ့ အဖေ့ ဩဇာသည် ဆိုတော့လည်း ပေါ်ပေါ်ထင်ထင် ကန့်ကွက်လို့ မဖြစ်ဘူး။ ဒီလို အနေအထားတွေက တွန်းပို့တဲ့ အတွက်ကြောင့် ဆရာရွှေနဲ့ ဒွေးညွှန့်တို့ဟာ နီးစပ်သွားပါလေရော။

သူတို့ အစ်မနဲ့ အဆင်ပြေနေတဲ့ ဆရာရွှေကို ဦးလေးတွေက ဘယ်ကြည်ပါ့မလဲ။ ဒါကြောင့် ဆရာရွှေက ဗေဒင် တွက်သလိုလို လုပ်ပြီးတော့ လက်ရှိအိမ်က အရပ် မတည့်ဘူး၊ အနောက်တောင် အရပ်က နေရာကို ပြောင်းသင့်တယ်လို့ ဆိုပါလေရော။ အဲဒီ အနောက်တောင် အရပ် ဆိုတာက ကျွန်တော်တို့ နေနေတဲ့ ပေါက်ချောင်း ကွက်သစ် ရပ်ကွက်ပဲပေါ့။

ဒါနဲ့ အမေစောရယ်၊ ဒွေးညွှန့်ရယ်၊ ဆရာရွှေရယ် ကျွန်တော်တို့ အိမ်ကို ရောက်လာကြပါတော့တယ်။ ရက် ကြာလာတာနဲ့အမျှ အမေစောရဲ့ ရောဂါကို ကုပေးတာထက် သူတို့နှစ်ဦးရဲ့ ရင်းနှီးမှုက ပိုပြီး ထင်ရှားလာပါတယ်။ ဒီအနေအထားကြောင့် အဖေရော၊ အမေရောက လက်မခံတော့ဘဲ မူလနေရာကို ပြန်သွားခိုင်းပါတယ်။

## နိုးရာလိုက်သွားပြီ

သူတို့အားလုံး ကိုယ့်အိမ်ရှိရာ အရှေ့ပြင် ရပ်ကွက်ကို ပြန်ရောက်တဲ့အခါ ဦးလေးတွေက တစ်ဖက်၊ အဘိုးနဲ့ အဘွားက တစ်ဖက်၊ ဒွေးညွန့်နဲ့ ဆရာရွှေက တစ်ဖက် ပြဿနာက ပိုပြီး ကြီးထွားလာပါတယ်။ ပြဿနာကို ဘယ်လိုမှ ဖြေရှင်းလို့ မရတဲ့အခါမှာ ဆရာရွှေက ဒွေးညွန့်ကို နိုးပြေးပါတော့တယ်။

ဘယ်ကို နိုးပြေးသလဲဆိုတော့ ဆရာအတတ်သင်သိပ္ပံနဲ့ မျက်စောင်းထိုး ဦးတင့်၊ ဒေါ်အေးစိန်တို့ရဲ့ ဝါးစက်ဝင်းထဲကို နိုးသွားတာပါ။ ဦးတင့်၊ ဒေါ်အေးစိန်တို့ရဲ့သား ကိုခင်မောင်နဲ့ ဆရာရွှေတို့ဟာ အဲ့ပြဲစရာ ကောင်းလောက်အောင် ရက်တိုတိုနဲ့ မိတ်ဆွေအရင်းအချာ ဖြစ်ခဲ့ပါတယ်။ ဘယ်လို ဘဝ ဘဝက ရေစက်လည်း မပြောတတ်ပါဘူး။

ဒါ့ကြောင့် ဆရာရွှေက ဒွေးညွန့်ကို နိုးပြေးတဲ့ ဇာတ်လမ်းမှာ ကိုခင်မောင်က အခရာ ကျတာပေါ့။ သူတို့ ခြံဝင်းကြီးက သုံးဧကလောက် ရှိမယ် ထင်ပါတယ်။ အဲဒီအထဲမှာ ကိုခင်မောင် တစ်ယောက်တည်း နေဖို့ သီးသန့် အိမ်လေးတစ်လုံး ရှိပါတယ်။

တကယ်တော့ ဦးတင့်နဲ့ ဒေါ်အေးစိန်တို့ဟာ အလယ်ရွာ ဇာတိပါ။ အဘိုး ဦးအောင်ဒင်နဲ့ အဘွား အမေစောတို့ကို အမျိုးစပ်ရင် အဘက်ဘက်က လှည့်တော်နေတာပါ။ ကိုခင်မောင်နဲ့ ဦးငြိမ်း၊ ဦးသန်းတို့ဟာ ညီအစ်ကို နစ်ဝမ်းကွဲလောက် တော်ပါတယ်။ ဆရာရွှေက ဒွေးညွန့်ကို နိုးပြီး ဦးတင့်ရဲ့ ဝါးစက်ထဲမှာ ပုန်းနေတဲ့ သတင်း အမျိုးတွေ အားလုံး သိနေပါပြီ။

အဲဒီနေ့ မနက် ၁၀ နာရီလောက်မှာ ဦးငြိမ်းက ပေါက်ချောင်း ကွက်သစ်အိမ်ကို စက်ဘီးနဲ့ ရောက်လာပြီး "ဝင်းထိန် ခဏ လိုက်ခဲ့" ဆိုပြီး ခေါ်လို့ ကျွန်တော် ဦးငြိမ်း စက်ဘီးနဲ့အတူ လိုက်သွားပါတယ်။ ဦးတင့်တို့ရဲ့ ဝါးစက်ဝင်းကိုပါ။ ကျွန်တော်တို့ ဝါးစက်ဝင်းထဲကို ရောက်တော့ ကိုခင်မောင်ရဲ့ အိမ်လေးကို သွားကြပါတယ်။ အိမ်က တံခါးတွေ ပိတ်ထားပါတယ်။ ဒါနဲ့ ဦးငြိမ်းက စက်ဘီးပေါ်က ဆင်းပြီး "မတင်ညွန့် ထွက်ခဲ့ အိမ်ပြန်မယ်" ဆိုပြီး အော်ခေါ်ပါတယ်။ အိမ်ထဲကဘာသံမှ မကြားရပါဘူး။

ဦးငြိမ်းက တကျော်ကျော် ခေါ်ရင်းနဲ့ ဝိုချလိုက်ပါလေရော။ "ဟီး ဟီး မတင်ညွန့် ထွက်ခဲ့၊ မတင်ညွန့် ထွက်ခဲ့" အော်နေပါတယ်။ ပြီးတော့ ပြောသေးတယ်။ " ထွက်ခဲ့နော်၊ ထွက်ခဲ့၊ ငါ့မှာ ခြောက်လုံးပြူး ပါတယ်၊ ပစ်ထည့်လိုက်မယ်" လို့လည်း ခြိမ်းခြောက်ပါသေးတယ်။ ကျွန်တော်ကတော့ ဘေးမှာ အူကြောင်ကြောင်နဲ့ ဘာလုပ်ရမယ် မသိဘဲ ရပ်နေမိပါတယ်။

နာရီဝက်လောက် ကြာတော့ ဦးငြိမ်းလည်း ဝိုရတာ မောသွားပြီနဲ့တူပါရဲ့။ ရုတ်တရက် မတ်တတ် ရပ်လိုက်ပြီး "ကဲ၊ ပြန်မယ်" ဆိုလို့ ကျွန်တော်တို့ နှစ်ယောက် ပြန်ထွက်လာပါတော့တယ်။ ဒါနဲ့ပဲ ဇာတ်လမ်းက ပြီးသွားပြီဆိုပါတော့။

ဦးငြိမ်းရဲ့ လွယ်အိတ်ထဲမှာ ခြောက်လုံးပြူး ပါတာ ကျွန်တော် သိပါတယ်။ ဘယ်သူ့ ဆီက ငှားထားတာလည်း၊ ဒါမှမဟုတ် တိတ်တိတ် ဝယ်ထားတဲ့ လက်နက်ပုန်းများလား ကျွန်တော် မသိပါ။ အဲ့ချိန်ရပ်မှာ ကျွန်တော်က ကလေးသာသာ အရွယ်ဆိုတော့ ဘာခံစားရမှန်းမသိဘဲ အူကြောင်ကြောင် ဖြစ်ခဲ့ရပါတယ်။

## သေတပန်သက်တစ်ဆုံး ပေါင်းသွားကြတယ်

ဆရာရွှေနဲ့ ဒွေးညွန့်တို့ဟာ သေတပန်သက်တစ်ဆုံး ပေါင်းသွားကြပါတယ်။ အခုတော့ မရှိရှာကြတော့ပါဘူး။ ဒွေးညွန့်က အင်းစိန်ဈေးထဲမှာ အထည်အလိပ် ရောင်းပါတယ်။ ဆရာရွှေကတော့ တိုင်းရင်းဆေးဆရာအဖြစ်နဲ့ အသက်မွေးပါတယ်။ သူ ထုတ်တဲ့ သွေးဆေးတစ်မျိုးဟာ အတော်ရောင်းရပါတယ်။

ထူးခြားတာက သူဟာ လမ်းစဉ် ပါတီဝင်အဖြစ် အစောကြီးကတည်းက ဝင်ထားတော့ အင်းစိန်မြို့နယ် ကောင်စီဝင်အဖြစ်နဲ့ ၁၉၈၂ ခုနှစ်လောက်ကတည်းက ဖြစ်ခဲ့တာပါ။ သူက လူမှုရေး ကောင်စီဝင်တဲ့။ မြို့နယ် လူမှုရေး ကိစ္စတွေ အစည်းအဝေးလုပ်ရတော့ သူက ဥက္ကဋ္ဌ၊ အစည်းအဝေး တက်လာကြတဲ့ ကျောင်းအုပ်ကြီးတွေက B.A.၊ B.Sc. ဘွဲ့တွေနဲ့၊ ကျန်းမာရေး ကိစ္စနဲ့ ရောက်လာကြတဲ့ ဆရာဝန်ကြီးတွေက M.B.B.S. တွေ၊ သူကတော့ ရှစ်တန်းပဲ အောင်တာပါ။ လမ်းစဉ် ပါတီခေတ်က ဖောက်ထိုးပုံရိပ်တွေပေါ့။ ၁၉၈၈ ခုနှစ်ကျမှ ရာထူး လက်လွတ် ဖြစ်သွားခဲ့ရတာပါ။

တခြား ထူးခြားတဲ့ တိုက်ဆိုင်မှု တစ်ခု ရှိပါတယ်။ ဒါက ဘာလည်းဆိုတော့ ဆရာရွှေက အင်းစိန် မြို့နယ် ကောင်စီဝင်ဖြစ်သလို ဦးသန်းကလည်း မန္တလေးက မြို့နယ် တစ်ခုရဲ့ ကောင်စီဝင်ပါ။ ဦးငြိမ်းကတော့ လမ်းစဉ် ပါတီ အစိုးရ စတင် ပေါ်ပေါက်တဲ့ အချိန်မှာ မိတ္ထီလာ မြို့နယ် ကောင်စီဝင်အဖြစ် ၁၉၈၈ ခုနှစ်ထိ ရာထူးမှာ မြဲနေခဲ့ပါတယ်။ ဒီတိုက်ဆိုင်မှုဟာ သာမန်ပဲလား၊ သို့တည်းမဟုတ် ဦးအောင်ဒင်၊ ဒေါ်စောမြင့်တို့က ပေါက်ဖွား လာတဲ့ သားသမီးတွေရဲ့ တူညီတဲ့ ဘဝ အကျိုးပေးတွေလား မသိနိုင်တော့ပါဘူး။

## အဘိုးနဲ့ အဘွားက ကုန်သည်တွေပါ

အဘ ဦးအောင်ဒင်နဲ့ အမေစောတို့ဟာ မူလက အလယ်ရွာမှာ နေကြတာပါ။ အဘက ကုန်ရောင်း၊ ကုန်ဝယ် လုပ်သလို ရွာနီး ပတ်ဝန်းကျင်က လယ်တွေကိုလည်း သီးစားချတဲ့ လုပ်ငန်းတွေ ရှိတော့ တော်တော် ချောင်လည်ပါတယ်။ ကျွန်တော် ၁၀ နှစ်သားလောက်မှာ အဘ ဖိုးအောင်ဒင်တို့ အိမ်တစ်လုံးတည်း ကွက်ပြီး မီးလောင်ခဲ့ပါတယ်။ မီးလောင်ပြီး နောက်ပိုင်းမှာတော့ မိတ္ထီလာကို ပြောင်းသွားပြီး အရှေ့ပြင်ရပ်မှာ အခြေချ ပါတယ်။

အမေစောကတော့ အထက်မှာ ပြောခဲ့သလို လေဖြတ်တဲ့ ရောဂါကြောင့် ကျွန်တော့် အသက် ၁၄ နှစ်လောက်မှာ ကွယ်လွန်ခဲ့ပါတယ်။ အဘ ဖိုးအောင်ဒင်ကတော့ မိတ္ထီလာမှာပဲ ကုန်သည်အနေနဲ့ လုပ်ကိုင်ရင်း နဲ့ ဒွေးညွန့်၊ ဦးငြိမ်းနဲ့ ဦးသန်းတို့ အိမ်ထောင်တွေ ကျပြီး မိသားစု သတ်သတ်စီ ဖြစ်လာတဲ့အခါ သာသနာ့ ဘောင်သို့ အပြီးတိုင် ဝင်ရောက်သွားပါတော့တယ်။ ဦးဖင်းဝတ်နဲ့ပဲ သက်တော် ၈၀ ကျော်လောက်မှာ ပျံလွန် တော်မူသွားပါတယ်။

## အလယ်ရွာရဲ့ ဆူးလေကုန်း ဘုရားပွဲ

အလယ်ရွာရဲ့ အနောက်မြောက် ကိုက် ၂၀၀၀ လောက် အကွာမှာ ဆူးလေကုန်းဆိုတဲ့ နေရာတစ်ခု ရှိပါတယ်။ ဆူးလေကုန်းမှာ ကျွန်တော်တို့ရဲ့ ရှေးဘိုးဘွားဘီဘင်တွေ တည်ခဲ့တဲ့ ဘုရားတွေ အများကြီး ရှိပါတယ်။ အဲဒီ ဘုရားတွေ အကြောင်းပြုပြီး နှစ်စဉ် ကဆုန်လပြည့်နေ့တိုင်းမှာ ဘုရားပွဲ ကျင်းပပါတယ်။ ကျွန်တော် ငယ်စဉ် ကတည်းက အဲဒီ ဘုရားပွဲကို ကြုံခဲ့ဖူးပါတယ်။ အဲဒီ ဘုရားပွဲနေ့ ဆိုရင် အလယ်ရွာနဲ့ ရွာနီးချုပ်စပ်က လူတွေ

ပါကြပါတယ်။ နောက်တစ်ခု ထူးခြားတာက အဲဒီဘုရားပွဲနေ့ ဆိုရင် ရပ်ဝေးကို ရောက်နေတဲ့ ရွာသူရွာသားတွေ ကပါ တခုတ်တရ ပြန်လာကြတယ်။ ဘုရားပွဲမှာ ပါဝင် ဆင်နွှဲကြပါတယ်။

ကျွန်တော် လွှတ်တော် ကိုယ်စားလှယ်ဖြစ်တော့ မရောက်တာ ကြာပြီဖြစ်တဲ့ ဆူးလေကုန်း ဘုရားပွဲကို သွားလိုက်ပါသေးတယ်။ တော်တော် စည်ကားပါတယ်။ ထူးခြားချက် တစ်ခုကတော့ အနယ်နယ် အရပ်ရပ်ကို သွားပြီး အခြေချနေတဲ့ အလယ်ရွာ ဇာတိတွေဟာ ကိုယ်ပိုင်ကားတွေနဲ့ လာပြီး ဘုရားပွဲကို ဆင်နွှဲကြတာပါ။ ကားတွေထဲမှာ လိုက်ထရပ်လို့ ခေါ်တဲ့ ကားတွေကတော့ အောတိုက်ပေါ့။ ပါဂျဲရို၊ လင့်ခရူဇာလို ကားတွေနဲ့ လည်း လာကြတဲ့သူတွေ ရှိပါတယ်။ အဲလိုကားမျိုးတွေ မြင်တော့မှ "အလယ်ရွာသားတွေ တယ်ကြီးပွားနေ ကြပါလား" လို့ စိတ်ထဲမှာ အောင့်မေ့မိပါတယ်။

အဲဒီ ဘုရားပွဲမှာ ရွာအနီးနားမှာ ရှိတဲ့ ဘုန်းကြီးကျောင်းတွေက သံဃာအကုန် ဖိတ်ပြီး ဆွမ်းနဲ့ ဆွမ်းဟင်း လောင်းတာက တစ်မျိုး၊ သံဃာတော်တွေနဲ့ အပ်စပ်တဲ့ ထီး၊ ဖိနပ်၊ ဘလိပ်ဓား စတဲ့ ပစ္စည်းတွေကို လှူတာ တစ်မျိုးနဲ့ အတော့်ကို စည်ကားပါတယ်။ နောက်ပြီး မတွေ့မမြင်ရတာ ကြာပြီဖြစ်တဲ့ ဆွေမျိုးတွေ ပြန်ဆုံလာတဲ့ အတွက်ကြောင့် အချင်းချင်း အပြန်အလှန် တွေ့ကြ၊ စကားတွေ ဖောင်ဖွဲ့အောင် ပြောကြနဲ့ အလွန် ပျော်စရာ ကောင်းပြီး လူမှုရေး လက္ခဏာဆောင်တဲ့ ဖြစ်ရပ်တစ်ခုပါ။

အလယ်ရွာက လူတွေဟာ ဆူးလေကုန်း ဘုရားပွဲကို အလွန့်ကို အားစိုက်ကြပါတယ်။ မဖြစ်ဖြစ်အောင် လာနိုင်ဖို့ ကြိုးစားကြပါတယ်။ ဘုရားပွဲဖြစ်သလို ပျော်ပွဲ၊ ရွှင်ပွဲလည်း ပါပါတယ်။ ကျွန်တော် သွားတဲ့နှစ် ၂၀၁၃ က မိတ္ထီလာမြို့ပေါ်က နာမည်ကြီး တီးဝိုင်းတစ်ခု ငှားပြီး ဖျော်ဖြေရေး လုပ်စေပါတယ်။ အချို့နှစ်တွေမှာတော့ အငြိမ့် ငှားကြပါတယ်။ (ဒီဘုရားပွဲမှာ လာကတဲ့ အငြိမ့်ပွဲရဲ့ မင်းသမီး ရန်ကုန်သောင်းနဲ့ ကျွန်တော့် ဦးလေး ဦးထွန်းယုတို့ ရေစက်ဆုံသွားကြတာလေ)။ ကျွန်တော်တို့ ငယ်ငယ်တုန်းကတော့ "ရွှေဘို တင်မောင်၊ ချစ်သေး အဖွဲ့" ကို နှစ်စဉ် ငှားပါတယ်။

## ရဲဘော်ဖြူခေတ်

အဲဒီ ဘုရားပွဲကို ကျွန်တော်တို့ တစ်မိသားစုလုံးကလည်း နွားလှည်းနဲ့ သွားလေ့ရှိပါတယ်။ ၁၉၅၀ ခုနှစ်လောက် ဖြစ်မှာပါ။ ထိုစဉ်က မိတ္ထီလာ နယ်ဘက်တွေမှာ ရဲဘော်ဖြူတွေ လွှမ်းမိုးတဲ့ ကာလပါ။ ရွှေဘို တင်မောင် ချစ်သေးအဖွဲ့ ကတော့ ည ခုနစ်နာရီ ကျော်ကျော်လောက် ဖြစ်မှာပါ။ လျှပ်စစ်မီး မရှိတော့ အောက်လင်း ဓာတ်မီးတွေ ထွန်းထားရပါတယ်။ ပွဲစဖို့ ဆိုင်းအဖွဲ့က အသံပေးနေပါပြီ။ အဲဒီအချိန်မှာ ရဲဘော်ဖြူတစ်ယောက် ဇာတ်စင်ပေါ် တက်လာပါတယ်။ အရက်မူးနေဟန် တူပါတယ်။ ယိုင်ထိုးယိုင်ထိုးနဲ့ မိန့်ခွန်းခြွေပါတယ်။

"သူတို့က ဦးနု အစိုးရကို မကြိုက်လို့ တောခိုနေရကြောင်း၊ ငြိမ်းချမ်းရေးကို လိုလားပါကြောင်း၊ ဒါ့ကြောင့် ပြည်သူလူထုက အစွမ်းကုန် ကူညီကြရန် လိုကြောင်း" စတဲ့ စကားတွေ ပြောပြီး ပွဲကြည့် ပရိသတ် ထဲကို စတင်းဂန်းနဲ့ တစ်ချက် မွှေလိုက်ပါတယ်။

အဲဒီလို ပစ်ပြီးတဲ့အခါမှာ သူ့ရဲ့ အရာရှိနဲ့ တူပါတယ်၊ ဇာတ်စင်ပေါ် ခုန်တက်လာပြီး သူ့ကို လက်သီးနဲ့ ထိုးလည်း ထိုး၊ လည်ဂုတ်ကလည်း ဆွဲပြီး ခေါ် သွားပါတယ်။ သူ အဲဒီလို ပစ်လိုက်လို့ ပွဲခင်းထဲက နှစ်ယောက် သေတယ်၊ တစ်ယောက် ဒဏ်ရာ ရပါတယ်။ အဲဒီ ဒဏ်ရာရတဲ့သူက မိန်းကလေးပါ။ ကျွန်တော်နဲ့ မောင်နမ နှစ်ဝမ်းကွဲ တော်ပါတယ်။ ညတွင်းချင်း မိတ္ထီလာမြို့ပေါ်က ဆေးရုံကို ပို့လိုက်ရပါတယ်။

နောက်မကြာမီမှာ ရဲဘော်ဖြူတွေ လက်နက်ချသွားလို့ ပြန်ပြီး အေးချမ်းသွားပါတယ်။ ကျွန်တော်တို့ ဒေသဟာ အဲဒီအချိန်က စပြီး အခုချိန်ထိ လူတွေဟာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နေကြရပါတယ်။ အဲဒီလောက် နယ်မြေ ဆိုးဝါးနေတဲ့ကြားက အလယ်ရွာ ဇာတိသားတွေဟာ ဆူးလေကုန်း ပွဲတော်ရက်ဆိုရင် ရွာကို ပြန်လာ ရမယ် ဆိုတဲ့ အစွဲ ရှိကြပါတယ်။

## ငယ်ဘဝ

ကျွန်တော် ငယ်ငယ်ကတည်းက အညာဓလေ့အတိုင်း ယောင်ပေစူး ဆံပင်နဲ့ ဖြစ်ပါတယ်။ ကျွန်တော့်ညီ ညီမနဲ့ လည်း အလားတူပါပဲ။ အဲဒီ ယောင်ပေစူးတွေဟာ ကျွန်တော် လေးတန်း အောင်တဲ့နှစ်၊ ကိုရင် ဝတ်တဲ့ အချိန်ကျမှ ပြုတ်သွားကြတာပါ။

ငယ်ငယ်တုန်းက ရေချိုး၊ ခေါင်းလျှော်ပြီးတိုင်း အုန်းဆီ လိမ်းပြီး ဆံထုံး ထုံးရတာက အလုပ်တစ်ခုပါ။ ပြောပြီးဖြစ်တဲ့အတိုင်း ရွာက ရေရှားတော့ နေ့တိုင်း ရေမချိုးဖြစ်ပါဘူး။ နှစ်ရက် သုံးရက် တစ်ခါမှ ရွာအပြင်က ရေတွင်းမှာ သွားရေချိုးရပါတယ်။ ဒါ့ကြောင့် ရံဖန်ရံခါ ဆိုသလို ခေါင်းမှာရော၊ အဝတ်အစားတွေမှာပါ သန်းကြီးမတွေ တွယ်တာ ကြုံခဲ့ဖူးပါတယ်။ သန်းတွေ များလာပြီဆိုရင် အမေက ရေထဲမှာ သဲဆပ်ပြာတွေ ထည့်၊ အပူပေးပြီး အဝတ်တွေ စိမ်လေ့ရှိပါတယ်။

ကျွန်တော် ငယ်ငယ်က ခေါင်းကြီးပါသတဲ့။ အမေ ပြောလို့ သိရတာပါ။ လေးဖက်ထောက် သွားနိုင်တဲ့ အရွယ်မှာ ခေါင်းကို မနိုင်လို့ ခဏ ခဏ ခေါင်းနဲ့ ကြမ်းနဲ့ ရိုက်မိလို့ ငိုရပါသတဲ့။ ဒါနဲ့ပဲ အမေက အဖေ့ လုံချည် အစုတ် ရှာပြီး အနေတော် ဖြတ်ပါတယ်။ အဲဒီ အစကို အထပ်ထပ် ခေါက်ပြီး နဖူးမှာ ပတ်လိုက်ပါတယ်။ နောက်စေ့လောက်မှာ တွယ်ချိတ်နဲ့ ချိတ်ထားလိုက်တဲ့အခါမှာ လေးဘက်သွားတဲ့အခါ ခေါင်းကို မနိုင်လို့ ကြမ်းနဲ့ ခေါင်းနဲ့ ဆောင့်ရင် ပြဿနာ မဖြစ်တော့ပါဘူးတဲ့။

ကျွန်တော် တပ်ထဲ ရောက်ခါစတုန်းက ဦးထုပ်ဆိုဒ် ရွေးတဲ့ အခါမှာလည်း ဂရုစိုက်ရပါတယ်။ သာမန် ခေါင်း အရွယ်ထင်ပြီး နံပါတ် ခြောက်ခွဲတို့၊ ခြောက် လေးပိုင်း သုံးပိုင်းတို့ဆိုရင် ကျွန်တော်နဲ့ မတော်ပါဘူး။ ဆိုဒ် ခုနစ် ဆိုရင်တောင် မတော်ချင်ပါဘူး။ ခုနစ်ခွဲလောက်မှ အနေတော်ပါ။

ကျွန်တော်ဟာ လေးတန်း အောင်တဲ့အထိ ရွာမှာ နေခဲ့ပါတယ်။ ၁၁ နှစ်သား အထိ ဆိုပါတော့။ လေးတန်း အောင်ပြီးတော့မှ မြို့ပေါ်မှာရှိတဲ့ အဘိုး အဘွားအိမ်မှာ နေပြီး အလယ်တန်း ပညာတွေ သင်ရ တာပါ။ ဇွန်လ ကျောင်းဖွင့်တဲ့ အချိန်ကစပြီးတော့ အောက်တိုဘာ နှစ်ဝက် အစမ်းစာမေးပွဲအထိ မြို့ပေါ်မှာနေ၊ ကျောင်းပိတ်တဲ့အခါမှ ရွာပြန်။ ကျောင်းဖွင့်တဲ့အချိန် မြို့ပေါ်ပြန်လာ။ ဖေဖော်ဝါရီလကုန်၊ မတ်လ စာမေးပွဲကြီး ပြီးရင် ရွာပြန်။

ဒီလိုနဲ့ ခုနစ်တန်းအထိ မြို့ပေါ်မှာ ကျောင်းနေခဲ့တာပါ။ ရှစ်တန်းရောက်တော့ အဖေကလည်း မူလတန်း ကျောင်းအုပ်ဘဝကနေ အထက (၁) မှာ အလယ်တန်းပြအဖြစ် ပြောင်းလာပါတယ်။ ခုနစ်တန်း စာမေးပွဲ ဖြေပြီးလို့ နွေရာသီ ကျောင်းပိတ်ရက်မှာပဲ ကျွန်တော်တို့ မိသားစုလိုက် မိတ္ထီလာကို ပြောင်းလာပါတယ်။ ပေါက်ချောင်းကန် ရပ်ကွက်ဘေးမှာ ပေါက်ချောင်းကန် ဆိုတာ ရှိပါတယ်။ ပေါက်ချောင်းကန် တောင်ဘက်မှာ ပေါက်ချောင်း ကွက်သစ် ဆိုတာ ရှိပါတယ်။ အဲဒီ ရပ်ကွက်ထဲမှာပါ။ ဒီရပ်ကွက်ထဲမှာ နေတဲ့လူ အများစု ကတော့ ဌာနပေါင်းစုံက စာရေးကြီးတွေ၊ ကျောင်းဆရာတွေ အများစုဖြစ်ပါတယ်။

## လူကြီးရင် လေယာဉ်ပျံတောင် ပန်းကန် ဖြစ်တယ်

တကယ်ပါ၊ ကျွန်တော့် အဘိုး ဗိသုကာကြီး ဩဘသော့ဟာ ပန်းဆယ်မျိုးနဲ့ ပတ်သက်လို့ တော်တော် ကျွမ်းကျင်တဲ့ အကြောင်း အပေါ်မှာ တင်ပြပြီးပါပြီ။ အခု ပြောမယ့် အကြောင်းအရာကလည်း အဲဒီ အဘိုးနဲ့ ပတ်သက်ပါတယ်။ ကျွန်တော်က ၁၉၄၁ ခုနှစ်မှာ မွေးတော့ ဂျပန်ခေတ်ကို မှီခဲ့ပါတယ်။ အင်္ဂလိပ် ပြေးတဲ့ ကာလ၊ ဂျပန်တွေ ဝင်တဲ့ ကာလတွေမှာ လမ်းကြောင်းကျတဲ့ ရွာတွေ၊ မြို့တွေမှာတော့ စစ်ဘေး စစ်ဒဏ် ခံကြရပေမဲ့ ကျွန်တော်တို့ဘက်က ရွာတွေဟာ ကားလမ်းမကြီးနဲ့ လေး-ငါးမိုင်လောက် ဝေးတော့ စစ်ဘေး စစ်ဒဏ် မခံရပါဘူး။ ဒီကာလမှာ မှတ်မိတာက ကျွန်တော်တို့ ရွာနီးချုပ်စပ်မှာ လေယာဉ်ပျံ တစ်စီး ပျက် ကျတဲ့ ဖြစ်ရပ်ပါ။

ကျွန်တော်တို့ ကလေးတွေကတော့ ဘယ်နေရာမှာ ပျက်ကျတယ် ဆိုတာ မသိပါဘူး။ အဖိုး ဦးသော့၊ ဦးလေး ဦးအောင်ဘိုနဲ့ အိမ်နီးနားချင်း အမျိုး ဦးလေး တစ်ချို့ လေယာဉ်ပျက်ကျတဲ့ နေရာကို ထွက်သွားကြပြီး လေယာဉ်ပျံ ကိုယ်ထည် သတ္တုပြားတွေ အချပ်လိုက် ယူလာကြပါတယ်။ အဲဒါတွေ အပြင် တစ်ပေခွဲလောက် ရှိမယ့် ကျည်ဆံကြီးတွေလည်း သယ်လာကြပါတယ်။ သတ္တုပြားတွေကို အိမ်အောက်မှာ ထားပြီး ကျည်ဆံတွေ ကိုတော့ ကျီအောက်မှာ ဝှက်ထားပါတယ်။

နောက်ရက်တွေမှာတော့ ဘသော့ဟာ သူ့ လက်သမား ကိရိယာတွေ ထားတဲ့ သေတ္တာကို ဖွင့်ပြီး လိုအပ်တဲ့ ကိရိယာတွေကို ထုတ်ပါတယ်။ ပြီးတော့ လေယာဉ်ပျံက ယူလာတဲ့ သတ္တုပြားတွေကို အနေတော် အရွယ်ရအောင် ဖြတ်ပါတယ်။ ပြီးမှ သူ့ရဲ့ တူတွေ၊ ဆောက်တွေနဲ့ တတောက်တောက် အလုပ်များနေပါ တော့တယ်။

ကျွန်တော်တို့ကတော့ အဘ ဘာလုပ်နေတယ် မသိပါဘူး။ နှစ်ရက် သုံးရက်လောက် ကြာတော့မှ သူ့အလုပ်တွေ ရုပ်လုံး ပေါ်လာပါတော့တယ်။ လေယာဉ်ပျံ ကိုယ်ထည် သတ္တုပြားတွေကို ပန်းကန်ပြား ဖြစ်အောင် လုပ်တာပါ။ ကြွေထမင်းစားပန်းကန် ပုံစံမျိုးလေးတွေပေ့ါ။ လက်ရာမြောက်လိုက်ပုံက ပန်းကန် အနားသတ်တွေမှာ အစင်းတွေတောင် ပါပါသေးတယ်။

## နီးဒေါင်းလန်းနဲ့ စားခဲ့ရဖူးတယ်

ဘသော့က ပန်းကန်ပြား တော်တော်များများ လုပ်ပါတယ်။ ကိုယ်အိမ်မှာ သုံးရုံတင်မက အိမ်နီးနားချင်းတွေ ကိုလည်း လက်ဆောင်ပေးပါတယ်။ ကြီးမှ သိလာတာက လေယာဉ်ပျံကိုယ်ထည်ကို သတ္တုရော Alloy နဲ့ လုပ်တာပါ။ ပေါ့ပါး ခိုင်မာတဲ့ သတ္တုရော တစ်မျိုးပါ။ အဲဒီ ပန်းကန်ပြားနဲ့ ထမင်းစားရတာဟာ ကျွန်တော်တို့ အဖို့ ပန်းကန်ပြားနဲ့ ပထမဦးဆုံး ထမင်းစားဖူးခြင်းပါ။

အဲဒီအရင်က ဆိုရင် နီးဒေါင်းလန်းနဲ့ စားရတာပါ။ အဖေရယ်၊ အမေရယ်၊ အဘိုးရယ်၊ အဘွားရယ် ဆိုတော့ လေးယောက် အတော်ပဲပေ့ါ။ ကျွန်တော်တို့ ကလေးတွေကိုတော့ အမေက သတ်သတ် ကျွေးပါ တယ်။ ကျွန်တော်တို့က ဘသော့ ပန်းကန်ပြားကို ဒန်ပန်းကန်ပြားလို့ ခေါ်ပါတယ်။ အခက်အခဲ တစ်ခုကတော့ ပန်းကန် ဆေးရတာ ခက်ပါတယ်။ ဆီတွေ စွဲနေတယ်ဆိုရင် တော်ရုံ ဆပ်ပြာနဲ့ ဆေးလို့ မရပါဘူး။ အဲဒီ ခေတ်က ဆပ်ပြာ ရှားတော့ အဲဒီ ပန်းကန်နဲ့ ထမင်းစားရတာ သိပ်မနိုင်ပါဘူး။

## ကျောယားရတဲ့ စက်ချုပ်သမား

ကျွန်တော်တို့ ရွာရဲ့ တောင်ဘက်ပိုင်းမှာက အမျိုးတွေချည့်ပါပဲ။ မိသားစု ၁၀ ဦးလောက် ရှိမှာပေါ့။ ကျွန်တော်တို့ အိမ်ရဲ့ နောက်ဘက် ပေ ၁၀၀ လောက် အကွာမှာ အိမ်တစ်အိမ် ရှိပါတယ်။ ပိုင်ရှင်က ဦးနိုင်ပါ။ ဇနီး ဆုံးသွားပါပြီ။ အဘွား ဒေါ်ငွေပန်းရဲ့ သားမက်ပါ။ သမီး နှစ်ယောက်နဲ့အတူ နေပါတယ်။ အကြီးက မန ဖြစ်ပြီး အငယ်က မလှသင်ပါ။ မနကတော့ ရှိပါသေးတယ်။ မလှသင်ကတော့ အိမ်ထောင်သည်ဖြစ်ပြီး ကလေး နှစ်ယောက်ရပြီး ဆုံးပါးသွားပါပြီ။ မနတို့ မလှသင်တို့ရဲ့ အဖေဖြစ်တဲ့ ဦးနိုင်က ကုဋ္ဌနူနာသည်ပါ။ နာခေါင်းတွေ၊ လက်တွေ တိုနေပါပြီ။ တစ်ခါတစ်ရံမှာ လက်က အရည်တွေ ထွက်နေလို့ အဝတ်နဲ့ ပတ်တီးစည်းထားတာကို တော့ တွေ့ရဖူးပါတယ်။

သူ့ရောဂါဟာ ကြောက်စရာကောင်းတယ်၊ ကူးစက်တတ်တယ် ဆိုတာ လူကြီးတွေ ပြောလို့ သိထားတဲ့ အတွက်ပဲ သူ့အိမ်ဘက်ကို အရောက်အပေါက် အလွန်နည်းပါတယ်။ ဒါပေမဲ့ သူက ကျွန်တော်တို့ ရွာရဲ့ တစ်ဦး တည်းသော စက်ချုပ်သမားပါ။ ဒါ့ကြောင့် ကျွန်တော်တို့အတွက် အင်္ကျီ ချုပ်ရင် သူ့ကိုပဲ အပ်ရပါတယ်။ အင်္ကျီ ချုပ်ရမယ် ဆိုတော့ သူ့ဆီကို သွားပြီး ကိုယ်တိုင်းယူရပါတယ်။

အဲဒီအခါမှာ သူ့ရဲ့ တိုနေတဲ့ လက်နဲ့ ပေကြိုးကိုယူပြီး ကျောတို့၊ လက်တို့ တိုင်းတဲ့အခါမှာ စိတ်က အော်ဂလီဆန်ရုံတင်မက ကျောထဲကပါ စိမ့်ပြီး ယားတဲ့ ဝေဒနာ ခံစားရပါတယ်။ အဲ အင်္ကျီတွေ ချုပ်ပြီးတဲ့ အခါမှာ အမေက အဲဒီ အင်္ကျီတွေကို ချက်ချင်း မဝတ်ရသေးပါဘူး။ ရေနွေးပူထဲကို သဲဆပ်ပြာ ထည့်မွှေပြီး အဲဒီ အင်္ကျီ အသစ်တွေကို ပြုတ်ရပါတယ်။ အဲဒီလို နာနာပြုတ်ပြီး နေလှန်းလို့ ခြောက်မှ ကျွန်တော်တို့ ဝတ်ခဲ့ရတာပါ။

အဲဒီ ဝေဒနာကတော့ ရွာမှာ နေတုန်းက တစ်နှစ် တစ်ခါလောက် ကြုံရတဲ့အဖြစ်ပါ။ ကျွန်တော် တို့ မြို့ရောက်တော့ ဦးနိုင် ဆုံးသွားရှာပြီလို့ သိရပါတယ်။ ဘာ့ကြောင့် ဒီရောဂါ စွဲကပ်တယ် ဆိုတာတော့ မသိရပါဘူး။ သူ့သမီးတွေ ဖြစ်တဲ့ မနနဲ့ မလှသင်တို့ဟာ အဖေ အတွက် စားဖို့သောက်ဖို့ ပြင်ဆင်ပေးတာမျိုး၊ အဖေရဲ့ အဝတ်တွေ လျှော်ပေးတာမျိုးက လွဲလို့ အတူမနေပါဘူး။ အဘွားဖြစ်တဲ့ ဒေါ်ငွေပန်း အိမ်မှာ ညအိပ်လေ့ ရှိပါတယ်။ သူတို့ ညီအစ်မ နှစ်ဦးမှာတော့ ဒီရောဂါ ကူးစက်မှု မရှိပါဘူး။

## မသေကောင်း မပျောက်ကောင်း (၁)

လေယာဉ်ပျံ အပျက်က  ယူလာတဲ့ အမြောက်ကျည်ဆံတွေကို ပထမတော့ ကျွန်တော်တို့ ဘာမှ မလုပ်သေး ပါဘူး။ ကျွန်တော်တို့ ကလေးတွေ ကစားစရာ ကုန်တော့ ဦးလေးတွေ သယ်လာတဲ့ ကျည်ဆံတွေကို သွားသတိရပါတယ်။ အဲဒီမှာ ကျွန်တော်ရယ်၊ ညီနဲ့ရယ် ကျည်ဆံတွေကို ယူပြီး လူကြီးတွေ ကွယ်တဲ့ နေရာမှာ ကလိပါတော့တယ်။

ကျည်ဆံက တစ်ပေခွဲလောက် ရှိမယ် ထင်ပါတယ်။ ထိပ်ဖူးလည်း ပါပါတယ်။ အဲဒီ ထိပ်ဖူးကို ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက် အဘိုးရဲ့ လက်သမား ကိရိယာသေတ္တာထဲက တူတွေ၊ ဆောက်တွေကို ယူပြီး ကျည်ဆံ အဝကို ပတ်ပတ်လည် တူနဲ့ ထုပါတယ်။ ကျွန်တော်တို့ အရွယ်ရောက်လို့ သတင်းစာတွေ ဖတ်တဲ့အခါ စစ်လက်ကျန် ဗုံး၊ အမြောက်ကျည်ဆံတွေကို တူနဲ့ ထုလို့ ပေါက်ကွဲပြီး သေကြေဒဏ်ရာ ရတဲ့ သတင်းတွေ ဖတ်မိတော့မှ ကျွန်တော်တို့ လုပ်ခဲ့တာ ဘယ်လောက် အန္တရာယ် များတယ်ဆိုတာ သိရပါတယ်။

ကျွန်တော်တို့ ကျည်ဆံထိပ်ဖူးကို တူနဲ့ထုတော့ ခဏအနေမှာ ချောင်ပြီး ထိပ်ဖူးကို ဆွဲထုတ်လို့ ရပါတယ်။ အထဲမှာ ပါတဲ့ ယမ်းတွေက အမှုန့် မဟုတ်ပါဘူး။ အချောင်းပြားလေးတွေပါ။ အနံ လက်မဝက်လောက် ရှိပြီး အရှည်ကတော့ ကျည်ဆံနဲ့ အတူတူပါပဲ။

အဲဒီတော့ ကျွန်တော်တို့ နှစ်ယောက်က ယမ်းတွေ အကုန်ထုတ်၊ တလင်းထဲမှာ မီးခြစ်ဆံ တစ်ဘူးနဲ့ အလုပ်များခဲ့ပါတယ်။ ယမ်းချောင်း တစ်ခုကို တစ်ဖက်က ကိုင်ပြီး ကျန်တစ်ဖက်ကို မီးရှို့တဲ့အခါမှာ ပုံမှန်လောင်ကျွမ်းသွားပါတယ်။ ကျွန်တော်တို့က မြေပြင်မှာ ယမ်းချောင်းတွေကို တန်းစီပြီး ဆက်ပါတယ်။ လူ တစ်ရပ် နှစ်ရပ်လောက် ရှည်တော့မှ အစဘက်ကို မီးရှို့တဲ့အခါ တရွေ့ရွေ့ လောင်သွားတဲ့ မီးတွေ ကြည့်ပြီး ကလေးဘဝ ဆော့ကစားခဲ့တာ ဖြစ်ပါတယ်။ ကျည်ဆံ ထိပ်ဖူးကိုတော့ ဘာလုပ်ရမှန်း မသိတဲ့ အတွက် ပစ်ထားလိုက်ပါတယ်။

## မသေကောင်း မပျောက်ကောင်း (၂)

ကျွန်တော် အထက်မှာ ရေးခဲ့တဲ့ အခါကြီး ရက်ကြီးမှာ ရွာပြင်ထွက်ပြီး မုန့်တွေ ကြော်ကျတဲ့ နေ့တစ်နေ့ပေါ့။ မုန့်တွေ ကြော်ပြီးတဲ့အခါ အမေက မုန့်တွေကို ဇလုံတွေထဲမှာ ခွဲထည့်ပါတယ်။ ဘယ်ဇလုံက ဘုန်းကြီးကျောင်း အတွက်၊ ဘယ်ဇလုံက အသိုး အသွား အတွက်၊ ဘယ်ဇလုံက အိမ်မှာ စားဖို့ ဆိုပြီး သတ်မှတ်ထားတာပါ။ အဲဒီနေ့ ညနေမှာ အမေက ကျွန်တော်တို့အတွက် အကျႌ လုံချည် ချုပ်ဖို့ကိစ္စ ထင်ပါရဲ့၊ ဦးနိုင်ရဲ့ အိမ်ကိုသွားပြီး မနုတို့နဲ့ စကားပြောနေကြပါတယ်။ အဲဒီအချိန်မှာ အိမ်မှာ ကျွန်တော်နဲ့ ညီနွဲ့ ရှိနေကြတာပါ။ အသက်ကတော့ ခုနစ်နှစ်နဲ့ ငါးနှစ်လောက် ရှိကြမှာပေါ့။

အဲဒီအခါ ညီနွဲ့က ဘုန်းကြီးပွဲအတွက် ထားတဲ့ မုန့်တွေကို နှိုက်စားပါတယ်။ ကျွန်တော်က "ဟေ့ကောင်၊ နှိုက်မစားနဲ့လေကွာ၊ အဲဒါ ဘုန်းကြီးကျောင်း အတွက် ထားတာ" လို့ ပြောပြီး ဟန့်တားတော့ သူက ဘာမှ ပြန်မပြောပေမဲ့ မျက်နှာ အမူအရာက ပြောင်ချော်ချော်နဲ့ ကျွန်တော့်ကို မမှုဘူး ဆိုတဲ့ သဘောပေါ့။ အဲဒီအပြင် သူက မုန့်တွေကို ထပ်ယူပြီး စားပြန်ပါတယ်။

ကျွန်တော့်ရှေ့မှာ တမင်သက်သက် လုပ်ပြတာပါ။ ကျွန်တော်က "ဟေ့ကောင်၊ အဲ့ဒါ ဘုန်းကြီးကျောင်း အတွက်ကွ၊ ငါ အမေ့ကို တိုင်လိုက်မှာနော်" လို့ ပြောပြီး သူ့လက်ထဲက မုန့်ကို လုမလို့ သွားပါတယ်။ သူက အလုမခံဘဲ ထွက်ပြေးသွားပြီး အိမ်အောက်ထပ်ကို ဆင်းသွားပါတယ်။ ဆင်းသွားပြီးတော့ အိမ်ခေါင်းရင်းက တစ်ဆင့် အမေ့ဆီ ပြေးသွားပါတယ်။

ကျွန်တော်က အိမ်တောင်ဘက်မှာ ရှိတဲ့ ပြတင်းပေါက်ကနေ အမေ့ကို လှမ်းအော် တိုင်ပါတယ်။ "အမေရေ၊ ဟောဒီမှာ ညီနွဲ့ မုန့်တွေ ခိုးစားနေတယ်" လို့ အော်လိုက်တာပါ။ အဲဒီမှာ ညီနွဲ့က အောက်ကနေ ကျွန်တော့်ကို "တိုင်တစ်လုံး တစ်မတ်၊ တိုင်တစ်လုံး တစ်မတ်" နဲ့ ပြောင်ပြီး လျှာထုတ်ပြ၊ ကပြ လုပ်ပါတယ်။ အမေကလည်း ကျွန်တော့်ကြောင့် သူ စကားပြောနေတာ ပျက်သွားလို့ ထင်ပါရဲ့ ၊ "စား ဝတာပေါ့ဟဲ့" လို့ ပြန်အော်ပါတယ်။

အဲဒီအခါ ညီနွဲ့က ကျွန်တော့်ကို အောက်ကနေပြီး "စား ဝတာပေါ့၊ စား ဝတာပေါ့" လို့ အော်ပြီး ကျွန်တော့်ကို ပြောင်ပြပါတယ်။ အဲဒီမှာ ကျွန်တော် ဒေါသထွက်လာပါပြီ။ ဒါ့ကြောင့်မို့ လက်ထဲမှာ ရှိတဲ့ ပစ္စည်း တစ်ခုနဲ့ ညီနွဲ့ကို လှမ်းပေါက်ပါတယ်။ အဲဒီမှာ အားလွန်သွားပြီး ပြတင်းပေါက်က ပြုတ်ကျသွားပါတယ်။ အိမ်အမြင့်က ၁၄ ပေလောက် ရှိမှာပါ။ ကျွန်တော့် မျက်စိထဲမှာ အိမ်ကြီးက တစ်ပတ်လည်သွားတယ်လို့ မြင်ယောင်

ခဲ့ပြီး (အမှန်က လူက တစ်ပတ်လည်သွားတာပါ။) အောက်ကို ကျတော့ ကျောနဲ့ ကျပြီး၊ သတိလည်း မေ့သွားတာပါ။

အဲဒီတော့ အမေတို့ စကားပိုင်းလည်း ပျက်သွားဟန်တူပါရဲ့။ ကျွန်တော် သတိရလို့ မျက်စိ ဖွင့်ကြည့်တော့ အိမ်ပေါ် ရောက်နေပါပြီ။ ဘယ်သူ ပွေ့ချီပြီး တင်လာတယ်ဆိုတာ မသိပါ။ သတိရလို့ ကျွန်တော့်ကို သူတို့ ဟိုစမ်း၊ ဒီစမ်း စမ်းတဲ့အခါ ကျွန်တော် ခြေထောက်လည်း မကျိုး၊ လက်လည်း မကျိုး၊ တစ်ပတ်လည်လို့ ပြုတ်ကျတဲ့ဒဏ်နဲ့ သတိမေ့သွားရုံပါပဲ။

တကယ်တော့ ကျိုးတာလည်း ဖြစ်နိုင်ပါတယ်၊ ပဲ့တာလည်း ဖြစ်နိုင်ပါတယ်၊ ယုတ်စွအဆုံး ခေါင်းနဲ့ ကျရင် ဇက်ကျိုးပြီး အသက်တောင် ပါသွားနိုင်ပါတယ်။ အမေကတော့ "အင်မတန် ကံကြီးလို့ ဘာမှမဖြစ်တာ" လို့ မှတ်ချက်ချပါတယ်။ ကျွန်တော့်ဘဝ သက်တမ်းမှာ အဲဒီလို မသေကောင်း မပျောက်ကောင်း ဖြစ်စဉ်တွေဟာ တပ်မတော်ထဲ ရောက်တော့ ပိုတောင် များလာပါသေးတယ်။ အဲဒီ ဖြစ်စဉ်တွေကိုတော့ နောက်မှ ကြုံသလို ရေးပြသွားပါမယ်။

## ငယ်စဉ်က မန္တလေးမြို့

ကျွန်တော်တို့ မူလတန်းမှာ နွေရာသီ ကျောင်းပိတ်တော့ အဖေရဲ့ အစီအစဉ်နဲ့ မန္တလေးမြို့မှာ နေတဲ့ ဦးလေး ဦးထွန်းယျထံကို ပို့ပေးပါတယ်။ အဲဒီတုန်းက ကျွန်တော်တို့အခေါ် ဦးထွန်းက မန္တလေး ဘူတာကြီးမှာ ရှိတဲ့ မီးရထားရုံးမှာ အောက်တန်းစာရေးပါ။ မိတ္ထီလာကနေ မန္တလေးကို ရထားနဲ့ သွားရပါတယ်။ အဲဒီခေတ်က ကျွန်တော်တို့ တောသားတွေအဖို့ ကားစီးရတဲ့အခါမှာ "ကားစီးဖူးပြီ" လို့ ကြွားရ၊ ရထားစီးပြန်ရင်လည်း "ရထား စီးဖူးပြီ" လို့ ကြွားရတဲ့ ခေတ်ပါ။

ကျွန်တော်တို့ မန္တလေးကိုသွားတော့ အမေစော (အသွား ဒေါ်စောမြိုင်) နဲ့ သွားတာ မှတ်မိပါတယ်။ အဲဒီခေတ်က မိတ္ထီလာနဲ့ မန္တလေး ကြားမှာ ရဲဘော်ဖြူနဲ့ ကွန်မြူနစ် သူပုန်တွေ ရှိနေခဲ့ပါတယ်။ ရထားက ကျောက်ဆည်လွန်တော့ ဆက်မသွားဘဲ တန့်နေပါတယ်။ ဘာဖြစ်လို့လဲလို့ မေးကြည့်တော့ ရှေ့နားက တံတားကို သောင်းကျန်းသူတွေက မိုင်းခွဲလို့ပါတဲ့။ ဒါပေမဲ့ ယမ်းအား မကောင်းလို့ ထင်ပါရဲ့၊ တံတားက ကျိုးမသွားပါဘူး။

ရထားစက်ခေါင်း ရှေ့မှာ ပက်လက်တွဲ တစ်ခု ရှိပါတယ်။ အဲဒီ အတွဲပေါ်မှာ တပ်မတော်သား အချို့ လုံခြုံရေးလုပ်ရင်း ပါလာပါတယ်။ သူတို့က မိုင်းခွဲတဲ့ သူပုန်တွေနောက်ကို လိုက်သွားလို့ ပြန်မရောက်သေးတဲ့ အတွက် စောင့်နေတာပါ။ နာရီဝက်လောက် နေတော့မှ သူတို့ ပြန်လာပါတယ်။ လူတစ်ယောက်ကိုလည်း ကြိုးတုပ်ပြီး ခေါ်လာပါတယ်။ ခဏနေတော့ ရထားဟာ ဖြည်းဖြည်းချင်း ထွက်ပါတော့တယ်။

ကျွန်တော်တို့က သိချင်လို့ ပြတင်းပေါက်က ခေါင်းထွက်ကြည့်တဲ့အခါ ခုနက ကြိုးနဲ့ တုပ်လာတဲ့ လူဟာ ရထားလမ်းဘေးမှာ ပက်လက် အနေအထားနဲ့ တွေ့မြင်ရပါတယ်။ သူ့ရင်ဘတ်မှာတော့ သွေး အလိမ်းလိမ်းနဲ့ လုံ့စွပ်ရာတွေကို တွေ့ရပါတယ်။ အဲဒီခေတ်က ရထားခရီးဟာ ဒီလိုဖြစ်စဉ်တွေ မကြာ မကြာ ကြုံရလေ့ရှိပါတယ်။

မန္တလေး ရောက်တော့ မီးရထား ဝန်ထမ်းတွေ နေတဲ့ လိုင်းမှာ တည်းရပါတယ်။ အခန်း တစ်တွဲမှာ လေးခန်း ပါပါတယ်။ ရထားဝန်ထမ်း မိသားစု လေးခု အတွက်ပါ။ အဆောက်အဦးက ကောင်းပါတယ်။

သမံတလင်း ခင်း၊ အုတ်ကြွတ် မိုး၊ ပျဉ်ကာပါ။ အဆောက်အဦးက နိုင်ခံ့ပါတယ်။ အိမ်ရှေ့မှာ ဧည့်ခန်း တစ်ခု၊ အိပ်ခန်းမ တစ်ခုနဲ့ အနောက်ဘက်မှာ တစ်ခြမ်းက ရေချိုးခန်း၊ တစ်ခြမ်းက မီးဖို ဖြစ်ပါတယ်။ အိမ်သာကတော့ ဘုံအိမ်သာပါ။

အိမ်သာခန်း ရှစ်ခန်းလောက် ရှိပြီးတော့ အလယ်ကောင်မှာ ရေမြောင်းနဲ့ပါ။ ရေ အမြဲ ရှိပါတယ်။ အပေါ့ အလေး သွားတဲ့အခါ ရေမြောင်းပေါ်မှာ ခွသွားရပါတယ်။ အဲဒီခေတ်က ခုခေတ်လို အိမ်သာသုံး စက္ကူ မပေါ်သေးတော့ သတင်းစာ စက္ကူ၊ မဂ္ဂဇင်း စက္ကူတွေကို သုံးရပါတယ်။ အိမ်သာ တက်တိုင်း အနံ့ မန်အောင် အသက် အောင့်ထားရတဲ့ ဒုက္ခက မသေးပါဘူး။ ရေမြောင်းထဲက ရေကိုတော့ နာရီဝက် တစ်ခါလား၊ တစ်နာရီ တစ်ခါလား မသိပါဘူး။ ရေပိုက်က ရေလွှတ်ပြီး ဆေးပေးပါတယ်။

အဲဒီတုန်းက ဦးထွန်းက ပထမ ဇနီးကြီး ဒေါ်ခင်သောင်း (အငြိမ့် မင်းသမီး ရန်ကုန်သောင်း) နဲ့ နေပါတယ်။ ဒေါ်သောင်းဟာ အဲဒီအချိန်မှာ မီးယပ်ရောဂါကြောင့် ခြေတစ်ဖက် မသန်တော့ပါဘူး။ လမ်းလျှောက်ရင်လည်း တရွတ်ဆွဲ လျှောက်ရပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့က သူ့ရဲ့ လက်တိုလက်တောင်း ကိစ္စလေးတွေ လုပ်ပေးရပါတယ်။ အပြင်သွားရင် သော်လည်းကောင်း၊ ဈေးဝယ်ရင် သော်လည်းကောင်း ကျွန်တော်တို့က ဝယ်ပေးရပါတယ်။ ကျွန်တော်တို့ဟာ ဒေါ်ခင်သောင်းအတွက် နိုင်းစရာ ကောင်လေးတွေ ဖြစ်လာလို့ အတော် အသုံးဝင်တယ်ပေါ့။ သူ့ခမျာလည်း မသန်စွမ်းတဲ့အလျောက် ဟင်းတွေ မည်မည်ရရ၊ ဖွယ်ဖွယ်ရာရာ မချက်နိုင်ပါဘူး။ ဘဲဥပြုတ်၊ ကြက်ဥပြုတ် တစ်ခါတလေ ဈေးပေါ်တဲ့ ငါးသေတ္တာကို ဟင်း အမျိုးမျိုး အဖြစ် စီစဉ်ပေးပါတယ်။

ဒေါ်ခင်သောင်းဟာ ရုပ်ရည် ချောမောတယ်လို့ ပြောနိုင်ပါတယ်။ စိတ်သဘောထားလည်း ကောင်းပါတယ်။ ကျွန်တော်တို့အပေါ်လည်း ကြင်ကြင်နာနာ ဆက်ဆံပါတယ်။ သူ့ခင်ပွန်း၊ ကျွန်တော်တို့ ဦးလေးကိုတော့ ချစ်သလား မပြောနဲ့ "အထွန်း-အထွန်း" နဲ့ နေတာပါပဲ။ ဦးထွန်းကလည်း သူ့ကို အနိုင်မကျင့်ပါဘူး။ ဒါပေမဲ့ ကွယ်ရာမှာတော့ ခြေရှုပ်ချင်ပါတယ်။ ဒေါ်သောင်းကလည်း ရိပ်မိပေမဲ့ တစ်ခါမှ ပြုစုခြင်း မရှိခဲ့ပါဘူး။ သူတို့ အိမ်ထောင်ရေးက သာယာပါတယ်။

ကျွန်တော်တို့ မန္တလေး ရောက်တဲ့အချိန်က တန်ဆောင်တိုင် ပိတ်ရက်ကာလ ဖြစ်ပါတယ်။ ညအချိန် ဆိုရင် ဘုရားကြီးဘေးက ဖြတ်လမ်းအတိုင်း သွားရင် တစ်ဖက်လမ်းကို ရောက်ပါတယ်။ မှတ်မိသမျှ ပြောရရင် အဲဒီအချိန်မှာ လမ်းတိုင်း၊ လမ်းတိုင်းလိုလို အငြိမ့်ပွဲတွေ တခြိမ့်ခြိမ့်နဲ့ပါ။ "ယိုးဒယားပြန် အမာစိန်" နဲ့ "ဆိုဗီယက်ပြန် နွဲ့နွဲ့စမ်း" တို့ နာမည်ရစ အချိန်ဖြစ်ပါတယ်။ နောက် "ရွှေမန်းရီရီ" ဆိုတဲ့ အငြိမ့်အဖွဲ့ကိုလည်း မှတ်မိပါသေးတယ်။

ညီနွဲ့နဲ့ ကျွန်တော် တောသား နှစ်ယောက်ဟာ မန္တလေး မြို့တစ်ခွင်မှာ ကနေတဲ့ အငြိမ့်ပွဲတွေကို မလွတ်တမ်း ကြည့်ခဲ့ရပါတယ်။ ကျွန်တော် မန္တလေးကို နွေရာသီဆိုရင် ရောက်လေ့ရှိပါတယ်။ ဦးထွန်းတို့ အိမ်မှာ စတည်းချပြီး လျှောက်လည်တာပါ။ ကျွန်တော် မေမြို့ စစ်တက္ကသိုလ် တက်တော့လည်း လေးနှစ်လုံးလုံး မန္တလေးကို ဖြတ်သွားဖြတ်လာ လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော် မန္တလေးက လမ်းတွေကို ဂဃနဏ မသိပါဘူး။

သေချာပေါက် သိတာက ဘုရားကြီး၊ ဘုရားကြီး ရှေ့တည့်တည့်က ထွက်တဲ့ လမ်းမကြီးနဲ့ မန္တလေး ဆေးရုံကြီး၊ နန်းတော်ရာနဲ့ ကျုံးတစ်ပိုက်၊ နာရီစင်နဲ့ ဈေးချို၊ နောက်ဆုံးတော့ မဟာမြတ်မုနိ ဘုရားကြီးတို့ ဖြစ်ပါတယ်။

သတိရလို့ ရေးရရင် မဟာမြတ်မုနိ ဘုရားကြီးဟာ ရခိုင်ပြည်က ပင့်ဆောင်လာပြီးကတည်းက "မဟာမြတ်မုနိ" လို့ အမည်ခေါ် တွင်ခဲ့တာမှာ စစ်အစိုးရ လက်ထက်ကျတော့ "မဟာမုနိ ဘုရားကြီး" လို့ အခေါ်အဝေါ် ပြောင်းခေါ်ကြတာ သတိပြုမိပါတယ်။ ဘယ်သကောင့်သား လက်ချက်နဲ့ ပြောင်းသွားတာလဲ ဆိုတာတော့ သေချာ မသိပါဘူး။ ယတြာများ ဖြစ်လေမလားလို့ပေါ့။

## ငယ်ငယ်ကတည်းက ဇ,ရှိတဲ့ ညိုနွဲ့

ကျွန်တော် လေးတန်း ကျောင်းသားဘဝက ဖြစ်ပါတယ်။ ညိုနွဲ့က သုံးတန်းပါ။ နွေရာသီ ကျောင်းပိတ်ရက် စခါနီးမှာ မန္တလေးက ဦးထွန်း ကျွန်တော်တို့ရွာကို နေ့ချင်း ပြန်လာလည်ပါတယ်။ သူ ပြန်ခါနီးမှာ အမေ့ကို "ခင်ဗျား သားတွေ မန္တလေး အလည်ထည့်လိုက်ပါလား" လို့ ပြောတော့ အမေက "ညိုနွဲ့ ကတော့ စာမေးပွဲ ပြီးသွားပြီ၊ သူ့ ခေါ်သွားလေ၊ ဝင်းထိန်က အစိုးရစစ် လေးတန်းဆိုတော့ စာမေးပွဲ မပြီးသေးဘူး" လို့ ပြောတော့ ညိုနွဲ့ မန္တလေးကို ပါသွားပါလေရော။

ဒီကောင် မန္တလေးမှာ နှစ်လလောက် ကြာမယ် ထင်ပါတယ်။ ဦးထွန်းကလည်း ပြန်ပို့ပါတယ်။ ဦးထွန်းက ညိုနွဲ့ကို လက်ဆွဲပြီး အိမ်ပေါ် တက်လာတဲ့အခါ မျက်နှာက ပြုံးစိစိနဲ့ပါ။ အိမ်ပေါ် ရောက်တော့ သူက အမေ့ကို "အစ်မ၊ ခင်ဗျားသားကို ကြည့်ပါဦး" လို့ ဆိုတော့ အမေက ညိုနွဲ့ကို စေ့စေ့ကြည့်ပြီး "ဟဲ့ ညိုနွဲ့၊ နင့်မျက်ခုံးတွေ ဘယ်လို ဖြစ်သွားတာလဲ" လို့ မေးတဲ့အခါ ဦးထွန်းက တဝါးဝါးရီပြီး ဖြစ်ကြောင်းကုန်စင်ကို ပြောပြပါတော့တယ်။ ဖြစ်ပုံက ဒီလိုပါ။

ဦးထွန်းက ရုံးတက်ရမယ့်နေ့ ဆိုရင် မနက်တိုင်း မုတ်ဆိတ်မွေးနဲ့ ပါးမြိုင်းမွေးကို မှန်ကြည့်ပြီး ရိတ်လေ့ ရှိပါတယ်။ အဲဒါကို သုံးတန်း ကျောင်းသား မောင်ညိုနွဲ့က ဘေးက အကဲခတ်နေပါတယ်။ ဦးထွန်း ရုံးသွားတော့ ဒေါ်ခင်သောင်းကလည်း မီးဖိုထဲမှာ ချက်ပြုတ်နေတာပေါ့။ အဲဒီတော့ မောင်ညိုနွဲ့က နံရံမှာ ချိတ်ထားတဲ့ မှန်က မြင့်တော့ ကုလားထိုင် တစ်လုံးကို တွန်းပို့ပါတယ်။ ပြီးမှ သူက ကုလားထိုင်ပေါ် တက်ပြီး ဦးထွန်းရဲ့ မုတ်ဆိတ်ရိတ် ကိရိယာကို ဖြုတ်ကြည့်၊ တပ်ကြည့်နေပါတယ်။ နောက်ဆုံးတော့ ဘလိတ်ဓားကိုပါ နေရာကျ အောင် ထည့်ပြီးတဲ့အခါ ဦးထွန်းလို လုပ်လို့ရမလားဆိုပြီး မှန်ထဲကို ကြည့်ပါတယ်။ မေးစေ့နဲ့ နှုတ်ခမ်းကို လက်နဲ့ စမ်းကြည့်တော့ ရိတ်စရာ အမွေး မရှိပါဘူး။ အဲဒီတော့ လက်က အပေါ် ရောက်သွားပြီး စမ်းကြည့်တဲ့ အခါမှာ မျက်ခုံးမွေးကို တွေ့ပါတယ်။ မှန်ရှေ့မှာ အသင့် ရှိနေတဲ့ ဖန်ခွက်ထဲက ရေနင့် မျက်ခုံးမွေးတစ်ဖက်ကို ဆွတ်ပြီး စ,ရိတ်ကြည့်ပါတယ်။ "အလို့၊ ဟုတ်တယ်ဟ" ဆိုပြီး မျက်ခုံးမွေး တစ်ခုလုံး ကုန်အောင် ရိတ်ပစ်လိုက် ပါတယ်။

အဲဒီအချိန်မှာ ဒေါ်သောင်းက ညိုနွဲ့တစ်ယောက် ငြိမ်လှချည်လားလို့ တွေးပြီး မီးဖိုက ထွက်လာတဲ့ အခါ မောင်ညိုနွဲ့ မျက်ခုံးမွေးရိတ်နေတာ မြင်တော့ ဟက်ဟက်ပက်ပက် ရီကာ လူကလည်း ခြေတစ်ဖက် မသန်တော့ ဖင်ထိုင်လျက် လဲပြီး လုံချည်တောင် ကျွတ်ပါသတဲ့။ ဒေါ်သောင်းက တော်တော်နဲ့ အရီ မရပ်နိုင် ပါဘူး။ ဒေါ်သောင်း ရီတာကို ညိုနွဲ့ ကြားတော့မှ လှည့်ကြည့်ပြီး ခိုးထုပ်၊ ခိုးထည်နဲ့ လူမိသွားတဲ့သူလို မုတ်ဆိတ်ရိတ် ကိရိယာကို လက်ထဲမှာကိုင်လျက်က ကြောင်စီစီနဲ့ ရပ်ပြီး ဒေါ်သောင်း ရီနေတာကို အထူး အဆန်း ဖြစ်ပြီး ကြည့်နေပါတော့တယ်။

ဒေါ်သောင်း အရီရပ်လို့ရတော့မှ "ဟဲ့ ညိုနွဲ့ ဘာတွေ လျှောက်လုပ် နေတာလဲ၊ အဲဒီ ဂျုတ်ကို ပြန်ထား နင့်ဦးလေး ပြန်လာရင် ငါ ဘာပြောမှန်း မသိတော့ဘူး" လို့ ပြောရင်း ညိုနွဲ့ကို တားလိုက်ပါတယ်။ ဒါပေမဲ့



အဘိုး ဆြေသော့ ဦးကြီး ဦးသာအောင်၊ အဖေ၊ အမေ၊ ဦးအောင်ဘိနဲ့ ဘုစုခရုများ။



ကျွန်တော် ကျောင်းဆင်းပြီးစ။ အဖေ၊ အမေ၊ တတိယနှစ် ဗိုလ်လောင်း ညီနွဲ့နဲ့ ညီ ညီမများ။

(၁၉၆၃ ခုနှစ်၊ ဇော်နဲ့ ဇော် မမွေးသေး)

ဒီဖြစ်ရပ်ကို သတိရတိုင်း ရီရင်း၊ သတိရတိုင်း ရီရင်းနဲ့ ညနေ ဦးထွန်း ပြန်လာတဲ့အထိပါပဲ။ ညနေ ဦးထွန်း ပြန်လာတော့ ဒေါ်သောင်းက ဖြစ်ကြောင်းကုန်စင် ပြောတဲ့အခါမှာ တစ်ခါထပ်ပြီး ရီကြော ဖွဲ့ကြပြန်ပါရော။

ဦးထွန်းကလည်း ရီတာရပ်လို့ရတော့မှ "ကဲ ညိုနွဲ့ လာဦး" ဆိုပြီး ညိုနွဲ့ကို သူ့ရှေ့မှာ တည့်တည့် ထိုင်စေပြီး သူ့ကို စေ့စေ့ကြည့်ပါတယ်။ ပြီးမှ ဦးထွန်းက "တစ်ခု လိုနေသေးတယ်ကွ" ဆိုပြီး မှန်တင်ခုံက ဂျုတ်ကို ယူ၊ ညိုနွဲ့ရဲ့ ကျန်နေတဲ့ မျက်ခုံးတစ်ဖက်ကို ရေဆွတ်ပြီး ရိတ်ပေးလိုက်ပါတယ်။ ပြီးမှ ဒေါ်သောင်း ဘက်ကို လှည့်ပြီး "ကဲ မသောင်း၊ ခင်ဗျားရဲ့ မျက်ခုံးမွေး ဆွဲတံ သွားယူ" ဆိုပြီး ရောက်လာတော့ ဦးထွန်းက ညိုနွဲ့ကို မျက်ခုံးမွေး ဆွဲပေးလိုက်ပါတယ်။

ရွာရောက်တော့ ညိုနွဲ့ရဲ့ မျက်ခုံးမွေးဟာ ဦးထွန်း ဆွဲပေးထားတဲ့ မျက်ခုံးမွေးပါ။ လိုရမည်ရ မျက်ခုံးမွေး ဆွဲတံ အတိုလေး တစ်ခုတောင် အပိုလက်ဆောင် ယူလာပါသေးတယ်။ အဲဒီ ဆွဲတံနဲ့ ညိုနွဲ့ မျက်ခုံးမွေး အသစ်ခတွေ မပေါက်မချင်း ဆွဲပေးနေရပါသေးတယ်။ အသက်ကြီးလာတော့ ညိုနွဲ့ မျက်နှာကို ကြည့်လိုက်ရင် ထူပိန်းနေတဲ့ မျက်ခုံးမွေးကို အရင်မြင်ရမှာပါ။

## မိဘ ဘိုးဘွားများရဲ့ အခြား လုပ်ငန်းများ

ကျွန်တော် အထက်မှာ ရေးပြီးခဲ့သလို အဖေဘက်က အဘိုးဟာ ဗိသုကာကြီး အဖြစ်နဲ့ ထင်ရှား ကျော်ကြား ပါတယ်။ ကျွန်တော်တို့ လူဖြစ်တဲ့ အချိန်မှာတော့ အသက်အရွယ် ကြီးရင့်ပြီဖြစ်လို့ အဘိုးက လက်သမားအလုပ် မလုပ်တော့ပါဘူး။ ဒါပေမဲ့ ရွာပတ်ပတ်လည်မှာ ပြောင်း၊ နှမ်း၊ ငရုတ်နဲ့ ဝါ စိုက်လို့ရတဲ့ ယာကွက်တွေ တော်တော်များများ ရှိပါတယ်။

နောက် ကိုယ်ပိုင် သရက်တောတွေ၊ မန်ကျည်းတောတွေ ရှိပါတယ်။ ယာတွေကို ကိုယ်တိုင် မလုပ် နိုင်တော့ သူရင်းငှားနဲ့ လုပ်ရပါတယ်။ ကျွန်တော်တို့ မိသားစုနဲ့ အမြဲနေတဲ့ သူရင်းငှားကတော့ ဦးလှခင်ကြီး ဖြစ်ပါတယ်။ သူက အသားညိုညို၊ ဆံပင် မထားပါဘူး။ အမြဲ ကတုံးနဲ့ပါ။ ရှေ့သွား နှစ်ချောင်းလောက်က လည်း ကျိုးနေပါပြီ။ ကျွန်တော်တို့ ကလေးတွေကိုလည်း အနွံအတာ ခံပါတယ်။

နှမ်း၊ ပြောင်း၊ ငရုတ်ခင်းတွေနဲ့ ပတ်သက်ရင်တော့ ကျွန်တော်တို့ကို အဲဒီ အခင်းတွေထဲ သွားခွင့် မပြုပါ။ ဒါပေမဲ့ ဝါခင်းတွေကျတော့ ကျွန်တော်တို့ ကိုယ်တိုင် ဝါကောက်ခဲ့ရပါတယ်။ အမှန်ကတော့ ဝါခူးတာပါ။ အရပ်အခေါ်က ဝါကောက်တယ်လို့ ခေါ်ပါတယ်။ ဝါကောက်ချိန်ရောက်ရင် ကောက်မယ့် ဝါခင်းကို မနက် စောစော သွားပြီး ကိုလှခင်က ဝါးလုံးတွေနဲ့ မြွေကြီးကို ပုတ်ပြီး မြွေခြောက် ရပါတယ်။ ဝါခင်းတွေမှာ မြွေတွေ တွေ့ရလေ့ရှိလို့ပါ။ ဝါကောက်တယ် ဆိုတာနဲ့ ကျွန်တော်က လွယ်အိတ် နှစ်လုံးကို စလွယ်သိုင်းပါတယ်။ ဘယ်တစ်လုံး၊ ညာတစ်လုံးပေါ့။ ဖြူမှည့်နေတဲ့ ဝါတွေ တစ်ရုံပြီး တစ်ခု ခူးပြီး လွယ်အိတ်ထဲ ထည့်ရပါတယ်။

တစ်မနက်လောက် ကောက်ရင် လွယ်အိတ် နှစ်လုံး ပြည့်ပါတယ်။ လွယ်အိတ် နှစ်လုံး ပြည့်ရင် အမေက ဝါကောက်ခ ပိုက်ဆံ တစ်မတ် ပေးပါတယ်။ အဲဒီခေတ်က ငွေအသုံးအနှုန်းဟာ တစ်ပဲ၊ တစ်မူး၊ တစ်မတ်၊ ငါးမူး၊ တစ်ကျပ် ဖြစ်ပါတယ်။ တစ်ကျပ်မှာ ၁၆ ပဲ သို့မဟုတ် ရှစ်မူး သို့မဟုတ် လေးမတ်နဲ့ နှစ်ငါးမူးလို့ တွက်ရပါတယ်။ နောက်ပိုင်း ငါးပြား၊ ဆယ်ပြားခေတ်ကတော့ လွတ်လပ်ရေး ရပြီး ဦးနု အစိုးရ လက်ထက်ကျမှ ပြောင်းလိုက်တာပါ။

ကျွန်တော်တို့ မြို့ကိုပြောင်းတော့ အဲဒီ ယာတွေ၊ သရက်တော၊ မန်ကျည်းတောတွေကို အမျိုးတွေ သီးစား ပြန်ချတာလား၊ အလကား ပေးတာလားတော့ မသိပါ။ သီးနှံ ထွက်ချိန်တွေမှာတော့ ငရုတ်တို့၊ နှမ်းဆီ

တို့လိုဟာမျိုးတော့ ရွာက အမျိုးတွေက အိမ်ကို နှစ်စဉ် လာပေးလေ့ရှိပါတယ်။ သရက်သီး သီးချိန် ဆိုရင်လည်း တောင်းလိုက် လာပို့တာ တွေ့ဖူးခဲ့ပါတယ်။ နောက်ပိုင်းကျတော့ အဲဒီ အမျိုးတွေ ဘာသီးနှံမှ အိမ်ကို လာပို့တာ မတွေ့ရတော့ပါဘူး။ သူတို့ကို အပိုင်ပေးလိုက်သလား၊ ရောင်းလိုက်သလား ဆိုတာတော့ကျွန်တော် မစပ်စုမိပါဘူး။

## အမေရဲ့ ငှက်မြီးရှည်ကြီး

အမေ ငယ်ငယ်ကလည်း အလယ်ရွာမှာ သူတို့ရဲ့ ဝါခင်းတွေမှာ ဝါကောက်ဖူးပါသတဲ့။ သူ ခဏ ခဏ ပြန်ပြောဖူးပါတယ်။ သူ ငယ်ငယ်က ဘယ်လောက် လျှမ်းသလဲဆိုတဲ့ အဖြစ်အပျက် တစ်ခု ရှိခဲ့ပါတယ်။ အဖေနဲ့ အိမ်ထောင်မကျမီ တစ်နှစ်ကပေါ့။ အမေနဲ့ ရွယ်တူ သူငယ်ချင်းတွေ ဝါကောက်ဖို့ ရွာပြင်က ဝါခင်းတွေကို သွားကြပါတယ်။ ဝါခင်းလည်း ရောက်ရော အမေက ဝါပင်တွေကြားမှာ ငှက်တစ်ကောင် မြေကြီးမှာ ဝပ်နေ တာကို မြင်လိုက်ရပါတယ်။ ပြီးတော့ တစ်ဆက်တည်း အဲဒီ ငှက်နောက်မှာ အမြည်းရှည် တစ်ခုကိုလည်း တွေ့လိုက်ရပါသတဲ့။ တကယ်တော့ ငှက်ကို မြွေက မျိုနေတာပါ။

အဲဒါ သူက မျက်စိ လျှမ်းပြီး ငှက်ကို လက်နဲ့ ကောက်ကိုင်လိုက်ပြီး သူငယ်ချင်းတွေကို လှမ်း အော်ပြောလိုက်ပါတယ်။ "ဟဲ့ ကောင်မတွေ၊ ဒီမှာ ငှက်မြီးရှည်ကြီး။ ငှက်မြီးရှည်ကြီး" ဆိုပြီး လှမ်းပြ လိုက်ပါတယ်။ အဲဒီမှာ သူ့ရဲ့ သူငယ်ချင်းမတွေက "ဟဲ့ အဲဒါ မြွေကြီးဟဲ့၊ မြွေကြီးဟဲ့" လို့ အော်ပြောမှ သူ အလန့်တကြား လွှတ်ချလိုက်တဲ့အခါ ငှက်က မြွေပါးစပ်က လွတ်ပြီး ပျံသွားပါတယ်။ မြွေကတော့ ထုံးစံအတိုင်း တစ်ယောက်တစ်ချက်နဲ့ ကိစ္စချောသွားတော့တာပေါ့။ အဲဒါက အမေရဲ့ ငှက်မြီးရှည် ဇာတ်လမ်းပါပဲ။

## ဝါလုပ်ငန်း

ကျွန်တော်တို့မှာ ဝါခင်းတွေ ရှိသလို ဝါကောက်တဲ့ ကာလဆိုရင် အိမ်နောက်ဖေးက ကျီမှာ ဝါတွေ ပြည့်လု နီးပါးပါ။ "ကျီ" ဆိုတာက ကျွန်တော်တို့ ဘောသဘာဝ အခေါ်အဝေါ်ပါ။ ကိုယ့်လယ်ယာက ထွက်တဲ့ ပေါ်း၊ နှမ်း၊ ဝါတို့ကို သိုလှောင်တဲ့ နေရာပါ။ စုခေတ်တော့ ဘယ်လို ခေါ်ကြလည်း မသိတော့ပါဘူး။ ကျွန်တော်တို့ ကလေးတွေ အတွက်တော့ ဒိုင်ဗင်ထိုး ဆော့စရာ နေရာတစ်ခုပေါ့။

အဲဒီ ဝါတွေကို လက်နဲ့ ကြိတ်ရတဲ့ မြင်းလုံး နှစ်လုံး ပါတဲ့ ကြိတ်စက်သဘောမျိုးထဲထည့်ပြီး ဝါစေ့နဲ့ ဝါကို ခွဲရပါတယ်။ ဝါခွဲပြီးတဲ့အခါကျရင် အဲဒီ ဝါတွေကို ဂွမ်းဖတ်လို့ ခေါ်ပါတယ်။ အဲဒီ ဂွမ်းဖတ်တွေကို အခန်းတစ်ခုထဲ လှောင်ထည့်ပြီး လေးခွတစ်ခုနဲ့ ဂွမ်းဖတ်တွေကို လောက်စာလုံး ပစ်သလို ပစ်ရပါတယ်။ ဒီအဆင့်ဟာ ဂွမ်းဖတ်တွေမှာ ပါတဲ့ ခဲ၊ သဲတို့ကို စင်အောင်လုပ်တာပါ။

သဲစင်တဲ့ ဂွမ်းဖတ်တွေကို စုပြီးတော့ "ဗိုင်းတောင့်" လုပ်ရပါတယ်။ ဗိုင်းတောင့်ဆိုတာက ငှက်ပျောသီး အရွယ်လောက်ရှိတဲ့ ဝါဂွမ်းတွေပါ။ အဲဒီလို ဗိုင်းတောင့်တွေရတော့ တောင်းတစ်ခုထဲမှာ ထည့်ပြီး ရစ်လုံးပါတဲ့ ထောက်လှည့်ခုံနဲ့ "ယက်ဖောက်" လုပ်ရပါတယ်။ ရက်ဖောက် ဆိုတာကတော့ ဗိုင်းတောင့်နဲ့ ရစ်နဲ့ တွေ့ပြီး ထွက်လာတဲ့ ချည်မျှင်တွေကို အလုံးဖွဲ့ရတာပါ။ ရက်ဖောက် အူကိုတော့ ချည်မေါင်ပင် အခြောက်တွေကို ဖြတ်ပြီး သုံးပါတယ်။

အဲဒီ ရက်ဖောက်တွေ ရပြီဆိုတော့မှ ရက်ဖောက်က ချည်မျှင်တွေကို စုပြီး ချည်ခင်ရအောင် လုပ်ရပါတယ်။ အဲဒီ ချည်ခင်တွေ ရပြီဆိုတော့ သူတို့ကို ထမင်းရည်နဲ့ စိမ်ရပါတယ်။ ချည်မျှင်သားတွေ မာသွား

အောင်လို့ပါ။ (နှစ်ခေတ်ကျတော့ ချည်စက်တွေ ပေါ်လာတဲ့အခါ အသင့်ဖျော်ထားတဲ့ ကော်အကောင်းစားတွေနဲ့ စိမ်ရပါတယ်။ အခြောက်ခံလို့ ရတဲ့ ချည်မျှင်တွေဟာ မာသွားပါတယ်။ ဒါကို မာစရိုက် လုပ်တယ်လို့ ဆိုကြပါတယ်။) အဲဒီချည်ခင်တွေ များများ ရလာတဲ့အခါမှာ ကိုယ်လိုတဲ့ အရောင်တွေ ဆိုးပါတယ်။ ပြီးမှ ဘာရက်မလဲ၊ စောင်လား၊ လုံချည်လား၊ ဘယ်လို အရောင်နဲ့ ရက်မှာလဲ စတဲ့ကိစ္စတွေကို အမေက မနတို့ မလှသင်တို့နဲ့ ခေါင်းချင်းဆိုင် တိုင်ပင်ကြတာကို ခဏ ခဏ မြင်တွေ့ခဲ့ဖူးပါတယ်။

အိမ်အောက်ထပ်မှာ ရက်ကန်းစင် နှစ်စင် ရှိပါတယ်။ အဲဒီစင်တွေမှာ မနတို့ မလှသင်တို့ ရက်ကန်းတွေ ရက်နေကြပါ။ အဲဒီလို ရက်တဲ့အခါမှာ နှုန်းကတော့ သုံးပုံ တစ်ပုံနှုန်းပါ။ သုံးထည် ရရင် တစ်ထည်က ရက်တဲ့လူက ယူပေါ့။ ဒီလို အိမ်ဖြစ် အထည်တွေကြောင့် ကျွန်တော်တို့ ငယ်ငယ် ကတည်းက နှစ်နံ့စပ် လုံချည်တွေ ဝတ်ခဲ့ရဖူးပါတယ်။ သဘောကတော့ ကျွန်တော်တို့ မိသားစုတွေဟာ ဟိုခေတ်က ဝါကနေ အထည်ဲ ဖြစ်တဲ့အထိ အဆင့်အားလုံးကို ဖြတ်ကျော်ခဲ့ရတယ်ဆိုတဲ့ သဘောပါ။

## အခါကြီး ရက်ကြီး ရွာခလေ့

ကျွန်တော်တို့ ရွာနဲ့ အနီးပတ်ဝန်းကျင် ရွာတွေမှာ နှစ်စဉ် ဆောင်ရွက်နေကျ လုပ်ငန်းစဉ် တစ်ခု ရှိပါတယ်။ အဲဒါကတော့ ဝါဝင် ဝါထွက်မှာ မုန့်မျိုးစုံနဲ့ ဘုန်းတော်ကြီးတွေကို ပူဇော်တဲ့ ဓလေ့ပါ။ ဝါမဝင်မီနဲ့ ဝါမကျွတ်မီ သုံး-လေးရက်လောက် အလိုမှာ တစ်ရွာလုံးလိုလိုက ရွာပြင်မှာရှိတဲ့ မန်းကျီးတော၊ သရက်တောတွေကို ထွက်ပြီး အကြော်မျိုးစုံ ကြော်ကြတာပါ။

ကျွန်တော်တို့ ကလေးတွေကတော့ အိုးသယ် ခွက်သယ်ပေါ့။ အဲဒီလို မထွက်ခင် တစ်ရက်မှာ လိုအပ်တဲ့ ဆန်မှုန့်နဲ့ ထန်းလျက် အရည်တွေကို ကြိုတင် ပြင်ဆင်ရပါတယ်။ ဘူးသီးတွေကိုတော့ ကြော်မယ့်နေ့ မနက် ကျမှ လှီးကြရတာပါ။ ဆန်မှုန့်နဲ့ ထန်းလျက်ရည်ကိုလည်း ကြော်ခါနီးမှ ရောသမ မွှေရတာပါ။

မန်ကျီးတောထဲမှာပဲ အိမ်က အသင့်ယူလာတဲ့ အုတ်ခဲတွေနဲ့ ဖိုခနောက်လုပ်တယ်။ ဒယ်အိုးတွေ ဆေးကြောပြီး ကြော်ဖို့ အသင့် ပြင်ဆင်ရတာပါ။ ပြီးမှ အမေ ခေါင်းဆောင်ပြီး ဘူးသီးကြော်၊ ဘရာကြော်၊ ပဲကြော်၊ ရေမုန့် စတဲ့ အကြော်မျိုးစုံကို ကြော်ရတာပါ။ အလားတူပဲ ရွာထဲက တခြား မိသားစုတွေကလည်း သူတို့ သန်ရာ သန်ရာ အကြော်မျိုးစုံကို ဟိုနား တစ်ဖို ဒီနား တစ်ဖိုနဲ့ တောလုံးပြည့်ပေါ့။ ကျွန်တော်တို့ ကလေးတွေကတော့ သစ်ပင်ပေါ် တက်လိုက်၊ ဆော့လိုက်၊ ဟိုဖို ဒီဖိုက အကြော်တွေ မြည်းကြည့်လိုက်နဲ့ နေ့တစ်ဝက် ကုန်မှ လုပ်ငန်းတွေ အကုန်ပြီးကြတာပါ။

လပြည့်နေ့ကျတော့ တစ်ရွာလုံးလိုလို ဘုန်းကြီးကျောင်းကို သွားပြီး ဝါဆိုမယ့် သံဃာတော်တွေကို ဝါမဆိုမီ ပူဇော် ကန်တော့ကြပါတယ်။ ဒီဓလေ့ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၇၀ ကျော်က ကျွန်တော် နှစ်စဉ်လိုလို ကြုံခဲ့တာပါ။ နောက်ပိုင်းမှာတော့ ရွာမှာ ကျောင်းထိုင်ဘုန်းကြီးလည်း မရှိ၊ အခန်းနေ သံဃာလည်း မရှိနဲ့ ခဏ ခဏ ဖြစ်လို့ မြို့ပေါ်ကကျောင်းတွေကို ချဉ်းကပ်ပြီး ရရာ သံဃာကို ပင့်လို့ ရွာက ကျောင်းမှာ ကျောင်းထိုင် အဖြစ် အပ်နှင်းပြီး နေကြတယ်လို့ သိရပါတယ်။ အထက်မှာ ရေးပြခဲ့တဲ့ ဝါဝင် ဝါထွက် မုန့်မျိုးစုံနဲ့ ကန်တော့တဲ့ ဓလေ့ အခုထိ ရှိ မရှိတော့ ကျွန်တော် မေးမကြည့်မိပါဘူး။

အလားတူပဲ အခါကြီး ရက်ကြီးတွေ နီးတဲ့အခါမှာ ရွာအပြင်ကို ထွက်ပြီးတော့ အကြော်တွေ ကြော်တဲ့ ဓလေ့ဟာလည်း ခုထိ ရှိသေးသလား ဆိုတာ မမေးမိပါဘူး။ တကယ်တော့ ကျွန်တော်တို့ ငယ်စဉ်က အဲဒီလို

တာနဲ့ ကျွန်တော့်ကို လာခေါ်ပါတယ်။ အချုပ်ခန်းက ထွက်တာနဲ့ လက်နှစ်ဖက်ကို နောက်ဖက်မှာ လက်ထိပ် ခတ်ပါတယ်။

စစ်ကြောရေးအခန်းကို ရောက်တာနဲ့ အဲဒီမှာ ရောက်နေနှင့်တဲ့ ပုဂ္ဂိုလ်က စကားရိုင်းရိုင်းနဲ့ စပါတော့တယ်။ "မင်းကိုယ်မင်း လည်လှပြီ အောက်မေ့ပြီး၊ တို့ကို ပတ်တီးချမလို့ လုပ်နေတာပေါ့လေ၊ ကဲ ပြော၊ စိုးမြတ်သူနဲ့ မင်းနဲ့ ဘယ်လို ပတ်သက်သလဲ" လို့ မေးပါတယ်။ ကျွန်တော် အတွေးရခက်သွားပါတယ်။ စိုးမြတ်သူဆိုတဲ့ ကလေးနဲ့ ကျွန်တော် တစ်ခါမှ စကားမပြောဘူးပါ။ သုံးရောင်ခြယ် အဖွဲ့သား တစ်ယောက် ဖြစ်တဲ့ မိုးမြတ်သူရဲ့ အစ်ကိုလို့တော့ သိထားပါတယ်။

မိုးမြတ်သူက အသားညိုပြီး စိုးမြတ်သူက အသားဖြူပါတယ်။ မိုးမြတ်သူက ဒေါ်စု ခရီးစဉ်တွေမှာ လိုက်ပါဖူးတော့ တရင်းတနှီး ရှိပါတယ်။ စိုးမြတ်သူကတော့ ခရီးစဉ် တစ်ခါမှ မလိုက်ဘူးပါ။ ကျွန်တော် ဒေါ်စုခြံ ဝင်တိုင်း၊ ထွက်တိုင်း ဂိတ်ဝမှာ စိုးမြတ်သူကို တွေ့နေကျပါ။ သူနဲ့ ကျွန်တော် ပြုံးပြရုံ၊ နှုတ်ဆက်ရုံ အဆင့်ပဲ ရှိပါတယ်။ ပြီးတော့ စိုးမြတ်သူက ကျန်းမာရေး မကောင်းလို့ NLD ဆရာဝန်တွေက သူ့ကို ကုပေးနေတာပါ။

ကျွန်တော်က စိုးမြတ်သူအကြောင်း သိသမျှ ပြောတဲ့အခါ သူက မကျေနပ်ပါ။ ကျွန်တော်နဲ့ စိုးမြတ်သူ ခင်မင်တဲ့ အဆင့်မရှိဘူး ဆိုတာ သူက လုံးဝ လက်မခံပါ။ ဒေါ်စုခြံထဲက လူတွေ အားလုံး ဖမ်းပြီး ထောင်ထဲ ပို့တော့ သူပါလာတယ် ထင်ပါတယ်။ အဲဒါတွေ ပြောရင်းနဲ့ သူက ဒေါသူပြီး "အောင်ဆန်းစုကြည်ရဲ့ နိုင်ငံခြား အဆက်အသွယ်တွေကို သိသမျှ ပြော၊ မပြောရင်တော့ မင်း နာပြီသာမှတ်" လို့ ကြိမ်းပါတယ်။

ကျွန်တော်က မသိကြောင်း၊ စိုးမြတ်သူနဲ့လည်း မခင်ကြောင်း ပြောတဲ့အခါ သူက စားပွဲကို လက်ဝါးနဲ့ ဖြန်းခနဲ ရိုက်ပြီး "ဒါဆို သိမယ်၊ ကဲ အခု မတ်တတ်ရပ်" ဆိုပြီး အမိန့်ပေးတဲ့အတွက် ကျွန်တော် မတ်တတ် ရပ်လိုက်ပါတယ်။ သူက ကုလားထိုင်ကို ဆွဲဖယ်ပြီးတော့ ကျွန်တော့်ကို ဆွဲခေါ်သွားပါတယ်။ နှစ်လှမ်း သုံး လှမ်းလောက် ရောက်တဲ့အခါ ရပ်ခိုင်းပြီး သံမံတလင်းပေါ်မှာ ဒူးထောက်ခိုင်းပါတယ်။ ကျွန်တော် ဒူးထောက် လိုက်ပါတယ်။ ခေါင်းက စွပ်ထားတဲ့ အဝတ်ကို မဖြုတ်သလို၊ လက်ထိပ်ကိုလည်း ဖြုတ်မပေးပါ။

ကျွန်တော် သိလိုက်ပါပြီ။ ကျွန်တော့်ကို လက်ဖျားနဲ့မှ မထိတဲ့နည်းနဲ့ နှိပ်စက်တော့မှာပါ။ ကျွန်တော် သံမံတလင်းပေါ် ဒူးထောက်ရတဲ့အခါမှာ သုံး-လေးမိနစ်လောက်အတွင်းမှာ ဒူးက ပူလာပါပြီ။ ကျွန်တော် ကြိတ်ပြီး ခံပါတယ်။ ဒူးက ပူလွန်းမက ပူတဲ့အခါ ခန္ဓာကိုယ်ကို ကြမ်းပြင်ပေါ်ကို ပစ်ချလိုက်တယ်။ ထောက် လှမ်းရေးက လူက ဆူပူ ကြိမ်းမောင်းပြီး ပြန်ထခိုင်းပါတယ်။ လက်ကို နောက်ပစ်ပြီး လက်ထိပ်ခတ်ထားတော့ ပြန်မထနိုင်ပါ။ သူက ခေါင်းစွပ်ပေါ်ကနေ ဆံပင်ကို ဆွဲပြီး ထူပေးပါတယ်။ ဒူးပြန်ထောက်ရပြန်ပါတယ်။ လေး-ငါးမိနစ်လောက် ကြာတဲ့အခါ တစ်ကိုယ်လုံး ကြမ်းပေါ် ပစ်လှဲရပြန်ပါတယ်။ သူကလည်း ဆံပင်ဆွဲပြီး ထခိုင်း ပြန်ပါတယ်။

အကြိမ် ဘယ်လောက်လဲ ဆိုတာ ကျွန်တော် မမှတ်နိုင်တော့ပါဘူး။ ဒူးထောက်လို့ ပင်ပမ်းတဲ့ အင်္ကျီ ကြောင့် တစ်ကိုယ်လုံးဟာ ချွေးတွေနဲ့ ရွှဲနေပါပြီ။ ချွေးတွေဟာ ရုပ်အင်္ကျီက ကျော်ပြီး တိုက်ပုံ အင်္ကျီ အထိ စိုရွှဲနေပါပြီ။ စရောက်ကတည်းက ရေမချိုးရတဲ့အတွက် တစ်ကိုယ်လုံးလည်း နံဟောင်နေပါပြီ။ ကျွန်တော့် အထင် ညစနစ်နာရီလောက်က စခဲ့တဲ့ ဒူးထောက်ရတဲ့ အဖြစ်ဟာ ည ၁၂ နာရီလောက်အထိ မရပ်သေးပါ။ (သူတို့ ကင်းက နာရီ သံချောင်းခေါက်တဲ့ အတွက် အချိန်ကို သိနေပါတယ်။)

တင်ပြနိုင်ခဲ့လို့ သူတို့ကို အပြစ်ပေးပုံဟာ နှစ်ခါ ဖြစ်တဲ့အတွက် တရားမမျှတဘူး ဆိုပြီး စစ်တက္ကသိုလ်ကို ပြန်ပို့လိုက်ပါတယ်။ နှစ်ခါ အပြစ်ပေးတယ် ဆိုတာက အချုပ်မှာ လေးပတ်ခံရတဲ့ အပြစ်နဲ့ လေ့ကျင့်ရေးတပ်ကို ရဲဘော်အဖြစ် ပို့ခံ ရတဲ့ ဒုတိယ အပြစ်၊ ဒါကို ဆိုလိုတာပါ။

ဒီလို ပြန်ပို့ခံရတော့ ကျောင်းအုပ်ကြီးဖြစ်တဲ့ ဗိုလ်မှူးကြီး အယ်လ်ခွန်နောင်းက မကျေနပ်ပါဘူး။ သူတို့ နောက်ဆုံးနှစ်ရောက်တော့မှ တခြား ဗိုလ်လောင်းတွေ အပြစ်ဖြစ်တာနဲ့ ရောပြီး ကျောင်းထုတ်ခံလိုက်ရတာပါ။ ကျောင်းဆင်းခါနီး သုံးရက်လောက်အလိုမှာ ဖြစ်တဲ့အတွက် တပ်ထဲမှာ တော်တော် ဂယက်ရိုက်သွားပါတယ်။ ဒါကို တပ်မတော် ဥပဒေ လုပ်ထုံးလုပ်နည်းအရ Admini- strative action လို့ ခေါ်ပါတယ်။ ဒီလို Admin action ဆိုရင် ဘာအယူခံမှ မရှိပါဘူးတဲ့။

မောင်ညိုနွဲ့က ကျောင်းထုတ်ခံရပေမဲ့ ကောင်းတဲ့ ကုသိုလ်ကံလေးက ဖေးမတော့ တက္ကသိုလ် ပြန်တက်ပါတယ်။ ဘွဲ့ရတော့ အား/ကာမှာ ခဏ ဝင်လုပ်ပါသေးတယ်။ နောက်ပိုင်းတော့ လမ်းစဉ် ပါတီ ဌာနချုပ်၊ အဲ့ဒီကမှ နိုင်ငံတော်ကောင်စီ၊ နောက်ဆုံးတော့ ရွေးကောက်ပွဲ ကော်မရှင်မှာ ဒုညွှန်ချုပ်အဖြစ်နဲ့ အနားယူလိုက်ပါတယ်။ တကယ်တော့ ညွှန်ချုပ်ဖြစ်ရမှာပါ။ တကယ် အလုပ် လုပ်ရတာကတော့ ညွှန်ချုပ် အလုပ်ပါ။ ဒါပေမဲ့ ကျွန်တော့်ညီမို့လို့ သူ့ကို ညွှန်ချုပ်မပေးဘဲနဲ့ ဒုညွှန်ချုပ် အနေနဲ့ပဲ ထစ်ထားတာပါ။

## ကလေးဘဝ ကျွန်တော့် ရန်ပွဲ

ကျွန်တော်ကတော့ ရန်ဖြစ်လေ့ဖြစ်ထ မရှိပါ။ ခန္ဓာကိုယ်ကလည်း မထွားတော့ ညိုနွဲ့လို ရန်ပွဲ သိပ်မများပါဘူး။ ဒါပေမဲ့ ချော်တောငေ့ါ်ပြီး ရန်ပွဲတစ်ခု ဖြစ်ခဲ့တာကိုတော့ မှတ်မိနေပါသေးတယ်။ ဖြစ်တာက ဖိုးတုတ်နဲ့ပါ။ ရွာမှာ ကျွန်တော်တို့ တစ်အိမ်ကျော်မှာ ဦးဖိုးထွန်းတို့ မိသားစု ရှိပါတယ်။ တောင်သူအလုပ်နဲ့ အသက်မွေးတာပါ။ သူ့မှာ ဖိုးတုတ်၊ ဖိုးကျော်နဲ့ ဝိုင်းကြည် ဆိုတဲ့ ကောင်မလေးတို့ ရှိပါတယ်။ ဖိုးတုတ်က ကျွန်တော်နဲ့ ရွယ်တူ၊ ဒါပေမဲ့ လူကောင်ထွားပါတယ်။

ကျောင်းပိတ်ရက် တစ်နေ့မှာ သူတို့ ညီအစ်ကိုနဲ့ ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက် လောက်စာလုံးကြေး ဒိုးပစ်ကြပါတယ်။ ဒိုးပစ်တိုင်း ဖိုးတုတ်က စည်းခိုးပါတယ်။ စည်းခိုးတယ် ဆိုတာက ဒိုးပစ်ရမယ့် စည်းကို နောက်ကနေ မပစ်ပဲ စည်းကို ရှေ့ကျော်ပြီး ပစ်တာပါ။ သူ့ကို "ဟေ့ကောင် စည်းမခိုးနဲ့" လို့ ခဏ ခဏ ပြော ပေမဲ့ ဒီကောင်က မရပါဘူး။ နောက်ဆုံးတစ်ခါ ပြောတော့ "စည်းခိုးတော့ ဘာဖြစ်လဲ" ဆိုပြီး ကျွန်တော့်ကို စိန်ခေါ်ပါတယ်။ အဲဒီတော့ ကျွန်တော်နဲ့ သူနဲ့ ယှဉ်ရပ်ပြီးတော့ ရန်စောင်နေကြတာပေါ့။

## မောင်ညိုနွဲ့ တစ်ချိုးတည်း လစ်ပြီ

သူက သူ့ညီ ဖိုးကျော်ကို "လှည်းထမ်းပိုး သွားဖြုတ်ချေ" လို့ ခိုင်းလိုက်တော့ ဟိုကောင် ထွက်သွားပါတယ်။ ကျွန်တော်က အမေ ဝယ်ပေးထားတဲ့ သားရေဖိနပ်လေး ချွတ်ပြီး လက်နှစ်ဖက်နှင့် ကိုင်ထားပါတယ်။ ကျွန်တော်က ညိုနွဲ့ကို "မင်း ပြန်တော့" လို့ ပြောတဲ့အခါ သူက တစ်ခါတည်း ပြန်သွားပါလေရော့ဗျာ။ ကျွန်တော်လည်း အံ့အားသင့်သွားတယ်။

သူ ထွက်သွားတဲ့အချိန်မှာ ဖိုးကျော်ကလည်း လှည်းထမ်းပိုး ယူလာပါပြီ။ ဖိုးတုတ်နဲ့ ကျွန်တော်နဲ့ ယှဉ်ရပ်နေတာတောင် ကျွန်တော်က သူ့နားရွက်လောက်ပဲ မှီပါတယ်။ ကျွန်တော်လည်း ရုတ်တရက် အကြံ ပေါက်ပြီး ဖိုးတုတ်ကို ဖိနပ်နဲ့ သုံး-လေးချက်လောက် ခပ်မြန်မြန်ရိုက် ပြီးတော့ ထွက်ပြေးရပါတော့တယ်။

ပြီးတော့ ပါးစပ်ကလည်း အော်ပါသေးတယ် "ငါ့ကြောက်လို့ ထွက်ပြေး ဘကြီးအိမ်က ချီးစားခွေး"။ အဲဒါကတော့ ကျွန်တော့်ရဲ့ အမှတ်တရ ရန်ပွဲတစ်ခုပေါ့။ နောက်ကြတော့လည်း ကလေးတွေမို့လား၊ ပြန်ဆုံတဲ့အခါမှာ ဘာမှုမဖြစ်သလို မေးထူး ခေါ်ပြော ပြန်လုပ်ကြရတာပေါ့။

ကျွန်တော် လွှတ်တော် ကိုယ်စားလှယ် ဖြစ်တော့ ရွာကို ပြန်ရောက်ပါတယ်။ ဖိုးတုတ်ရော၊ ဖိုးကျုတ်ရော မရှိကြတော့ပါဘူး။ သူတို့ သားသမီး၊ မြေးတွေနဲ့တော့ တွေ့ရပါတယ်။ ရွာက အိမ်ခြေ သိပ်မများပေမဲ့လည်း သီးနံ့တွေ အောင်တာများလို့ အိမ်အများစုက သွပ်မိုး ဖြစ်နေကြပါပြီ။ အချို့ အိမ်တွေက အုတ်စီတွင်းတွေနဲ့၊ အုတ်ကန်တွေနဲ့ ဖြစ်နေပါပြီ။ တီဗွီ အပေါ်စက်၊ အောက်စက် ရှိတဲ့ အိမ်တွေနဲ့ ကားပိုင် ရှိတဲ့သူတွေတောင် ပေါ်နေပါပြီ။

လွန်ခဲ့တဲ့ ငါးလလောက်က ကျွန်တော်နဲ့ မန္တလေးတိုင်း ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်ရဲ့ အကူအပံ့နဲ့ တစ်ရွာလုံး လျှပ်စစ်မီး ရနေပါပြီ။ ၂၀၁၇ ခုနှစ် နှစ်ဦးပိုင်းမှာပါပဲ။ အဖေ့ရွာ ဆည်ကုန်းနဲ့ အမျိုးတွေရဲ့ ရွာ ကြာကန်တို့မှာ တစ်နေ့တည်း၊ တစ်ပြိုင်တည်း လျှပ်စစ်မီး ရအောင်လုပ်ပေးနိုင်ခဲ့ပါပြီ။

## ကျွန်တော် မြို့သားဖြစ်ပြီ

လေးတန်း အောင်တာနဲ့ အမေဘက်က အဘိုး၊ အဘွားတွေ နေတဲ့ အရှေ့ပြင် ရပ်ကွက်မှာ နေရပါတယ်။ ဇနပုဒ်က လာတဲ့သူ ဆိုတော့ မိတ္ထီလာမြို့ဟာ အင်မတန် ကြီးကျယ်လှရှည့်ပေါ့။ အဘိုး အဘွား အိမ်မှာ နေရတာဟာ အင်မတန် လွတ်လပ်ပါတယ်။ အဘိုးနဲ့ အဘွားပြီးရင် ဒွေးညွန့်၊ ဦးငြိမ်းနဲ့ ဦးသန်းတို့ပဲ ရှိပါတယ်။ ဦးငြိမ်းက မက်ထရစ် ရောက်နေပါပြီ။ ဦးသန်းကတော့ ရှစ်တန်းပါ။ ဒွေးညွန့်ကတော့ အဘိုး ဦးအောင်ဒင်နဲ့ အတူ မိတ္ထီလာဈေးကြီးထဲမှာ အထည်အလိပ်တွေ ရောင်းပါ တယ်။

မိတ္ထီလာ ရောက်ရောက်ချင်း ဦးသန်းက ကျွန်တော့်ကို မြို့သားတွေရဲ့ တတ်အပ်တယ်လို့ ယူဆရမယ့် ပညာမျိုး သင်ပါတယ်။ ကျွန်တော် မြို့ရောက်လို့ နောက်တစ်နေ့မှာ အမေစောဆီက ဦးသန်းက ဆယ်တန် တစ်ရွက် တောင်းပါတယ်။ ပြီးမှ ကျွန်တော့်ကို "လာလိုက်ခဲ့" လို့ ခေါ်ပြီး ဘူတာဘက်မှာ ရှိတဲ့ ကုလားဆိုင်တွေ ဘက်ကို သွားပါတယ်။ မလိုင်မုန့် မျိုးစုံ ရောင်းတဲ့ ဆိုင်ကို ဝင်ပြီး ဈေးရောင်းတဲ့ ကုလားကို "မလိုင် နှစ်ခုပေး" ဆိုပြီး ဝယ်ပါတယ်။ ကုလားလေးကို ဆယ်တန် ပေးလိုက်တော့ သူ့မှာ အကြွေ မရှိပါဘူး။

မလိုင်တစ်ခု တစ်မတ်ဆိုတော့ နှစ်ခုဆိုတော့ ငါးမူးပါ၊ ဒါနဲ့ ကုလားလေးက အကြွေလဲဖို့ အတွင်းဘက် ကို ဝင်သွားပါတယ်။ ကုလားလည်း အထဲဝင်သွားရော ဦးသန်းက ဗန်းထဲက မလိုင် နှစ်လုံး သုံးလုံးကို ဖြတ်ခနဲ ချပြီး သူ့အိတ်ကပ်ထဲ ထည့်လိုက်ပါတယ်။ ကျွန်တော်က တောသားမို့ လန့်သွားတာပေါ့။ ကုလားလေးက ကိုးကျုပ်ခွဲ ပြန်အမ်းတဲ့အခါမှာ ဦးသန်းက ခပ်တည်တည်နဲ့ ပြန်ထွက်လာပါတယ်။ ဦးသန်းက "တွေ့လား၊ မြို့မှာ အဲဒီလို လျင်ရတယ်ကွ" လို့ ပြောပါတယ်။

အဲဒီက ပြီးတော့ "ထိမ်ယွန်း စတိုး" ကို သွားပါတယ်။ စတိုးဆိုင်က တော်တော်ကျယ်ပါတယ်။ ကောင်တာ ရှစ်ခုလောက် ရှိမယ်ထင်ပါတယ်။ ဦးသန်းက ကောင်တာတစ်ခုကို ဝင်လိုက်ပါတယ်။ ပြီးတော့ လက်ကိုင်ပဝါ တစ်ကတ်ကို ထုတ်ပြခိုင်းပါတယ်။ အဲဒီ လက်ကိုင်ပဝါတွေကို လှန်လှောပြီးတော့ ရွေးသလို ထုပ်နေပါတယ်၊ နောက်ပြီးတော့ ရေမွှေးတွေ ပြပါဦးလို့ ပြောတော့ ကောင်တာက တရုတ်က ရေမွှေး နှစ်မျိုး သုံးမျိုးလောက် ထုတ်ပြပါတယ်။ ရေမွှေးတွေလည်း ဖွင့်ပြီးတော့ သူ့အကျႌ ဆွတ်လိုက် ကျွန်တော့် အကျႌ

ဆွတ်လိုက် လုပ်ပါတယ်။ ပြီးတော့မှ လက်ကိုင်ပဝါ နှစ်ထည် ဝယ်မယ်ဆိုပြီး ပြောလိုက်ပါတယ်။ လက်ကိုင်ပဝါ နှစ်ထည်ဖိုး ပေးပြီး ကျွန်တော်တို့ ပြန်ထွက်လာကြပါတယ်။

ဆိုင်နဲ့ ခပ်လှမ်းလှမ်း ရောက်တော့ ဦးသန်းက သူ့အိတ်ကပ်ထဲ ထည့်လာတဲ့ ရေမွှေးပုလင်းလေးကို ထုတ်ပြပါတယ်။ ပုလင်းက အပြာလေးပါ။ ကျွန်တော် ကောင်းကောင်း မှတ်မိပါတယ်။ ရေမွှေးပုလင်း နာမည်က "Evening-in-Paris" ပါ။ အဲဒီ ပုလင်းလေးကိုလည်း ကောင်တာက ဈေးရောင်းတဲ့လူ အလစ်မှာ ကောက်ထည့်လိုက်တာ ဖြစ်ပါမယ်။ ကျွန်တော်တောင် မမြင်လိုက်ရပါဘူး။ ဦးသန်းကတော့ သူများပစ္စည်းကို ရလို မှုထက် တောသားဖြစ်တဲ့ ကျွန်တော့်ကို လူရည်လည်အောင် သူ့နည်းသူ့ဟန်နဲ့ ပညာပေးလိုက်တာပါ။

## ဗီဇနဲ့ ပတ်ဝန်းကျင်

ကျွန်တော် အသက်အရွယ်ရလို့ စာတွေ ဖတ်တဲ့အခါမှာ လူတစ်ယောက်ရဲ့ အကျင့်စရိုက်ကို "ဗီဇ" နဲ့ "ပတ်ဝန်းကျင်" တို့က လွှမ်းမိုးတယ် ဆိုပြီး တွေ့မိပါတယ်။ ဦးသန်းက အထက်မှာ ရေးခဲ့တဲ့ နည်းတွေနဲ့ အလစ်သုတ်နည်းတွေ ကျွန်တော့်ကို လက်တွေ့ ပြခဲ့ပေမဲ့ ကျွန်တော် အတုမခိုးပါဘူး။ ဒါပေမဲ့ တစ်ခါတလေ ဈေးဝယ်လို့ ဆိုင်ရှင်ဘက်က လစ်ဟာမှုတွေနဲ့ ကြုံရင် ကျွန်တော့်လက်တွေ ယားလာတတ်ပါတယ်။ ဒီ့ထက် မပိုပါဘူး။

## ငယ်ငယ်က ကြုံတွေ့ခဲ့ရတဲ့ နိုင်ငံရေး ညစ်ပတ်မှု

ကျွန်တော် မြို့ရောက်တော့ ၁၁ နှစ်သား ရှိပါပြီ။ ၁၉၅၂ ခုနှစ်ကပေါ့။ ဘာနဲ့ တိုက်ဆိုင်နေသလဲ ဆိုတော့၊ လွတ်လပ်ရေး ရပြီး ပထမဆုံးအကြိမ် ကျင်းပမယ့် အထွေထွေ ရွေးကောက်ပွဲကြီးနဲ့ ကြုံရပါတယ်။ တကယ် တော့ ဒုတိယ အကြိမ်လို့ ခေါ်ရမှာပါ။ ပထမအကြိမ် ၁၉၄၇ ခုနှစ်က ကျင်းပခဲ့တာ ဆိုတော့ လွတ်လပ်ရေး မရမီ ကျင်းပတဲ့ ရွေးကောက်ပွဲပေါ့။

ကျွန်တော် မှတ်မိသမျှဆိုရင် ဆရာထီဟာ မိတ္ထီလာမြို့နယ်က လွှတ်တော် ကိုယ်စားလှယ် ဖြစ်ပါတယ်။ အဲဒီအချိန်မှာ သူက နာမည်ကြီးနေပါပြီ။ ဖ-ဆ-ပ-လက ဖွဲ့တဲ့ ပြူစောထီး ဆိုတဲ့ လက်နက်ကိုင် တပ်ဖွဲ့လည်း ရှိတယ်လို့ ကြားဖူးပါတယ်။ ခုခေတ်မှာ ပြူစောထီးတပ် ဆိုလို့ ကြားဖူးတဲ့လူ သိပ်မရှိတော့ပါဘူး။ ပြည်တွင်း သောင်းကျန်းသူတွေ အားကောင်းနေတဲ့ အခါမှာ လိုအပ်ချက်အရ စစ်ရဲတပ်ဖွဲ့တွေ ဖွဲ့ခဲ့တယ်၊ ရပ်ရွာ ကာကွယ်ရေး ဆိုတဲ့ အကြောင်းပြပြီး ဖ-ဆ-ပ-လ ပါတီက တိုက်ရိုက် ကွပ်ကဲတဲ့ ပြူစောထီးတပ်တွေ နိုင်ငံ အနှံ့အပြားမှာ ဖွဲ့ခဲ့ပါတယ်။

အလယ်ရွာမှာ ပြူစောထီး တပ်ဖွဲ့ တစ်ခု ရှိခဲ့ပါတယ်။ ခေါင်းဆောင်က ကိုမြတ်ထွန်းပါ။ ကိုမြတ်ထွန်း (ကွယ်လွန်) က အလယ်ရွာသား ဖြစ်ပြီး ကျွန်တော်တို့ရဲ့ ငယ်သူငယ်ချင်း ခင်ဦးနဲ့ ခင်စန်းရီတို့ရဲ့ အဖေပါ။ သူတို့ အင်အားပြတဲ့ အနေနဲ့ ကင်းလှည့်တဲ့ အခါ ကျွန်တော်တို့ရွာကို ဝင်လာလို့ တွေ့မိတာပါ။ အဲဒီတပ်တွေကို မိတ္ထီလာမှာ ဆရာထီက ကွပ်ကဲတယ်လို့ သိရပါတယ်။

ဆရာထီဟာ သာမန် လွှတ်တော် ကိုယ်စားလှယ် ဖြစ်သော်လည်း ပါတီ ခေါင်းဆောင်များက အလွန် အားကိုးရတဲ့ ပုဂ္ဂိုလ်လို့ သိရပါတယ်။ သူ့လို အခြား နာမည်ကြီးတဲ့ ပုဂ္ဂိုလ်တွေကတော့ လယ်ဝေး သခင် ကြည်ရှိန်၊ ပျဉ်းမနား ဗိုလ်တောက်ထိန်တို့ ဖြစ်ကြပါတယ်။ ဆရာထီက တွန်းတွန်းတိုက်တိုက် လုပ်လေ့ ရှိတယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ ကလေးတွေတောင်မှ ဆရာထီအကြောင်းကို လူကြီးတွေက ဝေဖန်

တာကို ကြားဖူးပါတယ်။ ဒီလို ဝေဖန်တာတွေကို ဆရာထီလည်း အထိုက်အလျောက် ကြားသိမယ် ထင်ပါတယ်။

## တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း သခင်ရွှေ

၁၉၅၂ ခုနှစ် အထွေထွေ ရွေးကောက်ပွဲမှာ ဆရာထီနဲ့ အပြိုင် အရွေးခံမယ့် တစ်သီးပုဂ္ဂလ အမတ်လောင်း သခင်ရွှေဆိုတာ ပေါ်ပေါက်ခဲ့ပါတယ်။ သခင်ရွှေနဲ့ ကျွန်တော်တို့အဘိုး အဘွားတွေဟာ တစ်ရပ်ကွက်တည်းပါ။ အဘိုး အဘွား အိမ်ကနေ လှမ်းကြည့်ရင် သူတို့အိမ်ကို မြင်နေရတာပါ။ လမ်းရဲ့ ထိပ်ဆုံးက အိမ်လည်း ဖြစ်ပါတယ်။

ဆရာရွှေတို့ မိသားစုက ယပ်တောင် လုပ်ငန်း လုပ်ပါတယ်။ "မြယပ်တောင်" လုပ်ငန်းနဲ့ အသက်မွေး ပါတယ်။ အခုထိ သူ့ သား၊ သမီး၊ မြေး၊ မြစ်တွေ လုပ်နေတုန်းပါ။ သူ့ရဲ့ တစ်ဦးတည်းသော သမီး "မြ" ရဲ့ နာမည်ကို သုံးထားတာပါ။

ရွေးကောက်ပွဲ ကာလ နီးလာပြီ ထင်ပါတယ်။ သခင်ရွှေတို့ လမ်းထောင့်မှာ လမ်းမီးတိုင် တစ်တိုင် ရှိပါတယ်။ တစ်ညမှာတော့ လူ သုံး-လေးယောက်က အရက်မူးတဲ့ ပုံစံမျိုးနဲ့ သခင်ရွှေကို နည်းမျိုးစုံနဲ့ ဆဲရေး တိုင်းထွာနေကြပါတယ်။ သခင်ရွှေ အိမ်ကတော့ ဘယ်လိုမှ တုန့်ပြန်တယ်လို့ မကြားရပါဘူး။ ဘယ်သူတွေလည်း ဆိုတာ မသိသော်လည်း ကျွန်တော့် ဦးလေးတွေကတော့ "ဒီကောင်တွေဟာ ဆရာထီ တပည့်တွေ ဖြစ်မှာပဲ" လို့ ကောက်ချက်ချကြပါတယ်။ သူတို့ဟာ နာရီဝက်၊ တစ်နာရီလောက် ဆဲဆိုပြီး ပြန်သွားကြပါတယ်။

နောက်တစ်နေ့ ညနေမှာ ပြန်လာကြပြန်ပါတယ်။ လမ်းပေါ်ကနေပြီး သခင်ရွှေကို နည်းမျိုးစုံနဲ့ ဆဲကြပါတယ်။ လမ်းမီးတိုင် ရှိတော့ ကျွန်တော်တို့ အိမ်က လှမ်းမြင်နေရပါတယ်။ သူတို့ ဆဲဆိုသံ တွေက တဖြည်းဖြည်း ဆိုးလာပါတယ်။ ခဏနေတော့ အဲဒီထဲက တစ်ယောက်က သခင်ရွှေရဲ့ အိမ်ဝင်းတံခါးကို ဆွဲပြီး ခြံတွင်းမက ပါးစပ်ကလည်း "မြရေ၊ မြရေ၊ အချစ်ကလေးရေ" စသဖြင့် သခင်ရွှေရဲ့ သမီးကို စော်ကားတဲ့ စကားတွေ ပါလာပါတယ်။ အဲဒီတုန်းက "မြ" အနေနဲ့ ရှိလှရင် ၁၃-၁၄ နှစ်လောက် ရှိမှာပါ။

အဲဒီလူက ဝင်းထရံကို ဆောင့်ဆွဲလိုက်၊ ခြေထောက်နဲ့ ကန်လိုက်၊ ပါးစပ်ကလည်း ဆဲလိုက် လုပ်နေပါတယ်။ ခဏနေတော့ သခင်ရွှေ အိမ်ဝင်းထဲက "ဒိုင်းခနဲ" သေနတ်သံ ကြားရပါတယ်။ တခါးကို ဆွဲဖွင့်ဖို့ ကြိုးစားနေတဲ့သူကလည်း နောက်ပြန် လဲကျသွားပါတယ်။ သေနပ်သံက တစ်ရပ်ကွက်လုံး ဟိန်းသွားအောင် ကျယ်ပါတယ်။ ဦးလေးတွေရဲ့စကားအရတော့ နစ်လုံးပြူးလို့ သိရပါ တယ်။ အဲဒီမှာ ကျန်တဲ့ကောင်တွေလည်း လဲနေတဲ့ သူတို့ အဖော်ကို မ,ခေါ်ပြီး ထွက်သွားကြပါတယ်။

ကျွန်တော်တို့လည်း စိတ်ဝင်တစားနဲ့ သခင်ရွှေ အိမ်ကို လှမ်းကြည့်တဲ့အခါ သခင်ရွှေဟာ လွယ်အိတ်တစ်လုံးနဲ့ ကမန်းကတန်း ထွက်သွားတာ တွေ့လိုက်ရပါတယ်။ နောက်မှ သိရတာက သခင်ရွှေဟာ သူ့ရဲ့ မွေးရပ်ဇာတိဖြစ်တဲ့ ရွာကို ပြန်သွားပါတယ်။ အဲဒီရွာကို ပြူစောထီးတစ်ဖွဲ့က လိုက်သွားပြီး သခင်ရွှေကို အသေ ပစ်သတ်ခဲ့တယ်လို့ ကြားသိရပါတယ်။ သုံးရက်လောက်ကြာတော့ သခင်ရွှေ့ အလောင်းကို သူ့အိမ်ကို ပြန်သယ်လာကြပါတယ်။ ရပ်ရွာထဲက ဆွေမျိုး မိတ်သင်္ဂဟတွေကလည်း အသုဘ လိုက်ပို့ကြပါတယ်။

အဲဒီတုန်းကတော့ ကျွန်တော်က ငယ်သေးလို့ ဖြစ်စဉ်တွေကို မှန်မှန်ကန်ကန် မသုံးသပ်နိုင်ခဲ့ပါဘူး။ ကြီးလာမှ ဆက်စပ် တွေးကြည့်တဲ့အခါ ရွေးကောက်ပွဲမှာ သခင်ရွှေဟာ လက်ရှိ ဆရာထီကို ယှဉ်ပြိုင်မယ့်အား ရှိတယ်လို့ မိတ္ထီလာမြို့ ဖ-ဆ-ပ-လ ခေါင်းဆောင်တွေက ခန့်မှန်းကြဟန်တူပါတယ်။ ဒါ့ကြောင့် ဆရာထီက

တိုက်ရိုက်နိုင်းတာလည်း ဖြစ်ကောင်းဖြစ်မယ်၊ သို့တည်းမဟုတ် ဆရာထီ တပည့်တချို့ရဲ့ "သခင် အားရ ကျွန် ပါး၀" ဆိုတဲ့အတိုင်း ခြေလွန်လက်လွန် လုပ်ခဲ့တာလို့ မြင်မိပါတယ်။

ဒီဖြစ်ရပ်ဟာ ဒီမိုကရေစီသက် နုနယ်တဲ့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးခရီးမှာ ဟိုတုန်းက ဖြစ်လေ့ဖြစ်ထ ရှိတဲ့ ဖြစ်စဉ်တစ်ခုပါ။ မိတ္ထီလာမှာ အတိုက်အခံ အားမကောင်းလို့ သခင်ရွှေ အကြောင်းကို အဲဒီတုန်းက လူတွေ သိပ်မသိကြပါဘူး။ "မြိတ် မပို အမှု" တို့၊ "လက်ပံတန်း ခြောက်လောင်းပြိုင် အမှု" တို့သာလျှင် ကျော်ကြားခဲ့တာပါ။ နိုင်ငံရေး ခရီးလမ်းကြောင်းမှာ အညစ်ညမ်းဆုံး၊ အယုတ်မာဆုံး နည်းနဲ့ ကိုယ့်ပြိုင်ဘက်ကို ရှင်းပစ်လိုက်တဲ့နည်းပါ။ ရွေးကောက်ပွဲကျမှ သူတင်ကိုယ်တင် ပြိုင်တဲ့နည်း ရှိပေမဲ့လည်း ဒါကို လုံး၀ အားမကိုးတဲ့ သဘောပေါ့။ နောင်လာနောက်သားတွေ နိုင်ငံရေး သင်ခန်းစာ ယူတတ်ကြဖို့ ဖြစ်ပါတယ်။

## အထက ၁ ကျောင်းသား

ကျွန်တော် ငါးတန်းတက်တော့ အထက ၁ နေရာဟာ အခု ဂျီအီးစီနဲ့ တိုက်အိမ်တွေရဲ့ နေရာမှာ ရှိပါတယ်။ အဆောက်အဦတွေကတော့ ထရံကာ၊ သက်ကယ်မိုး ဖြစ်ပါတယ်။ စာသင်ခန်း တစ်ခန်းနဲ့ တစ်ခန်း အလွန် နီးကပ်ပါတယ်။ ကျွန်တော် ခြောက်တန်းနှစ်မှာ အခု လက်ရှိ အထက ၁ အဆောက်အဦတွေ စဆောက်နေ ပါပြီ။

ကျွန်တော် ခုနစ်တန်းနှစ်မှာ အဲဒီ အဆောက်အဦ အသစ်တွေ ပြောင်းရပါတယ်။ "အီး" ပုံသဏ္ဍာန် အဆောက်အဦ နှစ်ခုပါ။ အလယ်မှာတော့ ဘောလုံးကွင်း ရှိပါတယ်။ ကျွန်တော် ရှစ်တန်း ရောက်တော့ တစ်မိသားစုလုံး ပေါက်ချောင်း ကွက်သစ်ကို ပြောင်းလာပါပြီ။ ဒီလိုနဲ့ ကျွန်တော် ၁၀ တန်း ရောက်လာပါပြီ။ ဦးသန်းနဲ့ ဦးငြိမ်းတို့ကိုလည်း မှီလာပါပြီ။

ကျွန်တော် မိတ္ထီလာ အထက ၁ မှာ ငါးတန်းကနေ ၁၀ တန်းအထိ နေခဲ့ရာမှာ စာကို ဟုတ်တိပတ်တိ ကျက်တယ်ရယ်လို့ မရှိခဲ့ဖူးပါဘူး။ အဘိုး အဘွား အိမ်မှာ နေစဉ်က ဦးလေးတွေကလည်း ဖောက်ချပြီး စာကျက်တာမျိုး မရှိခဲ့ပါဘူး။ မိဘ အိမ်မှာ နေရင်း ရှစ်တန်းနဲ့ ၁၀ တန်းတွေ ဖြတ်သန်းခဲ့တော့လည်း တလေးတစား စာကျက်တာမျိုး မရှိခဲ့ပါဘူး။ စာမေးပွဲနီးမှ ကျောင်းစာတွေကို တစ်ပတ် နှစ်ပတ်လောက် ကျက်တာနဲ့ အောင်ခဲ့တာချည့်ပါပဲ။ စာမေးပွဲ ကျတာမျိုးလည်း မရှိခဲ့ပါဘူး။

## လူပါး ပုလင်းထိ

ကျွန်တော် ရှစ်တန်းကျောင်းသား ဘ၀မှာပါ။ ကိုယ့်ကိုယ်ကိုယ် လူရည်လည်တယ်လို့ ထင်နေခိုက် ဖြစ်ပါ တယ်။ အချိန်က တန်ဆောင်မုန်း ကာလပါ။ ကထိန်တွေ ခင်းကြတော့ အငြိမ့်တွေ ငှားပြီး ဧည့်ခံကြပါတယ်။ ရုံကြီး ကထိန် အငြိမ့်ဟာ အခု မိတ္ထီလာ ဟိုတယ်နေရာ မြေကွက်လပ်မှာ အငြိမ့် ကမှာပါ။ ဆိုဗီယက်မြန် နွဲ့နွဲ့စမ်း အငြိမ့် ဖြစ်ပါတယ်။ ကျွန်တော်နဲ့ ညီနွဲ့က အဖေ့ စက်ဘီးနဲ့ သွားကြပါတယ်။ အချိန် နည်းနည်း စောနေပါတယ်။ မမှောင်သေးပါဘူး။ ဒါ့ကြောင့် ကျွန်တော်တို့ နှစ်ယောက် ဘေးမှာ ခင်းထားတဲ့ ကုတင် တစ်ခု မှာ ခဏ နားနေပါတယ်။

မလှမ်းမကမ်းမှာ လူကြီး တစ်ယောက် ထိုင်နေပါတယ်။ အသက် ၄၀ လောက် ရှိပါပြီ။ သူက စ စကားပြောပါတယ်။ သူ့မိန်းမ ဆေးရုံ တင်ထားရတယ်။ ဒါ့ကြောင့် သူ အချိန်မြန်းတဲ့ အနေနဲ့ အငြိမ့် လာ ကြည့်တာပေါ့။ ကျွန်တော်ကလည်း အဲ ဟုတ်လားပေါ့။ ခဏနေတော့ သူက ကျွန်တော့်ကို ပြောပါတယ်။

သူမိန်းမ ဆေးရုံတက်နေလို့ သွားကြည့်ချင်တယ်၊ စက်ဘီး ခဏ ငှားပါလို့ အကြိမ်ကြိမ် ပြောပါတယ်။ ကျွန်တော်က အားနာတတ်တော့ သူ့ကို "ခဏ ယူသွားလေ၊ သိပ်တော့ မကြာစေနဲ့" လို့ ပြောပြီး စက်ဘီး ငှားလိုက်ပါတယ်။ ညီနွဲ့က ပြောပါသေးတယ်။ "အကို မပေးနဲ့ဗျ" ဆိုပြီး တားပါတယ်။ ကျွန်တော်ကလည်း ပြောပြီးပြီ ဆိုတော့ ယူသွားပေါ့လို့ ပြောပြီး စက်ဘီးငှားလိုက်ပါတယ်။ ညီနွဲ့က ကျွန်တော့်ထက် ပါးတာပေါ့။

သူ ထွက်သွားတော့ ညနေ ခြောက်နာရီလောက် ရှိပါပြီ။ မှောင်စပြုနေပါပြီ။ ည ခုနစ်နာရီလည်း ပြန်မလာပါဘူး။ ရှစ်နာရီလည်း ပြန်မလာပါဘူး။ ကိုးနာရီ ထိုးခါနီးတော့ အပြိမ့် ကြည့်ချင်စိတ် ကုန်ပြီး အိမ်ကို ခြေလျင် ပြန်ကြပါတယ်။ အိမ်ရောက်တော့ အဖေ့ကို ပြောပြတဲ့အခါ သူက အိမ်နီးနားချင်း တစ်ယောက်ဆီက စက်ဘီး တစ်စီး ငှားပြီး ကျွန်တော်နဲ့ ရဲစခန်းသွား အမှုဖွင့်ပါတယ်။ ဘာမှ ထူးခြားမှု ဖြစ်မလာပါဘူး။ ဒီဖြစ်ရပ်မှာ ထူးခြားတာက အဖေရော၊ အမေရော ကျွန်တော့်ကို လုံးဝ အပြစ် မပြောပါဘူး။ ကျွန်တော် မျှော်လင့်ထားတာက ဆူမယ်၊ ဆဲမယ်၊ ရိုက်မယ် စသဖြင့်ပေါ့။ သူတို့က အပြစ် မပြောလေ ကျွန်တော်က ပိုခံစားရလေပါပဲ။ ဘဝ တစ်သက်တာ သင်ခန်းစာ တစ်ခုပေါ့။

## စိတ်တေလေ

ဆယ်တန်း စာမေးပွဲ ဖြေဖို့ ပုံစံတွေ တင်တဲ့အခါမှာ ဆယ်တန်း ကျောင်းသား ၂၀၀ ကျော်လောက် ရှိတဲ့ အထဲမှာ ကျွန်တော် တစ်ယောက်တည်းသာ ဖြေခွင့် မရပါဘူးတဲ့။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော့်ရဲ့ အသက်က ၁၅ နှစ် မပြည့်လို့ပါတဲ့။ ဒါကိုလည်း ချက်ချင်း မသိရပါဘူး။ ပုံစံတွေ ဖြည့်၊ ရန်ကုန် ပို့ပြီး ရန်ကုန် စာစစ်ဌာနက ပြန်လာမှ သိတာပါ။

အဖေ ကိုယ်တိုင်က ကျောင်းဆရာ ဆိုပေမဲ့ သူလည်း တခြား လုပ်ငန်း တာဝန်တွေကြောင့် အဲဒီ စည်းမျဉ်းကို သတိမမူမိဘူးလို့ ထင်ပါတယ်။ ဒီတော့ စဉ်းစားသာ ကြည့်ကြပါတော့။ ကျောင်းသား တစ်ယောက် စာမေးပွဲ ဝင်ခွင့် မရတော့ဘူး ဆိုတော့ စာကျက်စရာ မလိုဘူးဆိုတဲ့ သဘောပေါ့။ အဲဒီတော့ ကျွန်တော့်မှာ ရည်မှန်းချက် ပျောက်ပြီး စိတ်ကလည်း တော်တော်လေသွားတယ် ဆိုပါတော့။

စာမကျက်ရဘူး ဆိုတော့ စာတွေကို အာရုံစူးစိုက်တဲ့ စိတ်ကို လွှတ်ထားလိုက်ပြီး လူငယ် ဘဝ ကစား တဲ့ဘက်ကို ပိုပြီး အားသန်လာခဲ့ပါတယ်။ ကျွန်တော်က လူကညက်တော့ ကျွန်တော့် အတန်းတူတွေနဲ့ ကစားလို့ မရပါဘူး။ ခြောက်တန်း ခုနစ်တန်းက ကောင်တွေနဲ့ သွားပြီး ဘောလုံး ကန်နေပါတော့တယ်။ အဲဒီနှစ်က ၁၉၅၅ ခုနှစ်ပါ။ အဲဒီနှစ် နိုဝင်ဘာလလောက်က စပြီး စိတ်လေခဲ့တာဟာ နောက်နှစ် ကျောင်းပြန် ဖွင့်တဲ့ ဇွန်လ အထိပေါ့။

ကျောင်းပြန်ဖွင့်လို့ ၁၀ တန်း ပြန်တက်ရတော့လည်း Repeater တွေနဲ့အတူ F အတန်းမှာ တက်ရ ပါတယ်။ အဲဒီခေတ်က ၁၀ တန်း ဆိုတဲ့ မက်ထရစ် စာမေးပွဲတွေမှာ ကျောင်းသား ၂၀၀ ကျော်လောက် ဖြေရာမှာ ၁၀ ယောက်လောက်ပဲ အောင်လေ့ရှိပါတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ ကျောင်းသား အများစုက ဒုတိယ ကမ္ဘာစစ်အတွင်းမှာ ကျောင်းတွေ ပိတ်လို့ စာသင်တာတွေ ရပ်တန့်သွားတဲ့အခါ ဉာဏ်ရည်တွေ သိပ် ကောင်းတော့ပါဘူး။ နောက်ပိုင်းနှစ်တွေကျမှသာ အောင်ချက်တွေ ကောင်းလာတာပါ။

ကျွန်တော့်ကိုယ် ကျွန်တော်တော့ သတိမထားမိပေမဲ့ နောက်ပိုင်းကျတော့မှ ပြန်စဉ်းစားကြည့်တဲ့ အခါမှာ ကျွန်တော်ဟာ အရင်နှစ်ကတည်းက စာတွေ မကျက်ဘဲ ပေါ့ပေါ့ပါးပါး နေလာတဲ့ အကျင့်ဟာ နောက်နှစ်အထိ ပါလာတဲ့အတွက် စာကို စူးစူးစိုက်စိုက် ကျက်ရမှာ အားနည်းခဲ့ပါတယ်။

ဒါကြောင့်မို့လို့ အသက်ပြည့်လို့ စာမေးပွဲဖြေခွင့် ရတဲ့အခါ စာမေးပွဲ မဖြေနိုင်ဘဲ HSF လို့ ခေါ်တဲ့ High School Final (သို့မဟုတ်) School Leaving Certificate (SLC) အဆင့်သာ အောင်ပါတော့တယ်။ အဲဒီခေတ်က ၁၀ တန်း အဆင့် (ခ) ဆိုတဲ့ စနစ် မပေါ်သေးဘဲ HSF/SLC အောင်တဲ့ စနစ်ကို ကျွန်တော်တို့ နှစ်ကျမှ စတင်ခဲ့တာပါ။ အဲဒီလို အောင်ခဲ့တဲ့လူ ၂၀ လောက် ရှိမယ် ထင်ပါတယ်။ ကျွန်တော်တို့ အားလုံးဟာ ၁၀ တန်း စာမေးပွဲကို ထပ်ဖြေခွင့်ရှိပါတယ်။ ဒါပေမဲ့ ဘာသာစုံ မဟုတ်ဘဲနဲ့ အင်္ဂလိပ်စာနဲ့ သင်္ချာပဲ ပြန်ဖြေရမှာပါ။

## ကြားဖြတ် ကာလ တစ်ခု

လာမယ့်နှစ်မှာ ၁၀ တန်း စာမေးပွဲ ဆက်ဖြေဖို့ ဆန္ဒရှိတဲ့အတွက်ကြောင့် အင်္ဂလိပ်စာ ကျူရှင်တက်ရပါပြီ။ အဲဒီ ကျူရှင်က အမှတ် (၁) ရဲစခန်း မြောက်ဘက်မှာ ရှိတဲ့ ဦးလှသီ ကျူရှင်ပါ။ ကျွန်တော့် တစ်သက်နဲ့ တစ်ကိုယ် လခ ပေးရတဲ့ ကျူရှင်ဆိုတာ ဒါ ပထမဆုံး အကြိမ် ဖြစ်ပါတယ်။ တစ်ပတ်မှာ ငါးရက် တက်ရပါတယ်။ ကျွန်တော်နဲ့ အတူ ကျွန်တော့်လိုပဲ SLC အောင်တဲ့ ပေါက်ချောင်းက မမြင့်မြင့်ဝင်းလည်း ပါပါတယ်။ (နောက်တော့ သူက မမြင့်မြင့်ခိုင်လို့ နာမည်ပြောင်းပြီး အထက ၁ မှာပဲ အထက်တန်းပြဆရာအဖြစ် လုပ်သက် ပြည့်တဲ့အထိ တာဝန် ထမ်းဆောင်သွားပါတယ်)။ မမြင့်မြင့်ဝင်းတို့ ညီအစ်မတွေက ရုပ်ရည် ချောမောကြပါ တယ်။ ဒါပေမဲ့ မမြင့်မြင့်ဝင်းမှာ ငယ်စဉ်ကတည်းက ရထားတဲ့ဒဏ်ရာနဲ့ တူပါတယ်။ (သူ့ကိုတော့ အားနာလို့ အသေးစိတ် မမေးမိပါဘူး။) ဝဲဘက် ပါးပြင် တစ်ခုလုံး အမာရွတ်တွေနဲ့ ပြည့်နေခဲ့တာပါ။

## အဲဒီခေတ်က အလုပ်အကိုင် အခွင့်အလမ်း

စာမေးပွဲ အောင်စာရင်းတွေ ထွက်ပြီးပြီဆိုတာနဲ့ မြို့နယ်အတွင်းက ဌာနအသီးသီးမှာ လိုအပ်တဲ့ အမှုထမ်း အတွက် အလုပ် အခွင့်အလမ်းတွေ ပေါ်လာပါတယ်။ တချို့ဌာနတွေက တစ်ယောက်စ၊ နှစ်ယောက်စ လိုတာ တွေမှာ ကျွန်တော်တို့လို အောင်တဲ့ ကျောင်းသားတွေ အလုပ် ရသွားပါတယ်။ ကျွန်တော်တို့ ရပ်ကွက် တောင်ဘက်မှာ ရှိတဲ့ ဆည်မြောင်းဌာနကတော့ လူအများအပြား လိုတယ်လို့ သိရတဲ့အတွက် ကျွန်တော် အပါအဝင် SLC အောင်တဲ့ ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက် စုစုပေါင်း ၁၀ ယောက် အလုပ် သွားလျှောက် ကြပါတယ်။ အဲဒီတုန်းက ဆည်မြောင်း မြို့နယ် ဦးစီးမှူးက ဦးခင်မောင်လတ် ဖြစ်ပါတယ်။

အလုပ်တွေ သွားလျှောက်ပြီး နောက်တစ်ပတ်နေမှ ပြန်စုံစမ်းဖို့ မှာလိုက်ပါတယ်။ ချိန်းတဲ့ နေ့မှာ သွား စုံစမ်းတော့ ကျွန်တော်တစ်ယောက်က လွဲလို့ ကျန်တဲ့ ကိုးယောက်စလုံး အလုပ် ရကြပါတယ်။ ဘာရာထူး လည်း ဆိုတာတော့ မေ့သွားပါပြီ။ လခကတော့ တစ်လကို ၁၈၅ ကျပ်ပါ။ အဲဒီခေတ်မှာ အတော်မြင့်တဲ့ ဝင်ငွေပါ။ အလုပ်ခန့်ခြင်း ခံရတဲ့ သူငယ်ချင်းတစ်ချို့ကို မှတ်မိသမျှ ပြောရရင် ကိုနီ၊ ကိုကျော်ညွန့်(ကြီး)၊ ကိုကျော်ညွန့်(လေး)၊ ကိုစိန်မောင်၊ ကိုတင်အေးတို့ ဖြစ်ကြပါတယ်။ အခုတော့ သူတို့လည်း ဆည်မြောင်း အရာရှိကြီး ဘဝက အနားယူကြပြီး သား၊ သမီး၊ မြေး၊ မြစ်တွေနဲ့ ဖြစ်ကုန်ပါပြီ။ သူတို့ထဲက ကိုတင်အေး၊ ကိုစိန်မောင်နဲ့ ကိုနီတို့ကတော့ ကွယ်လွန်ခဲ့ကြပါပြီ။

မြို့နယ် ဆည်မြောင်းဦးစီး အရာရှိ ဦးခင်မောင်လတ်ရဲ့ ဆုံးဖြတ်ချက်ဟာ ကျွန်တော့်ဘဝ အတွက် အရေးပါတဲ့ ဘဝ အကွေ့အချိုးဆိုတာ နောက်မှ ကျွန်တော် သဘောပေါက်လာတာပါ။ တကယ်တော့ အဲဒီအချိန်မှာ ကျွန်တော့်ကိုသာ အလုပ်ခန့်ခဲ့ရင် ကျွန်တော်ဟာ ဆည်မြောင်းဌာနမှာပဲ မြဲသွားမှာပါ။ အဲဒီလို

မြဲသွားရင် ကျွန်တော့် ဘဝလမ်းကြောင်းတွေဟာလည်း တစ်မျိုးတစ်မည် ဖြစ်သွားနိုင်စရာ အကြောင်း ရှိပါတယ်။ နောက်တစ်ကြိမ် ကြုံရတာကတော့ ယာယီ အချိုးအကွေ့လို့ ပြောရမှာပါ။ အဲဒါကတော့ ကျွန်တော် ဆည်မြောင်းဌာနမှာ အလုပ်လျှောက်တယ်။ ဒါပေမဲ့ အရွေးမခံရဘူးဆိုတဲ့ သတင်းက ရပ်ကွက်ထဲမှာ ပြန့်သွားတော့ ကျွန်တော်တို့ရပ်ကွက် တောင်ဘက်နားမှာ ရှိနေတဲ့ သစ်တောရုံးက ကျွန်တော့်ကို လှမ်းဆက်သွယ်ပါတယ်။ အဲဒီမှာ လွတ်နေတဲ့ အောက်တန်းစာရေး ရာထူးအတွက်ပါ။

## ကျွန်တော် အလုပ် ရပြီ

ကျွန်တော် သွားသတင်းပို့တော့ အထက်တန်း စာရေးကြီးက ဦးဆိုင် ဖြစ်ပါတယ်။ နောက် အောက်တန်းစာရေးကတော့ လက်နိပ်စက်စာရေး ကိုတင်အေးပါ။ ရုံးအုပ်ကြီးကတော့ ဦးဝိန်ကောင်းလို့ ခေါ်ပါတယ်။ ကျွန်တော့်ကို ဦးဝိန်ကောင်းက မြင်တာနဲ့ ကိုယ်ရေးကိုယ်တာ မေးခွန်းတွေ လေး-ငါးခွန်းလောက် မေးပါတယ်။ ကျွန်တော် ဖြေတာတွေ သဘောကျလို့ "အေး ငါတော့ သဘောကျပြီ၊ ဒါပေမဲ့ ဝန်မင်း လာအောင် ခဏစောင့်" ဆိုတာနဲ့ စောင့်နေရပါတယ်။

၁၀ နာရီလောက်ကျတော့ ဦးဝိန်ကောင်း ပြောတဲ့ ဝန်မင်းဆိုသူက Land Rover ကားလေးနဲ့ ရောက်လာပါတယ်။ နာမည်ကတော့ ဦးဘလင်းတဲ့။ တကယ်တော့ သူက အင်္ဂလိပ် ကပြားပါ။ မြန်မာလိုတောင် ကောင်းကောင်း မရေးတတ်ပါဘူး။ သူ့ရာထူးက တကယ်တော့ Divisional Forest Officer (DFO) ဖြစ်ပြီး မြန်မာလိုတော့ ခရိုင် သစ်တော ဦးစီးအရာရှိပေါ့။

ဝန်မင်းဆိုသူလည်း ရောက်လာရော ဦးဝိန်ကောင်းက ကျွန်တော့်ကို ခေါ်ပြီး ဝန်မင်း အခန်းကို ဝင်ပါတယ်။ ပြီးမှ ကျွန်တော့်ကို မိတ်ဆက်ပေးပြီးတော့ အောက်တန်းစာရေး ရာထူးအတွက် ခန့်ဖို့ ရည်ရွယ်ကြောင်း ပြောတဲ့အခါ DFO က "ကောင်လေးက ငယ်သေးတယ်၊ အသက်မှ ပြည့်သေးရဲ့လား" လို့ မေးပါတယ်။ ဦးဝိန်ကောင်းက "အသက်ကတော့ ၁၆ နှစ်ပဲ ရှိပါသေးတယ်၊ ရပါတယ် ဝန်မင်း ကျွန်တော် တာဝန်ယူပါတယ်" ဆိုပြီး အာမခံတဲ့အတွက်ကြောင့် ဦးဘလင်းက ခေါင်းငြိမ့်ပြီး သဘောတူလိုက်တဲ့အတွက် ကျွန်တော်ဟာ ၁၆ နှစ်သားနဲ့ အောက်တန်းစာရေး ဖြစ်လာခဲ့ပါတယ်။

တကယ်တော့ ဝန်ထမ်း စည်းမျဉ်းအရ ၁၈ နှစ်ပြည့်မှသာ ခန့်ခွင့်ရှိတာပါ။ သို့သော် ဌာန ဆိုင်ရာရဲ့ လိုအပ်ချက်၊ အလုပ်ခန့်ထားခွင့် အာဏာကို မြို့နယ်အဆင့်ထိ ခွင့်ပြုထားတဲ့ အတွက်ကြောင့် ကျွန်တော့်ကိစ္စက လွယ်လွယ်ကူကူ ဖြစ်သွားတာပါ။ ဆိုလိုတာက အဲဒီခေတ်ဟာ ကိုလိုနီခေတ် အုပ်ချုပ်ရေး လက်ကျန်ကာလ ဖြစ်ပါတယ်။ မြို့နယ် အသီးအသီးရဲ့ အလုပ် လိုအပ်ချက်ကို ဖြည့်ဆည်းရာမှာ မြို့နယ် အာဏာပိုင်တွေကို လုပ်ပိုင်ခွင့် ပေးထားပါတယ်။ ဒီလို စနစ်မျိုးကို ဒီမိုကရေစီ အစိုးရတွေ ဆက်လက် ကျင့်သုံးသင့်ပါတယ်။

အောက်တန်းစာရေး လခက ၁၂၆ ကျပ်နဲ့ ၇၅ ပြားပါ။ လစဉ် အမေ့ကို ၁၀၀ ကျပ် ပေးပြီးတော့ ကျန်တာကို ကျွန်တော် သုံးပါတယ်။ သုံးတယ် ဆိုတာလည်း ထွေထွေထူးထူး မရှိပါဘူး။ အဲဒီတုန်းက ကျွန်တော်နဲ့ တွဲဖြစ်တဲ့ ဗိုလ်လေးနဲ့ စက်ပုဆိုတဲ့ ညီအစ်ကို နှစ်ယောက်ရယ်၊ ကျွန်တော်နဲ့ ကျွန်တော့်ညီ မောင်ညိုနဲ့ အပါအဝင် ပေါင်း လေးယောက်ပါ။ အပတ်စဉ် ရုပ်ရှင်တစ်ပွဲ ကြည့်လေ့ရှိပါတယ်။ တစ်ကျပ်တန်းက ကြည့်တော့ ပေါင်းမှ လေးကျပ်ပေါ့။ မုန့်စားဖြစ်ရင်တော့ နှစ်ကျပ်ပေါ့။ တစ်ပတ်မှ အသုံးစရိတ် ခြောက်ကျပ်ပါ။ အစ်လကို ရုပ်ရှင် လေးခါ ကြည့်ဖြစ်ရင်တောင်မှ ပိုက်ဆံ ပိုပါသေးတယ်။

## လုပ်ငန်း အတွေ့အကြုံ

ကျွန်တော် အောက်တန်းစာရေး တာဝန်က စာပေးစာယူပါ။ ဒါပေမဲ့ အလုပ်ပါးတဲ့ အချိန်မှာ မြန်မာ လက်နှိပ်စက်၊ အင်္ဂလိပ် လက်နှိပ်စက်တွေကို စမ်းလေ့ကျင့်ရင်းနဲ့ လက်နှိပ်စက် နှစ်မျိုးစလုံး ကျွမ်းကျွမ်းကျင်ကျင် တတ်လာပါတယ်။ အဲဒီရုံးကို လွယ်လွယ်ကူကူ သစ်တောရုံးလို့ ခေါ်ပါတယ်။ ဒီရုံးမှာ ငွေစာရင်း ဌာနခွဲ ရှိပါတယ်။

စာရေးကြီး ဦးမောင်မောင်နဲ့ လက်ထောက် ဦးမောင်ကိုတို့ နှစ်ယောက်ပဲ ရှိပါတယ်။ ဦးမောင်ကိုက ကျန်းမာရေး ချို့တဲ့တော့ ကျွန်တော်က အလုပ်သင်အနေနဲ့ ငွေစာရင်း ပြုစုနည်းတွေပါ တတ်မြောက်လာပါတယ်။ ဒီလိုနည်းနဲ့ နောက် ကြီးလာတဲ့အထိ အသုံးတည့်တဲ့ ငွေစာရင်း ထိန်းသိမ်းနည်းအပြင် အင်္ဂလိပ်၊ မြန်မာ လက်နှိပ်စက် ရိုက်နည်းတွေကို တတ်မြောက်လာခြင်းပါ။ အင်္ဂလိပ် လက်နှိပ်စက် သင်တန်း တက်ဖူးတဲ့ လူတွေဆို သိပါလိမ့်မယ်။ "A quick brown fox jumps over the lazy dog" ဆိုတဲ့ ဝါကျဟာ အင်္ဂလိပ်စာလုံး "A" ကနေ "Z" ထိ ပါတယ်ဆိုတာ အဲဒီတုန်းကတည်းက ကောင်းကောင်း သိခဲ့တာပါ။

ကျွန်တော် အလုပ်ဝင်လို့ လေး-ငါးလ အကြာလောက်မှာ ကျွန်တော်နဲ့ ၁၀ တန်းအထိ ကျောင်းနေဘက် ကိုဇေယျကြီး အလုပ်ဝင်လာပါတယ်။ သူက အိမ်ထောင်ကျနေပါပြီ။ ကျွန်တော့်ထက်လည်း အသက်ကြီးပါတယ်။ နောက်မှာ ဦးဝိန်ကောင်းတို့ သူတို့လို လူကြီးတွေ ပင်စင်ယူသွားတဲ့အခါမှာ ကိုဇေယျ ကိုယ်တိုင်က သစ်တောရုံးမှာ ရုံးအုပ်ကြီးအဖြစ် ဦးဝိန်ကောင်း နေရာမှာ ရောက်လာပါတယ်။ အဲဒီအချိန်မှာ သစ်တောရုံးဝင်းထဲမှာ အဆောက်အဦတွေ တိုးနေပါပြီ။ ကိုဇေယျတို့ မိသားစုဟာ အဲဒီထဲက အိမ်တစ်အိမ်မှာ နေကြပါတယ်။ အခုတော့ ကိုဇေယျကြီးဟာ သက်ပြည့်ပင်စင်နဲ့ မန္တလေးမှာ နေတယ်လို့ သိရပါတယ်။ လူချင်းတော့ ပြန်မတွေ့ရတော့ပါဘူး။

## ယပ်ဆွဲ

အဲဒီခေတ်က ခရိုင်အရာရှိ အဆင့်ဆိုရင် နွေရာသီမှာ အထူးအခွင့်အရေး တစ်ခု ရှိပါတယ်။ နွေရာသီကာလ အတွက် အအေး ဖန်တီးနိုင်အောင် "ယပ်ဆွဲ" တစ်ယောက် ခန့်အပ်ခွင့်ပါ။ ဒီစနစ်ကို အင်္ဂလိပ် အစိုးရက သူတို့ရဲ့ ခရိုင်အဆင့် အင်္ဂလိပ်အရာရှိကြီးတွေ အတွက် ဖန်တီးပေးသွားတယ် ထင်ပါတယ်။ အလုပ် ကာလ ကလည်း တစ်နှစ်တာရဲ့ မတ်လကနေ ဇွန်လကုန် အထိပါ။

ကျွန်တော်တို့ သစ်တောရုံးက DFO ရဲ့ စားပွဲ အပေါ် တည့်တည့်မှာ ကြိုးနဲ့ ဆိုင်းထားတဲ့ ရှစ်ပေလောက် ရှိမယ့် သစ်သားတုံးကြီး တစ်ခု ရှိပါတယ်။ အဲဒီ သစ်သားတုံးကြီးမှာ အလျား ရှစ်ပေ၊ အနံ လေးပေလောက် ရှိမှာပါ။ အဲဒီ သစ်သားတုံးကြီးကို ကြိုးနဲ့ တွဲထားပြီး ကြိုးကို ပြတင်းပေါက် အပြင်ဘက် ထုတ်ထားပါတယ်။ အဲဒီကြိုးကို အပြင်မှာ ထိုင်နေတဲ့ ယပ်ဆွဲက ကြိုးနဲ့ ဆွဲပြီး ပုခက် လွှဲသလို ဆွဲပေးရတာပါ။ အဲဒီတော့ အထဲက DFO က ယပ်ခပ်သလို ဖြစ်ပြီး လေအေးရတယ်ပေ့ါ။ လျှပ်စစ်မီးတွေ မရခင်တုန်းက အင်္ဂလိပ် ကိုလိုနီ အစိုးရ ထွင်ထားခဲ့တဲ့ စနစ် ဖြစ်မှာပါ။

## တာဝါလိမ်းက ဗိုလ်ချုပ်အောင်ဆန်း အိမ်ကို ရောက်ခဲ့တယ်

ဗမာပြည် လွတ်လပ်ရေး ရပြီးပါပြီ။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ် အကြောင်းလည်း ကြားဖူးခဲ့ပါပြီ။ အသက်က ခြောက်နှစ်၊ ခုနစ်နှစ်သား အရွယ်ဆိုတော့ သူ့ကျွန်ဖြစ်ရတဲ့ အကြောင်းကိုလည်း ကောင်းကောင်း

သဘောမပေါက်၊ ဗမာလူငယ်တွေရဲ့ လွတ်လပ်ရေး ကြိုးပမ်းမှုကိုလည်း လေးလေးနက်နက် သဘော မပေါက်ခဲ့သေးပါဘူး။ ဒါပေမဲ့ အဖေက ကျောင်းဆရာ အဖြစ်နဲ့ အစိုးရ ဂန်ထမ်း ဆိုသော်လည်းပဲ ဂျမန်ခေတ် ကတည်းက တိုင်းရေးပြည်ရေးတွေကို ရွာထဲက အမျိုးတွေနဲ့ မကြာခဏ ဆွေးနွေးကြတာကိုတော့ သတိထားမိပါတယ်။

ရက်စွဲတော့ အတိအကျ မမှတ်မိတော့ပါဘူး။ တစ်ရက်မှာ အဖေနဲ့အတူ ရန်ကုန်ကို သွားကြတာ မှတ်မိပါတယ်။ ညီနဲ့လည်း ပါတာပေါ့။ အမေကတော့ ကျန်နေခဲ့ပါတယ်။ ကျွန်တော်တို့ ရထားနဲ့ သွားကြတာပါ။ ရထား ဆိုပေမဲ့ ထိုင်ခုံပါတဲ့ တွဲမျိုးမှာ မစီးရပါဘူး။ ကုန်တွဲမှာ စီးရတာပါ။ အဲဒီခေတ်က ရန်ကုန်ကို နေ့ချင်းပေါက် မရောက်ပါဘူး။ ပျဉ်းမနားမှာ ညအိပ်ရပါတယ်။ ရန်ကုန် ရောက်တော့ ဗဟန်း သုံးလမ်းက ဦးထွန်းဖေအိမ်မှာ တည်းပါတယ်။ ဦးထွန်းဖေနဲ့ ကျွန်တော်တို့က အမျိုးတော်တယ်လို့ သိရပါတယ်။ ဘယ်လို တော်မှန်းတော့ မမှတ်မိတော့ပါဘူး။

ဦးထွန်းဖေဆိုလို့ ရေးလက်စနဲ့ မှတ်မိတုန်း တစ်ဆက်တည်း ရေးလိုက်ပါဦးမယ်။ ကျွန်တော် ၁၉၅၉ ခုနှစ်၊ ဧပြီလကုန်မှာ မေမြို့ စစ်တက္ကသိုလ် တက်ဖို့ OTT (Officer Testing Team) ဖြေဖို့ အတွက် ခေါ်လို့ ရန်ကုန်ကို လာရတဲ့အခါမှာလည်း အဖေနဲ့အတူ လာတဲ့အခါ အဲဒီအိမ်မှာပဲ တည်းရပါတယ်။ တစ်ည အိပ်ပြီး နောက်တစ်နေ့ ပြည်လမ်း (အခု ပြည်သူ့ ဥယျာဉ်) မှာ ရှိတဲ့ OTT ကို သွားသတင်းပို့ရပါတယ်။

အဲဒီကမှ ချက်ချင်းဆိုသလို တစ်ကိုယ်ရည် ဆန်းစစ်ချက်တွေကို တန်းပြီး ပါဝင် ဆင်နွှဲရပါတယ်။ နောက် လေး-ငါးရက်လောက် ကြာတဲ့အခါ အရွေးခံရကြောင်း သိရပါတယ်။ လူငယ် ဘဝ အပေါင်းအဖော်သစ်တွေ ရတာလည်း တစ်ကြောင်း၊ ရန်ကုန်မှာ ကား မစီးတတ်တာလည်း တစ်ကြောင်း ဦးထွန်းဖေ အိမ်ကို ပြန်မရောက်တော့ပါဘူး။ အရာရှိဖြစ်ပြီး နောက်ပိုင်း ရန်ကုန် ရောက်ရင်တော့ သူ့အိမ်ကို ရောက်ဖြစ်ပါတယ်။ သူ့ရဲ့ အလုပ်က ပြည်တွင်းရေကြောင်း ဌာနမှာပါ။ ဘာရာထူးလဲတော့ မသိပါ။

စကား ပြန်ဆက်ရရင် ရန်ကုန် ရောက်ပြီး နောက် ရက်အနည်းငယ် အတွင်းမှာ အဖေ ဦးဆောင်ပြီး ဗိုလ်ချုပ်အောင်ဆန်းအိမ် သွားမယ် ဆိုလို့ ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက် လိုက်သွားကြပါတယ်။ အဲဒီတုန်းက ကျွန်တော်တို့ နှစ်ယောက်က ယောင်ပေစူး ကိုယ်စီနဲ့ပါ။ ဆံပင်ကို အုန်းဆီလိမ်းပြီး ဆံထုံးတွေ အကျအန ထုံးလို့ပေါ့။ အင်္ကျီလက်တို ဘောင်ဘီတို ဆင်တူတွေ ဝတ်ထားတာ မှတ်မိပါတယ်။ ဗဟန်း တစ်လမ်းနဲ့ ဗိုလ်ချုပ်အောင်ဆန်း နေတဲ့ တာဝါလိန်းလမ်းက အိမ်ဟာ ကိုက်တစ်ထောင်လောက်ပဲ ဝေးမယ် ထင်ပါရဲ့၊ ခဏလေးနဲ့ ရောက်သွားပါတယ်။

တာဝါလိန်းလမ်းက အိမ်ကို ရောက်တော့ ဂိတ်ဝမှ ရဲအစောင့်နဲ့ တွေ့ပါတယ်။ အစောင့်က ဘာကိစ္စလဲလို့ မေးတဲ့အခါမှာ အဖေက ဗိုလ်ချုပ်အောင်ဆန်းနဲ့ တွေ့ချင်လို့ပါ၊ ကျွန်တော်တို့ အညာ မိတ္ထီလာနယ်က လာခဲ့တာပါ ဆိုပြီး ပြောတဲ့အခါမှာ ရဲသားက ဗိုလ်ချုပ်အောင်ဆန်း မရှိပါဘူး၊ ရုံးသွားပါပြီလို့ ပြောပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ပြန်လှည့်လာခဲ့ပါတယ်။

ဂိတ်ဝကနေပြီး အိမ်မကြီးဘက်ကို လှမ်းမြင်နေရတာက အိမ်ရဲ့ ဆင်ဝင်အောက်မှာ မိန်းမကြီး တချို့နဲ့ ကလေး တချို့ကို လှမ်းမြင်နေရပါတယ်။ နောက်ကျမှ တွေးကြည့်မိတဲ့ အခါမှာ အဲဒီ မိန်းမကြီးတွေထဲမှာ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည် ပါမှာ ဖြစ်ပါတယ်။ ကလေးတွေကတော့ အောင်ဆန်းဦး၊ အောင်ဆန်းလင်း၊ အောင်ဆန်းစုကြည်နဲ့ သူတို့ သူငယ်ချင်းတွေ ဖြစ်မှာပါလို့ တွေးမိပါတယ်။ အဲဒီအချိန်မှာ အောင်ဆန်းလင်း ဆုံးသေးပါဘူး။ အဖေက ပြောထားလို့ ဗိုလ်ချုပ်အောင်ဆန်း၊ ဒေါ်ခင်ကြည်နဲ့ ကလေးတွေရဲ့ နာမည်တွေကို သိပ်ပါးနေပါပြီ။

ကြီးမှ ပြန်စဉ်းစားကြည့်တော့ အဖေရဲ့ သိချင်စိတ် အားကြီးပြီး တာဂါလိနီးလမ်းကို သွားခဲ့တာဟာ တကယ်တော့ ပြုံးစရာ ရယ်စရာပါ။ ဗမာ စကားပုံ တစ်ခု "တောသားရဲ ဆွဲထုတ်" ဆိုတဲ့ အတိုင်း ဗိုလ်ချုပ်အောင်ဆန်း အိမ်ကို သွားပြီး တွေ့ချင်တယ်လို့ တောင်းဆိုခဲ့တာပါ။ နောက်ပိုင်း ကျွန်တော် နိုင်ငံရေး နယ်ပယ် ရောက်ပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆုံတဲ့အခါမှာ အဲဒီအကြောင်း ပြန်ပြောမိပါသေးတယ်။

## ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးပြီ

ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးတဲ့ ၁၉၄၇ ခုနှစ် ဆိုတာ ကျွန်တော် ခြောက်နှစ်သားပဲ ရှိပါတယ်။ ရွာမှာ နေတော့ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးပုံကို တိုက်ရိုက် မကြားခဲ့ရပါဘူး။ အဖေက ရှမ္မငယ် ကျောင်းမှာ အလုပ် လုပ်ရင်း ကြားမှာ သေချာပါတယ်။ သေချာတာ တစ်ခုကတော့ အဖေဟာ တစ်နေ့မှာ သတင်းစာ သုံး-လေးစောင် ဝယ်လာပါတယ်။ ပြီးတော့ ဖျာအသစ် တစ်ခုကို ဘောင်ခတ်ပြီးတော့ နံရံမှာ ထောင်ပါတယ်။ ပြီးတော့ သတင်းစာမှာ ပါတဲ့ ဓာတ်ပုံတွေ ကတ်ကြေးနဲ့ ဖြတ်ပြီး ဖျာပေါ်မှာ ထမင်းရည်ကော်နဲ့ ကပ်ပါတယ်။

ကော်တွေ ခြောက်တော့မှ အဖေက ကျွန်တော်တို့ ကလေးတွေနဲ့တကွ အိမ်နီးချင်း ကလေးတွေပါ ခေါ်ပြီး ဖျာအသစ်ပေါ်မှာ ကပ်ထားတဲ့ ဓာတ်ပုံတွေကို ထောက်ပြပြီး "ဒါက ဗိုလ်ချုပ်အောင်ဆန်း"၊ "ဒါက ဦးဘဝင်း"၊ "ဒါက သခင်မြ"၊ " ဒါက ဒီးဒုတ်ဦးဘချို" စတဲ့ ပုဂ္ဂိုလ်တွေကို တုတ်နဲ့ ထောက်ပြပြီး တစ်ဦးချင်းရဲ့ အကြောင်းတွေကို ရှင်းပြပါတယ်။ ဒါတွေကို အာဇာနည်တွေလို့ ခေါ်ကြောင်း ကလေးတွေကို မေးခွန်း မေးလိုက် ကျွန်တော်တို့က ပြန်ဖြေလိုက်နဲ့ သင်ခန်းစာတစ်ခုလို ပြောပြသွားတာပါ။

ကျွန်တော် ကြီးလာမှ အဖေ့ လုပ်ရပ်ကို ပြန်စဉ်းစားကြည့်တဲ့ အခါမှာ "အာဇာနည်တွေက ကျဆုံးသွားပြီ၊ အာဇာနည်တွေရဲ့ လုပ်ရပ်နဲ့ အားမာန်တွေကို နောင်လာနောက်သားများ အတွက် အမြဲ သတိရနေစေဖို့" ကို သူရဲ့တောကျောင်းက ဆရာတစ်ယောက်အနေနဲ့ တာဝန်ကျေတဲ့ လုပ်ရပ် တစ်ခု ဖြစ်တယ်လို့ မြင်မိပါတယ်။

## ထူးခြားတဲ့ တိုက်ဆိုင်မှု

အဲဒါကတော့ ရှမ္မငယ်မှာ ဖြစ်တာပါ။ အဲဒီရွာဟာ မိတ္ထီလာ၊ ကျောက်ပန်းတောင်း ကားလမ်းပေါ်မှာ ရှိပါတယ်။ အဖေက အဲဒီတုန်းက ရှမ္မငယ်ရွာ မူလတန်း ကျောင်းအုပ်ပါ။ ကျွန်တော်က အလယ်ရွာ မူလတန်းကျောင်းက တတိယတန်း ဖြေပြီးလို့ နွေရာသီ ကျောင်းပိတ်ရက်မှာ အဖေ တာဝန်ကျတဲ့ ရှမ္မငယ်ကို အလည် လိုက်သွားတာပါ။ မသွားခင် နှစ်ရက်လောက်က အဲဒီရွာ ပတ်ဝန်းကျင် တစ်နေရာမှာ ရဲဘော်ဖြူတွေနဲ့ တပ်မတော် စစ်ကြောင်း တစ်ခုတို့ တိုက်ပွဲ ဖြစ်ခဲ့ပါတယ်။

ဖြစ်ပုံက ရဲဘော်ဖြူတွေ တည်းခိုနေတဲ့ ရွာထဲကို တပ်မတော်သားတွေက ရွာသားယောင်ဆောင်ပြီး လှည်းတွေနဲ့ ရွာထဲက ဖြတ်မောင်းခဲ့ပါတယ်။ ရွာလယ်လည်း ရောက်ရော သတင်းအရ ရဲဘော်ဖြူတွေ တည်းနေတဲ့ အိမ်တွေကို အဖွဲ့လိုက် ဝင်စီးနင်းပြီး ရုတ်တရက် တိုက်ခဲ့တာပါ။ ရဲဘော်ဖြူတွေ အကျဆုံး များစွာနဲ့ တပ်ပျက်ရုံတင်မက အဲဒီက ခေါင်းဆောင် နှစ်ဦးကိုပါ အရှင်မိလိုက်ပါတယ်။

အဲဒီလို အရှင်မိတဲ့ ရဲဘော်ဖြူ ခေါင်းဆောင် နှစ်ယောက်ဟာ ဂျပန် တော်လှန်ရေးမှာ ပါခဲ့ရုံတင်မက တပ်မတော် ပြန်ဖွဲ့စည်းတော့လည်း ပါခဲ့ပါတယ်။ ရဲဘော်ဖြူတွေ တောခိုတော့မှ သူတို့က လိုက်တောခိုခဲ့ကြတာပါတဲ့။ ဒါကြောင့် သူတို့ကို အရှင်ဖမ်းထားပြီး မိတ္ထီလာမှာ ရှိတဲ့ စစ်ကြောင်း ဌာနချုပ်ကို တင်ပြပြီးတော့

ဘာလုပ်သင့်တယ် ဆိုတာ အမိန့်တောင်းထားပါသတဲ့။ မိတ္ထီလာ ဌာနချုပ်က အဲဒီ နှစ်ယောက်ဟာ တိုင်းပြည်ကို သစ္စာဖောက်တွေ ဖြစ်လို့မို့ ရှမ့ွဝယ်ဈေး ပရိသတ်ရှေ့မှာ သုတ်သင်ဖို့ အမိန့်ချလိုက်ပါသတဲ့။

အဖေလည်းပဲ အလယ်ရွာက ဆရာ ဦးဖိုးမင်းလို ဈေးပတ်လိုက်ပြီး ဆေးမှုန့် ရောင်းပါတယ်။ အဲဒီဈေးနေ့က အိန္ဒိယနိုင်ငံက လာတဲ့ ICI ဆေးမှုန့် သံဘူးတွေ ချပြီး ရောင်းတာပါ။ အရောင် စုံပါတယ်။ ဈေးဝယ်တွေ လိုချင်သလောက် ငါးမူးဖိုး၊ တစ်ကျပ်ဖိုး၊ နှစ်ကျပ်ဖိုး တန်သလောက်ကို သတင်းစာ စက္ကူပိုင်းဖြတ်လေးတွေနဲ့ ထုတ်ပြီး ရောင်းတာပါ။

ဖြစ်ချင်တော့ အဲဒီနေ့မှာ ဈေးသူဈေးသား စုံသလောက် ရှိတဲ့အချိန်၊ ခန့်မှန်းခြေ ကိုးနာရီလောက်မှာ ဈေးမှာ ရှိတဲ့လူကြီးမှန်သမျှ အကုန်ထွက်၊ ဘုန်းကြီးကျောင်းဘေးက လယ်ကွင်းမှာ အကုန်စု ဆိုတဲ့ အမိန့်ကို ဈေးခေါင်းက လိုက်ပြောပါတယ်။ အဲဒီမှာ အဖေက ကျွန်တော့်ကို ဆိုင်စောင့်ထားပြီး ထွက်သွားပါတယ်။ တစ်နာရီလောက် ကြာတော့မှ ပြန်ရောက်လာပါတယ်။

အဖေ့ ကြည့်လိုက်တော့ မျက်စိ၊ မျက်နှာ ပျက်နေပါတယ်။ "ဘာဖြစ်တာလဲ အဖေ" လို့ မေးလိုက်တော့ "ဟာ... တမြန်နေ့က မိလာတဲ့ ရဲဘော်ဖြူ ခေါင်းဆောင် နှစ်ယောက်ကို ထန်းပင်မှာ လက်ပြန်ကြိုး ချည်ပြီး ရဲဘော်တွေက လှံစွပ်နဲ့ ထိုးသတ်ကြတာကွာ၊ မသတ်ခင် စစ်ကြောင်းမှူးက တရားဟောသေးတယ်၊ နိုင်ငံနဲ့ တပ်မတော်ကို သစ္စာဖောက်ရင် ဒီလိုမျိုး ဖြစ်မယ် ဆိုပြီးတော့ပေါ့" လို့ အဖေက ပြောပါတယ်။ ကျွန်တော် အဲဒီ ဘုန်းကြီးကျောင်းနားက လယ်ကွင်းကို သိပါတယ်။ "အဖေ၊ ကျွန်တော် သွားကြည့်ချင်တယ်" ဆိုတော့ အဖေက တားပါတယ်။

ကျွန်တော်က သိချင်ဇောနဲ့ ထွက်လာခဲ့ပါတယ်။ လယ်ကွင်း ရောက်တော့ ထန်းပင်တွေ ရှိရာကို ကျွန်တော် သွားပါတယ်။ ထန်းပင်တွေ ခြေရင်းမှာ အသတ်ခံရတဲ့ လူနှစ်ယောက်ကို တွေ့ရပါတယ်။ အရွယ်အားဖြင့် အသက် ၃၀ လောက်လို့ ထင်ရပါတယ်။ မျက်နှာ အမူအရာတွေအရ မသေမီ ဝေဒနာတွေ တော်တော် ခံစားရတဲ့ ပုံပါပဲ။ ဝဲဘက် ရင်အုံတွေဆီမှာ လှံစွပ်ရာတွေ တွေ့ပြီး သွေးထွက်နေပါတယ်။ ယင်ကောင်တွေ အုံနေပါပြီ။

အဲတုန်းက ကျွန်တော် ၁၀ နှစ်သားလောက် ရှိမှာပေါ့။ သေသွားတဲ့ လူနှစ်ယောက်ကို ကြည့်ပြီး သူတို့ဟာ ခုနကတော့ အသက် ရှိသေးတယ်၊ အခုကျတော့ အသက် မရှိတော့ဘူး။ စတဲ့ အတွေးတွေနဲ့ ခြောင်းဆန်နေပါတယ်။ ခပ်လှမ်းလှမ်းက ဘုန်းကြီးကျောင်းထဲကို လှမ်းကြည့်တော့လည်း သူတို့ကို သတ်သွားတဲ့ ရဲဘော်တွေဟာ (တစ်ယောက်ကို ငါးယောက်နှုန်းနဲ့ ၁၀ ယောက် ရှိပါတယ်တဲ့။) ကျောင်းထဲမှာ ဘာမှ မဖြစ်သလို ရေချိုးတဲ့သူက ချိုး၊ ထမင်းစားတဲ့သူက စားနေကြတာ မြင်ရပါတယ်။ အဲဒါက ခန့်မှန်းခြေ ၁၉၅၀ ခုနှစ်လောက်မှာပါ။

၁၉၆၅ ခုနှစ် (ကျွန်တော် ၂၄ နှစ်သား) မှာ ကျွန်တော် အရာရှိ ဖြစ်နေပါပြီ။ ဗိုလ်အဆင့် ရောက်နေပါပြီ။ သနက (၅) တပ်ရင်း တစ်ရင်းလုံး တိုက်ကြီး မြို့နယ်က ဂျိုးဖြူ တိုင်း ဗဟို လေ့ကျင့်ရေး ကျောင်းမှာ တက်ပြီး နေတဲ့ အခိုက်မှာ ဗိုလ်သင်တန်းကျောင်း အပတ်စဉ် ၃၄ က အရာရှိ အသစ် ၁၀ ယောက်လောက် ရောက်လာပါတယ်။ သူတို့ဟာ တပ်မတော် တစ်ခုလုံးက အခြားအဆင့်တွေ (ရဲဘော်ကနေ အရာခံဗိုလ်အထိ) ကို ရွေးချယ်ပြီး ဗိုလ်လောင်းအဖြစ် သင်တန်းတက်စေပြီး အရာရှိတွေ ဖြစ်အောင် လုပ်ပေးလိုက်တဲ့ အပတ်စဉ်ပါ။

ကျွန်တော်က တပ်ခွဲမှူး ဖြစ်နေပါပြီ။ ကျွန်တော့် တပ်ခွဲကို သူတို့ထဲက နှစ်ယောက် ရောက်လာပါတယ်။ ဒု-ဗိုလ်တွေပေါ့။ သူတို့ ရောက်လာတော့လည်း သူ့အကြောင်း၊ ကိုယ့်အကြောင်းတွေကို ပြောဖြစ်ခဲ့ပါတယ်။ ကျွန်တော်ကလည်း မိတ္ထီလာ ဇာတိ အကြောင်း ပြောတဲ့အခါ အဲဒီထဲက တစ်ယောက်က သူလည်း မိတ္ထီလာဘက် ရောက်ဖူးကြောင်း၊ တပ်ကြပ်ကြီးဘဝက ရဲဘော်ဖြူတွေ တိုက်ပွဲဖြစ်တဲ့အခါ ခေါင်းဆောင်နှစ်ယောက်ကို အရှင်မိတော့ ရှမ္ဘယ်မှာပဲ သတ်ခဲ့ရကြောင်း ပြောတဲ့အခါမှာ ကျွန်တော်ကလည်း အဲဒီမှာ မူလတန်း ကျောင်းသားဘဝနဲ့ ကျောင်းပိတ်လို့ ရောက်ခဲ့ကြောင်း ပြန်ပြောခဲ့ရပါသေးတယ်။ အဲဒီ ပုဂ္ဂိုလ်ကတော့ ဒုအရာခံဗိုလ်ဘဝကနေ ဗိုလ်ဖြစ်လာတဲ့ ဒုဗိုလ် သူရကျော်မြင့် ဖြစ်ပါတယ်။

ဒုဗိုလ် ကျော်မြင့်ဟာ တရုတ် - ကရင် ကပြားဖြစ်ပြီး အသားဖြူဖြူ၊ အရပ် ထောင်ထောင်မောင်းမောင်းပါ။ ဟသ်ာတ ခရိုင်၊ အင်္ဂပူ မြို့နယ်ထဲက ကွင်းကောက် ဆိုတဲ့ ရွာဇာတိ ဖြစ်ပါတယ်။ ကွင်းကောက်ဟာ အိမ်ခြေ ၂၀၀၀ လောက် ရှိပြီး ရွာလည်း မကျ၊ မြို့လည်း မကျတဲ့ နေရာတစ်ခုပါ။ ရဲစခန်း ရှိပါတယ်။ တိုက်နယ်ဆေးရုံ ရှိပါတယ်။ အခုဆိုရင် စစ်တပ်လည်း ရှိနေပြီလို့ သိရပါတယ်။ ဂေါက်ကွင်းတောင် ရှိနေပါပြီတဲ့။ ပုသိမ်-မုံရွာ ကားလမ်းကို ဩစတေးလျ အစိုးရ အကူအညီနဲ့ ဖောက်ခဲ့ရာမှာ အဲဒီလမ်းမကြီးဟာ ကွင်းကောက်ရွာနားက ဖြတ်သွားတဲ့ အတွက် ရွာနဲ့ မြို့ ဆက်သွယ်ရေး ပိုကောင်းလာပါတယ်။

ကွင်းကောက် အကြောင်းနဲ့ ဒုဗိုလ် ကျော်မြင့်တို့ အကြောင်း ပြောရတဲ့ အဓိက အကြောင်းက သူနဲ့ ဆုံခဲ့တာက ၁၉၅၀ ခုနှစ်ပါ။ လူချင်း မဆုံဖြစ်ခဲ့ပေမဲ့ အနီးကပ် ရောက်ခဲ့၊ တွေ့ခဲ့ဖူးတဲ့ သဘော။ နောက် အရာရှိ ဖြစ်လို့ ဆုံခဲ့ရတာက ၁၉၆၅ ခုနှစ်။ ၁၅ နှစ် ကွာခြားချက်။ ၁၉၇၂ ခုနှစ်ကျတော့ သူဟာ ကျွန်တော့် ယောက္ခမ ဖြစ်လာပါတယ်။ ဒါ့ကြောင့်ပါ။

## အမေရဲ့ နည်းနဲ့ ကျွန်တော်ရဲ့ လောင်းကစား ပါသနာ

ကျွန်တော် ရှစ်တန်း ရောက်တော့ အထက်မှာ ရေးခဲ့သလို ပေါက်ချောင်း ကွက်သစ်၊ မြောက်ဘက်ဆုံး လမ်းမှာ နေပါတယ်။ အဲဒီ ရပ်ကွက်က လူအများစုက စာရေးစာချီတွေနဲ့ ကျောင်းဆရာ အများစုပါ။ လူနေ အဆင့်အတန်း ကွာခြားမှု သိပ်မရှိတဲ့ သူတွေ ဖြစ်ပါတယ်။ ဒါ့ကြောင့် ရပ်ကွက်မှာ ပြဿနာ ကြီးငယ် ပေါ်ပေါက်ခဲပါတယ်။ ဒါပေမဲ့ ထူးခြားချက် တစ်ခု ရှိပါတယ်။

ဒါက ဘာလဲ ဆိုတော့ စနေ၊ တနင်္ဂနွေ ဆိုရင် ရပ်ကွက်ထဲမှာ ဖဲဝိုင်း သုံး-လေးဝိုင်းလောက် ရှိစမြဲပါ။ အနိုင်အရှုံး ကြီးကြီးမားမား မဟုတ်ပါဘူး။ ငါးမူးကြေး၊ တစ်ကျပ်ကြေး အပျော် ကစားကြတာပါ။ လူကြီးတွေက အဲဒီလို ကစားတော့ ကျွန်တော်တို့ ကလေးတွေကလည်း လူကြီးတွေအကျ ဖဲထုပ်တွေနဲ့ ငါးပြား၊ ဆယ်ပြားကြေး ဝိုင်းလုပ်လေ့ ရှိပါတယ်။ အမြဲတော့ မဟုတ်ပါဘူး။ တစ်လမှ တစ်ခါ နှစ်ခါလောက်ပါ။

လူငယ်တွေက ဖဲ မရိုက်ဖြစ်ရင် မျောက်ပန်းလှန်ပါတယ်။ ဒီအသုံးအနှုန်းက ကိုလိုနီခေတ်က ပေါ်ခဲ့ပြီး ဒင်္ဂါးပြားမှာ ပါတဲ့ အင်္ဂလိပ်ဘုရင်ကို မျောက်နဲ့ နှိုင်းတာပါ။ တစ်ခါတလေတော့လည်း ခေါင်းပန်း လှန်တယ်လို့ သုံးပါတယ်။ ကျွန်တော်တို့က ဒီလောင်းကစားနည်းကို အဲဒီနားက သူငယ်ချင်းတွေ၊ တချို့လည်း အမျိုးတွေနဲ့ ကစားတာပါ။ ကစားဖော်တွေကတော့ ဘိုလေးတို့၊ စက်ပုတို့၊ နောက် ကိုညွန့်မောင်တို့ ညီအစ်ကိုတွေ ဖြစ်ပါတယ်။ ဘိုလေး၊ စက်ပုတို့ကတော့ ညီအစ်ကိုတွေ ဖြစ်ပါတယ်။ သာစည် မိတ္ထီလာ နယ်စပ်နားက ရွာကပါ။ သူတို့ အဖေကတော့ ဖိုးသာအောင်၊ မြေတိုင်း စာရေးကြီးပါ။ ကိုညွန့်မောင်နဲ့ ဖိုးချိုတို့ကလည်း ညီအစ်ကိုတွေပါ။ ကျွန်တော်နဲ့လည်း အမျိုးတော်ပါတယ်။ သူတို့ အမေနဲ့ ကျွန်တော့် အဘိုးက မောင်နှမ အရင်းပါ။

မျောက်ပန်းလှန်တဲ့အခါမှာ အဲဒီတုန်းက သုံးနေတဲ့ အကြွေ မတ်စေ့နဲ့ ငါးမူးစေ့တို့နဲ့ ဖြစ်ပါတယ်။ ငါးမူးစေ့က လေးတော့ သိပ်မသုံးဖြစ်ပါဘူး။ မတ်စေ့ပဲ များပါတယ်။ သူက နှစ်ပြား ကိုယ်က နှစ်ပြား ထည့်ရင် ပေါင်း လေးပြား၊ အဲဒီ လေးပြားကို အနေတော် ဝါးခြမ်းပြား သို့မဟုတ် ခြောက်လက်မ ပေတံပေါ် တင်ပြီး လေထဲ မြှောက်လိုက်လို့ ပြန်ကျတဲ့အခါ သုံးပြားက ခေါင်း၊ တစ်ပြားက ပန်း ဆိုရင် အနိုင်နဲ့ ပိုင်းချင်တဲ့အခါ သုံးပြားကို ယူပြီး တစ်ပြားကို ပြန်ပေးလိုက်။ ဒါမှမဟုတ်ရင် နှစ်ပြားကို ယူ တစ်ပြား ပြန်ထည့်၊ ပန်းကျတဲ့ အပြားနဲ့ ပေါင်းပြီး တစ်ခါ ထပ်လှန်၊ နှစ်ခုစလုံး ပန်းကျရင် ကိုယ် အရှုံး၊ နှစ်ပြားစလုံး ခေါင်းကျရင်တော့ ကိုယ် အနိုင်ပေါ့။ အဲဒီလို မဟုတ်ဘဲ ခေါင်းတစ်ပြား ပန်းတစ်ပြား ကျရင်တော့ "ဘက်ကျတယ်" ခေါ်ပါတယ်။ သုံးခါ ဘက်ကျရင်တော့ နောက်လူ လှန်အလှည့်ပေါ့။

အဲဒီလို ခေါင်းပန်းမလှန်ဖြစ်ရင်တော့ ဖဲ ရိုက်ဖြစ်ပါတယ်။ ကိုညွန့်မောင်တို့ အိမ်က လူကြီးတွေ ရှာ ဖြန့်လေ့ ရှိတာကြောင့် သူ့အိမ်မှာ ရိုက်ဖြစ်တာ များပါတယ်။ ကျွန်တော်တို့အိမ်က ကလေးများတော့ မရိုက် ဖြစ်ကြပါဘူး။ အပေါ်မှာ ခေါင်းစဉ်တပ်ထားတဲ့ အကြောင်းကို ပြောဖို့ဟာမှာ ကျွန်တော် လောင်းကစား ပါသနာ ပါတဲ့ အကြောင်း သိစေချင်လို့ ဖြစ်ပါတယ်။

ဖြစ်ပုံက ၁၀ တန်းကို SLCနဲ့ အောင်ပြီးတဲ့အခါ နောက်နှစ်မှာ ပြန်ဖြေဖို့ အင်္ဂလိပ်စာ ကျူရှင်ယူပါတယ်။ အပေါ်မှာ ကျွန်တော် ရေးခဲ့သလို ဦးလှသီ ကျူရှင်မှာပါ။ ဖတ်စာကို ၁၀ ကျပ်နဲ့ သဒ္ဒါကို ၁၀ ကျပ် ဖြစ်ပါတယ်။ နှစ်ခုစလုံး ယူရင်တော့ ၁၅ ကျပ်ပါ။ ဒါ့ကြောင့် ကျွန်တော့် လစဉ် ကျူရှင်ကြေးက ၁၅ ကျပ် ကျပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်က အောက်တန်းစာရေးမို့ ဝင်ငွေ ရနေသော်လည်း လစဉ် အမေ့ကို ၁၀၀ ကျပ် အပ် တာမို့ ကျူရှင်ကြေးကျတော့လည်း အမေ့ဆီက ပြန်တောင်းပါတယ်။

တစ်ရက်မှာတော့ လကုန်ရက်ပါ။ ဝန်ထမ်းတွေကလည်း လခ ထုတ်ပြီးဆိုတော့ ဖဲရိုက်၊ ကျွန်တော် တလည်း ဖဲပိုးထလို့ ကိုညွန့်မောင်တို့၊ ဗိုလ်လေးတို့နဲ့ ဖဲရိုက်ဖို့ စပ်ပါတယ်။ ညအမှောင်ထု ရောက်တော့ ကိုညွန့်မောင်တို့ အိမ်မှာပဲ လူစုကြပါတယ်။ ကိုညွန့်မောင်၊ ဗိုလ်လေး၊ စက်ပုနဲ့ ကျွန်တော်တို့ ထင်ပါတယ်။ မီး ရေးတော့ ဖယောင်းတိုင်နဲ့ ရိုက်ပါတယ်။ ရိုက်တဲ့နည်း စနစ်တွေကတော့ ဘူကြီး၊ ကိုးမီး၊ ၂၁ ပေါက် တာတွေ ဖြစ်ပါတယ်။

အဲဒီနေ့က အမေ့ဆီက ကျူရှင်ကြေး ၁၅ ကျပ် ရပြီးသားပါ။ ကျွန်တော့် လက်ကျန်ငွေနဲ့ ဆိုရင် ကျပ် ၂၀ နီးပါးပေါ့။ လောင်းကြေးတွေကလည်း မူလကတော့ တစ်မတ်ကြေးပေါ့။ သွေးနည်းနည်း ပူလာတော့ ငါးမူး ကြေး ဖြစ်လာရော။ သန်းခေါင်နား နီးလာတော့ လောင်းကြေးက တစ်ကျပ်ကြေးထိ မြင့်လာပါတယ်။ ကျွန် တော် ကစားခဲ့သမျှ အမြင့်ဆုံးဈေးပါ။ သန်းခေါင်အချိန်လောက်မှာ ကျွန်တော် ၁၀ ကျပ် နီးပါးလောက် ရှုံးနေ ပြီ။ ဆောင်းတွင်း အအေးဓာတ် များသော်လည်းပဲ ချွေးတွေ ပြန်စပြုနေပါပြီ။ အချိန် ကြာတာနဲ့အမျှ တချို့ ပြန်သွားကြပြီး ကျွန်တော်ရယ်၊ ဗိုလ်လေးရယ်၊ ကိုညွန့်မောင်ရယ်ပဲ ကျန်ပါတော့တယ်။

ကျွန်တော့်ဖဲက ကောင်းလာမယ် ဖြစ်လိုက်၊ ပြန်ရှုံးသွားလိုက်နဲ့ နံနက် နှစ်နာရီလောက် ရောက်တော့ ဖဲဝိုင်း သိမ်းကြစို့ဆိုပြီး အားလုံး သဘောတူ သိမ်းလိုက်ကြတော့ ကျွန်တော့်မှာ ခုနစ်ကျပ်လောက်ပဲ ကျန်ပါ တော့တယ်။ ၁၃ ကျပ်လောက် ရှုံးသွားပြီ ဆိုပါတော့။ ကျွန်တော်လည်း နောက်နေ့ ကျူရှင်ခ ဘယ်လို ပေးရပါ့ ဆိုတဲ့ အတွေး ရင်လေးပြီး အိမ်ကို ပြန်ရပါတော့တယ်။

ကျွန်တော်က အိပ်ရာဝင်တာ ဘယ်လောက် နောက်ကျ နောက်ကျ မနက် ငါးနာရီ ကျော်ရင် အမြဲ နိုးနေကျပါ။ ဖဲရှုံးပြီး အိမ်ပြန် နောက်ကျပေမဲ့ အချိန်မှန် နိုးပါတယ်။ အိပ်ရာက မထသေးဘဲ ခဏလောက်

နပ်နေတဲ့ အချိန်မှာ ကျွန်တော့် အခန်းထဲကို အမေ ဝင်လာတဲ့ ခြေသံ ကြားရပါတယ်။ မျက်စိကို မှေးပြီး ကြည့် တော့ ဟုတ်ပါတယ်၊ အမေပါ။ ကျွန်တော် ညက ဝတ်တဲ့ အနွေးထည်က အင်္ကျီချိတ်မှာ ချိတ်ထားပါတယ်။ အမေက အဲဒီ အင်္ကျီ အိပ်ကပ်တွေ လျှောက်နှိုက်နေတော့ ကိုယ် ဖဲရှုံးတာ အမေ သိသွားပြီဆိုတဲ့ အတွေးနဲ့ တော်တော် စိတ်မကောင်း ဖြစ်သွားပါတယ်။

အမေ့ကို ဘယ်လို ပြန်ဖြေရှင်းရမလဲဆိုတဲ့ အဖြေကိုလည်း စဉ်းစားလို့ မရပါဘူး။ ခဏ နေတော့ အမေက ခြေလှမ်းဖွဖွလေး လှမ်းပြီး ပြန်ဝင်လာပါတယ်။ ပြီးတော့ ကျွန်တော့် အင်္ကျီ အိတ်ကပ်ထဲကို ၁၅ ကျပ် ထည့်လိုက်တာ မြင်လိုက်ရပါတယ်။ ပြီးတော့ အမေ ပြန်ထွက်သွားပါတယ်။ အဲဒီအချိန်မှာ ကျွန်တော့် မျက်လုံး က မျက်ရည်တွေ အလိုလို ထွက်လာပါတယ်။ ကျွန်တော် အိပ်ရာက မထဘဲ ခြောက်နာရီလောက်ထိ မှိန်းနေပါတယ်။ ကျောင်းသွားချိန်ကျတော့မှ ကျွန်တော်က ကမန်းကတန်း ထပြီး အဝတ်အစား မလဲတော့ဘဲ အပေါ် အင်္ကျီ ကောက်စွပ်ပြီးတော့ အိမ်က ကမန်းကတန်း ထွက်သွားပါတော့တယ်။ အမေက ထမင်းကြော် စားသွားဦးလေဟဲ့ လို့ ပြောတာကိုတောင် ဘာမှ ပြန်မပြောဖြစ်ပါဘူး။

ကျွန်တော် အဲဒီနေ့က စပြီး လောင်းကစား ပြတ်သွားပါတော့တယ်။ အခါတိုင်း ဖဲရိုက်နေကျ လူတွေက လာခေါ်ရင်လည်း ကျွန်တော်က ကြည့်ကောင်းအောင် ပြောပြီး အမြဲတမ်း ရှောင်ခဲ့ပါတယ်။ ဒီကနေ့ အထိပဲ ဆိုပါတော့။ ပြန်စဉ်းစားကြည့်တဲ့ အခါမှာ လေးတန်းပဲ အောင်တဲ့ ကျွန်တော့်အမေဟာ ကလေးသူငယ် စိတ် ပညာ Child Psychology ဆိုတာ ကြားတောင်မှ မကြားဖူးပါဘူး။ လောင်းကစားကို စွဲလမ်းနေတဲ့ ကျွန်တော့်ကို သွန်သင်ဆုံးမ နည်းသွန်ဟန်နဲ့ စကားတစ်လုံးမှ မပြောဘဲ ဆုံးမလိုက်တာဟာ ကျွန်တော့်အတွက် တစ်သက်လျာလုံး သင်ခန်းစာ ရသွားပါတယ်။

## ကလေးဘဝ ဖြတ်သန်းခဲ့ပြီ

အထက်မှာ ရေးပြခဲ့သလိုပါပဲ။ ကလေးဘဝ လေးတန်းအထိ မတောင့်မတ၊ မကြောင့်မကြဘဲ နေခဲ့ရပြီး အဲဒီခေတ်က လူနေမှု အဆင့် ကြည့်မယ်ဆိုရင် ကျွန်တော်တို့ မိသားစုဟာ အခြေခံ လူတန်းစား အဆင့်လို့ ပြောရမှာပါ။ ရွာမှာ ဂေါ်၊ ငရုတ်၊ နှမ်း စတဲ့ သီးနှံတွေ စိုက်လေ့ရှိတဲ့ ယာတွေ ဓလေ တော်တော်များများ ရှိပါတယ်။ အတိအကျတော့ မသိပါ။ ဂါထွက်တဲ့အခါမှာ ဂါခင်းတွေထဲ ဆင်းပြီး မကြာ မကြာ ဂါဆွတ်ခဲ့ဖူးပါတယ်။

နှမ်းအောင်တဲ့ အခါတွေမှာလည်း ရွာထဲက ဦးစိန်သက်ရဲ့ ဆီဆုံမှာ ဆီကြိတ်ပြီး ထွက်လာတဲ့ နှမ်းဆီ တွေကို အလတ်စား စဉ့်အိုးတွေထဲမှာ ထည့် ၊ အလုံ ပိတ်သိမ်းပြီး လိုရင် လိုသလို ဆီခပ် သုံးတာ မှတ်မိပါ တယ်။ တခါတလေ ဆီဆုံမှာ အလေးချိန် လိုရင် ကျွန်တော်တို့ ကလေးတွေက ဆီဆုံတန်းပေါ် တက်စီးပြီး "ဝိုင်းကြီးပတ်ပတ် ဒုဂေဂေ" လို့ တပျော်တပါးကြီး အော်ခဲ့တာကို မှတ်မိပါတယ်။ နှမ်းတွေ ကြေလို့ နှမ်းဖတ် မဖြစ်ခင် ဆီတွေနဲ့ အိနေတဲ့ အနေအထားကို "ဆီသွေး" လို့ ခေါ်ပါတယ်။ အဲဒီ ဆီသွေးကို လိုသလောက် ခပ်ယူပြီး ဆီကုန်အောင် စစ်၊ ပြီးမှ ကြက်သွန်ဖြူ ကြက်သွန်နီ၊ ရှောက်ရွက်တွေနဲ့ ဆီသွေးချက်ဟင်းဟာ မေ့လို့ မရနိုင်တဲ့ ဟင်းတစ်မျိုးပါပဲ။

## မွေးချင်းတွေရဲ့ ပုံစံ အမျိုးမျိုး

အထက်မှာလည်း ရေးပြခဲ့ပြီးပါပြီ။ အဖေဘက်က အဘိုး အဘွားတွေက ဦးဖိုးသော့နဲ့ ဒေါ် ခင်ပု။ ဦးဖိုးသော့ အသားညိုပြီး အရပ် ရှည်ပါတယ်။ ဆံပင် အရှည်နဲ့ ဖြစ်ပြီး လူကြားသူကြား သွားရမယ် ဆိုရင် ပိုးပဝါ ပေါင်းပေ

ရှိပါတယ်။ ဘသော့ရဲ့ အဖေက ဆရာခိုလို့ ခေါ်ပါတယ်။ ဝမ်းတွင်း မြို့နယ်၊ ရိုးရွာဇာတိပါ။ မန္တလေး နန်းတော်ကြီး ဆောက်တော့ သူဟာ အရေးပါတဲ့ ဗိသုကာကြီး ဖြစ်ပါတယ်။

ကျွန်တော့် အဖေနဲ့ အမေကတော့ သာမန် အရပ်အမောင်းတွေပါ။ ရုပ်ရည်တွေကတော့ နှစ်လိုဖွယ် ရှိတယ်လို့ ပြောနိုင်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ညီအစ်ကို မောင်နှမ အများစုဟာ ကြည့်ပျော် ရှုပျော် ရုပ်ရည်များ ရှိတဲ့ အတွက် ပြောရရင် သာမန်နဲ့ အထက်လို့ သတ်မှတ်လို့ ရပါတယ်။ အဲဒီအထဲက ညီနွဲ့၊ လှစမ်း၊ နနရီ၊ အသက် ၂၂ နှစ်မှာ ကွယ်လွန်သွားတဲ့ နံပါတ် ၁၁ ထားထားရီနဲ့ နံပါတ် ၁၂ ညီကျော်လင်းတို့ဟာ ရုပ်တွေ ချောကြတယ်လို့ သတ်မှတ်လို့ ရပါတယ်။

ကျွန်တော် အပါအဝင် ညီမ နံပါတ် သုံး ကြည်စမ်း၊ ညီနံပါတ် ခြောက် တင်စိုး၊ ညီမ နံပါတ် ၁၀ စိုးစိုးရီ တို့ကတော့ ကြည့်ပျော် ရှုပျော် အဆင့်မှာပဲ ရှိတယ်လို့ ဆိုနိုင်ပါတယ်။ ညီနံပါတ် ရှစ် မောင်နိုင်လင်းကတော့ အဖေဘက်က အဘိုးနဲ့ ရုပ်လည်း ဆင်ပါတယ်။ စိတ်လည်း နည်းနည်းဆင်ပါတယ်။ အရပ်အမောင်းကလည်း အဘိုးလောက် ရှည်ပြီး ဉာဏ်ရည် ထက်မြက်တာလည်း တူကြပါတယ်။

ဘသော့ အလှကြိုက် မကြိုက်တော့ မသိပါ။ မောင်နိုင်လင်းက အတော် အလှကြိုက်ပါတယ်။ မနက် နိုးတာနဲ့ ကိုယ်လက် သန့်စင်ပြီးရင် မှန်ကိုကြည့်ပြီး နှုတ်ခမ်းမွေးကို ခေါင်းဘီးနဲ့ အရင် ဖြီးပါသတဲ့။ (ဒါက အိမ်က ကောင်မလေးတွေရဲ့ အပြော။) အပြင်သွားမယ်ဆိုရင် ဘောင်းဘီရှည်နဲ့ ရုပ်အင်္ကျီကို လည်ပင်း အပြည့် ကြယ်သီးတပ်ပါတယ်။ ကြည့်လိုက်တဲ့သူက သူ့ကို မြင်ရင် စမတ်ကျတယ်လို့ ထင်ရမှာပါ။ သူက သားသမီး အကျိုးပေးပါတယ်။ ကလေး သုံးယောက်စလုံး ဆရာဝန် ဖြစ်ကြပါတယ်။

အဖေနဲ့ အဖေရဲ့ ညီတို့ဟာ တစ်ယောက်က ပုပြီး တစ်ယောက်က ရှည်ပါတယ်။ အဖေက ငါးပေ လေးလက်မ ကျော်ကျော်လောက် ရှိပြီး ဦးဘီက ငါးပေ ရှစ်လက်မလောက် ရှိပါတယ်။ နောက်မျိုးဆက် တစ်ခု ဖြစ်တဲ့ ကျွန်တော်နဲ့ ညီနွဲ့ကျတော့လည်း ကျွန်တော်က ငါးပေ လေးလက်မခွဲလောက် ရှိပြီး ညီနွဲ့က ငါးပေ ရှစ်လက်မလောက် ရှိပါတယ်။ တတိယ မျိုးဆက် ဖြစ်တဲ့ ကျွန်တော်သား နှစ်ကောင်ကျတော့လည်း အဲဒီပုံစံပါပဲ။ အကြီးကောင် (ဌေးမြို့) က ငါးပေ လေးလက်မလောက် ရှိပြီး ၊ အငယ်ကောင် (ငမည်း) က ငါးပေ ခုနစ်လက်မလောက် ရှည်ပါတယ်။ မျိုးရိုးဗီဇ Gene သဘောအရ ဒီလိုဖြစ်တယ်လို့ ယူဆရပါတယ်။

ကျွန်တော့် ရုပ်ရည်ကို ပြောရရင် အဖေ တစ်ဝက်၊ အမေ တစ်ဝက်လို့ ပြောရပါမယ်။ ငယ်စဉ်က ကျွန်တော့်ကို ဘယ်သူကမှ ချောတယ်လို့ အပြောမခံရဖူးပါဘူး။ ဒါပေမဲ့ ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲမှာ ရွာတွေကို သွားတော့ တချို့ ရွာတွေမှာ ကျွန်တော့် အဖေရဲ့ တပည့်ဟောင်းတွေကို တွေ့ရပါတယ်။ အသက် ၆၀ ပတ်ဝန်းကျင်တွေပါ။ ကျွန်တော့်ကို တွေ့တော့ “ဟာ ဆရာကြီးနဲ့ တူလိုက်တာ” ဆိုပြီး လာ နှုတ်ဆက်ကြပါတယ်။ ရွာ တော်တော်များများမှာ တွေ့ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲမှာ ကျွန်တော် နိုင်ခဲ့တာဟာ အဖေ့ရဲ့ကျေးဇူးလည်း ပါတယ်လို့ ထင်မြင်မိပါတယ်။

ညီနံပါတ် လေး မောင်ရဲမြင့်က အသားအရောင်ကတော့ အဖေဘက်က အဘိုးကို လိုက်ပေမဲ့ လူက တော့ ညှက်ပါတယ်။ သူ့ရဲ့ ထူးခြားချက်က အာဝဇ္ဇာန်း ရွှင်ခြင်း ဖြစ်ပါတယ်။ လူ လေး-ငါးယောက် ရှိတဲ့ နေရာ ကို သူရောက်သွားရင် ခဏနေတဲ့ အခါ တဝေါဝေါ တသောသောနဲ့ ဖြစ်နေပါလိမ့်မယ်။ အခုဆိုရင် အသက်က ၆၇ နှစ် ရှိနေပါပြီ။ သူ့မှာ သား သုံးယောက်နဲ့ သမီး တစ်ယောက် ရှိပြီး အားလုံး လုပ်ငန်းကိုယ်စီနဲ့ ချောင်ချောင် လည်လည် ရှိနေကြပါပြီ။

## မောင်တင်စိုးရဲ့ Naing Group

ညီနံပါတ် ခြောက် မောင်တင်စိုးကတော့ စစ်တက္ကသိုလ် အပတ်စဉ် ၁၅ က ဆင်းတာပါ။ ကျွန်တော်နဲ့ အသက် ၁ဝ နှစ် ကွာသလို DSA Intake လည်း ၁ဝ ခု ကွာတာပါ။ သူ့အကြောင်းကိုတော့ အပေါ်မှာ တချို့ ရေးပြပြီး ပါပြီ။ သူ့အိမ်ထောင်ဘက်က သူနဲ့ အပတ်စဉ်တူတဲ့ ကိုကိုနိုင်ရဲ့ ညီမ မသက်သက်နိုင်နဲ့ အိမ်ထောင်ကျပါ တယ်။ သားသမီး သုံးယောက်မှာလည်း နှစ်ယောက်က ဆရာဝန်နဲ့ နောက်တစ်ယောက်က လေကြောင်း အင်ဂျင်နီယာပါ။ သူဟာ ငယ်စဉ်ကတည်းက မပူမပင်၊ မကြောင့်မကျ နေခဲ့ရလေ့ရှိတော့ ကျောင်းပိတ်ရက် တွေမှာ အပြင်ဘက်မှာ ဆော့ကစားရင် အမြဲတမ်းလိုလို နေ့လယ်စာ ဝင်လေ့ရှိပါတယ်။

သူက မိသားစုမှာလည်း တာဝန်ကျေသလို ဇနီးသည်ရဲ့ မိသားစုအတွက်လည်း အလွန် တာဝန်ကျေ ခဲ့သူပါ။ ယောက္ခမတွေ၊ ယောက်ဖတွေကလည်း အလွန်ချစ်ပါတယ်။ ပုံစံထုတ်ပြရရင် ကျွန်တော် ၂ဝ၀၅ ခုနှစ် မန္တလေး အိုးဗိုထောင်မှာ ရှိပါတယ်။ ကျွန်တော်တို့က သတင်းစာ ဖတ်ရပါတယ်။ တစ်နေ့မှာတော့ သတင်းစာ ထဲမှာ "မောင်တင်စိုးနဲ့ မသက်သက်နိုင်" တို့ရဲ့ ဘယ်နနှစ်မြောက် (နှစ် ၃ဝ ထင်ပါရဲ့) မင်္ဂလာ ကြော်ငြာပါ။

ကြေညာပုံက မောင်တင်စိုးနဲ့ မသက်သက်နိုင်တို့ရဲ့ သားသမီးများ ဖြစ်ကြသော မင်းသက်စိုးနိုင်၊ နင်းသက်စိုးနိုင်၊ ရွှန်သက်စိုးနိုင်တို့ရဲ့ နာမည်တွေပါ ပါပါတယ်။ ကျွန်တော် သိလိုက်ပါတယ်။ သက်သက် အဖေ နာမည်က "နိုင်" ပါပါတယ်။ မြေးတွေရဲ့ နာမည်မှာ သူ့နာမည် မပါဘဲ သေသွားတဲ့ ယောက္ခမ နာမည်ကို ယူထားတာပါ။

အဲဒီတုန်းက ကျွန်တော်တို့ စာရေးခွင့် ရနေပါပြီ။ ကျွန်တော်က စာရေးခွင့် တောင်းပြီးတော့ တင်စိုးဆီကို ဒီသဘောပါတဲ့စာ ရေးလိုက်ပါတယ်။

"တင်စိုးရေ မင်းတို့ မိသားစု အနှစ် (   ) မြောက် မင်္ဂလာ ဆုတောင်း ကြော်ငြာ ဖတ်ရတယ်၊ ကိုကြီး ဝမ်းသာတယ်ကွာ၊ အေး တစ်ခုတော့ အကြံပေးလိုက်ဦးမယ် မင်းမိန်းမနဲ့ သားသမီးတွေရဲ့ နာမည်တွေမှာ "နိုင်" ပါနေတော့ မင်းနာမည်ကိုလည်း တင်စိုးနိုင်လို့ ပြောင်းလိုက်ပါ့လား" ဆိုပြီး ပြောလိုက်တာပါ။

အမှန်က ကျွန်တော်က ရိလိုက်တာပါ။ ဒါပေမဲ့ သူက ကျွန်တော့် စာလည်း ရရော "ကိုကြီး ပေးတဲ့ နာမည် ကြိုက်ပြီဟေ့၊ တင်စိုးနိုင် ဆိုတဲ့ နာမည်ကို ကြိုက်ပြီဟေ့" လို့ အော်နေပါသတဲ့။ ကျွန်တော် ရိလိုက်တာကို သူက အတည်ပေါက်ကြီး ယူတာပါ။ ဒါ့ကြောင့်လည်း အမေက သူ ငယ်ငယ်တုန်းကတည်းက "တင်စိုးဆိုတဲ့ ကောင်က အေးကြီး" လို့ မှတ်ချက်ချခဲ့တာပါ။ မှန်လိုက်လေခြင်း။

အခုတော့ သူလည်း မန္တလေး အနုပညာ တက္ကသိုလ် ပါမောက္ခချုပ်အဖြစ်နဲ့ ပင်စင် ယူခဲ့ပြီးပါပြီ။ သူ့ဇနီး နေမကောင်းလို့ အနီးကပ် ပြုစုနေရတာကိုပဲ "အခုမှ ကျုပ်ရည်းစားလေးနဲ့ မကွဲမကွာ နေခွင့်ရနေတာဗျ" ဆိုပြီး ကြွေးကြော်နေပြန်ပါတယ်။

ညီနံပါတ် ကိုး၊ ထွေး (၈) ခင်ဇော်ထွန်းကတော့ ကျွန်တော်တို့ ညီအစ်ကို မောင်နမထဲမှာ ရုပ် အဆိုး ဆုံးပါ။ သတ္တိကလည်း နည်းသလား မမေးနဲ့၊ ငယ်ငယ်က ညပိုင်း အိမ်သာ သွားရင် တစ်ယောက်တည်း ဘယ်တော့မှ မသွားရဲပါဘူး။ အငယ်ကောင်တွေကို နှိုးပြီး အမြဲ လိုက်ပို့နိုင်းပါတယ်။ တက္ကသိုလ် ဒုတိယနှစ် အောင်ပြီးကတည်းက ဟိုတယ် Chef အဖြစ် ဝင်ပြီး အလုပ်လုပ်ခဲ့တာ အခုတော့ ဝါရင့် Chef ဆရာကြီး ဖြစ်နေပါပြီ။ Tour ကုမ္ပဏီတွေ၊ ဟိုတယ်တွေလည်း စုံနေအောင် အလုပ် လုပ်ခဲ့ဖူးပါပြီ။ အခုတော့ အသစ်ဖွင့်တဲ့ Grand Hantha ဆေးရုံမှာ လူနာတွေအတွက် အစားအသောက် စီစဉ်ပေးတဲ့ အလုပ် ရနေပြန်ပါပြီ။ သူ့မိန်းမ

တတော့ ကရင်မပါ။ သူမှာ မယားပါ သမီး တစ်ယောက်၊ ကိုယ်ပိုင်သား နှစ်ယောက်နဲ့ သိုက်သိုက်ဝန်းဝန်း ဖြစ်နေပါပြီ။

ငကျော် (ကျော်လင်း) နဲ့ ငဇော် (သန့်ဇော် ခေါ် သိန်းထိုက်) တို့ကတော့ နံပါတ် ၁၂ နဲ့ နံပါတ် ၁၃ ပါ။ အသက်ကလည်း မကွာပါဘူး။ ကျွန်တော် တစ်ကထွက်လို့ စီးပွားရေးလုပ်ပြီး ရန်ကုန်မှာ အခြေချတဲ့အခါ သူတို့ကို မိတ္ထီလာက ခေါ်ပြီး ၁၀ တန်း အောင်အောင် ထားပေးပါတယ်။ ပြီးတော့ ဘွဲ့ရတဲ့အထိ ကျွန်တော်ပဲ ထားပေးတာပါ။ အခုတော့ ငကျော်က ကုလသမဂ္ဂ UNHCR မှာ အလုပ်လုပ်ပြီး မိုးငယ်ဆိုသူ မိန်းကလေးနဲ့ အိမ်ထောင်ကျ၊ ကလေးလည်း သုံးယောက် ရနေပါပြီ။ အားလုံးလည်း ဘွဲ့ရနေပါပြီ။ ငဇော်ကတော့ နွေလေးက အနုပညာ တက္ကသိုလ်မှာ ဓော်ကွန်းထိန်း ထင်ပါရဲ့။ မစံပယ် ဆိုသူနဲ့ အိမ်ထောင်ကျပြီး၊ အခုထိ လူမဖြစ်သေးပါဘူး။ ကျွန်တော်နဲ့ ငဇော်နဲ့ အသက်က ၂၄ နှစ် ကွာပါတယ်။

**ထားထားရီ**

သူက နံပါတ် ၁၁ ဖြစ်ပြီး ကျွန်တော်က သူ့ကို "မိထား" လို့ ခေါ်ပါတယ်။ ၁၀ တန်းအောင်လို့ မိတ္ထီလာ ကောလိပ် တက်နေတုန်း ဒုတိယနှစ်မှာ အပြင်းဖျားပါတယ်။ လနဲ့ချီပြီး ဆေးကုပေမဲ့လည်း မသက်သာတဲ့ အပြင် နှလုံးပါ ထိခိုက်သွားတယ်လို့ သိရပါတယ်။ အခြေအနေ မဟန်တော့မှ မိဘများက မိထားကြီးကို ရန်ကုန်ကို ပို့ပြီး ဆေးကုစေပါတယ်။

အဲဒီတုန်းက နှလုံးရောဂါ အထူးကု နာမည် အကြီးဆုံး ဒေါက်တာ ရွှေတင်နဲ့ ကုပါတယ်။ ကျုံးကြီးလမ်းက မြရတနာ ဆေးခန်းမှာပါ။ ကုန်လိုက်တဲ့ ပိုက်ဆံကလည်း သောက်သောက်လဲပါ။ ဆေးတွေ မှန်မှန် သောက်ပြီး တော့ အစားအသောက် ဆင်ခြင်တဲ့အခါမှာ မိထားကြီးဟာ တော်တော် နေကောင်းနေပါပြီ။ သူ ရောက်ခါစက တစ်ကိုယ်လုံး ယောင်ကိုင်းပြီး မန္တိုင်းကောင်း၊ နိုင်းကောင်း မီးပုံးပျံကြီးနဲ့ တူနေတာပါ။

မှတ်မှတ်ရရ အဲဒီနေ့ ညနေမှာ ဒေါက်တာ ရွှေတင်ကို မိထားကြီး ဝင်ပြတော့ သူက ဝမ်းသာအားရနဲ့ "ဟာ အတော် နေကောင်းသွားပြီပဲ၊ မနက်ဖြန်က စပြီး ဆေး ပြောင်းသောက်တော့" ဆိုပြီး အရင် ပေးနေကျ ဆေးတွေ ဖြတ်လိုက်ပြီး နောက်ဆေးတွေ ပြောင်းပေးလိုက်ပါတယ်။ မိထားရော၊ ကျွန်တော်တို့ရော ဝမ်းသာ ကြလို့ပေါ့။ အဲဒီညက စပြီး ဆေးတွေ ပြောင်းသောက်ပါတော့တယ်။

အဲဒီမှာ မိထားကြီး ဒုက္ခရောက်တော့တာပါပဲ။ မနက် အစောကြီး လေးနာရီလောက် ကတည်းက မိထားကြီး အခန်းက အသံတွေ ကြားနေရပါတယ်။ သူနဲ့ ခယ်မ အငယ် ဥမ္မာနဲ့ သမီးကြီး ဝင်းမာမြင့်တို့ အတူ တူ အိပ်ကြတာပါ။ အသံတွေ ကြားလို့ ကျွန်တော် ထပြီးစုံစမ်းတော့ မိထားကြီးဟာ သန်းခေါင်ကျော်လောက် ကတည်းက မနက်အထိ တလူးလူး တလိမ့်လိမ့်နဲ့ ဝေဒနာ ခံစားနေရတာလို့ သိရပါတယ်။ အထူးသဖြင့် ကျောဘက်က နာပါတယ်တဲ့။

ကျွန်တော်လည်း ကမန်းကတန်း အဝတ်အစားလဲပြီး ဆေးရုံ အရေးပေါ်ဌာန သွားဖို့ ကားသွား ထုတ်ပါတယ်။ ကားရှေ့ခန်းမှာ သူက အလယ်က ထိုင်ပြီး ကျွန်တော်နဲ့ ဥမ္မာက တစ်ဖက်တစ်ချက်မှာပါ။ ငကျော်လည်း အိမ်မှာ ရှိတာမို့ သူ့ကို Pick-up နောက်ခန်းက လိုက်စေပါတယ်။ မိထားကြီးရဲ့ ကံခေပုံက ဆေးကျောင်းသား ဖြစ်နေတဲ့ အကို နိုင်လင်းဟာ စာမေးပွဲနီးလို့ ရွှေဂုံတိုင်က တိုက်ခန်း တစ်ခုမှာ သွားစာကျက် နေတဲ့အခိုက် ဖြစ်ပါတယ်။ ငကျော်ကို ခေါ်လာတဲ့ ရည်ရွယ်ချက်ကလည်း ကျွန်တော်တို့ မြေနီကုန်း မီးပွိုင့်ရောက်ရင် ဆင်းပြီး ရွှေဂုံတိုင် တိုက်ခန်းက ငနိုင်ကို သွားခေါ် ပေးဖို့ပါ။

အိမ်က ကားထွက်တော့ မနက် ခြောက်နာရီလောက် ရှိပါပြီ။ ဥမ္မာက မိထားကြီးကို ဖက်ထားပြီး အားပေးနေပါတယ်။ မိထားကြီးကတော့ မျက်စိ မှိတ်ထားပြီး မှိန်းနေပါတယ်။ ကျွန်တော်က မိထားကြီးကို ခေါ်ပြီး "မိထား၊ ကိုကြီး ပြောတာ ကြားလား" လို့ မေးတော့ သူ ခေါင်းညိတ်ပြပါတယ်။ ကျွန်တော်က ဆက်ပြောပါတယ်။ " အေး၊ မိထားကြီး တရားကျင့်ဖူးတယ်မို့လား" လို့ မေးတော့ သူက ခေါင်းညိတ်ပြပါတယ်။ ကျွန်တော်က ဆက်ပြီး "နာနေတဲ့ နေရာကို သတိနဲ့ မှတ်နေ၊ အဲဒါ ဝေဒနာနုပဿနာလို့ ခေါ်တယ်၊ နာတဲ့နေရာကို အသိနဲ့ ကပ်နေ" လို့ ပြောတဲ့အခါ သူ ခေါင်းညိတ်ပြပါတယ်။

ကားက မင်းကြီးလမ်းက ထွက်ပြီး ဘယ်ချိုးတော့ ဘုတာရုံလမ်း။ အဲဒီလမ်းလည်း ရောက်ရော ဥမ္မာက အလန့်တကြား အော်ပြောပါတယ်။ "ကိုကြီး၊ ကိုကြီး၊ မထားကြီး သတိမေ့သွားပြီ" ပါတဲ့။ ကျွန်တော်လည်း ဘုတာရုံလမ်းကနေ အင်းစိန်လမ်းမကြီးဘက် ကွေ့ပြီး BOC မှတ်တိုင်နား ရောက်တော့ ကားရပ်လိုက်ပါတယ်။ ဟုတ်ပါတယ်၊ ကားရပ်ပြီး မိထားကြီးကို ကြည့်လိုက်တော့ သတိမေ့သွားပါပြီ။ အဲဒီတုန်းက ကျွန်တော်ဟာ ရုတ်တရက် သတိမေ့သူကို နှုတ်ခမ်းချင်းတေ့ မှုတ်တာနဲ့ နလုံး အပေါ်က ရင်ဘတ်ကို ဖိပြီး အသက်ရှုအောင် ပြန်လုပ်တာတွေကို အသိရှိပေမဲ့ ကိုယ်တိုင် မလုပ်တတ်ပါဘူး။

ဒါ့ကြောင့် ကျွန်တော်ဟာ ဆေးရုံကြီးကိုပဲ အမြန် မောင်းသွားပါတယ်။ မြေနီကုန်းမှာ ငကျော်ကို ချထားပြီး ဆေးရုံကြီး အရေးပေါ် ဌာနရောက်တော့ မိထားကြီးကို ပြတဲ့အခါ အသက် မရှိတော့ပါဘူးတဲ့။ ခဏနေတော့ ငနိုင်နဲ့ သူ့သူငယ်ချင်း ဆေးကျောင်းသားတွေ ရောက်လာကြပါတယ်။ မိထားကြီး အခြေအနေ သိသွားတဲ့အခါမှာ ငနိုင်က မိထားကို PM (Post Mortern) လုပ်ကြည့်ချင်ပါသတဲ့။ ကျွန်တော် ခွင့်ပေးလိုက်ပါတယ်။ နာရီဝက်လောက် ကြာတော့ သူတို့ ပြန်လာတဲ့အခါ ငနိုင်က "ဘယ်လိုမှ မကယ်နိုင်တော့ဘူး ကိုကြီး၊ သွေးကျောက်ကပ်က လုံးဝ ပျက်စီးသွားပြီ" လို့ ပြောပါတယ်။ ကျွန်တော် သိလိုက်ပါပြီ။ ဆရာဝန် ပြောင်းလိုက်တဲ့ ဆေးအသစ်ရဲ့ လက်ချက်ပါ။

## မိဘတွေ စိတ်မချမ်းသာမှာစိုးလို့

မိထားရဲ့ အလောင်းကိုတော့ ဆေးရုံကြီး ရေခဲတိုက်မှာ ထားဖို့ စီစဉ်ခဲ့ပါတယ်။ မိဘနှစ်ပါးနဲ့ ဆွေမျိုးတွေကို အကြောင်းကြား၊ သတင်းစာမှာ နာရေးကြော်ငြာ ထည့် စတဲ့အလုပ်တွေကို ဆက်တိုက် လုပ်ရတော့တာပါပဲ။ တကယ်တော့ မိထားကြီး သေတဲ့ကိစ္စကို ကျွန်တော် လုံးဝ မကျေနပ်ပါဘူး။ ဆေး ပြောင်းပေးလိုက်တဲ့ ဆရာဝန်ရဲ့ တာဝန်လို့ တထစ်ချ ယုံကြည်ပါတယ်။

ဒါပေမဲ့ ဆေးလောက အခေါ် Mal-practice (ဆေးကုသ မှားယွင်းမှု) နဲ့ တရားတပေါင် လုပ်မယ် ဆိုရင်လည်း ကိုယ့်ဘက်က ဘယ်လောက်ပဲ ခိုင်မာပါစေ၊ ကျော်မကောင်း ကြားမကောင်း ဖြစ်မှာပါ။ အဓိက ကျွန်တော် စဉ်းစားမိတာက မိဘနှစ်ပါး စိတ်ဆင်းရဲသွားမယ့် အနေအထားပါ။ မိထားကြီး ကိစ္စနဲ့ တရားတပေါင် ဖြစ်ရင် ရိုးသား အေးဆေးတဲ့ အဖေနဲ့ အမေဟာ ဘယ်လိုမှ စိတ်ချမ်းသာမှာ မဟုတ်ပါဘူး။ ဒါ့ကြောင့် မိထားကြီး ကိစ္စကို ပြီးတာတွေလည်း ပြီးပါစေတော့ဆိုတဲ့ သဘောနဲ့ ဘာမှ ဆက်မလုပ်တော့ပါဘူး။

အသုဘကို ငါးရက်ထားပါတယ်။ အဲဒီမှာ ဗဟုသုတတစ်ခု ရတာက ဂူသွင်းသဂြိုဟ်သည် ဖြစ်စေ၊ မီးသဂြိုဟ်သည် ဖြစ်စေ အသုဘ အလောင်းကို မိတ်ကပ်ပြင်ပေးကြတယ် ဆိုတဲ့ အချက်ပါ။ ကျွန်တော်ကတော့ ဒီသဘောတွေ မသိတော့ ဘာမှ ပြင်ဆင်မလာပါဘူး။ သဂြိုဟ်ဖို့ မတိုင်ခင် သုံးနာရီခန့် ကြိုပြီးတော့ ရေခဲတိုက်ကို ရောက်ပါတယ်။ အဲဒီနေ့မှာ သဂြိုဟ်မယ့် အလောင်းတွေကို သူတို့ အမျိုးတွေက အဝတ်အစား

လဲပေးတာတို့၊ မျက်နှာပြုပြင်တာတို့ လုပ်ပါတယ်။ ထူးခြားတာက အမျိုးသမီး အလောင်းတွေကို ဆံပင်ပြင်ပေး၊ မျက်နှာကို မိတ်ကပ်လိမ်း၊ နှုတ်ခမ်းနီဆိုးနဲ့ လုပ်နေကြတာ တွေ့တော့ ကျွန်တော် အံ့ဩသွားပါတယ်။

## တီတီရဲ့ ကျေးဇူး

ပြီးမှ "ငါ မိထားကြီးအတွက် ဘာမှ ကြိုမပြင်ခဲ့ရပါလား" ဆိုတဲ့ အတွေးနဲ့ စိတ်ထဲမှာ မသက်မသာ ဖြစ်သွားပါတယ်။ အဲဒီအချိန်မှာ "တီတီ" ရောက်လာပါတယ်။ "တီတီ" ဆိုတာက နာမည် အပြည့်အစုံ "ဒေါ်တီတီအုန်း"၊ အလုပ်က မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ စာပြု၊ အင်္ဂလိပ်စာ အင်မတန် တော်ပါတယ်။ သူက ကျွန်တော့်ညီ နံပါတ် နှစ် မောင်ညိုနွဲ့ရဲ့ ဇနီးပါ။ သူ ရောက်လာပြီး မိထားကြီး အလောင်းသေး ရောက်တော့ သူ့အိတ်ထဲက မိတ်ကပ်ဘူးတွေ၊ နှုတ်ခမ်းနီတောင့်တွေ ထုတ်လာတာ တွေ့ရပါတယ်။

ပြီးမှ ကျွန်တော့်ကို "ကိုကြီး၊ မိထားကြီးကို တီတီ ပြင်ပေးမယ်နော်" လို့ ခွင့်လည်း တောင်း၊ ချစ်ချစ်ထားထား မျက်နှာကို မိတ်ကပ်တွေ လိမ်းနဲ့ တော်တော် ဟန်ကျသွားပါတယ်။ ကျွန်တော် ယူလာတဲ့ အဝတ်အစားတွေနဲ့ မိထားကို ပြုပြင်ပေးပါတယ်။ ကျွန်တော်စိတ် အလွန် ပေါ့ပါးသွားပါတယ်။ "တီတီ" ရဲ့ သိတတ်မှုကိုလည်း စိတ်ထဲက ကျိတ်ပြီး ကျေးဇူးတင်နေပါတယ်။

အသုဘချတော့ အခု မူးယစ်ဆေးဝါး ပြတိုက် လုပ်ထားတဲ့ နေရာမှာရှိတဲ့ "ကြံတော သုသာန်" မှာ မီးသင်္ဂြိုဟ်ပါတယ်။ ရန်ကုန်မှာ ရှိတဲ့ အဖေ အမေတို့ရဲ့ မိတ်ဆွေတွေ၊ တပည့်တပန်းတွေ ၊ ကျွန်တော်တို့ အသိုင်းအဝိုင်းက မိတ်ဆွေတွေနဲ့ မိထားကြီး အသုဘဟာ တော်တော် စည်ကားပါတယ်။ သူ့အသုဘကြောင့် အဖေ၊ အမေ၊ ဦးလေး၊ အဒေါ်တွေအပြင် ကျန်တဲ့ ညီအစ်ကို မောင်နှမ ၁၂ ယောက်နဲ့ မိသားစုတွေကလည်း စုံစုံညီညီ ရောက်နေကြတာပါ။

## ထူးခြားချက်လေး တစ်ခု

သုသာန်ရောက်တော့ အသင့် စီစဉ်ထားတဲ့ သံယာ သုံးပါးနဲ့ သရဏဂုံ တင်ပါတယ်။ ကိုယ့်အလှည့် ရောက်တဲ့ အခါကျတော့ မီးသင်္ဂြိုဟ်စက် နေရာကို မိထားအလောင်း ပို့ပေးရပါတယ်။ သုသာန်က စီစဉ်ပေးတဲ့ လှည်းပေါ်တင်ရတာပါ။ မီးသင်္ဂြိုဟ်ခန်းထဲ မရောက်ခင် အခေါင်းကို ဖွင့်ပြီးတော့ ဆွေမျိုးများ၊ မိတ်ဆွေများကို မိထားကြီး အခေါင်းကို ဖွင့်ပြပါတယ်။ အဖေ၊ အမေက စပြီး ကျွန်တော်တို့ ညီအစ်ကို မောင်နှမ အားလုံး ငိုတဲ့သူ တစ်ယောက်မှ မရှိပါ။

အစ်မတွေဖြစ်တဲ့ လုစန်းနဲ့ နနကတော့ "မိထားရေ၊ မိထားရေ" လို့ နမျောတသတဲ့ အသံနဲ့ အော်ခေါ်နေပါတယ်။ အဲဒီအချိန်မှာပဲ အသုဘ လိုက်ပို့တဲ့ အမျိုးသမီး တစ်ယောက်က "ဟဲ့ ဒီအသုဘကလည်း ငိုတဲ့သူ တစ်ယောက်မှ မရှိပါလား" လို့ အော်တဲ့ အသံ ကြားလိုက်ရပါတယ်။ အဲဒီ အသံ ကြားရတဲ့အခါမှာ ကျွန်တော့် အသိစိတ်မှာ "ဟာ... အဟုတ်သားပါလား" လို့ အတွေး ပေါ်လာပါတယ်။ အဲဒီ အမျိုးသမီးရဲ့ အသံကို ကျွန်တော့် စိတ်ထဲမှာ ယနေ့အထိ အမြဲလိုလို ကြားယောင်နေမိပါတယ်။

## ဘာ့ကြောင့် မငိုကြတာပါလိမ့်

အဲဒီ ပြဿနာဟာ ကျွန်တော့်အတွက် အစဉ်အမြဲ သတိတရ ဖြစ်နေခဲ့ပါတယ်။ ကျွန်တော်တို့ ဘာဖြစ်လို့ မငိုကြတာလဲ။ မိထားကြီး မသေခင်က သူဟာ ညီမတွေထဲမှာ အငယ်ဆုံးမို့ အားလုံးရဲ့ အချစ်ဆုံးပီပီ သူ့ကို

လိုလေသေးမရှိ ပြုစု စောင့်ရှောက်ပေးခဲ့တဲ့ အတွက်ကြောင့်လား။ ကျွန်တော့်မှာ အဖြေရှာလို့ မရခဲ့ပါဘူး။ ပထမအကြိမ် ငါးနှစ်ခွဲ ထောင်ကျတုန်းကလည်း ဒီပြဿနာ အကြောင်းကို အမြဲတမ်း စဉ်းစားပြီး အဖြေရှာခဲ့ဖူးပါတယ်။ မရခဲ့ပါဘူး။ နောက်တစ်ကြိမ် ထောင်ကျလို့ မြင်းခြံထောင်ကို ရောက်တဲ့အခါ နိုင်ငံရေး အမှုနဲ့ ထောင်ကျတဲ့ ဘုန်းကြီးတွေနဲ့ အတူတူ နေခဲ့ရဖူးပါတယ်။ အဲဒီအထဲက ထေရ်ကြီးဝါကြီး ဆရာတော်တစ်ပါးရဲ့ ဝေဖန် သုံးသပ်မှုကြောင့် အဖြေမှန် နီးပါးရခဲ့တယ်လို့ ယူဆမိပါတယ်။

အဲဒီ ဆရာတော်ရဲ့ မှတ်ချက်တော့ "ကျွန်တော်တို့ မိသားစုဟာ သံသရာရဲ့ တစ်ချိန်သော ကာလက ကုသိုလ် ကောင်းမှုတွေ အတူတူ လုပ်ခဲ့ကြတယ်၊ အဲဒီ ကုသိုလ်ရဲ့ အာနိသင်ကြောင့် ဒီဘဝမှာ လာပြီး အတူတကွ ဆုံစည်းကြရတယ်၊ အရင် ဘဝ ဘဝတွေတုန်းကလည်း ဗုဒ္ဓသာသနာနဲ့ ကြုံဆုံခဲ့ကြပါလိမ့်မယ်၊ အဲဒီ ဘဝတွေမှာ အသုဘ ကမ္မဋ္ဌာန်းကို စွဲစွဲမြဲမြဲ ကျင့်ကြံ နှလုံးသွင်းခဲ့ကြပါလိမ့်မယ်၊ အသုဘ ကမ္မဋ္ဌာန်းရဲ့ အကျိုးက အဆိုး လောကဓံတွေကို ကြုံကြိုက်တဲ့အခါမှာ တုန်လှုပ်မှု မရှိဘဲ သောက ပရိဒေဝကို ကြံ့ကြံ့ခံနိုင်တဲ့ သဘော" လို့ ရှင်းပြပါတယ်။

## အမေနဲ့ မိထားကြီးတို့ရဲ့ ထူးခြားတဲ့ အားပြိုင်မှု

အခု ရေးပြမယ့် အကြောင်းကို ညီမ နံပါတ် ၁၀ စိုးစိုးရီက ပြောပြလို့ သိရတာပါ။ အမေနဲ့ မိထားကြီးတို့ရဲ့ ပြင်းထန်တဲ့ အငြင်းအခုန် တစ်ခု အကြောင်းပါ။ အဲဒီ ငြင်းခုန်မှုက မိထားကြီး စုနစ်တန်း ကျောင်းသူ ဘဝ လောက်တုန်းက ဖြစ်ပါတယ်။ ကျောင်းပိတ်ရက် တစ်နေ့မှာ ဖြစ်ခဲ့တာပါ။ တခြား အစ်မတွေနဲ့ အဝေးကို ရောက်မနေတဲ့ အစ်ကိုဖြစ်တဲ့ ကိုတွဒ်လည်း ရှိနေတယ်လို့ သိရပါတယ်။ အဖေကတော့ ထုံးစံအတိုင်း အိမ်မှာ ရှိမနေပါဘူး။

စိုးစိုး ပြောပုံအရ အားလပ်ရက် တစ်ရက်မှာ မိသားစုဝင်တွေ အချင်းချင်း စကားပြောရင်းနဲ့ ပေါ်လာတဲ့ အကြောင်းအရာ တစ်ခုပါ။ ဘယ်ကနေ ဘယ်လို ပေါ်လာသလဲတော့ စိုးစိုးက မမှတ်မိတော့ပါဘူး။ မိထားကြီးက အမေ့ကို မေးပါသတဲ့၊ "အမေ့ သားသမီး ၁၃ ယောက်ထဲမှာ ဘယ်သူ့ကို အချစ်ဆုံးလဲဗျ"။ အမေ့ အဖြေကတော့ ရှင်းပါတယ်။

"ဝင်းထိန်က လွဲလို့ ငါ ဘယ်သူ့ကိုမှ မချစ်ဘူး" တဲ့။ အဲဒီမှာ မိထားကြီးက ဒေါသူပုန်ထပြီးတော့ "အမေ အဲဒါ ခင်ဗျား မတရားဘူး။ ကျွန်တော်က မိန်းကလေးထဲမှာ အငယ်ဆုံး။ ကျွန်တော့်ကို အချစ်ဆုံး ဖြစ်ရမှာ" လို့ ပြောပါသတဲ့။

အမေကတော့ မလျှော့ပါဘူးတဲ့။ "အို... ငါကတော့ ဝင်းထိန်ကို အချစ်ဆုံး။ ကျန်တဲ့ သားသမီးတွေကတော့ ပုံမှန်ပဲ" လို့ ပြောတဲ့အခါ မိထားကြီးက ပေါက်ကွဲပြီး မီးဖိုဘက်ကို ပြေးသွားပါတယ်။ အဲဒီက သားလှီးဓားကို ယူပြီးတော့ ကမူးရှူးထိုး ပြန်ထွက်လာပြီး "အမေ ကျွန်တော့်ကို အချစ်ဆုံးလို့ ပြော၊ မပြောရင် ကျွန်တော့်ကိုယ် ကျွန်တော် ဓားနဲ့ ထိုးပစ်မှာ" လို့ ခြိမ်းခြောက်တာကို အမေကလည်း မလျှော့ပါဘူးတဲ့။ "အို... ညည်းတို့ မကြိုက်လည်း လဲသေကြ ငါကတော့ ဝင်းထိန်မှ ဝင်းထိန်ပဲ" လို့လည်း ပြောရော မိထားကြီးက ကိုယ့်ကိုယ်ကိုယ် တကယ် လုပ်မယ်ထင်လို့ အစ်မတွေက ဝိုင်းပြီး ဓားကို လုကြပါတယ်။

အဲဒီစကားကို မိစိုးက ကျွန်တော့်ကို ၂၀၁၈ ခုနှစ်၊ ဧပြီလကျမှ ပြောတာပါ။ မှတ်မှတ်ရရ ၁၉၊ ၄၊ ၂၀၁၈ နေ့ ညီမ နံပါတ် ခုနစ် နုနုရီ ကွယ်လွန်လို့ တစ်လပြည့်တဲ့ အခမ်းအနား မိဘ္ဗီလာမှာ လုပ်ပါတယ်။ နံနက်ပိုင်း ဘာသာရေး ကိစ္စတွေပြီးလို့ မိတ်ဆွေ ဧည့်သည်တွေကို အစားအသောက်နဲ့ ဒါနပြုလုပ်ပါတယ်။ ယောက်ဖ

တိုဆန်နီလိုင်နဲ့ သားသမီး ငါးယောက်က ဦးစီး ကျင်းပခဲ့တာပါ။ ပြည်သာယာ လေးလမ်းက အိမ်မှာပါ။ နေ့ခင်း ဧည့်သည်တွေ စဲသွားလို့ အာလာပသလ္လာပ ပြောဖို့ အချိန်ရတော့မှ ဖိုးဖိုးက ပြောပြတာပါ။

အဲဒီလိုကျတော့ ကျွန်တော် အံ့အားသင့်သွားပါတယ်။ ညီအစ်ကို မောင်နှမ ၁၃ ယောက်မှာ ကျွန်တော်က အကြီးဆုံးမို့ အမေက ကျွန်တော့်ကို မေတ္တာ ပိုတာလား။ ဒါမှမဟုတ် ကျွန်တော် ၁၆ နှစ်သား သစ်တောရုံးမှာ အောက်တန်းစာရေး လုပ်တုန်းကရော၊ ၁၉၆၃ ခုနှစ် အရာရှိဖြစ်တဲ့ အချိန်က စပြီး ၁၉၇၂ ခုနှစ် အိမ်ထောင်ပြုတဲ့ အချိန်ထိ လခရဲ့ ထက်ဝက်ကို လစဉ် ပုံမှန် အမေ့နာမည်နဲ့ မပျက်မကွက် ပို့ပိုးပေးနေခဲ့လို့လား။ အကြောင်းရင်း တစ်ခုခုတော့ ရှိမှာပါ။ အမေ သေပြီးမှ အကြောင်းစုံ သိရသော်လည်း ကျေနပ်တဲ့ ပီတိတော့ ခံစားရပါတယ်။

## အမေနဲ့ ကျွန်တော့် ဆက်ဆံရေးထဲက အချို့အကြောင်းအရာလေးများ

အထက်မှာ ရေးပြီးသလိုပါပဲ လေးတန်း အောင်ပြီး မြို့မှာရှိတဲ့ အဘိုး အဘွား အိမ်ကနေပြီး ငါးတန်း တက်ခဲ့ရပါတယ်။ သီတင်းကျွတ် ကျောင်းပိတ်ရင် ရွာကို ၁၀ ရက်လောက် ပြန်လာရပါတယ်။ နောက်ပြီး ဖေဖော်ဝါရီလ အစိမ်း စာမေးပွဲ ပြီးတဲ့အခါ နွေရာသီ ကျောင်းပိတ်ရက် အတွင်းမှာလည်း ရွာပြန်နေခဲ့ပါတယ်။ တစ်နေ့မှာ အမေနဲ့ ကျွန်တော် ရွာပြင်ဘက်က ရေတွင်းကို ထွက်ပြီး ရေချိုး အဝတ်လျှော် လုပ်ကြပါတယ်။

ကျွန်တော်က ရေတွင်းက ရေခပ်ပေး အမေက အဝတ်လျှော်ပေါ့။ အဲဒီလို နေရင်းနဲ့ အမေက မေးခွန်း အထူးအဆန်း တစ်ခု မေးပါတယ်။ "သားမြို့ပေါ်မှာ ကျောင်းနေတော့ အမေ့ကို မလွမ်းဘူးလား"။ ကျွန်တော်က ရိုးရှည်ဝေးဝေး မစဉ်းစားဘဲ "မလွမ်းဘူး အမေ" လို့ ဖြေလိုက်တဲ့အခါ အဝတ်ကို လျှော်နေတဲ့ အမေ့ရဲ့ လက်ဟာ ခဏ တန့်သွားပါတယ်။ ကျွန်တော်ကတော့ အဖြေ မှားသွားပြီလို့ စိတ်ထဲက မသက်မသာ ခံစားလိုက်ရပါတယ်။ အမေ သေသာ သေသွားရော ဒီကိစ္စနဲ့ ပတ်သက်ပြီး အမေ့ကို ပြေရာပြေကြောင်း တစ်ခါမှ တောင်းပန်ခဲ့မိပါဘူး။

တကယ်တော့ ကျွန်တော်က အမှန်အတိုင်း ဖြေခဲ့တာပါ။ အထက်မှာ ရေးပြခဲ့သလိုပါပဲ၊ တောသား မြို့ရောက်တော့ ကြည့်စရာတွေက အများကြီးပါ။ အဘွားတို့ ခံပိုင်းကို ကင်းစောင့်ပေးလို့ ရတဲ့ ပိုက်ဆံတွေနဲ့ "ရွှေသာ" ပါတဲ့ ရုပ်ရှင်၊ ကုလားကားတွေနဲ့ အမေရိကန် ကောင်းဘွိုင် ဇာတ်ကားတွေ ဆက်တိုက်လိုလို ကြည့်ခဲ့တာပါ။ ဒါကြောင့် ကျွန်တော်ဟာ "အမေနဲ့ ရွာကို လွမ်းတယ်" ဆိုတဲ့ စိတ် မပေါ်ခဲ့ပါဘူး။ အဲ... တစ်ခုတော့ရှိရဲ့ အမေ့ကို ကျွန်တော်က မဆင်မခြင် "မလွမ်းဘူး" လို့ ဖြေခဲ့တာနဲ့ ပတ်သက်လို့ စိတ်ကတော့ အခုထိ တနုံ့နုံ့ဖြစ်နေဆဲပါ။

နောက်တစ်ခုလည်း ဖြစ်နိုင်ပါသေးတယ်။ ကျွန်တော်က သားအကြီးဆုံး ဆိုတော့ အမေ့နို့ကို ပထမ ဦးဆုံး စို့ရတာပေါ့။ အပျိုဘဝကနေ သားသည်မိခင် ဖြစ်လာတော့ သားဦးဖြစ်တဲ့ ကျွန်တော့်ကို နို့တိုက်ရင်းနဲ့ ခံစားရတဲ့ ပီတိအဟုန်ဟာ တော်တော် ကြီးမားပါလိမ့်မယ်။ နောက်တစ်ချက်က ကျွန်တော့်ညီနဲ့ ကျွန်တော် ၁၈ လ ကွာပါတယ်။ ကျွန်တော့်ညီကို မွေးတဲ့အခါ ကျွန်တော် နို့မစို့ရတော့ပါဘူး။ အဲဒီလို နို့မစို့ရတဲ့ အခြေအနေမျိုး ကြုံလို့ နုနယ်သေးတဲ့ ကျွန်တော့်ရဲ့ စိတ်ခံစားမှုဟာ အမေ့အပေါ်မှာ မကျေနပ်တဲ့စိတ် ဖြစ်ပေါ်ခဲ့မှာ သေချာပါတယ်။ ဒါကြောင့် ရပ်ဝေးမှာ နေရစိုက်မှာ အမေ့ကို လွမ်းတယ်ဆိုတဲ့စိတ် ပေါ်မလာတာလည်း ဖြစ်နိုင်ပါတယ်။

## မြင်းခြံထောင်မှာ နာရေး ကြုံရပြန်

မြင်းခြံထောင်မှာ နေရင်းနဲ့ ကြုံရတဲ့ အဆိုးလောကဓံ တစ်ခုကိုလည်း တဆက်တည်း ရေးပြလိုက်ပါမယ်။ အသေးစိတ်ကိုတော့ နောက်ပိုင်း သင့်လျော်ရာကဏ္ဍမှာ ထပ်မံတင်ပြပါဦးမယ်။ မြင်းခြံ ထောင်နဲ့တကွ မြန်မာပြည် တစ်ပြည်လုံးက ထောင်တွေမှာ ICRC လို့ အတိုခေါက်ခေါ်တဲ့ ကမ္ဘာ့ ကြက်ခြေနီအဖွဲ့ကို နိုင်ငံရေး အကျဉ်းသားတွေနဲ့ တွေ့ဆုံခွင့်ကို သဂ္ဂရာဇ် ၂၀၀၀ ခုနှစ်က စပြီး ခွင့်ပြုပါတယ်။ အဲဒီ အကျိုးဆက်ကြောင့် ကျွန်တော်တို့ စာဖတ်ခွင့် ရခဲ့ပါတယ်။

သတင်းစာလည်း နေ့စဉ် မှာပေးပါတယ်။ ချက်ချင်းတော့ မဟုတ်ပါဘူး။ အခွင့်အရေးတွေက တစ်ထစ်ပြီး တစ်ထစ် ရခဲ့သလို တိုက်ပွဲဝင် တောင်းဆိုခဲ့ရတာတွေ ရှိပါတယ်။ အသေးစိတ်ကိုတော့ နောက်ပိုင်းမှပဲ တင်ပြပါမယ်။ သတင်းစာ ရတဲ့အခါမှာ အရှေ့ဘက်က ၂၅ ခန်း အရင်ဖတ်ပြီး သူတို့ပြီးမှ ကျွန်တော် နေတဲ့ အနောက်ဘက် ၂၅ ခန်းက အကျဉ်းသားတွေ ဖတ်ရတာပါ။

## နာရေး ကြော်ငြာ

၂၀၀၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့မှာ ဖြစ်ပါတယ်။ မနက်ခင်း ထောင်ဖွင့်လို့ ဆန်ပြုတ် သောက်ပြီးတဲ့အခါမှာ အရှေ့ဘက် အခြမ်းမှာနေတဲ့ ဘိုဘိုဦး (ယခု စမ်းချောင်း မြို့နယ်၊ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်) နဲ့ NLD အကျဉ်းသား နှစ်ယောက် သုံးယောက်လောက် ကျွန်တော့်ဆီကို ဦးတည်လာပါတယ်။ ဘိုဘိုဦး လက်ထဲမှာတော့ သတင်းစာ တစ်စောင် ကိုင်ထားပါတယ်။ သူက "အန်ကယ်နဲ့ ပတ်သက်တဲ့ နာရေး ကြော်ငြာ တစ်စောင် ပါလို့ လာပို့တာ" လို့ ပြောပါတယ်။ သူကိုယ်တိုင်ကတော့ မျက်စိမျက်နှာ မကောင်းပါ။

ကျွန်တော် သတင်းစာမှာ ရှာကြည့်လိုက်တော့ "မဝင်းမာမြင့်၊ အသက် ၂၅ နှစ်" ဆိုတဲ့ နာရေး ကြော်ငြာကို တွေ့ပါတယ်။ ကြော်ငြာထဲမှာ ကျွန်တော်တို့ ဇနီးမောင်နှံ နာမည်၊ သားသမီးတွေရဲ့ နာမည် အကုန်တွေ့ရပါတယ်။

နာရေး ကြော်ငြာ ဖတ်ကြည့်ပြီး ကျွန်တော်ရင်ထဲမှာ နင့်ကနဲ ခံစားလိုက်ရပါတယ်။ မငိုမိပေမဲ့ မျက်ရည်ဝဲမိပြီး ဘိုဘိုဦးတို့ကို "ကျေးဇူးတင်တယ်ဗျာ" လို့ ပြောလိုက်တဲ့ အခါမှာ သူတို့ ပြန်သွားကြပြီး သတင်းစာကို ကျွန်တော်နဲ့ ထားခဲ့ပါတယ်။

"အော် ငါ့သမီး ဘယ်လိုဖြစ်တာပါလိမ့်" ဆိုတဲ့ အတွေးနဲ့ ရင်ထဲမှာ ဟာနေပါတယ်။ ကျွန်တော် သိထားသလောက် သူဟာ မေလဆန်းမှာ လက်ထပ်တော့မှာပါ။ အရင် ထောင်ဝင်စာမှာတုန်းက ဇနီးသည်က "မီးမီး (ခ) ဝင်းမာမြင့်" လက်ထပ်တော့မယ့် အကြောင်း လက်ထပ်မယ့် ကောင်လေးရဲ့ အကြောင်း ပြောသွားခဲ့ပါသေးတယ်။ နောက်တစ်ပတ် ထောင်ဝင်စာ လာတော့ ဇနီးသည်နဲ့ တွေ့မှ သူ့အကြောင်းကို အပြည့်အစုံ သိရပါတော့တယ်။

"မီးမီး" က ၂၀၀၁ ခုနှစ်လောက်ကတည်းက ကုမ္ပဏီတစ်ခုမှာ အလုပ် လုပ်နေပါပြီ။ လခ အသင့်အတင့် ကောင်းတယ်လို့ သိရပါတယ်။ ၂၀၀၂ ခု၊ ဧပြီလ သင်္ကြန်မှာ သူတို့ ကုမ္ပဏီက ဝန်ထမ်းတွေ အားလုံး ချောင်းသာကို အပျော်ခရီး သုံး-လေးရက် သွားကြပါတယ်။ သင်္ကြန်ပြီးမှ ပြန်လာကြတာပါ။ ပြန်ရောက်တဲ့ ရက်က စပြီး "မီးမီး" မှာ အဖျားသွေး ပါလာပါတယ်။ သာမန်အဖျားလို့ ထင်ပြီး ဇနီးသည်က ပါရာစီတစ်မောနဲ့ ကုနေပါတယ်။ သုံးရက်မြောက်မှာ မသက်သာတော့ တာမွေက "သျှင်ပါကူ" ဆေးရုံကို တင်ပါတယ်။

ဆေးရုံ ရောက်လို့ သွေးစစ်ကြည့်တဲ့အခါ မီးမီးရဲ့ အဖျားဟာ သာမန်မဟုတ်ဘဲ ငှက်ဖျား ဆိုတာ သိရပါတယ်။ အဲဒီအချိန်မှာ မီးမီး အခြေအနေက တော်တော်ဆိုးနေပါပြီ။ သူ့မှာက ခြေဆစ်၊ လက်ဆစ် ရောင်လေ့ရှိတဲ့ လေးဘက်နာ ရောဂါအခံ ရှိပါတယ်။ အဲဒီနှစ်ခု ပေါင်းပြီး မီးမီးကို တိုက်ခိုက်ခဲ့ကြတာပါ။ နောက်တစ်နေ့ ညနေမှာ ကွယ်လွန်သွားပါသတဲ့။ အဲဒီအချိန်မှာ မီးမီးရဲ့ မင်္ဂလာ ညစ်ခံပွဲအတွက် ဖိတ်စာတွေ ဝေပြီးပါပြီ။

အဲဒီအချိန်မှာ ကျွန်တော့် မိဘနှစ်ပါးရဲ့အသုဘကိစ္စတွေလည်း ကြုံခဲ့ဖူးပါပြီ၊ အထက်မှာ ရေးပြခဲ့တဲ့ ညီမ အငယ်ဆုံး ထားထားရီရဲ့ နာရေးကိုလည်း ကြုံခဲ့ပြီးပါပြီ။ ထောင်ထဲမှာ နေရင်း မီးမီးရဲ့ နာရေး ကြုံတဲ့အခါမှာ တော်တော်ကို ခံစားရပါတယ်။ တကယ်တော့ မီးမီးဟာ ကျွန်တော့် သမီးအရင်း မဟုတ်ပါဘူး။ ကျွန်တော်နဲ့ လက်ထပ်ခဲ့တဲ့ ဇနီးသည်ရဲ့ ညီမအငယ်ဆုံးပါ။ သူတို့မှာ မိသားစု ခုနစ်ယောက် ရှိပါတယ်။ မီးမီးက အငယ်ဆုံးပါ။

ဘယ်လို ရေစက်လည်းတော့ မပြောတတ်ပါဘူး။ ကျွန်တော်တို့ လက်ထပ်တော့ သူက သုံးနှစ် မပြည့်သေးပါဘူး။ ဒါပေမဲ့ သူ့မိဘနဲ့ မနေဘဲ ကျွန်တော်တို့နဲ့ အပြီးအပိုင် လိုက်နေတာပါ။ သူက ကျွန်တော့် မိသားစုအတွက် သမီး အကြီးဆုံးပေါ့။ သတ္တိကောင်းလို့ အရောရာမှာ အားကိုးရပါတယ်။ ကျွန်တော်တို့ မိသားစုကို သံယောဇဉ် အရှိဆုံးမို့ သူ့မိဘ အိမ်ကိုတောင် တစ်ညမှ သွားမအိပ်ဖူးပါဘူး။ ဒါကို ကျွန်တော့် ယောက္ခမများ (မီးမီးရဲ့အဖေနဲ့ အမေက) မီးမီးကို စကားနာထိုးလို့ မဆုံးပါဘူး။

မီးမီးအတွက် စိတ်မကောင်းဖြစ်တာ များလာလို့ မေလဆန်း ထောင်ဝင်စာပြီးတဲ့ အချိန်က စပြီး ရှစ်ပါးသီလကို နေ့စဉ်ယူပြီး ဥပုသ်ရက်ရှည် စောင့်ပါတယ်။ နောက်ပြီး "မရဏာနုဿတိ" ကို နေ့စဉ် ပွားများပါတယ်။ "မရဏာနုဿတိ" ပွားများပုံကတော့ "ငါသည် အချိန်မရွေး မုချ သေရမည်" ဆိုတဲ့သဘောကို အမြဲတမ်း နှလုံးသွင်းနေဖို့ ဖြစ်ပါတယ်။ မြတ်စွာဘုရား ဟောတဲ့ နုဿတိ ၄၀ ထဲက တစ်ခု ဖြစ်ပါတယ်။ သမထလို့လည်း ခေါ်တယ်၊ ကမ္မဋ္ဌာန်းလို့လည်း ခေါ်ပါတယ်။

"မရဏာ နုဿတိ" ကို ကျွန်တော် ပွားတာ တော်တော်ကြာပါတယ်။ လပေါင်းများစွာ ကြာခဲ့ပါတယ်။ အဲဒီလို ပွားပါများတော့ ကျွန်တော်ရဲ့ သမာဓိ အမြင်တွေ တိုးတက်လာတယ်လို့ သိရပါတယ်။ ဘယ်လို တိုးတက်လာသလဲ ဆိုရင် ကိုယ်ဟာ တစ်ချိန်ချိန် သေမယ်ဆိုတာ မုချဖြစ်လို့မို့ ကိုယ် သေသွားရင် မိသားစုတွေကိုလည်း ထားခဲ့ရမယ်၊ ရှိသမျှ ပိုင်ဆိုင်မှုတွေကိုလည်း ထားခဲ့ရမယ် ဆိုတဲ့ အသိကြောင့် ကျွန်တော့်မှာ အာမက် စွဲလမ်းမှုတွေ အများကြီး လျော့သွားပါတယ်။ အပြင်က လာတဲ့ သတင်းတွေ အပေါ်မှာလည်း ကောင်းသည်၊ ဆိုးသည် မခြားနားတော့ဘဲ ဥပက္ခာတရားနဲ့ ရှုမြင်နိုင်လာပါတယ်။ အဲဒီလို အမြင်တွေ ရှိလာပုံကို ထောင်ဝင်စာမှာ ကျွန်တော့် ဇနီးသည်ကို ပြောပြပါ တယ်။

ထောင်ဝင်စာ လာတွေ့ပြီး အိမ်ပြန်ရောက်ရင် သူ့ကို ဒေါ်အောင်ဆန်းစုကြည်က ခေါ်ပြီး ကျွန်တော့် အခြေအနေကို မေးလေ့ရှိပါတယ်။ တစ်ခါမှာတော့ ဇနီးသည်က ပြောပါတယ်။ ဒေါ်စုက ပြောတယ်ပေါ့။ မရဏာနုဿတိ အစား တခြား နုဿတိ (ဗုဒ္ဓ၊ ဓမ္မ၊ သံဃ၊ ဒေဝတာ စသည်) တခုခုကို ပွားကြည့်ပါလားလို့ အကြံပေးပါသတဲ့။ အဲဒီရက်ပိုင်းက စပြီး ဥပုသ်ကိုတော့ ဆက်စောင့်ပါတယ်။ မရဏာနုဿတိအစား "အရဟံ ဂုဏ်တော်" ကို ပြောင်းပြီး နှလုံးသွင်းပါတယ်။

## ရက်လည်နေ့က ဆုံးဖြတ်ချက် တစ်ခု

ထုံးစံအတိုင်း မိထားကြီးရဲ့ ရက်လည်နေ့မှာ ကျွန်တော့်ရဲ့ အင်းစိန်အိမ်မှာပဲ ဆရာတော် ငါးပါးကို လှူရန်နှင့်

တကွ အရုက်ဆွမ်း ကပ်ခဲ့ပါတယ်။ မိတ်ဆွေတွေကိုတော့ အုန်းနို့ခေါက်ဆွဲနဲ့ ဧည့်ခံပါတယ်။ တင်စိုးဆိုတဲ့ ကောင် အုန်းနို့ခေါက်ဆွဲ အစားများပြီး နလုံးကို ထိခိုက်သွားလို့ အသက်ရှူကြပ်သွားပါတယ်။ ဒါ့ကြောင့် မင်္ဂလာဒုံ စစ်ဆေးရုံကို ကမန်းကတန်း သွားပြရပါသေးတယ်။ ဘာမှ ဆိုးဆိုးဝါးဝါး မဖြစ်လို့ တော်သေးတာပေါ့။ နေ့ခင်းဘက်ကျတော့ ဧည့်သည်တွေ ပါးသွားပါပြီ။ အဖေနဲ့ အမေအပြင် အားလုံးလည်း ပေါ့ပေါ့ပါးပါး နားနေကြပါတယ်။

ကျွန်တော့်ကို ဘယ်အကြောင်းက နှိုးဆော်မှန်းတော့ မသိဘူး၊ အမေ့ကို ကျွန်တော် မေးလိုက်ပါတယ်။ "အမေ့သမီးတွေ ကြီးလှပြီ၊ အဲဒီကောင်မတွေ ယောက်ျား မပေးစားသေးဘူးလား" လို့ မေးတော့ အမေက "အယ်၊ ကြည်စမ်းက သဘောမတူဘူး" လို့ ပြန်ပြောပါတယ်။ ကြည်စမ်း ဆိုတာက ကျွန်တော့်ညီမ နံပါတ်သုံး။ ဘယ်သူနဲ့မှ မတည့်တဲ့ လူ့ခွစာ ၊ မတည့်ဘူး ဆိုတာမှာ ညီအစ်ကို မောင်နှမ အချင်းချင်းတောင် အဆင်မပြေအောင် မနေတတ်တဲ့ ပုဂ္ဂိုလ်ပါ။

ကျွန်တော်က "မဟုတ်သေးပါဘူး အမေရ၊ ကြည်စမ်းက အမေလား၊ အမေက အမေလား" လို့ ပြောတော့ အမေက ရယ်ကျဲရယ်ကျဲ လုပ်နေပါတယ်။ ကျွန်တော်က ဆက်ပြောပါတယ်။ "ဒီမှာ အမေ၊ ခင်ဗျား သမီးတွေက ကြီးလှပြီ၊ သူတို့ကောင်တွေက ငတုံးတွေမို့လို့ အမေ့သမီးတွေကို အစုအထိ အဆက်အသွယ် မဖြတ်တာ၊ အဲဒါ သူတို့ စိတ်ပျက်ပြီး မယူရင် အမေ့သမီးတွေ ကောကုန်မှာ" လို့ ပြောတော့ အမေက "အဲဒီလို ဆိုရင်လည်း သင့်သလို လုပ်ပေးရတာပေါ့" လို့ ပြန်ဖြေပါတယ်။

ကျွန်တော်က "မိထားကြီး နာရေးနဲ့ နည်းနည်း ဝေးတဲ့ အချိန်လောက်ကျရင် အမေ့သမီးတွေ ယောက်ျား ပေးစားတော့" လို့ ပြောလိုက်ပါတယ်။

## နုနုက ထကပါတော့တယ်

အဲဒီအချိန်မှာ လုစန်းနဲ့ နုနုတို့က အခန်းထဲကနေ နားစွင့်နေကြပါသတဲ့။ ကျွန်တော့်စကားလည်း ဆုံးသွားရော နုနုက အခန်းထဲမှာ ထကနေပါသတဲ့။ ဒီလိုနဲ့ညီမနံပါတ် ငါး လုစန်းက တက္ကသိုလ်က ဆရာမ၊ သူ့ကောင်လေးက သူ့အတန်းက ကျောင်းသား။ သူ့ထက်လည်း ငယ်သေးတယ်။ ဒါနဲ့ပဲ အဲဒီနှစ် နှစ်ကုန်လောက်မှာ လုစန်းနဲ့ သူ့ကောင်လေး မောင်စိုးဋ္ဌေးတို့ဟာ မိတ္ထီလာအိမ်မှာပဲ လက်ထပ်ဖြစ်ပါတယ်။ အိမ်ထဲနဲ့ အိမ်ရှေ့မှာ မဏ္ဍပ်ထိုးပြီး ရပ်ကွက်ထဲက ကောင်လေးတွေ အကူအညီနဲ့ သိုက်သိုက်ဝန်းဝန်း ပြီးသွားပါတယ်။ အဲဒီတုန်းက ကျွန်တော့် စီးပွားရေး အဆင်ပြေနေတော့ ဖိတ်စာက အစ၊ စားစရာတွေ အပါအဝင် ကျွန်တော်ပဲ ဒိုင်ခံ တာဝန်ယူပေးခဲ့တာပါ။

နုနုက လူပါး၊ ကျွန်တော်က လုစန်း ကိစ္စ အစစအရာရာ ဆောင်ရွက်ပေးမှန်းသိတော့ သူ့ကိုလည်း ကျွန်တော် တာဝန်ယူမယ် ဆိုတာ အလိုလို သိပြီးသားပေါ့။ ဒါ့ကြောင့် သူ့မင်္ဂလာဆောင်ကျတော့ ဖိတ်စာ တစ်ထောင်ကျော် ရိုက်ပြီး တစ်မြို့လုံး ဖိတ်တော့တာပါပဲ။ သူ့မင်္ဂလာဆောင်ကတော့ ပိုစည်ကားတာပေါ့။ အိမ်မှာပဲ လုပ်တော့ ဧည့်သည်တွေက မနက်က စပြီး လာလိုက်ကြတာ တစ်နေကုန်ပါပဲ။

ထူးခြားချက် တစ်ခုက DSA အပတ်စဉ် ၇ က လေယာဉ်မောင်း ပိုင်းလော့ မောင်မြင့်သိန်းက မဏ္ဍပ်ရှေ့မှာ စားပွဲတွေချပြီး လက်ဖွဲ့ပစ္စည်းတွေ ဒိုင်ခံ တာဝန်ယူ မှတ်ပေးတာပါ။ အဲဒီ မောင်မြင့်သိန်း ဆိုတာက ကျွန်တော် ရေးခဲ့တဲ့ အုန်းကျော်မြင့် အကြောင်းမှာ "ရွှေနှလုံးသားနဲ့ လူ" ဆိုတဲ့ ခေါင်းစဉ်နဲ့ သူ့အကြောင်း အခန်း တစ်ခန်း ရေးခဲ့ရတဲ့သူပေါ့။

အလျဉ်းသင့်လို့ သူ့အကြောင်း ဖော်ပြရရင် ကျွန်တော် ပထမအကြိမ် အဖမ်းခံရတုန်းကပေါ့။ ကျွန်တော့်တို့ စစ်ခုံရုံးနဲ့ ထောင်ချဖို့ စီစဉ်ကြပါတယ်။ အဲဒီ စစ်ခုံရုံးမှာ တိုက်တိုက်ဆိုင်ဆိုင် သူ့ကို ခုံရုံး ဥက္ကဋ္ဌ အဖြစ် တာဝန်ပေးပါတယ်။ သူ့ရာထူးက လေတပ် ဒုဗိုလ်မှူးကြီး ဖြစ်ပြီး၊ လေတပ် တပ်ထိန်းမှာ တာဝန် ထမ်းဆောင်နေဆဲ ဖြစ်ပါတယ်။ ကျွန်တော့် အမှုတွဲ သူ့ဆီလည်းရောက်ရော ကက (လေ) က တာဝန်ရှိတဲ့ ဗိုလ်မှူးကြီးထံ သွားပြီး "ကိုဝင်းထိန်က ကျွန်တော့် အစ်ကိုလို ဖြစ်နေတာ၊ သူ့ကို ထောင်ချရမယ့် ခုံရုံးမှာ ကျွန်တော် တာဝန် မပေးပါရစေနဲ့" ဆိုပြီး သွားသတင်းပို့ပါတယ်။

ကျွန်တော့် ခုံရုံးမှာ တာဝန်မပေးတော့ဘဲ တခြား ခုံရုံးကို ပြောင်းပေးပါတယ်။ စစ်တပ်လေ၊ ဘယ်ရမလဲ။ နောက်မကြာပါဘူး၊ သူ့ကို အပြင်က အစိုးရ ဌာနတစ်ခုကို ပြောင်းပေးလိုက်ပါတယ်။ ဒီလိုဖြစ်ရင် သူ့ရဲ့ နောင်အလားအလာဖြစ်တဲ့ ဗိုလ်မှူးကြီးတို့၊ ဗိုလ်မှူးချုပ်တို့ ဖြစ်နိုင်မယ့် အခွင့်အရေးတွေ စွန့်လွှတ်ခဲ့တာပါ။ သူဟာ ကျွန်တော့်ကိုတင်မကဘူး၊ ချို့ငဲ့တဲ့ ဒါမှမဟုတ် ကျန်းမာရေး ယိုယွင်းနေတဲ့ မိတ်ဆွေ အပေါင်းအသင်းတွေကိုလည်း အခုထိ အင်တိုက်အားတိုက် ကူညီဆဲပါ။

## ကိုးရိုးယား မင်းသမီးလေးတွေ

အပေါ်က အကြောင်းအရာ ပြန်ကောက်ရရင် လှစန်းနဲ့ မောင်စိုးငြေးတို့မှာ သားတစ်ဦးပဲ ထွန်းကားပါတယ်။ အခုတော့ ဆရာဝန်ဖြစ်ပြီး ကိုယ်ပိုင်ဆေးခန်းနဲ့ အလုပ်ဖြစ်နေပါပြီ။ ညီအစ်ကို မောင်နှမ များတော့ တူ၊ တူမတွေ အများကြီးပါ။ များလွန်းလို့ တစ်ခါတလေ ကျွန်တော်က ဒီလို မှတ်ချက်ချမိပါတယ်။ "ငါ့တူ၊ တူမတွေ ဘယ်နှယောက် ရှိတယ်ဆိုတာ မရေတွက်နိုင်ဘူး"

နနနဲ့ မောင်ဆံနီလှိုင်တို့ကတော့ သားသမီး ငါးယောက် ထွန်းကားပါတယ်။ မိန်းကလေး လေးယောက်နဲ့ ယောက်ျားလေး တစ်ယောက်ပါ။ နနက အသားဖြူပါတယ်။ အမေဘက်က အဘွား ဒေါ်စောမြိုင်က ရှမ်းသွေးပါလို့ နန အသားအရေက အဲဒီ အဘွားဘက် လိုက်တာပါ။ သမီး လေးယောက်စလုံးကလည်း အရွယ်ရောက်နေပါပြီ။ သူတို့ ပြင်လိုက်၊ ဆင်လိုက်လို့ အပြင်များ ထွက်ကြမယ် ဆိုရင် ကိုးရိုးယား မင်းသမီးတွေနဲ့တောင် နှိုင်းလို့ရအောင် လှကြပါတယ်။

အလတ်ကောင် သားကတော့ ကျောင်းပြီးလို့ အလုပ်အကိုင်နဲ့ အဆင်ပြေနေပါတယ်။ သူတို့ မိသားစုတွေ စုံတဲ့အခါ အထူးသဖြင့် ကလေးတွေ စုံတဲ့အခါ "ညည်းတို့ ငါ့ကျေးဇူးကြောင့် လှဖြစ်လာကြတာနော်၊ အဲဒီ ကျေးဇူး မမေ့ကြနဲ့" ဆိုပြီး နောက်သလိုလိုနဲ့ အတည်ပေါက် ပြောပါတယ်။

## အစ်ကို နှစ်ယောက် မရှိတော့လို့ အိမ်မှာ ဗိုလ်လုပ်နေတာ

တကယ်တော့ သူတို့ ဘဝကို ကျွန်တော် ဝင်ရောက် စွက်ဖက်ပြီး ကောင်းတဲ့ဘက်ကို တွန်းပို့လိုက်တဲ့ သဘောပါ။ အဲဒီလို တွန်းမပို့ရင်လည်း သူတို့ ဘဝက ဒီလို ဖြစ်လာစရာ အကြောင်းမရှိပါဘူး။ ဘာ့ကြောင့်လဲ ဆိုတော့ ကျွန်တော်တို့ အကြီးနှစ်ယောက်က တပ်ထဲ ရောက်သွားတော့ အိမ်မှာ ကျန်တဲ့ နံပါတ်သုံး ညီမက ဗိုလ်ပေါ့။ အမေ့ကိုယ်စား သူက အငယ်တွေပေါ်မှာ အုပ်ချုပ် ဗိုလ်ကျနေခဲ့တာပါ။

သူက ဘဝ ကုသိုလ်ကံ နည်းတယ် ထင်ပါရဲ့၊ ချစ်သူ ရည်းစား ရှိဟန်မတူပါဘူး။ အငယ်တွေ ရည်းစား ထားတဲ့အခါကျတော့ သူက သဘောမတူဘူးပေါ့။ အမေ့ကို တောင်ပြော မြောက်ပြောနဲ့ အငယ်တွေရဲ့ သမီးရည်းစား ဘဝတွေကို ကပျက်ယပျက် တောက်လျှောက် လုပ်နေခဲ့တာပါ။ အငယ်တွေကလည်း အစ်မကြီး ဆိုတော့ ရိုသေသမှုနဲ့ မပြောရဲကြဘူးပေါ့။

လှစန်းနဲ့ နုနုတို့ နှစ်ယောက်စလုံးက အိမ်ထောင်ရေး အကျိုးပေး ဇာတာ ပါလို့ ထင်ပါရဲ့ အဆင်ပြေကြပါတယ်။ ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင်၊ ဆေးပေးမီးယူ သဘောနဲ့ မိသားစုဘဝတွေ အဆင်ပြေကြပါတယ်။ ယောက်ျားတွေကလည်း အရက် မသောက်၊ လောင်းကစား မရှိ၊ မိန်းမ မရှုပ်၊ အကျင့် စာရိတ္တ ကောင်းကြပါတယ်။ ဒီစာကို အရှေ့ဘသတ် ပြင်ဆင်တာတွေ လုပ်နေတဲ့ အချိန်မှာပဲ နံပါတ် ခုနစ် ညီမ နုနုရီဟာ သည်းခြေကင်ဆာနဲ့ မတ်လလယ်လောက်မှာ ဘဝတစ်ပါးကို ပြောင်းသွားပါပြီ။

## ညီမနံပါတ် ၁၀ စိုးစိုး

သူကတော့ တစ်မူထူးပါတယ်။ ဘယ်လို ထူးတယ် ဆိုတာတော့ ရေးရင်း ရေးရင်းနဲ့ နောက်ကျတော့ ပေါ်လာပါလိမ့်မယ်။ သူ့ရဲ့ ရုပ်ရည် အရုပ်အမောင်းက ကွယ်လွန်သွားတဲ့ အဖေရဲ့အမေ အမေခင်နဲ့ တစ်ပုံစံတည်း။ သူ့သဘောလည်း အရမ်းကောင်း ကျန်းမာရေးလည်း အရမ်း ကောင်းပါတယ်။ ကျန်းမာရေး ဘယ်လောက်ကောင်းသလဲ ဆိုရင် သူ အထက်တန်း ကျောင်းသူဘဝက ပြေးခုန်ပစ်တွေမှာ ဝင်ပြိုင်တိုင်း ဆုတွေ ရခဲ့တာဖြစ်ပါတယ်။ အရပ် သိပ်မမြင့်လို့ အမြင့်ခုံကို မရပေမဲ့ အဝေးခုန် Long jump တော့ ရပါတယ်။ နောက်ပိုင်းကျတော့ သူက ဘောလုံးတောင် ကန်ပါတော့တယ်။ မိတ္ထီလာ မြို့နယ်၊ အမျိုးသမီး ဘောလုံး လက်ရွေးစင်ပေါ့။

ကျွန်တော် တစ်နှစ် တစ်ခေါက် မိတ္ထီလာ ရောက်တိုင်း စကားပြောဖြစ်ကြပါတယ်။ ပြောဖြစ်တိုင်း သူ့ကို ကျွန်တော် မေးလေ့ရှိတဲ့ မေးခွန်းက "ညည်း အားကစားလုပ်ရင်း ကောင်လေးတွေနဲ့ မတွေ့ဘူးလား" ဆိုတော့ "တွေ့တာပေါ့ဗျ" လို့ ပြောပါတယ်။

ကျွန်တော်က ဆက်ပြီး "ဒါဆို ညည်း ကောင်လေး တစ်ကောင်ကောင်နဲ့ မချိတ်မိဘူးလား။ ဆန်နီနဲ့ နုနုတို့လိုလေ" လို့ မေးတဲ့အခါ သူက "ကျွန်တော် ဘယ်သူ့မှ ချစ်လို့ မရဘူးဗျ" လို့ ပြောပါတယ်။ သူနဲ့ ကျွန်တော်က အဲဒီလောက် ပွင့်လင်းတာပါ။ စကားပြောပုံကလည်း ယောက်ျားလေးလိုပါ။ (ဆန်နီနဲ့ နုနုက မိတ္ထီလာ မြို့နယ် ဘတ်စ်ကက်ဘော လက်ရွေးစင်တွေပါ။ ဆန်နီက မန္တလေးတိုင်း လက်ရွေးစင်အထိ အရွေးခံရပါတယ်။ အများပြောစကားအရ ဆန်နီဟာ မိတ္ထီလာ မြို့နယ်ရဲ့ အကောင်းဆုံး ဘတ်စ်ကက်ဘောသမားပါတဲ့။)

စိုးစိုးတို့ ဘောလုံး ကစားတဲ့ ဘောလုံးကွင်းက ပေါက်ချောင်းမှာ ဆိုတော့ ကျွန်တော်တို့ အိမ်နဲ့ နီးပါတယ်။ ဘောလုံးပွဲ ပြီးရင် သူတို့ တစ်သင်းလုံးနီးပါးလောက် အိမ်မှာလာပြီး ရေမိုးချိုး၊ စားသောက်နဲ့ တရုံးရုံးပေါ့။ သူတို့ အသင်းမှာ တစ်ချို့က ယောက်ျားလျာတွေပါ။ အခုခေတ် ကလေးတွေ အခေါ်အရ "ဘောပြား" ပေါ့။ ကြာလာတော့ စိုးစိုးနဲ့ အဲဒီထဲက တစ်ယောက်နဲ့ ငြိပါလေရော။

ကျွန်တော့် အနေနဲ့ကတော့ ဒီလို သဘာဝတွေကို နိုင်ငံတကာအနေနဲ့ ယှဉ်ပြီး စဉ်းစား နိုင်းယှဉ်မိပါတယ်။ ကျွန်တော့် ညီမအရင်း တစ်ယောက် ဒီလို ဖြစ်နေတာကို သဘာဝ မကျပေမဲ့ သည်းခံ နားလည်တဲ့ စိတ်နဲ့ပဲ ဆက်ဆံပါတယ်။

ကျန်တဲ့ ညီတွေကလည်း ထွေထွေထူးထူး ပြဿနာ မလုပ်ကြဘဲ အထိုက်အလျောက် ဆက်ဆံပါတယ်။ ဒီလို သဘာဝမကျတဲ့ ဖြစ်ရပ်တွေဟာ ဘုရားဟောတွေနဲ့ ယှဉ်ပြီး စဉ်းစား ဆင်ခြင်တဲ့အခါ စိုးစိုးဟာ ဘဝ ဘဝက "ကာမေသုမိစ္ဆာစာရကံ" မလုံခဲ့လို့ဘဲ ဖြစ်ရတယ်လို့ သဘောပေါက်ပါတယ်။

ညီမတွေကတော့ တစ်ယောက်နဲ့ တစ်ယောက် တုံ့ပြန်ပုံ မတူကြပါဘူး။ ညီမနံပါတ် ခုနစ် နုနုကတော့ သဘောတူ တာလည်း မဟုတ်၊ မတူဘူးလည်း မဟုတ်။ ညီမ စိုးစိုးကိုတော့ အခင်အမင်မပျက် ဆက်ဆံပါတယ်။ ဒါပေမဲ့ သူနဲ့ တွဲတဲ့ အမျိုးသမီးကိုတော့ မေးထူးခေါ်ပြောလောက်ပဲ ဆက်ဆံတယ်လို့ ထင်ရပါတယ်။ ညီမ

နံပါတ် ငါး လုစန်းကတော့ ကျွန်တော်တို့ ညီအစ်ကိုတွေရဲ့သဘောထားအတိုင်း ပုံမှန် ဆက်ဆံပါတယ်။ အမြင်ကျယ်တယ် ဆိုမှာပေါ့။

ညီမနံပါတ် သုံးကတော့ တူးတူးခါးခါး ဆက်ဆံပါတယ်။ ဒီလိုအဖြစ်မျိုးကို မသတီဘူး ဆိုတဲ့ သဘောနဲ့ သူတို့နဲ့ အဆက်အဆံ လုံးဝမရှိပါဘူး။ မလွဲသာမှသာ ဆက်ဆံပါတယ်။ နောက်ပိုင်းမှာ စိုးစိုးနဲ့ အာလာပ သလ္လာပ ပြောဖြစ်တဲ့အခါမှာ ဖြစ်ကြောင်းကုန်စင် တော်တော်များများကို သိရပါတယ်။ အမေဆုံးတော့ အိမ်မှာ စိုးစိုးနဲ့ သူ့အစ်မကြီး နှစ်ယောက်ပဲ ကျန်ပါတော့တယ်။ အဖေက သူ့လူမှုရေး ကိစ္စတွေနဲ့ မနက်ဆိုရင် အိမ်က ထွက်ပြီး ညမှ ပြန်လာတာပါ။ အိမ်မှာ သူတို့နှစ်ယောက်တည်း ကျန်တဲ့အခါမှာ နံပါတ် သုံး ညီမက အမြဲတမ်း လိုလို ပြဿနာ ရှာပါသတဲ့။

စိုးစိုးကလည်း သူနဲ့ သံယောဇဉ်ဖြစ်တဲ့ ကောင်မလေး မလာရင် မျှော်တာမျိုး၊ လာတဲ့အခါမှာလည်း တရင်းတနှီး စကားပြောတာမျိုးတွေကို ညီမ သုံးက လုံးဝ ကြည့်မရပါဘူး။ နေ့စဉ် ငြိုစူ စောင်းမြောင်းနေတာ ပါပဲတဲ့။ နေ့စဉ် အဲဒီလို စိတ်မချမ်းသာစရာတွေ များလာတဲ့အခါ သူ ဆရာမအဖြစ် အလုပ် လုပ်တဲ့ ဆရာ အတတ်သင် သိပ္ပံနားကို ပြောင်းသွားပြီး သူတို့နှစ်ယောက် အိမ်ငှားနေကြပါသတဲ့။

သူတို့လို စုံတွဲမျိုးက ကျွန်တော်တို့ နိုင်ငံမှာ နေရာတကာ တွေ့နိုင်ပါတယ်။ နိုင်ငံတကာမှာတော့ ပို များပြီး LGBT လှုပ်ရှားမှုတွေဟာ နေရာအနှံ့ ဖြစ်နေပါပြီ။ အခုဆိုရင် သူဟာ ဆရာမ ဘဝက ပင်စင်တောင် ယူလိုက်ပါပြီ။ သူတို့စုံတွဲ အဲဒီလို နေနေတာလည်း နှစ်ပေါင်း ၂၀ ကျော်နေပါပြီ။ အသားကျနေပြီ ဆိုပါတော့။ ကျွန်တော့်ညီ မောင်ညိုနွဲ့ စကားနဲ့ ပြောရရင် "အခုလို ကြီးလာတော့၊ သူ တစ်ယောက်တည်း ဆိုရင် ကျုပ် တို့က ကြည့်ရှု စောင့်ရှောက်ရမှာဗျ။ အခုတော့ မလိုတော့ဘူးလေ၊ သူ့ကို စောင့်ရှောက်မယ့်သူ ရှိနေပြီလေ" ပါတဲ့။

## ကမ္ဘာ့ အံ့ဘွယ် တစ်ခု- အိမ်သာ နှစ်လုံးနဲ့အိမ်

အခုတော့ သူ ဆရာမ အလုပ်က အနားယူလိုက်ပါပြီ။ သူ စုဆောင်းထားခဲ့တဲ့ ပိုက်ဆံတွေနဲ့ မိတ္တီလာ ချည်မျှင်နဲ့ အထည်စက်နားမှာ မြေဝယ်ပြီးတော့ သပ်ရပ်တဲ့ တစ်ထပ်တိုက်လေး ဆောက်ပြီးပါပြီ။ သူတို့ ငှားတဲ့ နေရာက နေပြီး အဲဒီအိမ်ကို ပြောင်းနေကြပါတယ်။ အိမ်ဆောက်ရာမှာလည်း သစ်ရှားလို့ သံ frame တွေနဲ့ ဆောက် တာမို့ မြန်မြန်ဆန်ဆန် ပြီးသွားပါပြီ။

ထူးခြားတာက အဲဒီအိမ်မှာ နေမှာက သူတို့နှစ်ယောက်တည်း။ အိမ်ဆောက်တော့ အိမ်သာ နှစ်လုံးနဲ့ပါ။ တစ်လုံးက အရှေ့တိုင်း ပုံစံဖြစ်ပြီး၊ တစ်လုံးက ဗိုလ်ထိုင် အိမ်သာပါ။ ကျွန်တော် သူတို့အိမ် ခဏတစ်ဖြုတ် အလည်ရောက်တော့ အဲဒီ အိမ်သာ နှစ်လုံးကို သွားကြည့်ဖြစ်အောင် ကြည့်လိုက်ပါတယ်။ ဟုတ်ပ၊ အိမ်သာ နှစ်လုံးနဲ့ဗျ။ ကမ္ဘာ့အံ့ဖွယ်တစ်ပါးပေါ့။

## ကျွန်တော် ရုပ်ရှင်ဂျပိုး

အလယ်တန်းရောက်တော့ မြို့ပေါ် ရောက်လာပြီပေါ့။ တောသား မြို့ရောက်တော့ အားလုံးက အထူးအဆန်း တွေချည်းပါပဲ။ အဘွားရဲ့ ဖဝိုင်းကို ပုံမှန် ကင်းစောင့်ပေးရတဲ့အတွက် တစ်နေ့ တစ်နေ့ကို ပုံမှန် တစ်မတ်၊ ငါးမူး ရနေကျပါ။ အဲဒီ ပိုက်ဆံတွေနဲ့ပဲ ကျွန်တော်ဟာ တစ်ပတ်ကို အနည်းဆုံး ရုပ်ရှင် နှစ်ကားလောက်တော့ ကြည့်ဖြစ်ပါတယ်။

အထူးသဖြင့် ကုလားကားနဲ့ ရွှေဘကားတွေ များပါတယ်။ ကုလားကားတွေ ကြည့်တာ များလို့ ကုလား မင်းသမီး မင်းသားတွေ ဖြစ်တဲ့ ရာဂျ်ကပူး၊ ဒီလစ်ပ်ကူးမား၊ ဒေဗ်အာနန်၊ မဒူဘာလ၊ နာ့ဂ်ရစ်စ် စတဲ့ ပုဂ္ဂိုလ်တွေကို မှတ်မိပါတယ်။ နောက်ပြီး အမေရိကန် ကောင်းဘွိုင်ကားတွေလည်း ကြည့်ဖြစ်ပါတယ်။ ပထမတော့ မျိုးမြင့် ရုပ်ရှင်ရုံ တစ်ရုံတည်း ရှိတာပါ။ နောက်မှ ရွှေပဟိုနဲ့ ဗွဲရုံတို့ တိုးလာပါတယ်။ ဦးနေဝင်း လက်ထက်ကျတော့ အဲဒီ ရုံတွေ အားလုံး ပြည်သူပိုင် သိမ်းခံရပါတယ်။

အင်္ဂလိပ် ဇာတ်ကားတွေလည်း ကြည့်ဖြစ်ပါတယ်။ ဘယ်လိုလုပ် နားလည်မှာလဲ။ ကောင်းဘွိုင် ဇာတ်ကားတွေကျတော့ အက်ရှင်တွေ များတော့ မှန်းဆပြီး သဘောပေါက်ရပါတယ်။ Alan Ladd ပါတဲ့ Shane ဇာတ်ကားကတော့ ဂန္ထဝင် ကောင်းဘွိုင်ကားပါ။ အဲဒီခေတ်က နာမည်ကြီး မင်းသား ကယ်ရီ ကရန့်၊ စတီးဗ် ကရင်ဂျာ၊ ရောဘတ် တေလာ၊ ဂရေဂရီ ပက်၊ ချာလ်တန် ဟက်စ်တန်တွေကိုလည်း ကောင်းကောင်း မှတ်မိပါတယ်။ မင်းသမီးတွေထဲမှာတော့ မာရီလင် မွန်ရိုး၊ အယ်လ်လစ်ဇဘက် တေလာ၊ ဂရေ့စ် ကယ်လီတို့ကို သတိရနေပါတယ်။

ချာလ်တန် ဟက်စ်တန်ကိုတော့ Ten Commandments (ပညတ်တော် ၁၀ ပါး) နဲ့ Bem-Hur တွေမှာ အသည်းစွဲပါ။ ပြီးတော့ အင်မတန် ခန့်ညားတဲ့ ဥပဓိရုပ်ရှိတဲ့ သူတစ်ယောက်ပါ။ ရောဘတ် တေလာနဲ့ အယ်လ်လစ်ဇဘက် တေလာတို့ကို ကျွန်တော်တို့ ၁၀ တန်းမှာ သင်ရတဲ့ အင်္ဂလိပ်ဇာတ်စာ Ivanhoe ဇာတ်ကား လာပြတော့ နှစ်ခါပြန် ကြည့်ဖြစ်ပါတယ်။ သိကြတဲ့အတိုင်း မာရီလင် မွန်ရိုး နာမည်ကြီးတာက တစ်မျိုး၊ အယ်လ်လစ်ဇဘက် တေလာ နာမည်ကြီးတာက တစ်မျိုးပါ။

Elvis Presley လည်း ပေါ်နေပါပြီ။ သူက Rock'n Roll ဘုရင်လို့ အနုပညာလောကက သတ်မှတ်ကြပါတယ်။ ကျွန်တော်က အင်္ဂလိပ်လို နားလည်လို့တော့ မဟုတ်ဘူး။ သူ့ရဲ့ Jailhouse Rock ဆိုတဲ့ ဇာတ်ကားကိုတော့ ကြည့်ဖြစ်အောင် ကြည့်ပါတယ်။ သူက အသံလည်း ကောင်း၊ ရုပ်လည်းချော ဆိုတော့ ပါရမီရှင်လို့ သတ်မှတ်ရမှာပါ။ ဒါပေမဲ့ သူ့ခမျာ အဲဒီခေတ် အနုပညာသည်တွေ ထုံးစံအတိုင်း မူးယစ်ဆေးဝါး စွဲလမ်းမှုကြောင့် ငယ်ငယ်ရွယ်ရွယ်နဲ့ အသက် ဆုံးပါးသွားပါတယ်။ အင်္ဂလန်က အဆိုတော် Cliff Richard ကတော့ သူ့ထက် နောက်ကျမှ ပေါ်တာပါ။ ဒါပေမဲ့ အခုထိ ကျန်းမာနေဆဲ၊ သီချင်း ဆိုနိုင်ဆဲ ဖြစ်ပါတယ်။

## အသက်မပြည့်လို့ စာမေးပွဲ မဖြေရပြန်ဘူး

၁၀ တန်းရောက်တော့ အသက် မပြည့်တဲ့အတွက် စာမေးပွဲ မဖြေလိုက်ရတာဟာ ကျွန်တော့် အတွက်တော့ အချိန် တစ်နှစ် နာသွားတယ်လို့ ဆိုရမှာပါ။ ဒါပေမဲ့ ဆယ်တန်း ပထမနှစ်မှာ စိတ်လေခဲ့တဲ့အတွက် ကျွန်တော့ ဦးနှောက်ကို အသုံးမချခဲ့ရပါဘူး။ ဒုတိယ ဆယ်တန်းနှစ်မှာလည်း အဲဒီ လေနေတဲ့စိတ်ကို ပြန်မစုစည်းနိုင်သေးတဲ့ အတွက်ကြောင့် ဆယ်တန်းကို အောင်သင့်ပါလျက်နဲ့ မအောင်ခဲ့ပဲ SLC ပဲ အောင်ခဲ့တာပါ။

အဲဒီမှာလည်း ဦးနှောက်ကို အပြည့်အဝ အသုံးမချသေးတဲ့သဘောပေါ့။ နောက်နှစ် သစ်တောရုံးမှာ အောက်တန်းစာရေး လုပ်ရင်း ရုံးလုပ်ငန်းတွေ လုပ်နေရတဲ့ အချိန်မှာလည်း ဦးနှောက်ကို ပြည့်ပြည့်ဝဝ မသုံးခဲ့တဲ့ အတွက်ကြောင့် ကျွန်တော့်ရဲ့ ဉာဏ်ရည်ဟာ မထွန်းယက် မစိုက်ပျိုးဘဲထားခဲ့တဲ့ မြေရိုင်းပမာ နှိုင်းရမလို ဖြစ်ပါတယ်။ ကျွန်တော်ဟာ လေးတန်းအထိ စာတော်တဲ့ ကျောင်းသားအဖြစ် ရပ်တည်ခဲ့ပေမဲ့ ငါးတန်းကနေ ၁၀ တန်း အထိမှာတော့ စာကို ဟုတ်တိပတ်တိ မကျက်ခဲ့ပါဘူး။ ဒါ့ကြောင့် ကျွန်တော်ဟာ အထက ၁ မိတ္ထီလာမှာ စာတော်တဲ့ ကျောင်းသား တစ်ယောက် မဖြစ်ခဲ့ပါဘူး။

သိသာတဲ့ သာဓကကတော့ ကျွန်တော်တို့ ခုနစ်တန်း ရောက်တဲ့အခါမှာ အလားအလာ ကောင်းတဲ့ ကျောင်းသား ကျောင်းသူ ၄ဂ လောက်ကို ရွေးပြီး ခုနစ်တန်း Special Class လို့ သတ်မှတ်ပြီးတော့ ဆရာတွေနဲ့ သေသေချာချာ သင်ပါတယ်။ အဲဒီထဲမှာ ကျွန်တော် မပါပါဘူး။ ကျွန်တော်နဲ့ တစ်တန်းတည်းက မခင်စန်းမြင့်၊ ခင်မေတင်၊ မခင်လေးမြင့်တို့ ပါတယ်လို့ မှတ်မိတယ်။ ယောကျ်ားလေးထဲကတော့ ကိုကြည်လှ၊ ကိုကျော်ညွန့်၊ ကိုတင့်ဆွေတို့ ပါတယ် ဆိုတာ မှတ်မိပါတယ်။

## စေချင်း ကျခဲ့တဲ့ စာမေးပွဲများ

ကျွန်တော်ရဲ့ ကျောင်းသား ဘဝ ဉာဏ်ရည် ကိစ္စကို တကူးတက ရေးပြနေရတာ အကြောင်း ရှိပါတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ ကျွန်တော် စစ်တက္ကသိုလ်ကို ၁၉၅၉ ခုနှစ်၊ ဖွန်လ (အသက် ၁၈ နှစ်) ရောက်တော့ ထမပိုင်းမှာ ကျွန်တော် စာမေးပွဲတွေ ကျခဲ့ပါတယ်။ အကြောင်းရင်းတွေ အများကြီးပါ။ (အကြောင်းစုံကိုတော့ ကျွန်တော် တပ်မတော်သား ဘဝ ကဏ္ဍမှာ အကျယ် ရေးပြထားပါတယ်။) အဲဒီနောက်ပိုင်းမှာတော့ စာကျက်ရမယ်လို့ သတ်မှတ်ထားတဲ့ အချိန်ဟာ ည ခုနစ်နာရီကနေ ကိုးနာရီ ဖြစ်ပြီး သတ်မှတ်ချက်အတိုင်း ပုံမှန် စာကြည့်လို့ နှစ်ဝက်စမ်း စာမေးပွဲက စပြီး ပထမ ရခဲ့ပါတယ်။ အဲဒီက စပြီး ကျောင်းဆင်းတဲ့ အထိ စာမေးပွဲ အများစုမှာ ကျွန်တော်ပဲ ပထမ ရခဲ့ပါတယ်။ ကျွန်တော် တော်တာထက် ကျွန်တော့် အတန်းက အခြားသူတွေ ညံ့ကြလို့လည်း ဖြစ်မှာပါ။ ဖြစ်စဉ် အသေးစိတ်တွေကိုတော့ နောက်ပိုင်းမှပဲ အပြည့်အစုံ ရေးပြပါမယ်။

## အတွေ့မဲ့ ဖြတ်သန်းမှု တစ်ခု

ကျွန်တော့် ငယ်ဘဝ အကြောင်း ရေးနေရင်းနဲ့ ငယ်ငယ်ကပဲ ဖြစ်ခဲ့တဲ့ ကိစ္စတစ်ခုကို ပြန်သတိရမိပါတယ်။ ကျွန်တော် ၁ဂ တန်း ရောက်နေပါပြီ။ အသက်က ၁၄ နှစ် ပြည့်ပြီးခါစပေါ့။ ပြဿနာက ကျောင်းဆင်းလို့ အိမ်အပြန် လမ်းပေါ်မှာ ဖြစ်ခဲ့ကြတာပါ။ အဲဒီအရင် တစ်ရက်က မျိုးမြင့် ရုပ်ရှင်ရုံမှာ ရွှေဘ ဇာတ်ကား ပြခဲ့ပါတယ်။ ကျွန်တော်တို့လည်း ကြည့်ခဲ့ပါတယ်။ ကျွန်တော်တို့ ရပ်ကွက်ထဲက အခြား ကောင်လေးတွေလည်း ကြည့်ခဲ့ကြတယ် ဆိုတာသိရပါတယ်။ ဇာတ်ကားထဲမှာ ရွှေဘနဲ့ ညိုအေးကြီးတို့ရဲ့ ဖိုက်တင်ခန်းတွေ ပါပါတယ်။ ထုံးစံအတိုင်း ရွှေဘက ခံရတဲ့ဘက်ကပေါ့။ အလူးအလဲ ခံရပြီးတော့မှ အားပြန်ဝင်ပြီး ညိုအေးကြီးကို အပြတ် ပြန်ဆော်တော့ ရုပ်ရှင်ရုံထဲမှာ လက်ခုပ် တဖြောင်းဖြောင်းပေါ့။

ကျောင်းက ပြန်လာတော့ ထုံးစံအတိုင်း ဗိုလ်လေး၊ စက်ပု၊ ညိုနွဲ့နဲ့ ကျွန်တော်တို့က တစ်တွဲပေါ့။ စကားတပြောပြောနဲ့ လျှောက်လာကြတာပါ။ ကျွန်တော်တို့ နောက်မှာ ကျွန်တော်တို့ ရပ်ကွက်ကပဲ သန်းထွန်းရည်၊ ကျော်သောင်းနဲ့ တိုးအောင်ကြီးတို့ ပါပါတယ်။ သူတို့ကလည်း အဲဒီ ဇာတ်ကား အကြောင်း ပြောနေတာပါ။ သူတို့ပြောပုံအရ ဆိုရင် ရွှေဘက တကယ် အားကောင်းလို့ ညိုအေးကြီး တစ်ပတ်လည် ကျသွားတယ် ဆိုတဲ့အကြောင်းတွေပေါ့။ အဲဒီတော့ ကျွန်တော်တို့က ရွှေဘက ထိုးတော့ထိုးတာပဲ တော်ရုံတန်ရုံ လူတစ်ယောက်က ထိုးရုံနဲ့ တစ်ပတ်လည်တယ် ဆိုတာ ရုပ်ရှင်ပညာနဲ့ လုပ်ထားတာပဲ ဆိုတဲ့အကြောင်း ရှင်းပြပါတယ်။

ဒီကိစ္စကိုပဲ အခြေအတင် ငြင်းခုန်ကြရင်းနဲ့ အရှိန်ကမြင့်လာပါတယ်။ ရပ်ကွက်ထဲ ရောက်ခါနီးကျတော့ ကျွန်တော်တို့က အုပ်စု နှစ်စု ဖြစ်သွားပါပြီ။ နောက်ဆုံးမှာတော့ အချင်းချင်း လက်သီးနဲ့ ထိုးတဲ့အခါ တကယ်

နောက်ပြန်လှည့်ပြီး ကျ မကျ သိရအောင် လက်တွေ့ရှင်းကြဖို့ သဘောတူလိုက်ပါတယ်။ အခု အိမ်ရောက်ရောက်ချင်း လွယ်အိတ်တွေ ချပြီးတာနဲ့ ခရိုင် ရဲမင်းကြီး နေအိမ်ရဲ့ ဘေးက ကွက်လပ် (အခု ရပ်ကွက်ကောင်စီရုံး ဆောက်ထားတဲ့ နေရာ) မှာ ဆုံကြဖို့ သဘောတူလိုက်ကြပါတယ်။

ကျွန်တော်တို့လည်း လွယ်အိတ်တွေ ချပြီးတာနဲ့ ချိန်းထားတဲ့နေရာကို သွားကြပါတယ်။ ကျွန်တော်ရယ်၊ ညီနွဲ့ရယ်၊ စက်ပုရယ်၊ ဗိုလ်လေးရယ်ပေါ့။ မြသောင်းတို့၊ တိုးအောင်ကြီးတို့၊ သန်းထွန်းတို့လည်း ရောက်နေကြပါပြီ။ ရောက်တာနဲ့ပဲ တစ်ဖက်နဲ့ တစ်ဖက်နဲ့ ထိုးကြ၊ ကန်ကြပေါ့။ သုံး-လေးမိနစ်လောက် ကြာတော့ ကျွန်တော်တို့က လေးယောက်၊ သူတို့ကသုံးယောက်ဆိုတော့ မမျှပါဘူး။

အဲဒီတော့ ခဏရပ်ပြီး "ဟေ့၊ မင်းတို့ သုံးယောက်၊ ငါတို့က လေးယောက် မမျှဘူးကွ" ဆိုပြီး သုံးယောက်ကြေး ချဖို့ လုပ်ကြပါတယ်။ ကျွန်တော်ဘက်က တစ်ယောက် ပိုနေတော့ အင်အား မညီဘူးပေါ့။ အမျိုးမျိုး ငြင်းကြရင်းနဲ့ နောက်ဆုံးမှာ အရွယ်ညီတဲ့ ကျွန်တော်နဲ့ ကျော်သောင်းကို ရွေးပြီး ထိုးစေပါတယ်။ ကျွန်တော်က ဦးငြိမ်းတို့၊ ဦးသန်းတို့ဆီမှာ နေရင်းနဲ့ ဝိတ်မတာတို့၊ လက်ဝှေ့ထိုးတာတို့ ကျင့်ဖူးပါတယ်။ ဒီပညာအခံတွေနဲ့ ဆိုတော့ နှစ်မိနစ် သုံးမိနစ်အတွင်းလောက်မှာ ကျော်သောင်းကို ကောင်းကောင်း ထိုးနိုင်ပါတယ်။ အဲဒီအချိန်မှာတော့ ကျွန်တော်တို့ ငြင်းခဲ့တဲ့ ရွှေဘ ကိစ္စ၊ လက်သီး ထိုးတဲ့ ကိစ္စတွေ မေ့ကုန်ပါပြီ။ ကျော်သောင်း အခြေအနေ မကောင်းတာနဲ့ "တော်လောက်ပြီကွာ" ဆိုပြီး ပွဲသိမ်းလိုက်ပါတယ်။ ပွဲသိမ်းပုံကတော့ နည်းနည်း အူကြောင်ကြောင်နိုင်ပါတယ်။

## အတိုင်ခံရပြီ

အဲဒီနေ့မှာတော့ အိမ်ပြန်ပြီး ညစာစား ပုံမှန်ပဲ ကုန်ဆုံးသွားပါတယ်။ ဒါပေမဲ့ နောက်နေ့ မနက် မလင်းခင်မှာ ကျော်သောင်း အမေ ဆရာမက ကျွန်တော့် အမေကို လာတိုင်နေပါပြီ။ (ကျော်သောင်း အမေရော၊ အဖေရောပါ ဆရာ၊ ဆရာမတွေပါ။) ကျွန်တော်က ထိုးလိုက်လို့ ကျော်သောင်းရဲ့ မျက်လုံး တစ်ဖက် ဖွင့်မရအောင် ညိုမည်းရောင်ကိုင်းနေပါသတဲ့။ အမေကလည်း သားကို ဆုံးမပေးပါ့မယ် ဘာညာနဲ့ ပြန်ပြောနေပါတယ်။

ကျွန်တော်က အိပ်ရာက မထသေးပဲ အမေတို့ နှစ်ယောက် ပြောတာ ကြားရလို့ နားထောင်နေပါတယ်။ ဒါနဲ့ ကျွန်တော်လည်း အပေါ် ထပ် ပြတင်းပေါက်က ခုန်ဆင်းပြီးတော့ အမေ့ရဲ့ဆူပူမှုကို ရှောင်တိမ်းတဲ့ အနေနဲ့ မျက်နှာ ကပျာကယာသစ်ပြီး ဗိုလ်လေးတို့ အိမ်ဘက်ကို သွားရှောင်နေပါတော့တယ်။ ညနေ အိမ်ပြန်တော့ အမေက အားလုံး သိပြီးပါပြီ။ လူငယ်တွေ အငြင်းအခုန် ဖြစ်ရင်းနဲ့ ပဋိပက္ခ ဖြစ်တာ သိလို့ နစ်နစ်နာနာ မဆူပါဘူး။

တကယ်တော့ အဲဒီ ဖြစ်စဉ်ကို ပြန်စဉ်းစားမိတဲ့အခါ ဖြစ်စဉ်တစ်ခုလုံးရဲ့ အဓိပ္ပာယ် မရှိတဲ့ အကြောင်း သဘောပေါက်ပါတယ်။ အဲဒီ ဖြစ်ရပ်ပြီးတော့လည်း ကျော်သောင်းတို့၊ သန်းထွန်းတို့နဲ့ အခင်မင် မပျက်ပါဘူး။ ထူးခြားတာကတော့ တိုးအောင်ကြီးပါ။ သူက ရပ်ကွက် အလယ်ကောင်လောက်မှာ နေတဲ့ ဦးစိန်တုတ်ရဲ့သားပါ။ အမေက ရှမ်းအမျိုးသမီး ဖြစ်ပြီး အရင်က သူနာပြုဆရာမ အလုပ် လုပ်ခဲ့ဖူးပါတယ်။ ကျွန်တော်တို့ ကိစ္စလည်း ဖြစ်ရော တိုးအောင်ကြီးကို သူ့မိဘက ရန်ကုန်ကို ပို့လိုက်ပါတယ်။

ရန်ကုန် ဦးဝိစာရလမ်းမှာ သူ့အမေရဲ့ ညီမ ရှိပါတယ်။ အဲဒီအိမ်ကနေ ကျောင်းတက်ဖြစ်လား မသိတော့ပါဘူး။ ဒါပေမဲ့ ကျွန်တော်နဲ့ ပြန်တွေ့တဲ့ အချိန်မှာတော့ အသက် ၄၀ ကျော်လေးနဲ့ တစ်ခေါင်းလုံး ဖြူနေပါပြီ။ မြေနီကုန်း ကားပွဲစား လောကမှာလည်း ဘကြီးတိုး အမည်နဲ့ နာမည် တစ်လုံး ရနေပါပြီ။ သူ

အသက် ၇၀ ထိတောင် မနေလိုက်ရဘူး ထင်ပါတယ်။ ဆုံးသွားရှာပြီလို့ ကြားရပါတယ်။ ဒီဖြစ်ရပ်ကလည်း ဘာမှ အကျိုးမရှိတဲ့ ဖြစ်ရပ် တစ်ခုပါ။ ကျန်တဲ့လူတွေအတွက် ဘာမှ အကျိုးသက်ရောက်မှု မရှိပေမဲ့ တိုးအောင် ကြီး အတွက်ကတော့ လုံးဝ ဘဝ ပြောင်းသွားတာတော့ သတိပြုမိပါတယ်။

## ကျွန်တော့်ညီ မောင်ညိုနွဲ့ (၂)

ကျွန်တော့် ငယ်ဘဝ အကြောင်း ရေးရရင် မောင်ညိုနွဲ့ အကြောင်း ပါမှ ပြည့်စုံမယ်လို့ ထင်ပါတယ်။ သူက လည်း မှတ်လောက်သားလောက် ကိစ္စတွေ အများကြီး လုပ်ခဲ့တဲ့သူကိုး။ ပထမဦးဆုံးသော ကိစ္စကတော့ ရွာမှာ ကြုံခဲ့တာပါ။ အဲဒီနေ့က မိတ္ထီလာ ဈေးနေ့ပါ။ မိတ္ထီလာဈေးက ငါးရက် တစ်ဈေးပါ။ အရောင်းအဝယ် ကိစ္စရှိရင် ရွာကလူတွေ သွားလေ့ရှိပါတယ်။ အဲဒီနေ့က ကျွန်တော်တို့ အိမ်က မသွားဖြစ်ပါဘူး။ မျက်စောင်းထိုး အိမ်က ဦးစိန်သက်ရဲ့သမီး မအုန်းက ဈေးကို သွားပါတယ်။ သူ ဈေးသွားလို့ အမေက လိုအပ်တာလေးတွေ မှာလိုက်တယ်နဲ့ တူပါတယ်။ မအုန်းတို့ အိမ်ပြန်ရောက်တော့ အမေက သူ မှာထားတဲ့ ပစ္စည်းတွေ သွားယူ ပါတယ်။ ကျွန်တော်တို့နှစ်ယောက်ကလည်း လိုက်သွားပါတယ်။ ကျွန်တော်က ငါးနှစ်၊ သူက သုံးနှစ်ကျော်ကျော် ပေါ့။

မအုန်းတို့မှာ ညီအစ်မ နှစ်ယောက်ပဲ ရှိပါတယ်။ ညီမ မပြုံးက ညိုနွဲ့နဲ့ မတိမ်းမယိမ်းပါ။ အမေက သူ မှာတဲ့ ပစ္စည်းတွေအကြောင်း ပြောနေရင်းနဲ့ အိမ်ရှေ့စုတင်မှာ ပဲကြီးလှော်သုပ်၊ ရေနွေးကြမ်းနဲ့ ညှော်ခံပါတယ်။ အုန်းကလည်း မပြုံးအတွက် ဂါဝန် အရှည်လေး ဝယ်လာတဲ့ အကြောင်း ပြောနေရင်းနဲ့ မပြုံးကို ဝတ်ပြစေ ပါတယ်။ မပြုံးကလည်း အခန်းထဲ ဝင်ပြီး ဂါဝန်လေးကို ဝတ်ပြီး ပြန်လာပါတယ်။ ပြီးတော့ ကျွန်တော့် အနား မှာ ဆောင့်ကြောင့်လေး လာထိုင်ပါတယ်။ အဲဒီအခါမှာ မပြုံးက အထိုင်မတတ်တော့ အောက်စ လွတ်နေတာ ကျွန်တော် မြင်လိုက်ရပါတယ်။ ကျွန်တော်ကတော့ ကိုယ့်ညီမလေးပဲလေ ဆိုပြီး မမြင်ချင်ယောင် ဆောင်နေ ပါတယ်။ (မပြုံးတို့ အမေ ဒေါ်အေးသင်နဲ့ ကျွန်တော်တို့ အဖေ ဦးလှထွန်းတို့က မောင်နှမ တစ်ဝမ်းကွဲ တော်ပါ တယ်)။

ညိုနွဲ့လည်း မြင်သွားဟန်တူပါတယ်။ သူက ဘာမပြော ညာမပြောနဲ့ ခပ်လှမ်းလှမ်းက ဆန်ကောထဲမှာ နေလှမ်းထားတဲ့ ငရုတ်သီးဖန်းထဲက ငရုတ်သီး တစ်တောင့်ကို သွားယူပါတယ်။ ပြီးမှ ပြန်လာပြီး အောက်စ လွတ်နေတဲ့ မပြုံးကို ထိုးထည့်လိုက်ပါတယ်။ အဲဒီတော့ မပြုံးက လန့်အော်ပြီး ထခုန်တဲ့အခါ လူကြီးတွေရဲ့ စကားပွဲလည်း ပျက်ပြီး အမေက ညိုနွဲ့ကို နီးရာတုတ်နဲ့ ကောက်ရိုက်ပါတော့တယ်။ ဒီကောင် ဇ,က အဲဒီလို မျိုးပါ။

## နောက်တစ်မျိုး- စန္ဒရား ညိုနွဲ့ (၃)

ကျွန်တော်တို့ မြို့ရောက်ပါပြီ။ ပေါက်ချောင်း ကွက်သစ်က နေ့စဉ် ကျောင်းတက်ရပါတယ်။ ကျောင်းသွား ကျောင်းပြန် ကျွန်တော်တို့ လေးယောက်က တစ်တွဲတွဲပါ။ ကျွန်တော်ရယ်၊ ညိုနွဲ့ရယ်၊ ဗိုလ်လေးရယ်၊ စက်ပု ရယ်ပေါ့။ ကျောင်းတက်တဲ့ အခါမှာ ခြေလျင်တက်တဲ့ ကျောင်းသားက အများစုပါ။ စက်ဘီးနဲ့ တက်တဲ့ ကျောင်းသားက အနည်းစုပါ။ ကားနဲ့ ကျောင်းတက်တဲ့သူကတော့ မရှိသလောက်ပါပဲ။ ကျောင်းဆင်းပြီ ဆိုတာနဲ့ ခြေလျင် ကျောင်းသားတွေက ပြန်ကြပါပြီ။

လမ်းတွေက ကျဉ်းလွန်းလို့ ကျွန်တော်တို့ လေးယောက် တန်းစီ လမ်းလျှောက်လိုက်ရင် လမ်းလည်း

ပြည့်သွားပါပြီ။ စက်ဘီးသမားတွေကတော့ အချိန် စောင့်ပြီး ခြေလျင် ကျောင်းသားတွေ ပါးသွားမှ စက်ဘီးစီး ပြန်ကြပါတယ်။

အဲဒီနေ့က ကျွန်တော်တို့လည်း ခါတိုင်းလို လမ်းလုံးပြည့် လျှောက်ပြီး ရောက်တတ်ရာရာ စကားတွေ ပြောနေကြပါတယ်။ ရပ်ကွက်ထဲလည်း ရောက်ခါနီးပါပြီ။ ကိုက် ၅၀ လောက်ပဲ လိုပါတော့တယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ နောက်က စက်ဘီး ဘဲလ်တီးသံ ကြားပါတယ်။ လှည့်ကြည့်လိုက်တော့ တိုးဂိတ်မှာ နေတဲ့ လှလှသန်းနဲ့ မမစန်းတို့ ညီအစ်မပါ။ လှလှသန်းက ကျွန်တော့်ညီမ နံပါတ် သုံး ကြည်စမ်းရဲ့သူငယ်ချင်းပါ။ တစ်တန်းတည်းပေါ့။ ဘဲလ်သံ ကြားတော့ ခါတိုင်းလိုပဲ ကျွန်တော်တို့ အားလုံး လမ်းဘေး ဆင်းပြီး ရှောင်ပေးလိုက်ပါတယ်။

သူတို့ စက်ဘီး နီးလာတဲ့အခါမှာ ညိုနွဲ့က ဖျတ်ခနဲ လမ်းပေါ် ပြန်တက်ပြီး လက်နှစ်ဖက်ကို ဆန့်ထုတ် ရင်းနဲ့ အညောင်းဖြေသလို လုပ်လိုက်ပါတယ်။ သူ့လက်က လှလှသန်း ရင်ဘတ်နဲ့ တစ်တန်းတည်းပါ။ လှလှ သန်းက ရှေ့တစ်ခေါ် လောက် ရောက်တော့ စက်ဘီးပေါ်က ဆင်းပြီး "ညိုနွဲ့၊ နင် တော်တော် ယုတ်မာတယ်" ဆိုပြီး အော်ပါတယ်။ သူက တရုတ်မဆိုတော့ အသားဖြူလို့ သူ့မျက်နှာက ဒေါသနဲ့ နီနေပါတယ်။ ညိုနွဲ့က "ငါ ဘာလုပ်လို့လဲ၊ ညောင်းလို့ လုပ်တာပဲဟာ" ဆိုပြီး ရယ်ကျဲ ရယ်ကျဲနဲ့ ပြန်ပြောပါတယ်။ အဲဒီမှာ လှလှသန်းက "နင် သိမယ်" ဆိုပြီး စက်ဘီးနဲ့ ပြန်ထွက်သွားပါတယ်။

ခဏနေတော့ အိမ်ပြန်ရောက်ပါတယ်။ ရောက်ရောက်ချင်း အမေ့ကို တွေ့ရပါတယ်။ လက်ထဲမှာတော့ တုတ်တစ်ချောင်းနဲ့၊ သူ့နားမှာတော့ ငိုပြီး တိုင်နေတဲ့ လှလှသန်းပါ။ အမေက ဘာမှမမေးတော့ပါဘူး။ "ဟဲ့ ညိုနွဲ့၊ သူများ သားသမီးကို နမရှင်း မစာနာ" လို့ ပြောပြီး တုတ်နဲ့ ရိုက်ပါတယ်။

အမေက သားသမီး တစ်ကျိတ်လောက် ရှိရာမှာ တုတ်နဲ့ ဆုံးမတတ်တဲ့ အမေ မဟုတ်ပါဘူး။ အမေက ရိုက်လိုက် ညိုနွဲ့က မျောက်ခုန် ခုန်လိုက်နဲ့ မြင်ကွင်းက ဟာသပါ။ အမေကလည်း ဟန်မဆောင်နိုင်တော့ဘဲ ပြုံးစိစိ ဖြစ်လာပြီး "ကဲ သမီး သူ့ အဖေ လာရင် တစ်ခါ ထပ်တိုင်ဦးမယ် တိတ်တော့၊ တိတ်တော့" လို့ ပြောပြီး လှလှသန်းကို အိမ်ပြန်ခိုင်းလိုက်ပါတယ်။ အဲဒီနေ့က စပြီး ညိုနွဲ့ကို အကြောင်းသိတွေက "စန္ဒရား ညိုနွဲ့" လို့ ခေါ်ကြတာပါ။

## နောက်တစ်မျိုး- နာဂ ညိုနွဲ့ (၄)

နွေရာသီ ကျောင်းပိတ်ရက် တစ်ညမှာပါ။ ကျွန်တော်က မျက်စောင်းထိုးမှာ နေတဲ့ ဦးထွန်းဖေနဲ့ အမေကြီး ချိုတို့ရဲ့ အိမ်ရှေ့ သစ်ပင်အောက်မှာ ထိုင်ပြီး အမေချိုတို့ ရေဒီယိုက လာတဲ့ သီချင်းတွေကို နားထောင်နေပါ တယ်။ (အဲဒီတုန်းက တစ်ရပ်ကွက်လုံးမှာ မီးရှိတဲ့ အိမ်၊ ရေဒီယိုရှိတဲ့ အိမ်ဆိုလို့ သူတို့ တစ်အိမ်ပဲ ရှိပါတယ်။ ကျန်တဲ့ အိမ်တွေက ရေနံဆီ မီးအိမ်၊ ဖယောင်းတိုင်တွေနဲ့ နေကြရတာပါ။ ဘာ့ကြောင့်လဲဆိုတော့ ဘကြီး ဦးထွန်းဖေရဲ့ သားက အဲဒီအချိန်မှာ ဗိုလ်မှူး ဖြစ်နေတော့ သူ့အရှိန်အဝါနဲ့ ရတဲ့ မီးပါ။)

အဲဒီအချိန်မှာ ညိုနွဲ့က ကျွန်တော့်ကို လာခေါ်ပါတယ်။ ကန်ထဲကို ရေသွားချိုးရအောင်ပါတဲ့။ နွေ ဆို တော့ အပူချိန် တော်တော်မြင့်နေပါပြီ။ ကျွန်တော်က မလိုက်တော့ဘူးကွာလို့ ပြောတဲ့အခါမှာ သူက ဗိုလ်လေး တို့၊ စက်ပုတို့ကို ခေါ်ပြီးသွားမယ်လို့ ပြောပြီး ထွက်သွားပါတယ်။ ကျွန်တော်လည်း ရေဒီယို နားထောင်နေရင်းနဲ့ အချိန် ဘယ်လောက်ရှိလဲ မသိတော့ပါဘူး။ ခဏနေတော့ ကျွန်တော့်ကို "ကိုဝင်း... ကိုဝင်း၊ ရွှတ် ရွှတ်" နဲ့ ခေါ် သံကြားပါတယ်။

ကိုးမြို့တို့ အိမ်ရှေ့မှာ မီးလုံး ထွန်းထားတော့ မီးရောင်တွေ အိမ်ရှေ့ ထွက်နေတဲ့ အတွက်ကြောင့် သူတို့က ကျွန်တော့် အနားကို မလာတာပါ။ ကျွန်တော် သူတို့ကို သွားကြည့်တော့မှ လားလား မောင်မင်းကြီး သား သုံးယောက်စလုံးက အဝတ်ဗလာနဲ့ ဝတ်လစ်စလစ်။ သူတို့က ကျွန်တော့်ကို အဝတ်အစားတွေ သွားယူ ခိုင်းတာနဲ့ ယူပေးပြီး အကျိုးအကြောင်း မေးကြည့်တော့မှ ဒီကောင်တွေရဲ့ အဖြစ်က ငိုအားထက် ရယ်အားသန် ဆိုသလိုပါပဲ။

ဖြစ်ပုံက ဒီလိုပါ။ သူတို့ သုံးယောက်က အဝတ်အစားတွေ ပုံပြီး ကိုယ်တုံးလုံးနဲ့ ကန်ထဲ ရေဆင်းချိုးကြ တာပါ။ တကယ်တော့ မိတ္ထီလာ ကန်ထဲကို ရေဆင်းမချိုးရတဲ့ အမိန့် ထုတ်ထားပါတယ်။ တကယ်လို့ ရေဆင်းချိုးတာ မိရင် ဒဏ်ငွေ ငါးကျပ်ပါ။ အဲဒီခေတ်က သိပ်မများသော်လည်း သိပ်လည်း မနည်းတဲ့ ဒိုက်ဆံပါ။ သူတို့ သုံးယောက်လည်း ရေထဲရောက်တော့ ကလေးတွေပီပီ အော်ကြ၊ ဟစ်ကြနဲ့ အပျော်ကြူးကြ တာပေါ့။

အဲဒီမှာ ညကင်းလှည့်တဲ့ ရဲတွေက ကြားတော့ သူတို့ကို လက်နှိပ်ဓာတ်မီး ထိုးပြီး ကမ်းပေါ် တက်ခိုင်း ပါတယ်။ သူတို့က ရေငုပ်ပြီး ပုန်းပါတယ်။ ရဲက အော်လိုက်၊ လက်နှိပ်ဓာတ်မီးနဲ့ ထိုးလိုက် ၊ သူတို့က ရေငုပ်လိုက်နဲ့ ကြာတော့ ရဲတွေက "အေး မင်းတို့ သိမယ်၊ မင်းတို့ အဝတ်အစားတွေ စခန်းမှာ လာရွေးလှည့် ပေါ့" လို့ အော်ပြီး သူတို့ အဝတ်တွေ သိမ်းကျုံး ယူသွားပါလေရော။ ဒါ့ကြောင့် ကျွန်တော့်ဆီ ရောက်လာပြီး သူတို့ အဝတ်အစားတွေ ပြန်ယူခိုင်းတာပါ။ ဒါ့ကြောင့်မို့လို့ အဲဒီခေတ်က အဝတ်အစားတွေ သိပ်မဝတ်တဲ့ နာဂ လူမျိုးတွေနဲ့ နှိုင်းပြီး သူ့ကို "နာဂ ညိုနွဲ့" လို့ ခေါ်ကြပြန်လေရော။

## အဖေနဲ့ ကျွန်တော်

ကျွန်တော် တစ်နေရာမှာ ရေးခဲ့ဖူးသလိုပါပဲ၊ အဖေဟာ သူ့သားသမီးတွေရဲ့တိုးတက်ရာ တိုးတက်ကြောင်းကို အမြဲတမ်း စဉ်းစား ကြံစည်နေတာပါ။ ဥပမာ- ကျွန်တော်ရယ်၊ ညိုနွဲ့ရယ်၊ ညီနံ့ပါတ် ခြောက် မောင်တင်စိုးတို့ DSA ကို ရောက်တယ်။ ဒါ သူ စီစဉ်ပေးတာပါ။ ရဲမြင့်နဲ့ လှစမ်းတို့ တက္ကသိုလ်ကို ရောက်တယ်။ နောက်အဖေ ပင်စင် ယူပြီးတဲ့အခါကျတော့ အငယ်တွေ (ငနိုင်၊ ငတွတ်၊ ငကျော်နဲ့ ငဖော်) တို့ကို ဘွဲ့ရတဲ့ အထိ ကျွန်တော် တာဝန်ယူပေးခဲ့တာပါ။

အဲဒီလိုပဲ သူကလည်း မူလတန်း ကျောင်းအုပ်ဆရာ၊ နောက်ပြီး အခွင့်အရေး ရတာနဲ့ မိတ္ထီလာ အထက (၁) မှာ အလယ်တန်းပြ ဆရာ အဖြစ် ပြောင်းရွှေ့လို့ ရအောင် ဆောင်ရွက်ခဲ့ပါတယ်။ အထက (၁) မှာ အလယ်တန်းပြ ဆရာ ဖြစ်ပြီးတော့ တောမှာ ရှိတဲ့ အိမ်၊ ယာ၊ မြေတွေကို စွန့်ခွာပြီး မြို့ပေါ်ကို ပြောင်းလာခဲ့ တာပါ။ အဲဒီ အချိန်မှာ ကျွန်တော်ဟာ ရှစ်တန်းကို ရောက်နေပါပြီ။

အရင်တစ်ခါ ရေးခဲ့ဖူးပြီ ထင်ပါရဲ့၊ အဖေဟာ ဘင်ဂျိုကိုတော့ တကယ့်ကို ကျွမ်းကျွမ်းကျင်ကျင် တီး တတ်ပါတယ်။ အလားတူပဲ တယောလည်း ထိုးတတ်တယ်၊ စောင်းလည်း တီးတတ်တယ်၊ ပတ္တလားလည်း တီးတတ်ပါတယ်။ ကျွန်တော်ကတော့ တီးတတ်တယ် ဆိုရုံပါပဲ၊ တစ်ခုမှ ကျွမ်းကျွမ်းကျင်ကျင် မရှိပါဘူး။ ဒါပေမဲ့ သီချင်းတော့ ဝါသနာ ပါပါတယ်။ သီချင်းတစ်ပုဒ်ကို ကြားလို့ သုံး-လေးကြိမ်လောက် ကြားမိရင် အလွတ် ရလောက်တဲ့အထိ မှတ်မိပါတယ်။ ကြီးလာတဲ့ အခါကြတော့ အဖေက အငြိမ်းစားယူပေမဲ့ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲ ဥက္ကဋ္ဌ၊ သကြန် ကော်မတီ ဥက္ကဋ္ဌအပြင် အခြား လူမှုရေး ကိစ္စတွေမှာလည်း ပါဝင် လှုပ်ရှား ပါတယ်။



ကျွန်တော် DSA မသွားမီ အဖေ၊ အမေ၊ ကျွန်တော်နဲ့ ညီနှစ်ယောက်. (၁၉၅၈ ခုနှစ်)။



မိတ္ထီလာမြို့၊ ပေါက်ချောင်း ကွက်သစ် တစ်ရပ်ကွက်တည်းနေ ငယ်သူငယ်ချင်းများ။
ရှေ့တန်း ဝဲမှယာ- သန်းအောင်၊ ကျွန်တော်၊ ဘိုလေး (လက်တုန် ခေါင်းတုန် ရောဂါ ခံစားနေရ)၊ ထိန်လင်း၊ နောက်တန်း- စက်ပု၊ ကျော်စံဝင်း၊ ဖိုးချို၊ ညီနှစ်ယောက်.။

## ခေတ်ရေ့ပြေးတဲ့ အဖေ့ အမြင်

ကျွန်တော် မှတ်မိတာ တစ်ခု ရှိပါတယ်။ အဲဒါကတော့ ၁၉၄၇ ခုနှစ်မှာ မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် အခြေခံဖြစ်တဲ့ "ဖွဲ့စည်းပုံ အခြေခံ ဥပဒေ" ပြဋ္ဌာန်းခဲ့ပါတယ်။ အဖေက အဲဒီ ဥပဒေ စာအုပ်ကို မြို့က ဝယ်လာပါတယ်။ ဝယ်လာပြီးတော့ ရွာက ကျောင်းမှာသူ့တပည့်ဟောင်းတွေကို စုစည်းပါတယ်။ အဲဒီလို စုစည်းပြီးတော့ လွှတ်တော် ဖွဲ့စည်းပုံ၊ အစိုးရ ဖွဲ့စည်းပုံ စတဲ့ ကိစ္စရပ်တွေကို လက်တွေ့ Rehearsal လုပ်စေပါတယ်။

အဲဒီမှာ ပါတဲ့ လူတွေကတော့ အဖေရဲ့ညီ ဦးအောင်ဘီ၊ ကိုစံရှိန် (နောင်မှာ လမ်းစဉ် ပါတီ CEC အထိ ရောက်ပြီး ဦးထွန်းလင်း၊ ဦးသန်းစိန်နဲ့ ဦးတင်ဝင်းညိုတို့ရဲ့ အရေးအခင်းမှာ အပြီးစား ယူရသူ- ယခု ကွယ်လွန်။)၊ ကိုတင် (နောင်မှာ ယောက်လမ်းမှာ အခြေချ နေထိုင်ပြီး လမ်းစဉ် ပါတီခေတ်မှာ မြန်မာနိုင်ငံရဲ့ အချမ်းသာဆုံး သူဌေးများထဲက တစ်ယောက်- ယခု ကွယ်လွန်)၊ ကိုဉာဏ်တင် (ဦးနေဝင်းရဲ့ အနီးကပ် လုံခြုံရေး အရာရှိဟောင်း- ယခု ကွယ်လွန်၊ စစ်ကိုင်း ခရိုင် ထွေ/အုပ် ကိုဇော်တင်မိုးရဲ့ အဖေ) တို့ ပါပါတယ်။ ကျန်တဲ့လူတွေတော့ ကျွန်တော် မမှတ်မိပါဘူး။

## ပွဲကြိုက်ခင်

မြို့ပေါ်က အဘိုး အဘွားအိမ် ရောက်လာတော့ လုပ်ရတဲ့ အလုပ်တွေထဲမှာ ကျောင်းနေတာက အဓိကပေါ့။ အိမ်မှုကိစ္စတော့ မလုပ်ရပါဘူး။ ဖဲကင်း စောင့်ရာက ရတဲ့ ပိုက်ဆံနဲ့ ရုပ်ရှင်ကြည့်ရတာကလည်း အလုပ်တစ်ခု ဖြစ်ပြီး ကျွန်တော်ရဲ့ အတွေးအမြင်တွေကို တိုးတက်လာစေပါတယ်။

နောက်တစ်ခုက အဘွား ဒေါ်စောမြိုင်က ပွဲကြိုက်ပါတယ်။ ဒါကျတော့ အဘိုးက မတားပါဘူး။ ဒါ့ကြောင့် အဘွားဟာ အိမ်ချင်း ကပ်လျက်က ဒေါ်အေးစိန်နဲ့ညှိပြီး မိတ္ထီလာကို လာကတဲ့ ပွဲတိုင်းလိုလို ကြည့်ကြပါတယ်။

အဲဒီမှာ ကျွန်တော့် ကဏ္ဍက အသုံးတည့်လာပါပြီ။ လက်မှတ် ဝယ်တာတွေကတော့ ဦးလေးတွေ လုပ်ပေးပါတယ်။ ပွဲသွားပြီ ဆိုတာနဲ့ ဖျာပေါ်က ခင်းဖို့ ကော်ဇော အပါး၊ ကွမ်းအစ်၊ လက်ဖက်သုပ်ဘူး၊ ရေနွေးကြမ်း ဓာတ်ဘူးတွေ တည်တာက ကျွန်တော့်အလုပ် ဖြစ်သွားပါပြီ။ အဘွား နှစ်ယောက်က ပွဲကြည့်ရင်း စားစရာတွေ စားလိုက်နဲ့ မိုးလင်းမှ ပြန်တာပါ။ မင်းသားရဲ့နောက်ပိုင်းဇာတ်က ငိုချင်းချပြီ ဆိုတာနဲ့ အဘွား နှစ်ယောက်လည်း မျက်ရည်စမ်းစမ်းနဲ့ပေါ့။

ကျွန်တော်လည်း ရွှေမန်း တင်မောင်၊ ရွှေနှန်းတင်၊ စိန်မဟာ သဘင် (ဖိုးစိန်ကြီးကို ကျွန်တော် မမှီပါဘူး) အောင်မောင်း စတဲ့ ဇာတ်တွေ အကုန်လိုလို ကြည့်ဖူးပါတယ်။ နောက်ပိုင်းဇာတ်လည်း မငိုက်ရင် ကြည့်ဖြစ်ပါတယ်။

ပွဲကြည့်ခြင်း အလုပ်ရဲ့ စိတ်အညစ်ဆုံးကတော့ ပွဲပြီးတာနဲ့ သယ်လာတဲ့ ပစ္စည်းတွေကို အိမ်ကို ပြန်သယ်ရတဲ့ အလုပ်ပါ။ လူကလည်း အိပ်ချင်၊ ပစ္စည်းတွေကလည်း လေး။ "အိမ်ကလည်း ရောက်ခဲလိုက်တာ" လို့ အမြဲ ခံစားရင်း တစ်လှမ်းချင်း လျှောက်ခဲ့ရတာပါ။ အခု ကြီးမှ စဉ်းစားမိတာက ပိုက်ဆံ တတ်နိုင်ရဲ့သားနဲ့ ဘာဖြစ်လို့များ မြင်းလှည်းငှားပြီး မပြန်တာလဲလို့။

## ကျွန်တော့်ကို အဖေ လူရာသွင်းဖို့ ကြိုးစားပုံ

ကျွန်တော် အထက်မှာ ရေးပြခဲ့ပြီးပါပြီ။ အဖေဟာ သူ့သားသမီးတွေ ဖြစ်တဲ့ ကျွန်တော်တို့ရဲ့ တိုးတက်ရာ တိုးတက်ကြောင်းကို အမြဲ စဉ်းစားပြီး လုပ်ပေးနေခဲ့တာပါ။ အသေးအဖွဲလေး တစ်ခု တင်ပြရရင် ကျွန်တော် ရှစ်တန်းအောင်လို့ ၁၀ တန်း တက်ရမယ့် နှစ်ပါ။ အဲဒီနှစ်မှာ ရွှေမန်း တင်မောင်ပွဲ မြို့ကို ရောက်လာပါပြီ။ အဲဒီနှစ်က နွေမှာ မိတ္ထီလာကို လာရောက် ကပြ ဖြေဖျော်ပါတယ်။

ကျွန်တော်က ပွဲကြိုက်တယ်လေ။ ဒါပေမဲ့ ဇာတ်ကတဲ့ နေရာက မိတ္ထီလာ မြောက်ဘက် အစွန် "ထီးသုံးဆင့်" ဘုရားပွဲမှာ ကမှာပါ။ ကျွန်တော်တို့ နေတဲ့ နေရာနဲ့ တော်တော် ဝေးပါတယ်။ ခြေလျင်လျှောက်ပြီး သွားရမယ့် အဖြစ်မို့လည်း ကျွန်တော်တို့ တစ်ခါမှ ပွဲမကြည့်ခဲ့ဖူးပါ။

တစ်ညနေတော့ အဖေက ကျွန်တော့်ကို "ပွဲသွားကြည့်မယ်၊ ဝင်းထိန် လိုက်ခဲ့" ဆိုပြီး ခေါ်ပါတယ်။ ဒါနဲ့ တစ်စီးတည်းသော အဖေ့ရဲ့ စက်ဘီးနဲ့ သွားကြပါတယ်။ ပထမ စက်ဘီး တစ်စီးကို ကျွန်တော် ဖျောက်ပြီးလို့ ပြန်ဝယ်ထားတဲ့ 2nd hand ဘီးလေးပါ။ ဇာတ်ပွဲရုံရောက်တော့ ဝင်ခွင့် လက်မှတ်ဝယ်ပြီး ရုံထဲကို ဝင်ကြပါတယ်။ ရုံထဲရောက်မှ အဖေက ပက်လက်ကုလားထိုင် နှစ်လုံး ဝယ်လိုက်ပါတယ်။ ပွဲခင်းမှာ အလယ်ကောင်က ဖျာတွေနဲ့ပါ။ ဘယ်/ညာ တစ်ဖက်တစ်ချက်မှာတော့ ပက်လက်ကုလားထိုင်တွေ ချထားပါတယ်။ ကျွန်တော်တို့ ကိုယ့်နေရာမှာ ထိုင်ပြီး ရွှေမန်း တင်မောင် ကပြတဲ့ "ရွှေကုန်သည်" အော်ပရာကို ကြည့်ကြပါတယ်။

အဲဒီအချိန်မှာ အဖေ ဘယ်အချိန်က ဝယ်ထားလိုက်သလဲ မသိပါဘူး။ "လူထု" စီးကရက်ဘူးထဲက စီးကရက် တစ်လိပ် ကျွန်တော့်ကို ပေးပါတယ်။ ပြီးတော့ မီးညှိပေးပါတယ်။ ကျွန်တော်ကတော့ ဘုမသိ ဘမသိနဲ့ အဖေ မီးညှိပေးတဲ့ စီးကရက် သောက်ပါတော့တယ်။ ကျွန်တော့် အသက် ၁၄ နှစ်ပဲ ရှိဦးမှာပါ။ တစ်သက်နဲ့ တစ်ကိုယ် ပထမဦးဆုံး စီးကရက် သောက်ဖူးတာပါ။ သုံး-လေးခါလောက်ပဲ ဖွာရပါသေးတယ်၊ ကျွန်တော် ထိုးအန်တော့တာပဲ။

တော်သေးတယ်၊ ဘေးက ပက်လက်ကုလားထိုင်မှာ လူမရှိပေလို့သာပဲ။ အဖေ အတတ်ဆန်းပုံကို ပြောချင်တာပါ။ နောက်တစ်နေ့ မနက်ခင်း ညကအဖြစ်ကို အမေ့ကို ပြောပြပါတယ်။ အမေကတော့ ထုံးစံအတိုင်း အဖေ့ကို "ကိုလှထွန်းကတော့လေ လက်တောက်လောက်ရှိတဲ့ ကိုယ့်သားကို မဟုတ်တာတွေ သင်ပေးတယ်" လို့ မြည်တွန် တောက်တီးပါတော့တယ်။

## ကိုယ့်လူတို့... ဒုတ်.... အား...

အဖေ့အကြောင်း ရေးလက်စနဲ့ ဆက်ပြီးတော့ မှတ်မိတာလေး ရေးပြပါဦးမယ်။ အဖေဟာ တချို့နေရာတွေမှာ ခေတ်ရှေ့ပြေးသလောက် တချို့နေရာတွေကျတော့ အူကြောင်ကြောင် နိုင်တယ်လို့ ပြောရမလား မသိဘူး။ အခု ရေးပြမယ့် အကြောင်းက အဖေ့ရဲ့ အူကြောင်ကြောင်နိုင်တဲ့ အဖြစ်ကလေး တစ်ခုပါ။ ရွာမှာတုန်းကပါ။

လွတ်လပ်ရေး မရခင်က သော်လည်းကောင်း၊ လွတ်လပ်ရေး ရပြီး နှစ်နှစ် သုံးနှစ်ကာလမှာ သော်လည်းကောင်း မိတ္ထီလာနယ်မှာ ဓားပြအဖွဲ့တွေ တော်တော်သောင်းကျန်းကြပါတယ်။ လှည်းလေး တစ်စီးနဲ့ တစ်နေရာကနေ တစ်နေရာကို သွားမယ်ဆိုရင် မကြာခဏဆိုသလို ဓားပြတိုက်ခံရလေ့ ရှိပါ တယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ရွာကလူတွေ တခြားတစ်ရွာမှာ ရှိတဲ့ ဈေးကို ဈေးဝယ်သွားရင် သော်လည်းကောင်း၊ ဈေးရောင်းသွားရင် သော်လည်းကောင်း လှည်း လေး-ငါးစီး စုပြီး သွားလာကြပါတယ်။

ကျွန်တော်တို့ ရွာက အမျိုးတစ်သိုက် ဈေးရောင်း ဈေးဝယ် သွားမယ်ဆိုရင် ငါးရက် တစ်ဈေး လုပ်လေ့ရှိတဲ့ မိုးကြိုးပစ်ဈေး၊ ရွာင်ဈေးတွေကို ပုံမှန် သွားကြပါတယ်။ ကိုယ့်ရွာက ထွက်တဲ့ ဧရှတ်၊ နှမ်း စတဲ့ သီးနှံတွေ ရောင်းမယ်၊ ပြီးရင် ကိုယ် လိုချင်တဲ့ ပစ္စည်းတွေ ဝယ်မယ်။ ဒီသဘောပေါ့။ အဖေကတော့ ကုန်သည် မဟုတ်ပါဘူး။ ဒါပေမဲ့ အချိန်အားရင် သော်လည်းကောင်း၊ အဖော်ကောင်းရင် သော်လည်းကောင်း ဈေးလှည်းတွေနဲ့ လိုက်လေ့ရှိပါတယ်။ တကယ်တော့ အဖေဟာ အစိုးရစနစ် ကျောင်းဆရာ ဖြစ်နေပြီမို့ စာသင်ရတာကို ဝါသနာပါနေပါပြီ။ ပြီးတော့ တပည့်တွေရဲ့ မိဘစုဝင်တွေက "ဆရာ....၊ ဆရာ....." လို့ အခေါ်ခံရတာကိုလည်း သာယာနေပါပြီ။

အပေါ်ခေါင်းစဉ်မှာ တပ်ထားတဲ့ ဖြစ်စဉ်က မိုးကြိုးပစ်ရွာကို အသွားမှာ ဖြစ်ခဲ့တာပါ။ လှည်းကလည်း လေး-ငါးစီးလောက် ရှိပါလိမ့်မယ်။ အမျိုးတွေဖြစ်တဲ့ ကိုသာလှ၊ ကိုအောင်စိန်၊ ကိုထွန်းမြိုင် စတဲ့ ပုဂ္ဂိုလ်တွေပါမှာပါ။ လူပြတ်တဲ့ တစ်နေရာ ရောက်တော့ သူတို့ လှည်းတန်းကို သေနတ်နဲ့ ဓားတွေ ကိုင်ထားတဲ့ လူ လေး-ငါး-ခြောက်ယောက်လောက်က တားပါတယ်။ ဓားပြတိုက်ပြီပေါ့။ အဖေက ရှေ့ဆုံး လှည်းမှာပါ။ ဓားပြအုပ်စုထဲက တစ်ယောက် နှစ်ယောက်လောက်ကို အဖေက မျက်မှန်း တန်းမိတယ် ထင်ပါတယ်။ သူ့တပည့်တွေရဲ့ ဦးလေး ဒါမှမဟုတ် အစ်ကိုတွေပေါ့၊ သူ့အထင်။

အဲဒီတော့ အဖေက အဲဒီ အုပ်စုကို လှမ်းပြီး "ကိုယ့်လူတို့" လို့ စကား စရုံပဲရှိသေးတယ်၊ နီးရာ ဓားပြက အဖေ့ကို ဒုတ်နဲ့ ရိုက်ပါလေရော၊ အသံက "ဒုတ်" ဆိုတဲ့ အသံ၊ ဆက်တိုက်ဆိုသလို အဖေ့ရဲ့ "အား" ဆိုတဲ့ အသံဟာ တစ်ပါတည်း ထွက်လာပါတယ်။ ဒါနဲ့ ဓားပြတွေက သူတို့ကို လမ်းပေါ်မှာ မှောက်နေစေပြီး ပါသမျှ ခိုက်ဆံတွေ ယူသွားကြပါတယ်။ ဓားပြတိုက်ပြီးတဲ့ အခါကျမှ ရွာကို ပြန်ကြရပါတယ်။ ဆွေတွေ၊ မျိုးတွေဆိုတော့ ဓားပြနောက် ပါသွားတဲ့ ပစ္စည်းကို မနမြောဘူး၊ ဓားပြတွေနဲ့ တွေ့တွေ့ခြင်း ဖြစ်တဲ့ အဖေ့ရဲ့ အဖြစ်ကိုပဲ ပြောလို့မဆုံးပဲ တဝါးဝါး ရယ်နေကြပါတယ်။ "ဟော့...၊ ကိုယ့်လူတို့...၊ ဒုတ်..... အား...." ပေါ့။

## ကျွန်တော်နဲ့ စာပေ

အခုထိ ကျွန်တော့ကိုယ် ကျွန်တော် ပြန်သုံးသပ်တဲ့အခါမှာ ကျွန်တော့ရဲ့ အဓိက ဝါသနာဟာ "စာဖတ်ခြင်း" ဆိုတာ တွေ့ရပါတယ်။ အဲဒီ စာဖတ်တဲ့ ဝါသနာဟာ မူလတန်း အရွယ်ကတည်းက စတင်ခဲ့တယ်လို့ ပြောနိုင်ပါတယ်။ ဒါနဲ့ ပတ်သက်လို့ ကျွန်တော် ငယ်စဉ်က အတွေ့အကြုံလေး ပြန်လည် မျှဝေပါရစေ။

ကျွန်တော့်အဖေက တောကျောင်းဆရာ ဆိုပေမဲ့ စာဖတ် ဝါသနာ ပါပါတယ်။ ကျွန်တော့်ရဲ့ စာဖတ်ဝါသနာဟာ အဖေ့ဆီက အမွေခံတယ်လို့ ပြောရမှာပါ။ အဖေက လကုန်ရက် လခထုတ်ရင် မိတ္ထီလာမြို့ပေါ်က ပညာရေးမှူးရုံးမှာ ထုတ်ရပါတယ်။ လခ ထုတ်ပြီးတိုင်း ကျွန်တော်တို့အတွက် စားစရာ ဥပမာ- ကိတ်မုန့်၊ ခေါက်ဆွဲကြော်တွေ ဝယ်လာလေ့ရှိပါတယ်။ ကျွန်တော်က အဲဒီ အစားအသောက်တွေထက် အဖေ ဝယ်လာတဲ့ ရှုမဝ မဂ္ဂဇင်းကို ပိုပြီး စိတ်ဝင်စားပါတယ်။

ကျွန်တော် မှတ်မိပါတယ်။ အဲဒီတုန်းက ကျွန်တော်ဟာ နှစ်တန်း သုံးတန်းလောက်ပဲ ရှိမှာပါ။ စာကောင်းကောင်း မဖတ်တတ်သေးပါဘူး။ ဒါပေမဲ့ ကာတွန်းတွေတော့ ကြိုးစားဖတ်နိုင်ပါပြီ။ ရှုမဝထဲမှာ ပါတဲ့ ကာတွန်း ဇာတ်လမ်း တစ်ခုက "ဘကြီးအောင် ညာတယ်" ဖြစ်ပါတယ်။ ကာတွန်း သရုပ်ဖော်သူက ဦးဘကြည် လို့ သိရပါတယ်။

ဇာတ်လမ်းက လူငယ်လေး တစ်ယောက်က သူ့ရွာမှာ ရှိတဲ့ ပန်းပုဆရာကြီးရဲ့ အိမ်ကို သွားလည်ရင်းနဲ့ ဆရာကြီး ထုနေတဲ့ ပန်းပုရုပ်ကို အရမ်း စိတ်ဝင်စားကာ အဲဒီ အရုပ်က မင်းသမီးရုပ်ကလေးပါ။ အချော မသတ်သေးပေမဲ့ ပုံကြမ်းတော့ ပေါ်နေပါပြီ။ သူက အဲဒီ ပန်းပုရုပ်လေးကို လိုချင်ပါတယ်။ ဒါကြောင့် ဆရာကြီးကို ပန်းပုရုပ် ပြီးရင် သူ့ကို ရောင်းပါလို့ ပြောပါတယ်။ အစတော့ ဆရာကြီးက အင်တင်တင်နဲ့ မရောင်းချင်ပါဘူး။ သူ ပြောလွန်းမက ပြောမှ "မင်း လိုချင်ရင် ဒီပန်းပုရုပ်ကို တစ်ကျပ်နဲ့ ရောင်းမယ်" လို့ ဈေးပြောလိုက်ပါတယ်။

ကောင်လေးက စဉ်းစားလိုက်ပါတယ်။ သူ့ကို သူ့အမေက မုန့်ဖိုး တစ်နေ့ တစ်ပြား ပေးပါတယ်။ အဲဒီခေတ်က ငွေ အသုံးအနှုန်းအရ တစ်ကျပ်မှာ ၆၄ ပြား ရှိတော့ ၆၄ ရက်လုံး မုန့်မစားပဲ စုရမယ်လို့ စိတ်ပိုင်းဖြတ်လိုက်ပါတယ်။ (လွတ်လပ်ရေး ရပြီး ငါးနှစ် ခြောက်နှစ်လောက်အထိ အရင် အင်္ဂလိပ် အစိုးရ သတ်မှတ်ထားတဲ့ ငွေကြေးစနစ်ကို သုံးနေရဆဲပါ။ တစ်ကျပ်မှာ ငါးမူးစေ့ နှစ်စေ့၊ မတ်စေ့ လေးစေ့၊ မူးစေ့ ရှစ်စေ့၊ ပဲစေ့ ၁၆ စေ့၊ ပြားစေ့ ၆၄ ပြား ဖြစ်ပါတယ်။)

အဲဒီ ကာတွန်း ဇာတ်လမ်းကို သုံးလ ခွဲပြီး ရှုမဝမှာ ဖတ်ရပါတယ်။ နောက်လတွေမှာ အဖေ မြို့က လစထုတ်ပြီး ပြန်လာတာနဲ့ ကျွန်တော်က အငန်းမရ ရှုမဝ စာအုပ် ယူပြီး "ဘကြီးအောင် ညာတယ်" ဇာတ်လမ်းကို ဖတ်ပါတယ်။ အဲဒီ ကောင်လေးကို (ဦး)ဘကြည် သရုပ်ဖော်ပုံက ချောင်ပေစူးလေးနဲ့ပါ။ ကျွန်တော်ကလည်း ရှင်မပြုရသေးတော့ ချောင်ပေစူးလေးနဲ့ ဆိုတော့ အဲဒီ ကာတွန်း ဇာတ်လမ်းကို ကျွန်တော်က သဘောတွေ့ မနောခွေ့ နေတော့တာပေါ့။

ဒုတိယလမှာ ပါတဲ့ ဇာတ်လမ်းက အဲဒီကောင်လေးဟာ ပန်းပုဆရာကြီးရဲ့ အိမ်ကို နေ့တိုင်း သွားပါတယ်။ ရွှေမင်းသမီး ပန်းပုရုပ်လေး တစ်နေ့ထက် တစ်နေ့ ပုံပေါ်လာတာကို ကြည့်ပြီး ကျေနပ်နေပါတယ်။ ဆရာကြီးရဲ့ အိမ်ကို လာတိုင်းလည်း သူ ပိုက်ဆံစုတာ ဒီနေ့ ဘယ်နပြား ရပြီ ဆိုတာကိုလည်း အမြဲ အသိပေးပါတယ်။ ကျွန်တော် အဲဒီ အရွယ်ကတည်းက ဇာတ်လမ်းတွေကို စိတ်ဝင်စားတတ်နေပါပြီ။ ကောင်လေးက ရွှေမင်းသမီးရုပ်လေးကို မြင်တော့ သူ့ရဲ့လိုချင် တပ်မက်စိတ်ကို ကျွန်တော် မြင်တတ်နေပါပြီ။

ဒီဇာတ်လမ်းရဲ့တတိယပိုင်းကို ရောက်လာပါပြီ။ ပန်းပုရုပ်ကလေးကလည်း ရုပ်လုံးပေါ်လာပါပြီ။ ပြီးလုနီးနီး ဖြစ်နေပါပြီ။ ကောင်လေး စုထားတဲ့ ပိုက်ဆံကလည်း ပြား ၆၀ ကို နီးကပ်နေပါပြီ။ အဲဒီအချိန်မှာ သူတို့ရွာကို ရောက်လာတဲ့ နယ်ပိုင်ကြီး (ယခုခေတ် မြို့နယ် အုပ်ချုပ်ရေးမှူးသဘောပေါ့။) က ပန်းပုဆရာကြီးရဲ့ အိမ်ကို ရောက်လာတဲ့ အခါ အဲဒီ ရွှေမင်းသမီးရုပ်လေးကို တွေ့သွားပါတယ်။ အရုပ်ကလည်း ပြီးခဲ့တဲ့ တစ်ရက်လောက်ကပဲ လက်စသတ်ပြီးခဲ့တာပါ။

အဲဒီအခါမှာ နယ်ပိုင်ကြီးက ဒီပန်းပုရုပ်လေးကို သဘောကျသွားတာမို့ ကျပ်တန် တစ်ရွက်ကို လက်ငင်းပေးလိုက်တဲ့အခါ ပန်းပုဆရာကြီးကလည်း မငြင်းရဲလို့ ပေးလိုက်ရပါတယ်။ အဲဒီနေ့မှာပဲ ကောင်လေးက ပန်းပုဆရာကြီးဆီ ရောက်တဲ့အခါ ရွှေမင်းသမီးရုပ်ကလေး နယ်ပိုင်ကြီးဆီ ပါသွားကြောင်း သိရာက ကောင်လေး ရင်ကွဲပက်လက် ဖြစ်သွားပါတယ်။ စိတ်ပျက်ဝမ်းနည်းစွာနဲ့ အိမ်ကို ပြန်ရောက်တဲ့အခါမှာလည်း မအိပ်နိုင်၊ မစားနိုင် ဖြစ်ပြီးတော့ အိပ်ရာထဲ လဲပါတော့တယ်။

အဲဒီနေ့က စပြီး ကောင်လေးက အိပ်ရာထဲက ပြန်မထနိုင်တော့ပါ။ တဖြည်းဖြည်းနဲ့ အားလျော့လာတဲ့ အခါမှာ ပန်းပုဆရာကြီးရဲ့ နာမည်ကို တမ်းတပြီးတော့ "ဘကြီးအောင် ညာတယ်၊ ဘကြီးအောင် ညာတယ်"

လို့ တတွတ်တွတ် ရွတ်နေပါတယ်။ အဲလိုနဲ့ ကောင်လေးဟာ တဖြည်းဖြည်း အားလျော့လာပြီး "ဘကြီးအောင် ညာတယ်" လို့ ရွတ်ရင်းနဲ့ အသက်ရှူ ရပ်သွားပါတယ်။

အဲဒီ နောက်ဆုံးပိုင်းကို ကျွန်တော် ဖတ်နေရတဲ့အချိန်မှာ ကျွန်တော့မျက်လုံးက ထိန်းလို့ မရအောင် မျက်ရည်တွေ ကျလာပါတယ်။ အဖေက ကျွန်တော့်ကို မြင်တော့ "သား ဘာလို့ ငိုနေတာလဲ၊ ဒါက ဇာတ်လမ်း ဆရာတွေရဲ့ ဖန်တီးမှုလေကွာ မျက်ရည် ကျစရာ မလိုပါဘူး" လို့ ပြောပါတယ်။ ဒါပေမဲ့ ကျွန်တော် မျက်ရည်ကျတာကိုတော့ ထိန်းမထားနိုင်ပါဘူး။ ဒီလို ခံစားမှုမျိုးက ကျွန်တော် ကြီးတဲ့အထိ ပျောက်မသွား ပါဘူး။ ဆွတ်ပျံ့ ကြည်နူးစရာကောင်းတဲ့ ဇာတ်လမ်းတွေ ပါတဲ့ ရုပ်ရှင် ကြည့်တိုင်း၊ ဝတ္ထုတွေ ဖတ်ရတိုင်း မျက်ရည်ကျမြဲပါ။



မိတ္ထီလာမြို့၊ ပေါက်ရောင်း ကွက်သစ်အိမ်၊ ဖခင်ကြီးနဲ့ မိခင်ကြီးတို့ အာစိန္နကဲ ဆွမ်းဒါန ပြုစဉ်။
(မိခင်ကြီးမှာ လေဖြတ် ရောဂါ ခံစားနေရပြီး နောက်တစ်နှစ်တွင် ကွယ်လွန်သွားပါသည်။)

## နောက်ခံ ဇာတ်ကြောင်း

ကျွန်တော် ကြီးလာမှ အဲဒီ ဇာတ်ကြောင်းနဲ့ သွယ်ဝိုက် ပတ်သက်ခဲ့ဖူးတဲ့ ပုဂ္ဂိုလ်တွေရဲ့ ပြောကြားချက်များ ကြောင့် ဇာတ်လမ်းတွေ သိလာပါတယ်။ ဇာတ်မူရင်းက ကဗျာပါ။ အဲဒီ ကဗျာကို ဖွဲ့တဲ့ ဆရာကြီး မင်းသုဝဏ် ဆိုတာ အခု သမ္မတဟောင်း ဦးထင်ကျော်ရဲ့ ဖခင်ပါ။ ရန်ကုန် တက္ကသိုလ် ပညာသင်တဲ့ ကာလမှာ မြန်မာစာ ထူးချွန်လို့ ဂုဏ်ထူးတန်းနဲ့ ဘွဲ့ရပြီးတဲ့အခါမှာ ဆရာ ပြန်ဖြစ်ပါတယ်။ အဲဒီ ဆရာ ဘဝကမှ အောက်စဖို့ တက္ကသိုလ်မှာ ဘွဲ့လွန် သင်တန်း သွားတက်ခဲ့တာပါ။ သူရဲ့ ငယ်သူငယ်ချင်းက မောင်ထင်အောင် ဖြစ်ပါ တယ်။

မောင်ထင်အောင် ဆိုတာ နောင်မှာ အောက်စဖို့ တက္ကသိုလ်ကပဲ အင်္ဂလိပ်စာ မဟာဘွဲ့နဲ့ ဒေါက်တာဘွဲ့တွေ ရခဲ့ပြီး ဒေါက်တာ ထင်အောင် အမည်နဲ့ Thirty Burmese Tales နဲ့ Burmese Folk Tales ဆိုတဲ့ နာမည်ကျော် စာအုပ် နှစ်အုပ်ကို အင်္ဂလိပ်လို အောက်စဖို့ တက္ကသိုလ်ကပဲ ထုတ်ဝေခဲ့ပါတယ်။ ကျွန်တော်တို့ ၁၀ တန်းမှာ Thirtry Burmese Tales ကို ကျောင်းသုံးအဖြစ် သင်ခဲ့ရတာပါ။ ဇာတ်လမ်းက ဒီလိုပါတဲ့…။

တက္ကသိုလ် ကျောင်းသား မောင်ဝန်ဟာ မောင်ထင်အောင်နဲ့ တက္ကသိုလ်မှာ သူငယ်ချင်း အရင်းအချာ ဖြစ်ခဲ့ပါတယ်။ မောင်ထင်အောင်ရဲ့ အသိုင်းအဝိုင်းက ကြီးမား ကျယ်ပြန့်တယ်၊ မင်းစိုးရာဇာတွေ များတယ်။ ဒါပေမဲ့ ကျောင်းသားလေး မောင်ဝန်ကတော့ ကွမ်းခြံကုန်း ဇာတိ တောသားပါ။ ဒါပေမဲ့ သူငယ်ချင်း နှစ်ယောက် ခင်မင်လွန်းတော့ မောင်ဝန်ကလေးက မောင်ထင်အောင်ရဲ့ အိမ်ကို ဝင်ထွက် သွားလာနိုင်ခဲ့ပါတယ်။

အဲဒီအခါမှာ မောင်ထင်အောင်ရဲ့ အသိုင်းအဝိုင်းက ညီမငယ် တစ်ဦးနဲ့ မေတ္တာမျှခဲ့ကြပါတယ်။ ဒါကို မောင်ထင်အောင်က အသိအမှတ်ပြုတယ်၊ မောင်ဝန် ယောက်ဖ ဖြစ်တဲ့အထိ တာဝန်ယူတယ် ဆိုတဲ့ အနေအထား ဖြစ်လာပါတယ်။ ဒါနဲ့ မောင်ဝန်ကလေး အင်္ဂလန်ကို နှစ်နှစ်ကျော်လောက် စာသင် သွားပါတယ်။

သူ Oxford က ပြန်လာတဲ့အခါ သူနဲ့ မေတ္တာမျှခဲ့တဲ့ မိန်းကလေးက သူတို့ အသိုင်းအဝိုင်းထဲကပဲ အရာရှိငယ် တစ်ယောက်နဲ့ လက်ထပ်သွားခဲ့ပါတယ်။ ဒါကို မောင်ထင်အောင်ကလည်း မသိကျိုးကျွန် ပြုခဲ့ပါတယ်။ ဒါကို မောင်ဝန်က စိတ်ထိခိုက်ပြီးတော့ "ဘကြီးအောင် ညာတယ်" ဆိုတဲ့ ကဗျာရှည်ကြီး ရေးခဲ့တာပါ။ (ဒါကတော့ ကျွန်တော့်ရဲ့ အကြား ဇာတ်လမ်းပါ။ အမှန်တရားနဲ့ ကွာဟချက်များ ရှိရင်တော့ ခွင့်လွှတ်ကြပါ ခင်ဗျား။)

## စာအုပ် စာပေ လူ့မိတ်ဆွေ

အဲဒီ ခေါင်းစဉ်လေးကတော့ လမ်းစဉ်ပါတီ ခေတ်က ပြန်ကြားရေး ဝန်ကြီးဌာနက ဖိတ်ခေါ်တဲ့ ပြိုင်ပွဲဝင် အများစုထဲက နောက်ဆုံး ရွေးချယ်ခံရတဲ့ ခေါင်းစဉ်ပါ။ အင်မတန် ရိုးရှင်းပြီး၊ အင်မတန် လှပတဲ့ အကြောင်းအရာ တစ်ခုပါ။ ဟုတ်ပါတယ်၊ ကျွန်တော် ငယ်ငယ်ကတည်းက စွဲလမ်းလာတဲ့ စာပေဝါသနာဟာ မိတ္ထီလာမြို့ပေါ် ရောက်တော့ အဲဒီ ဝါသနာဟာ ပိုပြီးတော့ ကျယ်ပြန့်လာပါတယ်။ ငါးတန်း ခြောက်တန်း ကျောင်းသား ဘဝ မှာတော့ စာရေးဆရာ မြစကြာ ရေးတဲ့ ဥစ္စာစောင့် ဇာတ်လမ်းတွေ၊ စုန်း ကဝေ ဇာတ်လမ်းတွေကို သဲကြီးမဲကြီး ဖတ်ခဲ့ပါတယ်။ အဲဒီ စာအုပ်တွေနဲ့ ယဉ်ပါးသွားတဲ့အခါမှာ မဂ္ဂဇင်း စာအုပ်တွေမှာ ပါတဲ့ ဝတ္ထုတို၊ ဝတ္ထုရှည် အားလုံး နီးပါးကို ဖတ်ဖြစ်ခဲ့ပါတယ်။

ကျွန်တော် အဲဒီ အရွယ်ကတည်းက စာအုပ် စာပေတွေကို စိတ်ဝင်စားခဲ့တာပါ။ ငါးတန်း ခြောက်တန်း ရောက်တော့ ရှုမဝ၊ သွေးသောက်၊ မြဝတီ မဂ္ဂဇင်းတွေထဲက ဝတ္ထုတိုတွေကို စဖတ်နေပါပြီ။ ဆရာ မြစကြာရဲ့ စာအုပ်တွေ ဖတ်ပြီးတော့ နောက်တစ်ဆင့်မှာ ဆရာ တင့်တယ်၊ သန်းဆွေ၊ သော်တာဆွေ စတဲ့ အချစ် ဇာတ်လမ်းတွေ ပါတဲ့ ဝတ္ထုရှည်တွေ ဖတ်နိုင်လာပါတယ်။ အထူးသဖြင့် ဆရာ တင့်တယ်ရဲ့ "မြမန်းမေမျိုးမြတ်" ဆိုရင် အတော် ကြိုက်ပါတယ်။ နောက်တစ်အုပ်ကတော့ "ကမ္ဘဇလ" ဖြစ်ပါတယ်။ ကြီးလာလို့ အင်္ဂလိပ် ဝတ္ထု တွေ ဖတ်ဖြစ်တော့မှ အဲဒီ စာအုပ်တွေဟာ အနောက်တိုင်း စာရေးဆရာတွေရဲ့ ဝတ္ထုတွေကို မှီငြမ်းပြုပြီး ရေးခဲ့တယ် ဆိုတာ သိရပါတယ်။

၁၀ တန်း ရောက်လာတော့ စာ တော်တော်များများ စုံနေအောင် ဖတ်ဖူးနေပါပြီ။ မဟာဆွေ၊ ဇွဲ၊ ရွှေဥဒေါင်း၊ ဒဂုံရွှေမျှား စတဲ့ စာရေးဆရာကြီးတွေရဲ့စာအုပ်တွေကိုလည်း ဖတ်ခဲ့ပါတယ်။ နောက် သိန်းဖေမြင့်

ရဲ့ "အရှေ့က နေဝန်း ထွက်သည့်ပမာ" ကိုတော့ မြဝတီ မဂ္ဂဇင်းမှာ လစဉ် အခန်းဆက် ဖတ်ဖြစ်ပါတယ်။ ဆရာကြီး ရွှေဥဒေါင်းရဲ့ "စုံထောက် ဦးစံရှား" ဆိုတဲ့ ဝတ္ထုတွေဟာ ရင်တမမနဲ့ ဖတ်ခဲ့ရတာပါ။ ကြီးလာမှသာ အဲဒီ ဝတ္ထုတွေဟာ အင်္ဂလန်က စာရေးဆရာကြီး Sir Arthur Connan Doyle ရေးတဲ့ Sherlock Holmes ကို မှီးသားမှန်း သိရတာပါ။ ဆရာကြီးရဲ့ ပိရိတဲ့ မိုခြမ်းပြု ပညာနဲ့ ဦးစံရှားနဲ့ မိတ်ဆွေ ဦးသိန်းမောင်တို့ဟာ Sherlock Holmes နဲ့ မိတ်ဆွေ Dr. Watson တို့ရဲ့ စရိုက် လက္ခဏာကို မြန်မာမှု ပြုထားတာ ဖြစ်ပါတယ်။

စက်တက္ကသိုလ် ရောက်လာတော့ ကျွန်တော်ရဲ့ စာဖတ်အား အတော် အရှိန်ရနေပါပြီ။ ဒါပေမဲ့ မြန်မာဝတ္ထုတွေ အဆင့်က မတက်လာပါဘူး။ DSA ရဲ့စာကြည့်တိုက်မှာလည်း စာအုပ် စုံပါတယ်။ အင်္ဂလိပ် စာအုပ်တွေလည်း အများကြီးပါ။ အဲဒီ စာကြည့်တိုက်မှာ ကျွန်တော် စိတ်အဝင်စားဆုံးက စာရေးဆရာကြီး Leo Tolstoy ရဲ့ War and Peace ဆိုတဲ့ စာအုပ်ပါ။ စိတ်ဝင်စားလို့ မကြာခဏ ထုတ်ကြည့်ပြီး ကြိုးစား ဖတ်ကြည့်ဖူးပါတယ်။ ဒါပေမဲ့ Chapter I ကို ကျော်အောင် မဖတ်နိုင်ခဲ့ပါဘူး။ အဲဒီစာအုပ်ကို ကျွန်တော် ဘာ့ကြောင့် ဖတ်ချင်သလဲ ဆိုတော့ ဆရာကြီး ရွှေဥဒေါင်းရဲ့ "ဘဝတစ်သက်တာ မှတ်တမ်း" စာအုပ်ထဲမှာ သူ ရေးထားတာကို အောက်ပါအတိုင်း ကျွန်တော် မှတ်မိနေပါတယ်။ "စာရေးဆရာ အချင်းချင်း စာအကြောင်း ပေအကြောင်း ဆွေးနွေးကြတဲ့အခါ စစ်နဲ့ ငြိမ်းချမ်းရေး War and Peace စာအုပ်ကို မဖတ်ဖူးတဲ့ စာရေးဆရာ ဆိုရင် အဖက် မလုပ်ချင်ဘူး" ဆိုတဲ့ မှတ်ချက်ကို ကျွန်တော် စွဲစွဲမြဲမြဲ မှတ်မိနေပါတယ်။ ကျွန်တော် ကိုယ်တိုင် လည်း စာရေးဆရာ ဖြစ်ချင်တဲ့ တိတ်တခိုး ဆန္ဒ ရှိနေခဲ့လို့ပါ။

ကျွန်တော် တတိယနှစ်ကို ရောက်တဲ့အခါ မေမြို့ထဲက အသိ မိတ်ဆွေတွေရဲ့ အိမ်ကို ရောက်ဖြစ်ခဲ့ ပါတယ်။ မေမြို့မှာ အင်္ဂလိပ်ခေတ်က ဗိုလ်ကပြားတွေ၊ တစ်ချို့လည်း လွတ်လပ်ရေး ရပြီးမှ ကျန်ခဲ့တဲ့ ဗိုလ်သွေး ပါတဲ့ မိသားစုတွေနဲ့လည်း မိတ်ဆွေ ဖြစ်ခဲ့ပါတယ်။ သူတို့အိမ်မှာ တွေ့တဲ့ အင်္ဂလန် နိုင်ငံထုတ် ကာတွန်း စာအုပ်တွေနဲ့လည်း ယဉ်ပါးခဲ့ရပါတယ်။

ဥပမာ- Beryl the peril အမိပ္ပာယ်က "အန္တရာယ်မလေး ဘယ်ရယ်" ဆိုတဲ့ ပေါက်ကရ လုပ်လေ့ရှိတဲ့ ကောင်မလေး တစ်ယောက်ရဲ့ ကာတွန်းစာအုပ်၊ နောက် Dennis the menace ဆိုတဲ့ ကာတွန်း စာအုပ်၊ အဓိပ္ပာယ်က ဒုက္ခ အမြဲ ပေးတတ်တဲ့ "ဒဲင်းနစ်" ဆိုတဲ့ ကောင်မလေး တစ်ယောက် အကြောင်း၊ နောက် တစ်အုပ်က Jonah လို့ ခေါ်တဲ့ သူ ရောက်တဲ့ သင်္ဘောတိုင်း သောင်တင်ရင် တင်၊ မတင်ရင် မီးလောင်၊ မလောင်ရင် သင်္ဘောသား ရေထဲပြုတ်ကျ စတဲ့ ပြဿနာ ရေတပ်သား ဂျိုနာ အကြောင်း ဖွဲ့နွဲ့ရေးထားတဲ့ ကာတွန်း စာအုပ်တွေကို ဖတ်ဖြစ်ခဲ့ပါတယ်။ ဖတ်ဖြစ်ရင်းနဲ့ ကျွန်တော်ရဲ့ အင်္ဂလိပ်စာ ဝေါဟာရ Vocabulary တွေ တိုးလာပါတယ်။ ဒါ့အပြင် တစ်ပတ်စဉ်ထဲက ဘမြင့် (၁၇ဂ) ရဲ့ ဂီတာ တီးတာကို စိတ်ဝင်စားလို့ အင်္ဂလိပ် သီချင်းတွေ လိုက်ကျက်ရင်းနဲ့လည်း စကားလုံးတွေ တိုးလာပါတယ်။

ဒါပေမဲ့ လစဉ်၊ အတန်းတင် စာမေးပွဲတွေမှာတော့ အထက်မှာ ရေးပြခဲ့သလို အင်္ဂလိပ်စာ ဘာသာရပ်မှာ သိပ်ဖြေနိုင်ရင် အများဆုံး ၄၈ မှတ်နဲ့ သိပ်မဖြေနိုင်ရင် ၄၂ မှတ် ရတဲ့အနေအထားပါ။ တစ်တန်းထဲက မျိုးမြင့် (၁၇၂)၊ ဘမြင့် (၁၇ဂ)၊ မင်းအင် (၁၅၈) နဲ့ David Wiltshire တို့ကတော့ အင်္ဂလိပ်စာ ဖြေတိုင်း အမှတ် ၇၀-၈၀ ရနေကျပါ။

ဒေးဗစ် ဝီလ်ရှိုင်းယားက လူထူးလူဆန်းပါ။ သူက အပတ်စဉ် ၂ က စာတော်လို့ ကြို့ကုန်းမှာ ရှိတဲ့ စက်မှု တက္ကသိုလ် Rangoon Institute of Technalogy (R.I.T.) ကို လွှတ်ပြီး အင်ဂျင်နီယာ ပညာ သင်ခိုင်းခဲ့တာပါ။ ဒါပေမယ့် R.I.T. မှာ စာမေးပွဲ နှစ်နှစ်ဆက် ကျတော့ DSA ပြန်ပို့လို့ ကျွန်တော်တို့ အပတ်စဉ်

၅ ကို ရောက်လာတာပါ။ အလားတူပဲ အပတ်စဉ် ၁ က ကိုစိုးဝင်း (ကိုကြက်ကြီး) နဲ့ ဖဟာဒူးဆင်းတို့လည်း ပြန်ရောက်လာပြီး အပတ်စဉ် ၄ မှာ ပြန်တက်ရပါတယ်။

## အင်္ဂလိပ် စာအုပ်တွေ ကြိုးစား ဖတ်နေပါပြီ

ကျွန်တော် စတုတ္ထနှစ် ရောက်တဲ့အခါ အထက်မှာ ရေးခဲ့သလို အင်္ဂလိပ် စကားလုံးတွေ တော်တော် တိုးလာပါတယ်။ စာဖတ်ချင်တဲ့ ဇောနဲ့ စာရေးဆရာ Leon Uris ရေးတဲ့ Exodus စာအုပ်ကြီးကို စဖတ်ပါတော့တယ်။ ကျွန်တော့် အတွက်တော့ တကယ် မတ်စောက်တဲ့ တောင်ကြီးကို တက်နေရသလိုပါပဲ။ တစ်ဝက်တစ်ပျက်ပဲ နားလည်ပါတယ်။ ဒါပေမဲ့ စာဖတ်တဲ့ ဝါသနာရယ်၊ စာအုပ်ရဲ့ အကြောင်းကို သိချင်တာရယ်နဲ့ ပေါင်းပြီး တရွတ်တိုက် ဖတ်ပါတယ်။ နားမလည်တဲ့ စကားလုံး တွေ့ရင် ရပ်ပြီးတော့ အဘိဓာန် (Dictionary) လုံးဝ မကြည့်ပါဘူး။

ကျော်ဖတ်သွားပါတယ်။ ဖတ်ပါ များတဲ့ အခါမှာ အဲဒီလို အလားတူ စကားလုံး သုံး-လေးလုံးလောက် ဆက်တိုက် တွေ့ရပါတယ်။ အဲဒီလို ဆိုတဲ့အခါကျတော့ အဲဒီ စကားလုံးရဲ့ အဓိပ္ပာယ်ကို မှန်းလို့ရပါပြီ။ အဲဒီအခါမျိုးကျမှ အဘိဓာန်ကို လှန်တဲ့အခါမှာ ကျွန်တော် မှန်းဆထားတဲ့ အဓိပ္ပာယ်နဲ့ ကွက်တိ မဟုတ်ရင်တောင်မှ အနီးစပ်ဆုံး အဓိပ္ပာယ်ကို စွဲစွဲမြဲမြဲ မှတ်မိသွားပါတယ်။ ကျွန်တော် အင်္ဂလိပ် ဝတ္ထုတွေ ဖတ်ရင် ဒီပုံစံမျိုး ဖတ်တာပါ။

ဗိုလ်လောင်း ဘဝမှာ အဲဒီ Exodus ဆိုတဲ့ စာအုပ်ကြီးကို (နောင်မှာ ကိုမိုးသူက Exodus ဆိုတဲ့ နာမည်နဲ့ပဲ ဘာသာပြန် ထုတ်ဝေခဲ့တာ အလွန် ရောင်းကောင်းတယ်လို့ သိရပါတယ်။) ကြိုးစားပမ်းစား ဖတ်နိုင်ခဲ့ပေမဲ့ War and Peace ဆိုတဲ့ စာအုပ်ကြီးကိုတော့ မကိုင်နိုင်သေးပါဘူး။

ကျွန်တော် ကျောင်းဆင်းတော့ မှတ်မှတ်ရရ ဆူးလေဘုရားလမ်းက အင်းဝစာအုပ်တိုက်ကို ရန်ကုန် ရောက်တိုင်း ဝင်လေ့ ရှိပါတယ်။ ၁၉၆၃-၆၄ ကာလပေါ့။ အဲဒီခေတ်တုန်းက အင်းဝ စာအုပ်တိုက်မှာ TIME / Newsweek / Reader's Digest မဂ္ဂဇင်းတွေကို နှစ်ပေါက် မှာလို့ ရပါတယ်။ ကျွန်တော် Newsweek ကို နှစ်ပေါက် မှာပြီး ကျွန်တော့် တပ်ရှိရာ ကျုံပျော်မြို့ကို ပို့ဖို့ မှာကြားခဲ့ပါတယ်။ အပတ်စဉ် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ပါတယ်။ ကျွန်တော်က စစ်ဆင်ရေး သွားရလို့ သုံး-လေးလ ကြာတယ်ဆိုရင် အဲဒီစာအုပ်တွေဟာ တစ်လ လေးအုပ်နှုန်းနဲ့ အရာရှိ ရိပ်သာမှာ ပုံ နေတော့တာပေါ့။

ကျွန်တော်က စစ်ဆင်ရေး ထွက်ပြီဆိုရင် ကျောပိုးအိတ် နှစ်လုံး ယူပါတယ်။ တစ်လုံးကတော့ စောင်၊ ခြင်ထောင်၊ အိပ်ရာခင်း စတဲ့ လိုအပ်တဲ့ ပစ္စည်းတွေ ထည့်ပါတယ်။ နောက်ကျောပိုးအိတ် တစ်လုံးမှာတော့ ကျွန်တော် ဖတ်ချင်တဲ့ စာအုပ်တွေ ထည့်ပြီး သယ်သွားလေ့ ရှိပါတယ်။ ရှေ့တန်း ရောက်လို့ တိုက်ကင်းတွေ၊ လှည့်ကင်းတွေ သွားရတဲ့ အခါဆိုရင် နေ့မအိပ် ညမအိပ် သွားရပါတယ်။ အဲဒီတာဝန်တွေ နားတဲ့ အချိန် ဆိုရင်တော့ ပါလာတဲ့ စာအုပ်တွေကို အတိုးချ ဖတ်ပါတော့တယ်။

Newsweek ကို ဖတ်ခါစမှာတော့ ဘာသာရပ် စုံအောင် မဖတ်နိုင်ပါဘူး။ အားကစား ကဏ္ဍ၊ ရုပ်ရှင် ကဏ္ဍ၊ ဂီတ ကဏ္ဍ စတဲ့ ပေါ့ပေါ့ပါးပါး ခေါင်းစဉ်တွေလောက်ပဲ ဖတ်နိုင်ခဲ့တာပါ။ ဖတ်တာ များလာမှပဲ တခြားနိုင်ငံရေးတို့၊ နည်းပညာတို့ စတဲ့ ကဏ္ဍတွေကို ဖတ်လာနိုင်တာပါ။ အဲဒီလို ဖတ်ရင်းနဲ့ ရုပ်ရှင်မှာ James Bond ဇာတ်ကား နာမည်ကြီးနေတာ ဖတ်ရပါတယ်။

တစ်နေ့မှာ အလုပ် တာဝန်နဲ့ ရန်ကုန်ရောက်လို့ အင်းဝ စာအုပ်တိုက် ဝင်တဲ့အခါ James Bond စာအုပ်တွေ အတွဲလိုက် တွေ့ရပါတယ်။ စာရေးဆရာက Ian Fleming ပါ။ သိပ်နာမည် မရသေးပါဘူး။ James Bond ဇာတ်ကားတွေ အောင်မြင်လာမှသာ နာမည် ကြီးလာတာပါ။ စာအုပ်တိုင်းလိုလိုက ပါးပါးလေးပါ။ အပျော်ဖတ် ပုံစံ ထုတ်ထားပြီး ဈေးနှုန်းကလည်း နှစ်ကျပ်နဲ့ ၂၅ ပြားပါ။ ဒါကြောင့် အဲဒီ စာအုပ် တစ်တွဲလုံး ဝယ်ဖြစ်ပါတယ်။ ဖတ်ဖြစ်ပါတယ်။ စာအုပ်တွေ ဖတ်ဖြစ်လာတာနဲ့အမျှ အင်္ဂလိပ် စကားလုံး Vocabulary တွေလည်း တိုးလာပါတယ်။

## ကျွန်တော်နဲ့ War and Peace

ကျွန်တော် အထက်မှာ တင်ပြခဲ့သလိုပါပဲ။ ဗိုလ်လောင်း ဘဝတည်းက ရုရှား စာရေးဆရာကြီး Leo Tolstory ရဲ့ War and Peace စာအုပ်ကြီးကို ဖတ်ချင်ခဲ့တာပါ။ ဒါပေမဲ့ မနိုင်းကောင်း နိုင်းကောင်း နိုင်းရရင် "ငွေ တစ်မတ်နဲ့ ငါးကြင်းခေါင်း ကိုင်" ဆိုတဲ့ ပုံမျိုးပေါက်နေတာပေါ့။ ဒီစာအုပ် အကြောင်းကို ဖတ်ရတော့ မူလ ရုရှား ဘာသာကနေ အင်္ဂလိပ်လို ဘာသာပြန်ရာမှာတောင် မူကွဲ နှစ်မျိုး သုံးမျိုး ရှိတဲ့အပြင် အကျဉ်းချုပ် Abridged Version တွေလည်း အမျိုးမျိုး ထုတ်တာ သိရပါတယ်။ အဲဒီ စာအုပ်ကြီး နှစ်တွဲကိုလည်း အင်းဝ စာအုပ်တိုက်က ဝယ်ထားပြီးပါပြီ။ ဖတ်မယ် ကြိုးစားလိုက် ပထမ Chapter မှာပဲ ရပ်သွားလိုက်နဲ့ လုပ်နေခဲ့ တာပါ။ အထူးသဖြင့် အဲဒီခေတ်က ရုရှားလူမျိုးတွေရဲ့ နာမည်တွေကို မှတ်ရတာနဲ့တင် တစ်နေကုန်ခဲ့တာပါ။

၁၉၆၄-၆၅ ခုနှစ်မှာ ကျွန်တော်တို့ တပ်ရင်း တစ်ရင်းလုံး ရှမ်းပြည်နယ် အရှေ့မြောက် ဒေသ၊ ကွတ်ခိုင် မြို့နယ်ဘက်ကို စစ်ဆင်ရေး ဝင်ရပါတယ်။ ဟိုတစ်နှစ်က ပြဿနာဖြစ်တဲ့ မုံးကိုး၊ ဖောင်းဆိုင်ရွာတွေ (ပြည် ထောင်စု လွှတ်တော် နာယက ဦးတီခွန်မြတ် ဇာတိ)၊ ဗကပ လက်အောက်ကို နှစ်အနည်းငယ် ကျသွားခဲ့တဲ့ မုံးပေါ်၊ မုံးယား၊ မုံးစီး နယ်တွေအပြင် အောက်ပိုင်းက တီးမား၊ ခိုမုံး၊ တာမိုးညဲ စတဲ့ နယ်တွေမှာ ဝင်ခဲ့ရပါတယ်။

ကျွန်တော်ကတော့ အဲဒီ စစ်ဆင်ရေးမှာ အရင်နှစ်က ဝယ်ထားခဲ့တဲ့ War and Peace စာအုပ်ကြီး နှစ်အုပ်တွဲလုံး ယူသွားပါတယ်။ အဲဒီထဲမှာ နေ့ရင်း တာဝန်အရ လုပ်စရာ ရှိတာတွေ လုပ်ပြီး အားတဲ့အချိန်မှာ အဲဒီ စာအုပ်ကြီးကို စ ကိုင်တွယ်ပါတော့တယ်။ မှတ်ရခက်တဲ့ ရုရှား ဇာတ်ကောင်တွေရဲ့ နာမည်တွေကိုလည်း ကြိုးစား မှတ်လာခဲ့တာ နောက်ဆုံးတော့ အောင်မြင်သွားပါတယ်။

War and Peace စာအုပ်ကို ကျေကျေချလည်လည် ဖတ်ပြီးတော့မှ စာရေးဆရာကြီး Leo Tolstoy ရဲ့ အနုပညာ ဖန်တီးနိုင်မှု၊ ဇာတ်ကောင်တွေကို သရုပ်ဖော်ရာမှာ ပီပြင်မှုအပြင် ဇာတ်အိမ်၊ ဇာတ်ကွက်ကို ရေးသားရာမှာလည်း အသေးစိတ် ဖော်ပြနိုင်မှုတွေကို သတိထားမိပါတယ်။ ပြီးတော့ သမိုင်းမှာ အရေးပါတဲ့ အကယ့်ဖြစ်စဉ် ဖြစ်တဲ့ ပြင်သစ် စစ်ဘုရင် နပိုလီယံနဲ့ ရုရှားနိုင်ငံက ဇာဘုရင်၊ သူ့ရဲ့ စစ်သူကြီး ကူးတူးဇော့တို့ရဲ့ စိတ်နေသဘာဝတွေ၊ သူတို့ချင်း ပြောတဲ့ အခွင့်မြင့်တဲ့ စကား အသုံးအနှုန်းတွေကို ပီပြင်အောင် ဖော်ပြနိုင်တာ တွေ့ရပါတယ်။

ဥပမာ တင်ပြရရင် နာတာရှာရဲ့ မိဘများက မှူးမျိုး၊ မတ်မျိုးတွေ ဆိုပေမဲ့ သူတို့ပိုင်တဲ့ မြေဧက ထောင်ဂဏန်း၊ သောင်းဂဏန်း ရှိတဲ့ နေရာမှာ အခြေပြုပြီးတော့ လယ်လုပ်တွေကို ကြီးကြပ်ရင်း တောနယ်မှာ အခြေပြု နေကြတဲ့ မိသားစုတွေပါ။ ဇာဘုရင်ရဲ့ နှစ်သစ်ကူး ပါတီပွဲမှာ နှစ်စဉ် ပါနေကျမို့ တောနယ်ကနေ မြို့တော် မော်စကိုကို လာကြရာမှာ နာတာရှာနှင့်တကွ မိသားစုဝင်တွေ ခေတ်နဲ့အညီ အဝတ်အစားဆွေ ဆင်ကြပုံ၊ ထိုခေတ်က တွင်ကျယ်နေတဲ့ ပြင်သစ် ဘာသာစကားနဲ့ ပြောနေကြပုံတွေကို အသေးစိတ်

ရေးထားပါတယ်။

ပြင်သစ်/ရုရှား စစ်ပွဲမှာ နာမည်ကြီးတဲ့ Battle of Borodino အကြောင်းကို ရေးဖွဲ့ရာမှာလည်း ပြင်သစ်စစ်ဗိုလ် စစ်သားတွေရဲ့ စရိုက်လက္ခဏာ၊ ရုရှား စစ်ဗိုလ် စစ်သားတွေရဲ့ စရိုက်လက္ခဏာတွေကို မပြီးငွေ့အောင် ရေးပြသွားပါတယ်။ ဒီဇာတ်လမ်းတွေကို သေသေချာချာ ဖတ်ကြည့်တော့မှ ဩော်.... War and Peace စာအုပ်ကြီး နာမည်ကျော်တာ ဒါ့ကြောင့်ပေပဲလို့ မှတ်ချက်ချမိတယ်။ ဒီစာအုပ်ကြီးကို ပြီးအောင် ဖတ်နိုင်ပြီး စာပေ ရသ ခံစားနိုင်တဲ့ အတွက်လည်း ကိုယ့်ကိုယ်ကိုယ် အကျေနပ်ကြီး ကျေနပ်နေပါတယ်။

## နလုံးသား ပြဿနာ

ဖြစ်ချင်တော့ အဲဒီကာလမှာပဲ ကျွန်တော့်ရဲ့ ပထမဦးဆုံး ရည်းစားကို စွန့်လွှတ်လိုက်ရတဲ့ အချိန်နဲ့ တိုက်ဆိုင်နေပါတယ်။ အဲဒီလို စွန့်လွှတ်လိုက်ရလို့ စိတ်ထဲမှာ နင့်နေအောင် ခံစားလိုက်ရပါတယ်။ ဒါပေမဲ့ ရည်းစားနဲ့ ကွဲရလို့ ဆိုတဲ့ အကြောင်းပြပြီး ကျွန်တော် အရက်မသောက်ဖြစ်ပါဘူး။ မိန်းမတွေကိုလည်း နာကျည်းလှပါရဲ့လို့ မရေရွတ်ခဲ့ပါဘူး။ လွဲရှောင်လို့ မရတဲ့ ကံကြမ္မာ လှည့်ကွက်လို့ပဲ သဘောထားခဲ့ပါတယ်။

ဒါ့ကြောင့် အလုပ်ထဲမှာ စိတ်နှစ်၊ အားတဲ့အခါတွေမှာလည်း တောင်တောင်အီအီ မစဉ်းစားတော့ဘဲ အဲဒီ စာအုပ်ကြီးကိုပဲ သဲကြီးမဲကြီး ဖတ်ခဲ့တာ စစ်ဆင်ရေး ခြောက်လခန့်အတွင်းမှာ အောင်အောင်မြင်မြင် ဖတ်ပြီးနိုင်ခဲ့သလို ဇာတ်လမ်းကိုလည်း စိန်ပြေနပြေ သဘောပေါက်ခဲ့ပါတယ်။ "အော် ဒါ့ကြောင့်မို့လည်း Wars and Peace ဆိုတဲ့ စာအုပ်က ကမ္ဘာကျော်ပေတာကိုး" လို့ပဲ မှတ်ချက်ချမိပါတော့တယ်။ ဆိုဗီယက် ယူနီယမ် ဘဝက နိုင်ငံတော်ရဲ့ Project အဖြစ် အဲဒီစာအုပ်ကြီးကို စာအုပ်ပါ အခန်းကဏ္ဍများအတိုင်း အတတ်နိုင်ဆုံး တူညီအောင် ရိုက်ကူးခဲ့ပါတယ်။

ပထမတော့ သတင်းတွေကိုပဲ ဖတ်ရတာပါ။ နောက်တော့မှ အဲဒီဇာတ်ကားရဲ့ ဗီဒီယို နှစ်ခွေကို "ရှစ်လေးလုံး အရေးတော်ပုံ" မတိုင်ခင်က တစ်ဝကြီး ကြည့်ခဲ့ရဖူးပါတယ်။ ကျွန်တော် မှတ်မိသလောက် ပြောရရင် အဲဒီ ဇာတ်ကားကို ရိုက်ကူးတဲ့ ဒါရိုက်တာကတော့ Alexi Bunderchuk ဖြစ်ပြီး ကိုယ်တိုင်လည်း အဓိက ဇာတ်ဆောင် အူကြောင်ကြောင် သူဌေးသား Pierre အဖြစ် သရုပ်ဆောင်ခဲ့ပါတယ်။ မင်းသမီးကိုတော့ နာမည် မမှတ်မိတော့သော်လည်း အဲဒီ ဇာတ်လမ်းရဲ့ အဓိက ဇာတ်ဆောင် နာတာရှာနဲ့ အလွန် လိုက်ဖက်ပါတယ်လို့ ကောက်ချက်ချမိပါတယ်။

ဒီဇာတ်ကားကို ရိုက်ဖို့ ရုရှား တပ်မတော်က တပ်မ သုံးခုကို ငှားခဲ့တာကိုလည်း ဖတ်ရပါတယ်။ ပြီးတော့မှ အဲဒီခေတ်က နပိုလီယံရဲ့ တပ်က ခြေလျင် တပ်သားတွေရဲ့ ယူနီဖောင်း၊ မြင်းသည်တော် တပ်ဖွဲ့ ယူနီဖောင်း၊ အမြောက်တပ် စစ်သည်တော်တွေရဲ့ ယူနီဖောင်းတွေကိုလည်း ချုပ်ပေးရသလို ရုရှား ဇာဘုရင်ရဲ့ တပ်က စစ်သည်တွေ အတွက်လည်း ယူနီဖောင်းတွေ ချုပ်ခဲ့ရပါတယ်။ တော်တော်ကို ကြီးကျယ်တဲ့ ရုပ်ရှင် တစ်ခုပါ။

စာအုပ်အနေနဲ့ ပြောရမယ် ဆိုရင်တော့ ဖတ်လို့ ဘယ်လိုမှ မရိုးနိုင်တဲ့ ဂန္ထဝင် စာပေ အမျိုးအစားပါ။ ဘယ်တော့မှလည်း မှေးမှိန် ပျောက်ကွယ်သွားမယ်လို့ မထင်ရပါဘူး။ ဒါပေမဲ့ ရုပ်ရှင် အဖြစ် အသွင် ကူးပြောင်းရာမှာ ဖန်တီးမှုကလည်း ကောင်းပါတယ်။ ရသလည်း မြောက်ပါတယ်။ ဒါပေမဲ့ မူရင်း စာပေလို အနုပညာနယ်ပယ်မှာ ရေရှည် တည်တံ့ဖို့ကျတော့ ရုပ်ရှင်ဟာ စာပေလောက် အခွန့်ရှည်ရာမှာ ကွာတယ်လို့ စိတ်ထဲက ခံစားမိပါတယ်။ ဥပမာ- ဟောလီးဝုဒ်က ရိုက်ခဲ့တဲ့ ဂန္ထဝင် ရုပ်ရှင် "Gone with the Wind" (မြသန်းတင့်

ဘာသာပြန် လေရှုးသုန်သုန်) ဟာလည်း အလားတူပါပဲ။ မူရင်း စာရေးဆရာမရဲ့ စာအုပ်ကို ဘယ်အချိန်ပဲ ဖတ်ဖတ် တူညီတဲ့ ရသကို ခံစားနိုင်ပေမဲ့ ရုပ်ရှင်ကို ကြည့်တဲ့အခါမှာ အဲဒီ ရသဟာ သိပ်မထိမိတော့ဘူး ဆိုတာ ခံစားရပါတယ်။

## တရုတ်ဂိတ်

ကျွန်တော် ရေးတဲ့အထဲမှာ "တရုတ်ဂိတ်" အကြောင်း မကြာခဏ ပါလာတာ သတိပြုမိပါလိမ့်မယ်။ အဲဒီ နေရာနဲ့ အခေါ်အဝေါ်ဟာ ၁၉၅၄ ခုနှစ်လောက်က စပေါ်ခဲ့တာပါ။ ရှမ်းပြည်နယ် အရှေ့ပိုင်းမှာ တရုတ်ဖြူ အရေးခင်း ဖြစ်တော့ ဗမာ့ တပ်မတော်က ကြည်း/လေ စစ်ဆင်ရေးတွေနဲ့ တစ်မျိုးသားလုံးအရေး ဖြစ်ပွား ခဲ့ပါတယ်။

တရုတ် နိုင်ငံမှာ မော်စီတုံး ခေါင်းဆောင်တဲ့ တရုတ်နီ တပ်တွေနဲ့ ချန်ကေရှိတ် ခေါင်းဆောင်တဲ့ တရုတ်ဖြူ တပ်တွေ တိုက်ကြရာမှာ တရုတ်နီတွေက နိုင်ပြီးတော့ ရှုံးတဲ့ တရုတ်ဖြူ တပ်တွေက ရှမ်းပြည်နယ် အရှေ့ပိုင်း လာအိုနဲ့ ထိုင်းနိုင်ငံတွေဘက်ကို လျှိုထွက်လာခဲ့ပါတယ်။ ဗမာပြည်ဘက်ကို ဝင်လာတဲ့ တပ်တွေကို ဗမာ့ တပ်မတော်က တပ်ရင်းပေါင်းများစွာနဲ့ တပ်မတော် (လေ) အပါအဝင် လေးနှစ်လောက် တိုက်ခဲ့ရတာပါ။ ဒီအရေးအခင်းကို ကုလသမဂ္ဂရဲ့ ဆုံးဖြတ်ချက်နဲ့ တရုတ်ဖြူတပ်တွေကို ထိုင်ဝမ်ကို လေကြောင်းနဲ့ ပြန်ပို့တော့မှ ဒီအရေး ပြေငြိမ်းသွားတာပါ။

အဲဒီလို မပြေငြိမ်းခင်မှာ တိုက်ပွဲမှာ မိတဲ့ တရုတ်ဖြူ စစ်သုံ့ပန်းတွေကို မိတ္ထီလာကို ပို့ပါတယ်။ သူတို့ကို မြောက်ချောင်း ကွက်သစ် အလွန် ကိုက် ၂၀၀၀ လောက် ဝေးတဲ့ ကန်စောင်းမှာ အဆောင်တွေ ဆောက်ပြီး နေရာချထားပေးပါတယ်။ အဲဒီ တရုတ်ဂိတ်က ထွက်ရင်တော့ မြို့ဧရိယာ အဆုံးပါပဲ။ ထူးခြားချက် တစ်ခုက အဲဒီ တရုတ်ဖြူ သုံ့ပန်းတွေထဲမှာ အထူးကု ဆရာဝန်ကြီး တစ်ယောက် ပါလာပါတယ်။ အာဏာပိုင်တွေရဲ့ ခွင့်ပြုချက်အရ အဲဒီ ဆရာဝန်ကြီးက ဆေးခန်းဖွင့်ရာမှာ ကုသမှု ကောင်းလို့ နေ့စဉ် လူနာ လေး-ငါးဆယ် လောက် ရှိပါတယ်။

ကျွန်တော်တို့ ရောက်လာတဲ့အခါ မနက်ဆိုရင် ငါးနာရီခွဲလောက်မှာ ကျွန်တော် နေ့စဉ်နီးပါး လမ်း လျှောက်ခဲ့ပါတယ်။ တရုတ်ဂိတ်ကို အသွားအပြန် ဆိုရင် တစ်မိုင်ခွဲလောက် ရှိမှာပေါ့။ အခုတော့ အဲဒီ နေရာ တွေကို အကွက်ချပြီးတော့ သင့်လျော်သလို ဂရံတွေ ထုတ်ပေးလို့ လူနေအိမ်တွေနဲ့ ရပ်ကွက်ကြီး တစ်ခု အဖြစ် စည်ကားနေပါပြီ။

## လူငယ်ဘဝ တစ်ခန်းရပ်ပြီ

လူငယ်ဘဝ ဆိုတာကို ကျွန်တော့် အတွေ့အကြုံနဲ့ ပြောရရင် ၁၈ နှစ်ပြည့်လို့ သတ်မှတ်ရပါမယ်။ ရွာမှာ လေးတန်း အထိနေ၊ ငါးတန်းကနေ ခုနစ်တန်းအထိက မြို့နဲ့ ရွာ တစ်လှည့်စီ နေလိုက်နဲ့ ပညာသင်ရပါတယ်။ ကျွန်တော် ရှစ်တန်းရောက်တော့ ၁၃ နှစ်၊ အဲဒီကမှ ၁၈ နှစ်အတွင်းမှာ ၁၀ တန်း ကျောင်းသား၊ ပြီးတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ အစိုးရ ဝန်ထမ်း ဖြစ်လာပါတယ်။ ၁၉၅၉ ခုနှစ်၊ ဒီဇင်ဘာမှာ ၁၈ ပြည့်ပါတယ်။ မပြည့်ခင်မှာ ၁၉၅၉ ခု၊ ဇွန်လဆန်းမှာ DSA ရောက်ခဲ့ပါတယ်။ ဆိုလိုတာက ၁၈ နှစ် အရွယ်ရောက်တဲ့ အခါမှာ ကျွန်တော်ဟာ အာမန် အရပ်သား ကျောင်းသား ဘဝက တပ်မတော်သား ဘဝကို ကူးပြောင်းခဲ့တဲ့ ဘဝ တစ်ဆစ်ချိုး ရောက် ခဲ့တာပါ။

အခု ပြောရမှာ စောလွန်းနေပေမဲ့ ကြုံကြိုက်တုန်း တင်ပြချင်တာက ကျွန်တော့် ဘဝရဲ့ ၁၈ နှစ် ပြည့်တဲ့ အခါတိုင်း ဖြစ်တည်မှု လုံဝ ပြောင်းလဲသွားတယ် ဆိုတဲ့ အချက်ပါ။ အထက်မှာ ရေးခဲ့သလို အသက် ၁၈ နှစ် ပြည့်တာနဲ့ ကျောင်းသား၊ အရပ်သား ဘဝကနေ စစ်မှုထမ်း ဘဝကို ရောက်ခဲ့တာပါ။ နောက်ထပ် ၁၈ နှစ် ဆိုရင် အသက် ၃၆ နှစ်ပေါ့။ ခုနှစ်အားဖြင့် ၁၉၇၇ ခုပေါ့။ ကျွန်တော်ဟာ တပ်မတော် အရာရှိ ဘဝက နုတ်ထွက် လိုက်ရပြီး အရပ်သား ပြန်ဖြစ်တာကလည်း ၁၉၇၇ ခုနှစ်ပါ။ တိုက်ဆိုင်မှုလို့ ပြောရင်ရပါတယ်။

ကဲ… … နောက်ထပ် ၁၈ နှစ်ကို ကြည့်လိုက်ကြစို့။ ၁၉၉၅ ခုနှစ်ပေါ့။ ၁၉၈၉ ခုနှစ် ဇူလိုင် ၂၀ မှာ ဒေါ် အောင်ဆန်းစုကြည် အိမ်က အဖမ်းခံရပြီး ၁၉၉၅ ခုနှစ် ၊ ဖေဖော်ဝါရီမှာ ပြန်လွတ်ခဲ့ပါတယ်။ ကျွန်တော် အဖမ်း ခံရတုန်းက နိုင်ငံခြား ကုမ္ပဏီတွေနဲ့ အလုပ် လုပ်တာမှာ Project လေးခုလောက် ရှိခဲ့ပါတယ်။ အဖမ်းခံရတော့ အဲဒီ လုပ်ငန်းတွေ တိုးလိုးတန်းလန်းနဲ့ ကျန်ခဲ့တာပါ။ အဲဒီ ကုမ္ပဏီတွေရဲ့ မြန်မာနိုင်ငံမှာ လုပ်ရမယ့် ကိစ္စတွေနဲ့ ပတ်သက်ရင် ကျွန်တော် တာဝန် မကျေဘူးပေါ့။ ပြီးတော့ အာဏာသိမ်းပြီး တက်လာတဲ့ နဝတ အစိုးရ အဖွဲ့ဝင်တွေဟာ ကျွန်တော့်ကို မသိတဲ့လူ မရှိပါဘူး။ အဲဒီတော့ ဒီ Project တွေနဲ့ ပတ်သက်တဲ့ ဝန်ကြီးက အဲဒီ လုပ်ငန်း အားလုံးကို သူနဲ့ အလွမ်းသင့်တဲ့ သူတစ်ယောက်ကို လွှဲပေးလိုက်တယ် ဆိုတာ ထောင်က လွတ်မှ သိရပါတယ်။

တပ်က ထွက်တဲ့ ၁၉၇၇ ခုနှစ်ကနေ၊ ထောင်ကလွတ်တဲ့ ၁၉၉၅ ခုနှစ် ဆိုတော့ ၁၈ နှစ်ပေါ့။ ထောင်က လွတ်ပြီး ကျွန်တော်နဲ့ အဆက်အသွယ် ရှိတဲ့ နိုင်ငံခြား ကုမ္ပဏီတွေနဲ့လည်း အဆက်အသွယ် လုပ်လို့ မရတော့ ပါဘူး။ ဒါ့အပြင် ကျွန်တော်နဲ့ မတိမ်းမယိမ်းမှာ အကျယ်ချုပ်က လွတ်လာတဲ့ ဒေါ်အောင်ဆန်းစုကြည်ကလည်း သူ့လုပ်ငန်းတွေကို ကူညီဖို့ မေတ္တာရပ်ခံတာနဲ့ တိုက်ဆိုင်နေပါတယ်။ အဲဒီတော့ ကျွန်တော့်ဘဝရဲ့ ဒုတိယ ၁၈ နှစ် ပြည့်တဲ့အခါ စီးပွားရေး လုပ်ငန်းရှင် ဘဝကနေ နိုင်ငံရေးသမားအဖြစ် ဘဝ တစ်ဆစ်ချိုး ပြောင်းရပြန်ပါ တယ်။

ဒီမှာ ကမ္ဘာကျော် ရုပ်ရှင် James Bond ကို ရေးတဲ့ မူလစာရေးဆရာ Ian Fleming ရဲ့ လက်သုံး စကား တစ်ခုကို သတိရမိပါတယ်။ ဒါကတော့…

"Once is a happenstance. Twice is coincidence. Thrice is an enemy action."

အဓိပ္ပာယ်ကတော့ "တစ်ကြိမ်ကတော့ ဖြစ်ရိုးဖြစ်စဉ်ပါ။ နှစ်ကြိမ် ဆိုရင်တော့ တိုက်ဆိုင်မှုပေါ့။ သုံးကြိမ် ဆိုရင်တော့ ရန်သူ့ လက်ချက် သေချာသွားပြီ" ဆိုတဲ့ သဘောပါ။

ကျွန်တော့် ဘဝက ပထမ ၁၈ နှစ်မှာ ကျောင်းသား/လူငယ် ၊ ဒုတိယ ၁၈ နှစ်မှာ စစ်မှုထမ်း ဘဝ၊ တတိယ ၁၈ နှစ်မှာ စီးပွားရေး လုပ်ငန်းရှင်၊ စတုတ္ထ ၁၈ နှစ်မှာတော့ နိုင်ငံရေးသမား။ ဒါကလည်း ၂၀၁၃ ခုဆို ပြည့်ပြီပေါ့။ ဒီစာရေးတဲ့ အချိန်မှာ နိုင်ငံရေးသမား ဘဝ လွန်ခဲ့ပါပြီ။ ဦးတင်ဦး လမ်းစဉ်လိုက်ရင်တော့ ကျွန်တော်ဟာ NLD နာယက အနေနဲ့ ဘယ်လောက်ထိများ သက်ရှည် ရပ်တည်နေဦးမလဲ မပြောနိုင်ပါဘူး။ စာရေးဆရာ Ian Fleneming ပြောသလို Enemy action ရန်သူ့ လက်ချက်လို့တော့ ပြောလို့ မဖြစ်နိုင်ပါဘူး။ ကံကြမ္မာဆိုတဲ့ ဘဝဆရာကြီးရဲ့ လက်ချက်လို့ပဲ ကောက်ချက်ချရတော့မှာပါ။

♥♥♥♥♥

# အခန်း (၂)
# တပ်မတော်သား ဘဝ

## အဖေရဲ့ ဝီရိယ

ကျွန်တော် သစ်တောရုံးမှာ အောက်တန်းစာရေး ဘဝနဲ့ နေတုန်းက အင်္ဂလိပ်စာ ကျူရှင် တက်တယ်၊ အိမ်မှာ အားရင် သင်္ချာတွက်တယ်။ ၁၉၅၉ ခုနှစ်၊ မတ်လမှာ ၁၀ တန်း စာမေးပွဲ ဖြေခဲ့ပါတယ်။ အဲဒါနဲ့ တစ်ပြိုင်နက် လောက်မှာ စစ်တက္ကသိုလ် အပတ်စဉ် ၅ အတွက် ဝင်ခွင့် စာမေးပွဲကို တပ်မတော်ကျောင်း (ယခု အထက- ၃) ကျောင်းမှာ သွားဖြေရပါတယ်။ အဲဒီမှာ မိတ္ထီလာ ခရိုင်နဲ့ ရမည်းသင်း ခရိုင်က ကျောင်းသားတွေ လာဖြေကြရပါတယ်။

အဲဒီလို စာမေးပွဲ ဖြေဖြစ်အောင်က အဖေရဲ့ ဆောင်ရွက်မှုကြောင့် ဖြစ်ပါတယ်။ အဖေဟာ သူ့ သားသမီးတွေရဲ့ ဘဝ တက်လမ်းနဲ့ ပတ်သက်ရင် အမြဲတမ်း နိုးနိုးကြားကြား ရှိနေတဲ့သူပါ။ ဒါ့ကြောင့် စစ်တက္ကသိုလ် ဝင်ခွင့် စာမေးပွဲတွေ အတွက် ကြေညာတဲ့အခါမှာ သူကပဲ ပုံစံတွေ သွားယူ၊ ပုံစံတွေ ဖြည့်ပြီး ပို့တဲ့အတွက် ကျွန်တော် ဝင်ခွင့် စာမေးပွဲ ဖြေရတာပါ။ ဖြေတဲ့လူ ၅၀ လောက် ရှိပါတယ်။ အဲဒီထဲကမှ လေး-ငါးယောက် လောက်ပဲ အောင်တာပါ။ ကျွန်တော်ရယ်၊ ကိုလှကြည်ရယ်၊ ကိုကျော်ခင်နဲ့ မောင်သွင်တို့ ဖြစ်ပါတယ်။ မောင်သွင်က ရမည်းသင်းက ပါလာတာပါ။

## DSA သွားမယ် ဆိုပါမှ

ကျွန်တော် အခု ရေးပြမယ့် အကြောင်းအရာကတော့ သာမန်လူတွေ ကြုံတွေ့ရတတ်တဲ့ လူမှုရေး ဖြစ်စဉ် တစ်ခုပါ။ ဒါပေမဲ့ ကျွန်တော်နဲ့ ဆက်နွယ်နေတာရယ် DSA နဲ့လည်း သွယ်ဝိုက် ဆက်နွယ်နေတဲ့ အတွက်ကြောင့် အခုလို တစုတ်တစ ရေးပြနေခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ ရပ်ကွက်နဲ့ ပေါက်ချောင်း ရပ်ကွက်ကြားမှာ ပေါက်ချောင်းကန် ရှိပါတယ်။ ကျွန်တော်တို့ အိမ်ကနေ လှမ်းမျှော်ကြည့်ရင် ပေါက်ချောင်းကန်ရဲ့ တစ်ဘက်မှာ ကျွန်တော် ပြောပြမယ့် အကြောင်းအရာတွေနဲ့ ပတ်သက်တဲ့ မိသားစု နေထိုင်တဲ့ အိမ်ကို လှမ်းမြင်နေရပါတယ်။ အဖေ ဖြစ်သူကတော့ အိန္ဒိယနွယ်ဝင် ဖြစ်ပါတယ်။ ရုပ်မြင်တာနဲ့သိနိုင်ပါတယ်။ သူ့အမေကတော့ ဗမာပါ။ ဒေါ်ဂျမ်း ဖြစ်ပါတယ်။ ဒေါ်ဂျမ်းရဲ့ခင်ပွန်းက အိန္ဒိယနွယ်ဝင် အစစ်ဖြစ်ပြီး အဲဒီနား တစ်ဝိုက်က မြေတွေ ဓာ ရာနဲ့ချီ ပိုင်ပါတယ်။ အဲဒီ အိန္ဒိယနွယ်ဝင် အဒေါ်ကြီးမှာ ကလေး ခုနစ်ယောက် ရှိပါတယ်။ အကြီးဆုံးကတော့ ယောကျ်ားလေး ဖြစ်ပြီး သူ့အောက်က ညီမ နှစ်ယောက် ဆက်တိုက်ပါ။ နာမည်တွေကတော့ ဒေစီနဲ့ အေမီ ဆိုကြပါစို့။

အဲဒီ ညီအစ်မ နှစ်ယောက်ဟာ ရုပ်တွေလည်း ချောတယ်၊ ခန္ဓာကိုယ်လည်း ဖွံ့ဖြိုးပါတယ်။ ပေါင်းသင်းဆက်ဆံရေးလည်း ဖော်ရွေပါတယ်။ သူတို့အောက် နှစ်ယောက်ပါ ကျွန်တော်တို့နဲ့ ရွယ်တူတွေ ဖြစ်ပါတယ်။ နာမည်တွေကတော့ လှအောင်၊ လှမောင် ဆိုပါစို့။ အငယ်ဆုံးကတော့ မိန်းကလေးပါ။ သူ့ရုပ်ရည်က သူ့အစ်မများလိုပါပဲ၊ ချောပါတယ်။

သူတို့အမေရဲ့ ယောကျ်ားဟာ စစ်ရဲတပ်က အရာရှိကြီး တစ်ဦး ဖြစ်ပါတယ်။ သူတို့ မိသားစုနဲ့ ကျွန်တော်တို့ မိသားစုဟာ ကူးလူးဆက်ဆံမှု များပြီး တစ်ယောက်အကြောင်း တစ်ယောက် အဆင်းသိ၊ အတွင်းသိတွေပါ။ ကျွန်တော်တို့နဲ့ ရွယ်တူ နှစ်ယောက်ကလည်း ကစားဖော်၊ ကစားဖက်တွေပါ။ သူတို့ မိသားစုက ဖော်ရွေပြီး ပွင့်လင်းကြပါတယ်။

၁၉၅၈ ခုနှစ်၊ နိုဝင်ဘာလလောက်မှာ ဖြစ်ပါတယ်။ မိတ္ထီလာမြို့မှာ အဲဒီကာလက စပြီး နောက်နှစ်ဇန်နဝါရီလအထိ ပွဲလမ်းသဘင်တွေ များလှပါတယ်။ ရွှေမြင်တင် ဘုရားနားမှာ ရှိတဲ့ စစ်တပ် တစ်ခုက ကထိန်ခင်းပါတယ်။ အဲဒီ ကထိန်မှာ နာမည်ကြီး အငြိမ့်အဖွဲ့ တစ်ခုဖြစ်တဲ့ "ဆိုဗီယက်ပြန် နွဲ့နွဲ့စန်း" ကို ငှားပါတယ်။ ကျွန်တော်တို့က အငြိမ့်ကြိုက်တော့ သွားကြည့်ကြပါတယ်။ အဲဒီလို သွားကြည့်တဲ့အခါမှာ ခုနက ပြောခဲ့တဲ့ မဒေဝီနဲ့ မဒေဓမိတို့ ညီအစ်မကို တွေ့ရပါတယ်။

သူတို့နဲ့အတူ အမျိုးသား တစ်ယောက်ကိုလည်း တွေ့ရပါတယ်။ အသက်အားဖြင့် ၂၅ နှစ်လောက် ရှိမယ် ထင်ပါတယ်။ အရပ်အမောင်းအားဖြင့် ငါးပေ ဆယ်လက်မလောက် ရှိမယ်ထင်ပါတယ်။ အသား ဖြူပြီးတော့ ဆံပင်က လှိုင်းတွန့်လေးတွေ ဆိုတော့ လူချောလို့ ပြောလို့ရပါတယ်။ အကြီးမ မဒေဝီက ကျွန်တော်တို့နဲ့ မိတ်ဆက်ပေးပါတယ်။ သူက "ဗိုလ်ကြီး မောင်မောင်မြင့်" ပါတဲ့။ စစ်တက္ကသိုလ်မှာ သင်္ချာ ဌာနမှာ အမှုထမ်းနေပါသတဲ့။ ကျွန်တော်တို့ကလည်း "အော်... ဟုတ်လား" ပေါ့။

နောက်ရက်တွေမှာလည်း ဗိုလ်ကြီး မောင်မောင်မြင့်နဲ့ ကျွန်တော်တို့ မကြာ မကြာ တွေ့ပါတယ်။ မြို့ထဲကို ရုပ်ရှင်သွားကြည့်တာတို့၊ စာအုပ်ဆိုင်တို့မှာ အစ်မ ဒေဝီနဲ့ တွဲပြီး တွေ့နေရပါပြီ။ နောက်ပိုင်း သူ့မောင်တွေနဲ့ တွေ့တဲ့အခါမှာ ဗိုလ်ကြီး မောင်မောင်မြင့်နဲ့ အစ်မ ဒေဝီတို့အကြောင်း မေးကြည့်တော့ သူတို့နှစ်ယောက် ရုံးတက် လက်မှတ်ထိုးပြီးပြီလို့ သိလိုက်ရပါပြီ။ နောက် တွေ့ပါများတော့လည်း သို့လော သို့လော မတွေးမိဘဲ ရိုးသွားတဲ့သဘောပေါ့။

## သူကများ ကျွန်တော့်ကို စာမေးပွဲ စစ်နေသေးတယ်

၁၉၅၉ ခုနှစ်၊ ဖေဖော်ဝါရီလလောက်မှာ စစ်တက္ကသိုလ် ဝင်ခွင့် စာမေးပွဲ ဖြေပါတယ်။ အောင်ပါတယ်။ ကျွန်တော်တို့ နေတဲ့ ရပ်ကွက်တွေက တောဆန်ဆန်ဆိုတော့ သတင်းတွေက ပြန့်လွယ်ပါတယ်။ နောက်ပြီး ကျွန်တော့်ကို ရန်ကုန်က ဗိုလ်ရွေးအဖွဲ့ကို ခေါ်တဲ့ စာလည်း ရောက်ပါပြီ။ ရန်ကုန် မသွားခင် တစ်ရက်မှာ ကျွန်တော့်ကို ဗိုလ်ကြီး မောင်မောင်မြင့်က တွေ့ချင်လို့ လှမ်းခေါ်ပါတယ်။ ကျွန်တော် ရောက်သွားတော့ သူ့ကိုရော မဒေဝီကိုပါ ဧည့်ခန်းမှာ တွေ့ပါတယ်။ မဒေဝီက ကိုယ်ဝန်တောင် ရှိနေပါပြီ။ သိသာနေပါပြီ။

ကျွန်တော် DSA လျှောက်တဲ့ အကြောင်းတွေ စကားပြောရင်းနဲ့ သူက ဗိုလ်ရွေးအဖွဲ့မှာ မေးမြန်းစစ်ဆေးမယ့် အကြောင်းတွေ ပြောပြပါတယ်။ ပြီးတော့ ကျွန်တော့်ကို အင်္ဂလိပ်လို ဆန်းစစ်ပါတယ်။ သူက ကျွန်တော့်ကို "What are you?" လို့ မေးပါတယ်။ ကျွန်တော်က အင်္ဂလိပ်စာ မတော်ပါဘူး။ ဒါ့ကြောင့် သူမေးတာကို ကျွန်တော် ဘာမှ ပြန်မဖြေနိုင်ပါဘူး။ ကျွန်တော် အဲဒီလို ထစ်အနေတာကို တွေ့တော့ သူ့မျက်နှာမှာ

တွေနုပ်သွားတဲ့ အမှုအရာကို တွေ့လိုက်ရပါတယ်။ ပြီးတော့ ဆက်ပြောပါသေးတယ် "DSA ဆိုတာ လွယ်တော့ မလွယ်ဘူးကွ၊ တော်ရုံတန်ရုံ အရည်အချင်းနဲ့ မရောက်နိုင်ဘူး" လို့ ပြောပါတယ်။ ဆိုလိုတာက သူ့ရှေ့မှာ အခြေအနေ မလုတဲ့ ကျွန်တော်ဟာ DSA တက်ရဖို့အတွက် အလားအလာ မကောင်းဘူး ဆိုတဲ့ သဘောပါ။ သူနဲ့ တွေ့တာ အဲ့ဒီလောက်ပါပဲ။

သူတို့အိမ် ဧည့်ခန်းမှာ သူနဲ့ မဒေစီတို့ရဲ့ ဓာတ်ပုံတွေ မှန်ဘောင် သွင်းထားတဲ့ ပုံတွေ လေး-ငါးပုံ လောက် တွေ့ရပါတယ်။ အနေအထား အမျိုးမျိုးပါ။ သူ့ယောက်ဖတွေ ပြောစကားအရ ဓာတ်ပုံပညာမှာ တော်တယ်လို့ သိရပါတယ်။ ဟုတ်ပါလိမ့်မယ်၊ ဧည့်ခန်းထဲမှာ တွေ့တဲ့ နှစ်ယောက်တွဲ ဓာတ်ပုံတွေဟာ အချိုးအစား ကျနပါတယ်။ မဒေစီ တစ်ယောက်တည်း ထိုင်နေတဲ့ပုံကို Timer နဲ့ ချိန်ပြီး သေချာမှ သူက သွားပြီး နေရာယူ၊ နှစ်ယောက်တွဲ ပုံတွေက အဲဒီလိုနည်းနဲ့ ရိုက်တဲ့ ပုံတွေလို့ ယူဆပါတယ်။

## စစ်တက္ကသိုလ်က လာတဲ့ လူကြည်

ကျွန်တော်တို့ အရွေးခံရလို့ OTT မှာ ခဏ ခိုနေရတဲ့ အချိန်မှာ မေမြို့ စစ်တက္ကသိုလ်က လာတယ် ဆိုတဲ့ လူကြည်နဲ့ ဆုံပါတယ်။ သူ့အဖေက စစ်တက္ကသိုလ်က တပ်ကြပ်ကြီး တင်မောင်ပါ။ မေမြို့ စာစစ်ဌာနက အောင်လာတာ ဖြစ်ပြီး သူလည်း ကျွန်တော့်လိုပဲ အရွေးခံရပါတယ်။ အဲဒီကျမှ သူနဲ့ စကားစမြည် ပြောခွင့် ရတာပါ။ သူနဲ့ တွေ့တဲ့အချိန်မှာ မောင်မောင်မြင့် အကြောင်း ချက်ချင်း သတိမရသေးပါဘူး။ နောက်ကျမှ သတိရတဲ့ အခါ ကျွန်တော်က မေးရတာပေါ့။

"စစ်တက္ကသိုလ်မှာ ဗိုလ်ကြီး မောင်မောင်မြင့် ဆိုတာ ရှိလားဗျ" ဆိုတော့ သူက "ဘယ်က ဗိုလ်ကြီးရ မလဲ၊ သူက ဓာတ်ပုံဆရာ၊ စစ်တက္ကသိုလ်မှာ ရှိတဲ့ အရာရှိ တစ်ယောက်ရဲ့ မိတ်ဆွေမို့ အရာရှိ ရိပ်သာမှာ ခဏ လာတည်းဖူးတယ်" လို့ ပြောတဲ့အခါ ကျွန်တော်က "မိတ္ထီလာက ကျွန်တော့် မိတ်ဆွေ မဒေစီနဲ့ အိမ်ထောင် ကျနေတယ်ဗျ၊ သူ့ကိုယ်သူတော့ စစ်တက္ကသိုလ် သင်္ချာ ဌာနက ဗိုလ်ကြီး မောင်မောင်မြင့်လို့လည်း ပြောတယ်" ဆိုပြီး ရှည်ရှည်ဝေးဝေး ရှင်းပြပါတယ်။ သူက "ဒါဆိုရင် အဲဒီကောင် လူလိမ်၊ မင်းသူငယ်ချင်း ကောင်မလေး တို့တော့ သနားပါတယ်၊ ဒါပေမဲ့ အဲဒီကောင် လူလိမ်ဖြစ်ကြောင်း မိတ္ထီလာကို လှမ်းပြော" လို့ တိုက်တွန်းပါ တယ်။

## ထင်ပြေးပြီ

ကျွန်တော် ရန်ကုန်မှာ ရှိနေတုန်း အဲဒီသတင်းကို မိတ္ထီလာကို လှမ်းမပြောမိပါဘူး။ ဒါပေမဲ့ မေလကုန်ပိုင်းမှာ ရန်ကုန်ကနေ မေမြို့ကို ရထားနဲ့ သွားတဲ့အခါ မိဘ နှစ်ပါးနဲ့ ညီ၊ ညီမများက ကျွန်တော့်ကို လာ နှုတ်ဆက်ကြ ပါတယ်။ အဲဒီကျမှ သူတို့ကို မဒေစီရဲ့ မောင်မောင်မြင့် အကြောင်း ပြောပြမိပါတယ်။ အဲဒီအချိန်မှာ ကျွန်တော် ပြောတာ နောက်ကျသွားပါပြီ။ OTT မှာ ကျွန်တော် အောင်သွားတယ်ဆိုတဲ့ သတင်း မိတ္ထီလာကို ရောက်ပြီး နောက် သုံး-လေးရက်အကြာမှာ မောင်မောင်မြင့်ဟာ မိတ္ထီလာက ထွက်ပြေးသွားပါပြီ။

ပြေးတာက ရိုးရိုး မဟုတ်ပါဘူး။ မဒေစီတို့ အိမ်က တွေ့သမျှ လက်ဝတ် ရတနာတွေကိုပါ ဖြောင်သွား တာပါ။ ဒီကိစ္စနဲ့ ပတ်သက်လို့ မဒေစီရဲ့ အစ်ကိုတွေ၊ မောင်တွေ ဘာလုပ်ကြတယ် ဆိုတာတော့ ကျွန်တော် မကြားမိပါဘူး။ ဒါပေမဲ့ မဒေစီမှာတော့ ကိုယ်ဝန် အရင့်အမာ ဖြစ်နေပါပြီ။ သူ မီးဖွားတော့ ယောကျ်ားလေးလို့ သိရပါတယ်။ မဒေစီဟာ တည်တည်ငြိမ်ငြိမ်နဲ့ လောကဓံကို ရင်ဆိုင်သွားနိုင်ခဲ့ပါတယ်။ မူလတန်းပြ ဆရာမ

အဖြစ်နဲ့ အမှုထမ်းခဲ့တာ အခုဆိုရင် အသက် ၇၈ နှစ်လောက် ရှိနေပါပြီ။ သူ့သားတောင် ၅၈ နှစ် ရှိနေပါပြီ။ အဲဒီ မောင်မောင်မြင့်ဆိုတဲ့ ပုဂ္ဂိုလ်ကိုတော့ အခုထိ တွေ့မိတယ်လို့ မကြားမိပါ။ ကျွန်တော် ကိုယ်တိုင်လည်း မတွေ့မိပါ။

ဒီဖြစ်ရပ်ကို ပြန်တွေးမိတိုင်း ကျွန်တော်ဟာ စိတ်မသက်မသာ ခံစားရပါတယ်။ မောင်မောင်မြင့် ဆိုသူဟာ စစ်ဗိုလ် မဟုတ်ပါဘဲလျက် စစ်ဗိုလ်လို့ ကြေညာပြီး လှုပ်ရှားခဲ့တယ်။ အရွယ်ကောင်း မိန်းကလေး တစ်ယောက်ကိုလည်း ညာတာ ထောက်ထားမှု မရှိဘဲ ပေါင်းသင်းခဲ့တယ်။ သူ အလိမ်ပေါ် မယ်လည်း ဆိုရော မိသားစု လက်ဝတ် ရတနာတွေကိုလည်း ခိုးသွားတယ်။ ကိုယ်ဝန် အရင့်အမာ ဖြစ်နေတဲ့ သူ့ဇနီးကိုလည်း ပစ်သွားခဲ့တယ်။ တစ်ခုမှ မကောင်းပါဘူး။

တစ်ဖက်က ကြည့်ပြန်ရင်လည်း မဒေစီကပဲ အညာလွယ်သလား။ ဗိုလ်ကြီး ဖြစ်တယ်ဆိုတဲ့ အချက်ကို အထင်ကြီးပြီး နောက်ကြောင်း မစုံစမ်းဘဲ "အခုခေတ်မှာ ဗိုလ်ကြီးကတော် တစ်ယောက် ဖြစ်ရင်နည်းလား" ဆိုတဲ့စိတ်နဲ့ မောင်မောင်မြင့်ကို အလွယ်တကူ လက်ခံလိုက်လေသလားလို့ တွေးမိပါတယ်။

အသက်ကြီးလာတော့ သံသရာခရီးနဲ့ ယှဉ်ပြီး စဉ်းစားကြည့်တဲ့အခါမှာ မောင်မောင်မြင့်ဟာ တစ်နပ်စား ဉာဏ်နဲ့လုပ်သွားလို့ တဒင်္ဂအားဖြင့် သူ့လိုဘ ပြည့်သွားပေမဲ့ သူ ကျူးလွန်သွားတာတွေဟာ သံသရာမှာ အပါယ်လားဖို့ သေချာသလောက်ရှိတဲ့ ပြစ်မှုကြီးပါ။ ကျွန်တော်ကတော့ မဒေစီရဲ့ အဖြစ်ကို စာနာမိလို့ ရန်ကုန် ရောက်တိုင်း ဘယ်သွားသွား မောင်မောင်မြင့်နဲ့များ တိုးလေမလားလို့ အမြဲတမ်း ရှာကြည့်လေ့ ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော် ကံမကောင်းခဲ့ပါဘူး။

မဒေစီကတော့ လောကဓံကို ကြံ့ကြံ့ခံနိုင်ခဲ့ပါတယ်။ ကလေးကို အောင်အောင်မြင်မြင် ဖွားမြင်နိုင်ခဲ့ပါတယ်။ ယောကျ်ားလေးပါ။ ပညာလည်း သင်ပေးပါတယ်။ ဒါပေမဲ့ ဘွဲ့ရတဲ့အထိ မရောက်ခဲ့ပါဘူး။ ပြည်သူ့ရဲတပ်ဖွဲ့မှာ ဝင်ရောက် အမှုထမ်းပြီးတော့ အခုလောက်ဆို ပင်စင်ယူလိုက်ပြီ ထင်ပါတယ်။ မဒေစီကတော့ အပေါ်မှာ ရေးပြခဲ့တဲ့အတိုင်း မူလတန်း ဆရာမ အဖြစ်နဲ့ အမှုထမ်းခဲ့ပြီး အခုတော့ ပင်စင်စား ကန်တော့ခံ ဆရာမကြီး တစ်ယောက် ဖြစ်နေပါပြီ။

## ဗိုလ်ရွေးအဖွဲ့ (Officer Testing Team)

စစ်တက္ကသိုလ် ဝင်ခွင့် အောင်တာနဲ့ သကြ်ံန်အပြီးမှာ ကျွန်တော့်ကို OTT ကို သတင်းပို့ဖို့ ခေါ်စာ ရောက်တာနဲ့ အဖေနဲ့ ကျွန်တော်တို့ ရန်ကုန်ကို သွားရပါတယ်။ OTT မှာ နှစ်ညအိပ် သုံးရက် စာမေးပွဲ ဖြေရပါတယ်။ ဉာဏ်ရည်ကို စမ်းသပ်တဲ့ စာမေးပွဲ၊ အစုအဖွဲ့လိုက် အခက်အခဲ ဖြတ်ကျော်ရေး လေ့ကျင့်ခန်းများ၊ တစ်ဦးချင်း ကြံ့ခိုင်မှု စမ်းစစ်ချက်များ လုပ်ရပြီး နောက်ဆုံးမှာ လူတွေ့ စစ်ဆေးရေး ဝင်ရပါတယ်။

ကျွန်တော်က ဘာအတွေ့အကြုံမှ မရှိသော်လည်း အများနဲ့ လုပ်တဲ့အခါမှာ ပူးပေါင်း ဆောင်ရွက်မှု ဦးစားပေး လုပ်ခဲ့တဲ့အတွက် အညှံ့စားတော့ ဖြစ်ခဲ့ဟန်မတူပါ။ တစ်ကိုယ်ရည် စမ်းစစ်ချက်မှာတော့ ကျွန်တော်ဟာ အမှတ် ၁၀၀ ပေးရင် ၇၅ မှတ်လောက်တော့ ရမယ် ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က အဲဒီအချိန်မှာ အရပ်က ငါးပေ တစ်လက်မလောက်ပဲ ရှိပြီး ကိုယ်အလေးချိန်က ပေါင် ၁၀၀ ကျော်ရုံလေးပါ။ စစ်တက္ကသိုလ်ကို ရောက်မှသာ တဖြည်းဖြည်း ထွားလာပြီး အရပ်က ငါးပေ လေးလက်မခွဲ၊ ကိုယ်အလေးချိန်က ပေါင် ၁၂၀ ကျော်လာတာပါ။

လူတွေ့ စစ်ဆေးခြင်းလို့ ခေါ်မယ့် Personal Interview မှာတော့ အရာရှိကြီး ငါးယောက်လောက် ပါပါတယ်။ အဖွဲ့ခေါင်းဆောင်ကတော့ ဆရာကြီး ဗိုးသုန်ပါ။ ဦးဗိုးသုန် ဆိုတာက တက္ကသိုလ် လောကမှာ အင်မတန် သိက္ခာကြီးတဲ့ ဆရာကြီး တစ်ယောက် ဖြစ်ပါတယ်။ သချာ အင်မတန် တော်ပါတယ်။ အဖွဲ့ဝင်တွေကတော့ ဒုဗိုလ်မှူးကြီး လှရှိန် (ရေ) နဲ့ ဗိုလ်မှူး ဘသောင်း (စာရေးဆရာ မောင်သုတ) တို့ကို ကောင်းကောင်း မှတ်မိပါတယ်။ ဒုဗိုလ်မှူးကြီး လှရှိန် ဆိုတာ နောက်ပိုင်းမှာ သမိုင်း ဌာနမှူး ဖြစ်ပြီးနောက် တပ်မတော် မော်ကွန်းတိုက်မှူး ဖြစ်လာပါတယ်။

ကျွန်တော်တို့ကတော့ သူ့ကို ဆရာလို့ပဲ ခေါ်ပါတယ်။ ဆရာရဲ့ ဇနီးကလည်း သမိုင်း ဌာနက ကထိက ဖြစ်ပါတယ်။ အခုတော့ အကုန်လုံး ကွယ်လွန်ကုန်ကြပါပြီ။ ဗိုလ်မှူး ဘသောင်းက မောင်သုတ နာမည်နဲ့ မြဝတီ မဂ္ဂဇင်းမှာ "မြန်မာစာပေ မြှင့်ချင်လွန်းလို့" ဆိုတဲ့ ဆောင်းပါးကို လစဉ် ထည့်ခဲ့တာ သူ ကွယ်လွန်တဲ့ အထိ ပါပဲ။ သူက မြန်မာစာပေ လောကမှာ ပြောင်ပြောက်တဲ့ ဆရာ တစ်ဆူပါ။

ကျွန်တော့်ကို ရောက်ရောက်ချင်း ဗိုလ်မှူး ဘသောင်းက စာရွက်ပိုင်းလေး တစ်ပိုင်း ပေးပြီး အဲဒီမှာ ပါတဲ့ အင်္ဂလိပ်စာ စာပိုဒ် တစ်ခုကို အသံထွက် ဖတ်ခိုင်းပါတယ်။ ကျွန်တော်လည်း ထစ်အဲ ထစ်အဲနဲ့ ဖတ်တာ ဦးအောင်တော့ ဖတ်နိုင်ပါတယ်။

ဖတ်လည်းပြီးရော ဗိုလ်မှူး ဘသောင်းက အင်္ဂလိပ်စာတော့ အားနည်းတယ်နော်လို့ မှတ်ချက်ပေးပါတယ်။ ဗိုလ်မှူး လှရှိန်ကတော့ ကျွန်တော့်ကို အထွေထွေ ဗဟုသုတ မေးပါတယ်။ အထိုက်အလျောက် ဖြေနိုင်ပါတယ်။

ကျွန်တော်တို့ကို OTT မှာ သုံးရက်ပဲ ကြာပါတယ်။ ပြီးတော့ OTT နဲ့ တွဲထားတဲ့ စစ်သား စုဆောင်းရေးကို ပြန်ပို့ပါတယ်။ ရောက်ပြီး နောက်တစ်နေ့မှာပဲ ကျွန်တော် အောင်တဲ့အကြောင်း သိရပါတယ်။ အားလုံးပေါင်း ၁၈ ယောက်ပဲ အောင်တယ်လို့ တာဝန်ကျ တပ်ကြပ်ကြီး စာရေး ပြောလို့ သိရပါတယ်။ မကြာခင် စစ်တက္ကသိုလ်ကို မှာ မို့လို့ နယ်က ကျောင်းသားတွေ အဲဒီမှာပဲ ဆက်စောင့်ပြီးတော့ ရန်ကုန်က အောင်တဲ့သူတွေကိုတော့ နေ့ရက် တစ်ခု ပြောပြီး ကိုယ့်အိမ်ကိုယ် ပြန်သွားစေပါတယ်။ အချိန်ကတော့ မေလ ဒုတိယပတ်လောက်မှာပါ။ အဲဒီတုန်းက ဗိုလ်ရွေးအဖွဲ့နဲ့ စစ်သား စုဆောင်းရေး အဖွဲ့တို့ရဲ့ တည်နေရာဟာ ဒီနေ့တော့ ပြည်သူ့ရင်ပြင် ဖြစ်နေပါပြီ။

## ကျွန်တော်တို့ အသုတ် (Intake) က လူပို တစ်ယောက်

ကျွန်တော်တို့ကို ၁၈ ယောက် အောင်တယ်လို့ ပြောသော်လည်းပဲ တကယ်တန်း အောင်တာ ၁၇ ယောက်ပါ။ အပိုတစ်ယောက် ဖြစ်တဲ့ ကိုသိန်းမြင့်က ရန်ကုန်သားပါ။ စစ်တက္ကသိုလ်အထိ ပါလာပါတယ်။ ရောက်တာနဲ့ ကျွန်တော်တို့ကို ဗိုလ်လောင်း နံပါတ်တွေ ပေးတဲ့အခါမှာ သူ့ရဲ့နံပါတ်က ၁၅၉ ပါ။ အဲဒီလိုနဲ့ ကိုသိန်းမြင့်ဟာ အခြေခံ စစ်ပညာ သင်တန်း တက်ပါတယ်။

တကယ်တော့ တာဝန်ကျ တပ်ကြပ်ကြီးစာရေးက မှားပြီး ထည့်လိုက်တာပါ။ အဲဒီ ကိုယ်ပိုင် နံပါတ် အများတွေကို မှတ်တမ်းရုံးက ပေးတော့မှ သူ မအောင်မှန်း သိရတာပါ။ မှတ်တမ်းရုံးကနေ စစ်တက္ကသိုလ်ကို အကြောင်းကြားတော့မှ အဲဒီ ကိုသိန်းမြင့် မပါမှန်း သိရတော့ လေ့ကျင့်ရေး တပ်ရင်း (Training Adjudant) က အကြောင်းကြားပြီး ကိုသိန်းမြင့်ကို ပြန်လွှတ်လိုက်ရတာပါ။ အဲဒီ ကိုသိန်းမြင့်က ဘယ်လောက်ထိ ဖွဲကြီး သလဲ ဆိုရင် ၁၉၆၄ ခုမှာ ကျောင်းဆင်းတဲ့ OTS အပတ်စဉ် ၃၀ မှာ ဗိုလ်ဖြစ်လာခဲ့ပါတယ်။

ကျွန်တော်တို့က စုစုပေါင်းမှ ၁၇ ယောက်ဆိုပေမဲ့ DSA ရောက်တော့ အပတ်စဉ် ၄ က စာမေးပွဲကျတဲ့ ကိုမင်းဆွေနဲ့ ကိုတင်အောင်တို့ ပေါင်းလိုက်တော့မှ ၁၉ ယောက်ဖြစ်လာပါတယ်။ နောက်နှစ်တွေမှာ အဲလိုပဲ ကျတဲ့လူတွေ ပေါင်းလာမှ စုစုပေါင်း ၂၁ ယောက်ပဲ ကျောင်းဆင်းပါတယ်။ ကျောင်းရောက်တော့ အဲဒီတုန်းက ရှိနေတဲ့ တပ်ခွဲ နှစ်ခွဲ- ဘုရင့်နောင်နဲ့ အနော်ရထာကို ခွဲပို့ပါတယ်။ တပ်စု ခြောက်စု ရှိတော့ တစ်စုကို သုံးယောက်နှုန်းလောက် ခွဲပို့တာပါ။ ကျွန်တော်ကတော့ ဘုရင့်နောင် တပ်ခွဲ၊ တပ်စု ၆ မှာပါ။ ကျွန်တော့် အခန်းဖော်တွေကတော့ မျိုးမြင့် (ကြွက်စုတ်) နဲ့ သန်းထွန်း (ခေါင်းကြီး) တို့ ဖြစ်ပါတယ်။ အခုတော့ သူတို့ နှစ်ယောက်လုံး ကွယ်လွန်သွားကြပါပြီ။

စစ်တက္ကသိုလ် ရောက်တဲ့ လူတိုင်းလိုလို နာမည်ပြောင် (Nickname) ရှိကြပါတယ်။ အချင်းချင်း ပေးကြတာပါ။ ကျွန်တော့်မှာလည်း ရှိပါတယ်။ မိုးလေဝသ အခြေအနေ ကောင်းရင် ကျွန်တော့်ကို "ကလေး" လို့ ခေါ်ကြပြီး မကောင်းရင်တော့ "ကလေး မသာ" လို့ ခေါ်ကြပါတယ်။


## ဖွဲ့စည်းပုံ အဆင့်ဆင့်

တပ်စု တစ်စုမှာ ပထမနှစ်ကနေပြီး နောက်ဆုံးနှစ် အထိ မျှပြီး ထားပါတယ်။ ကျွန်တော်တို့ တပ်စုရဲ့ ဗိုလ်လောင်း တပ်စုမှူး (Junior Under Officer - J.U.O.) ကတော့ ကိုခင်မောင်ထွေး (ကွယ်လွန်) ဖြစ်ပါတယ်။ အပတ်စဉ် ၂ က ဖြစ်ပြီး သဘော အင်မတန် ကောင်းပါတယ်။ တပ်စု တပ်ကြပ်ကြီးကတော့ ကိုသန်းအောင် (ကွယ်လွန်) တို့ ဖြစ်ပါတယ်။ တပ်စုမှူးရော၊ တပ်စု တပ်ကြပ်ကြီးရော အရပ်အမောင်း ကောင်းကြပါတယ်။ ကိုသန်းအောင်ကတော့ စစ်တက္ကသိုလ် လက်ရွေးစင် ဘောလုံးသမား ဖြစ်ပါတယ်။

ကျွန်တော်တို့ကို ရွေးလိုက်ပြီဆိုတော့ ရန်ကုန် ဘူတာကြီးကနေ ရထားနဲ့ ပို့ပေးပါတယ်။ ရန်ကုန်က မန္တလေး၊ မန္တလေးကမှ မေမြို့ကိုပေါ့။ ကျွန်တော် မေမြို့ကို မရောက်ဖူးပါဘူး။ မေမြို့ကို ရထားနဲ့ တက်တော့ တောင်တွေကို တက်တဲ့အခါမှာ လွန်းထိုးစနစ်နဲ့ တက်တာကို စပြီး မြင်ဖူးပါတော့တယ်။ ထို့အတူပဲ ထူးခြားတဲ့ တောရိပ်၊ တောင်ရိပ် မြင်ကွင်းတွေဟာ ကျွန်တော့်အတွက်တော့ အထူးအဆန်းတွေပေါ့။ "မေမြို့ သို့မဟုတ် ပြင်ဦးလွင်... ..." ဆိုတဲ့ သီချင်းက ကျွန်တော့် ခေါင်းထဲမှာ ပေါ်လာပါတယ်။ နောက်ပြီး "ငါးမည်ရ တောင်လေ့ကားမြို့" ဆိုတဲ့ သီချင်းကလည်း ရှိပါတယ်။

အဲဒီတုန်းက စစ်တက္ကသိုလ် ဖွဲ့စည်းပုံကို နည်းနည်း ဖော်ပြချင်ပါတယ်။ ကျောင်းအုပ်ကြီးကတော့ ဗိုလ်မှူးကြီး အယ်လ်ခွန်နောင်းပါ။ သူက ကချင်လူမျိုး ဖြစ်ပါတယ်။ နည်းပြချုပ် (Chief Instructor - C.I.) က ဗိုလ်မှူး ကျော်ညွန့်ပါ။ C.I ကို ဒုတိယ ကျောင်းအုပ်ကြီးလို့လည်း သတ်မှတ်ထားပါတယ်။ ဗိုလ်လောင်း တပ်ခွဲ နှစ်ခွဲ အပြင် လေ့ကျင့်ရေး ဌာန ၊ စာပေဌာနတို့ ရှိပါတယ်။ လေ့ကျင့်ရေး ဌာန အောက်မှာတော့ လက်နက်ငယ်၊ စစ်ရေးပြနဲ့ ကိုယ်လက်ကြံ့ခိုင်ရေး ဌာနခွဲတို့ ရှိကြပါတယ်။ စာပေ ဌာန အောက်မှာတော့ သိပ္ပံ ဌာန ရှိပြီး ရူပဗေဒ၊ ဓာတုဗေဒနဲ့ သင်္ချာ ဌာနတို့ ရှိပါတယ်။ ဝိဇ္ဇာ ဌာန အောက်မှာ ပထဝီ၊ သမိုင်း၊ ဘောဂဗေဒ ဌာနတို့ ရှိပါတယ်။ သမိုင်း ဌာနမှာ စစ်သမိုင်းဆိုတဲ့ ဘာသာခွဲလည်း ရှိပါတယ်။ အင်္ဂလိပ်စာနဲ့ မြန်မာစာ ဌာနတွေကတော့ သီးခြား ဖွဲ့စည်းထားပါတယ်။

ရောက်ခါစက တပ်ခွဲမှူးတွေက ဘုရင့်နောင် တပ်ခွဲမှာ ဗိုလ်ကြီး ခင်မောင်တင့် (နောင်တွင် ဗိုလ်မှူးကြီး၊ လမ်းစဉ်ပါတီ အတွင်းရေးမှူး- ၁ ၊ ယခု ကွယ်လွန်) နဲ့ အနော်ရထာမှာ ဗိုလ်ကြီး ဝင်းမောင်(နောင်တွင် စက်မှု- ၁၊ ယခု ကွယ်လွန်) တို့ ဖြစ်ပါတယ်။ တပ်စုမှူး အရာရှိတွေလည်း ရှိပါတယ်။ ကျွန်တော်တို့ တပ်စု ၆



ဗိုလ်လောင်း နံပါတ် ၁၆၀၊ ဗိုလ်လောင်း ဝင်းထိန်။

တပ်မှူးကတော့ ဗိုလ်ကြီး ငြိမ်းဟန် (ကြက်ကလေး၊ နောင်တွင် ဖောင်ကြီး ဖယ်ဂို ဝန်ထမ်း တက္ကသိုလ် ကျောင်းအုပ်- ယခု ကွယ်လွန်) ဖြစ်ပါတယ်။ တခြား တပ်စုမှူးတွေတော့ကောင်းကောင်း မမှတ်မိတော့ပါဘူး။

## ရုပ်ဝတ်တန်ဆာများ

ရှေးဘုရင်များ လက်ထက်က စစ်သည်ရဲမက်များရဲ့ အသုံးအဆောင်ကို ရုပ်ဝတ်တန်ဆာလို့ ခေါ်ပါတယ်။ အဲဒီလိုပဲ ကျွန်တော်တို့ စစ်တက္ကသိုလ် ရောက်လို့ ရက်အနည်းငယ် အတွင်းမှာပဲ ဗိုလ်လောင်း အသစ် အားလုံး တပ်ထောက် ဌာနကို သွားရပါတယ်။ အဲဒီမှာမှ ကျွန်တော်တို့အတွက် စစ်အသုံးဆောင် ပစ္စည်းတွေ ထုတ်ပေးတာပါ။ ပထမဦးဆုံး ထုတ်ပေးတာကတော့ Kit bag လို့ ခေါ်တဲ့ ပစ္စည်း အကုန်လုံး ထည့်ရတဲ့ စစ်သုံးအိတ်ကြီးပါ။ လေးပေလောက် ရှည်ပါမယ်။ အဝကတော့ အချင်းဝက် နှစ်ပေလောက် ရှိမယ် ထင်ပါတယ်။ ထုတ်ပေးတဲ့ တာဝန်ခံ ဆရာတွေကတော့ စားပွဲတွေ စီချထားပြီးတော့ စားပွဲပေါ်မှာ ပစ္စည်းတွေက အပုံလိုက်ပါ။

ဝေငှပုံက အားကျစရာ အင်မတန် ကောင်းပါတယ်။ ကျွန်တော် Kit bag အိတ်ကြီး ယူပြီးနောက် စားပွဲဆီ သွားတဲ့အခါမှာ အရပ်ဝတ် စွပ်ကြယ် အဖြူ (ရှိုင်းပြတ်) နှစ်ထည်၊ စစ်စိမ်းရောင် စွပ်ကြယ် ရှိုင်းပြတ် နှစ်ထည်၊ စစ်စိမ်းရောင် အင်္ကျီ နှစ်ထည်၊ စစ်စိမ်းရောင် သိုးမွေး လက်စက စွပ်ကြယ် နှစ်ထည်၊ BD Blouse လို့ ခေါ်တဲ့ သက္ကလတ် အညိုရောင် အင်္ကျီ နှစ်ထည်နဲ့ ဘောင်းဘီ နှစ်ထည် (နောက်မှ သိရတာက အဲဒီ အနွေး အင်္ကျီ ဘောင်းဘီတွေက ယူဂိုစလတ် နိုင်ငံက လက်ဆောင် ပေးထားတဲ့ အနွေးထည်တွေပါ။

ဘယ်ရီကက် မရမ်းရောင် ဦးထုပ် တစ်လုံး ၊ ဖိုင်ဘာ ဦးထုပ် တစ်လုံး၊ တောဆောင်း ဦးထုပ် တစ်လုံး၊ ကင်းဘတ် ဖိနပ် အဖြူရောင် တစ်ရန်၊ အရာရှိစီး ရှူးဖိနပ် နှစ်ရန်၊ သားရေ လည်ရှည် ဖိနပ် နှစ်ရန်၊ နိုင်လွန် ခြေအိတ် အမည်း နှစ်ရန်၊ စစ်ခြေအိတ် နှစ်ရန်၊ စစ်ခါးပတ် အသေး တစ်စု၊ စစ်ခါးပတ်ကြီး တစ်စု၊ အရာရှိ ကက်ဦးထုပ် တစ်လုံး စတဲ့ ပစ္စည်းတွေပါပဲ။ နောက်ပြီး စစ်ခြင်ထောင် တစ်ထည်၊ အိပ်ယာခင်းဖြူ နှစ်ထည်၊ မုဒ့်စောင် နှစ်ထည်၊ သက္ကလပ်စောင် နှစ်ထည်လည်း ပေးပါတယ်။

ပစ္စည်းတွေက များလွန်းလို့ တစ်ခေါက် သယ်ရုံတင်မက နှစ်ခေါက် ပြန်သယ်ရပါတယ်။ ဪ... ကျန်သွားလို့ ဟန်းကော တစ်လုံး၊ ရေဘူး တစ်လုံးနဲ့ စစ်အစိမ်းရောင် အတွင်းခံ နှစ်ထည်၊ ကြေးရည်သုတ် ပန်းကန် တစ်ချပ်၊ မတ်ခွက် တစ်လုံးနဲ့ ဇွန်း ခရင်း တစ်စုံတို့ ပါပါသေးတယ်။ အဲဒီ အတွင်းခံ နှစ်ထည်ကတော့ ပုံမကျပန်းမကျ ဆိုပေမဲ့ တော်တော် အသုံးတည့်ပါတယ်။

အဲဒါအပြင် နောက်တစ်ခုကိုလည်း ကျွန်တော် သဘောကျတာ ရှိပါသေးတယ်။ အဲဒါကတော့ သွားတိုက်ဆေး၊ သွားတိုက်တံ၊ မုတ်ဆိတ်ရိတ် ကိရိယာ၊ ဆပ်ပြာခွက် စတာတွေ ထည့်ပြီးတော့ လိပ်သိမ်းရတဲ့ အဝတ်အိတ်ကလေးပါ။ ဘာခေါ်မှန်းတော့ မသိပါဘူး။ အင်္ဂလိပ်လိုတော့ Hold - all လို့ ပြောလေ့ ရှိကြပါတယ်။ ရှူးဖိနပ်နဲ့ သားရေ လည်ရှည် ဖိနပ်တွေကို တလက်လက် ထအောင် တိုက်ဖို့အတွက် ကီဝီ ဖိနပ်တိုက်ဆေး ဝယ်ရပါတယ်။ ဖိနပ်တိုက်နည်းကတော့ ပညာသား ပါလို့ နောင်တော်ကြီးများက ပြပေးမှပဲ တတ်မြောက်ခဲ့ပါတယ်။

## တပ်ပြင်ထွက် ဝတ်စုံ (Walking-out Dress)

အထက်မှာ ရေးခဲ့တဲ့ ကျွန်တော်တို့ အတွက် ထုတ်ပေးတဲ့ ရုပ်ဝတ်တန်ဆာထဲမှာ ရှူးဖိနပ် နှစ်ရန်နဲ့ အနက်ရောင် နိုင်လွန် ခြေအိတ် နှစ်စုံ ဆိုတာ တွေ့ပါလိမ့်မယ်။ အဲဒီပစ္စည်းတွေက စစ်ဝတ်စစ်စားနဲ့ လိုက်ဖက်တဲ့

ဝစ္စည်းတွေ မဟုတ်ပါဘူး။ ကျွန်တော်တို့က နောင်မှာ အရာရှိ ဖြစ်မယ့် ဗိုလ်လောင်းတွေ ဖြစ်တဲ့အတွက်ကြောင့် သပ်ရပ်ရုံမက ကြည့်လိုက်ရင် စမတ်ကျတယ်လို့ ထင်ရမယ့် ဝတ်စုံကို အကျင့်ရအောင် ဝတ်ဖို့ စီစဉ်ပေးတာ ဖြစ်ပါတယ်။

ကုတ်အင်္ကျီက နက်ပြာရောင်၊ ဘောင်းဘီက အပြာနုရောင်၊ ကော်လာ ပါတဲ့ ရှပ်အင်္ကျီ အဖြူမှာ Neck-tie လို့ ခေါ်တဲ့ လည်စည်း အညိုရောင်မှာ ဒေါင်လိုက် အဖြူအစင်းနဲ့ပါ။ ဒီဝတ်စုံကို အင်္ဂလန်တို့၊ အမေရိကန်တို့မှာ စစ်ပညာသင်ခဲ့တဲ့ အရာရှိကြီးများက တီထွင်ပြီး ကျွန်တော်တို့ကို ဝတ်ဆင်စေခဲ့တာပါ။

ကျွန်တော်တို့ ဗိုလ်လောင်း ဘ၁ လေးနှစ်လုံးလုံး အပြင်ထွက်ရင် အမြဲတမ်း ဝတ်တဲ့ ဝတ်စုံ ဖြစ်ပါတယ်။ အဲဒီ ဝတ်စုံ ချုပ်ဖို့အတွက် မြို့ထဲက ကုလား အပ်ချုပ်ဆိုင် တစ်ဆိုင်က ကန်ထရိုက် ရပါတယ်။ ဘာသာရေး နေ့ထိတ်ရက်တွေမှာတော့ အရပ်ဝတ်နဲ့ ထွက်ရပြီး တိုက်ပုံ အင်္ကျီနဲ့ပါ။

## ရောက်ရောက်ချင်း ဖက်ထိပ်နဲ့ တိုး

ပစ္စည်းတွေ ထုတ်ပြီးပြီးချင်း နောက်တစ်နေ့မှာ အမိန့်လာပါတယ်။ စစ်ဘောင်းဘီ၊ တောစီးဖိနပ်နဲ့ စစ်ခွပ်ကြယ် ချိုင်းပြတ် ကိုယ်စီ ဝတ်ပြီး ကိုယ့်တပ်စု ရှေ့မှာ တန်းစီပါတဲ့။ ကျွန်တော်တို့ တန်းစီတဲ့အခါ တာဝန် ကျတဲ့ တတိယနှစ် ဗိုလ်လောင်း တစ်ဦးက မြက်ခုတ် ဓားတစ်ချောင်းစီ ထုတ်ပေးပါတယ်။ ပြီးတော့ အားလုံးကို ဘက်တစ်ကမ်းစီ တန်းချဲ့ပြီး တပ်စု ၅ နဲ့ တပ်စု ၆ ကြားက မြက်ခင်းကို ခုတ်ခိုင်းပါတော့တယ်။ ဒါကို သူတို့ အခေါ်အရ "ဖက်ထိပ်" လို့ ခေါ်ပါသတဲ့။ နောက်မှ သိရတာက Fatigue လို့ အင်္ဂလိပ်လို ခေါ်တာပါ။ ဗမာလို အလွယ် အသံထွက်တော့ ဖက်ထိပ်ပေါ့။

နိုင်းတော့လည်း လုပ်ရတော့တာပေါ့။ ကျွန်တော်တို့က တန်းစီပြီး မြက်တွေ ခုတ်သွားတော့ ရှေ့ရောက် သွားပြီး တချို့ ဗိုလ်လောင်းတွေက နောက်ကျ ကျန်ခဲ့ပါတယ်။ အဲဒီအချိန်မှာ နောက်ကျ ကျန်တဲ့အထဲက တစ်ယောက်က ကျွန်တော်တို့ကို "ရှူး ရှူး" နဲ့ လှမ်းခေါ်ပြီး အသံတိုးတိုးနဲ့ "ဟေ့ကောင်တွေ သိပ်မလောနဲ့၊ ဖြေးဖြေးပဲ လုပ်ကြပါကွ" လို့ ပြောပါတယ်။

အဲဒီကျမှ ကျွန်တော်တို့လည်း သဘောပေါက်ပါတယ်။ မြန်မြန်လုပ်ရင် မြန်မြန်ပြီးပြီး နောက်ထပ် အသစ် တစ်ခု လုပ်ရမယ့်သဘောကို သိလာပါတယ်။ ကျွန်တော်တို့က နယ်က လာတာ ဆိုတော့ သူတို့လောက် အကွက် မမြင်ဘူးလေ ခုနက ဖြည်းဖြည်း လုပ်ခိုင်းတဲ့ သူကတော့ ရန်ကုန်က ဖြစ်ပါတယ်။

နောင် ဆိုရင် တစ်လ နှစ်ခါ၊ သုံးခါလောက်တော့ စနေ၊ တနင်္ဂနွေ ရက်အားတွေမှာ ဖက်ထိပ် ပုံမှန် လုပ်ကြရပါတယ်။

## စစ်သင်တန်း ရက်သတ္တပတ် (Military Week)

၁၉၅၉ ခုနှစ်၊ ဇွန် လဆန်းမှာ ကျွန်တော်တို့ကို အခြေခံ စစ်သည်များ သင်ပေးပါတယ်။ စစ်ရေးပြနဲ့ လက်နက်နဲ့ အဓိကပါပဲ။ ဘာမှ နားမလည်တဲ့ လူသစ်တွေကို စစ်ရေးပြမှာ "ဘယ် ညာ၊ သတိ၊ ညာညို" ဆိုတဲ့ အခြေခံ လှုပ်ရှားမှုတွေက စတင်ရတာပါ။ တော်တော် ပင်ပန်းပါတယ်။ သင်တန်းချိန်က မနက် ရှစ်နာရီကနေ ၁၁ နာရီ၊ ပြီးရင် ထမင်းစား၊ မွန်းတည့် ၁၂ နာရီကနေ သုံးနာရီထိ သင်တန်းချိန်ပါ။ ညနေ လေးနာရီကနေ ငါးနာရီ အထိ က ကာယ အားကစား Physical Training-PT မဖြစ်မနေ လုပ်ကြရပါတယ်။

Military Week မှာ အခြေခံ စစ်ရေးပြ ကျွမ်းကျင်လာပြီ ဆိုမှ လက်နက်နဲ့ စစ်ရေးပြတွေ လေ့ကျင့်ရပါတယ်။ အလားတူပဲ တပ်စိတ်အဆင့် စစ်နည်းဗျူဟာတွေကိုလည်း သင်တန်း တက်ရပါတယ်။ စာသင်ချိန်ကာလ မဟုတ်လို့ ညပိုင်းမှာ စာကြည့်ချိန် မသတ်မှတ်သေးပါ။ စာကြည့်ချိန် သတ်မှတ်ရင်လည်း မလွယ်ကြောပါ။ တစ်နေ့လုံး စစ်ရေးပြ လေ့ကျင့်ခန်းနဲ့ PT တွေ လုပ်ရတော့ ညဆိုရင် အလွန် ပင်ပန်းနေပါပြီ။

## Passing-out Parade

ကျွန်တော်တို့က သုံးပါ များနေတော့ ဗမာလိုတောင် မခေါ်တတ်ပါဘူး။ Recognition parade ရဲ့ အဓိပ္ပာယ်က ဗိုလ်လောင်း အသစ်တွေကို အခြေခံ စစ်ပညာ သင်ပေးတာ အသားကျသွားပြီ၊ ပုံစံ ဝင်သွားပြီဆိုတဲ့ သဘောနဲ့ DSA ကျောင်းအုပ်ကြီး၊ ဒု ကျောင်းအုပ်ကြီးနဲ့တကွ တပ်ခွဲမှူးများ အပါအဝင် အရာရှိစုံရာ ရှေ့မှာ အနေးလျှောက်၊ အမြန်လျှောက် စစ်ရေးပြနဲ့ ပြသရတာပါ။ ကျေနပ်ပြီ ဆိုတော့မှ စစ်ပညာ သင်တန်း ရက်သတ္တပတ် Military Week ပြီးဆုံးပြီလို့ သတ်မှတ်ပါတယ်။ ကာလအားဖြင့် နှစ်လလောက် ကြာပါတယ်။ ကျွန်တော်တို့ကို အခြေခံ စစ်ပညာ ပြည့်ဝပြီ ဖြစ်လို့ တပ်ပြင် ထွက်ခွင့် Outpass သွားခွင့် ပြုတော့မှာပါ။ အဲဒီအချိန်မှာ Walking-out Dress တွေလည်း ချုပ်ပြီးလို့ ကျွန်တော်တို့ ရနေပါပြီ။

လက်နက်ငယ် သင်တန်းကိုတော့ ကျွန်တော် စိတ်ဝင်စားပါတယ်။ အဲဒီတုန်းက တပ်မတော်မှာ အခြေခံ လက်နက်က အမေရိကန် ရိုင်ဖယ် သေနတ် ဖြစ်ပါတယ်။ နောက်ပြီးတော့ စတင်းဂန်းနဲ့ ဘရင်းဂန်းတို့ ရှိပါသေးတယ်။ စတင်းဂန်းကတော့ တပ်စိတ်မှူး (ဒုတပ်ကြပ်/တပ်ကြပ်) တို့ ကိုင်ရတဲ့ သေနတ် ဖြစ်ပါတယ်။ ဘရင်းဂန်းကတော့ တပ်စိတ် လက်နက်ကြီး ဖြစ်ပြီး ရိုင်ဖယ် သေနတ်နဲ့ ပြောင်းဝ အကျယ် Calibre အတူတူပါပဲ။ ဒသမ ၃၀၃ (Point. 303) ဖြစ်ပါတယ်။

## စစ်ရေးပြနဲ့ တွန်ဇာပုန်း

စစ်ရေးပြကတော့ တော်တော် ပင်ပန်းပါတယ်။ စတာတော့ ထုံးစံအတိုင်း "ဘယ်ညာ၊ ဘယ်ညာ" က စတာပေါ့။ အဲဒါတွေ ကျွမ်းကျင်လာတော့ ရိုင်ဖယ် သေနတ်နဲ့ စစ်ရေးပြ ကျင့်ရပါတယ်။ သာမန် စစ်ရေးပြမှာတော့ ရယ်စရာလေး ကြုံရလို့ ပြောပြပါဒုံးမယ်။

တွန်ဇာပုန်း ဆိုတာ ချင်းအမျိုးသားပါ။ ဗိုလ်လောင်း နံပါတ် ၁၆၂ ဖြစ်ပါတယ်။ အင်္ဂလိပ်စာတော့ ကျွမ်းကျင်ပါတယ်။ ဗမာလိုတော့ သိပ်မကျွမ်းကျင်ပါဘူး။ အဲဒီ မကျွမ်းကျင်မှုကြောင့် ရယ်စရာလေးတွေ ဖြစ်လာတာပါ။ လူတစ်ယောက်ကို ပုံစံဝင်အောင် လေ့ကျင့်ရာမှာ "မတ်မတ်ရပ် အနေအထား၊ လက်နှစ်ဖက်ကို လက်သီးဆုပ်ပြီး ဘေးကပ်ထား၊ မျက်လုံး ရှေ့တည့်တည့် ကြည့်"။ အဲဒီ အထိတော့ တွန်ဇာပုန်းက အဆင်ပြေနေပါတယ်။ စစ်ရေးပြ ဆရာက ကျွန်တော်တို့ကို ကျားကျားယားယား ဖြစ်စေချင်တဲ့ သဘောနဲ့ အမြဲတမ်း အော်ဟစ် ကြီးကြပ်နေတာပါ။

အဲဒီတော့ သူက အော်ပါတယ်။ "ရင်ဖွင့်ထား၊ ရင်ဖွင့်ထား" လို့ပေါ့။ လိုချင်တာက လူကို မတ်မတ် အနေအထားနဲ့ ရင်အုပ်ကို မောက်နေအောင် လုပ်ခိုင်းတာပါ။ ကျွန်တော်တို့ကတော့ အသက်ကို ဝအောင် ရှူပြီး ရင်အုံကို ဖွင့်နေအောင် လုပ်ထားလိုက်ပါတယ်။ မောင်တွန်ဇာပုန်းက ဘာလုပ်နေလဲ ဆိုတာတော့ ကျွန်တော် မသိပါ။ ရှေ့က ဆရာက "ဟိုဗိုလ်လောင်း ဘာလုပ်နေတာလဲ" လို့ မာမာထန်ထန် အော်မှ ကြည့်လိုက်တော့ လားလား တွန်ဇာပုန်းက အင်္ကျီ ကြယ်သီးတွေ ဖြုတ်နေပါတယ်။ မောင်တွန်ဇာပုန်းက

ဆရာက ရင်ဖွင့်ခိုင်းတာကို သူ နားလည်သလို အကျိုက ကြယ်သီးတွေ ဖြုတ်နေတာပါ။ အဲဒီကျတော့ ကျွန်တော်တို့ အားလုံး တဝါဝါ တသောသောနဲ့ ဖြစ်လာလို့ ဆရာက ခေတ္တ တန်းဖြုတ်ပေးလိုက်ပါတယ်။

တွန်ဇာပုန်းက တိုက်ရည်ခိုက်ရည် ရှိတဲ့ အရာရှိ တစ်ယောက် ဖြစ်လာပါတယ်။ ဗိုလ်မှူးထိ ရောက်ပြီးမှ မူဆယ်မြို့ကို ဗကပတွေ သိမ်းပိုက်တဲ့ တိုက်ပွဲမှာ ကျဆုံးသွားပါတယ်။ သူ ကျဆုံးပြီးမှ "သူ့ရဲကောင်း မှတ်တမ်းဝင်" ဘွဲ့ ချီးမြှင့်ခံရပါတယ်။ တကယ်တမ်း ပြောရရင် အဲဒီ ဆုကို သူ ရတာ နိမ့်တယ်လို့ ကျွန်တော် ယူဆပါတယ်။ အဲဒီတုန်းက မူဆယ်မြို့ကို "မဆုတ်တမ်း ခံစစ်" လို့ သတ်မှတ်ထားတာပါ။ မူဆယ် တစ်မြို့လုံးကို ဗကပတွေ သိမ်းတော့ သူ ဒဏ်ရာ ရနေပါပြီ။

အဲဒီအချိန်မှာ ဗကပ မိန်းမတစ်ယောက်က မြင်းနဲ့ နေရာကို လာစစ်ဆေးတဲ့ အချိန်မှာ သူ့နဖူးကို အနီးကပ် ချိန်ပြီး ပစ်ထည့်လိုက်တာပါ။ တွန်ဇာပုန်းက "မဆုတ်တမ်း ခံစစ်" မှာ ဆုတ်မသွားဘဲ မူဆယ်မှာ ကျန်ခဲ့တဲ့ အမြောက်တွေ သံချပ်ကားတွေနဲ့ ခုခံလို့ ဗကပတွေ အကျအဆုံး များပါတယ်။ ဒါကြောင့် ဗကပ အရာရှိမက စိတ်ဆိုးမာန်ဆိုးနဲ့ သူ့ကို အနီးကပ် ပစ်သွားတာပါ။

## စာသင်တဲ့ကာလ Academic Week

စစ်ရေးပြတွေ၊ လက်နက်ငယ် သင်တန်းတွေဟာ Passing-out Parade အပြီးမှာ ရပ်တန့်သွားပါတယ်။ ကြုတ် လဆန်းလောက်မှာ စာပေ ရက်သတ္တပတ် စပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ဗိုလ်လောင်းတွေကို ဝိဇ္ဇာနဲ့ သိပ္ပံ ဘာသာတွဲတွေ ရှိတာမှာ ဘယ်ဘာသာတွဲကို ယူမလဲ ဆိုပြီး ကျွန်တော်တို့ကို ရွေးခိုင်းပါတယ်။ သိပ္ပံ ဘာသာတွဲမှာတော့ ရူပဗေဒ၊ ဓာတုဗေဒနဲ့ သင်္ချာ ဖြစ်ပြီး ဝိဇ္ဇာ ဘာသာတွဲမှာတော့ ပထဝီ၊ သမိုင်းနဲ့ စီးပွားရေးတို့ ဖြစ်ပါတယ်။ သိပ္ပံ ဘာသာတွဲ ယူရင် ဝိဇ္ဇာ ဘာသာတွဲတွေကို မိုင်နာ ဘာသာတွဲအဖြစ် ယူရပါတယ်။ ဝိဇ္ဇာ ဘာသာတွဲကို မေဂျာ ယူရင် သိပ္ပံ ဘာသာတွဲတွေကို မိုင်နာအဖြစ် ယူရပါတယ်။

ကျွန်တော်လည်း ချက်ချင်း မဆုံးဖြတ်နိုင်သေးပါဘူး။ ဝိဇ္ဇာ ကောင်းမလား၊ သိပ္ပံ ကောင်းမလား အပြန်ပြန် စဉ်းစားပြီးတော့ သိပ္ပံ ဘာသာတွဲကို ရွေးလိုက်ပါတယ်။ သင်ကြားရေးတွေ စလို့ ရူပဗေဒ၊ ဓာတုဗေဒနဲ့ သင်္ချာ ဘာသာကို သင်ရာမှာ အင်္ဂလိပ်လို သင်ပါတယ်။ အထက်တန်း ကျောင်းတုန်းက အထွေထွေ သိပ္ပံ General Science ပဲ သင်ရတာပါ။ ပြီးတော့ ဗမာလို။ စစ်တက္ကသိုလ်မှာကျတော့ အင်္ဂလိပ်လို သင်တာပါ။ အဲဒီမှာ ကျွန်တော် လေးဖက်ပစ်တော့တာပါပဲ။ ကြည့်ပါဦး ရူပဗေဒမှာ- Acceleration ကို အရှိန်တဲ့၊ Velocity ကို အလျင်တဲ့၊ ကျွန်တော် လုံးဝ သဘောမပေါက်ပါ။ ဒါကြောင့် အဲဒီ သဘောတရားတွေကို လုံးဝ ကျက်လို့ မှတ်လို့ မရပါ။

စီးပွားရေး ဘာသာရပ်ကတော့ ကျွန်ုပ်တို့အတွက် အသစ် ဖြစ်ပေမဲ့ ကျက်ရမှတ်ရ မခက်ပါဘူး။ ပထဝီနဲ့ သမိုင်းကျတော့ ကျွန်တော် စိတ်ဝင်စားတဲ့ ဘာသာရပ်တွေပါ။ ဒါကြောင့် ဝိဇ္ဇာ ဘာသာတွဲတွေ သင်တဲ့အခါ လူဟာ ပေါ့ပါးနေပါတယ်။ စစ်ပညာ ရက်သတ္တပတ်တွေမှာ နစ်လနီးပါး ပင်ပင်ပန်းပန်း ဖြတ်သန်း ခဲ့ရတော့ စာတွေပဲ သင်ရတဲ့ ရက်တွေမှာ ကျွန်တော်ဟာ ပိုပြီးတော့ လွတ်လပ် ပေါ့ပါးနေပါတယ်။

## စာမေးပွဲတွေ

စစ်တက္ကသိုလ် စာသင်ရက်တွေမှာ အပတ်စဉ် ကျူတိုရီရယ် ရှိသလို လစဉ် စာမေးပွဲတွေလည်း ရှိပါတယ်။ နှစ်ဝက် စာမေးပွဲနဲ့ အတန်းတင် စာမေးပွဲတွေလည်း ရှိကြပါတယ်။ အတန်းတင် စာမေးပွဲကိုတော့ နှစ်ခါပဲ

အကျခံပါတယ်။ နှစ်ခါ ကျပြီးရင်တော့ ကျသွားတဲ့ ဗိုလ်လောင်းကို လေ့ကျင့်ရေး ကျောင်းတွေကို ပြန်ပို့ပြီး အခြားအဆင့် Other Ranks အဖြစ် နေစေပါတယ်။ သူတို့ကို နှစ်အနည်းငယ်ကြာ အခြားအဆင့်နဲ့ နေပြီးမှ ဗိုလ်သင်တန်းကျောင်း OTS ကို တက်ခွင့် ရကြပါတယ်။

ဒီလိုနဲ့ ဩဂုတ်လကုန်မှာ လစဉ် စာမေးပွဲ ဖြေရပါတယ်။ Result တွေ ထွက်တော့ ကျွန်တော် လေးဘာသာ ကျပါတယ်။ ရူပ၊ ဓာတု၊ သင်္ချာနဲ့ အင်္ဂလိပ်တွေပါ။ ကျွန်တော် အရမ်း လန့်ဖျပ်သွားပါတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ အကြောင်း ရှိပါတယ်။ ကျွန်တော့် သူငယ်ချင်း တစ်ယောက်က အပတ်စဉ် ၃ မှာ တက်နေခဲ့ပါတယ်။ မိတ္ထီလာ အစွန်က ကျောက်ဖူးရွာသား ဝင်းမောင်၊ ဗိုလ်လောင်း နံပါတ်က ၈၈ ပါ။

ကျွန်တော် စစ်တက္ကသိုလ် ရောက်တော့ ဝင်းမောင်ကို သွားရှာပါတယ်။ သူက တပ်စု ၄ မှာပါ။ သူနေရာကို မနက် ကိုးနာရီလောက် ရောက်တော့ သူက အိပ်ရာက မထသေးပါဘူး။ စိတ်ညစ်ညစ်နဲ့ အိပ်နေတယ်လို့ ထင်ရပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ သူဟာ အပတ်စဉ် ၃ မှာ ပထမနှစ် ကျလို့ အပတ်စဉ် ၄ မှာ တက်ခဲ့ရပါတယ်။ အပတ်စဉ် ၄ မှာ တက်တော့လဲ သူ စာမေးပွဲ ကျပြန်ပါတယ်။ ဒါကြောင့် သူ့ကို လေ့ကျင့်ရေး တပ်ရင်း ၁ ကိုရောက်သွားပါတယ်။ လကရ ၁ က အဲဒီတုန်းက မင်္ဂလာဒုံမှာပါ၊ နောက်မှ ဖောင်ကြီးဘက် ရောက်သွားတာပါ။

ဒါကြောင့် DSA ရောက်လို့ ကျွန်တော် သူ့ကို သွားတွေ့တဲ့ အချိန်မှာ မနက် ကိုးနာရီလောက် ရှိပါပြီ။ အိပ်ရာက မထသေးပါ။ တနင်္ဂနွေနေ့ ထင်ပါရဲ့။ ကျွန်တော် သူ့ကို နှိုးတော့ ထလာပြီး ကျွန်တော် ပါလာလို့ ဝမ်းသာတယ် ဆိုတဲ့ အကြောင်း ပြောပြီးတော့ ကျွန်တော့်ကို သတိပေးပါတယ်။ သူက "ဟေ့ကောင် ဝင်းထိန်၊ တို့က နယ်က လာတဲ့ကောင်တွေ ဆိုတော့ စာတွေ မလိုက်နိုင်ဘူးကွ၊ အဲဒီတော့ မင်းလည်း ငါ့လမ်းစဉ် အတိုင်း မလိုက်ရအောင် ကြိုးစားကွာ" လို့ သတိပေးပါတယ်။

ဒါကြောင့် ဩဂုတ်လ လစဉ် စာမေးပွဲမှာ လေးဘာသာ ကျတော့ အရမ်းကို လန့်သွားတာပါ။ စိတ်ထဲမှာလည်း ဝင်းမောင် နောက်ကို လိုက်ရမယ့် အလားအလာ ရှိနေပြီ ဆိုပြီးတော့ပေါ့။ ဒါနဲ့ စာကို ပိုပြီး ဂရုတစိုက် ကျက်ပါတယ်။ အထူးသဖြင့် ညစဉ် ခုနစ်နာရီကနေ ကိုးနာရီထိ သတ်မှတ်ထားတဲ့ စာကျက်ချိန် Study Hour မှာ အချိန်မဖြုန်းဘဲ ဂရုတစိုက် စာကြည့်ပါတယ်။ နောက်ပြီး ငယ်ငယ်တုန်းက ဘုန်းကြီးကျောင်းမှာ ကိုရင်တွေ စာကျက်သလို အဓိပ္ပာယ် သိဖို့ မကြိုးစားဘဲ ကြက်တူရွေး စာအံသလို ပြောင်းပြီး ကျက်ပါတယ်။ ဒါကြောင့် စက်တင်ဘာ လပတ် စာမေးပွဲမှာ ရူပနဲ့ ဓာတု နှစ်ဘာသာပဲ ကျပါတော့တယ်။ အင်္ဂလိပ်စာကတော့ ၄၀ ကျော်ရုံလေးပါ။ အင်္ဂလိပ်စာနဲ့ ပတ်သက်လို့ စစ်တက္ကသိုလ် လေးနှစ်လုံးမှာ တစ်ခါမှ ၅၀ ကျော်အောင် မရခဲ့ဖူးပါဘူး။ (အမှတ် နည်းရင် ၄၂ နဲ့ အမှတ် များရင် ၄၈ ပါ။ လေးနှစ်လုံးလုံး အင်္ဂလိပ်စာနဲ့ ပတ်သက်ရင် ဒီလိုပဲ ရှိနေခဲ့တာပါ။)

အဲဒီလို တိုးတက်လာတော့ ကျွန်တော်အ ားတက်သွားပြီး ရူပနဲ့ ဓာတုမှာ အဓိပ္ပာယ်တွေ မစဉ်းစားတော့ပဲ အာဂုံဆောင်တဲ့ နည်းကိုပဲ စွဲစွဲမြဲမြဲ ကျင့်သုံးပါတော့တယ်။ စာတွေနဲ့ ပတ်သက်လို့ ဘယ်လောက်ထိ အာရုံထားသလဲ ဆိုရင် ကျွန်တော်တို့ အဆောင်က တန်းစီပြီး စာသင်ခန်းတွေကို သွားရင် မိနစ် ၂၀ လောက် ကြာပါတယ်။ အဲဒီလို တန်းစီသွားနေတဲ့ အခိုက်မှာ တစ်ဖက်က ဘယ်ညာ မမှားအောင် စိတ်သွင်းနေသလို တစ်ဖက်ကလည်း ညက ကျက်ထားတဲ့ ကျောင်းစာတွေကို ပြန်ပြီး စားမြုံ့ပြန်လေ့ရှိပါတယ်။ တစ်နေရာမှာ မေ့နေလို့ ရှိရင် မှတ်ထားပြီး အဆောင် ပြန်ရောက်တော့ ပြန်လှန်ပြီး ကြည့်တဲ့ အကျင့်ကြောင့် စာတွေ တော်တော်များများ မှတ်မိနေပါပြီ။

## နှစ်ဝက် အစမ်း စာမေးပွဲ

နှစ်ဝက် အစမ်း စာမေးပွဲကို အောက်တိုဘာလ ကုန်ခါနီးမှာ ဖြေရပါတယ်။ သုံး-လေးရက်လောက် ဖြေပြီးတဲ့ အခါမှာ ကျွန်တော်တို့ ပထမနှစ်နဲ့ ဒုတိယနှစ် ဗိုလ်လောင်းတွေ ပုဂံ-ညောင်ဦး ဒေသကို လေ့လာရေး ခရီး Excursion ထွက်ရပါတယ်။ ဒီအလေ့အထဟာ နှစ်စဉ်နှစ်တိုင်း ကျင့်သုံးတဲ့ ကောင်းမွန်တဲ့ အလေ့အထ တစ်ခု ဖြစ်ပါတယ်။

Excrusion က ပြန်လာတော့ ကျောင်းစာတွေ ပြန်လုပ်ရပါတယ်။ ရောက်ရောက်ချင်း သင်္ချာ ဌာနကို သွားရပါတယ်။ ဌာနရဲ့ ဘေးမှာရှိတဲ့ စာသင်ခန်းမှာ သင်ခန်းစာ တက်ရမှာပါ။ အချိန်လေး နည်းနည်း ပိုတော့ ဆရာမ ဗိုလ်ကြီး ဒေါ်လှခင်က ကျွန်တော့်ကို ခေါ်ပါတယ်။ "Mid term စာမေးပွဲမှာ မင်း ပထမ ရတယ်၊ ငါ့ကို ဘာကျွေးမလဲ" လို့ ပြောပါတယ်။ ကျွန်တော်က "ဟာ… ဆရာမ မဖြစ်နိုင်တာတွေ" လို့ ပြန်ပြောလိုက်ပါတယ်။ အတယ်တော့ ကျွန်တော် စာကျက်ပေမဲ့ ကိုယ့်အဆင့်အတန်းကို အကဲမဖြတ်တတ်ပါ။ (ဆရာမ ဒေါ်လှခင်ဟာ ဗိုလ်မှူးဘဝနဲ့ အငြိမ်းစား ယူပြီး အခုထိ အသက်ရှင်လျက် ရှိပါသေးတယ်။)

နောက်တစ်ရက်မှာ စာမေးပွဲ Result တွေ ထွက်တော့ ဆရာမ ဒေါ်လှခင် ပြောတဲ့အတိုင်း ကျွန်တော် ပထမ ရပါတယ်။ ဒေါ်လှခင်က စာပေ ညွှန်ကြားရေးမှူးရဲ့ လက်စွဲမို့လို့ သူ ကြိုပြောနိုင်တာပါ။ ဖြစ်ပုံက အဲဒီ စာမေးပွဲက စပြီး သင်တန်း လေးနှစ် ပြီးဆုံးတဲ့အထိ ကျွန်တော် အမြဲတမ်းလိုလို ပထမရညွှ် ရခဲ့တာပါ။ အဆင့်ကျသွားရင်လည်း တစ်ကြိမ်တလေပဲ ကျခဲ့ဖူးပါတယ်။ အများက ကျွန်တော့်ကို ပထမရညွှ် ရတဲ့ အကြောင်း ချီးမွမ်းလာရင် ကျွန်တော်က တော်လွန်းလို့ မဟုတ်ပါဘူး။ ကျွန်တော့် Intake က ကောင်တွေ ညံ့လို့ပါလို့ပဲ ပြန်ဖြေလေ့ရှိပါတယ်။

## နောက်ဆုံးနှစ် ဗိုလ်လောင်း ရာထူးများ Cadet officers

ကျွန်တော်တို့တုန်းက တပ်ခွဲ နှစ်ခွဲပဲ ရှိပါသေးတယ်။ ဘုရင့်နောင်နဲ့ အနော်ရထာ တပ်ခွဲပါ။ ကျွန်တော်က ဘုရင့်နောင် တပ်ခွဲက ဖြစ်ပါတယ်။ ဗိုလ်လောင်းတွေရဲ့ ယူနီဖောင်းအကျီမှာ ညာဘက်မှာ စစ်တက္ကသိုလ် တံဆိပ်၊ ဘယ်ဘက်မှာ နှစ်အလိုက်ပြတဲ့ တံဆိပ် တပ်ရပါတယ်။ ဥပမာ ပထမနှစ် ဗိုလ်လောင်းတွေဆို အနီလန့်ဖြတ် အမြှုတုံးလေး တစ်ခု၊ ဒုတိယနှစ် ဆိုရင် အမြှုတုံး နှစ်ခု စသဖြင့်၊ စတုတ္ထနှစ် ဆိုရင် အမြှုတုံး လေးခုပါ။ ဘုရင့်နောင် တပ်ခွဲက ဗိုလ်လောင်း ဆိုရင် အပြာရောင် အောက်ခံ ဖြစ်ပြီး၊ အနော်ရထာ တပ်ခွဲက ဆိုရင် အနီရောင် အောက်ခံ ဖြစ်ပါတယ်။ နောက်ဆုံးနှစ် ဗိုလ်လောင်းတွေမှာ ဗိုလ်လောင်း တပ်ခွဲမှူး၊ တပ်ခွဲ တပ်ရေး၊ ဗိုလ်လောင်း တပ်စုမှူး စသဖြင့် ရာထူးတွေ ရှိပါတယ်။ ဗိုလ်လောင်း တပ်ရင်း တစ်ခုလုံးကို အုပ်ချုပ် ရတဲ့ ဗိုလ်လောင်း တပ်ရင်းမှူးနဲ့ တပ်ရင်းတပ်ရေး ဆိုပြီး ရှိကြပါတယ်။

ဗိုလ်လောင်း တပ်ရင်းမှူး ဆိုရင် အနီရောင်ပေါ်မှာ ကြယ်သုံးပွင့်၊ တပ်ရင်း ဗိုလ်လောင်း တပ်ရေး ဆိုရင် အပြာရောင်ပေါ်မှာ ကြယ်နှစ်ပွင့် တပ်ရပါတယ်။ ဗိုလ်လောင်း တပ်ခွဲမှူးကျတော့ အနီရောင်ပေါ်မှာ ကြယ် နှစ်ပွင့်၊ ဗိုလ်လောင်း တပ်ခွဲ တပ်ရေးကျတော့ အပြာရောင်ပေါ်မှာ ကြယ်တစ်ပွင့်နဲ့ ဗိုလ်လောင်း တပ်စုမှူး ကျတော့ အနီရောင်ပေါ်မှာ ကြယ်တစ်ပွင့်တို့ ဖြစ်ကြပါတယ်။

အဲဒီ ရာထူး အမှတ်အသား ပါတဲ့ ကြယ်ပွင့် တွေကို လေးလက်မ စတုရန်းလောက် ရှိတဲ့ ကတ္တီပါစ ပေါ်မှာ ကြယ်ပွင့်လေးတွေ တပ်ထားတာပါ။ ပုခုံး ဒေါက်ပေါ်မှာ တပ်ရပါတယ်။ နောက်ဆုံးနှစ် ဗိုလ်လောင်း

ရာထူးရတဲ့ ဗိုလ်လောင်းတွေကို ကြည့်လိုက်ရင် ဘယ်ညာ လက်မောင်းမှာ တပ်ထားတဲ့ တံဆိပ်တွေ၊ ပုခုံးပေါ်မှာ တပ်ထားရတဲ့ ရာထူး တံဆိပ်တွေနဲ့ ကြည့်ရတာ အလွန် သားနားတယ်လို့ ထင်ရပါတယ်။

ကျွန်တော်တို့ DSA ရောက်တော့ ဗိုလ်လောင်း တပ်ရင်းမှူး (Wing Senior Under Officer) က အပတ်စဉ် ၂ က ကိုစိုးပါ။ ပြည်ဘက်က ဇာတိဖြစ်ပြီး ရိုးလွန်းပြီး အတဲ့ဘက်ထိ တစ်ခါ တစ်ခါ ရောက်သွားတတ်လို့ သူ့ရဲ့ Nickname နာမည်ပြောင်က "Sodium - ဆိုဒီယမ်" ပါတဲ့။ ဓာတုဗေဒ မှာ ဆိုဒီယမ်ရဲ့ Chemical name က Na ဖြစ်ပါတယ်။ "န" တယ် ဆိုတာကို အဓိပ္ပာယ် ယူထားတာပါ။ ဗိုလ်လောင်း တပ်ရင်းတပ်ရေး Wing Adjudent က ကိုထွန်းလွင်ပါ။ သူ့ကိုတော့ အများက "ဗီးကွက်" လို့ ခေါ်ကြပါတယ်။

လူက ပိန်ပိန်ရှည်ရှည်မှာ မျက်လုံး နှစ်လုံးက ပြူးနေပါတယ်။ အခုတော့ ကိုစိုးရော၊ ကိုထွန်းလွင်ပါ အငြိမ်းစား ဖြစ်နေကြပြီ။ အသက်လည်း ၈၀ လောက် ရှိနေကြပါပြီ။ ကိုစိုးက ဗိုလ်မှူး ဘဝနဲ့ ကျောက်ဆည်နဲ့ မှဆယ် မြို့နယ် ဥက္ကဋ္ဌ၊ ခရိုင် ဥက္ကဋ္ဌ ဘဝနဲ့ အငြိမ်းစားယူပြီး ကိုထွန်းလွင်ကတော့ လမ်းစဉ် ပါတီမှာ အကောင်ကြီးကြီး ဖြစ်ပြီး အလုပ်သမားရေးရာ ဌာနမှာ ဘာလဲတော့ မသိဘူး။ အရေးကြီးတဲ့ နေရာမှာ တာဝန်ယူခဲ့ရပါတယ်။

ကျွန်တော်တို့ ဘုရင့်နောင် တပ်ခွဲမှူးကတော့ ကိုထွန်းအောင်ကျော် ဖြစ်ပါတယ်။ သူက အရပ်မြင့်ပြီး ဖော်ရွေတဲ့ အမူအရာရှိပါတယ်။ စကားပြော ကောင်းလို့ သူ့ကို "ထွန်းအောင်ကျော် (လေ)" လို့ ခေါ်ကြပါတယ်။ သူက အရပ်ရှည်သလောက် စိတ်လည်း ရှည်ပါတယ်။ ကျောင်းဆင်းတော့ လေတပ်မှာ လေယာဉ်မှူး အဖြစ်တာဝန် ထမ်းဆောင်ပါတယ်။

## ကိုထွန်းအောင်ကျော် (လေ)

သူ့ဇနီး ဒေါက်တာ မိကျော်သောင်းကတော့ နာမည်ကျော် စာရေးဆရာမ ခင်နှင်းယု (ဒေါ်ခင်စု) နဲ့ ဒုဗိုလ်မှူးကြီး ကျော်သောင်းတို့ရဲ့သမီး ဖြစ်ပါတယ်။ ဒေါ်ခင်စုဟာ မြန်မာနိုင်ငံရဲ့ ပထမဆုံး ဝန်ကြီးချုပ် ဦးနုရဲ့ တူမ ဖြစ်သလို ဝန်ကြီးချုပ်ရဲ့ ကိုယ်ရေး အရာရှိ P.S.O. အနေနဲ့လည်း လုပ်ခဲ့ဖူးပါတယ်။ ဒါ့ကြောင့် လမ်းစဉ် ပါတီ အစိုးရ တက်လာတဲ့အခါ ဦးနုရဲ့မြေးနဲ့ အိမ်ထောင်ကျထားတဲ့ ကိုထွန်းအောင်ကျော်ဟာ အလိုလိုနေရင်း သံသယ အဝင်ခံရတဲ့သူ ဖြစ်လာပါတယ်။

ကိုထွန်းအောင်ကျော်ဟာ ဘာလုပ်လုပ် အကောင်းဆုံး ဖြစ်အောင် လုပ်လေ့လုပ်ထရှိပြီး အလုပ်အပေါ်မှာလည်း ဂုဏ်ယူလေ့ရှိပါတယ်။ သူ့ကို လေတပ် အသိုင်းအဝိုင်းက၊ အထူးသဖြင့် ထိပ်ပိုင်းက ပုဂ္ဂိုလ်တွေက သံသယနဲ့ ကြည့်ရှု ဆက်ဆံတာတွေကို မလိုလားတဲ့အလျောက် ဗိုလ်မှူး ဘဝမှာတင် အငြိမ်းစား ယူခဲ့ပါတယ်။ လေတပ်က ထွက်ပြီး အပြင်မှာ စီးပွားရေး လုပ်တော့လည်း အောင်မြင်ပါတယ်။

ဇနီး ဒေါက်တာ မိကျော်သောင်းကတော့ မကြာမီမှာ ပြည်ပကို ထွက်ပြီး အလုပ် လုပ်ပါတယ်။ ပထမတော့ အင်္ဂလန်၊ နောက် ဟောင်ကောင်နဲ့ အခုတော့ စင်ကာပူမှာ အခြေကျနေပါပြီ။ သား နှစ်ယောက်ပဲ ရှိပါတယ်။ အမေ ပြည်ပ ရောက်နေတဲ့ အချိန်မှာ ကိုထွန်းအောင်ကျော်ကြီးက အဖေ့ တာဝန်၊ အမေ့ တာဝန်တွေ ယူပြီး ပညာတတ်အောင် သင်ပေးခဲ့ပါတယ်။ သားကြီးက အခုတော့ မိသားစုလိုက် နယူးဇီလန်မှာ အခြေချပြီး သားငယ်က USA ရောက်နေပါပြီ။

တပ်ခွဲတပ်ရေးကတော့ ကိုဟန်ထွန်းပါ။ သူက ရေတပ်ကို ရွေးတော့ အဆင့်ဆင့် ရာထူးတွေ တက်သွားတဲ့အခါ ဒုဗိုလ်မှူးကြီး ဘဝ ရောက်တော့ လမ်းစဉ် ပါတီခေတ်က "ပုလဲနဲ့ ငါး ကော်ပိုရေးရှင်း" မှာ ဦးဆောင်

ညွှန်ကြားရေးမှူး ဖြစ်လာပါတယ်။ အငြိမ်းစား ယူပြီးတဲ့ အခါမှာလည်း ငါးလုပ်ငန်းနဲ့ ပတ်သက်တဲ့ ကိစ္စတွေမှာ ဆက်လက် ဝင်ဆန့်နေပါသေးတယ်။

ကိုထွန်းအောင်ကျော်နဲ့ ကိုဟန်ထွန်းတို့က ဟိုတုန်းကတည်းက ကျွန်တော့်ကို အလွန် ချစ်ကြပါတယ်။ အခုချိန်ထိ သူတို့ နှစ်ယောက်လုံးက ကျွန်တော့်အကြောင်းကို ကွယ်ရာမှာတောင် အမြဲလိုလို ချီးမွမ်းစကား ဆိုကြတာ ပြန်ကြားရပါတယ်။ "မင်္ဂလာရှိတဲ့ လူကြီးများ" လို့ ကျွန်တော်က သတ်မှတ်ထားပါတယ်။

## အနော်ရထာ တပ်ခွဲ

အနော်ရထာ တပ်ခွဲက တပ်ခွဲမှူးက ကိုခမ်းလျှံ ဖြစ်ပါတယ်။ သူက ပလောင်လူမျိုးပါ။ လေတပ်မှာ ကိုထွန်းအောင်ကျော်နဲ့အတူ တာဝန်ထမ်းရင်းနဲ့ အမေရိက အထိပါ ဂျက်လေယာဉ်မောင်း သင်တန်းတွေ တက်ခဲ့ရပါတယ်။ ၁၉၇၂ ခုနှစ်လောက်မှာ ထင်ပါတယ်။ မင်္ဂလာဒုံ လေယာဉ်ပျံကွင်းက T-33 ဂျက်လေယာဉ်နဲ့ အတက် အင်ဂျင်ပါဝါ ရုတ်တရက်ကျပြီး လေယာဉ်ပျံက မင်းဓမ္မကုန်းပေါ် ဦးစိုက်ကျသွားတာပါ။ သူနဲ့အတူ Co- Pilot လုပ်တဲ့ မောင်မောင်အေးပါ ပါသွားရှာပါတယ်။ အဲဒီ မောင်မောင်အေးက ကျွန်တော်တို့ Intake ထဲက ဗိုလ်လောင်း အမှတ် ၁၇၁၊ အရပ်က ခြောက်ပေ ရှိပါတယ်။ အနော်ရထာ တပ်ခွဲရဲ့ တာဝေး အပြေး သမားပါ။ လေတပ်ရောက်တော့လည်း အားကစား ဆက်လုပ်တဲ့အခါ ၁၀ မျိုးစုံ Decathelon အထိ ဝင်ပြိုင်ပြီး တပ်မတော် (ကြည်း-ရေ-လေ) အထိ ဆုတံဆိပ်တွေ ရခဲ့သူ ဖြစ်ပါတယ်။

တပ်ခွဲ တပ်ရေးကတော့ ကိုတင်မြင့်ပါ။ သူက ပုပုနဲ့ မျက်စုံးမွေး ထူပါတယ်။ အလွန် သဘောကောင်း ပါတယ်။ အရာရှိ ဖြစ်တော့ မိတ္ထီလာက တင့်ကားတပ်မှာပါ။ ကျွန်တော်က မိတ္ထီလာသား ဆိုတော့ ခွင့်ပြန်တိုင်း သူ့တပ်ကို သွားလည်လေ့ရှိပါတယ်။ ကျွန်တော့် အိမ်လည်း မကြာခဏ လာလေ့ရှိတော့ ကျွန်တော့် မိသားစု နဲ့ပါ ခင်မင်သွားပါတယ်။

## ထမနစ် ဗိုလ်လောင်းများရဲ့ နိစ္စဓူဝ အလုပ်များ

ဗိုလ်လောင်း ဘဝမှာတော့ မနက် အိပ်ရာက နိုးတာနဲ့ စောင်တွေ၊ ခြင်ထောင်တွေ အကုန် ဖြုတ်သိမ်း၊ ခုတင်ပေါ်က မွေ့ရာပေါ်က ခေါင်းရင်းမှာ ခေါင်းအုံးကို ခြင်ထောင်ပတ်၊ အပေါ်က အိပ်ရာခင်း အဖြူ ထပ်ပတ်၊ လေးထောင့်ဖြစ်အောင် တစ်ဖက်တစ်ချက်ကို သုံးထပ်သားပြား ထည့်။ အမိုးပျာယ်က ကြည့်လိုက်ရင် သပ်ရပ်တဲ့ လေးထောင့် သေတ္တာတွေနဲ့ တူအောင်လို့ပါ။ မသပ်ရပ်ရင် အမှတ် လျှော့ခံရပါမယ်။

ပြီးရင် ကျောပိုးအိတ် အသေးကို ခင်းပြီး ဘေးတစ်ဖက်တစ်ချက်မှာ သိုင်းကြိုးတွေနဲ့ ရံထား၊ ခြေရင်း မှာတော့ ထုတ်ပေးထားတဲ့ Kit bag ကို ကောက်ရိုးတွေ ထည့်၊ ချောပြီး လုံးနေအောင် သ,ထားပြီး သပ်ရပ် အောင် လုပ်။ ခုတင်ခြေရင်းမှာတော့ မှန်ကြည့်လို့ရအောင် တိုက်ထားတဲ့ သားရေ လည်ရှည် ဖိနပ် တစ်ရန်နဲ့ ရှူးဖိနပ် တစ်ရန်တို့ကို စီထားရပါတယ်။ ပြီးရင် အခန်းထဲက တခြား ဗိုလ်လောင်းတွေနဲ့ ခေါင်းအုံး၊ ကျောပိုး အိတ်တွေ ညီအောင် ကြိုးတန်းပြီး ညှိရပါတယ်။

ဗီရို တစ်ယောက် တစ်လုံး ပေးထားပါတယ်။ သော့ခတ်ခွင့် မရှိပါဘူး။ အပေါ်ထပ်မှာ စစ်ဝတ်စုံတွေ၊ အလယ်ထပ်မှာ အရပ်ဝတ်တွေ၊ အောက် နှစ်ထပ်မှာတော့ တိုလီမိုလီနဲ့ အခြား ဖိနပ်တွေကို သပ်ရပ်အောင် ထားပေးရပါတယ်။ မိမိ ဗိုလ်လောင်း နံပါတ်ကို ပေါလစ်တိုက်ထားတဲ့ ပျဉ်ပြားလေး တစ်ချပ်ပေါ်မှာ ရေးပြီး ခုတင် ခြေရင်း တိုင်မှာ ချိတ်ဆွဲထားရပါတယ်။

## နံနက် တန်းစီ စစ်ဆေးခြင်း

တနင်္လာနေ့တိုင်းမှာ ကျွန်တော်တို့အခေါ် Turn-out ရှိပါတယ်။ တန်းစီပြီး ယူနီဖောင်း စစ်ဆေးခြင်း သဘောမျိုးပေါ့။ နံနက်စာ မစားခင် တပ်ခွဲတွေ တန်းစီပြီး ဗိုလ်လောင်းတိုင်း စစ်ဝတ်စုံ ဝတ်တာ သပ်ရပ်မှု ရှိ မရှိ တပ်စုမှူးတွေက စစ်ပါတယ်။ တစ်ခါတစ်ရံ ဗိုလ်လောင်း တပ်ခွဲမှူးက စစ်လေ့ရှိပြီး အရာရှိ တပ်စုမှူး တပ်ခွဲမှူးတွေက ကြုံသလို လာစစ်ကြတာ ရှိပါတယ်။ အဲဒီလို အခါတွေမှာ ဖိနပ် မပြောင်တာတို့၊ ခါးပတ် မပြောင်တာတို့ကို တွေ့ရင် အပြစ်ပေးခံရပါတယ်။

အလားတူပဲ အဝတ် ကော်လာမှာ တပ်ရတဲ့ Gadget၊ ကျွန်တော်တို့ အခေါ်တော့ "ဂေါ့ဂျက်"။ အဲဒီ "ဂေါ့ဂျက်" မှာ နိုင်ငံတော် တံဆိပ် ပါတဲ့ ကြေးကြယ်သီးကြီးလည်း တပ်ရပါတယ်။ Gadget အပြားကိုတော့ အဖြူရောင် ဆေးသုတ်ရပြီး၊ ကြေးကြယ်သီးကိုတော့ လက်လက်ထနေအောင် ကြေးချွတ်ဆေးနဲ့ တိုက်ရ ပါတယ်။ တစ်ခုခု ချို့ယွင်းလို့ ပေးတဲ့ အပြစ်က Extra Drill ပါ။ ညစာ စားပြီးရင် သူများလို နပ်ရှိန်မရှိဘဲ ကျောပိုးအိတ်ထဲမှာ အုတ်ခဲ ရှစ်လုံး ထည့်ပြီး မရပ်မနား ပြေးရတာပါ။ အဲဒီလို ပြေးရရင် မကြာခင်က စား ထားတဲ့ ညစာတွေပါ ပြန်အန်ကျလေ့ရှိပါတယ်။

တစ်ဦးချင်း စည်းကမ်းနဲ့ ပတ်သက်လို့ ကျွန်တော်ကတော့ လေးနှစ်လုံးမှာ တစ်ခါပဲ Extra drill ပြေးရဖူး ပါတယ်။ ဖိနပ် မပြောင်တဲ့ ပြစ်မှုနဲ့ပါ။ တကယ်တော့ ဖိနပ် မပြောင်တာ မဟုတ်ပါဘူး။ တန်းစီတဲ့ ကွင်းကို လာရာမှာ တခြား ဗိုလ်လောင်း တစ်ယောက်က ကျွန်တော့ ဖိနပ်ထိပ် အရှားကို တက်နင်းမိသွားလို့ပါ။ အဲဒီလို နင်းသွားတော့ မတော်တဆမို့ အပြစ်တင်ဖို့ မဖြစ်ပေမဲ့ ဆေးပြယ်သွားတဲ့ ဖိနပ် ထိပ်ဦးအတွက် နာရီဝက် လောက် အပြေးတက်လိုက်ရတာပေါ့။

ကျွန်တော်နဲ့ နယ်က လာတဲ့ ဗိုလ်လောင်း အများစုက စစ်စည်းကမ်း ဆိုတာမျိုးတွေကို အထူး ဂရုစိုက် ထိန်းသိမ်းစရာ မလိုပါဘူး။ နဂိုက စည်းကမ်း ရှိကြပြီးသားပါ။ ဒါ့ကြောင့် ညပိုင်း စာကြည့်ချိန် (ခုနစ်နာရီမှ ကိုး နာရီထိ) နာရီတွေမှာလည်း ဝတ္ထု ခိုးဖတ်တာတို့၊ အိမ်သာ ခဏ ခဏ သွားတာတို့ မလုပ်ဖြစ်ဘဲ စာကျက် ဖြစ်ပါတယ်။

## ပထမနှစ် ဗိုလ်လောင်းများရဲ့ Steeple Chase ပြိုင်ပွဲ

Steeple Chase ဆိုတဲ့အခေါ်ကို DSA ရောက်မှပဲ ကြားဖူးတာပါ။ အဓိပ္ပာယ်ကတော့ "တောတွင်း ဖြတ်ပြေး ပြိုင်ပွဲ" ပါပဲ။ ခုခေတ် အိုလံပစ်တွေမှာတော့ ဒီကစားနည်းကို တရားဝင် ကဏ္ဍတစ်ခုအဖြစ် ထည့်သွင်းနေကြ လို့ လူတွေ သိနေကြပါပြီ။ အကွာအဝေး မီတာ ၃၀၀၀ ကို တန်းကျော်ပြေးနဲ့ ရေထဲဖြတ်ပြေးတဲ့ ကဏ္ဍတွေ ပါပါတယ်။ ကျွန်တော်တို့တုန်းကတော့ သာမန် အပြေးကျင့်ရုံပါပဲ။ ဆရာတွေက မကြီးကြပ်ကြပါဘူး။ ဒုတိယနှစ်နဲ့ တတိယနှစ် ဗိုလ်လောင်း တစ်ချို့က ကြီးမှူးပြီး အပြေးကျင့်ရတာပါ။

တစ်ခါတလေကျတော့ ကျောက်တောင်ဘက်ကို ပြေးရပါတယ်။ အကွာအဝေးက သုံးမိုင်လောက် ရှိမယ် ထင်ပါတယ်။ တစ်ခါတလေကျတော့ ကန်တော်ကြီးဘက်၊ တစ်ခါတလေကျတော့ မြို့ပတ်လမ်း တစ်လျှောက် ပြေးကြရပါတယ်။ မြို့ပတ်လမ်းမှာ ပြေးရင် အကွာအဝေးက ငါးမိုင်လောက် ရှိပါမယ်။ အပြေး ကျင့်တဲ့အခါမှာ ကိုယ့်တပ်ခွဲနဲ့ ကိုယ်ပါ။ ကျွန်တော်တို့ တပ်ခွဲ လေ့ကျင့်တဲ့ အခါ ဘမြင့် (၁၇၀)၊ ရှိုးမြင့် (၁၇၂)၊ တွန်ဖာပုန်း (၁၆၂) နဲ့ ကျွန်တော်တို့ ရှေ့ဆုံးပိုင်းကနေ ပန်းဝင်လေ့ရှိပါတယ်။ အနော်ရထာကတော့ မောင်မောင်အေး (၁၇၁) နဲ့ လှကြည် (၁၆၁) တို့က ထိပ်ဆုံးက ပန်းဝင်ကြပါတယ်။

ဘမြင့်က ငါးပေ ၁၀ လက်မလောက်ဆိုတော့ ပထမနှစ် အပြေးကျင့်ခဲ့ရတဲ့ အခြေခံကြောင့် ဒုတိယနှစ်လောက်က စပြီး မီတာ ၁၀၀၊ မီတာ ၂၀၀ နဲ့ အဝေးကို ဖောက်ချပြီး လေ့ကျင့်တယ်။ ပြိုင်ပွဲလည်း ဝင်ပါတယ်။ နောက်ဆုံးနှစ်မှာတော့ DSA ရဲ့ တာတို ချန်ပီယံ ဖြစ်လာပါတယ်။

မောင်မောင်အေးကိုတော့ တတိယနှစ်က ကိုလှမြင့် (လန်ရှား) ရဲ့ ဦးဆောင် သွန်သင်မှုကြောင့် မီတာ ၈၀၀၊ မီတာ ၁၅၀၀ နဲ့ မီတာ ၅၀၀၀ တို့မှာ ဗိုလ်စွဲခဲ့ပါတယ်။ ကိုလှမြင့်ဆိုတာက မှတ်စလင်ပါ။ သူက တာဝေးအပြေး တော်လွန်းလို့ "လန်ရှား" လို့ နာမည်တစ်လုံး ရထားတာပါ။ သူ့ Intake က အပတ်စဉ် ၃ ပါ။ တစ်ပတ်စဉ်တည်းမှာ လှမြင့် သုံးယောက် ရှိပါတယ်။ ကျန်တဲ့ နှစ်ယောက်ကတော့ ခေါင်းကြီး လှမြင့်နဲ့ ဘူးကြီး လှမြင့်တို့ ဖြစ်ပါတယ်။ တစ်ယောက် ခေါင်းကြီးပြီး တစ်ယောက်ကတော့ နာဘူးကျလို့လို့ ပြောပါတယ်။ အခုတော့ လန်ရှား တစ်ယောက်ပဲ ကွယ်လွန်ပါသေးတယ်။

## ရာဇဝင်တွင်တဲ့ မီတာ ၁၅၀၀ အစမ်းပြေးပွဲ

ဒီဇာတ်လမ်းက Wing S.U.O. ကိုစိုးက စတဲ့ ဇာတ်လမ်းပါ။ နှစ်စဉ် ဇန်နဝါရီလမှာ တပ်ရင်း အားကစား ပြိုင်ပွဲ ရှိပါတယ်။ အဓိက ပြေးခုန်ပစ် ပြိုင်ပွဲတွေပါ။ ဗိုလ်လောင်း တပ်ခွဲ နှစ်ခွဲ၊ အုပ်ချုပ်မှု တပ်ခွဲနဲ့ သရုပ်ပြ တပ်ခွဲတွေ ပြိုင်ကြရမှာပါ။ နောက်ပြီး အမျိုးသမီး အမျိုးသား လွန်ဆွဲပြိုင်ပွဲလည်း ပါပါတယ်။

ကျွန်တော်တို့ အဓိကထား ပြိုင်ရမှာက အနော်ရထာ တပ်ခွဲပါ။ တာတိုပြေးနဲ့ အခုန်တွေမှာတော့ ကျွန်တော်တို့ တပ်ခွဲက လောက်လောက်လားလား ပြိုင်နိုင်တဲ့လူတွေ ရှိပါတယ်။ ဥပမာ- မီတာ ၁၀၀၊ မီတာ ၂၀၀ နဲ့ အဝေးခုန် ဆိုရင် ကိုကျော်မြင့် (အပတ်စဉ်-၂၊ ယခု ကျဆုံး) က အနော်ရထာ တပ်ခွဲက ကိုလှမြင့်ကျော် (အပတ်စဉ်-၄၊ ယခု ဗိုလ်မှူးကြီး ငြိမ်း) နဲ့ ကိုဇော်ဗိုက် (အပတ်စဉ်-၄၊ ယခု ကွယ်လွန်) တို့ကို ကောင်းကောင်း ယှဉ်နိုင်ပါတယ်။ သံလုံးပစ်၊ သံပြားဝိုင်းပစ်တွေမှာလည်း ကိုအေးကျော် (အပတ်စဉ်-၄၊ ယခု ညွှန်မှူးငြိမ်း)၊ ကိုမျိုးညွှန့်ရှိန် (အပတ်စဉ်-၄/၅၊ ယခု ကွယ်လွန်) နဲ့ ကျွန်တော်တို့ Intake က မြင့်မောင်ကြီး (အပတ်စဉ်-၅/၆၊ ယခု ကွယ်လွန်) တို့ ရှိပါတယ်။

ကျွန်တော်တို့ တပ်ခွဲကို အကြပ်ရိုက်စေမှာက ကိုလှမြင့် (လန်ရှား) ဖြစ်ပါတယ်။ သူက မီတာ ၁၅၀၀၊ မီတာ ၅၀၀၀ နဲ့ မီတာ ၁၀၀၀၀ တွေမှာ အမြဲတမ်း ပထမ ရနေကျ။ သူ့ကို ဘယ်သူမှ ယှဉ်ပြေးနိုင်တဲ့လူ မရှိပါ။ အဲဒီတော့ ကိုစိုးကြီးက ကိုခင်မောင်မောင် (အပတ်စဉ်-၄၊ ယခု ကွယ်လွန်) နဲ့ ညှိပြီး သူတို့ ဝင်ပြိုင်မယ်ပေါ့။ ဒါပေမဲ့ လန်ရှားကို အပြတ်အသတ် မရှုံးချင်ပါဘူး။ လန်ရှားရဲ့ စံချိန်တွေက အားကစား မှတ်တမ်း စာအုပ်တွေမှာ ရှိပြီးသားပါ။ ဒါ့ကြောင့် သူ့စံချိန်ကို မှီ၊ မမှီ အစမ်း ပြေးကြည့်မယ်လို့ ကိုစိုးနဲ့ ကိုခင်မောင်မောင်တို့က ဆိုင်ပင်ကြပါတယ်။

ကိုခင်မောင်မောင် ဆိုတာက ဗိုလ်လောင်း အမှတ်စဉ် ၁၄၂ ပါ။ သူ့ကို နောက်ဆုံးနှစ်ကျမှ သူဟာ Gay ဖြစ်တယ် ဆိုတဲ့အကြောင်း ပေါ်သွားလို့ ကျောင်းထုတ်ခံရတာပါ။ တကယ်တော့ သူဟာ DSA ရောက်ကတည်းက Gay ပါ။ ဒါပေမဲ့ သူ့ကို ဘယ်သူမှ သတင်းမပို့တဲ့အတွက် နောက်ဆုံးနှစ် အထိ နေသွားခဲ့တာပါ။ နောက်ဆုံးနှစ်ကျတော့ ဘယ်သူ သတင်းပို့မှန်း မသိပါဘူး။ အထက်က ပုဂ္ဂိုလ်တွေ သိသွားတဲ့အတွက် အိမ်ပြန်သွားခဲ့ရပါတယ်။ အပြင်ရောက်တော့ ဥပဒေ ပညာနဲ့ ဘွဲ့ရအောင် ယူပါတယ်။ ပြီးတော့ ရှေ့နေလုပ်ပါတယ်။ အောင်မြင်ပါတယ်။ ဒါတင်မက မိန်းမလည်း ၊ ကလေးတွေလည်း ရနဲ့ အခုတော့ ကွယ်လွန်သွားရှာပါပြီ။

ပြန်ကောက်ရရင် ကိုစိုးရဲ့ ရွှေဘာဂ်တော်စူးရောက်ပုံကို ကိုခင်မောင်မောင်က ထောက်ခံ၊ ပြီးတော့ ကျွန်တော့်ကို လာပတ်သက်။ ဘယ်လို ပတ်သက်သလဲ ဆိုတော့ ဒီဇင်ဘာလဆန်း စနေနေ့ မနက် အစောကြီး ငါးနာရီလောက် ကျွန်တော့်ကို လာနှိုးပါတယ်။ ခဏ လိုက်ခဲ့ပါပေါ့။ ကျွန်တော်လည်း ချမ်းချမ်းစီးစီးနဲ့ လိုက်သွားပါတယ်။ ဘယ်ကိုလဲ ဆိုတော့ အားကစားကွင်းကိုပါ။

ဟိုရောက်တော့ ကျွန်တော့်ကို နာရီ တစ်လုံး ပေးပြီးတော့ သူတို့ ပြေးတဲ့ စံချိန်ကို မှတ်ခိုင်းပါတယ်။ နာရီက ရိုးရိုး နာရီပါ၊ စံချိန်မှတ် နာရီ Stop Watch မဟုတ်ပါ။ ကျွန်တော်ကလည်း မှောင်မှောင်မည်းမည်းမှာ လက်နှိပ်ဓာတ်မီးနဲ့ နာရီ ကြည့်ရပါတယ်။ သူတို့က မီတာ ၁၅၀၀ ပြေးကြပါတယ်။ ကွင်းက မီတာ ၄၀၀ ဆိုတော့ လေးပတ် မပြည့်ခင် မီတာ ၁၀၀ အလိုမှာ ပန်းဝင်မှာပါ။

ကျွန်တော်က အပြေးပြိုင်ပွဲတွေမှာ လုပ်တဲ့အတိုင်း "အသင့်ပြင်၊ get-set" လို့ အော်တော့ သူတို့ ပြေးဖို့ အဆင်သင့်လုပ်ပါတယ်။ "ပြေး- Go" ဆိုတော့ စပြေးကြပါပြီ။ ကျွန်တော်က နာရီ၊ စက္ကန့်တံကို တကြည့်ကြည့်နဲ့၊ သူတို့ ပြေးတာလည်း ကြည့်ပေါ့။ ပန်းတိုင် ရောက်တဲ့အထိ သုံးပတ်နဲ့ ကွင်းရဲ့ လေးပုံ သုံးပုံမှာ ပန်းဝင်တော့ ကျွန်တော် နာရီ မှတ်လိုက်ပါတယ်။ ကိုစိုးနဲ့ ကိုခင်မောင်မောင်က ကျွန်တော့်ကို စံချိန် မေးလိုက်ပါတယ်။ ဘယ်လောက် ကြာသလဲပေါ့။

ကျွန်တော်က သုံးမိနစ် ၄၅ စက္ကန့်လို့ ပြောလိုက်တော့ ကိုစိုးက "ငါ့ လင်္ခီး၊ ဒီစံချိန်နဲ့ဆိုရင် ကမ္ဘာ့ အိုလံပစ်တောင် ဝင်ပြေးလို့ ရတယ်" ဆိုပြီး တဖျစ်တောက်တောက် ပြောလိုက်၊ ဆဲလိုက်နဲ့ ဖြစ်နေပါတယ်။ ကိုခင်မောင်မောင်ကတော့ ဘာမှမပြောပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ ကိုလန်ရှားရဲ့ စစ်တဗ္ဗသိုလ် စံချိန်ဟာ ငါးမိနစ် ၁၀ စက္ကန့်ပါတဲ့။ သူ့ခမျာ အစောကြီးလည်း ထရသေး၊ ပြေးလို့လည်း မောရသေး။ အဲဒီတော့ ကိုစိုး ဆဲမယ်ဆိုလည်း ဆဲစရာပေါ့။ အဲဒီတော့ နှစ်ပတ်လည် အားကစားနေ့မှာ ကိုစိုးရဲ့ မဟာ အကြံအစည်ကြီးလည်း ပျက်သွားတာပေါ့။

## ကျွန်တော့်ရဲ့ တစ်ကိုယ်တော် မီတာ ၅၀၀၀ ပြေးပွဲ

ဒီဇင်ဘာလကုန်၊ ဇန်နဝါရီ လဆန်းမှာ လွတ်လပ်ရေးနေ့နဲ့ အချိန်ကိုက်ပြီး DSA မှာ နှစ်ပတ်လည် အားကစားပြိုင်ပွဲ ကျင်းပပါတယ်။ ကျွန်တော် အထက်မှာ ရေးခဲ့သလို တာတိုနဲ့ ပြေးခုန်ပစ်မှာ ကျွန်တော်တို့က အနော်ရထာကို ပြိုင်နိုင်ပေမဲ့ တာဝေးမှာ ကိုလန်ရှားကို ပြိုင်နိုင်မယ့်သူ တစ်ယောက်မှ မရှိပါဘူး။ ဒါပေမဲ့ မီတာ ၅၀၀၀ ပြိုင်ပွဲမှာ လူမရှိတဲ့ အတူတူ ကျွန်တော်တို့ တပ်ခွဲက ပထမ နှစ်ပိုလ်လောင်းတွေ Steeple Chase ကျင့်ထားလို့ အကုန် ဝင်ပြိုင်ဖို့ တပ်ခွဲမှူး ကိုထွန်းအောင်ကျော်က အမိန့်ထုတ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့လည်း ဝင်ပြိုင်ကြတာပေါ့။ မီတာ ၅၀၀၀ ဆိုတော့ ၁၂ ပတ်ခွဲပါ။

ပြေးကြပါပြီ။ ကျွန်တော်တို့က Steeple Chase ကျင့်ထားတော့ အထိုက်အလျောက် ပြေးနိုင်ပါတယ်။ ဒါလည်း လေး-ငါးပတ်လောက် အထိပါ။ ခြောက်ပတ်လောက်လည်း ကျော်သွားရော ကိုလန်ရှားက သုတ်ခြေတင်သွားပါပြီ။ သူ့နောက်မှာ အုပ်ချုပ်မှု တပ်ခွဲက တပ်သား ဂျိုးဇက်နဲ့ ကျွန်တော်တို့ Intake က မောင်မောင်အေးတို့ ကပ်လိုက်နေပါတယ်။ ပန်းဝင်တော့လည်း အဲဒီ အစီအစဉ်အတိုင်း ပထမ၊ ဒုတိယ၊ တတိယပါ။ ခုနစ်ပတ် ရှစ်ပတ်လောက်လည်း ရောက်ရော ပြေးနေတဲ့ ကျွန်တော်တို့ထဲက တစ်ယောက်စ၊ နှစ်ယောက်စ ထွက်ကုန်ပါပြီ။ ကိုးပတ်လောက်ကျတော့ တစ်ယောက်မှ မကျန်တော့ပါဘူး။ ကွင်းထဲမှာ ပြေးနေတဲ့သူတွေ ဆိုလို့ ခုနက ပြောတဲ့ သုံးယောက်ရယ်၊ ကျွန်တော်ရယ်ပဲ ကျန်ပါတော့တယ်။

၁၁ ပတ်လောက်လည်း ရောက်ရော ကိုလန်ရှား၊ ဂျိုးဖက်နဲ့ မောင်မောင်ဒေးတို့က ကျွန်တော့်ကို ကျော်ဖြတ်သွားကြပြီး ပန်းဝင်ကုန်ကြပါပြီ။ အဲဒီတော့ ကျွန်တော် တစ်ယောက်တည်း ကျန်ပါတော့တယ်။ အဲဒီအခါမှာ ဘေးက ဆရာတွေနဲ့ စီနီယာ အစ်ကိုကြီးတွေက "ဝင်းထိန် ဆက်ပြေး၊ ဆက်ပြေး" လို့ အော်ပြီး အားပေးပါတယ်။ နောက်ဆုံး တစ်ပတ်ကို ကျွန်တော် တစ်ယောက်တည်း ပြေးနေရတာပါ။ ကျွန်တော့်ကို အားတဲ့သူကလည်း ဟားနေကြတဲ့ အသံ ကြားနေရပါတယ်။ ပန်းဝင်ဖို့ မီတာ ၁၀၀ လောက်လည်း လိုရော တစ်ကွင်းလုံးက ဆရာ၊ ဆရာမတွေနဲ့ ညီအစ်ကို ဗိုလ်လောင်းတွေက လက်ခုပ်လက်ဝါး တီးပြီး အားပေးနေတာ တွေ့မြင်ရပါတယ်။

ပန်းလည်း ဝင်ပြီးရော၊ ဒုတိယ ကျောင်းအုပ်ကြီးဖြစ်တဲ့ ဗိုလ်မှူး ကျော်ညွန့်က ကျွန်တော့်ကို လက်ဆွဲ နှုတ်ဆက်ပါတယ်။ နှုတ်ကလည်း "ဖွဲ့ဆိုတာ အဲဒါမျိုးပေါ့ကွ" လို့ မှတ်ချက်ချပါတယ်။ အားကစား ဆုတွေ ပေးတဲ့အခါကျတော့ မီတာ ၅၀၀၀ အထူးဆု ဆိုပြီးတော့ သီးသန့် ပေးပါတယ်။ အလတ်စား အယ်လ်ဘမ် လေးပါ။ အခုထိ ကျွန်တော့်မှာ ရှိပါသေးတယ်။ နှစ်ပေါင်း ၅၇ နှစ် ရှိပါပြီ။ ကြီးလာမှ ကျွန်တော့်ကိုယ် ကျွန်တော် ပြန်သုံးသပ်တဲ့အခါမှာ ရည်မှန်းချက် တစ်ခု ချမှတ်ပြီးပြီ ဆိုရင် ဆုံးခန်းတိုင်အောင် လုပ်တဲ့ ဗီဇ ရှိတယ်၊ နောက်ပြီး ဖွဲ့ရှိတယ်၊ ခေါင်းမာတယ် ဆိုတဲ့ စရိုက်တွေ ရှိတာ ပေါ်လွင်ပါတယ်။ အဲဒီ ခေါင်းမာတဲ့ စရိုက်ဟာ ကြီးလာလို့ နိုင်ငံရေးအမှုနဲ့ ထောင်ကျတဲ့အခါ ထောက်လှမ်းရေးရဲ့ အပြီးထားမှုကြောင့် ခန္ဓာကိုယ် နာကျင် စေတဲ့အထိ အညှဉ်းဆဲ ခံခဲ့ရပါတယ်။

## နိဒ္ဓရှင့ လှုပ်ရှားမှုများ

PT လို့ ခေါ်တဲ့ ကျန်းမာရေး ကဏ္ဍမှာလည်း စနေ၊ တနင်္ဂနွေက လွဲလို့ ကျန်းမာရေး လေ့ကျင့်ခန်း PT ဆင်းရပါတယ်။ ညနေ လေးနာရီကနေ ငါးနာရီခန့်ထိပါ။ အဲဒီအချိန်တွေမှာတော့ စုပေါင်းပြီး ကျန်းမာရေး လေ့ကျင့်ခန်း လုပ်ရတာတွေ၊ ကြိုးတက် ကြိုးဆင်း လေ့ကျင့်ခန်းများ၊ ဘားကျွမ်း ကစားခြင်းများ စသည်တို့ကို သင်ရပါတယ်။ နောက်ပြီး ဘောလုံး ကစားခြင်း၊ ဘောလီဘော ကစားခြင်းနှင့် ဘတ်စကက်ဘော ကစားခြင်း များလည်း ကြုံသလို သင်ကြရပါတယ်။

ကျွန်တော်ကတော့ ဘောလုံး၊ ဘတ်စကက်ဘောနဲ့ ဘော်လီဘောတို့ကိုတော့ တန်းဝင်အောင်ပဲ အားထားတတ်ပါတယ်။ တပ်ခွဲ လက်ရွေးစင်အဖြစ်ထိ အရွေး မခံရပါ။ ဒါပေမဲ့ ဘားကျွမ်းကျတော့ ကျွန်တော့် အရပ်အမောင်းနဲ့ သင့်လျော်တယ် ထင်ပါရဲ့။ ရှေ့လိုမ့် ကျွမ်း၊ နောက်လိုမ့် ကျွမ်း၊ ဘားတန်း ကျွမ်း စတဲ့ လေ့ကျင့်ခန်းတွေမှာ ကျွန်တော် ကျွမ်းကျွမ်းကျင်ကျင် ကစားနိုင်ခဲ့ပါတယ်။ နောက်ဆုံးနှစ် ကျောင်းဆင်းပွဲ ကျင်းပတော့မှ ကျွန်တော်က ဗိုလ်လောင်းတပ်ရင်း ဘားကျွမ်း အဖွဲ့က ကျောင်းဆင်းပွဲ လာတဲ့ ပရိသတ်ကို ဖျော်ဖြေရာမှာ ခေါင်းဆောင်ပြီး ဧည့်ခံခဲ့ပါတယ်။

## ဂုဏ်ကျေးဇူးကို အထူးသိလျက် ဆရာစက်

ကျွန်တော် ငယ်ငယ်က အဘိုးတွေ၊ အဘွားတွေ ဘုရားရှိခိုးရင် ရွတ်ဆိုတဲ့ ဂါထာတစ်ပုဒ်ကို ကျွန်တော် နားရည်ဝနေခဲ့ပါတယ်။ ဒါကတော့ "ပြောင်း ၁၀၈ ကွက် ဗုဒ္ဓစက်၊ ၁၄ ချက် ဓမ္မစက်၊ ၁၈ ချက် သံဃာ့စက်၊ သရေခင်ဝင်းလျက် ရှင်ပစ္စေကဗုဒ္ဓရဟန္တာစက်၊ မြင်းမိုရ်တောင်ဦး မကကျူးလျက် မိဘစက်၊ ဂုဏ်ကျေးဇူးကို အထူးသိလျက် ဆရာ့စက်....." စတဲ့ ဂါထာ ဖြစ်ပါတယ်။

လူကို မကောင်းဆိုးဝါးတွေ ဒုက္ခမပေးနိုင်အောင် ရွတ်တဲ့ အန္တရာယ်ကင်း ဂါထာပါ။ ဘုရားဟော မဟုတ်သော်လည်း ကျွမ်းကျင် နားလည်တဲ့ ရဟန္တာ တစ်ပါးက စီစဉ်ခဲ့တဲ့ ဂါထာ ဖြစ်နိုင်ပါတယ်။ ကျွန်တော်ကတော့ ကိုယ်တွေ့ ဖြစ်ရပ်လေး တစ်ခုမှာ အသက်ဘေးက သီသီလေး လွတ်ခဲ့တဲ့အတွက်ကြောင့် အဲဒီအချက်ကို ကောင်းကောင်း စွဲမြဲနေတာပါ။

## မသေကောင်း မပျောက်ကောင်း (၃)

ကျွန်တော် အရာရှိ ဖြစ်ခါစပေါ့။ အဲဒီနေ့ နံနက်စောစောမှာ ရွာတစ်ရွာကို သတင်းအရ သွားရောက် ရှင်းလင်းဖို့ စေလွှတ်ခြင်းခံရပါတယ်။ ရွာနားရောက်တော့ တပ်စိတ် တစ်စိတ်ကို ရှေ့ ဝဲဘက်နဲ့ ညာဘက် ဖြန့်ပြီး တပ်စိတ်တစ်စိတ်မှာ ၁၀ ယောက် ရှိပြီးတော့ သူတို့ဟာ တစ်ယောက်နဲ့ တစ်ယောက် လေး-ငါးပေ အကွာက ရင်ဘောင်တန်း ချီတက်စေပါတယ်။ တပ်စိတ် တစ်စိတ်နဲ့ တစ်စိတ် ကိုက် ၂၀ ခန့် ကွာပါတယ်။ ကျွန်တော်နဲ့ တပ်ကြပ်ကြီးနဲ့ ရဲဘော် တချို့ဟာ ကျွန်တော့်နောက်က တန်းပြီး ပါလာပါတယ်။ ကျန်တဲ့ အရန် တပ်စိတ်ကတော့ ကျွန်တော့်နောက်က တစ်တန်းတည်း လိုက်လာခဲ့တာပါ။

အရှေ့က တပ်စိတ် နှစ်စိတ်လုံးဟာ အနားရောက်မှ သိတာက သူတို့ကြားထဲက ရေအိုင်ငယ် တစ်ခုမှာ ကျွဲတစ်ကောင် ရေစိမ်နေတာကိုပါ။ ကျွဲက ရဲဘော် ၂၀ လောက် သူ့ အနားက ဖြတ်ကျော် သွားတာကို ပြီးမှ သိတဲ့အခါ ဖြုန်းခနဲ ထလိုက်ပါတယ်။ သေနတ်နဲ့ ရဲဘော်တွေကို မြင်တော့ ဘယ်ကို သွားရမလဲ ဆိုတဲ့ သဘောမျိုးနဲ့ ခေါင်းကို ရမ်းနေပါတယ်။ သူ့ရဲ့ ဘယ်ဘက်နဲ့ ညာဘက်မှာ ရဲဘော်တွေ ရှိလို့ မပြေးသာတော့ဘူးလို့ ဆုံးဖြတ်လိုက်ဟန်တူပါတယ်၊ အလယ်က လူအနည်းစုကို ခေါင်းဆောင်လာတဲ့ ကျွန်တော့်ဆီကို ပြေးလာပါတော့တယ်။ အဲဒီလိုလည်း လာရော ရဲဘော် တချို့ရဲ့ အော်သံတွေ၊ ငေါက်ငမ်းသံတွေကိုလည်း ကြားလိုက်ရပါတယ်။

အဲဒီမှာ ကျွန်တော် ဂါကောင်းပုံက နေ့ချင်းပြန် ခရီးမို့ ကျောပိုးအိတ် ပါမလာပါဘူး။ ပြီးတော့ ခေါင်းမှာလည်း ဖိုက်ဘာ ခမောက် Fibre Helmet ဆောင်းလာပါတယ်။ ကျွဲက ကျွန်တော့်ဆီကို ပြေးလာတဲ့ အခါမှာ ကျွန်တော် သူ့ဘက်ကို လှည့်ပြီး အသင့် အနေအထား ဖြစ်အောင် ပြင်လိုက်ပါတယ်။ စိတ်ထဲမှာ ဖျတ်ခနဲ အတွေးတွေ ပေါ်လာပါတယ်။ လျှပ်စီးလက်တဲ့ အချိန်လောက် ရှိမှာပါ။

ကျွဲရန်က လွတ်ဖို့ ပထမ နည်းလမ်းက ကျွန်တော့်ဆီကို ဦးတည်လာတဲ့ ကျွဲရဲ့ နှာရိုးပေါ်ကို ခုန်တက်လိုက်ပြီး ရှောင်မယ့် နည်းလမ်းက တစ်ခု၊ ဒီနည်းက သူ့နှာရိုးပေါ်ကို ခုန်တက်ပြီး ရှောင်တဲ့အချိန်မှာ သူ့ခေါင်း မငြိမ်ရင် ခုန်ဖို့ မသေချာပါဘူး။

နောက်တစ်နည်းက နောက်ကျွမ်းလိုမ့်ပြီး ကျွဲကို ရှောင်ဖို့ ဖြစ်ပါတယ်။ အဲဒီ အတွေးတွေဟာ ကျွဲက ကျွန်တော့်ကို ခတ်မယ်လို့ လာတဲ့အချိန်မှာ တွေးမိတဲ့ အတွေးတွေပါ။ စက္ကန့်ပိုင်း Split Second အတွင်း ဖြစ်လာတဲ့စိတ်ပါ။ ကျွဲ ကိုယ့်အနား ရောက်တဲ့ အချိန်မှာ နောက်ကျွမ်းလိုမ့်ပြီး ရှောင်မယ့်နည်းလမ်းကို ရွေးလိုက်တာကလည်း တစ်ဆက်တည်းပါပဲ။

ကျွဲက ကျွန်တော့်နား နီးလာတဲ့အခါ ကျွန်တော်ဟာ ကျွဲလာရာလမ်းက ၄၅ ဒီဂရီလောက် မှန်းပြီး ဘေးတစောင်း ဖျတ်ခနဲ ထိုင်ချလိုက်ပါတယ်။ ပြီးမှ ခြေထောက် နှစ်ဖက်ကို ဆတ်ခနဲ ကွေးလိုက်ပြီး အားနဲ့ လိမ့်လိုက်တဲ့အခါ အလွယ်တကူ နောက်ကျွမ်းလိုမ့်ပြီးသား ဖြစ်သွားပါတယ်။ အဲဒီလို လိမ့်လိုက်တဲ့ အခါ ကျွဲရဲ့ ညာဘက် ချိုကြီးက ကျွန်တော့် တင်ပါးနားက ဝိုးခနဲ ဖြတ်သွားတာ မြင်လိုက်ရပါတယ်။ ကျွန်တော်က

မှတ်တရက် ပြန်ထပြီး ခါးမှာရှိတဲ့ ခြောက်လုံးပြူးကို ဆွဲထုတ်လိုက်ပါတယ်။ အကယ်၍ ကျွဲ နောက်ပြန်လှည့်လာရင် အသင့် ဖြစ်နေအောင်လို့ပါ။

ဒါပေမဲ့ ကျွဲကတော့ နောက်မလှည့်တော့ပါဘူး။ သူ့ခန္ဓာကိုယ်ရဲ့ အရှိန်နဲ့ ခြေဦးတည့်ရာ ပြေးသွားပါပြီ။ အဲဒီနေ့က စပြီး ကျွန်တော် သေဘေးက သီသီလေး လွတ်သွားတဲ့အဖြစ်ဟာ တပ်ရင်း တစ်ရင်းလုံး သတင်းပြန့်သွားပါတယ်။ ဘာသာရေး စာပေ ဖတ်ဖူးတဲ့ ဗိုလ်ကြီး တစ်ယောက်ကတော့ ကျွန်တော့်ကို "အသသကုမ္မာ" လို့ ခေါ်ပါတယ်။ အဓိပ္ပာယ်ကတော့ "ကျွဲမင်းသား" ပေါ့။ အဲဒီကာလမှာ နာမည်ကြီး ရုပ်ပြတစ်ခု ရှိပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ဒဏ္ဍာရီ ဇာတ်လမ်းမှာ ကျွဲတွေနဲ့ နေတဲ့ လူသား မင်းသားလေး အကြောင်း ပါပါတယ်။ အဲဒါနဲ့ နှိုင်းတာပါ။

ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ပြန်ဆန်းစစ်တော့ ကျွန်တော်ဟာ သေဘေး (သို့မဟုတ်) ကြီးမားတဲ့ အက်ရာ ရနိုင်တဲ့ ဘေးက လက်တစ်လုံးကြား လွတ်ခဲ့တာလို့ သဘောပေါက်ပါတယ်။ ဒီလို အဖြစ်မျိုးတွေဟာ တပ်မတော်ထဲမှာရော တပ်က ထွက်ပြီးတဲ့အခါမှာရော အများကြီး ကြုံခဲ့ရဖူးပါတယ်။

## ချယ်ရီရိုပ်နဲ့ ကျွန်တော်

အများပြည်သူတွေ ကြားထဲမှာတော့ သိပ်မသိကြပေမဲ့ တပ်မတော် အသိုင်းအဝိုင်းမှာတော့ သိတာ များကြပါတယ်။ "ချယ်ရီရိုပ်" ဆိုတဲ့ အဖွဲ့အစည်းကို DSA ကျောင်းဆင်း အရာရှိ ကြီးငယ်တို့က ဖွဲ့ထားတာပါ။ မေမြို့သား တစ်ပိုင်းတွေ ဖြစ်နေကြလို့ ချယ်ရီပန်း သံယောဇဉ်နဲ့ ချယ်ရီရိုပ်လို့ နာမည်ပေးထားတာပါ။ ဒီအဖွဲ့မှာ ပါတဲ့ တစ်ချို့ DSA ကျောင်းဆင်းတွေဟာ အခြေအနေ ကောင်းတဲ့အတွက် အဖွဲ့ ရန်ပုံငွေကို သိန်း ရာနဲ့ချီပြီး ထည့်ကြပါတယ်။ ဒါ့ကြောင့် ချယ်ရီရိုပ်ရဲ့ ရန်ပုံငွေဟာ သိန်းထောင်ပေါင်း များစွာ ရှိပါတယ်။ ဒီအဖွဲ့ရဲ့ အဓိက ရည်ရွယ်ချက်ကတော့ DSA မှာ ပညာသင်ခဲ့တဲ့ အငြိမ်းစား ဆရာ/ဆရာမများ နာမကျန်းဖြစ်ရင် (သို့မဟုတ်) နာရေးဖြစ်ရင် ကူညီ ထောက်ပံ့ပေးခြင်း ဖြစ်ပါတယ်။

ကျွန်တော်က ချယ်ရီရိုပ်ရဲ့ အကြောင်းကို ကြားရတဲ့အခါ သာဓု ခေါ်မိပါတယ်။ အစောပိုင်းမှာတော့ ကျွန်တော် သူတို့နဲ့ အဆက်အသွယ် မရှိပါဘူး။ ကိုယ်က စပြီး အဆက်အသွယ် မလုပ်တာပါ။ နိုင်မာတဲ့ အကြောင်း ရှိပါတယ်။ ကျွန်တော်တို့ တပ်မတော်က ထွက်တဲ့၊ ၁၉၇၇ ခုနှစ်မှာ တပ်မတော်က အငြိမ်းစား ပေးခံလိုက်ရတဲ့ အခါမှာ အဲဒီခေတ်က တန်ခိုးထွားနေတဲ့ မျက်မှန်တင်ဦးကြီးက အမိန့်တစ်ခု ထုတ်ပါတယ်။

ဘာလဲဆိုတော့ "၁၉၇၇ ခုနှစ်၊ အုန်းကျော်မြင့် အမှုနဲ့ ဆက်နွယ်ပြီး တပ်က အငြိမ်းစား အပေးခံရတဲ့ အရာရှိတွေကို၊ အဆက်အသွယ် မလုပ်ရ၊ စကား မပြောရ၊ အကယ်၍ မလွှဲမရှောင်သာ ပြောမိခဲ့ရင် အထက်လူကို သတင်းပို့ရန်" ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ ညီအစ်ကိုတမျှ ခင်ခဲ့ဖူးတဲ့ အရာရှိ တော်တော်များများဟာ ကျွန်တော်တို့နဲ့ အဆက်အသွယ် ပြတ်ကုန်ပါတယ်။

နောက်ပြီး ၁၉၈၈ ခုနှစ်မှာ ကျွန်တော် နိုင်ငံရေး နယ်ပယ်ထဲ ရောက်သွားတဲ့ အခါမှာလည်း တပ်မတော် အရာရှိများဟာ ကျွန်တော့်ကို စကားမပြောရဲကြပါဘူး။ ဒါ့ကြောင့် ကျွန်တော်ဟာ ချယ်ရီရိုပ်အပြင် အခြား တပ်မတော်နဲ့ ဆက်နွယ်တဲ့ အသင်းအဖွဲ့တွေနဲ့လည်း ကင်းကွာနေပါတယ်။ တမင် ကင်းကင်းနေတာပါ။ ဒါပေမဲ့ စေတနာကောင်းတဲ့ အရာရှိဟောင်း တချို့ကြောင့် ကျွန်တော့်ဆီကို "ချယ်ရီရိုပ်" နှစ်စဉ် မင်္ဂလာ ဖိတ်စာ ရောက်လာပါတယ်။

အဲဒီထဲမှာ ဖော်ပြထားတဲ့ စာရင်းဇယားများအရ ဘယ်သူတွေက ဘယ်လောက် လှူတယ်ဆိုတဲ့ စာရင်းတွေနဲ့ ပြီးခဲ့တဲ့ နှစ်ထဲမှာ နာရေး/ကျန်းမာရေး အထောက်အကူ အဖြစ် ဘယ်ဆရာ/ဆရာမတွေကို ထောက်ပံ့တယ် ဆိုတာလည်း သိရပါတယ်။

၂၀၁၆ ခုနှစ်ထဲမှာ ထင်ပါရဲ့၊ "ချယ်ရီရိပ်" နဲ့ ပတ်သက်တဲ့ အစည်းအဝေးတစ်ခုကို ရွှေနန်းတော် ဟိုတယ်မှာ လုပ်မယ့်အကြောင်းနဲ့၊ ကျွန်တော့်ကိုပါ တက်ရောက်စေလိုကြောင်း ဖိတ်ကြားစာ ရရှိခဲ့ပါတယ်။ တစ်ဆက်တည်း ကျွန်တော့်ကိုလည်း အဲဒီအစည်းအဝေးမှာ အဓိက မိန့်ခွန်းပေးသူအဖြစ် သတ်မှတ်ထားပါကြောင်း သတင်းရောက်လာပါတယ်။

ဒါကြောင့်မို့လို့ အဲဒီအခမ်းအနားမှာ ကျွန်တော်က "ချယ်ရီရိပ်" ရဲ့ ရည်မှန်းချက်တွေ ကောင်းမွန်တဲ့ အတွက်ကြောင့် ထိုအဖွဲ့ အစွန့်ရှည်ကြာစေကြောင်းအပြင်၊ လောကီ/လောကုတ္တရာ နှစ်ဖြာသော ကာလတွေမှာ ကြီးမား ကျယ်ပြန့်သော အကျိုးကျေးဇူးများ ရနိုင်မည်ဖြစ်ကြောင်း ပဋိသန္ဓာရစကား ပြောကြားခဲ့ပါတယ်။ အဲဒီအစည်းအဝေးမှာ ကျွန်တော်က စီနီယာအကျဆုံး ဖြစ်ပြီး၊ ဂျူနီယာ Intake အသီးသီးက အရာရှိဟောင်းများ ပါဝင်ပါတယ်။ တချို့ဆိုရင် ဒုတိယ ဝန်ကြီးဟောင်းများပင် ပါဝင်ပါတယ်။

အဲဒီနေ့ အစည်းအဝေး ပြီးဆုံးတဲ့အခါ ချယ်ရီရိပ်မှာ အရေးပါတဲ့တာဝန် ထမ်းဆောင်နေတဲ့ အငြိမ်းစား အရာရှိကြီး တစ်ယောက်က ကျွန်တော် နေတဲ့ စည်ပင်ရိပ်သာအခန်းကို ရောက်လာပါတယ်။ အကြောင်းအရင်းကတော့ မကြာမီ ထုတ်ဝေမှာဖြစ်တဲ့ "ချယ်ရီရိပ် မဂ္ဂဇင်း" အတွက် ဆောင်းပါး တစ်စောင် ရေးနိုင်ရင် ရေးဖို့ လာပြီး တောင်းဆိုတာပါ။ ကျွန်တော်က ကျွန်တော့ ဆောင်းပါးကို ခင်ဗျားတို့ အယ်ဒီတာအဖွဲ့က ထည့်ပါ့မလားလို့ မေးတဲ့အခါ သူက "ကျွန်တော်တို့ ချယ်ရီရိပ်ဟာ အရောင် မရှိပါဘူး၊ အကိုကြီး ရေးတဲ့ ဆောင်းပါး ဆိုရင် လိုလိုလားလား လက်ခံကြမှာပါ" လို့ ပြောပါတယ်။ ဒါ့ကြောင့် ကျွန်တော် အထက်မှာ ရေးခဲ့တဲ့ "ဂုဏ်ကျေးဇူးကို အထူးသိတဲ့ ဆရာ့စက်" ဆိုတဲ့ ဆောင်းပါးကို ပေးပို့လိုက်ပါတယ်။

"ချယ်ရီရိပ်" ထွက်လာပါပြီ။ တိုတိုပြောရရင် ကျွန်တော့် ဆောင်းပါး မပါလာပါဘူး။ ကျွန်တော့်ကို တကူးတက ဆောင်းပါး လာတောင်းတဲ့ ညီတော်မောင်လည်း အားနာလို့ထင်ပါရဲ့ ကျွန်တော့်ဆီ ပေါ်မလာပါဘူး။ ကျွန်တော်က တွေ့တဲ့လူတိုင်း မေးပါများမှ ပေါက်ချလာကြပါတယ်။ ကျွန်တော် သူတို့ကို မေးတဲ့အခါကျတော့ တိတိကျကျ ပြန်မဖြေပါဘူး။ သို့သော် "ချယ်ရီရိပ်" ရဲ့ ထိပ်ပိုင်းပုဂ္ဂိုလ်များက ကျွန်တော့် ဆောင်းပါးကို မထည့်ရဲကြတာတော့ ပေါ်လွင်ခဲ့ပါတယ်။

ဒါ့ကြောင့်မို့ "ချယ်ရီရိပ်" အရောင် မရှိဘူးလို့ ပြောခဲ့ကြတဲ့ ညီတော်မောင်များကို ဒီနေရာကတော့ ပြောလိုက်ပါရစေ။ "ချယ်ရီရိပ်" မှာ အရောင် ရှိပါတယ်။ ကိုယ့်ကိုယ်ကိုယ်တော့ သိကြမှာပေါ့။ (အကြောင်းသိတဲ့ ပုဂ္ဂိုလ်တွေ ပြန်ပြောတာကတော့ ကျွန်တော့် ဆောင်းပါးကို ထည့်သင့် မထည့်သင့် ဆရာကြီးများက မဲခွဲ ဆုံးဖြတ်ကြပါသတဲ့။ (သာဓု....။)

## ပထမနှစ်ကာလ ဖြတ်သန်းမှု

ပထမနှစ်ကိုတော့ ချောချောမွေ့မွေ့ ဖြတ်သန်းနိုင်ခဲ့ပါတယ်။ နှစ်ဝက် အစမ်း စာမေးပွဲမှာ ပထမ ရခဲ့တဲ့အချိန်ကစပြီး နောက်လတွေမှာလည်း ဆက်တိုက် ပထမ ရခဲ့တော့ ကျွန်တော့်ကိုယ် ကျွန်တော် ယုံကြည်မှု ရှိလာပါပြီ။ စာကျက်ပုံ စာကျက်နည်းလည်း အသားကျသွားပြီ ဆိုပါတော့။ ပထမနှစ်မှာ Steeple Chase ပြေးရတာရယ် တခြား ကိုယ်လက်လှုပ်ရှား ကစားတာတွေကြောင့် ရောက်ခါစက အရပ် ငါးပေ တစ်လက်မသာ ရှိခဲ့ရာက

နောက်ဆုံးနှစ်ကျတော့ ငါးပေ လေးလက်မခွဲလောက်ထိ ရှိလာပါတယ်။ တကယ်တော့ ပထမနှစ် ကတည်းက ထွားခဲ့တာပါ။

## သမ္မတ တပ်ခွဲ ပြိုင်ပွဲ

ကျွန်တော်တို့ ခေတ်က သမ္မတ တပ်ခွဲ ပြိုင်ပွဲ ဆိုတာ ရှိပါတယ်။ အားကစား အပါအဝင် ပြိုင်ပွဲမျိုးစုံ လုပ်ပြီး အမှတ်စနစ်နဲ့ အကဲဖြတ်တာပါ။ နိုင်တဲ့ တပ်ခွဲကို သမ္မတ ကိုယ်တိုင် အလံ ချီးမြှင့်တာပါ။ နောက်ပိုင်းတော့ သမ္မတ တပ်ခွဲ ပြိုင်ပွဲအစား အောင်စစ်သည် တပ်ခွဲ ပြိုင်ပွဲ ဆိုပြီး နာမည် ပြောင်းလိုက်ပါတယ်။ ကျွန်တော်တို့ ရောက်တဲ့ ၁၉၅၉ ခုနှစ်မှာတော့ အနော်ရထာ တပ်ခွဲက သမ္မတ တပ်ခွဲ ဖြစ်နေပါတယ်။

အထက်မှာ ရေးပြခဲ့တဲ့အတိုင်း ကျွန်တော်တို့ ပထမနှစ်တွေက Steeple Chase ပြိုင်ရပါတယ်။ တစ်ပတ်ကို သုံး-လေးရက်လောက် ပုံမှန် လေ့ကျင့်တုန်းကတော့ ကျွန်တော်ဟာ တစ်ခါတလေ ပထမ၊ တစ်ခါတလေ ဒုတိယ ရခဲ့ဖူးပါတယ်။ စတုတ္ထအောက် မကျဖူးပါဘူး။

ပြဿနာက ကျွန်တော်တို့ အပြေးပြိုင်မယ့် ရက်ကို ဘယ်တော့ လုပ်မယ် ဆိုတာ ကြိုမပြောပါဘူး။ အဲဒီခေတ်က စနေနေ့ နေ့ဝက် ရုံးတက် အလုပ် လုပ်ရတဲ့ ကာလပါ။ အဲဒီ စနေ နေ့တစ်ဝက်ကို ကျွန်တော်တို့ နေ့ဝက် ကျောင်းက ပြန်လာလို့ နေ့လယ်စာ စားပြီးတာနဲ့ ပထမနှစ် အားလုံး တန်းစီပြီး အခု Steeple Chase ပြိုင်ပွဲ စမယ်လို့ ကြေငြာတာပါ။

အဲဒီတုန်းက အထာတွေ နားမလည်တော့ လူကြီးတွေက မျှတစေလိုတဲ့ စိတ်နဲ့ လုပ်တယ်လို့ ယူဆခဲ့ပါတယ်။ နောက်ပိုင်းမှ သဘောပေါက်လာတာက မသမာတဲ့ သဘော ပါခဲ့တယ်လို့ သိရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ တပ်ခွဲက အနိုက်ခံခဲ့ရတဲ့ သဘောပါ။ အဲဒီ ပြေးပွဲမှာ ဘမြင့် (၁၇၈) တစ်ယောက်ပဲ ဒုတိယ နေရာက ပန်းဝင်နိုင်ခဲ့ပြီး ရှေ့ဆုံးက အမြဲ ပန်းဝင်လေ့ ရှိတဲ့ ကျွန်တော်နဲ့ မျိုးမြင့် (၁၇၂) တို့က အဆင့် ၁၆၊ ၁၇ မှာပဲ ပန်းဝင်နိုင်ပါတယ်။ စုစုပေါင်း ပြိုင်တာမှ ၂၂ ယောက်တည်းပါ။

ကျွန်တော့်အတွက်တော့ ပြေးစကတည်းက စိတ်တွေ ရှုပ်ထွေးနေပါတယ်။ ပြေးရမယ့် လမ်းကြောင်းကလည်း ကျွန်တော်တို့ တစ်ခါမှ မပြေးဖူးတဲ့ စစ်တက္ကသိုလ် နောက်ကျောက အမိုက်ကျင်း ရွာကို ဖြတ်ပြေးရမှာဖြစ်ပြီး စစ်ရေးပြကွင်းနားက ကျောက်တောင်နားမှာ ပန်းဝင်ရမှာ ဖြစ်ပါတယ်။ ပြီးတော့လည်း ကျွန်တော်တို့ အရင် လေ့ကျင့်ထားတာက ကတ္တရာလမ်းပေါ်မှာပါ။ အခု ပြေးရတာက ကုန်းတက်၊ ကုန်းဆင်း များတဲ့ လှည်းလမ်း တစ်လျှောက်မှာ ပြေးရတာပါ။

ပြိုင်ပွဲဝင်ဖို့ အသင့်မဖြစ်တာရယ်၊ နေ့လယ်စာ စားပြီးခါစ ဖြစ်နေတာရယ်ကြောင့် ကျွန်တော်ဟာ ခါတိုင်းလို ပြေးရှိန်မြှင့်လို့ မရပါဘူး။ ဒီထက် ဆိုးတာက အမောမဖောက်စဖူး ဖောက်ပြီး ပြေးလမ်းက အပြင် ထွက်ပြီး အနားယူချင်တဲ့စိတ်တောင် ပေါက်လာပါတယ်။ ဒါပေမဲ့ မနည်းအားတင်းပြီး ပြေးတော့မှ ပန်းဝင်နိုင်ခဲ့တာပါ။ အချုပ်ပြောရရင် သမ္မတ တပ်ခွဲ ပြိုင်ပွဲအတွက် ပထမနှစ် ဗိုလ်လောင်း ကျောင်းသားတွေ အနေနဲ့ အနော်ရထာ တပ်ခွဲက အနိုင်ရသွားပါတယ်။

ဒုတိယနှစ် ဗိုလ်လောင်းတွေ အတွက် ဘားကျွမ်းပြိုင်ရတယ် ထင်ပါတယ်။ တတိယနှစ် ဗိုလ်လောင်းတွေ အတွက်က သေနတ်ပစ်ပြိုင်ပွဲပါ။ ကျွန်တော် မှတ်မိသလောက် ရေးရတာပါ။ သိပ်မသေချာဘူးလို့ပဲ ဆင်ပါတယ်။ အချုပ်ပြောရရင်တော့ အဲဒီနှစ်မှာ အနော်ရထာကပဲ အနိုင်ရသွားလို့ သမ္မတ တပ်ခွဲ အဖြစ် ဆက်လက် တည်ရှိနေတယ်ပေါ့။

## ကျောင်းဆင်းပွဲများ

၁၉၅၉ ခုနှစ်၊ ဧပြီလမှာ DSA ရဲ့ ပထမဆုံး အပတ်စဉ် ၁ ကျောင်းဆင်းခဲ့ပါတယ်။ ကျွန်တော်တို့ မမီလိုက်ပါဘူး။ ကျွန်တော်တို့က ဖွန်လမှ မေမြို့ကို ရောက်တာပါ။ အပတ်စဉ် ၁ က အစ်ကိုကြီးများကို မတွေ့မြင်လိုက်ရပေမဲ့ နောက်ပိုင်းတပ်တွေမှာ အမှုထမ်းရင်း သော်လည်းကောင်း၊ သင်တန်းတွေ တက်ရင်း သော်လည်းကောင်း အပတ်စဉ် ၁ က ပုဂ္ဂိုလ်ကြီး အားလုံးလိုလိုကို တွေ့ကြုံ သိကျွမ်းခဲ့ပါတယ်။

၁၉၆၀ ခု၊ ဧပြီလမှာ အပတ်စဉ် ၂ ကျောင်းဆင်းခဲ့ပါတယ်။ ကျောင်းဆင်းပွဲမှာ ကျောင်းသားကြီး တပ်ခွဲ စစ်ရေးပြကွင်းက ထွက်ခွာသွားတော့ ကျွန်တော်တို့ ဂျူနီယာ တပ်ခွဲတွေက အလေးပြုရင်း ကျန်ရစ်ခဲ့ပါတယ်။ ထွက်ခွာချိန်မှာ ကမ္ဘာကျော် ပြင်သစ်တေးသွား "ဒွေခွန်းလံဆိုင်း" နဲ့ ထွက်ခွာသွားတော့ ကျွန်တော် တို့မှာ ဆွေးဝ.ါမြွေမြွေ ခံစားကြရပါတယ်။

အပတ်စဉ် ၁ တုန်းက အောင်စစ်သည်ဆု ကိုသောင်း၊ လေ့ကျင့် ထူးချွန်ဆု ကိုဗိုလ်ရှိန်းနဲ့ စာပေ ထူးချွန်ဆု ကိုစံလွင်တို့ ရကြပါတယ်။ ၁၉၆၀ ခု၊ ဧပြီလမှာတော့ အပတ်စဉ် ၂ ကျောင်းဆင်းပွဲ လုပ်ရပါတယ်။ အောင်စစ်သည်ဆုကို ဆိုဒီယမ် ကိုစိုးကြီးက ရပြီး၊ စာပေ ထူးချွန်ဆုကို မျက်ပြူး (ခ) ဗီးကွက် ကိုထွန်းလွင်က ရပြီး လေ့ကျင့် ထူးချွန်ဆုကို ကိုထွန်းအောင်ကျော်ကြီးက ဆွတ်ခူးသွားပါတယ်။

အောင်စစ်သည်ဆုကို ကျွန်တော်တို့ ခေတ်က အင်္ဂလန် နိုင်ငံ၊ Sheffield မြို့ ထုတ်လုပ်တဲ့ ငွေဓားဆု ချီးမြှင့်ပါတယ်။ လက်ကိုင်ကွင်းနဲ့ ဓားအိတ် အကွပ်တွေကို ရွှေရည်စိမ် သတ္တုတွေနဲ့ လုပ်ထားတာပါ။ ကျွန်တော့် ဓားဆိုရင် ၁၉၆၃ ခုနှစ်က ဆုရထားပြီး ယခုချိန်ထိ အရောင် မပျက်သေးပါဘူး။ လေ့ကျင့် ထူးချွန်ဆု ကိုတော့ ခြောက်လုံးပြူး တစ်လက် ချီးမြှင့်ပါတယ်။ စာပေ ထူးချွန်ဆုကိုတော့ ခုခေတ်မှာတော့ ဘယ်လို ပေးသလဲ မသိပါဘူး။ ကျွန်တော်တို့တုန်းက ရတဲ့ ရွှေတံဆိပ်က ရွှေအစစ် နှစ်ကျပ် တစ်မတ်သား ရှိပါတယ်။ ကျွန်တော် ၁၉၇၇ ခုနှစ် တပ်က ထွက်ရတော့ ကျွန်တော် ရတဲ့ ရွှေတံဆိပ်ကို ရောင်းစားလိုက်ပါတယ်။ အဲဒီ ခေတ်က ရွှေ တစ်ကျပ်သားမှ ငွေ ၆၀၀ ကျပ်လောက်ပဲ ရှိမယ် ထင်ပါတယ်။ သင်တန်း တစ်ခုမှာ ဆုရဖို့ ဆိုတာ မလွယ်ပါဘူး။ စစ်တက္ကသိုလ်လို နေရာမျိုးမှာ ဆု နှစ်ဆု ရဖို့ဆိုတာ ပိုပြီး မလွယ်ပါဘူး။

အဲဒီလို ခက်ခက်ခဲခဲ ရတဲ့ ရွှေတံဆိပ်ကို ရောင်းစားတာ သိရတော့ တချို့လူတွေက ကျွန်တော့်ကို အပြစ် ပြောချင်နေပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော်ကတော့ အဲဒီသဘောမျိုး မရှိတော့ပါဘူး။ ဥပမာ- ကျွန်တော် ကြီးပြင်းလာလို့ သားသမီးတွေကို ဒီဆုတွေ အကြောင်း ပြောပြရင် အများကြီး ရှင်းပြရမှာမို့လို့ပါ။ သူတို့ မေးမှာက ဒီလိုဆုတွေ ရရဲ့သားနဲ့ ဖေကြီး ဘာလို့ တပ်က စောစောစီးစီး ထွက်ရသလဲ မေးရင် ရှည်လျား ဝေ များစွာ ပြန်ဖြေရမယ့် အလုပ် သက်သာချင်လို့ပါ။

## ဒုတိယနှစ် ဖြစ်စဉ်များ

ဒုတိယနှစ်က စကတည်းက ယဉ်သကိုလို့ ပြောရမှာပါ။ အကြောင်းက ဘာလဲဆိုတော့ ကျွန်တော့်ညီ မောင် ညိုနဲ့ စစ်တက္ကသိုလ် ဗိုလ်လောင်း အပတ်စဉ် ၆ ရဲ့ ဗိုလ်လောင်း တစ်ယောက် အနေနဲ့ ရောက်လာတာ ဖြစ်ပါတယ်။ ၁၉၆၀ ခု၊ ဧပြီလမှာ အပတ်စဉ် ၂ ကျောင်းဆင်းတော့ မေလကုန် အထိ ဗိုလ်လောင်း အားလုံး ခွင့်တစ်လ ရပါတယ်။ အဲဒီတော့ ကျွန်တော် မိတ္ထီလာကို ပြန်တာပေါ့။ တစ်လလုံး နေခဲ့ရာမှာ မောင်ညိုနဲ့ စစ်တက္ကသိုလ် လျှောက်ထားတယ် ဆိုတာ ဘယ်သူမှ ကျွန်တော့်ကို မပြောပါဘူး။ အထူးသဖြင့် အဖေပေါ့။

အကြောင်းကတော့ ကျွန်တော် စဉ်းစားလို့ ရပါတယ်။ ကျွန်တော်နဲ့ ညီနွဲ့က ငယ်ငယ် ကတည်းက မတည့်ပါဘူး။ နှစ်ယောက်သား ယောင်ပေစူး ဘဝ ကတည်းက မကြာခဏ ရန်ဖြစ်တယ်၊ နပန်းလုံးကြပါတယ်။ နပန်းလုံးရင်းနဲ့ ဆွဲမိဆွဲရာ ဆွဲကြတဲ့အခါ ယောင်ပေစူးကိုပဲ ဆွဲမိနေကျတာပါ။ သူနဲ့ ကျွန်တော်နဲ့က ၁၈ လ ကွာပါတယ်။ ဒါပေမဲ့ ကျွန်တော်က ငါးနှစ်သား၊ သူက သုံးနှစ်သားလောက်ကတည်းက ကျွန်တော့်ထက် ပိုပြီး အရပ်ရှည်သွားပါပြီ။ သူက အရပ်အမောင်း ကောင်းတယ် ဆိုပြီး ကျွန်တော့်ကို ရန်စဖို့ ဝန်မလေးပါဘူး။

ကျွန်တော် မခံနိုင်လို့ သူ့ကို အတင်း နပန်းလုံးတဲ့အခါ သူက နိုင်တယ်လို့ မရှိပါဘူး။ ပြီးတော့ ကျွန်တော့်ကို သူက မကြာခဏ "မင်းနဲ့ ငါနဲ့" ပြောချင်ပါတယ်။ ကျွန်တော်က လက်မခံပါဘူး။ "ဟေ့ကောင်၊ ငါက အကြီး မင်းက အငယ်၊ ငါ့ကို နောက်တစ်ခါ မင်းနဲ့ ငါနဲ့ ပြောရင် နာမယ် အောက်မေ့" လို့ ဆိုပြီး ကြိမ်းရပါတယ်။ သူက ဆက်ပြောရင်တော့ ရန်ဖြစ်ကြ၊ နပန်းလုံးကြပေါ့။

မြို့ပေါ်ရောက်လို့ ကျွန်တော်က ရှစ်တန်း၊ သူက ခြောက်တန်းမှာတော့ သိပ်ရန်ဖြစ်လေ့ မရှိတော့ပါဘူး။ တခြား သူ ရန်ဖြစ်ရမယ့်လူတွေ အများကြီး ပေါ်လာခဲ့ပြီလေ။ ဒါပေမဲ့ ရပ်ကွက်ထဲမှာ ဘောလုံး ကစားရင် သူက ဘောလုံး ကန်တာထက် တစ်ဖက်လူကို ကန်တာ ပိုများပါတယ်။ သူနဲ့ ကျွန်တော်နဲ့ အတန်းတူဆိုရင် ကျွန်တော်က သူ့ကို အမြဲ သတိပေးရပါတယ်။ "ဟေ့ကောင်၊ လူမရှုနဲ့ ကောင်းကောင်း ကစား" ဆိုပြီး တော့ပေါ့။

အဖေက ငယ်ငယ် ကတည်းက ကျွန်တော်တို့ နှစ်ယောက် မတည့်တာကို သိလို့ သူ DSA လျှောက်တာ ကျွန်တော့်ကို အသိမပေးတာ ဖြစ်မှာပဲလို့ တွေးမိပါတယ်။ သူ ရောက်လာတော့ ကျွန်တော် အံ့ဩသွားပေမဲ့ အယ်သူမှ မသိလိုက်ပါဘူး။ ဖြစ်ချင်တော့ သူနဲ့ ကျွန်တော်နဲ့က တပ်ခွဲ တစ်ခွဲတည်း၊ ကျွန်တော်က တပ်စု ၆၊ သူက တပ်စု ၅ ပါ။

## ပြေးရန် ကြံကြသော်လည်း

ကျွန်တော် အပေါ်က ရေးထားခဲ့သလိုပါပဲ။ အပတ်စဉ် ၆ က Military Week လို့ ခေါ်တဲ့ စစ်ပညာတွေ သင်တဲ့ ဒုတိယ ရက်သတ္တပတ်လောက်မှာ ဖြစ်ခဲ့တာပါ။ အနော်ရထာ တပ်ခွဲက အပတ်စဉ် ၆ ဗိုလ်လောင်း အသစ်နှစ်ဦးဟာ ညအိပ်ချိန် ရောက်တာနဲ့ မှောင်ရိပ်ခိုပြီး DSA ကထွက်ပြေးဖို့ကြိုးစားကြပါတယ်။ နာမည်တွေကိုတော့ မပြောတော့ပါဘူး။

တကယ်တော့ ထွက်ပြေးချင်တဲ့သူက သူ့ ဘေးနားက ခုတင်မှာ အိပ်တဲ့ အခြားတစ်ယောက်ကို အဖော်ညှိတာပါ။ သင်တန်း နှစ်ပတ် သုံးပတ် ကာလမှာကို သူတို့က မခံမရပ်နိုင်အောင် ပင်ပန်းလှချည်ရဲ့လို့ ဆိုပြီး ပြေးဖို့ လုပ်ကြတာပါ။ နောက်မှ သူတို့ ပြန်ပြောလို့ သိရတာက တပ်စု ၃ ကနေ လမ်းကိုဖြတ်၊ ညနေတိုင်း PT ထုပ်တဲ့ကွင်းကို ဖြတ်၊ ပြီးရင် လှပ်းမြင်နေရတဲ့ ရထားလမ်း။ အဲဒီ ရထားလမ်း ရောက်ရင် သူတို့အတွက် မျှော်လေး ရောက်ဖို့ လမ်းစပွင့်ပြီ။ အဲဒီလို အတွေးနဲ့ သူတို့ နှစ်ယောက် တောစီးဖိနပ် ကိုယ်စီ စီး၊ စစ်ဘောင်းဘီ အပေါ်က စစ်ဆွယ်တာ ဝတ်ရင် သူတို့ ခရီးအတွက် လုံလောက်ပြီလို့ ထင်ကြပါတယ်။ ဦးထုပ်တော့ မဆောင်းကြပါဘူး။

ညအိပ်ချိန် ကိုးနာရီကျော်ပြီး၊ မီးတွေ မှိတ်၊ လူခြေတိတ်မှ သူတို့ ထွက်သွားကြပါတယ်။ လမ်းကို ဖြတ်၊ PT ကွင်းကို ဖြတ်၊ အဲဒီအောက်က ထိုစဉ်က လွင်ပြင်ဖြစ်နေတဲ့ နေရာကို ဖြတ်။ အဲဒီ အထိ အိုကေနေပါတယ်။ လွင်ပြင်ကျော်တာနဲ့ တောထဲ ရောက်ပါပြီ။ တောဆိုပေမဲ့ သစ်ကြီး၊ ဝါးကြီး မဟုတ်ပါဘူး။ ချုံပုတ်တွေနဲ့

လူတစ်ရပ်သာသာ ရှိတဲ့ အပင်လေးတွေပါ။ အဲဒီလိုနဲ့ သူတို့ နှစ်ယောက်ဟာ တစ်ညလုံး တောတိုးနေခဲ့ကြပါတယ်။

အဲဒီလို တလည်လည် ဖြစ်နေပြီး အရုဏ်လာခါနီးအထိ လမ်းပျောက်နေခဲ့ပါတယ်။ အလင်းရောင်လေး ပြုပြလာတဲ့အခါမှာ လူသွားလမ်း တစ်ခုကို တွေ့ပါတယ်။ လူသွားလမ်းကို တော်တော်လေး လျှောက်ပြီးတဲ့အခါမှာ လှည်းလမ်းကြောင်း တစ်ခုကို တွေ့ပါတယ်။ အဲဒီတော့ သူတို့ နှစ်ယောက်လည်း ဝမ်းသာအားရနဲ့ လှည်းလမ်းကြောင်းအတိုင်း လိုက်ကြပါတော့တယ်။ ဒီလိုနဲ့ နေလည်း ထွက်လာပါပြီ။ မနက် ခုနစ်နာရီလောက် ရောက်တော့ သူတို့ ဘယ်ညာ/ဘယ်ညာ အမောင်း ခံရတဲ့ စစ်ရေးပြကွင်းကို ရောက်လာပါတယ်။

သူတို့ ကံဆိုးချင်တော့ သူတို့ကို စစ်ရေးပြမောင်းတဲ့ ဆရာ ကရင် Karim က ကိစ္စတစ်ခုနဲ့ စစ်ရေးပြကွင်းကို ရောက်လာတဲ့အခါ သူတို့နဲ့ တည့်တည့် တိုးပါတော့တယ်။ ဆရာ ကရင်က သူတို့ကို ကောင်းကောင်း မှတ်မိပါတယ်။ လူပုံကလည်း ကြည့်ဦးလေ။ တောစီးဖိနပ်၊ စစ်ဘောင်းဘီ၊ စစ်ဆွယ်တာ အပြင် လောလော လတ်လတ် ညှပ်ထားတဲ့ "ဒုံပစ်" ပုံ ဆံပင်တိုတိုလေးတွေနဲ့ ဆိုတော့ ဆရာက "မင်းတို့ ဗိုလ်လောင်းတွေမို့လား" လို့ ပြောတဲ့အခါ ဘာမှ ငြင်းလို့ မရတော့ အချုပ်ခန်းထဲကို ဒုတ်ဒုတ်ထိ ရောက်သွားကြပါလေရော။

သူတို့ နှစ်ယောက်အကြောင်းကို ကျွန်တော်တို့ မနက်စာ စားတဲ့အချိန်မှာ သိလိုက်ရပါပြီ။ အဲဒီတုန်းက ဗိုလ်မှူးကြီး ခွန်နောင်းဟာ စိတ်ကောင်းဝင်နေပုံရပါတယ်။ ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး ခွန်နောင်းရဲ့ မှတ်ချက်က "DSA ဆိုတာ တော်ရုံလူ တော်ရုံ ဖွဲ့နဲ့ မဖြစ်ဖူး၊ ဒီက Training က ပြင်းလို့ ထွက်ပြေးတာ ကောင်းတယ်၊ အဲဒီတော့ ဒီဗိုလ်လောင်းတွေ ဆက်ထား" လို့ ပြောပါတယ်။ သူတို့ကို DSA က ထုတ်မပစ်ဘဲ တပ်တွင်း အချုပ် နှစ်ပတ်ချပြီးတော့ သင်တန်း ပြန်တက်စေပါတယ်။ သူတို့ နှစ်ယောက်ကြောင့် အနော်ရထာ တပ်ခွဲကလည်း နာမည် ပျက်ရသလို အပတ်စဉ် ၆ ကလည်း နာမည်ကောင်း မရပါဘူး။ သူတို့ နှစ်ယောက်ဟာ စာမေးပွဲထတွေ အောင်လို့ နောက်ဆုံးနှစ်အထိ လျှောလျှောရှုရှု ရောက်ခဲ့ပါတယ်။ ဒါပေမဲ့ သူတို့ နှစ်ယောက်အနက် တစ်ယောက်ဟာ အရာရှိ ဖြစ်ဖို့ကံ မပါလာဘူးထင်ပါရဲ့။ သူတို့ နောက်ဆုံးနှစ် ကျောင်းဆင်းမယ့်ရက် မတိုင်ခင် သုံးရက်မှာ အခြား ဗိုလ်လောင်းများနဲ့အတူ DSA က အပြီးအပိုင် ထုတ်ပယ်ခြင်း ခံရပါတယ်။ အဲဒီမှာ ကျွန်တော့်ညီ မောင်ညိုနွဲ့လည်း ပါသွားပါတယ်။ ဒီဖြစ်စဉ်ကို နောက်မှာပဲ အကျယ်တဝင့် ရေးပြပါမယ်။

## အပတ်စဉ် ၆ က ပထမနှစ်၊ အပတ်စဉ် ၃ က နောက်ဆုံးနှစ်

သူတို့ ရောက်လာတဲ့အခါမှာ အပတ်စဉ် ၃ က နောက်ဆုံးနှစ်ပါ။ ဗိုလ်လောင်း တပ်ရင်းမှူးက ကိုစိုးမြင့်-မျောက် (ကွယ်လွန်) ပါ။ တပ်ရင်း တပ်ရေးက ကိုကြည် (မီးတောင်) ဖြစ်ပါတယ်။ သူ့မျက်နှာက အမြဲတမ်း ဝက်ခြံတွေ ဗရပွ ဖြစ်နေတဲ့အတွက်ကြောင့် အဲဒီနာမည် ရနေတာပါ။ တပ်ခွဲမှူးတွေကတော့ အနော်ရထာက ကိုလှမြင့် (ခေါင်းကြီး) နဲ့ ကိုဝင်းစိန် (ဒူလေး) တို့ ဖြစ်ကြပါတယ်။ ကိုဝင်းစိန်က အဲဒီနာမည်ကို အရာရှိ ဖြစ်ပြီး DSA ပြန်ရောက်မှ သူ့တပည့် ဗိုလ်လောင်းတွေက ပေးတဲ့ နာမည်ပါ။ သူနဲ့ တစ်ချိန်တည်း DSA ရောက်နေတဲ့ တပ်ခွဲမှူး ဗိုလ်ကြီး မြင့်အောင်ကိုကျတော့ ဗိုလ်လောင်းတွေက ဒူကြီးလို့ နာမည် ပေးပါတယ်။ အဲဒီ ဒူကြီး ဆိုတဲ့လူက နောင်တစ်ချိန် နဝတ တက်လာတဲ့ အခါမှာ နဝတ အဖွဲ့ဝင် ဝန်ကြီး၊ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်အောင် ဖြစ်ပါတယ်။

ကျွန်တော်တို့ တပ်စု ၆ တပ်စုမှူးကတော့ ကိုခင်အောင်ဇလပါ။ သူနဲ့ ပတ်သက်လို့ ဟာသလေး တစ်ခု ရှိပါတယ်။ သူ တတိယနှစ်မှာ တာဝန်ကျတော့ ဗိုလ်လောင်း ရိပ်သာ Mess ရှေ့က ကြော်ငြာ သင်ပုန်းမှာ

"သနေ့ တာဝန်ကျဗိုလ်လောင်း" ဆိုတဲ့ စာတမ်း ရှိပါတယ်။ အဲဒီနေ့က ကိုခင်အောင်ဗလက တတိယနှစ်အနေနဲ့ တာဝန်ကျတော့ "ဗလ ခင်အောင်ဗလ" လို့ ရေးထားပါတယ်။

ကျွန်တော်တို့ ပထမနှစ် ဗိုလ်လောင်းတွေမှာ ရောက်တာနဲ့ လုပ်ဆောင်ရမယ့် အချက်တွေ ရှိပါတယ်။ အဲဒီလို အချက်တွေထဲမှာ စီနီယာ ဗိုလ်လောင်းတွေရဲ့ နာမည်တွေကို သိအောင်လုပ်ရတဲ့ တာဝန်ပါ။ ကျွန်တော်တို့ထဲက တစ်ယောက်က (နာမည်တော့ မပြောတော့ပါဘူး) တစ်ယောက်က ကျွန်တော်တို့ရဲ့ နာမည်ရေးရင် ရှေ့ကလည်း "ဗလ"၊ နောက်ကလည်း "ဗလ" ထည့်ရတယ်လို့ ထင်တော့ သူ့နာမည် အောင်သူ ဆိုပါတော့။ စီနီယာ တစ်ယောက်က သူ့ကို "နာမည်" လို့ မေးရင်သူက "ဗလအောင်သူဗလ" လို့ သတိဆွဲပြီး ဖြေတဲ့အခါ မေးတဲ့ စီနီယာ ဗိုလ်လောင်းက အစတော့ ကြောင်သွားပြီး ခဏနေတော့ ခွက်ထိုးခွက်လန် ရယ်ပါတော့တယ်။

ကိုခင်အောင်ဗလရဲ့ နာမည်က အဲဒီလောက်ထိ ဂယက်ရိုက်ခဲ့တာပါ။ သူဟာ ဒုတပ်မမှူး/ဗိုလ်မှူးကြီး အဆင့်ထိ ရောက်ခဲ့ပြီး နောက်ဆုံးမှာ ပုလဲနှင့် ငါး ကော်ပိုရေးရှင်း ဦးဆောင် ညွှန်ကြားရေးမှူး အဆင့်နဲ့ အငြိမ်းစားယူခဲ့ပါတယ်။ အခုတော့ ကွယ်လွန်သွားရှာပါပြီ။ ကိုခင်အောင်ဗလဟာ စစ်သွေး၊ စစ်မာန်အပြည့်နဲ့ စစ်သားကောင်း တစ်ယောက်ပါ။ တပ်မတော်မှာ ဒုတိယ တပ်မမှူး အဆင့်ထိ တာဝန် ထမ်းဆောင်ခဲ့ပါတယ်။

## သမ္မတ တပ်ခွဲရဲ့ လုပ်ထုံးလုပ်နည်း တစ်ခု

ကျွန်တော်တို့ တပ်ခွဲမှူးဖြစ်တဲ့ ကိုဝင်းစိန်ဟာ အင်မတန် ကြိုးစားပါတယ်။ အထူးသဖြင့် သမ္မတ တပ်ခွဲ ပြိုင်ပွဲနဲ့ ဆက်သက်တဲ့ ကိစ္စတွေမှာ သူက အနီးကပ် ကြီးကြပ်ပါတယ်။ အပတ်စဉ် ၆၊ ပထမနှစ် ကျောင်းသားများရဲ့ Steeple Chase ဆိုရင်လည်း စီနီယာ ဗိုလ်လောင်းတွေကို တာဝန်ပေးပြီး ရံဖန်ရံခါ အပြေး လေ့ကျင့်ရာမှာ သူပါ လိုက်လေ့ရှိပါတယ်။ နောက်ဆုံးနှစ် ဗိုလ်လောင်းများ အတွက် ပြိုင်ပွဲ ဖြစ်တဲ့ အထွေထွေ အခက်အခဲ ပြိုင်ပွဲမှာလည်း သူကိုယ်တိုင် ပါဝင် လေ့ကျင့်လေ့ရှိပါတယ်။ အလျဉ်းသင့်တုန်း နောက်ဆုံးနှစ် ဗိုလ်လောင်း တိုင်း ပါဝင်ဆင်နွှဲရတဲ့ ပြိုင်ပွဲကတော့ ချေမှုန်းရေး ပြိုင်ပွဲပါ။ (Assault ပါ)

## အထွေထွေ အခက်အခဲ ပြိုင်ပွဲ

အမည် ဆိုကတည်းက နောက်ဆုံးနှစ် ဗိုလ်လောင်းအားလုံး တပ်ခွဲလိုက် စစ်ဝတ်စုံအပြည့် ဝတ်ရပါတယ်။ စစ်ဝတ်စုံအပြည့် ဆိုရာမှာ တောစီး ဖိနပ် (သို့မဟုတ်) လည်ရှည် သားရေဖိနပ်၊ စစ်ဘောင်းဘီ၊ စစ်အင်္ကျီ ပြီးတော့ ကျောပိုးအိတ် အသေးစားနဲ့ ရေဘူး၊ လုံ့စွပ်၊ သေနတ်နဲ့ ကျွန်တော်တို့ နှစ်တွေတုန်းကတော့ ဖိုင်ဘာ ဦးထုပ် (Fibre helmet) တွေကို အပြည့်အစုံ ဝတ်ရပါတယ်။ ပြိုင်ပွဲ စတာနဲ့ မီးခိုးငွေ့တွေ လွှတ်ထားတဲ့ သံဆူးကြိုး အခက်အခဲကို မိချောင်းသွား သွားပြီး ဖြတ်ရပါတယ်။ သံဆူးကြိုး အတားအဆီး ဆိုတာက သံဆန်ခါလို ရစ်ထားတဲ့ သံဆူးကြိုးတွေကို အပေါ်က မိုးထားပါတယ်။ ဘေးတစ်ဖက်တစ်ချက်မှာ တစ်ပေခွဲလောက် ရှိတဲ့ သံငုတ်တွေနဲ့ ထောက်ထားပါတယ်။ အကျယ်က လူ သုံး-လေးယောက်စာလောက်ပဲ ရှိပါတယ်။

စပြေးပြီ ဆိုတာနဲ့ အချိန်မှတ်ပါတယ်။ ဗိုလ်လောင်းတွေဟာ လေးယောက် တစ်တွဲလောက် တန်းစီ ထားပါတယ်။ အချက်ပေးပြီ ဆိုတာနဲ့ ရှေ့ဆုံးတန်းက ဗိုလ်လောင်းတွေက သေနတ် အသင့်ပြင် အနေအထားနဲ့ ပြေးပြီး သံဆူးကြိုး အတားအဆီးအောက်ကို မိချောင်းသွားနဲ့ အမြန်ဆုံး တွားသွားကြပါတယ်။ အဲဒီ သံဆူးကြိုး

အတားအဆီးဟာ ပေ ၂၀ လောက် ရှည်မယ် ထင်ပါတယ်။ သူတို့ တစ်ဘက်ကို ရောက်သွားပြီ ဆိုတာနဲ့ နောက်တစ်ဖွဲ့ ဝင်ကြရပါတယ်။

ဖြတ်ကျော်ပြီးတဲ့ ဗိုလ်လောင်းတွေက အပြေးတက် အနေအထားနဲ့ ကိုက် ၂၀ လောက် ဝေးတဲ့ သစ်ပင်ဆီကို ပြေးသွားရပါတယ်။ အသင့်ကျနေတဲ့ ကြိုးကို ဆွဲတက်ပြီး သံကြိုး နှစ်ကြိုး တန်းထားတာကို အောက်သံကြိုးကို ခြေထောက်နဲ့ နင်း၊ အပေါ်သံကြိုးကို လက်က ဆွဲပြီး တစ်ဖက် သစ်ပင်ကို ရောက်အောင် အမြန်ကူးကြရပါတယ်။ သစ်ပင် ရောက်တဲ့အခါ ကြိုးနဲ့ အောက်ကို ဆွဲဆင်းရပါတယ်။

တတိယ ကြုံရတဲ့ အခက်အခဲက လူတစ်ရပ်စာလောက် နက်တဲ့ မြောင်းတစ်ခုကို ဒီဘက်ကမ်းက ကြိုးကို ဆွဲ၊ တစ်ဖက်ကမ်းကို ရောက်အောင် လွဲပြီးကူးရတာပါ။ မြောင်းထဲမှာ မီးခိုးငွေ့တွေ လွှတ်ထားတော့ မြောင်းတစ်ဘက်ကမ်းကို မမြင်ရပါဘူး။

လွဲကူးတဲ့ ဗိုလ်လောင်းတွေက ဟိုဘက်ကမ်း ရောက်တဲ့လူက ရောက်၊ မရောက်လို့ မြောင်းထဲ ပြုတ်ကျတဲ့လူက ပြုတ်ကျနဲ့ ဖြစ်ကုန်ပါတယ်။ ဘေးက စောင့်ကြည့်နေတဲ့ ဆရာတွေက အမှတ်ပေးခြင်း၊ လျှော့ခြင်း လုပ်ကြပါတယ်။ အဲဒီအပိုင်း ပြီးတဲ့အခါကျတော့ ကိုက် ၂၀၀ လောက် ကျယ်ပြန့်တဲ့ ကွင်းပြင်ကို အပြေးဖြတ်ကြရတာပါ။

အဲဒီကွင်းကို ဖြတ်ကျော်ပြေးတဲ့အခါမှာ မိုင်းကွင်းကို ဖြတ်ရတဲ့သဘောမျိုးနဲ့ မိုင်းတွေ ကွဲပါတယ်။ ပြီးတော့ လူတွေကို ကျော်ပြီး တကယ့် ကျည်အစစ်တွေနဲ့ ပစ်ပါသေးတယ်။ ဘရင်းဂန်းနဲ့ပါ။ ဒီကဏ္ဍကို ကျွန်တော်တို့ ဗိုလ်လောင်းတွေ ဖြတ်သန်းတဲ့အခါမှာ မိုင်းထောင်ရာမှာလည်း လူတွေကို မထိအောင်၊ သေနတ်နဲ့ ပစ်တဲ့အခါမှာလည်း ဗိုလ်လောင်းတွေပေါ်က ကျည်ကျော်သွားအောင် ဂရုစိုက် ပစ်ခတ်ရပါတယ်။ ဒီနေရာကို ကျွန်တော်တို့ ဗိုလ်လောင်းတွေ ဖြတ်တဲ့အခါမှာ သေနတ်သံ၊ ဗုံးသံတွေ ဆူညံနေပါတယ်။ ဘေးက ဆရာတွေနဲ့ သူငယ်ချင်းတွေရဲ့ အားပေးသံတွေကိုလည်း ကြားနေရပါတယ်။

အဲဒီနေရာကို ဖြတ်သန်းပြီးတဲ့အခါမှာ လိုဏ်ခေါင်းကို လေးဘက်ထောက် အနေအထားနဲ့ ဖြတ်သန်းရတာပါ။ ဒီနေရာမှာ အဆင့် နှစ်ဆင့် ရှိပါတယ်။ ပထမ အဆင့်ကတော့ လိုဏ်ခေါင်း တစ်ခုတည်းကို ကိုက် ၂၀ လောက် ဝင်ပြီးတဲ့အခါ ခါးဆစ်ချိုးအနေနဲ့ ထွက်ရမယ့် နေရာမှာ လိုဏ်ခေါင်း သုံးခုကို တွေ့ရမှာ ဖြစ်ပါတယ်။ အဲဒီ သုံးခုမှာ နှစ်ခုကို ပိတ်ထားပြီး ထွက်ပေါက် အမှန်က လိုဏ်ခေါင်း တစ်ခုပဲ ဖြစ်ပါတယ်။ အဲဒီနေရာ ရောက်တဲ့အ ခါတိုင်းမှာ လိုဏ်ခေါင်း သုံးခုစလုံးကို ဗိုလ်လောင်း သုံးယောက်က ဝင်သွားရပါတယ်။

ထွက်ပေါက် အမှန် ရောက်တဲ့ဗိုလ်လောင်းက "နံပါတ် တစ် ဟော့ (သို့) နံပါတ် သုံး ဟော့" လို့ လှမ်းအော်တဲ့ အခါ လိုဏ်ခေါင်းထဲက စောင့်နေတဲ့ ဗိုလ်လောင်းတွေက အမှန်အတိုင်း ထွက်သွားကြရပါတယ်။ အပေါက်ဝ ပိတ်ထားတဲ့ လိုဏ်ခေါင်းထဲကို ဝင်သွားရတဲ့ ဗိုလ်လောင်းတွေက နောက်ပြန်သွားပြီးမှ ပွင့်နေတဲ့ လိုဏ်ခေါင်းကို အများနောက်က လိုက်ထွက်ကြရပါတယ်။

နောက်ဆုံး ဒုတိယ အတားအဆီးကတော့ ၁၀ ပေလောက် မြင့်တဲ့ အုတ်နံရံကို ကျော်တက်ရခြင်းပါ။ အဲဒီမှာတော့ ဗိုလ်လောင်း အားလုံး စုံအောင် စောင့်ရပါတယ်။ အရပ်ရှည်တဲ့ ဗိုလ်လောင်းတွေကို ဒီနေရာမှာ အားကိုးရပါတယ်။ သူတို့က သေနတ်ကို တခြားတစ်ယောက် အပ်ထားပေးပြီး ၁၀ ပေ အကွာလောက်က အရှိန်နဲ့ ပြေးလာ၊ အနားရောက်တော့မှ နံရံကို ခြေထောက်နဲ့ ထောက်ကန်ပြီး မြောက်လာတဲ့အခါမှာ နံရံ ထိပ်ဖျားကို လက်နဲ့ လှမ်းကုတ်ရတာပါ။

ရပြီဆိုတာနဲ့ နောက်လက်တစ်ဖက်ပါ လှမ်းချိတ်ပြီး ဆွဲတင်ရပါတယ်။ သူ့လိုလူ နှစ်ယောက်လောက် အပေါ် ရောက်တဲ့အခါ ကျွန်တော်တို့လို အရပ် မမြင့်တဲ့သူကို ဆွဲတင်ရပါတယ်။ ဒါကလည်း သိပ်တော့ မလွယ်ပါဘူး။ ဗိုလ်လောင်း နှစ်ယောက်က ဒူးထောက်ပြီးတော့ ရိုင်ဖယ် သေနတ်ကို ကိုင်ထားပြီး ကျော်မယ့်လူက အဲဒီ သေနတ်ပေါ် တက်ပြီး အုတ်နံရံ ထိပ်ဖျားကို လှမ်းချိတ်ပြီး ကျော်ရတာပါ။ အပေါ်က လူတွေကလည်း ကူပြီး ဆွဲတင်ရပါတယ်။

နောက်ဆုံး အဆင့်ပါ။ စက်ပစ်ကွင်း သဘောမျိုးနဲ့ ရှေ့မှာ လေးပေ ပတ်လည်ရှိတဲ့ ပစ်မှတ်တွေကို ထောင်ထားပြီး ကျည်အစစ်နဲ့ ပစ်ရတာပါ။ အဲဒီအချိန်မှာ ဗိုလ်လောင်းတိုင်းလိုလို ခြေကုန်လက်ပန်းကျနေပါပြီ။ ပစ်မှတ်ကို ပစ်တဲ့အခါ မှန်တဲ့လူက မှန်၊ မမှန်တဲ့လူက မမှန်ပေါ့။ မှန်ပြန်ရင်လည်း ဗဟိုချက်နဲ့ နီးတဲ့လူက နီး၊ ဝေးတဲ့လူက ဝေးပေါ့။ သဘာဝပါပဲ။ ဒီလို နောက်ဆုံးကဏ္ဍ ပြီးတဲ့အခါ စံချိန်တွေယူပြီး အနိုင်၊ အရှုံး ဆုံးဖြတ်တာပါ။ အပတ်စဉ် ၃ နောက်ဆုံးနှစ် ဒီပြိုင်ပွဲမှာတော့ ကျွန်တော်တို့ ဘုရင့်နောင်တပ်ခွဲက နိုင်ပါတယ်။ အဲဒီ ပြိုင်ပွဲရဲ့ ထူးခြားချက်က ပြိုင်ပွဲရဲ့ နောက်ဆုံး ပန်းဝင်သူရဲ့ စံချိန်နဲ့ အနိုင် အရှုံး သတ်မှတ်ရတာပါပဲ။

## သမ္မတ တပ်ခွဲ အလံ ပြောင်းလဲ အပ်နှံခြင်း အခမ်းအနား

အဲဒီနှစ်က ကျွန်တော်တို့ တပ်ခွဲ (ဘုရင့်နောင်) က နိုင်ပါတယ်။ နိုင်တော့ စစ်ရေးပြကွင်းမှာ အခမ်းအနားနဲ့ သမ္မတ အလံ လွှဲပြောင်းပေးခဲ့ပါတယ်။ အနော်ရထာ တပ်ခွဲမှူးက ခေါင်းကြီး လှမြင့်ပါ။ ဒီနေရာမှာ ကျွန်တော် မှတ်မိသလောက် ရေးပြပါ့မယ်။ သိပ်အရေးကြီးတဲ့ ကိစ္စ မဟုတ်သော်လည်းပဲ အဲဒီအချိန်တုန်းက ကျွန်တော် တို့ ဘယ်လို ဖြတ်သန်းရတယ် ဆိုတာကို သိစေချင်လို့ မှတ်တမ်း အဖြစ် ရေးပြရတာပါ။ အသေးစိတ် အချို့ကိုတော့ မေ့ကုန်ပါပြီ။

၁၉၆၀ ခုနှစ်ထဲလို့ ထင်ပါတယ်။ တကယ်တော့ သမ္မတ အလံ ဆိုတာ ထိုစဉ်က သမ္မတ ကိုယ်တိုင် သူကိုယ်စားပြုတဲ့ အလံကို အောင်နိုင်တဲ့ တပ်ခွဲကို ချီးမြှင့်ခဲ့တာပါ။ သမ္မတ တပ်ခွဲ အပြောင်းအလဲကို သမ္မတ ကိုယ်တိုင် လာရောက် မချီးမြှင့်နိုင်တဲ့အတွက် ကျောင်းအုပ်ကြီးက ကိုယ်စားပြု လွှဲပြောင်းပေးရမှာ ဖြစ်ပါ တယ်၊ ထိုစဉ်က သမ္မတဟာ ကရင် အမျိုးသား မန်းဝင်းမောင် ဖြစ်ပါတယ်။

အနော်ရထာနဲ့ ဘုရင့်နောင် တပ်ခွဲတို့ရဲ့ သမ္မတ အလံ အပြောင်းအလဲကို ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး ချမ်းနောင်း တက်ခဲ့ပါတယ်။ ဒုတိယ ကျောင်းအုပ်ကြီး ဗိုလ်မှူး ကျော်ညွန့်၊ လေ့ကျင့်ရေး တပ်ရေး၊ တပ်ခွဲမှူး များနဲ့ တပ်စုမှူး အရာရှိများ အားလုံး တက်ရောက်ကြပါတယ်။ ရှေ့ကနေ ကြည့်ရင် သမ္မတ တပ်ခွဲဖြစ်တဲ့ အနော်ရထာ တပ်ခွဲက ဝဲဘက်မှာ ရှိပြီး ညာဘက်မှာတော့ ဘုရင့်နောင် တပ်ခွဲပါ။ စစ်ရေးပြ ထုံးစံအတိုင်း တပ်ခွဲ နှစ်ခွဲဟာ ကျောင်းအုပ်ကြီးကို အနေးလျှောက်၊ အမြန်လျှောက်တွေနဲ့ အလေးပြုရပါတယ်။

အဲဒီအချိန်မှာ အနော်ရထာ တပ်ခွဲရဲ့ အလယ်ကောင်မှာ သမ္မတ အလံနဲ့ အလံကိုင် တပ်ဖွဲ့ ရှိပါတယ်။ ဘုရင့်နောင် တပ်ခွဲမှာတော့ အလယ်တည့်တည့်မှာ အလံကိုင် တပ်ဖွဲ့ ရှိပါတယ်။ အလံကိုင်ရမယ့် ဗိုလ်လောင်း ကိုလည်း အသင့် ရွေးထားပြီးသားပါ။ စစ်ရေးပြပြီးလို့ တပ်ခွဲတွေ နေရာယူပြီးတဲ့အခါ လေ့ကျင့်ရေး တပ်ရေးက နေရာ ယူပြီး "အလံကိုင် အဖွဲ့များ ရှေ့ထွက်" ဆိုပြီး အမိန့်ပေးပါတယ်။ အဲဒီအခါမှာ တပ်ခွဲ နှစ်ခွဲက အလံကိုင် အဖွဲ့တွေဟာ ရှေ့ကို ထွက်လာပြီး ရပ်ပါတယ်။ ပြီးရင် ဘယ်/ညာ လှည့်ပြီး မျက်နှာချင်းဆိုင်ကြပါတယ်။ ပြီးမှ အနော်ရထာ အလံကိုင်သမားက ဘုရင့်နောင် တပ်ခွဲရဲ့ အလံကိုင်သမားကို သမ္မတ အလံ လွှဲပေးပါတယ်။

## ယားကျိကျိ အခမ်းအနား

ဒီအခမ်းအနားအတွက် ကျွန်တော်တို့ တပ်ခွဲ နှစ်ခွဲလုံး အကြို စမ်းသပ် လေ့ကျင့်မှု (Rehearsal) အကြိမ်ကြိမ် ကျင့်ပြီးခဲ့ပါပြီ။ အဲဒီလို အလံ အပြောင်းအလဲ လုပ်နေတဲ့ အချိန်မှာလည်း ဘင်ခရာအဖွဲ့က ဆီလျော်ရာ တီးလုံးနဲ့ ပံ့ပိုးပေးပါတယ်။ အလံကိုင် အဖွဲ့ နှစ်ဖွဲ့ ကိုယ့်တပ်ဖွဲ့ကို ပြန်ရောက်တဲ့အခါ စစ်ရေးပြမှူးက တပ်ခွဲများ အတန်းချဲ့ရန် အမိန့်ပေးပါတယ်။ နောက်ဆုံး အစီအစဉ်အတွက်ပါ။ အတန်းချဲ့ပြီးတဲ့အခါ စစ်ရေးပြမှူးက "အနော်ရထာ တပ်ခွဲ နေမြဲ၊ သမ္မတ တပ်ခွဲ ညာလှည့်" ဆိုပြီး အမိန့်ပေးပါတယ်။ အဲဒီအချိန်မှာ ဘုရင့်နောင် (သမ္မတ တပ်ခွဲမှူး ကိုဝင်းစိန်- နောင်တွင် မီးရထားဝန်ကြီး ဖြစ်လာသူ။) တပ်ခွဲမှူးက "သမ္မတ တပ်ခွဲ အနေးလျှောက်" ဆိုပြီး အမိန့်ပေးပါတယ်၊ ကိုဝင်းစိန် အသံက အောင်သေ အောင်သား စားရမယ့် ပုံစံမျိုး ပေါက်နေပါတယ်။

ဖြစ်ပုံကလည်း ကြည့်လေ။ သမ္မတတပ်ခွဲ အသစ်ဖြစ်တဲ့ ဘုရင့်နောင် တပ်ခွဲက အနော်ရထာ တပ်ခွဲ တန်းစီထားတဲ့ အတန်း သုံးတန်းရဲ့ ရှေ့ကနေ အနေးလျှောက်နဲ့ ဖြတ်လျှောက်ရတာပါ။ တပ်ခွဲမှူး ကိုဝင်းစိန်က အနော်ရထာ တပ်ခွဲမှူး ကိုလှမြင့် ရှေ့က ဖြတ်လျှောက်၊ ဗိုလ်လောင်း တပ်စုမှူးများ ဖြစ်ကြတဲ့ ကိုခင်အောင်ဗလ၊ ကိုလှအောင်နဲ့ ကိုစိုင်းသာထွန်းတို့ရှေ့ ဖြတ်လျှောက်ကြရတာပါ။ ကိုလှအောင်နဲ့ ကိုစိုင်းသာထွန်းတို့ဟာ လူအေးတွေပါ။

ကိုခင်အောင်ဗလက စတတ် နောက်တတ်တော့ အနော်ရထာ တပ်ခွဲက တပ်စုမှူးတွေ ဖြစ်တဲ့ ကိုကျော်ရင်၊ ကိုညွန့်သိန်းနဲ့ ကိုညွန့်ဝင်းတို့ ရှေ့က ဖြတ်ပြီးလျှောက်တဲ့အခါ မထိတထိ ပြောတာ ခံရတာပေါ့။ အဲဒီလိုပဲ ကျွန်တော်တို့ တပ်ခွဲရဲ့ ရှေ့တန်းက သူတို့ တပ်ခွဲရဲ့ ရှေ့တန်း၊ အလယ်တန်းက သူတို့ရဲ့ အလယ်တန်း၊ နောက်တန်းက သူတို့ရဲ့ နောက်တန်း၊ ရှေ့တွေက အနေးလျှောက်မို့ လျှောက်ကြပါတယ်။ အဲဒီအခါမှာ ဖြတ်လျှောက်ရတဲ့ သူတွေက ဂုဏ်ယူဝင့်ကြွားကြသလို၊ ဖြတ်လျှောက်ခံရတဲ့သူတွေအဖို့ အတော်လေးကို စိတ်မသက်မသာနဲ့ ယားကျိကျိ ခံစားကြရမယ် ထင်ပါတယ်။

ဒါကတော့ ကျွန်တော်တို့ ခေတ်က သမ္မတ တပ်ခွဲ ပြိုင်ပွဲရဲ့ ဖြစ်ရပ်တစ်ခုပါ။ ၁၉၆၂ ခုနှစ်မှာ တော်လှန်ရေး ကောင်စီ တက်လာတော့ "သမ္မတ တပ်ခွဲ" အခေါ်အဝေါ်ကို "အောင်စစ်သည် တပ်ခွဲ" လို့ အမည်ပြောင်းလိုက်ပါတယ်။ အခုနောက်ပိုင်းတော့ ဘာဖြစ်နေကြတယ် မသိတော့ပါ။ အပြောင်းအလဲတွေ အများကြီး ဖြစ်ခဲ့တာ ကြားရပါတယ်။ ဥပမာ- DSA သင်တန်းကို လေးနှစ်ကနေ သုံးနှစ် လျှော့ချထားတာတို့၊ Intake တစ်ခုကို သုံး-လေးထောင် အထိ ဖောဖောသီသီ၊ ဖောခြင်းသောခြင်း ခေါ်တာတို့လိုမျိုးပေါ့။ တော်တော် စိတ်မချမ်းမသာ ခံစားရပါ တယ်။

ကျွန်တော် DSA ရဲ့ "နောင်တခေတ်၏ အောင်စစ်သည်" ဆိုတဲ့ ဆောင်ပုဒ်ကို အင်မတန် ဂုဏ်ယူခဲ့တာပါ။ ဒါပေမဲ့ တလောက ဖြစ်သွားတဲ့ အပတ်စဉ် ၃၆ က ကောင်လေးတွေနဲ့ ပတ်သက်တဲ့ ဖာတ်လမ်းတွေ ကြားတဲ့အခါ စစ်တက္ကသိုလ်ရဲ့ ဂုဏ်သိက္ခာတွေတော့ "ရေစုန်မျောပါပကောလား" လို့ ရင်နင့်စွာ ခံစားရပါတယ်။

## ဒုတိယနှစ်-နှစ်ချုပ်

စစ်တက္ကသိုလ် ဗိုလ်လောင်း ဒုတိယနှစ် ကျောင်းသား ဘဝဟာ ပထမနှစ်တုန်းကနဲ့စာရင် အများကြီး သက်သာချောင်ချိသွားတယ်လို့ ဆိုရမှာပါ။ စစ်ပညာမှာလည်း လက်နက်ငယ် သင်တန်း၊ စစ်နည်းဗျူဟာ သင်တန်းတွေ

တလည်း စိတ်ဝင်စားစရာ ကောင်းပါတယ်။ ကာယပညာ သင်တန်းတွေကိုလည်း သက်သောင့်သက်သာနဲ့ ဖြတ်သန်းနိုင်ပါပြီ။ အဲဒါအပြင် အပတ်စဉ် ၆ က ဗိုလ်လောင်းတွေရဲ့ Steeple Chase အပြေးတွေမှာလည်း အပတ်စဉ် ကူပြီး ပြေးရပါတယ်။

စာပေကဏ္ဍမှာလည်း ပထမနှစ်ကအတိုင်း မေဂျာ သုံးဘာသာ၊ မိုင်နာ သုံးဘာသာ၊ အင်္ဂလိပ်စာနဲ့ မြန်မာစာ ပေါင်း ရှစ်ဘာသာပါပဲ။ ပထမနှစ်က အခက်အခဲ တွေ့ခဲ့တဲ့ ဓာတုနဲ့ ရူပဗေဒ အခက်အခဲ မတွေ့ရ တော့ပါ။ စာမေးပွဲတွေမှာလည်း အရင်နှစ်ကနည်းတူ အမြဲလိုလို ပထမ ရခဲ့ပါတယ်။ အဲဒီမှာ ပြောစရာ ရှိတာက ကျွန်တော်တို့ Intake မှာ မင်းဒင် (၁၅၈) ဆိုရင် ဥပစာ အပိုင်း (က) အောင်ပြီးမှ ရောက်လာတာပါ။ မျိုးမြင့် (၁၇၂) နဲ့ ဘမြင့် (၁၇၀) တို့ ဆိုရင် မစ်ရှင်ကျောင်း (Mission School) တွေက လာတဲ့ကောင်တွေပါ။ ဉာဏ် လည်း ကောင်းကြပါတယ်။

ဒါပေမဲ့ စာမေးပွဲတွေမှာ သူတို့အမှတ်တွေ နည်းတာက ပုံမှန် စာကျက်မှု နည်းလို့ပဲလို့ သုံးသပ်ရမှာပါ။ ကျွန်တော်ကတော့ ထူးပြီးတော့ ကြိုးစားတာ မရှိခဲ့ဘဲ စာကျက်ချိန် သတ်မှတ်ရင် သတ်မှတ်ထားတဲ့ အချိန်မှာ မျောက်မကွက် စာကျက်ခဲ့ပါတယ်။ ဒါ့ကြောင့်မို့ စာမေးပွဲတိုင်းလိုလို ပထမချည်း ရခဲ့တယ်လို့ ထင်ပါတယ်။

ညီတော် မောင်ညိုနဲ့လည်း သူ့အပတ်စဉ်မှာ ကောင်းကောင်း လိုက်နိုင်ပါတယ်။ သူ DSA ကို ရောက် လာလို့ ကျွန်တော့် အတွက် ဘာမှ ဝန်ထုပ်ဝန်ပိုး မဖြစ်ခဲ့ပါ။ ကျွန်တော့်ကို ဆက်ဆံရာမှာလည်း အပြင်တုန်းကနဲ့ စာရင် ပိုပြီး တလေးတစား ဆက်ဆံလာပါတယ်။

## ဒုတိယနှစ်

ဒုတိယနှစ် အောင်ပြီဆိုတော့ ဂျူနီယာ ဗိုလ်လောင်း ဘဝကလို ကိုယ့်အိပ်ရာမှာ Kit lay-out မခင်းရတော့ပါ ဘူး။ အဲဒီအစား အိပ်ရာကို အိပ်ရာခင်း အဖြူခင်း၊ ခေါင်းအုံးမှာ ခေါင်းအုံးစွပ် အဖြူစွပ်၊ ပြီးတော့ ကျန်တဲ့ လွတ်နေတဲ့ နေရာမှာ စစ်စောင် အစိမ်းကို သပ်သပ်ရပ်ရပ် ခင်းထားရုံနဲ့ ပြီးသွားပါတယ်။ ဂျူနီယာတုန်းကနဲ့ စာရင် အများကြီး သက်သာသွားပြီပေါ့။ ဒုတိယနှစ် ဆိုတော့၊ စီနီယာတန်းထဲ ဝင်လာပြီဆိုတော့ ဗိုလ်လောင်း အချင်းချင်းတင်မကဘဲ အရာရှိများကပါ တလေးတစား ဆက်ဆံလာကြပါတယ်။ သင်တန်းကျောင်းခန်းကို သွားရင်လည်း ဂျူနီယာတုန်းကလို တန်းစီ သွားစရာမလိုဘဲ တစ်ဦး နှစ်ဦးချင်း လွတ်လွတ်လပ်လပ် သွားရ ပါတယ်။

ကျွန်တော်တို့ ဒုတိယနှစ်ဟာ ကျောင်းအုပ်ကြီးကတော့ ဗိုလ်မှူးကြီး အယ်လ်ခွန်နောင်းပါပဲ။ ဒုတိယ ကျောင်းအုပ်ကြီး (သို့မဟုတ်) နည်းပြချုပ်အဖြစ် ဒုတိယ ဗိုလ်မှူးကြီး ကြည်မောင် (နောင်တွင် ကျန်းမာရေး ဝန်ကြီး- ကွယ်လွန်) ရောက်လာပြီး တပ်ခွဲမှူးတွေကတော့ ဗိုလ်ကြီး ခင်မောင်တင့် (ကျွန်တော်တို့ အခေါ် BMT၊ နောင်တွင် လမ်းစဉ် ပါတီ အတွင်းရေးမှူး-၁ ကွယ်လွန်) နဲ့ ဗိုလ်ကြီး ထွန်းရီ (နောင် ဒုတိယ ဗိုလ်ချုပ်ကြီး- ကွယ်လွန်) တို့ ဖြစ်ပါတယ်။

နောက်ဆုံးနှစ် အပတ်စဉ် ၄ ကာလမှာ ဗိုလ်လောင်း တပ်ရင်းမှူးက ကိုစိုးဝင်း (ကိုကြက်ကြီး) နဲ့ တပ်ရင်း တပ်ရေး အဖြစ် ကိုဌေးစိုးထွန်း (ဗိုလ်မဲ) တို့က တာဝန်ယူပါတယ်။ ဘုရင့်နောင် တပ်ခွဲမှူးကတော့ ကိုဗဟိန်း (စသုံးလုံး ညွှန်ချုပ်ဟောင်း) ဖြစ်ပြီး အနော်ရထာကတော့ ကိုလွန်းသိ (နောင် စွမ်းအင် ဝန်ကြီး) တို့ ဖြစ်ပါတယ်။

တတိယနှစ် ရောက်တာနဲ့ စာပေကဏ္ဍမှာ ဇီဝ၊ ဓာတု၊ သင်္ချာ၊ မြန်မာ၊ အင်္ဂလိပ်တို့ကတော့ အရင်အတိုင်းပဲ ဆက်ယူသွားပါတယ်။ ဝိဇ္ဇာဘာသာရပ်တွေမှာတော့ နိုင်ငံရေးသိပ္ပံ Political Science နဲ့ စစ်သမိုင်း History of Wars and Campaigns ဘာသာရပ်တွေကို သင်ရပါတယ်။ ကျွန်တော် အင်မတန် စိတ်ဝင်စားတဲ့ ဘာသာရပ်တွေပါ။ ဆရာတွေရဲ့ သင်ပုံ သင်နည်းကလည်း သင်ရမယ့် သင်ခန်းစာကို ကြိုတင်ပြီး ဖတ်စေပါတယ်။ သင်တဲ့နေ့ကျမှ ဆရာနဲ့ ကျောင်းသားတွေ အပြန်အလှန် ဆွေးနွေးတဲ့နည်းနဲ့ သင်ကြား ပို့ချပေးတာပါ။

## ကျွန်တော့် တတိယနှစ်ရဲ့ ခါးသီးတဲ့ အတွေ့အကြုံ

ကျွန်တော် အထက်မှာ တင်ပြခဲ့သလို စီနီယာ ဗိုလ်လောင်း တစ်ယောက် ဖြစ်လာတော့ ဗိုပြီး လွတ်လပ်လာသလို ခံစားရပါတယ်။ စာကြည့်ရင်လည်း စီနီယာ ဗိုလ်လောင်းတုန်းကလို ညဆိုရင် စာကျက်ခန်းကို တကူးတက သွားစရာ မလိုဘဲ ကိုယ့်နေရာမှာတင် ကျက်ရပါတယ်။ အင်မတန် အရသာရှိတဲ့ ခံစားမှု တစ်ခုပေါ့။ အသစ် ရောက်လာတဲ့ အပတ်စဉ် ၇ က ဗိုလ်လောင်းတွေကို Steeple Chase ပြေးရာမှာလည်း လိုက်လံကူညီပြီး လေ့ကျင့်ပေးပါတယ်။

ကိုယ်ကိုယ်တိုင်လည်း ပထမနှစ်နဲ့ ဒုတိယနှစ်တွေမှာ အပြေး ဆက်တိုက် ကျင့်ခဲ့ရသူ ဖြစ်တော့ အမောလုံခြင်း Stamina လည်း မြင့်လာသလို မြန်နှုန်းလည်း မြင့်လို့ရနိုင်ပါတယ်။ မျိုးမြင့် (၁၇၂)၊ ဘမြင့် (၁၇၀)၊ မြင့်မောင် (၁၆၈) တို့က တပ်ခွဲ ဘောလုံးသင်းမှာ ပါဝင်ကန်နိုင်တဲ့ အဆင့် ရောက်နေပါပြီ။ ဒါပေမဲ့ ဘောလုံးမှာ ကျွန်တော် ပေမမှီ ဒေါက်မမှီ ဖြစ်နေပါတယ်။ ဒါပေမဲ့ အားကစား ကဏ္ဍမှာတော့ မီတာ ၈၀၀၊ မီတာ ၁၅၀၀ နဲ့ မီတာ ၅၀၀၀ ပြိုင်ပွဲတွေမှာ ကျွန်တော်က အိမ်ဖြည့်အနေနဲ့ ပါဝင်နေပါပြီ။

ညီတော်မောင် မောင်ညိုနွဲ့နဲ့လည်း ဘာပြဿနာမှ မပေါ်ခဲ့ပါဘူး။ သူ ကျွန်တော့်အပေါ် တလေးတစားဆက်ဆံနေတော့ ပြဿနာ မရှိသလောက်ပါဘဲ။ သူက စာမှာ မထူးချွန်ပေမဲ့ အညံ့စားထဲမှာတော့ မပါပါဘူး။ ကျွန်တော်တို့ရဲ့ နောက်ဆုံး အတန်းတင် စာမေးပွဲတွေဟာ ၁၉၆၂ ခု၊ ဖေဖော်ဝါရီလလောက်မှာ ပြီးသွားပါတယ်။ အပတ်စဉ် ၃ ကျောင်းဆင်းမှာက ဧပြီလ သင်္ကြန်ပြီးမှ ဆိုတော့ အားနေတဲ့ ရက်တွေမှာ စစ်နည်းဗျူဟာ သင်တန်းတွေ တက်ကြရပါတယ်။ ညနေတိုင်းကတော့ ကျောင်းဆင်းပွဲအတွက် အနေးလျှောက်၊ အမြန်လျှောက် စစ်ရေးပြတွေကို အသည်းအသန် ကျင့်နေကြပါတယ်။

ကျွန်တော်တို့ တတိယနှစ် ဗိုလ်လောင်းတွေ အတွက်ကတော့ ပုပ္ပားတောင် တစ်ဝိုက်မှာ တပ်စုအဆင့်နဲ့ တပ်ခွဲ အဆင့် စစ်နည်းဗျူဟာတွေကို လေ့ကျင့်ရပါတယ်။ ကမ္ဘာ့ တပ်မတော် အများစု လက်ခံကျင့်သုံးနေတဲ့ ချီ၊ တိုက်၊ ခံ၊ ဆုတ် စစ်နည်းဗျူဟာတွေထဲက ဆီလျော်တဲ့ ကဏ္ဍတွေကို လေ့ကျင့်ခဲ့ကြရတာပါ။ တောတွင်း စခန်းချ သင်တန်းတွေလည်း ပါတော့ မြေပြင်မှာ တဲထိုးပြီး မြေကြီးပေါ်မှာပဲ အိပ်၊ ဟန်းကောနဲ့ ထမင်းချက်၊ ဟင်းကိုတော့ ကြုံသလို ဖန်တီး Live on Land ဆိုတဲ့ သဘောတရားတွေကို လက်တွေ့ကျင့်သုံးရတာပါ။ ရောက်တဲ့နေရာကို စစ်မြေပြင်အဖြစ် သဘောထား သတ်မှတ်ပြီး လိုအပ်တဲ့နေရာတိုင်း ကတုတ်ကျင်းတွေလည်း တူးရပါတယ်။ အဲဒီ လေ့ကျင့်ခန်းတွေကို ဦးစီးသူကတော့ ဗိုလ်ကြီး ထွန်းရီ ဖြစ်ပါတယ်။

သူဟာ ဦးနေဝင်း လက်ထက်မှာ ဒုတိယ ဗိုလ်ချုပ်ကြီးနဲ့ ဒုတိယ ကာကွယ်ရေး ဦးစီးချုပ်အဖြစ် ရာထူးတွေ တက်ပြီး နောက်ပိုင်းမှာ လမ်းစဉ် ပါတီရဲ့ ထိပ်တန်း အရေးပါတဲ့ ဗဟို အလုပ်အမှုဆောင် ကော်မတီ

ဝင် ဖြစ်လာပါတယ်။ တစ်ချိန်တည်းမှာပဲ သူ ဗျူဟာမှူး ဘဝမှာ ဦးစီး တိုက်ပွဲဝင်ခဲ့ရတဲ့ ကွမ်းလုံ ရက် ၄၀ တိုက်ပွဲမှာ အောင်မြင်မှု ရခဲ့လို့ ဗမာ့ တပ်မတော်ရဲ့ နပိုလီယံလို့ အများက ခေါ်ခဲ့ကြတာပါ။ နောက်တစ်နည်း အားဖြင့် "ကွမ်းလုံ သူရဲကောင်း" လို့လည်း ခေါ်ကြပါသေးတယ်။ အဲဒီ ဗိုလ်ကြီး ထွန်းရီ ဆိုသူဟာ ဗိုလ်လောင်း ဘဝတုန်းက ကျွန်တော့်ရဲ့ ဆရာ ဖြစ်ခဲ့ပါတယ်။ ကျွန်တော် အရာရှိဖြစ်လို့ သ-န-က ၅ မှာ တာဝန် ထမ်းဆောင် နေခိုက် သူဟာ ဒုတပ်ရင်းမှူး အဖြစ် ပြောင်းလာလို့ ကျွန်တော့် ဆရာ ဒုတိယအကြိမ် ဖြစ်လာပါတယ်။ နောက်ကြုံမှ သူ့အကြောင်း အကျယ်တဝင့် ရေးပါဦးမယ်။

ပုပ္ပားတောင် တစ်ပိုက်မှာ လုပ်ခဲ့ရတဲ့ စစ်နည်းဗျူဟာ လေ့ကျင့်ခန်းတွေကို ကျွန်တော် စိတ်ဝင်စားခဲ့ ပါတယ်။ ပင်ပန်းတယ်လို့လည်း မထင်မိပါဘူး။ နောက်ဆုံးနေ့ သင်ခန်းစာကတော့ "ပုပ္ပား တောင်မကြီးကို ချီတက် သိမ်းပိုက်ခြင်း" ဖြစ်ပါတယ်။ ဒါပေမဲ့ ဗိုလ်ကြီး ထွန်းရီက ကျွန်တော်တို့ကို သိပ်စည်းကမ်း မတင်းကြပ် တော့ပါဘူး။

ပုပ္ပား တောင်မကြီးကို တပ်စိတ်လိုက် တက်ကြရပါတယ်။ ကျွန်တော့်စိတ်ထင် ကျွန်တော်တို့ရဲ့ စုရပ် တနေ တောင်ထိပ်အထိ သုံးမိုင်လောက် ဝေးမယ် ထင်ပါတယ်။ ဒါပေမဲ့ တောင်ထိပ် အမြင့်က ၄၉၇၂ ပေ ရှိတယ်လို့ မှတ်မိပါတယ်။ ပေ ၅၀၀၀ ပြည့်ဖို့ လိုတဲ့ ၂၈ ပေကို အဲဒီတုန်းက ဝန်ကြီးချုပ် ဦးနုက ဉာဏ်တော် ၂၈ ပေ ရှိတဲ့ဘုရား တည် ထားပါတယ်။ ကျွန်တော်တို့ တောင်ပေါ် ရောက်တော့ အဲဒီဘုရားကို ဖူးခဲ့ရပါသေး တယ်။

တောင်ပေါ် တက်တော့ တချို့နေရာတွေက ပြေပေမဲ့၊ တချို့နေရာတွေကတော့ အတက် ကြမ်းပါတယ်။ တောင်ပေါ် တက်တဲ့အခါ လူအများစုက ရိုင်ဖယ်သေနတ် ကိုင်ရပါတယ်။ တပ်စိတ်မှူး တာဝန်ကျတဲ့သူကတော့ ပေါ့ပေါ့ပါးပါး စတင်းဂန်း ကိုင်ရပါတယ်။ စက်ကလေး- ၁ တာဝန်ကျတဲ့ ဗိုလ်လောင်းကတော့ အင်မတန် လေးတဲ့ ဘရင်းဂန်းကို ကိုင်ရပါတယ်။ အဲဒီ ဘရင်းဂန်းက တော်တော်လေးပါတယ်။ ၁၆ ပေါင်လောက် ရှိမလား မသိပါဘူး။ စထွက်ကတည်းက ဒီဘရင်းဂန်းကို အလှည့်ကျ သယ်ခဲ့ကြပါတယ်။

လမ်းခုလတ်ရောက်တော့ အဲဒီ ဘရင်းဂန်းက ကျွန်တော့် အလှည့် ရောက်လာပါပြီ။ လူတွေကလည်း တက်ရင်း တက်ရင်းနဲ့ လူဆက်ပြတ်သွားပါပြီ။ ရှေ့ကြည့်တော့လည်း ဘယ်သူမှ မတွေ့၊ နောက်ကြည့်ပြန်တော့ လည်း ဘယ်သူမှ မှီမလာ။ အဲဒီလို ဖြစ်နေတော့ တောင်ထိပ်ရောက်တဲ့ အထိ အဲဒီ ဘရင်းဂန်းကြီးကို ကျွန်တော် တစ်ယောက်တည်း သယ်ရတဲ့ ဘဝ ရောက်ခဲ့ပါတယ်။ စိတ်ဆိုးလိုက်တဲ့ ဖြစ်ခြင်း။ ကိုယ့်တပ်စိတ်က ကောင်တွေကို အပြစ်တင်ရရင်လည်း အကုန်လုံးဆိုတော့ "ထားလိုက်ပါတော့" လို့ပဲ ကိုယ့်ကိုယ်ကိုယ် အောင့် သက်သက်နဲ့ ဖြေရတော့တာပါပဲ။


အဲဒီနေ့မှာပဲ တောတွင်းစခန်းချ လေ့ကျင့်ခန်းတွေ ပြီးလို့ မေမြို့ကို ပြန်ကြရပါတယ်။ သင်တန်း ရှောရှောရှူရှူပြီးလို့အရာရှိတွေရော ကျွန်တော်တို့တစ်တွေပါ သီချင်းတကြော်ကြော်နဲ့ပေါ့။ မှတ်မိတာကတော့ ကားပေါ် မှာ အတူပါလာတဲ့ မောင်သွင် (၁၅၅) [ယခု ကွယ်လွန်]၊ ကိုမင်းဆွေ (၁၂၆)၊ ကိုအေးကြွယ် (၁၃၄) တို့က ဦးဆောင်ပြီး စကြ၊ နောက်ကြတာပါ။ အဲဒီတုန်းက နာမည်ကြီးတဲ့ အဆိုတော် ကိုသန်းလှိုင်ရဲ့ လှိုင် ထိပ်ထား သီချင်းကို ဖျက်ဆိုပြီး စကြတာပါ။ သီချင်းထဲက "လှိုင်ထိပ်ထား၊ ထိပ်ထားပျိုစင်" ဆိုတဲ့ နေရာကို "မောင်သွင် ပေါက်ခေါ်၊ ပေါက်ခေါ် မောင်သွင်" ဆိုပြီး တကြော်ကြော်နဲ့ အော်ဆိုကြတာ မေမြို့ ရောက်တဲ့ အထိပေါ့။ ဟုတ်ပါတယ်။ မောင်သွင်ကလည်း သိသိသာသာ သွားခေါ်တော့ သူ့ကို ခေါ်ကြီး၊ ဂေါ်ကြီး၊ ဘူဒိုဇာ ကြီးလို့ ခေါ်နေကြတာပါ။

## ညီနွဲ့က အချုပ်ထဲမှာ

DSA ဝင်းထဲလည်း ပြန်ရောက်ရော အမင်္ဂလာ သတင်းဆိုး တစ်ခုက ဆီးကြိုနေပါတယ်။ ကျွန်တော့်ညီ မောင်ညီနွဲ့က အချုပ်ထဲမှာပါတဲ့။ သူနဲ့ အတူ ဉာဏ်လင်းနဲ့ မြင့်မောင် (၁၆၈) တို့လည်း အတူ ပါနေပါတယ် တဲ့။ ကျွန်တော် စိတ်ဆင်းရဲလိုက်ပုံများ မပြောပြချင်သလောက်ပါပဲ။ ဖြစ်ပုံ အကြမ်းဖျင်းကတော့ ညီနွဲ့နဲ့ တခြား ဗိုလ်လောင်း တစ်ယောက် (တင်အောင်) တို့ နှစ်ဦးသဘောတူ ချိန်းပြီး ထိုးကြပါသတဲ့။ အဲဒီ လက်သီး ထိုးပွဲမှာ ဉာဏ်လင်းနဲ့ မြင့်မောင်တို့က ဒိုင်လုပ်ပါသတဲ့။ ထိုးကြကြိတ်ကြတဲ့ အခါမှာ တင်အောင်က တော်တော် အထိနာသွားတယ်လို့ သိရပါတယ်။ တင်အောင်က အဲဒီနေ့မှာ တာဝန်ကျ ဗိုလ်လောင်းပါ။ အဖြစ်မှန်က ဗလ တင်အောင် (၂၀၃) က တာဝန်ကျ မဟုတ်ကြောင်း၊ တာဝန်ကျ ဗိုလ်လောင်းက ဗလ အောင်သိန်း (၁၉၃) ဖြစ်ကြောင်း နောက်မှ သိကြရပါတယ်။

မူလ ထိုးကြတုန်းကတော့ အထက်ကို မတိုင်ကြေး၊ ယောကျ်ားချင်း စာရင်းရှင်းတဲ့ပွဲ ဆိုပြီး သဘော တူခဲ့ကြတာပါ။ ဒါပေမဲ့ တင်အောင်က သူနာတော့ အထက်အရာရှိကို သွားတိုင်ရာကနေ ကျောင်းအုပ်ကြီး အယ်လ်ခွန်နောင်း အမိန့်နဲ့ အချုပ်ခံရတာပါ။ အဲဒီ မူလသတင်းလေးတွေ သိပြီးတဲ့ အခါမှာ ကျွန်တော် ညီနွဲ့ ရှိရာ အချုပ်ခန်းကို သွားပါတယ်။

သူတို့ သုံးယောက်ကို တွေ့ပါတယ်။ မြင့်မောင်က ကျွန်တော်တို့ Intake ကပါ။ စာမေးပွဲ ကျလို့ အပတ်စဉ် ၆ ကို ရောက်သွားတာပါ။ သူတို့ကို တွေ့တော့ မြင့်မောင်ကို ကျွန်တော် အပြစ်စကား ပြောမိပါ တယ်။ "မင်းက အကြီးကွာ၊ အခုတော့ မင်းကိုယ်တိုင် အချုပ်ထဲ ရောက်ရတာ အင်မတန် အသုံးမကျတာပေါ့" လို့ ပြောပြီးတာနဲ့ ဘယ်ကနေ ဘယ်လို ရောက်လာမှန်း မသိတဲ့ မျက်ရည်တွေ ဒလဟော ကျလာတော့တာပါပဲ။



ဗိုလ်လောင်း ဝင်းထိန်နဲ့ ဗိုလ်လောင်း ညီနွဲ့ (၁၉၆၂ ခုနှစ်)။

ကျွန်တော်လည်း ရှေ့ဆက် စကားမပြောနိုင်ပဲ မြင့်မောင်နဲ့ ညိုနွဲ့တို့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါတယ်။ လမ်းတစ်လျှောက်လုံးလည်း မျက်ရည်တွေ တသွင်သွင် စီးကျနေပါတယ်။

ထမင်းစားချိန်ရောက်လို့ ဗိုလ်လောင်းအားလုံး Mess မှာ ဝင်ပြီး ထမင်းစားနေကြပေမဲ့ ကျွန်တော် စားချင်စိတ် မရှိပါဘူး။ လူကလည်း ထိန်းလို့မရတာနဲ့ ဗိုလ်လောင်း တပ်ရင်းမှူး ကိုကြက်ကြီး အခန်းထဲ ဝင်ပြီး အားရပါးရ ငိုပါတော့တယ်။ ကျွန်တော့် အသက် ၂၀ ထဲ ဝင်နေပါပြီ။ တစ်ခါမှ ငိုရတယ် မရှိခဲ့ဖူးပါဘူး။ ဒီတစ်ခါပဲ ထိန်းမနိုင်သိမ်းမရ ငိုပွဲဆင်ခဲ့ရတာပါ။ ညိုနွဲ့တို့ အချုပ်ခန်းက ပြန်လာကတည်းက ကျွန်တော့် စိတ်ထဲမှာ "ညိုနွဲ့ကိစ္စကို အဖေနဲ့ အမေကို ဘယ်လို ပြောရမလဲ" ဆိုတဲ့ အတွေးက ကျွန်တော့်ကို အများကြီး ဖိစီးနေပါပြီ။ အငိုတိတ်လို့ ကိုယ့်ကိုယ်ကိုယ် စဉ်းစားမိတဲ့ အချိန်မှာ ဘာ့ကြောင့်လဲတော့ မသိ၊ ကျွန်တော့် တစ်ကိုယ်လုံး ပေါ့ပါးနေတယ်လို့ ခံစားရပါတယ်။

## FUNNY ဆိုတဲ့ ရုပ်ရှင်ကားလေး

ကျွန်တော် ကိုကြက်ကြီး အခန်းမှာ အငိုဝလို့ အဆောင်ကို ပြန်ပါတယ်။ တပ်စု ၆ ကိုပါ။ သူငယ်ချင်း ဗိုလ်လောင်းတွေကလည်း အလိုက်သိကြပါတယ်။ ကျွန်တော့်ကို ဘာမှ မမေးကြပါဘူး။ ကျွန်တော်ကလည်း ဘယ်သူနဲ့မှ စကားမပြောတော့ပဲ Walking out dress လဲပြီး မြို့ထဲကို ထွက်လာပါတယ်။ ဘာရည်ရွယ်ချက်မှ မရှိဘဲ ကမူးရှူးတိုး ထွက်လာခဲ့တာပါ။ မန္တလေး-လားရှိုး လမ်းမကြီး ရောက်တော့ တွေ့တွေ့ချင်း ရုပ်ရှင်ရုံမှာ ဝင်ကြည့်ပါတယ်။ ရည်ရွယ်ချက် မရှိဘဲနဲ့ပါ။ ဇာတ်ကားနာမည်က FUNNY ပါတဲ့။ သရုပ်ဆောင်တွေကတော့ Maurice Chavalier နဲ့ မင်းသမီးက Leslie Caron ပါ။ ရုပ်ကလေးက ချစ်စရာနဲ့ သွားလေး မသိမသာ ခေါပါတယ်။

ဇာတ်လမ်းက Maurice က ကုန်စုံဆိုင် ပိုင်ရှင်ပါ။ အသက် ၄၀ ကျော်ပေါ့။ သူ့ဘေးနားမှာက Leslie နဲ့ သူ့အမေတို့ရဲ့ ဆိုင်ပါ။ Leslie ရဲ့ ရည်းစားက Horz Buchors ဆိုတဲ့ လူငယ်လေးပါ။ သူတို့နှစ်ယောက်ဟာ သာယာတဲ့ နွေခင်း တစ်နေ့မှာ တောင်ကုန်းလေးပေါ်ကို ပျော်ပွဲစား ထွက်ကြပါတယ်။ ပျော်ပွဲစားထွက်ရင်းနဲ့ လူငယ်ဘာဝ လွန်လွန်ကျူးကျူး ဖြစ်ခဲ့ပါတယ်။

သူတို့ နေနေတဲ့ နေရာက ဂရိ နိုင်ငံက ကျွန်လေး တစ်ကျွန်းပေါ်မှာပါ။ သီးခြား ထူးခြားတဲ့ ဓလေ့ထုံးစံလေးတွေ ရှိပါတယ်။ ကောင်လေးက သင်္ဘောသားမို့လို့ သင်္ဘောလိုက်သွားရာမှာ ကောင်မလေးမှာ ကိုယ်လေးလက်ဝန် ရှိလာတော့ ကြာလေ သိသာလာလေ ဖြစ်နေပါပြီ။ ကောင်လေးကလည်း ပြန်မလာ ကောင်မလေးရဲ့ ကိုယ်ဝန်ကလည်း တဖြည်းဖြည်း ရင့်လာတော့ သားအမိ နှစ်ယောက်က တကျက်ကျက်။ အဲဒီ အနေအထားကို Maurice ကြီးက ကောင်မလေးရဲ့ ကိုယ်ဝန်ကို သူ တာဝန်ယူမယ် ဆိုတဲ့အကြောင်း ပြောဖြစ်ရင်းနဲ့ နောက်ဆုံးမှာ Maruice နဲ့ Leslie တို့ လက်ထပ်ဖြစ်ကြပါတယ်။ နောက်ကောင်လေး ပြန်လာတော့ ပြဿနာတွေကို နည်းမျိုးစုံနဲ့ ရှင်းကြရတဲ့ ဇာတ်လမ်းပါ။

ကျွန်တော် သတိအရဆုံး အခန်းက အဲဒီဒေသရဲ့ ဓလေ့တစ်ခုပါ။ လူပြောင်တစ်ယောက်က စားသောက်ဆိုင်တိုင်းရဲ့ ရှေ့က လူသွားလမ်းမှာ အုတ်ခဲ တစ်လုံး ချပြီး အဲဒီ အုတ်ခဲပေါ်မှာ သူ့ဦးထုပ်ကို မှောက်တင်ထိုက်ပါတယ်။

အဲဒီကျွန်းပေါ်က ဓလေ့က လူသွားလမ်းမှာ ဦးထုပ်တစ်လုံး တွေ့ပြီဆိုရင် မကောက်ရပါဘူး။ အယူသီးပါတယ်။ ခြေထောက်နဲ့ ကန်မှ အန္တရာယ်ကင်းတယ် ဆိုတဲ့ သဘောပေါ့။ အဲဒီလို ဦးထုပ် တစ်လုံးကို အုတ်ခဲ

ပေါ်မှာ ချပြီးလိုက်ပြီ ဆိုတာနဲ့ အနီးနားက လူတွေ အားလုံး သစ်ပင်ရိပ်မှာ၊ တချို့လည်း စားသောက်ဆိုင် အပြင် စားပွဲတွေမှာ ထိုင်ပြီး ဖြစ်လာမယ့် ပွဲလေးတွေ ရှုစားကြတဲ့ သဘောပေါ့။

ပထမဦးဆုံး ဖောက်သည်ကတော့ အဲဒီ ရွာလေးက သာမန် ယောက်ျား တစ်ယောက်ပါ။ သူက အဲဒီ ဦးထုပ်ကိုလည်း မြင်ရော ဘေးဘယ်ညာ ကြည့်လိုက်ပါတယ်။ သူ အကဲခတ်တဲ့အခါမှာ ဘေးက ရှုစားနေတဲ့ ပုဂ္ဂိုလ်တွေက သူတို့နဲ့ မဆိုင်သလို မျက်လုံးချင်း မဆိုင်မိအောင် ကြိုးစားနေကြတယ်ပေါ့။ အဲဒီအချိန်မှာ ရွာသားက ဦးထုပ်ကို အားရပါးရ ပိတ်ကန်လိုက်ပါတယ်။ အောက်မှာက အုတ်ခဲ ရှိနေတော့ ဘာသားရှောဟာ မခန့်မှန်းနိုင်အောင် နာလွန်းလို့ ခြေထောက်ကို ကိုင်ပြီး အမလေး ဘာလေး တနေတာကို ဘေးက လူတွေက ဝိုင်းဟားကြပြီပေါ့။ ကျွန်တော်တို့ ရုပ်ရှင်ကြည့်တဲ့ ပရိသတ်တွေကလည်း ရုံထဲမှာ တဝေါဝေါပေါ့။

နောက်တစ်ယောက် လာပါပြီ။ သူတို့ တနင်္ဂနွေနေ့တိုင်း သွားနေကျ ဘုရားကျောင်းက တရားဟော ဆရာ။ သူ့ကိုလည်း မြင်ရရော ဘေးက လူတွေက "အမလေး ဒုက္ခပါပဲ" ဆိုတဲ့ သဘောနဲ့ စိုးရိမ်တကြီး အမူအရာတွေ ဖြစ်ပေါ်လာပါတယ်။ အဲဒီဆရာကလည်း ဘေးပတ်လည် အကဲခတ်ပြီး သေချာတော့မှ ဦးထုပ်ကို တအားလွှဲကန်လိုက်ပါတယ်။ သူက ဆရာကြီး ဆိုတော့ ခုနကလူလို နာလို့ မအော်ပါဘူး။ ဘုန်းကြီး ဆိုတော့ ထိန်းထိန်းသိမ်းသိမ်းပေါ့။ သူက ဒဏ်ရာကို အောင့်ပြီး ထိန်းတဲ့ သဘောနဲ့ လက်နှစ်ဖက်ကို သူ့ ရင်ဘတ်ပေါ် တင်၊ မျက်လုံးကတော့ ဒဏ်ရာတွေ ကြိတ်ခံရတဲ့ သဘောနဲ့ မျက်ဖြူလန်နေပါပြီ။ ပတ်ဝန်းကျင်က လူတွေအဖို့တော့ အရင်လူတွေကို ဝိုင်းဟားသလို မဟားရဲကြပါဘူး။ အနေရအထိုင်ရ ခက်တဲ့ အမူအရာတွေ နဲ့ပါ။ ရုပ်ရှင်ကြည့် ပရိသတ်ကတော့ တဝေါဝေါပေါ့။

နောက်တစ်ယောက် လာပါပြီ။ ရွာထဲက လူမိုက်၊ လူပုံက ပေစုတ်စုတ်၊ ညစ်ပတ် ပေတူးနေတဲ့ ဦးထုပ် တစ်လုံး ဆောင်းထားသေးတယ်။ သူက လမ်းပေါ်က ဦးထုပ်လည်း တွေ့ရော ဟိုကြည့် ဒီကြည့် ခဏ လုပ်လိုက်ပါတယ်။ ပြီးမှ သူ့ဦးထုပ်ကို ချွတ်ပြီး လမ်းပေါ်က ဦးထုပ်နဲ့ လဲပြီး ဆောင်းလိုက်ပါတယ်။ ဘေး ပရိသတ်ကတော့ "ကိုယ်ကျိုးနဲ့ပါပေါ့" ဆိုတဲ့ အမူအရာတွေနဲ့ပေါ့။ အများ ပရိသတ်လို ကျွန်တော်လည်း ဟက်ဟက်ပက်ပက် ရယ်မိပါတယ်။ ရုပ်ရှင်လည်း ပြီးရော ညီနွဲ့ကြောင့် စိတ်ညစ်နေရတဲ့ ကျွန်တော်ဟာ ဝေဒနာတွေကို မေ့ပြီးတော့ စိတ်သစ်လူသစ် ဖြစ်ခဲ့သလိုပါပဲ။ ပြီးခဲ့တဲ့ သုံး-လေးနာရီလောက်က ထိန်းမနိုင် သိမ်းမရ မျက်ရည်တွေ စို့ရွှဲပြီး ငိုခဲ့တဲ့ ကျွန်တော်နဲ့ အခု ရုပ်ရှင်ကြည့်ပြီး ရုံထဲက ထွက်လာတဲ့ ကျွန်တော် အရမ်း ကွာသွားပါပြီ။ FUNNY ရဲ့ကျေးဇူးပေါ့။

အပတ်စဉ် ၄ ကျောင်းဆင်းပြီး ကျွန်တော်တို့ကို ခွင့်ပေးလိုက်လို့ အိမ်ပြန်ရောက်တဲ့အခါ အဖေနဲ့ အမေ ကို ညီနွဲ့အကြောင်း ပြောပြတဲ့အခါမှာ မိဘ နှစ်ပါးပါ စိတ်မချမ်းမသာ ဖြစ်ကြရပါတယ်။ တကယ်တော့ သူတို့ ဟာ အပတ်စဉ် ၄ ကျောင်းဆင်းပြီး နောက်မှာ မင်္ဂလာဒုံက လေ့ကျင့်ရေးတပ် (ယခု တပ်မတော် စစ်ဆေး တက္ကသိုလ်) ကို ရောက်သွားကြပါပြီ။ ရဲဘော်လေးတွေ အဖြစ်နဲ့ ရန်ဖြစ်လို့ ညီနွဲ့ကို အားပေးအားမြှောက်ပြု တယ် ဆိုပြီး ဒုတိယနစ် ဗိုလ်လောင်း ခုနစ်ဦးကိုလည်း ကျောင်း တစ်လ ပိတ်တဲ့ မေလမှာ အချုပ် (တပ်တွင်း အချုပ်) မှာ RI 28 days ကျခံရပါတယ်။ BATD မပို့မီ ညီနွဲ့တို့ သုံးဦးလည်း အချုပ်ထဲမှာ နေရပါတယ်။ သူတို့လို အပတ်စဉ်တိုင်းကလိုလို တစ်ယောက်စ နှစ်ယောက်စ လေ့ကျင့်ရေးတပ်ကို အပို့ခံကြရပါတယ်။ ကြာတော့ သူတို့ကို တပ်တွေကို ခွဲပို့ပြီး တပ်ကြပ်/တပ်ကြပ်ကြီး အဆင့်နဲ့ တာဝန်ပေးကြပါတယ်။ အဲဒီလို နေရင်း သုံး-လေးနှစ်လောက် အကြာမှာ ဗိုလ်သင်တန်းကျောင်း Officer Trainning School – OTS တက်ခွင့် ရကြပြီး အရာရှိ ဖြစ်ကုန်ကြလေ့ ရှိပါတယ်။



ဗိုလ်လောင်း ဝင်းထိန်၊ စတုတ္ထနှစ်။

## စတုတ္ထနှစ်

ကျွန်တော်ဟာ တတိယနှစ်မှာ ညီညွန့်ကိုစွကြောင့် အကြီးအကျယ် စိတ်ဆင်းရဲခဲ့ရပေမဲ့ ကျောင်းစာ Academic Subject တွေမှာတော့ အမှတ်ကောင်းဆဲပါ။ ကျွန်တော့် Intake က ကောင်တွေကလည်း စာမေးပွဲတွေကို ပထမရဖို့ ဘယ်သူမှ စိတ်မဝင်စားကြဘူးနဲ့တူပါတယ်။ ကျွန်တော်ပဲ ပထမ ရခဲ့ပါတယ်။

စတုတ္ထနှစ် စတယ်ဆိုတာနဲ့ ကျွန်တော်ဟာ တပ်ခွဲဗိုလ်လောင်း အရာရှိအဖြစ် တာဝန်ပေးခံရပါတယ်။ အနော်ရထာ တပ်ခွဲမှာတော့ လှသောင်း (၁၆၇) [၁၉၇၈ ခုနှစ်ခန့်တွင် ကွမ်းလုံဒေသ၌ တိုက်ပွဲကျ] က တပ်ခွဲ အရာရှိပါ။ တပ်ရင်း ဗိုလ်လောင်း အရာရှိက ကိုမျိုးညွန့်ရှိန် (၁၃၉) [သူက ၁၉၆၆ ခုနှစ်လောက်မှာ လေယာဉ်ပျံ တစ်စီးနဲ့ မိတ္ထီလာကနေ မော်ဘီကို ဗိုလ်ကြီး သန်းဝင်းနဲ့ မောင်းပြီး ပြန်အလာမှာ ပျောက်ကွယ်သွားခဲ့တာပါ။ လူရော လေယာဉ်ပျံပါ အခုထိ အစအန ရှာမတွေ့ပါ။] ဖြစ်ပါတယ်။

ကျွန်တော်တို့ နှစ်မှာတော့ အဲဒီလို ရာထူးတွေ နှစ်လ အစမ်းခန့် လုပ်ရင်းနဲ့ သီတင်းကျွတ် ကာလ Excursion ပြီးမှ ကျောင်းဆင်းတဲ့အထိ တည်နေမယ့် ရာထူးတွေ ခန့်ပါမယ်။ အဲဒီအခါမှာတော့ ကိုအောင်ဝင်း (၁၆၅) တပ်ရင်း ဗိုလ်လောင်း တပ်ရင်းမှူး၊ ကျွန်တော်က တပ်ရင်း ဗိုလ်လောင်း တပ်ရေး၊ အပြာရောင် ကတ္တီပါ စပေါ်မှာ ကြယ် နှစ်ပွင့်ပါ။ ဘုရင့်နောင်မှာတော့ တပ်ခွဲမှူး ကိုမျိုးညွန့်ရှိန် ဖြစ်ပြီး၊ အနော်ရထာမှာတော့ လှသောင်းပါ။

## ဗိုလ်လောင်းတွေ လူမှုရေး အသိကြွယ်လာအောင်လို့တဲ့

ကျွန်တော်တို့ရဲ့တပ်ခွဲမှူး တစ်ယောက်ပေါ့။ အင်္ဂလန်နိုင်ငံက နာမည်ကြီး Sandhurst လို့ ခေါ်တဲ့ အရာရှိ သင်တန်းကျောင်းက ကျောင်းဆင်းကြီး တစ်ယောက်ပါ။ သူက ပျော်တတ်တယ်။ လူမှုရေးလည်း အင်မတန် ကြွယ်ဝပါတယ်။ ကျွန်တော်တို့ ဗိုလ်လောင်း ကျောင်းသားတွေ မြို့ထဲမှာ ပိတ်လှောင်ထားသလို ဖြစ်နေတော့ လူမှုရေး ခေါင်းပါးတယ်၊ အတွေ့အကြုံလည်း မရှိ ဆိုတော့ အရိုင်းကလေးတွေနဲ့ တူတယ်ပေါ့။ ဒါ့ကြောင့် ဗဟုသုတ ရှိအောင် ဆိုပြီး တစ်ညမှာ စီနီယာ ဗိုလ်လောင်းတွေချည်းပဲ ခေါ်ပြီး Blue Picture ပြပါတယ်။ ၁၆ မီလီမီတာနဲ့ ပြရတဲ့ ဇာတ်လမ်းတိုလေးပါ။ အဝတ်အစား မပါတဲ့ ဗမာ မည်းခြောက်ခြောက် တစ်ယောက်ကို ရိုက်ပြထားတာပါ။ သူကိုယ်တိုင်တော့ သရုပ်မဆောင်ပါဘူး။ အရေးထဲမှာ ယင် နှစ်ကောင် သုံးကောင်လောက် က သူ့ပေါင်ခြံမှာ တဝဲဝဲ ဖြစ်နေတာ မြင်ရလို့ ရယ်ကြရပါသေးတယ်။ ဒီလောက်ပါပဲ။

ကျွန်တော် ဗိုလ်လောင်း တပ်ခွဲမှူးဘဝမှာပါပဲ၊ တပ်က အရာရှိတွေရယ်၊ စီနီယာ ဗိုလ်လောင်း အရာရှိ တချို့ရယ်၊ ရပ်မိရပ်ဖ တချို့နဲ့ အစည်းအဝေး လုပ်ပြီးတော့ ကန်တော်ကြီး ပန်းခြံမှာ ပျော်ပွဲစား ကျင်းပဖို့ စီစဉ်ကြပါတယ်။

ကျွန်တော် မှတ်မိသလောက် ပြောရရင် ကိုမင်းဒင် (၁၅၈) က အစားအသောက် တာဝန် ခံပြီး ဖျော်ဖြေရေးကျတော့ ကိုအေးကြွယ်တို့၊ ဘမြင့်တို့က တာဝန်ယူမယ် ထင်ပါရဲ့။ အဲဒီနှစ် ဝါဆို လပြည့် နေ့မှာ လုပ်ကြဖို့ စီစဉ်ကြပါတယ်။ ဝါဆိုလ ဆိုတော့ မေလထဲမှာပေါ့။

ချိန်းတဲ့နေ့မှာ အားလုံး လူစုံတက်စုံပါပဲ။ အထူးသဖြင့်တော့ မမြို့ထဲက မိန်းကလေး ၁၄-၅ ယောက် လောက် ပါလာခြင်း ဖြစ်ပါတယ်။ ပထမဆုံး အစီအစဉ်ကတော့ မိန်းကလေးတွေက တစ်ဝိုင်း၊ သူတို့ အခြ

ဘက်မှာ ဗိုလ်လောင်းတွေက တစ်ဝိုင်း၊ လူစည်းဝိုင်း နှစ်ခုပေါ့။ ကက်ဆက်က ဂီတသံ ကြားရင် ယောကျ်ားလေးတွေက ညာဘက်လှည့် လမ်းလျှောက်မယ်၊ မိန်းကလေးတွေက ဘယ်ဘက်လှည့် လမ်းလျှောက်မယ်၊ ဂီတသံဆုံးရင် မိန်းကလေးတွေနဲ့ ယောကျ်ားလေးတွေ မျက်နှာချင်းဆိုင်မိအောင် လှည့်မယ်၊ ပြီးရင် တစ်ယောက်ကို တစ်ယောက် မိတ်ဆက်ကြမယ်။

ဒါကို Introducing Game လို့ ခေါ်ပါသတဲ့။ အချင်းချင်း မိတ်ဆက်တဲ့ သဘောပေါ့။ ရန်ကုန်သားတွေက လုပ်ကြတာလေ။ ကျွန်တော်က Final Year တောင် ရောက်နေပြီ၊ ဒါတွေကို မသိပါဘူး။ အဲဒါပြီးတော့ ဂိမ်းတွေ တစ်ခုပြီး တစ်ခု ကစားကြတာ ပျော်စရာ ကောင်းပါတယ်။ ကျွန်တော်တို့ ဗိုလ်လောင်းတွေကလည်း လူကြီး လူကောင်း ပီသစွာ ပြုမူ ဆက်ဆံခဲ့သလို မေမြို့က ပျိုပျိုအိုအို အမျိုးသမီးတွေကလည်း အိန္ဒြေရရနဲ့ ခင်မင် ရင်းနှီးစွာ တုံ့ပြန်ကြပါတယ်။ ပျော်စရာပွဲလေး တစ်ခုပါ။

ဒါပေမဲ့ အဲဒီ ပျော်စရာပွဲမှာ ပါဝင် ဆင်နွှဲခဲ့တဲ့ လူပျို၊ အပျိုတို့ရဲ့ ဆက်ဆံမှုတွေဟာ နောင်နှစ် (အပတ်စဉ် – ၆ နောက်ဆုံးနှစ်) ကျောင်းဆင်းခါနီးမှာ ကြီးကျယ်တဲ့ ကံကြမ္မာဆိုး တစ်ခုကို ဦးတည်စေခဲ့တယ် ဆိုတာ နောက်ပိုင်းမှ ကျွန်တော် သုံးသပ်မိပါတယ်။ အဲဒီနေ့ရဲ့ ထူးခြားချက် တစ်ခုက ပျော်ပွဲစားကို ဒုတိယ ကျောင်းအုပ်ကြီး၊ ဒုတိယ ဗိုလ်မှူးကြီး ကြည်မောင်နဲ့ စာပေ ညွှန်ကြားရေးမှူး ဦးဖိုးသုန်အပြင် နောင်မှာ စာပေ ညွှန်ကြားရေးမှူး ဖြစ်လာမယ့် ဗိုလ်မှူး အေးသိန်းတို့လည်း လာရောက်ပြီး ခဏတဖြုတ် အားပေး ကြည့်ရှုခဲ့ခြင်း ဖြစ်ပါတယ်။

အချုပ်ဆိုရရင် အဲဒီ ပျော်ပွဲစားကြောင့် ကျွန်တော်တို့ ဗိုလ်လောင်းတွေ အများကြီး ပျော်ခဲ့ရပါတယ်။ အဲဒီ့ပေါ်မှာ သကာလောင်း ဆိုသလို အပျော်ပေါ်မှာ အပျော်ထပ်ဆောင်းလိုက်ပုံက မနှစ်က လေ့ကျင့်ရေးတပ် ပို့ခံရတဲ့ မြင့်မောင်၊ ဉာဏ်လင်းနဲ့ မောင်ညိုနွဲ့တို့ DSA ပြန်တက်စေဆိုတဲ့ စစ်ရုံးက အမိန့်ကြောင့် ကျွန်တော်တို့ ဆီ ပြန်လာခြင်း ဖြစ်ပါတယ်။ ပျော်ပွဲစားကအပြန် သူတို့ကို တွေ့လိုက်ရတော့ အို..... ပျော်လိုက်တဲ့ဖြစ်ခြင်း။

ဖြစ်ပုံက မောင်ညိုနွဲ့တို့ဟာ ရန်ဖြစ်မှုကြောင့် အချုပ် ၂၈ ရက် ကျခဲ့တယ်။ ဒါက ပြစ်ဒဏ် တစ်ခု။ နောက်ပြီး စစ်တက္ကသိုလ်က နှင်ထုတ်ခံရပြီး လေ့ကျင့်ရေးတပ်ကို အပို့ခံရတယ်။ ဒါက နောက်ပြစ်ဒဏ် တစ်ခု။ တပ်မတော် ဥပဒေမှာ ပြစ်မှု တစ်ခုအတွက် ပြစ်ဒဏ် နှစ်ကြိမ် မခံစားစေရဖူး ဆိုတဲ့ မူအရ သူတို့ကို စစ်ဥပဒေ ချုပ်ရုံးက ဆုံးဖြတ်ချက် ချလိုက်တဲ့အတွက် သူတို့ DSA ကို ပြန်ရောက်လာခြင်း ဖြစ်ပါတယ်။

အမှန်တော့ ဉာဏ်လင်းရဲ့ ဦးလေး တော်စပ်သူ တစ်ဦးက ဂျပန် တော်လှန်ရေး ကာလ တပ်မတော် ထဲမှာ တာဝန် ထမ်းဆောင်ခဲ့ဖူးပါတယ်။ သူနဲ့အတူ တော်လှန်ရေးမှာ တာဝန် ထမ်းဆောင်စဉ် ရင်းနှီး ခင်မင် ခဲ့တဲ့ ပုဂ္ဂိုလ်က စစ်ရုံးချုပ်မှာ လက်ထောက် စစ်ရာထူးခန့် အတွင်းဝန် ဖြစ်နေပါတယ်။ အဲဒီ ဗိုလ်မှူးက ညိုနွဲ့တို့ အရေးနားခံစာကို ထိုစဉ်က စစ်ရာထူးခန့် အတွင်းဝန် ရာထူး တွဲပြီးကိုင်ထားတဲ့ DMT ဗိုလ်မှူးကြီး ခင်ညိုထံ တင်ပြခဲ့ပါတယ်။ ညိုနွဲ့တို့ကို BATD ရဲဘော် အဖြစ် ပို့ခဲ့တဲ့ စစ်ရာထူးခန့် အတွင်းဝန် ဗိုလ်မှူးကြီး ကျော်စိုးက ကျန်းမာရေး ချို့ယွင်းလို့ နိုင်ငံခြား ဆေးသွားကုနေပါတယ်။ ဗိုလ်မှူးကြီး ခင်ညိုက ကလေးတွေ အချင်းချင်း ရန်ဖြစ်တာ Character Case မဟုတ်ဘူး၊ DSA ကို ပြန်ပို့လိုက်ပါ ဆိုတဲ့ မှတ်ချက်နဲ့ ကျောင်းကို ပြန်ရောက် လာကြတာပါ။ အဲဒီလို ပြန်ပို့လိုက်တာကို ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး ခွန်နောင်းက လုံးဝ မကျေနပ်ပါဘူး။ အဲဒီ မကျေနပ်ချက်ကြောင့် အပတ်စဉ် ၆ နောက်ဆုံးနှစ် ကျောင်းဆင်းပွဲ မတိုင်ခင် ရက်အနည်းငယ် အလိုမှာ အလွန် ကြီးမားတဲ့ အဖြစ်ဆိုးကြီး ဖြစ်ပွားခဲ့ရပါတယ်။ ကျွန်တော့် အမြင်အရ ပြောရရင် အလွန့်ကို တရားဥပဒေ ဆန့်ကျင် လုပ်ခဲ့တဲ့ လုပ်ရပ် ကြီးပါ။

ဒီအဖြစ်ဆိုးဟာ ကျွန်တော် အထက်မှာ ရေးခဲ့တဲ့ ပျော်ပွဲစားမှာ ပါဝင်တဲ့ လူပျို အပျိုတွေရဲ့ ဆက်ဆံရေးနဲ့ ညီနွဲ့တို့တစ်တွေ DSA ကို ပြန်ရောက်လာတဲ့ ဖြစ်ရပ်တို့ ဆက်နွယ်မှု ရှိတာကို နောက်ပိုင်းမှ တင်ပြပါမယ်။ တကယ်တော့ ညီနွဲ့တို့ DSA ကို ပြန်ရောက်လာတာက အဓိကချက်ပါ။ အဲဒီအချက်က သူတို့ နောက်ဆုံးနှစ်မှာ ကြုံရတဲ့ အဖြစ်ကြီးကို ဦးတည်စေခဲ့တာပါ။

## နောက်ဆုံးနှစ်မှာ ရလာတဲ့ ဝေဒနာ

အောက်တိုဘာလ Excursion ပြီးတဲ့အခါကျတော့ ကျွန်တော်တို့ နောက်ဆုံးနှစ် ဗိုလ်လောင်းတွေကို ရာထူးတွေ ပြန်လည် သတ်မှတ်ခဲ့ပါတယ်။ ဗိုလ်လောင်း တပ်ရင်းမှူး အဖြစ် ကိုအောင်ဝင်း (၁၆၅) [ယခု အငြိမ်းစား ဗိုလ်မှူးချုပ်] ဖြစ်လာပြီး ကျွန်တော်က သူ့လက်အောက်က ဗိုလ်လောင်း တပ်ရင်း တပ်ရေး ဖြစ်လာခဲ့ပါတယ်။ ဘုရင့်နောင် တပ်ခွဲမှူး အဖြစ် ကိုမျိုးညွန့်ရှိန် (၁၃၉) ဖြစ်လာပြီး အနော်ရထာ တပ်ခွဲမှူးကတော့ လှသောင်း (၁၆၇) ဖြစ်လာပါတယ်။

ကျွန်တော့်ကို ဘယ်လို ကြမ္မာဆိုးကများ ဖန်တီးပေးသလဲ မသိပါဘူး။ ကျွန်တော်တို့ Intake က ဗိုလ်လောင်း နှစ်ယောက်ဟာ တိတ်တိတ်ပုန်း အိမ်ထောင်ပြုထားကြတယ် ဆိုတဲ့ အကြောင်းကို ကျွန်တော့်ဆီကို ဆိုက်ဆိုက်မြိုက်မြိုက် သတင်း ရောက်လာပါတယ်။ ဗိုလ်လောင်းတိုင်းဟာ အိမ်ထောင် မရှိသူ လူပျို ဖြစ်ရမယ် ဆိုတာက သံမဏိ စည်းမျဉ်းပါ။ ကျွန်တော်က တပ်ရေး ဆိုတော့ ဒီလို သတင်းမျိုးကို အထက် အရာရှိ ဖြစ်တဲ့ တပ်ခွဲမှူး (သို့မဟုတ်) သက်ဆိုင်တဲ့ ပုဂ္ဂိုလ်ကို ဆက်ပြီး သတင်းပို့ရမှာ ဖြစ်ပါတယ်။ အဲဒီလို သတင်းပို့လိုက်ရင် အဲဒီ ပုဂ္ဂိုလ် နှစ်ယောက်ဟာ တပ်ကနေ ထုတ်ပစ်ခံရမှာ သေချာပါတယ်။

အဲဒီတုန်းက ကျွန်တော် အသက် ၂၀ နှစ်ပဲ ရှိပါသေးတယ်။ သူတို့ သတင်းကို တခြား ဘယ်သူ့နဲ့မှ မတိုင်ပင်ရဲဘဲနဲ့ အထက် အရာရှိကိုလည်း သတင်း မပို့ဖြစ်အောင် ထိန်းပြီး နေခဲ့ရပါတယ်။ ကျွန်တော်ဟာ ဗိုလ်လောင်း တပ်ရင်း တစ်ရင်းလုံးရဲ့ ဗိုလ်လောင်း တပ်ရေး အရာရှိ ဖြစ်တဲ့အတွက် ဒီသတင်းတွေကို အထက် အရာရှိများထံကို ချက်ချင်း သတင်းပို့ရမယ့် တာဝန် ရှိပါတယ်။ ဒါပေမဲ့ အဲဒီလို သတင်းပို့ဖို့ ကိစ္စကို ဆက် မလုပ်ဖြစ်ပါဘူး။

သတင်းပို့ရမယ့် တာဝန်ရှိလျက်နဲ့ သတင်းမပို့ဘဲ နေရတဲ့ စိတ်ဖိစီးမှု Mental Stress ဟာ အလွန့်ကို ကြီးမားပါတယ်။ အဲဒီ ဖိစီးမှုကြောင့် ကျွန်တော်ဟာ ဘယ်သူ့နဲ့မှ စကားဟဟ မပြောချင်တော့ပါဘူး။ သေးလူက ကြည့်ရင် ကျွန်တော်ဟာ တစ်စုံတစ်ခုကို အကြီးအကျယ် မကျေနပ်လို့ စိတ်ကောက်နေတဲ့ ပုံစံမျိုးပေါ့။ ကျွန်တော် အဲဒီလို တစ်ကိုယ်တည်း ကိုယ့်အတွေးနဲ့ ကိုယ် နေပြီး ပတ်ဝန်းကျင်နဲ့ ခပ်ခွာခွာ နေရတဲ့ ကာလဟာ နိုဝင်ဘာလကနေ ကျောင်းဆင်းတဲ့ နောက်နှစ် ဧပြီလအထိ ကြာရှည်ခဲ့ပါတယ်။ အလွန် ရင်းနှီးတဲ့ သူငယ်ချင်းတွေကလည်း "မင်း ဘာဖြစ်နေတာလဲ၊ မင့်ရည်းစား လင့်နောက်လိုက်သွားလို့လား" စသဖြင့် မကြာခဏ အမေးခံရပါတယ်။ ကျွန်တော် ဘာမှပြန်မပြောပါဘူး။ မှုန်တေတေမျက်နှာထားနဲ့ပေါ့။

ကျွန်တော် ခံစားနေရတုန်းက တစ်ယောက်တည်း ကြိတ်ပြီး ခံစားခဲ့ရတာပါ။ ဘယ်သူ့ကိုမှလည်း တိုင်ပင်လို့ မဖြစ်ပါဘူး။ တိုင်ပင်လိုက်ရင် သတင်းက ပွထပြီး သူတို့ နှစ်ယောက် ဒုက္ခလှလှကြီး ရောက်မှာ သေချာပါတယ်။ အခု အသက်အရွယ်ရပြီး ပြန်စဉ်းစားကြည့်တော့ သူတို့နဲ့ ပတ်သက်လို့ ကျွန်တော် ထိန်းချုပ်ခဲ့တာ မှန်တယ်လို့ သုံးသပ်ပြီး ကိုယ့်ကိုယ်ကိုယ် ကျေနပ်မိပါတယ်။

ဘာ့ကြောင့်လဲဆိုတော့ အဲဒီထဲက တစ်ယောက်က တပ်မတော် သမိုင်းမှာ အလွန် ပြောင်မြောက်ခဲ့



ဗိုလ်လောင်း လှသောင်း (ယာယီ ဗိုလ်လောင်း တပ်ရင်းမှူး) နဲ့ ဗိုလ်လောင်း ဝင်းထိန် (ယာယီ ဗိုလ်လောင်း တပ်ရေး) [၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလ]။

တိုက်ရည်ခိုက်ရည် ပြည့်တဲ့ အရာရှိ တစ်ယောက် ဖြစ်လာပါတယ်။ သူက ဗိုလ်မှူး ဘဝနဲ့ ဗကပတွေကို ပြောင်မြောက်စွာ တိုက်ခိုက်ရင်း အောင်ပွဲရခဲ့လို့ "သီဟသူရဘွဲ့" ချီးမြှင့်ခံရပါတယ်။ ကိုယ်တိုင်ကတော့ အဲဒီ တိုက်ပွဲမှာပဲ အသက်ကို ပေးသွားခဲ့ပါတယ်။ နောက်တစ်ယောက်ကတော့ ဗိုလ်မှူးချုပ် တစ်ယောက်ထိ ဖြစ်လာခဲ့ပြီး ပြည်တွင်းသောင်းကျန်းမှု နှိမ်နင်းရေး တိုက်ပွဲကြီးတွေမှာ ထိရောက်စွာ တိုက်ပွဲဝင်ခဲ့တဲ့ သူတစ်ယောက် ဖြစ်လာပါတယ်။

## ကျောင်းဆင်းပွဲ

၁၉၆၃ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့မှာ ကျွန်တော်တို့ အပတ်စဉ် ၅ ဗိုလ်လောင်းများ ကျောင်းဆင်းခဲ့ပါတယ်။ ရေတပ်ကို နှစ်ယောက်၊ လေတပ်ကို သုံးယောက်၊ အမြောက်တပ်ကို သုံးယောက်၊ တင့်ကားတပ်ကို နှစ်ယောက်နဲ့ ကျွန်တော် အပါအဝင် ကျန်တဲ့ ၁၁ ယောက်ကတော့ ခြေလျင်တပ် အသီးသီးကို ရောက်ကြပါတယ်။ အဲဒီ ကျောင်းဆင်းပွဲမှာ အံ့အားသင့်စရာနဲ့ မမျှော်လင့်တဲ့ မြောက်မှုတွေ ကြုံတွေ့ခဲ့ရပါတယ်။ ဖြစ်ပုံက ဒီလိုပါ…။

နှစ်တိုင်း ကျောင်းဆင်းပြီ ဆိုရင် ကျောင်းဆင်း ဗိုလ်လောင်းတွေထဲက သင့်လျော်တဲ့လူ ဆုပေးလေ့ရှိပါတယ်။ ဆုတွေကတော့ (၁) အောင်စစ်သည်ဆု Best Cadet၊ (၂) လေ့ကျင့် ထူးချွန်ဆု Best in Trainng၊ (၃) စာပေ ထူးချွန်ဆု Best in Acadaemic Subjects တွေ ဖြစ်ပါတယ်။ နှစ်တိုင်း ဗိုလ်လောင်း သုံးယောက်ဟာ အဲဒီဆုသုံးဆုကို အသီးသီး ဆွတ်ခူးသွားကြပါတယ်။


ကျွန်တော်ဟာ နောက်ဆုံးနှစ် ရောက်တဲ့အထိ စာမေးပွဲ အများစုမှာ ပထမ ရခဲ့တော့ စာပေ ထူးချွန်ဆု ရမှာလို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ပြီးသားပါ။ အဲလို ယုံကြည်ခဲ့ပေမဲ့ စည်းကမ်းပိုင်း၊ လေ့ကျင့်ရေးပိုင်းနဲ့ အားကစားတွေမှာလည်း မပေ့ါပါဘူး။ တတိယနှစ်.က စပြီး ကျွန်တော်ဟာ အားကစားဘက်ကို ပိုပြီး စိတ်ပါလာလို့ ပြိုင်ပွဲတွေ ရှိရင် မီတာ ၄၀၀ တန်းကျော်၊ မီတာ ၈၀၀ နဲ့ မီတာ ၁၅၀၀ ပြိုင်ပွဲတွေမှာ ပါဝင် ဆင်နွှဲခဲ့ပါတယ်။ ပထမ မရခဲ့ဘူးသော်လည်း တတိယနဲ့ စတုတ္ထလောက် အထိတော့ အမြဲလိုလို ချိတ်ပါတယ်။ အပေါ်မှာ ပြောခဲ့တဲ့ ကိစ္စသာ မရှိခဲ့ရင် ကျွန်တော်ဟာ စတုတ္ထနှစ်ကို ပေါ့ပေါ့ပါးပါး ဖြတ်သန်းနိုင်မှာပါ။


ကျောင်းဆင်းမယ့်နေ့ ရောက်ပါပြီ။ ကျွန်တော်တို့က ကျောင်းသားကြီး တပ်ခွဲပေ့ါ။ ကိုအောင်ဝင်းက Wing S.U.O ဆိုတော့ ကျောင်းသားကြီး တပ်ခွဲမှာပေ့ါ။ ကျွန်တော်က Wing Adjudent ဆိုတော့ သူ့နောက်ကပေ့ါ။ ကျွန်တော်တို့ ကျောင်းဆင်းပွဲကို ဒုတိယ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်မှူးချုပ် စန်းယု (နောင်သမ္မတကြီး- ကွယ်လွန်) တက်ရောက်ပါတယ်။ သူ့အရင်က ဗိုလ်မှူးချုပ် အောင်ကြီး ပြုတ်သွားလို့

DSA အပတ်စဉ် ၅
ကျောင်းဆင်းပွဲ
စစ်ရေးပြ။



DSA အပတ်စဉ် ၅
ကျောင်းဆင်းပွဲ၌
ဗိုလ်မှူးချုပ် စန်းယု၊
ဗိုလ်မှူးကြီး
အယ်လ်ခွန်နောင်းနဲ့
ဗိုလ်မှူးချုပ် တီ-
ကလစ် (လေ) တို့
ဗိုလ်လောင်း တပ်ရင်းအား
စစ်ဆေးနေစဉ်။






DSA ကျောင်းဆင်းပွဲသို့
တက်ရောက်သော
နိုင်ငံခြား စစ်သံများ။



DSA အပတ်စဉ် ၅ နောက်ဆုံးနှစ် ကျောင်းဆင်းပွဲနေ့၌ ဗိုလ်မှူးချုပ် စန်းယုက ဗိုလ်လောင်း ဝင်းထိန်အား စာပေ ထူးချွန်ဆု (ရွှေတံဆိပ်) ပေးအပ်နေပုံ။ ဘေး၌ လေ့ကျင့်ရေး တပ်ရေး ဗိုလ်ကြီး ဘသန်း (နောင် ရှမ်းပြည်နယ် အစိုးရ ဥက္ကဋ္ဌ- ကွယ်လွန်)။




DSA အပတ်စဉ် ၅ ကျောင်းဆင်းပွဲ၌ တက်ရောက်လာသော အစ်မတော် အရာရှိကြီးများ- ရှေ့ဆုံးတွင် ဗိုလ်မှူးချုပ် စန်းယု၊ နောက်တန်း ဗိုလ်မှူးကြီး အယ်လ်ခွန်နောင်း၊ ဗိုလ်မှူးချုပ် တီ-ကာလစ် (လေ) နဲ့ ဗိုလ်မှူးချုပ် သောင်းတင် (ရေ)။

သူက န မ ခ တိုင်းမှူးဘဝကနေ ဒုချုပ်ဖြစ်တာပါ။ ကျွန်တော်တို့ ကျောင်းသား တပ်ခွဲတွေ ဒုချုပ်ကို အနေး လျှောက်၊ အမြန်လျှောက်နဲ့ ချီတက် အလေးပြုပြီးပါပြီ။ ဆုရမယ့် ဗိုလ်လောင်း ကျောင်းသားတွေကို ဆုပေးမယ့် အစီအစဉ်ပဲ ကျန်ပါတော့တယ်။

## အောင်စစ်သည်ဆု

အဲဒီတုန်းက လေ့ကျင့်ရေးတပ်ရေး Trainning Adjudent က ဗိုလ်ကြီး ဘသန်း (နောင် လမ်းစဉ် ပါတီခေတ်မှာ ရှမ်းပြည်နယ် ဥက္ကဋ္ဌ) ဖြစ်ပါတယ်။ သူက ရှမ်းအမျိုးသား၊ အရပ်ကလည်း ပုပါတယ်။ တပ်ခွဲ ဘောလုံး ပြိုင်ပွဲတွေမှာ သူ ဝင်ကန်တဲ့အခါ ဗိုလ်လောင်းတွေက "သုံးဘီး" လို့ နောက်ကြပါတယ်။ သူက ဆုရတဲ့လူတွေကို ကြေညာပြီး ဗိုလ်ချုပ် စန်းယုက ဆုပေးရမှာပါ။ ဆုပေးပါပြီ။ ဗိုလ်ကြီး ဘသန်းက "စစ်တက္ကသိုလ် အပတ်စဉ် ၅ အောင်စစ်သည်ဆုရ ဗိုလ်လောင်း အမှတ် ၁၆၈ ဗိုလ်လောင်း ဝင်းထိန်" လို့ အသံချဲ့စက်က ကြေညာလိုက်ပါတယ်။


ကျွန်တော် ကြောင်သွားပါတယ်။ ကျွန်တော် လုံးဝ မျှော်လင့်မထားတဲ့ ကိစ္စပါ။ သုံး-လေးစက္ကန့်လောက် ကြာသွားမယ် ထင်ပါတယ်။ ကျွန်တော်လည်း သတိကို ထိန်းပြီး သတိ ဆွဲလိုက်ပါတယ်။ ပြီးမှ ဓားနဲ့ အလေးပြုပြီး အလေးပြုခုံ စင်မြင့်ဘက်ကို အမြန်လျှောက်ပြီး ချဉ်းကပ်လိုက်ပါတယ်။ ဗိုလ်မှူးချုပ် စန်းယုက ကျွန်တော့်ကို အောင်စစ်သည်ဆု အတွက် ငွေဓားကို ချီးမြှင့်လိုက်ပါတယ်။



ဘွဲ့ရပြီး ညီနွဲ့နဲ့ ဝင်းထိန်။

အဲဒီဓားဟာ အင်္ဂလန် နိုင်ငံ Sheffield မြို့က ထုတ်လုပ်ပြီး လက်ကိုင်ကွင်းနဲ့ ဓားအိမ်ကို ပတ်ပြီး ချုပ်ထားတဲ့ (သတ္တုပြား)တွေဟာ ရွှေရည်စိမ်တွေပါ။ အရည်အသွေး ဘယ်လောက် ကောင်းသလဲ ဆိုရင် အဲဒီ ရွှေရောင်တွေဟာ ယနေ့ နှစ်ပေါင်း ၅ဝ ကျော် အရောင် မပျက်ပါဘူး။ ဓားက ခုတ်ဓား မဟုတ်ပါဘူး။ အဖြောင့် ထိုးဓား ပုံစံမျိုးပါ။ ဓားမျက်နှာပြင်ပေါ်မှာတော့ ကနုတ်ပန်းတွေ ရှိပါတယ်။ ဒီဓားကို ယနေ့အထိ ကျွန်တော် ထိန်းသိမ်းထားပြီး သံချေး မတက်အောင် နှစ်လ သုံးလ တစ်ခါ ဆီပါးပါး သုတ်ပေးထားရပါတယ်။

ကျွန်တော် အဲ ဒီ လို အောင်စစ်သည်ဆု အတွက် သွားယူတုန်းမှာရော၊ ဆုလက်ခံပြီး ပြန်လာတုန်းမှာရော အတွေးတွေ ဘောင်ဘင်ခတ်နေပါပြီ။ "ငါ့ကို Best Cadet ဆု ပေးရင်၊ စာပေ ထူးချွန်ဆု ဘယ်သူ့ကိုများ ပေးမှာပါလိမ့်" ဆိုတဲ့ အတွေးနဲ့ပါ။ ဆုယူပြီး ကျွန်တော့် နေရာပြန် နေရာယူပြီးတဲ့အခါ လေ့ကျင့် ထူးချွန်ဆု အတွက် ဗိုလ်လောင်း လှကြည် လို့ ကြေညာလိုက်ပါတယ်။ ကျွန်တော်က "မဆိုးပါ



ကျွန်တော်တို့ ခေတ်က ဗိုလ်လောင်းများအား ထုတ်ပေးသော ယူနီဖောင်း ရှစ်မျိုး။



DSA အပတ်စဉ် ၅ နောက်ဆုံးနှစ်တွင် ကန်တော်ကြီး၌ ပြုလုပ်သော ပျော်ပွဲစားသို့
တက်ရောက်လာကြသော မေမြို့ (ပြင်ဦးလွင်) မှ လုပျိုဖြူများနှင့် အငမ်းမရ ဗိုလ်လောင်းများ။
(၁၉၅၆ ခုနှစ်၊ အောက်တိုဘာလ။)

ဘူး ဒီလူနဲ့လည်း ထိုက်တန်တယ်" ဆိုပြီး စိတ်ထဲက မှတ်ချက်ချမိပါတယ်။

ကိုလှကြည်က သိပ်တော့ မထူးချွန်သော်လည်း စည်းကမ်း ကောင်းပြီး အင်မတန် ကြိုးစားတဲ့သူ တစ်ယောက်ပါ။ လေ့ကျင့် ထူးချွန်ဆုအတွက် ပွိုင့် ဒသသမ ၃၆ ခြောက်လုံးပြူး တစ်လက်ပါ။ အဲဒီ ခြောက်လုံးပြူး အဲဒီမှာ ခုထိ ရှိမရှိ ကျွန်တော် မေးမကြည့်မိပါဘူး။

## စာပေ ထူးချွန်ဆု

ကိုလှကြည် သူ့နေရာသူ ပြန်ရောက်တော့ ဗိုလ်ကြီး ဘသန်းက ဆက်ကြေညာပါတယ်။ "စစ်တက္ကသိုလ် အပတ်စဉ် ၅ စာပေ ထူးချွန်ဆု၊ ဗိုလ်လောင်း အမှတ် ၁၆ဂ ဗိုလ်လောင်း ဝင်းထိန်" လို့ ကြေညာလိုက်ပါတယ်။ ကျွန်တော် အရမ်းကို အံ့အားသင့်သွားပါတယ်။ လုံးဝ မျှော်လင့်မထားတာပါ။ ကျွန်တော်တို့ အပတ်စဉ် ၅ က စပြီး ဆု နှစ်ဆု ရတာဟာ ကျွန် တော်က ပထမဆုံးပေါ့။ အဲဒီ အနေအထားကြောင့် ကျွန်တော်ဟာ ဗိုလ်မှူးချုပ် စန်းယုဆီ သွားပြီး ဆု ယူတဲ့အခါမှာ ကျွန်တော့် ခံစားချက်တွေက ဘယ်လို ဆိုတာ ပြောရခက်ပါတယ်။ အံ့ဩတာရယ် ဝမ်းသာတာရယ်၊ တိတ်တခိုး ကြိတ်ပြီး ဂုဏ်ယူတာရယ်တွေကြောင့် ကျွန်တော့် စိတ်ခံစားမှုတွေ ရှုပ်ထွေးနေပါပြီ။

ကျွန်တော် ဆုယူပြီးတဲ့အခါ ဗိုလ်မှူးချုပ် စန်းယုနှင့် အတွဲ့ ထွက်ခွာသွားတဲ့အခါ အလေးပြုပြီး ကျန်ရစ်ခဲ့ပါတယ်။ အဲဒီနောက်မှာ ကျွန်တော်တို့ ကျောင်းသားကြီး တပ်ခွဲ စစ်ရေးပြကွင်းက နောက်ဆုံး ထွက်ခွာခြင်း အဖြစ် ထွက်ခွာသွားရပါပြီ။ ကျွန်တဲ့ ဗိုလ်လောင်း တပ်ခွဲတွေကိုတော့ ကြိုတင် ရွေးချယ်ထားတဲ့ အပတ်စဉ် ၆ က တာဝန်ကျ ဗိုလ်လောင်းတွေက "ကျောင်းသားကြီး တပ်ခွဲအား အလေးပြု" ဆိုတဲ့ အမိန့်နဲ့ သေနတ်မြှောက် အလေးပြုကြပါတယ်။ အဲဒီတုန်းက ဒု စစ်ရေးပြမှူးအနေနဲ့ ကျွန်တော်တို့ကို အလေးပြုဖို့ အမိန့်ပေးခဲ့သူကတော့ ကျွန်တော့်ညီ မောင်ညိုနွဲ့ ပါပဲ။ အဲဒီအခါမှာ ကမ္ဘာကျော် နှုတ်ဆက်တေး ဖြစ်တဲ့ Aund Lan Sign ဆိုတဲ့ တေးသွားကို တီးပေးပါတယ်။

နောက်မှ သိရတာက အဲဒီ သီချင်းဟာ ပြင်သစ်သီချင်းဖြစ်ပြီး အဓိပ္ပာယ် အကျဉ်းချုပ်က "တို့တစ်တွေ အခြေအနေအရ ခွဲခွာသွားကြပြီ၊ ချစ်ခင် ရင်းနှီးစွာနဲ့လည်း ဆက်ဆံခဲ့ကြရပြီ၊ နောင်တစ်ချိန်မှာ ပြန်လည်ဆုံစည်းမယ်လို့ ယုံကြည်ပါတယ်၊ ဒါ့ကြောင့် အခု နှုတ်ဆက်လိုက်ပါတယ်၊ ပြန်လည် ဆုံစည်းဦးမယ်လို့လည်း မျှော်လင့်လျက်ပါ" ဆိုတဲ့ အဓိပ္ပာယ်ပါ။ အဲဒီ သီချင်းကို ၁၉၆ဂ ခုနှစ်အလွန် ရန်ကုန်မှာ ကျင်းပတဲ့ ဒုတိယအကြိမ် အရှေ့တောင် အာရှ အားကစား ပြိုင်ပွဲ ပိတ်ပွဲမှာလည်း ဒီသီချင်း ဖွင့်ပါတယ်။ ကမ္ဘာ့ အိုလံပစ်ပွဲကြီးတွေ ပိတ်ပွဲမှာလည်း ဒီသီချင်းဖွင့်တယ်လို့ ကြားဖူးပါတယ်။

## လေဟုန်စီးသကဲ့သို့ ပေါ့ပါးသွားခြင်း

Wing S.U.O ကိုအောင်ဝင်းရဲ့ "ကျောင်းသားကြီး တပ်ခွဲ ညာလှည့်ရန်... ညာ လှည့်" ဆိုတဲ့ အမိန့်နဲ့ ကျွန်တော်တို့ တပ်ခွဲ ညာလှည့်လိုက်ပါတယ်။ သူက ဆက်ပြီး "ကျောင်းသားကြီး တပ်ခွဲ အမြန်...လျှောက်" ဆိုတဲ့ အမိန့်နဲ့အတူ ကျွန်တော်တို့ လေးနှစ်လုံးလုံး ထောင်းလမောင်း ထအောင် လေ့ကျင့်ခဲ့ရတဲ့ စစ်ရေးပြကွင်းကြီးက နောက်ဆုံးအဖြစ် ထွက်ခွာခဲ့ပါတယ်။

ဘင်ခရာ တီးဝိုင်းရဲ့ "အောင်လံဆိုင်း" တေးသွားနဲ့ပေါ့။ အဲဒီအချိန်မှာ တစ်ကိုယ်လုံး ပေါ့ပါးနေတယ်လို့ ခံစားရပါတယ်။ မြေထောက်နဲ့ မြေကြီး မထိတော့သလိုပါပဲ။ ဒီလိုပြောတဲ့အခါ အများက ကျွန်တော်ဟာ DSA မှာ တစ်ကြိမ် တစ်ခါမှ မဖြစ်ခဲ့ဖူးတဲ့ ဆု နှစ်ဆု ရခဲ့လို့ ဖြစ်မယ်လို့ ထင်ကြပါလိမ့်မယ်။

မှားပါတယ်ခင်ဗျာ။ ကျွန်တော်ဟာ လပေါင်းများစွာ တစ်ကိုယ်ထဲ ကြိတ်ခံစားရတဲ့ စိတ်ဝေဒနာက လွတ်မြောက်သွားလို့ ဖြစ်ပါတယ်။ ပြီးတော့ ကိုယ့်ဘာသာကိုယ် ရှုတ်နေတာ ဒီကောင် နှစ်ကောင် မိန်းမယူတာဟာ ငါနဲ့ မဆိုင်တော့ဘူး၊ ငါ လွတ်ပြီ ကျွတ်ပြီ ဆိုပြီး တဖွဖွ ရွတ်နေခဲ့ပါတယ်။ တကယ့်ကိုပါပဲ။ ပုခုံးပေါ်မှာ

ထမ်းထားတဲ့ လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးကြီးတွေ ပြုတ်ကျသွားသလို ခံစားရတာပါ။

## ဘာ့ကြောင့် အဲ့ဒီလို ဖြစ်တာပါလိမ့်

ကျွန်တော် DSA ကျောင်းဆင်းတဲ့အခါမှာ အောင်စစ်သည်ဆုနဲ့ စာပေထူးချွန်ဆု ရတဲ့ သတင်းဟာ တပ်မတော်ထဲမှာ လူပြောများရလောက်အောင် ပြန့်သွားပါတယ်။ စိတ်ပါဝင်စားတဲ့ ပြင်ပ လူ့အသိုင်းအဝိုင်းတွေမှာလည်း ပျံ့နှံ့သွားပါတယ်။ အစဉ်အလာလည်း မရှိ၊ အရင်ကလည်း ထုံးစံ မရှိဘဲနဲ့ ဆု နှစ်ဆုကို တစ်ပြိုင်တည်း ရသွားတယ်ဆိုတာ မဖြစ်စဖူး အဖြစ်ထူးတဲ့ ကိစ္စဆိုတော့ လူတော်တော်များများက စိတ်ဝင်စားကြပါတယ်။

ကျွန်တော်ကိုယ်တိုင်လည်း အဲဒီအချိန်တုန်းက အကြောင်းအရင်းကို မသိရပါဘူး။ ကျွန်တော်ဟာ ကျောင်းဆင်းတော့ သ န က ၅ ကို ၁၉၆၃ ခုနှစ်၊ မေလမှာ ရောက်ရှိ သတင်းပို့ ပါတယ်။ ရောက်ပြီးတဲ့နောက် ၁၉၆၃ ခုနှစ်ကနေ ၁၉၆၉ ခုနှစ်ထိ မြစ်ဝကျွန်းပေါ်၊ ပဲခူးရိုးမနဲ့ အရှေ့မြောက်တိုင်း ကွတ်ခိုင် ဒေသဘက်ကို စစ်ဆင်ရေးတွေ ဝင်ရောက်ခဲ့ပါတယ်။ ခြေလျင်တပ်မှာ ခြောက်နှစ်လောက် နေပြီးမှ ကာကွယ်ရေး ဝန်ကြီးဌာနလို့ ခေါ်တဲ့ စစ်ရုံးကို ပြောင်းရွှေ့ခြင်းခံရပါတယ်။ အဲဒီအခါကျမှ ကျွန်တော်တို့ ဗိုလ်လောင်းဘဝတုန်းက ရထားတဲ့ အမှတ်တွေအကြောင်းကို ကက (ကျင့်) မှာ ထားတဲ့ မှတ်တမ်းတွေအရ သိရပါတယ်။ ဒီကိစ္စကို နောက်မှ အသေးစိတ် ရေးပြပါ့မယ်။

## သူငယ်ချင်း တချို့အကြောင်း

ကျွန်တော်တို့ အပတ်စဉ်က ကျောင်းဆင်းတော့ ၂၁ ယောက်ပဲ ရှိပါတယ်။ ဒါတောင် အရင် Intake တွေက စာမေးပွဲကျလို့ လာပေါင်းကြတဲ့ ကိုမင်းဆွေ (အရှူး-ကွယ်လွန်)၊ ကိုစိန်ဝင်း (ကြက်တော-ယခု ကျောင်းကုန်းတွင် ဘုန်းကြီးဝတ်နေ)၊ ကိုတင်အောင် (မှူးကြီး-ကွယ်လွန်)၊ ကိုမျိုးညွန့်ရှိန် (ကိုရှိန်ကြီး-လေယာဉ်ပျက်ကျကွယ်လွန်)၊ ကျင်စံ (ဖိုရှင် ဖင်ရှုံ့-တိုက်ပွဲကျ၊ သီဟ သူရဘွဲ့ရ)၊ David Wiltshire (ဇရမ်မန်ကန်း-Australia နိုင်ငံ Perth မြို့နေ) တို့ လာပေါင်းလို့ အဲဒီလောက် အရေအတွက် ရတာပါ။ နောက်ပြီး ကျွန်တော်တို့ Intake ကလည်း စာမေးပွဲကျလို့ အပတ်စဉ် ၆ ရောက်သွားတဲ့ကောင်တွေ ရှိပါတယ်။ မြင့်မောင် (လဒ-ကွယ်လွန်) နဲ့ ကိုကျော်ခင် (ငမဲ-ကွယ်လွန်) တို့ ဖြစ်ပါတယ်။

ကိုဘစံအောင် (၁၆၃)၊ ကျွန်တော်တို့အခေါ် ကိုဘကတော့ ဒုတိယနှစ်ကျမှ နောက်ဆုံးနှစ် အတန်းတင် စာမေးပွဲမှာ ခိုးချတာမိလို့ ချက်ချင်း ကျောင်းထုတ်ခံရတာပါ။ ခိုးချတာ မိတာနဲ့ ဒုကျောင်းအုပ်ကြီး ရုံးကို ခေါ်ရာမှာ ထုတ်ပစ်ဖို့ ဆုံးဖြတ်ချက် ချလိုက်တဲ့အတွက် အဲဒီနေ့မှာပဲ တပ်က ထွက်ခွာသွားတာပါ။ အဖြစ်က မြန်လွန်းလို့ ကျွန်တော်တို့ နှုတ်ဆက်ချိန်တောင် မရပါဘူး။

သူ့ခမျာ အပြင်ရောက်မှ ဒုတိယနှစ်အနေနဲ့ တက္ကသိုလ် ပြန်တက်ခွင့်ရလို့ ဘွဲ့ရတစ်ယောက် ဖြစ်လာပါတယ်။ တော်လှန်ရေးကောင်စီ ခေတ်မှာ ကုန်သွယ်ရေး ဌာနတွေ ဖွဲ့တော့ သူက ဆေးနှင့် ဆေးပစ္စည်း ကော်ပိုရေးရှင်းအောက်က ဆေးပစ္စည်း အရောင်းဆိုင် တာဝန်ခံ ဖြစ်လာပါတယ်။ အဲဒီခေတ်က ရှားပါးတဲ့ ဆေးတွေ လိုချင်ရင် သူ့ကို မှီခို အားထားရပါတယ်။ ဒုတိယ ဗိုလ်ချုပ်မှူးကြီး ဖြစ်လာမယ့် ကိုအေးနဲ့လည်း ကျွန်တော် မိတ်ဆက်ပေးလို့ ခင်သွားပြီး စစ်အစိုးရခေတ်မှာ အဲဒီ အဆက်အသွယ်နဲ့ စီးပွားရေးလုပ်တယ်ဆိုတာ သိရပါတယ်။

ကိုအေးရဲ့ စောင်မမူကြောင့် အနော်ရထာလမ်းမပေါ် မှာ နိုင်ငံခြားပြန် တိုက်ခန်း အောက်ထပ် တစ်ခုကို ရလိုက်တော့ ဘေးက အခန်းတွေ ငှားထားတဲ့အတွက် အဲဒီခေတ်မှာကို တစ်လ ၃၀၀၀ ကျပ်လောက် ဝင်ငွေရှိတော့ ထမင်းတောင် အိမ်မှာ မချက်ဘူး။ ထမင်းချိုင့်ပေးစားပါတယ်။ ဝင်ငွေကောင်းတော့ ကိုယ်ပိုင်ကားလည်း ရှိပါတယ်။ စီးပွားရေးလည်း မျိုးစုံ လုပ်ပါတယ်။ ဒါပေမဲ့ "ကံမရှိ၊ ဉာဏ်ရှိတိုင်း မွဲ" ဆိုရိုးစကားလို သူလုပ်သမျှ အောင်မြင်တာ နည်းပါတယ်။ ကျွန်တော် ထောင်ကျနေတဲ့ ကာလမှာပဲ သူ့ဇာတိ ကျောက်ပန်းတောင်းဘက်မှာ ရဟန်းဝတ်နဲ့ နေရင်း ဘဝကူးသွားပါတယ်။ သူမိန်းမ မချောလည်း သူနဲ့ မရှေးမနှောင်းမှာ ကွယ်လွန်သွားတယ်လို့ သိရပါတယ်။

## မောင်မျိုးကြောင် (၁၆၄)

တကယ်တော့ သူ့နာမည်က မျိုးအောင်ပါ။ ကြောင်တောင်တောင် အလုပ်တွေ ခဏ ခဏ လုပ်တတ်လွန်းလို့ မူလနာမည် ပျောက်ပြီး မျိုးကြောင်လို့ တွင်နေတာပါ။ ဘယ်လို ကြောင်သလဲဆိုတာ နမူနာတစ်ခု ပေးရရင်၊ DSA ရောက်ခါစက စပါတယ်။ သူက အဲဒီခေတ်က နာမည်ကြီး သိုင်းဆရာ ဦးချစ်သန်းရဲ့ တပည့်ပါ။ သိုင်းပညာကိုလည်း ဆရာဖြစ်အဆင့်လောက် အထိ တတ်ပါတယ်။ ကျွန်တော်တို့ စီနီယာနှစ် ရောက်တဲ့အခါ အားတဲ့ရက်တွေမှာ စီနီယာ ဗိုလ်လောင်းတွေကို သိုင်းသင်ပေးပါတယ်။ စကားတွေက ဟိုရောက်ဒီရောက်နဲ့ မျိုးအောင် ကြောင်တဲ့ အကြောင်း ပြန်စရဦးမယ်။ ကျွန်တော်တို့ DSA လည်း ရောက်ရော သူက တပ်စု ၄ မှာပါ။ သူနဲ့အတူ တွန်ဇာပုန်း (၁၆၂-Bloody Basket- သူက ချင်းအမျိုးသား ဆိုတော့ ချင်းပုတ်လို့ ခေါ်တဲ့ သဘောပါ)။ နောက်တစ်ယောက်ကတော့ မြင့်မောင် (လဒ-၁၆၈) တို့ နေပါတယ်။ သူတို့ သုံးယောက်က တစ်ခန်းတည်းပါ။

မနက်ဆိုရင် Morning PT အတွက် ငါးနာရီလောက် ထရပါတယ်။ မြင့်မောင်နဲ့ တွန်ဇာပုန်းက နိုးနေပြီ။ မျိုးအောင်ကို လှမ်းခေါ်ပြီး နှိုးပါတယ်။ မနိုးပါဘူး။ ဒါ့ကြောင့် မြင့်မောင်က မျိုးအောင်ကို လက်နဲ့ လှုပ်နှိုးပါတယ်။ မျိုးအောင်က သိုင်းသမားလေ၊ နိုးကြား ဖြတ်လတ်တယ်ပေါ့။ မြင့်မောင်ကလည်း နှိုးရော မျိုးအောင်က မြင့်မောင်ရဲ့ လက်ကို သိုင်းကွက်နဲ့ ရိုက်ချလိုက်ပါတယ်။ ပြီးမှ သူနိုးလာတယ်ပေါ့။ ဒါ့ကြောင့် သူက တောင်းပန်လိုက်ပါတယ်။

နောက်တစ်နေ့ကျတော့လည်း မျိုးအောင်က မနိုးပြန်ပါဘူး။ အဲဒီတော့ မြင့်မောင်က သံကုလားထိုင်ကို မ,ပြီး မျိုးအောင်ကို နှိုးပါတယ်။ မျိုးအောင်က သိုင်းကွက်နဲ့ ရိုက်ချတဲ့အခါမှာ အီဆိမ့်နေအောင် ခံလိုက်ရပါတယ်။ နောက်ရက်တွေကျတော့ မျိုးအောင်ဟာ အသံနဲ့ နှိုးရင်တောင် နိုးလာပါပြီ။ သူက အဲဒီလို ကြောင်တာ။

## ငါ ဘယ်သူလဲ

နောက်တစ်ခုကတော့ တော်တော်ဆိုးပါတယ်။ သူ့အပြစ်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ သူ့ရဲ့ အငြိမ်မနေတတ်တဲ့ ဉာဉ်ကြောင့် ပိုပြီး ကျော်ကြားသွားတာပါ။ ဖြစ်တာက ဒုတိယနှစ် ပြီးခါနီး အတန်းတင် စာမေးပွဲ မဖြေခင် နှစ်ပတ်လောက် အလိုမှာပါ။ အဲဒီနေ့ ညနေက PT အချိန်မှာ ဆရာတွေက လွှတ်ခဲ့ပြီး ဘတ်စကက်ဘော ကစားနိုင်းပါတယ်။ အခါတိုင်းလို လက်၊ ခါး၊ ခြေလေ့ကျင့်ခန်းတွေ မလုပ်ရတော့ ပျော်ပြီပေါ့။ ဘတ်စကက်ဘော ဆိုတာ သိတဲ့အတိုင်း အမြဲတမ်း လှုပ်ရှား ပြေးလွှားနေရတဲ့ ကစားနည်းပါ။ အားလည်း ပါပါတယ်။

အဲဒီလို ကစားရင်းနဲ့ ဒုတိယပိုင်းလောက်မှာ ထင်ပါတယ်၊ ဘောလုံးကို အပြေးအလွှား လုရင်းနဲ့ အနိုင်

လွန်ပြီး မျိုးအောင်က ကွင်းအပြင်ဘက် ရောက်သွားပါတယ်။ အရှိန်နဲ့မို့လို့ အနားက တိုင်နဲ့ ခေါင်းနဲ့ ဆောင့်မိပါတယ်။ သူ မူးဝေဝေ ဖြစ်သွားလို့ အသင်းဖော်တွေက သူ့ကို ခဏ နားခိုင်းပြီး လူစားထိုး ဆက်ကစားကြပါတယ်။ PT ချိန် ကုန်တော့ ကစားတာ ရပ်ပြီး အဆောင် ပြန်ကြတဲ့အခါ သူက ငူတူတူနဲ့ ဖြစ်နေပါတယ်။ ဗွန်ဇာပုန်းနဲ့ မြင့်မောင်က ခေါ်မှ သူ့တပ်စု ပြန်ရောက်ပါတယ်။ ပြန်ရောက်ရင် ရေမိုးချိုး၊ ယူနီဖောင်း လဲပြီး ညနေ တန်းစီရမှာပါ။ ဒါပေမဲ့ သူက ဘာမှမလုပ်ဘဲ PT ဝတ်စုံလည်း မချွတ်ဘဲ နေလို့ အခန်းဖော်တွေက အနားယူခိုင်းပြီး ညနေ တန်းစီတော့ နေမကောင်းဘူးလို့ ဆိုတဲ့ အနေအထားနဲ့ တန်းစီ ပျက်ကွက်ခွင့် တင်ရပါတယ်။

အဲဒီ ညနေမှာ မျိုးအောင်တစ်ယောက် ရေလည်း မချိုး၊ အစာလည်း မစားပါဘူး။ ဒါပေမဲ့ PT ဝတ်စုံနဲ့ သူ့စားပွဲမှာ စာတွေ တကုတ်ကုတ် ရေးနေပါတယ်။ သူ့အခန်းဖော်တွေရဲ့ ပြောစကားအရ တစ်ညလုံး ဖလာစာအုပ် တစ်အုပ်တည်းမှာ ဆက်တိုက် စာရေးနေပါတယ်တဲ့။ အိပ်ချိန်ရောက်တော့လည်း မအိပ်ပါဘူးတဲ့။ ဒါကြောင့် အခန်းဖော်တွေက သိသမျှ မှတ်သမျှ အသိဉာဏ်လေးနဲ့ ဒိုင်ယာစီပင် တစ်လုံးကို ရှာကြံတိုက်မှ အိပ်ပျော်သွားပါသတဲ့။

မျိုးအောင်က ကျွန်တော့်ကို တော်တော်ခင်ပါတယ်။ နောက်တစ်နေ့ မနက်ခင်း လင်းတော့ ယူနီဖောင်း ခပ်ရဲရဲ ဝတ်ပြီး ကျွန်တော့်ဆီ ရောက်လာပါတယ်။ လက်ထဲမှာတော့ သူ ကြိုးစားပမ်းစား ရေးထားတဲ့ စာတွေပါတဲ့ ဖလာစာအုပ်၊ ကျွန်တော့်ကို အဲဒီစာအုပ် ထိုးပေးပါတယ်။ အဓိပ္ပာယ်ကတော့ မင်း ဖတ်ကြည့်ပေါ့။ ကျွန်တော်ကလည်း အလိုက်သင့် သူ့စာအုပ်ကို ယူပြီး ပထမဆုံး စာမျက်နှာကို လှန်ကြည့်လိုက်တော့ ပထမဦးဆုံး ဝါကျကို "ငါဘယ်သူလဲ?" ဆိုတဲ့ အမေးနဲ့ စတာပါ။ ဒီစကားက ကျွန်တော်တို့ရဲ့ အသိုင်းအဝိုင်းမှာ တော်တော် တွင်သွားပါတယ်။



နောက်ဆုံးနှစ် အခက်အခဲ ဖြတ်ကျော်ပွဲမှ
သံဆူးကြိုး ဖြတ်ကျော်ခြင်း။

နောက်ဆက်ဖတ်ကြည့်တော့"ငါ့ကို မျိုးအောင်လို့ ခေါ်ကြတယ်၊ ဗိုလ်လောင်းလို့လည်း ခေါ်ကြတယ်" ဆိုပြီး ဆက်ရေးထားပါတယ်။ ကျွန်တော့်အထင်တော့ အရင်နေ့က ဘတ်စကက်ဘောကွင်းမှာ ခေါင်းနဲ့ တိုင်နဲ့ ဆောင့်မိလို့ဦးနှောက် အာရုံကြောကို ထိခိုက်သွားတယ်လို့ ထင်ပါတယ်။ ခဏတစ်ဖြုတ် သတိမေ့သွားတယ်လို့ ထင်ပါတယ်။

အဲဒီနေ့က စပြီး သူ့အခန်းဖော်တွေက သူ ယူနီဖောင်း ဝတ်တာကအစ ရိပ်သာမှာ နေ့စဉ် ထမင်းစားတဲ့ အထိ ဖေးမပေးပါတယ်။ စာမေးပွဲလည်း နီးတဲ့ အတွက်ကြောင့် ကျွန်တော်နဲ့ သူငယ်ချင်းတွေက သူ့ကို စာတွေ ကူကျက်ပေးပါတယ်။ ဥပမာ- သမိုင်းနဲ့ ပထဝီဆိုရင် ကျွန်တော် ကျက်ထားလို့ ရခဲ့သမျှကို သူ့ကို တတွက်တွက် ရွတ်ပြနေရပါတယ်။ စာတစ်ပုဒ်ကို နှစ်ခါ သုံးခါလောက် ရွတ်ပြ၊ သူ့ကို ပြန်ပြောခိုင်း၊ အဲလိုနည်းနဲ့ သူ့ကို စာပြန်ကျက်စေခဲ့တာပါ။ အလားတူပဲ သိပ္ပံ ဘာသာရပ်ကို တခြား ဗိုလ်လောင်းတွေက သူ့ကို နှုတ်တိုက် ချပေးရပါတယ်။ အဲဒီလို နည်းနဲ့ သူဟာ အတန်းတင် စာမေးပွဲတွေ ကျင်းပစေခဲ့ပါတယ်။ ဒါပေမဲ့ အောင်မှတ် ရရုံလေးပါ။ ဘာသာရပ် အားလုံး အမှတ် ၄၀ ကျော်ကျော်နဲ့ အောင်ခဲ့တာပါ။ ကျွန်တော်က အဲဒီ စာမေးပွဲမှာ "တတိယ" ပဲ ရတယ် ထင်ပါတယ်။ နောင်မှာတော့ သူ့ရဲ့ကျန်းမာရေးဟာ ပုံမှန်ဖြစ်သွားပါတယ်။ ဒါပေမဲ့ သူငယ်ချင်းတွေကတော့ သူ့ကိုမြင်တာနဲ့"ဟော့ ငါဘယ်သူလဲ ဆိုတာ သိပြီလား"လို့ အမြဲ မေးနေလေ့ရှိပါတယ်။

## မျိုးအောင်ရဲ့ဗမာကျော် လုပ်ရပ်များ

သူ ကျောင်းဆင်းတော့ ခလရ ၇ မှာ တာဝန်ကျပါတယ်။ အဲဒီတုန်းက ရှမ်းပြည်နယ်မှာပါ။ သူဟာ ရဲဘော်တွေနဲ့ ဆက်ဆံရေးမှာ အဆင်ပြေတယ်၊ တိုက်ရည်ခိုက်ရည်လည်း ကောင်းတယ်လို့ ကြားရပါတယ်။ တောင်ကြီးက ရှမ်းအမျိုးသမီး "မညိုညိုသန်း" နဲ့ အိမ်ထောင်ကျပါတယ်။ မညိုညိုသန်းက မောင်နမ များပါတယ်။ မိသားစုမှာ အကြီးဆုံးပါ။ ညီမ အပျိုချောချောလေးတွေ သုံး-လေးယောက် ရှိပါတယ်။ သူများ ပြောတာကတော့ မျိုးအောင်က ညီမတွေကို ပိုးရင်းနဲ့ အစ်မနဲ့ အိမ်ထောင်ကျတာလို့ ကြားရပါတယ်။

ကျွန်တော်တို့ Intake က မျိုးမြင့် (၁၇၂) လည်း ဒီလိုပါပဲ။ သူလည်း ရှမ်းပြည်နယ်မှာ တာဝန်ကျရင်းနဲ့ ရုပ်ရည် ချောမောတဲ့ ခန ညီအစ်မတွေကို ပိုးရင်းနဲ့ အစ်မ မစမ်းရည်နဲ့ အိမ်ထောင် ကျတာပါ။ ဒီကောင်တွေ ကံကောင်းတာက ညိုညိုသန်းရော မစမ်းရည်ပါ အင်မတန် သဘော ကောင်းတာပါ။ သူတို့ကလည်း သူတို့ မိန်းမတွေပေါ်မှာ တော်တော် ဆိုးဆိုးဝါးဝါး ဆက်ဆံတာ ကျွန်တော့် ကိုယ်တွေ့ပါ။ ဒါ့ကြောင့် အဲဒီကောင် နှစ်ကောင်လုံးကို "မင်းတို့ အဲဒီ တိုင်းရင်းသား ကောင်မလေးတွေနဲ့ အိမ်ထောင်ကျတာ အလွန် ကံကောင်း တယ်၊ ဗမာမတွေနဲ့သာ ညားရင် မင်းတို့ လုပ်ပုံနဲ့ ပါးရိုက်ပြီး အိမ်ပေါ်က ဆင်းသွားကြမှာ" လို့ အမြဲ ပြောခဲ့ ပါတယ်။

မျိုးအောင်က ခြေလျင်မှာ ကြာတော့၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် (ရပခ) တောင်ကြီးမှာ တာဝန်ကျ ပါတယ်။ တိုင်းမှူးက နပိုလီယံလို့ အများက ခေါ်ကြတဲ့ ဗိုလ်ချုပ် ထွန်းရီပါ။ ဗိုလ်ချုပ် ထွန်းရီက ကျွန်တော်တို့ ဗိုလ်လောင်း ဘဝက တပ်ခွဲမှူး။ အခုလို တိုင်းမှူးဘဝနဲ့ ဆိုပြန်တော့ နှစ်ထပ်ကွမ်း ဆရာပေါ့။ မျိုးအောင်က တိုင်းမှူး ခရီးထွက်ရင် လုံခြုံရေး တာဝန်အရ အမြဲ ပါရပါတယ်။

တစ်ခါမှာတော့ တိုင်းမှူးက လွိုင်လင်ဘက်ကို လုံခြုံရေးအပြည့်နဲ့ ခရီးထွက်တဲ့အခါ နောက်ပိုင်းက သေနတ်သံ ကြားရပါတယ်။ ဒါ့ကြောင့် စစ်ကြောင်း တစ်ခုလုံး ရပ်ပြီး ဘာဖြစ်တာလဲလို့ စုံစမ်းတော့ တိုင်းမှူးကို အတူ ပါလာတဲ့ စစ်ဦးစီး ပထမတန်း (ဂျီ-ဝမ်း) က သတင်းပို့ပါတယ်။ "ဗိုလ်ကြီး မျိုးအောင် လမ်းဘေးမှာ

မြင်ရတဲ့ တောကောင်ကို ပစ်လို့ သေနတ်သံ ကြားရတာပါ” တဲ့။ အဲဒီအခါ တိုင်းမှူးက “မအေ---ိုး” လို့ ဆိုပြီး စစ်ကြောင်း ဆက်ထွက်ပါစေသတဲ့။ တခြား တိုင်းမှူးတစ်ယောက်များသာ ဆိုရင် မောင်မျိုးအောင်တော့ အမှု ဖြစ်လိုက်မယ့် ဖြစ်ခြင်း။

## မျိုးအောင် တပ်ရင်းမှူး ဖြစ်ပြီ

အချိန်တန်တော့ မျိုးအောင် တပ်ရင်းမှူး ဖြစ်လာပါပြီ။ ဒုတိယ ဗိုလ်မှူးကြီးပေါ့။ ခလရ ၅၁၊ မြန်အောင်မှာပါ။ အဲဒီက နတာခမှာ ဆိုတော့ ကချင် ပြည်နယ်ဘက်ကို စစ်ဆင်ရေး အငှားလိုက်ရပါတယ်။ စစ်ဆင်ရေးတွေမှာ တော့ မျိုးအောင်က နာမည်ပျက် မရှိသလောက်ပါပဲ။ စစ်ဆင်ရေး ငါးလ ခြောက်လလောက် ကြာတဲ့အခါ တပ်ရင်း တစ်ရင်းလုံး နားရပါတယ်။

ပန်းမော် ခရိုင်မှာ ရှိတဲ့ မန်စီမြို့လေးမှာ ထင်ပါရဲ့။ အဲဒီမှာ နားရင်း မြို့နယ် ကုန်သွယ်ရေးရုံးကို သွားပြီး ရုံးအရက် သေတ္တာလိုက် ဝယ်ပါသတဲ့။ ဝယ်လာတဲ့ အရက်တွေကို တပ်ခွဲလိုက်၊ တပ်စုလိုက် ဝေပေးလိုက် ပါတယ်။ သောက်ကြစမ်းပေါ့။

ညနေကျတော့ တပ်ရင်းမှူးရုံးကို ရဲဘော် သုံး-လေးယောက် ရောက်လာပါတယ်။ ဘာကိစ္စလဲလို့ မေးလိုက်တော့ ရဲဘော်တွေက တပ်ရင်းမှူးကြီး ပေးလိုက်တဲ့ အရက်တွေက အတုတွေ ဆိုပြီး သတင်း ပို့ပါတယ်။ သူကလည်း သူ့အတွက် ဝေစုကျန်တဲ့ အရက်ကို မသောက်ရသေးပါဘူး။

ဒါကြောင့် သူ့အရက်ပုလင်းကို ဖော်သောက်ကြည့်တဲ့အခါ သူက အရက်ရှိုးတစ်ယောက် ဆိုတော့ သိ လိုက်ပါပြီ။ ဟုတ်ပါတယ်၊ အရက်တွေက အတုတွေပါ။ ဒါကြောင့် စိတ်ဆိုးပြီး ကုန်သွယ်ရေးရုံးကို သွားပါတယ်။ ရုံးချိန်လွန်လို့ ရုံးပိတ်ထားပါတယ်။ ဒါပေမဲ့ ရုံးတံခါးကို သူ့ပစ္စတိုနဲ့ ပစ်ဖွင့်လိုက်ပါတယ်။ နောက်ပြီး ရုံးနောက်မှာ ပုံထားတဲ့ အရက်သေတ္တာတွေကို အကုန်လုံး အပြင် ထုတ်ခိုင်းပါတယ်။ အဲဒီအချိန်မှာ စုဝေးရောက်လာတဲ့ ရဲဘော်တွေရဲ့ အကူအညီနဲ့ အရက်သေတ္တာ အားလုံး ရုံးရှေ့လမ်းပေါ်မှာ စီတန်းချထားခိုင်းပါတယ်။ ပြီးမှ သူကိုယ်တိုင် စက်သေနတ်နဲ့ ချိန်ပြီး အတွဲလိုက် ပစ်ပါတယ်။ စက်လတ် ဆိုတာ ဘရင်းဂန်းထက် ပြောင်းဝ ကြီးတဲ့ စစ်သေနတ် အလတ်စားပါ။ လိုအပ်ရင် လေယာဉ်ပျံကိုတောင် ပစ်လို့ရတဲ့ လက်နက်ပါ။ ပြီးတော့ ကျည်ဘူးနဲ့ မဟုတ်ဘဲ ကျည်ခါးပတ်နဲ့ ပစ်ရတာပါ။

တပ်ရင်းမှူးက အရက်သေတ္တာတွေကို အပြတ်ချေမှုန်းနေတာကို ဆရာတွေ ရဲဘော်တွေက ဘေးကနေ လက်ခုပ်လက်ဝါး တီးပြီး အားပေးနေပါတယ်တဲ့။ ဘယ်ရမလဲ၊ ကောင်စီခေတ်လေ။ တပ်ရင်းမှူး ဒုတိယ ဗိုလ်မှူးကြီး မျိုးအောင်ရဲ့ အရက်သေတ္တာများကို ချေမှုန်းခန်းကို မြို့နယ် ကုန်သွယ်ရေး ဦးစီးက ကုန်သွယ်ရေး ဝန်ကြီးနဲ့ ကာကွယ်ရေး ဦးစီးချုပ်ရုံးကို တိုင်ပြောတာပေါ့။

ဖြစ်ချင်တော့ အဲဒီတုန်းက ကာချုပ်က ဗိုလ်ချုပ်ကြီး ကျော်ထင်၊ ဒုတိယ ကာချုပ်က သူ့ဆရာပောင်း ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းရီ (နဗိုလီယံ)။ အဲဒီ အစည်းအဝေးမှာ အခြား တိုင်းမှူးတွေကပါ “မျိုးအောင်က အလုပ်တော့ တကယ်လုပ်တာ၊ ဒါပေမဲ့ တစ်ချက်တစ်ချက် အဲဒီလို သောက်ရမ်းတွေ လုပ်တတ်တယ်” ဆိုတဲ့ မှတ်ချက်တွေ ပေးပါတယ်။

နောက်ဆုံးတော့ သူ့ကို ဒုချုပ်က ခေါ်ယူ သတိပေးပြီး မွန်ပြည်နယ် အရှေ့တောင်တိုင်း စစ်ဌာနချုပ် မော်လမြိုင်က ခလရ ၃၁ (ထင်ပါတယ်) ကို တပ်ရင်းမှူးအဖြစ်နဲ့ပဲ ပြောင်းပေးလိုက်ပါတယ်။ အဲဒီက တိုင်းမှူး ဖြစ်တဲ့ ဗိုလ်ချုပ် ဉာဏ်လင်းကိုလည်း သူ့ကို ထိန်းဖို့ တာဝန်ပေးလိုက်ပါတယ်။ ကိုဉာဏ်လင်းက DSA

အပတ်စဉ် ၁ ကပါ။ မျိုးအောင်က လေထီးကျောင်းမှာ မကြာခဏ ဆုံပြီး လေထီး အတူတူ ခုန်ဖူးပါတယ်။ လူချင်းကလည်း သိနေပါတယ်။

အဲဒီလိုတွေ ဖြစ်ပြီး သူ့တပ်ကို မသွားခင် ကျွန်တော့်ကို လာတွေ့ပါတယ်။ ကျွန်တော်က အပြင် စီးပွားရေးသမား ဖြစ်နေပါပြီ။ ဒါပေမဲ့ သူ့အကြောင်းအပြင် တပ်မတော်က ဖြစ်ရပ်တွေ တော်တော်များများ ကျွန်တော် သိနေပါတယ်။

ဒါ့ကြောင့် ကျွန်တော်က သူ့ကို "မျိုးအောင်ရေ ငါကတော့ ကံကြမ္မာက ဖယ်ရှားလိုက်လို့ တပ်မတော်က စောစောစီးစီး ထွက်လိုက်ရတယ်၊ မင်းကတော့ တပ်ရင်းမှူး ဒုတိယ ဗိုလ်မှူးကြီး ဖြစ်နေပြီ၊ တပ်မတော်မှာ ဒုတိယ ဗိုလ်မှူးကြီး အဆင့်ဆိုတာ နည်းတဲ့ ဂုဏ်သိက္ခာ မဟုတ်ဘူး၊ သူငယ်ချင်း တစ်ယောက် အနေနဲ့ မင့် အတွက် ငါ အမြဲတမ်း ဂုဏ်ယူတယ်၊ နောင်လည်း မင်းရဲ့ ကောင်းတဲ့ သတင်းတွေ ကြားချင်နေပါတယ်ကွာ" လို့ တဖွဖွ ပြောမိပါတယ်။

ကျွန်တော်နဲ့ သူနဲ့က ငယ်သူငယ်ချင်း ဖြစ်တဲ့အပြင် သူ့ညီအစ်ကို မောင်နှမတွေနဲ့လည်း ကျွန်တော့် မိသားစုတွေနဲ့က အပြန်ပြန် အလှန်လှန် ခင်မင်နေကြတာပါ။ နောက်ပြီး ကျွန်တော် ထပ်ဖြည့်ပြောတာက "မင်းရဲ့ တိုင်းမှူးကလည်း ကိုညက်လင်းဆိုတော့ မင်းအတွက် အများကြီး အထောက်အကူ ရမှာပါကွာ" လို့လည်း အားပေးမိပါတယ်။ သူကလည်း သူ့အမှားတွေကို ပြင်မယ့် အကြောင်း၊ တိုက်ရည် ခိုက်ရည်နဲ့ သက်သေပြမှာ ဖြစ်တဲ့အကြောင်းတွေ ပြောခဲ့ပါတယ်။

## Leopard never changes spot



အပေါ်က ခေါင်းစဉ်ကတော့ မျိုးအောင် အကြောင်း စဉ်းစားရင်းနဲ့ ခေါင်းထဲမှာ ပေါ် လာတဲ့ ရှေးက အဆိုအမိန့် တစ်ခုပါ။ အဓိပ္ပာယ်ကတော့ တိုက်ရိုက် ဆိုရင် "ကျားသစ်ဟာ သူ့ကိုယ်ပေါ်မှာ ရှိနေတဲ့ အကွက် ဘယ်တော့မှ မပြောင်းဘူး" ဆိုတဲ့ အဓိပ္ပာယ်ပါ။ ဆီလျော်ရာ ဆိုရိုး စကား ရှာရရင် "ခွေးမြီးကောက် ကျည်တောက်စွပ်" လို့ ဆိုရမလား၊ ဒါမှမဟုတ် ရိုးရိုးပဲ ပြောရရင် "အကျင့်ဆိုး ဆိုတာ ဖျောက်ရ ခက်တယ်" ပေါ့။

မောင်မျိုးအောင် သူ့ တပ်ရင်းကို ရောက်ပါပြီ။ သူ့နယ်မြေမှာတော့ ကရင် လက်နက်ကိုင်နဲ့ မွန် လက်နက်ကိုင် အဖွဲ့

---

**နောက်ဆုံးနှစ် အခက်အခဲ ဖြတ်ကျော်ပွဲမှ အုတ်တံတိုင်း ဖြတ်ကျော်ခြင်း။**



နောက်ဆုံးနှစ် အစက်အခဲ ဖြတ်ကျော်ပွဲမှ ကျောက်တောင်ပေါ် အပြေးတက်၍ ပစ်မှတ်များကို ပစ်ခတ်ရန် ချီတက်စဉ်။

နည်းတွေ ရှိပါတယ်။ ၁၉၈၃-၈၄ ခုနှစ်လောက်မှာ ထင်ပါတယ်။ တစ်ချိန်မှာ စစ်ကြောင်းတွေက ရည်မှန်းချက် နေရာတွေကို ချီတက်နေတဲ့ အချိန်မှာ သူက တပ်ရင်းမှူးရုံးအနေနဲ့ ရထားတဲ့ မော်တော်ပေါ်မှာ ရုံးအဖွဲ့နဲ့ အတူ ရှိနေပါတယ်။ ထူးခြားချက် တစ်ခုက သူ့စစ်ကြောင်းက အရင်ရက်ပိုင်းမှာ မိထားတဲ့ ရန်သူနဲ့ အဆက်သွယ် ရှိနိုင်တဲ့ လူရွယ်တစ်ယောက်ကို မော်တော်ပေါ်မှာ ခေါ် လာပါတယ်။ အဲဒီကောင်ကို တပ်ရင်းမှူးက စစ်မေးရမှာ ဖြစ်ပါတယ်။

မျိုးအောင်ဟာ လွန်ခဲ့တဲ့ ငါးနှစ် ဆယ်နှစ်လောက်ကတည်းက အရက်ကို စွဲစွဲမြဲမြဲ သောက်နေတဲ့ ဘဝ ရောက်နေပါပြီ။ အရက်စွဲသူ Alcoholic နီးပါး ဖြစ်နေပါပြီ။ မော်တော်ပေါ်မှာ ပါလာတဲ့ မသင်္ကာဖွယ်ရာ လူကို မင်း ဘယ်အဖွဲ့ကလည်း၊ ဘယ်နယ်မြေမှာ လှုပ်ရှားသလဲ စတဲ့ မေးခွန်းတွေ မေးတဲ့အခါ ဟိုက ပြန်မဖြေပါဘူး။ နောက်ဆုံးတော့ မျိုးအောင်က စိတ်ဆိုးပြီး သူနဲ့ မလှမ်းမကမ်း လေး-ငါးလှမ်း အကွာလောက်မှာ သွားထိုင်နေ နေပါတယ်။

ပြီးတော့ နို့ဆီခွက် အလွတ်တစ်ခုကို အဲဒီလူ ခေါင်းပေါ်မှာ တင်စေပါတယ်။ ပြီးမှ သူက မေးပါတယ်။ “မင်း ဘယ်အဖွဲ့ကလည်း မှန်မှန်ပြော၊ မပြောရင် မင်းခေါင်းပေါ်က နို့ဆီခွက်ကို ငါ လက်တည့်စမ်းရလိမ့်မယ်” လို့ ပြောပါတယ်။ ဟိုကောင်ကလည်း မသိပါဘူး ဆိုတာကိုပဲ ထပ်တလဲလဲ ဖြေနေပါတယ်တဲ့။ အဲဒီအခါ မျိုးအောင်က သူ့ပစ္စတိုကို ထုတ်ပြီး အဲဒီလူ့ ခေါင်းပေါ်က နို့ဆီခွက်ကို ပစ်ထည့်လိုက်ပါတယ်။ နို့ဆီခွက်ကို မှန် သွားပါတယ်။ အပစ်ခံရတဲ့ လူကတော့ မကြောက်ဘူး ဆိုတာ ဘယ်ရှိပါ့မလဲ။ ချွေးတွေ၊ သေးတွေ မထွက်ရင် တော် ကံကောင်း။

မျိုးအောင်က နောက်ထပ် နို့ဆီဘူးလွတ် တစ်ဘူးကို အဲဒီလူ ခေါင်းပေါ်မှာ တင်စေပြီး ထပ်မေးပါတယ်။ "ဟော့ကောင် မှန်မှန်ပြော၊ မပြောမချင်း ငါက ရပ်မှာ မဟုတ်ဘူး" စသဖြင့် စကားတွေနဲ့ ပြောနေတဲ့အပြင် နို့ဆီခွက်ကို ဒုတိယ အကြိမ် ပစ်လိုက်ပါတယ်။ ဒီတစ်ခါတော့ ကျည်ဆံဟာ မသက်ဘူး ဆိုတဲ့လူရဲ့ နဖူး တည့်တည့်ကို မှန်ပြီး ပွဲချင်းပြီး သေသွားစေခဲ့ပါတယ်။

ပစ်ချက် လွဲသွားတာကတော့ သူ အရက်မူးနေလို့ပဲလား၊ မြစ်ရေလှိုင်းထဲမှာ လှုပ်ရှားနေတဲ့ သင်္ဘောရဲ့ မတည်ငြိမ်မှုလား မသိနိုင်ပါ။ မျိုးအောင်ကတော့ သွေးအေးအေးပါပဲတဲ့။ သေသွားတဲ့ အလောင်းကို သံလွင် မြစ်ထဲကို ပစ်ချခိုင်းလိုက်ပါတယ်။

အဲဒီမှာ ကျွန်တော် မကြာခဏ ဖတ်ဖူးကြားဖူးတဲ့ လောကသဘာဝ တစ်ခုကို သတိရမိပါတယ်။ ဒါက ဘာလဲ ဆိုတော့ မဟုတ်တာ တစ်ခုကို လုပ်မိရင် သဘာဝတရားကြီးက မနေးနဲ့ အမြန် ဆိုသလို ဖော်ထုတ် ပေးတတ်တဲ့ သဘောပါ။ ဒီမှာလည်း အဲဒီလိုပါပဲ။ မျိုးအောင် ပစ်ချလိုက်တဲ့ သေသွားတဲ့လူရဲ့ အလောင်းဟာ မိုင် သုံး-လေးဆယ်လောက် ဝေးတဲ့ မြစ်အောက်က တစ်နေရာမှာ ပေါ်လာပါသတဲ့။ အဲဒီနေရာကလည်း ရဲစခန်း တစ်ခုနဲ့ မလှမ်းမကမ်းမှာ ရှိပါသတဲ့။ အလောင်းရဲ့ ဇာစ်မြစ်ကို ဖော်ထုတ်ရာမှာ သူဟာ ရွာတစ်ရွာက သူကြီးတစ်ယောက်ရဲ့ တူတော်နေပါတယ်။ ဒါ့အပြင် အဲဒီသူကြီးဟာ အဲဒီခေတ်က လမ်းစဉ် ပါတီဝင် တစ်ယောက် ဖြစ်နေပါသတဲ့။

တိုတို ပြောရရင် အဲဒီ သတင်းဟာ ပြည်နယ် ပါတီကိုရောက်၊ ပြည်နယ်ကမှ လမ်းစဉ် ပါတီ ဌာနချုပ် ရောက်၊ အဲဒီကမှ ကာကွယ်ရေး ဦးစီးချုပ်ရုံး ရောက်၊ ကာချုပ်ရုံးက ရတခကို မေးတော့ ဖုံးလို့ မရအောင် ပေါ်လာပြီပေါ့။ ဒါနဲ့ ကာချုပ်ရဲ့ သဘောတူညီချက်နဲ့ စစ်ရာထူးခန့်ရုံး (ကကထူး) က ဒုတိယ ဗိုလ်မှူးကြီး မျိုးအောင်ကို တပ်မတော်က အပြီးအပိုင် ထုတ်ပယ်လိုက်ရပါတယ်။

## သေတာတောင် အဆဲမလွတ်တဲ့ကောင်

တပ်က အထုတ်ခံရတော့ ပင်စင်လည်း မရ၊ တစ်သက်စာ ထောက်ပံ့ကြေးလည်း မရ၊ သူ့မှာကလည်း မိန်းမနဲ့ ကလေး ခြောက်ယောက် ရှိနေပါပြီ။ ကျွန်တော် အပါအဝင် သူငယ်ချင်းတွေက ဝိုင်းဝန်း ထောက်ပံ့ပါတယ်။ စစ်အစိုးရ ကာလမှာကျတော့ အမြတ်ရမယ့် ခွင်ကလေးတွေကို ကြိုးကြားကြိုးကြား ရလို့ အငတ်ငတ် အပြတ်ပြတ်တော့ မဖြစ်ဘူးလို့ သိရပါတယ်။ ကျွန်တော်ကလည်း နိုင်ငံရေးနယ်ပယ်မှာ ကျင်လည်နေတော့ သူ ကျွန်တော့်ဆီ လာမတွေ့ခဲ့ပါဘူး။ သူ ဘယ်မှာနေမှန်း မသိလို့လည်း ကျွန်တော် အဆက်အသွယ် မလုပ်နိုင် ခဲ့ပါဘူး။

၂၀၁၄ ခုနှစ်လောက်က သူ့ရဲ့ နာရေး ကြော်ငြာ ဖတ်လိုက်ရပါတယ်။ အသက်က ကျွန်တော်နဲ့ မတိမ်းမယိမ်းပါ။ နာရေး ကြော်ငြာအရ သူဟာ ပြည်မြို့မှာ ဆုံးပါးသွားခဲ့တာပါ။ ဇနီးသည် ညီညီသန်းနဲ့တကွ သူ့ကလေးတွေရဲ့ နာမည်တွေကို ဖတ်လိုက်ရပါတယ်။ နောက်နှစ်ရက်လောက် ကြာတော့ သူ့နာရေး ကြော် ငြာ တစ်ခု ဖတ်လိုက်ရပါသေးတယ်။ ဇနီးသည် နာမည်က ကချင်နာမည်၊ ကလေး နှစ်ယောက်လောက် ရှိမယ် ထင်ပါရဲ့။ သဘောက သူ့မှာ နောက်အိမ်ထောင် ရှိတယ်ပေါ့။ သူ့ရဲ့ အကျင့်စရိုက်ကို သိထားတော့ သိပ် မအံ့ဩပါဘူး။ ဒါပေမဲ့ ကျွန်တော် တစ်ယောက်တည်း မှတ်ချက်ချမိအောင် ချလိုက်ပါတယ်။ "ဟင်..... ခွေးမသား မျိုးကြောင်၊ သေသွားတာတောင် အဆဲခံရ မလွတ်ဘူး"

## ဗိုလ်ကြီး၊ ကျွန်တော် ရှူးတော့မယ် ထင်တယ်

သူကတော့ ခင်မောင်အေး (၁၅၇) ပါ။ သူက ကျောင်းဆင်းကတည်းက တင့်ကားတပ်မှာ တာဝန်ကျတာပါ။ နောက်တော့ တင့်ကားတပ် တစ်လှည့်၊ သံချပ်ကာကားတပ် တစ်လှည့် တာဝန် ထမ်းဆောင်ခဲ့ပါတယ်။ နိုင်ငံခြားသင်တန်းတွေလည်းတက်ခဲ့ဖူးပါတယ်။ သူ့အမျိုးသမီးက ကျောင်းဆရာမဖြစ်ပြီး သူတို့အိမ်ထောင်ရေးဟာ အဆင်ပြေပါတယ်။

သူ့သားသမီးတွေကလည်း အရာရှိတွေ၊ ဆရာဝန်တွေ ဖြစ်ခဲ့ကြလို့ သားသမီး အကျိုးပေးတယ်လို့လည်း ပြောနိုင်ပါတယ်။ ဗိုလ်မှူးကြီး ဘဝနဲ့ တပ်က အငြိမ်းစား ယူခဲ့ပြီး သုဝဏ္ဏဘက်မှာ နေပြီး ဘုရားတရား အလုပ်လုပ်ရင်းနဲ့ သံသရာ ဘဝခရီးအတွက် ပြင်ဆင်နေကြပုံရပါတယ်။ မူလကတော့ တယ်လီဖုန်း အဆက်အသွယ်ရှိခဲ့ပေမဲ့ လူချင်းမတွေ့တာကတော့ ရှစ်လေးလုံး အရေးတော်ပုံကြီး မတိုင်ခင်ကတည်းကပါ။

ခင်မောင်အေးက ပြည်ခရိုင်၊ ပုတီးကုန်း ဇာတိပါ။ ငယ်ငယ်ကတည်းက သူဟာ တည်ငြိမ် အေးဆေးပါတယ်။ ဆံပင်ကို အမြဲတမ်း ခေါင်းတုံးဆံတောက်ပဲ ထားပါတယ်။ ငယ်ငယ်ကတည်းက ဆံပင်တွေ ဖြူနေလို့မို့ သူ့ကို အများက ခေါင်းဖြူ (သို့မဟုတ်) အဘိုးကြီးလို့ ခေါ်ကြပါတယ်။

အဲဒီလို တည်ငြိမ် အေးဆေးတဲ့ ခင်မောင်အေးဟာ တတိယနှစ် ရောက်တော့ ညနေ တန်းစီချိန်မှာ တပ်ခွဲမှာ တာဝန်ကျတဲ့ အရာရှိ ဗိုလ်ကြီး မောင်မောင် (ကျွန်တော်တို့အခေါ် Shrink၊ နောင်မှာ ဖောင်ကြီးပြည်သူ့ ဝန်ထမ်း ကျောင်းအုပ် ဘဝက အငြိမ်းစားယူ၊ ယခု ကွယ်လွန်) ကို သတင်းပို့ပါတယ်။ ပို့တာက ညနေ တန်းစီ လူစစ်ခါနီး အချိန်မှာပါ။

အဲဒီအချိန် ဆိုရင်· တာဝန်ကျ အရာရှိတွေက လာပြီး စစ်ဆေးလေ့ ရှိပါတယ်။ သူက ဗိုလ်ကြီး မောင်မောင်ကို သတင်းပို့ပုံက "ဗိုလ်ကြီး၊ ကျွန်တော် ရှူးတော့မယ် ထင်တယ်" လို့ ဆိုတဲ့အခါ ဗိုလ်ကြီး မောင်မောင်က "ဟ... ကိုယ့်လူ ငယ်ပါသေးတယ်ကွ" ဆိုပြီး ပြန်ပြောတော့ ဘေးက ကြားရတဲ့ သူငယ်ချင်းတွေက ဗိုင်းဟားကြတော့တာပေ့ါ။ တကယ်တော့ သူဖြစ်ပုံက မျိုးအောင် ဖြစ်တာနဲ့ ခပ်ဆင်ဆင်ပါ။ ညနေ PT ချိန်မှာ အင်အား စိုက်ထုတ်ရတဲ့ ကစားနည်းတစ်ခု ကစားတဲ့အချိန်မှာ ခေါင်းနဲ့ တိုင်နဲ့ ရိုက်မိတာပါ။

မျိုးအောင်က ဂနာမငြိမ်တဲ့သူဆိုတော့ သူ့ခေါင်းထဲမှာ ပေါ်လာတဲ့ အတွေးတွေကို စာချရေးရင်းနဲ့ အများက သိသွားပြီး သူနဲ့တွေ့တိုင်း "ငါဘယ်သူလဲ ဆိုတာ သိပြီလား" ဆိုပြီး ခဏ ခဏ အစခံရပါတယ်။ ခင်မောင်အေးကျတော့ ငြိမ်တယ်လေ။ ဖြစ်ဖြစ်ချင်း သူ့အကြောင်းတွေ မမှတ်မိတော့တဲ့အတွက် သူ့ဘာသာသူ ငေးစားပြီးတော့ ဗိုလ်ကြီး မောင်မောင်ကို သတင်းပို့တာ။ အဲဒီတော့ "ကိုယ့်လူ ငယ်ပါသေးတယ်ကွ" ဆိုတဲ့ စကားနဲ့ ဟာသဖြစ်ကျန်ခဲ့တာပါ။ သူ့ကို စီနီယာတွေက ထိမ်းကျောင်းပြီး တိုက်သင့်တဲ့ဆေးတွေ တိုက်တယ်နဲ့ တူပါတယ်၊ နောက် နှစ်ရက် သုံးရက်မှာ ပုံမှန် ပြန်ဖြစ်သွားတာပါ။

တကယ်တော့ မျိုးအောင်ရော ခင်မောင်အေးရောဟာ ပတ်ဝန်းကျင်ကောင်းလို့ ပုံမှန် ပြန်ဖြစ်သွားကြတာပါ။ တကယ်လို့ အသိတစ်ယောက်မှ မရှိတဲ့ နေရာမှာသာ ဒီလိုဖြစ်ခဲ့ရင် သူတို့ဟာ ရုပ်ရှင်တွေ ဝတ္ထုတွေထဲမှာ ဖတ်ရတဲ့ ဇာတ်ကောင်တချို့လို ဘဝဇာတ်ကြောင်းတွေ ပြောင်းသွားနိုင်ပါတယ်။

## ကျွန်တော်လည်း ချစ်ခဲ့ဖူးပါတယ်

ဒီအခန်းကို ရေးရတာ အဟောင်းတွေကို အသစ်ဖြစ်စေချင်လို့လည်း မဟုတ်ပါဘူး။ စားမြုံ့ပြန်တာလည်း

မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော့်ဘဝရဲ့ အရေးကြီးတဲ့ ကဏ္ဍတစ်ခု မှတ်တမ်း တင်ထားချင်တဲ့ သဘောပါ။ ကျွန်တော်တို့ တတိယနှစ်ကို ရောက်တော့ အပတ်စဉ် ၂ က ဗိုလ်လောင်း David Wiltshire ကျွန်တော်တို့ဆီ ရောက်လာပါတယ်။ သူက အပတ်စဉ် ၂ က စာတော်လို့ ရန်ကုန် စက်မှုတက္ကသိုလ် တက်ဖို့ အရွေးခံရတာပါ။

ဒါပေမဲ့ ဟိုမှာ စာမေးပွဲ နှစ်ခါကျလို့ DSA ပြန်ပို့ခံရတာပါ။ သူက မေမြို့သား ဖြစ်ပါတယ်။ သူ့မိဘနှစ်ပါးက အဲဒီတုန်းက နာမည်ကြီး "စိန့် မိုက်ကယ်" ကျောင်းကြီးရဲ့ ပိုင်ရှင်များပါ။ အဖေက ကျောင်းအုပ်ကြီး တာဝန် အပြင် အုပ်ချုပ်ရေး တာဝန်တွေပါ ယူထားပါတယ်။ အမေကတော့ အဲဒီ ကျောင်းက ဆရာမပါ။ အင်မတန် သဘောကောင်းကြပါတယ်။ David က ကျွန်တော်နဲ့ တပ်စု တစ်စုတည်းဆိုတော့ အပြင် ထွက်လည်ခွင့် ရတဲ့ အခါ ကျွန်တော့်ကို ဖိတ်ခေါ် လေ့ရှိပါတယ်။ အဲဒီအချိန်က စပြီး ကျွန်တော်ဟာ သူတို့ အိမ်ကို စားအိမ် သောက် အိမ်လို သဘောထားပါတယ်။

David မိဘတွေဟာ ဆရာ/ဆရာမတွေ ဆိုတော့ ကျွန်တော်တို့ကို ဆက်ဆံရမှာ အလွန် ပွင့်လင်းပြီး နွေးထွေးမှု အပြည့် ရှိပါတယ်။ သူတို့ အိမ်ရောက်တိုင်း ကျွန်တော် မကြုံတွေ့ခဲ့ရဖူးတဲ့ ဥရောပ အစားစာတွေကို စားခဲ့ရဖူးပါပြီ။ အဲဒီထက် ပိုပြီး သဘောကျတာက အင်္ဂလန် နိုင်ငံက ထုတ်တဲ့ မဂ္ဂဇင်းတွေ ဂျာနယ်တွေပါ။ ကျွန်တော် အထက် တစ်နေရာမှာ ရေးခဲ့ဖူးတဲ့ ကာတွန်း သရုပ်ဆောင်တွေ အကြောင်းကို သူတို့ အိမ်က စာအုပ်တွေက တစ်ဆင့် သိခဲ့ရတာပါ။

အဲဒီကျောင်းဟာ မိန်းကလေး၊ ယောက်ျားလေး လက်ခံထားတဲ့ကျောင်း ဖြစ်ပါတယ်။ ဘာသာရပ် အားလုံးလိုလို အင်္ဂလိပ်လို သင်ရတာပါ။ မေမြို့က ကျောင်းသားတွေက နေ့ကျောင်းသားများ အဖြစ် တက်ကြ ပါတယ်။ နယ်က ကျောင်းသားတွေက အဆောင်နေအဖြစ် လက်ခံပြီး ပညာသင်ကြပါတယ်။

အဲဒီကျောင်းရဲ့ ထူးခြားတဲ့ အလေ့အထ တစ်ခုက လစဉ် တစ်လ တစ်ကြိမ် ကျောင်းသား ကျောင်းသူ တွေ တွေ့ဆုံပြီး ညနေတိုင်းမှာ တွေ့ကြ၊ ဆုံကြ၊ မိတ်ဖွဲ့ကြ၊ သီချင်းဆိုကြ စတဲ့ အစီအစဉ်တွေ ရှိပါတယ်။ David က ခေါ်လို့ ကျွန်တော်လည်း အဲလို ပွဲတက် ဖြစ်ပါတယ်။ သူ့ကို ကျွန်တော် အဲဒီပွဲ တစ်ခုမှာ တွေ့တာပါ။ နာမည်က Wendy ဆိုပါစို့။ သူက အဖေ ဗမာ၊ အမေ တရုတ်။ သူကိုယ်တိုင်ကလည်း ကြည့်လိုက်ရင် တရုတ်သွေး ပါတယ်လို့ ထင်ရတဲ့ အနေအထားပါ။ သူ့ဇာတိက မန္တလေးမြို့နားက မြို့ငယ်လေး တစ်မြို့ကပါ။ ပိုက်ဆံ တတ်နိုင်လို့လည်း သူ့ကို မေမြို့မှာ ကျောင်းအိပ်ကျောင်းစား ထားခြင်း ဖြစ်ပါတယ်။

ကျွန်တော် မှတ်မိပါတယ်။ ကျောင်းသားတွေက တစ်တန်း၊ ကျောင်းသူတွေက တစ်တန်း မျက်နှာချင်း ဆိုင် တန်းစီပြီး ရပ်နေရပါတယ်။ ကျွန်တော်ကတော့ သိပ်မယဉ်ပါးသေးလို့ အတန်းထဲကို မဝင်ပါဘူး။ ဒါပေမဲ့ David က ကျွန်တော့်ကို အတင်း ထိုးထည့်လို့ အတန်းထဲ ရောက်တဲ့အခါမှာ သူနဲ့ မျက်နှာချင်းဆိုင် ဖြစ်သွား ပါတယ်။ ဒါနဲ့ မိတ်ဖွဲ့ဖြစ်တယ် ဆိုပါတော့။

ကျွန်တော်ဟာ အထက်တန်း ကျောင်းသား ဘဝထိ တစ်တန်းတည်းမှာ မိန်းကလေး ချောချောလှလှ တွေနဲ့ သူငယ်ချင်းအဖြစ် သိကျွမ်းခဲ့ဖူးပါတယ်။ နှစ်ခါပြန် ကြည့်ရလောက်အောင် ချောတဲ့ မိန်းကလေး သူငယ် ချင်းတွေလည်း ရှိခဲ့ဖူးပါတယ်။ ဒါပေမဲ့လို့ ကျွန်တော်ဟာ သူတို့ကို မရိုးမသား စိတ်နဲ့ တစ်ခါမှ မဆက်ဆံခဲ့ပါဘူး။ မောင်နှမစိတ်နဲ့ပဲ ဆက်ဆံခဲ့တာပါ။ ရည်းစားထားဖို့ ဆိုတာလည်း ဝေလာဝေးပေ့ါ။ ကျွန်တော်ဟာ စစ် တက္ကသိုလ်လို ဗိုသတ္တဝါတွေချည်း နေနေရတဲ့ ဘဝကနေ တတိယနှစ် နှောင်းပိုင်းမှာ Wendy နဲ့ သုံး-လေး ကြိမ်လောက် တွေ့ရ၊ စကားပြောရတဲ့ အခါမှာ သူ့အပေါ် မှာ စိတ်ဝင်စားလာပါတယ်။

## တပေါင်း လပြည့်နေ့

ကျွန်တော်တို့ စတုတ္ထနှစ် သာမန် ဗိုလ်လောင်းဘဝမှာ ဗိုလ်လောင်း တပ်ခွဲ နှစ်ခွဲစလုံးက ဗိုလ်လောင်း အချို့ တုပ်ကွေး ဖြစ်ကြပါတယ်။ ကျွန်တော်လည်း ပါသွားပါတယ်။ တုပ်ကွေးဖြစ်တဲ့ လူတွေကို သူတို့ အဆောင်တွေမှာ မထားပဲ အပေါ်ပိုင်းနားက အရင် အမျိုးသမီး ဗိုလ်လောင်းတွေ ထားတဲ့ အဆောင်မှာ စုထားပါတယ်။ နှစ်ပတ်လောက် အတွင်းမှာ တုပ်ကွေး ဖြစ်သူပေါင်း ၅၀ လောက်ထိ ရှိပါတယ်။ အဲဒါက မတ်လဆန်းလောက်မှာပါ။ မတ်လလယ်လောက်ကျတော့ အဖျား သက်သာသွားပါပြီ။ ဒါ့ကြောင့် အဆောင်မှာ ပြန်နေလို့ရပါတယ်။ ဒါပေမဲ့ အားနည်းနေတုန်းပါ။

အဲဒီ ကာလမှာ တပေါင်း လပြည့်နေ့နဲ့ ကြုံကြိုက်ပါတယ်။ DSA ထုံးစံက ဘာသာရေး ရုံးပိတ်ရက်နေ့တွေ ဆိုရင် ခါတိုင်းလို Walking Out Dress မဟုတ်ဘဲ ရိုးရိုး အရပ်ဝတ်နဲ့ ထွက်ခွင့်ရပါတယ်။ ဒါပေမဲ့ တိုက်ပုံ အင်္ကျီ ဝတ်ရပါမယ်။ အဲဒီတော့ တပေါင်း လပြည့်နေ့မှာ ကျွန်တော် တပ်ပြင်ထွက်ဖို့ အတွေး ဝင်လာတာနဲ့ အဝတ်အစား လဲပြီး တပ်ပြင်ထွက်ဖို့ လုပ်ပါတယ်။

အဲဒီမှာ ကျွန်တော်နဲ့အတူ အပတ်စဉ် ၆ က စန်းအောင် (နောင်ဗိုလ်ချုပ်-ငြိမ်း) ဘယ်လိုကနေ ဘယ်လို ပါလာမှန်း မသိပါဘူး။ သူနဲ့အတူ ထွက်ဖြစ်တယ် ဆိုပါတော့။ ဖြတ်လမ်းက ထွက်ပြီး ထောက်ပို့ ပန်းခြံကို ရောက်တဲ့အခါ ကျွန်တော်က တုတ်ကွေး ဖြစ်ပြီးခါစ ကိုယ်ခံအားနည်းတဲ့ ကိစ္စက စကားပြောပါပြီ။

လူကတော့ နည်းနည်း မောသလိုဖြစ်လာပါတယ်။ ဒါ့ကြောင့် စန်းအောင်ကို မင်းသွားနှင့်တော့ကွာ ငါ နားလိုက်ဦးမယ် ဆိုပြီး ပန်းခြံထဲက ခုံတစ်ခုပေါ်မှာ ခဏ မျက်စိမှိတ်ပြီး လှဲနေမိပါတယ်။ စန်းအောင်က စားသောက်ဆိုင်ဘက် ထွက်သွားတယ်နဲ့ တူပါတယ်။ ခဏနေတော့ မိန်းကလေးသံတွေ ကြားရပါတယ်။ အချိန်က မနက် ကိုးနာရီလောက် ရှိပါပြီ။ ကျွန်တော် မျက်စိဖွင့်ကြည့်လိုက်တော့ Wendy နဲ့ သူ့သူငယ်ချင်း Alice တို့ကို တွေ့လိုက်ရပါတယ်။ ကျွန်တော် လှဲနေရာကနေ ထပြီး သူတို့ကို နှုတ်ဆက်လိုက်ပါတယ်။ Alice က ဝိန့်မိုက်ကယ်က နေ့ကျောင်းသူပါ။ Wendy နဲ့ တစ်တန်းတည်း သူငယ်ချင်းတွေပါ။ သူတို့ကလည်း လပြည့်နေ့ အပြင် ထွက်ခွင့်ရလို့ ထွက်လာတယ်ပေ့ါ။ ကျွန်တော်တို့လိုပေ့ါ။ ကျွန်တော်က Wendy ကို စိတ်ဝင်စားနေသူဖြစ်လို့ သူတို့ကို နှုတ်ဆက်ရင်းနဲ့ ပန်းခြံထဲက စားသောက်ဆိုင်မှာ တစ်ခုခု စားဖို့ ဖိတ်ခေါ်လိုက်ပါတယ်။ သူတို့ကလည်း လိုလိုလားလားပါပဲ။

အဲဒီတုန်းက ထောက်ပို့ ပန်းခြံရဲ့ စားသောက်ဆိုင်မှာ အစားအသောက် ကောင်းကောင်း ရနိုင်ပါတယ်။ ကျွန်တော်တို့ လေးယောက်တွဲ ထိုင်ခုံမှာ ထိုင်လိုက်တဲ့အခါ စန်းအောင်က ဘယ်က ပြန်ပေါ်လာမှန်း မသိဘူး၊ ရောက်လာတာနဲ့ လေးယောက်သား ထိုင်ပြီး ဆီချက် ခေါက်ဆွဲ လေးပွဲ မှာလိုက်ပါတယ်။ စားစရာ မရောက်ခင်မှာလည်း စကားပြော၊ စားနေတုန်းမှာလည်း စကားပြော၊ စားပြီးတဲ့အခါမှာလည်း စကားပြောနဲ့ ပြောလိုက်ကြတာ "စကားလက်ဆုံ ပြောလို့မကုန်" ပေ့ါ။

တကယ်တော့ ကျွန်တော်တို့ နှစ်ယောက်တည်း ပြောကြတာပါ။ စန်းအောင်နဲ့ Alice ကတော့ ဘေးက ငုတ်တုတ်ပေ့ါ။ လေးနက်တဲ့ စကားတွေ ပြောလိုက်၊ တစ်ခါတလေ ရယ်စရာတွေ ပြောလိုက် တစ်ချက်တစ်ချက်ကျတော့လည်း ဘေးက ငုတ်တုတ်ဖြစ်နေတဲ့ Alice နဲ့ စန်းအောင်ကိုလည်း စကားဝိုင်းထဲ ဆွဲသွင်းလိုက်နဲ့ တော်တော် အလုပ်ရှုပ်ပါတယ်။ စကားတွေ ပြောရင်းနဲ့ ဆာလာပြန်တော့ ဖာလူဒါ တစ်ယောက် တစ်ခွက်ဆီ မှာသောက်ကြပြန်ရော။

ဒါနဲ့ စကားတွေ ဖောင်နေလိုက်တာ စန်းအောင်က သတိပေးလို့ နာရီကြည့်လိုက်တော့ ညနေ ငါးနာရီ ထိုးခါနီး ဖြစ်နေတာ တွေ့လိုက်ရတော့ စိတ်က လှတ်ခနဲ "ဟိုက်" ဆိုပြီး အာမေဋိတ်လိုက်တော့ သူတို့ နှစ်ယောက်က သဘောကျပြီး ရယ်လိုက်ကြပြန်ရော။ ဟုတ်တယ်လေ။ မနက် ကိုးနာရီလောက်က စကား ပြောလိုက်တာ ညနေ ငါးနာရီလောက်အထိ ရောက်လို့ရောက်မှန်း မသိတာ ဘာ့ကြောင့်ပါလိမ့်လို့ ကိုယ့် ကိုယ်ကိုယ် မေးခွန်းထုတ်နေမိပါတယ်။ သူတို့လည်း နှုတ်ဆက်ပြီး ပြန်၊ ကျွန်တော်တို့လည်း နှုတ်ဆက်ပြီး ပြန်ပေါ့။

အဲဒီနေ့ ညနေ ကျွန်တော် ထမင်းမဆာတော့ပါဘူး။ ညကျလည်း တော်တော်နဲ့ အိပ်မပျော်နိုင်ပါဘူး။ တုပ်ကွေး ဖြစ်လို့ အားနည်းတဲ့ ဒဏ်ကြောင့်လား၊ Wendy နဲ့ နှစ်ယောက်တည်း ရှိသလို စကား အကြာကြီး ပြောခဲ့ရလို့လား အဲဒီလို အတွေးတွေ ဝင်နေရင်းနဲ့ ညသန်းခေါင်လောက် အိပ်မပျော်ခင်မှာ "ဒီကောင်မလေး ကိုတော့ ငါ ချစ်နေမိပြီ" လို့ တစ်ယောက်တည်း ကြိတ်ပြီး ဆုံးဖြတ်ချက် ချလိုက်မိပါတယ်။

## နောက်ရက်အားတွေမှာ

နောက်ရက်အားတွေမှာတော့ ဒေးပစ်နဲ့အတူ ကျွန်တော် စိန့်မိုက်ကယ်ကျောင်းကို လိုက်သွားပါတယ်။ သူက အချိန်အား ခဏရခိုက် အပြင် ထွက်လာတဲ့အချိန်မှာ ကျွန်တော်က သူ့ကို မေတ္တာ ရှိနေကြောင်း အင်္ဂလိပ်လို ပြောလိုက်ပါတယ်။

နောက်မှ ပြန်စဉ်းစားကြည့်တော့ ကျွန်တော် ရောက်နေမှန်း သိလို့ ကျွန်တော်နဲ့ တွေ့ဖို့ ထွက်အလာမှာ ကျွန်တော်က ရောက်ရောက်ချင်း ဆောက်နဲ့ ထွင်းလိုက်သလို ဖြစ်တော့ ကျွန်တော့် စကားလည်း ကြားရော တစ်ချိုးတည်း ထွက်ပြေးသွားပါတော့တယ်။

နောက် Week-end တွေမှာ သူ့ဆီ သွားတွေ့ပြီး အဖြေတောင်းတဲ့အခါမှာ သူက ရေရေရာရာ မဖြေဘဲ ဝေ့လည်ကြောင်ပတ် လုပ်နေပါတယ်။ စကားပြောချိန်ကလည်း အလွန် တိုတောင်းခဲ့တာပါ။ ကျွန်တော် နောက်ရက်တွေမှာ အတင်းဂျီတိုက်တော့မှ ကျွန်တော် ကျောင်းဆင်းပြီးမှ အဖြေပေးမယ် ဆိုပြီး တုန့်ပြန်မှု ရခဲ့ ပါတယ်။ အဲဒီလိုဆိုတော့ ကျွန်တော့် ရင်ထဲမှာ ဘဝင်မကျပါဘူး။

## ရည်းစားတော့ ဖြစ်ပြီ

ကျွန်တော်တို့ ကျောင်းဆင်းပွဲ ကိစ္စနဲ့ စစ်ရေးပြ ကိစ္စ လေ့ကျင့်နေတာရယ်၊ ဧည့်ခံရေး၊ ကြိုဆိုရေး စတဲ့ နေရာ ချထားရေး၊ ဖျော်ဖြေရေး ကိစ္စတွေနဲ့ အလုပ် များနေတာနဲ့ အပြင်လည်း မထွက်နိုင်၊ Wendy နဲ့လည်း မတွေ့ နိုင်နဲ့ ကျွန်တော့်ခမျာ အလွန် သနားစရာ ကောင်းနေပါပြီ။ ပြီးတော့ သူကလည်း မကြာခင် အဖြေပေးမယ် ဆိုတဲ့ ကတိကြောင့် စိတ်က ရောက်ပေမဲ့ ကိုယ်က မပါနိုင် ဖြစ်နေပါတယ်။ ပြီးတော့ အဖေနဲ့ ညီ နှစ်ယောက် ကလည်း ကျောင်းဆင်းပွဲအတွက် ဖိတ်ကြားခံရလို့ ရောက်နေတဲ့အတွက် သူတို့ကိုလည်း အချိန်ပေးနေရပါ သေးတယ်။

မှတ်မှတ်ရရ ကျောင်းဆင်းပွဲနေ့မှာ ကျွန်တော် ဆု နှစ်ဆု ရတဲ့ကြောင်း တစ်မြို့လုံး သတင်း ပြန့်သွား ပါပြီ။ အဲဒီတော့ ကျွန်တော် မော်နိုင်ပြီပေါ့။ ဘယ်ဇောက နှီးဆော်သလဲတော့ မသိပါဘူး။ ညပိုင်း ကျောင်းဆင်း ညစာ စားပွဲက ခုနစ်နာရီမှာပါ။ အရပ်ဝတ် အဝတ်အစား လဲပြီးတော့ သူတို့ ကျောင်းကို သွားတဲ့အခါ ကျောင်းဆင်းချိန်နဲ့ ထင်ပါတယ်။

ကျောင်းသူ ကျောင်းသားတွေ ကျောင်းရှေ့ မြက်ခင်းပြင်ပေါ်မှာ လေးယောက် တစ်ဖွဲ့၊ ငါးယောက် တစ်ဖွဲ့ ဝိုင်းဖွဲ့ စကားပြောနေကြပါတယ်။ ကျောင်းရှေ့မှာ သစ်ပင်တွေက အမြင့်ကြီးတွေ၊ မြက်ခင်း စိမ်းမြမြနဲ့ မြင်ကွင်းဟာ တော်တော် သာယာတာပဲလို့ စိတ်ထဲမှာ ခံစားမိပါတယ်။ သူလည်းပဲ သူ့သူငယ်ချင်း လေး-ငါး ယောက်လောက်နဲ့ ဝိုင်းဖွဲ့ထိုင်နေပါတယ်။ ကျွန်တော် ရောက်သွားတော့ သူ့သူငယ်ချင်းတွေက အလိုက်တသိ ရှောင်ပေးကြပါတယ်။

စိတ်ထဲမှာ "ကြိုက်မရက်" ဆိုတဲ့ ရှေးဆိုရိုးစကား တစ်ခုကို သွားသတိရမိပါတယ်။ ကျွန်တော် ထော်ဝန်းကျင်ကို လုံးဝ ထည့်မတွက်တော့ပါဘူး။ သူ့ဘေးမှာ ထိုင်ချလိုက်ပြီး "ကဲ ဘယ်လိုလဲ" ဆိုတဲ့ သဘော မျိုးကို မျက်နှာ အမူအရာနဲ့ မေးလိုက်ပါတယ်။ သူက ပါးစပ်နဲ့ အဖြေ မပေးပါဘူး။ ကျွန်တော့်ကို စေ့စေ့ကြည့်ပြီး ပြုံးပါတယ်။ ပြီးတော့ ခေါင်းညိတ်လိုက်တယ်။

ကျွန်တော့် အတွက်တော့ လုံလောက်ပါပြီ။ "ချစ်တယ်" ဆိုတဲ့ စကားမပါဘဲ ကျွန်တော်တို့ နှစ်ယောက် သမီးရည်းစား ဖြစ်သွားပြီလို့ ကျွန်တော် ယုံကြည်သွားပါတယ်။ နောက်တော့ ကျွန်တော်တို့ ဘာတွေ ပြောတယ် ဆိုတာ မမှတ်မိတော့ပါဘူး။ ခဏတစ်ဖြုတ် စကားပြောပြီး ကျောင်းဆောင်း ညစာ စားပွဲ အမှီ သုတ်ခြေတင်ပါတော့တယ်။ စိတ်ထဲမှာ "ဧပြီလ ၂၁ ရက် ငါ့အတွက် အင်မတန် ထူးခြားတဲ့ နေ့ပါလား" ဆိုပြီး အပြန်ပြန် အလှန်လှန် နှလုံးသွင်းနေမိပါတယ်။ ခြေထောက်နဲ့ မြေကြီး မထိတော့ပြီ။

နောက်တစ်နေ့ သူ့ကိုတောင် မနှုတ်ဆက်ဖြစ်ပါဘူး။ မေလ အကုန်မှာ ကျုံပျော်မှာ ရှိတဲ့ သ န က ၅ ကို သတင်းပို့ရမှာ ဖြစ်တဲ့အတွက် မိတ္ထီလာ အိမ်ကို အဖေတို့နဲ့ အတူ ပြန်ရပါတော့တယ်။ နောက် တပ်မတော် အရောင်းဆိုင်က ဝယ်ထားတဲ့ အဝတ်စတွေနဲ့ ယူနီဖောင်း မျိုးစုံ ချုပ်ရပါတော့တယ်။ မိတ္ထီလာ ရောက်တော့ ထည်း မိတ်ဆွေ အပေါင်းအသင်းတွေနဲ့ တွေ့နေဆုံနေရပြန်တော့ သူနဲ့ အဆက်အသွယ် မရပါဘူး။ တစ်နေ့ တော့ ဘယ်သူ့ဆီက ရတဲ့ သတင်းလည်းဆိုတာ မမှတ်မိတော့ပါဘူး။ သူ့အဖေ နေမကောင်းလို့ မန္တလေး ဆေးရုံကြီးမှာ တင်ထားရတယ်လို့ သိရတော့ ကျွန်တော် လိုက်သွားပါတယ်။

## နှစ်ယောက်တည်း လွတ်လွတ်လပ်လပ်

အဲဒီအချိန်က ၁၉၆၃ ခု၊ မေလထဲမှာပါ။ တော်လှန်ရေး ကောင်စီ တက်တာ တစ်နှစ်ကျော် သွားပါပြီ။ ဆိုရှယ် လစ် စီးပွားရေး စနစ် ကျင့်သုံးမယ်လို့လည်း ကြေညာထားပါပြီ။ ဒါကြောင့်မို့ ထင်ပါရဲ့ ပစ္စည်းတွေ ရှားပါးစ ပြုနေပါပြီ။ သူ့အဖေအတွက် လိုအပ်တဲ့ ဆေးဝါးတွေ မန္တလေးမှာ ရှာလို့ မရပါဘူး။ ဒါကြောင့် မေမြို့မှာ ဆက်ရှာကြမယ်လို့ စီစဉ်တဲ့အခါ သူတို့ ကားနဲ့ ကျွန်တော် လိုက်သွားပါတယ်။ သူ့သူငယ်ချင်းလည်း ပါပါတယ်။ အဲဒီ သူငယ်ချင်းမရဲ့ အကြံအဖန် ထင်ပါရဲ့။ ဆေးလည်း ရှာရင်း ကျွန်တော်တို့ နှစ်ယောက်ကို လွတ်လွတ် လပ်လပ် တွေ့ရအောင် ဖန်တီးပေးတာပါ။ ကျေးဇူးကြီးပါပေရဲ့။

မေမြို့ ရောက်တဲ့အခါမှာ အဲဒီသူငယ်ချင်းမနဲ့ ကားသမားက ဆေးသွားရှာတယ်ပေါ့။ ဆေး ရှာဝယ်ပြန် တော့လည်း ချက်ချင်း ဝယ်လို့ မရအောင် အချိန်ဆွဲတယ်နဲ့ တူပါတယ်။ နှစ်နာရီလောက် ကြာတယ်လို့ မှတ်မိ ပါတယ်။ ကျွန်တော်တို့ နှစ်ယောက်က အဲဒီ သူငယ်ချင်းမရဲ့ အိမ်မှာ ကျန်ရစ်ခဲ့ပါတယ်။ အိမ်မှာတော့ ဘယ်သူမှ မရှိပါဘူး။ ကျွန်တော်တို့ နှစ်ယောက်တည်းပါ။ လွတ်လွတ်လပ်လပ် ပထမဦးဆုံး တွေ့ခဲ့တာပါ။

သူက ၁၇ နှစ်၊ ကျွန်တော်က ၂၁ နှစ်၊ အတွေ့အကြုံ မရှိတဲ့ ချစ်သူ နှစ်ဦးပေါ့။ လွတ်လပ်မှုနဲ့ တိတ်ဆိတ် မှု ဆိုတဲ့ အခြေအနေဟာ ကျွန်တော်တို့ နှစ်ယောက်ကို ပိုမို နီးစပ်စေခဲ့ပါပြီ။ ကိုင်လို့ မဝ၊ ထိလို့ မဝ၊ ဖက်လို့

မ၀ ဆိုတဲ့ ဝေဒနာတွေကြောမှာ နစ်ယောက်သား မျောပါသွားကြတယ်ပေါ့။

ဒါပေမဲ့ အဲ့ဒီအရွယ်မှာ ကျွန်တော်ဟာ ခေတ်ပေါ် မြန်မာစာပေတွေကို နှံ့နှံ့စပ်စပ် ဖတ်ပြီးခဲ့ပါပြီ။ စာပေတွေရဲ့ လွှမ်းမိုးမှုရယ်၊ ကျွန်တော့် ဗီဇအခံတွေကြောင့် ထင်ပါရဲ့ ကျွန်တော်ဟာ သူ့အပေါ် အဆုံးအစွန်ထိ အခွင့်အရေး မယူခဲ့ပါဘူး။

ယောက်ျားကောင်း၊ ယောက်ျားမြတ် တစ်ယောက်ဟာ ပတ်ဝန်းကျင်မှာ ဘယ်လို နေထိုင် ပြုမူရမယ်၊ သွေးသား မတော်တဲ့ မိန်းခလေးတွေကို အခွင့်အရေး မယူခြင်း၊ တတ်နိုင်သမျှ စောင့်ရှောက်ခြင်း ဆိုတဲ့ အယူအဆတွေ ကျွန်တော့် စိတ်သဏ္ဍာန်မှာ ကိန်းအောင်းနေပါပြီ။ ဒါ့ကြောင့် သူ့ကို ကျွန်တော့် ရင်ခွင်မှာ ပွေ့ထားပြီး ချစ်တဲ့ အကြောင်း၊ မေတ္တာထားတဲ့ အကြောင်းတွေကိုပဲ တဖွဖွ ပြောနေမိပါတယ်။ ဘဝရဲ့ ကြည်နူးစရာ အကောင်းဆုံး အချိန်လေးတွေပေါ့။ သူကလည်း ချစ်ခြင်းရဲ့ အဆုံးအစွန်ထိ ရောက်အောင် သွားဖို့ မဖိတ်ခေါ်ပါဘူး။ ဒီနစ်ယောက် ဆက်ဆံရေးရဲ့ ရင်းနှီးမှု အတိုင်းအတာဟာ ဒီလောက်ပဲလို့ နစ်ယောက်သား မတိုင်ပင်ဘဲနဲ့ နားလည်မှုရခဲ့တာပါ။

သူငယ်ချင်းမလည်း လိုအပ်တဲ့ ဆေးဝယ်ပြီး ကားနဲ့ ပြန်လာပါတယ်။ သူ့စိတ်ထဲမှာတော့ သူ့ရဲ့ အစီအမံ အောင်မြင်တယ်လို့ ယူဆပြီး ကျေနပ်နေတဲ့ အမူအရာနဲ့ပါ။ ထားလိုက်တော့၊ သူ့ကို ဘာမှ ရှင်းမပြတော့ပါဘူး။ မန္တလေးကို ပြန်ဆင်းပြီး ကျွန်တော်က မိတ္ထီလာ ပြန်လာပါတယ်။ အိမ်ပြန်ရောက်တော့ ကျွန်တော့် တပ်ကို သွားဖို့အတွက် ထုပ်ပိုး ပြင်ဆင်နေပါတယ်။

အမေကတော့ ကျွန်တော် ရည်းစားရှိနေပြီ ဆိုတာ မသိသေးတော့ ကျွန်တော့်ကို ဟိုကောင်မလေးကို ဘယ်လို သဘောရသလဲ၊ ဒီကောင်မလေးကို ဘယ်လို သဘောရသလဲ ဆိုပြီး စကားဦး သန်းလာတာနဲ့ ကျွန်တော်က "ကျွန်တော် ယူမယ့် မိန်းကလေးကို ကျွန်တော်ဘာသာ ရွေးပါရစေ အမေနော်" လို့ ပြောထားရပါတယ်။ အမေကလည်း အမှတ်သည်းခြေ ကြီးသူပီပီ ဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော့်ကို နောက်ထပ် ဘာမှ မဟတော့ပါဘူး။

## အဖြစ်သည်းခဲ့ပုံများ (၁)

အခြားသူတွေ အကြောင်းတော့ သိပ်မသိပါဘူး။ ကျွန်တော်ကတော့ တာဝန် ထမ်းဆောင်နေချိန်က လွဲရင် စားလည်း ဒီစိတ်၊ သွားလည်း ဒီစိတ် ဖြစ်နေလွန်းလို့ အချိန်ရတာနဲ့ သူ့ဆီကို အတောမသတ် စာတွေ ရေးနေခဲ့ပါတယ်။ သူကလည်း စာပြန်ရေးပါတယ်။ ကျွန်တော်က သူ့ကို "ချစ်" လို့ ခေါ်ပြီး၊ သူက ကျွန်တော့်ကို "ကို" လို့ ခေါ်ပါတယ်။

စာရေးတုန်းကတော့ သူက တစ်စောင်ဆိုရင် ကျွန်တော်က နစ်စောင် သုံးစောင်နှုန်းလောက် ရှိမှာပါ။ ကျွန်တော် စစ်ဆင်ရေး သွားခဲ့တဲ့ မြစ်ဝကျွန်းပေါ် ဒေသက မြို့လေးတွေ၊ ပဲခူး ရိုးမ အနောက်ခြမ်းက မြို့တချို့က စာတိုက်ပုံးတွေဟာ ကျွန်တော့် အတွက်တော့ အလွန် အသုံးတည့်နေတာပေါ့။ စာတိုက်ပုံးနဲ့ မနီးတဲ့ အရှေ့မြောက် ရှမ်းပြည်နယ် ကွတ်ခိုင် မြို့နယ်လို နေရာမှာတော့ မြို့အရောက်အပေါက် ရှိတဲ့ လူကြုံတွေကိုပဲ အားကိုးရပါတယ်။

လူချင်း တွေ့တဲ့ အကြိမ်ကတော့ အလွန် နည်းပါတယ်။ အထက်မှာ ရေးပြတဲ့ တွေ့ဆုံခဲ့တာပါ ထည့်တွက်ရရင် ငါးခေါက်လောက်ပဲ ရှိမှာပါ။ ဘာ့ကြောင့်လဲ ဆိုတော့ ကျွန်တော်က စစ်ဆင်ရေးတွေ ရှိနေလို့ ဖြစ်ပါတယ်။

တစ်ခါများဆိုရင် ၁၉၆၃-၆၄ ခုနှစ်တွေလောက်မှာ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်းရဲ့ ပထမဦးဆုံးသော ရိုက်ချက်ဖြစ်တဲ့ "ကျပ် ၁၀၀ တန်နဲ့ ကျပ် ၅၀ တန်တွေကို တရားမဝင်အဖြစ် ကြေညာခြင်း" ကိစ္စ ဖြစ်ပါတယ်။ နောက်တန်းမှာ ခဏ ပြန်နားနေတဲ့ ကျွန်တော့်ကို ကျုံပျော် မြို့နယ်က သိမ်းလို့ရတဲ့ ငွေတွေကို ရန်ကုန် သွားပို့ရတဲ့ တာဝန်ပေးပါတယ်။ ကျွန်တော်က ငွေသေတ္တာကြီးတွေကို အလုပ်သမားတွေနဲ့ အဆင့်ဆင့် သယ်သွားပြီး ရန်ကုန်မှာ ဌာနချုပ် ဖွင့်ထားတဲ့ တက္ကသိုလ် ဘွဲ့နှင်းသဘင်ကို သွားပို့ရပါတယ်။ အဲဒီတုန်းက စနေနေ့မှာ နေ့ဝက် အလုပ်တက်ရပါတယ်။

ဖြစ်ချင်တော့ ကျွန်တော်က သောကြာနေ့ ရောက်တော့ တက္ကသိုလ်ဝင်းထဲက အဆောင် တစ်ခုမှာ နေရာပေးပါတယ်။ "တကောင်းဆောင်" ထင်ပါတယ်။ နယ်က ငွေအပ်တဲ့လူတွေ များလို့ ကျွန်တော့် အလှည့် က နောက်တစ်ပတ်ကျမှ အပ်ရမှာပါတဲ့။ အဲဒီမှာ ကျွန်တော့် ဦးနောက် အရမ်း အလုပ်လုပ်နေပါပြီ။ သူကလည်း မန္တလေး တက္ကသိုလ် ရောက်ခါစပါ။ ဒါနဲ့ သူ ပေးထားတဲ့ အမျိုးအိမ်ကို တယ်လီဖုန်း လှမ်းဆက်ပါတယ်။ စနေနေ့ ညရထားနဲ့ ထွက်လာပြီး မန္တလေးကို နောက်တစ်နေ့ မနက်ခင်း ရောက်မယ်။ တနင်္ဂနွေ ညရထားနဲ့ ပြန်မယ်ပေါ့။

သူကလည်း ကျွန်တော် လာရင် ဘယ်ကို လာပါဆိုပြီး လမ်းညွှန်ပါတယ်။ ဘူတာကြီးနားက အိမ် တစ်အိမ်ကိုပါ။ တယ်လီဖုန်း ဆက်ရတာကလည်း အဲဒီခေတ်က အလွန် ခက်ပါတယ်။ အဆက်အသွယ် ရဖို့ စောင့်ရတာရယ်။ အဆက်အသွယ် ရပြန်တော့လည်း အသံက တိုးတိုးလေး ကြားရတာတွေရယ်ကြောင့် စကားပြောလည်းပြီးရော လူတစ်ကိုယ်လုံး ချွေးသံတရွှဲရွှဲပေါ့။

တာဝန်ကျ အရာရှိကို ကျွန်တော် အမြန်ပြန်မယ်၊ တနင်္လာနေ့ မနက် ဆက်ဆက် ပြန်ရောက်ပါမယ်လို့ အတင်းပို့ပြီး ဘူတာကြီးကို အပြေးသွားပါတော့တယ်။ ထင်တဲ့အတိုင်းပါ၊ အထက်တန်းတွဲရော၊ ရိုးရိုးတန်း တွဲရော တစ်တွဲမှ လက်မှတ် မရတော့ပါဘူး။ ဒါ့ကြောင့် ထိုင်ခုံမဲ့ လက်မှတ်တစ်စောင် ဝယ်ပြီး နီးရာ အတွဲ တစ်တွဲပေါ်ကို တက်လိုက်ပါတယ်။ နေရာ မရတော့ တွဲရဲ့ တံခါးပေါက်မှာပဲ ထိုင်ချပြီး နေရာယူလိုက်ပါတယ်။ တွဲပေါ်မှာက ကျွန်တော့်လိုလူတွေ အများကြီးပါ။

လူသွားလမ်းတွေမှာ ထိုင်နေခဲ့တဲ့သူတွေ များပါတယ်။ ရထားက တစ်ညလုံး မောင်းတော့ ရထား ကြမ်းပြင်ပေါ်မှာပဲ လှဲလိုက်၊ မှီလိုက်၊ ထိုင်လိုက်၊ ထလိုက်နဲ့ တစ်ညတာ ကုန်ဆုံးသွားပါတယ်။ မန္တလေး ရောက်တော့ ဘူတာကြီးက အများသုံး အိမ်သာမှာပဲ ကိုယ်လက်သန့်စင်၊ သွားတိုက်၊ မျက်နှာသစ် ကိုယ့် ကိုယ်ကိုယ် လူလူသူသူ ဖြစ်အောင် ပြန်ပြုပြင်ပါတယ်။ အဝတ်အစား အပို မပါပါဘူး။

သူ ပေးထားတဲ့ လိပ်စာအတိုင်း သွားလိုက်တော့ သူကလည်း အဆင်သင့်ပါ။ အိမ်ထဲက ထွက်လာပြီး ကျောက်မကမ်း ကျုံးထောင့်မှာ ဖွင့်ထားတဲ့ "သီတာဦး" စားသောက်ဆိုင်မှာ စားလိုက်၊ သောက်လိုက်၊ စကား ပြောလိုက်၊ လက်ကလေး ကိုင်လိုက်နဲ့ပေါ့။ (အခုတော့ "သီတာဦး" ဟာ မရှိတော့ပါဘူး။) အရင်တစ်ကြိမ် ချိန်းတုန်းက တွေ့ပြီး ကတည်းက သူကလည်း ကျေနပ်မယ် ထင်ပါတယ်။ ကျွန်တော်ကတော့ အကျေနပ်ကြီး ကျေနပ်နေတာပေါ့။

အချိန်က ဘယ်လိုကုန်မှန်းတောင် မသိလိုက်ဘူး။ ညရထားက လေးနာရီခွဲ ထွက်မှာဆိုတော့ သုံးနာရီခွဲ လောက်မှာ "သီတာဦး" က ထွက်ပြီး ဘူတာကြီးဘက်ကို နှစ်ယောက်သား ထွက်လာပါတယ်။ သူ့အမျိုးအိမ်က နီးတော့ သူ့ကို အရင် လိုက်ပို့၊ ပြီးမှ ကျွန်တော် ဘူတာရုံဘက်ကို ထွက်၊ ထိုင်ခုံမဲ့ လက်မှတ် တစ်စောင် ဝယ်ပြီး အသွား ခရီးစဉ် အတိုင်း ရန်ကုန်ကို ပြန်ပါပြီ။ ၁၉၆၄ ခု၊ ဩဂုတ်လလောက်မှာ ဖြစ်ပါတယ်။

## ပဲခူး ရေကြီးပြီ

ဖြစ်ချင်တော့ အရင် နှစ်ရက် သုံးရက်လောက်တုန်းက မိုး အကြီးအကျယ် ရွာတဲ့အတွက် ပဲခူး မြို့ပြင် မြို့တွင်း ရေလွှမ်းမိုးပါတယ်။ အရက်တက်ချိန်လောက်မှာ ပဲခူးနဲ့ မလုမ်းမကမ်း ရောက်တော့ ရထားက ရှေ့ဆက် မသွားနိုင်တော့ပါဘူး။ ဘုရားကြီး ရွာကြီး တစ်ဝိုက် ရေလွှမ်းမိုးနေပါပြီ။ ကျွန်တော်က အဲဒီနေ့ ရုံးချိန်အမီ ရန်ကုန်ကို ရောက်ရမှာပါ။

ဒါနဲ့ ရထားပေါ်က ဆင်းပြီး ရေစပ်ဘက်ကို သွားပါတယ်။ ရေထဲမှာ လှေတချို့ ကျွန်တော်ဘက်ကမ်းကို လာနေကြပါတယ်။ ကျွန်တော်က လှေသမားကို "ပဲခူးကို သွားချင်တယ်၊ ဘယ်လောက် ပေးရမလဲ" လို့ မေးတော့ သူက "ငါးကျပ်" လို့ ပြောတာနဲ့ ကျွန်တော်က မဆစ်တော့ပဲ ငှားလိုက်ပြီးမှ ဘေးနားက လူတွေကို "လိုက်ချင်ရင် လိုက်ခဲ့ကြ၊ လှေဆံ့သလောက် လိုက်ကြ" ဆိုပြီး ဖိတ်ခေါ်လိုက်တော့ လူ လေး-ငါးယောက် လိုက်လာခဲ့ပါတယ်။ ဒါနဲ့ ပဲခူးမြို့ မရောက်ခင်မှာတော့ ရေဆုံးပြီး ကုန်းကို တွေ့ပါပြီ။ မြင်းလှည်းတွေ အသင့် စောင့်နေကြပါပြီ။ မြင်းလှည်း တစ်စီးလုံး ငှားလိုက်ပါတယ်။ ကျွန်တော့် ထုံးစံအတိုင်း လိုက်ချင်တဲ့သူ ဖိတ်ခေါ်လိုက်တော့ ကျွန်တော့်လို ပိတ်မိနေတဲ့ ခရီးသည် သုံးယောက် လိုက်လာပါတယ်။

အမျိုးသား တစ်ယောက်နဲ့ တူဝရီး အမျိုးသမီး နှစ်ယောက်တို့ လိုက်လာကြပါတယ်။ မြင်းလှည်းက မြို့ကို ဖြတ်ပြီး မောင်းရပါတယ်။ အဲဒီလို သွားရာမှာ တစ်ယောက်နဲ့ တစ်ယောက် အသိဖွဲ့ကြရာမှာ အမျိုးသား က ကျွန်တော့်လို ရန်ကုန် ဆက်သွားမယ့်သူ ဖြစ်ပြီး၊ အမျိုးသမီး နှစ်ယောက်က ပဲခူးနဲ့ မလှမ်းမကမ်းမှာ ရှိတဲ့ ရွာလေး တစ်ရွာကပါ။ စကား တပြောပြောနဲ့ မြို့ကို ဖြတ်ပြီး မြင်းလှည်းနဲ့ သွားပြန်တော့ ရေလွှမ်းတဲ့ နေရာ တစ်ခုမှာ မြင်းလှည်းက ရပ်ပါတယ်။

လှေ ထပ်ငှားရပြန်ပါတယ်။ ကျွန်တော်နဲ့အတူ မြင်းလှည်းနဲ့ ပါခဲ့တဲ့ သူတို့လည်း ခရီးသည် အဖြစ် ပါလာပါတယ်၊ အဲဒီ ရေလွှမ်းတဲ့ နေရာကျော်တော့ ကုန်းစပ်ကို ရောက်ပါပြီ။ အဲဒီမှာ ရန်ကုန် သွားတဲ့ ဘတ်စ်ကားတွေ အသင့်စောင့်နေကြပါတယ်။ ဘတ်စ်ကား တစ်စီးပေါ် တက်စီးတာနဲ့ မကြာခင် ထွက်တဲ့အခါ ကမာရွတ် ရဲစခန်းနား ရောက်တော့ အချိန် ကိုးနာရီ ရှိပါပြီ။ အလုပ်လည်း မပျက်၊ ကိုယ်ချစ်သူဆီကိုလည်း ရောက်ခဲ့။ မောတယ်၊ ပန်းတယ် ဆိုတာ ဘယ်မှာပါလိမ့်။

ကျွန်တော့် တာဝန်ဟာ သုံး-လေးရက်နဲ့ ပြတ်တဲ့အခါ တပ်ရင်းရှိရာ ကျုံပျော်ကို ပြန်၊ တာဝန်အရ ရှေ့တန်းကို ထွက်ရပါတယ်။ အဲဒီတုန်းက ရှေ့တန်းဆိုတာ ကျောင်းကုန်း မြို့နယ်တွင်းက နာမည်ကြီး ရွာကြီး တစ်ရွာဖြစ်တဲ့ "တံခွန်တိုင်ရွာ" မှာ အခြေပြုရပါတယ်။ အရင်က ကျွန်တော် ရေးခဲ့ဖူးသလို ပတ်ပတ်လည်မှာက တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေ ရှိတော့ တိုက်ပွဲဖြစ်ချင်ရင် ထွက်သာ ထွက်၊ တစ်နာရီလောက် အတွင်းမှာ ဖြစ်နိုင်ပါတယ်။ ကရင်တွေက အများစု ရှိပေမဲ့ ဗမာရွာတွေလည်း ရှိတော့ သတင်းက မပြတ်ရနေ ပါတယ်။

နှစ်တိုင်း နှစ်တိုင်း ရေကြီးပြီ ဆိုရင် ပဲခူးမှာများ ရေကြီးနေပြီလားလို့ အမြဲတမ်း နားစွင့်မိပါတယ်။ ပဲခူး ရိုးမမှာ မိုးသည်းပြီဆိုတာနဲ့ ပဲခူးမြို့တစ်ဝိုက်က မြစ်တွေ၊ ချောင်းတွေ ပြည့်လျှံပြီး ရေကြီးလေ့ရှိပါတယ်။ နှစ်နှစ် တစ်ခါ၊ သုံးနှစ် တစ်ခါ ပဲခူးမှာ ရေကြီးပြီဆိုရင် ကျွန်တော် အသက် ၂၃ နှစ် အရွယ်က ရင်ခုန်စွာနဲ့ ဖြတ်သန်းခဲ့ရ တဲ့ ရေကြီးတဲ့ ပဲခူးကို အမြဲ သတိရနေပါတယ်။

## အဖြစ်သည်းခဲ့ပုံများ (၂)

၁၉၆၃ ခုနှစ် နှစ်ကုန်လောက်မှာ ကျွန်တော်တို့ Intake ကို ရပ်စောက်/ဗထူးမြို့ကို တပ်စုမှူး သင်တန်းတက်ဖို့ ခေါ်ပါတယ်။ လေးလခွဲ နီးပါး သင်တန်းတက်ပြီး အပြန်မှာ မိတ္ထီလာမြို့ကို ဝင်ပြီး မိဘဆွေမျိုးများနဲ့ တွေ့ဖို့ စိတ်ကူးရပါတယ်။ မိတ္ထီလာ ရောက်ပြီး နှစ်ရက်လောက် အလိုမှာ သူ့ဆီကို အလည်သွားဖို့ ဆုံးဖြတ်လိုက်ပါတယ်။ သူ့မြို့နဲ့ ကျွန်တော်တို့မြို့ ကူးတဲ့ သီးသန့် ဘတ်စ်ကား မရှိပါဘူး။ ဒါကြောင့် ဈေးကို သွားပြီးတော့ မြို့လေးကို သွားမယ့် ကုန်ကားကြီး ထွက်မယ်ကြုံတာနဲ့ လိုက်သွားပါတယ်။

ဒီမှာ ပြောစရာ ရှိတာက ကျွန်တော် သူ့ဆီ စာရေးရင် တိုက်ရိုက်ရေးလို့ မရပါဘူး။ သူ ကျောင်းနေဘက် သူငယ်ချင်း လိပ်စာနဲ့ ရေးရပါတယ်။ အဲဒီ သူငယ်ချင်းက မူလတန်းပြ ဆရာမပါ။ ဒီတော့ စာ အပေးအယူ ကိစ္စကလည်း အဆင်မချောဘူးပေါ့။ သူ့မြို့ကို ကျွန်တော် ရောက်တာနဲ့ သူ့သူငယ်ချင်းကို သွားရှာပါတယ်။ အဲဒီ သူငယ်ချင်းက ရိုးရိုးအေးအေး၊ ပိန်ပိန်ပါးပါးနဲ့ အသားညိုပါတယ်။ ဆရာမ အင်္ဂါရပ် ပီသပါတယ်။

ကျွန်တော် သူ့အိမ်ကို ရောက်တယ်ဆိုတာနဲ့ သူဟာ Wendy အိမ်ကို စက်ဘီးနဲ့ ထွက်သွားပါတယ်။ ခဏကြာခင် သူတို့ နှစ်ယောက် ရောက်လာပါတယ်။ အဲဒီ ဆရာမအိမ်က သပ်ရပ်ပေမဲ့ သူ့အိမ်သားတွေ ရှိနေလို့ စကားကို လွတ်လွတ်လပ်လပ် ပြောလို့ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် သူကပဲ ဦးဆောင်ပြီး အိမ်နောက်ဖေးဘက်က တောစပ်စပ်မှာ ရှိတဲ့ သစ်ပင် တစ်ပင် ခြေရင်း အရိပ်မှာ စကား ပြောကြပါတယ်။ အဲဒီနေ့က တပေါင်း လပြည့်နေ့ပါ။ သူနဲ့ မေမြို့ ထောက်ပို့ ပန်းခြံထဲက စားသောက်ဆိုင်မှာ တစ်နေကုန် နီးပါး ထိုင်စကားပြောလို့ ပေါ်ပေါက်လာတဲ့ ဝေဒနာဟာ အဲဒီနေ့မှာ နှစ်နှစ် ပြည့်ပါပြီ။ သူနဲ့ စကားပြောတဲ့အခါ စိတ်ကြည်နူးနေပေမဲ့ သူ့ကို မမျှော်လင့်ဘဲ လာတွေ့ရလို့ စိတ်အနှောင့်အယှက်ဖြစ်ရင် နားလည်စေလိုကြောင်း၊ ဒီနေ့ဟာ မှတ်မှတ်ရရ တပေါင်း လပြည့်နေ့မို့ အမှတ်တရ ရှိတာက တစ်ကြောင်း စတဲ့အကြောင်းတွေကို စကားဖောင်ဖွဲ့ ပြောနေမိတယ်။

သူကတော့ သူငယ်ချင်းနဲ့ လိုက်လာတာကို အိမ်မှာ အသိပေးခဲ့ပေမဲ့ စိုးရိမ်မှု ရှိနေတာ သတိပြုမိပါတယ်။ နောက်တစ်ခု သတိထားမိတာက သူ့ အံသွားတစ်ခု ဒုက္ခပေးနေလို့ အသစ် စိုက်ရတာလား ကျွန်တော် မမှတ်မိတော့ပါဘူး။ နှစ်နာရီလောက် ကြာအောင် စကားပြောတဲ့ အခါမှာ ဘေးပတ်လည် အိမ်တွေက ကလေးတွေ ကျွန်တော်တို့ နှစ်ယောက်ကို စိတ်ဝင်တစားနဲ့ လာကြည့်နေပါတယ်။ အချိန်ကလည်း လင့်လာတော့ ကျွန်တော် သူ့ကို နှုတ်ဆက်ပြီး ကြုံရာကားနဲ့ မိတ္ထီလာကို ပြန်လာခဲ့ပါတယ်။

နောက်ပိုင်း သူ့ဆီက စာရတော့ အချိန် အကြာကြီး ထွက်သွားလို့ အမကြီးတွေက မသင်္ကာတဲ့ အကြောင်း သိရပါတယ်။ သူ့သူငယ်ချင်း ဆရာမက ကျွန်တော်တို့ နှစ်ယောက် ရုပ်ချင်းဆင်တဲ့ အကြောင်း၊ ကိုက်ညီတဲ့ အကြောင်း၊ ကျွန်တော်က မချောပေမဲ့ ယောကျ်ားပီသတဲ့ လက္ခဏာ ရှိတဲ့ အကြောင်းတွေ ချီးမွမ်းချက် ပေးတယ် ဆိုတာ ရေးပြလို့ ကျွန်တော် ကျေနပ်ရပါတယ်။

## အဖြစ်သည်းခဲ့ပုံများ (၃)

တစ်ခါတော့ ရန်ကုန်မှာ ရှိတဲ့ စစ်ရုံးကို တပ်ကိစ္စတစ်ခု သွားတင်ပြရင်း အရင်တစ်ခါလို ကြုံရာ ရထားနဲ့ ကားနဲ့ လိုက်သွားပြီး နောက်တစ်နေ့မှာ သူ့မြို့ကို ရောက်ပါတယ်။ ကျွန်တော် လာမယ်ဆိုတာ သူ မသိပါဘူး။ ကျောင်းအရ တက္ကသိုလ်တွေ ပိတ်လို့ အိမ်ပြန်ရောက်နေတာ သိပါတယ်။ ကျွန်တော်ရောက်တော့ သူတို့ အိမ်ခြံဝင်းကြီးက အကျယ်ကြီးပါ။

ခြံဂိတ်ဝမှာ သူတို့ စက်ရုံနာမည် ဆိုင်းဘုတ်ကြီးက မှန်ဦးသဖွယ် ဖြစ်နေပါတယ်။ ကျွန်တော်လည်း ကြံရာမရတော့ သူတို့ စက်ရုံ ခြံဝင်း ပတ်ပတ်လည် လျှောက်ပြီး လှေလာပါတယ်။ နောက် မထူးတော့ဘူး ဆိုပြီး ဂိတ်ဝက ဝင်၊ ဧည့်ခန်းဆောင်လို့ ထင်ရတဲ့ နေရာကို ရောက်တော့ အဲဒီ အဆောင်မှာ အမျိုးသမီး တစ်ယောက် တွေ့တော့ သူနဲ့ တွေ့ချင်ပါတယ်။ ကျွန်တော် ဘယ်သူပါ ဆိုပြီး ပြောလိုက်ပါတယ်။ ကျွန်တော်က ရထားတစ်တန်၊ ကားတစ်တန်နဲ့ လာရတော့ လူက တောက်တောက်ပြောင်ပြောင် မရှိပါဘူး။ လုံချည်နဲ့ သိပ် တန်ဖိုးမကြီးတဲ့ စပို့ရှပ် ဝတ်ထားပါတယ်။

မကြာခင် သူ ရောက်လာပါတယ်။ သူက ကျွန်တော် ဆိုင်းမဆင့် ဗုံမဆင့် ရောက်လာတာကို အပြစ် တင်တဲ့ အမူအရာ မပြပါဘူး။ နည်းနည်းတော့ စိတ်ရှုပ်နေတဲ့ လက္ခဏာပါ။ ခဏနေတော့ ကျွန်တော့်ကို စားစရာတချို့နဲ့ ဧည့်ခံပါတယ်။ ဘာတွေလဲတော့ မမှတ်မိတော့ပါဘူး။ ကျွန်တော်က ရန်ကုန်ကို ခေတ္တ တာဝန်နဲ့ လာတုန်း ရသမျှအချိန် လုပြီး လာရတဲ့အတွက် နားလည်စေဖို့ ပြောတဲ့ အခါ သူက အပြစ်တင် စကား လုံးဝ မပြောပါဘူး။ အဲလို စကားပြောနေတဲ့အခိုက်မှာ သူ့အစ်မကြီးတွေ ထင်ပါရဲ့၊ တရစ်ဝဲဝဲနဲ့ လာ အကဲခတ်ပါတယ်။ နှစ်ယောက်ပါ။

သူရော ကျွန်တော်ပါ သူတို့ကို ဂရုမထားမိတဲ့ ပုံသဏ္ဍာန်နဲ့ ပြောစရာရှိတဲ့ စကားတွေကိုပဲ စိတ်အေး လက်အေးနဲ့ ပြောနေပါတယ်။ စိတ်အေးလက်အေး ဆိုပေမဲ့ ရင်ထဲမှာ ဗလောင်ဆူနေပါတယ်။ သူလည်းပဲ အဲဒီလို ဖြစ်နေမယ် ထင်ပါရဲ့။ ကျွန်တော့်ကိုတော့ သူ့အစ်မကြီးနဲ့ မိတ်ဆက်မပေးပါဘူး။

ကြိတ်ပြီး သနားမိပေမဲ့ ကိုယ်ကလည်း တွေ့ချင် မြင်ချင်တဲ့ ဇောက လွှမ်းမိုးနေတယ်လေ။ တစ်နာရီ လောက် စကားပြောပြီးတဲ့အခါ သူ့ကို နှုတ်ဆက်ပြီး ထွက်လာခဲ့ပါတယ်။ ဂိတ်ပေါက်နား ရောက်တော့ ပြန် လှည့်ကြည့်တဲ့အခါ သူက အဆောင်တံခါးဝက ကျွန်တော့်ကို ကြည့်ရင်း ရပ်နေတာ တွေ့ရပါတယ်။

ကျွန်တော် အဲဒီတုန်းက မသိလိုက်တာက တံခါးဝက ရပ်ပြီး ကျွန်တော့်ကို ကြည့်နေတဲ့ သူ့ရုပ်သွင်ကို မြင်လိုက်ရတာဟာ နောက်ဆုံး မြင်ကွင်းဆိုတဲ့ အချက်ပါပဲ။ ဒါပေမဲ့ ကံကြမ္မာရဲ့ လှည့်ကွက် တစ်ခုကြောင့် သူ့ကို နောင် ၂၂ နှစ် အကြာ ၁၉၈၇ ခုနှစ်ကျမှ မထင်မှတ်ပဲ ပြန်ဆုံမိပါတယ်။ အကျယ် နောက်မှ ရေးပြပါ့မယ်။

## နောက်ဆက်တွဲ ကိစ္စများ

ကျွန်တော် တပ်ပြန်ရောက်တော့ သူ့ဆီက စာရောက်လာပါတယ်။ သူ့အစ်မကြီးတွေက ကျွန်တော် ဘယ်သူလဲ ဘယ်ကလဲ စသဖြင့် ပုလိပ်စစ် စစ်တယ်ဆိုတဲ့ အကြောင်း၊ မေးမြန်းကြပုံက သူ့ကိုလည်း အပြစ်တင် ကျွန်တော့် ကိုလည်း မလိုလားတဲ့ သဘောထားတွေပါ။ ဘာ့ကြောင့်လဲဆိုတော့ ကျွန်တော်က စစ်သား၊ သူတို့ ဘဝ တိုးတက်ရာ တိုးတက်ကြောင်းကို ဖျက်ဆီး ဟန့်တားနေတဲ့ လမ်းစဉ် ပါတီကို ကိုယ်စားပြုသူ၊ ဒါ့ကြောင့် ဖြစ်ပါတယ်။ သူ့စာကို ဖတ်ပြီးတဲ့နောက် ရင်လေးသွားခဲ့ပါတယ်။ အနာဂတ်အတွက်လည်း လေးလေးနက်နက် စဉ်းစားရ ပါပြီ။ တို့တစ်တွေ ဘယ်တော့လောက် လက်ထပ်ကြစို့လို့ ကျွန်တော် သူ့ကို မပြောပြသေးပါဘူး။ နောက် ဖြစ်လာတဲ့ အခြေအနေတွေအရ ပြန်စဉ်းစားတော့ ကျွန်တော့် မသိစိတ်ကများ နှီးဆော်လို့ မပြောဖြစ်ခဲ့လေ သလားလို့ ထင်မှတ်မိပါတယ်။

ကျွန်တော်က သူ့ကို တကယ်ပဲ ချစ်မြတ်နိုးခဲ့လို့ သေတပန် သက်တစ်ဆုံး အထိ ရည်မှန်းခဲ့သော်လည်း ဖြစ်လာတဲ့ အခြေအနေတွေက ဆန့်ကျင်ဘက်ကို ရှေးရှုနေပါတယ်။ အဲဒီအချိန်မှာ ဒုတိယဗိုလ် လခက ၃၀၀ ကျပ် ၇၅ ပြား၊ ဗိုလ်ဖြစ်လာပြန်တော့ လခက ၄၂၅ ကျပ် ရပါတယ်။ အဲဒီလခတွေထဲက လစဉ် လခ တစ်ဝက်

တို မိဘဆီ ပြန်ပို့ပေးနေပါတယ်။ တစ်ဝက် ကျွန်တော် သုံးဖို့ပေါ့။ သူနဲ့ အိမ်ထောင်ပြုရင် ကျန်တဲ့ လခတစ်ဝက်နဲ့ သူ့ကို ဘယ်လို တင့်တင့်တယ်တယ် ထားနိုင်မှာလဲ။

အဲဒီအချိန်တုန်းက ၁၉၆၃/ ၆၄/ ၆၅ ခုနှစ်တွေမှာ ကျွန်တော်ဟာ တပ်မှာ ပြန်နားရတယ် ဆိုလို့ တစ်နှစ်မှာ သုံး-လေးလပဲ ရှိပါတယ်။ ကျန်တဲ့ လတွေက ရှေ့တန်းမှာ စစ်ဆင်ရေး တာဝန် ထမ်းဆောင်နေရပါတယ်။ တစ်အိုးတစ်အိမ် ထူထောင်ပြီး တစ်နှစ်မှာ သုံး-လေးလပဲ နေရမယ့် ဇနီးမောင်နှံ ဘဝဟာ ဘယ်လို သာယာနိုင်မှာလဲ။ သူ့ကို အထင်သေးလို့တော့ မဟုတ်ပါဘူး။ ဒိုးတူပေါင်ဖက် ဆိုရင် သူလည်း ကျွန်တော် မရှိတဲ့ ကာလတွေကို အားတင်းပြီး ရင်ဆိုင်နိုင်မှာပဲလို့ နောက်ပိုင်းကျမှ တွေးမိတာပါ။ အဲဒီတုန်းကတော့ သူ့ကို ယူပြီးရင် ဘမင် ညှင်းဆဲသလိုများ ဖြစ်နေမလားဆိုတဲ့ အတွေးကသာ လွှမ်းမိုးနေခဲ့တာပါ။

အဓိက အကျဆုံးအချက်က အဲဒီအချိန်မှာ တော်လှန်ရေးကောင်စီ တက်နေပြီ။ မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ် ကြေညာနေပြီ။ ကျွန်တော်တို့ လူငယ်တွေကလည်း ဖြစ်သင့်တဲ့ ဝါဒ တစ်ရပ်အနေနဲ့ ထောက်ခံနေပြီ။ တပ်မတော် တစ်ရပ်လုံးကလည်း အပေါ်က ဦးဆောင်ရာကို လိုလိုလားလား လိုက်ပါနေပြီ။ သူကတော့ ကျွန်တော့် သံယောဇဉ်နဲ့ ဘာမှ ဆန့်ကျင်ဘက် မပြောသော်လည်း သူ့မိဘ ဆွေမျိုး အသိုင်းအဝိုင်း (အမေ မရှိရှာတော့ပါဘူး) ရဲ့ အယူအဆတွေကတော့ တက်နေတဲ့ အစိုးရရဲ့ မူဝါဒကို သူတို့ လက်မခံနိုင်ဘူး ဆိုတာ ထင်ရှားပါတယ်။ သူနဲ့ ပြောခဲ့တဲ့ စကားတွေ၊ သူ ရေးခဲ့တဲ့ စာတွေအရ တပ်မတော်သား တစ်ယောက်ကို လုံးဝ ကြည်ဖြူနိုင်ဘူး ဆိုတဲ့ သဘောထားတွေကို အထင်အရှား တွေ့မြင်နေရပါပြီ။

အထက်မှာ ရေးပြခဲ့တဲ့ အကြောင်းရင်းတွေကြောင့် သူနဲ့ ကျွန်တော် ဘဝချင်း ပေါင်းစပ်ရေးကို စဉ်းစားလိုက်တိုင်း လက်ခံနိုင်တဲ့ အဖြေမရဘဲ အမြဲတမ်း ရင်လေးနေရပါတယ်။ ဒါ့ကြောင့် သိစိတ်က သူနဲ့အတူ ပေါင်းစည်းချင်ပေမဲ့ မသိစိတ်က ခွာနေမှ ဖြစ်မယ်လို့ တွေးနေမိပါတယ်။ ဒါ့ကြောင့် ကျွန်တော်နဲ့ သူနဲ့ ဘယ်တော့ လက်ထပ်ကြစို့ ဆိုတဲ့ စကား မပြောမိခဲ့သလို အပေါ်မှာ ရေးပြခဲ့တဲ့ ကျွန်တော်ရဲ့ အမြင်တွေကိုလည်း သူ့ကို ဖွင့်ဟ မပြောခဲ့၊ မရေးခဲ့မိပါဘူး။ ဒီလိုအချက်တွေကြောင့် ကျွန်တော် ရင်လေးမိတာ ပိုတယ်လို့ ထင်စရာ အကြောင်း မရှိပါဘူးနော်။

## အရှေ့မြောက်ခွင် - ကွတ်ခိုင်ဒေသ

၁၉၆၄ ခု နှစ်ကုန်ပိုင်းမှာ ကျွန်တော်တို့ တပ်ရင်း တစ်ရင်းလုံး ကွတ်ခိုင် မြို့နယ်၊ အရှေ့မြောက်ပိုင်း ဒေသကို စစ်ဆင်ရေး ဝင်ရပါတယ်။ တပ်ရင်း ဌာနချုပ်ကို မုံးပေါ်မှာ အခြေချပြီး အခု နာမည်ကြီးနေတဲ့ မုံးကို- ဖောင်းဆိုင် ဒေသ၊ မုံးစီး- မုံးယား ဒေသ၊ ခိုမုံး- နားတီး- တာမိုးညဲ ဒေသတွေကို တပ်ခွဲ ငါးခုနဲ့ စစ်ဆင်ရေး ဝင်ရတာပါ။

တပ်ရင်းမှူးကတော့ နာမည်ကျော် ဧာရေးဆရာကြီး စစ်ကိုင်း ဦးဖိုးသင်းရဲ့သား ဗိုလ်မှူး သိုးထိန်း (စစ်ကိုင်းတိုင်း ဒေသ ပါတီ ဥက္ကဋ္ဌ- ယခု ကွယ်လွန်) နဲ့ ဒုတပ်ရင်းမှူးက ဗိုလ်မှူး ပီ-ကျော်ဟန်တို့ ဖြစ်ပါတယ်။ စစ်ဆင်ရေးတွေ အကြောင်း မပြောတော့ဘဲ သူနဲ့ ကျွန်တော်တို့ အကြောင်း ပြောရမှာပါ။ စစ်ဆင်ရေး ဝင်လို့ လအနည်းငယ် အကြာမှာ သူ့ဆီက စာတစ်စောင် နောက်တန်းက ရောက်လာတဲ့ အဖွဲ့နဲ့ ပါလာပါတယ်။ စာအိတ် ဖောက်ကြည့်လိုက်တော့ သူ့စာဟာ ကျွန်တော်တို့ စစ်ဆင်ရေး ထွက်ပြီးမှ ရောက်လာတဲ့ စာပါ။ ကျွန်တော့်ဆီ ရောက်တော့ နှစ်လကျော်လာပါပြီ။

စာထဲမှ ပါတဲ့ အဓိက အကြောင်းအရာကတော့ သူ့ကို လူကြီးမိဘတွေက၊ အထူးသဖြင့် အစ်မကြီးတွေက သူတို့နဲ့ အဆင့်ချင်းတူတဲ့ သူတစ်ယောက်နဲ့ ပေးစားဖို့ လုပ်နေပြီဆိုတဲ့ သတင်း ပါလာပါတယ်။ အဲဒီမှာ

ကျွန်တော် စဉ်းစားရပါပြီ။ လေးလေးနက်နက် စဉ်းစားပြီးမှ သူ့ဆီကို စာပြန်လိုက်ပါတယ်။ သူ့စာဟာ ကျွန်တော့်ဆီကို နှစ်လ နောက်ကျပြီးမှ ရောက်တဲ့ အကြောင်း၊ ဒါကြောင့် အခုစာဟာလည်း သူ့ဆီကို ဘယ်အချိန်မှ ရောက်မယ် ဆိုတာ ခန့်မှန်းလို့ မရကြောင်း၊ အခုအချိန်ဟာ စစ်ဆင်ရေးကာလမို့ ခွင့်ယူဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ အကြောင်း၊ ရက်ကာလ ကြာလို့ ဆွေမျိုး အသိုင်းအဝိုင်းကို မလွန်ဆန်ဘူးဆိုရင် သူ ကြိုက်သလို ဆုံးဖြတ်နိုင်ကြောင်း၊ ဒီလို အဖြစ်မျိုးကြောင့် သူ့ကို အပြစ်မတင်လိုပါကြောင်းနဲ့ ကံကြမ္မာရဲ့ စီမံတဲ့ သဘောလို့ပဲ ယူဆရတော့မယ် ဖြစ်ကြောင်း၊ သူ့ကိုလည်း အပြစ်တင်စကား မပြောလိုပါကြောင်း ဆိုတဲ့ စကားကိုပဲ ထပ်ကာ ထပ်ကာ ရေးပြီး နောက်တန်းပြန်တဲ့ အဖွဲ့တွေနဲ့ စာကို ထည့်ပေးလိုက်ပါတယ်။

## ရက်စက်တဲ့ ကံကြမ္မာရယ်

ကျွန်တော်က အထက်တစ်နေရာမှာ ရေးခဲ့တဲ့ အကြောင်းအရင်းတွေကြောင့် သူ့ကို စွန့်လွှတ်လိုက်မှ သူ့ဘဝ သာယာမယ်ဆိုတာ တွေးမိထားတဲ့အတွက် နှမြောတသတဲ့စိတ်၊ လွမ်းတဲ့စိတ်တွေတော့ အမြဲလိုလို ပေါ်လာပါတယ်။ ကျွန်တော်က ရည်းစားနဲ့ ကွဲလို့ အရက် မသောက်ပါဘူး၊ မိန်းမတွေကို စိတ်နာတယ်လို့လည်း မစွပ်စွဲပါဘူး။ မိန်းမတွေ သစ္စာမရှိဘူးလို့လည်း မကြွေးကြော်ခဲ့ပါဘူး။ အလုပ်ထဲမှာပဲ စိတ်နှစ်တဲ့အခါ နှစ်၊ အားရင် ယူလာတဲ့ စာအုပ်တွေကိုပဲ လိုမ့်ဖတ်နဲ့ စိတ်ကို အလွတ်မပေးဘဲ နေခဲ့ပါတယ်။ ဒါပေမဲ့ အိပ်ရာဝင်ပြီ ဆိုတာနဲ့ ဒီဝေဒနာတွေ ဖိစီးရင်းနဲ့ အိပ်ရာဝင်ရတဲ့ အတွက် ခံစားချက် တော်တော်ဆိုးပါတယ်။

နောက် သုံး-လေးလ ကြာတဲ့အခါ ကျွန်တော်တို့ စစ်ဆင်ရေး ပြီးပါပြီ။ ကျွန်တော်တို့ တပ်ရင်း တစ်ရင်းလုံး လားရှိုးကနေ ရထားနဲ့ ရန်ကုန်ကို ပြန်လာကြရပါတယ်။ ရန်ကုန် ရောက်တော့ ကျိုက္ကစံကွင်းမှာ နေရာချထားခြင်း ခံရပါတယ်။ တပ်ရင်း တစ်ရင်းလုံးဟာ မကြာခင် ပဲခူး ရိုးမကို စစ်ဆင်ရေးဝင်ရဦးမှာ ပါ။ ကွတ်ခိုင်ခွင်မှာ ခြောက်လ ခုနစ်လလောက် ကြာခဲ့ပြီး ဂျူးဖြူ လေ့ကျင့်ရေး ကျောင်းမှာ သုံးလ၊ ပဲခူး ရိုးမမှာ “အလင်းရောင် စစ်ဆင်ရေး” ခြောက်လလောက် ကြာခဲ့ပြီး ရန်ကုန်မှာ တစ်ကြော့ပြန် နားရပြန်ပါပြီ။

နောက်တစ်နေ့ မနက်လင်းတော့ ရန်ကုန် မုန့်ဟင်းခါး မစားရတာ ကြာလို့ အရာရှိတစ်စုနဲ့ မုန့်ဟင်းခါး ဆိုင် သွားလိုက်ပါတယ်။ အဲဒီဆိုင်မှာ ရှိနေတဲ့ သတင်းစာကို ကောက်ကိုင်လိုက်တော့ သူတို့ လက်ထပ် မင်္ဂလာသတင်းကို တွေ့လိုက်ရပါတယ်။ ကျွန်တော် မုန့်ဟင်းခါး မစားနိုင်ခဲ့ပါဘူး။ စိတ်ထဲကတော့ ရက်စက်လိုက်တဲ့ ကြမ္မာရယ်လို့ပဲ ရွတ်နေမိပါတယ်။

သူနဲ့ ကျွန်တော်နဲ့ ကြမ္မာရဲ့စီရင်ချက်လို့ပဲ ခေါ်မလား၊ ရှောင်လွှဲလို့မရတဲ့ ဘဝပေးဖြစ်စဉ်လို့ပဲ ခေါ်ရမလား မသိနိုင်ပါပြီ။ သေချာတာကတော့ သူနဲ့ ကျွန်တော် ဘဝတစ်သက်တာ ဝေးကွာသွားရပြီ ဆိုတာတော့ သေချာသွားပါပြီ။ အဲဒီ အသိရဲ့စေ့ဆော်မှုကြောင့် သူ ကျွန်တော့်ကို ပေးထားတဲ့ လက်ဆောင်တွေ၊ စာတွေကို ထုပ်ပိုးပြီး သူ့ဆီကို ပို့လိုက်ပါတယ်။

ဘယ်ပုံဘယ်နည်း ပို့တယ် ဆိုတာကတော့ မမှတ်မိတော့ပါဘူး။ အဲဒီအကြောင်းနဲ့ ပတ်သက်လို့ သူ ကျွန်တော့်ဆီ စာရေးဖူးတယ်ထင်ပါတယ်။ သူ့မြို့နဲ့ အနီးအနားက ရေမြောင်း တစ်ခုမှာ လှေစီးရင်းနဲ့ လှေပေါ်ကနေ သူ ကျွန်တော့်ဆီ ရေးထားတဲ့ စာတွေကို တစ်စစီ ဖြဲရင်းနဲ့ ရေထဲ မျှောလိုက်တယ် ဆိုတာ သတိရနေပါတယ်။

ကျွန်တော်က သူ့ကို ပေးထားတဲ့ စာတွေ၊ လက်ဆောင်တချို့ကိုတော့ မေမြို့မှာ ရှိတဲ့ သူ့ သူငယ်ချင်း ဆီကို လှမ်းပို့လိုက်ပါသတဲ့။ သူတို့က ကျွန်တော်ဆီ ပို့မပေးပါဘူး။ ကျွန်တော့်စာတွေကို သူတို့ ညီအစ်မတွေ ဖတ်ကြ၊ ပေဖန်ကြနဲ့ တော်တော် အလုပ်များသွားကြဟန်ပါပဲ။ အဲဒါက ၁၉၆၅ ခုနှစ်ပါ။ ၁၉၇၂ ခုနှစ် ကျွန်တော်

မမြို့ ရောက်တော့ သူတို့အိမ် သွားလည်တဲ့ အခါမှာ အဲဒီစာတွေ တချို့ ရှိနေတုန်းပါပဲ။

အဲဒါအပြင် သူတို့ အိမ်ထောင်ကျခါစက သူတို့ရဲ့ အိမ်ထောင်ရေး အခြေအနေတွေကို သူ့ သူငယ်ချင်းတွေက မကြာ မကြာ ကျွန်တော်ကို လှမ်းပြောကြပါတယ်။ ကျွန်တော်ကတော့ စိတ်မဝင်စားတော့ပါဘူး။ သူတို့ အိမ်ထောင်ရေး ကောင်းသည် ဆိုးသည် ကျွန်တော် ဘာမှ မှတ်ချက် မပေးလိုတော့ပါဘူး။ ကိုယ်နဲ့ ဆိုင်တော့ဘူးလေ။

အဲဒီကိစ္စ ပြီးတဲ့အခါမှာ (၁၉၆၅ ခုနှစ်) ကျွန်တော်ဟာ ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားမိအောင် တင်းကင်းရှင်းရှင်း နေပါတော့တယ်။ သူငယ်ချင်း တချို့ရဲ့ အမျိုး မိန်းကလေးတွေကို မိတ်ဆက်ပေးခဲ့ပေမဲ့လည်း ကျွန်တော် စိတ်မဝင်စားခဲ့ပါဘူး။ ကိုယ်ကိုယ်ကိုယ်လည်း အလုပ်ထဲမှာ စိတ်နှစ်နေပါတယ်။ မေ့မေ့ ပျောက်ပျောက် ဖြစ်အောင်လို့ပေါ့။ တစ်ခုထူးခြားတာတော့ ရှိပါတယ်။ အဲဒီကာလမှာ ကျွန်တော်ဟာ ချစ်ခန်း ကြိုက်ခန်း ပါတဲ့ ရုပ်ရှင်ဆိုရင် ကြည့်လို့မရတော့ပါဘူး။ ရုပ်ရှင်ကြည့်လို့ အဲဒီအခန်းတွေ ပါရင် ကျွန်တော် ခံစားနိုင်ဘဲ အပြင် ထွက်ပြေးသွားလေ့ ရှိပါတယ်။

ဒါကတော့ ကျွန်တော် ဖြတ်သန်းခဲ့ရဖူးတဲ့ "ကျွန်တော်လည်း ချစ်ခဲ့ဖူးပါတယ်" ဆိုတဲ့ အချစ် ဇာတ်လမ်း တစ်ပုဒ်ပေါ့။

## မေမောသေးဘူးလား ကြမ္မာရယ်

ကျွန်တော် ခြေလျင်တပ်မှာ ခြောက်နှစ်၊ စစ်ရုံးမှာ ခုနစ်နှစ်နဲ့ တပ်ပြန်တော့ တစ်နှစ်နီးပါး၊ ပေါင်း ၁၄ နှစ် တပ်မတော်မှာ တာဝန် ထမ်းဆောင်ပြီးတဲ့အခါမှာ ၁၉၇၆-၇၇ မှာ ဖြစ်ပွားခဲ့တဲ့ "ဗိုလ်ကြီး အုန်းကျော်မြင့်" ကိစ္စနဲ့ ကြုံပြီး တပ်က နုတ်ထွက်ခွင့်ပြုခြင်း ခံလိုက်ရပါတယ်။ ၁၉၇၇ ခုနှစ်ကနေပြီးတော့ ရှစ်လေးလုံး အရေး တော်ပုံကြီးနဲ့ ကြုံတဲ့အထိ ကျွန်တော်ဟာ စီးပွားရေးလုပ်ငန်း မျိုးစုံ လုပ်ခဲ့ရာမှာ အောင်မြင်မှု ကြီးမားခဲ့ပါတယ်။ အင်းစိန်ဘက်မှာ ပေ ၁၀၀ ပတ်လည် မြေကွက် တစ်ကွက် ဝယ်ပြီး ပျဉ်ထောင်ပျဉ်ခင်း သွပ်မိုးအိမ် တစ်လုံး ဆောက်ပြီး မိသားစုနဲ့ သိုင်းသိုင်းဝန်းဝန်း နေနိုင်ခဲ့ပါတယ်။ အိမ်မှာလည်း ကားမျိုးစုံ ငါးစီး ရှိပါတယ်။

၁၉၈၆-၈၇ ခုနှစ်တွေမှာပါ။ အဲဒီတုန်းက အမရပူရမြို့နယ် ကောင်စီဥက္ကဋ္ဌ ဖြစ်သူ ဗိုလ်ကြီး သိန်းနိုင် (အပတ်စဉ် ၆) က ကျွန်တော့်ကို ကုသိုလ် လမ်းညွှန် လုပ်ပါတယ်။ သူက အမရပူရမြို့မှာ ရှိတဲ့ "ရွှေဂူကြီး ဘုရား ဘက်စုံ ပြန်လည်မွမ်းမံရေး လုပ်ငန်း" လုပ်နေပါတယ်။ ကျွန်တော့်ကိုလည်း အရံဘုရား တစ်ဆူ တာဝန် ယူဖို့ ပြောပါတယ်။ ရုပ်ရှင် မင်းသမီး ဂါဂါဝင်းရွှေတို့ကလည်း တော်တော်များများ လှူပြီးပြီလို့ သိရပါတယ်။ ကျွန်တော်ကလည်း တာဝန်ယူဖို့ သဘောတူလိုက်ပါတယ်။ ဒီကိစ္စက ခြောက်လလောက် ကြာပါတယ်။ ဗိုလ် သိန်းနိုင် ဘုရားတွေကို တာဝန်ယူ ဆောင်ရွက်နေတဲ့ အချိန်မှာ သူနဲ့ တယ်လီဖုန်း မကြာ မကြာ ဆက်သွယ်မှု ရှိတဲ့အတွက် ဘုရားတွေ မွမ်းမံ ပြင်ဆင်ခြင်း လုပ်ငန်းတွေ အကြောင်း သိနေရပါတယ်။

၁၉၈၇ ခုနှစ် ဖေဖော်ဝါရီလဆန်းမှာ ဗိုလ်သိန်းနိုင်က ကျွန်တော့်ကို တယ်လီဖုန်း ဆက်ပါတယ်။ "ဘုရားတွေ မွမ်းမံတဲ့ လုပ်ငန်း ပြီးပြီ။ ခင်ဗျားတို့ မိသားစု မနက်ဖြန်ခါ (သောကြာနေ့) အရောက် လာခဲ့ကြပါ။ စနေနေ့မှာ ဘုရားနေကဇာတင်နှင့် ရေစက်ချဖို့ ဘုန်းကြီးတွေ ပင့်ပြီးပြီ" လို့ ပြောပါတယ်။ အဲဒီအချိန်မှာ ကျွန်တော့် ကလေးတွေက စာမေးပွဲ နီးလို့ ကျူရှင်တွေနဲ့ အလုပ်များနေတဲ့ အချိန် ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်က သူ့ကို "ကလေးတွေ စာမေးပွဲ ရှိတယ်လေကွာ၊ သူတို့တွေ ဘယ်လာနိုင်ပါ့မလဲ" လို့ ပြောတဲ့အခါ သူက "ဘုန်းကြီးတွေ ပင့်ပြီးပြီဗျာ၊ ပြောင်းလို့ မလွယ်တော့ဘူး" လို့ ပြောပါတယ်။ ကျွန်တော်က "ဒါဆို ငါ

တစ်ယောက်တည်း လာရင်ကော ဖြစ်မလား” လို့ မေးတဲ့အခါ သူက ရတယ်လို့ ပြောလို့ ကျွန်တော် နောက်တစ်နေ့မှာ မန္တလေးကို လေယာဉ်နဲ့ သွားခဲ့ပါတယ်။

နောက်တစ်နေ့ စနေနေ့ရောက်တဲ့အခါ ရွှေဂုံကြီးဘုရားရဲ့ အရံဘုရား တစ်ဆူဖြစ်တဲ့ “သုံးဘုံချမ်းသာ” ဘုရားအတွက် သံဃာတော် ငါးပါးကို လှူရန်နှင့်တကွ ရေစက်ချပြီး အဲဒီနေ့မှာပဲ ရန်ကုန်ကို လေကြောင်းနဲ့ ပြန်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ လက်မှတ်က လေဆိပ်ရောက်မှ စီစဉ်ရမှာ ဖြစ်တဲ့အတွက် လေယာဉ်ပျံချိန် မရောက်ခင် နှစ်နာရီလောက် ကြိုပြီး ချမ်းမြသာစည် လေဆိပ်ကို သွားပါတယ်။

လက်မှတ်ကောင်တာက ဝန်ထမ်းတစ်ချို့က ကျွန်တော့်ကို သိပါတယ်။ ကျွန်တော့် နံမည် စာရင်းပေးပြီး တစ်နေရာမှာ စောင့်ဖို့သွားတော့ လား... လား... Wendy နဲ့ သူ့မိသားစုကို တွေ့မြင်လိုက်ရပါတယ်။ သူ့ယောက်ျားကို ကျွန်တော် မမြင်ဖူးပါ။ ဒါပေမဲ့ သူက ကျွန်တော့်ကို သိနေပါတယ်။ သူတို့ နှစ်ယောက် အိမ်ထောင်မကျခင်က ကျွန်တော့် အကြောင်းတွေကို Wendy က သူ့ကို ပြောထားတာလေ။ သူ စိတ်ပျက်သွားအောင်လို့၊ ဒါပေမဲ့ သူက စိတ်မပျက်တဲ့အပြင် ပိုတောင် လိုချင်တဲ့စိတ် တိုးလာတယ်ဆိုပဲ။

သူတို့နဲ့အတူ အရွယ်ရောက်စ မိန်းကလေး တစ်ယောက် ပါပါတယ်။ သူနဲ့ ရုပ်ချင်းဆင်ပါတယ်။ တခြား လူကြီး တစ်ယောက်လည်း ပါပါတယ်။ နောက်မှ သိရတာက သူ့ဦးလေးပါ။ ဆယ်တန်းအောင်တဲ့ သူ့သမီးကြီးကို ရန်ကုန် တက္ကသိုလ်ကို ပို့မယ်ဆိုတာလည်း နောက်မှ သိရတာပါ။

ကျွန်တော် သူ့ကို မနှုတ်ဆက်ပါဘူး။ အားနာလို့ပါ။ ဒါ့ကြောင့် ကျွန်တော်က ထောင့်တစ်ထောင့်က ထိုင်ခုံမှာ ထိုင်ပြီး အသင့် ပါလာတဲ့ စာအုပ် တစ်အုပ်ကို ထုတ်ပြီး ဖတ်နေပါတယ်။ ကျွန်တော် စီးမယ့် လေယာဉ်ပျံက ကလေးမြို့က လာမှာပါ။ လေယာဉ်ပျံ ရောက်ချိန်နီးလာတဲ့အခါ “ဗိုလ်ကြီး ဝင်းထိန် လက်မှတ်ရပြီ၊ လက်မှတ် လာဖြတ်လှည့်ပါ” လို့ ခေါ်သံ ကြားရပါတယ်။ ကျွန်တော်က စိတ်ထဲမှာ “ဩော် ငါ့နယ် လူသူမသိစေချင်လို့ လျှိုနေပါမှ ကောင်တာက ငနဲ့တွေကတော့ လုပ်ချလိုက်ပြီ” ဆိုပြီး ကြိတ်ရယ်မိပါတယ်။ နှစ်ထပ်ရှိမှ မှတ်မိမယ်ဆိုတဲ့ သဘောလား မသိဘူး။ ငနဲ့သားများက အသံပြဲကြီးနဲ့ ထပ်အော်ပါသေးတယ်။ သူလည်း ကြားမှာ သေချာပါတယ်။ အားနာလိုက်တာ။

လက်မှတ်လည်း ရပါပြီ။ လေယာဉ်လည်း ဆိုက်ပါပြီ။ သူတို့နဲ့ ဆုံမှာစိုးလို့ ရှေ့ဆုံးခုံနား အရောက် သွားပြီး အသင့်စောင့်နေပါတယ်။ လေယာဉ်ပေါ်က ဆင်းလာသူကတော့ လေယာဉ်မှူး ဗိုလ်ဖေချ (အပတ်စဉ် ၁၀) ထင်ပါတယ်။ သူက အော်ကြီးဟစ်ကျယ်နဲ့ “ဟာ ကိုဝင်းထိန်ကြီး” ဆိုပြီး လုပ်ပြန်ရော။ ကျွန်တော်လည်း “ဩော် ငါ့နယ်” ဆိုပြီး ဖြစ်ပြန်ရော။ လေယာဉ်ပေါ် ရောက်တော့လည်း ရှေ့ဆုံးတန်း သွားထိုင်တယ်။ လေယာဉ်ပျံ တက်တော့လည်း ကိုယ့်နေရာကိုယ် မထိုင်ဘဲ ရှေ့က လေယာဉ်မှူးတွေရဲ့ အခန်းသွားပြီး အာလာပသလ္လာပတွေ ပြောကြ။ သူနဲ့ တစ်ခန်းတည်း ဆိုတဲ့သဘော ဖြစ်နေတော့ စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေလို့ပါ။

## မင်္ဂလာဒုံ လေဆိပ်မှာ

မင်္ဂလာဒုံ လေဆိပ်ကို ရောက်ပါပြီ။ ကျောင်းပိတ်ရက်မို့ အိမ်က အားလုံး လာကြိုနေကြပါတယ်။ ကျွန်တော်က လက်ဆွဲအိတ်နဲ့မို့ အစောကြီး ထွက်လာနိုင်ပါတယ်။ သူတို့ မိသားစုက Luggage တွေ ပါလို့ စောင့်နေကြပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်က အသက် ၄၆ နှစ်၊ ဇနီးသည်က ၃၄ နှစ်၊ သူက ၄၃ နှစ် ရှိပါပြီ။ ဇနီးသည်က အေရိုးဗစ် အမြဲ ကစားတော့ ရုပ်ရည် လှပ ကျော့ရှင်းနေပါတယ်။

သူကတော့ ကာယ လေ့ကျင့်ခန်းတွေ မလုပ်ဘဲ ဖြစ်သလို နေဟန်တူပါရဲ့။ အသက်ကြီးဟန်ပေါက်နေပါတယ်။ ကျွန်တော်က ဇနီးသည်ကို အရင်က အဖြစ်အပျက်တွေ အားလုံး ပြောပြထားပြီးသားမို့ Wendy နဲ့ ကျွန်တော့် အကြောင်း သိပြီးသားပါ။ ဒါ့ကြောင့် ကျွန်တော်က မနေနိုင်ဘဲ ဇနီးသည်ကို ပြလိုက်ပါတယ်။ ဇနီးသည်က မနာလိုမဖြစ်တဲ့အပြင် အတော် သဘောကျသွားပါတယ်။ ပြီးတော့ သမီးကြီး နှစ်ယောက်ကို လှမ်းပြောလိုက်ပါတယ်။

"တွေ့လားဟေ့၊ ဟိုမှာ ညည်းတို့ အဖေရဲ့ အရင်တုန်းက စော်ကြီး"။ ဆိုလိုတာက သူက ကျော့ရှင်းသွားနေတော့ အသာကြီးပေါ့။ ဟိုတစ်ယောက်ကတော့ ကိုယ့်ကိုယ်ကိုယ် ပြုပြုပြင်ပြင်နဲ့ သိပ်ဂရုမစိုက်နိုင်တာရယ်၊ အသက်အရွယ်ကလည်း ၄၀ ကျော်နေပြီဆိုတော့ သူနဲ့စာရင် အိုပုံပေါက်နေပြီပေါ့။ ကျွန်တော့်မှာတော့ မရယ်နိုင် မပြုံးနိုင်၊ ရင်ထဲမှာတော့ တနုံ့နုံ့ပေါ့။

ဟိုတုန်းက အနေအထားက ကျွန်တော် သူ့ကို သူ့မိဘတွေလို တင့်တင့်တယ်တယ် ထားနိုင်မှာ မဟုတ်ဘူး ဆိုတဲ့စိတ်နဲ့ စိုးရွံ့စိတ်ကြောင့် သူနဲ့ ဝေးကွာခဲ့တာ။ ဟော.....အခုတော့ ကျယ်ဝန်းတဲ့ ခြံနဲ့ ကိုယ်ပိုင်အိမ်နဲ့ အိမ်မှာလည်း ကား လေး-ငါးစီး၊ သူနဲ့ ဘဝ အခြေအနေ တန်းတူ ဖြစ်နေပြီပဲ။ ဟိုတုန်းက ငါ အစိုးရိမ်လွန်ပြီး သူ့ကို ချစ်တဲ့စိတ်နဲ့ နောက်ဆုတ်ခဲ့တာ.... ခုတော့၊ အဲလို အတွေးတွေနဲ့ ဖိစီးနေခဲ့တာပါ။

ဟိုတုန်းကလည်း အဲဒီ စိုးရိမ်စိတ်ကြောင့် သူ့ကို ဘယ်တော့ လက်ထပ်မယ်လို့ မပြောမိခဲ့တာပါ။ စိတ်ထဲက တောင်းပန်လို့ မဆုံးပါဘူး။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် အားပေးတဲ့အနေနဲ့ ခုချိန်မှာ သူ ကျွန်တော့်ကို ကျေးဇူးတင်နေမှာပါ ဆိုတဲ့ အတွေးနဲ့ ဖြေသာနေပါတယ်။ ဘာကြောင့်လဲဆိုတော့ သူနဲ့ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် တွေ့တဲ့အချိန်တွေမှာ အခွင့်အရေး မယူခဲ့ပဲ မောင်ချစ် နှမချစ် အဆင့်နဲ့ ထိမ်းသိမ်းနိုင်ခဲ့လို့ပါ။

ကျွန်တော် သူနဲ့ စတွေ့စဉ်ကတည်းက သူ့ဘက်က သူငယ်ချင်းတွေနဲ့လည်း ကျွန်တော် ခင်ပါတယ်။ အဆက်အသွယ်လည်း ရှိပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ သူတို့နဲ့ တွေ့တိုင်း သူ့အကြောင်းကို စကားစပ်ပြီး မေးမိအောင် အမြဲ ရှောင်ပါတယ်။ သူတို့က ကျွန်တော်တို့ နှစ်ယောက် နဖူးစာ မင်ရေကျဲတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး အားလုံးက စိတ်မကောင်း ဖြစ်ခဲ့ကြပါတယ်။

ကျွန်တော်က စကားမစပ်လေ သူတို့က ပြောချင်လေပါပဲ။ အမြဲလိုလို ကြားနေရပါတယ်။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ အာရုံ မထားတော့ပါ။ သူ့အိမ်ထောင်နဲ့သူ ဖြစ်နေပြီလေ။ ကောင်းသည် ဆိုးသည် ကျွန်တော်နဲ့ မဆိုင်တော့ဘူးပေါ့။ သူတို့ ပြေလည်နေတယ် ဆိုတာပဲ ကြားချင်ပါတယ်။ ပြေလည်နေဖို့လည်း အမြဲလိုလို စိတ်ထဲက ဆန္ဒပြုနေပါတယ်။ မုဒိတာ တရားနဲ့ ဆိုပါတော့။ ကျွန်တော် အထက်မှာ တပ်ထားတဲ့ ခေါင်းစဉ်လိုပါပဲ။ တိုက်ဆိုင်မှုတွေက တစ်ခုပြီး တစ်ခုပါပဲ။ ၁၉၈၇ ခုနှစ်လောက်မှာပါပဲ။ အလုပ်ကလည်း ပါး၊ မိသားစု အားလပ်ရက်တွေနဲ့ တိုက်ဆိုင်လို့ ဗုဒ္ဓဂါယာ သွားမယ်ဆိုပြီး လျှောက်လွှာသွားတင်ပါတယ်။ အဲဒီတုန်းက သာသနာရေး ဝန်ကြီးဌာနရဲ့ ညွှန်ချုပ်က ကျွန်တော့် မိတ်ဆွေပါ။ ဦးကြည်ညွှန့် (စစ်ကိုင်း ကြည်ညွှန့်-ကြက်တောင်) ဖြစ်ပါတယ်။

ကျွန်တော့် ခရီးစဉ်က အလွန်လွယ်မှာပါ။ ဒါပေမဲ့ အတူ သွားရမယ့် တခြား ဘုရားဖူး ပုဂ္ဂိုလ်တွေရဲ့ အမည်ကို ကြည့်လိုက်တော့ သူတို့ မိသားစု နာမည်ကို တွေ့လိုက်ရပါတယ်။ မှားစရာ အကြောင်း မရှိပါဘူး။ အဲဒါကြောင့် သူတို့နဲ့များ အတူသွားရရင် ကုသိုလ်စိတ်ကို ဖြောင့်ဖြောင့် ထားနိုင်မယ် မထင်လို့ ကိုယ့်လျှောက်လွှာ ကိုယ် ပြန်ရုပ်သိမ်းခဲ့ပါတယ်။

၂၀၀၆ ခုနှစ်မှာပါ။ ကျွန်တော် မန္တလေး အိုးဘိုထောင်ကို ရောက်နေပါတယ်။ ကျွန်တော်တို့က နိုင်ငံရေး အကျဉ်းသားတွေမို့ သတင်းစာ ဖတ်ခွင့်ရပါတယ်။ တစ်ရက်မှာ သတင်းစာထဲမှာ သူတို့ ဇနီးမောင်နှံက မန္တလေး ဆေးရုံကြီးကို အလှူငွေ ဆယ်သိန်း(ထင်ပါရဲ့) လှူနေတဲ့ ပုံကို သတင်းစာထဲမှာ ဓာတ်ပုံနဲ့တကွ တွေ့လိုက်ရပါတယ်။ ပေါက်ပေါက်ရှာရှာ ဒီလို သတင်းတွေက ကျွန်တော့်ဆီ ရောက်ရောက် လာတတ်တော့ ကျွန်တော် ကိုယ့်စိတ်ကို တည်ငြိမ်အောင်ပဲ ကြိုးစားနေရပါတော့တယ်။

## နှင်းဆီနီ အိမ်မက်

၁၉၈၃/၈၄ ခုနှစ် ကာလလောက် ထင်ပါတယ်။ တနင်္ဂနွေနေ့ တစ်ရက်ပေ့ါ။ ကျွန်တော် အလုပ်ပါးလို့ အိမ်မှာ နေရင်း တီဗီကြည့်ရင်းနဲ့ အဲဒီမှာ မြန်မာ ဇာတ်ကားဟောင်း တစ်ခု ပြန်ပြနေလို့ ကြည့်ဖြစ်လိုက်ပါတယ်။ အဲဒီ အချိန်မှာ ကျွန်တော်က အိမ်နဲ့ ကားနဲ့ (ကား လေး-ငါးစီး) နေနိုင်နေပါပြီ။ တီဗီ အပေါ်စက်၊ အောက်စက်နဲ့ပေ့ါ။ ပြနေတဲ့ မြန်မာဇာတ်ကားက "နှင်းဆီနီ အိမ်မက်"။ ဒါရိုက်တာ ဦးဝင်းဖေ၊ မင်းသား မင်းသမီးတွေက ညွန့်ဝင်း၊ ဆွေဇင်ထိုက်နဲ့ မေယု။

ဇာတ်လမ်းက ညွန့်ဝင်းက တက္ကသိုလ် ကျောင်းသား၊ ဆင်းရဲလို့ သူ့အမျိုး ဘုန်းကြီးကျောင်းကို မှီခိုရင်း ကျောင်းတက်နေရတာ၊ မပြည်မစုံ ကျောင်းသားပေ့ါ။ သူ့အတန်းဖော်က ဆွေဇင်ထိုက်၊ ရန်ကုန် မြို့သူ၊ ကိုယ်ပိုင်ကားနဲ့ ကျောင်းတက်တဲ့ ကျောင်းသူ။ စာသင်ရင်း၊ ကျူတိုရီရယ် ဖြေရင်းနဲ့ ချစ်သူတွေ ဖြစ်သွားကြပါတယ်။ ချစ်သူသက်တမ်း အတော်ရတော့ ညွန့်ဝင်းဟာ ဆွေဇင်ထိုက်နဲ့ ဘဝချင်း ကွာခြားကြောင်း သတိပြုမိပါတယ်။

ဆွေဇင်ထိုက်က ဖော်ရွေတယ်၊ ပွင့်လင်းတယ်၊ မိဘ အသိုင်းအဝိုင်း တောင့်တင်းတယ်၊ အဲဒီ အကြောင်းတွေ သိတဲ့ ညွန့်ဝင်းဟာ ဆွေဇင်ထိုက်ကို ချစ်လျက်နဲ့ ဘဝချင်း ပေါင်းစပ်လို့ မလွယ်ဘူး ဆိုတဲ့ အသိနဲ့ ဘွဲ့ရတာနဲ့ ဆွေဇင်ထိုက်နဲ့ ဝေးရာကို ထွက်ခွာသွားရင်း သူတို့ချစ်သူဘဝ ချုပ်ငြိမ်းသွားပါတော့တယ်။ ညွန့်ဝင်းက မေမြို့မှာ အရာရှိပေါက်စ အလုပ်တစ်ခု ရသွားပါတယ်။ တစ်ကိုယ်ရေတစ်ကာယမို့ ထမင်း ချိုင့်ဆွဲ စားရာမှာ ထမင်းဆိုင်ရှင်ရဲ့ တူမ မေယုကို သတိထားမိပါတယ်။ အပျိုပေါက် မေယုက ဆံပင်က ဆံတောက်နဲ့ အမြဲတမ်း သနပ်ခါး ဘဲကြားနဲ့ သိမ်သိမ်မွေ့မွေ့လေး၊ သူနဲ့ ဘဝချင်း နီးစပ်မယ်လို့ သုံးသပ်ပြီး မေယုနဲ့ အိမ်ထောင်ပြုလိုက်ပါတယ်။

မေယုက သူနဲ့လည်း အိမ်ထောင်ကျပြီးရော ဆံပင်တွေ ဖြတ်၊ မျိုးစုံ ကောက်၊ သနပ်ခါး မလိမ်းတော့ဘဲနဲ့ မိတ်ကပ်တွေ လိမ်း၊ နှုတ်ခမ်းနီ ပါးနီ ဆိုးတာတွေ ဖြစ်လာပါတယ်။ ညွန့်ဝင်းက သူ့ဇနီး ပြောင်းလဲပုံတွေကို တအံ့တဩနဲ့ ဖြစ်နေခဲ့ပါတယ်။ ဒီလောက်အထိတော့ ပြဿနာ မဖြစ်သေးပါ။ ကြာလာတော့ မေယုက ညွန့်ဝင်း သူငယ်ချင်းများရဲ့မိန်းမတွေနဲ့ ပေါင်းပြီး လျှောက်လည်တယ်၊ ဖဲရိုက်တယ်၊ အိမ်ပြန်ရင် တစ်ခါတလေ အရက်နံ့လေးပါ ရလာတာ ညွန့်ဝင်းက သတိထားမိတော့ စိတ်ပျက်လာပါတယ်။ လင်မယားလည်း ကတောက်ကစ ဖြစ်လာတယ်ပေ့ါ။

ညွန့်ဝင်း အလုပ်နဲ့ ရန်ကုန် ရုံးချုပ်ကို လာတဲ့အခါ မမျှော်လင့်ပဲ ဆွေဇင်ထိုက်နဲ့ ပြန်တွေ့ရပါတယ်။ ဆွေဇင်ထိုက်က သူ့ကို အခင်မင် မပျက်ပါဘူး။ မိတ်ဟောင်းဆွေဟောင်း အနေနဲ့ အိမ်ကို ဖိတ်ပြီး သူ့ယောက်ျားနဲ့ မိတ်ဆက်ပေးပါတယ်။ အံ့ဩစရာကောင်းတာက သူ့ယောက်ျားက သူနဲ့ ရုပ်ချင်းဆင်နေတာ တွေ့ရပါတယ်။ အထူးသတိပြုမိတဲ့ အချက်က ဆွေဇင်ထိုက်ဟာ သူ့ရဲ့အိမ်ကို အိမ်ထောင်ရှင်မပီပီ သပ်ရပ် သန့်ရှင်းစွာ ထိန်းသိမ်းထားတဲ့ အဖြစ်ကိုပါပဲ။ သူဟာ ဆွေဇင်ထိုက်က ဧည့်ခံနေတဲ့အချိန်မှာ သူထင်ခဲ့သလို

ဆွေဇင်ထိုက်ဟာ လျှပ်ပေါ်လော်လီတဲ့ မိန်းမတစ်ယောက် ဖြစ်မလာဘဲ တည်ကြည်တဲ့ အိမ်ထောင်ရှင်မ ဖြစ်လာပြီး သူ ယူခဲ့တဲ့ မိန်းမ မေယုကတော့ ရိုးသား အေးဆေးတဲ့ ဘဝကနေ လုံးဝ ပြောင်းလဲသွားပြီး ထိန်းမနိုင် သိမ်းမရပုံတွေကို စိတ်အတွေးဝင်လာခဲ့ပါတယ်။

ဆွေဇင်ထိုက်အိမ်က ပြန်အလာမှာ အဲဒီအတွေးတွေက သူ့ကို နှိပ်စက်ရင်း ကားမောင်းလာတဲ့အခါ အချိန်အဆတွေ လွဲမှားပြီး ကားမှောက်ကာ ကွယ်လွန်သွားပါတယ်။ ဒီဇာတ်ကား ကြည့်နေရင်းနဲ့ ဇာတ်ကား အချိတ်အဆက်ကောင်းလို့ သဘောကျတာက တစ်မျိုး၊ ညွှန့်ဝင်းက ကောက်ချက်တွေ လွဲလို့ အိမ်ထောင်ထူထောင်မှု လွဲချော်ပုံက တစ်မျိုး ဆိုတဲ့အချက်တွေကြောင့် သဘောကျပါတယ်။ ကျွန်တော် အိမ်ထောင်ပြုတာ လူရွေးမှားတယ်လို့တော့ မဆိုလိုပါဘူး။ သူ့ကို သူ့မိဘလို ထားနိုင်မယ် မထင်ဘူးလို့ တွေးပြီး တမင် စွန့်လွှတ်ခဲ့ရာက အခုတော့လည်း သူ့မိသားစုလို စီးပွားရေး အဆင့်အတန်း အတူတူ ဖြစ်နေတဲ့အခါကျတော့ သတိမရဘဲ ဘယ်ရှိနိုင်ပါ့မလဲ။

ဒါရိုက်တာ ဦးဝင်းဖေက စွယ်စုံရ အနုပညာရှင်ပါ။ စစ်အစိုးရ လက်ထက်မှာ ပြည်ပကို နှစ်အတော်ကြာကြာ ရောက်နေပေမဲ့ အခုတော့ ပြန်ရောက်နေပါပြီ။ ကျွန်တော်နဲ့လည်း ဆုံဖူးပါတယ်။ အဲဒီလို တွေ့တဲ့အခါ "နှင်းဆီနီ အိမ်မက်" အကြောင်း အစဖော်ပြီး အဲဒီ ရုပ်ရှင်ဟာ ကျွန်တော့် ဘဝနဲ့ နည်းနည်း ဆင်တူလို့ ခံစားလို့ ရကြောင်း၊ ဒါပေမဲ့ အဓိပ္ပာယ် နားမလည်ကြောင်း ပြောတဲ့အခါ သူကတော့ ထွေထွေထူးထူးရှင်းမပြပါဘူး။

## ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ

နိုဝင်ဘာ လလယ်လောက်မှာ ကျွန်တော် မန္တလေးကို သွားရဖို့ အကြောင်း ပေါ်လာပါတယ်။ သွားရတဲ့ အကြောင်းက မန္တလေးတိုင်း ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်နဲ့ သူရဲ့ ဇနီး ဒေါက်တာ ဒေါ်ယုယုမေတို့က ဖိတ်ခေါ်လို့ ဖြစ်ပါတယ်။ အဲဒီရက်မှာ ဒေါက်တာ ဒေါ်ယုယုမေ ခေါင်းဆောင်တဲ့ တိုင်းအမျိုးသမီး အဖွဲ့ရဲ့ လှုပ်ရှားမှုတစ်ခု ရှိပါတယ်။ ဒါကတော့ ငြိမ်းချမ်းရေး အထိမ်းအမှတ်နဲ့ စာအုပ်ပြပွဲကို ကျူးဘေးမှာ စည်စည်ကားကား ကျင်းပပါတယ်။ အဲဒီပွဲ တက်ဖို့ပါ။

ကျွန်တော် မန္တလေး ရောက်တော့ ဆရာဇော်တို့ ဇနီးမောင်နှံနဲ့ အတူ ည ခုနစ်နာရီလောက်မှာ ကျူးဘေးက စာအုပ်တန်းကို သွားရောက် အားပေးကြပါတယ်။ ဆရာဇော်နဲ့ အတူ မန္တလေးတိုင်းက ဝန်ကြီးများလည်း ပါပါတယ်။ စာအုပ်ဆိုင်တွေ တော်တော်များပါတယ်။ လူတွေလည်း တော်တော် စည်ကားပါတယ်။ စည်ကားတဲ့ လူအုပ်ကြီးတွေကို ဖြတ်ပြီးတော့ ကျွန်တော်တို့တစ်တွေ လမ်းလည်း လျှောက်၊ စာအုပ်တွေလည်း ကြည့်၊ လူထုထဲက နှုတ်ဆက်တဲ့သူတွေကိုလည်း စကားစမြည်ပြောနဲ့ တော်တော်လည်း အဓိပ္ပာယ်ရှိတဲ့ ညနေခင်းတစ်ခုပါ။

NLD ရဲ့ ဝန်ကြီးချုပ် တစ်ယောက်ဟာ အခုလို လူထုကြားမှာ သွားလာ လှုပ်ရှားရင်းနဲ့ ထိတွေ့မှုတွေဟာ နိုင်ငံရေး အနှစ်သာရ လွန်စွာ ကြီးမားပါတယ်။ ကျွန်တော်က ဆရာဇော့်ကို စိတ်ထဲကရော နှုတ်နဲ့ပါ ချီးကျူးစကား ပြောမိပါတယ်။

စာအုပ်ဆိုင် ၂၀ ကျော်လောက် ကြည့်ရှုပြီးတဲ့အခါမှာ မန္တလေး အစားအသောက်တွေကို စတုဒိသာ ကျွေးတဲ့ မဏ္ဍပ်ကို ရောက်ပါတယ်။ သူတို့ဟာ သဒ္ဓါတရား အပြည့်နဲ့ ညစဉ် စတုဒိသာ ကျွေးနေတာပါ။ ကျွန်တော်တို့ကို မန္တလေး မုန့်မျိုးစုံနဲ့ ဧည့်ခံပါတယ်။ ကျွန်တော် မစားဖူးတဲ့ မုန့်တွေ အများကြီးပါ။ စားရင်းဆိုတွင်းတွေ့လို့ တော်တော်များများ စားဖြစ်ပါတယ်။ ကြိတ်မုန့်တဲ့၊ မုန့်ဦးနှောက်တဲ့။ အခုမှ စားဖူးတာပါ။

အဲဒီလို စားနေတုန်းမှာ ကျွန်တော့်ကို အမျိုးသမီး တစ်ယောက်က လာနှုတ်ဆက်ပါတယ်။ အသား ဖြူပါတယ်၊ အရပ်က မနိမ့်မမြင့်၊ ရုပ်ရည် နစ်လိုဖွယ် ရှိပါတယ်။ အသက်ကတော့ ၄၀ လောက် ဖြစ်မယ် ထင်ပါရဲ့။

သူက ကျွန်တော့်ကို "ဘဘ နေကောင်းလား" လို့ နှုတ်ဆက်တော့ ကျွန်တော်က "သမီး အဘကို သိလို့လား" လို့ မေးတဲ့အခါ သူက ကျွန်တော့်ရှေ့မှာရှိတဲ့ ကုလားထိုင်တစ်ခုမှာ ထိုင်ရင်းနဲ့ "သိတာပေါ့" လို့ ပြောပါတယ်။ ကျွန်တော်က ပါတီမှာ ခေါင်းဆောင် တစ်ယောက် ဖြစ်လို့ သိတာလား၊ ဒါမှမဟုတ် မိတ်ဆွေ အချင်းချင်းကြောင့် သိတာလား ဆိုတာ ကွဲပြားအောင် "ဘယ်လို သိတာလဲ" လို့ မေးတော့ "အမေက ပြောလို့ သိတာ" ပါတဲ့။ အဲဒီကျတော့မှ သူ့ကို သေသေချာချာ အကဲခတ်တဲ့အခါ သူ့အမေနဲ့ ရုပ်ချင်းဆင်တာ သတိပြုမိပါတယ်။

ကျွန်တော်လည်း စိတ်ထဲမှာ နင့်ခနဲ ဖြစ်မိပါတယ်။ အရင်က ဖူးစာ မဆုံလို့ ခွဲခွာခဲ့ရသူ တစ်ဦး အကြောင်းကို သမီးကို ပြောတယ် ဆိုကတည်းကိုက သူ ကျွန်တော့်ကို သတိရနေသေးတယ် ဆိုတဲ့ အတွေး ကြောင့် ဖြစ်ပါတယ်။

အဲဒီတော့မှ ကျွန်တော်က "အော် ဟုတ်လား၊ သမီးလည်း ကြည့်လို့ ကောင်းပါတယ်၊ ဒါပေမဲ့ အမေ လောက်တော့ မလှဘူး" လို့ ပြန်ပြောရာကစပြီး စကား လက်ဆုံကျခဲ့ပါတယ်။ သူ့ကို အိမ်မှာ ခေါ်တဲ့ နာမည် ကတော့ "ဒိတ်ဒိတ်" ပါတဲ့။ အခြား ဧည့်သည်လည်း ရှိနေလို့ စကားစ မဖြတ်ခင်မှာ ကျွန်တော်က ဒိတ်ဒိတ်ကို "သမီး အမေကို တောင်းပန်လိုက်ပါ၊ ဟိုတုန်းက တို့တစ်တွေ ဘယ်တော့ကျရင် လက်ထပ်ကြစို့လို့ မပြောမိတဲ့ အတွက်ပါ" လို့ ပြောလိုက်ပါတယ်။ ပြီးမှ ကျွန်တော် သူ့ကို ယူမိရင် ညှဉ်းဆဲသလို ဖြစ်မိမှာ စိုးတဲ့ အကြောင်း တွေကိုလည်း တမေ့တမော ပြောမိပါသေးတယ်။ တယ်လီဖုန်း နံပါတ်တွေ အချင်းချင်း ပေး၊ ဆယ်လ်ဖီတွေ ရိုက်ဖြစ်ကြတာပေါ့။

ဒိတ်ဒိတ်က အမျိုးသမီးရေးရာတွေမှာ မန္တလေးတိုင်းအဆင့် လှုပ်ရှားမှုတွေ ရှိနေပြီး အစဉ်အဆက် NLD ကို ဝန်းရံနေသူ ဆိုတာကိုလည်း သိလိုက်ရပါတယ်။

♥ ♥ ♥ ♥ ♥

# အခန်း (၃)
# တပ်မတော် အရာရှိဘဝ

**ကျုံပျော်သို့**

ကျွန်တော် အရာရှိဖြစ်တော့ သနက ၅ ကျုံပျော် ဆိုပြီး တာဝန်ချလိုက်ပါတယ်။ ကျုံပျော် ဆိုတာ မြစ်ဝကျွန်းပေါ်မှာပါ။ ကျွန်တော် မြစ်ဝကျွန်းပေါ် လုံးဝ မရောက်ဖူးပါဘူး။ ဒါကြောင့်မို့ ကျုံပျော်မှာ တာဝန် ထမ်းဆောင်ရမယ် ဆိုတာဟာ ကျွန်တော့်အတွက်တော့ အသစ်အဆန်း ဖြစ်ပါတယ်။ ကျုံပျော်ကို ဘယ်လိုသွားရမယ် ဆိုတာက အစ စုံစမ်း မေးမြန်းရပါတယ်။

သွားရမယ့် ခရီးက နှစ်ဆင့် သုံးဆင့် ဖြစ်တယ်ဆိုတာ သိရပါတယ်။ ရေကြောင်းနဲ့လည်း သွားလို့ရတယ်လို့ သိရပါတယ်။ ဒါပေမဲ့ အဲဒီ ခေတ် (၁၉၆၃ ခုနှစ်) တုန်းက လုံခြုံရေး အခြေအနေ လုံးဝ မကောင်းတဲ့အတွက် ဘယ်သူမှ အဲဒီ ရေကြောင်း ခရီးစဉ်ကို အားမပေးပါဘူး။

ရန်ကုန်ကနေ ရထားနဲ့ သာရဝေါကို အရင် သွားရပါတယ်။ သာရဝေါမှာ ဆင်း၊ မေလကုန်မို့ နေပူပူ သဲသောင်ပြင်ကို ပင်ပန်း ဆင်းရဲစွာ ဖြတ်ပြီး ကူးတို့သင်္ဘော စီးရပါတယ်။ (မိုးတွင်းဆိုရင်တော့ အဲဒီလောက် မပင်ပမ်းဘူးလို့ သိရပါတယ်)။ ဟင်္သာတဘက် ရောက်ပြန်တော့ ရထားတစ်တန်နဲ့ ရေကြည်အထိ စီးရပြန်ပါတယ်။ ရေကြည်ရောက်မှ ကားနဲ့ ကျုံပျော်ကို သွားရတာပါ။ တကယ်တော့ ရေကြည်မှာ သနက ၅ က ကား တစ်စီး နေ့စဉ် စောင့်ပါတယ်။ ဒါကို ကျွန်တော်က မသိ။

ဒါ့ကြောင့် ရေကြည်က ကျုံပျော်ကို လိုင်းကားနဲ့ သွား၊ ကျုံပျော် ကားဂိတ်ရောက်တော့ အထုပ်အပိုးတွေ သေတ္တာတွေနဲ့မို့ ဆိုက်ကား နှစ်စီး ငှားပြီး တပ်ရင်းကိုသွား သတင်းပို့ရမှာ ကျွန်တော့်ပုံက ချာတိတ်လေးမို့ ဂိတ်မှာ တပ်ထဲကို ဝင်ခွင့်ရဖို့ မနည်းပြောယူရပါတယ်။ အော်... အူကြောင်ကြောင်နိုင်လိုက်ပုံများ။ တပ်ရေးဗိုလ်ကြီးကို သတင်းပို့ပြီး အရာရှိ ရိပ်သာကို သွားရပါတယ်။ ရိပ်သာမှာ တခြား အရာရှိတွေ တစ်ယောက်မှ မရှိပါ။ အားလုံး ရှေ့တန်းကို ရောက်နေကြပါတယ်။

ရိပ်သာမှာ ကျွန်တော် တစ်ယောက်တည်းပါ။ အဲဒီခေတ်က တပ်ဖွဲ့စည်းပုံအရ ရိပ်သာမှာ ထမင်းချက်များ၊ စားပွဲထိုးများ ရှိပါတယ်။ ဘီလိယက်ခုံနဲ့ ခုံတာဝန်ခံများ၊ ဆံသနဲ့ အဝတ်လျှော် စတဲ့ နေရာတွေ အတွက် အရပ်သားတွေ ခန့်ထားခဲ့ပါတယ်။ နောက်ပိုင်း ဖွဲ့စည်းပုံတွေ ပြောင်းလာတော့ တပ်တွေမှာ သူတို့လို လူမျိုးတွေ မရှိတော့ပါဘူး။

## ကျောင်းကုန်းမြို့

ရက်အနည်းငယ်အတွင်းမှာ ရှေ့တန်းဌာနချုပ်ရှိရာ ကျောင်းကုန်းမြို့ကို သွားရပါတယ်။ ဌာနချုပ်မှာတော့ တပ်ရင်းမှူး ရှိပါတယ်။ တပ်ရင်းမှူးက ဗိုလ်မှူး ဇော်မင်း ဖြစ်ပြီး ကရင်လူမျိုး ခရစ်ယာန်ပါ။ ဒုတပ်ရင်းမှူး မရှိပါဘူး။ တပ်ခွဲတွေကတော့ ကျောင်းကုန်း မြို့နယ်ထဲမှာ ရှိတဲ့ ကရင် လက်နက်ကိုင် အဖွဲ့အစည်းတွေကို ရှာဖွေ တိုက်ခိုက်နေကြပါတယ်။ တပ်ရင်းမှူးက ကုန်းပေါ်မှာ ဌာနချုပ် အဆောက်အဦ ရှိပေမဲ့ သူက မြစ်ထဲမှာ ရပ်ထားတဲ့ ရေယာဉ်ပေါ်မှာ အနေများပါတယ်။ အဲဒီ ရေယာဉ်ကို အများက "မိကျောင်း" လို့ ခေါ်ပါတယ်။ အဲဒီ မိကျောင်းဆိုတဲ့ ရေယာဉ်တွေဟာ မြင်းကောင်ရေ ၅၀ ပါဝါ ရှိတဲ့ အင်ဂျင် နှစ်လုံးတပ် ဖြစ်လို့ အလွန် အားကောင်းပါတယ်။

မြစ်ချောင်းတွေထဲမှာ အရှိန်မြင့်မြင့်နဲ့ မောင်းရင် လှိုင်းအလွန်ကြီးလို့ အခြား ရေယာဉ်တွေ တိမ်းမှောက်သွားတတ်ပါတယ်။ မြစ်ဝကျွန်းပေါ်မှာ ရှိတဲ့ တပ်ရင်းတိုင်းမှာ မိကျောင်း တစ်စီးစီ ရှိပါတယ်။ ရေယာဉ်ပေါ်မှာလည်း ပြောင်းဝကျယ်တဲ့ ပွိုင့်ဖိုက် Point Five စက်သေနတ်ကြီး ပါတဲ့ အတွက် ပစ်အားလည်း ကောင်းပါတယ်။ အဲဒီတုန်းက အမေရိကန် နိုင်ငံနဲ့ ပြေလည်နေတဲ့အတွက် ဒီမိကျောင်းယာဉ်တွေကို အမေရိကန် အစိုးရက လက်ဆောင်ပေးထားတာပါ။

ကျောင်းကုန်းမြို့ကို မြစ်က နှစ်ပိုင်း ခြားထားပါတယ်။ ကျောင်းကုန်း မြောက်ပိုင်းက လူနေ အိမ်ခြေ နည်းပြီး တောင်ပိုင်းမှာ အိမ်ခြေ များပါတယ်။ ဒါ့အပြင် အထက်တန်းကျောင်း၊ မြို့နယ် ရဲမှူးရုံး၊ ဆေးရုံနဲ့ အုပ်ချုပ်ရေးရုံးတွေဟာ တောင်ပိုင်းမှာပဲ ရှိတာပါ။ ကျွန်တော်တို့ ရှေ့တန်းဌာနချုပ်ကလည်း တောင်ပိုင်းမှာပါ။

## ဥပစ္ဆေဒကကံ မရှိဘူးတဲ့

ရှေ့တန်း ရောက်တာနဲ့ ကျွန်တော် တပ်ရင်းမှူး ဗိုလ်မှူး ဇော်မင်းကို သွားသတင်းပို့ပါတယ်။ သူက မိကျောင်းပေါ်မှာပါ။ ဗိုလ်မှူး ဇော်မင်းက အသက် ၄၀ တောင် မပြည့်သေးပါဘူး။ ကရင် ဆိုပေမဲ့ အသားညိုပါတယ်။ အရပ်က ငါးပေ လေးလက်မလောက်ပဲ ဆိုပေမဲ့ ခန္ဓာကိုယ် ကျစ်လစ် တောင့်တင်းပါတယ်။ အမေရိကန် နိုင်ငံ ဂျော်ဂျီယာ ပြည်နယ်မှာ ရှိတဲ့ Fort Benning လို့ ခေါ်တဲ့ စစ်လေ့ကျင့်ရေးကျောင်းက သင်တန်း ဆင်းလာတာ နှစ်နှစ်လောက်ပဲ ရှိပါသေးတယ်။ သနက ၅ တပ်ရင်းမှူး မဖြစ်မီက သူက ဗထူးမြို့ တိုက်ခိုက်ရေးကျောင်းမှာ DSA အပတ်စဉ် ၁ က အရာရှိတွေကို တပ်စုမှူးသင်တန်း ပေးခဲ့သူလို့လည်း သိရပါတယ်။

ကျွန်တော်က သတင်းပို့တော့ သူက ကျွန်တော့်ရဲ့ လက်ဖဝါးတွေကို ယူကြည့်ပါတယ်။ လက္ခဏာ ဖတ်ဖို့ပေါ့။ သူက ခရစ်ယာန်မှန်း သိထားတော့ ကျွန်တော့ လက္ခဏာကို တောင်းကြည့်တဲ့ အခါ နည်းနည်းတော့ အံ့ဩသွားပါတယ်။ လက္ခဏာ ကြည့်ပြီးတော့ သူက ပြောပါတယ်။ "မင့်မှာ ဥပစ္ဆေဒကကံ မပါဘူးကွ၊ ဘာမှ ကြောက်မနေနဲ့၊ ချသာချ၊ ငါကတော့ သိပ်မကြာတော့ဘူးကွ ရေနစ်သေမှာ" လို့ ပြောပါတယ်။

သူက ကျွန်တော့်အတွက်သာမက သူကြုံရမယ့် ကံကြမ္မာကိုပါ ထည့်ပြောသွားတာ ဖြစ်ပါတယ်။ သူက ကျွန်တော့်ကို စစ်တိုက်ရာမှာ မကြောက်အောင် အားပေးတဲ့ အနေနဲ့ ပြောတာ ဖြစ်ပေမဲ့ သူ့ရဲ့ ကံကြမ္မာကိုပါ ထည့်ပြောသွားတော့ စိတ်ထဲမှာ ထူးဆန်းသလို ဖြစ်နေလို့ ကောင်းကောင်း မှတ်မိနေပါတယ်။ သူ တပ်ရင်းမှူး မဖြစ်ခင်က ဗထူးတပ်မြို့မှာ သင်တန်းဆရာပါ။ စစ်တက္ကသိုလ် အပတ်စဉ် ၁ က အရာရှိငယ်တွေကို တပ်စုမှူး သင်တန်းပေးတော့ သူက သင်တန်းမှူးအဖြစ် တာဝန်ယူခဲ့တာပါ။ ဒါ့ကြောင့် သူက DSA ကျောင်းဆင်း အရာရှိတွေ အပေါ်မှာ အမြဲလိုလို ခင်ခင်မင်မင် ပေါင်းပါတယ်။

## ရခိုင် ရိုးမ အရှေ့ခြမ်း တစ်နေရာ

ဗိုလ်မှူး ဇော်မင်း ကျွန်တော့်ကို အဲဒီလို ပြောတဲ့အချိန်က ၁၉၆၃ ခုနှစ်၊ မေလကုန်ခါနီး ရက်တစ်ရက်မှာပါ။ နိုင်ငံဘာလထဲ ရောက်တော့ ကျွန်တော် ပါတဲ့စစ်ကြောင်းက ကျောင်းကုန်း မြို့နယ်ထဲမှာ လှုပ်ရှားရပြီး တပ်ရင်းမှူး ခေါင်းဆောင်တဲ့ စစ်ကြောင်းက ရခိုင် ရိုးမ အရှေ့ခြမ်းမှာ လှုပ်ရှားနေတဲ့ နစ်ဖြူ (ဗကပ) နဲ့ ကရင် လက်နက်ကိုင် အဖွဲ့တွေရဲ့ နယ်မြေမှာ စစ်ဆင်ရေး ဝင်နေပါတယ်။ တပ်ခွဲ နှစ်ခွဲနဲ့ပါ။ နယ်မြေက ငါးသိုင်း ချောင်းဘေးက ဝေနမြစ် တစ်ဘက်ကမ်းမှာပါ။ ဒေသ အခေါ် သီတာ ကုန်းပြင်နဲ့ တစ်ဆက်တည်းပါ။

ဒီနေရာမှာ ဗိုလ်မှူး ဇော်မင်းရဲ့ အမူအကျင့်လေးကို ဖြည့်စွက် ပြောချင်ပါတယ်။ သူက အမေရိကန် နိုင်ငံက ပြန်လာခါစ စိတ်ဓာတ်ကလည်း လူငယ်ဆန်ဆန် ဆိုတော့ ဝတ်တာစားတာ အလွန်ခေတ်ဆန်ပါတယ်။ သူနဲ့ အတူတူသွားတဲ့ ရဲဘော်အများစုက ဖိုင်ဘာ ဦးထုပ်၊ ကျော်ပိုးအိတ်၊ ရေဘူး၊ တောစီးဖိနပ်နဲ့ တပ်က ထုတ်ပေးတဲ့ ယူနီဖောင်းတွေ ဝတ်ကြတာပါ။ ကြည့်လိုက်ရင် ကိုးရိုးကားရားပေါ့။

ဒါပေမဲ့ ဗိုလ်မှူး ဇော်မင်းကတော့ သူတို့နဲ့ လုံးဝ ခြားနားပါတယ်။ ယူနီဖောင်းတောင် မဟုတ်ပါဘူး။ ဘောင်းဘီနဲ့ အကျႌ တစ်ဆက်တည်း ပါတဲ့ ဒန်ဂရီး ခေါ်တဲ့ စက်ပြင်ဆရာတွေ ဝတ်တဲ့ ဝတ်စုံမျိုးကို ဝတ်ထား ပါတယ်။ အရောင်က အစိမ်းရင့်၊ ခေါင်းမှာက အင်မတန် စတိုင်ကျတဲ့ တောဆောင်း ဦးထုပ်၊ ဦးထုပ်ရဲ့ ညာ ဘက်မှာ ဒေါင်းမွေးလေးတွေနဲ့၊ အဝေးက ကြည့်ကြည့်၊ အနီးက ကြည့်ကြည့် ထင်းကနဲ သိသာ ထင်ရှားပါတယ်။ ခါးပတ်ကလည်း အမေရိကန် ခါးပတ်၊ ဘယ်ဘက်မှာ ရေဘူး၊ ညာဘက်မှာ ပစ္စတို။ ကြည့်လိုက်ရင် အင်မတန် စတိုင်ကျပါတယ်။

ဗိုလ်မှူး ဇော်မင်းဟာ တပ်ခွဲ နှစ်ခွဲနဲ့ ရွာတစ်ရွာကို အသွားမှာ ချောင်းတစ်ခုကို ဖြတ်ရပါတယ်။ အဲဒီချောင်းမှာ တံတား မရှိပါဘူး။ ဝါးလုံး ခြောက်လုံးလောက်ကို နီးကြိုးနဲ့ချုပ်ပြီး တံတား လုပ်ထားတာပါ။ တံတား ကူးရာမှာ အထောက်အကူ ရဖို့ ဘေးမှာ ဝါးလုံးကို တိုင်ထူပြီး လက်ရမ်းသဘောမျိုး ဝါးတန်း ရှိ ပါတယ်။ တံတား အရှည်ကတော့ ၁၅ ပေလောက် ရှိမယ် ထင်ပါတယ်။

ရဲဘော်တွေက သေနတ်နဲ့ ကျောပိုးအိတ်နဲ့ ဆိုတော့ အလေးချိန် များပါတယ်။ ယိုင်နဲ့နဲ့ ဝါးတံတားကို ရဲဘော် နှစ်ယောက် တစ်ပြိုင်နက် ကူးလို့ မရပါဘူး။ တစ်ယောက်ပြီးမှ တစ်ယောက် ကူးရတာပါ။ ရှေ့က လူ ၁၀၀ လောက် ပါတဲ့ တပ်ခွဲ တစ်ခွဲ ကူးသွားပါပြီ။ တပ်ရင်းမှူး အလှည့် ရောက်ပါပြီ။ သူ့မှာ ဘာမှ ဝန်မပါတော့ သူ ကူးတဲ့အခါမှာ သူရဲ့ အိုင်အို Intelligence Officer ဗိုလ်ကြီး ထွန်းဘော်လည်း တစ်ပါတည်း လိုက်ကူး ပါတယ်။ ဗိုလ်ကြီး ထွန်းဘော်ကတော့ တပ်ရင်းမှူးလောက် စတိုင်မကျပါဘူး။ အဝေးက ကြည့်လိုက်ရင် နှစ်ယောက်ရဲ့ ခြားနားမှုက သိသာပါတယ်။

သူတို့ နှစ်ယောက်ကူးလို့ တပ်ရင်းမှူးလည်း တံတားအလယ် ရောက်ရော သေနတ်သံ နှစ်ချက် ကြား လိုက်ရပါတယ်။ တပ်ရင်းမှူးက တံတားပေါ်က လိမ့်ကျပြီး ချောင်းထဲ ပြုတ်ကျသွားပါတယ်။ ချက်ချင်းပဲ ဗိုလ်ကြီး ထွန်းဘော်က ချောင်းထဲ ခုန်ချပြီး အရင်ရောက်နှင့်နေတဲ့ တပ်ရင်းမှူးကို ပွေ့ချီလိုက်ပါတယ်။ ရေက ခါးလယ်လောက်ပဲ ရှိတာပါ။ ရေစီးလည်း မသန်ပါဘူး။ နောင်မှာ ဗိုလ်ကြီး ထွန်းဘော်ရဲ့ပြောစကားအရ ဆိုရင် တပ်ရင်းမှူး အသက်ပျောက်သွားပါပြီ။ ကြည့်လိုက်တော့ ဖက်ပိုးကို ကျည်ဆံ ဖြတ်မှန်သွားတာပါ။ ဦးနှောက်နဲ့ ခန္ဓာကိုယ် ဆက်သွယ်ပေးတဲ့ Nerve Centre ကို ဖြတ်မှန်သွားတဲ့သဘောပေါ့။ သူ အသက်ပျောက်သွားတာက ရေထဲရောက်မှလို့ ထင်ပါတယ်။ သူ ကျွန်တော့်ကို ဟောဖူးတဲ့ လက္ခဏာအရ "ငါက ရေနစ် သေမှာကွ" လို့ ပြောဖူးတဲ့အတိုင်း ရေထဲမှာပဲ အသက်ပျောက်သွားဟန်တူပါတယ်။

ဗိုလ်မှူး ဇော်မင်း အကြောင်း ထပ်ဖြည့်ပြောရမယ် ဆိုရင် သူ အမေရိကန် နိုင်ငံမှာ စစ်သင်တန်း တက်တုန်းက ခရစ်ယာန်ဆိုတော့ အမေရိကန် တပ်မတော်က အရာရှိတွေနဲ့ အတော် ခင်မင်ပါတယ်။ သူ့ သင်တန်းမှာ အမေရိကန် တပ်မတော်က ကြည်း၊ ရေ၊ လေ အရာရှိတွေ အစုံပါတော့ သူတို့ အကူအညီနဲ့ စနေ တနင်္ဂနွေရက်တွေမှာ လေယာဉ်ပျံမောင်း သင်ပါသတဲ့။ သူ့အပြောအရတော့ လေယာဉ်ပျံ မောင်းနိုင်ဖို့ သုံး-လေးရက်ပဲ သင်ရပါသတဲ့။ လိုင်စင်တော့ မရနိုင်ဘူးပေါ့။

အဲဒီအချိန်မှာ ကျူးဘား နိုင်ငံမှာ ကက်စထရို ခေါင်းဆောင်တဲ့ တော်လှန်ရေး လှုပ်ရှားမှုတွေ စနေပါပြီ။ အဲဒီအချိန်က အမေရိကန် အစိုးရက ကက်စ်ထရိုဟာ ကွန်မြူနစ်မို့ မထောက်ခံပါ။ သူ့ကို ဆန့်ကျင်တဲ့ အင်အားစုတွေကို CIA က ထောက်ခံပါတယ်။ တနင်္ဂနွေ အားရက်တွေမှာ ဗိုလ်မှူး ဇော်မင်းက သူ့ဘော်ဒါတွေနဲ့ ကျူးဘား နိုင်ငံကို လေယာဉ်ပျံနဲ့ လက်နက်တွေ ခိုးပို့ရပါသတဲ့။

တစ်ခေါက်ကို ဒေါ်လာ ၁၀၀၀ ရတယ်လို့ ပြောပါတယ်။ အဲဒီက ရတဲ့ပိုက်ဆံနဲ့ သူ ကောင်းကောင်းစား၊ ကောင်းကောင်းဖြုန်းနိုင်ပြီး နိုက်ကလပ်တောင် သွားနိုင်ပါသတဲ့။ ဟုတ်မှာပါ။ သူ မပြောပေမဲ့ ခန့်မှန်းလို့ရတာက အဲဒီမှာလဲ Girl Friend တွေ ရှိမှာ သေချာပါတယ်။

ဘာ့ကြောင့် ကျွန်တော် အဲဒီလို ပြောနိုင်ပါသလဲဆိုတော့ ကျွန်တော် တိုက်ကင်းတွေ လှည့်၊ နယ်မြေတွေ ဆင်းလို့ နှစ်လလောက် ကြာတဲ့အခါ ကျောင်းကုန်းကို ပြန်ရောက်ပါတယ်။ တပ်ရင်းမှူးက ကျွန်တော့်ကို ခေါ်တွေ့ပြီး "မနက်ဖြန် ငါ့ကို အိမ်တစ်အိမ်က ထမင်းစား ဖိတ်ထားတယ်၊ မင်းလည်း လိုက်ခဲ့" လို့ ပြောပါတယ်။

ကျွန်တော်လည်း နောက်တစ်နေ့ သူနဲ့လိုက်ပြီး သူပြောတဲ့ အိမ်ကို သွားပါတယ်။ ဌာနချုပ်နဲ့ အလွန်ဆုံး ဝေးလှ ကိုက် ၄၀၀ ပေါ့။ အဲဒီအိမ် ရောက်တော့ ခဏအကြာမှာ ကျွန်တော်တို့ နှစ်ယောက်ကို ဒံပေါက်၊ ချဉ်ပေါင်ဟင်းနဲ့ ဧည့်ခံပါတယ်။ အိမ်မှာ လူကြီးတွေ မရှိဘူး ထင်ပါရဲ့။

ကျွန်တော်တို့ကို ဧည့်ခံတဲ့သူက မိန်းကလေးပါ။ ငယ်ငယ် ဖြူဖြူ ချောချောလေး။ နာမည်က အင်္ဂလိပ် နာမည်ပါ။ ဧည့်ခန်းထဲမှာပဲ စောင်ပုခက်ထဲမှာ ကလေးလေး တစ်ယောက် ရှိပါတယ်။ လသား အရွယ်လောက် ရှိမယ်ပေါ့။ ကျွန်တော့်ကို တပ်ရင်းမှူးက အဲဒီ ကရင်မလေးနဲ့ မိတ်ဆက်ပေးပါတယ်။ အခု ပြန်စဉ်းစားမိတော့ အဲဒီ ကရင်မလေးရုပ်က ခုခေတ်မှာ နာမည်ကြီးနေတဲ့ "ဗိုင်းစုခိုင်သိန်း" ပုံစံမျိုးပါ။

ထမင်းစားပြီးလို့ စခန်းပြန်ရောက်တော့ တခြားအရာရှိတွေက မေးပါတယ်။ ကျွန်တော်က တပ်ရင်းမှူးနဲ့ အတူ ကရင်မလေးအိမ်သွား ထမင်းစားတယ်ဆိုတော့ သူတို့က "ဟာ ဗိုလ်ထိန်လေး၊ မင်းကိုတော့ တပ်ရင်းမှူးက အရာရာ လွှဲတော့မယ်နဲ့ တူတယ်ကွ" လို့ ပြောကြပါတယ်။ ကျွန်တော် သဘောမပေါက်ပါ။ နောက်မှ ကျွန်တော် သိရတာက သူတို့ ဧည့်ခန်းမှာရှိတဲ့ ပုခက်ထဲက ကလေးက တပ်ရင်းမှူးနဲ့ရတဲ့ ကလေးပါတဲ့။ အဲဒီကျမှ ကျွန်တော့်မှာ "ဟိုက်၊ ဗုဒ္ဓေါ" ဖြစ်ရတာပါ။ တပ်ရင်းမှူးက သူ့ဇနီးနဲ့ အဆင်မပြေဘူး ထင်ပါရဲ့၊ တပ်ရင်းမှူးနဲ့အတူ လိုက်မနေပါဘူး။ ဒါ့ကြောင့် သူလည်း ထွက်ပေါက်ရှာတယ် ထင်ပါရဲ့။ ဒါ့ကြောင့်မို့ သူ အမေရိကန်မှာ ရှိတုန်းကလည်း Girl Friend တွေ ရှိနိုင်တယ်လို့ ပြောရတာပါ။

## မသေကောင်း မပျောက်ကောင်း (၃)

အပေါ်မှာ အကျယ်တဝင့် ရေးပြီးခဲ့ပြီမို့ ကျွန်တော် ထပ်ပြီး မရေးတော့ပါဘူး။ ဒါပေမဲ့ ကျွန်တော် ပြောချင်တာက အဲဒီဖြစ်ရပ်ဟာ စစ်ဆင်ရေး စထွက်တဲ့ ပထမနေ့မှာ ဖြစ်ခဲ့တာပါ။ အခုမှ ပြန်စဉ်းစားမိတော့ စစ်ဆင်ရေး အစမှာ ကျွဲခတ်ခံရတယ်ဆိုတာ အတိတ်နိမိတ် မကောင်းပါဘူး။ တပ်မတော်ထဲမှာ ကျွန်တော် မကြီးပွားနိုင်ဘူး

ဆိုတဲ့ သဘောလို့ အဓိပ္ပာယ်ရပါတယ်။ ဒါပေမဲ့ လောလောဆယ်မှာတော့ အရာရှိတွေက ကျွန်တော့်ကို "အသေကမ္မာ" ဆိုတဲ့ဘွဲ့ အပေးခံရလို့ လူက နည်းနည်း အူကြောင်ကြောင် ဖြစ်လာသလိုပါပဲ။

## ပြန်ပေးဆွဲ၊ ငွေတောင်းတဲ့ ကိစ္စကို လိုက်ရှင်းရခြင်း

ကျွန်တော့် တပ်စုနဲ့ စစ်ဆင်ရေး နှစ်လလောက်ကြာတော့ ကျောင်းကုန်းကို ပြန်ခေါ်ပါတယ်။ ကျောင်းကုန်းမြို့ လုံခြုံရေးနဲ့ တပ်ရင်းအရန် သဘောမျိုးပေါ့။ အဲလိုနေရင်းက တစ်နေ့မှာ တပ်ခွဲမှူး ဗိုလ်ကြီး ဝင်းမြင့်သိန်းက ခေါ်ပါတယ်။ ကျောင်းကုန်းက ဆန်စက်ပိုင်ရှင် တစ်ယောက်ကို ဆက်ကြေး တောင်းတဲ့စာပါ။

မြို့အစွန်က ဘုန်းကြီးကျောင်းဝင်းထဲကို ည ကိုးနာရီအချိန် ငွေတစ်သောင်း လာပေးဖို့၊ လာမပေးရင် ဆန်စက်နှင့်တကွ ပိုင်ရှင်ကိုပါ ရန်လုပ်မယ် ဆိုတဲ့အကြောင်း ပါတဲ့စာပါ။ ဗိုလ်ကြီး ဝင်းမြင့်သိန်းက ကျွန်တော်နဲ့ လက်ရွေးစင် လေး-ငါးယောက်လောက် သွားပြီး ကင်းပုန်းဝတ်ဖို့ ပြောပါတယ်။ ကျွန်တော်က သူတို့ ချိန်းတဲ့ နေရာကို သိပါတယ်။ ချိန်းတာက ကျောင်းဝင်းထဲက ဇရပ်မှာပါ။ အဲဒီကျောင်းက မြို့အစွန် ဆိုပေမဲ့ လျှပ်စစ် မီး ရပါတယ်။ ညဆိုရင် ထိန်လင်းနေတာပါ။

ကျွန်တော် တပ်စုကို ပြန်ပြီး လူရွေးပါတယ်။ တပ်ကြပ်ကြီး တင်အုန်းရယ်၊ တပ်ကြပ် တင်အောင်ရယ် နောက် ဆရာတစ်ယောက်နဲ့ တပ်သား ဖားစုတို့ပါ။ ကျွန်တော်နဲ့ ပေါင်းရင် ငါးယောက်ပေါ့။ တပ်ကြပ်တွေ ရှိနေပေမဲ့လည်း ဖားစုကို ရွေးရခြင်းအကြောင်းက ဒီကောင်က သတ္တိရှိတယ်။

ကျွန်တော်နဲ့ သုံး-လေးလလောက် အနီးကပ် နေခဲ့ဖူးလို့ သူ့အကြောင်းကို ကောင်းကောင်း သိနေလို့ပါ။ ဖားစုအကြောင်းကို တစ်ဆက်တည်း ပြောရရင် အဲဒီ စစ်ဆင်ရေးပြီးလို့ တပ်ပြန်ရောက်တဲ့ အချိန်မှာ သူ့ကို ဒုတပ်ကြပ် ရာထူး တိုးမြှင့်ခံရပြီး မွန်ပြည်နယ်မှာ အသစ်ဖွဲ့တဲ့ တပ်ရင်းတစ်ခုကို ပြောင်းရွှေ့သွားပါတယ်။

## ဖားစုအကြောင်း ကြားဖြတ်

အခွင့်ကြုံတုန်း ကျွန်တော်နဲ့ ဖားစုအကြောင်း ကြားဖြတ် ရေးပြစရာလေးတွေ ရှိလာပါတယ်။ ၁၉၈၉ ခုနှစ် ဇူလိုင်လမှာ ထောင်ကျပြီး အင်းစိန်ထောင်ကို ရောက်ပါတယ်။ ပထမတော့ ပုဒ်မ ၁၀ (က) မို့ ထောင်ဝင်စာ ရှိသော်လည်း နှစ်နှစ်ခွဲလောက် ကြာတဲ့အခါ ပုဒ်မပြောင်းပြီး ထောင်ဒဏ် ဘယ်လောက် ချလိုက်သလဲ မှတ်မိတော့ပါဘူး။ အဲဒီလို ချလိုက်တော့မှ ထောင်ဝင်စာ တွေ့ခွင့်ရတာပါ။

တစ်ရက်တော့ ထောင်ဝင်စာက အပြန်မှာ အပြင်ရုံးချိန်းရှိလို့ မြို့နယ်အသီးသီး သွားမယ့် အချုပ်သား တွေကို ထောင်တပ်ကြပ်ကြီး တစ်ယောက်က ဩဝါဒ ခြွေနေတာကို တွေ့လိုက်ရပါတယ်။ အသံကို မှတ်မိ နေလို့ သေသေချာချာ ကြည့်လိုက်တဲ့အခါ... အမယ်... မောင်မင်းကြီးသား ဖားစု။ သူက တပ်ထဲမှာ မဟုတ်ဘဲ အကျဉ်းဦးစီးဌာနကို ပြောင်းလာတဲ့ သဘောပေါ့။ ကျွန်တော်က အထူးဆောင်က အကျဉ်းသားမို့ ထလရ အစောင့်အရှောက်နဲ့ ထောင်ဝင်စာ ထွက်ရတာပါ။ လမ်းမှာ တွေ့သမျှလူတွေကို ဘယ်သူနဲ့မှ စကားပြောခွင့် မရှိပါဘူး။

ဒါပေမဲ့ ကျွန်တော် ခဏတာ သတိလက်လွတ်ဖြစ်ပြီး "ဟေ့ကောင် ဖားစု" လို့ လှမ်းပြီး နှုတ်ဆက် လိုက်ပါတယ်။ သူကလည်း ရုတ်တရက်မို့ ကျွန်တော့်ကို လှမ်းကြည့်ပြီး "ဟာ ဗိုလ်ကြီး" လို့ ပြန်တုံ့ပြန်ပါတယ်။ အဲဒီတော့မှ ကျွန်တော်လည်း သတိထိန်းလိုက်ပြီး "ဟေ့ ငါ အထူးမှာကွ၊ အားရင် လာတွေ့ဦး၊ မင့် တပ်ခွဲမှူး ဗိုလ်ကြီး တင်ဝင်းလည်း တိုက်တွေထဲမှာ ရှိလေရဲ့၊ မင်း သွားရှာကြည့် ဦး" လို့ ပြောပြီး ထွက်လာခဲ့ပါတယ်။

အဲဒီနေ့ ညနေရောက်တော့ ဖားစု ကျွန်တော်တို့ အထူးတပ်ဝင်းထဲကို ရောက်လာပါတယ်။ ထောင်မှူးကို သတင်းပို့ပြီး ကျွန်တော်နဲ့ တွေ့ဖို့လာဟန်တူပါတယ်။ ကျွန်တော့်အခန်းကို လာဖို့ အခွင့်မရဘူး ထင်ပါရဲ့။ တိုက်ခန်း အပြင်ဘက် ခပ်လှမ်းလှမ်းကဘဲ လှမ်းအော် နှုတ်ဆက်ပြီး အာလာပသလ္လာပလောက်ပဲ စကားပြောခွင့်ရပါတယ်။ ကျွန်တော်က သူ့ကို ကျွန်တော်တို့ တပ်ခွဲမှူး နိုင်ငံရေး ပြစ်မှုနဲ့ ထောင်ကျနေတဲ့ ဗိုလ်ကြီး တင်ဝင်းနဲ့ သွားတွေ့ဖို့ ထပ်ပြီး တိုက်တွန်းလိုက်ပါတယ်။

## ထူးခြားတဲ့ တိုက်ဆိုင်မှု နောက်တစ်ခု

အပေါ်မှာ ရေးခဲ့တဲ့ ဖားစု အကြောင်းနဲ့ ဆက်စပ်ပြီး ရေးစရာလေးတွေ ခေါင်းထဲ ပေါ်လာပါတယ်။ အထက်မှာ ရေးခဲ့သလို ဖားစုက သာမန် ရဲဘော်၊ ကျွန်တော်က သူ့ရဲ့ တပ်စုမှူး။ တိုက်ထဲမှာ ရောက်နေတဲ့ ဗိုလ်ကြီး တင်ဝင်းက ကျွန်တော်တို့ တပ်ခွဲမှူး။ အဲဒီတုန်းက တပ်ရင်းမှူးက ဒုဗိုလ်မှူးကြီး (အာပြဲ) လှမောင်။ အာပြဲကြီးက ရုစ်လေးလုံး အရေးတော်ပုံမှာ ကျောက်ကုန်း ဘိုးရာဇာလမ်းက သူ့အိမ်မှာ "တပ်မှူးဟောင်းများ" လို့ တွင်ခဲ့တဲ့ စုစည်း လှုပ်ရှားမှုကို သူ့အိမ်မှာ စခဲ့တာပါ။

NLD ဖွဲ့တော့လည်း အလုပ်အမှုဆောင် အဖွဲ့ဝင် ဖြစ်လာတာပါ။ ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ၊ အင်မတန် အေးတဲ့ မိုးရွာတဲ့ရက် တစ်ရက်မှာ လေဖြတ်သွားပါတယ်။ လေမဖြတ်ရင် သူလည်း အဖမ်းခံရမှာ သေချာပေါက်ပေါ့။ ဒါတင်မကဘူး ကျွန်တော်တို့ နာယကကြီး ဦးတင်ဦးကလည်း ထောင်ထဲက အထူးဆောင်မှာ ရောက်နေပါပြီ။ သူက အဲဒီတုန်းက တပ်ရင်းမှူးပါ။

စဉ်းစားသာကြည့်လိုက်ကြပါတော့ စာရှုသူများ ခင်ဗျား။ တိုင်းမှူး၊ တပ်ရင်းမှူး၊ တပ်ခွဲမှူးနဲ့ တပ်စုမှူးတွေက နိုင်ငံရေး အကျဉ်းသားတွေ၊ ရဲဘော်ဖြစ်သူက ထောင်ဝန်ထမ်း၊ တပ်ကြပ်ကြီး။ အင်းစိန်ထောင်မှာ လာဆုံကြတာ ဘယ်လောက် ထူးခြားတဲ့ တိုက်ဆိုင်မှုပါလဲ။

## မသေကောင်း ပျောက်ကောင်း (၄)

ဖားစုအကြောင်း ပြောရင်းနဲ့ ရှေးဟောင်းနှောင်းဖြစ်တွေကို သတိရတုန်း ရေးလိုက်တာပါ။ အဲဒီလို လူရွေးပြီးတဲ့ အခါမှာ ဆရာ တင်အောင်နဲ့ ဖားစုကို ချိန်းထားတဲ့နေရာကို လေ့လာဖို့ လွှတ်လိုက်ပါတယ်။ လူမြင်သူမြင် လမ်းကြောင်းကို မရွေးဘဲ မြို့အပြင်ဘက်က ချဉ်းကပ်နိုင်မယ့် လမ်းကြောင်းကို ရှာဖို့ လွှတ်လိုက်ပါတယ်။ မမှောင်ခင် သူတို့ ပြန်ရောက်လာကြပြီး ကျွန်တော့်ကို မြေပုံကြမ်းနဲ့တကွ ရှင်းလင်း ပြောကြားပါတယ်။ ကျွန်တော်ကလည်း ရွေးထားတဲ့လူ လေးယောက်ကို ခေါ်ပြီး လမ်းကြောင်း အနေအထားနဲ့ ချဉ်းကပ်ရမယ့် ပစ်မှတ် အနေအထားတွေကို သေသေချာချာ ရှင်းပြပါတယ်။

ငွေတောင်းတဲ့ စာထဲမှာ ပါတဲ့အချိန်က ညကိုးနာရီပါ။ ဒါ့ကြောင့် ကျွန်တော်တို့ အဖွဲ့ဟာ ရှစ်နာရီမှာ စထွက်ပါတယ်။ မြို့ကိုကွင်းပြီး ချိန်းဆိုထားတဲ့ ဘုန်းကြီးကျောင်းကို သွားကြပါတယ်။ ဘုန်းကြီးကျောင်းဝင်း လျှပ်စစ်မီးတွေနဲ့ ထိန်ထိန်လင်းနေတာပါ။ ကျောင်းကလည်း တော်တော် ကြီးပါတယ်။ အပေါ်ထပ်မှာ သံဃာတော်တွေ နေတယ်ထင်ပါတယ်။

အောက်ထပ်မှာတော့ အခန်း ဖွဲ့ထားမှုမရှိဘဲ ဟာလာဟင်းလင်းကြီးပါ။ အတော်ပါပဲ။ ကျွန်တော်တို့ ငါးယောက် ကျောင်းအောက်က ခြေသံလုံအောင် လျှောက်ပြီး ချိန်းထားတဲ့ ဇရပ်ဘက်ကို သွားပါတယ်။ ဇရပ်က သာလာယံ ဇရပ်မျိုး မဟုတ်ပါဘူး။ အမိုးနဲ့ အကာနဲ့ပါ။ အကာလည်း မည်ကာမတ္တ မဟုတ်ပါဘူး

သစ်သားနဲ့ ခိုင်ခိုင်ခံ့ခံ့ ဆောက်ထားပြီး တံခါးတွေပါ ရှိတော့ အလုံပိတ် ဇရပ်မျိုးပါ။ ဇရပ်ရဲ့ ပတ်ပတ်လည်မှာ တွန်ကရစ် ခင်းထားပါတယ်။ ဇရပ်နဲ့ ပတ်လည်က အုတ်နံရံဟာ ကိုက် ၂၀ လောက် ဝေးမယ် ထင်ပါတယ်။ ဇရပ်နဲ့ မလှမ်းမကမ်းက စေတီ ထိပ်ဖျားနားမှာ ရှိတဲ့ မာကျူရီ မီးချောင်းက မီးရောင်ကြောင့် ဇရပ်ဝင်း ပတ်ပတ်လည်ဟာ လင်းလက်လို့နေပါတယ်။

ကျွန်တော်တို့ ငါးယောက်ဟာ အုတ်နံရံမှာ တန်းစီပြီး နေရာယူပါတယ်။ အုတ်နံရံက ရင်ခေါင်းလောက် မြင့်ပါတယ်။ ချိန်းဆိုထားတာက ဇရပ်မှာ ဆိုတော့ ချိန်းထားတဲ့ ကိုးနာရီအထိ စောင့်ရမှာဖြစ်ပါတယ်။ သူတို့ တောင်းထားတဲ့ ဆန်စက်က လူတွေကိုတော့ ပိုက်ဆံ လာမပေးဖို့ ပြောထားပြီးပါပြီ။ ဒါကြောင့် ပိုက်ဆံ လာယူမယ်ဆိုတဲ့ အဖွဲ့ကိုပဲ စောင့်ရုံရှိတော့တာပေါ့။ ခုနက ရေးပြီးသလိုပါပဲ၊ ချိန်းထားတာက ညကိုးနာရီ။ စောင့်ပါတယ်။ ကိုးနာရီမှာ ဘယ်သူမှ မလာပါဘူး။

ကိုးနာရီခွဲထိ စောင့်ပါတယ်။ အဲဒီအချိန်မှာ တံခါးတွေ အလုံပိတ်ထားတဲ့ ဇရပ်ထဲက လှုပ်ရှားသံ တချို့ကို ကြားလိုက်ရပါတယ်။ ဆရာ တင်အုန်းနဲ့ ဆရာ တင်အောင်တို့ကလည်း အဲလို အသံမျိုး ကြားကြောင်း လက်နဲ့ အချက်ပြပါတယ်။ ည ကိုးနာရီ ၄၅ မိနစ်လောက်ကျတော့ ကျွန်တော့် အဖွဲ့သားတွေကို ခဏ စောင့်ကြဖို့ အချက်ပြပြီး ကျွန်တော် ဇရပ်ဝင်းအတွင်းကို ဝင်သွားပါတယ်။

ကျွန်တော့်မှာ ပါတဲ့ ၉ မမ ပစ္စတိုကို ထုတ်ကိုင်ပြီး ဇရပ်ဝင်းထဲကို သတိထားပြီး ဝင်သွားပါတယ်။ ဝင်သွားလို့ လေး-ငါးလှမ်းလောက်ပဲ ရှိသေးတယ်၊ ဇရပ်တံခါးက တဖြည်းဖြည်း ပွင့်လာပြီး သေနတ်ပြောင်း တစ်ခု ထွက်လာတာ တွေ့ရပါတယ်။ ကျွန်တော်က အကာအကွယ်မဲ့ ဖြစ်နေလို့ ကပျာကယာ ပြန်လှည့်ပြီး လူကိုလည်း သမံတလင်းပေါ် လှဲချလိုက်ပါတယ်။

အဲဒီသေနတ်က စတင်းဂန်းပါ။ ကျွန်တော့်ကို သုံး-လေးချက် ပစ်ပြီး ရပ်သွားပါတယ်။ သေနတ်သံ ကြားတဲ့အခါ လူကို လိမ့်ပြီး ရှောင်လိုက်ပါတယ်။ အဲဒီအခါမှာပဲ ကျွန်တော့် ဝဲဘက် နားရွက်မှာ ပူထူသွားတဲ့ ခံစားချက် ရလိုက်ပါတယ်။ စမ်းကြည့်လိုက်တော့ သွေးတွေ ထွက်နေပါပြီ။ ကျည်ဆံ မှန်တာတော့ ဟုတ်ဟန် မတူပါဘူး။ အုတ်နံရံ ထိပြီးတော့ ကွဲထွက်လာတဲ့ ကျည်စက မှန်တာ ဖြစ်နိုင်ပါတယ်။ သေချာပေါက် ပြောနိုင်တာက ပစ်တဲ့သူက ကျွန်တော့်ခေါင်းကို ချိန်ခဲ့တာပါ။

ကျွန်တော် သမံတလင်းပေါ် ရောက်ပြီဆိုတာနဲ့ ကျွန်တော့် အဖွဲ့သားတွေက ဇရပ် တံခါးဝကို ဝိုင်းပစ် ကြပါတယ်။ အဲဒီအခါမှာ အထဲက လူတစ်ယောက်က ကျည်ဆံတွေ ထိမှန်ပြီး တံခါးက ထွက်ကျလာပါတယ်။ ကျွန်တော် ကြည့်လိုက်တော့ လုံချည် ဝတ်ထားပြီး စစ်ဆွယ်တာနဲ့ပါ။ သေနတ်သံ စဲလို့ ဇရပ်ပေါ်က ထွက်ကျ လာတဲ့ သူကို သွားကြည့်တဲ့အခါမှာ အသက် မရှိတော့ပါဘူး။ ကျွန်တော့် အဖွဲ့တွေက ပစ်လိုက်တဲ့ ကျည်ဆံ တွေကြောင့် ရတဲ့ဒဏ်ရာက ဗရပွပါ။ သူ့သေနတ်ကို စစ်လိုက်တော့၊ ဟုတ်ပါတယ် စတင်းဂန်းပါ။ သေနတ်ကို သေသေချာချာ စစ်လိုက်တော့ သေနတ်ပြောင်းဝမှာ ကျည်ဆံတစ်ခု ကန့်လန့် ခံနေပါတယ်။ အဲဒီ ကန့်လန့် ကျည်ဆံဟာ ကျွန်တော့်ကို ပစ်တဲ့ကျည်ဆံပါပဲ။ စောစောက ပစ်တဲ့ ကျည်ဆံ သုံး-လေးတောင့်လောက်က ထွက်ပြီး အဲဒီတစ်တောင့်က ပြောင်းဝမှာ ကန့်လန့်တစ်နေတဲ့ သဘောပေါ့။

ကျွန်တော့်အဖွဲ့ ပစ်လိုက်တဲ့ သေနတ်သံတွေကြောင့် တစ်မြို့လုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားမှာ သေချာ ပါတယ်။ တပ်ခွဲမှူး ဗိုလ်ကြီး ဝင်းမြင့်သိန်းတို့ကလည်း ကားတွေ မီးဖွင့်မောင်းလာပြီး ကျွန်တော့် နာမည်ကို အကျယ်ကြီး ခေါ်ပြီး ရောက်လာပါတယ်။ ကျွန်တော် သွားကြိုတဲ့အခါမှာ ကျွန်တော့် ဘယ်နားရွက်က ဒဏ်ရာကြောင့် သွေးတွေဟာ ကျွန်တော့် အင်္ကျီတွေထိ စိုရွှဲနေတာ မြင်လိုက်ကြတော့ ပထမ သူတို့ လန့်ပြီး

စိုးရိမ်သွားကြပါတယ်။ သွေးတွေ စီးကျနေပေမဲ့ ဒဏ်ရာက မဖြစ်စလောက် ဆိုတာ သိမှ စိတ်အေးသွားကြတာပါ။ ဟုတ်ပါတယ်။ ကျွန်တော့် ဘယ်နားရွက်က ဒဏ်ရာဟာ မစိုးရိမ်ရပါဘူး။ ဓားပြတ်ရှသလောက်ပဲ ရှိမှာပါ။

## စည်ပင်ရိပ်သာထဲက စားသောက်ဆိုင် "နင်း-၂"

ကျွန်တော် ၂၀၁၂ ခုနှစ်မှာ ကြားဖြတ် ရွေးကောက်ပွဲ နိုင်လို့ လွှတ်တော် ရောက်တဲ့အခါ နေတော့ စည်ပင်ရိပ်သာ ၂ မှာပါ။ စားတာကတော့ နေ့လယ်စာဆို လွှတ်တော်မှာ စား၊ ညစာကတော့ ဟိုဆိုင် ဝင်စား၊ ဒီဆိုင် ဝင်စားပေါ့။ အစား အများဆုံးကတော့ "နင်း-၂ " မှာပါ။ အဲဒီဆိုင်က မနက်ပိုင်း မုန့်ဟင်းခါးဟာ လက်ရာ မှန်ပါတယ်။ တခြားဟင်းတွေလည်း ကောင်းပါတယ်။ ငါးပိရည်ကတော့ "ရှယ်" ပေါ့၊ တို့စရာတွေကလည်း စုံမှစုံ။

နင်း-၂ က မုန့်ဟင်းခါးက လက်ရာ မှန်ပါတယ်။ စားတဲ့သူများကလည်း ကြိုက်ပါတယ်။ ဟင်းရည်ကို ငါးနဲ့ မပျက်မပြို ချက်၊ ငှက်ပျောအူ များများ ပါတဲ့ ဟင်းရည်နဲ့ဆိုတော့ လူကြိုက် များပါ တယ်။ လက်ရာ မှန်တာမို့ အမြဲ စားဖြစ်ပါတယ်။ ဆိုင်ပိုင်ရှင် နာမည်က ဒေါ်ကြွေတဲ့။ တစ်ယောက်နဲ့ တစ်ယောက် မျက်မှန်းတန်မိတဲ့ အခါကျတော့ စကားစမြည် ပြောဖြစ်တဲ့အခါ ဒေါ်ကြွေက ကျောင်းကုန်းဇာတိလို့ ပြောပါတယ်။ ကျွန်တော်က "ဟာ... ကျောင်းကုန်းတော့ သိတာပေါ့ဗျာ၊ ၆၄ ခုနှစ်တုန်းက ကျောင်းကုန်းက ဆန်စက်ပိုင်ရှင် တစ်ယောက်ဆီကို ဆက်ကြေးတောင်းလို့ ကျွန်တော်တို့ သွားတဲ့အခါ တိုက်ပွဲတွေတောင် ဖြစ်ခဲ့သေးတာ" လို့ ပြောတဲ့အခါ ဒေါ်ကြွေက "အဲဒါ ကျွန်မ အဖေ့ ဆန်စက်" လို့ ပြောပါတယ်။ အဲဒီအချိန်က စပြီး ဒေါ်ကြွေတို့ မိသားစုနဲ့ ခင်မင် ရင်းနှီးခဲ့တာ ယနေ့ထိပါပဲ။

## ဒဏ်ရာဒဏ်ချက် အမှတ်အသားတွေ

အဲဒီညက ဖြစ်ခဲ့တဲ့ နေရာနဲ့ ကျောင်းနာမည်တွေကိုတော့ သတိမရတော့ပါဘူး။ အဲဒီညက ကျွန်တော့် အဖွဲ့သားတွေထဲမှာ ဖားစုနဲ့ နောက်တစ်ယောက် (ဆရာ မြင့်ဝေ ထင်ပါရဲ့) တို့က ဂျီ-သရီး သေနတ်တွေနဲ့ပါ။ အဲဒီ ဂျီ-သရီး သေနတ်ဆိုတာ NATO အဆင့် လက်နက်ငယ်တွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရဲဘော်တွေရဲ့ ခန္ဓာကိုယ် အချိုးအစားနဲ့ဆိုရင် သေနတ်က နည်းနည်း ပိုကြီးပါတယ်။

ပြီးတော့ ကျည်ဆံကလည်း ခုနစ် ဒသမ ခြောက်သုံး (၇.၆၃) မီလီမီတာ ဆိုတော့ ကျည်ဆံတွေရဲ့ အလေးချိန်ဟာလည်း မသက်သာပါဘူး။ အဆိုးဆုံးက အတွဲလိုက် ပစ်မယ်ဆိုရင် ဥပမာ- လေးပေ ပစ်မှတ်ကို အတွဲလိုက် လေးတောင့် ပစ်ရင် နှစ်တောင့်ပဲ မှန်ပြီး ကျန်တဲ့ နှစ်တောင့်က ချော်တောင်ငေါ့တတ်ပါတယ်။ အဲဒီ ညကလည်း ကျွန်တော့်ကို သေနတ်နဲ့ ပစ်လို့ သူတို့ ဂျီ-သရီး နှစ်လက်က ဝိုင်းပစ်လိုက်ကြတာ ပစ်မှတ်ဖြစ်တဲ့ လူကိုလည်း မှန်တယ်၊ ကျန်တဲ့ ကျည်ဆံတွေက ဘုရားတွေ ထားတဲ့ ရှေ့က ကာထားတဲ့ မှန်တွေကို သွားမှန်ပါတယ်။ ကျည်ဆံရာ သုံးခုလောက် ရှိမယ် ထင်ပါရဲ့။

၁၉၈၉ ခုနှစ်၊ မတ်လလောက်မှာ ဒေါ်အောင်ဆန်းစုကြည်က မြစ်ဝကျွန်းပေါ် စည်းရုံးရေး ခရီးစဉ်သွားတဲ့အခါ ကျောင်းကုန်းမြို့ကို ရောက်ပါတယ်။ မြို့ခံ NLD တွေရဲ့ တိုက်တွန်းမှုကြောင့် ဒေါ်အောင်ဆန်းစုကြည်ကို အဲဒီကျောင်းကို ခေါ်သွားပါတယ်။ အဲဒီကျောင်းမှာ ထူးခြားချက်က ရှစ်နှစ် အရွယ် ကိုရင်လေး တစ်ပါးဟာ အရွယ်နဲ့ မလိုက်အောင် ဗုဒ္ဓစာပေတွေကို ကျွမ်းကျွမ်းကျင်ကျင် ဟောပြောနိုင်ပါသတဲ့။

ဒေါ်အောင်းဆန်းစုကြည်နဲ့ အဲဒီ ကိုရင်လေး စကားလက်ဆုံကျနေတဲ့ အခိုက်မှာ ကျွန်တော် ကျောင်းအောက်ကို ဆင်းပြီး ပတ်ဝန်းကျင်ကို လှေ့လာပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့ ပစ်ကြခတ်ကြ ဖြစ်ခဲ့တဲ့ ရေပ်ကလည်း အရင်အတိုင်းပါပဲ။ အဲဒီနားက ထိုင်ကိုယ်တော်ဘုရားတွေ ရှိတဲ့ အဆောင်ရဲ့ ရှေ့က ကာထားတဲ့ နံရန်တွေမှာလည်း ကျည်ဆံရာတွေ တွေ့နေရပါသေးတယ်။ ဆိုလိုတာက ၁၉၆၃ ခုနှစ်က ပစ်ခဲ့တဲ့ ကျည်ဆံတွေကြောင့် ရခဲ့တဲ့ ကျည်ဆံရာတွေဟာ ၁၉၈၉ ခုနှစ်၊ နှစ်ဆန်းအထိ ရှိနေခဲ့သဘောပေါ့။ ၂၆ နှစ် ရှိပြီပေါ့။ အခုအချိန်ထိ ရှိနေဦးမလားတော့ မပြောတတ်ပါဘူး။

## မသေကောင်း မပျောက်ကောင်း (၅)

၁၉၆၃ ခုနှစ်ကို ရောက်ပါပြီ။ တပ်ရင်းမှူး ဗိုလ်မှူး ဇော်မင်း ကျသွားတော့ တပ်ရင်းမှူး အသစ်အဖြစ် ဗိုလ်မှူး သာကျော် ရောက်လာပါတယ်။ သူက ရခိုင် အမျိုးအသားပါ။ ဒါပေမဲ့ ကျန်းမာရေး မကောင်းပါ။ ဒုတပ်ရင်းမှူး အဖြစ် ဗိုလ်မှူး ပီ-ကျော်ဟန် ရောက်လာပါတယ်။ တပ်ရင်းမှူးက မကျန်းမာတော့ ဗိုလ်မှူး ပီ-ကျော်ဟန်ကပဲ စစ်ဆင်ရေး ကိစ္စတွေကို ဦးစီးပါတယ်။ ဗိုလ်မှူး ပီ-ကျော်ဟန်က OTS အပတ်စဉ် ၇ ကပါ။ အလုပ် အင်မတန် လုပ်ပါတယ်။ လမ်းစဉ် ပါတီခေတ် ကုန်ဆုံးတဲ့ အချိန်မှာ သူဟာ ပဲခူးတိုင်း ဒေသပါတီ ကော်မတီ ဥက္ကဋ္ဌ ဖြစ်ခဲ့ပါတယ်။

၁၉၆၄ ခုနှစ်၊ ဇူလိုင်လ မိုးတွင်းကြီးမှာပါ။ သတင်း အခိုင်အလုံ ရလို့ ဆိုပြီး ကျောင်းကုန်း မြို့နယ်ထဲမှာ စစ်ဆင်ရေးတွေ လုပ်ပါတယ်။ တပ်ခွဲ နှစ်ခွဲနဲ့ပါ။ ကျွန်တော့် တပ်ခွဲနဲ့ ဗိုလ်ကြီး သန်းရှိန်ရဲ့ တပ်ခွဲတို့ ဖြစ်ပါတယ်။ ရန်သူက "အကယ်ရိုး" ရွာမှာ ရှိပါသတဲ့။ ကျွန်တော့် တပ်ခွဲက အကယ်ရိုးရွာကို တိုက်ရိုက် ချဉ်းကပ်ရမှာဖြစ်ပြီး ဗိုလ်ကြီး သန်းရှိန် ညာဘက်က ပန်းပြီး ချဉ်းကပ်ရမှာ ဖြစ်ပါတယ်။ အင်္ဂလိပ် အက္ခရာ "L" ပုံသဏ္ဍာန် ဖြစ်ပါတယ်။ ထူးခြားတာက အဲဒီရွာ ပတ်ပတ်လည်မှာ ရှိတဲ့ လယ်ကွင်းတွေက ရေတွေ ပြည့်နေလို့ ခြေလျင်သွားလို့ မရပါဘူး။ လှေတွေနဲ့ ချဉ်းကပ်ကြရမှာပါ။

ကျွန်တော်က နေမကောင်းတဲ့ သူရယ်၊ ရဲဘော်တွေ အတွက် ထမင်းချက်ရမယ့် လူတွေကိုပဲ ချန်ထားပြီး လှေ ၁၀ စီးလောက်နဲ့ အကယ်ရိုးရွာဘက်ကို ရင်ဘောင်တန်း ချီတက်ပါတယ်။ လှေတစ်စီးမှာ လေး-ငါး ယောက်စီပေါ့။ ရွာမရောက်မီမှာ ကိုင်းတောကြီး ရှိပါတယ်။ အဲဒီ ကိုင်းတောကြီးကို ဖြတ်တဲ့အခါမှာ လှေက လှော်စရာတောင် မလိုဘဲ ကိုင်းပင်တွေကို ဆွဲပြီး အားပြုရင်တောင် လှေတွေ ရွေ့ပါတယ်။ ညာတောင်ပံက ချဉ်းကပ်မယ့် ဗိုလ်ကြီး သန်းရှိန်ရဲ့ စစ်ကြောင်းကတော့ ဘယ်နား ရောက်နေပြီ မသိပါ။

ကျွန်တော့် စစ်ကြောင်းကတော့ အကယ်ရိုးရွာနဲ့ တဖြည်းဖြည်း နီးကပ်လာပါပြီ။ ကိုင်းပင်တွေ ကြားက ရွာအစွန်မှာ ရှိတဲ့ အိမ်တချို့ကိုတောင် လှမ်းမြင်နေရပါပြီ။ ကျွန်တော်က ရှေ့မှာ ထိုင်နေတဲ့ ရဲဘော် (သူ့နာမည်က သိန်းလွင်ပါ) ကို မင်း ထပြီး ရှေ့က အခြေအနေ အကဲခတ်စမ်းလို့ ပြောလိုက်ပါတယ်။ သိန်းလွင်က သူကိုင်တဲ့ ဘရင်းဂန်းနဲ့ ထလည်း ထ၊ ပစ်လည်းပစ် လုပ်ပါတယ်။

အဲဒီအချိန်မှာ တစ်ဘက်က ပစ်ချလိုက်လို့ သိန်းလွင် သေနတ်မှန်ပြီး ရေထဲ ပြုတ်ကျသွားပါတယ်။ ကျွန်တော့် နောက်နား ကပ်ထိုင်နေတဲ့ ဆက်သွယ်ရေး ဒုတပ်ကြပ် မြင့်ဆွေကလည်း "ဟာ ဗိုလ်ကြီး၊ ကျွန်တော့်လည်း မှန်သွားပြီ" လို့ အော်ပြောပါတယ်။ ကျွန်တော် လှည့်ကြည့်လိုက်တော့ ဟုတ်ပါတယ်။ သူ့ ဘယ်ဘက်ပါးကို ရှပ်မှန်သွားတာပါ။ သွေးထွက်နေလို့ လက်ကိုင်ပဝါ တစ်ထည်နဲ့ သွေးတိတ်အောင် လုပ်နေပါတယ်။ သိန်းလွင်ကတော့ ပွဲချင်းပြီးပါ။ မြင့်ဆွေကတော့ ကံကောင်းပါတယ်။ ဘယ်ဘက်ပါးကို ရှပ်

မှန်တယ် ဆိုပေမဲ့ ကျည်ဆံက ဘယ်ဘက်ပါး အရေခွံနဲ့ အရိုးကြား ဝင်ပြီး နားရွက်နားမှာ ရပ်သွားတာပါ။ စစ်ဆေးရုံ တက်ပြီး ဓာတ်မှန်ရိုက်တော့လည်း ကျည်ဆံက နားရွက်နားမှာ ရပ်သွားတာပါ။ အဲဒီနား တစ်ဝိုက်က အကြောတွေ ပေါင်းဆုံနေလို့ ကျည်ဆံကို ခွဲထုတ်လို့ ချက်ချင်း မရနိုင်သေးပါဘူးတဲ့။ နောင်ကျမှ ဦးနှောက်နဲ့ အာရုံကြော ဆရာဝန်ကြီးက ခွဲထုတ်ပေးမယ်လို့ ပြောပါတယ်။ အခုလောက်ဆို လုပ်ပြီးရောပေါ့။

သိန်းလွင် ရေထဲပြုတ်ကျပြီး နောက်က ဒုတပ်ကြပ် မြင့်ဆွေကိုပါ သေနတ်မှန်တယ် ဆိုတော့ သူတို့ နှစ်ယောက် အလယ်ကောင်မှာ နေတဲ့ ကျွန်တော့်ကိုလည်း ကျည်မမှန်တော့ ကျည်ဆံက ကွင်းသွားလေ သလားလို့။ ဒါပေမဲ့ ဒီကိစ္စကို အာရုံမစိုက်နိုင်ပါဘူး။ ရေထဲကို ခုန်ချလိုက်ပါတယ်။ ပါးစပ်ကတော့ "ရှေ့တက်" လို့ အကြိမ်ကြိမ် အော်နေပေမဲ့ လက်ကတော့ လှေတွေ အားလုံး နောက်ဆုတ်ဖို့ အချက်ပြနေပါတယ်။

တစ်ဘက်ကလည်း ကျွန်တော်တို့ကို အဆက်မပြတ် ပစ်နေပါတယ်။ နောက်မှ သိရတာက သူတို့က ကောက်ရိုးပုံတွေပေါ်မှာ သစ်တုံးတွေ တင်ပြီး ပစ်နေတဲ့အပြင် ရွာထဲက ကုက္ကိုပင်တွေပေါ်မှာ လူတွေကိုတင်ပြီး ကျွန်တော်တို့ကို ပစ်နေတာပါ။ တစ်ဘက်က ပန်းပြီး ချဉ်းကပ်လာတဲ့ ဗိုလ်ကြီး သန်းရှိန်ရဲ့စစ်ကြောင်းက ပစ်လို့ ကုက္ကိုပင်ပေါ်ကကောင်တွေ မှန်ပြီး ပြုတ်ကျသွားကြပါတယ်။

ပစ်အားတွေ ပြင်းထန်နေတော့ ကျွန်တော်ကလည်း အထောက်အကူ ရလို့ရငြား လှေပေါ်မှာ ပါတဲ့ နှစ်လက်မ စိန်ပြောင်းကို ယူ၊ လှေပေါ်မှာ တင်လာတဲ့ ကျောပိုးအိတ်ကို အခြေခံ ပြုပြီးတော့ ရွာထဲကို စိန်ပြောင်းနဲ့ လှမ်းထုပါတယ်။ ဒါပေမဲ့ စိန်ပြောင်းရဲ့ ကန်အားကြောင့် အောက်က လှေကြီးက နစ်မြမ်း ကွဲသွားပါတယ်။

အဲဒီထက် ဆိုးတာက မော်တာ ဗုံးသီးက သတ်မှတ်ထားသလို မသွားဘဲ ရှေ့နား ရောက်နေတဲ့ ရဲဘော်တွေ ကြားထဲ သွားကျပါတယ်။ အကြောင်းသိတော့ ရဲဘော်တွေ ဆဲလိုက်ကြတာ မိုးမွှန်နေတာပဲ။ ကျွန်တော်လည်း ကိုယ့်အပြစ်နဲ့ကိုယ် ဆိုတော့ ရဲဘော်တွေ ဆဲတာကို ခံရတာပေါ့၊ အခြေအနေက အရမ်းကို ဆိုးဝါးတာပါ။

ဒီကိစ္စတွေ ပြီးလို့ ပြန်သုံးသပ်တဲ့အခါ ဖြစ်ပြီးတာတွေက ပြီးသွားပြီ။ ပထမ တစ်ချက်က ကုန်းပေါ်မှာ နေရာယူသလို ဖြစ်နေတဲ့ ရန်သူကို လှေနဲ့ ချဉ်းကပ်နိုင်းတာက နည်းဗျူဟာအရ အမှား။ ဒီလို မြင်ခဲ့ပေမဲ့လည်း စစ်ကြောင်းမှူး ဗိုလ်မှူး ပီ-ကျော်ဟန်ကိုတော့ တင်ပြ ငြင်းခုန်မှု မလုပ်ခဲ့ပါဘူး။ လုပ်ဖို့လည်း အချိန် မရှိခဲ့လို့ပါ။ ထူးခြားမှု တစ်ခုကို သုံးသပ်မိတာက ရန်သူက ကျွန်တော်တို့ လှေကို ပစ်တယ်၊ ကျွန်တော့် ရှေ့က ရဲဘော်ကို မှန်တယ်၊ ကျွန်တော့် နောက်က တစ်ယောက်ကို မှန်တယ်၊ ကျွန်တော့်ကို မမှန်ဘူးဆိုတဲ့ ထူးခြားချက်ပါ။ ဘာ့ကြောင့်လဲလို့ ထွေထွေရာရာ ဆန်းစစ်မှု မလုပ်ခဲ့မိပါဘူး။

## မသေကောင်း မပျောက်ကောင်း (၆)

၁၉၆၄ ခုနှစ် ရောက်ပါပြီ။ ကျွန်တော်နဲ့ ကျွန်တော့် တပ်ခွဲက ရခိုင် ရိုးမ အရှေ့ခြမ်းမှာ စစ်ဆင်ရေး ဝင်ရပါတယ်။ စစ်ကြောင်းမှူးကတော့ ဗိုလ်မှူး ပီ-ကျော်ဟန်ပါပဲ။ စစ်ဆင်ရေး ဝင်ရတဲ့ အကြောင်းက အထက်မှာ အကျယ် တဝင့် ဖော်ပြခဲ့တဲ့ ကျွန်တော်တို့ တပ်ရင်းမှူး ဗိုလ်မှူး ဖော်မင်း ချောင်းပစ်ခံရလို့ ကျဆုံးသွားတဲ့အတွက်ပါ။ အဲဒီဘက်မှာ အဓိက လှုပ်ရှားတာက နစ်ဖြူ ရောဂတီတိုင်း ဌာနချုပ်နဲ့ လက်အောက်ခံ တပ်ဖွဲ့တွေပါ။ သူတို့ထဲက တစ်ချို့က ချောင်းပစ်တာပါ။

တပ်ရင်း တစ်ရင်းမှာ တပ်ရင်းမှူး ကျသွားတယ်ဆိုရင် အဲဒီ တပ်ရင်း တစ်ရင်းလုံးကို ဦးချိုးသလို ဖြစ်သွားတာပါ။ ကျွန်တော်တို့ တပ်ရင်း ကျုံပျော်ကို မရောက်ခင်တုန်းက သာယာဝတီမှာ နေရတာပါ။

ကျုံပျော်မှာ ခလရ ၂၅ ရှိနေတာပါ။ ကျုံပျော်/ကျောင်းကုန်း ဒေသမှာ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး မောင်မောင်လွင် တိုက်ပွဲမှာ ကျဆုံးခဲ့ပါတယ်။

ဒါ့ကြောင့်မို့လို့ ဦးချိုးသလို ဖြစ်သွားတဲ့ ခ လ ရ ၂၅ ကို သာယာဝတီကို ပြောင်းပြီး သာယာဝတီမှာ ရှိနေတဲ့ သ န က ၅ ကို ကျုံပျော်ကို တပ်ရင်းလိုက် ပြောင်းရွှေ့ပေးလိုက်တာပါ။ ယခု ကျွန်တော်တို့ တပ်လည်း တပ်ရင်းမှူး တိုက်ပွဲကျတော့ တခြားကို ပြောင်းရွှေ့ပေးမယ်လို့များ စဉ်းစားကြဦးမလားလို့ တွေးမိပါတယ်။ သို့သော် မပြောင်းရွှေ့မီ တပ်ရင်းမှူး ချောင်းပစ်တဲ့ အဖွဲ့တွေကိုတော့ ပြန်လည် ချေမှုန်းရမှာပါ။ ဒါ့ကြောင့်မို့ ကျွန်တော်တို့ စစ်ကြောင်း ရခိုင်ရိုးမ အရှေ့ခြမ်းကို ရောက်နေတာပါ။

အထက်မှာ ရေးခဲ့သလို ဗိုလ်မှူး ပီ-ကျော်ဟန်က တော်တော် အလုပ်လုပ်ပါတယ်။ ဒါ့အပြင် ရန်သူ့သတင်းကို ထောက်လှမ်းရာမှာလည်း အလွန် ထိရောက်ပါတယ်။ ဒါ့ကြောင့်မို့လို့ တစ်နေ့မှာ ဧရာဝတီတိုင်းစစ်ဌာနချုပ်ရဲ့ သတင်းကို ရလိုက်ပါတယ်။ ဒီသတင်းကို တုံ့ပြန်ဖို့ ကျွန်တော့်ကို ခေါ် ပါတယ်။ ကျွန်တော့်ကို ကွန်မန်ဒိုဆန်တဲ့ တာဝန်တစ်ခု ပေးပါတယ်။ ကျွန်တော့်တို့ တပ်စုကို ယူနီဖောင်း မဝတ်စေဘဲ အရပ်ဝတ်နဲ့ နောက်တစ်နေ့ မနက် (သုံးနာရီ) ရွာမှ စထွက်ရန်။ သူက လမ်းပြ တစ်ယောက်ကို ထည့်ပေးပါမယ်တဲ့။

သူ့လမ်းပြမှုနဲ့ ရန်သူ့စခန်းကို မနက် ငါးနာရီအရောက် ဝင်ရောက် စီးနင်းဖို့ ဖြစ်ပါတယ်။ ရွာကနေ အဲဒီစခန်းကို သုံးမိုင်လောက် ဝေးပါမယ်။ အဲဒီ အမိန့် ရပြီးတဲ့အခါ ကျွန်တော် တပ်စုကို ပြန်သွားပြီး တပ်စု တပ်ကြပ်ကြီးနဲ့ တပ်စိတ်မှူးတွေကို ခေါ်ပြီး အကျိုးအကြောင်း ရှင်းပြပါတယ်။ မနက် သုံးနာရီ ထရမှာဖြစ်လို့ အားလုံး အသင့်ပြင်ထားဖို့ သူတို့ကို ပြန်လွှတ်လိုက်ပါတယ်။

မနက် အစောကြီး သွားရမှာမို့ နံနက်စာစားဖို့ အချိန်ပြဿနာ ဖြစ်နိုင်တဲ့ အတွက် ရွာထဲက ဆိုင်တွေက ဘီစကွတ် ပေါင်မုန့်တွေကို ဝယ်ပြီး ယူလာခဲ့ဖို့နဲ့ လမ်းသွားရင်း ဆာတဲ့အခါကျရင် စားဖို့လည်း မှာလိုက်ပါတယ်။ ဒါ့ကြောင့် ကျွန်တော် အစောကြီး အိပ်ရာဝင်ပါတယ်။ ကင်းသမားကို နှစ်နာရီခွဲ နှိုးခိုင်းထားပါတယ်။

## စိတ်ကူးယဉ်စရာ ကောင်းတဲ့ နေရာလေး A Romantic Place

မနက် သုံးနာရီစထွက်ပါပြီ။ လမ်းပြ အဘိုးကြီးက အသက် ၄၀ လောက် ရှိပါပြီ။ သူ လမ်းပြတယ် ဆိုကတည်းက ရန်သူ့ စခန်းကိုလည်း သူ ရောက်ခဲ့ဖူးမှာပဲလို့ ကျွန်တော် တွေးမိပါတယ်။ ဒီလို လူမျိုးတွေကို ဗကပက ဘယ်လို စည်းရုံးတယ် ဆိုတာ ကျွန်တော်က သိပြီးသား။ ဒါ့ကြောင့်မို့လို့ လမ်းပြကြီးက ရည်မှန်းချက် နေရာကို ဖြောင့်ဖြောင့်တန်းတန်း မပို့ပဲ လမ်းက ဟိုကွေ့ ဒီကောက်နဲ့ ခေါ်သွားကတည်းက ကျွန်တော် သဘောပေါက်ပါတယ်။

ဒါ့ကြောင့်မို့ ရည်မှန်းချက် နေရာကို မနက် ငါးနာရီမှာ မရောက်ဘဲ မနက် ခြောက်နာရီလောက် နေထွက်မှ ရောက်ပါတော့တယ်။ တောင်ခြေ ရောက်လို့ မော့ကြည့်တဲ့အခါ မြူနှင်းတွေ ဝေနေလို့ အပေါ်ကို ဘာမှ မမြင်ရပါဘူး။ အကြမ်းအားဖြင့် မြင်ရတာက ပင်စည်ကြီးတဲ့ သစ်ပင်ကြီးတွေ အပြိုင်းအရိုင်း ပေါက်နေကြတာကို တွေ့ရပါတယ်။ ပြီးတော့ တောင်ကျောကလည်း ၄၅ ဒီဂရီလောက် မော့တက်ရမယ့် သဘော ရှိပါတယ်။

ကျွန်တော်က လမ်းပြကို မေးပါတယ်။ "အပေါ်မှာ သူတို့ ရှိတာ သေချာလား" လို့ မေးတဲ့အခါ သူက "သေချာတယ်" လို့ ပြောပါတယ်။ ကျွန်တော် စဉ်းစားမိတာက စစ်သဘောအရ ရန်သူ အနီးအနားမှာ ရှိရင်

စခန်းတိုင်းက "အသင့် အနေအထား Stand-by" ဆိုတဲ့ စစ်နည်းဗျူဟာ လေ့ကျင့်ခန်းကို လုပ်လေ့ရှိပါတယ်။ သူတို့လည်း လုပ်မှာပါပဲ။

ကျွန်တော်တို့ ရောက်နေပြီ ဆိုတော့ သူတို့က အသင့်ဖြစ်နေပြီပေါ့။ အဲဒီအချိန်မှာ ကျွန်တော် ပတ်ဝန်းကျင်ကို လေ့လာလိုက်တော့ ကျွန်တော်တို့ ရပ်နေတဲ့ နေရာနားမှာ စမ်းချောင်းလေး တစ်ခု စီးနေတာ တွေ့ရပါတယ်။ ရေကလည်း ကြည်ပါတယ်။ သဲကလေးတွေကလည်း ဖြူဖွေးလို့၊ ရေကလည်း ခြေမျက်စိ မြုပ်ရုံလောက်ပဲ ရှိပါတယ်။ ကျွန်တော်က လမ်းပြကို "ဒီစမ်းချောင်းက ဘယ်ကို ရောက်လဲ" လို့ မေးတဲ့အခါ သူက "စမ်းချောင်းက ဒီတောင်ကို ပတ်စီးပြီး စခန်း နောက်ကျောက ထမင်းချက်တဲ့ နေရာကို ရောက်တယ်" လို့ ပြောပါတယ်။ ဒါဖြင့် သွားစို့ ဆိုပြီး နောက်က ပါတဲ့ ဆရာတွေ ရဲဘော်တွေကို လက်နဲ့ အချက်ပြပြီး လိုက်ခဲ့ဖို့ ခေါ် လိုက်ပါတယ်။

လမ်းပြ ပြောတဲ့အတိုင်းပါပဲ။ ခြေမျက်စိ မြုပ်ရုံ ကြည်လင်နေတဲ့ ရေလေးဟာ တသွင်သွင် စီးနေပါတယ်။ အောက်ခြေ သဲထုကလည်း ဖြူဖွေးပြီး အလွန် ကြည်နူးစရာကောင်းတဲ့ မြင်ကွင်းပါ။ အလှတွင် အယဉ်ဆင့်လို့ ပြောရမလား မသိပါ၊ စမ်းချောင်းရဲ့ အပေါ်မှာ ယှက်ဖြာနေတဲ့ နွယ်ပင်တွေဟာ နေပြောက်တောင် မထိုးနိုင်လောက်အောင် ပိန်းပိတ်နေလေတော့ စမ်းချောင်းတစ်ခုလုံးရဲ့ ပေါင်းမိုးသဖွယ် ဖြစ်နေပြီး နေပြောက်တောင် ထိုးမယ် မထင်ပါဘူး။

ကျွန်တော့်မှာတော့ ရန်သူနဲ့ နီးကပ်နေလို့ စိတ်က အသင့်အနေထားနဲ့ နိုးကြားနေပေမဲ့ ဒီလို သာယာတဲ့ နေရာလေးဟာ very romantic ဖြစ်နေတော့ စိတ်ထဲက သူ့ကို ဖြတ်ခနဲ သတိရမိလိုက်ပါ တယ်။ ဒီလို romantic ဖြစ်တဲ့ မြင်ကွင်းမျိုးကို သူ့ကိုလည်း ပြလိုက်ချင်ပါဘိ။

## စခန်းနဲ့ တည့်တည့်တိုးပြီ

ကျွန်တော့် အတွေးတွေမှာ ဖြစ်နေတဲ့ စိတ်ကူးတွေကို ခဏ ဖျောက်လိုက်ပြီး မူလ တာဝန်ကို သတိကပ်လိုက်ပါတယ်။ အဲဒီ စမ်းချောင်းဟာ လမ်းပြ ပြောသလို တောင်ကို စက်ဝိုင်းခြမ်း ပုံသဏ္ဍာန်မျိုးနဲ့ ကွေ့ဝိုက်ပြီး စီးဆင်းနေပါတယ်။ ချုံနွယ်ပိတ်ပေါင်း အမိုးကလည်း အကြား အလပ် မရှိပါဘူး။ အဲဒီလို သွားရင်းနဲ့ လမ်းဆုံးခါနီးလို့ ထင်ပါရဲ့ လမ်းပြက ရုတ်တရက် ထွက်ပြေးသွားပါတယ်။ သူက အားလုံး မြင်နေရတဲ့ တဲတစ်ခုဘက်ကို ရှေးရှု ပြေးပြီး ခြေဟန်လက်ဟန်နဲ့ "ပြေးကြ ပြေးကြ" ဆိုတဲ့ အဓိပ္ပာယ်ပေါက်စေတဲ့ နည်းနဲ့ အချက်ပြပါတယ်။

အဲဒီအခါမှာ တဲဆီက ရုတ်ရုတ်သဲသဲ အသံတွေ ကြားတာနဲ့ ကျွန်တော်တို့က စပစ်ပါပြီ။ ဂျီ-သရီးတွေနဲ့ အတွဲလိုက် ပစ်တာပါ။ တဲထဲက နှစ်ယောက် သုံးယောက်လောက် ထွက်ပြေးတာ မြင်လိုက်ရပါတယ်။ ကျွန်တော်တို့လည်း ပြေးသွားပြီး တဲပေါ် တက်တယ်။ တွေ့တဲ့ လက်နက် ခဲယမ်းတွေ သိမ်းတယ်။ ဆန်အိတ် ၁၀ အိတ်စာလောက် ရှိတဲ့ ဆန်တွေကို ပုတ်တစ်ခုထဲမှာ ထည့်ထားတာ တွေ့လို့ ကျွန်တော်နဲ့ ရဲဘော်တစ်ချို့က အဲဒီ ပုတ်ကို လှဲချလိုက်ပါတယ်။ ဆန်တွေ အပြင် ကျည်ဆံတွေကို တွေ့ရလို့ သိမ်းရပြန်ပါသေးတယ်။ ပြီးတော့ မြန်မြန်ထွက်ပြီး နောက်မှာ ကျန်တဲ့ တောင်ပေါ် တက်ဖို့ အပြေးအလွှား သွားကြပြန်ပါတယ်။

စစ်သဘောအရ သူ့သူ့ကိုယ်ကိုယ် ကိုယ့်စခန်းရဲ့ နောက်ကျောက တစ်နေရာကို ရန်သူ ဖောက်ဝင်တယ် ဆိုတာနဲ့ သူတို့ရဲ့ လုံခြုံရေးဟာ အရမ်း ချို့ယွင်းသွားပါပြီ။ ဒီသဘောကို သိလို့ အဲဒီတဲကို ကမန်းကတန်း မီးရှို့လိုက်ရပါသေးတယ်။ ပြီးတာနဲ့ အဖွဲ့သား အားလုံးကို တောင်ပေါ် ကို အပြေးအလွှား တက်ဖို့ အမိန့်ပေး

လိုက်ပါတယ်။ သူတို့ စခန်းကို တက်တဲ့အခါ မက်စောက်နေပေမဲ့ ငါးမိနစ်လောက်အတွင်းမှာ အားလုံး အပေါ်ကို ရောက်သွားပါတယ်။

တွေ့ရတာကတော့ လား... လား... လား၊ တဲကြီး ရှစ်လုံးကို စီစီညီညီ တွေ့လိုက်ရပါတယ်။ လူတွေ လက်နက်တွေတော့ မတွေ့ရတော့ပေမဲ့ စာရွက်စာတမ်းတွေ၊ ဖျာတွေနဲ့ လူသုံးပစ္စည်းအချို့ တွေ့ပါတယ်။ ကျွန်တော်နဲ့ ဆရာတချို့က တဲအဆုံးထိ လိုက်ကြည့်ပြီး ဘရင်းဂန်း နှစ်လက်နဲ့ တစ်ကတ်စီ ကုန်အောင် အတွဲလိုက် ပစ်ပါတယ်။ ရဲဘော် တစ်ချို့က စာရွက်စာတမ်းတွေကို သိမ်း၊ ထုတ်ပိုး၊ တချို့က တဲတွေကို မီးရှို့နဲ့ အလုပ်တွေ မြန်မြန်ဆန်ဆန် လုပ်ကြရပါတယ်။ တဲတွေ မီးလောင်ပြီဆိုတော့မှ ကျွန်တော်တို့ဆပ်စုတာ အပြေးတက်နှုန်းနဲ့ တောင်က ကမန်းကတန်း ခွာရပါတယ်။

အကြောင်းရှိပါတယ်။ ကျွန်တော့် တပ်စုက လူ ၃၀ တောင် မပြည့်ပါဘူး။ နေမကောင်းတဲ့ သူနဲ့ ထမင်းချက်ဖို့ ချန်ထားခဲ့ရတဲ့ ရဲဘော်တချို့ ရှိလို့ အင်အားက ၂၅ ယောက်လောက်ပဲ ရှိတာပါ။ လမ်းပြရဲ့ ပြောတာအရ သော်လည်းကောင်း၊ တဲစခန်းတွေရဲ့ အနေအထားတွေကြောင့် သော်လည်းကောင်း သူတို့ရဲ့ အင်အားဟာ ၇၀ နဲ့ ၈၀ ကြား ရှိမှာပါ။ သူတို့က အခြေအနေ သိလို့ ကျွန်တော်တို့ကို တန်ပြန်တိုက်ရင် ကျွန်တော်တို့ မရှုမလှ ခံရမှာပါ။ တောင်ပေါ်က ကမန်းကတန်း ပြန်ဆင်းတဲ့အခါမှာ တွေ့ရတာက သူတို့က သစ်တုံးကြီးတွေ ချပြီး အသင့်ပြင်ထားတာပါ။ တစ်နေရာမှာများ ဆိုရင် နောက်ဖေးပုံ တစ်ပုံက အငွေ့တောင် အထောင်းထောင်း ထွက်နေပါသေးတယ်။

ဒါ့ကြောင့် အဲဒီနေရာက ကမန်းကတန်း ထွက်ခွာခဲ့ရတာပါ။ တစ်နည်းပြောရရင် အပြေးနှုန်းနဲ့ ခွာစစ်ဆင်ခဲ့တဲ့ သဘောပေါ့။ အဲဒီနေ့ရဲ့ သင်ခန်းစာကတော့ တော်တော်ကြီးပါတယ်။ လူအင်အား ၇၀ ကျော်ရှိတယ်လို့ သိရတဲ့ စခန်းကို လူ ၃၀ လောက်နဲ့ သွားတိုက်ခိုင်းတာဟာ စစ်ကြောင်းမှူးရဲ့ မဟာ အမှား ဖြစ်ပါတယ်၊ ဘယ်တပ်မတော်မှာမှ မရှိနိုင်တဲ့ နည်းဗျူဟာပါ။

အပြန်မှာတော့ ကျွန်တော့် တပ်စုက ဆရာတစ်ချို့က လမ်းပြကို တော်တော် စိတ်ဆိုးနေပါပြီ။ တစ်ယောက်ကဆိုရင် "အဲဒီကောင်ကို သတ်ပစ်မှ ဖြစ်မယ်" လို့တောင် ပြောသေးတာပါ။ ဟုတ်တယ်လေ၊ လမ်းပြက သူတို့ စခန်းနားလည်း ရောက်ရော ကမန်းကတန်း ပြေးသွားပြီး ထမင်းချက်တဲက ရန်သူတွေကို လှမ်းပြေးဖို့ အချက်ပြခဲ့တာပါ။ ဒီကိစ္စကို အပြန်မှာ စစ်ကြောင်းမှူး သတင်းပို့ပါတယ်။ ဘယ်လို အရေးယူသလဲတော့ မသိပါဘူး။ ကျွန်တော်ကလည်း စစ်ကြောင်းမှူးရဲ့ ရက်ရက်စက်စက် ခိုင်းတာကို မကျေနပ်လို့ သူနဲ့တောင် စကားပြောချင်စိတ် မရှိပါဘူး။ တကယ်လို့များ သူ ညွှန်ကြားသလို ရန်သူစခန်းကို တက်တိုက်လို့ကတော့ ကျွန်တော်တို့ တစ်ယောက်မှ ပြန်လာနိုင်မယ် မထင်ပါဘူး။

ဒီပွဲမှာ အမြတ် နှစ်ခု ရလိုက်ပါတယ်။ ပထမ တစ်ခုကတော့ သူတို့ဆီက သိမ်းလာတဲ့ စာရွက်စာတမ်းတွေထဲမှာ သူတို့ထဲက တစ်ယောက်ရဲ့ ဒိုင်ယာရီ တစ်ခု ပါပါတယ်။ ဗိုလ်မှူး ဇော်မင်း ကျတဲ့နေ့မှာ သူ့ဒိုင်ယာရီထဲက မှတ်တမ်းအရ "ယနေ့ ရန်သူ စစ်ကြောင်းတွေ့၊ လူတန်း နှစ်ခု အလယ်က ရန်သူ အရာရှိကို ချိန်ပြီး သေနတ် နှစ်လက်နဲ့ သုံးချက်ပစ်။ ရန်သူ တပ်မှူး ကျဆုံးဟု သိရ။ ကျည်ဆံ သုံးတောင့်နဲ့ ရတဲ့ အမြတ်ကတော့ အလွန် ကြီးမားလှချည့်တကား" လို့ ရေးထားပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ တပ်ရင်းမှူးကို သေနတ်နဲ့ ပစ်တဲ့ ဖတ်လမ်းကို ကောင်းစွာ သိလိုက်ရပါတယ်။

နောက် အမြတ်တစ်ခုကတော့ အဲဒီကာလဟာ ပြည်တွင်း ငြိမ်းချမ်းရေးအတွက် ရန်ကုန်မှာ လက်နက်ကိုင် တိုင်းရင်းသားများနဲ့ ဆွေးနွေးနေတဲ့ အချိန်ဖြစ်ပါတယ်။ အဲဒီ ငြိမ်းချမ်းရေး ဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဗကပ



ကိုကိုးကျွန်းသို့ မေယု သင်္ဘောဖြင့်။ ဝဲမှယာ- ဗိုလ်ကြီး တင်စိုး (DSA - ၆၊ မှတ်ကြီး)၊ ကျွန်တော်နဲ့ နောင်မှာ ဒုတိယ ဗိုလ်ချုပ်မှူးကြီး ဖြစ်လာမယ့် ကိုအေး။



ပန်းတနော် မြို့နယ်၊ ကျုံလန်း ကျေးရွာ၊ သီတာ ၂ စစ်ဆင်ရေး။ ဝဲမှယာ- ရဲဘော် ကျော်စိုး၊ ရဲဘော် အောင်လှုနိုင်၊ ဗိုလ်ကြီး ခင်ညို၊ အမည် မမှတ်မိတော့တဲ့ ရဲဘော်နဲ့ ကျွန်တော် (၁၉၆၄ ခုနှစ်)။

(အတို) ရဲ့ ညွှန်ကြားချက်တစ်စောင် ရလိုက်တာပါ။ အကြမ်းဖျင်း အဓိပ္ပာယ်ကတော့ ဒီငြိမ်းချမ်းရေး ဆွေးနွေးပွဲကို အကြောင်းပြုပြီး အနယ်နယ် အရပ်ရပ်က ငြိမ်းချမ်းရေး လိုလားသူများကို စည်းရုံးပြီး အစိုးရကို ဆန္ဒပြဖို့၊ လူသစ် စုဆောင်းဖို့နဲ့ အရင် ကင်းကွာနေတဲ့ ရပ်ရွာတွေဆီက ရန်ပုံငွေ (ဆက်ကြေး) တောင်းဖို့ ။ အဓိပ္ပာယ်က တော်လှန်ရေး ကောင်စီ အစိုးရကို မြေပေါ် မြေအောက် ညှပ်ပူးညှပ်ပိတ် ဖိအားပေးဖို့နဲ့ ငြိမ်းချမ်းရေး ဖြစ်စဉ်အပေါ်မှာ အစွမ်းကုန် အမြတ်ထုတ်ဖို့ ဆိုတဲ့ သဘောထားတွေ ပါပါတယ်။

ဤစာတမ်းရဲ့ အရေးပါပုံကို စစ်ကြောင်းမှူးက သိတဲ့အတွက် စိတ်ချရတဲ့ တပ်ကြပ်ကြီး နှစ်ယောက်ကို အရပ်ဝတ်နဲ့ ကြုံရာ လှေ/သင်္ဘော စီးစေပြီး ပုသိမ်မှာ ရှိတဲ့ တိုင်းဌာနချုပ်ကို သွားပို့ ခိုင်းပါတယ်။

## မြစ်ဝကျွန်းပေါ်မှာ တိုက်ပွဲဖြစ်ပြီ ဆိုရင်

အခု ကျွန်တော် ပြောမယ့်အကြောင်း ပြန်သတိရတိုင်း စိတ်ဆင်းရဲလွန်းလို့ ဘယ်တော့မှ ပြန်မစဉ်းစားမိအောင် ကြိုးစားခဲ့တာပါ။ ဒါပေမဲ့ နောင်းလူတွေ သိစေချင်တဲ့ အာသီသကြောင့် ရေးပြရတော့မှာပါ။ စစ်နည်းဗျူဟာ အရလည်း သင်ခန်းစာ ယူစရာ အများကြီး ရှိပါတယ်။ စပြောရမယ်ဆိုရင် ဗိုလ်ရန်ပြေ အကြောင်းက စရမှာပါ။ သူနဲ့ ကျွန်တော်က ရာတန်၊ ငါးဆယ်တန်ကိစ္စမှာ ကိုယ့်မြို့နယ် အသီးသီးက ရန်ကုန်မှာ ဌာနချုပ် ဖွင့်ထားတဲ့ မှူးသိုလ်ဝင်းက ဘွဲ့နှင်းသဘင် အဆောက်အဦကို လာပြီး အလုပ်လုပ်ကြရပါတယ်။ သူက အဲဒီတုန်းက ခလရ ၂၇ ကပါ။ အပတ်စဉ် ဘယ်လောက် ဆိုတာတော့ မမှတ်မိတော့ပါဘူး။

သူက မျက်နှာချိုပါတယ်။ ခင်မင်စရာ ကောင်းပါတယ်။ မြစ်ဝကျွန်းပေါ်မှာ ရှိတဲ့ တပ်တွေက လာတဲ့ လူအချင်းချင်း ဆိုတော့ ပိုပြီး တွဲမိပါတယ်။ သူနဲ့ ကျွန်တော် တူတဲ့အချက်က စာဖတ်တာပါပဲ။ ပြီးတော့ သူက မကြာခင်ကမှ အင်္ဂလန်နိုင်ငံ စစ်သင်တန်းတစ်ခုကို တက်ပြီး ပြန်လာခါစပါ။ သူနဲ့ အဲဒီလို ခင်ပြီးနောက် ကိုယ့်တပ် အသီးသီးကို ပြန်ကြရပါတယ်။ ကျွန်တော်က ကျောင်းကုန်းမြို့ ဌာနချုပ်က တစ်ဆင့် ရှေ့တန်း တပ်ခွဲ ဌာနချုပ် တံခွန်တိုင်ဆိုတဲ့ ရွာကြီးမှာ အခြေချပြီး နယ်မြေ ရှင်းလင်းရေး တာဝန်တွေ ထမ်းဆောင်ခဲ့ရပါတယ်။ ဗိုလ်ရန်ပြေကလည်း သူ့တပ်သူ ပြန်ရောက်ပြီးတော့ စစ်ဆင်ရေး တာဝန်တွေ ထမ်းဆောင်နေတယ် ဆိုတာ အကြမ်းဖျင်း သိရပါတယ်။

တစ်နေ့ မနက် ကိုးနာရီလောက်မှာ သေနတ်သံတွေ ကြားရပါတယ်။ သေနတ်သံတွေ ဆက်တိုက် ကြားနေရတော့ တစ်နေရာရာမှာ တိုက်ပွဲ ဖြစ်နေပြီလို့ သိရပါတယ်။ ကျွန်တော်တို့ တပ်တွေရဲ့ ထုံးစံက တိုက်ပွဲဖြစ်သံ ကြားတာနဲ့ ဆက်သွယ်ရေးစက်တွေ ဖွင့်ပြီး နားထောင်ကြ၊ ဆက်သွယ်ကြ လုပ်ကြရပါတယ်။ မြစ်ဝကျွန်းပေါ်မှာတစ်နေရာရာမှာတိုက်ပွဲဖြစ်ရင်ပတ်ဝန်းကျင်ငါးမိုင်၊ ၁၀မိုင်လောက်ကကြားရတတ်ပါတယ်။

ဒါ့ကြောင့် ကျွန်တော်တို့နဲ့လည်း အဆက်အသွယ် ရလိုရငြား ဆက်သွယ်ရေးစက် ထောင်ပြီး နားစွင့်နေပါတယ်။ တိုက်ပွဲဖြစ်တဲ့ စစ်ကြောင်းနဲ့တော့ အဆက်အသွယ် မရပါ။ ပုသိမ်က တိုင်းဌာနချုပ်နဲ့တော့ အဆက်အသွယ် ရပါတယ်။ ဒါ့ကြောင့် တိုက်ပွဲဟာ ဓနုဖြူ ခလရ ၂၇ က စစ်ကြောင်း တစ်ခုနဲ့ ဖြစ်နေတယ် ဆိုတာ သိလိုက်ရပါတယ်။

သေနတ်သံတွေက နာရီဝက်လောက်တောင် မကြာပါဘူး။ အသံတိတ်သွားပါတယ်။ ခလရ ၂၇ နဲ့ တိုင်းဌာနချုပ်တို့ရဲ့ အဆက်အသွယ်အရ အဲဒီက စစ်ကြောင်းတစ်ခုနဲ့ ထိတွေ့မှု ရှိနေတယ်၊ ဒါပေမဲ့ ခဏ အကြာမှာ အဆက်အသွယ် ပြတ်သွားတယ်ဆိုတာ သိရပါတယ်။ ဒါ့ကြောင့် တိုင်းရဲ့ ညွှန်ကြားချက်အရ တိုက်ပွဲ ဖြစ်မယ် ဆိုပြီး ခန့်မှန်းတဲ့ နေရာကို နီးရာ စစ်ကြောင်းတွေက သွားကူဖို့ ဖြစ်ပါတယ်။ နေရာက

ပန်းတနော် မြို့နယ်ထဲမှာပါ။ မြေပုံအရ ကျွန်တော်တို့နဲ့ ၁၀ မိုင်လောက် ဝေးပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့မှာ အဲဒီနေရာကို လှမ်းဖို့ အင်အား မကျန်တော့သလောက် ဖြစ်နေတော့ အဲဒီနေရာကို ကျွန်တော်တို့ တပ်က စစ်ကြောင်း မလွှတ်ဖြစ်ပါဘူး။ ဒါပေမယ့် တိုင်းဌာနချုပ်နဲ့ပဲ အဆက်အသွယ် လုပ်ပြီး သတင်း စုဆောင်းနေပါ တယ်။

ဖြစ်ပုံက ဒီလိုပါ။ အချိန်က ဇူလိုင်၊ ဩဂုတ်လောက် ဖြစ်မယ် ထင်ပါတယ်။ မိုးတွင်း ဆိုတာ သေချာ ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အဲ့ဒီဒေသမှာ စိုက်ပြီးတဲ့ စပါးခင်းတွေဟာ အရှည်မျိုးတွေ ဖြစ်တော့ အဲဒီ အချိန်မှာ ကြီးထွားလာလိုက်တာ လူတစ်ရပ်ကျော်လောက် ရှိနေပါတယ်။ အဲဒီ ဒေသက စပါးတွေက အဲဒီလိုပဲ အပင်ရှည်မျိုးတွေ ထင်ပါရဲ့။

ခလရ ၂၇ က တပ်ခွဲ စစ်ကြောင်းတစ်ခုဟာ ရန်သူသတင်းအရ ရွာတစ်ရွာကို သွားရပါတယ်။ အဲဒီမှာ ဘယ်ရန်သူမှ မရှိပါဘူး။ ဒါ့ကြောင့် တပ်ခွဲမှူးက သူ့ရဲဘော်တွေကို ခဏ အနားပေးပြီး နေ့လယ်စာ စားဖို့ ပြင်ဆင်နေဆဲမှာ သတင်းပေးတစ်ယောက် တစ်ဖက်ရွာမှာ ရန်သူတွေ ရောက်နေကြောင်း သတင်း လာပေးပါ တယ်။ အဲဒီ တပ်ခွဲမှူးက ကျွန်တော်နဲ့ မိတ်ဆွေ ဖြစ်ခဲ့တဲ့ ဗိုလ်ရန်ပြေပါ။

ဗိုလ်ရန်ပြေဟာ သူ့မှာ တပ်စု သုံးစုရှိပေမဲ့ တပ်စု နှစ်စုပဲ သွားမယ်လို့ ဆုံးဖြတ်လိုက်ဟန် တူပါတယ်။ အဲဒီ တပ်စု နှစ်စုက ထမင်းချက် တာဝန်နဲ့ နေမကောင်းတဲ့သူတွေ ချန်ထားပြီး တဖက်ရွာကို သွားတဲ့အခါ လူ ၄၀ ကျော်ပဲ ပါသွားပါတယ်။ အဲဒီ ရွာနဲ့က ကိုက် ၁၀၀၀ ကျော်လောက်ပဲ ဝေးတာပါ။ အဲဒီခေတ်က တပ်မတော် အရာရှိတွေကို ပြင်ပဌာနတွေမှာ တာဝန်ပေးတာ များတော့ တပ်မတော်မှာ အရာရှိ ရှားပါးချိန် ဖြစ်ပါတယ်။ ကျွန်တော်တောင်မှ ကျောင်းဆင်းခါစ လပိုင်းအတွင်းမှာ တပ်ခွဲမှူး တာဝန် ယူခဲ့ရသေးတာ။ အဲတော့ ဗိုလ် ရန်ပြေရဲ့ စစ်ကြောင်းမှာ အရာရှိ ဆိုလို့ သူတစ်ယောက်ပဲ ပါပါတယ်။ ကျန်တာတွေက တပ်ကြပ်ကြီးတွေ တပ်ကြပ်တွေပါ။ တပ်ခွဲ ဒုအရာခံဗိုလ် ပါ မပါတော့ ကျွန်တော် မသိပါဘူး။

ဗိုလ်ရန်ပြေဟာ ရွာနဲ့ ကိုက် ၁၀၀ လောက် အလိုမှာ လယ်ကန်သင်းရိုးတွေအတိုင်း ချီတက်နေတဲ့ သူ့စစ်ကြောင်းကို ရွာကို ရင်ဘောင်တန်း ဖြန့်ပြီး ချဉ်းကပ်ဖို့ အမိန့်ပေးလိုက်ပါတယ်။ အဲဒီလို ရင်ဘောင်တန်း ပုံစံနဲ့ ရွာကို ချဉ်းကပ်တော့ ရွာနားရောက်တဲ့အခါမှာ ရွာထဲက သူတို့ စစ်ကြောင်းကို သေနတ်နဲ့ ပစ်တာ ကြုံ လိုက်ရပါတယ်။ အဲဒီတော့ သူ့စစ်ကြောင်းက သူ့ အပါအဝင် ရဲဘော်တွေဟာ ရွာနဲ့ အနီးဆုံးက ကန်သင်းရိုး တွေမှာ အကာအကွယ် ယူပြီးတော့ ရွာဘက်ကို မျက်နှာမူထားကြပါတယ်။ ဒီလို ဖြစ်အောင်လည်း ရန်သူ တွေက ကြိုတင် တွက်ချက်ပြီး လုပ်ထားတာ သေချာပါတယ်။ အဲဒီလို ကန်သင်းရိုးမှာ နေရာယူပြီးတဲ့ အခိုက် မှာ ရိုးတန်မြင့်တဲ့ လယ်ကွက်တွေထဲမှာ ပုန်းပြီး စောင့်နေတဲ့ ရန်သူတွေက ထပြီး နောက်ကနေ ပစ်တာ ခံကြရပါတယ်။ ဗိုလ်ရန်ပြေရဲ့ စစ်ကြောင်း တစ်ခုလုံး နည်းဗျူဟာအရ အလစ်အငိုက်ကို ခံလိုက်ရခြင်းပါ။

ဗိုလ်ရန်ပြေရဲ့ စစ်သည်တွေဟာ ဘယ်လိုမှ ထိရောက်တဲ့ တုံ့ပြန်မှု မလုပ်နိုင်ခဲ့ပဲ သူတို့ရဲ့ နောက်ကျော က ပစ်လိုက်တဲ့ တိုက်ခိုက်မှုတွေကြောင့် နာရီဝက် ကာလ အတွင်းမှာ အားလုံး ကျဆုံးကုန်ကြပါတယ်။ ဒဏ်ရာတွေကတော့ နောက်စေ့နဲ့ နောက်ကျောတွေမှာ များပါတယ်။ ဗိုလ်ရန်ပြေ ကိုယ်တိုင်လည်း တိုက်ပွဲမှာ ကျဆုံးသွားပါတယ်။

သူ့နေရာကို လိုက်လာတဲ့ စစ်ကြောင်းတွေက နာရီများစွာ နောက်ကျပြီးမှ ရောက်သွားတဲ့အခါ စစ် ကြောင်း တစ်ခုလုံး မြင်မကောင်းပါဘူးတဲ့။ လက်နက်၊ ခဲယမ်းတွေကို သိမ်းသွားတဲ့အပြင် ယူနီဖောင်းတွေ ဖိနပ်တွေပါ ချွတ်ယူသွားတဲ့အတွက် ကျဆုံးသွားတဲ့ ရဲဘော်တွေရဲ့ အဖြစ်ဟာ ရင်နင့်စရာပါ။ ဒီလို တစ်ယောက်

တွေ့ကျဆုံးခဲ့ရတဲ့ တိုက်ပွဲဖြစ်စဉ် ဆိုတာလည်း အလွန် ရှားပါတယ်။ အဲဒီတုန်းက မြစ်ဝကျွန်းပေါ် အခြေ အနေဟာ အဲဒီလောက် ဆိုးပါတယ်။

ဒီလောက် ဆိုးဝါးတဲ့ စစ်ရေး အနေအထားကို ရွှေလင်းယုန်/မိုးဟိန်း ဆိုတဲ့ စစ်ဆင်ရေးတွေနဲ့ သုံးနှစ် လောက် အချိန်ယူ ကြိုးပမ်းခဲ့တာပါ။ အဲဒီ စစ်ဆင်ရေးတွေရဲ့ နည်းဗျူဟာက အင်မတန် ဆန်းပြီးတော့ အင်မတန် လက်တွေ့ဆန်ပါတယ်။ စစ်ရေးနဲ့ နိုင်ငံရေး လက်တွဲညီညီ ဆောင်ရွက်ခဲ့တဲ့ သာဓကတွေ ရှိပါ တယ်။ ဒါနဲ့ပတ်သက်လို့ နောင်မှာ အသေးစိတ် ရေးပြပါဦးမယ်။ အချုပ်အားဖြင့် ပြောရရင် ၁၉၇၅- ၇၆ ခုနှစ် လောက်မှာ မြစ်ဝကျွန်းပေါ် တစ်ခုလုံး လက်နက်ကိုင် ပဋိပက္ခတွေ ချုပ်ငြိမ်းသွားခဲ့ပါတယ်။

အဲဒီလို မငြိမ်းခင်မှာ ဒေသအလိုက် နာမည်ကြီးတဲ့ လက်နက်ကိုင် ခေါင်းဆောင်တွေကတော့ ကျုံပျော်/ ကျောင်းကုန်းဘက်မှာ ဗိုလ်သန်းရှိန်နဲ့ ဗိုလ်စကား။ မြောင်းမြခွင်မှာ ကွက်ကော့၊ ဝါးခယ်မဘက်မှာ အလွန် လက်ဖြောင့်လို့ "တစ်ချက် တစ်ကောင် ချစ်လေးမောင်" လို့ နာမည်ကြီးခဲ့တဲ့ သူပုန် ခေါင်းဆောင်။ သူ့ရဲ့ညီမ ကလည်း သူ့အစ်ကိုရဲ့ စိတ်ထား (တပ်မတော် မုန်းတီးရေး) နဲ့ တပ်မတော်သားတွေ ဆေးရုံတက်တိုင်း ဆေးထိုးပြီး သတ်ခဲ့တဲ့ သူနာပြုဆရာမ မမိုးဝါ။ သူ သတ်တဲ့ လေးယောက်မြောက် ရဲဘော်လူနာကျမှ ဖမ်းမိလို့ အင်းစိန်ထောင်မှာ သေဒဏ်ပေးခံရတဲ့သူပါ။ ကျွန်တော် ထောင်ကျတဲ့ ကာလ ၁၉၈၉ - ၉၅ ခုနှစ်မှာ အင်းစိန် ထောင်ထဲမှာပဲ "သူရဲမ" အဖြစ် ရှိနေခဲ့ပြီး ရဲဖန်ရဲခါ အကျဉ်းသားတွေကို အုပ်စုလိုက် ခြောက်လှန့်ခဲ့တယ်လို့ နာမည်ကြီးနေသူပါ။

ဘိုကလေးဘက်မှာတော့ "နစ်ဖြူ" လို့ ခေါ်ရမယ့် အဖွဲ့တစ်ဖွဲ့၊ သူတို့ ခေါင်းဆောင်က "ဗိုလ်အောင်သူ" လို့ ခေါ်တဲ့ ပုဂ္ဂိုလ်။ သူဟာ ၁၉၆၂ ခုနှစ်၊ ဇူလိုင် အရေးအခင်းအပြီးမှာ တောခိုခဲ့တဲ့သူ။ ရွှေလင်းယုန်/မိုးဟိန်း စစ်ဆင်ရေး ကာလမှာ တပ်မတော်နဲ့ နားလည်မှု ယူပြီးတော့ လက်နက်ချခဲ့တဲ့ သူ။ နဝတခေတ်မှာ ပီသုံးလုံးလို့ ခေါ်တဲ့ ပါတီရဲ့ အထွေထွေ အတွင်းရေးမှူး။ အခုတော့ သံတော်ဆင့် ဂျာနယ်မှာ "အောင်သာ-ပီသုံးလုံး" ဆိုတဲ့ နာမည်နဲ့ အပတ်စဉ် ဆောင်းပါးတွေ ရေးနေတဲ့သူ။

သူနဲ့ ကျွန်တော်က ထောင်ထဲမှာ ဆုံခဲ့ဖူးတော့ အဲဒီအသိနဲ့ သူ့ဆောင်းပါးတွေကို ဖတ်ဖြစ်ပါတယ်။ အဲဒီလို ဖတ်တဲ့အခါမှာ သူ ဖော်ပြတဲ့ အကြောင်းအရာတွေက ဓာတ်ပြားဟောင်းတွေ ပြန်နားထောင်နေရ သလိုပါပဲ။ အရေးတော်ပုံ ကာလ အကြောင်း၊ ကွန်မြူနစ်တွေရဲ့ တော်လှန်ရေး အကြောင်း၊ စစ်အစိုးရနဲ့ ပတ်ကျန် လက်ဝှတ်တွေကို သတ္တိရှိရှိ ခြေမှုန်း ဖျောက်ဖျက်ဖြစ်ဖို့ အကြောင်းတွေကိုပဲ ထပ်ခါတလဲလဲ ဖတ်နေရပါတယ်။

## ကိုယ့်ကိုယ်ကိုယ်တောင် အံ့သြမိတဲ့ ဒေါသ

တပ်ရင်းမှူး အသစ် မရောက်သေးတော့ ဒုတပ်ရင်းမှူး ဗိုလ်မှူးပီ-ကျော်ဟန်နဲ့ တပ်ကို ဦးစီးနေပါတယ်။ တစ်နေ့မှာ ဗိုလ်မှူးက ကျွန်တော့်ကို ခေါ် ပါတယ်။ ကျွန်တော်နဲ့အတူ အခြား စီနီယာ တပ်ခွဲမှူးဖြစ်တဲ့ ဗိုလ်ကြီး မြင့်မောင်ကိုလည်း ခေါ် ထားပါတယ်။ သူ့နောက်က မြေပုံကို ပြပြီးတော့ ကျွန်တော်တို့ တာဝန်တွေကို ရှင်းပြပါ တယ်။ ကျွန်တော့် တပ်ခွဲ နှစ်ခွဲက စစ်ကြောင်း နှစ်ကြောင်း ပုံစံနဲ့ ရွာတွေမှာ ရောက်နေတဲ့ ရန်သူတွေကို ရှာဖွေ တိုက်ခိုက်ရမှာပါ။

မြေပုံပေါ်မှာ ကျွန်တော့် ရည်မှန်းချက်က သုံးနေရာ၊ ဗိုလ်ကြီး မြင့်မောင်ရဲ့ ရည်မှန်းချက်က သုံးနေရာ ဖြစ်ပြီး စစ်ကြောင်း တစ်ကြောင်းနဲ့ တစ်ကြောင်း သုံး-လေးမိုင် အကွာကနေ ချီတက်ပြီး ည မမှောင်ခင်

ကျုံပျော်/ကျောင်းကုန်း မြစ်ဘေးမှာ ရှိတဲ့ရွာမှာ ဆုံကြဖို့ပါ။ အဲဒီမှာ သင်္ဘောတစ်စီးနဲ့ ကျွန်တော်တို့ တပ်ခွဲ နှစ်ခွဲကို ကြို့ပြီး တပ်ရင်းကို ပြန်ခေါ်မှာပါ။ ဒုတပ်ရင်းမှူးရဲ့ သတင်းတွေက ခိုင်လုံမှု ရှိပါတယ်။

ကျွန်တော်တို့ ကျုံပျော်ချောင်း တစ်ဖက်ကမ်းကို အတူတူ ကူးကြပါတယ်။ ကူးပြီးတော့ ကျွန်တော်တို့ တပ်ခွဲမှူး နှစ်ယောက် ပြန်ညှိကြဦးစို့လို့ ဗိုလ်ကြီး မြင့်မောင်က ပြောတာနဲ့ ကျွန်တော်တို့ ရုတ်တရက် မထွက်ဖြစ်သေးပဲနဲ့ တပ်ခွဲ အရာခံဗိုလ်၊ တပ်ကြပ်ကြီးတွေနဲ့ ခဏ ထိုင်ကြပါတယ်။ ဗိုလ်ကြီး မြင့်မောင်က နယ်မြေ အခြေအနေတွေကို အကျယ်တဝင့် ရှင်းပြပါတယ်။ ကျုံပျော်နဲ့ ကျောင်းကုန်းကြားမှာ လှုပ်ရှားရတဲ့ လက်နက်ကိုင် အဖွဲ့အစည်းတွေကို နာမည်နဲ့တကွ ရွတ်ပြပြီး သူတို့ ရှိနိုင်မယ့် နေရာတွေကို ခန့်မှန်းပြပါတယ်။

ဒါကြောင့် အခြေအနေအရ သူ သွားရမယ့် ရည်မှန်းချက် နေရာတွေကို ကျွန်တော့်ကို သွားစေချင် ကြောင်းနဲ့ ကျွန်တော် သွားရမယ့် နေရာတွေကို သူ သွားသင့်ကြောင်း ပြောပါတယ်။ တကယ်တော့ ဒုတပ်ရင်း မှူး ရှေ့မှာကတည်းက ကျွန်တော်တို့ကို ဘယ်ကို သွားရမယ် ဆိုတာ အတိအကျ ညွှန်ကြားပြီးသားပါ။ သွားခါနီးမှ အဲဒီလို တာဝန် ပြောင်းခိုင်းတာဟာ သဘာဝမကျတဲ့အပြင် အထက်အမိန့်ကို မနာခံရာကျပါတယ်။ ဒါပေမဲ့ ကျွန်တော်က အားနာတတ်တာက တစ်ကြောင်း၊ ဘယ်လို ရန်ကိုပဲ မဆို ရင်ဆိုင် ဖြေရှင်းရဲတဲ့ စိတ် ရှိတာက တစ်ကြောင်းတို့ကြောင့် သူပြောတဲ့ အတိုင်း "ရတယ်လေ" ဆိုပြီး သူ့အတွက် ရည်မှန်းထားတဲ့ နေရာ တွေကို သွားပြီး ဆောင်ရွက်မယ် ဆိုတဲ့အကြောင်းကို လက်အောက်ငယ်သားတွေ ပြန်ရှင်းပြရပါတယ်။ နောက်ပြီး နောက်ဆုံး ဆုံရက်ကို ရောက်မယ့် အချိန်ကိုလည်း ထပ်ညှိပါသေးတယ်။

ကျွန်တော်တို့ တပ်ခွဲ ပထမဆုံး ပစ်မှတ်ထားတဲ့ ရွာကိုရောက်တော့ ကိုးနာရီခွဲလောက် ရှိပါပြီ။ အိမ်ခြေ ၁၄-၁၅ အိမ်လောက်ပဲ ရှိတာပါ။ ရွာကို ဝင်တာနဲ့ သကောင့်သား လေး-ငါးယောက်လောက်က အိမ်တစ်အိမ် ပေါ်မှာ ဘာလုပ်နေလဲ မသိပါဘူး။ သေနတ်တွေကလည်း ထိုးထိုးထောင်ထောင်နဲ့၊ သူတို့ လုံးဝ အငိုက်မိသွား ကြတာပါ။ ကျွန်တော်တို့ကိုလည်း မြင်ရော သေနတ်တွေ ကောက်ယူပြီး အိမ်နောက်ဖေးက ခုန်ချ ထွက်ပြေး သွားကြပါတယ်။ အိမ်သားတွေ ရှိလို့ သူတို့ကို မပစ်လိုက်ရပါဘူး။ ဒါပေမဲ့ သူတို့ မသယ်နိုင်တဲ့ လက်နက် ခဲယမ်း အချို့ကိုတော့ ရလိုက်ပါသေးတယ်။ သေနတ် တစ်ချက်မှ မပစ်လိုက်ရပါဘူး။

ထမင်း ဟင်း ချက်ပြီးသား အသင့်ပါလာလို့ အဲဒီရွာမှာပဲ ကျွန်တော်တို့ ထမင်းစားကြပါတယ်။ ဒီလိုနဲ့ နောက်တစ်နေရာကို ၁၁ နာရီလောက် ရောက်သွားပါတယ်။ အဲဒီမှာတော့ အသင့်ရောက်နှင့်နေတဲ့ ရန်သူ တွေက ခုခံလို့ တိုက်ပွဲ ၁၀ မိနစ်လောက် ဖြစ်လိုက်ပါသေးတယ်။ သူတို့ ဆုတ်ခွာသွားမှ ရွာကို ဝင်တော့ ဘယ်သူမှ မရှိတော့ပါဘူး။ ဘာမှလဲ မရလိုက်ပါဘူး။ တတိယ ရည်မှန်းချက် ရွာကိုတော့ လွယ်လွယ်ကူကူ ဝင်လို့ရပါတယ်။ ဘာမှ ထိတွေ့မှု မရှိလို့ ကျွန်တော်တို့ တပ်ခွဲကို ခဏ နားခိုင်းလိုက်ပါတယ်။ နောက်ရွာ ရောက်ရင် ကျွန်တော်တို့ တာဝန်ပြီးပြီ၊ တပ်ကို ပြန်ဖို့ပဲပေါ့။ ခဏ နားခိုက်မှာ ကျွန်တော့်နားကို တပ်ခွဲ အရာခံ ဗိုလ်နဲ့ တပ်ကြပ်ကြီးတွေ ရောက်လာပါတယ်။ သူတို့မှာ ပြောစရာရှိလို့ပါတဲ့။

သူတို့ ပြောတာကတော့ ဗိုလ်ကြီး မြင့်မောင်ဟာ တပ်ကို ရောက်တာစောလို့ စီနီယာ တပ်ခွဲမှူးပေမဲ့ ဒါပေမဲ့ သတ္တိ အလွန်နည်းပါသတဲ့။ သူ့ကို တစ်နေရာ ခိုင်းလိုက်လို့ ရန်သူတွေ ရှိတယ်ထင်ရင် ဘယ်တော့မှ မသွားပါဘူးတဲ့။ သွားပြီးပြီဆိုတဲ့ အကြောင်း မဟုတ်မမှန် ရေးပြီး ကြေးနန်းပို့လေ့ရှိကြောင်း။

ဒီနေ့မှာလည်း ရန်သူ ရှိမယ်ထင်တဲ့နေရာတွေကို သူက စီနီယာမို့ သူ့ကို တာဝန်ပေးခြင်း ဖြစ်ကြောင်း ကျွန်တော့်ကို တာဝန်ပေးတဲ့ နေရာတွေက ရန်သူ မရှိနိုင်တဲ့ နေရာတွေ ဖြစ်တဲ့အပြင် သူ့စစ်ကြောင်းနဲ့ ထိတွေ့ လို့ ထွက်လာတဲ့ ရန်သူတွေကို ကျွန်တော်က ကောက်သင်းကောက်ဖို့ သဘောပဲ ရှိကြောင်း။ ဗိုလ်ဆေး

(ကျွန်တော့်ကို ဆိုလိုတာပါ) က လုပ်ချင်ကိုင်ချင်စိတ် ရှိလို့ လုပ်တယ်ပဲထားဦး၊ သူတို့ (အရာခံဗိုလ်နဲ့ တပ်ကြပ်ကြီးတွေ) က အိမ်ထောင်ရှင်တွေမို့ တစ်ခုခု ဖြစ်မယ်ဆိုရင် မိသားစုကိုလည်း ငဲ့ရမှာဖြစ်ကြောင်း။

နောင်မှာ ဗိုလ်ကြီး မြင့်မောင်နဲ့ တွဲပြီး တာဝန်တွေ ယူရတော့မယ်ဆိုရင် အများကြီး သတိထားဖို့နဲ့ အထက်က ပေးတဲ့ အမိန့်နဲ့ တာဝန်ကို တိတိကျကျ လိုက်နာဖို့ လိုကြောင်း ပြောကြပါတယ်။ ကျွန်တော်ကလည်း သူတို့ ပြောတာတွေဟာ အကျိုးအကြောင်း ဆီလျော်တဲ့အတွက် "ကောင်းပါပြီ နောင်ဆိုရင် ဆင်ခြင်ရတာပေါ့" လို့ ပြောပြီး နောက်ဆုံး စုရပ်ကို သွားဖို့ ပြင်ပါတော့တယ်။ (ဒီနေရာမှာ ကျွန်တော်က အရာရှိ ဖြစ်ပေမဲ့ ကျွန်တော့် လက်အောက်က အရာခံဗိုလ်နဲ့ တပ်ကြပ်ကြီးတွေ အကျိုးနဲ့ အကြောင်းနဲ့ တင်ပြတာကို ငါ့ကို ဆရာ လုပ်ရမလားဆိုတဲ့ စိတ်မထားပဲ နည်းလမ်းတကျ တင်ပြတာပဲဆိုတဲ့ စိတ်နဲ့ လက်ခံလိုက်တာပါ။)

နောက်ဆုံး စုရပ်ဖြစ်တဲ့ ရွာကို ကျွန်တော်တို့ ရောက်နေတဲ့ ရွာက လှမ်းမြင်နေရပါတယ်။ အဲဒီ ရွာကို သွားမယ်လုပ်တော့ သေနတ်ကိုယ်စီနဲ့ လူ လေး-ငါးယောက် ရွာထဲ ဝင်သွားတာ လှမ်းမြင်လိုက်ရပါတယ်။ သူတို့ ရှေ့က ဘယ်နယောက် ရွာထဲ ဝင်သွားတယ် ဆိုတာတော့ မသိပါဘူး။ အဲဒီ ရွာမှာ ဆုံဖို့ရာ အချိန်က ညနေ သုံးနာရီပါ။ လက်နက်ကိုင် တချို့ ရွာထဲကို ဝင်သွားတာ မြင်လိုက်ရတာက မွန်းလွဲ တစ်နာရီလောက် ရှိဦးမယ်။ ကျွန်တော်က တပ်ခွဲ ဒုအရာခံဗိုလ်နဲ့ တပ်ကြပ်ကြီးတွေ တိုင်ပင်တဲ့အခါမှာ ဒီအချိန် ရွာထဲကို ဝင်သွားတဲ့ လက်နက်ကိုင်တွေဟာ ရန်သူပဲ ဖြစ်ရမယ်။ ဗိုလ်ကြီး မြင့်မောင် တပ်ခွဲ ရောက်လာစရာ အကြောင်း မရှိသေးဘူးလို့ သူတို့ကလည်း ပြောကြပါတယ်။

အဲဒါကြောင့်မို့လို့ ကျွန်တော်က ဘရင်းဂန်းတွေနဲ့ မော်တာတွေကို ရွာနဲ့ နီးကပ်နေတဲ့ တောအုပ်ကလေးကို သွားဖို့ ညွှန်ကြားပြီး ကျွန်တော်နဲ့ ကျန်တပ်စုတွေက ရွာကို ရင်ဘောင်တန်းပြီး ချဉ်းကပ်မယ်လို့ ညှိလိုက်ကြပါတယ်။ ကျွန်တော်တို့ တပ်ဖွဲ့နဲ့ ပစ်ခတ်မှုဖြစ်ရင် မော်တာနဲ့ ဘရင်းဂန်းတွေက ပစ်ကူပေးဖို့ ညှိထားပါတယ်။ အဲဒီလို ပြင်ဆင်နေတုန်းမှာ ရွာထဲက အရပ်သား သုံးယောက်လောက် ထွက်လာပါတယ်။ မိန်းမ တစ်ယောက် ပါပါတယ်။ သူတို့ ကျွန်တော်တို့နား ရောက်တဲ့အခါ ခေါ်ပြီး ရွာထဲမှာ ဘယ်သူ့အဖွဲ့ ရောက်နေပြီလဲလို့ မေးပါတယ်။ အဲဒီအခါ သူတို့က "ဗိုလ်ကြီးတို့ တပ်ကလေ၊ ယူနီဖောင်းတွေ၊ လက်နက်တွေက ဗိုလ်ကြီးတို့အတိုင်းပဲ ခပ်ပိန်ပိန် ဗိုလ်ကြီး တစ်ယောက်တောင် ပါသေးတယ်" လို့ ပြောပါတယ်။

ကျွန်တော့် စိတ်ထဲမှာ "ဟာခနဲ" ဖြစ်သွားပြီး ဗိုလ်ကြီး မြင့်မောင်ဟာ ဆုံရပ်ကို ညနေ သုံးနာရီ ဝင်ရမယ့် အစား တစ်နာရီမှာ ဝင်ခဲ့တဲ့ အတွက် ကျွန်တော်က ရန်သူမှတ်ပြီး တိုက်မယ်လို့ စီစဉ်တာ၊ ကံကြီးလို့ပါပဲလား၊ ရွာသားတွေများ ထွက်မလာရင် အားလုံး ကိုယ်ကျိုးနဲ်မလို ဖြစ်သွားတော့မှာလို့ တွေးပြီး လက်နက်ကြီး အဖွဲ့ကိုလည်း ပြန်ခေါ်၊ ကျွန်တော့် စစ်ကြောင်းကိုလည်း "အေးစေ" ဆိုပြီး ရွာထဲကို ဝင်သွားလိုက်ပါတယ်။

ရွာထဲရောက်တော့ ဗိုလ်ကြီး မြင့်မောင်က သူကြီးအိမ်မှာ ရေနွေးကြမ်းနဲ့ လက်ဖက်သုပ်နဲ့ နားနေတာ တွေ့ရတဲ့အခါ ကျွန်တော့်စိတ်က ထောင်းခနဲ ဖြစ်သွားပြီး "ဗိုလ်ကြီး ဘယ်လိုလုပ်တာလဲ၊ ဒီရွာထဲကို အစောကြီး ဝင်လာတာကို ကျွန်တော်က ရန်သူ အောက်မေ့ပြီး တိုက်တော့မလို့၊ တပ်တွေကိုတောင် နေရာ ချထားပြီးပြီ" လို့ ဒေါသသံနဲ့ ပြောမိပါတယ်။

ကျွန်တော့် စကားကို သူ ဘယ်လို အဓိပ္ပာယ်ကောက်သလဲ မသိပါဘူး။ "မင်း အဲဒီလို တိုက်ရင် မင့်ကို Court Martial (စစ်ခုံရုံး) တင်တာ ခံရမှာပေါ့" လို့ ပြောပါတယ်။ ပြောပုံက ကျွန်တော် အပြစ်ရှိလို့ အရေးယူ ခံရမယ်ဆိုတဲ့ သဘော။ အရင်ရွာမှာတုန်းက ကျွန်တော့်ရဲ့ ဆရာကြီးတွေ ပြောထားတဲ့ စကားအခံကလည်း ရှိနေတော့ ကျွန်တော် ဒေါသထွက်မိပါတယ်။ ဒါ့ကြောင့် ကျွန်တော်က "ခင်ဗျား ဘာစကားပြောတာလဲ" လို့

ပြောတဲ့အခါမှာ သူက "ဟုတ်တယ်လေကွာ၊ ငါ့ကို မင်း လာတိုက်ရင် မှားယွင်း တိုက်ခိုက်မှုကြောင့် မင့်ကို စစ်ခုံရုံးတင်တာ ခံရမှာပေါ့" လို့ ထပ်ပြောပါတယ်။

အဲဒီမှာ ကျွန်တော့်စိတ်တွေ ပေါက်ကွဲပြီး နောက်ကို ဆယ်လှမ်းလောက် ဆုတ်လိုက်ပါတယ်။ ပြီးမှ ကျွန်တော်က "ခင်ဗျားမှာလည်း သေနတ်ရှိတယ်၊ ကျုပ်မှာလည်း သေနတ်ရှိတယ်၊ ခင်ဗျား အခု နေရာက ထ၊ အခု ရှင်းမယ်" ဆိုပြီး ကျွန်တော့်ရဲ့ ခါးမှာ ချိတ်ထားတဲ့ ခြောက်လုံးပြူးကို ထုတ်လိုက်ပါတယ်။ ပြီးမှ အသင့် အနေအထားနဲ့ ရင်ဆိုင်လိုက်ပါတယ်။

အဲဒီအချိန်မှာ တပ်ခွဲ ဒုအရာခံဗိုလ် ခင်မောင်က ကျွန်တော့်ကို တစ်ကိုယ်လုံး ဖက်လှဲပြီး ကျွန်တော့် သေနတ်ကို လုယူလိုက်ပါတယ်။ ပြီးမှ အနီးအနားမှာ ရှိတဲ့ တပ်ကြပ်ကြီးတွေကို ခေါ်ပြီး "ကဲ ကဲ၊ မင်းတို့ ဗိုလ်လေးကို ခေါ်သွားကြ၊ ခပ်ဝေးဝေးမှာ နားနေပါစေ" လို့ ပြောပြီး ကျွန်တော့်ကို ဆွဲခေါ်သွားကြပါတယ်။ ကျွန်တော့်ကို တစ်နေရာရောက်တော့ ထိုင်ခိုင်းပြီး "ဗိုလ်လေး နားနားနေနေ နေပါ၊ စိတ်လျှော့ပါ၊ စိတ်လျှော့ပါ" ဆိုပြီး ထိုင်ခိုင်းလိုက်ပါတယ်။ အဲဒီအခါမှာ (ထိုင်နေတုန်းမှာ) ကျွန်တော့်လက်တွေ တုန်နေတာကို မတွေ့စဖူး တွေ့လိုက်ရပါတယ်။ ဒေါသကြောင့် အဲဒီလို လက်တွေ တုန်နေတာ ဖြစ်ပါလိမ့်မယ်။

ညနေ သဘောနဲ့ လာကြိုတော့ တပ်ကို ပြန်ရောက်ပါတယ်။ မှန်းထားတဲ့အတိုင်း ဗိုလ်ကြီး မြင့်မောင်က ဗိုလ်မှူး ပီ-ကျော်ဟန်ကို တိုင်ပါတယ်။ ကျွန်တော့်ကို အရေးယူဖို့ပေါ့။ ဗိုလ်မှူး ပီ-ကျော်ဟန်က ကျွန်တော်ရဲ့ ဆရာကြီးတွေကိုရော၊ သူ့တပ်ခွဲက ဆရာကြီးတွေကိုပါ ခေါ်မေးပါတယ်။ အဲဒီမှာ ကျွန်တော် သွားရမယ့် နေရာ နဲ့ သူ့ကို ခိုင်းတဲ့ နေရာတွေကို စကတည်းက နေရာ ပြောင်းလိုက်တဲ့ကိစ္စ ပေါ်လွင်သွားပါတယ်။

ဒါ့ကြောင့် ဗိုလ်မှူး ပီ-ကျော်ဟန်က ကျွန်တော့်ကို ငယ်သေးကြောင်း၊ နောင်မှာ အလားအလာ အများ ကြီး ရှိတဲ့အကြောင်းနဲ့ အထက် အရာရှိတွေနဲ့ ဆက်ဆံတဲ့အခါ ဒေါသ ထိန်းဖို့၊ နို့မို့ရင် ငယ်ငယ်ရွယ်ရွယ်နဲ့ မဖြစ်သင့်တာတွေ ဖြစ်သွားနိုင်ကြောင်း စတဲ့ စကားတွေနဲ့ ဆုံးမ စကားတွေ ပြောပါတယ်။ ကျွန်တော် သူ့ကို ဘာမှ စောဒက မတက်ပါဘူး။ သူ ပြောတဲ့ စကားတွေဟာ ကျိုးကြောင်း ညီညွတ်တယ်လို့ ကျွန်တော် ယူဆ လို့ပါ။ တကယ်လို့ အဲဒီလိုမဟုတ်ဘဲ ဗိုလ်ကြီး မြင့်မောင်က ကျွန်တော့်ကို ရုံးတင်၊ ကျွန်တော်က ပြန်ချေပနဲ့ ကျော်မကောင်း ကြားမကောင်း ဖြစ်မှာပါ။ ဒီအနေအထားကို ဗိုလ်မှူး ပီ-ကျော်ဟန်က "ကြီးသော အမှု ငယ်စေ၊ ငယ်သော အမှု ပပျောက်စေ" ဆိုတဲ့ သဘောနဲ့ ဖြေရှင်းပေးလိုက်တာပါ။ ကျေးဇူးကြီးလှပါပေ့ ဆရာ သခင်။

## တပ်စုမှူး သင်တန်း

ကျွန်တော်တို့ ကျောင်းဆင်းပြီး ခြောက်လလောက် အကြာမှာ ကျွန်တော်တို့ Intake တစ်ခုလုံးကို တပ်စုမှူး သင်တန်း တက်ဖို့ ခေါ်ပါတယ်။ ရပ်စောက်/ဗထူးမြို့မှာ ဖြစ်ပါတယ်။ ကျွန်တော် ရခိုင် ရိုးမ အရှေ့ခြမ်း ဒေသမှာ စစ်ဆင်ရေး ဝင်နေခိုက်မှာ ပြန်ခေါ်တဲ့အတွက် နားရမှာကလည်း တစ်မျိုး အခွင့်အရေး ပေါ်ရင် သူနဲ့လည်း တွေ့နိုင်မှာဖြစ်လို့ စိတ်လက်ပေါ့ပေါ့ပါးပါးနဲ့ ဗထူးမြို့ကို သွားခဲ့ပါတယ်။ (အထက်မှာ ရေးပြခဲ့ပြီးပါပြီ၊ ဗထူး မြို့က အပြန် သူ့ဆီကို သွားတွေ့ခဲ့တယ် ဆိုတဲ့ အကြောင်း။) ကျွန်တော်တို့ Intake က အောင်ဝင်းနဲ့ ကျင်စံ က လွဲလို့ အားလုံး လူစုံပါတယ်။ ကျွန်တော်တို့အပြင် OTS ကျောင်းဆင်း တခြားအရာရှိတွေလည်း ပါပါတယ်။ အများစုက ကျွန်တော်တို့ထက် အသက်ကြီးတဲ့သူတွေပါ။

## ကျွန်တော့် ရဲဘော်ကြီး ဖွန်ဒိုလျန်

ကျွန်တော် တပ်ရင်း ၅ ရောက်လို့ တပ်စုမှူး ဖြစ်လာတဲ့အခါ တပ်စု တပ်ကြပ်ကြီး တင်အုန်းက ကျွန်တော့်အတွက် Best man တစ်ယောက် လိုတယ်၊ အဲဒါ ကျွန်တော် ရွေးမလား၊ သူက ရွေးပေးရမလား မေးပါတယ်။ ကျွန်တော်က တပ်စု တစ်စုလုံးမှာ အအ,ဆုံး ရဲဘော် ဘယ်သူလဲလို့ မေးပါတယ်။

သူက ခဏ စဉ်းစားပြီးတော့ "ဖွန်ဒိုလျန် ဆိုတဲ့ ကောင်လေးတော့ ရှိတယ်၊ ချင်းကလေး၊ အ,လွန်းလို့ ဘာမှ ခိုင်းလို့ မရဘူး။ စာမတတ် ပေမတတ်နဲ့" လို့ ပြောတဲ့ အခါမှာ ကျွန်တော်က "ဟုတ်ပြီ၊ သူ့ပဲ ခန့်လိုက်တော့" လို့ ပြောလိုက်ပါတယ်။

ဖွန်ဒိုလျန်က အသားညိုညို၊ အရပ်မြင့်မြင့်နဲ့၊ ကြည့်လိုက်တာနဲ့ ချင်းအမျိုးသားမှန်း သိသာတဲ့ ရုပ်နဲ့ပါ။ အေးပါတယ်၊ အ,ပါတယ်။ စာလည်း မတတ်ပါဘူး။ သွက်လက် ချက်ချာမှုလည်း မရှိပါဘူး။ သူ့ကို တပ်စိတ်မှာထားရင် ကျန်တဲ့လူတွေအတွက် အစစ အရာရာ အနှောက်အယှက် ဖြစ်နေမှာပါ။ ဒါ့ကြောင့် ကျွန်တော့်ရဲ့ ကိုယ်တိုင်လက်တောင်း ရဲဘော်အနေနဲ့ ခေါ်ထားတာပါ။ သူ့အလုပ်က ကျွန်တော်ရဲ့ ဝေယျာဝစ္စတွေ လုပ်ပေးမယ်၊ ကျွန်တော့်ရဲ့ အမိန့်တွေကို တပ်စိတ်မှူးတွေကို အကြောင်းကြားပေးမယ်၊ ဒီလောက်ပဲ ရှိတာကိုး။

ကျွန်တော် တပ်စုမှူး သင်တန်း တက်တဲ့အခါကျတော့ အရာရှိတိုင်း Best man ခေါ်ခဲ့ရမယ်၊ သူတို့ရဲ့ ကိုယ်ပိုင် လက်နက်ပါ ယူခဲ့ရမယ် ဆိုတဲ့ ညွှန်ကြားချက် ရှိပါတယ်။ အဲဒီတော့ ရန်ကုန်က ရထား စီးတဲ့အခါမှာ သာစည်မှာ ဆင်း၊ သာစည်ကမှ ရှမ်းပြည်နယ် ရထားကို စီး၊ ဒီလို အစီအစဉ်နဲ့ ဖထူး တပ်မြို့ကို သွားရမှာကိုး။ ရန်ကုန် ဘူတာကြီးမှာ ကျွန်တော်က အထက်တန်းတွဲမှာ စီးရမှာပါ။ သူ့အတွက်ကတော့ တပ်မတော်သားတွေအတွက် သီးသန့်တွဲမှာ စီးရမှာပါ။ ဒါ့ကြောင့် သူ့ကို တပ်မတော်သားတွဲထိ လိုက်ပို့ပြီး သူ့ ထိုင်ခုံ ဘေးက ရဲဘော်တွေကို မှာရပါတယ်။ သာစည်ကို ညအချိန် ရောက်မှာမို့ သူ့ကို နှိုးပြီးတော့ ချပေးဖို့။

ကျွန်တော်က သာစည်မှာ ဆင်းပြီး မိတ္ထီလာက မိဘတွေကို ဂါရဝပြုဖို့ သွားမယ့် အစီအစဉ် ရှိပြီးသားပါ။ ဖွန်ဒိုလျန်ကိုလည်း "ငါတို့ သာစည်မှာ ဆင်းမယ်၊ အဲဒီကမှ မိတ္ထီလာကို ကားနဲ့ သွားမယ်၊ အဖေ အမေ အိမ်မှာ တစ်ည အိပ်မယ်၊ အဲဒီကမှ ရှမ်းပြည်နယ်ကို သွားမယ်" လို့ မှာထားပြီးသားပါ။ သာစည်ကို ရောက်ပါပြီ၊ ကျွန်တော့ ပစ္စည်းတွေ ချထားပြီး ဖွန်ဒိုလျန် စီးတဲ့ နောက်ပိုင်းကရထား တွဲဘက် လှမ်းမျှော်ကြည့်တော့ သူ့ အရိပ်အယောင် မတွေ့ရပါဘူး။ အဲဒါနဲ့ ကျွန်တော့် ပစ္စည်းတွေကို ဘူတာထဲက ဆိုင်တစ်ဆိုင်မှာ ခဏ အပ်ထားပြီး ဖွန်ဒိုလျန် ရှိမယ့် ရထားတွဲကို သွားကြည့်ပါတယ်။ သူ မရှိပါဘူး။ တွဲထဲက ရဲဘော်တွေကတော့ ကုလားသေ ကုလားမော အိပ်ပျော်နေကြပါတယ်။

ဒါနဲ့ သာစည် ဘူတာက အသံချဲ့စက်ဌာန သွားပြီး "သနက ၅ က ရဲဘော် ဖွန်ဒိုလျန်၊ ဒီ သာစည် ဘူတာမှာ ဆင်းရမှာ၊ အခု ပြောနေတာ ဗိုလ်ကြီး ဝင်းထိန်ပါ" ဆိုတဲ့ ကြေငြာချက်ကို လေး-ငါးခါလောက် အော်ပြောပါတယ်။ ဘသားချောက ပေါ်မလာပါဘူး။ ဒါနဲ့ လက်လျှော့ပြီးတော့ မိတ္ထီလာကို သွား၊ မိဘနဲ့ နှစ်ရက်လောက် နေပြီး ဖထူးမြို့ကို စိတ်လေးလေးနဲ့ သွားရပါတော့တယ်။ ဘာလို့ စိတ်လေးရသလဲ ဆိုတော့ ကျွန်တော် ယူလာရမယ်ဆိုတဲ့ ရိုင်ဖယ်သေနတ်က သူ့ကို အပ်ထားတာကိုး၊ သူသာ ပေါ်မလာလို့ကတော့ ကျွန်တော် ပြဿနာတက်ပြီပေါ့။

ဖထူးတပ်မြို့ ရောက်တော့ တပ်ရေး ဗိုလ်ကြီးကို ကျွန်တော် သတင်းပို့ရပါတယ်။ တပ်ရေး ဗိုလ်ကြီးက ကျွန်တော့် နာမည်ကို ကြားတာနဲ့ "အာလာလား.... ခင်ဗျား ရဲဘော် ဖွန်ဒိုလျန်ဆိုတဲ့ကောင် သေနတ် နှစ်လက်

နဲ့ (သူ တစ်လက်၊ ကျွန်တော် တစ်လက်လေ) တပ်စုမှူး သင်တန်း တက်ဖို့ဆိုပြီး လာသတင်းပို့ပါရောလား" လို့ ပြောပြောရယ်ရယ်နဲ့ တဟားဟား အော်ရယ်နေပါတော့တယ်။ အဲဒီကျမှ ကျွန်တော့်မှာ အပူလုံးကြီး ကျသွားပါတော့တယ်။ ဖြစ်ပုံက ဒီလိုပါ …။

ဖွန်ဒိုလျန်က ညနေ လေးနာရီထွက်တဲ့ ရန်ကုန်-မန္တလေး ရထားနဲ့ ထွက်လာရာမှာ အချိန်တန်တော့ အိပ်တယ်ပေါ့။ မအိပ်ခင် သူ့ဘေးနားက ရဲဘော်တွေကို သာစည်ရောက်ရင် နှိုးဖို့ မှာထားပါသတဲ့။ တစ်နေရာ ရောက်တော့ မှောင်ရီမည်းမည်းပေါ့၊ "ဟိတ်ကောင်၊ သာစည်ရောက်ပြီ ဆင်းဆင်း" ဆိုပြီး နှိုးတော့ သူလည်း ကမန်းကတန်းနဲ့ ပစ္စည်းတွေ ချ၊ သေနတ်တွေ လွယ်ပြီး ဆင်းလိုက်ပါသတဲ့။ အဲဒီဘူတာမှာ ရထားက ကြာကြာ မရပ်ပါဘူး။ ဘူတာမှာ ဆင်းတဲ့လူက သူတစ်ယောက်တည်းတဲ့။ အဲဒီတော့ ဘူတာရုံမှာ ရှိတဲ့လူကို မေးတော့ အဲဒီ ဘူတာက ပျော်ဘွယ်တဲ့။

"ဟိုက်၊ ဒုက္ခရောက်ပြီ" လို့ သူ့ကိုယ်စား ကိုယ်ချင်းစာပြီး ရေရွတ်မိလိုက်တာပါ။

ဒါနဲ့ မိုးလင်းအောင် စောင့်၊ ဟိုမေး ဒီမေးနဲ့ ကျွန်တော့် သေတ္တာ၊ သူ့သေတ္တာ အပြင် သေနတ် နှစ်လက်နဲ့ မိတ္ထီလာ သွားမယ့်ကားကို စီးလိုက်ပါသတဲ့။ မိတ္ထီလာ ရောက်တော့ မပီကလာ ပီကလာနဲ့ မြင်းလှည်း တစ်စီး ငှားပါသတဲ့။ အဲဒီမြင်းလှည်းနဲ့ ရပ်ကွက်တကာကို တစ်နေကုန် လျှောက်သွားပြီး "ဗိုလ်ကြီး ဝင်းထိန် ရှိလား…၊ ဗိုလ်ကြီး ဝင်းထိန် ရှိလား" လို့ မေးပါသတဲ့။ သူက ကံမလိုက်တော့ ကျွန်တော်နဲ့ သိတဲ့လူ တစ်ယောက်မှ မတွေ့ခဲ့ဘူးပေါ့။ ကျွန်တော်ကလည်း မှားပါတယ်၊ မိတ္ထီလာက မိဘ အိမ်လိပ်စာ သူ့ကို ပေးမထားမိဘူးလေ။

အမယ် ဝတိက အ,အကြီးတော့ မဟုတ်ဘူးဗျ။ ဗထူးတပ်မြို့ကို သွားမယ်ဆိုတဲ့ အသိတော့ ရှိတယ်၊ အဲဒီ အသိကြောင့် ကျွန်တော့်ကို မတွေ့တဲ့အခါ သာစည်ကို သွားတယ်၊ အဲဒီကမှ ရွှေညောင် ရထား စီးတယ်၊ ရွှေညောင်ကမှ ဗထူးကို လိုင်းကားစီးပြီး သွားတယ်။ ဗထူးရောက်တော့ တိုက်ခိုက်ရေး ကျောင်းက တပ်ရေး ဗိုလ်ကြီးကို သူ တပ်စုမှူး သင်တန်းတက်ဖို့ လာတာပါ ဆိုပြီး သတင်းပို့တယ်။ ကျွန်တော် အခုထိ မှတ်မိပါ သေးတယ်။ တပ်ရေး ဗိုလ်ကြီးက ဗိုလ်ကြီး သိန်းထွန်း၊ ဟာသဉာဏ်ရွှင်တဲ့ ပုဂ္ဂိုလ်ပါ။

သတင်းပို့တော့ ကိုယ့်နဖူး ကိုယ်ရိုက်ပြီး "ဟုတ်ပြီ ကိုယ့်လူရေ" လို့ ရေရွတ်ပြီးတော့ မေးတဲ့ အခါကျမှ ကျွန်တော်နဲ့ ပါလာတာ ဆိုတဲ့အကြောင်း၊ ပျော်ဘွယ် ဘူတာမှာ ဘေးနားက ရဲဘော်တွေက သူ့ကို နောက်ချင်လို့ ပြဿနာ တက်ခဲ့တဲ့ အကြောင်းတွေကို မပီကလာပီကလာနဲ့ စီကာပတ်ကုံး ပြောတော့ ဗိုလ်ကြီး သိန်းထွန်းက တဟားဟား ရယ်ရင်း သဘောတွေကျလို့။ ကျွန်တော် သတင်းပို့တဲ့အခါကျတော့လည်း နောက်တစ်ခါ ရယ် ကြောတွေ ပွင့်ကုန်ပါသေးတယ်။

## သင်တန်း အတွေ့အကြုံ

ကျွန်တော်တို့ သင်တန်းမှာ ထူးခြားတာက OTS သင်တန်း တစ်ခုမှာ Best Cadet ရခဲ့တဲ့ အရာရှိလည်း ပါပါ တယ်။ သူက အဲဒီ ဗထူး တိုက်ခိုက်ရေးကျောင်းက အရာရှိ တစ်ဦးလည်း ဖြစ်ပါတယ်။ သင်တန်းက လေးလနဲ့ လောက် ကြာပါတယ်။ စာမေးပွဲတွေလည်း ရှိပါတယ်။ အဲဒီ စာမေးပွဲတွေမှာ ပညာစမ်းတာလေးတွေ နည်းနည်း ပါပါတယ်။ ဥပမာ- ကျွန်တော်က သင်တန်းမှာ ဆုတွေ ရဖူးတဲ့သူမို့လို့ တိုက်ခိုက်ရေး ကျောင်းကလည်း သူတို့ဆီက အတော်ဆုံးလို့ ထင်တဲ့သူနဲ့ သင်တန်း တစ်ခုတည်း စီစဉ်လိုက်တာပါ။ စာမေးပွဲတွေမှာ အဲဒီ အရာရှိက အမြဲတမ်းနီးပါး ပထမ ရပါတယ်။

ကျွန်တော်ကတော့ အဆင့် ၂ သို့မဟုတ် ၃ - ၄ ရလောက်ရှိပါတယ်။ အဲဒီ အရာရှိနဲ့ ကျွန်တော်နဲ့ ဘာကွာသလဲ ဆိုတော့ သူ့အဖြေတွေက "၏၊ သည်၊ ၍" မလွဲအောင် ဖြေထားတာပါ။ ကျွန်တော်က သဘောနဲ့သာ စာကျက်မှတ်တဲ့သူမို့ ဝါကျတွေ တစ်သဝေမတိမ်း မတူတဲ့အတွက် အမှတ်ပြည့် မရဘူး ဆိုတဲ့ သဘောပေါ့။ (ကျောင်းဆင်းပြီးနောက်မှ သိရတာက အဲဒီ အရာရှိက ကျောင်းက အရာရှိဖြစ်လို့မို့ မေးခွန်းတွေ ကြိုရပါသတဲ့။) ကျွန်တော့်မှုက အကြောင်းအရာတစ်ခုကို သဘောထား သိဖို့က အဓိက။ "၏၊ သည်၊ ၍" မလွဲ ကြက်တူရွေးလို ဖြေနိုင်တာက သာမညလို့ သဘောထားတဲ့သူပါ။

ကြက်တူရွေး စာအံသလို မဖြေနိုင်လို့ အမှတ်ပြည့် မရလည်း ကိစ္စမရှိဘူး၊ ဒီနည်းဟာ ဦးနောက်ကို စော်ကားသလိုပဲလို့ ယူဆတာက တစ်ကြောင်း၊ ဘယ်သင်တန်းမဆို ပထမ ရကို ရ,ရမယ် ဆိုတဲ့ စိတ်ထား မရှိတာက တစ်ကြောင်း၊ နောက်တစ်ကြောင်းက အတူတူ ကျောင်းဆင်းခဲ့တဲ့ သူငယ်ချင်းတွေနဲ့ နေ့ခင်းမှာ အခုလို တစ်စုတစ်ဝေးတည်း တွေ့ခိုက်မှာ ပျော်ပျော်ပါးပါး၊ လွတ်လွတ်လပ်လပ် နေချင်တာက တစ်ကြောင်း တွေကြောင့် ကျားကုတ်ကျားခဲ မကြိုးစားပဲ သင်တန်းကို အေးအေးဆေးဆေး ဖြတ်သန်းခဲ့တာပါ။

သင်တန်းမှာတော့ တပ်စုမှူး၊ တပ်ခွဲမှူး အဆင့်တွေ သိသင့်၊ တတ်သင့်တဲ့ နည်းဗျူဟာတွေ သင်ပါတယ်။ တပ်စု အဆင့်၊ တပ်ခွဲ အဆင့်နဲ့ ညတိုက်ပွဲ စတဲ့ သင်ခန်းစာတွေကို စာတွေ့ရော၊ လက်တွေ့ပါ လေ့ကျင့်ရပါတယ်။ ပစ္စည်း အထောက်အကူ မရှိဘဲ တောတွင်း စခန်းချ နေထိုင်နည်းကို လက်တွေ့ ကျင့်သုံးရပါတယ်။ ဒီနည်းက စခန်းချရာ နေရာတစ်ဝိုက်မှာ ရနိုင်တဲ့ သစ်သီး သစ်ရွက်၊ သစ်ဥ သစ်ဖုတွေကို ရှာပြီး ရှင်သန် နေထိုင်နိုင်အောင် Survival Practices တွေကို လက်တွေ့ ဆောင်ရွက်ခဲ့ကြရပါတယ်။ အဲဒါ တွေ အပြင် အမြောက်တပ်နဲ့ သံချပ်ကာတပ်တို့ အကူနဲ့ ပူးတွဲ စစ်ဆင်ရေး လေ့ကျင့်ခန်းတွေ လုပ်ရပါတယ်။

## ဓလေကောင်း မပျောက်ကောင်းလို့ ပြောရင် ဖြစ်နိုင်မလား

အရင်ခေါင်းစဉ်တွေလို သီးခြား ခေါင်းစဉ် မတပ်ချင်လို့၊ ကြုံရတာကလည်း ပြင်းပြင်းထန်ထန်ကြီး မဟုတ်လို့ ဒီလိုပဲ မေးခွန်းထုတ်တဲ့အနေနဲ့ ရေးပြလိုက်ရတာပါ။ ကြုံရတာက ညအချိန် ချီတက်နည်း Night March ပါ။ သင်တန်းသားတွေက ညအချိန်၊ ဗထူးမြို့အပြင်ထွက်ပြီး တောထဲ ရောက်မှ ကောင်းကင်က ကြယ်တွေကို ကြည့်ပြီး သံလိုက်အိမ်မြှောင်နဲ့ ချီတက်တဲ့ သင်ခန်းစာပါ။

အဲဒီလို မချီတက်ခင်မှာ သင်တန်းဆရာက လက်နှိပ်ဓာတ်မီးကို သုံးပြီးတော့ မြေပုံကို ပြပါတယ်။ ပြီးတော့ ကိုယ် ချီတက်ရမယ့် နေရာရဲ့ အနေအထားကို ရပ်ညွှန်း ဒီဂရီ တွက်ရပါတယ်။ ရပ်ညွှန်း ဒီဂရီ ရပြီ ဆိုရင် သင်တန်းသားကို သဘောပေါက်အောင် ပြောပြပေးမှ သူ့ကို သံလိုက် အိမ်မြှောင်ကို သုံးပြီး ညအချိန် ချီတက်ရပါတယ်။ ကျန်တဲ့ သင်တန်းသားတွေက အဲဒီ ကျောင်းသား နောက်က လိုက်ကြရပါတယ်။

ကျွန်တော့် အလှည့်ကျတော့ တောင်ကုန်းတစ်ခုကို ချီတက်ရမှာပါ။ သင်တန်းဆရာ ပြထားတဲ့ ရပ်ညွှန်း ဒီဂရီအတိုင်း သံလိုက် အိမ်မြှောင်ကို သုံးပြီး ချီတက်ပါတယ်။ ကျွန်တော် သွားရမယ့် တောင်ကုန်းက ကိုက် ၁၀၀၀ လောက် ဝေးပါတယ်။ ကျွန်တော်လည်း သံလိုက် အိမ်မြှောင်ကို ကြည့်လိုက်၊ ကောင်းကင်က ကြယ် တွေကို ကြည့်လိုက်နဲ့ ချီတက်ပါတယ်။ အဲဒီလို ချီတက်တာ အချိန်နည်းနည်း ကြာသွားပါပြီ။ ရည်မှန်းချက်ကို ရောက်မယ် ဆိုရင် ရောက်လောက်ပါပြီ။

ဒါပေမဲ့ မရောက်သေးပါ။ လိုက်လာတဲ့ သင်တန်းဆရာ ဗိုလ်ကြီးကလည်း ဘေးက တတွတ်တွတ် ပြောနေတာကြောင့် အာရုံတွေ ထွေပြားပြီး လမ်းကြောင်း ပျောက်သွားတယ်လို့ ထင်ပါတယ်။ ကျွန်တော်က

လည်း စိတ်တွေကို စုစည်းလို့ မရဘဲ လမ်းကြောင်းမှန်ဖို့ အသည်းအသန် စဉ်းစားပြီး ဖြည်းဖြည်းချင်း လျှောက်လှမ်းနေပါတယ်။ ဒီလို အနေအထားမှာ ကျွန်တော့် ခြေထောက်တွေဟာ မြေပြင်ပေါ်မှာ မလျှောက်မိဘဲ ရုတ်တရက် အောက်ခြေလွတ်သွားပြီး မြေကြီးပေါ်ကို ဖင်ထိုင်လျက် ကျသွားပါတယ်။

ခြေထောက် နှစ်ချောင်းက ကုလားထိုင်ပေါ်မှာ ထိုင်နေသလိုဖြစ်လို့ ခြေထောက်ကို ဘယ်/ညာ လှုပ်ကြည့်မိပါတယ်။ ဘာကိုမှ စမ်းလို့ မမိပါ။ ရှေ့ဆောင်နေတဲ့ ကျွန်တော်က ရုတ်တရက် ရပ်သွားတော့ နောက်က သင်တန်းသားတွေလည်း ရပ်သွားပါတယ်။ သင်တန်းမှူးက ဘာဖြစ်တာလဲလို့ သိချင်လို့ ရှေ့လိုက်လာတဲ့အခါ မြေကြီးပေါ်မှာ ငုတ်တုတ် ဖြစ်နေတဲ့ ကျွန်တော့်ကို တွေ့ရပါတယ်။ ညအချိန် ချီတက်ခြင်း သင်ခန်းစာရဲ့ စည်းကမ်းအရ လက်နှိပ်ဓာတ်မီး အသုံးပြုခွင့်မရှိလို့ ပတ်ဝန်းကျင်မှာ ဘာဖြစ်နေတယ် ဆိုတာ ကျွန်တော် မသိပါ။

သင်တန်းမှူး ဗိုလ်ကြီး ရောက်လာမှ သူက လက်နှိပ်ဓာတ်မီးထိုးပြီး ကြည့်တဲ့အခါကျတော့ လား... လား...ကျွန်တော်က ချောက်ကမ်းပါး တစ်ခုပေါ်မှာ ထိုင်လျက်ကြီး ဖြစ်နေတာပါ။ အောက်ကို မီးထိုးကြည့်တော့ အဲဒီ ချောက်ကမ်းပါးဟာ ခန့်မှန်းခြေ အနက် ပေ ၂၀ လောက် ရှိမယ် ထင်ပါတယ်။ ကျွန်တော် အဲဒီလို ထိုင်လျက်သား ဖြစ်မသွားရင် ချောက်ထဲကို လွင့်ကျမှာ သေချာပါတယ်။ အသက် အန္တရာယ် ရှိနိုင်ပါတယ်။ သေရင် သေ၊ မသေရင်လည်း ကြီးကြီးမားမား ခြေကျိုး၊ လက်ကျိုး ဖြစ်သွားနိုင်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီကိစ္စလေးကို "မသေကောင်း မပျောက်ကောင်း" လို့ အပ်ကျမပ်ကျ မပြောနိုင်တာပါ။

## အတွေး လိုက်မမှီခဲ့တဲ့ လူမှုရေး ပြဿနာတစ်ခု (အချစ်နဲ့ ရာဂ)

ကျွန်တော်တို့ တပ်ရင်းက တပ်ရင်းမှူး ကျဆုံးသွားလို့ ထင်ပါရဲ့ အထက်က ကျွန်တော်တို့ တပ်ကို ကျုံပျော်ကနေ မအူပင်မြို့ကို ပြောင်းဖို့ အမိန့်ချလိုက်ပါတယ်၊ အရာရှိ အများစု ရှေ့တန်း ရောက်နေတဲ့အတွက် အသစ်ရောက်စ တပ်ရင်းမှူး ဗိုလ်မှူး သိုးထိန်းက ကျွန်တော့်ကို မအူပင်ကို စေလွှတ်လိုက်ပါတယ်။ မအူပင်မှာ ရှိတဲ့ တပ် အနေအထားတွေကို လေ့လာဖို့ရယ်၊ လွှဲပြောင်းလို့ ရတဲ့ ပစ္စည်းနဲ့ လွှဲပြောင်းလို့ မရတဲ့ ပစ္စည်းတွေကို ကြိုတင် စာရင်းလုပ်ထားဖို့ပါ။

မအူပင်က ခရိုင်မြို့ကြီး ဖြစ်ပါတယ်။ ကျုံပျော်ကနေ မအူပင်ကို ရေကြောင်းခရီးနဲ့ ရောက်ခဲ့ပါတယ်။ မအူပင်မှာရှိတဲ့ တပ်က သနက ၆ ပါ။ တပ်စခန်းက ပန်တပွတ်ဆိုတဲ့ ရွာကြီးမှာ အခြေချထားပါတယ်။ မြို့နဲ့ သုံး-လေးမိုင်လောက် ဝေးမယ် ထင်ပါတယ်။ မြို့နဲ့ တပ်နဲ့ သွားဖို့က ဆိုက်ကားတွေ အလျှံပယ် ရှိပါတယ်။ တာဝန်နဲ့ ဆိုရင်တော့ တပ်က ကားကို သုံးလို့ရပါတယ်။

ကျွန်တော်ပန်တပွတ်ကိုရောက်သွားတော့တပ်ရင်းမှူး၊ဒုဗိုလ်မှူးကြီးဘအောင်နဲ့တပ်ထောက်ဗိုလ်ကြီး ခင်မောင်ညွန့်တို့ပဲ ရှိပါတယ်။ ကျန်တဲ့ အရာရှိတွေက ရှေ့တန်းမှာပါ။ သူတို့ကလည်း တပ်ကို ဝင်လိုက် ထွက်လိုက်ပေါ့။ ဒုတပ်ရင်းမှူးက ဗိုလ်မှူး စံရှိန်ပါ။ ကျွန်တော့် အမေနဲ့ မောင်နှမ တစ်ဝမ်းကွဲ ဆိုတော့ ကျွန်တော့် ဦးလေးပေါ့။ သူလည်း ရှေ့တန်းမှာပါ။

ကိုခင်မောင်ညွန့်ကတော့ DSA အပတ်စဉ် ၁ ကပါ။ (နောင်မှာ ဦးန တောခိုရာမှာ ပါသွားပြီး စစ်ရေး စစ်ကြောင်းမှာ တာဝန် ယူခဲ့ပေမဲ့ သူတို့ ကိစ္စတွေ မအောင်မြင်တဲ့ အခါ အမေရိကားကို ရောက်သွားပြီး ... အစိုးရ ဆန့်ကျင်ရေး လှုပ်ရှားမှုမှာ အဝေးရောက် စစ်မှုထမ်းဟောင်းများ အဖွဲ့ ခေါင်းဆောင်တစ်ဦး အနေ ရပ်တည် လှုပ်ရှားခဲ့သူ ဖြစ်ပါတယ်။)

ရောက်စက ကျွန်တော် တစ်ယောက်တည်းဆိုတော့ ကိုခင်မောင်ညွှန့်နဲ့ တပ်လွှဲပြောင်း လက်ခံရေး ကိစ္စတွေကို တွဲဖက် ဆောင်ရွက်ပါတယ်။ တပ်ရင်းမှူး ဗိုလ်မှူး ဘအောင်ကလည်း ကျွန်တော် ရောက်နေတယ် ဆိုတာ သိလို့ တကူးတက ပြန်လာပြီး ကျွန်တော့်ကို လာတွေ့ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူကိုယ်တိုင် ကလည်း သနက ၅ က မိခင်တပ်ရင်း ဖြစ်လို့ပါ။ သူဟာ ၁၉၄၈ ခုနှစ်၊ အင်းစိန် တိုက်ပွဲမှာ သူ့တပ်ခွဲက အရာရှိ အားလုံး ကျဆုံးသွားတဲ့အခါ ရှေ့တန်းမှူး ဗိုလ်မှူးချုပ် ကျော်ဇောက သူ့ကို စစ်မြေပြင်မှာ အရာရှိအဖြစ် တိုက်ရိုက် ခန့်ခြင်းခံခဲ့ရသူပါ။ အဲဒါကို Field Commission လို့ ခေါ်ပါတယ်။ ရွှေဘိုသားပါ။ အခုတော့ ကွယ်လွန် သွားရှာပါပြီ။

အဲဒီလို အလုပ်လုပ်နေတုန်းမှာ ရှေ့တန်းက အရာရှိတစ်ယောက် နားခွင့်ရလို့ တပ်ကို ပြန်ရောက်လာ ပါတယ်။ လူပျိုရိပ်သာမှာ ကျွန်တော် တစ်ယောက်တည်း ရှိရာက သူ ပြန်ရောက်လာတော့ အတူစား၊ အတူ အိပ်လိုက် ထိုး၊ စကားစမြည် ပြောကြပေါ့။ သူက ကျွန်တော့်ထက် စီနီယာကျသလို အသက်လည်း ကြီး ပါတယ်။ အိမ်ထောင် မရှိသေးပါဘူး။ အဲဒီလိုနဲ့ တစ်နေ့မှာ ကျွန်တော့်ကို သူက "ငါ့ကို မြို့ထဲက မိတ်ဆွေ မိသားစု တစ်စုက ညစာစားဖို့ ဖိတ်ထားတယ်၊ မင်း လိုက်ခဲ့" လို့ ပြောလို့ ကျွန်တော်တို့ နှစ်ယောက် မြို့ထဲကို ဆိုက်ကားစီးပြီး သွားကြပါတယ်။

အဲဒီအချိန်က နိဝင်ဘာလလောက်ပါ။ အအေးဓာတ် ဝင်စပြုလို့ ကျွန်တော်က ရှပ်အင်္ကျီပေါ်မှာ Waist Coat လို့ ခေါ်မယ့် ဆွယ်တာ ဝတ်သွားပါတယ်။ အဲဒီ ဆွယ်တာက Wendy လက်ဆောင် ပေးထားတဲ့ လက်ဆောင်ပါ။ သူကတော့ (ကိုကျော်လို့ပဲ ဆိုပါစို့) ရှပ်အင်္ကျီပေါ်မှာ ကုတ်အင်္ကျီနဲ့ ဘောင်းဘီရှည်၊ ရှူးဖိနပ် စီးထားပါတယ်။

သူ့ဘောင်းဘီက ပိုးသားဆန်ဆန် အဖြူရောင် ဖြစ်ပြီး ဒေါင်လိုက်အစင်းလေးတွေက အပြာရောင်ပါ။ တော်တော်ကြည့်လို့ ကောင်းပါတယ်။ မကြာမီကမှ အင်္ဂလန် နိုင်ငံမှာ သင်တန်းတက်ခဲ့လို့ လန်ဒန်က ဝယ် လာတဲ့ ဘောင်းဘီလို့ သူ ပြောတဲ့အတွက် သိရပါတယ်။ ကျွန်တော်က ခင်ဗျားနဲ့ လိုက်တယ်လို့တောင် ပြောမိ ပါသေးတယ်။

သွားတဲ့အိမ်က မြို့လယ်ခေါင်မှာပါ။ အိမ်ရှင်က လင်မယား နှစ်ယောက်။ ယောကျ်ားက အစိုးရ အရာရှိ ပါ။ တရင်-တရုတ်ကပြား ဖြစ်ပြီး ကြံ့ခိုင်တဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ပြီး ရုပ်ကလည်း ယောကျ်ား ပီသပါတယ်။ သူ့မိန်းမကလည်း ရုပ်ရည် ချောမောပြီး ခန္ဓာကိုယ်ကလည်း အချိုးအဆစ် ကျနပါတယ်။ လင်မယား နှစ်ယောက် စလုံး ရှေ့သွားနောက်လိုက် ညီတယ်လို့ ထင်ရပါတယ်။

စရောက်တာနဲ့ ကိုကျော် ယူလာတဲ့ ရမ်ပုလင်းကို ဖောက်ပြီး သူတို့ အသင့်လုပ်ထားတဲ့ အမြည်းနဲ့ဆို တော့ အံဝင်ခွင်ကျပေါ့။ စကားပြောရင်း သိလာရတာက ခင်ပွန်းဖြစ်သူဟာ ခန္ဓာကိုယ် ကြံ့ခိုင်တယ်လို့ ထင်ရ ပေမဲ့ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က မော်တော်ဆိုင်ကယ် မှောက်လို့ ဆေးရုံ တက်ရတဲ့အခါ သူ့ရဲ့ယောကျ်ား အင်္ဂါ ဆုံးရှုံးသွားခဲ့ပါတယ်တဲ့။ ကျွန်တော်က သူ့မျက်နှာကို ကြည့်ရင်း ကရုဏာသက်မိပါတယ်။ ဒါဆိုရင် သူတို့ လင်မယား ဘယ်လိုများ ရပ်တည်နေကြပါလိမ့်ဆိုတဲ့ အတွေးလည်း တစ်ဆက်တည်း ပေါ်လာပါတယ်။

ကျွန်တော်က ဝါမရင့်သေးတော့ တစ်ခွက်လောက် သောက်တာနဲ့ ရီဝေဝေ ဖြစ်လာပါပြီ။ အိမ်က လုံနေ တော့ ချွေးပြန်သလို ဖြစ်နေတော့ ကျွန်တော့် ဆွယ်တာကို ချွတ်လိုက်ရပါတယ်။ အိမ်ရှင်မက အဲဒီဆွယ်တာကို ခုံပေါ်က ချိတ်မှာ ချိတ်ထားလိုက်ပါတယ်။ ကျွန်တော့်ရဲ့ အသောက် Limit က နှစ်ခွက်လောက်ပဲ ဆိုတော့ ဆက်မသောက်နိုင်တော့ပါ။ ထမင်းကျွေးမှာ ဖြစ်ပေမဲ့ အမြည်း စားတာတွေများလို့ ဗိုက်ကလည်း ပြည့်နေပါပြီ။

ခဏနေတော့ ကိုကျော်က "ငါ ဒီမှာ နေခဲ့ဦးမယ်၊ မင်း ပြန်ချင်ပြန်တော့" လို့ ပြောတဲ့အတွက် ကျွန်တော် တစ်ယောက်တည်း တပ်ကို ပြန်ပါတယ်။

ဆိုက်ကားနဲ့ ပြန်တော့ လေတိုးတဲ့အခါ အအေးဓာတ် ရလာပါတယ်။ အဲဒီကျမှ ကျွန်တော့် ဆွယ်တာ ဟိုအိမ်မှာ ကျန်နေခဲ့တာ သတိရပါတယ်။ လမ်းခုလတ် ရောက်နေပြီ ဖြစ်လို့ ပြန်မလှည့်တော့ပဲ တပ်ကိုပဲ ပြန်ပြီး ကိုယ့်အခန်းမှာပဲ ညအိပ်လိုက်ပါတယ်။ နောက်တစ်နေ့ မနက်လင်းတော့ ကျွန်တော် နံနက်စာ စားတဲ့ အချိန်ထိ ကိုကျော် ပြန်မရောက်သေးပါ။ အဲဒီနေ့က တနင်္ဂနွေနေ့ဆိုတာ ကျွန်တော် မှတ်မိနေပါတယ်။ အလုပ်နားတဲ့နေ့ဖြစ်လို့မို့ ရေဒီယို နားထောင်လိုက်၊ စာဖတ်လိုက်နဲ့ အချိန်ကုန်သွားတာ နေ့လယ်စာ စားတဲ့ အချိန်ထိ ပါပဲ။

## အိုးမလုံတော့ အုံပွင့်ပြီ

နေ့လယ်စာ စားတော့လည်း ကျွန်တော် တစ်ယောက်တည်းပါ။ စားနေရင်းနဲ့ ကိုကျော် ပြန်ရောက်လာပါတယ်။ ကျွန်တော် သတိထားလိုက်မိတာက သူဟာ အရင်နေ့က ဝတ်သွားတဲ့ စတိုင်ကျတဲ့ ဘောင်းဘီနဲ့ မဟုတ်တော့ဘဲ လုံချည်နဲ့ ပြန်လာတာ ဖြစ်ပါတယ်။ ကျွန်တော်ကလည်း အလိုက်ကန်းဆိုး မသိဘဲ "ခင်ဗျား လုံချည်နဲ့ပါလားဗျ၊ မနေ့က ဝတ်တဲ့ ဘောင်းဘီရော" လို့ မေးလိုက်တဲ့အခါ သူဟာ အမူအရာ ပျက်သွားပြီး ကျွန်တော့်ရှေ့ကို လာထိုင်ပါတယ်။ သူက မျက်နှာအမူအရာ မကောင်းစွာနဲ့ "အေးကွာ" လို့ အစချီပြီး ရင်ဖွင့်ပါတော့တယ်။

"မင်းလည်း မနေ့ ညနေက ကြားတယ်မို့လား။ ယောက်ျားမှာ ဟိုဟာ မရှိတော့ဘူးလေ၊ သူကလည်း မိန်းမကို ချစ်လွန်းမက ချစ်တော့ မကွာနိုင်ဘူး၊ အဲဒီတော့ သူ့မိန်းမ ဆန္ဒရှိရင် သူက သင့်လျော်ရာ တစ်ယောက်ကို ရှာပေးရတယ်၊ ငါလည်း သူတို့ အလို လိုက်ရတော့တာပေါ့ကွာ" ဆိုပြီး ပြောပါတယ်။ ကျွန်တော်ဖြင့် အံ့ဩလွန်းလို့ ဘာပြန်ပြောရမှန်းတောင် မသိတော့ပါဘူး။ နေ့လယ်စာလည်း ဘယ်လို ပြီးသွားမှန်းတောင် မသိတော့ပါဘူး။ နောက်မှ စကားကြောင်း ပြောင်းပြီး "ကျွန်တော့် ဆွယ်တာ အဲဒီအိမ်မှာ ကျန်နေခဲ့တယ်ဗျ" လို့ ပြောတော့ သူက ရှိပါလိမ့်မယ်ကွာ မင်း သွားယူပေါ့လို့ ပြောပြီး သူ့အခန်း ပြန်သွားပါတယ်။

ကျွန်တော်က အလိုက်မသိ မေးလိုက်တဲ့ မေးခွန်းကြောင့် သူ့ခမျာ ချက်ကောင်း ထိသွားပြီး လျှို့ဝှက်ထားသင့်တဲ့ ကိစ္စတွေ အကုန်လုံး ကျွန်တော့်ကို ဖွင့်ပြောလိုက်တာပါ။ ဒါနဲ့ ကျွန်တော်လည်း ဆိုက်ကားငှားပြီး ညက အိမ်ကို သွားပါတယ်။ အိမ်ရောက်တော့ အမျိုးသမီး တစ်ယောက်တည်းပါ။ ယောက်ျားက တင်းနစ် သွားရိုက်တယ်လို့ ပြောပါတယ်။

ကျွန်တော်က ဆွယ်တာ ပြန်လာယူတာပါလို့ ပြောတော့ သူက ယူပေးပါတယ်။ အိမ်က ပြန်အထွက်မှာ သူတို့ရဲ့ အိပ်ခန်းရှေ့က တံခါးအောက်မှာ ကိုကျော်ရဲ့ ဘောင်းဘီကို တွေ့လိုက်ပါတယ်။ စုတ်ပြတ်သတ်နေပါပြီ။ ကျွန်တော်ကလည်း မနေနိုင်လို့ လွှတ်ခနဲ "ဟာ.. ဘောင်းဘီက ဘယ်လို ဖြစ်သွားတာလဲ၊ အစိတ်စိတ် အမြွာမြွာ ဖြစ်နေပါလား" လို့ ပြောလိုက်တဲ့အခါ အမျိုးသမီးက "ဟုတ်တယ်၊ သူလေ သိပ်ဆိုးတာပဲ" လို့ ညိုးညိုး ငယ်ငယ်နဲ့ ပြန်ပြောပါတယ်။

ကျွန်တော် ဘာမှ ပြန်မပြောတော့ဘဲ ထွက်လာခဲ့ပါတယ်။ ခေါင်းထဲမှာလည်း "သိပ်ဆိုးတာပဲ" လို့ ဆိုတဲ့ သူ့စကားဟာ ကိုကျော်ကိုလား၊ သူ့ယောက်ျားကိုလား၊ ကျွန်တော် မခွဲခြားတတ်ပါဘူး။ ညနေမှ ကိုကျော် နဲ့ စကား ပြန်ကောက်ကြည့်တဲ့အခါ ကိုကျော်နဲ့ သူ့ဇနီးတို့ အခန်းထဲမှာ ရှိနေခိုက်မှာ ယောက်ျားဖြစ်သူက အဲဒီဘောင်းဘီကို ဘလိတ်ဓားနဲ့ အစိတ်စိတ် အမြွာမြွာ မွှန်းနေတာပါတဲ့။ ကျွန်တော်ကတော့ "အော်... ဖြစ်မှ ဖြစ်ရလေ" လို့ပဲ အတွင်းကြိတ် ညည်းမိပါတယ်။

အဲဒီနောက်တော့ ကျွန်တော် တပ်ထဲမှာ နေရင်းနဲ့ ကိုကျော်နဲ့ မကြာခဏ ဆုံဖြစ်ပေမဲ့ မအူပင်ကကိစ္စကို ပြန်မကောက်ဖြစ်ပါဘူး။ သူက နောက်ပိုင်းမှာ ရာထူး အဆင့်ဆင့်တက်ပြီး စစ်အစိုးရ လက်ထက်မှာ ဝန်ကြီး တောင် ဖြစ်လိုက်ပါသေးတယ်။ ဟိုဇနီးမောင်နှံကိုတော့ တစ်ခါမှ ပြန်မတွေ့ခဲ့တော့ပါဘူး။ ဒီဖြစ်ရပ်ကို မကြာ ခဏ သတိရတိုင်း ကျွန်တော့်မှာ အမည်နာမ တပ်လို့ မရတဲ့ ဝေဒနာတစ်ခု ပေါ်ပေါက်လာစမြဲပါ။

## စစ်ဆင်ရေးများ

ကျွန်တော်တို့ အရာရှိဖြစ်တဲ့ ကာလဟာ တော်လှန်ရေး ကောင်စီ တက်တဲ့အချိန်နဲ့ တိုက်ဆိုင်နေပါတယ်။ ကျွန်တော် အထက် တစ်နေရာမှာ ရေးခဲ့ပြီးပါပြီ။ တပ်မတော် အရာရှိ တော်တော်များများကို အရပ်ဘက် အဖွဲ့အစည်းကို ပြောင်းလဲ တာဝန် ထမ်းဆောင်စေခဲ့တဲ့အတွက် တပ်တွေမှာ အရာရှိတွေ နည်းသွားပါတယ်။

ဒါ့ကြောင့် ကျောင်းဆင်းခါစ ကျွန်တော်တောင် တပ်ခွဲမှူး တာဝန်ကို ထမ်းဆောင်ခဲ့ရပါတယ်။ ဒါ့ကြောင့် အရင်က အပြီးအပိုင် ပိတ်ခဲ့တဲ့ ဗိုလ်သင်တန်းကျောင်း OTS ကို ပြန်လည် ဖွင့်လှစ်ပြီး ဗိုလ်သင်တန်း အမှတ်စဉ် ၂၉ နဲ့ ၃၀ တို့ကို မရွေးမနှောင်း ခေါ်ယူခဲ့ပါတယ်။ ဒီကာလထဲမှာ ကျွန်တော်က တပ်စုမှူး ဖြစ်လိုက်၊ တပ်ခွဲမှူး ဖြစ်လိုက်နဲ့ အလျဉ်းသင့်သလို တာဝန်တွေ ယူခဲ့ရပါတယ်။

မြစ်ဝကျွန်းပေါ် တစ်ဝိုက်က ကျုံပျော်၊ ကျောင်းကုန်း၊ ရေကြည်၊ ငသိုင်းချောင်း မြို့နယ်တွေ အတွင်းမှာ စစ်ကြောင်း ထိုးလိုက်၊ တိုက်ကင်း ထွက်လိုက်နဲ့ တပ်ခွဲ လှုပ်ရှားမှုတွေ လုပ်ခဲ့ရပါတယ်။ တိုက်ပွဲတွေလည်း ဖြစ်ခဲ့ပါတယ်။ တိုက်ပွဲတွေ ဖြစ်လို့ ကျွန်တော့ ခေါင်းနားမှာ ကျည်ဆံတွေ တရွှီရွှီနဲ့ သွားခဲ့တာလဲ ကြုံခဲ့ဖူးပါတယ်။ အဲဒီလိုအခိုက်မျိုးမှာ ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်ပါတယ်။ "ကြောက်သလား" ပေါ့။ ရတဲ့ အဖြေကတော့ "မကြောက်ဘူး" လို့ အဖြေထွက်ပါတယ်။ အမှန်ပါပဲ၊ သေနတ်သံတွေ ကြားနေရင်တောင် ကျွန်တော် ကြောက်မသွားတတ်ပါဘူး။ ဘယ်က အသံလဲ၊ ကျည်ဆံ ဘယ်ကို သွားသလဲ၊ ပစ်တဲ့ သေနတ်က ဘာအမျိုးအစား လဲ၊ ဘာသေနတ်မျိုး ဖြစ်နိုင်သလဲ ဆိုတဲ့ တစ်မုဟုတ်ချင်း ပေါ်လာတဲ့ မေးခွန်းတွေနဲ့ အလုပ်ရှုပ်နေတဲ့ အတွက် ကြောင့် ကြောက်ရမယ့် အချိန် မရှိတော့တာတွေလားလို့လဲ ကိုယ့်ကိုယ်ကိုယ် မေးမိပါတယ်။

## ရွှမ်းပြည်နယ် အရှေ့မြောက် ဒေသမှာ

၁၉၆၄ ခုနှစ်၊ အောက်တိုဘာလောက်မှာ ကျွန်တော်တို့ တပ်ရင်း တစ်ရင်းလုံး အရှေ့မြောက် ဒေသ (ကွတ်ခိုင် မြို့နယ်) ကို စစ်ဆင်ရေး ဝင်ရပါတယ်။ တပ်ခွဲ ငါးခုကို စစ်ကြောင်း နှစ်ကြောင်း ခွဲလိုက်ပါတယ်။ စစ်ကြောင်း ၁ မှာ တပ်ခွဲ သုံးခု ပါပြီး၊ တပ်ရင်းမှူး ဗိုလ်မှူး သိုးထိန်း (နောင် စစ်ကိုင်းတိုင်း ဒေသပါတီ ဥက္ကဋ္ဌ- ယခု ကွယ်လွန်) က ဦးစီးပါတယ်။ စစ်ကြောင်း ၂ ကိုတော့ တပ်ခွဲ နှစ်ခုနဲ့ ဖွဲ့စည်းပြီး ဒုတပ်ရင်းမှူး ဗိုလ်မှူး ပီ-ဆော့ဟန်က ဦးစီးပါတယ်။ စစ်ကြောင်း ၁ က မုံးပေါ် ဆိုတဲ့ ရွာကြီးမှာ အခြေချပြီးတော့ စစ်ကြောင်း ၂ က နမ့်ခမ်းမှာ အခြေပြုပါတယ်။

ဗိုလ်မှူး သိုးထိန်း တပ်ရင်းမှူးအဖြစ် ရောက်လာတာ မကြာသေးပါဘူး။ သူက ထိုစဉ်က နာမည်ကျော် "တစ်လုံး ခေါင်းကြား"၊ "ငမဲကျွန်" စာအုပ်တွေကို ရေးခဲ့တဲ့ စစ်ကိုင်း ဦးဖိုးသင်းရဲ့သားပါ။ ဗိုလ်မှူး သိုးထိန်း အနေက ၅ မှာ တပ်ရင်းမှူးအဖြစ် နှစ်နှစ်နီးပါး တာဝန်ယူသွားပါတယ်။ သူနဲ့ ကျွန်တော်နဲ့က ကံမလိုက်ဘူးလို့ ဆိုရပါမယ်။ ပြဿနာ ကြီးကြီးမားမားတွေ ဖြစ်ခဲ့ပါတယ်။ ဒါတွေနဲ့ ပတ်သက်လို့ နောက် ကြုံမှပဲ အကျယ်တဝင့် ရေးပြပါမယ်။ စစ်ကြောင်း ၁ ကတော့ မုံးပေါ်ကို အခြေပြုပြီး တလောက နာမည်ကြီးခဲ့တဲ့ မုံးကိုး-ဖောင်းဆိုင်

ဒေသ အပါအဝင် အရှေ့ဘက်က မုံးယား ဒေသကနေ သံလွင်မြစ်ထိ တာဝန်ယူရတာပါ။ စစ်ကြောင်း ၂ ကတော့ ခိုမုံးကို အခြေပြုပြီး မုန်းစီး၊ နားလယ်၊ တာမိုးညဲ ဒေသတွေကို တာဝန်ယူရပါတယ်။ ရင်ဆိုင်ရတဲ့ ရန်သူတွေကတော့ KIA နဲ့ လောလောလတ်လတ် တောခိုသွားတဲ့ ယန်းမိသားစု ခေါင်းဆောင်တဲ့ ကိုးကန့် လက်နက်ကိုင် အဖွဲ့အစည်းပါ။ ဗကပ မပေါ်သေးပါ။

ကျွန်တော်က စစ်ကြောင်း ၁ ရဲ့ အိုင်အိုဖြစ်တဲ့အတွက် နေ့စဉ် တပ်ခွဲ ငါးခုရဲ့ သတင်းတွေကို စုစည်းပြီး လားရှိုးမှာ အခြေပြုနေတဲ့ ဗျူဟာရုံးကို သတင်းပို့ရပါတယ်။ ဗျူဟာမှူးက ဗိုလ်မှူးကြီး ကျော်ဇော [ငြိမ်းချမ်း ဖွံ့ဖြိုးရေး အစိုးရအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး (ကျွန်တော်ရဲ့ ကိုယ်ပိုင် အခေါ် ကိုအေး) ရဲ့ အစ်ကို] ဖြစ်ပြီး ရပခရဲ့တိုင်းမှူးကတော့ ဗိုလ်မှူးကြီး သူရ အောင်ဖေ (နောင် တရားသူကြီးချုပ်- ယခု ကွယ်လွန်) ဖြစ်ပါတယ်။ တိုင်းမှူး၊ ဗျူဟာမှူးနဲ့ ကျွန်တော့် တပ်ရင်းမှူးတို့ဟာ ဂျပန်ခေတ်ကတည်းက ပါခဲ့တဲ့ စစ်သားဟောင်းကြီးတွေ ဖြစ်ပါတယ်။

## ဗိုလ်မှူး သိုးထိန်း

သူက OTS အပတ်စဉ် နံပါတ်တော့ မေ့သွားပါပြီ၊ ဂျပန်ခေတ် ဗိုလ်သင်တန်း ကျောင်းဆင်း ဖြစ်ပါတယ်။ ဗမာ့ ကာကွယ်ရေး တပ်မတော်လို့ ခေါ်တဲ့ BIA မှာ အရာရှိ ဖြစ်ပြီး ဂျပန် တပ်မတော်နဲ့ ဆက်ဆံရေး ကောင်းနေချိန် ဖြစ်လို့ သူ အပါအဝင် အရာရှိ တော်တော်များများ အသုတ် နှစ်သုတ် ဂျပန်ပြည်ကို စစ်ပညာတော်သင် လွှတ်ပါတယ်။ အဲဒီထဲမှာ ဗိုလ်မှူး သိုးထိန်း ပါသွားပါတယ်။ လူကြီးတွေထဲက နောင်မှာ တပ်မှူးတွေ ဖြစ်လာတဲ့ သီဟ သူရ လှမော်၊ ဗိုလ်မှူးကြီး သိန်းတုတ်၊ နောင်မှာ စာရေးဆရာ မြတ်ထန်လို့ နာမည်ရလာတဲ့ ဗိုလ်မှူးကြီး တင်မောင်တို့ ပါတယ်လို့ သိရပါတယ်။ နောက်ပြီး ဒုချုပ် (လေ) ဖြစ်လာမယ့် ဗိုလ်ချုပ် သောင်းဒန်၊ စက်မှု ၁ ဝန်ကြီး ဖြစ်လာမယ့် ဗိုလ်ချုပ် တင့်ဆွေတို့လည်း ပါပါတယ်။

ဗိုလ်မှူး သိုးထိန်း ပြောစကားအရ ဗိုလ်ချုပ် တင့်ဆွေဟာ အဲဒီတုန်းက အသက် ၂၀ တောင် မပြည့်သေး ပါဘူးတဲ့။ ပိန်ပိန်ပါးပါး၊ ဖြူဖြူနွဲ့နွဲ့နဲ့ ချစ်စရာကောင်းလို့ အချင်းချင်း ခဏ ခဏ ဖက်နမ်းခံရပါသတဲ့။ ဗိုလ်မှူး သိုးထိန်းက အရပ်က မနိမ့်မမြင့်ပါ။ အသားက မည်းပါတယ်။ လူကို ကြည့်ရင် ဆင်ကြည့် ကြည့်တတ်တဲ့ ပုဂ္ဂိုလ်ပါ။ ကျွန်တော်တို့ တပ်ကို တပ်ရင်းမှူးအဖြစ် ရောက်မလာခင်တုန်းက သူဟာ လားရှိုးက ဝန်တင်တပ်ရဲ့ တပ်မှူးအဖြစ် တာဝန် ထမ်းဆောင်ခဲ့ဖူးပါတယ်။

ဗိုလ်ကြီးဘဝနဲ့တုန်းက ဟသာ်တမှာ ရှိတဲ့ ခလရ ၁၈ မှာ တပ်ခွဲမှူးအဖြစ် တာဝန် ထမ်းဆောင်ပြီးတော့ တရုတ်ဖြူ စစ်ဆင်ရေးမှာ တာဝန် ထမ်းဆောင်ခဲ့ဖူးပါတယ်။ သပြေ တအုပ် ထုတ်ဝေတဲ့ ဗိုလ်မှူးကြီး အရှမ်း သန်းညွန့်နဲ့က ငယ်သူငယ်ချင်းတွေပါ။ ယောကျ်ားက အသားမည်းသလောက် သူ့ဇနီးကတော့ ဖြူဖြူ ခုံခုံ ချောချောကြီးပါ။ လင်သားက စိတ်မြန်လက်မြန် ရှိသလောက် ဇနီးသည်ကတော့ တည်တည်ငြိမ်ငြိမ် ရှိတယ်လို့ တွေ့ရပါတယ်။ သားသမီး လေးယောက် (ထင်ပါတယ်) ရှိပြီး အကြီးဆုံး မိန်းကလေးက အဖေနဲ့ ချွတ်စွပ်ပါ။ အငယ်တွေကတော့ အသားဖြူကြပါတယ်။

## လက်မရွံ့ တပ်ဖွဲ့

ဗိုလ်မှူး သိုးထိန်းနဲ့ ပတ်သက်လို့ လူအများ မသိတဲ့ ဇာတ်လမ်းတစ်ခု ရှိခဲ့ပါတယ်။ အဲဒါက ဘာလဲ ဆိုရင် သူဟာ "လက်မရွံ့ တပ်ဖွဲ့" မှာ တပ်မှူးအဖြစ် တာဝန်ပေးခံရခြင်း ဖြစ်နေပါတယ်။ ၁၉၄၇- ၄၈ ခုနှစ် ကာလ

လောက်မှာပါ။ တစ်နိုင်ငံလုံး သောင်းကျန်းသူတွေ ကြီးစိုးနေတော့ တိုက်ပွဲတွေမှာ မိတဲ့ သူပုန် ခေါင်းဆောင်တွေကို အကျဉ်းနည်းနဲ့ တရားစီရင်ပြီး သေဒဏ်ပေးခဲ့ကြပါတယ်။ သေဒဏ်ပေးရာမှာလည်း သေနတ်နဲ့ပစ်ပြီး အဆုံးစီရင်ရတာပါ။

သေဒဏ် စီရင်ပြီးလို့ မသေမရှင် ဖြစ်နေတဲ့သူတွေကို သူကိုယ်တိုင် ပစ္စတိုနဲ့ နားထင်ကို သေနတ်နဲ့ ပစ်ပြီး အဆုံးစီရင်ရပါသတဲ့။ ဒါလည်း သူပြောလို့ သိရတာပါ။ သူ့ တပ်ရင်းမှူးဖြစ်လို့ မိကျောင်း ရေယာဉ်နဲ့ စစ်ဆင်ရေး သွားတဲ့အခါ သူ့ကို အပေါ်ထပ်မှာ ထားပါတယ်။ သူ့နားမှာ သူ လားရှိုးတပ်က ခေါ်လာတဲ့ တပ်သား ဖော်ဘောက်ကို ထားပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ တစ်ခါတလေ ညသန်းခေါင်ကျော်လောက်မှာ အိပ်မက်ဆိုးတွေ မက်ပြီး စူးစူးဝါးဝါး ထအော်တတ်လို့ပါ။ ဒါဆိုရင် ဖော်ဘောက်ကလည်း ထပြီး ရေတိုက်လိုက်၊ အဝတ်အစားတွေ လဲပေးလိုက် လုပ်ပေးရပါတယ်။

ဒီလို အဖြစ်မျိုးကို တခြားတစ်ယောက်လည်း ဖြစ်ခဲ့တယ်လို့ ကျွန်တော်တို့ရဲ့ နာယကကြီး သူရ ဦးတင်ဦး ပြောခဲ့တာ မှတ်သားလိုက်ရပါတယ်။ အဲဒီ ပုဂ္ဂိုလ်ကတော့ ကြားဖြတ် အစိုးရခေတ်က ရန်ကုန်မြို့တော်ဝန် ဖြစ်ခဲ့တဲ့ ဗိုလ်မှူးကြီး ထွန်းစိန်ပါ။ သူဟာ ခြေလျင် တပ်ရင်းမှူး ဘဝက တိုက်ပွဲတွေ ဖြစ်လို့ ရန်သူတွေ မိခဲ့ရင် သူကိုယ်တိုင် သွေးအေးအေးနဲ့ သတ်ခဲ့ပါသတဲ့။ ဒါ့ကြောင့် သူလည်း ညညဆိုရင် စူးစူးဝါးဝါး ထအော်တဲ့အပြင် ခြေဦးတည့်ရာကို ပြေးထွက်သွားလေ့ရှိပါသတဲ့။

ဒါ့ကြောင့် ညဆိုရင် ဗိုလ်မှူးကြီး ထွန်းစိန် အနီးအနားမှာ ဗလကောင်းကောင်း ရဲဘော် နှစ်ယောက်လောက်ကို အမြဲ တာဝန်ချထားပေးရပါသတဲ့။ တတ်သိ နားလည်တဲ့ လူတွေရဲ့ ပြောစကားအရတော့ သူတို့ သတ်ခဲ့တဲ့ လူတွေက မကျွတ်မလွတ်သေးလို့ ကျွတ်ရာကျွတ်ကြောင်း အကူအညီ တောင်းချင်လို့ လာကြတယ်လို့ ပြောကြပါတယ်။ ဒါပေမဲ့ သူတို့က အပါယ်ဘုံသားတွေမို့ သူတို့ လာပုံက ကြောက်စရာ၊ လန့်စရာမို့ လန့်ဖျပ်ပြီး ထအော်ကြတယ်လို့လည်း ပြောကြပါတယ်။ ကျွန်တော်ရဲ့ ဆင်ခြင်တုံတရားအရ ပြောရရင် သဘာဝကျတယ်လို့ ယူဆပါတယ်။

## ညောင်ရှိ နိုပ်စက်နည်း

ကျွန်တော် သူ့လက်အောက်မှာ အမှုထမ်းရတာ "တွတ်ပီ ကံမကောင်းဘူး" လို့ ပြောရမှာပါ။ ပထမ ဖြစ်စဉ်က သူနဲ့ ရွှေ့တန်းမှာ ရှိနေတုန်းမှာ အထက်မှာ ဖော်ပြခဲ့သလို ကျွန်တော်ရဲ့ အချစ်ဦးထံက သူ့ကို လူကြီးသူမတွေက သဘောတူတဲ့ လူတစ်ယောက်နဲ့ ပေးစားတော့မယ်၊ ဘာလုပ်သင့်သလဲ ဆိုတဲ့ အကြံတောင်းတဲ့စာ ရခဲ့တာပါ။ ဒီအကြောင်းကို အသေးစိတ် ရေးပြခဲ့ဖူးပါတယ်။ ဒါပေမဲ့ ပြောချင်တာက ဒီစာကို ကျွန်တော့် လက်ထဲ ထိုက်ရိုက်မရောက်ပါဘူး။

သူက ဖြတ်ယူထားရုံတင်မက ဖွင့်ဖောက်ပြီး စာကို အလွတ်နီးပါးရအောင် ဖတ်ပြီးမှ ကျွန်တော့်ကို ပေးတာပါ။ ဘာ့ကြောင့် ကျွန်တော် ဒီလို ပြောနိုင်ရသလဲဆိုတော့ ညနေ အရာရှိ စုံညီ တက်တဲ့ ထမင်းစားဝိုင်းမှာ သူက "ဗိုလ်ထိန် ဆိုတဲ့ ကောင်လေး သူ့ကောင်မလေးက ယောက်ျား ယူတော့မယ်၊ သူလည်း ချစ်ဒုက္ခ ဖြစ်တော့မယ်" ဆိုတဲ့ စကားတွေ နှစ်ခါ သုံးခါလောက် ပြောပါတယ်။

ကျွန်တော် စိတ်ဆိုးလိုက်တဲ့ဖြစ်ခြင်း။ လူတစ်ယောက်ရဲ့စာကို ဖောက်ဖတ်ခွင့် မရှိဘူးဆိုတဲ့ လူ့ကျင့်ဝတ်ကို သူ ဂရုမစိုက်ဘူးဆိုတာ ထင်ရှားနေပါတယ်။ ပြီးတော့ စာပါ အကြောင်းအရာတွေကို လူကြားထဲမှာ ပြောတာဟာ ညှဉ်းဆဲခြင်း တစ်မျိုးပဲလို့ ကျွန်တော် ကောက်ချက်ချမိလို့ ဖြစ်ပါတယ်။ ဒါပေမဲ့ သူက ကိုယ့်

တပ်ရင်းမှူး ဖြစ်နေပြန်၊ အတည်ပေါက် ပြောတာလည်း မဟုတ်ပါဘူး။ စိတ်ပြေလို ပြေငြား ပြောတာပါလို့ သူ့ဆင်ခြေတက်မှာ ကျွန်တော်က ကြိုသိနေလို့ဖြစ်ပါတယ်။ မကျေနပ်ပေမဲ့ လူငယ်မို့ ကြိုးစား ဖြေသိမ့်ရပါတယ်။

## ငွေရေး ကြေးရေး

နောက်ကိစ္စတစ်ခုကတော့ ငွေရေး ကြေးရေး ကိစ္စပါ။ တစ်နေ့မှာ ကျွန်တော်တို့ ရှေ့တန်း ဌာနချုပ်ကို တိုင်းမှူး ဗိုလ်မှူးကြီး သူရအောင်ဖေ လာပြီး စစ်ဆေးပါတယ်။ ကျွန်တော်က ထူးခြားဖြစ်စဉ်တွေကို မြေပုံပေါ် တင်ပြီး စီကာစဉ်ကာ တင်ပြရပါတယ်။ တစ်နာရီလောက် တင်ပြပြီး တိုင်းမှူးကို နေ့လယ်စာ ကျွေးပါတယ်။ အဲဒီလို နေ့လယ်စာ စားပြီးတဲ့အခါမှာ တပ်ရင်းမှူးက တိုင်းမှူးကို သူ လားရှိုးကို တိုင်းမှူးနဲ့အတူ လိုက်ချင်ကြောင်း ပြောတော့ တိုင်းမှူးက လွယ်လွယ်ကူကူပဲ လိုက်ခဲ့လေလို့ ပြောပါတယ်။ အချိန်က ညနေ သုံးနာရီခွဲလောက် ရှိနေပါပြီ။

သူက ဟယ်လီကော်ပတာ Helicopter ပေါ် မတက်ခင်မှာ ကျွန်တော့်ကို ပြောပါတယ်။ "ငါ့ကို ပိုက်ဆံ နည်းနည်းလောက် ပေးလိုက်ဦး" ဆိုလို့ ကျွန်တော်က ပိုက်ဆံသေတ္တာထဲက ၂၀ ကျပ်တန် တစ်အုပ် ထည့်ပေးလိုက်ပါတယ်။ တိုင်းမှူးနဲ့ သူနဲ့ ဟယ်လီကော်ပတာနဲ့ ထွက်ခွာတာကို လိုက်ပို့ရပါတယ်။ တပ်ရင်းမှူး မရှိရင် အရာရှိ ဆိုလို့ ကျွန်တော်ပဲ ကျန်ခဲ့မှာ ဖြစ်တော့ တာဝန်ယူရတော့မှာပေါ့။

ဟယ်လီကော်ပတာလည်း ထွက်သွားရော တစ်ယောက်ယောက်က "ဘောလုံး ကန်ကြမယ်ဟေ့" လို့ ဆော်ဩလိုက်ပါတယ်။ ကျွန်တော်က နှစ်ခါ မခေါ်ရပါဘူး၊ ရဲဘော်တွေနဲ့ လူခွဲပြီး ဘောလုံးကို အချိန်ပြည့် ကန်လိုက်ပါတယ်။ ဘောလုံး ကန်ပြီးတော့ မောမောနဲ့ ရေမိုးချိုး၊ ထမင်းစား စတဲ့ အလုပ်တွေအပြင် ရှေ့တန်း တပ်ခွဲ အသီးသီးက သတင်းတွေကို စုစည်းပြီး ဗျူဟာကို ဆိုက်ဖာ (ဝှက်စာ) နဲ့ ပို့တဲ့ အလုပ်တွေ ဆက်တိုက် လုပ်ရပါတယ်။ ဒါတွေကြောင့် ကျွန်တော်ဟာ တပ်ရင်းမှူး ယူသွားတဲ့ ငွေကျပ် ၂၀၀၀ ကို စာရင်း မမှတ်မိပါဘူး။ ဒါကို ချက်ချင်း မမှတ်မိပေမဲ့ နောင်ပြဿနာပေါ်မှ စဉ်းစားမိတာပါ။

တိုက်ဆိုင်တာက ကျွန်တော်တို့ Intake ကို ကျောင်းဆင်းတဲ့နေ့က စပြီး ဗိုလ်အဆင့် Leutenant အဖြစ် သတ်မှတ် ခန့်အပ်လိုက်ပြီဆိုတဲ့ အမိန့်ကို ကက (ထူး) က ထုတ်ပြန်ခဲ့ပါတယ်။ ဒုဗိုလ်ဘဝက ၃၁၆ ကျပ် ၇၅ ပြား၊ ဗိုလ်လစာက ၄၂၅ ကျပ် ဆိုတော့ တစ်လကို ၁၀၈ ကျပ် ၂၅ ပြား ပိုရတဲ့ သဘောပေါ့။ တစ်နှစ်ဆိုရင် ၁၂၉၉ ကျပ်ပါ။ အဲဒီမှာ ကျွန်တော်တို့ ကျောင်းဆင်းတာ တစ်နှစ်နဲ့ ရှစ်လလောက် ရှိပြီဆိုတော့ နောက်ကြောင်းပြန် Back date နဲ့ လစာအပိုက ကျပ် ၂၀၀၀ လောက် ရှိပါတယ်။ ပြဿနာက စစ်ဆင်ရေးလည်း ပြီးရော ငွေစာရင်း ရှင်းတဲ့အခါကျတော့ ငွေကျပ် ၂၀၀၀ လောက် လိုနေပါတယ်။ တိုင်းမှူးနဲ့သူ လိုက်သွားတုန်းက ကျွန်တော့်ဆီက ၂၀ ကျပ်တန် တစ်အုပ် ယူသွားတာ လုံးဝ မမှတ်မိခဲ့ပါဘူး။

ငွေစာရင်းပိတ်ပြီ ဆိုတဲ့အခါကျတော့ လိုငွေ ကျပ် ၂၀၀၀ ကို ကျွန်တော် ဗိုလ်ဖြစ်လို့ ရတဲ့ နောက်ကြောင်းပြန် ဗိုလ်လစာငွေကို ထုတ်ပြီးတော့ ပြန်ဖြည့်လိုက်ပါတယ်။ သဘောကတော့ ပိုက်ဆံကွာလို့ ကျွန်တော်က အလျော်ပေးလိုက်ရတာပါ။ စာရင်းချုပ်ပြီးတော့ နောက် သုံး-လေးရက် အကြာ ထင်ပါရဲ့၊ တပ်ရင်းမှူးက "ဟေ့ ဗိုလ်ထိန်၊ ငါ့ဆီမှာ ပိုက်ဆံ နည်းနည်းကျန်သေးတယ်ကွ၊ ငါ လားရှိုးသွားတုန်းက ယူသွားတဲ့ ငွေလေ" ဆိုပြီး ပြောမှ သူ ဟယ်လီကော်ပတာပေါ် တက်ခါနီး ကျွန်တော့်ဆီက ယူသွားတဲ့ ပိုက်ဆံကိစ္စ သတိရပါတော့တယ်။

ကျွန်တော်က စာရင်း ရှင်းပြီးပြီ၊ သူ့ကိုလည်း ဘာမှ ပြန်မပြောချင်တော့ဘူး၊ ကိုယ့်အပြစ်နဲ့ ကိုယ်ပဲ ကြိတ်ခံလိုက်ရတာပေါ့။ ကျွန်တော်က ဘာမှ ပြန်မပြောတော့ ကျွန်တော့်ဆီက ယူသွားတဲ့ ပိုက်ဆံထဲက ပိုသော

တွေကို သူ ဘာလုပ်တယ်လို့ မမေးတော့ပါဘူး။ ဒါက ဗိုလ်မှူး သိုးထိန်းနဲ့ ပတ်သက်လို့ အကြီးအကျယ် ခံလိုက်ရတဲ့ ဒုတိယအကြိမ်။

ဒီလို ငွေရေး ကြေးရေးနဲ့ ပတ်သက်လို့ ကျွန်တော်က ပေါ့လျော့တဲ့အတွက် စိုက်ပြီး လျော်ရတာကိုတော့ ထားလိုက်ပါတော့။ ငွေရေး ကြေးရေးနဲ့ ပတ်သက်လို့ ကျွန်တော့် အကျိုးပေးဟာ အဲဒီလို ဖြစ်တတ်ပါတယ်။ ငွေဝင်မယ့်လမ်း တစ်ခုရှိရင် အဲဒီ ဝင်မယ့် ငွေပမာဏနဲ့ ကိုက်ညီမယ့် ငွေကုန်ပေါက်တစ်ခု ပေါ်လာတတ်ပါတယ်။ နောင် တပ်က ထွက်ပြီး စီးပွားရေး လုပ်တော့လည်း အလားတူပါပဲ။ ငွေရေး ကြေးရေးနဲ့ ပတ်သက်လို့ ကျွန်တော့် အကျိုးပေးဟာ တစ်သက်လုံး ဒီလိုပါပဲ ဆိုတာ ဆက်တိုက် တွေ့ခဲ့ရပါတယ်။



ရှမ်းပြည်နယ် အရှေ့ မြောက်ပိုင်း၊ ကွတ်ခိုင် မြို့နယ်၊ မုန်းပေါ် တပ်စခန်း။
နောက်တန်း ဝဲမှယာ- ကျွန်တော်၊ ဗိုလ်ကြီး သန်းရှိန် (ယခု တွံတေး)၊ ဗိုလ်ကြီး တင်အောင် (အပတ်စဉ် ၃၁)၊ တပ်ကြပ်ကြီး ညွန့်မောင်၊ ရှေ့တန်း ဝဲမှယာ- တပ်ကြပ် စိန်လွင်၊ တပ်ကြပ် ရဲလွင်၊ တပ်ကြပ်ကြီး မောင်သောင်းနဲ့ တပ်ကြပ် စိန်ညွန့် (၁၉၆၅ ခုနှစ်)။

---

## မုန်းပေါ် ဆိုတဲ့ နေရာလေး

ကျွန်တော်တို့ တပ်ရင်း ဌာနချုပ် ဖွင့်ထားတဲ့ မုန်းပေါ် ဆိုတာ ရွာကြီး တစ်ရွာပါ။ ကချင်၊ ရှမ်း၊ ရှမ်းတရုတ်၊ လားဟူ စတဲ့ တိုင်းရင်းသားများ နေကြပါတယ်။ အလယ်တန်းကျောင်း ရှိပါတယ်၊ အလယ်တန်းကျောင်းနဲ့ ကျွန်တော်တို့ ဌာနချုပ်ကြားမှာ ဘောလုံးကွင်း ရှိပါတယ်။ မုန်းပေါ်ကို မူဆယ်-ကွတ်ခိုင် ကားလမ်း၊ ၁၀၅ မိုင်ကနေ ချီးဝင်ရပါတယ်။

၁၀၅ မိုင်ဆိုတာ အခုတော့ တရုတ်-ဗမာ ကုန်သွယ်ရေး လမ်းကြောင်းမှာ အဓိကကျတဲ့ နေရာ ဖြစ်နေပါပြီ။ ဟိုတုန်းကတော့ ဖနပုဒ်ပါ။ မုန်းပေါ် ဝင်တာနဲ့ ကျောင်းကို တွေ့ရပါလိမ့်မယ်။ အဲဒီမှ ဆက်သွားရင် ဘောလုံးကွင်း။ အဲဒီကလွန်တော့ မုန်းပေါ်ရဲ့ ငါးရက် တစ်ဈေး ရှိရာ ဈေးကွင်း။ ဈေးကွင်းလွန်မှ လူနေအိမ်ခြေတွေပါ။ အဲဒီနောက်မှာတော့ မုန်းပေါ်ကို မိုးထားသလို ဖြစ်နေတဲ့ တောင်ကုန်းတစ်ခု ရှိပါတယ်။

ကျွန်တော်တို့ တပ်တွေကို ဌာနချုပ်ရှိရာ နေရာမှာ တပ်စု နှစ်စု သို့မဟုတ် တပ်ခွဲ တစ်ခွဲ ထားပြီး ခုနက ပြောတဲ့ တောင်ပေါ်မှာတော့ တပ်ခွဲ တစ်ခွဲ အမြဲတမ်း ထားပါတယ်။ မုန်းပေါ် ဈေးကတော့ အစည်ကားကြီး မဟုတ်သော်လည်းပဲ တောကောင်သားတွေ၊ ရိုးရာ အဝတ်အထည်တွေ ရပါတယ်။ အဆွဲဆောင်နိုင်ဆုံးကတော့ ခေါင်ရည်ဆိုင်တွေ ဖြစ်ပါတယ်။

ကျွန်တော်က ကျောင်းဆရာသား ဆိုတော့ ပညာရေးကို စိတ်ဝင်စားပါတယ်။ စာဖတ်လည်း ဝါသနာပါပါတယ်။ အလယ်တန်းကျောင်း ကျောင်းအုပ်ကြီးက ကချင် အမျိုးသမီးပါ။ ဒေါ်အားဘူလို့ ခေါ်ပါတယ်။ အခုတော့ မရှိရှာတော့ပါဘူး။ ကျောင်းသားတွေကလည်း ဗမာ မရှိသလောက်ပါပဲ၊ ကချင် အများစုပါ။

ကျွန်တော်တို့တုန်းကတော့ KIA ပဲ ရှိတာပါ။ ဗကပ မပေါ်သေးပါဘူး။ ဗကပတွေ အရှေ့မြောက် ဒေသ ဝင်တုန်းက စတင် ဝင်ရောက်တဲ့ နေရာဟာ မုန်ကိုး စခန်း ဖြစ်ပါတယ်။ ၁၉၆၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ပါ။ ၁၉၆၇ ခုနှစ်၊ တရုတ် ဗမာ အရေးအခင်း အပြီးမှာ တရုတ်ပြည် ခေါင်းဆောင်တွေက ဗကပကို လက်နက် တပ်ဆင်ပြီး အရှေ့မြောက် ဒေသကို ဝင်ရောက် ကျူးကျော်ဖို့ အားပေးအားမြှောက် ပြုခဲ့ပါတယ်။

ဗကပတွေ ဝင်လာခါစက မုန်ကိုးဖောင်းဆိုင် ဒေသ၊ အဲဒီကမှ တစ်ဆင့် မုံးယား-မုံစီး-တာမိုးညဲ စတဲ့ နေရာတွေကို ထိုးဖောက် ဝင်ရောက်ပေမဲ့ မုန်ကိုးဘက်ကိုတော့ မဝင်သေးပါဘူး။ သုံးနှစ်လောက် ကြာမှ မုန်းပေါ်ဘက်ကို လှည့်လာပါတယ်။ မုန်းပေါ် တိုက်ပွဲဖြစ်တော့ ကျွန်တော် စစ်ရုံးမှာ ရှိပါသေးတယ်။ အဲဒီမှာ တပ်မ ၇၇ က ခမရ ၁၀၇ စစ်ကြောင်း နှစ်တပ် တပ်စွဲထားပါတယ်။ စစ်ကြောင်းမှူးက ဗိုလ်မှူး စိန်လွင် (ရုပ်ရှင်မင်းသား ဇင်ပိုင်း အဖေ) ဖြစ်ပါတယ်။

မုန်းပေါ်ကို ဗကပ ဝိုင်းဝန်း တိုက်ခိုက်ကာ နှစ်လလောက် ကြာမယ် ထင်ပါတယ်။ စစ်ကူတွေကို ၁၀၅ မိုင်ဘက်က စေလွှတ်သော်လည်း ရေ မြေ အနေအထား ခက်ခဲလို့ ဘယ်စစ်ကူမှ မုန်းပေါ်ထိ မရောက်ပါဘူး။ ဗကပ တပ်တွေဟာ မုန်းပေါ်ကို မိုးနေတဲ့ တောင်ကုန်းကို အရင် တိုက်ပါတယ်။ အကျဆုံးများစွာနဲ့ သိမ်းပိုက်လိုက်နိုင်တဲ့အခါမှာ မုန်းပေါ် စခန်းဟာ ကျတော့မယ်လို့ မုန်းလို့ ရပါတယ်။ နောက်ဆုံးတော့ စစ်ကြောင်းမှူးနဲ့ တကွ အရာရှိ၊ ရဲဘော်အချို့ အဖမ်းခံလိုက်ရပါတယ်။

## ဖောင်းဆိုင် ဒူဝါ

ဒူဝါ ဆိုတာက ကချင် မျိုးနွယ်စုအလိုက်၊ ဒါမှမဟုတ် ရွာအလိုက် သတ်မှတ်ထားတဲ့ ခေါင်းဆောင်တွေပါ။ ကျွန်တော်တို့ ဗမာတွေရဲ့ အသုံးအနှုန်းအရ ဆိုရင် တိုက်နယ်သူကြီး သို့မဟုတ် ကျေးရွာအုပ်စု ခေါင်းဆောင် အဆင့် ရှိမှာပါ။ KIA က သူတို့ကို မထောက်ခံဘူး ဆိုတဲ့ ပြစ်ချက်နဲ့ ရန်လုပ်လို့ ဖောင်းဆိုင် ဒူဝါ မိသားစု တစ်စုလုံး ကွတ်ခိုင်ကို ထွက်ပြေး ခိုလှုံရပါတယ်။ အဲဒီလို ထွက်ပြေးလာတဲ့ ကျေးရွာ ခေါင်းဆောင် အချို့ကို လက်နက် တပ်ဆင်ပြီး "ပြည်သူ့စစ် ခေါင်းဆောင်" အနေနဲ့ ခန့်အပ်ပြီး ကာကွယ်ရေးဆိုင်ရာ တပ်ဖွဲ့တွေ ဖွဲ့ပေးခဲ့ပါတယ်။

အဲဒီလို ပြည်သူ့စစ် အဖွဲ့တွေဟာ အရှေ့မြောက် ဒေသတွေမှာ တော်တော်များများ ရှိပါတယ်။ ကိုယ့် ဒေသမှာ မနေနိုင်လို့ ထွက်ပြေးလာခဲ့ရတဲ့ ဖောင်းဆိုင် ဒူဝါဟာလည်း ပြည်သူ့စစ် ခေါင်းဆောင် တစ်ယောက် ဖြစ်လာပါတယ်။ ကျွန်တော်တို့ စစ်ကြောင်းနဲ့ တွဲပြီး စစ်ဆင်ရေး ထွက်ဖူးတော့ ကျွန်တော်နဲ့ လူချင်းခင်ပါတယ်။ အဲဒီ ဖောင်းဆိုင် ဒူဝါဟာ ယခု ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဖြစ်နေတဲ့ ဦးတီခွန်မြတ်ရဲ့ အဖေ ဖြစ်ပါတယ်။

## ဦးတီခွန်မြတ်နဲ့ ကျွန်တော်

ကျွန်တော် ၂၀၁၂ ခုနှစ်၊ ကြားဖြတ် ရွေးကောက်ပွဲ ဝင်ပြိုင်ပြီး နိုင်လို့ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဖြစ်လာတဲ့အခါ ဦးတီခွန်မြတ်နဲ့ တွေ့ပါတယ်။ အဲဒီတုန်းက သူက ကြံ့ခိုင်ရေး ပါတီက ဖြစ်ပါတယ်။ ပြီးတော့ အလွန် အရေးပါတဲ့ ဥပဒေကြမ်း ကော်မတီ ဥက္ကဋ္ဌလည်း ဖြစ်ပါတယ်။ စကားပြောကြရင်းနဲ့ သူဟာ ကွတ်ခိုင်က ဆိုပေမဲ့ ဖောင်းဆိုင်ဇာတိလို့ သိရပြန်ပါတယ်။ ကျွန်တော်က သူ့အဖေနဲ့ တွဲပြီး စစ်ဆင်ရေး တာဝန်တွေ တွဲ လုပ်ဖူးတာ သိရတော့ ပိုပြီး ရင်းနီးလာပါတယ်။

ဒီလိုနဲ့ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ သူဟာ ကြံ့ခိုင်ရေး အမတ်အနေနဲ့ပဲ အရွေးခံရတဲ့အခါ ကျွန်တော် တို့ NLD ရဲ့မူအရ သူ့ကို ပြည်သူ့ လွှတ်တော် ဒုတိယ ဥက္ကဋ္ဌအနေနဲ့ ရွေးချယ် တာဝန်ပေးခဲ့ပါတယ်။ အဲဒီ အခါမှာ မီဒီယာအချို့က ဦးတီခွန်မြတ်ဟာ မူးယစ်ဆေးဝါးနဲ့ ပတ်သက်တယ်ဆိုတဲ့ အကြောင်း အစရှိပြီးတော့ တခြားကိစ္စတွေကိုပါ ဆွဲထည့်ပြီး ဝေဖန် တိုက်ခိုက်လာကြပါတယ်။ ကျွန်တော့် ထင်မြင်ချက်ကို မီဒီယာတွေ မေးတဲ့အခါမှာ ကျွန်တော်က ဒီလို ဖြေလိုက်ပါတယ်။

"ခင်ဗျားတို့က ဦးတီခွန်မြတ်ဟာ မူးယစ်ဆေးဝါး ကိစ္စအပြင် တခြား ဥပဒေနဲ့မညီတဲ့ ကိစ္စတွေကို ထောက်ပြပြီးတော့ ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ နေရာနဲ့ မထိုက်တန်ဘူး သဘောမျိုး ရေးနေကြတယ်၊ ခင်ဗျားတို့ သတိပြုဖို့က သူက အခုမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဖြစ်တာမဟုတ်ဘူး၊ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲ ကတည်းက ဖြစ်လာတာ၊ အဲဒီတုန်းက ဘာမှ မရေးဘဲနဲ့ အခုကျမှ ဒါတွေ ရေးတယ်ဆိုတော့ မေးခွန်းထုတ်စရာ ဖြစ်လာပြီ။ ကျွန်တော်ကတော့ ၁၉၆၅ ခုနှစ်မှာ သူ့အဖေနဲ့ ကွတ်ခိုင်မြို့မှာ တွဲခဲ့ဖူးတယ်၊ အဲဒီတုန်းက သူ့အဖေက ပြည်သူ့စစ် ခေါင်းဆောင်၊ ကျွန်တော်တို့နဲ့ တွဲပြီး စစ်ဆင်ရေးတွေ ထွက်ခဲ့ဖူးတယ်။ အခု ဦးတီလို့ ခေါ်နေတဲ့ ပုဂ္ဂိုလ်ဟာ အဲဒီတုန်းက ချာတိတ်လေး ရှိသေးတယ်၊ ကျွန်တော့်အမြင်ကို ပြောရရင် တော့ ဦးတီခွန်မြတ်နဲ့ ဒီရာထူးနဲ့ ထိုက်တန်တယ်လို့ ပြောရမှာပါ"

## မေသကောင်း မပျောက်ကောင်း (၇)

မေသကောင်း မပျောက်ကောင်း ဖြစ်စဉ်တစ်ခုပါ။ ဒါပေမဲ့ သေရွာပါမယ့် ဒဏ်ရာတစ်ခုတော့ ရခဲ့ပါတယ်။ ဒီစာ ရေးနေတဲ့ အသက် ၇၆ နှစ် ပြည့်ခါနီးမှာတောင် ရုံဖန်ရုံခါ နာကျင်နေဆဲပါ။ ၁၉၆၅ ခုနှစ်မှာ ဖြစ်ခဲ့တာဆိုတော့ ၅၂ နှစ် ရှိပါပြီ။ ဖြစ်ပုံက...။

အဲဒီနေ့က တပ်ရင်းမှူးခေါ်လို့ သူရယ်၊ ကျွန်တော်ရယ်၊ ယာဉ်မောင်း ရဲဘော် တစ်ယောက်ရယ်၊ ပေါင်း သုံးယောက် ငါးသိုင်းချောင်းကို သွားကြပါတယ်။ ကိစ္စကိုတော့ မေ့သွားပါပြီ။ သွားတာက ဂျစ်ကား CJ- 5 အသစ်စက်စက်လေးနဲ့ပါ။ ယာဉ်ဥပဒေအရ ယာဉ်မောင်း ရဲဘော် ပါရင် အရာရှိ ကိုယ်တိုင် မမောင်းရပါ။ ဒါပေမဲ့ ဂျစ်ကား အသစ်လေး ဆိုတော့ ဗိုလ်မှူး သိုးထိန်းက ကိုယ်တိုင် မောင်းပါတယ်။ ကျွန်တော်က ဘေးမှာ ထိုင်ပါတယ်။ ယာဉ်မောင်း ရဲဘော်ကို နောက်မှာ ထိုင်ခိုင်းထားပါတယ်။

ငါးသိုင်းချောင်းလမ်းဟာ ၁၀ ပေလောက် မြင့်တဲ့ တာပေါ်မှာ ကားလမ်း ဖောက်ထားတာပါ။ ကားလမ်းက မြင့်လည်းမြင့် ကျဉ်းလည်းကျဉ်း၊ ကား နှစ်စီး ရှောင်ချင်ရင် ဖြည်းဖြည်းချင်းမှ ရှောင်လို့ ရပါတယ်။ လမ်းတစ်လျှောက်လုံး ဘေးတစ်ဖက်တစ်ချက်မှာ ကုက္ကိုပင်တွေချည်းပါပဲ။ ငါးသိုင်းချောင်း မရောက်ခင် နှစ်မိုင်လောက် အလိုမှာ ရှေ့ခပ်လှမ်းလှမ်းမှာ လှည်းတစ်စီးကို တွေ့လိုက်ရပါတယ်။ တပ်ရင်းမှူးက ဂျစ်ကားဟွန်းကို အကြိမ်ကြိမ် တီးပါတယ်။ ရှေ့မှာရှိတဲ့ လှည်းကလည်း ဘယ်ဘက် လှည့်လိုက်၊ ညာဘက် လှည့်လိုက်နဲ့ ဗျာများနေဟန်တူပါတယ်။ ရှောင်ဖို့ နေရာ ရှာနေဟန် တူပါတယ်။ ဒါပေမယ့် တာရိုးက မြင့်နေတော့ ဆင်းမောင်းပေးလို့ မရပါဘူး။

တပ်ရင်းမှူးက အရှိန်လည်း မလျှော့ပါဘူး၊ ဂီယာလည်း မပြောင်းပါဘူး။ လှည်းအနား ရောက်တာနဲ့ တပ်ရင်းမှူးက ဂျစ်ကားကို ဘေးကို ဆွဲချလိုက်ပါတယ်။ ဂျစ်ကားက လမ်းဘေးက ကုက္ကိုပင် ဝင်တိုက်ပါတယ်။ တိုက်တဲ့အရှိန် ဘယ်လောက် ပြင်းသလဲ ဆိုရင် ဂျစ်ကားရှေ့က Bumper ကြီးဟာ ပြတ်ထွက်သွားပါတယ်။ ကျွန်တော်လည်း တိုက်တော့မယ်ဆိုတာ သိတာနဲ့ ခြေထောက်ရော၊ လက်ရော တောင့်ထားပြီး အသင့် အနေအထားနဲ့ပါ။ တောင့်ထားပေမဲ့ ကျွန်တော့်ခေါင်းက ရှေ့မှန်နဲ့ တိုက်မိပြီးတော့ မှန်ကွဲသွားပါတယ်။

ကျွန်တော့ နဖူးလည်း သပြေသီးမှည့်လို ဖြစ်သွားပါတယ်။ လက်နဲ့ ဘယ်ဘက် ခြေထောက် ဘာမှ မဖြစ်ပါ။ ညာဘက် ခြေထောက်ကတော့ ဂျစ်ကားရဲ့ တိုလီမိုလီ ထည့်တဲ့ ခုံတန်းနဲ့ တိုက်မိပြီး ခြေထောက် ကျိုးသွားသလို ခံစားလိုက်ရပါတယ်။ ညိုသကြီးပြဲသွားပြီးတော့ အရိုးကျိုးမတတ် ခံစားလိုက်ရပါတယ်။ အဲဒီအခါကျတော့မှ ညာဘက်ခြေသလုံးရဲ့ ညို့သကျည်း ပြဲထွက်သွားပါတယ်။ မကျိုးပါဘူး။ သူကတော့ စတီယာရင်နဲ့ ရင်ဘတ် တည့်တည့် ရိုက်မိပြီး တအီအီနဲ့ ညည်းနေပါတယ်။

အဲဒီအခါကျမှ လုံခြုံရေးယူထားတဲ့ နောက်ကကားမှီလာပြီး ဆရာတွေ၊ ရဲဘော်တွေ ရောက်လာပါတယ်။ သူတို့က လှည်းသမားကို ရိုက်မယ် နက်မယ်လုပ်လို့ တားရပါသေးတယ်။ ကျွန်တော်တို့ ငါးသိုင်းချောင်းကို မသွားတော့ပါဘူး။ ကျုံပျော်ကို ပြန်ပြီး ဆေးရုံသွားပြကြပါတယ်။ တပ်ရင်းမှူးက ဓာတ်မှန်တွေ ရိုက်ပါတယ်။ နံရိုးတွေ မကျိုးတာ ကံကောင်းပါတယ်။

ကျွန်တော့်ကျတော့ နဖူးက ရောင်နေတာကို ဆားကြပ်ထုပ် ထိုးတာနဲ့ ပြီးသွားပါတယ်။ ခြေသလုံးက အရိုး မကျိုးပေမဲ့ ကျောက်ပတ်တီး တစ်လ စည်းရပါတယ်။ ကျောက်ပတ်တီး ဖြေလိုက်ပေမဲ့ ဒူးက မကြာခဏ ပြန်နာလေ့ရှိပါတယ်။ အဆိုးဆုံးကတော့ မြင်းခြံထောင်မှာပါ။ ထောင် အနေအထားတွေ နည်းနည်း ချောင်လာပြီဆိုတော့ ကျွန်တော်တို့ နိုင်ငံရေး အကျဉ်းသားတွေ ပိုက်ကျော်ခြင်း ခတ်ခွင့်ရပါတယ်။ ကျွန်တော်က ချွေးထွက်ချင်လို့ အမှတ်နဲ့ သုံးပွဲ ကစားပါတယ်။ ချွေး ကောင်းကောင်း ထွက်ပါတယ်။

ဒါပေမဲ့ ပထမနေ့ကတည်းက ညာဘက်ဒူးက ရောင်လာပါတယ်။ သုံးရက်လောက် ပေပြီး ဆက်ကစားတဲ့အခါ ခြေထောက်က ထိုင်ထ လုပ်လို့ မရတော့အောင် ရောင်ကိုင်းလာလို့ ပိုက်ကျော်ခြင်း ဆက်မကစားတော့ပါ။ မကြာ မကြာ ညာဘက်ဒူးက နာနေဆဲပါ။ အဲဒါ ဗိုလ်မှူး သိုးထိန်း တပ်ရင်းမှူး ဖြစ်စဉ်က ကျွန်တော် ရခဲ့တဲ့ ဒဏ်ရာဒဏ်ချက်တွေပါ။

## တပ်ရင်းမှူး ပြောင်းပြီ

ဗိုလ်မှူး သိုးထိန်းရဲ့ ညဉ့်တစ်ခုက တပ်ခွဲတိုင်းမှာ လူယုံထားပြီးတော့ သူ့အကြောင်း ဘာပြောလဲ၊ ဘယ်သူ ဘာလုပ်သလဲဆိုတာ အမြဲတမ်း စုံစမ်းပါတယ်။ တစ်ခုခု ငြိတယ်လို့ သူ ယူဆရင် စွဲချက်တင်ပြီး အမှုလုပ်

တယ်။ သူ တပ်ရင်းမှူး ကာလ နှစ်နှစ်လောက် အတွင်းမှာ အရာရှိ ခုနစ်ယောက်လောက် အမှုဖြစ်ပါတယ်။ တပ်မတော်မှာ တပ်မှူးတစ်ယောက် လက်အောက်မှာ အဲဒီလို အမှုတွေ များလာပြီဆိုရင် တပ်မှူးရဲ့ အရည်အချင်းကို အပေါ်က အကဲဖြတ်ရမှာ သက်သာရာ သက်သာကြောင်း ဖြစ်ဖို့ ခဲယဉ်းပါတယ်။

ဒါ့ကြောင့်မို့လို့ ထင်ပါရဲ့၊ သူ့ကို ခလရ ၄၆ ပူတာအိုကို ပြောင်းပေးလိုက်ပါတယ်။ သူ ပြောင်းသွားတဲ့အခါမှာ တပ်ရင်းမှူးအဖြစ် ဒုဗိုလ်မှူးကြီး ထွန်းရှိန် ရောက်လာပါတယ်။ ဒုတိယ တပ်ရင်းမှူး ဝီ-ကျော်ဟန်ကိုတော့ ခလရ ၅၅ သံတွဲ-ပေလီကို ပြောင်းပေးလိုက်ပြီ သူ့အစား ဗိုလ်မှူး ထွန်းရီ နပိုလီယမ် ရောက်လာပါတယ်။ ဗိုလ်မှူး ထွန်းရီဟာကျွန်တော် ဗိုလ်လောင်းဘဝတုန်းကလည်း တပ်ခွဲမှူး ဖြစ်ခဲ့လို့ ဆရာ ဖြစ်ခဲ့ပါတယ်။ အခု ဒုတိယ တပ်ရင်းမှူး ဆိုတော့ ကျွန်တော့်ရဲ့အထက်အရာရှိပါ။ နှစ်ထပ်ကွမ်းဆရာ ဖြစ်လာသူလို့ ပြောရမှာပေါ့။

## အလင်းရောင် စစ်ဆင်ရေး

ဒီစစ်ဆင်ရေးဟာ တပ်မတော်ရဲ့ အဆန်းသစ်ဆုံး နည်းဗျူဟာနဲ့ ဆင်နွှဲတဲ့ စစ်ဆင်ရေး ဖြစ်ပါတယ်။ စစ်ရေးသက်သက်မဟုတ်ဘဲ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး ကိစ္စရပ်များပါ အကြုံးဝင်တဲ့ စစ်ဆင်ရေးတစ်ခုပါ။ အကြမ်းအားဖြင့် စစ်ကြောင်းကြီး ငါးကြောင်း အနေနဲ့ ဆင်နွှဲခဲ့ပါတယ်။

စစ်ရေး စစ်ကြောင်း၊ ဒီမှာတော့ တပ် အင်အားစုတွေပေါ့။ နိုင်ငံရေး စစ်ကြောင်း၊ ဒီမှာတော့ သက်ဆိုင်ရာမြို့နယ် ပါတီဝင်တွေနဲ့ သူတို့ရဲ့ ရပ်/ကျေး အဖွဲ့ခွဲတွေ။ လူမှုရေး စစ်ကြောင်း၊ ဒီမှာတော့ ကျန်းမာရေး ပါတယ်၊ ပညာရေး ပါတယ်။ နောက် အုပ်ချုပ်ရေး စစ်ကြောင်း၊ ဒီမှာ ထွေ/အုပ် ပါတယ်၊ လူဝင်မှုကြီးကြပ်ရေး ပါတယ်၊ ရဲ ပါတယ်။ စီးပွားရေး စစ်ကြောင်းမှာတော့ မြို့နယ်အဆင့် စီမံကိန်း အရာရှိတွေ ပါတယ်၊ စိုက်ပျိုးရေး အရာရှိတွေ ပါပါတယ်။ သဘောကတော့ နယ်မြေတစ်ခုကို စစ်ဆင်ရေး ဝင်တယ်ဆိုရင် ကဏ္ဍအားလုံးကို ငုံမိအောင်ပါ။

ဒီစစ်ဆင်ရေးနဲ့ ပတ်သက်လို့ ပါဝင်မယ့် အရာရှိအားလုံး (အရပ်သား အရာရှိတွေ အပါအဝင်) မင်္ဂလာဒုံ တဗဟို နိုင်ငံရေးသိပ္ပံကျောင်းမှာ နှစ်ပတ်လောက် သင်တန်းတက်ကြရပါတယ်။ အဲဒီမှာ စစ်ရေးသဘောတရား၊ နိုင်ငံရေး သဘောတရားတွေကို အဓိကထား သင်ရပါတယ်၊ ဆွေးနွေးရပါတယ်။ ဦးတည်ချက်ကတော့ ကိုယ်စစ်ဆင်ရေး ဝင်ရမယ့် နယ်မြေတစ်ခုလုံးကို ကွက်ပြည့်နှင်းပြီး  အချက်အလက်တွေ ဖော်ထုတ်မယ်၊ ရန်သူတွေကို ဖော်ထုတ် ချေမှုန်းမယ်။

စစ်ရေး စစ်ကြောင်းမှာလည်း အင်ဂျင်နီယာတပ်၊ ထောက်ပို့တပ်၊ ဆက်သွယ်ရေးတပ်တွေ အပြင် စစ်ခွေးတွေပါ ပါဝင်ပါတယ်။ တပ်မတော်က စစ်ကြောင်းကြီး ငါးကြောင်းနဲ့ ဆင်နွှဲတဲ့ ပထမဦးဆုံး စစ်ဆင်ရေးပါ။ ထိရောက်တဲ့ အောင်မြင်မှုတွေ ရခဲ့လို့ နောင်မှာ တခြား စစ်တိုင်းတွေမှာလည်း ဒီလို စစ်ဆင်ရေးမျိုးတွေ ဆင်နွှဲခဲ့ပါတယ်။ ဒီအလင်းရောင် စစ်ဆင်ရေးဟာ ပဲခူး ရိုးမဒေသ တစ်ခွင် သောင်းကျန်းသူ အမြစ်ပြတ် ချေမှုန်းရေးရဲ့ ပထမအစ ခြေလှမ်းခြင်း ဆိုရင်လည်း မမှားပါဘူး။

## စစ်ကြောင်း ၁ နဲ့ စစ်ကြောင်း ၂

စစ်ဆင်ရေး ဝင်တဲ့အခါမှာ ကျွန်တော်တို့ တပ်ရဲ့ စစ်ကြောင်း ၁ က တပ်ရင်းမှူး ခေါင်းဆောင်တဲ့ တပ်ခွဲသုံးခွဲကို စစ်ကြောင်း ၁ အဖြစ်နဲ့ သတ်မှတ်ပြီး သာယာဝတီ အရှေ့ခြမ်းက ပဲခူး ရိုးမ တစ်ခွင်ကို စစ်ဆင်ရေးဝင်ရပါတယ်။ စစ်ကြောင်း ၂ ကိုတော့ ဗိုလ်မှူး ထွန်းရီ ခေါင်းဆောင်တဲ့ တပ်ခွဲ ၂ ခွဲကို တိုက်ကြီး/သုံးဆယ်မြို့

တွေရဲ့အရှေ့ဘက် ပဲခူး ရိုးမထဲကို စစ်ဆင်ရေး ဝင်ရပါတယ်။ ဒီစစ်ဆင်ရေးရဲ့ ထူးခြားချက်က ကျေးရွာတွေက အထမ်းသမား (ပေါ်တာ) မခေါ်ပါဘူး။ သူတို့အစား အင်းစိန် ထောင်က နှစ်ကြီးသမားမဟုတ်တဲ့ အကျဉ်းသား တွေကို ယူနီဖောင်း အပြာတွေနဲ့ စစ်ကြောင်းတွေကို တွဲဖက်ပေးပါတယ်။ အင်အား ၄၀၀ လောက် ရှိပါတယ်။

ဒီစစ်ဆင်ရေးမှာ တပ်ရင်း သုံးရင်း ပါပါတယ်။ ခမရ ၁၀၆ နဲ့ ခလရ ၁၃ တို့ ဖြစ်ပါတယ်။ ခလရ ၁၃ ကို တိုက်ကြီး မြို့နယ်၊ ရိုးဖြူ လေ့ကျင့်ရေးကျောင်း တစ်ဝိုက်ကနေ ပဲခူး ရိုးမကို တောင်ပိုင်းက တက်ပြီး စစ်ဆင် ရေး ဝင်ရတာပါ။ ခမရ ၁၀၆ ကတော့ ပဲခူး ရိုးမ အရှေ့ခြမ်း ဖောင်းတူကွင်းဘက်က ပဲခူး ရိုးမကို အရှေ့ခြမ်းက ဝင်ရတာပါ။ ကြည့်မယ်ဆိုရင် ပဲခူး ရိုးမရဲ့ တောင်ဘက် အစွန်ဆုံး ဒေသတွေကို ပစောက် ပုံသဏ္ဌာန်နဲ့ ပိတ်ပြီး စစ်ဆင်ရေးဝင်တာပါ။

ကျွန်တော်တို့ရဲ့ စစ်ဆင်ရေး ဒေသမှာ ဗကပ ဗဟိုနဲ့ ဗဟိုကို ဝန်းရံတဲ့ တပ်ဖွဲ့တွေရယ်၊ ကရင် လက်နက်ကိုင် အဖွဲ့က တပ်မဟာ အဖွဲ့ ခေါင်းဆောင်လို့ ဆိုတဲ့ "စိန်ဓားမြှောင်" နဲ့ အင်အား ရာဂဏန်းလောက် ရှိမယ့် အဖွဲ့တွေ လှုပ်ရှားပါတယ်။ ဒါပေမဲ့ သူတို့ အဖွဲ့တွေနဲ့ တောင်ခြေမှာ ရှိတဲ့ ရွာတွေနဲ့ ဘယ်လို အဆက် အသွယ် ရှိမှန်း မသိရပါဘူး။

## ဗိုလ်ကြီး/ဗိုလ်မှူး ထွန်းရီ

စစ်ကြောင်း ၁ စစ်ကြောင်းမှူးက မူလမှာ ဒုတိယ ဗိုလ်မှူးကြီး ထွန်းရှိန် ဖြစ်ပါတယ်။ သူက ပုသိမ်သား ဖြစ်ပြီး သဘောကောင်းပါတယ်။ နာယကဂုဏ် ရှိတဲ့ လူကြီး တစ်ယောက်ပါ။ စစ်ကြောင်း ၂ မှာကျတော့ ဗိုလ်ကြီး ထွန်းရီပါ။ သူက ဗိုလ်မှူးဖြစ်ဖို့ Officiating ကာလ တစ်နှစ် နေရမှာပါ။ လစာကိုတော့ ဗိုလ်မှူး လစာ ရပြီး တော့ ဗိုလ်မှူး အပွင့်တောင် မတင်ရသေးပါ။ သူ့ကို တချို့က ဗိုလ်မှူးလို့ ခေါ်ပါတယ်။

အထက်မှာ တင်ပြပြီးသလိုပါပဲ သူဟာ ကျွန်တော် DSA မှာတုန်းက တပ်စု အရာရှိ၊ နောက်တော့ တပ်ခွဲမှူး ဖြစ်ခဲ့ရုံမက စစ်နည်းဗျူဟာတွေမှာလည်း သင်တန်းနည်းပြ လုပ်ခဲ့တော့ ကျွန်တော့် ဆရာပေါ့ ဟော... အခုတော့ ကျွန်တော်တို့ တပ်ရဲ့ ဒုတိယ တပ်ရင်းမှူးအပြင် စစ်ကြောင်း ၂ ရဲ့စစ်ကြောင်းမှူး ဖြစ်ပါ တယ်။ ကျွန်တော်က စစ်ကြောင်းရဲ့ IO (ထောက်လှမ်းရေး/အုပ်ချုပ်ရေး) ဖြစ်လေတော့ ကျွန်တော့် အတွက် တော့ ဆရာသမားဟောင်းနဲ့ တွဲလုပ်ရတာ အင်မတန် ပျော်စရာ ကောင်းပါတယ်။

ကျွန်တော်တို့ စစ်ကြောင်းတွေ ဝင်ဝင်ချင်း ပဲခူး ရိုးမ တောင်ပေါ်တက်ပြီး တောင်ပေါ်မှာပဲ စခန်းချ ကြပါတယ်။ ကျွန်တော်က IO ဆိုတော့ စစ်ကြောင်းမှူးရဲ့ "လက်ကသုံးတောင်ဝှေး" ဆိုရမှာပေါ့။ ကျွန်တော်တို့ တပ်တွေ တောင်ပေါ်မှာ ရောက်သွားတော့ ရန်သူတွေ ကျွန်တော်တို့ရဲ့ သတင်းအစအနတွေ လုံးဝ မရဘူးလို့ နောင်မှာ သိရပါတယ်။

တောင်ပေါ်ရောက်စ တစ်ပတ် နှစ်ပတ်မှာ ရန်သူနဲ့ ထိတွေ့မှု မရှိသေးပါ။ ရန်သူတွေ ဆင်နွဲတဲ့ ပျောက်ကြား စစ်ဗျူဟာမှာ တစ်ဖက်နဲ့ တစ်ဖက် သတင်းရရှိရေး ဆိုတာ အဓိကကျတဲ့ အချက်ပါ။ ကျွန်တော် တို့ရဲ့ သတင်း အစအနကို ရန်သူက မရတဲ့အတွက် သူတို့က ကျွန်တော်တို့ကို ချောင်းမြောင်း ပစ်ခတ် တိုက် ခိုက်ခြင်း၊ ချုံခို တိုက်ခိုက်ခြင်း ဆိုတာတွေ မလုပ်နိုင်ခဲ့ပါဘူး။

ဗိုလ်ကြီး ထွန်းရီဟာ အရပ် ငါးပေ သုံးလက်မလောက် ရှိပြီး ပိန်ပိန်သွယ်သွယ်ပါ။ ထိပ်ကတော့ ဆံ မသာ ပြောင်စပြုလာပါပြီ။ အသားညိုတာကတော့ သူဟာ အညာသား ဆိုတာ ပြောနေသလိုပါပဲ။ အနေအထိုင် ရိုးသားပါတယ်။ ပကာသန မရှိပါဘူး။ နေညိုရင်တော့ ပါစက တေဖောလေး မှိဝဲတတ်ပါတယ်။ သာမန်

အချိန်ဆိုရင် စကားနည်းတတ်ပြီး ရေချိန်ရလာပြီ ဆိုရင်တော့ စကားတွေ ဖောင်နေအောင် ပြောလေ့ရှိပါတယ်။ သူရဲ့ အဓိက အရည်အချင်းကတော့ ရန်သူကို ဘယ်လို ဖော်ထုတ်ရမယ်၊ ဘယ်လို တိုက်ခိုက်ရမယ် ဆိုတာကို အမြဲတမ်း စဉ်းစားနေတာပါ။

တောင်ပေါ် ရောက်တယ် ဆိုကတည်းက မနက်ဆိုရင် စစ်သုံးမြေပုံကို ထုတ်ပြီး China graph လို့ ခေါ်တဲ့ မြေပုံပေါ်မှာ ရေးရလွယ်တဲ့ မြေပုံသုံး ခဲတံတစ်ချောင်းကို ထုတ်ပြီး မြေပုံပေါ်မှာ ရေးတာ၊ ခြစ်တာတွေ လုပ်လေ့ရှိပါတယ်။ ပြီးတော့မှ သူ စိတ်ကူးရတဲ့အတိုင်း ခန့်မှန်းပြီး တပ်ဖွဲ့တွေကို တပ်ခွဲလိုက် သော်လည်း ကောင်း၊ အနည်းဆုံး တပ်စု နှစ်စု စစ်ကြောင်းနဲ့ သော်လည်းကောင်း လျှို့မြောင် အသီးသီးကို တိုက်ကင်းတွေ လွှတ်ပါတယ်။ တပ်ဖွဲ့တွေလည်း ပင်ပန်းကြပါတယ်။ ဒါပေမဲ့ ခုနစ်ရက်လောက် တိုက်ကင်းတွေ ဆက်တိုက် ထွက်ပါမှ ရန်သူနဲ့ ထိတွေ့မှုဟာ တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်လောက် ရှိလာပါတတယ်။ ဒါဟာ ပျောက်ကြား စစ်နည်းဗျူဟာရဲ့ အားသားချက်၊ အားနည်းချက်တွေပါပဲ။ အင်အားနည်းတဲ့ အဖွဲ့ဟာ အမြဲတမ်း အားသာလေ့ ရှိပါတယ်။

ဗိုလ်ကြီး ထွန်းရီရဲ့ အဓိက အရည်အချင်းဟာ စစ်တိုက်ချင်တဲ့စိတ် အပြည့်အဝ ရှိပြီး ရန်သူကို ဘယ်လိုနည်းနဲ့ ချေမှုန်းရမလဲ ဆိုတာ အမြဲတမ်း စဉ်းစားနေလေ့ရှိတဲ့ သူပါ။ ၁၉၄၇ ခုနှစ် သီရိလင်္ကာ နိုင်ငံ ကန္ဒီမြို့မှာ အင်္ဂလိပ် နိုင်ငံခြားရေး ဝန်ကြီး Mr. Freeman နဲ့ ဖွဲ့စည်းမယ့် ဗမာ့တပ်မတော်ရဲ့ ကာကွယ်ရေး ဝန်ကြီးဖြစ်တဲ့ ဗိုလ်လက်ျာတို့ သဘောတူ ချုပ်ဆိုခဲ့တဲ့ လက်ျာ-ဖရီးမင်း စာချုပ် အရ ဗမာ့တပ်မတော်ကို ဖွဲ့စည်းခဲ့ရာမှာ ပါဝင်ခဲ့တဲ့ သနက ၃/ ၄ /၅ တို့ကို ဖွဲ့စည်းရာမှာ သူက သနက ၄ မှာ ပါဝင်ခဲ့တာပါ။

ဂျပန် တော်လှန်ရေးကာလမှာတော့ ပဲခူးတိုင်း ဒေသမှာ တပ်မှူးငယ် တစ်ယောက်အဖြစ် ပါဝင်ခဲ့ပါ တယ်။ ဒါပေမဲ့ တပ်မတော်ကို သံယောဇဉ် ကြီးမားတဲ့အတွက် သနက ၄ မှာ တပ်ကြပ် ရာထူးနဲ့ ဝင်ပြီး အမှုထမ်းပါတယ်။ ဖြစ်ချင်တော့ အဲဒီတုန်းက သနက ၄ ရဲ့ တပ်ရင်းမှူးက ဒုတိယ ဗိုလ်မှူးကြီး နေဝင်း (နောင် လမ်းစဉ် ပါတီ ဥက္ကဋ္ဌ) ဖြစ်ပါတယ်။ တပ်ကြပ် ထွန်းရီက တပ်ရင်းရုံးက လက်ဖြောင့် တပ်စိတ်မှူး အဖြစ် အမှုထမ်းခဲ့ပါတယ်။ လက်ဖြောင့် တပ်စိတ်မှူး ဆိုတာ တပ်ရင်းမှူးနဲ့ အနီးကပ် နေရပြီး တပ်ရင်းမှူးရဲ့ လုံခြုံရေး ကို အဓိက တာဝန်ယူရတာပါ။

အဲဒီ အဆက်အသွယ်ကြောင့်လို့ ပြောရပါမယ်။ တော်လှန်ရေး ကောင်စီ တက်တဲ့အခါမှာ ဦးနေဝင်းက အလုံလမ်း သမ္မတ အိမ်တော်မှာ နေပါတယ်။ သူက တစ်ပတ်ကို နှစ်ကြိမ်လောက် အမြဲတမ်း ဂေါက်ရိုက်လေ့ ရှိပါတယ်။ သူ ရိုက်တဲ့ ဂေါက်ကွင်းက မင်္ဂလာဒုံမှာ ရှိတဲ့ တပ်မတော် ဂေါက်ကွင်းမှာပါ။ လုံခြုံရေး အသိ အပြည့် အဝ ရှိတဲ့ ဦးနေဝင်းဟာ သူ သွားလေရာမှာ လုံခြုံရေး အပြည့် လုပ်ပေးရပါတယ်။ တကယ်တော့ လုပ်ပေးရတာ မဟုတ်ပါဘူး။ သူက လုပ်ခိုင်းတာပါ။

အဲဒီတော့ အလုံလမ်းက ထွက်ရင် ပြည်လမ်း တစ်လျှောက်လုံး မင်္ဂလာဒုံ ဂေါက်ကွင်း အထိ လုံခြုံရေး ယူပေးရပါတယ်။ လုံခြုံရေးယူဘို့ တပ်အင်အားကိုတော့ သနက ၃ က အင်အားကို သုံးပါတယ်။ လုံခြုံရေး တာဝန်ခံအဖြစ် DSA မှာ ရောက်နေတဲ့ ဗိုလ်ကြီး ထွန်းရီကို ခေါ်ပြီး တာဝန်ပေးပါတယ်။ အရာရှိတွေအဖြစ် သနက ၃ က အရာရှိတွေကို မသုံးပါဘူး။ ဗိုလ်ကြီး ထွန်းရီကိုပဲ သင့်တော်တဲ့ အရာရှိတွေကို ရှာဖို့ တာဝန် ပေးပါတယ်။ အဲဒီလို ပေးတဲ့အခါမှာ ဗိုလ်ကြီး ထွန်းရီက DSA ကျောင်းဆင်း ရေတပ်က အရာရှိတွေကိုပဲ သုံးပါတယ်။ အပတ်စဉ် ၃ က များပါတယ်။ သူတို့ကို တပ်စုမှူး၊ တပ်ခွဲမှူးတွေ ခန့်ပြီး ဦးနေဝင်းရဲ့ လုံခြုံရေးကို တာဝန်ယူရပါတယ်။

## ဦးနေဝင်းအတွက် လုံခြုံရေး

လုံခြုံရေး ယူပုံကလည်း ခုခေတ်အနေနဲ့ဆိုရင် တော်တော်ဆိုးတယ်လို့ ပြောလို့ရပါတယ်။ အလုံလမ်းကနေ ပြည်လမ်း တစ်လျှောက် မြေနီကုန်းအပိုင်း အထိ၊ အဲဒီတုန်းက မြေနီကုန်း လမ်းဆုံမှာ အပိုင်းကြီးတစ်ခု ရှိပါတယ်။ အလားတူပဲ လှည်းတန်း လမ်းဆုံမှာ အပိုင်းကြီးတစ်ခု ရှိပါတယ်။ အဲဒီအပိုင်းကြီးတွေကို ဦးနေဝင်းရဲ့ အမိန့်အရ ဖျက်ပြီး မီးပွိုင့်တွေ တပ်ဆင်ရတယ်လို့ ကြားဖူးပါတယ်။ ဟုတ်မဟုတ်တော့ မသိရပါ။

လှည်းတန်း လမ်းဆုံကနေ မင်္ဂလာဒုံ ဂေါက်ကွင်းအထိ လမ်းမှာ ရှိရှိသမျှ တိုက်တာ အိမ်ခြံတွေ အားလုံးကို ရဲဘော်တွေက ဝင်ရောက်ပြီး နေရာယူရပါတယ်။ လမ်းမှာ ရှိသမျှ တိုက်တွေ၊ အိမ်တွေကို ကျူးကျော် ဝင်ရောက်ပြီးတော့ ရဲဘော်တွေ လုံခြုံရေး ကင်းစောင့်ရတဲ့အဖြစ်ဟာ သူများရဲ့ ပိုင်နက်ကို ကျူး ကျော် ဝင်ရောက်တာနဲ့ အတူတူပါပဲ။

ခုခေတ်လို လူ့အခွင့်အရေးတွေ ဘာတွေ အော်နိုင်တဲ့၊ အော်ရဲတဲ့ ခေတ်မဟုတ်တော့ ပြည်သူလူထု ခမျာ လုပ်သမျှ ခံနေရတဲ့သဘောပါ။ အဲဒီ လုံခြုံရေးကို ဗိုလ်ကြီး ထွန်းရီက ကြီးကြပ် တာဝန်ယူရတာပါ။ ဒါပေမဲ့ ရာထူး တက်ချိန်တန်တော့ ကျွန်တော်တို့ တပ်ကို ဒုတိယ တပ်ရင်းမှူး အဖြစ်နဲ့ ရောက်လာခြင်း ဖြစ်ပါတယ်။ စစ်ဆင်ရေး ဝင်တဲ့အခါကျတော့ စစ်ကြောင်း ၂ စစ်ကြောင်းမှူးအဖြစ် တာဝန်ယူပြီး ပဲခူး ရိုးမ စစ်ဆင်ရေးကို ပါဝင်လာရခြင်းဖြစ်ပါတယ်။

## တပ်ရင်းမှူး ပြောင်းပြန်ပြီ

ကျွန်တော်တို့ တပ်ကို ဗိုလ်မှူး ဇော်မင်း တိုက်ပွဲကျလို့ ဒုတပ်ရင်းမှူး ဗိုလ်မှူး ဝီ-ကျော်ဟန်က လပေါင်းများစွာ တာဝန်ယူနေရာကနေ အသစ်ရောက်လာတဲ့ ဒုတိယ ဗိုလ်မှူးကြီး ထွန်းရှိန်ဟာ စစ်ဆင်ရေး စလို့ ရက်ပိုင်း အတွင်းမှာ ဝဲဘက် ရင်ဘတ် အောင့်လာလို့ ဆေးရုံ ပြတဲ့အခါ နှလုံးရောဂါလို့ သိရပါတယ်။ ဒါ့ကြောင့် သူ့ကို အသစ် ဖွဲ့စည်းတဲ့ ရန်ကုန်တိုင်း စစ်ဌာနချုပ်ကို စစ်ဦးစီးမှူး (ပထမတန်း) အဖြစ် ပြောင်းလိုက်ပြီး သူ့အစား ဒုတိယ ဗိုလ်မှူးကြီး ခင်မောင်တည် ရောက်လာပါတယ်။

သူက သူ့နာမည် စာလုံးပေါင်းကို လုံးကြီးတင် စံခတ် (--ီ) နဲ့ ပေါင်းရင် ချက်ချင်း ညသတ်နဲ့ "တည်" ခိုင်းပါတယ်။ ကျွန်တော်က စိတ်ထဲက "ဟုတ်ပေမှာပေါ့၊ လုံးကြီးတင် စံခတ်နဲ့ ဆိုရင် တီကောင်လေ ညသတ်နဲ့ဆို တည်ကြည်တယ်ပေါ့" တကယ်တော့ သူက အိန္ဒိယသွေး ပါပါတယ်။ အသားအရေက မည်း နက်ပြီး ကျောက်ပေါက်မာ သက်သက်နဲ့ပါ။ ဒါ့ကြောင့် သူ့ကို ခပ်နောက်နောက် ရဲဘော်တွေ၊ ဆရာတွေက Black Stone လို့ခေါ် လေ့ရှိကြပါတယ်။

သူဟာ OTS အပတ်စဉ် ၇ ကပါ။ သူတို့ အပတ်စဉ်က လူတော်လူကောင်းတွေ များပါတယ်။ နောင် တစ်ချိန်မှာ တိုင်းမှူး တပ်မမှူးတွေ အများကြီး ဖြစ်လာပါတယ်။ သူကိုယ်တိုင်လည်း စွယ်စုံ တော်တယ်လို့ ပြောရပါမယ်။ တိုက်ရည်ခိုက်ရည် ရှိတဲ့အပြင် Staff Duty လို့ ခေါ်တဲ့ ရုံးလုပ်ငန်းတွေလည်း ကျွမ်းကျင်ပါတယ်။

သူက အသားမည်းသလောက် သူ့မိန်းမ ဒေါ်လှလှက အသားဖြူပါတယ်။ ရှမ်းမ ဖြစ်လို့ပါ။ သူတို့ နှစ်ယောက် တွဲလာရင် ရဲဘော်တွေက ကျီးကန်း ဘဲဥ ချီလာတယ်လို့ နောက်ကွယ်မှာ ပြောကြပြန်သေးတယ်။ ကျွန်တော် လူငယ် အရာရှိ ဘဝနဲ့ ကြုံခဲ့ရတဲ့ ပထမဦးဆုံး တပ်ရင်းမှူး ဗိုလ်မှူး ဇော်မင်းကတော့ daring ရဲရင့်

တယ်လို့ ပြောရမှာပါ။ Staff Duty ကောင်းတာ မကောင်းတာ၊ မှန်တာ မမှန်တာ သိပ်ဂရုမစိုက်ပါဘူး။ ဒါပေမဲ့ သူ့ချော သက်ဆိုး မရှည်ရှာပါဘူး။ သူရဲ့အဓိက အရည်အချင်းကတော့ စိတ်ကောင်း ရှိခြင်းပါပဲ။

ဒုတပ်ရင်းမှူးအဖြစ်နဲ့ တပ်ကို လပေါင်းများစွာ ကြီးမှူးသွားတဲ့ ဗိုလ်မှူး ပီ-ကျော်ဟန်က OTS အပတ်စဉ် ၇ ကပဲ ဖြစ်ပါတယ်။ လူက ပုပု၊ အသားက ဖြူဖြူ၊ ဆံပင်သန်တော့ ခေါင်းတုံးဆံတောက် တိုတိုပဲ ညှပ်လေ့ ရှိပါတယ်။ ထူးခြားချက် တစ်ခုကတော့ နှုတ်ခမ်းမွေး ထားခြင်းပါပဲ။ ငယ်ငယ်က မြင်းအကန်ခံရလို့ မေးရိုး ရွှဲ့သွားတာကို ဖုံးကွယ်တဲ့အနေနဲ့ နှုတ်ခမ်းမွေး ချန်ကြတယ်လို့ ပြောဖူးပါတယ်။ တပ်မှာက နေ့တိုင်း ပဲဟင်း စားရတော့ နေ့လယ်စာ စားပြီးတိုင်း သူ့နှုတ်ခမ်းမွေးမှာ ပဲဟင်းတွေ ပေကျံနေတာက ထူးခြားတဲ့ မြင်ကွင်း တစ်ခုပါ။ သူက ရန်သူ့သတင်း စုဆောင်းရေမှာ အင်မတန် တော်ပါတယ်။

သတင်း စုဆောင်းတာ တော်သလောက် တပ်စု တပ်ခွဲတွေကို ခိုင်းတာကလည်း ရက်စက်ပါတယ်။ သူ့ လက်ထက်မှာ ကျွန်တော် သေတွင်းထဲကို သုံး-လေးခါလောက် ရောက်ခဲ့ဖူးပါတယ်။ သူ့မိန်းမက ဒေါ်မြသီတာ ပါ။ ရုပ်ချောပါတယ်။ ပြီးတော့ လွတ်လပ်ရေး ရပြီး နောက်ပိုင်းမှာ အထိုက်အလျောက် နာမည်ကြီးတဲ့ အဆို တော်ပါ။ "မှန့်ဆီကြော်" ဆိုတဲ့ သီချင်းက ကျွန်တော်တို့ ငယ်ငယ်တုန်းက နာမည်ကြီးတဲ့ သီချင်းပါ။

ကျွန်တော် တိုက်ပွဲတွေ ဖြစ်ပြီး ကျောင်းကုန်း မြို့နယ်ထဲက တံခွန်တိုင်ဆိုတဲ့ ရွာကြီးမှာ စခန်းချတုန်း သူနဲ့ ရက်သတ္တပတ် နှစ်ပတ်လောက် အတူအိပ် အတူစားရင်းနဲ့ စကားတွေ ပြောဖြစ်ကြပါတယ်။ အဲဒီကျမှ သူ့မိန်းမဟာ မြသီတာလို့ သိရတာပါ။

သူက ပြောပါတယ်။ "ရယ်ရတယ်ဗျ၊ ကျွန်တော့် မူလတပ်က သနက ၄၊ နောက်တော့ ဘီအီးတပ် (အင်ဂျင်နီယာတပ်) တပ်ရေး ဗိုလ်ကြီး အဖြစ် ပြောင်းရတယ်၊ လူပျိုဘဝနဲ့ မြသီတာကို ပိုးရော ဆိုပါတော့ဗျာ၊ နောက်ကျ အခြေအနေ ကောင်းပြီး လက်ထပ်လိုက်ကြတယ်ပေါ့၊ မင်္ဂလာဦးညကျတော့ ကျွန်တော်က သာမန် ဘွဲ့ရတစ်ယောက်သာ ဖြစ်ပြီး အင်ဂျင်နီယာ ဘွဲ့ရမဟုတ်မှန်းသိတော့ ငိုပါလေရောဗျာ၊ မင်္ဂလာဦးညမှာ… မင်္ဂလာဦးညမှာ၊ ဖြစ်ပုံများ ပြောရရင်"

အချုပ်ပြောရရင် ဗိုလ်မှူး ပီ-ကျော်ဟန်ဟာ လူတော်လူကောင်း တစ်ယောက်ပါ။ လမ်းစဉ် ပါတီ ဇီဇိန် ချုပ်ခင်မှာ သူဟာ ပဲခူးတိုင်း ဒေသ လမ်းစဉ် ပါတီ ကော်မတီ ဥက္ကဋ္ဌအထိ ဖြစ်ခဲ့ပါတယ်။ အခုတော့ အငြိမ်း စားပေါ့၊ တိုင်းပါတီ ဥက္ကဋ္ဌ အနေနဲ့ ရတဲ့ တောင်ဥက္ကလာ ငွေကြာရံရပ်ကွက်မှာ နေပါတယ်။

## ဒုဗိုလ်မှူးကြီး ထွန်းရီနဲ့ ဗိုလ်ချုပ်ကြီး စန်းယု

သူ ပြီးတော့ ရောက်လာတဲ့ ဒုတိယ ဗိုလ်မှူးကြီး ထွန်းရှိန်ကတော့ ရဲဘော်တွေကို အရမ်း ချစ်ပါတယ်။ ဘာ လုပ်လုပ် ရဲဘော်တွေအတွက်ပဲ ဦးစားပေး စဉ်းစားလေ့ ရှိပါတယ်။ သူ့မိန်းမကတော့ အင်မတန် ချောပါတယ်။ တို့ခေတ်က မြောင်းမြမယ်ပါတဲ့။ အဆို၊ အကလည်း ဝါသနာ ပါပါတယ်။ သား နှစ်ယောက်နဲ့ပါ။ နောက်ပိုင်း သူဟာ ဗိုလ်မှူးကြီး အထိ ဖြစ်သွားပြီး လမ်းစဉ် ပါတီ လက်ထက်မှာ ပြည်သူ့ တရားသူကြီး အဖွဲ့ဝင် အထိ ဖြစ်လာခဲ့ပါတယ်။

သူ တပ်ရင်းမှူး ဘဝတုန်းက ဖြစ်ခဲ့တဲ့ နလုံးရောဂါဟာ သူ့အတွက် ဒုက္ခမပေးဘဲ အသက် ၈၀ ကျော်မှ ကွယ်လွန်သွားခဲ့တာ ဖြစ်ပါတယ်။ သူ့နောက်မှာ ရောက်လာတဲ့ ဗိုလ်ကြီး ထွန်းရီကျတော့ စောစောပိုင်းမှာ ဆူထူး တက်တာ နေးပါတယ်။ သူဟာ ဒုတိယ ဗိုလ်မှူးကြီး ဖြစ်တဲ့အခါ သနက ၅ ကို တပ်ရင်းမှူးထိ ရောက်လာပါတယ်။ အဲဒီမှာ ပြဿနာ တက်တော့တာပါပဲ။ ဖြစ်ပုံက ဒီလိုပါ.....။

အဲဒီတုန်းက ဗိုလ်ချုပ်ကြီး စန်းယုဟာ နိုင်ငံတော် ကောင်စီရဲ့ အတွင်းရေးမှူးပါ။ ဝင်ဒါမီယာထဲက ဝန်ကြီးများ အိမ်ရာမှာ နေပါတယ်။ ဗိုလ်ချုပ်ကြီး စန်းယုရဲ့ အိမ်ကို သနက ၅ က တပ်ခွဲ တစ်ခွဲ လုံခြုံရေး တာဝန် ယူရပါတယ်။ လုံခြုံရေးဆိုတော့ နေ့နေ့ညည ကင်းစောင့်ပေးရတာပါ။ ဗိုလ်ချုပ်ကြီး စန်းယုနဲ့ ဒေါ်သန်းရှိန်တို့မှာ သမီးတွေ များပါတယ်။ အဲဒီထဲက တစ်ယောက်က ဂျစ်ကန်ကန်ပါတဲ့။ ဒါပေမဲ့ တက္ကသိုလ် ကျောင်းသူ ဖြစ်နေပါပြီ။ တပ်ခွဲ ၂ လုံခြုံရေး တာဝန်ယူရတဲ့ တစ်နေ့မှာ အဲဒီ ဂျစ်ကန်ကန် ကောင်မလေး အိမ် ပြန်မလာဘဲ ပျောက်သွားပါတယ်။

ကားနဲ့ တက္ကသိုလ် ပို့ပေးပြီး အပြန် သွားကြိုတဲ့အခါမှာ ပျောက်သွားတာပါ။ အဲဒီမှာ တပ်ရင်းမှူး တာဝန်ပေါ့။ လေဆိပ်တွေ၊ ကားဂိတ်တွေ၊ ဘူတာတွေ၊ ဆိပ်ကမ်းတွေမှာ ပိတ်ဆို့ ရှာဖွေရေးတွေ ချက်ချင်း လုပ်ပါတယ်။ ထောက်လှမ်းရေး၊ ရဲ၊ တပ်ထိန်း စတဲ့သူတွေ အလုပ်များပြီပေါ့။ တပ်ရင်းမှူး ဒုတိယ ဗိုလ်မှူးကြီး ထွန်းရီဟာ တပ်ခွဲမှူးတွေနဲ့ အရေးပေါ် အစည်းအဝေးပွဲတွေ လုပ်ရပါတယ်။ တပ်ခွဲတွေ လူစစ်တော့ ရဲဘော် တစ်ယောက် ပျောက်နေပါတယ်။

အဲဒီ ကောင်လေးက စိန်မြင့်တဲ့၊ ယောနယ်ကပါ။ ဖြူဖြူချောချောလေး၊ စစ်သက် ငါးနှစ်လောက် ရှိပါပြီ။ အဲဒီ အစည်းအဝေးမှာ စိန်မြင့် ပါခဲ့ဖူးတဲ့ စစ်ဆင်ရေးတွေ ပြန်ဆန်းစစ်တော့ ပဲခူး ရိုးမနဲ့ မြစ်ဝကျွန်းပေါ်က ကျုံပျော်၊ ကျောင်းကုန်း၊ ရေကြည်၊ အသုတ်၊ ငါးသိုင်းချောင်း ဒေသတွေမှာ စစ်ဆင်ရေး ဝင်ခဲ့ဖူးပါတယ်။ အဲဒီတော့ ဒုတပ်ကြပ်၊ တပ်ကြပ်၊ တပ်ကြပ်ကြီးတွေကို သုံးယောက်တစ်ဖွဲ့၊ လေးယောက်တစ်ဖွဲ့ ဖွဲ့ပြီး သူ ရောက်ခဲ့ဖူးတဲ့ ဒေသတွေကို လွှတ်ပါတော့တယ်။

အဲဒီအချိန်မှာ ကျွန်တော်က စစ်ရုံးကို ရောက်နေပါပြီ။ စနေ၊ တနင်္ဂနွေ ဆိုရင် ကိုယ့်မိခင် တပ်ရင်းကို သွားလည်လေ့ ရှိပါတယ်။ ပြီးတော့ ကျွန်တော်က အမျိုးသမီးနဲ့ သမီးရည်းစား ဖြစ်နေတာလည်း ပါပါတယ်။ စိန်မြင့် ပျောက်နေတယ် သတင်းကြားတော့ ဗိုလ်မှူးကြီး ထွန်းရီအိမ်ကို ကျွန်တော် အကျိုးအကြောင်း သွား မေးပါတယ်။

သူ့အိမ်ရောက်တော့ လား..... လား..... အုန်းပွဲတွေ၊ ငှက်ပျောပွဲတွေ၊ ကန်တော့ပွဲတွေနဲ့ ခြေချစရာ မရှိပါဘူး။ ပြီးတော့ နတ်ကတော်တွေလည်း ရောက်နေပါတယ်။ နိုင်ငံရဲ့ နံပါတ် ၂ ဖြစ်တဲ့ ပုဂ္ဂိုလ်ရဲ့ သမီး ကလည်း ပျောက်၊ တပ်က စိန်မြင့်ကလည်း ပျောက် ဆိုတော့ တပ်ရင်းမှူး ခမျာလည်း ကြံမိကြံရာတွေ အကုန် ကြံနေတယ် ထင်ပါရဲ့။ လူပျိုဆောင်က စိန်မြင့် သေတ္တာတွေ၊ အိပ်ရာတွေ ရှာတော့ ဘာမှမတွေ့ပါဘူး။ သူ ကိုင်နေကြ ဂီတသရီ သေနတ်ကို စစ်တော့မှ ကျည်ကတ်ထဲက ကျည်ဆံတွေရဲ့ အောက်မှာ ကောင်မလေးက စိန်မြင့်ဆီ ရေးတဲ့ စာ။ အဲဒီတော့ သေချာပြီပေါ့။

ကားဂိတ်တွေ၊ ရထားဂိတ်တွေ စစ်တော့လည်း ဘာမှ မထူးပါဘူး။ နောက်နှစ်ပတ်လောက် ကြာတော့မှ စိန်မြင့်နဲ့ ကောင်မလေး (နာမည်တော့ မမှတ်မိတော့ပါဘူး) တို့ဟာ တက္ကစီ တစ်စီးနဲ့ တပ်ရင်းမှူး အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါတယ်။ အဲဒီအခါမှ ဗိုလ်မှူးကြီး ထွန်းရီက ကိုယ့်ရင်ဘတ် ကိုယ်ထုပြီး "စိန်မြင့်ရာ၊ ငါတစ်သက်လုံး မဟုတ်တာ တစ်ခုမှ မလုပ်ခဲ့ဘူး၊ မင်းနဲ့ကျမှ ငါ့ဘဝ စုံးစုံးမြုပ်ပါပြီကွာ" လို့ ညည်းရှာပါတယ်။

ဖြစ်ပုံက စိန်မြင့်ရဲ့ အမျိုးတစ်ယောက်က တောင်ငူမှာ ရှိပါတယ်။ သူတို့ နှစ်ယောက် တောင်ငူမှာ နှစ်ပတ်လောက် အတူနေကြရင်း ထုံးစံအတိုင်း ပိုက်ဆံကုန်လို့ ပြန်လာကြတာပါ။ အဲဒီတော့ တပ် လုပ်ထုံး လုပ်နည်း အရ ကောင်မလေးကို ဗိုလ်ချုပ် စန်းယု အိမ်ကို ပြန်ပို့ စိန်မြင့်ကိုတော့ အချုပ်ထဲ ပို့ပေါ့။ တပ်

စည်းကမ်းအရ ရဲဘော်တစ်ယောက် အိမ်ထောင်ပြုမယ် ဆိုရင် တပ်ရင်းမှူးထံမှာ ခွင့်ပြုချက် ယူရပါတယ်။ မယူရင် စစ်စည်းကမ်းအရ အရေးယူခံရပါတယ်။ စိန်မြင့်က ထောင် နှစ်နှစ် ကျသွားပါတယ်။ ထောင်က ထွက်တော့ သူ့ဇာတိ ယောနယ်ကို ပြန်သွားတယ်လို့ သိရပြီး နောက်ပိုင်း ဘာသတင်းမှ မရတော့ပါ။ ကောင်မလေးကတော့ နောင်မှာ တပ်က အရာရှိ တစ်ယောက်နဲ့ အိမ်ထောင်ကျသွားတယ်လို့ သိရပါတယ်။

## မမျှော်လင့်သော ဒုတိယ ဗိုလ်မှူးကြီး ထွန်းရီရဲ့ ကံကြမ္မာ

ကျွန်တော့် ဆရာသမား ဒုတိယ ဗိုလ်မှူးကြီး ထွန်းရီ သနက ၅ မှာ တာဝန်ယူနေခိုက် စိန်မြင့်ကြောင့် ပြဿနာ ပေါ်ခဲ့တာကို ကျွန်တော် စိတ်မကောင်းပါဘူး။ တပ်ထဲက သူ့ရဲ့ နောင်ရေးကိုပါ ထိခိုက်နိုင်တယ်လို့ ကျွန်တော် တွေးမိပါတယ်။ ကျွန်တော်ရဲ့ မိတ်ဆွေအချို့ကလည်း ဒီသဘောမျိုး ပြောကြပါတယ်။ စိန်မြင့်ကိစ္စပြီးလို့ သုံး-လေးလလောက် အကြာမှာ ဒုတိယ ဗိုလ်မှူးကြီး ထွန်းရီရဲ့ အပတ်စဉ်ထဲက အရာရှိတွေကို ဗိုလ်မှူးကြီး/ဗျူဟာမှူး အဖြစ် ရာထူးတိုးဖို့ ကိစ္စ ဖြစ်လာပါတယ်။

ရာထူးတိုးတဲ့ ကိစ္စဟာ စစ်ရာထူးခန့်ရုံး၊ ကကက (ထူး) ရဲ့ အဓိက တာဝန် ဖြစ်ပါတယ်။ ကျွန်တော်တို့ ခေတ်က အဲဒီအဆင့်တွေ ရာထူးတိုးရင် ကကက (ကြည်း) ကို တင်ပြရပါတယ်။ အခုတော့ ဘယ်လို လုပ်ကြသလဲ မပြောတတ်တော့ပါ။ ကကက (ကြည်း) က စစ်ဦးစီး ဗိုလ်မှူးကြီး Colonel G.S. က သဘောတူမှ ဒီရာထူး ကိစ္စ ပြီးမြောက်မှာပါ။ Col. G.S. က ဗိုလ်မှူးကြီး ကြည်မောင်ပါ။ အဲဒီနေ့မှာ မှတ်မှတ်ရရ ကျွန်တော်က စစ်ရုံး Col. G.S ရဲ့ ရုံးခန်းကို ရောက်နေပါတယ်။

ကကက (ထူး) က ပို့တဲ့ ရာထူးတိုးမယ့် အရာရှိများရဲ့ စာရင်းကို ယူပြီး ဗိုလ်မှူးကြီး ကြည်မောင်က အပေါ်ထပ်မှာ ရှိတဲ့ ဗိုလ်မှူးကြီး စန်းယု ရုံးခန်းကို သွားပါတယ်။ သူ ပြန်လာတော့ သူ့ရဲ့ မျက်နှာဟာ ထူးထူး ခြားခြား ရွှန်လန်းနေတာကို တွေ့ရပါတယ်။ အဲဒီနေ့ ညနေ ကကက (ထူး) က အမိန့် ထွက်လာတော့ ဒုတိယ ဗိုလ်မှူးကြီး ထွန်းရီဟာ ဗိုလ်မှူးကြီး/ဗျူဟာမှူး အဖြစ် ရာထူး တိုးသွားပါပြီ။

## ကျွန်တော့်ရဲ့အတွေး

စိန်မြင့်ကိစ္စ ဖြစ်တဲ့အခါ တပ်ရဲ့ ထုံးစံအရ ဗိုလ်မှူး ထွန်းရီတော့ သွားရှာပြီလို့ စိတ်မကောင်း ဖြစ်မိပါတယ်။ ဒါတွေ ဖြစ်ခဲ့ပေမဲ့ သုံး-လေးလအတွင်း ဗိုလ်မှူး ထွန်းရီ ရာထူး တိုးသွားတဲ့ အတွက်ကြောင့် အံ့ဩ ဝမ်းသာ ဖြစ်ရပါတယ်။ အဲဒီလို ဖြစ်တဲ့အခါ အဓိက ပတ်သက်တဲ့ ဗိုလ်ချုပ်ကြီး စန်းယုရဲ့ စိတ်နေသဘောထားကို မှန်းဆမိပါတယ်။ ရာထူး တိုးမယ့် စာရင်းမှာ ဗိုလ်မှူး ထွန်းရီရဲ့ နာမည် ပါတဲ့အခါ ဗိုလ်မှူးကြီး ကြည်မောင်က လည်း ခါတိုင်းလို ချက်ချင်း အတည်မပြုသေးဘဲ ဗိုလ်ချုပ်ကြီး စန်းယုဆီကို သွားပါတယ်။ သဘောကတော့ သူ့ကို ရာထူး တိုးပေးရမလား ဆိုပြီး သွားမေးတာပါ။

အဲဒီအခါ ဗိုလ်ချုပ် စန်းယုက သဘောတူလိုက်တဲ့ အတွက် ဗိုလ်မှူးကြီး ထွန်းရီ ဖြစ်သွားတာပါ။ သဘောကတော့ သူ့သမီး တစ်ယောက်နဲ့ ဗိုလ်မှူးကြီး ထွန်းရီရဲ့ တပ်က ရဲဘော်နဲ့ လိုက်ပြေးတဲ့ ကိစ္စဟာ လူမှုရေး ကိစ္စသက်သက်လို့ ဗိုလ်ချုပ်ကြီး စန်းယု သဘောထားဟန်တူပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ သူဟာ ဗိုလ်မှူးကြီး ထွန်းရီအပေါ်မှာ အာဃာတ မထားပဲ ရာထူးတိုးခွင့် ပေးလိုက်တာဟာ သူ့ရဲ့ သဘောထားကြီးမှုကို မြင်ရောက်တယ်လို့ ကျွန်တော် တွေးမိပါတယ်။

## ဗိုလ်မှူးကြီး ထွန်းရီရဲ့ကံကြမ္မာ

ဗိုလ်မှူးကြီး ထွန်းရီ တာဝန်ကျတာကတော့ အရှေ့မြောက်တိုင်းရဲ့ ဗျူဟာတစ်ခုမှာပါ။ ဌာနချုပ်က မိုးမိတ်မှာ ဖြစ်ပါတယ်။ သူ မိုးမိတ်မှာ တာဝန်ယူလို့မှ မကြာသေးဘူး ကွမ်းလုံ ဒေသ ပတ်ဝန်းကျင်ကို ဗကပတွေက အလုံးအရင်းနဲ့ စစ်ဆင်လာပါတော့တယ်။ အရေးကြီးတဲ့ စစ်ရေး သတင်းတွေကို ကက (ကြည်း) က မြုံစုပြီး အထက်ကို တင်ပြရာမှာ အဲဒီတုန်းက သမ္မတ ဦးနေဝင်း အထိ ပါပါတယ်။ ကွမ်းလုံ သတင်းကို ဦးနေဝင်း သိသိချင်း "နို" ဘယ်ရောက်နေလဲလို့ မေးပါသတဲ့။

"နို" ဆိုတာက ဗိုလ်မှူးကြီး ထွန်းရီ သနက ၄ မှာ နေတုန်းက ရထားတဲ့ နာမည်ပြောင် Nickname ပါ။ ဘာ့ကြောင့် ဒီနာမည် ရသလဲဆိုတော့ အဲဒီတုန်းက တပ်ကြပ် ထွန်းရီဟာ အကြောင်းမရှိ အကြောင်းရှာပြီး ညည်းတတ်လွန်းလို့ "နို" နဲ့ နှိုင်းပြီး ခေါ်တာပါ။ သူ မိုးမိတ်ကို ရောက်နေတယ်လည်း ဆိုရော သူ့ကို ကွမ်းလုံကို သွားဖို့ ချက်ချင်း အမိန့်ပေးပါတယ်။

အဲဒါ ဦးနေဝင်းရဲ့ အမိက အရည်အချင်းပါ။ သူဟာ စစ်တိုက်တတ်ပါတယ်။ သူ ကိုယ်တိုင် မတိုက်ရင် လည်း စစ်တိုက်တတ်တဲ့သူတွေ ရွေးတတ်ပါတယ်။ ဗိုလ်မှူး ထွန်းရီကို ကွမ်းလုံ ဗျူဟာမှာ တာဝန်ပေးလိုက် ခြင်းကြောင့် ဗမာပြည် အရှေ့မြောက်ပိုင်းကို ဗကပတို့ရဲ့ နယ်ချဲ့တဲ့ ရန်က ကာကွယ်နိုင်ခဲ့ပါတယ်။ ဒီတိုက်ပွဲကို "ကွမ်းလုံ ရက် ၄၀ တိုက်ပွဲ" လို့ ထင်ရှားပါတယ်။ ဗကပတွေ ကွမ်းလုံ ဒေသမှာ ရှုံးနိမ့်သွားခြင်းဟာ မြန်မာ ပြည်ရဲ့ အနာဂတ်ကိုလည်း ပြဋ္ဌာန်းရာ ရောက်ပါတယ်။ ဗကပတွေဟာ ကွမ်းလုံ ဒေသမှာ အနိုင်ရရင် မြန်မာ ပြည် အလယ်ပိုင်း ဒေသထိ ထိုးဖောက်ဖို့ ရည်ရွယ်ချက် ရှိပါတယ်။ အဲဒီ ရည်ရွယ်ချက် လုံးဝ ပျက်သုဉ်း သွားခဲ့ရတာပါ။

ဒီတိုက်ပွဲကြီးကြောင့် ဗိုလ်မှူးကြီး ထွန်းရီဟာ မကြာခင်မှာ တပ်မမှူး၊ တိုင်းမှူးနဲ့ နောက်ဆုံးမှာ ဒုတိယ ဗိုလ်ချုပ်ကြီး ကာကွယ်ရေး (ကြည်း) အဖြစ် ရာထူး တစ်ဟုန်ထိုး တက်ခဲ့ပါတယ်။

## ဘ၀ အလှည့်အပြောင်း

ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းရီနဲ့ ကျွန်တော်ဟာ သူ ဗိုလ်ကြီး ဘ၀၊ ကျွန်တော် ဗိုလ်လောင်း ဘ၀ ကတည်းက သံယောဇဉ် ရှိပါတယ်။ ကျွန်တော်ရော၊ သူရော သနက ၅ မှာ ဆုံကြပြန်တော့ ပိုပြီး ရင်းနှီးလာပါတယ်။ သူ့ရဲ့ မိသားစုနဲ့လည်း ပိုပြီး ရင်းနှီးလာပါတယ်။ ကျွန်တော် အုန်းကျော်မြင့် ကိစ္စနဲ့ တပ်က ထွက်ခဲ့ရတဲ့အခါမှာ သူနဲ့ ကင်းကွာသွားပါတယ်။ မိသားစုနဲ့လည်း မဆုံဆည်းမိတော့ပါဘူး။ ဒါပေမဲ့ တပ်ရင်းက အသိုင်းအဝိုင်းနဲ့ တွေ့ တိုင်း သူတို့ သတင်းကိုတော့ မကြာ မကြာ ကြားနေရပါတယ်။

တပ်မတော် ဒုချုပ်ထိ ရာထူး တက်လာတာကိုတော့ ကျွန်တော့် ဆရာဟောင်း သမားဟောင်း အနေနဲ့ ဝမ်းသာမိပါတယ်။ ကျွန်တော့် အကြောင်းကိုလည်း သူတို့ ကြားနေမိမယ်လို့ မျှော်လင့်မိပါတယ်။ တစ်ခါမှာ တော့ ကျွန်တော်နဲ့အတူ ပြစ်ဒဏ်ခံရတဲ့ ဗိုလ်ချုပ်ကြီးဟောင်း ဦးတင်ဦးရဲ့ သား မောင်သန့်ဇင်ဦး လက်ထပ်တဲ့ အခါ ကျွန်တော်က ဖိတ်စာတွေလိုက်ဝေရပါတယ်။ ဦးတင်ဦးနဲ့ ဗိုလ်ချုပ်ကြီး ထွန်းရီတို့ဟာ ဂျပန်ခေတ် စစ်တိုက်တုန်းက အပေါင်းအပါ အတူတူပါ။ ဒါ့ကြောင့် သူ့အိမ်ကိုလည်း ဖိတ်စာသွားပေးပါတယ်။

ကျွန်တော် သူတို့အိမ်ကို ရောက်တဲ့အချိန်မှာ သူ့ဇနီးနဲ့ သားသမီး တချို့ကို တွေ့ရပါတယ်။ အရင် တုန်းက ဆိုရင် ဘယ်အချိန်ပဲ တွေ့တွေ့ လှိုက်လှိုက်လှဲလှဲ ကြိုဆို နှုတ်ဆက်နေကျပါ။ ကျွန်တော် သူတို့

အိမ်ကို လာရတဲ့ အကြောင်းကို ပြောလိုက်တဲ့ အခါမှာတော့ သူတို့ရဲ့ အမှုအရာတွေ ဟက်ဟက်ပက်ပက် မရှိရုံမက ခင်တော့ ခင်ခဲ့ဖူးတယ် ဒါပေမဲ့ တစ်စုံတစ်ခုသော အရာက တားမြစ်ထားတယ် ဆိုတဲ့ အဓိပ္ပာယ် ပေါ်တဲ့ မျက်နှာထားတွေကို တွေ့လိုက်ရပါတယ်။ ကျွန်တော်လည်း မသိချင်ယောင်ဆောင်ပြီး ဖိတ်စာပေးပြီး တာနဲ့ ပြန်ခဲ့ပါတယ်။ အောင့်သက်သက်နဲ့ပေါ့။

## ကံကြမ္မာ အလှည့်အပြောင်း

ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းရီဟာ တပ်မတော် ရာထူးတင်မက၊ ပါတီမှာပါ ဗဟို အလုပ်အမှုဆောင် အဖွဲ့ဝင် အထိ ဖြစ်လာပါတယ်။ သူက စိတ်မထင်ရင် မထင်သလို ပြောတတ်တဲ့ အကျင့်ရှိပြီးတော့ ပတ်ဝန်းကျင်က သူတွေကိုလည်း အထင်ကြီးတတ်တဲ့ သဘောမရှိပါဘူး။ ဒါ့ကြောင့် CEC မှာ သူ ကြာလာတာနဲ့အမျှ ပတ်ဝန်းကျင်နဲ့ သဟဇာတ ဖြစ်မယ် မထင်ဘူးလို့ တွေးမိထားပြီးသားပါ။ အဓိကအားဖြင့် CEC မှာ ပါတဲ့ သနက ၄ က အုပ်စုနဲ့ပါ။ သနက ၄ စဖွဲ့တုန်းက ဦးစိန်လွင်က တပ်ရင်း အရာခံဗိုလ်၊ ဦးအေးကိုက တပ်ခွဲ အရာခံဗိုလ်၊ ဗိုလ်ချုပ်ကြီး ကျော်ထင်က တပ်ကြပ်ကြီး၊ သူက တပ်ကြပ်ပါ။ ဟိုပုဂ္ဂိုလ်တွေထက်တော့ ရာထူး ငယ်တာပေါ့။ ဟိုလူကြီးတွေက သူ့ထက် ဝါရင့်ပြီး အထိုက်အလျောက် အရည်အချင်းရှိတဲ့ သူတွေပါ။ ဒါပေမဲ့ သူက မကြောက်တတ်ပါဘူး။

တစ်နေ့မှာတော့ လောကခံနဲ့ နဖူးတွေ့ ဒူးတွေ့ တွေ့လိုက်ရပါတယ်။ ခုနစ်တော့ မေ့သွားပါပြီ။ ပါတီ ညီလာခံ တစ်ခုမှာပါ။ သူနဲ့ ပတ်သက်တဲ့ Agenda ပါပါတယ်။ အဲဒီ Agenda အရ သူ့ကို နိုင်ငံတော်ကောင်စီ ဝင် အဖြစ် တိုးမြှင့် ခန့်ထားလိုက်တာပါ။ တကယ်တော့ ရာထူးအားဖြင့် တက်သွားတယ်လို့ ပြောလို့ရပါတယ်။ ဒါပေမဲ့ တပ်မတော်ရဲ့ ဒုတိယ ကာကွယ်ရေး ဦးစီးချုပ် မဟုတ်တော့ပါဘူး။

အဲဒီ အစည်းအဝေး ပြီးတဲ့နေ့ အိမ်ရောက်တာနဲ့ အိမ်ရှေ့မှာ ထောင်ထားတဲ့ ဂေါက်အိတ်ထဲက ဂေါက်တံ တစ်ချောင်းကို ထုတ်ပြီးတော့ ဧည့်ခန်းထဲမှာ အလှအပ ပစ္စည်းတွေ ထားတဲ့ မှန်ဗီရိုတွေ၊ မှန် စားပွဲတွေ အားရိုပါးရို ရိုက်ခွဲပါတော့တယ်။ အိမ်သားတွေက ဘုမသိ၊ ဘမသိနဲ့ ကြောက်လန့်ပြီး ဧည့်ခန်းထဲကို ဘယ်သူမှ မဝင်ရဲကြပါဘူးတဲ့။ ပစ္စည်းတွေကို အားရပါးရ ရိုက်ခွဲပြီးတော့မှ အိပ်ခန်းထဲသွားပြီး နားနေပါတော့ တယ်တဲ့။

## ထူးခြား ဖြစ်စဉ်များ

အလင်းရောင် စစ်ဆင်ရေး အကြောင်း ရေးရင်းနဲ့ ပါဝင် ပတ်သက်လာတဲ့ ပုဂ္ဂိုလ်များ အကြောင်းကို ရေးမိရာ အနေ မူလ အကြောင်းအရာက သွေဖည်သွားသလို ဖြစ်သွားပါတယ်။ ဒါပေမဲ့ ဒါတွေကို စာရှုသူ အနေနဲ့ ဖတ်ကြည့်တဲ့အခါ သိသင့်သိထိုက်တဲ့ ကိစ္စတွေမို့လို့ ရေးပြလိုက်ရပါတယ်လို့ သဘောပေါက်ကြပါ ခင်ဗျာ။ အဲ၊ မူရင်းကိစ္စကို ပြန်ကောက်ကြစို့။

စစ်ဆင်ရေး တစ်လကြာ ကာလအထိ ပဲခူး ရိုးမ တောင်ပေါ် မှာ စခန်းချခဲ့ကြပါတယ်။ တပ်ခွဲ စစ်ကြောင်း တွေနဲ့လည်း ရန်သူတွေနဲ့ မကြာခဏ ထိတွေ့မှု ဖြစ်ခဲ့ကြပါတယ်။ ကျွန်တော်တို့ စစ်ဆင်ရေးခွင်မှာ ဗကပ ဆိုတာ မရှိပါဘူး။ သူ့လက်အောက်ခံ တပ်ဖွဲ့ငယ်လေးတွေပဲ ရှိပါတယ်။ ကျွန်တော်တို့ရဲ့ စစ်ဆင်ရေး သတင်းကို ရတဲ့အခါ နေရာ ပြောင်းသွားကြပါတယ်။ ကရင် လက်နက်ကိုင် အဖွဲ့တွေနဲ့တော့ မကြာခဏ တိုက်ပွဲတွေ ဖြစ်ခဲ့ပါတယ်။

ကျွန်တော်တို့ဘက်က အကျအဆုံး မရှိသလောက်ပါပဲ။ တစ်ဘက် အဖွဲ့အစည်းတွေရဲ့ အလောင်းတွေတော့ ရခဲ့ပါတယ်။ တိုက်ပွဲ တစ်ခုမှာတော့ ကရင် လက်နက်ကိုင် အဖွဲ့အစည်းရဲ့ လက်နက် ခဲယမ်းများ ရတဲ့အပြင် သူတို့ ဆက်သွယ်ရေး အတွက် သုံးတဲ့ ရေဒီယို အကြီးစားကြီး တစ်ခု ရပါတယ်။ တံဆိပ်က ZE-NITH ဆိုတော့ ဂျာမနီ နိုင်ငံလုပ် အကောင်းစား ရေဒီယိုကြီးပါ။ အဲဒီ ရေဒီယိုကြီးကို ကျွန်တော်က မောင်ပိုင်စီးပြီး အားတဲ့အချိန်မှာ သီချင်း နားထောင်ပါတယ်။ ပြီးတော့ BBC VOA သတင်းတွေကိုလည်း မပြတ် နားထောင်ပါတယ်။

နောက်ခြောက်လလောက်မှာ တပ်က ပြန်နားတော့ အောင်ဆန်းမြို့မှာ အခြေပြုရပါတယ်။ တပ်ကို တိုင်းမှူး ဗိုလ်မှူးကြီး လှဖုန်း (နောက်မှာ နိုင်ငံခြားရေး ဝန်ကြီး) လာစစ်တဲ့အခါမှာ အဲဒီ ရေဒီယိုကြီးကို မြင်သွားပါတယ်။ အကျိုးအကြောင်း မေးလို့ စစ်ဆင်ရေးတုန်းက ရန်သူ့ဆီက သိမ်းလို့ရတဲ့ ရေဒီယိုမှန်းလည်း သိရော သူက အဲဒီ ရေဒီယို သဘောကျတယ် ဆိုပြီး ယူသွားပါလေရော (ကြိုက်တတ်လိုက်တာ)။ ပြီးတော့ အဲဒီ ရေဒီယိုအစား တစ်ထွာလောက် ရှိတဲ့ Panasonic လေးပြန်ပို့ပေးပါတယ်။ ကျွန်တော့်မှာတော့ ရင်ကွဲပက်လက်။ လူကြီးဆိုတော့ ပြန်မပြောရဲဘူးမို့လား။

စစ်ဆင်ရေး တစ်လပြည့်တော့ မူလ စီမံချက်အတိုင်း တောင်ခြေကို ပြန်ဆင်းပြီး စစ်ဆင်ရေး နယ်မြေ အကျုံးဝင်တဲ့ ရွာတွေကို စစ်ကြောင်းကြီး ငါးကြောင်းနဲ့ ကွက်ပြည့်နင်း ဆောင်ရွက်ပါတယ်။ အဲဒီ ရွာတွေမှာ ရှိတဲ့ ရန်သူ အမာခံတွေ ဖော်ထုတ်နိုင်ပါတယ်။ သူတို့ကို ရဲစခန်းအသီးသီးကို အပ်နှံပြီး ဥပဒေအတိုင်း ဆောင်ရွက်စေခဲ့ပါတယ်။ တိုက်ကြီး မြို့နယ် ပါတီယူနစ်ကလည်း ရွာတွေကို စည်းရုံးရေး ဆင်းခဲ့တဲ့ အတွက်ကြောင့် အလွန် ထိရောက်တဲ့ စည်းရုံးမှုတွေ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အလင်းရောင် စစ်ဆင်ရေးပြီးတဲ့အခါမှာ သာယာဝတီ၊ သုံးဆယ်၊ တိုက်ကြီးတို့ရဲ့ အရှေ့ဘက်ခြမ်း ရွာတွေ အားလုံးနီးပါးလောက်ကို အောင်မြင်စွာ စည်းရုံးထားနိုင်ခဲ့ပါတယ်။ ရွာတွေ ပြန်ဆင်းတဲ့အခါ ရာဇဝတ်မှု ပပျောက်ရေး အတွက် ရဲလုပ်ငန်းတွေ လုပ်ရပါတယ်။ လောင်းကစားမှု ပပျောက်ရေး၊ အရက်ပုန်း ပပျောက်ရေး ကိစ္စတွေလည်း ပါတာပေါ့။

ထူးခြားချက်အနေနဲ့ ကျွန်တော်တို့ စစ်ကြောင်း ၂ အခြေပြုတဲ့ရွာ (ဝက်ဖြုကုန်း) မှာ ရှိတဲ့ ထန်းတောကို ထန်းလျက်ချက်တဲ့ ကိစ္စကိုပဲ ခွင့်ပြုထားပေမဲ့ ကျွန်တော့် စစ်ကြောင်းမှူးက ယမကာ ကြိုက်တတ်တော့ သူ့ အတွက် ထန်းပင် သုံးပင်ကို စပါယ်ရှယ် ကော်မရှင် ပေးထားပြီး ညနေတိုင်း ထန်းရည်၊ မြူအိုးတွေ လာပို့စေပါတယ်။ စစ်ကြောင်းမှူးကို အကြောင်းပြုပြီး ကျွန်တော်တို့လည်း တစ်ခွက် တစ်ဖလားပေါ့။

## သွေးဝမ်းနဲ့ ဒိန်ချဉ်

ကျွန်တော်တို့ စစ်ကြောင်း တောင်ပေါ်မှာ ရှိတုန်းကပါ။ ရိက္ခာက နှစ်ပတ်စာပဲ ပါပါတယ်။ မူလ အစီအစဉ်က ရိက္ခာ ကုန်ရင် လေကြောင်းက ချပေးဖို့ပါ။ ၁၀ ရက်လောက် နေတော့ ဌာနချုပ်ကို ဆက်သွယ်ပြီး လေကြောင်း ရိက္ခာ ချပေးဖို့ သတင်းပို့ပါတယ်။ သူတို့ကလည်း ဘယ်နေ့ ပို့မယ်ဆိုပြီး အကြောင်းပြန်ပါတယ်။ ကျွန်တော်တို့ ကလည်း လေယာဉ်ပျံတွေကနေ မြင်အောင် တောင်ပေါ်မှာ တောရှင်းပြီး ရိက္ခာချကွင်း Dropping Zone-DZ ပြင်ဆင်ထားပါတယ်။

ချိန်းဆိုတဲ့ နေ့မှာ ဘာလေယာဉ်ပျံသံမှ မကြားရပါဘူး။ နောက်ရက်တွေမှာလည်း အလားတူပါပဲ သူတို့ ကလည်း လေယာဉ်ပျံတွေ လွှတ်ထားတယ်လို့ ပြောပါတယ်။ ကျွန်တော်တို့ကလည်း မလာသေးဘူးချေ

ရိုက္ခာ ကုန်ခါနီး နှစ်ရက်လောက် အလိုမှာ စစ်ကြောင်းမှူးက တပ်ခွဲ နှစ်ခွဲစလုံးက ဆန်ရိက္ခာတွေ အကုန် သိမ်းနိုင်းလိုက်ပါတယ်။ အဲဒီအချိန်မှာ စစ်ကြောင်းမှာ ပါတဲ့ တပ်ခွဲ နှစ်ခွဲဟာ ချောင်းတစ်ခုရဲ့ တစ်ဖက်တစ်ချက် မှာ နေရာ ယူထားတာပါ။

အဲဒီ ချောင်းနံရံတွေမှာ ကဒက်ပင်တွေ၊ ရင်ခမ်းပင်တွေ ပေါပါတယ်။ ရဲဘော်တစ်ချို့ကို ရင်ခမ်းမြစ် တွေ လိုက်တူးနိုင်းပြီး ချောင်းအထက်က တစ်နေရာကနေ ရေစမ်းမြစ်တွေကို ထုပြီး ထွက်လာတဲ့ အရည် တွေကို ချောင်းထဲကို လောင်းချပါတယ်။ ရင်ခမ်းမြစ်ရဲ့ သတ္တိကြောင့် ချောင်းထဲမှာ ရှိတဲ့ ငါးတွေဟာ မူးပြီး ပေါလော ပေါ်လာပါတယ်။ အဲဒီ ငါးတွေကို ချောင်းအောက်ပိုင်းက စစ်ခြင်ထောင်တွေနဲ့ ခံဖမ်းပြီး ဟင်းစား လုပ်ကြရပါတယ်။ နောက်ပြီး ခရုတွေကိုလည်း လိုက်ဖမ်းပြီး သဲတွေ စင်အောင် ရေဆေးပြီး ဆန်ပြုတ် ပြုတ် သောက်ကြရပါတယ်။ လေး-ငါးရက်လောက်ပေါ့။

အဲဒီ လေး-ငါးရက်က ကျွန်တော့်ကို ဒုက္ခကြီး ကောင်းကောင်း ပေးခဲ့တာပေါ့။ ပထမတော့ ဝမ်းကိုက်ပါ တယ်။ နောက်ရက်တွေမှာလည်း ဆန်ပြုတ် ဆက်သောက်တော့ ဝမ်းသွားရင် သွေးပါ ပါလာပါတယ်။ ဝမ်းပျက် ရောဂါရဲ့ အဆိုးဆုံး အဆင့်ပါ။

စစ်ကြောင်းမှာ ဆရာဝန်နဲ့ ဆေးတပ်သားတွေ ပါပါတယ်။ သူတို့က ကျွန်တော့်ကို ပဋိဇီဝဆေးတွေ တိုက်ပါတယ်။ ပျောက်သလိုလို ရှိပေမဲ့ မကြာခဏ ပြန်ဖြစ်ပါတယ်။ အဲဒီ ကာလမှာတော့ ဆက်တိုက် သွေးဝမ်း သွားတဲ့ အကျိုးဆက်ကြောင့် လူဟာ အရိုးပေါ် အရေတင်တဲ့အထိ ဖြစ်သွားပြီး လမ်းလျှောက်ရင် တောင်ဝှေးပါ ဆောင်ရတဲ့အထိ ရောက်သွားပါတယ်။

စစ်ကြောင်းတွေ ရွာဘက်ပြန်ဆင်းပြီး စည်းရုံးရေး လုပ်ငန်းတွေ လုပ်တဲ့အခါမှာလည်း ဝမ်းက မကြာ ခဏ ဒုက္ခပေးပါတယ်။ ဆရာဝန်ပေးတဲ့ ပဋိဇီဝဆေးတွေလည်း မထိရောက်တော့ပါ။ စစ်ဆင်ရေး ကာလ ပြောက်လလောက် ကာလမှာ ဒီသွေးဝမ်းသွားတဲ့ ကိစ္စက တောက်လျှောက် ဒုက္ခပေးနေခဲ့တာပါ။ စစ်ဆင်ရေး ပြီးတော့ ရန်ကုန်မှာ ခဏ နားနေခိုက်မှာ ကျွန်တော့် ဝေဒနာကြောင့် စိတ်ကပေါက်နေပါပြီ။ "ကဲကွာ ဖြစ်ချင်ရာ ဖြစ်ပေတော့" ဆိုပြီး နားတဲ့နေရာကနေ ရွှေဘုံသာလမ်းကို တက္ကစီနဲ့ သွားပါတယ်။ အဲဒီကို ရောက်တဲ့အခါ ဒိန်ချဉ် ရောင်းတဲ့ဆိုင်ကို သွားပြီး "သကြား မပါနဲ့၊ မလိုင် မပါနဲ့၊ ထန်းလျက် ဒိန်ချဉ် နှစ်ခွက်ပေး" ဆိုပြီး မှာလိုက်ပါတယ်။

တကယ်တော့ ကျွန်တော် စာတွေ ဖတ်တဲ့အခါ ဒိန်ချဉ်ဟာ အစာအိမ်ရဲ့ အလုပ်တွေကို ထိန်းညှိ Reg-ulate လုပ်ပေးတယ် ဆိုတာ မှတ်မိနေပါတယ်။ ဒါ့ကြောင့် ဒိန်ချဉ်လည်း ရောက်လာရော နှစ်ခွက်စလုံး ဆင့်သောက်ပြီး တပ်နားတဲ့နေရာ (ကျိုက္ကစံကွင်း) ကို ပြန်သွားပါတယ်။ အံ့ဩစရာ ကောင်းတာက ကျွန်တော် သွေးဝမ်းသွားတဲ့ ဝေဒနာဟာ လုံးဝ ပျောက်ကင်းသွားပြီး နောက်တစ်နေ့က စလို့ ပုံမှန်ဝမ်း ဖြစ်သွားပါတယ်။

အဲဒီအချိန်က စပြီး ကျွန်တော့် ဝမ်းတွေ သရိုးသရီ ဖြစ်ရင် ထန်းလျက် ဒိန်ချဉ် သောက်လိုက်တာပဲ။ နိုးဒီ ပြောသလို သောက်... သောက်... သောက်... သောက်... ပျောက်... ပျောက်... ပျောက်... ပျောက်... ပေါ့။ ကျွန်တော် ဒီနည်းနဲ့ အစာအိမ်ကို ထိန်းညှိတဲ့အကြောင်းကိုတော့ တခြားလူတွေကို မတိုက်တွန်းရဲပါ ဘူး။ ကျွန်တော့် ဓာတ်နဲ့ သူများဓာတ် မတူတတ်ဘူး ဆိုတာ တိုင်းရင်း ဆေးပညာမှာ ရှိပါတယ်။ ဒါပေမဲ့ ကျွန် တော့် အတွက်တော့ ယနေ့အထိ ဗိုက်ထဲက အီလည်လည် ဖြစ်တာနဲ့ တစ်ပြိုင်နက် ဒိန်ချဉ် သောက်လိုက်တာ ပဲ၊

## တောတွင်းရိက္ခာ Jungle Ration

စစ်ကြောင်းတွေနဲ့ လှုပ်ရှားနေရပေမဲ့ ကျွန်တော်တို့ အားလုံးဟာ လူသားတွေပါပဲ။ လူသားတွေပီပီ ကျန်တဲ့ ကိစ္စတွေ အသာထားလို့ အစားအသောက် ကိစ္စကတော့ နံပါတ်တစ်ပါပဲ။ ကျွန်တော်တို့ တောထဲမှာ စခန်းချလို့ သုံး-လေးပတ်လောက် အသင့် စားသောက်နိုင်တဲ့ တောတွင်းရိက္ခာ၊ အင်္ဂလိပ်လို ဆိုရင်တော့ Tin Ration နဲ့ပဲ စခန်းသွားရတော့ ကြာတော့ ငြီးငွေ့လာပါတယ်။ အမဲဘူး၊ အသားဘူး၊ ပဲဘူးတွေနဲ့ နေ့တိုင်း လွေးနေရတာပါ။ ဒီလိုဆို စစ်ကြောင်းမှူးက တပ်ခွဲမှူးက တစ်ဆင့် သင့်လျော်တဲ့ ရဲဘော်တွေ၊ ဆရာတွေကို ရွေးပြီး တောပစ်ထွက်နိုင်းပါတယ်။ တစ်ပတ် တစ်ခါ နှစ်ခါ ဆိုသလို ဂျီသား၊ ပြောင်သား၊ မျောက်သားတွေကို ရံဖန်ရံခါ စားရပါတယ်။ အဲဒါမှလည်း အာသာ ပြေကြပေသကိုး။

## စပါးကြီးမြွေ

အဲဒီလို ဖြစ်နေတုန်းမှာ ရင်ခမ်းမြစ်တွေ ခတ်လို့ မူးဝေပြီး ရေပေါ် ပေါ်လာတဲ့ ငါးတွေကို ကျွန်တော်တို့ ခြင်ထောင်တွေနဲ့ ဖမ်းခဲ့တဲ့ အကြောင်း အပေါ်မှာ ရေးပြီးခဲ့ပြီးပါပြီ။ ဒါနဲ့ ဆက်စပ်ပြီးတော့ ရေးရမယ်ဆိုရင် ကျွန်တော်တို့ စစ်ကြောင်း တောင်ပေါ်မှာ နေရာယူတဲ့ အကြောင်းတွေပါ ပြောမှဖြစ်မှာပါ။ ကျွန်တော်တို့ စစ်ကြောင်း ၂ မှာ တပ်ခွဲ နှစ်ခွဲအပြင် အင်ဂျင်နီယာ၊ ဆက်သွယ်ရေး၊ ဆေးတပ်ဖွဲ့ စတဲ့ စစ်သည် အင်အားတွေလည်း ပါပါတယ်။ အဲဒါအပြင် ရဲဘက် (ပေါ်တာ)၊ ပြည်သူ့ရဲနဲ့ အခြား အရပ်ဘက် ဝန်ထမ်းတွေလည်း ပါလာပါတယ်။

ကျွန်တော်တို့ စစ်ကြောင်းက စစ်ကြောင်း ဌာနချုပ်နဲ့ အခြား အင်အားစုတွေကို အတူ ထားပြီး ချောင်းရဲ့ တစ်ဖက်ကမ်းမှာတော့ တပ်ခွဲ တစ်ခွဲ တာဝန်ကျပါတယ်။ နောက်ပြီး သာမန် ကင်းစခန်း ကင်းစောင့်ရမယ့် နေရာတွေအပြင် စစ်ကြောင်းထိပ် တစ်ဖက်တစ်ချက်မှာလည်း ချောင်းထဲမှာ နှစ်ကင်း ချထားပါတယ်။ ကင်းရဲဘော်တွေ အတွက် ချောင်းကူး တံတား တစ်ခု ဝါးလုံး လေး-ငါးလုံးကို နီးနဲ့ စည်းပြီး ဝါးတံတားလေး တစ်ခုစီ လုပ်ပေးထားပါတယ်။ ကင်းရဲဘော်တွေက အဲဒီ ဝါးတံတားလေးပေါ်မှာ အပြန်အလှန် လျှောက်ပြီး ကင်းစောင့်ကြရပါတယ်။

တစ်ညတော့ သန်းခေါင်ယံ အချိန်လောက်မှာ ကင်းရဲဘော် တစ်ယောက်ရဲ့ စူးစူးဝါးဝါး အော်သံတွေ ကြားလို့ ကျွန်တော်တို့ လန့်နိုးကြပါတယ်။ သူ အော်ပုံကလည်း ကြည့်ဦးလေ။ "ဗိုလ်ကြီးရေ လုပ်ပါဦးဗျ" ဆိုပြီး အကြိမ်ကြိမ် အော်နေတာပါ။ ပြီးတော့ ချောင်းရေပြင်ကို တဖြန်းဖြန်း ရိုက်နေတဲ့ အသံလည်း ကြားပါတယ်။ ဘာဖြစ်တာလဲလို့ ကျွန်တော်တို့ သွားကြည့်တဲ့အခါ၊ အလိုလေး... စပါးကြီး မြွေကြီး တစ်ကောင်ကို ဝါးတံတားက ခါးဖြတ်ပြီး နင်းမိထားလို့ ခေါင်းပိုင်းနဲ့ အမြီးပိုင်းက ချောင်းရေပြင်ကို တဖြန်းဖြန်း ရိုက်နေတာပါ။ ကင်းရဲဘော်က မကောင်းဆိုးဝါး ထင်ပြီး ငယ်သံပါအောင် အော်နေတာပါ။

ဖြစ်ပုံက ကျွန်တော်တို့ နေ့ခင်းက ရင်ခမ်းမြစ်တွေကို ထုရေ၊ ရေထဲချ၊ ငါးတွေ ဖမ်းတဲ့ အကြောင်း အထက်မှာ ရေးခဲ့ပြီးပါပြီ။ အဲဒီ ရင်ခမ်းမြစ်တွေဟာ တောက်လျှောက် အာနိသင် ရှိနေတော့ ငါးတွေက ညပိုင်းမှာလည်း မူးပြီး ရေပေါ်ကို ဆက်ပြီး မျောနေကြပါလိမ့်မယ်။ အဲဒီ ငါးတွေကို စပါးကြီးမြွေက ချောင်း တစ်လျှောက် လိုက်စားနေတာပါ။ အဲဒီလို လိုက်စားရင်းနဲ့ ကင်းရဲဘော် တစ်ယောက်က တံတားပေါ် လမ်းလျှောက်ရင်း တံတား အိဆင်းသွားတဲ့အခိုက်မှာ စပါးကြီးမြွေကို ခါးဖြတ်နင်းမိတာပါ။ ဒါကို ရဲဘော်က မကောင်းဆိုးဝါး ထင်ပြီး လှမ်းအော်နေခြင်း ဖြစ်ပါတယ်။ ထုံးစံအတိုင်း အဲဒီ စပါးကြီးမြွေကို တပ်ခွဲ နှစ်ခွဲ

ရိက္ခာ အဖြစ် လက်တွေ့ အသုံးချလိုက်ပါတယ်။ ထိုစဉ်က ကျွန်တော်က ငယ်သေးတော့ ဗဟုသုတ မရှိပါဘူး။ ဒါကြောင့် စပါးကြီး သည်းခြေကို ဘယ်သူများ ယူသွားပါလိမ့်လို့ နောက်မှ စဉ်းစားမိပါတယ်။

## စစ်ခွေးများ

အခုတော့ မပြောတတ်ပါဘူး။ ကျွန်တော်တို့ ခေတ်တုန်းက တပ်မတော် စစ်ခွေး သင်တန်းကျောင်း ဆိုပြီး မေမြို့မှာ ရှိပါတယ်။ ကျွန်တော်တို့ ဗိုလ်လောင်းဘဝက အဲဒီတပ်ကို သွားလေ့လာဖူးပါတယ်။ စစ်ခွေးတွေကို ဘယ်လို လေ့ကျင့်တယ် ဆိုတာ သရုပ်ပြတာပါ။ စစ်ခွေးတပ် တပ်မှူးဟာ ဗိုလ်ကြီးအဆင့်ပဲ ရှိပါတယ်။ တပ်မှူးက ဗိုလ်ကြီး အယ်လ်ကွန်ဖန်ပါ (အဆိုတော် အယ်လ်ခွန်းရီရဲ့ အဖေ)။ အယ်လ်ကွန်ဖန်က မြောက်ပိုင်း တိုင်း တိုင်းမှူးဘဝမှာ မြစ်ကြီးနားမှာ လုပ်ကြံခံရလို့ ကျဆုံးသွားတာပါ။သူ့ကို လုပ်ကြံခဲ့တဲ့ KIA ဇော်ဆိုင်းနဲ့ ကျွန်တော် မြင်းခြံထောင်မှာ အတူတူ နေခဲ့ဖူးပါတယ်။

ကျွန်တော်တို့ အလင်းရောင် စစ်ဆင်ရေးမှာ စစ်ခွေးတွေ တွဲပေးပါတယ်။ စစ်ကြောင်း တစ်ကြောင်းကို ခွေးကောင်စီလောက် ပေးထားတာပါ။ စစ်ခွေး တစ်ကောင် ရဲဘော် တစ်ယောက်နှုန်းနဲ့ပါ။ စစ်ခွေး ရိက္ခာမှာလည်း အဆင့်အတန်းက မြင့်သဗျ။ ဘီစကွတ်လည်း ပါတယ်၊ အသားဘူးလည်း ပါတယ်။ စိတ်ဝင်စားလို့ သူတို့ ရိက္ခာကို မြည်းကြည့်တော့၊ အမယ် ကောင်းသား။

ပဲခူး ရိုးမ တောင်ပေါ်မှာ စစ်ကြောင်းတွေ လှုပ်ရှားရာမှာ စစ်ခွေးတွေ တွဲပေးပါတယ်။ မသင်္ကာဖွယ်ရာ အရည်း တစ်ခု တွေ့လို့ သူတို့ကို နမ်းခိုင်းပြီး ရှာခိုင်းရင် စွတ်ပြေးတော့တာပါပဲ။ လိုက်ပေရော့၊ ရုံဖန်ရံခါ ရှမ်းသူ့စခန်းတွေ အထိ ရောက်သွားတတ်ပါတယ်။ အဲ... ရွာတွေ ရောက်တော့ ပြဿနာ၊ ဘာလဲဆိုတော့ စစ်ခွေးတပ်ဖွဲ့တွေ စခန်းချတဲ့ နေရာတစ်ပိုက်ကို ရွာထဲက ခွေးမတွေ ရောက်လာကြတာပါပဲ။ အဲဒါကို ရဲဘော်တွေက လုံးဝ အရောမခံပါဘူး။ ရောလိုက်ရင် အဲဒီခွေးက ဇာတိပျက်ပြီး ဘာမှ ခိုင်းလို့ မရတော့ပါဘူးတဲ့။

## ကျွန်တော်နဲ့ နာယကကြီး ဦးတင်ဦး

ဒီအကြောင်း ရေးရရင် ဗိုလ်မှူး ဇော်မင်း  ရှောင်းပစ်ခံရတဲ့ ကာလကို ပြန်ကောက်ရပါမယ်။ ရခိုင် ရိုးမ အရှေ့ခြမ်းမှာ ကျွန်တော် အပါအဝင် ကျွန်တော်တို့တပ် စစ်ကြောင်းတွေနဲ့ ရောဝတီတိုင်း နစ်ဖြူ (ဗကပ) တို့ ကြားမှာ တိုက်ပွဲ ဖြစ်ခဲ့ကြပါတယ်။ အထက် တစ်နေရာမှာ ရေးပြခဲ့သလို အရေးကြီးတဲ့ စာရွက်စာတမ်းတွေလည်း မိခဲ့ပါတယ်။

ဒါ့ကြောင့် အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဖြစ်နေတဲ့ ဗိုလ်မှူးကြီး တင်ဦးဟာ တစ်ရက်မှာ ရဟတ်ယာဉ် Helicopter နဲ့ လာမယ်လို့ ညွှန်ကြားချက် ရပါတယ်။ စစ်ကြောင်းမှူး ဗိုလ်မှူး ဝီ-ကျော်ဟန်က ကျွန်တော့်ကို ရဟတ်ယာဉ်ကွင်း လုံခြုံရေး တာဝန် ပေးပါတယ်။ သူ လာမယ့် နေ့မှာ ပတ်ပတ်လည် လုံခြုံရေး ယူထားပြီး ရဟတ်ယာဉ် ဆင်းလို့ တိုင်းမှူးလည်း ဆင်းလာရော ကျွန်တော်က သွားကြိုပါတယ်။ တိုင်းမှူးက အံ့ဩသွားတယ် ထင်ပါတယ်။

ကျွန်တော်က ချာတိတ်လေးကိုး။ ပုခုံးပေါ်မှာ အမည်းရောင် သပြေခက် တစ်ခက် ပါလို့သာ အရာရှိမှန်း သိရတာပါ။ သူ့ ထုံးစံအတိုင်း ပြုံးပြုံးရွှင်ရွှင် ဖော်ဖော်ရွေရွေ နှုတ်ဆက်ပါတယ်။ ပြီးတော့ "ကောင်လေး၊ ကျောင်းဆင်းတာ ဘယ်လောက် ကြာပြီလည်း" လို့ မေးတဲ့အခါ ကျွန်တော်က ရှစ်လလောက်ပဲ ရှိပါသေးတယ်လို့ ပြန်ဖြေပါတယ်။

ရွာထဲကို အရောက်ဝင်သွားတော့ ကျွန်တော့် ဝတ်စုံက ဘေးလွယ်အိတ်ကို ဖွင့်နိုင်းပါတယ်။ ဘာတွေပါလဲ လို့ပေါ့။ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်ကလည်း စာရေးဆရာ ပါရဂူ ရေးထားတဲ့ "စိတ္တရလေခါ" နဲ့ "အမ္ဗပါလီ" စာအုပ် နှစ်အုပ်အပြင် Newsweek မဂ္ဂဇင်း တချို့ ပါပါတယ်။ တိုင်းမှူးက "အမယ်... မင်း ဒါတွေ ဖတ်နေလား။ ဘာအကြောင်းတွေလဲ ဆိုတာ ငါ့ကို ပြောပြစမ်း" လို့ ပြောတော့ ကျွန်တော်က "တိုင်းမှူး ခင်ဗျား၊ တိုင်းမှူးကို ကြိုဖို့ ဟိုမှာ စစ်ကြောင်းမှူး စောင့်နေပါတယ်၊ အလုပ်တွေ အားလုံးပြီးရင် ပြောပြပါမယ် ခင်ဗျား" လို့ ပြန်ပြော ပြီး စစ်ကြောင်းမှူး ဗိုလ်မှူး ဝီ-ကျော်ဟန်က ကြိုဆို နှုတ်ဆက်ပါတယ်။

ဌာနချုပ်ရုံးမှာ စစ်ကြောင်းမှူးက စစ်ဆင်ရေး အခြေအနေ ရှင်းပြ၊ တိုင်းမှူးကလည်း ထင်မြင်ချက်တွေ၊ သုံးသပ်ချက်တွေ ဖလှယ်ရင်းနဲ့ အချိန် နှစ်နာရီလောက် ကြာသွားပါတယ်။ အားလုံး ပြီးတဲ့အခါကျတော့ အချိန် လင့်နေပါပြီ။ တိုင်းမှူး ပြန်သွားဖို့ ရဟတ်ယာဉ်ပေါ် တက်ခါနီးမှာ သူက "ကောင်လေး၊ အခု အချိန်မရလို့ မင့်စာအုပ်တွေ အကြောင်း မမေးတော့ဘူး။ နောင်တစ်ချိန်ကျရင် ပြောပြပေါ့ကွာ" လို့ ပြောပြီး ရဟတ်ယာဉ်ပေါ် တက်သွားပါတယ်။

ဒီမှာ ကြုံလို့ အခေါ်အဝေါ် တစ်ခုနဲ့ ပတ်သက်လို့ ရှင်းပြချင်ပါတယ်။ လူ တော်တော်များများက ရဟတ်ယာဉ်ကို "ဟပ်စကီး... ဟပ်စကီး" လို့ အလွယ် ခေါ်တတ်ကြပါတယ်။ မှားပါတယ် ခင်ဗျာ။ တပ်မတော်လေတစ,ဝယ်တဲ့ ရဟတ်ယာဉ်တွေ နှစ်မျိုး ရှိပါတယ်။ ပထမ တစ်မျိုးက Husky ပါ။ နောက်တစ်မျိုးက Aeluwet (စာလုံးပေါင်း သေချာပါ)။ အသံထွက်ကတော့ "အဲလူးဝက်" ဖြစ်ပါတယ်။ ရဟတ်ယာဉ်မောင်းတွေ အပါအဝင် လူ ခြောက်ယောက်လောက် စီးလို့ရပါတယ်။ နောက်တစ်မျိုးကတော့ လူနာတင်ယာဉ်ပါ။ ဘာတော Vertol လို့ ခေါ်ပါတယ်။ Vertical take off and landing ဆိုတဲ့ အဓိပ္ပာယ်ကို အတိုကောက် လုပ်ထားတာပါ။ လူ ၁၀ ယောက်၊ ၁၂ ယောက်လောက် စီးလို့ရပြီး အစိမ်းပုပ်ရောင်မို့လို့ ရဲဘော်တွေက ဘောက်ဖတ်လို့ ခေါ်ပါတယ်။ ဒါ့ကြောင့် Helicopter ကို လူတွေက ရဟတ်ယာဉ်လို့ ခေါ်ရမယ့်အစား အလွယ်တကူ ဟပ်စကီးလို့ ခေါ်တာ မမှန်ပါဘူး။

တိုင်းမှူးက နောက်တစ်ကြိမ် ဆိုပေမဲ့ ကျွန်တော်နဲ့ မဆုံဖြစ်တော့ပါ။ ကျွန်တော်က ဗထူး တပ်မြို့ကို တပ်စုမှူး သင်တန်း သွားတက်၊ သူကလည်း ပုသိမ်ကနေ မင်္ဂလာဒုံကို ပြောင်းသွားပါတယ်။ အချိန်က ၁၉၆၁ ခုနှစ် နှောင်းပိုင်းမှာပါ။ အဲဒီတုန်းက အခေါ်အရ မင်္ဂလာဒုံကို အခြေပြုတဲ့ တိုင်းကို အလယ်ပိုင်းတိုင်းလို့ ခေါ်ပါတယ်။ အထက်တစ်နေရာမှာ တင်ပြတဲ့အထဲမှာ ပါသွားပါပြီ။ ၁၉၆၅ ခုနှစ်မှာ ပဲခူး ရိုးမ တောင်ပိုင်းခွင်ကို "အလင်းရောင်" စစ်ဆင်ရေးနဲ့ စစ်ထိုးတဲ့အခါ တိုက်ပွဲတွေ ဖြစ်တယ်၊ လက်နက် ခဲယမ်းတွေ မိတယ်။ အလွန် အဆင့်အတန်းမြင့်တဲ့ Zenith ရေဒီယိုကြီးကို မိတယ်။ အဲဒီ ရေဒီယိုက ကရင်အဖွဲ့ရဲ့ အဓိက ဆက်သွယ်ရေး ပစ္စည်းကြီးပါ။

ဒါ့ကြောင့်မို့ စစ်ရုံးနဲ့ တိုင်းမှူး ပါတဲ့ အဖွဲ့က ကျွန်တော်တို့ စခန်းချတဲ့ ဝက်ဖြူကုန်းရွာကို ရဟတ်ယာဉ်နဲ့ လာပါတယ်။ ထုံးစံအတိုင်း ကျွန်တော်က လုံခြုံရေးယူရတော့ တိုင်းမှူးနဲ့ တည့်တည့် တိုးတော့တာပေါ့။ သူက ရဟတ်ယာဉ်က ဆင်းဆင်းချင်း ကျွန်တော့်ကို ချက်ချင်း မှတ်မိပါတယ်။ ကျွန်တော်က အံ့လည်းအံ့ဩ ဝမ်းလည်းသာတယ်ပေါ့။ လူကြီးတစ်ယောက်က နှစ်နှစ် အကြာမှ ကျွန်တော့်ကို ပြန်တွေ့တဲ့အခါ ချက်ချင်း မှတ်မိလို့ပါ။

သူက "ဟ.. ကောင်လေး၊ မင်းက ဒီဘက်က တပ်ကို ပြောင်းလာပြီလား" လို့ မေးပါတယ်။ ကျွန်တော်က "မဟုတ်ပါဘူး တိုင်းမှူး၊ ကျွန်တော် အရင်ကအတိုင်း သနက ၅ မှာပါ။ အခု ကျွန်တော်တို့ တပ်ရင်း တစ်ရင်းလုံး

ဒီနေရာမှာ စစ်ဆင်ရေး ဝင်နေတာပါ” လို့ ပြန်ပြောလိုက်ပါတယ်။ ပြီးတော့ သူက အတူ ပါလာတဲ့ Col. G.S. ဗိုလ်မှူးကြီး ကြည်မောင်ဘက်ကို လှည့်ပြီး “ဟေ့ ကိုကြည်မောင်၊ ဒီကောင်လေးက ဟိုတလောက ကျသွားတဲ့ ဗိုလ်ဇော်မင်း တပ်ကဗျ” လို့ လှည့်ပြောပါတယ်။ ဗိုလ်ကြီး ကြည်မောင်က အလွန် စကားနည်းတဲ့သူ ဖြစ်ပါတယ်။ ကျွန်တော် DSA မှာ ဆုတွေ ရခဲ့တာက သူ့ကြောင့် ရခဲ့တာမို့ ဘာမှမပြောဘဲ ပြုံးရုံပြုံးနေခဲ့ပါတယ်။

တိုင်းမှူးနဲ့ ထိုစဉ်က ဒုတိယအကြိမ် ဆုံစည်းခဲ့ပေမဲ့ နောက်ပိုင်း မဆုံဖြစ်ခဲ့ပါ။ ၁၉၇၂ ခုနှစ် ထင်ပါတယ်။ သူဟာ စစ်ရုံးကို ဒုတိယ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) အဖြစ် ပြောင်းလာတဲ့အခါကျတော့ ကျွန်တော်လည်း စစ်ရုံးကို ရောက်နေပါပြီ။ ကျွန်တော်တို့ ဌာနက ကက (ကြည်း) စီမံရေး ဆိုတော့ သူ့လက်အောက်ကပါ။ စစ်နည်းဗျူဟာ စီမံချက်တွေ တင်ပြတဲ့အခါ သူနဲ့ ဆုံရပြန်ပါတယ်။ ၁၉၇၄ ခုနှစ် လမ်းစဉ် ပါတီ အစိုးရ တက်တော့ သူဟာ ကာကွယ်ရေး ဦးစီးချုပ် ရာထူးအပြင် ကာကွယ်ရေး ဝန်ကြီး ဖြစ်လာပါတယ်။ ကျွန်တော်တို့နဲ့တော့ မပြတ် တွေ့နေရပါတယ်။

## လောကဓံ ရိုက်ချက်

ဒီလိုနဲ့ ၁၉၇၆ ခုနှစ် ရောက်လာတဲ့အခါ သူ့ကို ပါတီ CEC အဖြစ်က လည်းကောင်း၊ ကာကွယ်ရေး ဝန်ကြီး အဖြစ်က လည်းကောင်း၊ ကာကွယ်ရေး ဦးစီးချုပ် အဖြစ်က လည်းကောင်း ဖေဖော်ဝါရီလ ၅ ရက်နေ့မှာ နုတ်ထွက်ခွင့်ပြုခဲ့ပါတယ်။ အဲဒီမှာ ဗိုလ်ချုပ်ကြီး ကျော်ထင်ရဲ့ PSO ဗိုလ်ကြီး အုန်းကျော်မြင့်နဲ့ အရာရှိ တချို့က ခေါင်းကြီးတွေကို လုပ်ကြံမယ်၊ အစိုးရ အဖွဲ့ အသစ် တင်မယ် ဆိုတဲ့ အကြံတွေနဲ့ လှုပ်ရှားကြရာမှာ ကျွန်တော်က နားစွန်နားဖျား ကြားမိပြီး သက်ဆိုင်ရာကို ဆက်လက် သတင်း မပို့တဲ့ အတွက်ကြောင့် ထိမ်ချန်မှု သတ်မှတ် ခံရခဲ့ပါတယ်။ အဲဒီအတွက် နာမည်ကျော် “ရေကြည်အိုင်” အချုပ်စခန်းမှာ အစိုးရ သက်သေအဖြစ် ခြောက်လ လောက် နေပြီး တပ်က အနားပေးခြင်း ခံရပါတယ်။ ကျွန်တော်နဲ့ အခုလက်ရှိ ဦးတင်ဦးတို့ ရေစက်ဟာ အဲလောက်ထိ နက်ရှိုင်းခဲ့ပါတယ်။

ဒါတင်ပဲလားဆိုတော့ မကသေးပါဘူး။ သူ ထောင်ထဲမှာ သုံးနှစ်ခွဲကျော်ကျော် နေပြီး ပြန်လွတ်လာတဲ့ အခါမှာ ကျွန်တော်က သူ့အိမ်ကို သွားပြီး မကြာခဏ ကန်တော့လေ့ ရှိပါတယ်။ အဲဒီလိုနဲ့ အဆက်အသွယ် ရှိနေရာက ၁၉၈၈ ခုနှစ်ကို ရောက်တဲ့အခါ သူ့အနေနဲ့ ငြိမ်ငြိမ်နေလို့ မရတော့ဘဲ လူထုရဲ့ တောင်းဆိုမှုအရ ရှစ်လေးလုံး အရေးတော်ပုံကြီးမှာ ပါဝင်ခဲ့ရပါတယ်။

အဲဒီလို ပါဝင်တဲ့အခါ သူကိုယ်တိုင်က ကျွန်တော့်ကို တယ်လီဖုန်းဆက် ခေါ်တဲ့အတွက်ကြောင့် ကျွန်တော်ဟာ သူ့ရဲ့ လှုပ်ရှားမှုတွေကို အဖက်ဖက်က ကူညီတဲ့သူ ဖြစ်လာပါတယ်။ လိုအပ်ရင် ယာဉ်မောင်း လုပ်ရတယ်၊ တယ်လီဖုန်း အမေးအဖြေ လုပ်ပေးရတယ်၊ ဧည့်သည်တွေ လာရင် အစည်းအဝေး စီစဉ်ပေးရ တယ်၊ ဒီလိုတွေ လုပ်ပေးတဲ့အတွက်ကြောင့် လူအများ ကျွန်တော့်ကို “မင်းက ဘာတာဝန်လဲ” လို့ မေးတဲ့ အခါ ကျွန်တော်က ငါ့တာဝန်ကတော့ “ထမင်းအိုးထမ်း၊ ဟင်းအိုးထမ်းပေါ့ကွ” လို့ အဖြေပေးလေ့ရှိပါတယ်။

## ထောင်ကျတော့လည်း အတူတူ

NLD ဖွဲ့တဲ့ အခါကျတော့ သူကပဲ ထောက်ခံလို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ရုံး ရောက်သွားခဲ့ရတာပါ။ ၁၉၈၉ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ သူ့ကို အကျယ်ချုပ်ထားတာ ခံခဲ့ရတယ်။ ကျွန်တော် ကတော့ အင်းစိန်ထောင်ကိုပေါ့။ မကြာပါဘူး၊ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ ပြီးတော့ သူလည်း အင်းစိန်ထောင်

ရောက်လာတာပါပဲ။ ကျွန်တော်က အထူးတိုက်က တိုက်ခန်းမှာ၊ သူက အထူးတိုက်မှာ ရှိနေတဲ့ အိမ်ကလေး တစ်လုံးမှာ။ ၁၉၉၅ ခုနှစ်၊ မတ်လ တော်လှန်ရေးနေ့ နီးတော့ နဝတက ထောင်ထဲမှာ ရှိတဲ့ တပ်မတော်သား အကျဉ်းသားတွေကို လွှတ်မယ့် စီမံကိန်းအရ ကျွန်တော်ဟာ ဖေဖော်ဝါရီ လဆန်းပိုင်းမှာ လွှတ်တယ်။ သူက မတ်လဆန်းပိုင်းမှာ လွှတ်ခဲ့ပါတယ်။ သူနဲ့ ကျွန်တော်ရဲ့ ဒီလို ဘဝချင်း နီးစပ်ခဲ့တာဟာ အတိတ် သံသရာ တုန်းက အတူတကွ ဆုံစည်းခဲ့ကြတဲ့ ဘဝရေစက်ကြောင့်လေပဲလားလို့ ပိုးတဝါး မှန်းဆမိပါတယ်။

## ဗိုလ်မှူးကြီး ကြည်မောင်

တပ်မတော်မှာ ကြည်မောင် နှစ်ယောက် ရှိပါတယ်။ ပထမ ကြည်မောင်ကိုတော့ နေပြည်တော် ကြည်မောင်လို့ ခေါ်ပါတယ်။ သူက ၁၉၅၈ ခုနှစ် အိမ်စောင့်အစိုးရ လက်ထက်မှာ ရန်ကုန် ဒေသရဲ့ တပ်မှူး တာဝန်ယူခဲ့သူ ဖြစ်ပါတယ်။ အဲဒီတုန်းက ရန်ကုန်မှာ စစ်တိုင်းရယ်လို့ ဖွဲ့စည်းနိုင်ခြင်း မရှိခဲ့သေးပါဘူး။ ယာယီ အစီအစဉ်အရ ရန်ကုန် တစ်ပိုက်ကို နေပြည်တော်လို့ ခေါ်ပြီး သူက ကွပ်ကဲရတဲ့အတွက် "နေပြည်တော် ကြည်မောင်" လို့ လူသိများခဲ့ပါတယ်။

ကျွန်တော် အထက် တစ်နေရာမှာ ရေးခဲ့သလိုပါပဲ၊ သူက ဗိုလ်အောင်ကျော် ကျဆုံးတဲ့ ကျောင်းသား ဆန္ဒပြပွဲမှာ ကိုလိုနီပုလိပ်တွေရဲ့ အရိုက်ခံရလို့ ခေါင်းမှာ လေး-ငါးချက်လောက် ချုပ်လိုက်ရပါတယ်။ သူ့မိတ်ဆွေ ကျောင်းသားများရဲ့ ပြောပုံအရ ဆိုရင် "ကိုအောင်ကျော်က သေသာ သေသွားတာ တစ်ချက် တည်းနဲ့ ကိစ္စချောလို့ သိပ်မခံလိုက်ရဘူး။ ကိုကြည်မောင်ကတော့ ပိုနာတယ်ကွ" လို့ မှတ်ချက် ပြုကြပါတယ်။ သူနဲ့ ကျွန်တော်ဟာ NLD ဖွဲ့ပြီးမှ ဆုံစည်းပြီး စစ်သားချင်းမို့ အပေးအယူ မျှကြပါတယ်။

သူဟာ ဗိုလ်အောင်ကျော်နဲ့အတူ ဆန္ဒပြပွဲမှာ ပါခဲ့တဲ့ တက္ကသိုလ် ကျောင်းသားဟောင်း တစ်ဦးမို့ ဒီ ကိစ္စကို NLD လူငယ်တွေ အတုယူနိုင်ဖို့ ဟောပြောစေချင်ကြောင်း ပြောပြတဲ့အခါ သူ ပြန်ပြောတဲ့စကားက မှတ်သားလောက်ပါတယ်။ "ကျွန်တော် လုပ်တာက အများသိအောင် ကြေညာဖို့ မဟုတ်ဘူးဗျ။ အခြေအနေ အချိန်အခါအရ လုပ်သင့်လုပ်ထိုက်လို့ လုပ်ခဲ့တယ်လို့ပဲ သဘောထားပါတယ်" တဲ့။

ဒါပေမဲ့ နောက်ကြည်မောင် တစ်ယောက်ကတော့ သူ့ထက် ဂျူနီယာကျပါတယ်။ ၁၉၆၄ ခုနှစ် လောက် ကျမှ ဗိုလ်မှူးကြီး ရာထူးကို ရခဲ့တာပါ။ ဒါတောင် ၁၉၆၃ ခုနှစ် ကျွန်တော်တို့ရဲ့ ကျောင်းဆင်းပွဲ ကာလမှာ ရောက်လာတဲ့ ဒုတိယ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်မှူးချုပ် စန်းယုထံမှာ ကိုယ်ရေးကိုယ်တာအရာရှိ ကြောင့် ထွက်ခွင့်တောင်းခဲ့ပါသေးတယ်။ ဒါပေမဲ့ ဗိုလ်မှူးချုပ် စန်းယုက သူထွက်မဲ့ကိစ္စကို သဘောမတူဘဲ စစ်ရုံးကို ပြောင်းပြီး ကက (ထူး) မှာ ဒုတိယ စစ်ရာထူးခန့် ဗိုလ်မှူးကြီးအဖြစ် ပြောင်းရွှေ့ပေးပြီး နောင်မှာ သူ့ အရည်အချင်းကို သိလာတဲ့အတွက် စစ်ဦးစီး ဗိုလ်မှူးကြီး Col. G.S. တာဝန်ပေးခံရပါတယ်။

ကျွန်တော် အထက်မှာ ရေးပြခဲ့သလို သူ့ရဲ့ ဆုံးဖြတ်ချက်ကြောင့် ကျွန်တော် DSA မှာ ဆု နှစ်ဆု ရခဲ့ တယ်။ အဲဒါကြောင့်လည်း ကျွန်တော် သနက ၅ ကို ရောက်ခဲ့တယ်။ အဲဒါကြောင့်လည်းပဲ ကျွန်တော့် အိမ် ထောင်ဖက်နဲ့ ရေစက်ဆုံခဲ့တယ်။

ကျွန်တော့်ကို စစ်ရုံးကို ခေါ်ပြီး တာဝန်ပေးတာလည်း သူပဲ၊ သူ ဥက္ကဋ္ဌ အဖြစ် တာဝန်ယူထားတဲ့ "မြန်မာ အိန္ဒိယ နယ်နိမိတ် သတ်မှတ်ရေး ကော်မရှင်" မှာ စစ်ဦးစီး အရာရှိအဖြစ် တာဝန် ပေးခဲ့တာလည်း သူပဲ။ ၁၉၇၄ ခုနှစ်မှာ သူက ကျန်းမာရေး ဝန်ကြီး ဖြစ်သွားတော့ ကျွန်တော်က သူ့ကို ပူဆာပါတယ်။ ဘယ်လိုပါ

ဆိုတော့ "ဗိုလ်မှူးကြီးကတော့ ဝန်ကြီး ဖြစ်သွားပြီ ဆိုတော့ ပြောင်းရတော့မှာ၊ ကျွန်တော့်ကို တပ်ပြန်ပို့ဖို့ လုပ်ပေးဦးလေ" လို့ ဆိုတော့ နောက်လာမယ့် ဗိုလ်မောင်မောင်ကို ငါ ပြောခဲ့မယ်လို့ သူက ပြောပါတယ်။

ဗိုလ်မောင်မောင် ဆိုတာက သူ့နေရာကို Col. G.S. အဖြစ် ဗိုလ်မှူးကြီး မောင်မောင် ပြောင်းလာမှာပါ။ ကျွန်တော် တပ်ကို ပြန်ဖို့ ဗိုလ်မှူးကြီး ကြည်မောင်ကို အတန်တန် သတင်းပို့ခဲ့ဖူးပါတယ်။ ဘာမှဖြစ်မလာခဲ့ပါ။ အုန်းကျော်မြင့် ကိစ္စနဲ့ တပ်က ထွက်ရတော့မှပဲ ဗိုလ်မှူးကြီး ကြည်မောင်နဲ့ ကျွန်တော့်ရဲ့ ဘဝ ဇာတ်လမ်း နိဂုံးချုပ်ခဲ့တာပါ။

အဲဒီနောက်ပိုင်းတော့ အဆက်အသွယ် မရှိသလောက်ပါပဲ။ ဘာ့ကြောင့်လဲဆိုတော့ သူက အင်္ဂလန်နိုင်ငံကို သံအမတ်အဖြစ် သုံးနှစ်၊ နောက်ဂျပန်နိုင်ငံကို သံအမတ်အဖြစ်သုံးနှစ် ပြောင်းလဲ တာဝန် ထမ်းဆောင်နေခဲ့လို့ ဖြစ်ပါတယ်။

## ဂျိုးသိန်း Bulletin (ဂျိုးသိန်း သတင်းစဉ်)

ဒီလိုနဲ့ ဗိုလ်မှူးကြီး ကြည်မောင်နဲ့ ကျွန်တော်တို့ရဲ့ ဆက်ဆံရေး ပြီးပြီလို့ ထင်ခဲ့မိပါတယ်။ သို့သော် မှားပါတယ် ခင်ဗျား။ ကျွန်တော် ၁၉၈၉ ခုနှစ်၊ ဇူလိုင်မှာ အင်းစိန်ထောင်ထဲ ရောက်တယ်၊ နောက်ပြီး အထူးတိုက်ကို ရောက်တယ်။ ကျွန်တော်က အခန်း ၁၊ ပေါ်ဦး (ခ) မင်းကိုနိုင်က အခန်း ၃ ပါ၊ အခန်း ၂ ကို လွတ်ထားပါတယ်။ ကျွန်တော်နဲ့ မင်းကိုနိုင် စကားပြောတာတွေကို ထောက်လှမ်းရေးက ကောင်လေးတွေက ချောင်းနားထောင် နိုင်ပါ။ တခြား အခန်းတွေနဲ့ ဆက်သွယ်ရေး မလုပ်ရပါဘူး။ စာအုပ်ဆိုလို့ ဘာစာအုပ်မှ ဖတ်ခွင့် မရှိပါဘူး။

မင်းကိုနိုင်က ဆေးပေါ့လိပ် သောက်ပါတယ်။ ကျွန်တော်က မသောက်ပါဘူး။ မောင်ပေါ်က နေ့စဉ် သောက်သမျှ ဆေးလိပ်တွေရဲ့ အစီခံတွေကို စုထားပါတယ်။ စနေနေ့ကျတော့မှ အဲဒီ အစီခံတွေမှာ ပါတဲ့ အရွက်ပိုင်းလေးတွေကို တွေ့သမျှ ဖတ်ပြပါတယ်။ ဒါကို ကျွန်တော်က "ဂျိုးသိန်း Bulletin (ဂျိုးသိန်း သတင်း စဉ်)" လို့ နာမည်ပေးထားပါတယ်။ စနေနေ့ ညနေ သူ ဖတ်ပြတဲ့ သတင်း အတိုအထွာတွေဟာ ကျွန်တော်တို့ အတွက်တော့ ဖျော်ဖြေရေး တစ်ခုလို့ ပြောရပါမယ်။

ဆေးလိပ် အစီခံကို ပတ်တဲ့ သတင်းစာ ဖြတ်ပိုင်းဆိုတော့ သတင်း အပြည့်အစုံ ဘယ်မှာ ရနိုင်ပါ့မလဲ။ ဘယ်ဝန်ကြီးကို ဘယ်သူ လာတွေ့တာတို့၊ မြို့တော်ဝန်ကို ဘယ်စီးပွားရေးသမားက လာတွေ့တာတို့ အဲဒါတွေ ချည်းတွေပါ။ တကယ်တော့ နဝတခေတ် သတင်းစာတွေဟာ ဖတ်ချင်စရာ တစ်ကွက်မှ မရှိပါဘူး။ အဲဒီလိုပဲ သတင်းစာဖြတ်ပိုင်းလေးတွေက ပိုလို့တောင်မှ ဖတ်ချင်စရာ မရှိပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ အားလုံးလိုလိုဟာ အပြင်မှာ သာမန်လူတွေထက် ပိုပြီး စာဖတ်တဲ့ လူတွေပါ။ ထောင်ထဲမှာ ဘာစာမှ မဖတ်ရတော့ "ကျွန်တော်တို့ အားလုံး စာကို အကြီးအကျယ် ငတ်နေကြတဲ့သူတွေပါ" အဲဒီတော့ သတင်းစာ ဖြတ်ပိုင်းလေးတွေကိုပဲ "ငတ်ကြီးကျပြီး" တခုတ်တရ ဖတ်နေရတာပါ။

"ဂျိုးသိန်း Bulletin " ကို မင်းကိုနိုင် ဖတ်ပြတဲ့ စနေနေ့ ညနေ တစ်ခုမှာ ကျွန်တော် မျက်လုံးကို ကျယ်သွားစေတဲ့ သတင်းတစ်ခု ပါလာပါတယ်။ မင်းကိုနိုင်က "ဦးထိန်ရေ၊ နာရေး ကြော်ငြာ တစ်ခုဗျ။ အငြိမ်းစား သံအမတ်ကြီး ဗိုလ်မှူးကြီး ကြည်မောင်တဲ့၊ ဦးထိန် သိလား" လို့ မေးတော့ ကျွန်တော်က "အေး သိတာပေါ့ကွ၊ ငါ့ဆရာ ဖြစ်ခဲ့ဖူးတယ်" လို့ ပြန်ဖြေလိုက်ပါတယ်။ ကျွန်တော့် စိတ်ထဲမှာလည်း "အော်... ကြံကြံဖန်ဖန်၊ ငါ ထောင်ထဲမှာ ကြပ်ကြပ်တည်းတည်း နေနေရတာတောင် သူ့နာရေးကို ငါ့ဆီ ရောက်အောင် တစ်ဖက်တစ်လမ်းက အသိပေးနေပါလား" ဆိုတဲ့ အတွေးနဲ့ တနုံ့နုံ့ ခံစားနေရပါတယ်။

ကျွန်တော် အရင်က ပြောခဲ့ဖူးသလို DSA မှာ ဆု နှစ်ဆု ရခဲ့တာလည်း သူ့ကြောင့်၊ သနက ၅ ကို ရောက်တာလည်း သူ့ကြောင့်၊ သနက ၅ ကို ရောက်လို့ ဖနီးသည်နဲ့ ဖူးစာဆုံခဲ့တာလည်း သူ့ကြောင့်၊ ကျွန်တော့်ကို စစ်ရုံးကို ခေါ်တာလည်း သူပဲ၊ ကျွန်တော် စစ်ရုံးမှာ ရောက်နေတာ ကြာပြီဖြစ်လို့ ခြေလျင် တပ်ရင်း တစ်ခုခုကို ပြောင်းပေးပါလို့ အကြိမ်ကြိမ် တင်ပြသော်လည်း ပြောင်းမပေးတာကလည်း သူ၊ အဲဒီလို ပြောင်းမပေးတော့ အုန်းကျော်မြင့် ကိစ္စနဲ့ တည့်တည့် တိုးပြီး တပ်က ထွက်လိုက်ရတာကလည်း သူနဲ့တော့ မပတ်သက်သော်လည်း စစ်ရုံးမှာ ကြာနေခြင်းရဲ့ အကျိုးဆက် ဖြစ်ပါတယ်။

ကျွန်တော့် တပ်မတော်သားဘဝ သက်သမ်းတစ်လျှောက်လုံးမှာ သူရဲ့ ဩဇာအရိပ်ဟာ လွှမ်းမိုးခဲ့လေတော့ သံသရာ အဆက်ဆက်မှာ သူနဲ့ ကျွန်တော်နဲ့ ပတ်သက်မှုတွေဟာ တော်တော် ထုထည်ကြီးခဲ့ဟန်တူတယ်လို့ သုံးသပ်မိပါတယ်။ ဒီသုံးသပ်ချက်ကိုလည်း ထောင်ထဲ ရောက်မှ အချိန်ရလို့ ကိုယ့်ဘဝ အကြောင်း စဉ်းစားရင်းနဲ့ ပေါ်လာတဲ့ အတွေးပါ။ အချုပ်ဆိုရရင်တော့ ကံကြမ္မာရဲ့ စီမံချက်တစ်ခုလို့ပဲ ဆိုရမှာ ဖြစ်ပါတယ်။

## အက်ဖ်အာရ်စီ FRC နှစ်ယောက်

FRC ဆိုတာကို လူတော်တော်များများက သိကြပါတယ်။ Foreign Registration Card နိုင်ငံခြားသား မှတ်ပုံတင်ကတ်ကို ဆိုလိုတာပါ။ နိုင်ငံသားဖြစ်ဖို့ အရည်အချင်း မပြည့်တဲ့သူတွေကို ထုတ်ပေးတဲ့ ကတ်ပြား ဖြစ်ပါတယ်။ အထူးသဖြင့်တော့ တရုတ်၊ ကုလားတွေ အများစုပါ။ အခုခေတ်မှာတော့ နိုင်ငံခြား လုပ်ငန်းတွေ ဒရပေါ ဝင်လာတဲ့ ကာလမှာ အတူပါလာတဲ့ နိုင်ငံခြားသား ပညာရှင်တွေကိုလည်း ဒီလိုမျိုး ထုတ်ပေးလေ့ရှိပါတယ်။ အခု တင်ပြမယ့် အကြောင်းအရာကတော့ ကျွန်တော် ဖနီးသည်နဲ့ ပတ်သက်ပြီး သိလာရတဲ့အပြင် မှတ်တမ်းတင်လောက်တဲ့ ဖြစ်ရပ်လေးမို့ပါ။

ပထမ ကမ္ဘာစစ် ပြီးခါစ တရုတ်ပြည်မှာ အစာရေစာ ငတ်မွတ်ခေါင်းပါးတဲ့ ကာလတစ်ခု ရှိခဲ့ပါတယ်။ လူတွေ အစာငတ် ရေငတ် ဖြစ်ပြီးတော့ သေကျေ ပျက်စီးခဲ့တာ မနည်းမနောပါ။ ငတ်ကြ ပြတ်ကြလွန်းလို့ တချို့ မိသားစုတွေ ဆိုရင် ကိုယ့်ကလေးကိုတောင် ရောင်းစားရတဲ့ ဘဝတွေ ရှိတယ်လို့ ကြားခဲ့ဖူးပါတယ်။ အဲဒီအချိန်မှာ ရှန်ဟဲနဲ့ မနီးမဝေးမှာ ရှိတဲ့ ခရိုင်တစ်ခုထဲက ရွာတစ်ရွာမှာ သူငယ်ချင်း နှစ်ယောက် ရှိပါတယ်။ တစ်ယောက်က ရုပ်ရည် ချောမောတဲ့အပြင် ဉာဏ်ပညာနဲ့ ထိုးထွင်းဉာဏ် ကောင်းလို့ လူချစ်လူခင်များပါတယ်။ သူ့ရွာမှာတော့ စတားပေါ့။

နောက်တစ်ယောက်ကတော့ ထုံပါတယ်၊ ထိုင်းပါတယ်။ ဒါပေမဲ့ ခုနက သူငယ်ချင်းကို ချစ်ခြင်း အားကိုးခြင်းဆိုတဲ့ စိတ်နဲ့ အမြဲတမ်း အဖော်ပြုလေ့ ရှိပါတယ်။ မောင်ဖြူနဲ့ မောင်မဲလို့ ဆိုကြပါစို့၊ မောင်ဖြူက ထက်သလောက်၊ မောင်မဲက ထိုင်းတဲ့အတွက် သူတို့နှစ်ယောက် ဆက်ဆံရေးဟာ သူငယ်ချင်း ဆိုတာထက် ဆရာတပည့် ဆက်ဆံရေးမျိုး ဖြစ်နေပါတယ်

မောင်ဖြူကလည်း မောင်မဲကို ခင်ပါတယ်။ အ,လွန်းလို့ သနားစိတ်ဝင်ပြီး တွယ်တာနေဟန် တူပါတယ်။ သူတို့ ဒေသမှာ အငတ်ဘေး ကြီးထွားလာတဲ့အခါ မောင်ဖြူက ဒီမှာတော့ နေလို့ မဖြစ်တော့ဘူး ရေကြည်ရာ မြက်နုရာကို သွားရတော့မယ်။ အရင့်အရင် နယ်အနှံ့က တရုတ်လူမျိုးတွေ သွားကြတဲ့အထဲမှာ မြန်မာပြည်လည်း ပါတာမို့ နယ်စပ်ချင်း ဆက်စပ်နေတဲ့အတွက် အဲဒီကို သွားဖို့ ဆုံးဖြတ်လိုက်ပါတယ်။ သူ့ဆုံးဖြတ်ချက်ကို မောင်မဲကို တိုင်ပင်ပါတယ်။ မောင်မဲက မောင်ဖြူကို အပြည့်အဝ ယုံကြည်တဲ့အတွက် မောင်ဖြူ ဘာလုပ်လုပ် သူ လိုက်လုပ်မယ်ဆိုတဲ့ သဘောနဲ့ မောင်ဖြူနဲ့ လိုက်ပါဖို့ အားတက်သရော ထောက်ခံ လိုက်ပါတယ်။

အဲဒီခေတ်က ဆက်သွယ်ရေး ပါးရှားလို့ သူတို့ နှစ်ယောက် သူတို့ ဒေသကနေပြီး ယူနန် ပြည်နယ်ကို သွား၊ ယူနန် ပြည်နယ်ကမှ တဆင့် ဗမာပြည်ထဲကို ဝင်၊ လားရှိုး ရောက်တော့ အဲဒီမှာ ဘဝတူ တရုတ် လူမျိုး အတော်များများကို တွေ့ရပါတယ်။ ဘဝတူချင်းမို့ ကူညီချင်တဲ့လူတွေ ရှာပြီး သူတို့ စီစဉ်ပေးတဲ့ ကျပန်း အလုပ်တွေ လုပ်ရင်းနဲ့ ဘဝ ရပ်တည်ရေးအတွက် ကြိုးစားကြပါတယ်။

ဘာပဲပြောပြော သူတို့ တရုတ်ပြည်မှာ နေတုန်းက ဇတ်တလှည့်၊ ပြတ်တလှည့် ဘဝထက်တော့ အများကြီး သာသွားပါပြီ။ "ဗမာပြည်မှာ ထမင်းငတ် သေတဲ့ မသာ မရှိဘူး" လို့ သူတို့ ကြားဖူးခဲ့တာ မှန်ပါ လားလို့လည်း ပီတိတွေ ဖြစ်နေပါပြီ။ မောင်ဖြူက ဉာဏ်ထက်မြက်တဲ့သူပီပီ တစ်နှစ်ကာလလောက် အတွင်း မှာ မြန်မာစကား ကောင်းကောင်းမွန်မွန် ပြောတတ်ပါပြီ။

မောင်မဲကတော့ ထုံထိုင်းတဲ့သူပီပီ ထမင်းစား ရေသောက်လောက်ပဲ ပြောတတ်ပါသတဲ့။ ဒါပေမဲ့ မောင် ဖြူက စီးပွားရေး အမြင်ရှိတဲ့သူ ဆိုတော့ လားရှိုးဟာ သူတို့ နှစ်ယောက်အတွက် ရေကန် ကျဉ်းကျဉ်းလေးနဲ့ တူနေပါတယ်။ ဒါကြောင့် ရေကြည်ရာ မြက်နုရာကို ရှာနေတဲ့သူပီပီ လားရှိုးထက် ကျယ်တဲ့ ရေကန်တစ်ခုကို ရှာဖို့ ဆုံးဖြတ်လိုက်တော့ "ရန်ကုန်" ဆိုတာ အဖြေရပါတယ်။ ဒါကြောင့် သူတို့ နှစ်ဦး ရန်ကုန်ကို ဆက်ပြီး ခရီးနှင်ပါတော့တယ်။ ဒီအခါမှာတော့ လမ်း မလျှောက်ရတော့ပါဘူး။ ကားတစ်တန်၊ ရထားတစ်တန် ဖြစ်သွား ပါပြီ။

အခုတော့ မပြောတတ်တော့ပါဘူး။ အဲဒီခေတ်တုန်းကတော့ နိုင်ငံရပ်ခြား တိုင်းတစ်ပါးကို သွားတဲ့ တရုတ်လူမျိုးများကို သူတို့ရဲ့ ဘုံကျောင်းတွေက ငွေရေးကြေးရေး အကူအညီ ပေးပါတယ်။ မောင်ဖြူနဲ့ မောင်မဲတို့ဟာ ရန်ကုန်မှာ "တရုတ်တန်း" လို့တောင် အထင်ကရ ရှိနေတော့ သူတို့အတွက် အလုပ်အကိုင် ခေါ်တော့ပါဘူး။ နှစ်နှစ် သုံးနှစ် ကာလမှာပဲ မောင်ဖြူက ရန်ကုန်မှာ နေရင်း ဗမာစာကို ကောင်းကောင်း တတ်ပြီး သတင်းစာတောင် ဖတ်နိုင်နေပါပြီ။ မောင်ဖြူက အဲဒီလောက် စမတ်ကျတာပါ။ ရုပ်ကလည်း တော်တော် ချောပါသတဲ့။ တရုတ်လူမျိုးတွေမှာ တွေ့ရတတ်တဲ့ မျက်ရစ် မရှိတဲ့ မျက်လုံးမျိုး မဟုတ်ဘဲ မျက်လုံး၊ မျက်ခုံး ကောင်းပြီး ယောကျ်ားပီသတဲ့ ရုပ်လက္ခဏာ ရှိပါတယ်တဲ့။ မောင်ဖြူအကြောင်းကို အခုလို ရေးပြနေတာကအကြောင်းရှိပါတယ်။ နောက်ပိုင်းမှာ ကျွန်တော် ရေးပြရမယ့် ဇာတ်လမ်းမှာ အဲဒီအချက်တွေက အရေးပါလို့ပါ။

မောင်ဖြူနဲ့ မောင်မဲတို့ဟာ အထူးသဖြင့် မောင်ဖြူပေါ့။ သူတို့ ဖြတ်သန်းလာခဲ့ရတဲ့ လားရှိုး၊ မန္တလေး (အဲဒီမှာလည်း လအတော်ကြာ နေခဲ့တယ်လို့ သိရပါတယ်။) နဲ့ ရန်ကုန်မြို့တွေမှာ ကျင်လည်ခဲ့ရတဲ့ အခါမှာ သူတို့အနေနဲ့ ဘယ်လို စီးပွားရေး လုပ်ငန်း လုပ်ရမယ်ဆိုတာ သိလာပါပြီ။ ဒါကြောင့် မောင်ဖြူဟာ ဘုံကျောင်း အကူအညီနဲ့ ဟင်္သာတမြို့မှာ ကုန်ခြောက် ပွဲရုံ တည်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ (သူဟာ ဟင်္သာတမြို့ကိုလည်း သွားလေ့လာပြီးပါပြီ။)

မောင်ဖြူ သွားရာ မောင်မဲ အမြဲ လိုက်လေ့ရှိတော့ မောင်မဲလည်း ဟင်္သာတကို ပါသွားပါတယ်။ မောင်ဖြူရဲ့ ပွဲရုံမှာ အလုပ်မှန်သမျှ ဝိုင်းကူလုပ်ပေးခဲ့တာပေါ့။ မောင်ဖြူရဲ့ ပွဲရုံကလည်း တစ်နှစ် နှစ်နှစ် အတွင်း မှာ အောင်မြင်ခဲ့ပါတယ်။ မောင်ဖြူက မောင်မဲ သူ့ဆီမှာ တပည့်ခံပြီး နောက်လိုက် ဖြစ်နေတာကို အားမရပါဘူး။ ဒါကြောင့် မောင်မဲကို အိမ်ခြေများတဲ့ ကွင်းကောက် ဆိုတဲ့ ရွာကြီးကို သွားပြီး ခေါက်ဆွဲဆိုင် ဖွင့်ဖို့ အကြံ ပေးပါတယ်။ ကွင်းကောက် ဆိုတဲ့ ရွာကြီးဟာ အဲဒီတုန်းကတည်းက အိမ်ခြေ ၂၀၀၀ လောက် ရှိပါတယ်။ အင်္ဂပူ မြို့နယ်ထဲမှာပါ။

မောင်မဲကလည်း သူ အကြံပေးတဲ့အတိုင်း ခေါက်ဆွဲဆိုင် သွားဖွင့်တဲ့အခါ ရွာက လူဦးရေ များတော့ အထူးအဆန်းဖြစ်တဲ့ ခေါက်ဆွဲကြော်ကို လူကြိုက်များတယ်လို့ သိရပါတယ်။ သူ့ ခေါက်ဆွဲဆိုင် ဘယ်လောက် အောင်မြင်သလဲလို့ ပြောရရင် သူ့ဆိုင်ကို ခေါက်ဆွဲကြော် အမြဲ လာဝယ်လေ့ရှိတဲ့ ကရင်မ တစ်ယောက်နဲ့ အိမ်ထောင်ကျတဲ့ အထိပါပဲ။ သူတို့ ဇနီးမောင်နှံမှာ ယောကျ်ားလေး သုံးယောက် ထွန်းကားပါတယ်။ အကြီးဆုံး ဖြစ်တဲ့ ဦးကျော်မြင့် ဆိုသူက နောင်မှာ ကျွန်တော့် ယောက္ခမ ဖြစ်လာခဲ့သူပါ။ (ကျွန်တော် သုံးတန်းနှစ်က ရှမ္မငယ် ရွာမှာ ရဲဘော်မြို့ ခေါင်းဆောင် နှစ်ဦးကို သုတ်သင်တဲ့ပွဲမှာ သူက အမိက အမိန့်ပေးသူ ဖြစ်ပါတယ်၊ ဒါလည်း ရေးပြီးခဲ့ပါပြီ။)

ဟသ်ာတမှာ ကျန်ခဲ့တဲ့ မောင်ဖြူက ပွဲရုံ လုပ်ငန်း အောင်မြင်ပါတယ်။ ကုန်ခြောက်ပစ္စည်း မျိုးစုံ ရောင်းတဲ့ ပွဲရုံပါ။ ငါးပိ၊ ငါးခြောက်၊ လက်ဖက်ခြောက်၊ လက်ဖက်စို၊ ပဲအမျိုးစုံ၊ ဆီ၊ ငံပြာရည် စတဲ့ ပစ္စည်းတွေပေါ့။ ဖြစ်ချင်တော့ ဈေးဝယ်လာတဲ့ သားအမိ နှစ်ယောက်မှာ ပါလာတဲ့ သမီးဖြစ်သူနဲ့ မောင်ဖြူတို့ မျက်လုံးချင်း စကားပြောဖြစ်ကြတယ်ပေါ့။ နောက်တဖြည်းဖြည်းနဲ့ စာချင်း ဆက်သွယ်တဲ့ သမီးရည်းစား ဘဝကို ရောက် သွားပါတယ်။ အဲဒီ အမျိုးသမီးရဲ့ မိသားစုဟာ ချမ်းသာ ကြွယ်ဝတဲ့ မြို့မျက်နှာဖုံးတွေ ဖြစ်ကြပါတယ်။ သူတို့ သမီး ရည်းစား ဘဝ ပေါ်ပေါ်ထင်ထင် ဖြစ်လာတော့ ထုံးစံအတိုင်း လူကြီးတွေက သဘောမတူပါဘူး။ တဖြည်း ဖြည်းနဲ့ အခြေအနေတွေ တင်းမာလာတဲ့ အခါမှာ အမျိုးသမီးက အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ အိမ်ပေါ်က ဆင်းလာပြီး မောင်ဖြူနဲ့ လာနေပါတော့တယ်။

သူတို့ ဇနီးမောင်နှံမှာ ပထမ သားဦးလေး မွေးပါတယ်။ နာမည်ကို ကြည်မောင်လို့ ပေးလိုက်ပါတယ်။ နောက် နှစ်နှစ်လောက် ကြာတော့ သမီးလေး တစ်ယောက် ဖွားပါတယ်။ ဒါပေမဲ့ မီးတွင်းမှာပဲ မိခင် အသက် ဆုံးရှုံးခဲ့ပါတယ်။ မောင်ဖြူဟာ အကြီးအကျယ် စိတ်ထိခိုက်သွားတယ်လို့ ကောက်ချက်ချမိပါတယ်။ မိဘတွေ သဘောမတူတဲ့ကြားက ဆွေမျိုး အသိုင်းအဝိုင်းကို ခြေစုံကန်ပြီး သူနဲ့ လာနေကတည်းက မိန်းကလေးရဲ့ သူ့ အပေါ် ထားတဲ့ ချစ်ခြင်းမေတ္တာဟာ တော်ရုံ မဟုတ်ဘူးလို့ သူ ခံစားခဲ့ပါတယ်။ အခုတော့ မီးဖွားရင်းနဲ့ ဆုံးရှာပြီ။ သူ့စိတ်ဆင်းရဲမှုဟာ အထွတ်အထိပ်ကို ရောက်သွားပါတယ်။ ဒါကြောင့် သူ့ပွဲရုံ တစ်ခုလုံးကို ကုန်ပစ္စည်း တွေနဲ့တကွ ရောင်းချလိုက်ပါတယ်။

ရတဲ့ ငွေထဲက လမ်းစရိတ်ကိုပဲ ချန်ပြီး ကျန်တာတွေကို သူ့အမျိုးသမီးရဲ့ အစ်မကြီးတွေကို ကလေး နှစ်ယောက်နဲ့တကွ အပ်နှံလိုက်ပါတယ်။ ပြီးတော့ သူဟာ ပြည်ကြီးကို ပြန်တော့မယ်လို့ နှုတ်ဆက်ပြီးတော့ တရုတ်ပြည်ကို အပြီးအပိုင် ပြန်သွားပါတော့တယ်။ နောက်ပိုင်းမှာ သူ့အကြောင်းကို ဘာသတင်းမှ မရတော့ ပါဘူးတဲ့။ အချိန်ကတော့ ခန့်မှန်းခြေ ၁၉၂၂-၂၃ ခုနှစ်လောက်မှာ ဖြစ်ပါတယ်။

ကျွန်တော် သဘောပေါက်မိတာကတော့ မောင်ဖြူ အပေါ်မှာ ချစ်ခြင်းမေတ္တာ အားကြီးလွန်းလို့ အသိုင်း အဝိုင်း ကြီးမားတဲ့ မိဘ ဆွေမျိုးတွေကို တော်လှန် ပုန်ကန်ပြီး သူ့ကို ယုံကြည် ကိုးစားတဲ့ စိတ်နဲ့ ဘဝကို အပ်နှံ ခဲ့တဲ့ ဇနီးသည်၊ ဘဝ လက်တွဲဖော် အဖြစ် ပျော်ပျော်ရွှင်ရွှင် ပေါင်းလိုက်ရတယ်မှ မရှိသေးပဲ မြန်မြန်စားကြီး လူ့လောကက ထွက်ခွာသွားတဲ့သူ၊ ရင်သွေးငယ် နှစ်ယောက် ရှိပေမဲ့လည်း ဇနီးသည် မရှိဘဲ ဘဝခရီးကို ဆက်နှင်ရမယ် ဆိုရင် သူ့ဘဝဟာ ကန္တာရသဖွယ် ခြောက်သွေ့ အထီးကျန်နေမယ့် ဘဝ။ ဒီလို သုံးသပ်ပြီး ရင်သွေးငယ်လေးတွေကို သူ့အဒေါ်ကြီးတွေဆီမှာ အပ်ရုံတင်မက သူ့စည်းစိမ် အားလုံးတွေကိုလည်း တစ်ပါတည်း လွှဲပြီး အပြီးတိုင် ကျောခိုင်းခဲ့တယ် ဆိုတဲ့ အဖြစ်ဟာ အင်မတန် ထုထည်ကြီးတဲ့ ခံစားချက်လို့ သဘောပေါက်မိပါတယ်။

## ချင်းပြိုင်နဲ့ တူတဲ့ ဘဝများ

ကွင်းကောက်ရွာမှာ မွေးတဲ့ မောင်ကျော်မြင့်လေးကတော့ အရွယ်ရောက်လာတဲ့အခါမှာ မူလတန်း ပညာသင်၊ အလယ်တန်း ရောက်တော့ မြောင်းမြမှာ ရှိတဲ့ တိုင်တစ်ရာကျောင်းမှာ သွားတက်ရင်း ဗမာပြည် လွတ်လပ်ရေး ရလို့ တစ်နိုင်ငံလုံး သောင်းကျန်းသူတွေ ထကြွတဲ့အခါ အဲဒီခေတ်က လူငယ်တွေတချို့ လုပ်သလို တပ်မတော်ကို ခြေစုံပစ်ဝင်ခဲ့ပါတယ်။ အထက်တန်း ပညာအောင်တဲ့ အထိ မရောက်ခဲ့ပါဘူး။ မောင်ကျော်မြင့်လေးက တရင် တရုတ် ကပြားဆိုတော့ အသားဖြူတယ်။

အရပ် အထိုက်အလျောက် ရှိပေမဲ့ ပိန်ပိန်ပါးပါးပါ။ စကားနည်းပါတယ်။ အပေါင်းအသင်းလည်း သိပ်များပါဘူး။ ဒါ့ကြောင့်မို့လို့ သူနဲ့အတူတူ စစ်ထဲဝင်တဲ့ သူငယ်ချင်းအများစုဟာ အရာရှိတွေ ဖြစ်ကုန်ကြပေမဲ့ သူကတော့ ပုံမှန် ဒုတပ်ကြပ်၊ တပ်ကြပ်ကြီး၊ ဒုအရာခံဗိုလ် အဆင့်ထိ ရောက်ခဲ့ပါတယ်။

တပ်ကြပ်ကြီး ဘဝမှာ "သူရဘွဲ့" ရတဲ့အထိ ထူးချွန် ပြောင်မြောက်စွာ တိုက်ပွဲတွေ အလီလီ ဆင်နွှဲခဲ့ရပါတယ်။ တပ်ကြပ်ကြီး ဘဝမှာ အိမ်ထောင်ကျပြီး သားသမီး ခုနစ်ယောက် ရှိပါတယ်။ ၁၉၆၅ ခုနှစ်မှာ ဖွင့်လှစ်ခဲ့တဲ့ OTS အပတ်စဉ် ၃၄ တက်ခွင့်ရပြီး အရာရှိ ဖြစ်ခဲ့ပါတယ်။ အဲဒီတပ်မှာပဲ အဆင့်ဆင့် ဗိုလ်မှူးအထိ ရာထူးတိုးလာခဲ့ရာမှာ နောက်တစ်ဆင့် တိုးဖို့ အခြေအနေ ပေးလာပါတယ်။ အဲဒီအခါမှာ နိုင်ငံသား ဖြစ်မှု/မဖြစ်မှုက အကျုံးဝင်ပါတယ်။ ဖခင်ဖြစ်သူဟာ သေတဲ့အထိ FRC ကတ်ပြားကို ကိုင်ဆောင်ထားခဲ့သူ ဖြစ်တဲ့အတွက် ဗိုလ်မှူး ကျော်မြင့်ဟာ ဒုတိယ ဗိုလ်မှူးကြီး ဖြစ်လာဖို့ လမ်းပိတ်သွားပါတယ်။ ဒါပေမဲ့ သူ စိတ်ပျက်မသွားပါဘူး။ ဗိုလ်မှူး ဘဝနဲ့ပဲ ဆက်လက် တာဝန် ထမ်းဆောင်ပြီး သက်ပြည့် ပင်စင်နဲ့ အငြိမ်းစားယူခဲ့ပါတယ်။ အသက် ၅၈ နှစ်မှာ ကွယ်လွန်ခဲ့ပါတယ်။

## မောင်ဖြူရဲ့သား မောင်ကြည်မောင်

သူဟာ မိဘမဲ့သားတစ်ဦး ဖြစ်ခဲ့ပေမဲ့ အဒေါ်ကြီးတွေရဲ့ ထိမ်းကြောင်း ကွပ်ကဲမှုအရ လိမ်မာရေးခြား ရှိတဲ့ သူတစ်ယောက် ဖြစ်လာပါတယ်။ မောင်ဖြူရဲ့ သားစီစီ သူ့ရုပ်ရည်ဟာ တခြား သာမန် လူငယ်တွေထက် ချောပါတယ်။ ဟင်္သာတမှာပဲ အထက်တန်း ပညာ သင်ခဲ့ပြီး ဗိုလ်ချုပ် အောင်ဆန်းတို့ ဗမာနိုင်ငံကို ဝင်လာတဲ့အခါ သူ့သူငယ်ချင်းတွေနဲ့အတူ ဂျပန်ခေတ် တပ်မတော်ထဲကို ဝင်ရောက် အမှုထမ်းပါတယ်။

သူ့သူငယ်ချင်းတွေ အချို့ကို ပြောရမယ်ဆိုရင် ဦးရဲခေါင် (နိုင်ငံခြားရေး ဝန်ကြီးဟောင်း- ကွယ်လွန်)၊ ဗိုလ်မှူးကြီး ခင်မောင်ကျော် (၁၉၆၄ ခုနှစ်- ကွယ်လွန်) တို့ ပါပါတယ်။ လွတ်လပ်ရေး ရခါနီး တပ်မတော် ပြန်လည် ဖွဲ့စည်းတဲ့အခါမှာ အရာရှိအဖြစ် တိုက်ရိုက် ခန့်ထားခြင်းခံရတဲ့ အရေအတွက် ၂၀၀ ထဲမှာ သူလည်း ပါပါတယ်။ ဒါ့ကြောင့်သူဟာ တပ်မတော်ရဲ့ ဝါရင့်တဲ့ ခေါင်းဆောင် တစ်ဦးလို့ ဆိုနိုင်ပါတယ်။

သူဟာ OTS နဲ့ DSA နှစ်ခုလုံးမှာ နည်းပြချုပ် လုပ်ခဲ့တဲ့အတွက် တပ်မတော်ထဲမှာ တပည့်တပန်းတွေ များလှပါတယ်။ တော်လှန်ရေး ကောင်စီ တက်တဲ့အခါမှာ တပ်မတော် ခေါင်းဆောင် အများစုက အစိုးရ အဖွဲ့ဝင် ဖြစ်သွားလို့ ပြန်လည် အားဖြည့်တဲ့အခါမှာ ၁၉၆၄ ခုနှစ်လောက်မှာ တပ်မတော်ရဲ့ Colonel General Staff (Col. G.S) ဖြစ်လာပါတယ်။ အဲဒီ ရာထူးမှာ ၁၀ နှစ်လောက် မြဲနေခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီး နေဝင်း တပ်မတော်က အနားယူပြီး ဗိုလ်ချုပ်ကြီး စန်းယု ဦးစီးချုပ် ဖြစ်လာတဲ့အခါမှာ ဗိုလ်မှူးကြီး ကြည်မောင်ဟာ ဗိုလ်ချုပ်ကြီး စန်းယု အားကိုးရတဲ့ တပ်မတော် ခေါင်းဆောင်တစ်ဦး ဖြစ်လာပါတယ်။

ဒါပေမဲ့ ဦးနေဝင်းကတော့ သူ့ကို သဘောမကျပါ။ ကျွန်တော့် အထင်တော့ ဗိုလ်မှူးကြီး ကြည်မောင်ဟာ လူကြီးရှေ့မှာ ဘော်လည်းကောင်း၊ လူငယ်များနဲ့ ဘော်လည်းကောင်း ဆက်ဆံတဲ့ အခါမှာ မျက်နှာထား အင်မတန် တည်ပါတယ်။ လက်အောက် အရာရှိအချို့က သူ့ကို "ရမည်းသင်းစား သီလဝ" လို့ ခေါ်ကြပါတယ်။ အဲဒီလို မျက်နှာထားတည်ပြီး "အနားပြာ" မလုပ်တတ်လို့ ဦးနေဝင်းက မကြိုက်တာထင်ပါတယ်။

ဗိုလ်မှူးကြီး ကြည်မောင်ဟာ ၁၉၇၄ ခုနှစ်မှာ ကျန်းမာရေး ဝန်ကြီး ဖြစ်သွားပါတယ်။ (ကျွန်တော် တပ်ကို ပြန်ပါရစေလို့ ပူဆာတဲ့အချိန်) လမ်းစဉ် ပါတီ အစိုးရ တိုင်းပြည်ကို ဒီလို တာဝန်ယူနေတဲ့ အချိန်မှာ "၁၉၈၂ ခုနှစ် နိုင်ငံသား ဥပဒေ" ထွက်လာပါတယ်။ အစိုးရ အဖွဲ့ထဲက မိမိကိုယ်ကိုယ် နိုင်ငံခြားသွေး ပါတယ်လို့ သံသယ ရှိသူတွေ တင်ပြကြပါလို့ တောင်းဆိုတဲ့အခါ သူက "ငယ်စဉ် ကတည်းက အဒေါ်ကြီးများရဲ့ အုပ်ချုပ်မှု အောက်မှာ ကြီးပြင်းခဲ့ကြောင်း၊ သူတို့ ပြောစကားအရ သူ့ဖခင်ဟာ တရုတ်လူမျိုး ဖြစ်တယ်လို့ သိရကြောင်း" ဆိုပြီး တင်ပြပါတယ်။ အဲဒါကြောင့် သူ့ကို အင်္ဂလန် နိုင်ငံ သံအမတ်အဖြစ် ခန့်အပ်လိုက်ပါတယ်။

ဗိုလ်ချုပ်ကြီး စန်းယုဟာ အဲဒီအချိန်မှာ သမ္မတ ဖြစ်နေပါပြီ။ ဗိုလ်မှူးကြီး ကြည်မောင်ကို အလွန် အားထားခဲ့ပေမဲ့ ဒီကိစ္စမှာ သူ ဘာမှ မတတ်နိုင်ခဲ့ပါဘူး။ ဒါပေမဲ့ သံယောဇဉ်ကြီးပြီး တန်ဖိုးထားတဲ့အတွက် အင်္ဂလန်နိုင်ငံ သံအမတ်ကြီး ဘဝနဲ့ သတ်မှတ်ထားတဲ့ သုံးနှစ်ပြည့်တဲ့အခါ ဂျပန်နိုင်ငံ သံအမတ်ကြီးအဖြစ် နောက်ထပ် သုံးနှစ် ခန့်အပ်ခြင်းခံရပါတယ်။ ကျွန်တော်နဲ့လည်း အဆက်အသွယ် ပြတ်သွားတာပေါ့။

## FRC နှစ်ဦးရဲ့ တစ်ကြိမ်တည်းသော ဆုံစည်းမှု

၁၉၇၂ ခုနှစ်မှာ ကျွန်တော် အိမ်ထောင်ပြုပါတယ်။ အသက် ၃၁ နှစ်ပေါ့။ အဲဒီတုန်းက ဗိုလ်ကြီး ကျော်မြင့်ရဲ့ သမီးနဲ့ပါ။ အဲဒီတုန်းက ကျွန်တော် စစ်ရုံးကို ရောက်နေပါပြီ။ အဲဒီ မင်္ဂလာဆောင်ကို ကျွန်တော် တာဝန်ကျတဲ့ ကက (ကြည်း) တာဝန် အပါအဝင် ဌာနအားလုံးရဲ့ အကြီးအကဲ ဖြစ်တဲ့ Col. G.S ဗိုလ်မှူးကြီး ကြည်မောင်ကို လည်း ဖိတ်စာပေးပါတယ်။ ကျွန်တော်ကတော့ ဖိတ်စာသာ ထုံးစံအရ ပေးရတာ သူ လာမယ်လို့ မထင်ထားပါဘူး။

ဒါပေမဲ့ မင်္ဂလာဆောင်တဲ့ နေ့ကျတော့ သူတင်မကပါဘူး တခြား စစ်ဦးစီးမှူး (ပထမတန်း) တွေပါ တက်လာကြပါတယ်။ အဲဒီအခါကျမှ အဖေ သူငယ်ချင်းတွေ ဖြစ်ပေမဲ့ တစ်ခါမှ မတွေ့ဖူးတဲ့ ဗိုလ်မှူးကြီး ကြည်မောင်နဲ့ ဗိုလ်ကြီး ကျော်မြင့်တို့ ပထမဦးဆုံးအကြိမ် ဆုံစည်းခဲ့ကြတာပါ။ ဗိုလ်ကြီး ကျော်မြင့်ကတော့ ဗိုလ်မှူးကြီး ကြည်မောင်ရဲ့ ငယ်ဘဝကို ကြားဖူးနားဝ ရှိခဲ့ပေမဲ့ ဗိုလ်မှူးကြီး ကြည်မောင်ကတော့ ဗိုလ်ကြီး ကျော်မြင့် အကြောင်းကို မကြားခဲ့ မသိခဲ့ဖူးပါ။ ကျွန်တော့် မင်္ဂလာဆောင်ကျမှသာ ဆွေခန်းမျိုးခန်း ဖွဲ့ရတဲ့ သဘောပေါ့။

သူတို့ အဖေ နှစ်ယောက်ကလည်း ငယ်သူငယ်ချင်းတွေ ဖြစ်ခဲ့တယ်။ သူတို့ နှစ်ယောက်ကျတော့ ဘဝပေး အခြေအနေအရ ခင်ခင်မင်မင် မဖြစ်ခဲ့ပေမဲ့ သူတို့ နှစ်ယောက်လုံးရဲ့ တစ်ဘဝစီမှာ တစ်ကြိမ်သာ ဆုံစည်းခဲ့ပါတယ်။ ဒါပေမဲ့ ဘဝလောကဓံကို ကြုံခဲ့ရတာခြင်းတော့ တော်တော် ဆင်တူနေပါတယ်။ တပ်မတော် ထဲမှာ ပြိုင်တူ အမှုထမ်းခဲ့ကြတယ်။ ရာထူးကိစ္စကျတော့ နိုင်ငံခြားသွေး ပါတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ရာထူး ရပ်ဆိုင်းခြင်း သို့မဟုတ် ရာထူး တိုးမပေးခြင်း ဆိုတဲ့ အဖြစ်တွေ ကြုံခဲ့ပါတယ်။ အဲဒီတုန်းက နိုင်ငံခြားရေး ဝန်ကြီးဌာနက ဒုတိယ ဝန်ကြီး (ဗိုလ်မှူးကြီး) မောင်ဝင်း၊ ပြည်ထဲရေး ဝန်ကြီးဌာနက ဒုတိယ ဝန်ကြီး ဦးခင်မောင်တည်တို့လည်း အဲဒီဥပဒေအရ ထွက်လိုက်ကြရပါတယ်။

## ဥပဒေရေးရာ စဉ်းစားသင့်သော အချက်

ဒီကိစ္စကို တဖက်တစ်လမ်းက တခြားနည်းနဲ့ စဉ်းစားကြည့်ချင်စိတ် အမြဲရှိခဲ့ပါတယ်။ ဥပမာ-တရုတ်သွေး၊ ကုလားသွေး ပါလို့ တပ်မတော်ထဲ ဝင်ကြတယ်။ နေရာအနှံ့မှာ ဖြစ်ခဲ့တဲ့ တိုက်ပွဲတွေမှာလည်း ကျဆုံးကုန်ကြတယ်၊ ဒီလို ပုဂ္ဂိုလ်တွေနဲ့ ပတ်သက်လို့ ဘယ်လို စဉ်းစားကြမလဲ၊ တိုက်ပွဲမှာ မကျဘဲ ခြေပြတ်၊ လက်ပြတ်နဲ့ အင်္ဂါရာတွေ ရသွားကြတဲ့ သူတွေကိုလည်း ဘယ်လို သဘောထားကြမလဲ။ ဥပဒေပြုတဲ့ ပညာရှင်တွေ စဉ်းစားသင့်ကြပါတယ်။

ကျွန်တော့် ယောက္ခမ ဗိုလ်မှူး ကျော်မြင့်လို၊ ဗိုလ်မှူးကြီး ကြည်မောင်လို၊ ဗိုလ်မှူးကြီး မောင်ဝင်းနဲ့ ဗိုလ်မှူးကြီး ခင်မောင်တည်တို့လို ကိုယ့်အသက်တောင် စတေးပြီး တိုင်းပြည်တာဝန်ကို ထမ်းဆောင်ခဲ့ကြတာ သေလို့သာ သူတို့ အရည်အချင်းကြောင့် ဒီရာထူးတွေ ရခဲ့ကြတာ။ သူတို့ကို အရေးယူတဲ့ အခါကျတော့ သူတို့ အရင်က တိုင်းပြည်အတွက် သက်စွန့်ကြိုးပမ်း အမှုထမ်းခဲ့ကြတာတွေကိုရော ထည့်မတွက်ကြတော့ဘူးလား။ ဒီလိုပုဂ္ဂိုလ်တွေမျိုးကြတော့ ဘယ်လို စဉ်းစားကြမလဲ အဲဒီတော့ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေ ဆိုတဲ့ ဥပဒေကကော လိုနေတာတွေ၊ ပိုနေတာတွေရော မရှိတော့ဘူးလား။ စတဲ့ မေးခွန်းတွေကို ပြန်ဖြေဖို့ဟာ နိုင်ငံရေးသမားနဲ့ ဥပဒေ ပညာရှင်တို့ရဲ့ ဆက်လက် ဆောင်ရွက်ရမယ့် တာဝန်တွေလို့ ကျွန်တော် ထင်ပါတယ်။

## အစက ပြန်ကောက်ကြဦးစို့


အလင်းရောင် စစ်ဆင်ရေးအကြောင်း ရေးရင်နဲ့ ကျွန်တော်တို့ရဲ့ နာယကကြီး ဦးတင်ဦး၊ ဗိုလ်ကြီး ထွန်းရီ (နောင် ဒုတိယ ဗိုလ်ချုပ်ကြီး- ကွယ်လွန်)၊ ဗိုလ်မှူး ခင်မောင်တည် (နောင် ဒုတိယ ဝန်ကြီး- ကွယ်လွန်)၊ ဗိုလ်မှူးကြီး ကြည်မောင် (နောင် ကျန်းမာရေး ဝန်ကြီးနဲ့ သံအမတ်ကြီး- ကွယ်လွန်) နဲ့ ကျွန်တော့် ယောက္ခမ ဗိုလ်မှူး ကျော်မြင့် (ကွယ်လွန်) တို့ အကြောင်းတွေ ဆက်စပ် ရေးဖြစ်ခဲ့တာပါ။ ကိုယ်ရေးကိုယ်တာ ကိစ္စတွေ ဆိုပေမဲ့ သူတို့နဲ့ ပတ်သက်ပြီး ပတ်ဝန်းကျင် အကြောင်းအရာတွေရော၊ နိုင်ငံရဲ့ အရေးအခင်း အချို့ပါ အကျုံးဝင်ဘယ်လို့ ယူဆတဲ့အတွက် အခုလို တစုတ်တရ ရေးပြနေရခြင်း ဖြစ်ပါတယ်။

## ရန်ကုန်ကို ပြောင်းပြီ

"အလင်းရောင်" စစ်ဆင်ရေး ပြီးတဲ့ ၁၉၆၆ ခုနှစ် နှောင်းပိုင်းမှာ ကျွန်တော်တို့ တပ်ရင်းဟာ ရန်ကုန် ပြောင်းဖို့ အမိန့်ထွက်လာပါတယ်။ အဲဒီအချိန်တုန်းက ကျင့်သုံးနေတဲ့ စစ်ရေး မဟာ ဗျူဟာအရ တပ်မတော်မှာ ကနဦး ဖွဲ့စည်းခဲ့တဲ့ တပ်ရင်း သုံးခုဟာ သနက ၃၊ ၄၊ ၅။ ဒီတပ်ရင်း သုံးရင်းကို ရန်ကုန်မှာ အခြေပြုစေခဲ့တာပါ။ ရောက်စကတော့ တော်တော် ကသီပါတယ်၊ တပ်ခွဲတွေ တကွဲတပြား နေရတဲ့အပြင် ကျွန်တော်တို့လို လူပျို အရာရှိတွေတောင် ဟိုနား နေလိုက်၊ ဒီနား နေလိုက်နဲ့ ခွေး နေရာ မရသလိုပါပဲ။

ဒါကလည်း ဒေါသကြောင့် ပြောခြင်း မဟုတ်ပါဘူး။ စစ်ဆင်ရေး နယ်မြေမှာတောင် ဖြစ်သလို အိပ်၊ ဖြစ်သလို စားနိုင်ခဲ့တာပဲ။ ဒါပေမဲ့ ရန်ကုန် ရောက်တော့ ဘယ်တပ်ခွဲ ဘယ်မှာ၊ ဘယ်အရာရှိ ဘယ်မှာ ဆိုတဲ့ နေရာ ခွဲခြားမှုတွေဟာ တစ်ပတ် တစ်ခါ၊ နှစ်ပတ် တစ်ခါလောက် ပြောင်းလဲနေခဲ့တာပါ။ တပ်ရင်းမှူး ဗိုလ်မှူးကြီး ခင်မောင်တည်ကတော့ အတတ်နိုင်ဆုံး ပြေလည်အောင် ပြဿနာတွေ ဖြေရှင်းပေးနေပါတယ်။

ရန်ကုန် ရောက်ခါစက ဘယ်လောက်ထိ ကမောက်ကမနိုင်သလဲ ဆိုရင် ဖြစ်စဉ်တစ်ခုကို ရေးပြပါရစေ။ ရောက်ခါစက တပ်ခွဲ တစ်ခွဲဟာ အလုံလမ်းက သနက ၃ က အဆောက်အဦတွေမှာ နေရာ ရပါတယ်။ အဲဒီ



ရုရှား ဘာသာသင် ဆရာများနှင့် ကျောင်းသားများ
(စာရေးသူက နောက်တန်း၊ ရုရှား ဆရာမ ညာဘက်ဘေး)။



ကက (ကြည်း) စိမံရေးရုံး၌ စစ်ဦးစီးမှူး တတိယတန်း တာဝန်)။

တပ်ရင်း ၃ ဆိုတဲ့နေရာဟာ ယခု ပြည်သူ့ရင်ပြင် နေရာ ဖြစ်ပါတယ်။ အဲဒီ တပ်ခွဲက မြို့မကျောင်းနဲ့ နီးတော့ တပ်ခွဲက ကလေးတွေကို မြို့မကျောင်းမှာ ထားပါတယ်။ ကျောင်းထားပြီး သုံး-လေးလလောက် ကြာတော့ အဲဒီ တပ်ခွဲကို ကမ္ဘာ့အေး ဘုရားလမ်းက သနက ၄ ဝင်းထဲကို ပြောင်းလိုက်ပါတယ်။ (သနက ၄ ဆိုတာက ဘတ်စ်ကား ၁၀၆ မှတ်တိုင် တည့်တည့်မှာ ရှိတဲ့ဝင်းပါ။) အဲဒီတော့ ကလေးတွေ ကျောင်းပို့/ကျောင်းကြိုကို တပ်က ကားတစ်စီးနဲ့ စီစဉ်ပေးရပါတယ်။

ဒါပေမဲ့ ကားသမားတွေက ရန်ကုန်က လမ်းတွေကို မကျွမ်းကျင်ကြပါဘူး။ အသွားတုန်းကတော့ လမ်းသိတဲ့ ကားသမားက ပို့ပေးပေမဲ့ အပြန်ကျတော့ တခြားကားတစ်စီး စီစဉ်ပေးပါတယ်။ မှတ်မိပါသေးတယ်၊ အဲဒီကားသမားက တပ်သား/ယာဉ်မောင်း အုန်းရွှေ၊ ကုလားလူမျိုး စစ်စစ်ပါ။ သူက ကျောင်းလည်း ဆင်းရော သုံးဘီးကားတစ်စီး ငှားလိုက်ပါတယ်။ ကျောင်းဆင်းတော့ အဲဒီသုံးဘီးကားကို ဦးဆောင်စေပြီး သူ့ကျောင်းကား က နောက်က လိုက်မောင်းခဲ့ပါတယ်။ ဒီနည်းနဲ့ သူ့ကျောင်းကားကို လိပ်စာမှန်ရောက်အောင် စီစဉ်ပေးခဲ့တာပါ။

တပ်ရဲ့လုပ်ငန်း တာဝန်ကတော့ ဦးနေဝင်း လုံခြုံရေးပါ။ အထက်မှာ ရေးပြခဲ့သလို အလုံလမ်းကနေ ပြည်လမ်းတစ်လျှောက်၊ မင်္ဂလာဒုံက တပ်မတော် ဂေါက်ကွင်းအထိ တစ်ပတ်မှာ အနည်းဆုံး သုံးရက် လုံခြုံရေး တာဝန်ယူရပါတယ်။ ဒီကာလမှာ ရည်းစားကလည်း ကွဲ၊ မိန်းကလေး မိတ်ဆွေကလည်း နည်း ဆိုတော့ ဖော်ကန့်လန့်ဘဝပေါ့။ ဒါပေမဲ့ စာတွေတော့ အများကြီး ဖတ်ဖြစ်ပါတယ်။ အလုပ်က ဦးနေဝင်း ဂေါက်ကွင်း သွားတဲ့အချိန် လုံခြုံရေး လုပ်ပေး၊ ပြန်လာတဲ့အချိန် လုံခြုံရေး လုပ်ပေး၊ ဒီနှစ်ချိန်ပဲ အလုပ်ရှိတာပါ။ ကျန်တဲ့အချိန်မှာ စာတွေ အများကြီး ဖတ်ဖြစ်ပါတယ်။

## ရုရှားဘာသာ သင်တန်းသား

၁၉၆၇ ခု၊ နှစ်ဆန်းပိုင်းမှာ ဖြစ်ပါတယ်။ တပ်ရင်းမှူးက ကျွန်တော့်ကို ရုရှားဘာသာ သင်တန်း တက်ရမယ်လို့ အသိပေးပါတယ်။ ကက (ကျင့်) ရဲ့ အစီအစဉ်နဲ့ ဖြစ်တယ်လို့ သိရပါတယ်။ တက်ရမယ့် နေရာကတော့ ယခုလက်ရှိ နိုင်ငံခြားဘာသာသင် တက္ကသိုလ် နေရာမှာပါ။

အဲဒီတုန်းက ကျောင်းအုပ်ကြီးက "ဦးယုခင်" ဖြစ်ပါတယ်။ တခြားသင်တန်းတွေကတော့ ဂျပန်၊ ဂျာမနီ၊ တရုတ်နဲ့ ရုရှား သင်တန်းတို့ ဖြစ်ပါတယ်။ အဲဒီတုန်းက တရုတ်နဲ့ ရုရှားက လူကြိုက် နည်းပါတယ်။ ကျွန်တော်တို့ သင်တန်းဆိုရင် ခုနစ်ယောက်ပဲ ရှိပါတယ်။ ငါးယောက်က တပ်ကဖြစ်ပြီး နှစ်ယောက်က အရပ်သားတွေပါ။ ရုရှားလူမျိုး ပရော်ဖက်ဆာ နှစ်ယောက် ရှိပါတယ်။ သူတို့နဲ့ သင်ရတာပါ။ သူတို့နဲ့ ဆက်ဆံတာ ကြာတဲ့အခါမှာ စည်းကမ်းရှိပုံ၊ အချိန်မှန်ပုံကတော့ လေးစားစရာ ကောင်းပါတယ်။

သင်တန်းက မနက် ခုနစ်နာရီ စတာပါ။ ၁၂ နာရီမှာ ပြီးပါတယ်။ သင်တန်းပြီးလို့ တပ် ပြန်ရောက်ရင် ထမင်း စားပြီးတာနဲ့ တပ်အလုပ်တွေ လုပ်ရတယ်ဆိုတော့ အားတဲ့အချိန် မရှိသလောက်ပါပဲ။ ညတိုင်း ပုံမှန် စာကျက်ရပါတယ်။ အပတ်စဉ် စာမေးပွဲတွေ ရှိတဲ့အခါကျတော့ ကျွန်တော်ဟာ DSA ကို ပြန်ရောက်နေသလို ပါပဲ။ စာမေးပွဲတိုင်းမှာလည်း အမြဲလိုလို ပထမ ရတဲ့အတွက် ၁၉၆၉ ခုနစ်မှာ စာမေးပွဲ အောင်တော့ Grade-5 (Credit) နဲ့ အောင်ပါတယ်။ အဲဒီလို အောင်ပြီးတော့ ကျွန်တော့်ကို ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) တာဝန် ထမ်းမှာ တွဲဖက်ပေးခဲ့ပါတယ်။

## ဖြစ်ရပ်တွေများ

ပထမ ကိစ္စတော့ တော်တော် ကိုးလိုးကန့်လန့်နိုင်ပါတယ်။ ဘယ်လို့လဲဆိုတော့ ကျွန်တော် စစ်ရုံးကို ရောက်ပြီး မကြာခင်မှာပဲ ကျွန်တော်နဲ့ ရုရှားဘာသာ သင်တန်း အတူ တက်ခဲ့တဲ့ အရာရှိ နှစ်ယောက်ကို နိုင်ငံခြားရေးရုံးကို ပြောင်းပေးလိုက်ပါတယ်။ ကျွန်တော်က အပြောရော၊ အရေးရော၊ အဖတ်ရော ပထမ ရခဲ့တဲ့သူ၊ ကျွန်တော့်ကို ချန်ထားပြီး သူတို့ကို နိုင်ငံခြားရေးရုံးကို ပြောင်းပေးလိုက်တာကို မနာလို မဖြစ်မိပါဘူး။

ဒါပေမဲ့ ကျွန်တော့်ကို ချန်ထားတဲ့အတွက် စိတ်ထဲမှာ နိုးလိုးခုလု ဖြစ်မိပါတယ်။ နောက်ပိုင်း တစ်ဖက် လှည့်နဲ့ မေးကြည့်တော့ ကျွန်တော်က အိမ်ထောင် မရှိတော့ ရုရှားကို ပို့ရင် ကျွန်တော်နဲ့ ရုရှားမလေးတွေနဲ့ ငြိမှာ စိုးလို့ပါတဲ့။ အမေ ညည်းသလိုသာ ညည်းလိုက်ချင်တော့၊ "အော် ခက်မှခက်ပလေ" လို့။ အခုမှ ပြန် စဉ်းစားကြည့်တော့ ဖြစ်နိုင်တယ်လို့တော့ ထင်မိသား။ ဒါပေမဲ့ ၁၉၇၂ ခုနှစ်မှာ ကျွန်တော် အိမ်ထောင်ကျခဲ့တဲ့ အခါကျတော့ ကျွန်တော့်ကိစ္စကို မေ့သွားကြပြန်ရော။

ရုရှားဘာသာကို အပတ်တကုတ် သင်ပြီးတဲ့အခါမှာ ရုရှားလူမျိုးတွေနဲ့ တိုက်ရိုက် စကား ပြောချင်တဲ့ အာသီသ ရှိပါတယ်။ ဒါပေမဲ့ အဲဒီခေတ်က အတော်အရှားသား။ မော်စကို ရေဒီယိုကို နားထောင်ပေမဲ့ လိုင်း မကောင်းလို့ အသံ သဲသဲကွဲကွဲ မကြားရပါဘူး။ တစ်ခါတလေ အင်းယားလိတ် ဟိုတယ် ရောက်လို့ ကြည့်လိုက် ရင် ဟိုတယ်ရှေ့မှာ သံရုံးတံဆိပ်နဲ့ ရုရှားကားတွေ တွေ့ရင် သူတို့ကို ဟိုတယ်ထဲ လိုက်ရှာကြည့်ပါတယ်။

ကော်ဖီဆိုင်တို့ ဘာတို့မှာ တွေ့ရတတ်ပါတယ်။ သူတို့ဆီ ချဉ်းကပ်ပြီး ရုရှားလို နှုတ်ဆက်တဲ့ အခါ ဖော်ရွေတဲ့ အမူအရာ မရှိပါဘူး။ တချို့ဆိုရင် လူကို မလိုတမာ ပြန်ကြည့်ပြီး ကမန်းကတန်း ထွက်သွားလေ့ ရှိပါတယ်။ အဲဒီလို တွေ့ရပါများတော့ ကိုယ့်ကိုယ်ကိုယ် ရေရွတ်မိပါတယ်။ "တန်ပဟ၊ ဒီကောင်တွေ၊ ဒီလောက် တောင် လူချင်းတွေ့ပြီး စကားမပြောချင်တဲ့ကောင်တွေ၊ ငါဘယ်တော့မှ စကားပြောဖို့မကြိုးစားတော့ဘူး"

ကျွန်တော် နောက်မှ သိရတာက ဟိုခေတ်တုန်းက သူတို့ နိုင်ငံရဲ့ နာမည်က ဆိုဗီယက် ယူနီယံ ကြီးစိုး လွှမ်းမိုးတဲ့သူတွေက ကွန်မြူနစ် ပါတီနဲ့ ကေဂျီဘီ။ ကေဂျီဘီ ဆိုတာက ရုရှား ထောက်လှမ်းရေး၊ ကမ္ဘာ တစ်ဝှမ်းလုံးမှာ ရှိတဲ့ ဆိုဗီယက် ယူနီယံ သံရုံးတွေမှာ တရားဝင်အရ သံအမတ်က အကြီးအကဲပါပဲ။ ဒါပေမဲ့ အမြဲလိုလို ထမင်းချက်တို့၊ ဉယျာဉ်မှူးတို့၊ ယာဉ်မောင်းတို့က ကေဂျီဘီတွေ ဖြစ်နေတတ်ပါတယ်။ သံရုံး အတွင်းမှာ ဆိုရင် သံအမတ်တွေက အရုပ်ပါ။ ကေဂျီဘီက လူတွေကသာလျှင် ဆုံးဖြတ်ချက် ချနိုင်တဲ့သူတွေ ဖြစ်ပါတယ်။

ပြီးတော့ နောက်မှ သိရတာက ဝန်ထမ်း အားလုံးဟာ နိုင်ငံခြားသားနဲ့ တွေ့တိုင်း ဘယ်မှာ တွေ့တယ် ဘာတွေ ပြောတယ် ဆိုတာ အမြဲ သတင်းပို့ရပါသတဲ့။ ဒါ့ကြောင့်မို့ ဖြစ်မှာပါ။ ကျွန်တော် စကားပြောဖို့ ကြိုးစား တိုင်း ရုရှားတွေက ထွက်ထွက်ပြေးခဲ့ကြတာပါ။

## တရုတ်-ဗမာ အရေးအခင်း (၁၉၆၇ ခုနှစ်၊ ဇူလိုင်လ)

ကျွန်တော်ဟာ ရုရှားဘာသာ သင်တန်းတက်လို့ ပထမနှစ် စာမေးပွဲပြီးတဲ့အခါ ကျောင်းအားလပ်ရက်မှာ အချိန်ပြည့် တပ်ရဲ့ တာဝန်တွေကို ထမ်းဆောင်ရပါတယ်။ အဲဒီမှာ တရုတ်-ဗမာ အရေးခင်းနဲ့ တည့်တည့် တိုးတော့တာပါပဲ။ တရုတ်-ဗမာ အရေးအခင်းဟာ တော်တော် ရှုပ်ထွေးပါတယ်။ ပြည်တွင်းမှာ ရှိတဲ့ အခြေအနေတွေက သာမညဖြစ်ပြီး ပြည်ပက လွှမ်းမိုးလာတဲ့ အချက်တွေက အဓိကဖြစ်ပါတယ်။

တရုတ်ပြည်မှာ ကွန်မြူနစ် ပါတီက ၁၉၄၉ ခုနှစ်က စပြီး အာဏာရခဲ့ပါတယ်။ ပါတီ ဥက္ကဋ္ဌ မော်စီတုံး၊ သမ္မတ လျူရှောက်ချီနဲ့ ဝန်ကြီးချုပ် ချောင်အင်လေးတို့က တရုတ်ပြည်ကို စီမံ ခြယ်လှယ်ခဲ့ပါတယ်။ ၁၉၆၀ ခုနှစ်များ ရောက်တော့ ဥက္ကဋ္ဌ မော်စီတုံးက တရုတ် ကွန်မြူနစ် ပါတီတွင်း အခြေအနေတွေကို ပြန်လည် သုံးသပ်ပါတယ်။

အဲဒီလို သုံးသပ်တဲ့အခါ ခေါင်းဆောင်ပိုင်း ပုဂ္ဂိုလ် အများစုဟာ ပါတီသဘောတရားတွေနဲ့ ကင်းကွာပြီး တစ်ကိုယ်ရေ သာယာမှုတွေကို ပိုပြီး ဦးစားပေးလာတယ်လို့ ယေဘုယျ သုံးသပ်မိပါတယ်။ ဒါကြောင့် ကွန်မြူနစ် ပါတီကို အမြစ်က ပြန်လှန်ပြီး ပါတီ သန့်စင်ရေးကို ဆင်နွှဲဖို့ ဆုံးဖြတ်လိုက်ပါတယ်။ တကယ်တမ်း စတင် ဆောင်ရွက်တာကတော့ ၁၉၆၄ ခုနှစ်မှာ ဖြစ်ပါတယ်။

ဒီလှုပ်ရှားမှု ဖြစ်စဉ်ကြီးကို “ယဉ်ကျေးမှု တော်လှန်ရေး” လို့ သတ်မှတ် ခေါ်ဝေါ်ကြပါတယ်။ ရည်ရွယ်ချက်ကတော့ အဆင့်ဆင့်သော ပါတီ အဖွဲ့အစည်းများရဲ့ ခေါင်းဆောင်များကို ဖယ်ရှားပြီး အသက် ၂၀ အောက် လူငယ်တွေနဲ့ အစားထိုးဖို့ ဖြစ်ပါတယ်။

“Bombard the headquarters” ဆိုတဲ့ အမိန့်ကို မော်စီတုံးက ထုတ်လိုက်တဲ့အခါမှာ သူ ဖော်ထုတ် ဖွဲ့စည်းထားတဲ့ ၁၄-၅ နှစ် အရွယ် ကျောင်းသားလေးတွေဟာ ဌာနချုပ် အသီးသီးကို ဝင်ရောက် စီးနင်းပြီး ပါတီ အဖွဲ့အစည်းဟောင်း တာဝန်ရှိသူများကို ထုတ်ပယ်ခြင်း၊ ချုပ်နှောင်ထားခြင်း၊ အချို့ကို အသက်ပါသည် အထိ ညှင်းဆဲခြင်းများ လုပ်ဆောင်လာခဲ့ပါတယ်။ သူတို့အရွယ် ကျောင်းသားလေးတွေကို စုစည်းပြီး Red Guard အဖြစ်နဲ့ ဖွဲ့စည်းခဲ့ပါတယ်။

ပြီးတော့ ဟိုခေတ်က ခေတ်စားတဲ့ “မော်စီတုံး အတွေးအခေါ်များ” ဆိုတဲ့ စာအုပ် အနီလေးတွေကို [illegible]မှုပေးပါတယ်။ ထိပ်ပိုင်းမှာလည်း နာမည်ကြီး ခေါင်းဆောင်တွေဖြစ်တဲ့ သမ္မတ လျူရှောက်ချီနဲ့ ဖနီး၊ တရုတ် [illegible]နီတော် ဦးစီးချုပ် လိုယွီကျင်း၊ နိုင်ငံခြားရေး ဝန်ကြီး မာရှယ်ချင်ရီ စတဲ့ ထိပ်ပိုင်း ပုဂ္ဂိုလ်ကြီးများ အရေးယူ ခံရပါတယ်။

မော်စီတုံးဟာ ဒါနဲ့တင် အားမရသေးပါဘူး။ ယဉ်ကျေးမှု တော်လှန်ရေး လှုပ်ရှားမှုကို ပြည်ပသို့ပါ ex-port လုပ်ရမယ်လို့ ဆုံးဖြတ်ပြီး ပထမပိုင်းမှာ အရှေ့တောင် အာရှ နိုင်ငံတွေကို ဦးစားပေး လုပ်ဆောင်စေပါတယ်။ ဒီလှုပ်ရှားမှုအတွက် အခြေခံအားဖြင့် စာအုပ်နီလေးတွေကို သက်ဆိုင်ရာ နိုင်ငံ သံရုံးတွေက တစ်ဆင့် စာရွက် ကျောင်းတွေကို ဖြန့်ဝေစေပါတယ်။

ဗမာပြည်မှာတော့ ကျောင်းတွေကို ပြည်သူပိုင် သိမ်းတဲ့ အတွက်ကြောင့် သူတို့ တိုက်ရိုက် စွက်ဖက်လို့ မရပါဘူး။ ဒါပေမဲ့ အရင်က တရုတ်ကျောင်းတွေကို ပြည်သူပိုင် သိမ်းခဲ့သော်လည်း ရန်ကုန်မြို့ လမ်းမတော်၊ လသာ တစ်ပိုက်မှာ ရှိတဲ့ ကျောင်းတွေကတော့ တရုတ်လူမျိုး ကျောင်းသား၊ ဆရာတွေကလည်း တရုတ်လူမျိုးတွေချည်းပါပဲ။

အဲဒီမှာ တရုတ် သံရုံးက ကျောင်းပိတ်ရက်တွေဆိုရင် တရုတ် ကျောင်းသားလေးတွေကို တစ်ကျောင်း [illegible]နီးပါး တရုတ် သံရုံးကို ကားတွေနဲ့ ခေါ်ပြီး တရုတ်ပြည်မှာ ဖြစ်နေတဲ့ ယဉ်ကျေးမှု တော်လှန်ရေး အကြောင်း [illegible]ပြတယ်၊ ရှင်းပြတယ် ဆိုတာထက် လှုံ့ဆော်ပေးတဲ့ သဘောမျိုး ပါပါတယ်။ အဲဒါတင်မကဘူး၊ မော်စီတုံး အတွေးအခေါ် အနှစ်ချုပ်တွေ ပါတဲ့ စာအုပ် အနီ သေးသေးလေးတွေ တစ်ယောက် တစ်အုပ် ဖြန့်ပါတယ်။ ဒီ စာအုပ် အနီလေးဟာ ယဉ်ကျေးမှု တော်လှန်ရေးရဲ့ အမိက လက်နက်ပါပဲ။

ပြဿနာ စတာကလည်း အဲဒီ လသာနဲ့ လမ်းမတော်က တရုတ်ကျောင်းတွေကပါ။ ယဉ်ကျေးမှု တော်လှန်ရေးရဲ့ အဓိက လမ်းစဉ်က ခေတ်ဟောင်းက အတွေးအခေါ်တွေနဲ့ အဲဒီ အတွေးအခေါ်တွေကို လက်ခံ ကျင့်သုံးနေတဲ့ လူဟောင်းတွေကို အနုနည်း/အကြမ်းနည်းများနဲ့ ဖယ်ရှားရေး ဖြစ်ပါတယ်။ အဲဒီမှ အရ ကျောင်းဆရာတွေ သိမ်းသင်တဲ့အခါမှာ ကျောင်းသားတွေက သူ့ သင်ပြမှုကို လက်မခံဘဲ ပထမတော့ အတန်းထဲမှာ ဆန္ဒပြကြပါတယ်။

နောက်တဖြည်းဖြည်းနဲ့ အတန်း အပြင်ဘက်က ကျောင်းဝင်းထဲမှာ၊ အဲဒီကတစ်ဆင့် လမ်းပေါ်အထိ တက်ပြီး ဆန္ဒပြပွဲတွေ ဖြစ်လာခဲ့ပါတယ်။ ပထမတော့ ယဉ်ကျေးမှု တော်လှန်ရေးနဲ့ ဆိုင်တဲ့ ကြွေးကြော်သံတွေနဲ့ စခဲ့ပေမဲ့ နောက်ပိုင်းမှာတော့ လက်ရှိ အစိုးရနဲ့ ဗမာ လူမှု အသိုင်းအဝိုင်းတွေကိုပါ ထိပါးတဲ့ ကိစ္စတွေ ပါလာ ပါတယ်။ အဲဒီ လှုပ်ရှားမှုတွေကြောင့် မခံမရပ်နိုင်တဲ့ ဗမာတွေဘက်က တန်ပြန် ဆန္ဒပြပွဲများ ဖြစ်လာပါတော့ တယ်။

နောက်တော့ တန်ပြန် ဆန္ဒပြပွဲတွေဟာ တဖြည်းဖြည်း အရှိန် မြင့်လာတဲ့အခါ လုံခြုံရေး အတွက် လမ်းစဉ် ပါတီက မြို့နယ် တာဝန်ရှိသူတွေနဲ့ ပြည်သူ့ရဲတွေကို ပူးတွဲ တာဝန်ပေးပြီး အပြိုင် ဆန္ဒပြနေတဲ့ အုပ်စု နှစ်စု (တရုတ်နဲ့ ဗမာ) တွေကို ထိပ်တိုက် မတွေ့အောင် ထိန်းသိမ်းစေပါတယ်။ အဲဒီလိုပဲ ဖိလစ်ပိုင် နိုင်ငံ မနီလာမြို့၊ ထိုင်းနိုင်ငံ ဘန်ကောက်မြို့နဲ့ မလေးရှား နိုင်ငံ ကွာလာလမ်ပူမြို့တွေမှာ တရုတ် ကျောင်းသား လူမျိုးများရဲ့ ဆန္ဒပြပွဲများ ဖြစ်ပေါ်ခဲ့ပါတယ်။

သက်ဆိုင်ရာ ရဲလုံခြုံရေးများက ကြားဝင် ဖြန်ဖြေမှုတွေကြောင့် ပြဿနာ အနည်းစုက လွဲလို့ ကြီးကြီး မားမား ဘာမှ မဖြစ်ခဲ့ပါဘူး။ ရန်ကုန်မှာတော့ အဲဒီလို မဟုတ်ပါဘူး ဆန္ဒပြလို့ သုံးရက်မြောက်မှာ လုံခြုံရေး အင်အားများကို လုံးဝ ရုပ်သိမ်းလိုက်ပါတယ်။ အဲဒီမှာ ဆန္ဒပြတဲ့ အုပ်စု နှစ်စု ထိပ်တိုက် တိုးတော့တာပါပဲ။ ကျွန်တော်တို့ တပ်တွေကိုတော့ ဝင်ခွင့်မပေးသေးပါဘူး။ အသင့် အနေအထား Stand-by လုပ်ခိုင်းထားပါ တယ်။

အကြီးအကျယ် စဖြစ်တာက ကျုံးကြီးလမ်းနဲ့ မြို့မကျောင်းလမ်းထောင့်က သုံးထပ်တိုက်မှာပါ။ ဘုရား ဆင်းတုတော်၊ နိုင်ငံတော် အလံ၊ ဗိုလ်ချုပ်အောင်ဆန်းပုံနဲ့ ဦးနေဝင်းပုံတွေ ကိုင်ဆောင်ထားတဲ့ ဗမာ ဆန္ဒပြတဲ့ လူတွေက ကျုံးကြီးလမ်းအတိုင်း အရှေ့က အနောက်ကို ကြွေးကြော်သံတွေနဲ့ ချီတက်လာကြပါတယ်။ အဲဒီ အချိန်မှာ မီးပွိုင့်နဲ့ ကပ်လျက် တတိယထပ်ကနေပြီး ဗမာ ဆန္ဒပြတဲ့ သူတွေကို တန်ပြန် အော်ဟစ် ဆန္ဒပြ ပါတယ်။ သူတို့ လုပ်ရပ်တစ်ခုက နိုင်ငံတော် အလံကို ခြေထောက်မှာ ပတ်ပြီး ဝရံတာကနေပြီးတော့ အောက်က လူအုပ်ကို လှမ်းပြပါတယ်။

အောက်က လူအုပ်ထဲက သွေးဆိုးတဲ့ လူတချို့က အဲဒီတိုက်ပေါ်ကို လှေကားအတိုင်း ပြေးတက် သွားပါတယ်။ တက်လာတဲ့ လူတွေကို သုံးထပ်တိုက်က တရုတ်တွေက လှံနဲ့ လှမ်းပစ်လိုက်ပါတယ်။ တက်လာတဲ့ လူထဲက တချို့ ဒဏ်ရာ ရသွားပါတယ်။ အဲဒီမှာ အောက်က ဆန္ဒပြတဲ့ လူတွေဟာ [illegible]သွားဆူပြီး သုံးထပ်ကို မရရအောင် တက်၊ အဲဒီအခန်းမှာ ရှိတဲ့လူတွေကိုသတ်ဖြတ်ပြီး အဲဒီအခန်းကို မီးတင်ရှို့ပါတယ်။

အဲဒီအချိန် စပြီး ရန်ကုန်မြို့တွင်းမှာ တရုတ်နဲ့ ပတ်သက်တဲ့ လူမှုရေးနဲ့ ဘာသာရေး အဆောက်အဦး တွေကို အကြမ်းဖက် ဖျက်ဆီးခြင်း၊ လူအချို့ကို သတ်ဖြတ်ခြင်းများ ဖြစ်ပေါ်ခဲ့ပါတယ်။

ကျွန်တော် မှတ်မိသမျှ ပြောရမယ် ဆိုရင် ခုနက နေရာရယ်၊ ရွှေတိဂုံ ဘုရားလမ်း အောက်ခြေ ဘလောက်မှာ ရှိတဲ့ အမျိုးနဲ့ဆိုင်တဲ့ တရုတ် အဆောက်အဦ၊ မဟာဗန္ဓုလလမ်းပေါ်မှာ ရှိတဲ့ တရုတ်

ဘုံကျောင်း၊ ကမ္ဘာ့အေးဘုရားလမ်းပေါ်က ရှိတဲ့ အဆောက်အဦ တချို့၊ ကြည်မြင်တိုင်က ဟွာကျုံးလို့ ခေါ်ပြီး အ ခုဒေသကောလိပ် လုပ်ထားတဲ့ အဆောက်အဦ စတဲ့ နေရာတွေဟာ မီးရှို့ ဖျက်ဆီးခြင်း ခံရသလို အချို့ နေရာတွေမှာ လူသေဆုံးမှုများ ဖြစ်ခဲ့ပါတယ်။ အဲဒီအချိန်အထိ လုံခြုံရေး အဖွဲ့တွေက ဝင်ရောက် တားဆီးခြင်း၊ ကာကွယ်ခြင်း အရှင်း မရှိခဲ့ပါဘူး။ အထက်ကလည်း ဘာအမိန့်မှ မထုတ်ခဲ့ပါဘူး။

အဲဒီလို အကြမ်းဖက်မှုတွေ နှစ်ရက်လောက် ဖြစ်ပြီးတဲ့ အခါကျမှာ စစ်အုပ်ချုပ်ရေး ကြေညာလိုက်ပါ တယ်။ အဲဒီ ကြေညာချက်အရ ကျွန်တော်တို့ သနက ၅ တပ်ရင်း တစ်ရင်းလုံး ပါဝင်ခဲ့ရပါတယ်။ ကျွန်တော်တို့ တပ်ကို တာဝန်ချပေးခြင်း ခံရတဲ့ နယ်မြေကတော့ အနောက်ဘက်မှာ မြို့မကျောင်းလမ်းနဲ့ တစ်ဆက်တည်း လမ်းမတော်၊ အရှေ့ဘက်မှာ ဆူးလေဘုရားလမ်း၊ မြောက်ဘက်မှာ ဗိုလ်ချုပ်အောင်ဆန်းလမ်းနဲ့ တောင်ဘက် မှာ ကမ်းနားလမ်းတို့ ဖြစ်ပါတယ်။

တပ်ရင်း ဌာနချုပ်ကိုတော့ လသာလမ်းက မြို့နယ် ရဲစခန်းမှာ အခြေပြုလိုက်ပါတယ်။ ကျွန်တော်တို့ တပ်တွေ ရောက်လာသလို တပ်မ ၇၇ က တပ်တချို့လည်း ရောက်လာကြပါတယ်။ တပ်တွေ ရောက်လာ ပေမဲ့လည်း နောက် တစ်ရက် နှစ်ရက်တော့ ဆန္ဒပြပွဲတွေဆက်ဖြစ်နေပါတယ်။ ကျွန်တော်တို့ တာဝန်ယူရတဲ့ နယ်မြေရဲ့ အနော်ရထာလမ်းပေါ်မှာ ဖြစ်တာပါ။ ကျွန်တော်တို့ တပ်ရင်းမှူးက ဒုတိယ ဗိုလ်မှူးကြီး ခင်မောင် ဘည် ဖြစ်ပြီး နယ်မြေ တစ်ခုလုံးရဲ့ တာဝန်ခံ တပ်မှူးကတော့ ဗိုလ်မှူးကြီး ကျော်ဇော ဖြစ်ပါတယ်။

ဗိုလ်မှူးကြီး ကျော်ဇောဟာ အဲဒီအချိန်တုန်းက ကုန်သွယ်ရေး ဝန်ကြီးဌာနက အတွင်းဝန် ဖြစ်ပြီး နောင်မှာ ဒုတိယ ဗိုလ်ချုပ်မှူးကြီး ဖြစ်လာမယ့် ကိုအေးရဲ့ အကို ဖြစ်ပါတယ်။ နောက်မှာတော့ သူဟာ နိုင်ငံခြား ရေး ဝန်ကြီးဌာန ပြောင်းသွားပြီး လာအို နိုင်ငံ ကောင်စစ်ဝန် အဖြစ်နဲ့ အမှုထမ်းခဲ့ပါတယ်။ နောက် အငြိမ်းစား ယူပြီး အငြိမ်းစား ဘဝနဲ့ပဲ ကွယ်လွန်သွားခဲ့ပါပြီ။

## အရပ်ဘက် အုပ်ချုပ်ရေးကို တပ်မှ ပံ့ပိုးခြင်း Aid to Civil Power

ဒီသင်ခန်းစာကို OTS မှာရော DSA မှာပါ သေသေချာချာသင်ကြားခဲ့ရပါတယ်။ ဒီသင်ခန်းစာရဲ့ အနှစ်သာရက ထိန်းမနိုင်သိမ်းမရလောက်အောင် သောင်းကျန်းနေတဲ့ လူအုပ်ကို အရပ်ဘက် အုပ်ချုပ်ရေးနဲ့ ရဲတို့က မနိုင်တဲ့ အခါ တရားသူကြီးကို တင်ပြပြီး တရားသူကြီးရဲ့ အမိန့်အရ တပ်က ပစ်ခတ် နှိမ်နင်းရတဲ့ သင်ခန်းစာပါ။ ဒီသင်ခန်းစာဟာ အင်္ဂလိပ် စစ်တပ်က တိုက်ရိုက်ယူလာပြီး တပ်မတော် အရာရှိ သင်တန်းတွေမှာ ပို့ချပါတယ်။ တရားဥပဒေဘောင်နဲ့ ညီပြီး စနစ် ကျနပါတယ်။ ဖြစ်ပေါ်နေတဲ့ အခြေအနေအရ အရပ်ဘက် အုပ်ချုပ်ရေးက ထိန်းနိုင်လို့ တပ်မတော်ကို အာဏာလွှဲလိုက်ပြီ ဆိုတဲ့ အကြောင်းကို တရားဝင် ကြေညာရပါတယ်။

အဲဒီလို ကြေညာပြီးတော့မှ တာဝန်ခံ တပ်မှူးဟာ ဆန္ဒပြတဲ့သူတွေကို အသံချဲ့စက်နဲ့ လူစုခွဲဖို့ မေတ္တာ ရပ်ခံကြပါတယ်။ လူအုပ်ကြီးက တားမရဘဲ ရှေ့ဆက် ချီတက်လာမယ်ဆိုရင် ထုံး သို့မဟုတ် သဘော်ဆေးကို သုံးပြီး စည်းသုံးတန် တားရပါတယ်။ စည်း တစ်တန်းနဲ့ တစ်တန်းကို ၁၀ ပေခန့် ဝေးပါတယ်။ ပြီးတော့မှ လူအုပ်ကြီးကို လှမ်းကြေညာရပါတယ်။ စည်းတစ်စည်းကို ကျော်တာနဲ့ တစ်ခါ သတိပေးမယ်၊ တတိယ စည်းကို ကျော်တာနဲ့ ပစ်ရပါလိမ့်မယ်လို့ လူအုပ်ကြီးကို လှမ်းပြီးတော့ ကြေညာရပါတယ်။

အဲဒီတော့ တပ်မှူးလုပ်သူဟာ ပစ်ခတ် နှိမ်နင်းဖို့အတွက် လူရွေးတဲ့အခါ ဝါအရင့်ဆုံး၊ အတည်ငြိမ်ဆုံးလို့ ယူဆရတဲ့ တပ်ကြပ် သို့မဟုတ် တပ်ကြပ်ကြီးတို့ကို ရွေးချယ် တာဝန်ပေးရပါတယ်။ လူအုပ်များရင် များသလို သုံးယောက်လောက်အထိ ရွေးရပါတယ်။

ပြီးမှ ပြောင်း၀ အကျယ် Calibre အသေးဆုံး လက်နက်ကို ရွေးရပါတယ်။ ပစ်မယ် ဆိုရင်လည်း ခါး အောက်ပိုင်းကိုပဲ ပစ်ဖို့ တိတိကျကျ ညွှန်ကြားရပါတယ်။

အဲဒီတော့ အနော်ရထာလမ်းအတိုင်း ချီတက်လာတဲ့ လူအုပ်ကြီးက အင်အား ၃၀၀ လောက် ရှိမယ် ထင်ပါတယ်။ ဗိုလ်မှူးကြီး ကျော်ဇောဟာ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ခင်မောင်တည်နဲ့ တိုင်ပင်ပြီး တပ်ခွဲ ၂ က တပ်ကြပ်ကြီး ကျော်စိန်ကို ရွေးလိုက်ပါတယ်။ တပ်ကြပ်ကြီး ကျော်စိန် ကိုင်တဲ့ လက်နက်က အမေရိကန် ကာဘိုင်ပါ။ ပြောင်း၀ အကျယ်က ဒသမ ၃၀ ပဲ ရှိတာပါ။ ဗိုလ်မှူးကြီး ကျော်ဇောက ဆရာကြီး ကျော်စိန်ကို လူအုပ်ထဲက အလံကိုင်ပြီး ကြွေးကြော်နေတဲ့ သူကို ပထမ ဦးစားပေး ပစ်မယ်လို့ ပြောလိုက်ပါတယ်။

နောက်တစ်ယောက်ကတော့ ဘုရား ဆင်းတုတော်ကို ကိုင်ပြီး လျှောက်လာတဲ့သူပါ။ ကျန်တာကို နောက်မှ သီးသန့် အမိန့်ပေးမယ်လို့ ပြောပြထားပါတယ်။ အဲဒီအချိန်မှာ ရဲဘော်အချို့က ထုံးပုံးကို ကိုင်ပြီး စည်းသုံးတန် တားနေပါပြီ။

လူအုပ်ကြီးက ချီတက်လာပါတယ်။ ပထမစည်းကို ကျော်လာပါပြီ။ ခဏနေတော့ ဒုတိယစည်းကို ကျော်လာပါပြီ။ အဲဒီအချိန်မှာ အရာရှိ တစ်ဦးက လက်ကိုင် အသံချဲ့စက်နဲ့ လူအုပ်ကို စည်းတွေကို မကျော်ဖို့ သတိပေးနေပါတယ်။

အဲဒီအခါမှာ ဗိုလ်မှူးကြီး ကျော်ဇောက ဆရာကြီး ကျော်စိန်ကို "နေရာယူ" လို့ အမိန့်ပေးပါတယ်။ လူအုပ်က တတိယစည်းကို ကျော်လာတဲ့အခါ ဗိုလ်မှူးကြီး ကျော်ဇောက ထပ်အမိန့်ပေးလိုက်ပါတယ်။ "ချိန်" လို့ အမိန့်ထပ်ပေးပြီး မကြာခင်မှာ "ပစ်" လို့ အမိန့်ပေးလိုက်ပါတယ်။ ဆရာ ကျော်စိန်က တစ်ဖက်လူရဲ့ ပေါင်ကို ချိန်ပစ်လိုက်ပါတယ်။ အဲဒီလူ လဲမသွားပါဘူး။ "ထပ်ပစ်" လို့ အမိန့်ပေးတော့ ဒုတိယအချက် မှန်သွားမှ လဲကျသွားပါတယ်။

အလံကိုင်တဲ့လူ လဲကျသွားပေမဲ့ လူအုပ်ကြီးက ရပ်မသွားပါဘူး။ ဆက်ချီတက်လာပါတယ်။ ဒါကြောင့် ဗိုလ်မှူးကြီး ကျော်ဇောက မူလ ရွေးချယ်ထားတဲ့ ဒုတိယဦးစားပေး ပစ်မှတ်ကို ပစ်ဖို့ အမိန့်ပေးလိုက်ပါတယ်။ ဒီတစ်ခါတော့ တစ်ချက်ပစ်ရုံနဲ့ လဲသွားပါတယ်။ အဲဒီကျတော့မှ လူအုပ်ကြီးက တန့်သွားပါတယ်။ အဲဒီအခါ ကျမှ နောက်မှာ အသင့်တန်းစီထားတဲ့ ရဲဘော် ၁၀ ယောက်ကို အပြေးတက် အမိန့်နဲ့ လူအုပ်ကြီးဘက်ကို ချဉ်းကပ်သွားပါတယ်။ အဲဒီအခါ ကျတော့မှ လူအုပ်ကြီးက သူတို့ အနောက်ဘက်ကို ဖရိုဖရဲနဲ့ ဆုတ်ခွာသွား ပါတော့တယ်။

လူအုပ်ကြီး စဲသွားတော့မှ နဂိုကတည်းက အသင့်ငှားထားတဲ့ ဆိုက်ကား နှစ်စီးကို လဲကျသွားတဲ့ လူတွေဆီကို သွားစေပြီး ဆိုက်ကားများပေါ်ကို ပွေ့တင်ကာ ဆေးရုံကြီးရဲ့ အရေးပေါ် ဌာနကို သွားပို့လိုက်ပါ တယ်။ ဒီလိုနဲ့ ကျွန်တော်တို့ တာဝန်ကျတဲ့ နယ်မြေမှာ ချီတက် လှုပ်ရှားမှုတွေ ရပ်ဆိုင်းသွားပါတယ်။ ကျွန်တော်တို့ တပ် တာဝန်ယူထားတဲ့ နယ်မြေအတွင်းမှာလည်း တပ်တွေကို ဖြန့်ကြက်နေရာယူစေပါတယ်။ အဓိက ရည်ရွယ်ချက်ကတော့ မိမိတို့ နယ်မြေအတွင်းကို ဆန္ဒပြတဲ့လူတွေကို ဝင်မလာစေဖို့ပါ။ ကျွန်တော်တို့ရဲ့ နယ်မြေမှာက ရန်ကုန်မြို့ရဲ့ တရုတ်လူမျိုး အများဆုံးနေတဲ့ နေရာ ဖြစ်နေလို့ပါ။ နောက်ပိုင်းတော့ အခြေအနေ တွေ ပိုကောင်းလာပါတယ်။ ရဲဘော်တွေကလည်း နားနားနေနေ တာဝန်တွေ ထမ်းဆောင်ရတဲ့အတွက် ကိုယ်စိတ် ပင်ပန်းမှုများ မကြုံရတော့ပါ။

## ဖြစ်စဉ်များအပေါ် သုံးသပ်ချက်

ဒီအရေးအခင်း ဖြစ်ခဲ့တာက ၁၉၆၇ ခုနှစ်၊ ဇူလိုင်လမှာပါ။ တော်လှန်ရေး ကောင်စီတက်တာ ၅နှစ်ရှိပါပြီ။ ၁၉၆၂ ခုနှစ် အာဏာသိမ်းစဉ်က ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေး အခြေအနေဟာ အာရှတိုက်မှာရော အရှေ့တောင် အာရှ တစ်ခွင်မှာပါ ဂျပန်ပြီးရင် အလားအလာ အကောင်းဆုံးလို့ ကမ္ဘာ့ စီးပွားရေး ပညာရှင်များက အကဲဖြတ်ထားတာပါ။ ၁၉၆၁-၆၂ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ ဆိုရင် မြန်မာနိုင်ငံက ပြည်ပကို ဆန်တန်ချိန် နှစ်သန်းကျော် ပို့ခဲ့တာပါ။

ကမ္ဘာမှာ ဆန်တန်ချိန် အများဆုံး ပို့နိုင်တဲ့ နိုင်ငံ ဖြစ်ပါတယ်။ နိုင်ငံခြား အရန်ငွေလည်း အထိုက်အလျောက် ရှိခဲ့ပါတယ်။ ဒါပေမဲ့ ၁၉၆၇ ခုနှစ်လောက်မှာတော့ စီးပွားရေး အခြေအနေ မကောင်းပါ။ ပြည်ပကို ဆန် တင်ပို့ ရောင်းချမှုကလည်း ပမာဏအားဖြင့် လျော့နည်းစပြုလာပါပြီ။ ဒီထက်ဆိုးတာက နယ်မြို့ တချို့မှာ မြေဖြူးရေး စနစ် မကောင်းတာကြောင့် ဆန်တွေ ပြတ်လပ်ပြီး ဆန်လုပွဲတွေတောင် ဖြစ်ခဲ့ပါတယ်။ တစ်ချိန်က ကမ္ဘာ့ ဆန်အိုးကြီးလို့ တင်စားရတဲ့ ဗမာပြည်မှာ ဆန်လုပွဲတွေ ပေါ်လာတာဟာ နိုင်ငံရေးအရ အလွန် သိက္ခာကျစေတဲ့ ဖြစ်ရပ်တွေပါ။

နိုင်ငံရေး အကဲဖြတ်တဲ့ ပုဂ္ဂိုလ်များကတော့ ဦးနေဝင်းဟာ ဆန်လုပွဲတွေကြောင့် မငြိမ်မသက်ဖြစ်နေတဲ့ ပြည်တွင်း နိုင်ငံရေး အခြေအနေတွေကို အာရုံ လွှဲတဲ့အနေနဲ့ တရုတ် အရေးအခင်းကို ဖန်တီးတယ်လို့ ဝေဖန်ကြပါတယ်။ အခု ပြန်လည်စဉ်းစားကြည့်တော့ အဲဒီအချက်ဟာလည်း မှန်နိုင်တယ်လို့ ယူဆရပါတယ်။ ဒါပေမဲ့ ဖြစ်ခဲ့တာတွေကလည်း ကြာပြီ (နှစ်ပေါင်း-၅၀) ဆိုတော့ သိမိသူတွေ နည်းပါးသွားပါပြီ။ ကျွန်တော် တောင်မှ ကံဖေးမလို့ ဒီအရေးအခင်းကြီးနဲ့ တိုက်ရိုက် ကြုံတွေ့ခဲ့ရတာပါ။

## ကျွန်တော်တို့ ဗမာလူမျိုးများရဲ့ စိတ်နေသဘာဝ

ကျွန်တော်အထက်မှာတင်ပြခဲ့သလိုတရုတ်နိုင်ငံမှာဟိုတုန်းကတာဝန်ယူခဲ့ကြတဲ့ခေါင်းဆောင်တွေရဲ့နိုင်ငံရေး အခင်းအကျင်းတွေကြောင့် ကျွန်တော်တို့ နိုင်ငံမှာ မဖြစ်သင့်တဲ့ ကိစ္စတွေ ဖြစ်ခဲ့ရတယ်။ အဲ့ဒါကြောင့် ကျွန်တော်တို့ ဗမာလူမျိုးများနဲ့ ဒေသခံ တရုတ်လူမျိုးများ အချင်းပွားခဲ့ကြတယ်။ သင်ခန်းစာ ယူသင့်တဲ့ နိုင်ငံရေး ဖြစ်ရပ်တွေပါ။ အဲဒီလို ဖြစ်ခဲ့လို့ ဗမာတွေဟာ တရုတ်တွေအပေါ် မကြည်မလင် ဖြစ်ခဲ့တဲ့အတွက် ဆိုင်က တရုတ် စားသောက်ဆိုင်တွေနဲ့ တရုတ်လူမျိုးများပိုင်တဲ့ စီးပွားရေးလုပ်ငန်းတွေဟာ လူအဝင်အထွက် နည်းခဲ့လို့ ကျိုးနဲ့ဖုတ်ဖုတ် ဖြစ်ခဲ့ရပါတယ်။

ကျွန်တော်က အိမ်ထောင် မကျသေးတော့ ရဲဖန်ရံခါ မြို့ထဲသွားပြီး ညရေးတန်းက တရုတ် စားသောက်ဆိုင်တွေမှာ စားသောက်လေ့ ရှိပါတယ်။ အဲဒီ ဟာရုတ် အရေးအခင်း ဖြစ်ခါစက ဆိုရင် တရုတ် စားသောက်ဆိုင်တွေမှာ စားတဲ့သူတွေ မရှိလို့ ဆိုင်တွေ အားလုံးနီးပါးဟာ ခြောက်ကပ်လို့နေပါတယ်။

ကျွန်တော်က တရုတ် အရေးအခင်းနဲ့ ကြုံခဲ့ဖူးတဲ့သူမို့ တရုတ်-ဗမာ ပဋိပက္ခရဲ့ အကျိုးဆက်ပဲလို့ တွေးမိပြီး စိတ်မကောင်းခဲ့ပါဘူး။ ဒီအတိုင်းဆိုရင် မြန်မာပြည်ဖွား တရုတ်လူမျိုးတွေရဲ့ စားဝတ်နေရေးဟာ တော်တော် ခက်ခဲတော့မှာပဲလို့ အတွေးပေါက်ခဲ့ပါတယ်။ သို့သော် ဒီအနေအထားဟာ သိပ်ကြာကြာမခံပါဘူး။ နောက်ခြောက်လလောက် ကြာတော့ တရုတ် စားသောက်ဆိုင်တွေမှာရော၊ တရုတ် စီးပွားရေး လုပ်ငန်းတွေမှာရော ယခင်အခါများကအတိုင်း ပြန်လည် စည်ကားလာပါတယ်။

အဲဒီတော့မှ အော်... တို့ဗမာလူမျိုးဟာ အပြုံးအဝေးတို့၊ အာဃာတ တရားတို့၊ အဝေးအမုတ် ထားတာတို့မှာ စွဲမြဲမနေဘဲ အကောင်းမြင်စိတ်နဲ့ မေ့မေ့ပျောက်ပျောက် ထားလေ့ရှိတဲ့ စိတ်က ကြီးလှပါ ကလားလို့ သတိပြုမိပါတယ်။

## တစ်မျိုးသားလုံး နစ်နာစေတဲ့ အကျိုးဆက်

"တရုတ်-ဗမာ အရေးအခင်း" ဟာ ၁၉၆၇ ခုနှစ်မှာ ဖြစ်ခဲ့တာပါ။ အဲဒီလို ဖြစ်နေတဲ့ ကာလတွေမှာ တရုတ်ပြည်၊ ပီကင်းမြို့မှာ အခြေပြုတဲ့ "ပီကင်း ရေဒီယို" ရဲ့ မြန်မာပိုင်း ကဏ္ဍမှာ မြန်မာ အစိုးရကို ပုတ်ခတ်၊ အဲဒီတုန်းက ခေါင်းဆောင်တွေဖြစ်တဲ့ ဦးနေဝင်းနဲ့ ဦးစန်းယုတို့ကို အပြတ် ဆဲရေး တိုင်းထွာ၊ တပ်မတော်ကိုလည်း ရစရာ မရှိအောင် ဝေဖန် စတဲ့ ရန်လိုတဲ့ တိုက်ခိုက်မှုတွေ ဆက်တိုက် လုပ်လာပါတယ်။ အဲဒီတော့ ဗမာနိုင်ငံ အစိုးရနဲ့ တရုတ်နိုင်ငံ အစိုးရတို့ရဲ့ ဆက်ဆံရေးဟာ တစ်နေ့တခြား ဆိုးဝါးလာပါတယ်။

အဲဒီကာလမှာ တရုတ်ပြည်မှာ ဗမာပြည် ကွန်မြူနစ်ပါတီရဲ့ ပေါ်လစ်ဗျူရို အဖွဲ့ဝင် သခင် ဗသိန်းတင်နဲ့ အဝေးရောက် ဗကပ ဗဟို အဖွဲ့ ရှိနေခဲ့ပါပြီ။ အသေးစိတ် မသိရသော်လည်းပဲ သူတို့ အဖွဲ့က တရုတ် ကွန်မြူနစ် ပါတီရဲ့ ခေါင်းဆောင်ပိုင်းကို စစ်ရေး အကူအညီ ပေးဖို့ တင်ပြဟန် တူပါတယ်။ ထိုစဉ်က တရုတ် ကွန်မြူနစ် ပါတီရဲ့ ခေါင်းဆောင်ပိုင်းကလည်း ဗမာပြည်မှာ တရုတ် လူမျိုးတွေ သတ်ဖြတ်ခံခဲ့ရရာမှာ ဗမာ အစိုးရက လုံလောက်တဲ့ အကာအကွယ် မပေးဘူး၊ ဒါ့အပြင် ဆန္ဒပြသူတွေကို အားပေးအားမြှောက် လုပ်လို့ သူတို့ရဲ့ အဝေးရောက် တရုတ်လူမျိုးတွေ သေခဲ့ရတယ် ဆိုတဲ့စကားတွေကို "ပီကင်း ရေဒီယို" မှာ အမြဲလိုလို ကြားနေခဲ့တာပါ။

ဒါ့ကြောင့် အဲဒီတုန်းက ယဉ်ကျေးမှု တော်လှန်ရေးကို ဆင်နွှဲရာမှာ ခေါင်းဆောင်နေတဲ့ ဥက္ကဋ္ဌ မော်စီတုံးရဲ့ဇနီး မဒမ် ချန်ချင်း၊ တရုတ် ပြည်သူ့ တပ်မတော် ခေါင်းဆောင် မာရှယ်လင်ပြောင်တို့ဟာ ဗမာပြည် ကွန်မြူနစ်ပါတီ လက်နက်၊ ခဲယမ်း ရိက္ခာ အပြည့်အဝ ထောက်ပံ့ဖို့ ဆုံးဖြတ်လိုက်ဟန် တူပါတယ်။

အဲဒီမှာ ရောက်နေတဲ့ သခင် ဗသိန်းတင်အပြင် လက်အောက်ခံ ခေါင်းဆောင်တွေ ဖြစ်တဲ့ ရဲဘော် ခင်မောင်ကြီး၊ ရဲဘော် ကြင်မောင်တို့ ခေါင်းဆောင်ပြီး ၁၉၆၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှာ မုံးကိုး-ဖောင်းဆိုင် ဒေသကို စတင် ဝင်ရောက် ကျူးကျော် သိမ်းပိုက်ပါတော့တယ်။ ကျွန်တော် မှတ်မိသမျှ အဲဒီမှာ အခြေပြုတဲ့ ခလရ ၄၅ စစ်ကြောင်းရဲ့ တပ်စုမှူး ဒုဗိုလ် မင်းစိန်ဟာ အသက်ပေးသွားခဲ့ရပါတယ်။

နောက်ပြီး ကျွန်တော်တို့ DSA မှာ ရှိတုန်းက လက်နက်ငယ်ဆရာ ဖြစ်တဲ့ တပ်ကြပ်ကြီး တင်မောင်လည်း ပါခဲ့တယ်လို့ သိရပါတယ်။ သူက ကျွန်တော်တို့ Intake က ကိုလှကြည်ရဲ့ အဖေပါ။ အဲဒီသတင်း ကြားပြီး ကျွန်တော်ရယ် ကျွန်တော့်တပ်က ဗိုလ်တင်လှိုင် (အပတ်စဉ်-၉) နဲ့အတူ ဗဟန်း ၁ လမ်းမှာ ရှိတဲ့ ဒုဗိုလ် မြင့်စိန်ရဲ့ မိဘများအိမ်ကို သွားရောက် အားပေးစကားများ ပြောကြားခဲ့ပါတယ်။

၁၊ ၁၊ ၆၈ ခုနှစ်ဟာ ဗမာပြည် အရှေ့မြောက်ပိုင်းကို ဗကပဟာ ပြည်ပ အားကိုးနဲ့ ဝင်ရောက် ကျူးကျော် တဲ့ နေ့လို့ ကျွန်တော် ပြောရဲပါတယ်။ အဲဒီရက်ပိုင်းက ဒီ ဗကပ ပြဿနာကို အပြန်ပြန် အလှန်လှန် စဉ်းစား ရင်းနဲ့ ညပေါင်းများစွာ အိပ်ပျက်ခဲ့ရဖူးပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဒီပြဿနာဟာ ကျွန်တော်တို့ နိုင်ငံ အတွက် နောင်အနာဂတ်မှာ အများကြီး ဒုက္ခပေးမယ့် ပြဿနာလို့ သဘောပေါက်ခဲ့လို့ ဖြစ်ပါတယ်။ ကျွန်တော် ထင်တဲ့ အတိုင်းပါပဲ။

ဗကပဟာ တပ်ရင်းကြီး Regiment- ၁၀၁ က မြစ်ကြီးနား အရှေ့ပိုင်း၊ ၂၀၂ က မိုးမိတ်ခွင် ပလောင်တောင်ကြော၊ ၃၀၃ နဲ့ ၄၀၄ က ကွတ်ခိုင် မြို့နယ် စသဖြင့် ဝင်ရောက် ကျူးကျော်လာရာမှာ ကျွန်တော်တို့ဘက်က နှစ်နှစ်ကြာ ကာလအတွင်းမှာ ဆုံးရှုံးမှုများ ကြီးမားခဲ့ပါတယ်။ အထူးသဖြင့် တပ်မ ၉၉ က တပ်ရင်းတွေ လှိမ့်ခံနေရပါတယ်။ နောက်ပိုင်းတော့ ဝ လူမျိုးတွေ၊ ကိုးကန့် လူမျိုးတွေကို ဗကပတွေက စည်းရုံးနိုင်ခဲ့တဲ့အတွက် လက်နက်ကိုင် ပဋိပက္ခတွေဟာ ပိုမို ကြီးမားခဲ့ပါတယ်။

အစ ပထမမှာ ကျွန်တော်တို့ တပ်တွေ လှိမ့်ခံနေရတဲ့ အကြောင်းအရင်းတစ်ခုက ကျွန်တော်တို့ တပ်တွေဟာ ပြည်တွင်း သောင်းကျန်းသူတွေနဲ့ပဲ ရင်ဆိုင်ရတော့ ပျောက်ကျား စစ်နည်းဗျူဟာတွေနဲ့သာ ယဉ်ပါးခဲ့တာပါ။ ဗကပတွေ ဆင်နွှဲတဲ့ စစ်နည်းဗျူဟာက သမားရိုးကျ Conventional Tactics ဆိုတော့ တပ်ရင်းလိုက်ချီ တိုက်၊ ခံ၊ ခွာ စစ်ရေး လှုပ်ရှားမှုတွေဟာ ကျောင်း သင်ခန်းစာတွေမှာပဲ ရှိပြီး လက်တွေ့ ကျင့်သုံးဘူးခြင်းမရှိတဲ့ အတွက်ကြောင့် ပထမတော့ လှိမ့်ခံနေခဲ့ရတာပါ။ နောက်ပိုင်း အတွေ့အကြုံ ကြွယ်ဝတဲ့ တပ်မ ၇၇ နဲ့ တပ်မ ၈၈ တို့က တပ်တွေ ဝင်လာတဲ့အခါမှသာ ဗကပရဲ့ တစ်ဖက်သတ် နိုင်ပြီးရင်း နိုင်နေတဲ့ အရှိန်ဟာ တန့်သွားတော့တာပါ။

ကျွန်တော် နောက်ပိုင်းမှာ စစ်ရုံးကို ရောက်တဲ့အခါ ဗကပနဲ့ ဖြစ်တဲ့ တိုက်ပွဲတွေ အထူးပြု လေ့လာရပါတယ်။ နောက်မှ အကျယ်တဝင့် ရေးဦးမှာ ဖြစ်ပေမဲ့ အလျင်းသင့်လို့ ထူးခြားတဲ့ ဖြစ်စဉ် တချို့ကိုတင်ပြပါမယ်။ ဗကပတွေ ဝင်ဝင်ချင်း ရင်ဆိုင်ရတာက တပ်မ ၉၉ က တပ်ရင်းတွေပါ။ တပ်မမှူးက နောင်မှာ ဦးစီးချုပ်ဖြစ်လာမယ့် ဗိုလ်မှူးကြီး ကျော်ထင်ပါ။

ကွတ်ခိုင်မှာ တပ်မ ဌာနချုပ် ဖွင့်ထားပါတယ်။ တပ်မက ခလရ ၃၊ ခလရ ၁၀၊ ခမရ ၁၀၃ နဲ့ ခမရ ၁၀၉ တို့ဟာ ဗကပ ထိုးစစ်တွေကို အလူးအလဲ ခံရပါတယ်။ တချို့တပ်တွေ ဆိုရင် အကျအဆုံး အများအပြားနဲ့ ကြုံခဲ့ရပြီး ရန်သူရဲ့ ဖမ်းဆီးခြင်းလည်း ခံခဲ့ကြရပါတယ်။ ခလရ ၁၀ ဆိုရင် တပ်ရင်းမှူး ဒုတိယ ဗိုလ်မှူးကြီး ရဲမြင့် ကျဆုံးခဲ့ရပါတယ်။ နောက်ပိုင်းမှာ တပ်မ ၇၇ နဲ့ ၈၈ တို့ ဝင်လာတော့မှ ဗကပရဲ့ နိုင်ချင်တိုင်း နိုင်နေတဲ့ အရှိန်ဟာ တန့်သွားတာပါ။ ဒါတောင် တပ်မ ၇၇ ဝင်ခါစက ခမရ ၁၀၆ စစ်ကြောင်းတွေဟာ အလူးအလဲ ခံတိုက်ရပါသေးတယ်။

အဲဒီက တပ်ခွဲ တစ်ခွဲဆိုရင် တပ်ခွဲမှူး တစ်ယောက်နဲ့ အခြားအဆင့် ၁၀ ယောက်လောက်ပဲ ကျန်တဲ့အထိ ခြေမှုန်းခံရပြီး အရာရှိ တစ်ဦးနဲ့ အခြားအဆင့် ၃၀ လောက်ဟာ ဗကပက ဖမ်းသွားခြင်း ခံခဲ့ရပါတယ်။ နန်းသုံမော်မှာ ဖြစ်တဲ့ တိုက်ပွဲမှာတော့ ခမရ ၁၀၆ စစ်ကြောင်း တစ်ကြောင်းလုံးကို အပိုင်ခြေမှုန်းဖို့ပါ။ ဒါပေမဲ့ ခမရ ၁၀၄ က ဗျူဟာမြောက် ချိတက်ရင်းနဲ့ ဗကပရဲ့ ရည်မှန်းချက် ပျက်ပြားသွားခဲ့ရပါတယ်။ (အရာရှိ တစ်ယောက်နဲ့ အခြားအဆင့် ၁၀ ယောက်လောက်သာ ကျန်အောင် ချေမှုန်းခံရတဲ့ စစ်ကြောင်းမှာ လွတ်လာတဲ့ အရာရှိကတော့ နောင် ဗိုလ်အုန်းကျော်မြင့် ကိစ္စမှာ အစိုးရ သက်သေ ဖြစ်လာတဲ့ ဗိုလ်ထွန်းကျော်ပါ။)

ဒီဖြစ်ရပ်တွေကတော့ အမြည်းသဘောမျိုးပဲ ဖော်ပြလိုက်ရတာပါ။ နောင်မှာ ဒီထက်ကြီးတဲ့ ကွမ်းလုံတိုက်ပွဲ၊ ပန်ကောက် တိုက်ပွဲ၊ စီစီဝမ်-တာပန်၊ မူဆယ်-နန်းခမ်း တိုက်ပွဲ စတာတွေလည်း ကျန်ပါသေးတယ်။ ၁၉၆၈ ခုနှစ်က စခဲ့တဲ့ အရှေ့မြောက် ဒေသ ဗကပ အန္တရာယ်ဟာ ၁၉၈၈ ခုနှစ် ရှစ်လေးလုံး အရေးတော်ပုံကြီး ကာလနဲ့ တိုက်ဆိုင်စွာ ချုပ်ငြိမ်းသွားခဲ့ပါတယ်။ ဒါပေမဲ့ အစွယ်အပွား ပြဿနာလေးတွေတော့ ယနေ့အထိ ကျန်နေပါသေးတယ်။ အဲဒီ အနှစ် ၂၀ အတွင်းမှာ နှစ်ဖက်သော ပြိုင်ဘက်တပ်များရဲ့ ကျဆုံး ဒဏ်ရာရသူများရဲ့ အရေအတွက်ဟာ သိန်းနဲ့ချီပြီး ရှိပါလိမ့်မယ်။

အတိအကျ စာရင်းတွေကတော့ စစ်ရုံးက ကက (ကြည်း) စစ်ဆင်ရေး ဌာနမှာ ရှိကောင်း ရှိပါလိမ့်မယ်။ စေ့စေ့ပေါက်ပေါက် စဉ်းစားကြည့်မယ် ဆိုရင်တော့ အဲဒီ ကျဆုံး ဒဏ်ရာရသွားတဲ့ သူတွေဟာ ကျွန်တော်တို့ရဲ့ နိုင်ငံသားတွေပဲ ဆိုတဲ့ အချက်ပါ။ ကျွန်တော်တို့ နိုင်ငံရဲ့ သန့်တဲ့၊ မြန်တဲ့ အရွယ်ကောင်း၊ လူသား အရင်းအမြစ်တွေ အလဟဿ ပြုန်းတီးသွားကြတယ် ဆိုတဲ့ အချက်ကလည်း နိုင်ငံရေး သံဝေဂ ရစရာပါ။

♥ ♥ ♥ ♥ ♥

# အခန်း (၄)
# ကာကွယ်ရေး ဝန်ကြီးဌာနသို့ ပြောင်းရွှေ့ခြင်း

## ကက (ကြည်း) တာဝန် တွဲဖက်

ကျွန်တော် စစ်ရုံးရောက်တော့ အရှေ့မြောက် ဒေသက ဗကပ ပြဿနာဟာ အလွန် ကြီးထွားနေပါပြီ။ ပထမတော့ ကျွန်တော်က ကက (ကြည်း) တာဝန်ဌာနမှာ တွဲဖက် တာဝန်ထမ်းရပါတယ်။ ဖွဲ့စည်းပုံကျတော့ ကက (ကြည်း) စီမံရေးမှာ တာဝန်ချထားခံရရင်းနဲ့ ဗကပနဲ့ ထိတွေ့မှု ဖြစ်စဉ်တွေကို ပြုစုရတဲ့ အလုပ်တစ်ခု ပါပါတယ်။ အဲဒီအလုပ်ဟာ စိတ်ဝင်စားစရာ ကောင်းသလို တစ်ဖက်ကလည်း အင်မတန် မခံချင်စရာတွေ အပြည့်ပါပဲ။ စစ်ရေးအရ သူတို့ကို ယှဉ်ပြိုင် ရင်ဆိုင် တိုက်ခိုက်နိုင်ခဲ့ပေမဲ့ ကျွန်တော်တို့ဘက်က အကျအဆုံး များလှပါတယ်။

အဖမ်းခံရတာတွေ ရှိပါတယ်။ ကွမ်းလုံရက် ၄၀ တိုက်ပွဲနဲ့ ဗကပတို့ရဲ့ နိုင်ငံရေး ရည်မှန်းချက်တွေကို တန့်တားနိုင်ခဲ့ပေမဲ့ မုံးပေါ် တိုက်ပွဲ၊ မူဆယ်-နမ့်ခမ်း တိုက်ပွဲတွေဟာ ကျော်ကြားခဲ့တဲ့ တိုက်ပွဲတွေ ဖြစ်ပါတယ်။ တခြား အလားတူ တိုက်ပွဲကြီးတွေလည်း ရှိပါသေးတယ်။

အကျဉ်းချုပ် ပြောရမယ်ဆိုရင်တော့ ဗကပတွေဟာ ၁၉၆၈ ခုနှစ်၊ ဇန်နဝါရီလမှာ စတင် ကျူးကျော်ခဲ့ပြီး ၁၉၈၈ ခုနှစ် နောက်ပိုင်းမှာ အတွင်း ပုန်ကန်မှုတွေကြောင့် သူတို့ရဲ့ကဏ္ဍဟာ ချုပ်ငြိမ်းသွားခဲ့ပါတယ်။ အနှစ် ၂၀ ကြာမြင့်ခဲ့တယ်ပေါ့။ ဒီကာလအတွင်းမှာ နှစ်ဖက် အကျအဆုံးတွေကို တွက်ကြည့်ရင် သိန်းဂဏန်းထက် မလျော့ဘူးလို့ ပြောလို့ရပါတယ်။ ဒါတွေဟာ ၁၉၄၇ ခုနှစ်မှာ ပေါ်ခဲ့တဲ့ "တရုတ် ဗမာ အရေးအခင်း" ရဲ့ နောက်ဆက်တွဲ အကျိုးဆက်တွေလို့ ပြောနိုင်ပါတယ်။ တစ်မျိုးသားလုံး နစ်နာမှုကိုတော့ ဘယ်လိုများ တိုင်းတာရပါ့မလဲ။

## ဒုစာဖက် တွေ့ပြီထင်ပါရဲ့

ကျွန်တော် အရင်က ပြောပြဖူးသလိုပါပဲ။ ကျွန်တော် ရန်ကုန် ရောက်ခါစ ကမ္ဘာအေးဘုရားလမ်းက သနက ၄ အရာရှိ ရိပ်သာမှာ နေရပါတယ်။ လေး-ငါးလ ကြာမယ်ထင်ပါရဲ့။ ထူးထူးခြားခြား မှတ်မိတာကတော့ အဝတ်အစားတွေ ပျောက်ပါတယ်။ ကျွန်တော့်မှာလည်း ပျောက်စရာဆိုလို့ အဝတ်အစားပဲ ရှိတာကိုး။ ဦးတော့ ကိုက်လိုက်တဲ့ ကြမ်းပိုး၊ အဲဒီ နှစ်ခုကတော့ အမှတ်တရပါပဲ။ အဲဒီကပြီးပြန်တော့ ကျွန်တော့်ကို အင်းစိန် မီးရထား ရိပ်သာ အိမ်ကြီးရဲ့ အခန်း တစ်ခန်းကို ပြောင်းနေ ရပြန်ရော။ တကယ်တော့ အဲဒီအိမ် တစ်ခုလုံးကို တပ်ရင်းရုံးအဖြစ် အသုံးပြုတာပါ။ ကျွန်တော့်ကိုတော့ ဘေးစွယ်က အခန်းလေး တစ်ခုမှာ

နေရပြန်ပါတယ်။ အဲဒီမှာ ခြောက်လလောက် ကြာပြန်တော့ အောင်ဆန်း မြို့က တပ်ခွဲတွေ ရှိတဲ့ နေရာကို ရောက်သွားပြန်ပါတယ်။

အဲဒီ ဝင်းကတော့ မူလက ပြန်လည် ထူထောင်ရေး တပ်ဖွဲ့မှာ အကျုံးဝင်တဲ့ ထွန်စက်မောင်း သင်တန်းနဲ့ ထွန်စက်ပြင် သင်တန်းသားတွေ နေတဲ့နေရာပါ။ အဆောင်တွေက ပျဉ်ထောင်ပျဉ်ခင်း၊ အုတ်ကြွပ်မိုး ဖြစ်ပေမဲ့ လက်ရာ အင်မတန် ကောင်းပါတယ်။ နိုင်မာတဲ့ အဆောက်အဦတွေပါ။

ကျွန်တော် ကိုယ်တိုင်လည်း အဲဒီဝင်းထဲမှာ နှစ်နေရာ သုံးနေရာလောက် ပြောင်းရပါသေးတယ်။ အဲဒီ ခေတ်က လူပျိုအရာရှိတွေကို ပြုစုပုံပြုစုနည်းပါ။ အဲဒီရောက်တော့ ကျွန်တော့်ရဲ့ ရုရှား ဘာသာ သင်တန်း ဒုတိယနှစ် ရောက်နေပါပြီ။ မနက်ဆိုရင် ရဲဘော်တွေ ကြော်ကျွေးတဲ့ ထမင်းကြော် အဝစား၊ ခုနစ်နာရီ သင်တန်း အမီသွားတက်၊ ၁၂ နာရီ သင်တန်းပြီးတဲ့အခါ တပ်ကို ပြန်ရောက်တော့ နေ့ခင်း တစ်နာရီလောက် ရှိပါပြီ။

နေ့လယ်စာ စားပြီးတော့ မကြာခင် ရောက်လာတဲ့ လုံခြုံရေးကားတွေပေါ် တက်ပြီး ဦးနေဝင်း လုံခြုံရေး တာဝန် ထမ်းဆောင်၊ ညနေ ပြန်ရောက်ရင် ခြောက်နာရီနဲ့ ခုနစ်နာရီ ကြား၊ ပြီးရင် ညစာစား၊ ပြီးရင် စာကျက်။ ဒီလိုပဲ နေ့စဉ် လုပ်ငန်းတွေ လည်ပတ်နေတာပါ။ ၁၉၆၅ ခုနှစ်ကတည်းက ငြိမ်သက်သွားတဲ့ ကျွန်တော့် နှလုံးသားဟာ ပြန်လည် နိုးကြားဖို့ အခွင့်အရေး မရသေးဘူးထင်ပါရဲ့။

ကျွန်တော် သင်တန်းပြီးလို့ တပ်ပြန်တဲ့အခါ တစ်ခါတလေ အထက က ၃ ကျောင်းဆင်းတဲ့ အချိန်နဲ့ ကြုံ တတ်ပါတယ်။ အဲဒီအခါမှာ တပ်ထဲက ကလေးတွေ ကျောင်းပြန်တာနဲ့ ကြုံကြိုက်တတ်ပါတယ်။ အဲဒီအခါမှာ တပ်ထဲက ကျောင်းသား၊ ကျောင်းသူလေးတွေနဲ့ ဆုံမိတတ်ပါတယ်။

တပ်ထဲက ကလေးတွေမို့ ကျွန်တော် ခင်ခင်မင်မင် နှုတ်ဆက် စကားပြောတယ်၊ စလိုက် နောက်လိုက် ပေါ့။ အထူးသဖြင့် ဗိုလ်ကြီး သိန်းဆွေရဲ့ သားသမီးများ၊ ဗိုလ်ကြီး ကျော်မြင့်တို့ရဲ့ သားသမီးများနဲ့ တွေ့တာ များပါတယ်။ ကျွန်တော် အထူးဂရုပြုမိတာက ဗိုလ်ကြီး ကျော်မြင့်ရဲ့ သမီးအကြီး "မသိန်းမြင့်ကြည်" ဖြစ်ပါ တယ်။ သူ့ရဲ့အိမ်နာမည်ကတော့ "တုံတုံ" ပါတဲ့။ ကျိုင်းတုံမှာ မွေးလို့ အဲဒီလို ခေါ်တာပါ။ တုံတုံက အမူအရာ တည်ပါတယ်။ ရယ်စရာ ပြောရင်တောင် ပြုံးရုံလောက်ပဲ ပြုံးတဲ့သူပါ။ မော်လမြိုင်မှာ မွေးတဲ့ သူ့ညီမ မော်မော် ကတော့ အင်မတန် နှုတ်သွက်ပါတယ်။ ကျန်တဲ့ အငယ်တွေနဲ့လည်း ခင်ပါတယ်။

ဒုတိယနှစ်လည်းပြီးရော ဖြန်းဆို ကျွန်တော် စစ်ရုံးကို ပြောင်းရပါလေရော။ စစ်ရုံးရောက်တော့ တစ်လ တစ်ခါလောက် တပ်ရင်းကို အလည်ရောက်တတ်ပါတယ်။ စနေ၊ တနင်္ဂနွေတွေမှာပေါ့။ အဲလိုအခါမျိုးမှာ သူတို့အိမ်ကို သွားလည်လေ့ ရှိပါတယ်။

သွားလည်တိုင်း သတိထားမိတာက သူဟာ အိမ်အလုပ်တွေ လုပ်ရပါတယ်။ ဥပမာ- သူတို့အိမ်ကို ညနေ လေးနာရီလောက် ရောက်ပြီဆိုပါတော့၊ အဲဒီအချိန်ဆို တစ်အိမ်လုံးက အဝတ်တွေကို ဒိုင်ခံ မီးပူတိုက် နေပါပြီ။ အဲဒီ အဝတ်တွေကို နေ့လယ်တုန်းက သူပဲ လျှော်ခဲ့ရတာပါတဲ့။ ကလေး ခုနစ်ယောက်၊ အဖေ အမေ၊ အဘွား တစ်ယောက်၊ ပေါင်း ၁၀ ယောက်ရဲ့ အဝတ်အစားတွေပါ။ သူဟာ အဲဒီအချိန်မှာ ၁၇ နှစ်ပဲ ရှိပါသေး တယ်။ သူဟာ အဲဒီလို အဝတ်လျှော်၊ မီးပူတိုက် အလုပ်ကို ကျွန်တော်နဲ့ အိမ်ထောင်ကျတဲ့ အသက် ၂၀ နား ချဉ်းကပ်တဲ့အထိ လုပ်နေခဲ့ရတာပါ။ စိတ်ထဲမှာတော့ ဘ၀ ဝဋ်ကြွေးတွေ ဆပ်နေရလေလျော့သလားလို့ တွေးနေမိပါတယ်။

သူတို့အိမ်ကို သွားလည်သလို အခြားအရာရှိအိမ်တွေလည်း သွားလည်ပါတယ်။ ဒါပေမဲ့ သူတို့အိမ်ကိုပဲ သွားတာများခဲ့ပါတယ်။ သူ မီးပူထိုးနေတုန်း ကျွန်တော်က ရယ်စရာ မောစရာတွေ ပြော၊ စာတွေ မေး၊ သူကို စနဲ့ ဆက်ဆံရေး အများကြီး ပြေလည်နေပါတယ်။ သူဟာ စကားနည်းပြီး ကျွန်တော် ပြောသမျှတွေကို ပြုံးပြီး တစ်ခွန်းစ၊ နှစ်ခွန်းစ ပြန်ပြောတာပဲ ရှိတယ်။ ကျွန်တော့်အတွက်တော့ မိန်းကလေး တစ်ယောက်နဲ့ လက်ပွန်း တတီး စကားမပြောဖြစ်တာ ကြာလွန်းလှပြီကော။ ပြီးတော့ သူတို့ မိသားစုကလည်း အနှောက်အယှက် မပေးတာလည်း ပါပါတယ်။

၁၉၆၉ ခုနှစ်၊ နိဝင်ဘာလလောက်မှာထင်ပါတယ်။ စနေနေ့ တစ်ညနေ သူတို့ဆီ သွားလည်မလို့ ကျွန်တော်တို့ နေတဲ့ စစ်ရုံးကနေ ထွက်ခဲ့ပါတယ်။ သူတို့ဆီကို သွားရင် ဘတ်စ်ကား သုံးဆင့် စီးရပါတယ်။ အော်တိုကား မှတ်တိုင်ကနေ ဆူးလေကို တစ်ဆင့်၊ ဆူးလေကမှ အင်းစိန် ဂိတ်ဆုံးထိ ဒုတိယ အဆင့်၊ အင်းစိန်ကမှ အောင်ဆန်းထိ တတိယ အဆင့်။ အချိန်က တစ်နာရီခွဲလောက် ကြာပါတယ်။ အပေါ်မှာ ရေးခဲ့တဲ့ အော်တိုကား မှတ်တိုင်ဆိုတာ ယခု Park Royal Hotel နေရာပါ။ အော်တိုကား ဆိုတဲ့ နေရာဟာ ပြည်သူပိုင် သိမ်းထားတဲ့ နေရာပါ။ ကြားဖူးတာက အခု FMI လုပ်ငန်းစုကြီးရဲ့ အကြီးအကဲ Mr. Serge Pan တို့ မိသားစုရဲ့ လုပ်ငန်းနေရာလို့ ကြားဖူးပါတယ်။ ဟုတ်မဟုတ်တော့ မသိပါဘူး။

ကျွန်တော် အဲဒီနေရာလေးကို တခုတ်တရ ရေးပြနေတာ အကြောင်းရှိပါတယ်။ အော်တိုကား မှတ်တိုင်မှာ စောင့်နေရင်းနဲ့ တောင်ဥက္ကလာ ရန်ကင်းဘက်က လာတဲ့ ဟီးနိုးကားကို စီးပြီး ဆူးလေဘက် ထွက်လာပါတယ်။ ကားပေါ်ရောက်တော့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်မိပါတယ်။ ဘာဖြစ်လို့ အောင်ဆန်းကို သွားချင်နေရသလဲလို့ပေါ့။ အဲဒီမှာပဲ "ငါ ဒီကောင်မလေးကို ချစ်နေမိပြီ ထင်တယ်" လို့ စိတ်ထဲမှာ အလိုလို ဖြစ်လာတာနဲ့ တစ်ပြိုင်နက် ကျွန်တော့် တစ်ကိုယ်လုံးလည်း နွေးခနဲဖြစ်သွားတာ သတိထားလိုက်မိပါတယ်။ ဒါကြောင့်မို့လို့ ဒီနေရာအကြောင်းကို ရေးပြနေရခြင်း ဖြစ်ပါတယ်။ ကျွန်တော့် စိတ်ကတော့ ဆုံးဖြတ်ချက် ချလိုက်ပါပြီ။

ဒါပေမဲ့ အချက်တစ်ချက်က ကျွန်တော့်ကို စနိုးစနောင့် ဖြစ်နေစေပါတယ်။ ဘာလဲ ဆိုတော့ အသက် ကွာခြားမှုပါ။ ကျွန်တော်က အဲဒီအချိန်မှာ ၂၉ နှစ် ၊ ကျွန်တော့်ထက် အသက် ၁၂ နှစ် ငယ်ပါတယ်။ ပညာအရည်အချင်းက ကိုးတန်းပဲ ရှိပါသေးတယ်။ သို့သော် ဒါတွေကို ကျွန်တော် ခေါင်းထဲမှာ မထည့်ပါဘူး။ ပညာတတ်ခြင်း မတတ်ခြင်း၊ ပိုက်ဆံ ချမ်းသာခြင်း၊ ဆင်းရဲခြင်းဆိုတာတွေကို ကျွန်တော့်ခေါင်းထဲမှာ မရှိပါ။ စန္ဒယား လုထွင့်ရဲ့ ရေးပြီး သူကိုယ်တိုင်လည်း ဆို၊ ကွယ်လွန်တဲ့ သုမောင်လည်း ဆိုထားတဲ့ "ချစ်တယ်" ဆိုတဲ့ သီချင်းထဲကလိုပေါ့။ "နှလုံးသား အရေးမို့ကွယ် ဦးနှောက်ကလေးနဲ့ မတွေးတော့ဘူး၊ ချစ်တာပဲ နားရေလည်" ဆိုတဲ့အတိုင်း အတိအကျပါပဲ။ အဲဒီနောက်ပိုင်းက စပြီး ကျွန်တော့်ရဲ့စိတ်တွေ ရွှင်လန်း တက်ကြွနေပါတော့ တယ်။

သူတို့က တပ်မတော်သား မိသားစုဖြစ်တော့ အနေအထိုင် ရိုးရှင်းကြပါတယ်။ အကျင့်စာရိတ္တလည်း ကောင်းကြပါတယ်။ သို့သော် ပြင်ပ ပတ်ဝန်းကျင် ဗဟုသုတ အတော်နည်းပါတယ်။ သူ့ ဖခင်ဟာ တပ်မတော် ဒါအရ ကျွန်တော့်ထက် ကြီးပါတယ်။ ဒါပေမဲ့ အရာရှိ အသက်က ကိုယ့်ထက် နည်းတော့ သူတို့အိမ်ကို သွားလည်တဲ့ အခါမှာ ပတ်ဝန်းကျင်က အရိုသေမတန်အောင် အမြဲ သတိထားရပါတယ်။ ပထမတော့ မိုးရိုးသားသား တွေ့ဆုံမှုလို့ ဆိုနိုင်ပေမဲ့ ပိုပြီး ရင်းနှီးလာစေတာက ၁၉၇၀ ခုနှစ်၊ မတ်လ ၂၇ ရက်၊ တော်လှန် ရေးနေ့မှာပါ။

ကျွန်တော်က တော်လှန်ရေးနေ့ ချီတက်ပွဲမှာ မပါပေမဲ့ သူငယ်ချင်းတွေက ချီတက်ပွဲ ပါလို့ သူတို့ကို ဓာတ်ပုံလိုက်ရိုက်ဖို့ ကျွန်တော့်ကို ပြောလာကြတာနဲ့ အဲဒီနေ့ မနက် စစ်ကြောင်း ချီတက်တဲ့ လမ်းကြောင်း တစ်လျှောက်မှာ ဓာတ်ပုံ လိုက်ရိုက်ပေးပါတယ်။ စစ်ကြောင်းက ဦးဝိစာရ အဝိုင်းကို ကျော်လာတော့ အားပေး တဲ့ ပရိသတ် ပိုများလာပါတယ်။ တော်လှန်ရေး ပန်းခြံနား ရောက်လေ လူထူလေ ဖြစ်ပါတယ်။ လူထုက ပန်းကုံးတွေ ဆက်ကြ၊ အားပေးကြနဲ့ အင်မတန် စည်ကားတဲ့ ပွဲကြီး တစ်ခုပေါ့။ လူထုက အားကိုး ချစ်ခင်တဲ့ တပ်မတော်သားတွေကို အားပေးခဲ့ကြတဲ့ ကာလတစ်ခုပါ။ လွမ်းမောတသဖွယ်လို့လည်း ပြောချင်ပါတယ်။ ကဲ.... ကဲ.... ဒါတွေ ခဏ ထားလိုက်ပါဦး။ ဒီမှာ ပြောချင်တာက တခြားပါ။

တော်လှန်ရေး ပန်းခြံ ဝင်ခါနီးတော့ လူအုပ်ကြားထဲမှာ သူတို့ ညီအစ်မ သုံးယောက်ကို တွေ့လိုက်ရပါ တယ်။ နဂိုကတည်းက စိတ်ညွတ်နေတဲ့သူဖြစ်လို့ ကြုံတုန်းကြုံခိုက် သူတို့ ညီအစ်မ သုံးယောက်ကို ကျွန်တော် နေတဲ့ ဂစ်ရုံးက ဧည့်ခန်းထဲကို ခေါ်ပြီး ဧည့်ခံပါတယ်။ နေ့လယ်စာ စားကြတော့ ရာဇ RITZ ရုပ်ရှင်ရုံဘေးက တရုတ်ဆိုင်မှာ ကျွေးပါတယ်။ အငယ် နှစ်ယောက်ကတော့ “အမှန်အကန် စားသုံးသူ” တွေမို့ ဝါးသလား မမေးပါနဲ့။

ဒါပေမဲ့ သူကတော့ ဟုတ်တိပတ်တိ မစားပါဘူး။ အိုက်တင်ခံနေပါတယ်။ ဘာမှ မတော်တဲ့ သူစိမ်း ယောက်ျား တစ်ယောက် ကျွေးတာကို အလွယ်တကူ မစားချင်ဘူးဆိုတဲ့ သဘောပေါ့။ အဲဒီ နောက်ပိုင်းတော့ သူတို့ ညီအစ်မတစ်တွေကို တစ်လ တစ်ခါလောက် အပြင်ကို ခေါ်ပြီး လျှောက်လည်လေ့ ရှိပါတယ်။ နောက်ပြီး အဲဒီတုန်းက နာမည်ကျော်နေတဲ့ James Bond ဇာတ်ကားတွေကိုလည်း တကူးတက ပြဖြစ်ပါတယ်။

နှစ်ယောက်သား ရည်းစား ဖြစ်ကြတယ် ဆိုပေမဲ့ ရွယ်တူတန်းတူ မဟုတ်တော့ ကိုယ့်ဘက်က လိုက် လျောရတာတွေ များပါတယ်။ အဲဒီလို လိုက်လျောနေရ ပါလားလို့လည်း ပင်ပန်းခြင်း၊ အဆင်မပြေခြင်း မရှိ ပါဘူး။ ၁၉၆၉ ခုနှစ်၊ နှောင်းပိုင်းလောက်က စတင်ခဲ့တဲ့ အခြေအနေတွေဟာ ထင်ရှားတဲ့ အခက်အခဲတွေ မကြုံရဘဲ ၁၉၇၀ ခုနှစ်၊ အဲဒီနှစ် ပြီးပြန်တော့ ၁၉၇၁ ခုနှစ် အထိ ရောက်လာပါတော့တယ်။ ကျွန်တော်က သူတို့ အိမ်ကို အဝင်အထွက် များပေမဲ့ ကျွန်တော်ရဲ့ သိက္ခာ၊ သူ့ဖခင်ရဲ့ သိက္ခာတွေကြောင့် တီးတိုးတီးတိုး သဖန်းပိုးတွေ အနည်းငယ် ရှိပေမဲ့ ဆိုးဆိုးဝါးဝါး ကိစ္စတွေ မပေါ်ပေါက်ခဲ့ပါဘူး။

အချိန် ကြာလာတာနဲ့အမျှ ကျွန်တော့်ရဲ့ စိတ်ကလည်း မပြောင်းမလဲ ရှိနေတာမို့ ၁၉၇၁ ခုနှစ်၊ နှစ်ဦး ပိုင်းမှာ တရားဝင် စေ့စပ်ခြင်းကို မကျဉ်းမကျယ် စီစဉ်ခဲ့ပါတယ်။ သူ့ဘက်ကတော့ တပ်ရင်းမှူး၊ ဒုတပ်ရင်းမှူးနဲ့ တပ်ခွဲမှူးအချို့ ပါပြီး ကျွန်တော့်ဘက်တော့ ထိုစဉ်က ဂိုဝမ်းဖြစ်တဲ့ ဒုတိယ ဗိုလ်မှူးကြီး မောင်မောင် (ဝီလီ မောင်မောင်- ကွယ်လွန်) နဲ့ ဂျိုတူးများ ဖြစ်ကြတဲ့ ဗိုလ်မှူး စံလွင် (နှောင် မြန်မာစာအဖွဲ့ ဥက္ကဋ္ဌ)၊ ဗိုလ်မှူး သောင်းတင် (ကွယ်လွန်) နဲ့ မိတ်ဆွေအချို့ ပါဝင်ပါတယ်။ ဒီစေ့စပ်ပွဲအတွက် အညာက ကျွန်တော့်ရဲ့ မိဘ နှစ်ပါးကိုလည်း လာရောက်စေခဲ့ပါတယ်။ အဲဒီလို တရားဝင် စေ့စပ်ပြီးတဲ့ အခါကျမှပဲ ကျွန်တော်တို့ရဲ့ ရှေ့ခရီး အတွက် ရေရေရာရာ ဖြစ်သွားပြီလို့ ခံစားရပါတယ်။

## စေ့စပ်ပြီးတဲ့ နောက်

စေ့စပ်ပြီးတဲ့နောက်မှာ ကျွန်တော်လည်း သူတို့အိမ်ကို လွတ်လွတ်လပ်လပ် စိတ်ထားသန့်သန့်နဲ့ ဝင်ထွက်လို့ ကောင်းသွားပါပြီ။ အပြင်ထွက်မယ် ဆိုရင်လည်း သူ့ညီမတွေ ပါတဲ့အခါ ပါ၊ မပါတဲ့အခါ မပါ ညအိပ်/ညနေ လည်ပတ်ခဲ့ကြပါတယ်။ ညဆိုရင် ကျွန်တော့် အခန်းမှာ အိပ်ရတာပေါ့။ ခုတင် တစ်လုံးတည်း နှစ်ယောက်

အိပ်တယ် ဆိုပေမဲ့ ပြောရင် ယုံကြပါ့မလားတော့ မသိဘူး။ ကျွန်တော်တို့ နှစ်ယောက် လွန်လွန်ကျူးကျူး မဖြစ်ခဲ့ပါဘူး။

လပေါင်းများစွာ၊ ညပေါင်းများစွာ ဆိုပါတော့။ ကျွန်တော်ကလည်း ထိန်းနိုင်သလို၊ သူကလည်း ထိန်းနိုင်ပါတယ်။ ကျွန်တော်ကတော့ သူ့ကို ရင်ဘတ်ထဲမှာ ပွေ့ထားပြီးသူ့ မျက်နှာလေးကို နမ်းနေရတာနဲ့ပဲ ကျေနပ်နေတာပါ။ သူ့အိမ်မှာ ညအိပ်တယ် ဆိုရင်လည်း ဒီအတိုင်းပါပဲ။ အပြင်လူတွေ အမြင်နဲ့ဆိုရင် သူ့မိဘက ကျွန်တော်နဲ့ လွှတ်ပေးထားတယ်လို့ ပြောရင် ပြောကြမှာပါ။ ဒါပေမဲ့ ကျွန်တော်တို့ နှစ်ယောက်ပဲ သိတဲ့ ဆက်ဆံရေးကြောင့် လိပ်ပြာသန့်သန့်နဲ့ ဝင်ထွက်သွားလာနိုင်ခဲ့ပါတယ်။

အဲဒီလို လည်ပတ်တဲ့အခါတွေမှာလည်း ကျွန်တော်ရဲ့ မိဘ ဆွေမျိုး အသိုင်းအဝိုင်း၊ မိတ်ဆွေ အသိုင်းအဝိုင်းနဲ့ ဝင်ဆံ့အောင်လည်း တွေ့ဆုံ မိတ်ဆက်ပေးခဲ့ပါတယ်။ မင်္ဂလာဆောင်တို့ အလှူတို့လို ပွဲတွေမျိုးပေါ့။ မှတ်မှတ်ရရ သင်္ကြန်တစ်ခုမှာပါ။ အရာရှိ မိတ်ဆွေတစ်စုနဲ့ ညှိပြီး ဂျစ်ကား တစ်စီး ငှားလိုက်ပါတယ်။ သင်္ကြန် သုံးရက်လုံးလုံး ရန်ကုန်တစ်ခွင် ပြုပြုစင်အောင် လျှောက်လည်ခဲ့ကြတာပေါ့။ ညနေချိန်ရောက်လို့ နားရမယ့် အခါမှာလည်း ကျွန်တော့်အခန်းမှာပဲ ပြန်နားခဲ့ပါတယ်။

တစ်ညတလေတော့ မြို့ထဲမှာ ရှိတဲ့ သင်္ကြန် သံချပ်ပြိုင်ပွဲတွေကို နှစ်ယောက်သား လှည့်လည် ကြည့်ခဲ့ကြပါတယ်။ အဲဒီလို ကြည့်တိုင်းလည်း ရန်ကုန်မှာသာ ထွန်းကားတဲ့ ရေခဲရေနဲ့ ပက်တာတွေကိုလည်း ကြုံခဲ့ရတာပေါ့။ အဲဒီလို ပက်တိုင်းလည်း ကျွန်တော့်ကို မပက်ပဲ သူ့ကိုပဲ ရွေးပက်တယ် ဆိုတာကတော့ ပြောစရာတောင် လိုမယ်မထင်ဘူး။ ဂျစ်ကားနဲ့ သင်္ကြန် လည်ပတ်ရာမှာ ပါခဲ့တဲ့ ဗိုလ်ကြီး တင်ထွန်း (ကျွန်တော်တို့အခေါ် အာဂုာလာ) နဲ့ ဇနီး၊ ဗိုလ်ကြီး မောင်မောင်သိန်းနဲ့ သူ့ဇနီး Winnie တို့ကို ကောင်းကောင်း မှတ်မိပါတယ်။ ကိုမောင်မောင်သိန်းက အဲဒီတုန်းက ရှေ့နေချုပ် ဦးဘစိန်ရဲ့သား ဖြစ်ပါတယ်။ ကျွန်တော် တပ်က ထွက်ပြီး နောက်ပိုင်းမှာ သူတို့နဲ့ အဆက်အသွယ် မရှိတော့သလောက်ပါပဲ။

ကျွန်တော်ဟာ ကျွန်တော့်ရဲ့ ရည်းစားဦးနဲ့တုန်းက နှစ်ယောက်သား လွတ်လွတ်လပ်လပ် တွေ့ခဲ့ရတဲ့ အချိန်တွေမှာ ကျွန်တော့်ကိုယ် ကျွန်တော် ယောက်ျားကောင်းပီပီ ထိန်းနိုင်ခဲ့သလို သူနဲ့လည်း ညပေါင်းများစွာ အတူတူ အိပ်ခဲ့ပေမဲ့ လွန်ကျူးမှု မရှိအောင် ထိန်းနိုင်ခဲ့ပါတယ်။ နောက်ပြီး ကျွန်တော့် အသိုင်းအဝိုင်းက မိတ်ဆွေတွေ၊ အမျိုးတွေနဲ့ တွေ့ဆုံပေးပြီး မိတ်ဆက်ပေးခဲ့တာကလည်း ကျွန်တော့်ဘဝ အကြောင်းကို သူ သိစေချင်တယ်။ ကျွန်တော် ဘယ်လိုလူစားမျိုး ဆိုတာ သိစေချင်တဲ့ ရည်ရွယ်ချက် ပါပါတယ်။

## မင်္ဂလာပွဲ

ကျွန်တော် အထက်မှာ တင်ပြပြီးပါပြီ။ ကျွန်တော် အရာရှိဖြစ်တဲ့ ၁၉၆၃ ခုနှစ်က စပြီး ၁၉၇၂ ခုနှစ် အိမ်ထောင်မြူတဲ့ အချိန်အထိ ကျွန်တော် လခပြည့် တစ်ခါမှ မထုတ်ခဲ့ဖူးပါ။ မင်္ဂလာဆောင်မယ် ဆိုတော့ ကျွန်တော်က ဗိုလ်ကြီး ဖြစ်နေပါပြီ။ လခက တစ်လ ၅၅၀ ကျပ်ပါ။ အမေ့ဆီကို တစ်လ ၂၅၀ ကျပ် ပို့ပါတယ်။ အသက်အာမခံကြေး နုတ်ရင် ကျွန်တော့် အတွက် တစ်လကို ၂၅၀ ကျပ်လောက်ပဲ ကျန်ပါတယ်။ အိမ်ထောင်ပြုမယ်လို့ ဆုံးဖြတ်ပြီးတဲ့အခါ အသုံးစရိတ်တွေ လျှော့ချပြီး ပိုက်ဆံ စုရပါတော့တယ်။

၁၉၇၂ ခုနှစ်၊ သင်္ကြန်ပြီး တစ်ရက်မှာ မင်္ဂလာပွဲ ကျင်းပမယ် ဆိုတော့ ကျွန်တော့် လက်ထဲမှာ ငွေကျပ် ၅၀၀၀ လောက် စုမိထောင်းမိပါပြီ။ အပြင်ဆိုင်တွေက မှာရင် ကုန်ကျစရိတ် များမှာမို့လို့ အစိုးရစရိတ်နဲ့ဆို အတ်သာမယ့် ပြည်သူ့ပိုင် "ရှားမီး" ဆိုင်က ရေခဲမုန့် ငါးပုံး (တစ်ပုံးကို လူ ၁၀၀ စာ)၊ ကိတ်မုန့်အလုံး ၁၀၀၊

ပြည်သူ့ဆိုင်ကပဲ ဈေးသက်သာတဲ့ နို့ဆီ၊ သကြား၊ ကော်ဖီမှုန့် စတာတွေကို ဝယ်ယူ စုဆောင်းရပါတယ်။

မင်္ဂလာ မဆောင်ခင် တစ်ရက်မှာတော့ ယောက္ခမကြီး တပ်ခွဲက သွက်လက် ချက်ချာတဲ့ ရဲဘော် ၁၀ ယောက်လောက်ကို မေတ္တာရပ်ခံပြီး နောက်တစ်နေ့မှာ လုပ်ရမယ့် အလုပ်တွေကို ခွဲပေးပါတယ်။ နောက်ပြီး ခင်မင် ရင်းနှီးနေတဲ့ အမျိုးသမီးငယ်အချို့ကိုလည်း ဧည့်ခံ ကြိုဆိုရေးနဲ့ လက်ဖွဲ့များ မှတ်တမ်းပြုရေး တာဝန်တွေ ခွဲပေးလိုက်ပါတယ်။ အဲဒါအပြင် အဲဒီခေတ်က ရှားပါးတဲ့ ဓာတ်ပုံစက္ကူနဲ့ ဖလင်လိပ်တွေလည်း သက်ဆိုင်ရာ ကုန်သွယ်ရေးကနေ ဝယ်ခွင့်ရလို့ သူ့ ကျောင်းနေဘက် သူငယ်ချင်း တစ်ယောက်ကို မေတ္တာရပ်ခံပြီး ဓာတ်ပုံ ရိုက်စေပါတယ်။

သူ့နာမည်တော့ ကျွန်တော် မေ့သွားပါပြီ။ သူ့ကောင်းမှုကြောင့် အဲဒီပွဲရဲ့ ဖြစ်စဉ်တွေကို မှတ်တမ်းမှတ်ရာ အဖြစ် ကျန်ခဲ့တာပါ။ ဒါ့ကြောင့်လည်း အထက်မှာ ရေးပြခဲ့ဖူးတဲ့ FRC နှစ်ယောက် အဖေတွေ သူငယ်ချင်း အရင်းခေါက်ခေါက် ဖြစ်ပါလျက်နဲ့ သူတို့ သားနှစ်ယောက်ကတော့ ကျွန်တော့် မင်္ဂလာဆောင်ကျမှ ပထမ ဦးဆုံးနဲ့ နောက်ဆုံး အကြိမ် တွေ့ဆုံပွဲ မှတ်တမ်းဓာတ်ပုံလေးပဲ ကျန်ရစ်ပါတယ်။

## ကျွန်တော် အတွေးခေါင်ခဲ့လေသလား

အဲဒီနေ့က လက်ဖက်ရည်တွေ၊ မုန့်တွေ၊ အိုက်စ်ခရင်တွေ ပထမတော့ လောက်လောက်ငငရှိပါတယ်။ ဒါပေမဲ့ ညနေ ငါးနာရီလောက်ကျတော့ လုံခြုံရေး တာဝန်သွားတဲ့ တပ်ခွဲတွေ ပြန်ရောက်လာတဲ့အခါ ကျွန်တော်နဲ့ ခင်တဲ့ ဆရာများ၊ ရဲဘော်များက တချို့လည်း ယူနီဖောင်းနဲ့၊ တချို့လည်း အိမ်ပြန် ရေမိုးချိုး အဝတ်လဲနဲ့ လာကြတဲ့အခါ ပထမတော့ အိုက်စ်ခရင် ပြတ်သွားပါတယ်။ နောက်ပိုင်းတော့ လက်ဖက်ရည် ဖျော်မယ့် နို့ဆီ၊ သကြားတောင် ပြတ်သွားပါတယ်။

ဒါ့ကြောင့် မင်္ဂလာဆောင်ကို လာအားပေးတဲ့ တပ်ခွဲ၊ တပ်ထောက် (C.Q. ကြီး) ကို တိုးတိုးတိတ်တိတ် မေတ္တာရပ်ခံပြီး တပ်ခွဲက ရဲဘော်တွေအတွက် ထားတဲ့ ရိက္ခာထဲက နို့ဆီ၊ သကြားနဲ့ လက်ဖက်ခြောက်တွေ ချေးရပါသေးတယ်။ ဒါကလွဲလို့ တခြား အခက်အခဲ မရှိခဲ့ပါဘူး။ ကျွန်တော်တို့ရဲ့ မင်္ဂလာဆောင် အခမ်းအနားကတော့ အင်းလျားလိပ်လို ဟိုတယ်မှာလုပ်တဲ့ မင်္ဂလာဆောင်လောက်တော့ ဘယ်ခမ်းနားပါ့မလဲ။ ကျွန်တော့် ညီ မောင်ညိုနွဲ့နဲ့ မတီတီအုန်းတို့ရဲ့ မင်္ဂလာဆောင်ကတော့ ဗိုးစိန်လမ်းက သူတို့ခြံ အကျယ်ကြီးထဲမှာ ဖဖော် ဝါရီလတုန်းက လုပ်ခဲ့တာ တော်တော် ခမ်းနားပါတယ်။ ကျွန်တော်တို့ရဲ့ မင်္ဂလာဆောင်ကတော့ တော မင်္ဂလာဆောင်ပေါ့။

မင်္ဂလာ အခမ်းအနားပြီးလို့ ပြန်တော့ ယောက္ခမဖြစ်သူ အိမ်ကို ကြင်စဦး ဇနီးနှီးမောင်နံနဲ့ တကွ ခင်မင် ရင်းနှီးတဲ့ မိတ်ဆွေတွေ တစုတဝေးတည်း သွားကြပါတယ်။ လူရင်းတွေက တစ်ခွက်တစ်ဖလား တိုက်ရမယ် ဆိုလို့ သူတို့အလိုကို ဖြည့်ပေးရပါသေးတယ်။ သို့သော်လည်း ခဏနေတော့ အားလုံးလိုလို ပြန်သွားကြပြီး ကျွန်တော်တို့ မိသားစုပဲ ကျန်ရစ်ခဲ့ပါတယ်။ ကျွန်တော်က စစ်ရုံးကမို့လို့ နေစရာအိမ်က မရသေးတဲ့အတွက် ယောက္ခမအိမ်ကနေပြီး ဖယ်ရီနဲ့ စစ်ရုံးကို ရုံးတက်ရမှာပါ။

လူစဲတော့ ကျွန်တော် နောက်ဘက် အောက်ကို အိမ်သာ တက်မလိုလိုနဲ့ ဆင်းသွားပါတယ်။ အဲဒီနေ့က လကြီးက သာနေပါတယ်။ တန်ခူးလပါ။ ကျွန်တော့်ကို ဝေဒနာဖြစ်စေတဲ့ တပေါင်း လပြည့် မဟုတ်ပါ။ ဒါပေမဲ့ သူတို့အိမ် နောက်မှာ ကွင်းပြင်ကျယ်ရှိတော့ ကျွန်တော် မြက်ခင်းထဲမှာ ထိုင်ချပြီး လကြီးကို မျှော်ကြည့် နေမိပါတယ်။ ကျွန်တော် အရင်တစ်ယောက်နဲ့ ဖူးစာ မဆုံကတည်းက တုံ့တုံ့နဲ့ ရည်းစား ဖြစ်နေတဲ့ ကာလ

ပတ်လုံး စိုးရိမ်စိတ် တစ်ခုက လွှမ်းမိုးနေပါတယ်။

ဘာလဲဆိုတော့ "ဒီတစ်ယောက်နဲ့လည်း ကွဲများ ကွဲဦးမလား" ဆိုတဲ့ စိုးရိမ်စိတ်နဲ့ပေါ့။ အဲဒီ စိုးရိမ်စိတ်ဟာ အဲဒီ တစ်ခဏမှာ ကျွန်တော့်ကို ဖိစီးတဲ့အတွက်ကြောင့် "ကဲ အခုတော့ ငါ စိုးရိမ်သလို မဖြစ်တော့ဘူး။





မောင်ညိုနွဲ့နဲ့ တီတီအုန်းတို့ မင်္ဂလာဆောင်မှာ တွေ့ရတဲ့ အဖေနဲ့ အမေ။

လက်ထပ်ပြီးစ ၂၁၊ ၄၊ ၁၉၇၀ နေ့က မြို့မ ဓာတ်ပုံတိုက်ရဲ့ လက်ရာ။



လက်ထပ် မင်္ဂလာ နေ့က နှစ်ဘက် ဆွေမျိုးများနဲ့ အဘွား ဒေါ်ခင်ကြည်။

ဒါပေမဲ့ သေတပန်သက်တဆုံး အိုအောင်မင်းအောင် ပေါင်းတာမျိုး ဖြစ်လာနိုင်ပါ့မလား၊ ခေါင်းဖြူစွယ်ကြိုး အချိန်မှာ ဆေးပေးမီးယူ၊ ဆိုးတိုင်ပင် ကောင်းတိုင်ပင် ရှိမှ ရှိနိုင်ပါ့မလား" ဆိုတဲ့ စိုးရိမ်ကြောင့်ကြတဲ့ စိတ်တွေနဲ့ ဖိစီးနေပါတယ်။

ကျွန်တော် အဲဒီနေရာမှာ ထိုင်ပြီး လမင်းကြီးကို ကြည့်ရင်းနဲ့ ဘယ်လောက် ကြာသွားလဲ မသိပါဘူး။ ကလေးတွေက လာခေါ်မှ အိမ်ပေါ်ပြန်တက်ခဲ့ပါတယ်။ ဒီအကြောင်းနဲ့ ပတ်သက်ပြီး ဇနီးသယ်က မကြာခဏ မေးတတ်ပါတယ်။ ကျွန်တော် အခုချိန်ထိ ဟိုတုန်းက အတွေးတွေ ဘယ်သူ့မှ ထုတ်ဖော် မပြောမိပါ။




ကျွန်တော်တို့ မင်္ဂလာဆောင်မှာ တွေ့ရတဲ့ အဖေနဲ့ အမေ။



မိမိတို့ မင်္ဂလာ ညည့်ခံပွဲကို တက်ရောက်လာကြတဲ့ ပုဂ္ဂိုလ်များ။
(မတ်တတ်ရပ်လျက်-) ယောက္ခမကြီး ဗိုလ်ကြီး ကျော်မြင့်နဲ့ ညီ မောင်ညိုနွဲ့၊
(ထိုင်လျက် ဝဲမှ-) ဗိုလ်မှူးကြီး ဖိုးကျော်၊ ဗိုလ်မှူးကြီး ကြည်မောင်နဲ့ ဇနီး ဒေါ်ကက်သရင်း။
(ကျောပေးလျက်-) အဖေ့ သူငယ်ချင်းများရဲ့ အကြီးဆုံး သားများအဖြစ် ပထမဦးဆုံး အကြိမ်နဲ့ နောက်ဆုံး အကြိမ် တွေ့ဆုံခဲ့ရတဲ့ ဗိုလ်ကြီး ကျော်မြင့်နဲ့ ဗိုလ်မှူးကြီး ကြည်မောင်။



ဗိုလ်မှူးကြီး ကြည်မောင်နဲ့
ကျွန်တော်။



မင်္ဂလာပွဲ တက်ရောက်လာတဲ့ ဗိုလ်မှူးကြီး ကြည်မောင်နဲ့
ဇနီး ဒေါ်ကက်သရင်းတို့အား တွေ့ဆုံ နှုတ်ဆက်နေပုံ။



မင်္ဂလာပွဲကို တက်ရောက်သူများ။
ဗိုလ်ကြီး ဒေါ်မြမြစန်း (နောင်တွင် ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး ကတော် ဖြစ်လာသူ။)၊ တိုက်ပုံ အမည်း ဝတ်ထားသူမှာ ကျောင်းသား မောင်မောင်ဆွေ (နောင်တွင် ဗိုလ်ချုပ်/ဝန်ကြီး ဖြစ်လာသူ။)၊ နောက်တွင် ရပ်နေသူမှာ ၎င်းတို့ရဲ့ ညီမ အငယ်ဆုံး ဘုတ်ဘုတ်။

အခုတော့ ဟိုတုန်းက ကျွန်တော် စိုးရိမ်နေတဲ့အတိုင်း တကယ် ဖြစ်နေပါပြီ။ ထောင်ကျတဲ့ စုစုပေါင်း ကာလ နှစ်ပေါင်း ၂၀ နဲ့ လေးလ တစ်လျှောက်လုံး ထောင်ဝင်စာ မပျက်မကွက် ပို့ခဲ့တယ်။ မရှိရင် ရှိတာကို ပေါင်နှံ ရောင်းချပြီးတော့ အစားအသောက်အပြင် လိုအပ်တဲ့ ဆေးဝါးက အစ မပြတ် ပံ့ပိုးခဲ့တယ်။ သူ ထောင်ဝင်စာလာတိုင်း "ကျေးဇူးကြီးပါပေရဲ့၊ ကျေးဇူးရှင်မကြီး" ဟု ဆိုတဲ့စကားကို အကြိမ်ကြိမ် ပြောခဲ့ပါ တယ်။

အင်းစိန်ထောင်၊ မြင်းခြံထောင်၊ မိတ္ထီလာထောင်၊ မန္တလေးထောင်နဲ့ ကသာ ထောင်တွေကို အလီလီ ပြောင်းခဲ့ရပေမဲ့ ဘယ်ပဲ ပြောင်းပြောင်း မပျက်မကွက် ထောင်ဝင်စာ ပို့ခဲ့တဲ့သူမို့လို့ "အာဂ မိန်းမ၊ အာဇာနည်မကြီး" စသဖြင့် ပတ်ဝန်းကျင်က ချီးကျူးခံခဲ့ရသူ။ ကျွန်တော် ကိုယ်တိုင်ကလည်း "ငါ ထောင်က လွတ်ရင်တော့ အတိုးချပြီးတော့ ချစ်လိုက်မယ်ဟဲ့၊ ယုယ လိုက်မယ်ဟဲ့၊ အလိုလိုက်လိုက်မယ်ဟဲ့" လို့ စိတ် ထဲက တွေးထားခဲ့မိပါတယ်။

ဟော..... ထောင်ကလည်း လွတ်ရော မိသားစု ငွေရေးကြေးရေး ကိစ္စ၊ ပိုင်ဆိုင်မှုကိစ္စနဲ့ ပတ်သက်လို့ ပြောကြ ဆိုကြရာမှာ ကျွန်တော် ပိုင်မှန်း၊ ကျွန်တော့် ပစ္စည်းမှန်း သိလျက်နဲ့ သူ့အမေနဲ့ သူ့မိသားစုကို ပထမ ဦးစားပေး၊ လင်ယောကျ်ား ဖြစ်တဲ့ ကျွန်တော့်ကို ဒုတိယ ဦးစားပေးအနေနဲ့ ဆက်ဆံခံရတယ်။ ဒါတင်မကဘူး ကျွန်တော် ခရီးထွက်စဉ် ကာလတစ်ခုမှာ ကျွန်တော်တို့ရဲ့ နှစ်ယောက်အိပ် ခုတင်ကို ဘယ်ပို့လိုက်တယ် မသိပါဘူး၊ ကျွန်တော့်အတွက် တစ်ယောက်အိပ် ခုတင်တစ်ခုနဲ့ ပစ္စည်းပစ္စယ အားလုံးကို ဧည့်ခန်းလို့ သတ်မှတ်ထားတဲ့နေရာ အခန်းကို ပို့လိုက်တယ်။ အဲဒီ လုပ်ရပ်တွေ ဖြစ်လာတဲ့အခါကျတော့ ကျွန်တော်က စကားနဲ့ ဖျောင်းဖျပါတယ်။

နားသွင်းပါတယ်။ နှစ်ခါလောက် ပြောပြီးတဲ့အခါကျတော့ သူက နားမထောင်ချင်ပါဘူးလို့ ငြင်းပါတယ်။ ဒါ့ကြောင့် တစ်အိမ်တည်း နေသူ အချင်းချင်း စာရေးပြီးတော့ ချော့ပါတယ်။ ဟိုတုန်းက တစ်ယောက်ကို တစ်ယောက် ကြင်နာခဲ့တာတွေ၊ အနစ်နာခံခဲ့တာတွေ၊ အခက်အခဲ တွေ့တိုင်း အတူတကွ ဖြတ်ကျော်ခဲ့တာ တွေ ရေးပြပြီးတော့ပေါ့။ ဒါပေမဲ့ စာ နှစ်စောင် သုံးစောင်လောက်လည်း ရေးပြီးရော သူက မဖတ်ချင်ပါဘူးလို့ ရေးပြန်ပါရော။ နောက် သူနဲ့ အတူတကွ ပေါင်းသင်းနေတဲ့ မိတ်ဆွေတွေ၊ ကိုးကွယ်နေတဲ့ ဘုန်းကြီးတွေ၊ သီလရှင်တွေကို အကူအညီ တောင်းပြီး ဖျောင်းဖျပေးဖို့၊ ပြေလည်အောင် ညှိပေးဖို့ အတန်တန် မေတ္တာရပ်ခံ လျှောက်ထားခဲ့ပါတယ်။ ဒါပေမဲ့ အကျိုး မထူးခဲ့ပါဘူး။

တစ်ချိန်မှာတော့ ပြည်ပမှာ နေတဲ့ သမီးနဲ့ မိသားစုတို့ လာတဲ့အခါ တစ်စုတစ်ဝေးတည်း လူကြီးတွေကို သွားကန်တော့ကြစို့လို့ သူ့ကို ခေါ်တဲ့အခါ "သွားကြလေ၊ ကျွန်မတော့ မလိုက်ဘူး" လို့ အဖြေရခဲ့ပါတယ်။ အဲဒီအခါမှာ သူ့အပေါ်မှာ ထားခဲ့တဲ့ သံယောဇဉ်တွေ၊ မျှော်လင့်ချက်တွေဟာ "ထောင်း" ခနဲ မြည်သံ ကြားရ လောက်အောင် ပြတ်တောင်းသွားပါတော့တယ်။

## ကိုယ့်ဘက်က အလိုက်သိခဲ့ပေမဲ့

နည်းနည်းတော့၊ ချဲ့ပြောဖို့ လိုမယ် ထင်ပါတယ်။ ယောက္ခမကြီးက နိုင်ငံခြားသားသွေး ပါလို့ ရာထူး မတိုးခဲ့ သော်လည်းပဲ စိတ်ကွက်ခြင်း၊ စိတ်ပျက်ခြင်း မရှိဘဲ သူ့တပ်မှာ ဗိုလ်မှူးရာထူးနဲ့ပဲ ဆက်တာဝန်ထမ်းပါတယ်။ အသက် ၆၀ ပြည့်တော့ သက်ပြည့် ပင်စင် ယူလိုက်ရပေမဲ့ နေစရာ အိမ် မရှိပါ။ ကျွန်တော်က စီပွားရေး ပြေလည်တဲ့ အလျောက် သူတို့အတွက် တိုက်အိမ်တစ်လုံး ဝယ်ပေးပါတယ်၊ ခဏ နေဖို့ပေါ့။

အဲဒီခေတ်က တန်ဖိုး သုံးသိန်းခွဲလောက် ရှိပါတယ်။ ၁၉၈၅ ခုနှစ်လောက် ထင်ပါရဲ့။ ဒါနဲ့ ကျွန်တော် နိုင်ငံရေး နယ်ပယ်ထဲလည်း ရောက်သွားရော ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့မှာ ထောင်ထဲကို ဒုတ်ဒုတ်ထိ ရောက်သွားပါလေရော။ ထောင်ထဲမှာ ငါးနှစ်ခွဲ ကြာပြီး ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလမှာ ပြန်လွတ်လာခဲ့ပါတယ်။ အဲဒီအခါမှာ ယောက္ခမကြီးက ကျွန်တော့်ကို "မောင်ဝင်းထိန်၊ မင်း ဝယ်ပေးထားတဲ့ အိမ်မှာ ငါတို့ မိသားစု နေခဲ့တာ အိမ်လခ မပေး ဘာမပေးနဲ့ ဆယ်နှစ် ဆယ်မိုး ကျော်ခဲ့ပြီ၊ တော်လောက်ပြီကွာ၊ အဲဒီတော့ ဒီအိမ်ကို မင့် သားသမီး အတွက် ဖြစ်ရမယ်၊ ပြန်ယူတော့" လို့ ပြောပါတယ်။

ကျွန်တော်က သေသေချာချာ စဉ်းစားပြီးမှ "ပါကြီးတို့ မိသားစု နေပါဗျာ၊ ပါကြီး တစ်သက်၊ အဘွားကြီး တစ်သက် နေကြပါ၊ ကျွန်တော် မလိုသေးပါဘူး။ တကယ်လို့ သိပ်လိုအပ်ပြီ ဆိုရင်တော့ ပြောပါ့မယ်" လို့ ပြန်ပြောခဲ့ပါတယ်။ ဒီအကြောင်းကို ဇနီးသည်နဲ့တကွ သူတို့ တစ်မျိုးလုံး သိကြပါတယ်။ ဒါနဲ့ ၁၉၉၆ ခုနှစ်မှာ တစ်ခါ ထောင်ပြန်ကျပြန်ရော။ ၁၄ နှစ်ကျော် နေခဲ့ရတယ်။ အိမ်ပြန်ရောက်တော့ ဇနီးသည် ယူထားတဲ့ ကြွေးတွေက တော်တော်များနေပြီ ဖြစ်ကြောင်း သိလိုက်ရပါတယ်။ အဲ့ဒါကြောင့်မို့လို့ သူတို့ကို ဝယ်ပေးထားတဲ့ အိမ် ပြန်ရောင်းမယ်၊ ရောင်းရငွေထဲက တစ်ဝက်လောက်ကို သူတို့ကို ပြန်ပေးမယ်။ ကျန်တာကို ကြွေးဆပ်မယ်၊ ပိုတာကို ရင်းနှီး မြှုပ်နှံမယ်လို့ စိတ်ကူးရှိပါတယ်။ ဒီကိစ္စကို ဇနီးသည်ကို ပြောတော့ မမျှော်လင့်တဲ့ စကားတွေ၊ အမူအရာတွေနဲ့ ကြုံလိုက်ရပါတယ်။ သူ့ရဲ့ တုံ့ပြန်ချက်က ဘယ်လိုလဲ ဆိုတော့ "အဲဒါ အမေ့ အိမ်လေ ကိုကြီးနဲ့ မဆိုင်ဘူး" ဆိုပြီး ခါးခါးသီးသီး ငြင်းပါတယ်။

ကျွန်တော် ဘာပြန်ပြောရမှန်းတောင် မသိပါဘူး။ မမျှော်လင့်တဲ့ စကား ကြားလိုက်မိတော့ ကျွန်တော့် စိတ်ဟာ အကြီးအကျယ် ချောက်ချားသွားပါတယ်။ ကိုယ် စီးပွားရေး ကောင်းခဲ့စဉ်က စေတနာအပြည့်နဲ့ သူတို့ကို ပံ့ပိုး ကူညီခဲ့တယ်။ ကိုယ် အခက်အခဲ ကြုံရပြီဆိုတော့ ဒီလို တုံ့ပြန်တာဟာ ကျွန်တော် လုံးဝ မမျှော်လင့်ခဲ့တဲ့ အနေအထားပါ။

ဒါ့ကြောင့်မို့ နောက်တစ်နေ့မှာ ကျွန်တော် သူ့ကို ပြောလိုက်ပါတယ်၊ "အဲဒီ အိမ်ကိစ္စ တုံ့တုံ့တို့ စိတ်ချမ်းသာသလို လုပ်၊ ကိုကြီး တစ်ပြားမှ မယူတော့ဘူး" လို့ ပြတ်ပြတ်သားသား ပြောလိုက်ပါတယ်။ စိတ်က ဘယ်လောက် ချောက်ချားသလဲ ဆိုရင် အိမ်ပေါ်က ချက်ချင်း ဆင်းသွားချင်လောက်တဲ့ အထိပါပဲ။ ဒါပေမဲ့ သားသမီးတွေရဲ့ မျက်နှာကို ထောက်ထားရဦးမယ်လေ ဆိုတဲ့ စိတ်နဲ့ ပြန်ဖြေပြီး အိမ်မှာပဲ ကြိတ်မှိတ်နေခဲ့ပါတယ်။ အဲဒီအချိန်က စပြီး သူဟာ ကျွန်တော့်ကို စိမ်းစိမ်းကားကား ရန်သူသဖွယ် ဆက်ဆံနေပါတော့တယ်။

အဲဒီအိမ်ကို ဇနီးသည်နဲ့ သူ့အမေတို့ ကြီးကြပ်ပြီး ရောင်းတာ ဟုတ်မဟုတ်တော့ မသိဘူး၊ သိန်း သုံးထောင် ခြောက်ရာလောက် ရတယ် ပြောပါတယ်။ သူ့ အပါအဝင် သမီး လေးယောက်ကို ငါးရာစီ ပေးပြီး၊ ကျန်တဲ့ ပိုက်ဆံကို သူ့အမေနဲ့ သူ့မောင်တို့အတွက် သတ်မှတ်တယ်လို့ ကြားရပါတယ်။ ကျွန်တော် စိတ်ဆင်းရဲတော့ပါ။ ပိုင်းဖြတ်ပြီးပြီမို့ ကိုယ်နဲ့ မဆိုင်သလိုပဲ နေလိုက်ပါတယ်။ အဲဒါနဲ့တင် မပြီးပါဘူး။ အဘွားကြီးနဲ့ သူ့သမီး နှစ်ယောက်က ရှာစဉ်လည်ပြီး ပြောပါသတဲ့။

"အဘိုးကြီး ထားခဲ့တဲ့ မြေနဲ့ တိုက်ကို ဦးဝင်းထိန်က အတင်းအကြပ် ပိုင်ဆိုင်ဖို့ လုပ်နေတယ်၊ အဲဒါ ကြောင့် အကြီးအကျယ် စိတ်ဆိုးနေတယ်" ဆိုတဲ့ အကြောင်းတွေ ပြောတယ်လို့ တဆင့် ကြားနေရပါတယ်။ ဘယ်လောက်အထိများလဲ ဆိုရင် ကွင်းကောက်ရွာမှာ ရှိတဲ့ အဘိုးကြီးရဲ့ ညီနှစ်ယောက်ကိုပါ တကူးတက သွားပြောကြပါသေးတယ်။ မူလ ခင်မင်ရင်းစွဲရှိတဲ့ ဦးလေးကြီး နှစ်ယောက်ဟာလည်း ကျွန်တော့်ကို မေးထူး ခေါ်ပြောတောင် မလုပ်ကြတော့ပါဘူး။ ကျွန်တော်ကလည်း သူတို့အားလုံးကို "ဥပေက္ခာနယ်မြေ" ကို ပို့ထား

လိုက်ပါပြီ။ လူချင်း တွေ့ရင်တော့ ပုံမှန် ဆက်ဆံလိုက်ပါတယ်။ ဒါပေမဲ့ ဆွေမျိုးသဖွယ် လေးနက်စရာ အကြောင်း မရှိတော့ပါ။

အခြေအနေ အရပ်ရပ်ကို သုံးသပ်ကြည့်တဲ့အခါ ပြဿနာရဲ့ အဓိက ဇာစ်မြစ်က ယောက္ခမကြီး ဦးကျော်မြင့် ကွယ်လွန်သွားခြင်း ဖြစ်ပါတယ်။ သူဟာ အမြဲတမ်း မျှမျှတတ စဉ်းစား ဆုံးဖြတ်လေ့ရှိသူ တစ်ဦးပါ။ ကျွန်တော့်ကိုလည်း သားအရင်းသဖွယ် ချစ်ပါတယ်။ ဒါ့ကြောင့်မို့လည်း ၁၉၉၅ ခုနှစ် ထောင်က လွတ်တော့ သူတို့နေတဲ့ နေအိမ်ကို ကျွန်တော့်ကို ပြန်ပေးတာပါ။ ဒါပေမဲ့ သူ့ဇနီး ယောက္ခမ အမကြီးကတော့ ကျွန်တော့်ကို သူ့သားလို့ မသတ်မှတ်တာ သေချာပါတယ်။ ဇနီးသည်ကလည်း ကျွန်တော်တို့ လင်မယားဘဝဟာ ဒုတိယ၊ သူ့မိသားစုအရေးဟာ ပထမ ဆိုတဲ့ သဘောတရားကို ကိုင်စွဲထားတာပါ။ ကိုင်စွဲထားသလိုလည်း ကျင့်သုံးနေတာပါ။ ဒါ့ကြောင့်မို့လည်း ကျွန်တော်တို့ အိမ်ထောင်ရေး ရေစုန်မျှောခဲ့တာပါ။

## မြန်မာ-အိန္ဒိယ နယ်နိမိတ် သတ်မှတ်ရေး ကော်မရှင်

ကျွန်တော် စစ်ရုံး ရောက်သွားလို့ သိပ်မကြာခင်မှာပဲ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) စီမံရေးနဲ့ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) သုတေသနဌာနတို့ ဖွဲ့စည်းပုံကျပါတယ်။ ကျွန်တော်က စီမံရေးမှာ တာဝန်ကျပါတယ်။ များမကြာမီမှာပဲ အိန္ဒိယနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ နှစ်နိုင်ငံကြားမှာ ရှိတဲ့ နယ်နိမိတ်ကို သတ်မှတ်ဖို့ အရေးပေါ်လာပါတယ်။ အဲဒီလို နယ်နိမိတ် သတ်မှတ်ဖို့အတွက် ကော်မရှင်ဖွဲ့ရာမှာ ဗိုလ်မှူးကြီး ကြည်မောင်က ဥက္ကဋ္ဌ ဖြစ်လာပါတယ်။ အဖွဲ့ဝင်တွေကတော့ နိုင်ငံခြားရေးရုံး၊ ပြည်ထဲရေး၊ မြေတိုင်း ဦးစီးဌာနနဲ့ ကက (ကြည်း)၊ စစ်ဆင်ရေး ဌာနက စစ်ဦးစီး အရာရှိ (ပထမတန်း) အပြင် ကက (လေ)၊ ကက (ထောက်)၊ ကက (ပုံ) တို့က အရာရှိကြီးတွေ ပါဝင်ပြီး ကျွန်တော်က ကော်မရှင် အဖွဲ့ဝင် ဖြစ်လာပါတယ်။ အတွင်းရေးမှူးကတော့ ကက (ကြည်း) စီမံက စစ်ဦးစီး အရာရှိ (ပထမတန်း) ဖြစ်ပါတယ်။

စစ်ဦးစီးမှူး (ပထမတန်း) ဂျီ-ဝမ်းတွေက ရာထူးတိုးပြီး ခဏ ခဏ ပြောင်းပါတယ်။ ဉပမာ- ဒု ဗိုလ်မှူးကြီး ခင်မောင်တင့် (ကွယ်လွန်)၊ ဒု ဗိုလ်မှူးကြီး မောင်မောင်ခင် (ရုပ်ရှင် မင်းသမီး ခင်သန်းနု ယောကျ်ား- ကွယ်လွန်)၊ ဒု ဗိုလ်မှူးကြီး စိန်ဝင်း (ကွယ်လွန်) တို့ ဖြစ်ပါတယ်။ နောက်လည်း ကျန်ပါသေးတယ်။ သူတို့က ခဏ ခဏ ပြောင်းနေတော့ နယ်နိမိတ် ကိစ္စတွေ အားလုံးလိုလို ကျွန်တော်ပဲ ဒိုင်ခံ ကိုင်တွယ်ရပါတယ်။ ဌာနဆိုင်ရာတွေနဲ့ ညှိနှိုင်းတဲ့ အခါမှာလည်း ကက (လေ) နဲ့ ဆက်ဆံရပါတယ်။ ဒါကလည်း နယ်စပ် ရောက်နေတဲ့ တပ်တွေ ဆက်သွယ်ရေး ခက်ခဲလို့ လေကြောင်း ရိက္ခာ ချရတဲ့ အခါမျိုးတွေမှာ ကက (ပုံ) တို့၊ ကက (ထောက်) တို့နဲ့ ဆက်သွယ်ရပါတယ်။ အိန္ဒိယနိုင်ငံနဲ့ ဆက်သွယ်ရေးကျတော့ နိုင်ငံခြားရုံးနဲ့ ဆက်သွယ်ရပါတယ်။

ပြည်တွင်းရေး ကိစ္စကတော့ နယ်နိမိတ် သတ်မှတ်ရေး ကိစ္စတွေကြရင် မြေတိုင်း ဌာနနဲ့ ပြည်ထဲရေး ဌာနတွေနဲ့ ဆက်ဆံရပါတယ်။ ဒါ့ကြောင့် မြေတိုင်း ဌာနက ဗိုလ်မှူးကြီး လှအောင် ခေါင်းဆောင်တဲ့ မြေတိုင်း အရာရှိများအပြင် ပြည်ထဲရေး ဌာနက ထိုစဉ်က ညွှန်ချုပ် ဦးသာထွန်း (နောင် ရှေ့နေချုပ်၊ ယခု- ကွယ်လွန်) တို့နဲ့လည်း ခင်ခင်မင်မင် ဆက်ဆံခဲ့ရပါတယ်။ နယ်စပ်ဒေသကိုလည်း နှစ်စဉ် တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် ခရီးထွက်ရပါတယ်။

မိုးရာသီ ရောက်တဲ့အချိန်မှာ လုပ်ငန်းတွေ မလုပ်ဆောင်တော့တဲ့အတွက် ပွင့်လင်း ရာသီမှာပဲ ဆောင်ရွက်နိုင်ပါတယ်။ ဒါ့ကြောင့်မို့လို့ နယ်နိမိတ် သတ်မှတ်ရေး လုပ်ငန်းမှာ တပ်က လုံခြုံရေး အပြင် မြေတိုင်း အရာရှိများ၊ ပြည်ထဲရေးမှ အရာရှိများလည်း ပါဝင်ပါတယ်။ မြန်မာ-အိန္ဒိယ နယ်နိမိတ် သတ်မှတ်ရေး

ကော်မရှင် လုပ်ငန်းများကို တပ်မတော်ရဲ့ ဦးဆောင်မှုနဲ့ ဆောင်ရွက်ရတဲ့ အတွက်၊ စစ်ဆင်ရေးသဖွယ် ဆောင်ရွက်ရတဲ့ အတွက် "အောင်နိမိတ် စစ်ဆင်ရေး" လို့ အမည်ပေးပြီး အကောင်အထည် ဖော်ခဲ့ရပါတယ်။ ကျွန်တော်ကတော့ အောင်နိမိတ် စစ်ဆင်ရေး ဌာနချုပ်မှာ ဦးစီးအရာရှိတစ်ဦး ဖြစ်လာခဲ့ပါတယ်။

ယခင် ဗိုလ်ချုပ်ကြီး နေဝင်း ခေါင်းဆောင်တဲ့ အိမ်စောင့် အစိုးရ လက်ထက်မှာလည်း တရုတ်-ဗမာ နယ်နိမိတ် သတ်မှတ်ရေးကို "ဘဘ စစ်ဆင်ရေး" နဲ့ အကောင်အထည် ဖော်ခဲ့ဖူးပါတယ်။ အဲဒီ စစ်ဆင်ရေး တာဝန်ယူရတဲ့ စစ်ရုံးက ဗိုလ်ကြီး မောင်မောင်ခင် (နောင် မင်းသမီး ခင်သန်းနု ယောက်ျား- ကွယ်လွန်) ကို ရင်းနှီးတဲ့ မိတ်ဆွေများက "ဘဘ" ခေါ်ကြပါတယ်။ အဲဒီ ထုံးစံကို ယူကြတယ် ထင်ပါရဲ့ ကျွန်တော့်ကို "အောင် နိမိတ်ကလေး" လို့ ခေါ်ကြပါတယ်။

## ပြည်တွင်း ခရီးစဉ်များ

အောင်နိမိတ် စစ်ဆင်ရေးကို အဆင့် ၁ မှ အဆင့် ၄ အထိ ဆင်နွှဲခဲ့ရာ ကျွန်တော်က ဌာနချုပ် သတင်းစုဆောင်း ခြင်းနဲ့ အထက်လူကြီးများထံ တင်ပြခြင်းများ လုပ်ခဲ့ပါတယ်။ နှစ်တိုင်းလိုလို သင့်လျော်တဲ့ အချိန်တစ်ခုမှာ ဌာနချုပ်မှ လူကြီးများက နယ်နိမိတ် သတ်မှတ်တဲ့ လုပ်ငန်းများကို သွားရောက် စစ်ဆေးလေ့ရှိပါတယ်။ ပထမ ဆင့်တွင် မြန်မာ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် သုံးပွင့်ဆိုင် နယ်နိမိတ်အနီးမှ မြောက်ဘက် နယ်စပ် တစ်လျှောက်မှ ချင်းပြည်နယ် နယ်စပ်အထိ ပါဝင်ပါတယ်။

အဲဒီနယ်မှာ အဖွဲ့ဝင်များဟာ ရန်ကုန်ကနေ စစ်တွေကို ကက (လေ) က စီစဉ်ပေးတဲ့ စစ်လေယာဉ်နဲ့ သွား၊ စစ်တွေက တစ်ဆင့် နယ်ခြားစခန်းများကို ရဟတ်ယာဉ် နှစ်စီးနဲ့ သွားရောက် စစ်ဆေးလေ့ရှိပါတယ်။ ဒုတိယ အဆင့်ကျတော့ ကလေးမြို့အထိ လေယာဉ်ပျံနဲ့ သွား၊ ကလေးမြို့က တစ်ဆင့် တီးတိန်၊ ဖလန်း၊ ဟားခါး မြို့တွေကို ရဟတ်ယာဉ်နဲ့ သွား၊ အဲဒီမြို့တွေကမှ တစ်ဆင့် နယ်နိမိတ် သတ်မှတ်ရေး စခန်းများကို ထပ်မံ သွားရောက် စစ်ဆေး။ တတိယ အဆင့်ကျတော့ ခန္တီးမြို့ကို သွား၊ အဲဒီကမှ တစ်ဆင့် လဟယ်၊ လေရှီး၊ ဆောလော စတဲ့ စခန်းတွေကို ရဟတ်ယာဉ်နဲ့ သွားပေါ့။

## ထူးခြားချက်များ

ခရီးစဉ်တွေကို ကျွန်တော်ပဲ တာဝန်ယူပြီး စီစဉ်ရတာပါ။ ကျွန်တော်က အဆင့်အငယ်ဆုံး ဖြစ်တော့ စစ်တွေ၊ ကလေးနဲ့ ခန္တီး ခရီးစဉ်များကို လေယာဉ်ပျံနဲ့ လိုက်ပါရပေမဲ့ ရှေ့တန်းစခန်းများကိုတော့ ရဟပ်ယာဉ် မဆံ့လို့ တစ်ခါတလေမှပဲ ပါပါတယ်။ ချင်းတောင်ကို သွားတော့ ကလေး အထိက လေယာဉ်ပျံ၊ ကလေးက ဖလန်း/ ဟားခါး မြို့များ အထိတော့ ကားနဲ့ပေါ့။ နယ်နိမိတ် သတ်မှတ်ရေး စခန်းများကို ကားနဲ့ သွားနိုင်တဲ့ နေရာအထိ တော့ သွားခဲ့ပါတယ်။

ဒါကြောင့် နာမည်ကျော် ရိဒ်ရေကန်ကိုလည်း ရောက်ခဲ့ပါသေးတယ်။ ရိဒ်ရေကန် နာမည်ကျော်တာက အဲဒီကန်ကို အပေါ်ကနေ မိုးကြည့်ရင် အသည်းပုံသဏ္ဍာန် ရှိနေပါတယ်။ အလျား အနံ လေးဖာလုံစီလောက် ရှိမယ် ထင်ပါတယ်။ ကျွန်တော်တို့ကို ဧည့်ခံတဲ့ ချင်းတိုင်းရင်းသားများရဲ့ ထမင်းဟင်းများကိုလည်း အဲဒီကျမှ စားရတာပါ။ ဆန်ကတော့ ဆန်လုံးညိုထက်တောင် ကြမ်းပါသေးတယ်။ ဟင်းကတော့ အမဲသားဟင်း။ ချက် ထားပုံကတော့ ဆီ မပါပါဘူး။ ကြက်သွန်ဖြူ/နီ လုံးဝ မပါပါဘူး။ နနွင်းလည်း မပါပါဘူး၊ ချင်း နည်းနည်းသာ ပါတဲ့ ရေလုံပြုတ်ပါ။ တိုင်းရင်းသားတွေ စိတ်ကွက်သွားမှာ စိုးလို့ အားနာနာနဲ့ ကြိတ်မှိတ် လွေးခဲ့ရပါတယ်။



ခန္တီးမြို့ပေါ်တွင် ဆုံစည်းခဲ့တဲ့ နာဂ ပျိုဖြူများနဲ့၊ စာရေးဆရာ ဦးစိန်လွင်လေးနဲ့ ကျွန်တော်တို့ နာဂ ဝတ်စုံများ ငှားပြီး အမှတ်တရ။ နာဂ ပျိုဖြူများမှာ မြို့ပေါ်ရောက်မှ လုံချည် ဝတ်ကြကြောင်း သိရ။

အောင်နိမိတ် စစ်ဆင်ရေး၊ တမူးမြို့။ KMT ရဲ့ ညာဘက်မှာ ကျွန်တော်၊ ဘယ်ဘက်မှာ နိုင်ငံခြားရေးရုံးက ဦးလှရွှေ (ဒီးစီ မဒါးရဲ့ သမက်- နောင်မကြာမီ တောခိုသွား)။




ခန္တီးမြို့ပေါ်ရောက် ဈေးလာဝယ်တဲ့ နာဂမောင်များ။






ဒေါင်နိမိတ် စစ်ဆင်ရေး၊ တမူးမြို့မှာ ဗိုလ်ကြီး ကျော်အေးနဲ့ အတူ။

---

မြန်မာ-အိန္ဒိယ နယ်နိမိတ် သတ်မှတ်ရေး အတွက် ရောက်ရှိလာသော အိန္ဒိယ နိုင်ငံမှ ကိုယ်စားလှယ် အဖွဲ့အား မင်္ဂလာဒုံ လေဆိပ်တွင် လိုက်လံ ပို့ဆောင်စဉ်။ ဝဲအစွန်- ဒုဗိုလ်မှူးကြီး စိန်ဝင်း၊ အလယ်တွင် အရပ်ဝတ်နဲ့ ဗိုလ်မှူးကြီး လှအောင် (ကွယ်လွန်)၊ ယာအစွန်- စာရေးသူ။






အောင်နိမိတ် စစ်ဆင်ရေး ရှေ့တန်း တစ်နေရာအား စစ်ဆေးရန် ရောက်ရှိလာတဲ့ လူကြီးများ။ ဝဲမှယာ- ဗိုလ်မှူးကြီး လှအောင်၊ ဒုဗိုလ်မှူးကြီး ထောင်ဇာခိုင်၊ ဗိုလ်မှူးကြီး စောမြူ၊ နိုင်ငံခြားရေး ဌာန ညွှန်ချုပ် ဦးထွန်းရှိန်၊ စစ်ရုံးမှ ဒုဗိုလ်မှူးကြီး လှမောင် (ဂဠုန်)။ (ဦးစောမြူမှ လွဲပြီး အားလုံး ကွယ်လွန်။)

မြန်မာ-အိန္ဒိယ နယ်နိမိတ် ကော်မရှင်ရဲ့ ဖိတ်ကြားချက်ဖြင့် ရောက်လာကြသော အိန္ဒိယ နိုင်ငံမှ ဧည့်သည်များအား မေမြို့ တစ်နေရာ၌ ဧည့်ခံစဉ်။





ခန္တီးမြို့ပေါ်ရောက် နာဂမယ်လေး။ (စပ်စုလို့ သိရတာက သူ့အသက် ၁၃ နှစ်ပါတဲ့။)



ဇနီး ၅၅ ယောက် ရှိတယ်လို့ ပြောကြတဲ့ စောလော ရွာသူကြီး။

နာဂတောင်တန်း သွားတုန်းကတော့ တစ်မျိုးပါ။ လူကြီးဆိုလို့ နိုင်ငံခြားဝန်ကြီး ဒေါက်တာ မောင်လွင်၊ ပြည်ထဲရေးဝန်ကြီး ဗိုလ်မှူးကြီး ကျော်စိုး၊ ဗိုလ်မှူးကြီး ကြည်မောင်နဲ့ မြေတိုင်းညွှန်ချုပ် ဗိုလ်မှူးကြီး လှအောင် တို့ ပါပါတယ်။ အငယ်ပိုင်းကတော့ ကျွန်တော်ရယ်၊ ဂျီ-ဝမ်း ဗိုလ်မှူးကြီး ခင်မောင်တင့်ရယ်၊ မြေတိုင်းက ညွှန်မှူး ဦးလှကျော်ရယ်၊ မှတ်တမ်းပြုစုမယ့် စာရေးဆရာ (ဦး)စိန်လွင်လေးနဲ့ ပြည်ထဲရေး ညွှန်ချုပ် ဦးသာထွန်း (နောင် ရေ့နေချုပ်- ကွယ်လွန်) တို့ ပါပါတယ်။

တစ်ညအိပ်ပြီး နောက်နေ့မနက် နံနက်စာ စားတဲ့အခါကျတော့ (ဦး)စိန်လွင်လေးက အသင့်ပါလာတဲ့ ကက်ဆက်ကို စားပွဲပေါ် တင်လိုက်ပါတယ်။ ပြီးမှ "နားဆင်ကြပါတော့ဗျို့၊ အိပ်ကို မအိပ်လိုက်ရဘူး" လို့ ပြောပြီးတော့ ကက်ဆက်ကို ဖွင့်လိုက်ပါတယ်။ ထွက်လာတဲ့အသံက ရထား တစီး ခုတ်မောင်းသလိုပါပဲ။ သေသေချာချာ နားထောင်မှ လူတစ်ယောက် အိပ်ရင်းနဲ့ ဟောက်နေတဲ့ အသံပါ။ ဦးစိန်လွင်လေးက နှစ်ယောက်ခန်းမှာ ဦးသာထွန်းနဲ့ အတူအိပ်ရတာပါ။ ဦးသာထွန်းက ဝလည်းဝတော့ ဟောက်သံ ပြင်းတယ်နဲ့ တူပါတယ်။ ဦးသာထွန်း အိပ်တဲ့နားမှာ ကက်ဆက်ချပြီး ဟောက်သံကို အသံသွင်းထားတာပါ။ ဦးသာထွန်း ကတော့ နံနက်စာကို အပြုံးမပျက် စားနေပါတယ်။

လူကြီးတွေ ရဟတ်ယာဉ် နှစ်စီးနဲ့ ထွက်ခွာသွားတော့ ရဟတ်ယာဉ် မဆန့်လို့ ကျန်နေတဲ့ ကျွန်တော်တို့ လူငယ်တစ်သိုက် ခန္တီးဈေးကို သွားကြည့်ကြပါတယ်။ ဈေးကို နာဂလူမျိုးတွေ ဈေးလာဝယ်ကြတာ တွေ့ရပါတယ်။ ယောက်ျားတွေက နံငယ်ပိုင်းပဲ ဝတ်ထားပါတယ်။ အပေါ်ပိုင်းကတော့ ဗလာပါ။ ဆွဲကြိုးတွေ အထပ်ထပ် ဝတ်ထားပြီး လက်မောင်းမှာလည်း လက်ဖွဲ့လိုလို ကြိုးသေးသေးလေးတွေ ပတ်ထားပြီး ခေါင်းမှာ

တော့ ငှက်တောင်တွေ ပါတဲ့ ခေါင်းပေါင်း ပေါင်းထားကြပါတယ်။ ခါးမှာတော့ မောင်းလိုလို၊ ဘာလိုလို သံဖြူခဲ အဝိုင်းတွေ ရှေ့မှာချထားကြပါတယ်။

အမဲလိုက်တဲ့ လှံကြီးတွေလည်း သယ်လာပါတယ်။ ကျွန်တော်တောင် နာဂတစ်ယောက်ဆီက ခေါင်းဆောင်းနဲ့ လှံကို ငှားပြီး ဓာတ်ပုံရိုက်ခဲ့ပါသေးတယ်။ မိန်းမတွေလည်း အပေါ်ပိုင်း ဗလာပါ။ ကျွန်တော်တို့ အတွက်တော့ အထူးအဆန်းတွေပေါ့။ ကြည့်လို့တော့ ကောင်းသား။ အရင်တုန်းကတော့ ကြားဖူးရုံပဲ ကြားဖူး တာကိုး။ ကျွန်တော့်ဆီမှာ အဲဒီတုန်းက (၁၉၇၂ ခုနှစ်) ဓာတ်ပုံတွေ အခုထိ ရှိပါသေးတယ်။

## ထိုစဉ်က ထူးခြားတဲ့ ဆောလော ရှာသူကြီး

လဟယ်မြို့၊ လေရှီး၊ ဆောလော စတဲ့နေရာတွေကို တစ်ဆက်တည်း သွားလို့မရပါဘူး။ တစ်နေရာကို သွား ပြီးရင် ခန္တီးကို ပြန်လာ၊ ဒေသခံ တိုင်းရင်းသားတွေ အတွက် လက်ဆောင်တွေ ရဟတ်ယာဉ်ပေါ် တင်ပေး၊ အဲလို လုပ်ရတာပါ။ လက်ဆောင်တွေကတော့ သူတို့နဲ့ အသုံးတည့်မယ့် အပ်ချိတ် အရွယ်မျိုးစုံ ၊ အပ်နဲ့ အပ်ချည်၊ ရာဘာဖိနပ် ဆိုဒ်မျိုးစုံ၊ ဓာတ်ဘူး၊ ကြွေရည်သုတ် ရေနွေးကရား စတဲ့ တိုလီမိုလီ ပစ္စည်းတွေကို ခရီးစဉ် မတိုင်ခင်ကတည်းက ကုန်သွယ်ရေးဆိုင်တွေမှာ လျှောက်ထားပြီး ဝယ်ယူရပါတယ်။

ပစ္စည်း တစ်မျိုး တစ်မျိုးကို လေးပုံ ပုံပြီး အထုပ်ကြီး လေးထုပ် ခွဲထုပ်ရပါတယ်။ စခန်း တစ်ခုကို အထုပ်ကြီး တစ်ထုပ် သဘောမျိုးပေ့ါ။ လူကြီးတွေ နောက်ဆုံး သွားတဲ့ စခန်းက ဆောလောပါ။ အဲဒီက ပြန် လာလို့ ရဟတ်ယာဉ်ပေါ်က လူကြီးတွေ ဆင်းလာရင်ပဲ ပြောလိုက်ကြတဲ့ စကားတွေ ဖောင်နေတာပဲ။ အကြောင်းအရာကတော့ ဆောလော ရှာသူကြီး အကြောင်းပါ။ သူတို့ ပြောစကားတွေ ချုံ့ ရေးပြရရင်တော့ ဒီလိုပါ ခင်ဗျား.......။

ဆောလောရွာ ရောက်တော့ ကြိုတင် အကြောင်းကြားတဲ့အတိုင်း ဆောလော ရှာသူကြီးနှင့်တကွ ရွာခံ လူကြီးများက ကြိုဆိုကြပါသတဲ့။ လက်ဆောင်ထုပ်တွေကိုတော့ ရွာသူကြီးက သူ့အိမ်ကို ယူသွားပါတယ်။ လူကြီးတွေလည်း သူ့အိမ်ကို ဖိတ်ပါတယ်။ ဒါ့ကြောင့် လူကြီးတွေက လိုက်သွားပါတယ်။

အိမ်ရယ်လို့တော့ မဟုတ်ပါဘူး။ အောက်က မဒမတိုင်တွေလို ထောက်ထားတဲ့ သစ်တွေပေါ်မှာ တဲတန်း အရှည်ကြီး တစ်ခုပါတဲ့။ ကျွန်တော်တို့ လူကြီးတွေ စိတ်ဝင်စားတာက သူတို့ ရောက်သွားတော့ သူကြီးရဲ့ မိန်းမတွေ တစ်အုပ်ကြီးက ကြိုဆိုတာပါ။ ဇနီး စုစုပေါင်း ၅၅ ယောက် ရှိပါသတဲ့။ သူကြီးရဲ့ အသက် က ၅၀ ကျော်လောက် ရှိပါပြီ။

သူနဲ့ရွယ်တူ ဇနီးကြီးရဲ့ နောက် ဆက်တိုက်ယူတဲ့ ဇနီးမယားတွေ တန်းစီလိုက်တာ ဇနီး အငယ်ဆုံးက ၁၆ နှစ်လောက်ပဲ ရှိမယ်ဆိုပဲ။ လူကြီးတွေ စိတ်ဝင်စားမယ်ဆိုလဲ ဝင်စားကြမှာပဲလေလို့ ကျွန်တော် တွေးမိပါ တယ်။ စိတ်ဝင်စားတာထက် အားကျလို့များလားပေ့ါ။ အဲဒီ ဇနီးအားလုံးနဲ့ အဲဒီ တဲကြီးထဲမှာ နေနေကြတာပါ။ မိန်းမ တစ်ယောက် တိုးရင်း တဲကို ချဲ့ဆောက်ရင်းနဲ့ သူ့ရဲ့ တဲကြီးက တဖြည်းဖြည်း ရှည်လာတာ ပေ ၁၀၀ လောက် ရှိမယ် ထင်ပါတယ်။ သူတို့ ဓာတ်ပုံ ရိုက်လာခဲ့ကြပါတယ်။

လူကြီးတွေက တဲထဲကို မဝင်ရဲပါဘူးတဲ့။ ဘာ့ကြောင့်လဲဆိုတော့ အနံ့မျိုးစုံတွေ လှိုင်နေလို့ပါတဲ့။ သူတို့က တဲအပြင်မှာ ကပြင်လို ဟင်းလင်းပွင့်နေတဲ့ နေရာမှာပဲ ဖြစ်သလို ထိုင်ခဲ့ကြရပါသတဲ့။ ကျွန်တော်တို့ လူကြီး အားလုံးကတော့ ဒီဇင်ဘာလမို့လို့ အနွေးထည် ကိုယ်စီနဲ့ပါ။ ဒါပေမဲ့ နာဂတွေကတော့ လူကြီး လူငယ် အားလုံးလိုလို အဝတ်အစားကို ပါတယ် ဆိုရုံပဲ ဝတ်ထားကြတာပါ။ တစ်ခါတလေတော့ စောင်ခြုံလေ့

ရှိပါတယ်။ သူတို့တစ်တွေ အဒေးခံနိုင်ခြင်းရဲ့ လျို့ဝှက်ချက်ကတော့ ဝက်ဆီကို အမြဲ လိမ်းထားခြင်းပါပဲ။ ဝက်ဆီ လိမ်းထားခြင်းအားဖြင့် မွေးညင်းပေါက်တွေ အကုန် ပိတ်ဆို့ထားသလို ဖြစ်သွားတာပါ။ အဲဒီတော့ လူ့ခန္ဓာကိုယ်က ထွက်မယ့် အငွေ့တွေဟာ မထွက်နိုင်ဘဲ ကိုယ်တွင်းမှာပဲ အောင်းနေတဲ့ အတွက် အချမ်းခံနိုင်ကြတာပဲလို့ ယူဆရတာပါပဲ။

## ပြည်ပ ခရီးစဉ်

ကျွန်တော် စစ်ရုံးကိုရောက်လို့ မကြာခင်မှာ တပ်မတော်ကနေ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး တာဝန်အတွက် အာရပ်-အစ္စရေး ဒေသကို အရာရှိ ခြောက်ဦး ပို့ဖို့ ဖြစ်လာပါတယ်။ ဒုဗိုလ်မှူးကြီး နှစ်ဦး၊ ဗိုလ်မှူး နှစ်ဦးနဲ့ ဗိုလ်ကြီး နှစ်ဦးတို့ ဖြစ်ပါတယ်။ ပတ်စပို့တွေ လုပ်ရပါတယ်။ အနောက်တိုင်း ဝတ်စုံတွေ ကမန်းကတန်း ချုပ်ရပါတယ်။ စာထဲမှာက နှစ်ပတ်အတွင်း ထွက်ခွာမယ်လို့ ဆိုတာကို လုပ်ငန်း တာဝန် အကြမ်းဖျင်း ညွှန်ကြားချက်တောင် ပါသေး။ အလုပ်သဘောကတော့ ဒုဗိုလ်မှူးကြီး တစ်၊ ဗိုလ်မှူး တစ်နဲ့ ဗိုလ်ကြီး တစ်တို့ ပါတဲ့ အဖွဲ့ နှစ်ဖွဲ့ ခွဲရမှာပါ။

တစ်ဖွဲ့က အီဂျစ် တပ်မတော်ပိုင်း တာဝန်ယူပြီး ကျွန်တော် ပါတဲ့ အဖွဲ့က အစ္စရေးဘက်ပိုင်း တာဝန်ယူရမှာပါ။ နာမည်ကတော့ U.N. Peace-Keeping Force ဖြစ်ပါတယ်။ မထွက်ခွာမီ သုံးရက် အလိုမှာ U.N က ကြေးနန်း ဝင်လာပါတယ်။ ကျွန်တော်ဟာ အဲဒီအချိန်တုန်းက ဗိုလ်ကြီးအဆင့် မရောက်သေးပါဘူး။ ဗိုလ်အဆင့်ပဲ ရှိပါသေးတယ်။ (အရာရှိသက် ခြောက်နှစ်တော့ ရှိပါပြီ။) ကျွန်တော်ဟာ ဗိုလ်အဆင့်သာ ရှိသေးတဲ့အတွက် အခြား ဗိုလ်ကြီး တစ်ဦးနဲ့ အစားထိုး စေလွှတ်ရန် ဆိုတဲ့ သဘောပါ။ အဲဒီတော့ ကျွန်တော်က ဂန့်ပြီပေါ့။

ကျွန်တော့်အစား စစ်ဆင်ရေးဌာနက ဗိုလ်ကြီး သာဒွေး (နောင် ဗိုလ်မှူးကြီး- ကွယ်လွန်) အစားထိုး စေလွှတ်လိုက်ပါတယ်။ တကယ်တော့ အဲဒီလို အခြေအနေမျိုးမှာ ကျွန်တော့်ကို Local Captain ပေးလို့ရပါတယ်။ အပတ်စဉ် ၁ က ကိုသောင်းဆိုရင် အဲဒီတုန်းက ဒုချုပ်ဖြစ်တဲ့ ဗိုလ်မှူးချုပ် အောင်ကြီးရဲ့ P.S.O. အဖြစ် ခန့်အပ်ခြင်းခံရတော့ သူဟာ ကျောင်းဆင်းဆင်းချင်း Captain ဖြစ်ခဲ့တာပါ။ ထားလိုက်ပါတော့။

## နောက်တစ်ခေါက်... အိန္ဒိယ

မြန်မာ-အိန္ဒိယ နယ်နိမိတ် သတ်မှတ်ရေး ကော်မရှင် အလုပ်တွေနဲ့ ကျွမ်းကျင်လာပြီဆိုတော့ အိန္ဒိယနိုင်ငံကို အလုပ်သဘောနဲ့ ခရီးစဉ် တစ်ခု ပေါ်လာပါတယ်။ ကျွန်တော် မှတ်မိသလောက် ရေးပြရရင် အဖွဲ့ခေါင်းဆောင်က ဗိုလ်မှူးကြီး ကြည်မောင်(ကွယ်လွန်)၊ ဒုတိယ ခေါင်းဆောင်က မြေတိုင်း ညွှန်ချုပ် ဗိုလ်မှူးကြီး လှအောင်(ကွယ်လွန်)၊ နိုင်ငံခြားရေး ဝန်ကြီးဌာနက ညွှန်ချုပ် ဦးထွန်းရှိန် (ယခု သံအမတ် ဦးညွန့်မောင်ရှိန်ရဲ့ ဖခင်- ကွယ်လွန်) နဲ့ ဦးလှရွှေ (နောင် တောခိုပြီး အင်္ဂလန် ရောက်နေသူ)၊ မြေတိုင်းဌာနက ညွှန်မှူး ဦးလှကျော် (ကွယ်လွန်) နဲ့ အရာရှိ တစ်ဦး၊ ဂျီ-ဝမ်း ဒုတိယ ဗိုလ်မှူးကြီး ခင်မောင်တင့် (ကွယ်လွန်) နဲ့ ကျွန်တော်တို့ ပါပါတယ်။

ပထမပိုင်းကတော့ ဒေလီနဲ့ အနီးတစ်ဝိုက်ကို လှည့်ပတ်ရပါတယ်။ ဒါပေမဲ့ မလှည့်ပတ်မီမှာ နယ်နိမိတ် သတ်မှတ်ရေးနဲ့ ပတ်သက်တဲ့ နှစ်ဦးနှစ်ဖက် လက်ခံရမယ့် မူများကို ဆွေးနွေး ညှိနှိုင်းကြပါတယ်။ နောက်ပြီး နယ်နိမိတ် တိုင်းတာရေးနဲ့ ပတ်သက်တဲ့ Technical ပိုင်းကိုတော့ နှစ်နိုင်ငံ မြေတိုင်းဌာနတွေ သီးသန့်

ညှိနှိုင်းကြပါတယ်။ Sight seeing အနေနဲ့ Taj Mahal "တာ့ဂျ်မဟာ" နဲ့ သမိုင်း ပြတိုက်အချို့ကို သွားကြည့်ရပါတယ်။

ဇူလိုင်လ ဆိုတော့ ရာသီဥတုက ပြင်းထန်ပါတယ်။ ဒေလီ တစ်ဝိုက်က ပူပြင်း ခြောက်သွေ့တဲ့ ရာသီဥတုပါ။ ဟိုတယ်ကတော့ လေအေးစက် တပ်ထားလို့ နေရထိုင်ရတာ သက်သာတယ်။ ကားတွေကလည်း လေအေးစက် တပ်ထားတော့ နေရတာ သက်သာပါတယ်။ ဒါပေမဲ့ ဟိုတယ်ကနေ ကြို/ပို့ကားအထိ သွားမယ် ဆိုပါတော့၊ တံခါးမကြီးက ထွက်လိုက်တာနဲ့ ပတ်ဝန်းကျင် အပူဓာတ်က လူကို ပိတ်ရိုက်သလို ခံစားရပါတယ်။ လေအေးစက် တပ်ထားတဲ့ ကားက လေး-ငါးကိုက် အဝေးလောက်မှာ ရှိတယ် ဆိုပေမဲ့ ဒီအခိုက်အတန့်လေးကို အပူဒဏ်ခံရတာ ဆင်းရဲပင်ပန်းတယ်လို့ ခံစားမိပါတယ်။

## ထူးခြားဖြစ်စဉ် တစ်ခု

ထိုစဉ်က ဗမာ သံရုံးဟာ ဆောက်ပြီးခါစ ဖြစ်ပါတယ်။ ကျယ်ကျယ်လွင့်လွင့်၊ ခံ့ခံ့ညားညားပါ။ ညွှေ့ခံခန်းဆောင် အလယ်မှာ ခြောက်ပေ လေးပေခန့် ကျယ်ပြီး လေးပေလောက် နက်တဲ့ ရေကန်ငယ်လေး ရှိပါတယ်။ ရေကူးကန်ရယ်လို့ မဟုတ်သော်လည်းပဲ အအေးဓာတ် ရဖို့ ဆောက်ထားတယ်နဲ့ တူပါတယ်။ သံအမတ်ကြီး အိမ်ဟာ Embassy Row လို့ ခေါ်တဲ့ သံတမန် ရပ်ကွက်မှာပါ။ အင်္ဂလိပ် လက်ထက်ကတည်းက စတင်ခဲ့တဲ့ အိမ်ရာစီမံကိန်းကို လွတ်လပ်ရေးရပြီး ဆက်အကောင်အထည် ဖော်ရာမှာ သံတမန်ကြီးတွေကို ရပ်ကွက်ကြီး တစ်ခု ထားပါတယ်။ အမေရိကန် သံရုံးနဲ့ တရုတ် သံရုံးတွေကတော့ အကြီးကြီးတွေပါ။ ဝန်ထမ်းတွေလည်း အများကြီးပါ။

အဲဒီတုန်းက သံအမတ်ကြီးက သီဟ သူရ ဦးလှမော်ပါ။ ဗိုလ်မှူးကြီးဟောင်း စစ်ကိုင်းသား ဖြစ်ပါတယ်။ သံတမန် ရေးရာ ညွှေ့ခံပွဲတွေနဲ့ ပတ်သက်ရင် အိန္ဒိယ အစိုးရက အရက်ကို လုံးဝ ကန့်သတ်ထားပါတယ်။ တခြားနိုင်ငံ သံရုံးတွေ ညွှေ့ခံပွဲမှသာ အိန္ဒိယ အရာရှိတွေ အရက်သောက်ခွင့် ရတာပါ။ ကျွန်တော်တို့ နယ်နိမိတ် ကော်မရှင်တွေနဲ့ ညွှေ့ခံပွဲကို သံအမတ်ကြီး အိမ်မှာ လုပ်ပါတယ်။ အိန္ဒိယဘက်က မိတ်ဆွေတွေကိုလည်း ဖိတ်ပါတယ်။ သူတို့ဘက်က ဒုတိယ ဝန်ကြီး တက်ပါတယ်။ အဲဒီ ညွှေ့ခံပွဲမှာ ကုလားတွေ သောက်လိုက်ကြတာ ဝက်ဝက်ကွဲ။ တစ်ယောက်များဆို အမူးလွန်ပြီး ခုနက ပြောတဲ့ ရေကန်ထဲ ပြုတ်ကျသွားပါသေးတယ်။ အမယ် အဲဒီပုဂ္ဂိုလ်က အဝတ်အစား ပြန်သွားလဲပါသေးတယ်။ ပြီးမှ ပြန်လာ ဆက်သောက်တာပါ။

ဗုဒ္ဓဂါယာတော့ မရောက်ခဲ့ပါဘူး။ ကျန်တဲ့ လူကြီးတွေ အားလုံး ရောက်ဖူးကြပြီး ကျွန်တော် တစ်ယောက်တည်းပဲ မရောက်ဖူးသေးတာပါ။ ဒေလီမှာ တစ်ပတ်လောက် ကြာတော့ ဘုံဘေ (ယခု Munbai မွန်ဘိုင်း) ကို အထူး လေယာဉ်နဲ့ သွားရပါတယ်။ ဒီမှာ ထူးခြားတဲ့ ပြောစရာရှိတာက လှပ သိမ်မွေ့တဲ့ လေယာဉ်မယ်လေး တစ်ယောက် အကြောင်းပါ။ သူဟာ လေယာဉ်မယ် ဝတ်စုံ ဝတ်မထားဘဲ အိန္ဒိယ အမျိုးသမီး ဝတ်စုံ ဝတ်ထားပါတယ်။ အသားအရေက ရွှေလိုဝင်းတယ် ဆိုတာ ဒီတစ်ခါ ကျွန်တော့် လက်တွေ့ပါပဲ။ နဖူးမှာတော့ အနီစက်လေးနဲ့ပေါ့။ ဆာရီ ဝတ်ထားပေမဲ့ ဗိုက်သား အလျှံပယ်ပေါ်တဲ့ ကုလားမ ကိုယ်ကြပ် အင်္ကျီ ဝတ်ထားတာပါ။

လမ်းမှာ ကော်ဖီ/ လက်ဖက်ရည်/ မုန့်တွေ လာပို့တဲ့အခါ အနီးကပ် တွေ့ရတော့ သူလေးရဲ့ အနေအထားဟာ နီးလေ ပိုလှလာလေလို့ ထင်ရပါတယ်။ ရေမွှေးနဲ့ ရတယ်ဆိုရုံလေး ဆွတ်ထားတယ် ထင်ပါရဲ့၊ ရနံ့လေးက ယဉ်ယဉ်လေးနဲ့ မစူးရှပါ။ ဒါနဲ့ ဘုံဘေ ရောက်တယ် ဆိုပါတော့။ တည်းတဲ့ ဟိုတယ်ရဲ့ ညွှေ့ကြိုဌာနမှာ သေတ္တာတွေ ရွေးနေတုန်း ဗိုလ်မှူးကြီး ကြည်မောင်ရဲ့ စကားသံကို ကြားလိုက်ရပါတယ်။ "လေယာဉ်

မယ်လေးက အတော် ပြေပြစ်တယ်နော်” တဲ့။

ကျွန်တော်က အလုပ်များနေလို့ ဘယ်သူ့ကို ပြောမှန်းမသိပေမဲ့ စိတ်ထဲကတော့ “ဒီလူကြီးတွေနဲ့ ငါနဲ့ အကြိုက်ချင်း တူနေပါပေါ့လား” လို့ ကြိတ်ရေရွတ်မိတာပေါ့။ ကျွန်တော်လည်း လေယာဉ်ပေါ်မှာကတည်းက စဉ်းစားမိတာက ဗုဒ္ဓဝင်ထဲမှာ ပါတဲ့ မြတ်စွာဘုရားရဲ့ သာကီဝင်မျိုးတွေ အကြောင်းပါ။ နိပါတ်တော်တွေမှာ သာကီဝင်နွယ်တွေရဲ့ အသားအရေဟာ ရွှေလို ဝင်းတယ်လို့ ပါရှိပါတယ်၊ အဲဒီလို ဖြစ်မှာပဲလို့ တွေးမိပါတယ်။ တကယ်တော့ သာကီဝင်လို့ ခေါ်ရမယ့် မျိုးနွယ်စုဟာ လွန်စွာ နည်းပါးနေပါပြီ။ ဘုရားရှင် လက်ထက်က ဝိဋူဍဘရဲ့ မျိုးတုံး သုတ်သင်ရေးကြောင့် သာကီဝင် အများစု သေဆုံးခဲ့ပြီးပါပြီ။ လူနည်းစုပဲ ကျန်ပါတော့တယ်။

တကယ်တော့ ကျွန်တော်တို့ကို ဘုံဘေကို ပို့ပေးတာက Sight-Seeing သဘောပါ။ ဘုံဘေနှင့် မလှမ်း မကမ်းမှာ ရှိတဲ့ ပူးနားမြို့နားက Arjanta Caves လို့ ခေါ်တဲ့ အာဂျန်တာ လိုဏ်ဂူတွေကို လိုက်ပြပါတယ်။ အာဂျန်တာ ဆိုတာက အိန္ဒိယ နိုင်ငံမှာ ဗုဒ္ဓသာသနာ ထွန်းကားစဉ်က အာဂျန်တာ လိုဏ်ဂူမှာ ရဟန္တာပေါင်း ထောင်နဲ့ ချီပြီး သတင်းသုံးခဲ့ကြတဲ့ ကျောင်းတော်ရာ ဖြစ်ပါတယ်။ နံရံ ဆေးရေး ပန်းချီတွေမှာတော့ မြတ်စွာဘုရားရဲ့ မုဒြာ အမျိုးမျိုးကို တွေ့ခဲ့ရပါတယ်။ ဒါ့အပြင် မြတ်စွာဘုရားနဲ့ ရဟန္တာများ ဆွမ်းခံကြွတဲ့ပုံ တွေကို စလိုက်မီး မျိုးစုံနဲ့ ထိန်းသိမ်းပြီး ခရီးသွား လမ်းညွှန် Tour Guide တွေနဲ့ သေသေချာချာ ဖွဲ့စည်း ထိန်းသိမ်းထားတာပါ။

အာဂျန်တာ လိုဏ်ဂူများအပြင် အာလိုဟာ လိုဏ်ဂူများ ဆိုတာ ရှိပါသေးတယ်။ အချိန်မရလို့ မရောက် ခဲ့ပါဘူး။ အဲဒီ ဂူတွေဟာ သမိုင်းဦးခေတ်က မြစ်ကြီးတွေ စီးဆင်းခဲ့တဲ့ နေရာပါ။ ကာလ ရွေ့လျောပြီး မြစ်ကြီး တွေ ကွယ်သွားတဲ့အခါမှာ သဘာဝ လိုဏ်ဂူတွေအဖြစ်နဲ့ ကျန်ခဲ့ပြီး ခေတ်တစ်ခေတ်မှာ ဗုဒ္ဓဘာသာ ရဟန်း တော်များ သတင်းသုံးခဲ့ကြတဲ့ ကျောင်းတော်ရာများ ဖြစ်ခဲ့ပါတယ်။ အဲဒီ အနီးနားမှာ ရှိတဲ့ ပူးနားမြို့ကလည်း အိန္ဒိယ နိုင်ငံမှာ တစ်မူထူးခြားပါတယ်။ မြို့က သေးပေမဲ့ အိန္ဒိယနိုင်ငံရဲ့ စစ်တက္ကသိုလ်နဲ့ ရုပ်ရှင် အကယ်ဒမီ ကျောင်းတို့ တည်ရှိနေတဲ့ မြို့တစ်မြို့ပါ။ ကျွန်တော်တို့ ပူးနားမြို့ကိုတော့ မလည်ပတ်ခဲ့ပါဘူး။

## လေယာဉ်တင် သင်္ဘော

ဘုံဘေ ပြန်ရောက်တော့ ကျွန်တော်တို့ကို အိန္ဒိယ ရေတပ်က ထိုစဉ်က တစ်ခုတည်းသော လေယာဉ်တင် သင်္ဘော I.N.S.Vikrant ပေါ်မှာ ညစာနဲ့ ဧည့်ခံပါတယ်။ I.N.S ဆိုတာက Iidian Naval Ship ဆိုတဲ့ အဓိပ္ပာယ် ရပါတယ်။ အဲဒီ လေယာဉ်တင် သင်္ဘောဟာ အိန္ဒိယ နိုင်ငံ လွတ်လပ်ရေး ရခါစမှာ အင်္ဂလန် နိုင်ငံက လက်ဆောင် ရထားတာပါ။ အခုတော့ ဒီသင်္ဘောကို အသုံးမပြုတော့ပါဘူး။ စုစုပေါင်း လေယာဉ်တင် သင်္ဘော သုံးစီး ရှိနေပြီလို့ သိရပါတယ်။

သင်္ဘောပေါ်ရောက်တော့ သင်္ဘောအရာရှိ တစ်ဦးက လေယာဉ်တင် သင်္ဘော အကြောင်းကို ရှင်းပြပါ တယ်။ ပုံမှန်ဆိုရင် လေယာဉ်တွေဟာ သူ့လေယာဉ်ရဲ့ စက်ပါဝါ တစ်ခုတည်းနဲ့ လေထဲကို မပျံနိုင်ပါဘူး။ လေယာဉ် ကုန်းပတ်အောက်နဲ့ ကပ်လျက်နေရာမှာ Catapault လို့ ခေါ်တဲ့ အကူစက်ကို ထားပါတယ်။ အဲဒီစက် အပေါ်မှာ ချိတ်အကြီးကြီး တစ်ခု ရှိပါတယ်။ လေယာဉ်တိုင်းရဲ့ အောက်မှာလည်း ကွင်းကြီး တစ်ခု ရှိပါတယ်။ စက်က ချိတ်နဲ့ အဲဒီကွင်းကြီးကို ချိတ်ရပါတယ်။ ပြီးတော့မှ လေယာဉ်ကလည်း စက်မောင်း အရှိန် ယူ၊ Catapault ကလည်း သူ့စက်အင်အားနဲ့ လေယာဉ်ကို ဆွဲပြေးသွား၊ ကုန်းပတ်ပေါ်က ပြေးလမ်း ဆုံးခါနီးမှ လေယာဉ်ပျံဟာ Airborn လေထဲကို တက်သွားနိုင်တာပါ။

ကုန်းပတ် အစ အဆုံး အလယ်ကောင်လောက်မှာ တစ်ပေလောက် ကျယ်တဲ့ ဟပြီး တည်ဆောက်ထားတဲ့ Catapault ပြေးလမ်း ရှိပါတယ်။ ဒါ့ကြောင့် ကုန်းပတ်ပေါ်မှာ တစ်နေရာကနေ တစ်နေရာ သွားရင် Catapault အတွက် လုပ်ထားတဲ့ ပြေးလမ်းနား ရောက်တဲ့အခါ သူတို့ အရာရှိ အဖော်တွေက လိုက်သတိပေးလေ့ ရှိပါတယ်။ ညစာကိုတော့ ကုန်းပတ်ပေါ်မှာပဲ ဧည့်ခံတဲ့အတွက် လေတဟူးဟူးနဲ့ သာယာလှပါတယ်။ ကျွန်တော်တို့ တည်းတဲ့ ဟိုတယ်နာမည်တော့ မေ့သွားပါပြီ။

ဒါပေမဲ့ ထင်ရှားတဲ့ အမှတ်အသား တစ်ခုဖြစ်တဲ့ Gate of India မုခ်ဦးကြီးကိုတော့ လှမ်းမြင်နေရပါတယ်။ ကျွန်တော်တို့က အစိုးရ ကိုယ်စားပြု ဧည့်သည်တွေမို့ အသွားအလာ ဆင်ခြင်ရပါတယ်။ ဒါပေမဲ့ ညစာ စားပြီး ဟိုတယ် အပြင် ထွက်တော့ တစ်ယောက်တည်း မဟုတ်ပါဘူး။ အခြား မိတ်ဆွေတွေလည်း ပါပါတယ်။ အပြင်မှာ စကားပြောရင်း ရပ်နေကြတော့ နိုင်ငံခြားသားမှန်း သိသာတယ်မလား။ ပွဲစားလေးတွေက လာပြီး ဆွယ်ကြပါတယ်။ ဗမာလို ဆိုရင်တော့ "ဆရာတို့ ကုလားမ လိုချင်သလား၊ နီပေါမ လိုချင်သလား၊ ဥရောပ နိုင်ငံသူ လိုချင်သလား" စသဖြင့် လာမေးတာ။ အမယ် လာလိုက်သေးတယ်၊ "ဗမာမရော လိုချင်သလား" တဲ့။ ကျွန်တော်တို့က သူတို့ကို မနည်း တောင်းတောင်းပန်ပန်နဲ့ ငြင်းလိုက်ရပါတယ်။

ကျွန်တော်တို့ ရောက်နေတဲ့ ကာလမှာ Bombay ကို Mumbai အဖြစ် နာမည် မပြောင်းသေးပါဘူး။ ဆင်းရဲသား ရပ်ကွက် Slum တွေကိုလည်း ရောက်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်က ဟောလိဝုဒ်မှာ အကယ်ဒမီ ရခဲ့တဲ့ Slumdog Millionaire ဇာတ်ကားကို ကြည့်ရတော့ ကျွန်တော်တို့ ရောက်ခဲ့တဲ့နေရာတွေ အတိုင်းပါပဲ။ ဆင်းရဲတွင်း နစ်ခဲ့တဲ့ ဘုံဘေက ပျံကျလူထုအကြောင်း သရုပ်ဖော်ထားတဲ့ ဇာတ်ကားပါ။ ဘုံဘေပြီးတော့ ကျွန်တော်တို့ ကာလကတ္တားကို ခရီးဆက်ကြပါတယ်။

ကျွန်တော်တို့ အိန္ဒိယ ရောက်တာ သုံးပတ်ထဲ ရှိနေပါပြီ။ ဗိုလ်စာ၊ ကုလားစာနဲ့ ဟိုတယ်က တရုတ်စာတွေနဲ့ပဲ ကျင်လည်ခဲ့ရတာပါ။ တော်တော်လည်း ငြီးငွေ့နေပါပြီ။ ကာလကတ္တားကို ရောက်တော့ အလုပ်တာဝန် မကျန်တော့ပါဘူး။ လျှောက်လည်ဖို့နဲ့ ဈေးဝယ်ဖို့ပဲ ကျန်ပါတော့တယ်။ ကျွန်တော်ကတော့ အပြန်မှာ လက်ဆောင် ပေးဖို့ ပလေကတ် လုံချည် ဝယ်ရပါတယ်။ ပလေကတ် လုံချည် ရောင်းတဲ့ ကုလား အများစုက ဗမာလို တတ်ကြပါတယ်။

ဗမာပြည်က အစုလိုက် အပြုံလိုက် ပြန်ကြတုန်းက ရောက်လာတာပါတဲ့။ သူငယ်ချင်းလည်းမက ရည်းစားလည်း မကျတကျ အဆင့်ကို ရောက်နေတဲ့ ကောင်မလေးအတွက်တော့ ဒီဇိုင်း အင်မတန် လှတဲ့ သိုးမွေး အနွေးထည်လေး တစ်ထည် ဝယ်ဖြစ်ပါတယ်။ အခု နှစ်ပေါင်း ၅၀ နီးပါး အထိ အဲဒီ အနွေးထည်လေးကို မြင်ယောင်နေဆဲပါ။

ကာလကတ္တားကို ရောက်တော့ ကောင်စစ်ဝန်ရုံးက ကျွန်တော်တို့ကို ညစာ လိုက်ကျွေးပါတယ်။ သူတို့အိမ်ကို ဝင်ကတည်းက ရေကျို ငါးပိရည်နံ့က လှိုင်နေပါပြီ။ ထမင်းမစားမီ ဧည့်ခန်းမှာ ကျွန်တော်တို့ အဖွဲ့ကို အဖျော်ယမကာနဲ့ ဧည့်ခံနေတဲ့အခိုက်မှာ ကျွန်တော် မီးဖိုဘက်ကို သွားလေ့လာပါတယ်။ ဟင်းအမည် Menu ကိုလည်း မေးကြည့်ပါတယ်။ သူတို့က ချဉ်ပေါင်ဟင်း၊ မျှစ်နဲ့ ချက်တာပါ။ ငါးပိရည် တို့စရာနဲ့ ငါးဟင်း၊ ဆိတ်သားဟင်း၊ အစိမ်းကြော် စတာတွေကို တွေ့ရပါတယ်။ ဒါပေမဲ့ ကျွန်တော့် အကြိုက်ကတော့ ချဉ်ပေါင်ဟင်းနဲ့ ငါးပိရည် တို့စရာပါပဲ။

ဒါ့ကြောင့် ကျွန်တော်တို့ကို အချိန်တန်လို့ ထမင်းစားခန်းကို သွားတဲ့အခါမှာ လူကြီးတွေထံမှာ ခွင့်တောင်းပြီး နောက်ဖေး မီးဖိုချောင်မှာ ငါးပိရည်နဲ့ ချဉ်ပေါင်ဟင်းကို ထမင်းနဲ့ ရွှဲနေအောင် နယ်ပြီး လက်နဲ့

အားရပါးရ စားပါတော့တယ်။ အတို့ အမြှုပ်တွေလည်း ဖောချင်းသောချင်းမို့ အားရအောင် စားပြီး ဟင်းတွေထဲ ကလည်း သိပ်ယူမစားဖြစ်ပဲ ငါးကြင်းကြော် တစ်တုံးလောက်ပဲ စားဖြစ်ပါတယ်။

ဒီထမင်းပွဲက ကျွန်တော့်ကို ဘာသင်ခန်းစာ ပေးသလဲဆိုတော့ ကျွန်တော်တို့ ဗမာတွေဟာ ဘယ်နိုင်ငံ ကိုပဲ သွားသွား၊ အဆင့်မြင့်တဲ့ နိုင်ငံတကာ အစားအသောက်တွေကို ဘယ်လိုပဲ စားစား ကိုယ်စားနေကျ ငါးပိရည် တို့စရာ၊ ငါးပိဖုတ် သို့တည်းမဟုတ် ချဉ်ပေါင်ဟင်းလို တွေ့ရရင် အငန်းမရ စားချင်တော့တာပဲ။ ကိုယ် ငယ်ငယ်က စားခဲ့တဲ့ အစားအစာရဲ့ ကျော့ကွင်းက လွတ်ဖို့ဆိုတာ အင်မတန် ရှားပါဘိတောင်း ဆိုတဲ့ အသိတစ်ခုကို နက်နက်ရှိုင်းရှိုင်း ရမိပါတယ်။

## ကာလကတ္တားရဲ့ ထူးခြားချက်

Is Paris Burning? စာအုပ်၊ Freedom at Midnight ဆိုတဲ့ စာအုပ်တွေကို ရေးခဲ့တဲ့ Dominic Lipirre နဲ့ Larry Collins တို့ဟာ အဲဒီ စာအုပ် နှစ်အုပ်နဲ့ ကမ္ဘာကျော်သွားပြီး နောက်ပိုင်း ကာလကတ္တားကို အခြေခံတဲ့ City of Joy ဆိုတဲ့ စာအုပ်ကို ရေးခဲ့ပါတယ်။ Is Paris Burning? ဆိုတဲ့ စာအုပ်ကတော့ ဒုတိယ ကမ္ဘာစစ်မှာ စစ်ရှုံးစပြုနေတဲ့ အခါ ဂျာမန်တပ်တွေ ပြင်သစ်နိုင်ငံက ဆုတ်ခွာရပါတော့မယ်။ အဲဒီအခါမှာ ခေါင်းဆောင်ကြီး ဟစ်တလာက ပြင်သစ် နိုင်ငံကို တာဝန်ယူတဲ့ ဂျာမန် ဗိုလ်ချုပ်ကြီးကို "ဆုတ်ဖို့ လိုအပ်ရင်တော့ ဆုတ်၊ ဒါပေမဲ့ ပဲရစ်မြို့ကို တစ်မြို့လုံး မီးရှို့ပြီးမှ ဆုတ်ခဲ့ရမယ်" ဆိုပြီး အမိန့်ပေးပါတယ်။

ဒါပေမဲ့ အဲဒီ ဂျာမန် ဗိုလ်ချုပ်ကြီးဟာ စစ်ကာလ ပြင်သစ် နိုင်ငံမှာ နေရင်းနဲ့ နိုင်ငံရဲ့ ရေမြေ သဘာဝ၊ ပြင်သစ် လူမျိုးတွေရဲ့ ဖော်ရွေပြီး ချစ်စရာကောင်းတဲ့ အမူအရာတွေကြောင့် မီးမရှို့ ဖြစ်အောင် လှည့်ပတ်ပြီး တိမ်းရှောင်တဲ့ ဇာတ်လမ်းပါ။ ကမ္ဘာ့ အဆင့် တစ် ရောင်းအား အကောင်းဆုံး စာအုပ် တစ်အုပ်ပါ။

Freedom at Midnight ကတော့ အိန္ဒိယ နိုင်ငံက အင်္ဂလိပ် ကိုလိုနီ လက်အောက်က ကိုလိုနီ စနစ်ကို တော်လှန်ပြီး လွတ်လပ်ရေး ရတဲ့အခါကျတော့ အရှေ့ ပါကစ္စတန်၊ အနောက် ပါကစ္စတန်နဲ့ အိန္ဒိယ နိုင်ငံများနဲ့ ကွဲပြားသွားပုံ၊ ဗေဒင် ယတြာတွေ ကြည့်ပြီး ဩဂုတ်လ ၁၁ ရက်၊ ညသန်းခေါင်ယံကို လွတ်လပ်ရေးရတဲ့ အချိန်လို့ သတ်မှတ်ပြီး လုပ်ခဲ့ကြရာမှာ မွတ်စလင်နဲ့ ဟိန္ဒူတွေ ပြဿနာ ဖြစ်ကြပုံ၊ လူဦးရေ သန်းပေါင်းများစွာ တစ်နေရာကနေ တစ်နေရာ ရွှေ့ပြောင်းခဲ့ကြရတဲ့ ဒုက္ခတွေ အကြောင်း ရေးသားခဲ့ရာမှာ ဒီစာအုပ်လည်း ကမ္ဘာ့ အဆင့် တစ် ရောင်းအား အကောင်းဆုံး ဖြစ်ခဲ့ပါတယ်။

City of Joy စာအုပ်ကတော့ ကာလကတ္တားရဲ့ အဆင်းရဲဆုံး ရပ်ကွက်က လူတွေ နေပုံ၊ ထိုင်ပုံတွေကို ခရေစေ့တွင်းကျ ရေးပြထားတာပါ။ အဲဒီ စာအုပ်အတိုင်း ဟောလိဝုဒ်က ရုပ်ရှင်တောင် ရိုက်ထားပါတယ်။ နောက်ပိုင်းမှာ သူတို့လူမျိုး သိက္ခာကျလှတယ်လို့ ယူဆပြီး တစ်ရပ်ကွက်လုံး ဖျက်သိမ်းလိုက်ပါတယ်။ နောက်ပြီး အဆင့်မြင့် အိမ်ရာ စီမံကိန်းတွေနဲ့ အကောင်အထည်ဖော်ပြီး လုပ်လိုက်တာ အခုနောက်ပိုင်းတော့ မမှတ်မိတော့လောက်အောင်ပဲတဲ့။

ကျွန်တော်တို့ ရောက်တဲ့ အချိန်တုန်းကတော့ အဲဒီမြို့မှာ လမ်းပေါ်မှာ အိပ်တဲ့ လူ အရေအတွက် နှစ်သိန်း နီးပါး ရှိပါသတဲ့။ အခုနောက်ပိုင်းတော့ တိုင်းပြည်ကလည်း အထိုက်အလျောက် ကြွယ်ဝလာပြီး လူလတ်တန်းစားတွေ တိုးတက် များပြားလာတဲ့အတွက် ဆင်းရဲတွင်း နစ်တဲ့ လူဦးရေ တစ်စ တစ်စ လျော့နည်း သွားခဲ့ပါပြီ။ City of Joy ကလည်း သမိုင်း ဖြစ်သွားခဲ့ပါပြီ။

## အပြန်အလှန် ဧည့်သည်များ

ကျွန်တော်တို့ ကော်မရှင် အဖွဲ့ဝင်တွေဟာ တစ်နှစ် တစ်ခါ အိန္ဒိယနိုင်ငံကို သွားရသလို သူတို့ ကော်မရှင် အဖွဲ့ဝင်တွေကလည်း ဗမာပြည်ကို နှစ်စဉ် လာပါတယ်။ အဲဒီအခါမှာ ကျွန်တော်ကပဲ ခရီးစဉ်တွေကို စီစဉ်ပေးရ ပါတယ်။ ကျွန်တော်ပဲ ဦးဆောင်ပြီးတော့ ဧည့်သည်တွေကို ပုဂံ၊ ညောင်ဦး၊ မန္တလေး၊ မေမြို့နဲ့ အင်းလေး တောင်ကြီးတွေကို အလှည့်ကျ ပို့ပေးရပါတယ်။

ကျွန်တော် အထက်မှာ တင်ပြခဲ့သလိုပေါ့ အင်္ဂလိပ်စာ သိပ်တော်တဲ့အထဲမှာ မပါတော့ သူတို့နဲ့ ဆက်ဆံရတာ ပထမတော့ မလွယ်ပါဘူး၊ သို့သော် သူတို့နဲ့ မဖြစ်နေဆက်ဆံရတဲ့အခါမှာ တတ်သမျှ မှတ်သမျှ ဖြစ်ညှစ် ပြောဆို ဆက်ဆံရပါတယ်။ တစ်ခေါက်နဲ့ တစ်ခေါက် သတိထားမိတာကတော့ ကျွန်တော် သူတို့နဲ့ စကား ပြောတဲ့အခါ တဖြည်းဖြည်း တိုးတက်လာတယ် ဆိုတာသတိပြုမိပါတယ်။

## လုပ်ငန်း ဗဟုသုတများ

ကျွန်တော် အထက်မှာ တင်ပြခဲ့ပြီးပါပြီ။ စစ်ဦးစီးမှူး (တတိယတန်း) တာဝန် ထမ်းဆောင်ရင်းနဲ့ တပ်မတော် တစ်ခုလုံးရဲ့ စစ်ဆင်ရေး ဖြစ်စဉ်များနဲ့လည်း အမြဲ ထိတွေ့နေခဲ့ရပါတယ်။ အခြား တစ်ဖက် ကလည်း မြန်မာ-အိန္ဒိယ နယ်နိမိတ် သတ်မှတ်ရေး ကော်မရှင်နဲ့ အောင်နိမိတ် စစ်ဆင်ရေး ဌာနချုပ်တွေမှာ လုပ်ငန်း ဆောင်ရွက်ရင်းဖြင့် ဌာနဆိုင်ရာများနဲ့ လက်ပွန်းတတီး ဆက်ဆံရပါတယ်။ မြေတိုင်း ဌာနချုပ်၊ ပြည်ထဲရေး ဝန်ကြီးဌာနနဲ့ နိုင်ငံခြားရေး ဝန်ကြီးဌာနတွေနဲ့ ဆက်ဆံရတဲ့အခါ အဲဒီဌာနက အရာရှိများနဲ့ ခင်မင် ရင်းနှီးခွင့် ရခဲ့ပါတယ်။ အဲဒီ အကျိုးကျေးဇူးတွေထက် ထိုစဉ်က ဖွဲ့စည်း ဆောင်ရွက်နေတဲ့ အစိုးရ ယန္တရား တစ်ဖွဲ့လုံးရဲ့ လည်ပတ်ပုံတွေကိုလည်း အထိုက်အလျောက် သိကျွမ်းခွင့် ရခဲ့ပါတယ်။

အောင်နိမိတ် စစ်ဆင်ရေးတွေကို နှစ်အလိုက် ဆင်နွှဲခဲ့ရာမှာ တပ်အင်အားကို အနည်းဆုံး ဗျူဟာ တစ်ခုကို သုံးခဲ့ရပါတယ်။ ဘယ်ဗျူဟာကို သုံးမယ် ဆိုတာကတော့ အထက်လူကြီးတွေက ရွေးချယ် သတ်မှတ် ပေးခဲ့ပါတယ်။ ဒါပေမဲ့ စစ်ဆင်ရေး စီမံချက်များနဲ့ စစ်ဆင်ရေး ညွှန်ကြားချက်များကို ကျွန်တော်ကပဲ ဒိုင်ခံ ပြုစုရေးသားရပါတယ်။

ညွှန်ကြားချက်များ ထုတ်ပြန်ရာမှာတော့ စစ်ဦးစီးမှူး (ပထမတန်း) က လက်မှတ်ထိုး ညွှန်ကြားရတာ ဖြစ်သော်လည်း အောက်ခြေသိမ်း အလုပ်များကို ကျွန်တော်က အကောင်အထည် ဖော်ပေးရ ပါတယ်။

စစ်ဆင်ရေး တစ်ခုမှာ ဗိုလ်မှူးကြီး ပေါလ် ထွန်းရှိန် (နောင်တွင် တပ်မ-၇၇ တပ်မမှူးနဲ့ ကုန်သွယ်ရေး ညွှန်ချုပ်၊ ယခု ကွယ်လွန်) ရဲ့ ဗျူဟာနဲ့ တပ်ရင်း သုံးရင်းကို ထုတ်နုတ် သုံးစွဲခဲ့ရပြီး နောက်နှစ်မှာတော့ ဗိုလ်မှူးကြီး ထောင်ဇခိုင် (နောင် လပခ တိုင်းမှူး) ရဲ့ ဗျူဟာနဲ့ တပ်ရင်းများကို သုံးခဲ့ရတာတွေကို မှတ်မိ နေပါတယ်။ တချို့ နှစ်များမှာတော့ ရန်ကုန်တိုင်း ဂျီ-ဝမ်း ကွပ်ကဲတဲ့ တိုင်းအတွင်းက တပ်အချို့ကို ထုတ်နုတ် သုံးခဲ့ရပါတယ်။

အဲဒီတပ်တွေရဲ့ ဦး-ရေး-ထောက် လိုအပ်ချက်တွေကို စစ်ရုံးမှာပဲ ရှိနေတဲ့ ကက (လေ)၊ ကက (ပုံ)၊ ကက (ထောက်)၊ ကက (ရေး) တို့နဲ့ ညှိနှိုင်းပြီး ဆောင်ရွက်ပေးခဲ့ရပါတယ်။ ဒီအတွေ့အကြုံတွေကြောင့် တပ်မတော်ရဲ့ အထက်အောက် ဆက်ဆံရေး Command & Control System ကို သဘောပေါက်သလို လက်တွေ့လည်း ကျင့်သုံး ဆောင်ရွက်ခဲ့ပါတယ်။ စစ်ရုံးက ဌာနကြီးတွေနဲ့ ဆက်သွယ် ဆောင်ရွက်ရတဲ့အခါ

မှာလည်း ဘေးတိုက် ဆက်ဆံရေးလို့ ခေါ်ရမယ့် Horizontal Relationship စနစ်တွေကို ကောင်းစွာ သဘော ပေါက်ခဲ့ပါတယ်။

## မသေကောင်း မပျောက်ကောင်း (၈)

ကျွန်တော် အိမ်ထောင်မကျခင် စစ်ရုံး အရာရှိရိပ်သာမှာ နေနေတုန်းက ဖြစ်ပါတယ်။ ကျွန်တော်နဲ့ ရုရှားဘာသာ အတူတူ တက်ခဲ့တဲ့ ဗိုလ်ကြီး ကြည်ဝင်းဟာ အရင် အိမ်ထောင်နဲ့ ကွဲပြီး နောက်အိမ်ထောင် ပြုပါတယ်။ အရင် အိမ်ထောင်ကို ကျွန်တော် မသိပါ။ နောက်အိမ်ထောင်က မှူခင်း တပ်ဖွဲ့က ကောင်မလေးပါ၊ ဒုရဲမှူး အဆင့် ရှိပါတယ်။ သူတို့ တရားဝင် လက်မှတ်ထိုးပြီးတော့ Bachelor night လုပ်မှာမို့ ကျွန်တော့်ကို ခေါ်ပါတယ်။

သူနေတဲ့ တိုက်ခန်းက စမ်းချောင်း ဝေဠုဝန် တိုက်ခန်း တတိယထပ်မှာပါ။ ထုံးစံအတိုင်း သူငယ်ချင်း တွေနဲ့ စားကြ သောက်ကြပေါ့။ ည ကိုးနာရီကျော်လောက်မှာ အားလုံးနီးပါး ပြန်ကုန်ကြပြီး ကျွန်တော် တစ်ယောက်ပဲ ကျန်ပါတော့တယ်။ ကျွန်တော် ပြန်မယ်ဆိုတော့ သူတို့ နှစ်ယောက်လုံးက တားပါတယ်။ ကျွန်တော်က အတင်းပြန်မယ်လို့ ငြင်းတော့ မပြန်ရဘူးလို့ တားရုံတင်မက သူ့အိမ်မှာ ရောက်နေတဲ့ ကောင်မ လေး ငါးယောက်လောက်ကို ထွက်ပေါက် တံခါးနားမှာ ပိတ်အိပ်ခိုင်းထားပါတယ်။

ကျွန်တော့်ကိုတော့ ဧည့်ခန်းမှာပဲ အိပ်ရာပြင်ပေးပါတယ်၊ ကောင်မလေးတွေနဲ့ တစ်ခန်းတည်း အိပ်ရမယ်ဆိုတဲ့ သဘောပေါ့။ ကျွန်တော်က လုံးဝ မအိပ်ချင်ပါ။ ဒါကြောင့် အိပ်ချင်ယောင် ဆောင်ပါတယ်။ ခဏနေတော့ ကောင်မလေးတွေက အိပ်ကုန်ပါပြီ။ အဲဒီအခါကျမှ ကျွန်တော်က အိပ်ခန်းတွေဘက်ကို နားစွင့် တဲ့အခါ အားလုံး အိပ်ပျော်ကြပြီဆိုတာ သေချာပေါက် သိလိုက်ပါတယ်။

ကျွန်တော်က အသာအယာ ထပြီး မီးဖိုခန်းထဲ ဝင်သွားပါတယ်။ မီးဖိုခန်း ပြတင်းပေါက်ကို ဖွင့်လိုက် တော့ ပြတင်းပေါက် တည့်တည့် အောက်မှာ ရှစ်လက်မလောက် ကျယ်ပြီး လေးပေလောက် ရှည်တဲ့ ကွန်ကရစ်ပြား ရှိနေတာကို တွေ့ရပါတယ်။ ဝေဠုဝန် အိမ်ရာတွေရဲ့ စတိုင်နဲ့ တူပါတယ်။ ပြတင်းပေါက် တိုင်းမှာ အဲဒီလို အပြားလေးတွေ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်က ပြတင်းပေါက်ကို ကျော်ပြီး အဲဒီအပြားပေါ် ဆင်းလိုက်ပါတယ်။

လှေကားနဲ့ တည့်တည့်မှာလည်း အလားတူ အပြားနဲ့ ပြတင်းပေါက် ရှိပါတယ်။ ကျွန်တော် ဖိနပ်ကို ခါးကြားထိုးပြီးတော့ လှေကား ပြတင်းပေါက်ဘက်က အပြားပေါ်ကို လှမ်းခုန်လိုက်ပါတယ်။ အဲဒီ အပြားပေါ် ရောက်တော့မှ ပြတင်းပေါက် ကျော်ဝင်ပြီး လှေကားတစ်လျှောက်အတိုင်း ဆင်းလာခဲ့ပါတယ်။ အချိန်က ည ၁၁ နာရီလောက် ရှိပါပြီ။ ဝေဠုဝန် အိမ်ရာက ထွက်ပြီး ခဏနေတော့ ဦးဝိစာရလမ်းကို ရောက်ပါတယ်။ ဦးဝိစာရလမ်းအတိုင်း ခြေလျင် စစ်ရုံးကို ပြန်တော့ အခန်း ရောက်တဲ့အခါ ချွေးတွေ နစ်နေပါပြီ။ နစ်မိုင် လောက် ဝေးတာကိုး။ ဒါနဲ့ ရေမိုးချိုးပြီး အိပ်လိုက်တာ တစ်ရှိုးတည်းပါပဲ။

မနက် ငါးနာရီလောက်ကျတော့မှ အခန်းတံခါး လာခေါက်တော့ တံခါးကို ဖွင့်လိုက်တဲ့အခါ ကိုကြည် ဝင်း။ သူက ပြူးတူးပြဲတဲနဲ့ "ခင်ဗျားက ဘယ်လိုလုပ် ပြန်သွားတာလဲ၊ ပြတင်းပေါက်က ကျောက်ပြားတွေပေါ်မှာ ခင်ဗျား ခြေရာတွေ တွေ့တယ်၊ မသေကောင်း မပျောက်ကောင်းဗျာ၊ ချွတ်ချော် ကျသွားရင် သုံးထပ်ဗျ၊ မလွယ် ဘူး၊ ခင်ဗျားဗျာ....." ဆိုပြီး တတွတ်တွတ် ရွတ်နေပါတယ်။

အဲဒီတုန်းက ကျွန်တော်ဟာ အသက် ၂၆ နှစ်လောက်ပဲ ရှိဦးမှာပါ။ အားကစားလည်း လုပ်ထားတော့ ကြံ့ခိုင် ကျန်းမာ နေပါတယ်။ မီးဖို ပြတင်းပေါက် ကျောက်ပြားနဲ့ လှေကား ပြတင်းပေါက် ကျောက်ပြားတို့

အကွာအဝေးဟာ ၁၀ ပေလောက် ရှိမယ် ထင်ပါတယ်။ တစ်ခုခု မှားလို့ ပြုတ်ကျသွားရင် အောက်မှာက သမံတလင်း၊ သေရင် သေ မသေရင် အကြီးအကျယ် ထိခိုက် ဒဏ်ရာ ရသွားနိုင်ပါတယ်။ ပစ်ခတ် တိုက်ခိုက်မှု မပါတဲ့ မိုက်ရူးရဲ စွန့်စားခန်းတစ်ခုလို့ ပြောနိုင်ပါတယ်။

## လူမှုရေး အတွေ့အကြုံများ

ကျွန်တော် အိမ်ထောင်ကျပြီး တစ်နှစ် နီးပါးလောက်ကတော့ ယောကျ်ာမအိမ်က နေပြီး စစ်ရုံးကို ဖယ်ရီနဲ့ ရုံးတက်ရပါတယ်။ ဖယ်ရီအသွားအပြန်က အချိန် ကုန်လွန်းလှပါတယ်။ ဒါ့ကြောင့် စစ်ရုံးက အရာရှိတွေအတွက် သတ်မှတ်ထားတဲ့ တိုက်ခန်းတွေကို ပြောင်းဖို့ ဆုံးဖြတ်လိုက်ရပါတယ်။ အဲဒီတုန်းက ကျွန်တော်တို့ ဌာနက ဂျီ-တူး တစ်ယောက် လှည်းတန်းက အာတီးယားလမ်းမှာ ကိုယ်ပိုင်အိမ် ရှိပါတယ်။ သူက ဗိုလ်မှူး စံလွင် (မြန်မာ့ဗ ကော်မရှင် ဥက္ကဋ္ဌ) ဖြစ်ပါတယ်။

ကျွန်တော်တို့ ဌာနက ဂျီ-တူး တစ်ယောက်အတွက် ယောက်လမ်း (ယခု ယောမင်းကြီးလမ်း) မှာ အခန်း တစ်ခု ရှိပါတယ်။ ကိုစံလွင်က အပတ်စဉ် ၁ က စာပေထူးချွန်ဆု ရွှေတံဆိပ် ရခဲ့သူပါ။ သူက အဲဒီ တိုက်နံပါတ်မှာ မနေတဲ့အတွက် ကျွန်တော်နဲ့ မိသားစု နေဖို့ စီစဉ်ပေးပါတယ်။ တိုတိုပြောရရင် ကျွန်တော်တို့ မိသားစုဟာ အောင်ဆန်း သနက ၅ က နေပြီး ယောက်လမ်း အခန်း ၁၊ တိုက်ခန်း နံပါတ် ၄၁ ကို ရောက်လာပါတယ်။ အောက်ထပ်ပေါ့။

ယောက်လမ်းမှာ နေရတာ အလွန် အဆင်ပြေပါတယ်။ အနောက်ဘက်မှာ ဆိုရင် သံလမ်းကျော်တာနဲ့ စကော့ဈေး/ဗိုလ်ချုပ်ဈေး၊ စစ်ရုံးနဲ့လည်း နီးနီးလေးပါ။ တစ်ခါတလေ လမ်းလျှောက်ပြီး ရုံးတက်ခဲ့ဖူးပါတယ်။ ကျွန်တော့် မိသားစုနဲ့ အတူ မိတ္ထီလာက ကျွန်တော့် ညီနဲ့ ညီမများ ဖြစ်တဲ့ နုနုရီ (နံပါတ် ၇) နဲ့ မောင်နိုင်လင်း (နံပါတ် ၈) တို့ အတူ လိုက်နေပါတယ်။ နုနုကတော့ ၁၀ တန်း ပြင်ပ ဖြေဖို့ ငနိုင်နဲ့အတူ လိုက်လာတာပါ။

သူတို့ နှစ်ယောက်က အထက ၁ ဒဂုံမှာ ညကျောင်း တက်ပါတယ်။ ငနိုင် အကြောင်း အပေါ်မှာ ရေးခဲ့ သလိုပါပဲ စာတော်လျက်သားနဲ့ ဆေးတက္ကသိုလ် အမှတ် မမှီမှာစိုးလို့ အဖြေလွှာတွေ ခြစ်ခဲ့တဲ့အတွက် နှစ်နှစ် ဆက်တိုက် စာမေးပွဲ ကျခဲ့တာပါ။ ဒဂုံ ၁ မှာ ညကျောင်းတက်ရင်းနဲ့ ဂုဏ်ထူး လေးဘာသာနဲ့ အောင်ပြီး သူ ရည်မှန်းချက်အတိုင်း ဆေးတက္ကသိုလ် တက်ခွင့်ရခဲ့ပါတယ်။

နုနုနဲ့ ငနိုင်တို့ အပြင် တုံတုံ့အောက်က ဒုတိယသမီး ဖြစ်တဲ့ ငွေးမြင့်မော် (၉) မော်မော်လည်း အတူ လာနေပါတယ်။ သူလည်း ရှစ်တန်း နှစ်ခါ ကျမို့ ဒဂုံ ၁ မှာပဲ ညကျောင်း တက်ပါတယ်။ နောက်တစ်ယောက်က တော့ မီးမီး (၁) ဝင်းမာမြင့်၊ သူက တုံတုံတို့ ညီအစ်ကို မောင်နှမ ခုနစ်ယောက်မှာ အငယ်ဆုံးပါ။

## မီးမီးရဲ့ ကံကြမ္မာ အကျိုးပေး

မီးမီးဟာ ကျွန်တော်တို့ လင်မယားနဲ့ ဘဝရေစက် ကြီးခဲ့တယ်လို့ ယူဆစရာ အကြောင်းများ ရှိပါတယ်။ သူ ကွယ်လွန်တဲ့ အကြောင်းကိုတော့ အပေါ်မှာ ရေးခဲ့ပြီးပါပြီ။ အထူးသဖြင့် သူ့အကြောင်း စဉ်းစားလိုက်တိုင်း ရင်ထဲမှာ မရှိတဲ့စိတ် ခဏ ခဏ ပေါ်လာလို့ ကြိုးစား ဖျောက်ဖျက်ရတာ အတော် ပင်ပန်းလှပါတယ်။ သူ မကွယ်လွန်မီ တစ်နှစ် နှစ်နှစ်လောက် တွဲနေတဲ့ ရွယ်တူ ကောင်လေး တစ်ယောက်နဲ့ လက်ထပ်ဖို့ သဘောတူ ပြီးပြီ၊ ဖိတ်စာတွေလည်း ဝေပြီးပြီ၊ အဲဒီမှာ ကောက်ခါငင်ခါ အဖျားကြီးလာတဲ့ အတွက် ဆေးရုံကို ကမန်းကတန်း တင်ရတယ်။

ဆေးရုံရောက်တော့ နှစ်ရက်လောက်ပဲ ခံတယ်။ ကွယ်လွန်သွားပါတယ်။ ရေတိမ်နစ်တာပါ။ သူ့ လက်ထပ်မယ့်ရက် တစ်ပတ် အလိုမှာ ဖြစ်ပါတယ်။ ကျွန်တော် မြင်းခြံထောင်မှာ နေရင်း သူ့ အကြောင်း ကြားလိုက်ရတော့ ငယ်ငယ်လေးတည်းက တို့နဲ့ အတူနေခဲ့တယ်၊ အတောင်အလက် စုံလို့ သူ့ဘဝသူ သီးသန့် တည်ဆောက်မယ်လည်း ဆိုရော ဆိုးရွားတဲ့ ကြမ္မာက ခွင့်မပြုတော့တဲ့ သဘောပေါ့။ ရှေးရိုးဆန်တဲ့ တချို့ အမျိုးတွေကတော့ မီးမီးဟာ အချိန်တန်လို့ သူ့သိုက်ကို သူ ပြန်သွားတယ်လို့ ပြောကြပါတယ်။ ဟုတ်မဟုတ်တော့ မသိပါ။ ကျွန်တော်ကလည်း ဒါမျိုးတွေကို အယုံအကြည် မရှိပါ။

## ခင်သန်းနုနဲ့ ဗိုလ်မှူးကြီး မောင်မောင်ခင်

ခင်သန်းနုဆိုတာ ပျဉ်းမနား မြို့နယ်ရဲ့ ရွာတစ်ရွာက တောသူမ တစ်ယောက်ပါ။ ကျွန်တော် ဗိုလ်လောင်းဘဝ ၁၉၆၂ ခုနှစ်လောက် ထင်ပါရဲ့၊ မန္တလေးမှာ ကျင်းပတဲ့ ပြည်ထောင်စုမယ် ရွေးပွဲမှာ ဆုရတဲ့အချိန်က စပြီး နာမည်ကြီးလာတာပါ။ အဲဒီတုန်းက သူ့အသက်က ၁၇ နှစ်လောက်ပဲ ရှိပါဦးမယ်။ မယ်ဘွဲ့ရပြီး နောက်ပိုင်းမှာ ရုပ်ရှင်နယ်ပယ်ကိုရောက်ပြီး ရုပ်ရှင်စရိုက်ပါတော့တယ်။ တဖြည်းဖြည်းနဲ့ အောင်မြင်လာလိုက်တာ ၁၉၆၈-၆၉ ခုနှစ်လောက်မှာ သူဟာ လျှမ်းလျှမ်းတောက် ကျော်ကြားနေပါပြီ။ အဲဒီတုန်းက ထိပ်တန်း မင်းသမီးလို့ ဆိုရမှာပေါ့။ သူနဲ့ တန်းတူလို့ ပြောနိုင်တဲ့ တခြား မင်းသမီးကတော့ ဝါဝါဝင်းရွှေ ဖြစ်ပါတယ်။ သူတို့ဟာ အဲဒီခေတ်က ထိပ်တန်း မင်းသားများ ဖြစ်တဲ့ ဝင်းဦးတို့ ညွန့်ဝင်းတို့နဲ့ တန်းတူ ယှဉ်နိုင်နေပါပြီ။

ကျွန်တော်တို့ ကကဲ (ကြည်း) စီမံရေး ဗဟိုဌာနမှူး... 

ကျွန်တော်တို့ ကက (ကြည်း) စီမံရေး စဖွင့်တော့ ဒုဗိုလ်မှူးကြီး ဝီလီ မောင်မောင် ဖြစ်ပါတယ်။ သူ ဗျူဟာမှူး ဖြစ်သွားတော့ ကျွန်တော်တို့က KMT လို့ ခေါ်တဲ့ ဒုဗိုလ်မှူးကြီး ခင်မောင်တင့်ပါ။ KMT ဗျူဟာမှူး ဖြစ်သွားတော့ ဒုဗိုလ်မှူးကြီး မောင်မောင်ခင် ဖြစ်ပါတယ်။ သူက လူပျိုကြီးပါ။ သူဟာ ဗိုလ်ကြီး/ဗိုလ်မှူး ဘဝတုန်းက ကက (ထူး) မှာပါ။ အရာရှိ လူပျိုဆောင် (ကျွန်တော်တို့ အခေါ် သုံးအိမ်တန်း) မှာ ကျွန်တော်တို့နဲ့ အတူ နေပါတယ်။

အဲဒီ သုံးအိမ်တန်းဆိုတာ အလံပြဘုရားလမ်းက တိရစ္ဆာန်ရုံဘက်ကို ဆင်းတဲ့လမ်းရဲ့ ဘယ်ဘက်မှာ ရှိပါတယ်။ ကျွန်တော်တို့တုန်းက မြစည်းရိုးဟာ သံဆူးကြိုးသာ ကာထားတော့ လမ်းကို လှမ်းမြင်နေရပါတယ်။ နောက်ပိုင်းမှ အလုံ ကာခဲ့တာပါ။ အဆောင် တစ်ဆောင်မှာ လေးခန်း ရှိပါတယ်။ ကျွန်တော်က အစွန်ဆုံး အဆောင် အခန်း ၃ မှာ နေပါတယ်။ အခန်း ၄ မှာတော့ နောင်ဒုတိယ ဗိုလ်ချုပ်မှူးကြီး ဖြစ်သွားတဲ့ ကိုအေး နေပါတယ်။ အခန်း ၂ မှာတော့ ကက (ထောက်) က ဗိုလ်မှူး တင်မောင် နေပါတယ်။ သူက အင်္ဂလန် နိုင်ငံ Sandhust ဗိုလ်သင်တန်း ကျောင်းဆင်း တစ်ဦးပါ။ အခန်း ၁ မှာတော့ ကျွန်တော်တို့ ဇာတ်လိုက် ဒုဗိုလ်မှူးကြီး မောင်မောင်ခင် နေပါတယ်။

ဒုဗိုလ်မှူးကြီး မောင်မောင်ခင်ဟာ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေ ညောင်ရွှေမှာ အခြေပြုတဲ့ ခလရ ၉၄ တပ်ရင်းမှူးဘဝက လာတာပါ။ အဲဒီ တပ်ရင်းမှူးဘဝတုန်းက တပ်ရင်းရဲ့ ကွန်မင်ဒို စစ်ကြောင်းကို ဦးစီးပြီး ရပ်စောက် မြို့နယ်၊ အင်တော ကျောက်ဂူ ဒေသမှာ စစ်ဆင်ရေးဝင်ခဲ့ပါတယ်။


အဲဒီတုန်းက တိုင်းမှူးဖြစ်တဲ့ ဗိုလ်မှူးကြီး သန်းတင် (နောင် သတ္တုတွင်း ဝန်ကြီး) ကိုယ်တိုင် လာရောက် ကြီးကြပ်တဲ့အခါ အဲဒီဒေသမှာ နှစ်ရှည်လများ အခြေချနေတဲ့ ဗကပ ဗဟို ကော်မတီဝင် သခင် တင်ထွန်းကို အသေရခဲ့ပြီး သူ့မိသားစုဝင်တွေကိုလည်း ဖမ်းမိခဲ့ပါတယ်။ သခင် တင်ထွန်း အခြေပြုတဲ့ အင်တော ကျောက်ဂူ ဒေသဟာ ပဲခူး ရိုးမက ဗကပ ဗဟိုနဲ့ အရှေ့မြောက် ဒေသက ဗကပ အင်အားစုတို့



ဒုတိယ ဗိုလ်မှူးကြီး မောင်မောင်ခင်နဲ့ ရုပ်ရှင် မင်းသမီး ခင်သန်းနုတို့ရဲ့ မင်္ဂလာဆောင်မှာ တွေ့ရတဲ့ ဖနီးသည်၊ ၎င်းရဲ့ ဘယ်ဘက်ဘေးတွင် ယေသုယေရှင်း စုဆန်အောင်သိန်း။

---

ဒုတိယ ဗိုလ်မှူးကြီး မောင်မောင်ခင်နဲ့ ရုပ်ရှင် မင်းသမီး ခင်သန်းနုတို့ရဲ့ မင်္ဂလာဆောင်မှာ တွေ့ရတဲ့ အဆိုတော် ဒေါ်တင်တင်မြ၊ မင်းသား ဦးဝင်းဦးနဲ့ ဖနီးသည်။





ဒုတိယ ဗိုလ်မှူးကြီး မောင်မောင်ခင်နဲ့ ရုပ်ရှင် မင်းသမီး ခင်သန်းနုတို့ရဲ့ မင်္ဂလာဆောင်မှာ ညှော်ခံတာဝန်ကျခဲ့တဲ့ ကျွန်တော်တို့ ဇနီးမောင်နှံ။

---

ဒုတိယ ဗိုလ်မှူးကြီး မောင်မောင်ခင်နဲ့ ရုပ်ရှင် မင်းသမီး ခင်သန်းနုတို့ရဲ့ မင်္ဂလာဆောင်မှာ တွေ့ရတဲ့ ဇနီးသည်၊ ဒီတစ်ခါတော့ စုဆန်က သူညာဘက်မှာ။



ဆက်သွယ်ရာမှာ အချက်အချာကျပါတယ်။ အဲဒီဖြစ်စဉ်ကြောင့် ဗိုလ်မှူးကြီး မောင်မောင်ခင်ဟာ "သူရဲကောင်း မှတ်တမ်းဝင်" ဘွဲ့ ချီးမြှင့်ခြင်းခံရပါတယ်။

သူ ရန်ကုန် ရောက်လာတဲ့အခါမှာ ကျွန်တော်တို့ ကိုအေးတို့က သိကျွမ်း ခင်မင်ပြီးဖြစ်လို့ ဝမ်းမြောက် ဝမ်းသာ ကြိုဆိုကြပါတယ်။ သူနဲ့ ကျွန်တော်တို့ ခင်မင်တဲ့ ကာလတစ်လျှောက်လုံးမှာ သူဟာ မိန်းကလေးတွေကို စိတ်ဝင်စားတယ်လို့ ကျွန်တော်တို့ မသိခဲ့ပါဘူး။ သူဟာ အလုပ်ကိုတော့ စွဲစွဲမြဲမြဲ အာရုံစူးစိုက်တဲ့ ပုဂ္ဂိုလ်ပါ။ အလုပ်ပေါ်လာရင် နေ့မအား ညမအား လုပ်လေ့ရှိပြီး အလုပ် အတူတူလုပ်တဲ့ လူတွေအပေါ်မှာလည်း အလွန် အလိုက်သိပြီး ညှာတာ ထောက်ထားမှု အပြည့်ပါပဲ။

သမီးရည်းစား ကိစ္စမျိုးလည်း သူက အပြောင်အပျက်တောင် ပြောလေ့မရှိတဲ့ သူပါ။ ဆိုလိုတာက သူဟာ ဒုတိယ ဗိုလ်မှူးကြီးဘဝမှာ လူပျိုကြီး ဖြစ်နေဆဲပေမဲ့ မိန်းမ ယူချင်တဲ့စိတ် လုံးဝ မပေါ်သေးတာ အမှန်ပါ။ ဒါပေမဲ့ နောက်ပိုင်းမှာတော့ အခြေအနေတွေ တစ်စ တစ်စ ပြောင်းလာခဲ့ပါတယ်။ မိန်းမယူချင်စိတ် ပေါ်လာအောင် တဖြည်းဖြည်းနဲ့ ဘေးတီးခံခဲ့ရတာပါ။

ဘေးတီးတဲ့ ပုဂ္ဂိုလ်တွေကတော့ အခြား ဟုတ်ပါရိုးလား။ အဲဒီတုန်းက တန်ခိုးထွားနေတဲ့ စစ်ဘက် လက်ထောက် ဗိုလ်မှူးချုပ် တင်ဦး (မျက်မှန်ကြီး) နဲ့ ထောက်လှမ်းရေးက အပေါင်းအပါများ ဖြစ်ပါတယ်။ အသေးစိတ် ဖြစ်စဉ်တွေကိုတော့ မရေးတော့ပါဘူး။ အဲဒီတုန်းက ထင်ပေါ် ကျော်ကြားနေတဲ့ မင်းသမီး ခင်သန်းနုကို တပ်မတော်က ဗိုလ်မှူးကြီး တစ်ယောက်နဲ့ လက်ဆက်ပေးဖို့ စီမံကိန်း ဖြစ်ပါတယ်။ တပ်မတော်က ဗိုလ်မှူးကြီး ဆိုတာက ကျွန်တော်တို့ ဇာတ်လိုက် မောင်မောင်ခင်ပေါ့။

ကျွန်တော်တို့ ဇာတ်လိုက်ကလည်း အစကတော့ မ, ဆိုလို့ ယင်မတောင် မသန်းဘူးတဲ့ ပုဂ္ဂိုလ်။ ဒါပေမဲ့ မျက်မှန်ကြီးလို ပုဂ္ဂိုလ်နဲ့ အပေါင်းအပါများက အတည်ပေါက်ကြီး ပြောလာတဲ့ အခါကျတော့ သူလည်းလေ ဘာသားနဲ့ ထုထားသလဲပေါ့။ အကျဉ်းရုံးရရင် ဗိုလ်မှူးကြီး မောင်မောင်ခင်နဲ့ ရုပ်ရှင် မင်းသမီး ခင်သန်းနုတို့ရဲ့ တရားဝင် စေ့စပ်ပွဲ ကျင်းပနိုင်ခဲ့တဲ့အထိ ဖြစ်လာပါတယ်။

သတို့သားလောင်းဘက်က ဗိုလ်မှူးကြီး ကြည်မောင် (ကျန်းမာရေး ဝန်ကြီး မဖြစ်သေးပါဘူး) နဲ့ ဗိုလ်မှူးကြီး ဗိုလ်နီ (ထိုစဉ်က ထလရ ညွှန်မှူး) တို့ ဖြစ်ပါတယ်။ မင်းသမီးဘက်ကတော့ သူ့မိဘတွေနဲ့ နာမည် ကျော် စာရေးဆရာ (ဦး)သိန်းဖေမြင့်တို့ တက်ရောက်ကြပါတယ်။ ကျွန်တော်တို့က ဌာနက အရာရှိတွေ ဆို တော့ ကျွန်တော်ရယ်၊ ဝေါင်းကြီး ကိုလှမြင့်တို့လည်း လိုက်ပါလာကြပါတယ်။

အဲဒီလို စေ့စပ်ပြီး မကြာခင်မှာပဲ သူတို့ရဲ့ မင်္ဂလာပွဲကို အင်းယားလိပ် ဟိုတယ်မှာ မနက် တစ်ကြိမ်၊ နေ့လယ် တစ်ကြိမ် နှစ်ကြိမ်ခွဲပြီး ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့ပါတယ်။ မနက်ပိုင်းမှာတော့ အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်က အရာရှိ ကြီးငယ်များနဲ့ ဧည့်ခံ ကျင်းပပြီး ညနေပိုင်းမှာတော့ နှစ်ဖက် အမျိုးတွေနဲ့ ရုပ်ရှင် ဂီတ နယ်က အထင်ကရ ပုဂ္ဂိုလ်များကို ဖိတ်ကြားတဲ့ပွဲ လုပ်ခဲ့ပါတယ်။

အဲဒီ မင်္ဂလာပွဲ နှစ်ချိန်လုံးကို ကျွန်တော်တို့ လင်မယား၊ ကိုဝေါင်းကြီးနဲ့ တရုတ်မ စိုးမြင့်တို့ လင်မယား တွေက ဧည့်ကြို/နေရာချထားရေး တာဝန်တွေ ထမ်းဆောင်ခဲ့ရပါတယ်။ နှစ်ချိန်လုံးမို့လို့ လူတွေက ဖတ်ဖတ် မောနေကြပေမဲ့ အမျိုးသမီးတွေကတော့ ရုပ်ရှင် မင်းသား၊ မင်းသမီးတွေကို တွေ့ရလို့ အကျေနပ်ကြီး ကျေနပ်ခဲ့ကြလေရဲ့။ ကျွန်တော့် မိန်းမကတော့ ဘယ်လောက် ကဲသလဲ ဆိုရင် ဝင်းဦးနဲ့ အကြိမ်ကြိမ် တွဲပြီး ဓာတ်ပုံ ရိုက်ခဲ့ပါတယ်။ အဲဒီ မင်္ဂလာပွဲနဲ့ မရှေးမနှောင်းမှာ ဒုဗိုလ်မှူးကြီး မောင်မောင်ခင်ကို ဗိုလ်မှူးကြီး အဖြစ်

အဆင့် တိုးမြှင့်ခြင်းခံရပြီး တရုတ်ပြည် စစ်သံ အဖြစ်ပါ ခန့်အပ်ခြင်း ခံရပါတယ်။ ဒါကတော့ ကျွန်တော် စစ်ရုံးမှာ တာဝန်ကျစဉ် တွေ့ကြုံ ဖြတ်သန်းခဲ့ရတဲ့ ထူးခြား လူမှုရေး ဖြစ်စဉ် တစ်ခုပါ။

## သေတ္တာကြီး လေးလုံး

ကျွန်တော်တို့ ယောက်လမ်းက တိုက်ခန်းတွေ သုံးထပ် ထောက်ခံဖြစ်ပါတယ်။ အိပ်ခန်း သုံးခန်း၊ ရေမီး အစုံ၊ အိမ်သာ နှစ်လုံးအပြင် အနောက်ဘက်မှာလည်း Servant Quarter ပါပါသေးတယ်။ ကျွန်တော့်ရဲ့ တစ်ဖက်ခြမ်း အောက်ထပ်မှာတော့ ကက (သံ) က ဗိုလ်မှူး တင်မောင်ဝင်း (နောင် မြို့နယ်ကောင်စီ ဥက္ကဋ္ဌ) နေပါတယ်။ အလယ်ထပ်မှာတော့ ကက (ဥ) က ဒုဗိုလ်မှူးကြီး ခင်မောင်ကြီး နေပါတယ်။ အလယ်ထပ် တစ်ဖက်ခြမ်းကတော့ ဗိုလ်မှူး မောင်ကျော်နဲ့ မိသားစု နေပါတယ်။ ဗိုလ်မှူး မောင်ကျော်ဟာ စစ်ရုံးအတွက် ဖွဲ့ထားတဲ့ မော်တော်ယာဉ် ၁ တပ်မှူးဖြစ်ပြီး သူ့မိန်းမက မျက်မှန်ကြီးရဲ့ ညီမအရင်းပါ။ နောက်များမကြာခင်မှာ ဗိုလ်မှူး မောင်ကျော်ဟာ ရာထူးတိုးသွားပြီး ဂျပန်နိုင်ငံ စစ်သံအဖြစ် ခန့်အပ်ခြင်းခံရပါတယ်။ အပေါ်ဆုံးထပ်မှာတော့ ဗိုလ်မှူးကြီး သက်ဝေ မိသားစု နေကြပါတယ်။

ဗိုလ်မှူးကြီး သက်ဝေရဲ့မိသားစု အားလုံးဟာ သဘော အလွန်ကောင်းကြပါတယ်။ သူတို့မှာ သားသမီး လေးယောက်ရှိပြီး မိန်းကလေး နှစ်ယောက်၊ ယောကျ်ားလေး နှစ်ယောက်ပါ။ ဗိုလ်မှူးကြီး သက်ဝေဟာ မိတ္ထီလာသားမို့ထင်ရဲ့ ကျွန်တော့်ကိုလည်း အလွန် ခင်မင်ပါတယ်။ သူ့အမျိုးသမီး ကလည်း ကျွန်တော်တို့ ရုံးသွားနေတဲ့ အချိန်မျိုးမှာ ကျွန်တော့် ဇနီးသည်ကို ခေါ်ပြီး ရေနွေးကြမ်း၊ လက်ဖက်သုပ်နဲ့ ဧည့်ခံ ကျွေးမွေးပြီး အာလာပသလ္လာပ စကားဖလှယ်ကြပါတယ်။ ဒါ့ကြောင့် ကျွန်တော့် ဇနီးသည်ဟာ ဗိုလ်မှူးကြီး သက်ဝေရဲ့ မိသားစုနဲ့ အချိန်တိုတိုအတွင်းမှာ အကျွမ်းတဝင် ဖြစ်လာခဲ့ပါတယ်။

တစ်နေ့ ကျွန်တော် ရုံးက ပြန်လာတော့ ခဏတဖြုတ် အနားယူပြီးတဲ့အခါမှာ ကျွန်တော့် ဇနီးသည်က မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ ကျွန်တော့်ကို ပြောပါတယ်။ "ဗိုလ်မှူးကြီး သက်ဝေတို့ အိမ်မှာ သေတ္တာကြီး လေးလုံး ရှိတယ်တော့" ပါတဲ့။ ကျွန်တော်က "ဘာသေတ္တာတွေလဲ" လို့ မေးတဲ့ အခါ သူ့ကို ဗိုလ်မှူးကြီး ကတော်က အိပ်ခန်းထဲ ခေါ်သွားပြီး နှစ်လုံးစီ ထပ်တင်ထားတဲ့ သေတ္တာကြီး လေးလုံးကို ပြပါတယ်။ အဲဒီ သေတ္တာတွေကို သူတို့က ဟောင်ကောင်က ဝယ်လာတာ ဖြစ်ပါတယ်။ ဘာသစ်အမျိုးအစားလဲတော့ မသိပါဘူးတဲ့။

ထူးခြားတာက သေတ္တာကြီးတွေရဲ့ လေးဖက်လေးတန်နဲ့ အဖုံးပေါ်မှာပါ ပန်းခက်၊ ပန်းနွယ်တွေ ထုဆစ်ထားပြီး ငှက်ရုပ်တွေ၊ ကျားရုပ်တွေလည်း ပါပါသတဲ့။ သေတ္တာ တစ်လုံးချင်းစီမှာ ထမင်းစား ကြွေပန်းကန် ရှစ်ချပ်၊ ကြွေဟင်းချိုပန်းကန် ရှစ်လုံး၊ ဟင်းသုံးမျိုးအတွက် ဟင်းထည့် ကြွေပန်းကန် ၂၄ လုံး။ အလားတူပဲ ဇွန်း၊ ခက်ရင်း၊ ကြွေဇွန်းတွေ အပြင် ခြင်ထောင်၊ စောင် လေးထည်၊ အိပ်ရာခင်းအဖြူ လေးထည်၊ ပန်းပါတဲ့ အိပ်ရာခင်း လေးထည်စီ ပါတယ်လို့ ပြောပါတယ်။ အဲဒီ သေတ္တာကြီး လေးလုံးဟာ သူ့သားသမီး လေးယောက် အိမ်ထောင်ပြုရင် လက်ဖွဲ့ဖို့အတွက် ဟောင်ကောင်က ကြိုတင် ဝယ်လာခဲ့တာပါ။ မိန်းမကတော့ အဲဒီ အဘွားကြီးရဲ့ မြင်တတ်ပုံနဲ့ ကြိုတင် စီမံတတ်ပုံတွေကို တဖွဖွ ပြောလို့မဆုံးပါဘူး။

ဒီလိုနဲ့ လအနည်းငယ်အတွင်းမှာ သူတို့ သမီး အကြီးဟာ ဆရာဝန် တစ်ယောက်နဲ့ အိမ်ထောင်ပြုလို့ အင်းယားလိပ် ဟိုတယ် ဧည့်ခံပွဲမှာ ကျွန်တော်တို့ လင်မယား ပါဝင် လုပ်အားပေးခဲ့ပါသေးတယ်။ အဲဒီနေ့ အိမ်ပြန်ရောက်တော့ ကျွန်တော်က မိန်းမကို ပြောလိုက်ပါတယ်။ "သေတ္တာကြီး တစ်လုံးတော့ အလုပ်ဖြစ်သွားပြီကွ" လို့။ ဒုတိယသားက အင်ဂျင်နီယာ ကျောင်းသားပါ။ လူပုံကလည်း ချောပါတယ်။ အဲဒီတုန်းက

သိပ်နာမည် မကြီးသေးတဲ့ ရုပ်ရှင်မင်းသမီး ပေါက်စ တစ်ယောက်နဲ့ ရည်းစားဖြစ်နေပါတယ်။

သူ ကျောင်းပြီးသွားတော့ သင်္ဘောလိုင်း တစ်ခုမှာ အင်ဂျင်နီယာအဖြစ် လိုက်ပါသွားပါတယ်။ သင်္ဘော လိုက်လို့ လအနည်းငယ် ကြာတဲ့အခါမှာ သူဟာ သင်္ဘော ကုန်းပတ်ပေါ်မှာ မတော်တဆ ဖြစ်ပြီး ချော်လဲခဲ့ တယ်လို့ သိရပါတယ်။ ချော်လဲပုံကလည်း ကုန်းပတ်ပေါ်က သံငုတ်ကြီးပေါ်မှာ လဲလို့ နံရိုးပါ ထိခိုက် သွားတဲ့အတွက် အိမ်ကို ပြန်လာရပါတယ်။ နောက်မကြာခင်မှာ သူ့ဒဏ်ရာက မသက်သာပဲ ကွယ်လွန်သွားခဲ့ ပါတယ်။ မိသားစုချင်း ခင်မင်နေကြတော့ ကျွန်တော်တို့လည်း စိတ်ထိခိုက်ရပါတယ်။ စိတ်ထဲမှာတော့ "သေတ္တာကြီး တစ်လုံးတော့ အလဟဿ ဖြစ်သွားရှာပြီပဲ" မှတ်ချက်ပြုလိုက်မိပါတယ်။

နောင်များမကြာခင် အငယ်ဆုံးသားက လက်ထပ်သွားတယ်လို့ ကြားရပါတယ်။ အဲဒီအချိန်မှာတော့ ကျွန်တော် တပ်က ထွက်ပြီး သူတို့နဲ့ ကင်းကွာသွားပါတယ်။ ဒါပေမဲ့လည်း မိန်းမကို ပြောဖြစ်အောင် ပြော လိုက်ပါသေးတယ်။ "သေတ္တာကြီး တစ်လုံးတော့ အလုပ်ဖြစ်သွားပြန်ပြီ" လို့။ သူတို့ သားသမီး လေးယောက် ထဲမှာ ကျန်တဲ့ မိန်းခလေးက ရောဂါသည် ဖြစ်တဲ့အပြင် ကိုယ်အလေးချိန်ကလည်း ပေါင် ၂၀၀ ကျော်လောက် ရှိပါတယ်။ ဒါ့ကြောင့် အိမ်ထောင်ကျစရာ လမ်းမမြင်တဲ့အတွက် သေတ္တာ တစ်လုံးကတော့ ပိုနေပြန်ပြီလို့ စိတ်ထဲမှာ ပေါ်လာပြန်ပါတယ်။

ကံကြမ္မာ ဆန်းကြယ်ပုံကို ပြောရရင်ဖြင့် ပြောလို့ကုန်နိုင်မယ် မထင်ပါဘူး။ ဘာဖြစ်သလဲ ဆိုတော့ ဗိုလ်မှူးကြီးရဲ့ ဇနီးဟာ နာရှားမကျန်း ဖြစ်ပြီး ဆုံးသွားရှာပါတယ်။ မုဆိုးဖိုဘဝနဲ့ နေပြီး နှစ်အနည်းငယ် ကြာတဲ့ အခါမှာ မိတ္ထီလာက အမျိုးသမီး တစ်ယောက်နဲ့ ထပ်ပြီး အိမ်ထောင်ပြုပါတယ်။ အဲဒီလို ပြုလိုက်တဲ့အခါမှာ ဒုတိယ ဇနီးရဲ့ အစီအမံနဲ့ ကျန်တဲ့ သေတ္တာကြီး နှစ်လုံး အလုပ် ဖြစ်သွားပြန်ပါတယ်။ ကျွန်တော်ဟာ အဲဒီ သေတ္တာကြီး လေးလုံးရဲ့ ဖြစ်စဉ်ကို သတိရရင်း၊ တရားရရင်းနဲ့ အပြန်ပြန် အလှန်လှန် သုံးသပ်ခဲ့ပါတယ်။ တိုတိုပြောရရင် လူတစ်ဦး (သို့မဟုတ်) တစ်ဖွဲ့ရဲ့ ကံကြမ္မာဟာ "ကြံတိုင်းလည်း ဖြစ်ချင်မှ ဖြစ်တတ်တယ်၊ မကြံပေမဲ့လည်း သူ့အလိုလို ဖြစ်ချင် ဖြစ်လာတတ်တယ်" ဆိုတဲ့သဘောပေါ့။ လောကုတ္တရာ အမြင်နဲ့ ကြည့် ရင်တော့ "အနတ္တသဘော" ပါပဲ။

## တပို့သမားကြီးနဲ့ ကျွန်တော့် အမေ

ကျွန်တော် အရာရှိဖြစ်တာဟာ ၁၉၆၃ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့မှာပါ။ မေလမှာ ရန်ကုန်သွားပြီး အင်းဝဘဏ် (ယခု ပြည်သူ့ဘဏ်-၁) မှာ ငွေစာရင်း Bank account ဖွင့်ရပါတယ်။ ဖွင့်ပြီးတာနဲ့ ဘဏ်မန်နေဂျာ လိပ်မူပြီး စာတစ်စောင် ရေးလိုက်ပါတယ်။ အကြောင်းကတော့ ကျွန်တော့် ငွေစာရင်းကနေပြီး မိတ္ထီလာမှာ ရှိတဲ့ ကျွန်တော့် အမေထံကို လစဉ် ၁၅၀ ကျပ် လွှဲပေးဖို့ပါ။ အဲဒါ ဒုဗိုလ်ဘဝပါ။ ဒုဗိုလ်လစာက ၃၁၆ ကျပ် ၇၅ ပြားပါ။ (အခုခေတ် ကလေးတွေ ယုံမှ ယုံကြပါ့မလား။) ဗိုလ်ဖြစ်လာတော့ လစာ ၄၂၀ ကျပ် ဆိုတော့ အမေ့ကို တစ်လ ၂၀၀ ကျပ် ပို့ဖို့ ဘဏ်ကို အကြောင်းကြားရပါတယ်။ ဗိုလ်ကြီး ဖြစ်လာတော့ ၅၅၀ ကျပ် ဆိုတော့ အမေ့အတွက် ၂၅၀ ကျပ်။

ဒုဗိုလ်ဘဝကနေပြီး တပ်က ထွက်တဲ့အထိ အသက် အာမခံထားတော့ လစဉ် ၄၉ ကျပ် သွင်းရပါတယ်။ အဲဒီတော့ ဒုဗိုလ်ဘဝမှာ ၃၁၆ ကျပ်ကနေ ၁၅၀ ကျပ် နုတ်၊ အဲဒီကမှ အသက် အာမခံကြေး နုတ်တော့ ကျွန်တော့် ကိုယ်ပိုင်ငွေဆိုလို့ ကျပ် ၁၀၀ ကျော်ကျော်လောက်ပဲ ကျန်ပါတော့တယ်။ ဒါပေမဲ့ ကိစ္စမရှိဘူးလေ၊ ကျွန်တော်က တစ်နှစ်မှာ စစ်ဆင်ရေး သွားလိုက်၊ ရှေ့တန်း Outpost ထိုင်လိုက် ဆိုတော့ တစ်နှစ်မှာ

တပ်ပြန်နားရတာ သုံး-လေးလလောက်ပဲ ရှိပါတယ်။ ကိုယ်ပိုင် သုံးဖို့ဆိုတော့လည်း သွားတိုက်ဆေး၊ ဆပ်ပြာ ဒါလောက်ပဲ ကုန်တာပါ။ ကိုယ်ပိုင် သုံးတာဆိုလို့ စာအုပ်စာတမ်း ဝယ်တဲ့စရိတ်ပဲ ကုန်ပါတယ်။

ကျွန်တော် ဒုဗိုလ်ဘဝကနေ ဗိုလ်ကြီးဘဝအထိ အိမ်ထောင်မကျခင် ကာလမှာ ကိုးနှစ်ကျော် ကြာပါ တယ်။ အဲဒီကာလ တစ်လျှောက်လုံးမှာ ကျွန်တော်ဟာ ရတဲ့လခကို တစ်ရံတစ်ခါမှတောင် အပြည့်အဝ မထုတ်ခဲ့ဘူးဆိုရင် အဲဒီစကား မှန်ပါတယ်။ ကျွန်တော်ဟာ ဒီအကြောင်းအရာနဲ့ ပတ်သက်လို့ မကြာခဏ သစ္စာ ဆိုခဲ့ဖူးပါတယ်။

ဘကကနေ မိတ္ထီလာမှာ နေတဲ့ ကျွန်တော့်အမေဆီ ပို့တဲ့အခါကျတော့ Money Order နဲ့ပါ။ စာတိုက်က တစ်ဆင့်ပေါ့။ စာတိုက်က ငွေရတာနဲ့ စာပို့သမားတစ်ဦးက အမေ့ဆီကို ပုံစံနဲ့တကွ သွားရောက် ထုတ်ပေး ပါတယ်။ အမေ လက်မှတ်ထိုးပြီးမှ အမေ ပိုက်ဆံရတာပါ။ အဲဒီ စာပို့သမားကြီးက လစဉ် Money Order လာပို့နေတော့ အမေနဲ့ ခင်မင်သွားပါတယ်။ တစ်နှစ် မပြည့်ခင်မှာပဲ အဲဒီ စာပို့သမားကြီးဟာ အမေနဲ့ အဖွဲ့ ဖြစ်ရုံတင်မက သူ့အတွက် စားအိမ်သောက်အိမ် တစ်ခုလို ဖြစ်လာပါတယ်။ သူကလည်း ကိုးနှစ်လုံးလုံး အမေ့ဆီကို လာရင်းနဲ့ သားကြီးဖြစ်တဲ့ ကျွန်တော်ရဲ့ မိခင်အပေါ် ကျေးဇူးဆပ်တဲ့ အကြောင်းအရာကို အမြဲတမ်း ချီးကျူးလေ့ရှိပါတယ်။

၁၉၇၂ ခုနှစ်၊ ဧပြီလမှာ ကျွန်တော် အိမ်ထောင်ပြုပါတယ်။ အဲဒီအချိန်က စပြီး ကျွန်တော် အမေ့ကို ပိုက်ဆံ မပို့နိုင်တော့ပါ။ အမေကလည်း နားလည်မှု ရှိပါတယ်။ "ငါ့သား ဒီလောက် ပံ့ပိုးခဲ့တာ တော်ရောပေါ့" ဆိုတဲ့ သဘောထားအတိုင်း ကျွန်တော့်ဆီက ဘာမှ မတောင်းဆိုတော့ပါ။ အကျိုးဆက်ကတော့ ၁၉၆၃ ခုနှစ် ကနေပြီး ၁၉၇၂ ခုနှစ် အထိ လစဉ် ငွေပို့နေရတဲ့ စာပို့သမားကြီးလည်း မပို့ရတော့ သူလည်း စိတ်မကောင်း ဖြစ်ရတယ်ပေါ့။ ဒါပေမဲ့ စားအိမ်သောက်အိမ်တွေလို ဖြစ်နေတဲ့ ခင်မင်တဲ့စိတ်ကြောင့် ကျွန်တော့် မိဘအိမ် သွားလည်တဲ့အခါမှာ ကျွန်တော် အိမ်ထောင်ကျသွားလို့ ငွေ မပို့နိုင်တာကို အမေကလည်း "ယောနိသော မန သိကာရ" သဘောနဲ့ စိတ်ဖြေတတ်တဲ့သူမို့ စာပို့သမားကြီး စိတ်မကောင်း ဖြစ်တာကို ဖြေသိမ့်ပေးနိုင်ခဲ့ပါတယ်။

ဒီလိုနဲ့ ၁၉၇၇ ခုနှစ်မှာ တပ်က ထွက်ရတယ်၊ ဒီသတင်းကိုလည်း စာပို့သမားကြီးက အမေ ပြောလို့ သိနေပါတယ်။ တပ်က ထွက်ပြီး စီးပွားရေးလုပ်တော့ အောင်မြင်လာတဲ့အခါ မိဘနှစ်ပါး အတွက် ရည်စူးပြီး ကျွန်တော် ငယ်ငယ်လေးကတည်းက နေခဲ့တဲ့ မြေကွက်မှာပဲ သပ်ရပ်တဲ့ တစ်ထပ်တိုက် တစ်လုံး ဆောက်ပေး ခဲ့ပါတယ်။ ရှစ်လလောက် ကြာပါတယ်။ ဒီကြားထဲမှာ အမေတို့ လိုသမျှငွေ မှာသမျှကို ကျွန်တော်က တစ်ခွန်းမှ မမေးဘဲ ပို့ပေးခဲ့ပါတယ်။ သူတို့ တိုက်ဆောက်နေတဲ့ ကာလမှာ ကျွန်တော် သွားမကြည့်ခဲ့ပါဘူး။ သွားကြည့်လို့ သဘောထားချင်း မတိုက်ဆိုင်တဲ့အခါ မိဘတွေ စိတ်အနှောက်အယှက် ဖြစ်မှာစိုးလို့ပါ။ တိုက်ပြီးလို့ စာရင်း ချုပ်တဲ့အခါ စုစုပေါင်း သုံးသိန်းခွဲလောက် ကုန်ပါတယ်။

အမေတို့ တိုက်ဆောက်နေတာ တွေ့တော့ စာပို့သမားကြီး လာပါတယ်။ လစဉ် ငွေပို့နေကျ သားကြီး ကောင်းမှုကြောင့် တိုက်တစ်လုံး ခံ့ခံ့ထည်ထည် ဖြစ်လာတာကို စာပို့သမားကြီးက တွေ့တော့ ကျွန်တော့် ဂုဏ်ပုဒ်ကို ချီးကျူးလို့ မဆုံးဘူးပေါ့။ အဲဒါက ၁၉၈၂ ခုနှစ်မှာပါ။

ကျွန်တော် စီးပွားရေး အောင်မြင်လာရာကနေ မလွှဲမရှောင်သာပဲ နိုင်ငံရေး နယ်ပယ်ထဲ ရောက်လာတဲ့ အခါ ၁၉၈၉ ခုနှစ်၊ ဇူလိုင်လမှာ အဖမ်းခံရပါတယ်။ ပထမတော့ အင်းစိန်ထောင်ထဲက တိုက်တွေမှာ လှည့်ပတ် ပြီး နေခဲ့ရပေမဲ့ ၁၉၈၉ ခုနှစ်၊ နှစ်ကုန်လောက်မှာ အထူးတိုက်ကို ရောက်ပြီး ဘယ်မှ မပြောင်းရတော့ပါ။ ကျွန်တော်က အခန်း ၁၊ မင်းကိုနိုင် (ခ) ပေါ်ဦးက အခန်း ၃ မှာပါ။ ကျွန်တော်နဲ့ မင်းကိုနိုင်နဲ့ စကားပြောရင်

သာမန်အသံနဲ့ ပြောလို့မရလို့ အော်ပြောရပါတယ်။ အဲဒီ ပြောသမျှတွေကို သူတို့က ကြားဖြတ် နားထောင်ပြီး အထက်ကို အစီရင်ခံရတာပါ။

ကျွန်တော် စီးပွားရေး အောင်မြင်လာလို့ မိဘနှစ်ပါးကို ကန်တော့တဲ့ အနေနဲ့ တိုက်တစ်လုံး ဆောက်ပေးတဲ့ အကြောင်း သူတို့ သိသွားပါတယ်။ (အခု ဆက်လက် ရေးပြမယ့် အကြောင်းအရာတွေက သူတို့ထဲက ထောင်ကျတဲ့ ထောက်လှမ်းရေး ပုဂ္ဂိုလ်တွေဆီက ကြားရတဲ့ သတင်းတွေကို ဆက်စပ်ပြီး ဖော်ပြတာပါ။) ပေါက်ချောင်းကန် ဘေးမှာ ဆောက်ထားတဲ့ တိုက်ကို ကန်ဘက်က ဓာတ်ပုံရိုက်တယ်၊ လမ်းထိပ်က ဓာတ်ပုံရိုက်တယ်၊ တိုက်ရှေ့ ဘယ်/ညာကနေ ဓာတ်ပုံရိုက်တယ်။ အဲဒီဓာတ်ပုံတွေကို စုစည်းပြီး ကက (လှမ်း) ကို ပို့ပေးရပါတယ်။ ကျွန်တော့်အထင် အဲဒီတုန်းက နိုင်ငံရေး အကျဉ်းသားသမားများကို ကိုင်တဲ့ ဗိုလ်မှူးချုပ် သန်းထွန်းဆီကို ဖြစ်ပါလိမ့်မယ်။

အဲဒီနောက်မှာ လယ်/ဆည် ဝန်ကြီး လုပ်နေတဲ့ ဗိုလ်ချုပ် မြင့်အောင် မိတ္ထီလာကို ရောက်လာပါတယ်။ ဌာနဆိုင်ရာတွေကို အစည်းအဝေး ခေါ်ပြီး ဝန်ထမ်း သက်သာ ချောင်ချိရေးအတွက် ငါးမွေးရမယ် ဆိုတဲ့ အကြောင်းပြချက်နဲ့ ကျွန်တော့်မိဘများအိမ် ပါဝင်တဲ့ လမ်းတစ်ကြောလုံးကို ဖျက်ဖို့ အမိန့် ပေးပါတယ်။ စုစုပေါင်း အိမ်ထောင်စု ရှစ်စုပါ။ လက်တွေ့ အကောင်အထည် ဖော်သူကတော့ အဲဒီတုန်းက ခဝတ တာဝန် ယူနေတဲ့ ဒုဗိုလ်မှူးကြီး ကျော်သောင်းပါ။ အဲဒီကိစ္စဟာ မိတ္ထီလာ တစ်မြို့လုံး ရက်သတ္တပေါင်း များစွာ "တီးတိုး တီးတိုး သဖန်းပိုး" ဖြစ်ခဲ့တာပါ။

စစ်အုပ်ချုပ်ရေးရဲ့ အမိန့်အာဏာကို ဘယ်သူမှ မလွန်ဆန်ရဲတဲ့အခါ အားလုံးက ကိုယ့်အိမ်တွေကို ဖျက်ပြီး မန္တလေးဘက်ကို ထွက်တဲ့ မိတ္ထီလာမြို့ အစွန် (ဖောင်ချမ်းကုန်း) မှာ ကိုယ့်ငွေနဲ့ကိုယ် ဝယ်ပြီး ပြန် အခြေချကြရပါတယ်။ ရောက်လိုက်တဲ့ ဒုက္ခတွေကတော့ အလွန် ရင်နာစရာ ကောင်းလွန်းလို့ အသေးစိတ် ရေးမပြချင်တော့ပါဘူး။ အဲဒီအချိန်မှာ အမေက ကွယ်လွန်သွားလို့ ဒီဒုက္ခတွေကို ကြုံမသွားရပါဘူး။ အသက် ၈၀ ကျော် အဖေကြီးနဲ့ ညီမတွေက ခါးစည်းခံခဲ့ရပါတယ်။ ဒီကိစ္စဖြစ်တဲ့ နှစ်က ၁၉၉၃-၉၄ ကာလတွေမှာပါ။ ကျွန်တော်က အင်းစိန်ထောင် ရောက်နေပါပြီ။ ကျွန်တော် စိတ်မချမ်းသာမှာစိုးလို့ အိမ်က ဒီသတင်းကို ပေး မသိပါဘူး။ ၁၉၉၅ ခုနှစ် ကျွန်တော် ထောင်က လွတ်တော့မှ သိရတာပါ။

## အသနားခံစာ တင်ပြီ

၂၀၁၅ ခုနှစ်မှာ NLD အစိုးရ အာဏာရပါပြီ။ ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲမှာ ကျွန်တော် လွှတ်တော် ကိုယ်စားလှယ် ဖြစ်တုန်းကလည်း မိဘများရဲ့ မြေကိစ္စ ကြိုးစားခဲ့ဖူးပါတယ်။ မအောင်မြင်ခဲ့ပါဘူး။ NLD အစိုးရ လက်ထက်မှာ မန္တလေးတိုင်း ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်ကို လိပ်မူပြီး အသနားခံစာ တင်ပါတော့ တယ်။ ပေ ၄၀×၈၀ ရှိတဲ့ မြေကွက်ကို ကျောင်းဆရာ ကျွန်တော့် အဖေက ငွေ ၆၀၀ ကျပ်နဲ့ ဝယ်ပြီး ၁၉၅၄ ခုနှစ်က စပြီး မိသားစု နေထိုင်ခဲ့ပါကြောင်း၊ ၁၉၉၃ ခုနှစ် (၃၉ နှစ်ကြာမျှ) မှာ နဝတ ဝန်ကြီး ဗိုလ်ချုပ် မြင့်အောင်၊ ခဝတ ဥက္ကဋ္ဌ ဒုဗိုလ်မှူးကြီး ကျော်သောင်းတို့ကို ထောက်လှမ်းရေးက ညွှန်ကြားချက်နဲ့ အိမ်တွေ ဖျက်ခဲ့ရပုံ၊ အဖျက်ခံရတဲ့ နေရာတွေအတွက်လည်း အစားမရလို့ မိမိတို့ ပိုက်ဆံတွေနဲ့ ဝယ်ပြီး ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရ ပုံတွေကို ဖော်ပြပြီး တင်ပြခဲ့ပါတယ်။

မန္တလေးတိုင်း ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က ကျွန်တော့် လျှောက်လွှာကို မြို့နယ် အဆင့်ထိ ချပြီး စုံစမ်းစေပါတယ်။ အချက်အလက် ပြည့်စုံပြီ ဆိုတော့မှ တိုင်းအဆင့် ဝန်ကြီးများ အစည်းအဝေးကို

တင်ပြပြီး ဆုံးဖြတ်ချက်ချစေပါတယ်။ ဆုံးဖြတ်ချက်ကတော့ အားလုံး ပြန်ပေးစေပေါ့။ ပြန်ပေးဖို့ အမိန့်ကို ခရိုင်/မြို့နယ် ထွေအုပ်တွေကို ချပေးလိုက်တဲ့အခါ သူတို့ရဲ့ ညွှန်ကြားချက်အရ မြေစာရင်း ဦးစီးဌာနက မြေတိုင်းတာမှုတွေ လုပ်ပါတယ်။ ကျွန်တော် လျှောက်လွှာတင်ပြီးလို့ နှစ်နှစ်အကြာ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလမှာ ရခဲ့ပါတယ်။ မိသားစု ရှစ်ခုလုံးပါ။

တိုက်ဆိုင်ချင်တော့ မိတ္ထီလာ မြို့နယ် NLD ကလည်း ရုံးဖွင့်ဖို့ မြေရှာနေတဲ့အခိုက် ဖြစ်ပါတယ်။ မြို့နယ် NLD တွေအတွက် ဗဟိုက ထောက်ပံ့ငွေက သိန်း ၁၅၀ ပါ။ မြို့လယ်ကောင်နဲ့ အနီးတဝိုက်မှာ ပေ ၆၀×၈၀ မြေကွက် တစ်ကွက်ကို သိန်းထောင်ချီပြီး ဈေးခေါ်လေ့ ရှိပါတယ်။ ဒီတော့ မတတ်နိုင်ပါ။ ဒါကြောင့် ပေါက်ချောင်း ကွက်သစ်မှာ ပြန်ရတဲ့ ကျွန်တော့် မြေကွက်ကို ဈေးဖြတ်ခိုင်းတော့ သိန်း ၄၀၀ လို့ တန်ဖိုးဖြတ်ပေးပါတယ်။ အဲဒီတော့ ကျွန်တော်က မြို့နယ် NLD က လူကြီးတွေနဲ့ တွေ့ပြီးတော့ ကျွန်တော့်မြေ သိန်း ၄၀၀ တန်တယ်၊ အဲဒီတော့ ခင်ဗျားတို့ ကျွန်တော့်ကို ၂၀၀ ပဲပေး၊ ကျန်တဲ့ ၂၀၀ ကိုကျွန်တော် လှူတယ်လို့ပဲ သဘောထားဆိုပြီး ပြောတဲ့အခါ သူတို့အားလုံးက ဝမ်းသာအားရ လက်ခံကြပါတယ်။ အခုဆိုရင် အဲဒီမြေကွက်မှာ မြို့နယ် NLD ရုံး စတင် ဆောက်လုပ်နေပါပြီ။

## နွေလယ်ခေါင်မှာ မိုးကြိုးပစ်ခြင်း

ကျွန်တော် စစ်ရုံး ရောက်တော့ တာဝန် ထမ်းဆောင်ခဲ့ပုံများကို အထိုက်အလျောက် ရေးပြပေးခဲ့ပါပြီ။ ၁၉၇၄ ခုနှစ်မှာ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ လမ်းစဉ် ပါတီ အစိုးရ တက်လာခဲ့ပြီး တပ်မတော် ခေါင်းဆောင်အများစုကလည်း ဝန်ကြီးတွေ၊ ဒုဝန်ကြီးတွေ အဖြစ် ရာထူး ရကုန်ကြပါတယ်။ နယ်နိမိတ် ကော်မရှင်နဲ့ အောင်နိမိတ် စစ်ဆင်ရေးတွေမှာ တိုက်ရိုက် တာဝန်ရှိတဲ့ ဗိုလ်မှူးကြီး ကြည်မောင်ဟာလည်း ကျန်းမာရေး ဝန်ကြီးဖြစ်သွားခဲ့ပါတယ်။

အဲဒီမတိုင်ခင်ကတည်းက ကျွန်တော် ဗိုလ်မှူးကြီး ကြည်မောင်ကို အကြိမ်ကြိမ် ပြောခဲ့ဖူးပါတယ်။ "ကျွန်တော် စစ်ရုံးကို ရောက်တာ လေးနှစ် ကျော်သွားပါပြီ၊ အတွေ့အကြုံတွေလည်း ရခဲ့ပါပြီ၊ ယခု အရှေ့မြောက် ဒေသမှာ ရှိတဲ့ ဗကပတွေနဲ့လည်း တိုက်ပွဲ အတွေ့အကြုံ လိုချင်ပါသေးတယ်၊ ဒါကြောင့် တပ်မ တစ်တစ်ခုခုကို ပို့ပေးပါ" လို့ တင်ပြခဲ့ဖူးပါတယ်။ သူက "ခဏနေပါဦးကွာ" ဆိုတာနဲ့ပဲ ကျွန်တော် စစ်ရုံးမှာ မြဲနေတာပါ။ အခုလည်းပဲ သူ ဝန်ကြီးအဖြစ် ခန့်အပ်ကြောင်း အမိန့် ထွက်လာတဲ့ အချိန်မှာ ကျွန်တော် တပ်ပြန်ပါရစေလို့ ထပ်တင်ပြတဲ့အခါ သူက "ငါ ဗိုလ်မောင်မောင်ကို ပြောလိုက်မယ်" လို့ ပြန်ဖြေပါတယ်။ ဗိုလ်မောင်မောင်ဆိုတာ Col. G.S. အသစ်အဖြစ် တာဝန်ယူမယ့် ဗိုလ်မှူးကြီး ဝီလီမောင်မောင်ပါ။ ကျွန်တော့်ရဲ့ ဆရာအရင်းပေါ့။

ဗိုလ်မှူးကြီး မောင်မောင် ရောက်လာတဲ့အခါကျပြန်တော့လည်း အရင်လုပ်ငန်းတွေ ဖြစ်တဲ့ မြန်မာ-အိန္ဒိယ နယ်နိမိတ် ကော်မရှင်နဲ့ အောင်နိမိတ် စစ်ဆင်ရေး တာဝန်တွေကို တင်ပြရပါတယ်။ သူ့ အမိန့်အရ အဲဒီကိစ္စတွေကို ဒုတိယ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဖြစ်လာတဲ့ ဗိုလ်မှူးချုပ် ကျော်ထင်ကို ထပ်မံ ရှင်းလင်း တင်ပြရပါတယ်။ ဒီတင်ပြမှုတွေ ပြီးတဲ့အခါ ဗိုလ်မှူးကြီး မောင်မောင်ကို ကျွန်တော့်ကို တပ်ပြန်ပို့ဖို့ သတင်းပို့ပါတယ်။

သူကလည်း "နေပါဦးကွာ" ဆိုတာနဲ့ပဲ ကျွန်တော့်မှာ ကုလားထိုင်နဲ့ ဖင်နဲ့ မှလီစုပ်ထားသလို ဖြစ်နေပြန်ရော။ ဒီထက် ပိုဆိုးတာက အစိုးရ အဖွဲ့သစ်က မြန်မာနိုင်ငံရဲ့ နယ်နိမိတ်များ အားလုံး (တရုတ်၊ ထိုင်းနဲ့

ဘင်္ဂလားဒေ့ရှ်) ကြီးကြပ် ထိန်းသိမ်းရေး အဖွဲ့ ဆိုပြီး ဖွဲ့လိုက်ပါတယ်။ အဲဒီအခ်ိန်မှာ ဥက္ကဋ္ဌက ဒု-ချုပ် (ကြည်း) ဖြစ်ပြီး ကျွန်တော်က အတွင်းရေးမှူး ၂ ဖြစ်လာပြန်ပါတယ်။ အဲဒီတော့ ကျွန်တော် တပ်ကို ပို့ပေးဖို့ ဘယ်လိုပဲ တောင်းဆို တောင်းဆို အခြေအနေတွေက တပ်ကို ပြန်လို့ မရနိုင်အောင် ဖြစ်နေပါတယ်။

ခြေလျင်တပ်ကို ပြန်ဖို့ အကြိမ်ကြိမ် တင်ပြခဲ့ပေမဲ့ ဖြစ်မလာတာဟာ "အုန်းကျော်မြင့် အရေးအခင်း" နဲ့ ကြုံပြီး တပ်က ထွက်ရဖို့ ကြမ္မာက ဟန့်တားနေခဲ့တာကြောင့်ပဲလို့ ကြီးလာမှ သဘောပေါက်ခဲ့ပါတယ်။ ထိုစဉ်ကတော့ တပ်မတော်ထဲမှာ ဗိုလ်ကြီး ဘဝနဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ (နေစရာ နေရာ၊ ရေ မီး အစုံ၊ သွားစရာ ဆိုရင်လည်း ယာဉ်) စီစဉ်ပေးတာ ရှိတယ်၊ နေမကောင်းရင်လည်း ကျန်းမာရေး စောင့်ရှောက်မှုက အပြည့်အဝ ဖြစ်ပါတယ်။ ဒီလို ပြည့်စုံနေတဲ့ ဘဝကနေ "မင်း ထွက်တော့" လို့ ပြောခံရပြီး တပ်က ထွက်ခိုင်းလိုက်တာဟာ ဘာအာမခံချက်မှ မရှိတဲ့ ကျွန်တော့်အတွက်တော့ နွေလယ်ကောင် မိုးကြိုး ပစ်ချလိုက်သလို ပါပဲ။

အုန်းကျော်မြင့်ကိစ္စနဲ့ ပတ်သက်လို့ မှတ်မိသမျှ ဖြစ်စဉ်တွေကို စာအုပ် တစ်အုပ် ရေးသား ထုတ်ဝေပြီး ဖြစ်ပါတယ်။ သုံးကြိမ် ထုတ်ဝေရပြီး အုပ်ရေ ၆၀၀၀ လောက်ထိ စောင်ရေများလောက်အောင် စာဖတ် ပရိသတ်က အားပေးခဲ့ပါတယ်။ အမှန်ဆုံး ဖြစ်အောင် ကြိုးစားပြီး ရေးခဲ့တဲ့ အတွက် အများစုကတော့ ကျေနပ်ကြပါတယ်။ ဒါပေမဲ့ လူနည်းစုကတော့ ကျွန်တော်ရဲ့ အကဲဖြတ်ချက် အချို့ကို ဘဝင်မကျခဲ့ကြပါဘူးတဲ့။ အသေးစိတ် ပြန်မရေးပြတော့ပါဘူး။ ဒါပေမဲ့ အရေးကြီးတဲ့ အချက်လေးတွေတော့ ရေးပြမှ ဖြစ်မှာပါ။

ဒီ "အုန်းကျော်မြင့် အရေးအခင်း" ဆိုတာ ထိုစဉ်က လမ်းစဉ် ပါတီ ဗဟို အလုပ်အမှုဆောင် ကော်မတီဝင်၊ ကာကွယ်ရေး ဝန်ကြီးနဲ့ ကာကွယ်ရေး ဦးစီးချုပ် ဖြစ်တဲ့ ဗိုလ်ချုပ်ကြီး သူရ ဦးတင်ဦးကို ဦးနေဝင်းက ၅၊ ၂၊ ၁၉၇၆ ရက်နေ့မှာ ပါတီက သော်လည်းကောင်း၊ တပ်မတော်က သော်လည်းကောင်း အပြီးအပိုင် နုတ်ထွက်စေခဲ့ရာက စတင်ခဲ့တဲ့ ဖြစ်ရပ်ပါ။ ကျွန်တော် အပါအဝင် တပ်မတော်က လူကြီးလူငယ်အားလုံး ဒီဖြစ်ရပ်ကို ကြားရတဲ့အခါ စိတ်မချမ်းသာခဲ့ကြပါဘူး။

ဒါပေမဲ့ ဒုတိယ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်မှူးချုပ် ကျော်ထင်ရဲ့ ကိုယ်ရေးအရာရှိ Personal Staff Officer- PSO ဖြစ်တဲ့ ဗိုလ်ကြီး အုန်းကျော်မြင့် (OKM) ဟာ အကြီးအကျယ် မခံမရပ်နိုင် ဖြစ်ပြီး တစ်ခုခု လုပ်မှဖြစ်မယ်လို့ အတွေးပေါ် လာပါတယ်။ (ဒီလို ရေးနိုင်တာက သူတို့ကို တရားရုံးကို တင်တဲ့အခါ ဖြစ်စဉ် အားလုံးကို သတင်းစာမှာ အပြည့်အစုံ ဖော်ပြခဲ့တဲ့အတွက် ဖြစ်ပါတယ်။) သူ့အတွေးက ဒီလိုပါ။

ဦးနေဝင်းဟာ ဗိုလ်ချုပ်ကြီး တင်ဦးကို သားတစ်ယောက်လို ချစ်တယ်။ ဒီလို အနေအထားက အခုလို ထုတ်ပစ်ခံရတဲ့ အထိ ဖြစ်လာတာဟာ ဦးနေဝင်းကို ဦးစန်းယုနဲ့ မျက်မှန် တင်ဦးတို့က မမှန်မကန် တင်ပြလို့ ဖြစ်ရမယ်။ ဒီတော့ ဦးစန်းယုနဲ့ မျက်မှန်ကြီးကို ရှင်းမှဖြစ်မယ်။ အဲဒီလို ရှင်းပြီးရင် ဦးနေဝင်းကိုတော့ ဒီအတိုင်း ထားပြီး ဗိုလ်ချုပ်ကြီး တင်ဦးကို ပြန်တင်မယ်။ ဒါကို ငါ လုပ်ရမယ် ဆိုပြီး စတင် လှုပ်ရှားပါတော့တယ်။

သူနဲ့ သိကျွမ်းတဲ့သူတွေကလည်း PSO အများစု ဆိုတော့ သူ့အတွေး အကောင်အထည် ဖော်ဖို့ တိုင်ပင်တဲ့အခါ အားလုံးလိုလိုက သူ့ကို အားတက်သရော ထောက်ခံကြပါတယ်။ အဲဒီလို ထောက်ခံတဲ့ အရာရှိ အများစုဟာ လူကြီးတွေရဲ့ PSO တွေ ဖြစ်ပါတယ်။ တချို့သူတွေရဲ့ မှတ်ချက်အရ ပြောရမယ်ဆိုရင် "စိန်လိုက်လေ၊ ကြာသလားလို့" ဆိုတဲ့အတိုင်းပါပဲ။ PSO အချို့ကတော့ အရည်အချင်း ပြည့်ကြပေမဲ့ တချို့ ကတော့ ခပ်ပေါ့ပေါ့ပဲ စဉ်းစားပြီး ပြောကြ ဆိုကြ၊ လုပ်ကိုင်ကြတဲ့ အကျင့် ရနေကြပါပြီ။

နောက်တစ်ချက်ကတော့ OKM ဟာ ဗိုလ်ချုပ်ကြီး ကျော်ထင်ရဲ့ PSO ၊ ပြီးတော့ သူက OTS အပတ်စဉ် ၂၉ က ဆိုတော့ သူတို့ထက် စီနီယာကျတယ်။ ပြီးတော့ OKM က PSO လုပ်သက် ရင့်နေပြီဆိုတော့ ကျန်တဲ့ PSO တွေ အပေါ် မှာ အထိုက်အလျောက် ဩဇာရှိတယ်ပေါ့။ ဒါ့ကြောင့် မားဘချစ်က ဆိုရင် "အဖော်ကောင်းလို့ ကတော့ ငရဲပဲ လိုက်ရ လိုက်ရ" လို့ ကြွေးကြော်ခဲ့တာပါ။

အဲဒီတော့ ပထမ ဗိုလ်ချုပ်ကြီး တင်ဦးရဲ့ PSO ဗိုလ်စံကြည်နဲ့ သွားတိုင်ပင်တယ်။ စံကြည် (အပတ်စဉ်-၈) ကလည်း သူ့ဆရာ ပြုတ်သွားတာကို မခံချိမခံသာ ဖြစ်နေတဲ့သူဆိုတော့ OKM နဲ့ သဘောချင်းတူသွားကြပြီ။ နောက်တစ်ယောက်ကတော့ ဗိုလ်ကြီး ထွန်းကျော်။ သူနဲ့ OKM က အပတ်စဉ် အတူတူ၊ တပ်ကလည်း အတူတူ နေခဲ့ကြတော့ ထွန်းကျော်ကို သူက အထင်ကြီးတယ်။ ထွန်းကျော်ကလည်း ခမရ ၁၀၆ မှာ နေစဉ်က အရှေ့မြောက် ဒေသမှာ ဗကပနဲ့ တိုက်ပွဲအလီလီ ဆင်နွှဲခဲ့ဖူးသူ။

တိုက်ပွဲတစ်ခုမှာ ဆိုရင် ကိုထွန်းကျော်ရဲ့ တပ်ခွဲတစ်ခွဲလုံး နီးပါးဟာ ကွတ်ခိုင် မြို့နယ်က တီးမား ဆိုတဲ့ ရွာနားမှာ ဗကပတွေ ဝိုင်းတိုက်လို့ သူနဲ့ အခြားအဆင့် ၁၁ ယောက်ပဲ ကျန်တဲ့အထိ တပ် ဖရိုဖရဲဖြစ်ခဲ့ရတာပါ။ သူ့တပ်ခွဲက တချို့ အင်အားစုတွေမှာ ကျတဲ့လူက ကျပြီး အတော်များများလည်း အဖမ်းခံခဲ့ရပါတယ်။ ဒါပေမဲ့ ထွန်းကျော်ဟာ စိတ်ဓာတ် ပျက်မသွားဘဲ နောက်တိုက်ပွဲတွေမှာလည်း ရွတ်ရွတ်ချွန်ချွန် တိုက်ပွဲတွေ ဆင်နွှဲခဲ့လို့ "သူရဲကောင်း မှတ်တမ်းဝင်" ဘွဲ့ ချီးမြှင့်ခံရပါတယ်။

ထွန်းကျော်ကလည်း စိန်လိုက်လေ ကြာသလားလို့ပေါ့။ ဒါပေမဲ့ ထွန်းကျော်က လက်တွေ့သမား၊ အတွေ့အကြုံလည်း ရင့်တဲ့သူဆိုတော့ OKM ရဲ့ သဘောထားကို ကြိုက်ပေမဲ့ လက်တွေ့ အကောင်အထည် ဖော်ရမယ့်အပိုင်းမှာ အလွန် ခက်လိမ့်မယ်ဆိုတာ သူ သိပါတယ်။ OKM နောက်ထပ် တိုင်ပင်တဲ့ ပုဂ္ဂိုလ်တွေ ကတော့ PSO တွေ ဖြစ်တဲ့ ဗိုလ်ဝင်းသိန်း (ဗိုလ်ချုပ် မင်းခေါင်- တိုင်းမှူး၊ ယခု ကွယ်လွန်)၊ ဗိုလ်အောင်ကြည်ဦး (ဗိုလ်မှူးကြီး စိန်လွင်- တိုင်းမှူး၊ နောင်သမ္မတ၊ ယခု ကွယ်လွန်)၊ ဗိုလ်ဘချစ် (ဗိုလ်မှူးချုပ် သန်းတင်- ဒုဝန်ကြီး ယခု တစည)၊ ဗိုလ်ဟန်ဇော် (ဗိုလ်မှူးကြီး လှဖေ- တိုင်းမှူး၊ နောင် NLD၊ ယခု ကွယ်လွန်)၊ ဗိုလ်ဝင်းမောင် (ဗိုလ်မှူးကြီး ထွန်ကြည်- တိုင်းမှူး၊ ယခု ကွယ်လွန်)၊ ဗိုလ်သန့်ဇင်မြိုင် (ဦးစီးချုပ်ရုံး၊ ယခု US ရောက်နေ) တို့ ဖြစ်ပါတယ်။

ဗိုလ်ကြီး ရဲဦးကတော့ OKM နဲ့ တစ်ပတ်စဉ်တည်း၊ မော်ဘီက တင့်ကား တပ်ခွဲမှူး၊ OKM ရဲ့ အစီအစဉ် အကောင်အထည် ဖော်ရာမှာ တင့်ကားတွေ သုံးလို့ ရ မရ တိုင်ပင်ခြင်းခံရတဲ့သူ။ ဗိုလ်စိန်သောင်း (NDC ကျောင်းအုပ်ကြီး မျိုးအောင်၊ ယခု ကွယ်လွန်) တို့ ဖြစ်ပါတယ်။

နောက်ပြီး OKM တိုင်ပင်တဲ့သူကတော့ မြောက်ပိုင်း တိုင်းမှူး ဗိုလ်မှူးကြီး လှဖေ ဖြစ်ပါတယ်။ တပ်မမှူးများ၊ တိုင်းမှူးများ ရန်ကုန်ကို ရောက်ရင် ဒုချုပ်နဲ့ အရင် တွေ့လေ့ရှိပါတယ်။ ဗိုလ်မှူးကြီး လှဖေက ခမရ ၁၀၆ တပ်ရင်းမှူး ဖြစ်ခဲ့ဖူးပါတယ်။ နောက်ပြီး ရန်ကုန်တိုင်း ဂျီ-ဝမ်း ဖြစ်ခဲ့ပါတယ်။ သူ ဂျီ-ဝမ်း ဖြစ်တုန်းမှာ OKM ကို ရန်ကုန်တိုင်း စစ်ဦးစီးမှူး (တတိယတန်း၊ ဂျီ-သရီး) အဖြစ်နဲ့ သူပဲ ခေါ်ခဲ့တာပါ။ ဒုချုပ်အဖြစ် ရာထူး မတိုးမီက ရန်ကုန်တိုင်း တိုင်းမှူးဟာ ဗိုလ်မှူးကြီး ကျော်ထင် ဖြစ်ပါတယ်။

## ဗိုလ်စိန်သောင်း ကညောလို့ OKM PSO ဖြစ်တာ

ရန်ကုန်တိုင်း တိုင်းမှူး ဗိုလ်မှူးကြီး ကျော်ထင် (နောင် ကာချုပ်၊ ယခု ကွယ်လွန်) ရဲ့ PSO ကတော့ ဗိုလ်စိန်သောင်းပါ။ သူက လက်ရှိဇနီးနဲ့ ကွာပြီး နောက်အိမ်ထောင်ပြုဖို့ ဆုံးဖြတ်ထားတော့ တိုင်းမှူးက သူ့မိခင်

တပ်ရင်းကို ပြန်ပို့လိုက်ပါတယ်။ လစ်လပ်သွားတဲ့ PSO နေရာကို OKM ကို ထားဖို့ ဗိုလ်မှူးကြီး လှဖေက ထောက်ခံပေးခဲ့တာပါ။ သူတို့နှစ်ဦးရဲ့ ဆက်ဆံရေးက အဲဒီလို ရှိပါတယ်။ တကယ်လို့ ကိုစိန်သောင်းသာ အိမ်ထောင်ရေး ပြဿနာ မဖြစ်ခဲ့ရင် OKM ဟာ ဗိုလ်ချုပ်ကြီး ကျော်ထင်ရဲ့ PSO ဖြစ်မလာနိုင်ပါဘူး။

## လှကောင်းတွေနဲ့ မောင်တိုင်ပင်လား

ဒါကြောင့် ဗိုလ်မှူးကြီး လှဖေ ရန်ကုန်ရောက်တိုင်း ဒုချုပ်နဲ့ မတွေ့မီ OKM နဲ့ တွေ့ရာမှာ ဗိုလ်ချုပ်ကြီး တင်ဦးကို အရေးယူခံတာနဲ့ ပတ်သက်လို့ သူ့ခံစားချက်တွေနဲ့ သူ လုပ်ချင်တာတွေကို သူ့ဆရာကို ပြောပြတယ်ပေါ့။ ဗိုလ်မှူးကြီး လှဖေကတော့ လူကြီးပီပီ ဆုံးမစကားတွေပဲ ပြောခဲ့ပါတယ်။ ဒုချုပ်နားမှာ ရောက်နေတဲ့အတွက် အရာရာ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ဖို့၊ နှုတ်မလွန်ဖို့ စသည်တို့ ဖြစ်ပါတယ်။

နောက်တစ်ယောက်ကတော့ စစ်ရုံးက စခန်းမှူး ဗိုလ်မှူး စိန်မြင့်ပါ။ OKM က အခြေအနေ အရပ်ရပ် ကြောင့် လုံခြုံရေးအရ လိုအပ်တဲ့အတွက် လက်နက်အချို့ တောင်းတဲ့အခါ သူကလည်း လိုလိုလားလား ထုတ်ပေးခဲ့ပါတယ်။ တစ်ကြိမ်မကပါဘူး။ နှစ်ကြိမ် သုံးကြိမ်လောက် လက်နက်ငယ်တွေ ထုတ်ပေးခဲ့ပါတယ်။ အစွရေး နိုင်ငံထုတ် အူဇီ Uzzi တစ်လက်တောင် ပါပါသေးတယ်။ အမှု ဖြစ်တဲ့အခါကျတော့ ဒီကိစ္စကြောင့် ဗိုလ်မှူး စိန်မြင့် ပါလာရတာပါ။

ဒါတင်မကပါဘူး Col. G.S. ဗိုလ်မှူးကြီး မောင်မောင်လည်း ပါလာပါတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ ဗိုလ်မှူး စိန်မြင့်က OKM လက်နက်တွေ အလီလီ လာထုတ်နေတာကို စိတ်က မသန့်ဘူး၊ ဒါကြောင့် Col. G.S. ရုံးဆင်းတဲ့အချိန် စောင့်ပြီးတော့ "ဗိုလ်မှူးကြီးကို သတင်းပို့စရာ ရှိလို့" ဆိုပြီး အလေးပြုပါတယ်။

ဗိုလ်မှူးကြီး မောင်မောင်က ဘာကိစ္စလဲလို့ မေးတော့ ဗိုလ်မှူး စိန်မြင့်က "ဗိုလ်ကြီး အုန်းကျော်မြင့်က ဦးစီးချုပ် ပြောလို့ဆိုပြီး လက်နက်ငယ်တွေ ထုတ်ပေးဖို့ လာပြောတာတွေကြောင့် ကျွန်တော် ထုတ်ပေးထား ရတယ်" လို့ သတင်းပို့ပါတယ်။ Col. G.S. က "ဟ... ဗိုလ်စိန်မြင့်၊ အုန်းကျော်မြင့်က ဦးစီးချုပ် PSO လေ၊ ကျုပ်ကို သတင်း မပို့နဲ့၊ သူ့ကို သတင်းပို့ရမှာပေါ့" လို့ ပြန်ပြောပြီး အိမ်ပြန်သွားပါတယ်။ ဒါပေမဲ့ ဗိုလ်မှူး စိန်မြင့်က ဘယ်သူ့ကိုမှ ဆက်သတင်းမပို့ ဖြစ်ပါဘူး။ သူ့ကို ဖမ်းတဲ့အခါကျမှ OKM အကြောင်းကို ဗိုလ်မှူးကြီး မောင်မောင်ကို သတင်းပို့မိပါတယ် ဆိုပြီး ပြောလို့ ပါလာတာဖြစ်ပါတယ်။

စစ်ရုံး ဖွဲ့စည်းပုံအရ ဆိုရင် စခန်းမှူးရဲ့ အထက်အရာရှိဟာ စစ်ဆင်ရေး ဂျီ-ဝမ်း ဖြစ်ပါတယ်။ အဲဒီ တုန်းက ဂျီ-ဝမ်းက နောင် ဒုတိယ ဝန်ကြီး ဖြစ်လာမယ့် ဒုတိယ ဗိုလ်မှူးကြီး အောင်ဝင်းပါ။ Col. G.S ကို တိုက်ရိုက် သတင်းပို့စရာ အကြောင်းမရှိပါ။ ဒါကြောင့် သူလည်း ထောင်ကျ၊ Col. G.S ကလည်း ရေကြည်အိုင် မှာ အထိန်းသိမ်းခံရပြီး တပ်က အငြိမ်းစားယူလိုက်ရတာပါ။

## အန္တရာယ်က ကိုယ့်ဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့တာ

ကျွန်တော့်ကိုတော့ အန္တရာယ်စက်ကွင်းက တည့်တည့် လာစွပ်တာပါ။ အဲဒီတုန်းကတော့ မစဉ်းစားမိဘူးလေ။ ၅၊ ၂၊ ၁၉၇၆ ရက်နေ့ ညနေမှာ ဦးနေဝင်းက ဗိုလ်ချုပ်ကြီး တင်ဦးကို ဖြုတ်လိုက်ပါတယ်။ နောက်တစ်နေ့ ၆၊ ၂၊ ၁၉၇၆ ရက်နေ့ မနက် ရှစ်နာရီ ရုံးရောက်ရောက်ခြင်း ကျွန်တော့်ဆီ ဗိုလ်စံကြည်က ဖုန်းဆက်ပါတယ်။ ပြော စရာ ရှိလို့တဲ့၊ သူ့ရုံးက အပေါ်ဆုံးထပ်မှာပါ။ ကျွန်တော် ရောက်သွားတော့ ဗိုလ်စံကြည်က မျက်ရည်စမ်းစမ်းနဲ့ သူ့အဘိုးကြီး အရင်ညနေက တပ်က ထွက်လိုက်ရပုံ၊ ထွက်ရတဲ့ အကြောင်းရင်းက သူတို့အိမ် ဆောက်ရာမှာ

အဘွားကြီးက ပေါင်ကောင်နဲ့ ဘန်ကောက် စစ်သံတွေဆီက အိမ်ဆောက်ပစ္စည်းကို မှာတဲ့အတွက်ကြောင့်လို့ အကြောင်းပြပါတယ်။ ဒီလိုဒီပုံနဲ့ ကျွန်တော် စက်ကွင်းမိခဲ့တာပါ။

ကျွန်တော်နဲ့တကွ တစ်ဌာနတည်းက ဗိုလ်ကြီး မြင့်သိန်း (ဖိုက်ဝမ်း) နဲ့ ဗိုလ်ကြီး စိုးမြင့်တို့ ပါလာပုံက တော့ တစ်ပုံစံတည်းပါပဲ။ ဗိုလ်စံကြည်က သူ့ဆရာ နုတ်ထွက်ပြီး မကြာခင်မှာ နေ့လယ်စာကို ကျွန်တော်တို့ ဌာနမှာ လာစားပါတယ်။ သူ့ထမင်းချိုင့်နဲ့ သူပါ။ အဲဒီလို လာစားရင်းနဲ့ တစ်နေ့မှာတော့ OKM က ဦးစီးချုပ်ကြီး ပြုတ်တာနဲ့ သူ မကျေနပ်ဘူးလို့ အစချီပြီး အထက်မှာ ကျွန်တော် ရေးပြခဲ့တဲ့ အကြောင်းတွေကို အကျယ်တဝင့် ပြောပြပါတယ်။ တစ်ဆက်တည်း သူတို့ ပြန်တင်ချင်တဲ့ ပုံစံတွေလည်း ရှင်းပြပါတယ်။

ကျွန်တော်က သူပြောတဲ့ စကားတွေကို ကြားရတဲ့အခါ စဉ်းစားပြီးတော့ သူ့ကို ပြန်ပြောလိုက်ပါတယ်။ (အရင် တစ်နေ့ကပဲ သူ့သားငယ်လေး ဆုံးလို့ ရက်လည်ဆွမ်း ကပ်ခဲ့တာပါ။) ပြီးတော့ နေ့လယ်မှာလည်း ဦးနေဝင်း ခေါ်လို့ ဂေါက်အတူတူ ရိုက်ကြတာလည်း သိထားပါတယ်။

ကျွန်တော်က "ဗိုလ်စံကြည်ရေ၊ ဒီကိစ္စက ရိုးရိုး မဟုတ်ဘူးကွ၊ မင့်ဆရာကို ဘယ်အချိန်တည်းက ဦးနေဝင်းက ဖြုတ်ချင်နေမှန်း မသိဘူး၊ သားငယ်လေး ဆုံးသွားလို့ သူ့မှာ စိတ်နလုံး ညှိုးနွမ်းနေတဲ့ အချိန်ကို ရွေးပြီး ချိန်ကိုက်လုပ်လိုက်တာ၊ ဥပမာကွာ မြွေများ ပါးပြင်း ထောင်နေတဲ့အချိန် မရိုက်ပဲ ပါးပြင်း ကျမှ ရွေးပြီး ရိုက်သလိုပေါ့၊ အဲဒီတော့ မင်းလည်း အချိန်ရှိတုန်း အဘိုးကြီးရဲ့ ပင်စင်ကိစ္စတွေ ပြတ်အောင် မြန်မြန် လုပ်ပြီး မင်းဆန္ဒရှိတဲ့ တပ်ကို ပြန်ပေါ့" လို့ ပြောပြီး ပြန်ခဲ့ပါတယ်။

ဗိုလ်စံကြည် ပြောတဲ့ အဲဒီ ထမင်းဝိုင်းမှာ ဗိုလ်မှူး သောင်းတင် (နောင် ကောင်စီ ဥက္ကဋ္ဌ- ယခု ကွယ်လွန်) နဲ့ ဗိုလ်မှူး သိန်းမြင့် (နောင် သံအမတ်ကြီး- ငြိမ်း) တို့အပြင် ဗိုလ်စန်းအောင် (သာဂိ)၊ တရုတ်မ စိုးမြင့် (ငြိမ်း) နဲ့ ဖိုက်ဝမ်း မြင့်သိန်း (ကွယ်လွန်) တို့ ပါပါတယ်။

ဗိုလ်စံကြည် ပြောတာနဲ့ ပတ်သက်လို့ ကျွန်တော်တို့ကလည်း တစ်ယောက်တစ်ပေါက် ပြောဖြစ်ပါတယ်။ တရုတ်မကတော့ သိပ်ဝင်ပြောလေ့ မရှိပေမဲ့ ကျွန်တော်နဲ့ ဖိုက်ဝမ်းကတော့ တစ်ချက် တစ်ချက် ဝင်ပြောမိပါတယ်။ ဒါပေမဲ့ အပြောဆုံးကတော့ သာဂိပါပဲ။ နောက်ရက်တွေမှာလည်း ဗိုလ်စံကြည်က ဒါတွေ ပြောခဲ့သော်လည်း ကျွန်တော်တို့က သိပ်စိတ်မဝင်စားတော့ပါဘူး။ တကယ်တော့ ဗိုလ်စံကြည်ဟာ OKM ရဲ့ အပြောတွေကို သိပ်သဘောကျနေတာပါ။ ဒါ့ကြောင့် ကျွန်တော်တို့ကို လာစည်းရုံးတာပါ။ ဌာနအနေနဲ့ကလည်း G-Plan ဆိုတော့ အင်မတန် သိက္ခာကြီးတဲ့ ဌာန ဖြစ်ပါတယ်။

အဲဒီလိုတွေ ပြောဆို ဆွေးနွေးခဲ့ကြရင်းနဲ့ ကျွန်တော်ရယ်၊ သာဂိရယ်က ၁၉၃၆ ခုနှစ်၊ မတ်လပိုင်းမှာ ပြောင်းရွှေ့အမိန့် ရပါတယ်။ ကျွန်တော်က ခမရ ၁၀၆၊ အဲဒီတုန်းက ဒညင်းကုန်း၊ သာဂိက ကချင် ၃၊ ကွမ်းလုံ။ တစ်စုံတစ်ယောက်သော အငြိုးရှိတဲ့ ကက (ထူး) က ပုဂ္ဂိုလ်တစ်ယောက်က သူ့ကို လုပ်ကြံလိုက်တာပါ။ ကချင် ၃ က ကွမ်းလုံမှာပါ။ ဒါပေမဲ့ သာဂိကတော့ အေးအေးဆေးဆေးပါပဲ။

သူ့ထက် အသက်ကြီးတဲ့ မမပိုင်းနဲ့ ဝေးလေ ကောင်းလေ ဆိုတဲ့ကောင်။ သူက ဝါသနာ ကြီးတယ်။ အဲဒီလို ဝါသနာကြောင့် သူငယ်ချင်းတွေက စေတနာနဲ့ သတိပေးတဲ့အခါမှာ သူ အမြဲ ပြန်ပြောလေ့ရှိတဲ့ စကားက "ဟေ့..... ထပ်လျက် မမိမချင်း ငါက ငြင်းမှာပဲ၊ ဂျွန် ဦးစောတောင် Not guilty လို့ ပြောခဲ့တာပဲ" အဲဒီလို ဆိုခဲ့တဲ့ကောင်။ ကက (ထူး) အမိန့်ထွက်တော့ ကျွန်တော်က ခမရ ၁၀၆ ဒညင်းကုန်းကို သွားသတင်း ပို့ပြီး သာဂိကတော့ ကွမ်းလုံကို ရောက်သွားပါတယ်။

ကျွန်တော် ခမရ ၁၀၆ ရောက်သွားတော့ သကြံန်ပြီးတာနဲ့ ရှေ့တန်းကို ထွက်ရပါတယ်။ ရန်ကုန်က ရွှေညောင်ကို ရထားနဲ့၊ ရွှေညောင်က မိုင်းရှူးကို ကားနဲ့၊ မိုင်းရှူးက သံလွင်မြစ်ကမ်းက စခန်း တစ်နေရာကို တစ်ညအိပ် ခြေလျင် လျှောက်ရပါတယ်။ သံလွင်မြစ် တစ်ဖက်ကမ်းက တောင်ကုန်းတစ်ခုမှာ တာဝန်ယူရတော့ ဟိုဘက်ကမ်းကိုလည်း လှမ်းမြင်နေရပါတယ်။

ဟိုဘက်ကမ်းမှာတော့ ဗကပ စခန်းတွေပါ။ ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်း အားပြိုင်နေတဲ့ သဘောပေါ့။ ကျွန်တော်တို့ တပ်ခွဲရဲ့ တာဝန်ကတော့ ကျွန်တော်တို့ဘက်ခြမ်းနဲ့ အတွင်းပိုင်း တိုက်ကင်းတွေနဲ့ ရန်သူ့ သတင်းကို ထောက်လှမ်းနေရတဲ့ တာဝန်ပါ။ မှတ်မှတ်ရရ ဇူလိုင်လ ၂၀ ရက်နေ့မှာပါ။ ကျွန်တော့် တပ်ခွဲနဲ့ တိုက်ကင်း ထွက်နေတဲ့အချိန်မှာ မနက် စောစောကတည်းက ပလောင်ရွာ၊ ရှမ်းရွာတွေကို လှည့်ပြီး တိုက်ကင်း ထွက်ပြီး နောက်တစ်နေရာကို ဆက်သွားဖို့ ဖြစ်ပါတယ်။

## မထင်မှတ်ဘဲ ကြားရတဲ့ သတင်း

တောင်ကုန်းတစ်ခု ရောက်တော့ မနက် ၁၀ နာရီခွဲလောက် ရှိပါပြီ။ တပ်ခွဲက ဒုအရာခံဗိုလ် လှနုနဲ့ တိုင်ပင်ပြီး ရဲဘော်တွေကို ထမင်းစားဖို့ ပြောလိုက်ပါတယ်။ နေ့လယ် ၁၁ နာရီ သတင်းလာတဲ့ အချိန်မှာ အချိန်ကိုက်ပဲ ဆိုပြီး ရေဒီယိုဖွင့် နားထောင်လိုက်ပါတယ်။ အစကတည်းက ယဉ်သကိုလို့ ပြောရမလား မသိဘူး၊ သတင်းခေါင်းစဉ်လို့ ကြေညာပြီးတာနဲ့ "အမျိုးသား ထောက်လှမ်းရေး အဖွဲ့ချုပ်ရဲ့ ဖော်ထုတ်မှုကြောင့် နိုင်ငံတော် ခေါင်းဆောင်ကြီးများအား လုပ်ကြံလျက် နိုင်ငံတော်၏ အာဏာကို သိမ်းရန် ကြံရွယ်ခဲ့သော တပ်မတော် အရာရှိ အချို့အား ဖော်ထုတ် အရေးယူခြင်း" ဆိုတဲ့ ကြေညာချက်ကို ပထမဦးဆုံး ကြားလိုက်ရပါတယ်။

ကျွန်တော်ကတော့ စစ်ရုံးက ပြောင်းလာတာ လပိုင်းပဲ ရှိသေးတော့ စိတ်ထဲမှာ "ဟ..... ရန်ကုန်မှာ ဘာတွေ ဖြစ်နေကြပြီလဲ" လို့ ဖြစ်လာပါတယ်။ ဆက်တိုက် ကြေညာတဲ့ သတင်းကြောင့် မျက်လုံး ပိုကျယ်လာခဲ့ပါတယ်။ ဆက်ကြေညာတဲ့ သတင်းအရ "နိုင်ငံတော် ခေါင်းဆောင်ကြီးများအား လုပ်ကြံလျက် နိုင်ငံ့ အာဏာကို သိမ်းယူရန် ကြံရွယ်သော တပ်မတော် အရာရှိများ ဖော်ထုတ် အရေးယူခဲ့ခြင်း" ဆိုတဲ့ ခေါင်းစဉ်နဲ့ ကြေညာခဲ့ပါတယ်။

"ထိုသို့ အာဏာသိမ်းရန် ကြံစည်သော အဖွဲ့၏ ခေါင်းဆောင်များမှာ ဗိုလ်ကြီး အုန်းကျော်မြင့်၊ ဗိုလ်ကြီး ဝင်းသိန်းနဲ့ ဗိုလ်ကြီး စံကြည်တို့ ဖြစ်ပါတယ်။ ကြံရာပါများကတော့ ဗိုလ်မှူး မောင်လတ်၊ ဗိုလ်မှူး သူရ ချစ်ခိုင်၊ ဗိုလ်မှူး စိန်မြင့်၊ ဗိုလ်ကြီး ဘချစ်၊ ဗိုလ်ကြီး အောင်ကြည်ဦး၊ ဗိုလ်ကြီး ဟန်ဇော်၊ ဗိုလ်ကြီး သန့်ဇင်မြိုင်၊ ဗိုလ်ကြီး ရဲဦးနဲ့ ဗိုလ်ကြီး ဝင်းမောင်တို့ ဖြစ်ပါတယ်" လို့ ဆက်လက် ကြေညာခဲ့ပါတယ်။ တစ်ဆက်တည်းမှာပဲ "စုံစမ်း မေးမြန်းရန် လိုအပ်သော ဗိုလ်မှူးကြီး နှစ်ဦးအားလည်း ခေါ်ယူ မေးမြန်းလျက် ရှိပါတယ်" လို့ ကြေညာသွားပါတယ်။

အဲဒီ သတင်းတွေ ကြားတော့ ကျွန်တော် ငိုင်သွားရပါတယ်။ ကြေညာသွားတဲ့ သတင်းမှာ ပါတဲ့ အရာရှိ အားလုံး နီးပါးလောက် ကျွန်တော်နဲ့ သိကျွမ်း ခင်မင်ပါတယ်။ ဒါပေမဲ့ ကြားလိုက်ရတာတွေက ကျွန်တော် နားစွန်နားဖျား ကြားထားတွေထက် အများကြီး ကျယ်ပြန့်နေတယ်လို့လည်း သဘောပေါက်မိပါတယ်။ ကျွန်တော် သိထားတာက ဗိုလ်စံကြည်နဲ့ OKM နှစ်ယောက်ပါ။ ကျန်တဲ့သူတွေက ဘယ်ပုံဘယ်နည်းနဲ့ ပါလာတယ်၊ ဘာတွေ ကြံစည်ကြ၊ ဘာတွေ ပြောကြ၊ ဘာတွေ လုပ်ခဲ့ကြတာတွေတော့ မသိခဲ့ပါဘူး။

ပြီးတော့ မေးမြန်းဖို့ ခေါ်ထားတယ်ဆိုတဲ့ ဗိုလ်မှူးကြီး နှစ်ယောက် ဆိုတာလည်း ဘယ်သူတွေလည်း မသိပါဘူး၊ သိချင်လိုက်တာ။ အဲဒီလို အတွေးတွေ ဖြစ်လာပါတယ်။ ဒါပေမဲ့ ကြာကြာ မတွေးနိုင်ပါဘူး၊ ကိုယ့်ကို ပေးထားတဲ့ တိုက်ကင်း တာဝန်တွေကြောင့် ထမင်းစားပြီးတာနဲ့ ခရီးဆက်ရပြန်ပါတယ်။ ရန်သူ ဗကပတွေနဲ့ ထိတွေ့မှု မရှိပါ။ ရောက်တဲ့ ရွာတွေမှာလည်း သူတို့ ဝင်ထွက်သွားလာမှု မရှိတာ သိရပါတယ်။ သံလွင်မြစ် ဟိုဘက်ကမ်းမှာပဲ တပ်တွေ စုထားပြီး တစ်ချိန်မှာတော့ သူတို့ ထုံးစံအတိုင်း စစ်ကြောင်းတွေ ထိုးလာဦးမှာပါ။

အဲဒီညမှာ ရှမ်းရွာ တစ်ရွာကို ရောက်ပါတယ်။ အကြောင်းမထူးတာရယ်၊ မှောင်စပျိုးလာတာတွေရယ် ကြောင့် ရွာအပြင်က ဇရပ်တစ်ခုမှာ တပ်ခွဲလိုက် စခန်းချပါတယ်။ ရဲဘော်တွေ ထမင်း ဟင်း ချက်နေကြတုန်းမှာ ကျွန်တော်ကလည်း တစ်နေ့တာ လှုပ်ရှားမှုတွေကို ဝှက်စာသွင်းပြီး စစ်ကြောင်း ၂ ကို သတင်းပို့နေရပါတယ်။ သတင်းပို့ပြီးတဲ့ အခါမှာ စစ်ကြောင်း ဌာနချုပ်က ညွှန်ကြားချက်တစ်ခု ရောက်လာပါတယ်။

ဝှက်စာနဲ့ပါပဲ။ ဝှက်စာကို စကားပြေ ဖော်တော့ ည ၁၀ နာရီ ကျော်ပါပြီ။ သတင်းကတော့ ကျွန်တော့်ကို စစ်ရုံး ကက (ထူး) ကို အမြန်ဆုံး သတင်းပို့ရန် ဖြစ်ပါတယ်။ သိလိုက်ပါပြီ၊ ဗိုလ်စံကြည်တို့ OKM တို့နဲ့ ပတ်သက်လိုက်မယ် ဆိုတာ။ စိတ်ထဲမှာ ထင့်သွားပေမဲ့ ထိတ်လန့်မှုတော့ မဖြစ်ခဲ့ပါ။ ဘာ့ကြောင့်လဲ ဆိုတော့ သူတို့ကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော် ဘာမှ မသိခဲ့လို့ပါပဲ။

ကျွန်တော့် တပ်ခွဲကို နောက်တစ်နေ့အတွက် ညွှန်ကြားချက်တွေ ပေးထားပြီးသားပါ။ ခုနက သတင်း ကြောင့် တပ်ခွဲ ဒုအရာခံဗိုလ်နဲ့ တပ်စုမှူးတွေကို ခေါ်ပြီး နောက်တစ်နေ့ အစီအစဉ်တွေကို ပယ်ဖျက်ပြီး စစ်ကြောင်း ၂ ဌာနချုပ်ကို သွားရမှာ ဖြစ်ကြောင်း ညွှန်ကြားချက် အသစ် ထုတ်ရပါတယ်။ ကျွန်တော်က စစ်ဆင်ရေးကို စွန့်ခွာပြီး ရန်ကုန်ကို ပြန်ရမှာ ဖြစ်တဲ့အတွက် ကျွန်တော့်မှာ ရှိနေတဲ့ ဝှက်စာနဲ့ ငွေတွေကို စစ်ကြောင်းမှူးထံ ပြန်အပ်ရမှာပါ။ ဒါ့ကြောင့် နောက်တစ်နေ့ မနက် ခုနစ်နာရီကျမှပဲ တပ်ခွဲ တစ်ခွဲလုံး ထွက် တော်မူ နန်းက ခွာတယ်ပေါ့။ ဟုတ်တယ်လေ၊ ကျွန်တော့် အဖို့ အရာရှိ တပ်သား စုံစုံညီညီနဲ့ စစ်ဆင်ရေး ထွက်ရတာဟာ ဒါနောက်ဆုံးပဲလို့ စိတ်ထဲက ကြိုတင် သိနေသလိုလိုပါပဲ။

စစ်ကြောင်း ၂ ဌာနချုပ်ကို ရောက်အောင် တစ်နေကုန် ချီတက်ရပါတယ်။ မိုးတွေက ရွာ၊ တောင်ဆင်း တောင်တက်ကလည်း များ၊ လမ်းတစ်လျှောက်လုံးကလည်း ဗွက်တွေက ထ ဆိုတော့ ခရီးသွားရတာ ပင်ပန်း လှပါတယ်။ ဒီကြားထဲမှာ ရန်သူနဲ့ နီးနေတဲ့အတွက် တောတန်းတွေ တောင်ကုန်းတွေ တွေ့ရင် ရှင်းရလင်းရနဲ့ ခရီး မတွင်ပါဘူး။ စစ်ကြောင်း ဌာနချုပ်ကလည်း ပေ သုံး-လေးထောင်လောက် မြင့်တဲ့ တောင်ကုန်းပေါ်မှာ ဆိုတော့ ရောက်ခါနီးလေ မောတက်ရလေပါ။

ကျွန်တော် အထက် တစ်နေရာမှာ ရေးပြခဲ့ဖူးသလို သံလွင် တစ်ဖက်ကမ်းက ရန်သူ့ စခန်းတွေ မြင်နေ ရတဲ့ တောင်ကုန်းဖြစ်တော့ သူတို့ကို အဲဒီလို မိုးပြီး မြင်နေတဲ့ နေရာမှာ ဌာနချုပ်ဖွင့်တာ သဘာဝလည်း ကျ၊ နည်းဗျူဟာအရလည်းလိုအပ်ပါတယ်။ ဒါပေမဲ့ အဲဒီတောင်ကိုတက်ရတာကတော့ အားလုံးပဲ လျှာထွက်အောင် တက်ကြရပါတယ်။

စစ်ကြောင်း ဌာနချုပ်မှူးက ဗိုလ်မှူး တင်အောင်ပါ။ အသားဖြူဖြူနဲ့ အရပ်ရှည်ရှည်၊ ဖော်ရွေတဲ့ အမူအရာ ရှိပါတယ်။ ကွမ်းကတော့ မပြတ်တန်း စားနေတဲ့သူပါ။ သူ့ကို ဝှက်စာနဲ့ တပ်ခွဲ လက်ကျန်ငွေတွေ အပ်မယ်ဆိုတော့ သူက ကျွန်တော့် ကိုယ်စား တပ်ခွဲမှူး တာဝန် ထမ်းဆောင်မယ့် ဗိုလ်ကြီး ခင်မောင်ကြည် (အပတ်စဉ် ၁၀) ကို လွှဲဖို့ ပြောပါတယ်။ သူက အရင်မှာ တပ်ထိန်း တပ်ဖွဲ့ကပါ။ ကျွန်တော့်ကို စစ်ရုံးကို ပြန် ခေါ်မယ့် ကိစ္စနဲ့ ပတ်သက်လို့ သူလည်း သဘောပေါက်ပြီး ဖြစ်မှာပါ။ ဒါ့ကြောင့် သူက အလိုက်သိစွာနဲ့ ဒီ

ကိစ္စကို တစ်ခွန်းမှ မဟပါဘူး။ (ကျေးဇူးတင်ပါတယ် ဗိုလ်မှူး ခင်ဖျား၊ အခုတော့ ဘယ်ဆီရောက်နေတယ် ဆိုတာ မကြားမိပါဘူး။)

## ဌာနကို ပြန်ပြီ

နောက်တစ်နေ့မှာတော့ ကျွန်တော့်ကို ဗိုလ်ကြီး ခင်မောင်ကြည် ခေါင်းဆောင်တဲ့ ကျွန်တော့် တပ်ခွဲဟောင်းက မိုင်းရှူးကို လိုက်ပို့ပါတယ်။ လမ်းတွေကတော့ ခုနက ပြောခဲ့တဲ့အတိုင်းပါပဲ။ ဇူလိုင်လ နောက်ဆုံးရက်တွေ ဆိုတော့ ရှမ်းပြည်နယ်မှာ မိုးသည်းပုံက ရခိုင်ပြည်နယ်ကို မမီပေမဲ့ တော်တော်လေး များပါတယ်။ မိုင်းရှူး ရောက်တော့ ဗျူဟာမှူးမ ရှိပါဘူး၊ ဒုတိယ ဗိုလ်မှူးကြီး မောင်သောင်း (အပတ်စဉ် ၁ က Best Cadet) က ယာယီ ဗျူဟာမှူး တာဝန်ယူနေပါတယ်။

ကျွန်တော့်ကို ဖော်ဖော်ရွေရွေ ဆက်ဆံပါတယ်။ ဗျူဟာမှူး G-3 ကတော့ ဗိုလ်ကြီး အုန်းမြင့်ပါ။ နောင်မှာတော့ ကိုသောင်းက စက်မှုနဲ့ နည်းပညာ ဝန်ကြီး၊ ဦးသိန်းစိန် လက်ထက်မှာတော့ ပြည်ခိုင်ဖြိုး လွှတ်တော် ကိုယ်စားလှယ်၊ အခုတော့ အဲဒီ ပါတီက နာယက တစ်ဦး ဖြစ်လာပြီး ဗိုလ်အုန်းမြင့်ကတော့ အရပ်ဘက် ဌာန ပြောင်းပြီး ရန်ကင်း မြို့နယ် ရဲမှူးကြီး ဖြစ်သွားပါတယ်။

သူတို့ကလည်း အလိုက်သိပါတယ်။ ကျွန်တော့်ကို စစ်ရုံး ပြန်သတင်းပို့ရမယ့် ကိစ္စနဲ့ ပတ်သက်လို့ ဘာမှ မမေးကြပါဘူး။ ဒါပေမဲ့ ကျွန်တော့်အတွက် စစ်ရုံးက ရောက်လာတဲ့ ညွှန်ကြားချက်ကိုတော့ ပြောပြပါတယ်။ ဒါကတော့ နောက်တစ်နေ့မှာ ရဟတ်ယာဉ်နဲ့ ဟဲဟိုးကို ပြန်၊ ဟဲဟိုးကမှ လေယာဉ်ပျံနဲ့ ရန်ကုန်ကို သွားပေါ့။ အဲဒီ သတင်းကြားတော့ ကျွန်တော်က  ပြုံးမိပါတယ်၊ "ငါတော့ ရွာပြန်ရောက်ရင် သူတို့အခေါ် ဟပ်စကီး စီးဖူးပြီကွ" လို့ ကြွားနိုင်ပြီ ဆိုပြီးတော့ပေါ့။ မိုင်းရှူးမှာလည်း တစ်ည အိပ်ရပါသေးတယ်။ တောင်ပေါ်မှာ တစ်ည၊ မိုင်းရှူးမှာ တစ်ည နှစ်ည အိပ်ခဲ့ရပေမဲ့ အိပ်ရေး မပျက်ခဲ့ပါဘူး။ စိတ်ပူပန်မှုလည်း မရှိခဲ့ပါဘူး။

နောက်တစ်နေ့ မနက် ရှစ်နာရီလောက်ကျတော့ ရဟတ်ယာဉ် ဘဲလ်-တူးအိုဖိုက် Bell-205 မိုင်းရှူးကို ရောက်လာပါတယ်။ ပိုင်းလော့ တစ်ယောက်က မိတ္ထီလာ ဇာတိ ဗိုလ်တင့်ဆွေ (ယခု ကွယ်လွန်) ဖြစ်ပါတယ်။ သူတို့ကို ရဟတ်ယာဉ်ကွင်းက ကြိုပြီး ဗျူဟာရုံးမှာ လက်ဖက်ရည်၊ မုန့်များနဲ့ ဧည့်ခံပါတယ်။ ဗိုလ်တင့်ဆွေက မိတ္ထီလာ ဇာတိ ဖြစ်တဲ့အပြင် တစ်ရပ်ကွက်တည်းမှာပါ နေလေတော့ မိသားစုချင်းပါ ရင်းနှီးနေတာပါ။ ကျွန်တော်က သူ့ကို မေးပါတယ်။ "မင်းတို့ ဘယ်သူ့ကို လာကြိုတာလဲ သိလား" လို့ သူ့ကို မေးတော့ သူက "မသိဘူးလေ၊ မိုင်းရှူးက VIP တစ်ယောက်ကို ခေါ်ခဲ့ရမယ် ဆိုတာပဲ သိတယ်" လို့ ပြန်ပြောပါတယ်။

ကျွန်တော်က " အဲဒီ VIP ဆိုတာ ငါပဲလေကွာ" ဆိုတာနဲ့ သူအမူအရာ မသိမသာ ပျက်သွားပါတယ်။ သူတို့လည်း OKM တို့ အကြောင်း သိနေပြီပေါ့။ ကျွန်တော်က သူ့ကို " ဒီလိုပေါ့ကွာ၊ အခုတော့ မပြောသင့်သေးလို့ မပြောပါဘူး၊ ငါ့အတွက် ဘာမှ မပူကြပါနဲ့" ဆိုပြီး အားပေး စကားပြောလိုက်ပါတယ်။

Bell-205 က အင်မတန် ငြိမ်တဲ့ ရဟတ်ယာဉ်ပါ။ ဟဲဟိုးကို ၄၅ မိနစ်လောက်ပဲ မောင်းရပါတယ်။ လမ်းတစ်လျှောက်မှာ ငြိမ်နေတာပဲ။ ဘယ်လို တုန်ခါမှုမျိုးမှ မရှိပါဘူး။ ရဟတ်ယာဉ်ပေါ်မှာပဲ ကျွန်တော့် မိဘများအတွက် စာတိုလေး တစ်စောင် ရေးပြီး ဗိုလ်တင့်ဆွေနဲ့ ထည့်ပေးလိုက်ပါတယ်။ မိမိ ရန်ကုန်ကို ပြန်နေပြီ ဆိုတဲ့အကြောင်း၊ ဘာမှ စိတ်ပူစရာ မလိုဘူး ဆိုတဲ့အကြောင်းတွေ ရေးပေးလိုက်တာပါ။

ဟဲဟိုး ရောက်တော့ အသင့် စောင့်နေတဲ့ တောင်ကြီး ထောက်လှမ်းရေးက ဗိုလ်ကြီး သန်းထွန်း (ယခု ဘယ်ရောက်နေသလဲ မသိတော့ပါ) နဲ့ အတူ လေကြောင်းနဲ့ ရန်ကုန်ကို ခရီးဆက်ရပါတယ်။ လေယာဉ်ပျံ

မထွက်ခင် တောင်ကြီး ထောက်လှမ်းရေး တပ်မှူး ဗိုလ်မှူး မင်းလှိုင် (DSA အပတ်စဉ် ၃၊ ယခု အငြိမ်းစား) နဲ့ တွေ့ပြီး နှုတ်ဆက်လိုက်ရပါသေးတယ်။ ရန်ကုန် ရောက်တော့ အပတ်စဉ် ၁၂ က ရွှေတံဆိပ်ဆု ရခဲ့တဲ့ ဗိုလ်မြင့်ဦး လာကြိုပါတယ်။ သူက ထောက်လှမ်းရေး ၆ ကပါ။ တပ်မှူးကတော့ အပတ်စဉ် ၃ က ဗိုလ်မှူး ရဲဆွေ (ယခု ကွယ်လွန်)ဖြစ်ပါတယ်။ အဲဒီ ထောက်လှမ်းရေး ၆ ဆိုတာ အခုတော့ ဘယ်နားမှာ ရောက်သွားပြီလဲ မသိတော့ပါ။ ထိုစဉ်က တပ်ထိန်းတပ် နေရာကိုတော့ City Mart တစ်ခု ဖွင့်ထားတာ ဟိန်းလို့ပါပဲ။

## စစ်ကြောရေး Interrogation

ထုံးစံအတိုင်း ကျွန်တော့်ရဲ့ ကိုယ်ရေးရာဇဝင် ရေးရပါတယ်။ ဆွေ ခုနစ်ဆက်၊ မျိုး ခုနစ်ဆက် အပြင် တစ်သက်တာ ဖြတ်သန်းခဲ့ကြတဲ့ အတွေ့အကြုံတွေ စုံစီနဖာက အစ ရေးပေးရပါတယ်။ အဲဒါတွေ ပြီးတော့မှ ကျွန်တော့်ကို ရှေ့တန်းက ပြန်ခေါ် ရတဲ့ အကြောင်းအရင်းကို စပါတော့တယ်။

နံပါတ် တစ် မေးခွန်းကတော့ "ဗိုလ်ကြီး အုန်းကျော်မြင့် ကိစ္စနဲ့ ပတ်သက်လို့ ဗိုလ်ကြီး စံကြည်က သင့်အား ဘာတွေ ပြောဖူးခဲ့သလဲ" ဆိုတဲ့ မေးခွန်းပါ။

ကျွန်တော်ကလည်း ဗိုလ်စံကြည် ကျွန်တော်တို့ ရုံးကို နေ့လယ်စာ လာစားရင်း OKM အကြောင်း လာပြောတဲ့ စကားတွေ၊ ကျွန်တော်ကလည်း မဖြစ်နိုင်တဲ့ အကြောင်းတွေကို အချက်နဲ့အလက်နဲ့ ပြည့်ပြည့်စုံစုံ ပြန်ရေးပြလိုက်ပါတယ်။

ကျွန်တော် ရေးတာတွေကို ကိုရဲဆွေက ဖတ်ပြီး ကျေနပ်တဲ့ သဘောနဲ့ ဗိုလ်စံကြည်ရဲ့ ထွက်ဆိုချက်ကို ကျွန်တော့်ကို ပြပါတယ်။ ဟုတ်ပါတယ်၊ ဗိုလ်စံကြည် ရေးထားတာက "ဦးစီးချုပ် ဗိုလ်ချုပ်ကြီး တင်ဦးကို ဖြုတ်ချတာနဲ့ ပတ်သက်လို့ မကျေနပ်တဲ့ အကြောင်း၊ ဒါ့ကြောင့် လူကြီးတွေကို လုပ်ကြံပြီး ဗိုလ်ချုပ်ကြီး တင်ဦး အာဏာရအောင် ပြန်တင်ရမယ် ဖြစ်ကြောင်း ဆိုတဲ့ OKM ရဲ့စကားတွေကို ကိုဝင်းထိန်ကို ပြောမိပါတယ်" လို့ ရေးထားပါတယ်။ အဲဒီစာကြောင်းလေး တစ်ကြောင်းကြောင့် ကျွန်တော့်ကို ရှေ့တန်းက ပြန်ခေါ် လိုက်တာပါ။

## စစ်ကြောရေးရဲ့ ထူးခြားမှု တစ်ခု

ထောက်လှမ်းရေး ပညာမှာ ကဏ္ဍမျိုးစုံ ရှိပါတယ်။ အဲဒီထဲက ကဏ္ဍတစ်ခုဖြစ်တဲ့ စစ်ကြောရေး လုပ်တဲ့အခါမှာ ယေဘုယျအားဖြင့် တစ်စုံတစ်ဦးရဲ့ ထွက်ဆိုချက်ကို အခြား တစ်ယောက်အား မပြသရဘူး ဆိုတဲ့ အချက် တစ်ချက် ပါပါတယ်။ (လိုအပ်လို့ ပြရတာကတော့ တစ်မျိုးပေါ့။) အဲဒီတော့ ဗိုလ်စံကြည်ရဲ့ ထွက်ဆိုချက်ကို ကျွန်တော့်ကို ပြတယ် ဆိုတာ တပ်မှူး ကိုရဲဆွေက ကျွန်တော့်ကို စာနာ ထောက်ထားလို့ပဲလို့ ပြောရမလို ဖြစ်ပါတယ်။

ပြီးတော့ DSA မှာ ကတည်းက ကိုရဲဆွေက ကျွန်တော့်ကို ခင်ခင်မင်မင် ဆက်ဆံခဲ့တာပါ။ ကျွန်တော်တို့ တပ် ရန်ကုန် ရောက်တော့ သူက သနက ၃ အရာရှိလိုင်းမှာ နေစဉ်တုန်းက သူ့မိသားစု အိမ်ကို သွားလည်ခဲ့ဖူးပါတယ်။ ပြီးတော့ ဒီကိစ္စမှာ ကျွန်တော်ရဲ့ ပါဝင် ပတ်သက်မှု မရှိဘူးဆိုတာ သူ သဘောပေါက်လို့လဲ ဖြစ်နိုင်ပါတယ်။

အဲဒီအချိန်မှာ ဒီကိစ္စနဲ့ ပတ်သက်တဲ့သူ အားလုံးကို သူက ဒိုင်ခံပြီး စစ်ဆေးရတာပါ။ တချို့ ပုဂ္ဂိုလ်တွေရဲ့ ထွက်ဆိုချက်တွေကို အထက်ကို (မျက်မှန် တင်ဦးကြီး) တင်တဲ့အခါ တချို့က လွတ်မြောက်သွားပြီး၊ တချို့ကိုတော့ ခုံကြည်အိုင်ကို ပို့လိုက်ရပါတယ်။ ကျွန်တော့်ရဲ့ ထွက်ဆိုချက်တွေကို သူ ဖတ်ကြည့်တဲ့အခါ



တာဝန်ဖြင့် DSA သို့ သွားရောက်စဉ်က ညစာ စားပွဲ။ ဝဲဘက် တိုက်ပုံ အမည်းနဲ့ ဗိုလ်ကြီး စန်းအောင် (နောင် ဗိုလ်ချုပ် သာဂိ)၊ ယာဘက်တွင် မိမိနဲ့ နောင် ဒုတိယ ဗိုလ်ချုပ်မှူးကြီး ဖြစ်လာမယ့် ကိုအေး။

မြန်မာ-အိန္ဒိယ နယ်နိမိတ် သတ်မှတ်ရေး၊ အောင်နိမိတ် စစ်ဆင်ရေး နယ်ခြား ကျောက်တိုင် တစ်ခု။ ယာအစွန်တွင် ဗိုလ်မှူးကြီး ခင်မောင်တင့် KMT (ကွယ်လွန်)၊ ၁၉၇၀ ခုနှစ်။



ကျွန်တော့်ကို အထက်က Clearance ပေးဖို့ များတယ်လို့ ယူဆတာကြောင့်လည်း ဖြစ်နိုင်ပါတယ်။ ဘာပဲ ဖြစ်ဖြစ် ကိုရဲဆွေရဲ့လုပ်ရပ်ဟာ ကျေးဇူးတင်စရာပါ။

## ရေကြည်အိုင်သို့

ကျွန်တော် ထလရ ၆ မှာ ငါးရက်လောက် ကြာပါတယ်။ အိမ်နဲ့ အဆက်အသွယ် မလုပ်ရတာက လွဲလို့ ကောင်းကောင်း နေ၊ ကောင်းကောင်း စားရပါတယ်။ တစ်ညနေကျတော့ အဲဒီက အရာရှိ တစ်ယောက်က (နာမည်တော့ မမှတ်မိတော့ပါဘူး) ကျွန်တော့် ပစ္စည်းတွေကို ထုပ်ပိုးခိုင်းပါတယ်။ ကျွန်တော် သိလိုက်ပါပြီ။ ကိုရဲဆွေနဲ့ ဗိုလ်မြင့်ဦးတို့ကိုတော့ မမြင်ရတော့ပါဘူး။ အဲဒီ အရာရှိက ကျွန်တော့်ကို သူ့ရဲ့ ဘီ- ၆၀၀ လေးနဲ့ ရေကြည်အိုင်ကို လိုက်ပို့ပေးပါတယ်။

ရေကြည်အိုင်ဆိုတာက ထောက်လှမ်းရေးရဲ့ နာမည်ကျော် အချုပ်ထောင် တစ်ခုပါ။ နာမည်ပျက်နဲ့ ကျော်ကြားတဲ့ အဲဒီနေရာကို ရောက်တဲ့အခါ အတွင်းနံရံထဲမှာ ရှိတဲ့ အချုပ်ဆောင်တွေကို မပို့ဘဲ အတွင်းနဲ့ အပြင် နံရံ နှစ်ခုကြားက အဆောင်တစ်ခုမှာ ထားပါတယ်။ သဘောကတော့ သိပ်အရေးကြီးတဲ့သူ မဟုတ်ဘူး ဆိုတဲ့ အဓိပ္ပာယ်ပါ။

ရောက်ရောက်ချင်း ဗိုလ်ကြီး ရဲဦးနဲ့ အတူတူ နေရပါတယ်။ သူကတော့ OKM နဲ့ အပတ်စဉ် တစ်ခု တည်းပါ။ မော်ဘီ တင့်ကား တပ်ရင်းက ဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက လုံခြုံရေး အခြေအနေတွေကြောင့် တင့်ကားတွေကို ရန်ကုန် ခေါ်ထားပါတယ်။ OKM က သူ့အကြံအစည်ထဲမှာ တင့်ကားတပ်ကို သုံးချင်လို့ ဗိုလ်ရဲဦးကို ချဉ်းကပ်တာပါ။ ဗိုလ်ရဲဦးက တင့်ကားတွေကို သုံးချင်ရင် ကက (ကြည်း) ရဲ့အမိန့်စာ လိုကြောင်း ပြောလိုက်တဲ့အတွက် OKM က သူ့အကြံကို လက်လျှော့လိုက်တာပါ။ ဒါပေမဲ့ OKM နဲ့ သူသာ နှစ်ယောက် တည်း သိတဲ့ကိစ္စကို OKM က ပြောလို့သာလျှင် သူ ပါလာခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကို ကိုရဲဦးက တဖျစ်တောက်တောက် ရေရွတ်နေပါတယ်။ တခြားအခန်း တစ်ခုမှာတော့ ကျွန်တော်နဲ့ တစ်ဌာနတည်း လုပ်ခဲ့ ဖူးတဲ့ တရုတ်မ စိုးမြင့်နဲ့ ဗိုက်ဝမ်း မြင့်သိန်း (မကြာမီက ကွယ်လွန်) တို့ နှစ်ယောက် ရှိပါတယ်။

သူတို့နဲ့ စကားပြောရတဲ့အခါမှာ သူတို့ဌာနက G-2 တွေ မပါခဲ့ပါဘူး။ ကျွန်တော် ရောက်လာပြီ ဆိုတော့ စန်းအောင်လည်း မကြာခင် ရောက်လာမယ်လို့ သူတို့က မျှော်လင့်နေပါတယ်။ သူတို့ မျှော်နေတဲ့ ဗိုလ် စန်းအောင်ကတော့ အမှုသာပြီးသွားတယ် လုံးဝကိုပေါ် မလာခဲ့တာပါ။ အဲဒီလိုပေါ် မလာတဲ့ အကြောင်းရင်းတွေ ကိုတော့ နောက်ခြောက်လလောက် အကြာ ကျွန်တော်တို့ကို ပြန်လွှတ်တော့မှပဲ သိရတာပါ။

## ဗိုလ်စန်းအောင် (ခ) သာဂိ

သူက အပတ်စဉ် ၆ ကပါ။ ခလရ ၁၆ နဲ့ လေထီးကျောင်းတို့မှာ အမှုထမ်းရင်းနဲ့ ကျွန်တော်တို့ ဌာနကို ရောက်လာခဲ့တာပါ။ သူ့ဇနီးကတော့ ရှစ်မိုင် လမ်းဆုံမှာ ဖွင့်ထားတဲ့ "ဗိုင်း" မူကြို ဖွင့်ထားတဲ့ ဆရာမ ဒေါ် ရင်ရင်ဗိုင်း ဖြစ်ပါတယ်။ စန်းအောင်ထက် အသက်ကြီးသလို၊ စန်းအောင်ရဲ့ အန္တအတာလည်း ခံရပါတယ်။ "ဗိုင်း" မူကြိုက အောင်မြင်နေတဲ့အတွက် (ကျွန်တော်တို့ အခေါ်) မမဗိုင်းဟာ ဗိုလ်စန်းအောင် ဘယ်တပ်ကိုပဲ ပြောင်းသွားသွား လိုက်မသွားပါဘူး။ ဒါကို ဗိုလ်စန်းအောင်က သိပ်သဘောကျပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူက မမဗိုင်း ကွယ်တာနဲ့ လွတ်လပ်ရေး ရသွားတဲ့သူလို ပြုမူ နေထိုင်လေ့ ရှိပါတယ်။

OKM ကိစ္စ မပေါ် ခင်ကတည်းက ဒေါ် ရင်ရင်ဗိုင်းဟာ လူကြီးတွေရဲ့ သားတွေ၊ သမီးတွေ၊ မြေးတွေအထိ

မူကြိုကျောင်းမှာ လက်ခံခဲ့တာပါ။ တချို့ လူကြီးတွေရဲ့ ကလေးတွေကိုတော့ သီးသန့် အိမ်တွေအထိ လိုက်ပြီး ကျူရှင်ပေးပါတယ်။ အဲဒီအချိန်မှာ တိုက်ဆိုင်တာက မျက်မှန်ကြီးရဲ့ ကလေးတွေကို သူက ကျူရှင်ပေးနေတဲ့ အချိန်ပါ။ ကျွန်တော်တို့ စန်းအောင်တို့ကို တပ်တွေက ပြန်ခေါ်တယ်လည်း ကြားရော ခေါ်ရင်ရင်ပိုင်းက မျက်မှန်ကြီးကို ချဉ်းကပ်ရတော့တာပေါ့။ ခေါ်ရင်ရင်ပိုင်းရဲ့ သူ့ကိုယ်စား တင်ပြချက်ရယ်၊ စန်းအောင် ကိုယ်တိုင်ကလည်း ထွက်ဆိုချက် ပေးတဲ့အခါမှာ "ဘူး" ခံပြီး ငြင်းတဲ့အတွက်ရယ်၊ အထက်ကလည်း လုပ်သာသွားတဲ့ အတွက်ရယ်ကြောင့် Clearance ရသွားပြီး တပ်ကို ပြန်သွားရပါတယ်။

သူ့ရဲ့ Service luck ဘယ်လောက် ကောင်းသလဲ ဆိုရင် ရာထူးတွေ တက်သွားလိုက်တာ ဗိုလ်ချုပ် အဆင့်ကို ရောက်တဲ့အထိပါပဲ။ နှိုင်းယှဉ်ချက် အနေနဲ့ ပြောရရင် တရုတ်မ စိုးမြင့်ရယ်၊ ဖိုက်ဝမ်း မြင့်သိန်းရယ်နဲ့ စန်းအောင်တို့ဟာ တစ်စားပွဲတည်း အတူ ထမင်းစားခဲ့တဲ့ သူတွေပါ။ ဗိုလ်စံကြည် လာပြောတိုင်း တက်တက် ကြွကြွနဲ့ ထင်မြင်ချက်တွေကို အမြဲ ပြောလေ့ရှိတဲ့သူက စန်းအောင်ပါ။ မြင့်သိန်းနဲ့ စိုးမြင့်တို့က လူအေးတွေ ဆိုတော့ စကား သိပ်မများပါဘူး။

စန်းအောင်ကတော့ နဂိုကလည်း စကားများများ၊ ဆရာလုပ်ချင်တဲ့ စိတ်ကလည်း ရှေ့ရောက်နေတော့ စံကြည် ပြောသမျှ ကိစ္စတွေကို စိတ်ပါဝင်စားမှု ရှေ့ဆုံးက ဗိုလ်စန်းအောင်ပါ။ သူတို့ နှစ်ယောက်ကို ဖမ်းပြီး စစ်ကြောရေး လုပ်တော့ သူတို့ကလည်း ငြင်းတာပါပဲ။ ဘူးခံပြီး ငြင်းတာခြင်း အတူတူ ဗိုလ်စန်းအောင်ကတော့ ဗိုလ်ချုပ်အထိ ဖြစ်ခဲ့တယ်၊ သူတို့နှစ်ယောက်ကတော့ ရေကြည်အိုင်မှာ ခြောက်လလောက် နေခဲ့ရပြီး တပ်က ထွက်ခဲ့ရတယ်။ သူတို့ရဲ့ မတူညီတဲ့ ကံအကျိုးပေးလို့ပဲ ပြောရမယ် ထင်ပါတယ်။

## ဘာတွေ ဖြစ်ကုန်ကြပြီလဲ

ကျွန်တော် မိုင်းရှူးမှာ တိုက်ကင်းထွက်ရင်းနဲ့ OKM တို့ အကြောင်း ရေဒီယိုက သတင်းကြားတဲ့အခါမှာ ခေါင်းထဲမှာ ပေါ်လာတာက အပေါ်မှာ ခေါင်းစဉ်တပ်ထားတဲ့ အတိုင်းပါပဲ။ ဘာတွေများ ဖြစ်ကုန်ကြပြီလဲပေါ့။ နောက်တော့ ကိုယ်ကိုယ်တိုင်လည်း ရေကြည်အိုင် ဆိုတဲ့ အချုပ်ထဲရောက်၊ ပါဝင် ပတ်သက်တဲ့သူတွေကလည်း တိုင်းတရားရုံး အတင်ခံရ၊ ပြစ်ဒဏ်အသီးသီးလည်း ကျခံကြရနဲ့ ဖြစ်ကုန်ကြပါတယ်။ ၁၉၇၆ ခုနှစ်၊ ဇူလိုင်လက စတင် ဖြစ်ပွားခဲ့ပြီး ၁၉၇၇ ခုနှစ်၊ ဇန်နဝါရီလမှာ ပြီးဆုံးသွားခဲ့ပါတယ်။

အဲဒီလို မပြီးဆုံးခင် ရေကြည်အိုင်မှာ ထောက်လှမ်းရေးက စစ်လိုက်၊ SB လို့ ခေါ်တဲ့ သတင်း တပ်ဖွဲ့က လူတွေက ခေါ်လိုက် နှစ်လကျော်ကျော်၊ သုံးလနီးပါးလောက် ကြာခဲ့ပါတယ်။ ဖမ်းထားတဲ့ လူတွေကိုလည်း တရားခံအဖြစ် တရားစွဲခံရမယ့် သူတွေနဲ့ အစိုးရ သက်သေအဖြစ် သတ်မှတ်ခံရတဲ့ လူတွေလို့ နှစ်ပိုင်း ခွဲ လိုက်ပါတယ်။ အဲဒီလို ဖြစ်စဉ်တွေကို ကျွန်တော် ရေကြည်အိုင်ကို ရောက်မှ ပါဝင် ပတ်သက်ခဲ့တဲ့ လူတွေရဲ့ ပြောပြချက်များကြောင့် အော်....... ဒီလိုပါလား ဆိုပြီး သဘော ပေါက်လာပါတယ်။

တကယ်တော့၊ ဟုတ်ပါတယ်။ ဒီဖြစ်ရပ်ကြီး တစ်ခုလုံးကို စတင် ကြံစည်ခဲ့တာက ဗိုလ်ကြီး အုန်းကျော် မြင့်ပါ။ ကြံရာပါတွေကတော့ ဗိုလ်ကြီး စံကြည် (ယခု ပြင်ဦးလွင်)၊ ဗိုလ်ကြီး သန့်ဇင်မြိုင် (ယခု US ရောက်နေ)၊ ဗိုလ်ကြီး ဝင်းမောင်၊ ဗိုလ်ကြီး ဟန်ဇော်၊ ဗိုလ်ကြီး ဝင်းသိန်း၊ ဗိုလ်ကြီး အောင်ကြည်ဦး (ကွယ်လွန်)၊ ဗိုလ်ကြီး ဘချစ်၊ ဗိုလ်ကြီး ထွန်းကျော်၊ ဗိုလ်ကြီး ကျော်ရှိန်း၊ ဗိုလ်ကြီး မြင့်သိန်း (ရေ) (ဖိုးနိုင်း)၊ ဗိုလ်မှူး လှမြင့် (ခ) ဝေါင်းကြီး (အပတ်စဉ် ၃ ရွှေတံဆိပ်ဆုရှင်)၊ ဗိုလ်မှူး သူရ ချစ်ခိုင် (လေ) (ကွယ်လွန်)၊ ဗိုလ်မှူး စိန်မြင့် (ကွယ်လွန်) နဲ့ ဗိုလ်မှူး မောင်လတ် (ယခု ပြင်ဦးလွင်- စိုးစံ ဘော်ဒါ) တို့ ဖြစ်ပါတယ်။

ကြာရာပါလို့ ထောက်လှမ်းရေးက ကြေငြာပါသော်လည်း တချို့ကို တရားခံ၊ တချို့ကို သက်သေအဖြစ် ခွဲခြား သတ်မှတ်ခဲ့ပါတယ်။ အဖမ်းခံရတဲ့ ဗိုလ်မှူးကြီး သုံးဦးကတော့ ဗိုလ်မှူးကြီး လှဖေ (ကွယ်လွန်)၊ ဗိုလ်မှူးကြီး ထားဝယ် မျိုးအောင် (ကွယ်လွန်) နဲ့ Col. G.S ဗိုလ်မှူးကြီး ဝီလီ မောင်မောင် (ကွယ်လွန်) တို့ ဖြစ်ပါတယ်။

ဖြစ်ပုံက ဦးစီးချုပ် ဗိုလ်ချုပ်ကြီး တင်ဦး ပြုတ်တာကို အုန်းကျော်မြင့်က မကျေနပ်ဘူး။ ဗိုလ်ချုပ်ကြီး တင်ဦးကို သူ့ရဲ့ မူလနေရာမှာ ရာထူးပြန်ရအောင် လုပ်ရမယ်၊ အဲဒီလို လုပ်ရာမှာ အဓိက ခလုတ်ကန်သင်းဖြစ်တဲ့ ဦးစန်းယု (ထိုစဉ်က နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး) နဲ့ ထောက်လှမ်းရေးက မျက်မှန်တင်ဦးတို့ကို ရှင်းရမယ်။ ဒီလို သဘောထားကို ကိုင်စွဲပြီးတော့ သူနဲ့ နီးစပ်တဲ့ ဗိုလ်ကြီးတွေကို စည်းရုံးပါတယ်။ အများစုက သဘောတူကြပါတယ်။

သဘောတူကြတဲ့ ဗိုလ်ကြီး အများစုဟာ PSO တွေပါ။ ဥပမာ- ဗိုလ်စံကြည်က ဦးစီးချုပ်ဟောင်း၊ ဗိုလ်သန့်ဇင်က ဦးစီးချုပ်ဟောင်းရဲ့ ရုံးဝန်ထမ်း၊ ဗိုလ်ဝင်းမောင်ကတော့ အဲဒီတုန်းက မော်လမြိုင် အရှေ့တောင်တိုင်း တိုင်းမှူး ဗိုလ်မှူးကြီး ထွန်းကြည် (ကွယ်လွန်)၊ ဗိုလ်ဝင်းသိန်း။ ထိုစဉ်က အနောက်ပိုင်းတိုင်း တိုင်းမှူး ဗိုလ်မှူးကြီး မင်းခေါင်၊ ဗိုလ်အောင်ကြည်ဦးကတော့ နောင်မှာ သမ္မတ ဖြစ်လာခဲ့တဲ့ ဗိုလ်မှူးကြီး စိန်လွင် (ကွယ်လွန်)၊ ဗိုလ်ဘချစ်ကတော့ ထိုစဉ်က ဒုတိယ ဝန်ကြီး ဖြစ်နေတဲ့ ဗိုလ်မှူးကြီး သန်းတင် အသီးသီးတို့ရဲ့ PSO တွေဖြစ်ပါတယ်။ ဗိုလ်ထွန်းကျော်၊ ဗိုလ်ကျော်ရှိန်းနဲ့ ကျွန်တော်တို့ကတော့ PSO များ မဟုတ်ကြပါဘူး။

## မတ်လ ၂၇ ရက်နေ့ အကြံ

OKM ရဲ့အစီအစဉ်က ၁၉၇၆ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ (တော်လှန်ရေးနေ့) မှာ အလုံလမ်း အစိုးရ ဂေဟာမှာ လူကြီးတွေ စုံမယ်၊ အဲဒီမှာ လုပ်ကြံမယ်ဆိုပြီး သူ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ ဒီမှာ တစ်ခု ပြောစရာ ပေါ်လာတာက ဦးစီးချုပ်ကြီးကို ဦးနေဝင်းက ဖြုတ်ချဖြစ်အောင် လုပ်ကြံတာက ဦးစန်းယုနဲ့ မျက်မှန် တင်ဦးကြီး ပါတဲ့။ အဲဒီတော့ သူတို့ အကြံအစည် အောင်မြင်ရင် ဦးနေဝင်းကိုတော့ ဒီအတိုင်း သမ္မတ ရာထူးပဲ ထားမယ်တဲ့။ ကျွန်တော်က အဲဒီ OKM ရဲ့ အယူအဆကို ရေကြည်အိုင်ရောက်မှ အတူနေတဲ့ ဗိုလ်ဝင်းမောင်ဆီက ကြားရတော့ ဩော်... အုန်းကျော်မြင့်၊ တော်တော် နောက်ပါလား။ လမ်းစဉ် ပါတီ အစိုးရ တစ်ခုလုံးရဲ့ ကံကြမ္မာ တစ်ခုလုံးဟာ ဦးနေဝင်း လက်ထဲမှာ ရှိတယ်ဆိုတာ မသိသေးပါလားလို့ ရေရွတ် မြည်တမ်းမိပါတယ်။

မတ်လ ၂၇ ရက်နေ့မှာ လုပ်ဖို့အတွက် သူ လက်နက်စုပါတယ်။ ပထမဆုံး OKM ချဉ်းကပ်တဲ့ သူကတော့ စခန်းရုံးက စခန်းမှူး ဗိုလ်မှူး စိန်မြင့် ဖြစ်ပါတယ်။ အဲဒီတုန်းက စခန်းမှူးရဲ့ ရာထူးဟာ ဗိုလ်မှူး အဆင့် အမြင့်ဆုံးပါပဲ။ (အခုတော့ ဗိုလ်မှူးချုပ် အခါင့်ထိတောင် တိုးပေးထားတယ်လို့ ကြားပါတယ်။) OKM က သူ့ဆရာ ဦးစီးချုပ် အသစ်ဖြစ်လာတဲ့ ဗိုလ်ချုပ်ကြီး ကျော်ထင်ရဲ့ လုံခြုံရေးလို့ အကြောင်းပြပြီး လက်နက်ငယ် အချို့ ထုတ်ပါတယ်။ နောက်ဆုံး ကမ္ဘာကျော် အစ္စရေး နိုင်ငံလုပ် အူဇီး Uzi တစ်လက်လည်း ပါပါတယ်။ တစ်ကြိမ်တည်း မဟုတ်ပါဘူး။ အလီလီပါ။ အဲဒီလို လက်နက်ငယ်တွေ သွားထုတ်တိုင်း ဗိုလ်ချုပ်ကြီး တင်ဦး အဖြုတ်ခံရတဲ့ကိစ္စ မကျေနပ်တဲ့အကြောင်းတွေလည်း ပြောပါတယ်။

ကြာတော့ ဗိုလ်မှူး စိန်မြင့် စိတ်ထဲမှာ မသိုးမသန့် ဖြစ်လာဟန်တူပါတယ်။ ဒါ့ကြောင့် တစ်ယောက်ယောက်ကို သံတင်းပို့ရမလားလို့ အတွေးပေါက်လာဟန် တူပါတယ်။ စစ်ရုံးရဲ့ လုံခြုံရေးကို အဓိက တာဝန်ရှိသူက စခန်းမှူးပါ။ ဒါ့ကြောင့် သူဟာ စစ်ရုံးက အရာရှိ အများစုဟာ ညနေ သုံးနာရီမှာ ရုံးဆင်းလေ့ ရှိကြ

သော်လည်း စခန်းမှူးကတော့ လူကြီးတွေ ရုံးဆင်းမှ စောင့်ပြီး ဆင်းလေ့ရှိပါတယ်။ (စခန်းမှူး ဗိုလ်မှူး စိန်မြင့် ကိစ္စနဲ့ ပတ်သက်လို့ အပေါ်မှာ အသေးစိတ် ရေးခဲ့ပြီးပါပြီ)။

## ဗိုလ်ဝင်းသိန်း ဖောက်ပြီ

သူတို့အဖွဲ့မှာ စသတင်းပို့ခံရတာက ဗိုလ်ဝင်းသိန်းပါ။ ဒါ့ကြောင့် ဝင်းသိန်းက ပထမဦးဆုံး အဖမ်းခံရသူပါ။ သူ့ကို ဖမ်းသွားပြီဆိုတာ ကြားတာနဲ့ OKM ဟာ အိမ် မပြန်တော့ပါဘူး။ ညနေ မှောင်ရိပ်ဝိုးတဝါး အချိန်မှာ ပြည်လမ်းက အမေရိကန် သံအမတ်ကြီး အိမ်ကို သွားပြီး နိုင်ငံရေး ခိုလှုံခွင့် တောင်းပါတယ်။ သံအမတ်ကြီးနဲ့ တခြား အရာရှိ နှစ်ယောက် (CIA က ဖြစ်မှာပါ) အခန်းကျော်မြင့် ပြောသမျှတွေ နားထောင်ပါတယ်။

သူတို့ လူကြီးတွေကို လုပ်ကြံဖို့ မတ်လကတည်းက ကြံစည်ခဲ့တဲ့အကြောင်း၊ အခု ဇူလိုင်လမှာ ပေါ်ပေါက်သွားလို့ အဖမ်းအဆီးတွေ စနေပြီဆိုတဲ့ အကြောင်း၊ ဒါ့ကြောင့် သူလည်း အဖမ်းခံရမှာ သေချာကြောင်း၊ ဒါ့ကြောင့် နိုင်ငံရေး ခိုလှုံခွင့် တောင်းရတာ ဖြစ်ကြောင်း ပြောကြားပါတယ်။ သံအမတ်ကြီးက သူ့ လက်အောက် အရာရှိတွေနဲ့ တိုင်ပင်ပြီး နိုင်ငံရေး ခိုလှုံခွင့်တော့ မပေးနိုင်ကြောင်း၊ ဒါပေမဲ့ သိချင်တဲ့ အချက် အလက်တွေ ရှိလို့ သူ့အရာရှိတွေက ကားမောင်း လိုက်ပို့မှာ ဖြစ်ကြောင်း ပြောလိုက်ပါတယ်။ အမေရိကန် အရာရှိ နှစ်ဦးဟာ OKM ကို သူတို့ကားပေါ် တင်ပြီး ရန်ကုန် တစ်မြို့လုံး ပတ်မောင်းပါတယ်။ နှစ်နာရီ ကျော်ကြာလောက် အချိန် အတွင်းမှာ သူတို့ သိချင်တဲ့ အချက်အလက်တွေကို OKM ကို မေးပါတယ်။ (အသံ ဖမ်းထားမှာ သေချာပါတယ်။)

သူတို့ မေးချင်တာတွေ မေးလို့ အားရတော့မှ OKM ကို ဘယ်ကို လိုက်ပို့ရမလဲလို့ မေးတဲ့အခါ သူက အိမ်ကိုတော့ ပြန်လို့ မဖြစ်ဘူးဆိုပြီး ပြည်လမ်းက ရုပ်ရှင်မင်းသမီး ပေါက်စတစ်ယောက် အိမ်ကို လိုက်ပို့ ခိုင်းပါတယ်။ အဲဒီအိမ်မှာ နှစ်ရက် သုံးရက်လောက် နေပြီးမှ မင်္ဂလာဒုံ ပြင်/ထိန်း (လေတပ်) မှာ ရှိတဲ့ ဗိုလ်မှူး သူရ ချစ်ခိုင် အိမ်ကို သွားပါတယ်။ OKM ရဲ့ စစ်စိမ်းရောင် ဘီ-၆၀၀ ကားလေးဟာ သံအမတ် အိမ်ရှေ့မှာ နှစ်ရက် သုံးရက် ရပ်ထားတာ တွေ့လို့ ရပ်ကွက်ကောင်စီက သက်ဆိုင်ရာကို သတင်းပို့တဲ့ အခါ စစ်ရုံး မော်တော်ယာဉ် တပ်ခွဲက လာပြီး ဆွဲယူသွားရပါတယ်။

## ဗိုလ်မှူး သူရ ချစ်ခိုင်ကို OKM က အားကိုး လေးစားတယ်

သူ ဗိုလ်မှူး သူရ ချစ်ခိုင် အိမ်ကို သွားရတဲ့ အကြောင်းက အားကိုးရာတာပါ။ သူ ရှေ့ကို ဘာဆက်လုပ်ရမယ် ဆိုတာ မသိတော့နိုင်တာလည်း ဖြစ်နိုင်ပါတယ်။ ဗိုလ်မှူး သူရ ချစ်ခိုင်ဟာ ယခင် ဗဟိုနိုင်ငံရေး တက္ကသိုလ်က နည်းပြချုပ်ဟောင်းပါ၊ နောက်တော့မှ စစ်ရုံး ကက (လေ) ကို ပြောင်းတဲ့ အခါ OKM နဲ့ နဝရတ် ရိပ်သာမှာ တစ်တိုက်တည်း နေရပါတယ်။ ဗိုလ်မှူး ချစ်ခိုင်ဟာ နိုင်ငံရေး ဗဟုသုတ ကြွယ်ဝလေတော့ ပြည်တွင်းရေးရာ ပြည်ပရေးရာတွေကို ကျယ်ပြန့်စွာ ဆွေးနွေး သုံးသပ်နိုင်ပါတယ်။ ဒါ့ကြောင့်မို့ OKM က လေးစားပါတယ်။

ဗိုလ်ချုပ်ကြီး တင်ဦးကို ရုတ်တရက် ဖြုတ်ပစ်လိုက်တဲ့ ကိစ္စကြောင့် သူတို့နှစ်ယောက် ပိုပြီး စကား ပြောဖြစ်သွားပါတယ်။ ဗိုလ်မှူး ချစ်ခိုင်ကလည်း OKM လုပ်မယ့် ကိစ္စတွေကို ထောက်ခံခဲ့ပါတယ်။ လိုအပ်တဲ့ သုံးသပ်မှုတွေ ပြောပြတဲ့ အခါ သူတို့နှစ်ယောက် အကြိုက်ချင်း တူကြပါတယ်။ အဲဒီတော့ သံရုံးကလည်း လက်မခံ၊ သူ ရောက်နေတဲ့ အိမ်မှာလည်း ကြာရှည်နေလို့ မကောင်း ဆိုတော့ မင်္ဂလာဒုံ ပြင်/ထိန်းတပ်ကို ပြန် ရောက်နေတဲ့ ဗိုလ်မှူး ချစ်ခိုင် အိမ်ကို သွားပြီး ဘာလုပ်ရမလဲ ဆိုတဲ့ သဘောနဲ့ ဆွေးနွေး တိုင်ပင်ဖို့ ရည်ရွယ်

ဟန် တူပါတယ်။ အဲဒီတော့မှ ဗိုလ်မှူး ချစ်ခိုင်က မင်္ဂလာဒုံမှာ နေတဲ့ ဒုချုပ် (လေ) ဗိုလ်မှူးချုပ် သူရ စောဖြူ အိမ်ကို ခေါ်သွားလိုက်တာပါ။ အဲဒီကို ရောက်မှ ဗိုလ်မှူးချုပ် စောဖြူက အုန်းကျော်မြင့်ကို ခေါ်ပြီး သူ့ဆရာ ဗိုလ်ချုပ်ကြီး ကျော်ထင်ထံကို ခေါ်သွားပြီး အပ်ပါတော့တယ်။

OKM ကို ပြန်တွေ့ပြီဆိုတဲ့ အချိန်ကစပြီး ဖမ်းဆီးရေးတွေ စပါပြီ။ ဝင်းသိန်းကိုတော့ အရင်ရက်တွေ ကတည်းက ဖမ်းထားပြီးပြီ။ ဝင်းသိန်းနဲ့ OKM တို့ရဲ့ ထွက်ချက်တွေပေါ် မူတည်ပြီး ဖမ်းတဲ့သူတွေကတော့ ဆက်တိုက်ပေါ့။ ဗိုလ်ထွန်းကျော်၊ ဗိုလ်ကျော်ရှိန်း၊ ဗိုလ်အောင်ကြည်ဦး၊ ဗိုလ်မှူး စိန်မြင့်၊ ဗိုလ်မှူး သူရ ချစ်ခိုင်၊ ဗိုလ်ဘချစ်၊ ဗိုလ်ဝင်းမောင်၊ ဗိုလ်ရဲဦး၊ ဗိုလ်သန့်ဇင်မြိုင်၊ ဗိုလ်စိန်သောင်း စတဲ့ ပုဂ္ဂိုလ်တွေပေါ့။

ဗိုလ်မှူးကြီး လှဖေက အဲဒီတုန်းက မြောက်ပိုင်းတိုင်း တိုင်းမှူးပါ။ သူ့ကိုကျတော့ မျက်မှန်ကြီး ကိုယ်တိုင် အထူး လေယာဉ်နဲ့ မြစ်ကြီးနားအထိ သွားခေါ်ပြီး ဖမ်းတာပါ။ ဗိုလ်ဟန်ဇော်လည်း ပါတာပေါ့။ ဗိုလ်မှူးကြီး ဗိုလီ မောင်မောင်ကျတော့ ကျွန်တော့်အထင် ပြောရရင် ဖမ်းလို့လည်း ရတယ်၊ မဖမ်းလို့လည်း ရပါတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာက မျက်မှန်တင်ဦးကြီးက ဗိုလ်မှူးကြီး ဗိုလီ မောင်မောင် အပေါ် လွှမ်းမိုးလို့ မရပါဘူး။

ပြီးတော့ ဒီအမှုကြီး တစ်ခုလုံးကို ဦးနေဝင်းက မျက်မှန်ကြီးကို တာဝန် ပေးထားတော့ သူ့ရဲ့ တင်ပြချက် အတိုင်း ဦးနေဝင်းက ခေါင်းညိတ်လိုက်ဟန် တူပါတယ်။ နောက်တစ်ချက်က မျက်မှန်ကြီးဟာ နိုင်ငံရေး ရည်မှန်းချက် ကြီးတဲ့သူ ဆိုတော့ နောင်မှာ သူ့ပြဿနာ မခံမယ့်သူကိုလည်း အခုကတည်းက အရေးယူလိုက်တာ သူ့အတွက် ဘေးကင်းတာပေါ့။ ပြီးတော့ ဗိုလ်မှူးကြီး မောင်မောင်ဟာ ပြုတ်သွားတဲ့ ဦးစီးချုပ်ဟောင်းကြီး အပေါ်မှာ သံယောဇဉ် ကြီးတယ် ဆိုတာလည်း သိထားတယ်လေ။

## ဗိုလ်မှူးကြီး ထားဝယ် မျိုးအောင်

ဗိုလ်မှူးကြီး ထားဝယ် မျိုးအောင်ကျတော့ တော်တော် ထူးဆန်းပါတယ်။ OKM လုပ်တဲ့ ကိစ္စ ဘာမှမသိပါဘူး။ ပတ်လည်း မပတ်သက်ခဲ့ပါဘူး။ ဒါပေမဲ့ ဒီအမှုမှာ ပါတဲ့ အရာရှိအချို့က ခမရ ၁၀၆ ကပါ။ သူကလည်း အဲဒီမှာ တပ်ရင်းမှူး ဖြစ်ခဲ့ဖူးတယ်။ OKM အပြင် ဗိုလ်ထွန်းကျော်၊ ဗိုလ်ကျော်ရှိန်းတို့အပြင် ကျွန်တော်ကလည်း မဆီမဆိုင် ပါလာပါသေးတယ်။ အဲဒီတုန်းက အပြင်မှာ ဖြစ်နေတဲ့သတင်းက ဗိုလ်စိန်သောင်း ပြောလို့သာလျှင် ဗိုလ်မှူးကြီး မျိုးအောင် ပါလာတယ်လို့ အများက သိကြတာပါ။

တကယ်တော့ သူဟာ ဗကပ ထိပ်သီး သခင်ဘသိန်းတင်ရဲ့ ညီအရင်း ဖြစ်တယ် ဆိုတာကို ဦးနေဝင်းက သိသွားလို့ အခြေအနေပေးတုန်း ကျွန်တော်တို့နဲ့ ရောချလိုက်တာပါ။ ဒါကြောင့်မို့ ရေကြည်အိုင်မှာ သူ့ကို ထားတော့ ဖိုးနိုင်း မြင့်သိန်း (ရေ ဒုချုပ် ဗိုလ်ချုပ် ချစ်လှိုင်ရဲ့ PSO) နဲ့ အတူတူ ထားတာပါ။ ဖိုးနိုင်းက လူကြီး တွေကို အလွန်အလိုက်သိတဲ့ ပုဂ္ဂိုလ်ပါ။ ဗိုလ်မှူးကြီး မျိုးအောင်ကိုလည်း လုံးဝ စစ်မေးခြင်းမရှိဘဲ လွတ်လွတ် လပ်လပ် နေခွင့်ပေးထားပါတယ်။ ဂေါက်သီးအိတ်တောင် သွင်းခွင့်ပေးထားပြီး တချို့ မနက်/ညနေတွေမှာ ဂေါက်သီးလုံးနဲ့ ဘေးကာ သွပ်ပြားတွေကို မှန်တဲ့အသံတွေကို တဒိုင်းဒိုင်းနဲ့ ကြားနေရပါတယ်။

အဲဒီအချိန်မှာ ဗိုလ်စံကြည်က OKM ရဲ့အကြောင်းကို ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး ခင်မောင်တင့် (ကွယ်လွန်) နဲ့ သူ့ရဲ့သမိုင်းဌာနမှူး ဒုဗိုလ်မှူးကြီး လှရှိန် (ရေ) (ကွယ်လွန်) တို့ကို အကြောင်းစုံ ပြောပြခဲ့ပါ တယ်။ သူ့ကိုတော့ မန္တလေး ထောက်လှမ်းရေးက ဖမ်းပါတယ်။ သူ့ရဲ့ ထွက်ဆိုချက်တွေကြောင့် ဗိုလ်မှူးကြီး ခင်မောင်တင့်နဲ့ ဒုဗိုလ်မှူးကြီး လှရှိန်တို့ကိုလည်း ကက (လှမ်း) ကို ခေါ်ပြီး မျက်မှန်ကြီးက အရာရှိငယ်တွေ မပြောကောင်းတာတွေ ပြော၊ မကြံသင့်တာတွေ ကြံ၊ မလုပ်သင့်တာတွေ လုပ်လို့ ကျော်မကောင်း၊ ကြား

မကောင်း ဖြစ်လာပုံများကို အကျယ်တဝင့် ရှင်းပြပြီး သူတို့ကို ပြန်လွှတ်ပေးလိုက်ပါတယ်။

ဗိုလ်စံကြည်က အပတ်စဉ် ၈ က စာပေဆုရ ရွှေတံဆိပ်ရှင် ဖြစ်ပါတယ်။ ဖိုးနိုင်း မြင့်သိန်းကလည်း အပတ်စဉ် ၈ ကပါ။ သူက ရေတပ်ကို ရောက်သွားပါတယ်။ သူ့အရည်အချင်းက လူတကာနဲ့ အဆင်ပြေအောင် ပြောတတ်၊ ဆိုတတ်၊ နေထိုင်တတ်ခြင်းပါ။ ဒါ့ကြောင့်မို့ ရေတပ်က ဒုချုပ်ဖြစ်တဲ့ ဗိုလ်မှူးချုပ် ချစ်လှိုင်ရဲ့ PSO ဖြစ်လာတာပါ။ ဗိုလ်စံကြည်နဲ့ကတော့ PSO အချင်းချင်း ဗိုပြီး တွဲမိကြပါတယ်။ ဦးစီးချုပ်ကြီး ပြုတ်လို့ ဗိုလ်စံကြည်က OKM အကြောင်း ပြောတဲ့အခါမှာ ဖိုးနိုင်းကလည်း သဘောတူ ထောက်ခံခဲ့ပါတယ်။

ဒါ့ကြောင့် ဗိုလ်စံကြည် မေမြို့ကို သွားဖို့ ရထားစီးတဲ့အခါ ဖိုးနိုင်းက ဘူတာရုံကို လိုက်ပို့ပါတယ်။ သူတို့ နှစ်ယောက်က အားတဲ့အချိန် တချို့ဆိုရင် OKM အကြောင်း ပြောနေကြပါ။ ဗိုလ်စံကြည်ကို တရားရုံးမှာ စစ်တော့ ဖိုးနိုင်း အကြောင်း မေးပါတယ်။ ရထား ထွက်ခါနီးမှာ စံကြည်က ပလက်ဖောင်းပေါ်မှာ လက်ပြရင်း ကျန်နေခဲ့တဲ့ ဖိုးနိုင်းကို "အားလုံး OK မယ်နော်" လို့ လှမ်းပြောတဲ့အခါ ဖိုးနိုင်းက "OK" လို့ ပြန်ပြောတဲ့ အကြောင်း ထွက်ချက်ပေးခဲ့ပါတယ်။ ဒါကို တရားလို ရှေ့နေက OKM ရဲ့အကြံအစည်အတိုင်း လုပ်မယ် ဆိုရင် အဆင်သင့်ပဲလားလို့ ဆိုလိုကြောင်း တရားသူကြီးကို တင်ပြခဲ့ပါတယ်။ အဲဒီ တရားရုံး နောက်ပိုင်းမှာ ဖိုးနိုင်း မြင့်သိန်းကို "OK မြင့်သိန်း" လို့ အချိန်တော်တော်ကြာအောင် အပေါင်းအသင်းတွေက ခေါ်နေကြပါ သေးတယ်။

## အချုပ်အနှောင်ခံ ဘဝ

ကျွန်တော်ဟာ တောရပ်ဒေသမှာ မွေးပြီး ရိုးသား အေးဆေးတဲ့ လူငယ်ဘဝကို ဖြတ်သန်းလာခဲ့ပါတယ်။ ပညာ သင်ခဲ့ရာမှာလည်း အထက်တန်းအထိ ဖြောင့်ဖြောင့်မတ်မတ်ပဲ ပညာစခန်း ဖြတ်သန်းခဲ့ပါတယ်။ DSA ရောက် တော့လည်း စည်းကမ်းရှိရှိနဲ့ ရိုးသား ကြိုးစားခဲ့လို့ Best Cadet နဲ့ စာပေ ထူးချွန်ဆု နှစ်ဆု ဆွတ်ခူးပြီး အရာရှိ ဖြစ်ခဲ့တာပါ။ ခြေလျင်တပ်မှာလည်း ထူးထူးချွန်ချွန် တိုက်ပွဲကြီးများ မဆင်နွှဲခဲ့ရသော်လည်း တာဝန် မကျေပွန် ခြင်း၊ တာဝန် ရှောင်လွှဲခြင်း ဆိုတာတွေ မရှိခဲ့ပါ။ အသက် သေစေနိုင်တဲ့ ဘေးတွေ တွေ့ခဲ့သော်လည်း ကြောက်ရွံ့ခြင်း မရှိဘဲ တိုက်ပွဲငယ် အချို့ ဆင်နွှဲနိုင်ခဲ့ပါတယ်။

စစ်ရုံးကို ရောက်တော့လည်း လူကြီးတွေရဲ့ ယုံကြည်စွာ တာဝန်ပေးချက်အရ ကိုယ့်ရာထူးထက် မြင့်တဲ့ တာဝန်တွေကို ထမ်းဆောင်နိုင်ခဲ့ပါတယ်။ ဒါ့ကြောင့် တဖြည်းဖြည်း အချိန်ရလာတာနဲ့အမျှ Anything you can do, I can do better. ဗမာလိုတော့ "ဘယ်လုပ်ငန်း တာဝန်မဆို သူများထက် ပိုကောင်းအောင် လုပ်နိုင်တယ်" ဆိုတဲ့ တိတ်တခိုး ဆောင်ပုဒ်လေးကို ရင်ဝယ်ပိုက်ထားခဲ့တာပါ။ ဒါ့ကြောင့်လည်း တပ်မတော် သား ဘဝနဲ့ပဲ သေတပန် သက်တဆုံး အမှုထမ်းတော့မယ်လို့ စိတ်နှလုံး တုံးတုံးချခဲ့ပါတယ်။

အလားတူပဲ အခုခေတ် ကာ/လုံ လို့ ခေါ်တဲ့ အဖွဲ့အစည်းလည်း ဟိုခေတ်က ရှိခဲ့ပါတယ်။ "လုံခြုံရေးနဲ့ ကာကွယ်ရေး ကော်မတီ" လို့ ခေါ်တယ် ထင်ပါတယ်။ အဲဒီ အစည်းအဝေးက ကာကွယ်ရေး ဝန်ကြီး၊ နိုင်ငံခြားရေး ဝန်ကြီး၊ ပြည်ထဲရေး ဝန်ကြီးများနဲ့ နိုင်ငံတော် ကော်မီတီဝင်များ ဖြစ်တဲ့ ဗိုလ်မှူးကြီး သောင်းကြည်၊ ဗိုလ်မှူးကြီး လှဟန်၊ ဗိုလ်မှူးကြီး သန်းစိန်တို့ ပါဝင်တဲ့ အဖွဲ့ရဲ့ အစည်းအဝေးမှာလည်း ကျွန်တော် တက်ရပါ တယ်။ မှတ်တမ်းလည်း ကျွန်တော်ပဲ ရေးရပါတယ်။ မှတ်တမ်းတွေကိုလည်း စိတ်ချရတဲ့ အရာခံဗိုလ်ကို လက်နှိပ်စက် ရိုက်ခိုင်းပြီး ရလာတဲ့ မှတ်တမ်းတွေကို Col. G.S. ထံကို တိုက်ရိုက် အပ်နှံရပါတယ်။ ဒီအချက်ကို ဖော်ထုတ် ရေးသားရတာက ကျွန်တော့်ရဲ့ လုံခြုံရေး စိတ်ချရတဲ့အဆင့် Security Clearance ဟာ ထိပ်တန်းမှာ

ရှိနေခဲ့တယ် ဆိုတာ သိစေချင်လို့ပါ။

အဲဒီလို ဘဝကနေပြီး ရေကြည်အိုင် အချုပ်ခန်းအထိ ရောက်ခဲ့ရတယ် ဆိုတော့ အထက်က ခေါင်းစဉ်တစ်ခု တပ်ထားခဲ့သလို "နေ့လယ်ကောင် မိုးကြိုး ပစ်ခြင်းပါပဲ"။ အဲဒီ အတွေးဟာ ရေကြည်အိုင်ကို ရောက်ခါစ ရက်များမှာ လူကို အများကြီး ဒုက္ခပေးခဲ့ပါတယ်။ နောက်မှ တဖြည်းဖြည်း ကိုယ့်စိတ်ကိုယ် ပြုပြင်ရင်း ကိုယ်ဟာ တပ်မတော်သားအဖြစ်က လုံးဝ နုတ်ထွက်ရတော့မှာပါလား ဆိုတဲ့ အသိကို ရအောင် မွေးယူရပါတော့တယ်။

တပ်က ထွက်ရာမှာလည်း အကောင်း ထွက်ရမှုလား၊ ဆက်ပြီး ထောင်ချတာကိုပဲ ခံရတော့မှာလား၊ ရိုးရိုးထွက်ခွင့် ရရင်ကော ဘယ်လို အသက်မွေးဝမ်းကျောင်း ပြုရမှာလဲ ဆိုတဲ့ မေးခွန်းတွေကြောင့် စိတ်ဟာ ကြည်လင် တက်ကြွခြင်း မရှိတော့ပါဘူး။ တစ်သက်နဲ့ တစ်ကိုယ် လုံးဝ မမျှော်မှန်းခဲ့တဲ့ အချုပ်သား ဘဝကို ရောက်ခဲ့တာ လူကို အရမ်း ချောက်ချားစေပါတယ်။ အဲဒီလို စိတ်ဖိစီးမှုမျိုးဟာ အချုပ်ခံရတဲ့သူတိုင်း ကြုံတွေ့ရလေ့ရှိတဲ့ သဘာဝပါ။

## မတ်လ ၂၇ ရက်၊ တပ်မတော်နေ့

တကယ်တော့ မတ်လ ၂၇ ရက် ဆိုတာ တပ်မတော်နေ့ မဟုတ်ပါဘူး။ တော်လှန်ရေးနေ့ပါ။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ မြန်မာနိုင်ငံရဲ့ တော်လှန်ရေး တပ်ပေါင်းစုတွေ တစ်စုတစ်ဝေးတည်း၊ တစ်ပြိုင်နက်တည်း ဖက်ဆစ် ဂျပန်ကို စတင် တော်လှန်တဲ့နေ့ပါ။ တော်လှန်ရေး ကောင်စီခေတ်ကျမှ ဒီနေ့ကို တပ်မတော်နေ့ရယ်လို့ ဦးနေဝင်းက သတ်မှတ်ခဲ့တာပါ။ အဲဒီလို သတ်မှတ်လို့ တော်လှန်ရေးမှာ ပါခဲ့တဲ့ အင်အားစု တစ်ချို့က မကျေနပ်ခဲ့ကြပါဘူး။

တကယ်လို့ သတ်မှတ်ချင်တယ် ဆိုရင် ဒီဇင်ဘာလ ၂၆ ရက်နေ့ကိုသာ တပ်မတော်နေ့ရယ်လို့ သတ်မှတ်သင့်တာပါ။ ဘာ့ကြောင့်လဲဆိုတော့ အဲဒီနေ့မှာပဲ ဘန်ကောက်မြို့က ဗမာ လူကြီးမင်း တစ်ယောက်ရဲ့ အိမ်မှာ ရဲဘော် သုံးကျိပ်ဝင်တွေက လက်မောင်းသွေးကို ဖောက်ပြီး ငွေဖလားထဲမှာ ထည့်၊ သစ္စာဆိုပြီး သွေးသောက်ခဲ့ကြတဲ့ နေ့ပါ။ ဗမာပြည်ကို စတင် ချင်းနင်းဝင်ရောက်မယ့် ဗမာ့ လွတ်လပ်ရေး တပ်မတော် (BIA) စတင် တရားဝင် ဖွဲ့စည်းတဲ့နေ့ ဖြစ်ပါတယ်။

ဒီနေ့မှာ OKM က သူ့လုပ်ငန်း အကောင်အထည် ဖော်တော့မယ်လို့ ဆုံးဖြတ်တာပါ။ အစီအစဉ်က တော်လှန်ရေးနေ့ သို့မဟုတ် တပ်မတော်နေ့မှာ အစိုးရအဖွဲ့ ခေါင်းဆောင်တဲ့ သံတမန်တွေ ညစာစားပွဲနဲ့အတူ ယဉ်ကျေးမှု ဧည့်ခံပွဲလည်း ရှိပါတယ်။ လူစုံတက်စုံပေါ့။ သူနဲ့ ဗိုလ်စံကြည်ကတော့ သတ်မှတ်ထားတဲ့ အချိန် (ဟိုရောက်မှ အခြေအနေအရ ဆုံးဖြတ်မယ်) ရောက်ရင် ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ကျော်ထင်နားမှာ မယောင်မလည် နေပြီး သူ့လုံခြုံရေးအတွက် တာဝန်ယူရမယ် စသဖြင့် တာဝန်တွေ ခွဲပါတယ်။

လုပ်ကြံဖို့ တာဝန် ခွဲဝေတဲ့အခါမှာလည်း ဗိုလ်ဝင်းသိန်းက ဘယ်သူ့ကို သတ်မယ်၊ ဗိုလ်ထွန်းကျော်က ဘယ်သူ့ကို သတ်မယ်၊ ဗိုလ်ဘချစ်ကလည်း ဘယ်သူ့ကို သတ်မယ် စသဖြင့် တာဝန် ခွဲထားပါတယ်။ အဲဒီလို မသတ်ခင် တစ်ဝင်းလုံး မီးမှောင်ကျအောင် လျှပ်စစ် ဓာတ်အား ဖြတ်ရမယ့် Main Switch ကို ဗိုလ်အောင်ကြည်ဦးက တာဝန်ယူ ဆိုပြီး တာဝန်ချထားပါတယ်။ လက်နက်ဖယ်တွေတော့ ကိုယ်စီ ပါရမယ်တဲ့။

## လုံခြုံရေး အစီအစဉ်တွေ ပြောင်းပြီ

အဲဒီနေ့က ထူးထူးခြားခြား မျက်မှန်ကြီးရဲ့ အစီအစဉ်နဲ့ အလုံလမ်း အိမ်တော်ဝင်း အပြင်ဘက်ခြမ်း တစ်ခုလုံးကို သနက ၃ တပ်ရင်း တစ်ရင်းလုံးက ယူနီဖောင်း၊ လက်နက် အပြည့်အစုံနဲ့ လုံခြုံရေး တာဝန်ယူထားပါတယ်။ ဒီလို လုံခြုံရေး အစီအစဉ်မျိုးကို အရင်တုန်းက တစ်ခါမှ မလုပ်ခဲ့ဖူးပါ။ နောက်ပြီးတော့ ကက (ကြည်း) ရဲ့ အရန်တပ်လို့ သတ်မှတ်ထားတဲ့ မော်ဘီက ခလရ ၁၆ ကိုလည်း ရန်ကုန်ကို ခေါ်ထားပါတယ်။ ကျောင်းပိတ်ရက် မို့လို့ အဲဒီ တပ်ရင်း တစ်ရင်းလုံးက ရာမညဆောင်နဲ့ အနီးတစ်ဝိုက်မှာ တပ်စွဲထားပါတယ်၊ အဲဒီ တပ်က တပ်ရင်းမှူး ဗိုလ်မှူး မောင်လတ် (အပတ်စဉ်-၁) (ယခု ပြင်ဦးလွင် စိုးစံ ဘော်ဒါဆောင်) ကို OKM က သွားစည်းရုံးထားတာ ရှိပါတယ်။

ဘယ်လိုလဲ ဆိုတော့ သူ့ကို ဦးစီးချုပ်က လွှတ်လိုက်လို့ လာရတာ ဖြစ်ကြောင်း၊ တပ်မတော်နေ့ ညစာ စားပွဲ ရှိတဲ့ အိမ်တော်ကို ည ခုနစ်နာရီ အရောက်လာပြီး အပြင်က လုံခြုံရေးတွေကို နှိမ်နင်း ထိန်းချုပ်ဖို့၊ သူနဲ့ အဖွဲ့ကလည်း အတွင်းက လူကြီးတွေကို လိုအပ်သလို ထိန်းချုပ်ပြီး အတွင်း/အပြင် လှုပ်ရှားမှုနဲ့ အခြေအနေ အားလုံးကို အုပ်စီးနိုင်ဖို့ ရည်ရွယ်ချက်နဲ့ပါ။

## မြန်မာ့အသံက ကြေငြာမယ်

ပြီးတော့ ရှိသေးတယ်၊ အခြေအနေ အရပ်ရပ် အားလုံး သူ့ စီစဉ်သလို ဖြစ်လာပြီဆိုရင် တိုင်းပြည်ကို ကြေညာဖို့ ဆိုပြီး မြန်မာ့အသံက ပုဂ္ဂိုလ်အချို့ကိုလည်း စည်းရုံးထားပါတယ်တဲ့။ အခြေအနေ အရပ်ရပ်ကို ပိုင်နိုင်သွားပြီ ဆိုရင် သူက မြန်မာ့အသံမှာ ရှိတဲ့ သူ့အဆက်အသွယ်ကို ဖုန်းဆက်ပြီး နိုင်ငံတော် အာဏာကို လွှဲပြောင်းယူပြီ ဆိုတဲ့ အကြောင်း၊ ဗိုလ်ချုပ်ကြီး တင်ဦးကို ပြန်လည် အာဏာ အပ်နှင်းမယ် ဆိုတဲ့ အကြောင်းတွေ ပါတဲ့ ကြေညာချက်ကို အသင့် ရေးခိုင်းထားပါသတဲ့။

ဒီကိစ္စတွေကို ရေကြည်အိုင် ရောက်မှ အတူတူ နေရတဲ့ ဗိုလ်ဝင်းမောင်က ပြောပြလို့ သိတာပါ။ ဒါပေမဲ့ အဲဒီ အဆက်အသွယ်ကိုတော့ ထောက်လှမ်းရေးကို ထွက်ဆိုချက်ပေးရာမှာ OKM က ချန်ထားဟန်တူပါတယ်။ မြန်မာ့အသံက ဘယ်သူမှ တရားခံ/သက်သေအဖြစ် လာတာ မရှိပါဘူး။ အလားတူပဲ သူနဲ့ အတူ တတွဲတွဲ လုပ်နေတဲ့ ဗိုလ်ကြီး မျိုးဟန်လတ်လည်း ပါမလာပါဘူး။ ဗိုလ်ကြီး မျိုးဟန်လတ် (ခ) Fred က ထိုစဉ်က တိုင်းမှူး ဗိုလ်မှူးကြီး ခင်အုန်း (ကွယ်လွန်) ရဲ့ PSO ပါ။ သူနဲ့ OKM ဟာ ရင်းနှီးပုံက လင်မယားထက် သာတယ် လို့ ပြောကြပါတယ်။ အခုတော့ Fred လည်း ကွယ်လွန်သွားတာ ကြာပါပြီ။

## လူနပ်ကြီး ဦးနေဝင်း

ကျွန်တော် အရင်တစ်နေရာမှာ ပြောခဲ့သလိုပါ။ ဗိုလ်ချုပ်ကြီး တင်ဦးကို ဖြုတ်ဖို့ ဦးနေဝင်းက ဘယ်အချိန် ကတည်းက သဘောပေါက်နေခဲ့သလဲ မသိပါဘူး။ ဦးတင်ဦးရဲ့ သား အငယ်ကောင်လေးရဲ့ အသုဘ ရက်လည် နေ့မှာမှ ရွေးပြီး ဦးတင်ဦးကို ဖြုတ်လိုက်တာပါ။ ဦးတင်ဦးကို တပ်မတော်ထဲက အရာရှိ၊ အရာခံ၊ အကြပ် တပ်သားတွေက ချစ်ခင် လေးစားကြတာ ဦးနေဝင်း သိပါတယ်။ သူ့ကို ဖြုတ်လိုက်ရင် တပ်ထဲမှာ တချို့က မကြိမ်မသက် ဖြစ်လာနိုင်တယ်လို့လည်း ခန့်မှန်းမိဟန် တူပါတယ်။

နောက်ပြီးတော့ အဲဒီအချိန်မှာ လူကြီးတွေကို ဖြန့်ဝေတဲ့ "အမျိုးသား ထောက်လှမ်းရေး အဖွဲ့ (NIB)" ရဲ့ နေ့စဉ် သတင်းလွှာတွေထဲမှာလည်း ပထမဦးဆုံး သတင်းက "ဗိုလ်ချုပ်ကြီး တင်ဦးကို အရေးယူခံရတာနဲ့

ပတ်သက်လို့ အရာရှိငယ်များ အသိုင်းအဝိုင်းတွင် မကျေနပ်ကြောင်း ပြောဆိုမှုများ ရှိ" ဆိုတာ နေ့စဉ် ရက်ဆက် ပါပါတယ်။ ဒီသတင်းဟာ တစ်ဝက်မှန်၊ တစ်ဝက်မှားလို့ ပြောနိုင်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အဲဒီလို မကျေနပ်ကြတဲ့သူတွေက အရာရှိငယ် အများစုထဲမှာ မပာတ်ပါဘူး။ PSO တွေရဲ့ အသိုင်းအဝိုင်းမှာ ဖြစ်နေတာပါ။ အဲဒီ PSO ဆိုတဲ့ သူတွေက ထောက်လှမ်းရေး တပ်ဖွဲ့တွေရဲ့ မျက်ခုံးမွေးများ ကြားမှာ စကြိုလျှောက်နေတဲ့သူတွေပါ။

ဒီလိုသဘောတွေကို ဦးနေဝင်းက ကောင်းကောင်း အကဲဖြတ်နိုင်တော့ အသစ်စက်စက် မယားလေး ဖြစ်တဲ့ ဒေါ်နီနီမြင့်ကို ခေါ်ပြီး အင်းဒိုနီးရှား နိုင်ငံ၊ ဘာလီကျွန်းကို ထွက်သွားပါတယ်။ လနဲ့ချီပြီး ကြာပါတယ်။ ကျွန်တော့်အထင် ဦးနေဝင်းဟာ သင်္ကြန် အပြီးလောက်မှာ ပြန်လာတယ် ထင်ပါတယ်။ အရာရှိငယ်တွေ မကျေနပ်လို့ ဖြစ်ချင်းဖြစ်ရင် သူ မရှိတုန်း ဖြစ်ကြဆိုတဲ့ သဘောပေ့ါ။ သူ့တွက်ကိန်းဟာ အထိုက်အလျောက်တော့ မှန်တယ်လို့ ပြောရမှာပါ။

## တွက်ကြည့်တော့ စက်မရှိ

ကျွန်တော် အပေါ်မှာ ရေးပြတာတွေက ဗိုလ်ဝင်းမောင် ပြောပြလို့ သိရတဲ့ OKM ရဲ့ အစီအစဉ်တွေပါ။ တကယ် ဖြစ်သွားတာတွေကိုတော့ စုံရုံးမှာ ထွက်ဆိုချက်တွေကို သတင်းစာတွေမှာ ပါတဲ့အတိုင်း သိရလို့ ဖော်ပြပေး လိုက်ပါတယ်။ ဒါ့ကြောင့် OKM ရဲ့ အစီအစဉ်တွေကတော့ တွက်ရေးကတော့ စက်သူဌေး၊ တွက်ကြည့်တော့ စက်မရှိ ဖာတ်လမ်းတွေပါ။ အဲဒီနေ့က လူကြီး အားလုံးဟာ ကိုယ့် PSO နဲ့အတူ အိမ်တော်ဝင်းကို ဝင်ကြရ ပါတယ်။

OKM ကလည်း အဲဒီနေ့မှာ သူ့ဆရာ ဗိုလ်ချုပ်ကြီး ကျော်ထင်နဲ့ အိမ်တော်ကို သွားရမှာပါ။ အဲဒီနေ့ ညနေမှာ ဦးစီးချုပ်ရဲ့ ကားကို နဝရတ်ရိပ်သာ သူ့အခန်းကို ညနေ လေးနာရီလောက် လာဖို့ ခေါ်ထားပါတယ်။ ကားလည်း ရောက်ရော စခန်းရုံးက သူထုတ်ထားတဲ့ လက်နက်ငယ်တွေကို ဦးစီးချုပ် ကားရဲ့ နောက်က ဘောနက်ကို ဖွင့်စေပြီး ထည့်လိုက်ပါတယ်။ ပြီးမှ သူ့ဆရာ ဗိုလ်ချုပ်ကြီး ကျော်ထင်ကို သွားကြိုပါတယ်။

ဦးစီးချုပ်နဲ့ OKM တို့ အိမ်တော်ထဲကို ဝင်ပါပြီ။ VIP တွေအတွက် သတ်မှတ်ထားတဲ့ နေရာမှာ ရပ်ပြီး နှစ်ယောက်လုံး ဆင်းကြပါပြီ။ OKM ရဲ့ အစီအစဉ်က သူ လိုချင်တဲ့ အချိန်မှာ သူ့ကားကို ခေါ်ပြီး လက်နက်တွေ ထုတ်ဖို့ပေ့ါ။ ဒါပေမဲ့ အဲ့ဒီနေ့မှာ အိမ်တော်ထဲကို ရောက်တာနဲ့ အထူး လုံခြုံရေး အစီအစဉ်အရ ကားတွေကို ခါတိုင်း ရပ်နေကြနေရာမှာ မရပ်နိုင်းပဲ ခပ်ဝေးဝေး သွားရပ်နိုင်းပါတယ်။

ကားမောင်းသမားတွေကိုလည်း ကားကို သော့တွေနဲ့ ပိတ်ပြီး ကားတခြား၊ ကားသမားတခြား နေစေပါ တယ်။ နောက်အစီအစဉ် တစ်ခုကတော့ လူကြီးတိုင်းရဲ့ PSO တွေဟာ ကိုယ့်လူကြီး နားမှာ ကိုယ် နေရမယ် ဆိုတဲ့ အမိန့်က OKM တို့ရဲ့ လုပ်ရပ်တွေ အားလုံးကို ချုပ်လိုက်သလို ဖြစ်သွားတော့ အစီအစဉ်တွေ အလိုလို ပျက်ပြားကုန်တော့တာပေ့ါ။ အရေးထဲမှာက OKM အလွန် အားထားရတဲ့ ဗိုလ်ထွန်းကျော်ကလည်း OKM ရဲ့ အစီအစဉ်တွေဟာ အောင်မြင်စရာ အကြောင်းမရှိဘူးလို့ ယူဆဟန်တူပါရဲ့၊ ညစာ စားပွဲကို မတက်ခဲ့ပါဘူး။

## ကျွန်တော်လည်း မသွားခဲ့ပါဘူး

အဲဒီညကလည်း ညစာစားပွဲကို ကျွန်တော့်ကို ဖိတ်ထားခဲ့ပေမဲ့ ကျွန်တော်လည်း မသွားခဲ့ပါဘူး။ ဘာ့ကြောင့်လဲ ဆိုတော့ အဲဒီ ညစာစားပွဲမှာ လူလည်းစုံတယ်၊ အဖျော်ယမကာတွေလည်း တိုက်မယ်ဆိုတော့ လူများရင်

စကား မှားပြီး မတော်တာတွေ ပြောမိမှာစိုးလို့ ကျွန်တော် မသွားတာပါ။ အဲဒီအစား ကျွန်တော်ရယ်၊ မိသားစု အားလုံးရယ် ညနေပိုင်းမှာ အောင်ဆန်းမှာ ရှိတဲ့ ယောက္ခမများ အိမ်ကို သွားကြပါတယ်။

အောင်ဆန်း မသွားခင် တက္ကသိုလ် ရာမညဆောင်မှာ ရှိတဲ့ ခလရ ၁၆ က သူငယ်ချင်းတွေဆီ သွားပါတယ်။ အဲဒီမှာ ကျွန်တော်တို့ Intake က တွန်ဇပုံး ရှိပါတယ်။ သူက တပ်ခွဲမှူးပါ။ ကျွန်တော် တွန်ဇပုံးနဲ့ စကားပြောနေတဲ့အခိုက်မှာ အဲဒီက အရာရှိ တော်တော်များများ ကျွန်တော်တို့ စကားဝိုင်းကို ရောက်လာကြပါတယ်။ သူတို့က "ဘာထူးလဲ၊ ဘာထူးလဲ" လို့ တဖွဖွ မေးကြပါတယ်။ ကျွန်တော်က သဘောမပေါက်သေးတော့ "ဘာမှ မထူးပါဘူး" လို့ဘဲ ပြန်ဖြေမိပါတယ်။

တကယ်တော့ သူတို့ရဲ့ တပ်ရင်းမှူးကို OKM လာပြီးတွေ့တာ သူတို့သိတယ်။ ပြီးတော့ တပ်ရင်းမှူး ဗိုလ်မှူး မောင်လတ်နဲ့ သူ့ရဲ့ IO ဗိုလ်ကြီး မြင့်မောင်တို့ ခေါင်းချင်းဆိုင်ပြီး တီးတိုး ပြောနေကြတာကိုလည်း တွေ့ကြတယ်၊ ဒါပေမဲ့ အဲဒီညနေမှာ တပ်ရင်းမှူးက ပျောက်သွားပြီး ဘာအမိန့်မှ ပေးမသွားဘူး။ အဲဒီအခိုက်မှာ ကျွန်တော် ရောက်သွားတော့ တစ်ခုခုများလား ဆိုပြီး ဝိုင်းလာကြတာပါ။ ကျွန်တော် ရေကြည်အိုင်မှာ နေရင်း တရားရုံးမှာ OKM နဲ့ ဗိုလ်မှူး မောင်လတ်တို့ ထွက်ဆိုချက်ပေးမှ အဲဒီအကြောင်း သိရတာပါ။

အဲဒီနေ့ ညနေက ကိုလတ်က OKM ပြောတာကို မယုံလို့ ရန်ကင်းက သူ့အစ်မ အိမ်မှာ သွား အိပ်နေတယ် ဆိုတာ သိရပါတယ်။ တကယ်တော့ OKM ပြောတဲ့ ကိစ္စဟာ အင်မတန် ကြီးမားတဲ့ ကိစ္စပါ။ ကျောချမ်းစရာပါ။ သူ လုပ်သင့်တဲ့ အချက်က အထက်ကို သတင်းပို့ရမှာ ဖြစ်တယ်။ သတင်း မပို့ချင်ရင်လည်း သူ ခိုင်းတဲ့အတိုင်း လိုက်လုပ်ပေ့ါ။ အခုတော့ ဘာမှမလုပ်ဘဲ အစ်မအိမ် သွားရှောင်နေတဲ့သဘောပေ့ါ။

## ဗိုလ်မှူးကြီး လှဖေ

ဒီကိစ္စတွေဖြစ်တော့ သူက မြောက်ပိုင်းတိုင်း တိုင်းမှူးပါ။ ပြောရရင်တော့ နောင်မဝေးတော့တဲ့ ကာလတစ်ခုမှာ နိုင်ငံ့ ခေါင်းဆောင်ကောင်း တစ်ယောက် ဖြစ်လာဖို့ အလားအလာ အကောင်းဆုံး သူတစ်ယောက်ပေ့ါ။ တပ်မတော်ထဲမှာ ရဲဘော်ဘဝ ကတည်းက စတင် အမှုထမ်းခဲ့ပြီး ဗိုလ်မှူးကြီး ဘဝအထိ တိုက်ပွဲတွေ အလီလီ ဆင်နွှဲခဲ့ဖူးသူ တစ်ဦးပါ။ သူ ပြောပြဖူးပါတယ်။ သူနဲ့အတူ တပ်ထဲဝင်ခဲ့တဲ့သူ ၁၀ ယောက် ရှိတယ် ဆိုပါတော့၊ သူ့ရဲ့ လက်ရှိ အနေအထား ရောက်လာတဲ့အခါ လေးယောက်လောက်ပဲ သက်ရှိ ထင်ရှားကျန်ခဲ့ပြီး ကျန်တဲ့ ခြောက်ယောက်လောက်က ကျဆုံး ဒဏ်ရာရနဲ့ တပ်မတော်ထဲမှာ မရှိကြတော့ပါဘူးတဲ့။

သူက ကျွန်တော့်ကို "ဒီမှာ ဗိုလ်ထိန်ရ၊ ကျည်ဆံ တစ်တောင့်ဟာ စက်ရုံက ထုတ်လုပ်လိုက်ကတည်းက ဘယ်သူ့ အတွက်ဆိုတာ ပါပြီးသားကွ" လို့ အကြိမ်ကြိမ် ပြောခဲ့ဖူးပါတယ်။ အဲဒီလို ပြောနိုင်အောင်လည်း သူ့ရဲ့ တပ်မတော် သက်တမ်း ၂၅ နှစ်ကျော်မှာ တိုက်ပွဲ အကြီး၊ အငယ်တွေ မြောက်များစွာ ဆင်နွှဲခဲ့ဖူးသူပါ။ သူ့ကြမ္မာ ဖန်လာပုံက သူဟာ ခမရ ၁၀၆ တပ်ရင်းမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က OKM နဲ့ ရေစက် ဆုံခဲ့တာပါပဲ။

သူကိုယ်တိုင်ကလည်း ကိုယ်ခန္ဓာ ကြံ့ခိုင်မှုရှိလို့ အမြဲလိုလို ဖြတ်ဖြတ်လတ်လတ် ရှိနေခဲ့သူပါ။ OKM က ခမရ ၁၀၆ မှာ နေစဉ် ကာလပတ်လုံး ထူးခြား ထင်ရှားတဲ့ တိုက်ပွဲတွေနဲ့ မကြုံဖူးခဲ့ပါဘူး။ ဒါပေမဲ့ လူကြီးတွေ ကြိုက်အောင် လုပ်ပြတဲ့အတွက်ကြောင့် ဗိုလ်မှူးကြီး လှဖေ ရန်ကုန်တိုင်းကို G-1 အဖြစ် ပြောင်းလဲသွားတဲ့ အခါမှာ OKM ကိုလည်း ရန်ကုန်တိုင်း G-3 အဖြစ် သူပဲ ခေါ်ယူလိုက်တာပါ။ အဲဒီတုန်းက တိုင်းမှူးက ဗိုလ်မှူးကြီး ကျော်ထင် (နောင် ဦးစီးချုပ်) ဖြစ်ပြီး သူ့ရဲ့ PSO ကတော့ ဗိုလ်စိန်သောင်းပါ။ ကိုစိန်သောင်းက

လည်း ရန်ကုန်တိုင်းမှာ နေရင်း ဆေးတက္ကသိုလ် ၂ က ကျောင်းသူ တစ်ယောက်နဲ့ ချိတ်မိပါတယ်။ ဒါပေမဲ့ ကိုစိန်သောင်းမှာ အိမ်ထောင်ရှိပြီး ကလေးတောင် သုံးယောက် ရနေပါပြီ။

အဲဒီခေတ်က အရာရှိတွေ မိန်းမကိစ္စ ပေါ်လာရင် ကိုယ့်ဇာတ်ကိုယ် နိုင်အောင် လုပ်၊ မနိုင်ရင် တပ်က ထွက်၊ ဒီလို ပေါ်လစီ ရှိပါတယ်။ (ခုခေတ်တော့ မရတော့ဘူး၊ ထောင်ဒဏ် နှစ်နှစ် ပုံသေ။) ဒါပေမဲ့ ဗိုလ်ချုပ်ကြီး ကျော်ထင်က ကိုစိန်သောင်းအပေါ်မှာ အဲဒီလို မရက်စက်ပါဘူး။ ဘယ်လိုမှ ပြောလို့မရတဲ့ အတွက် သူ့မိခင် တပ်ရင်း ဖြစ်တဲ့ ခမရ ၁၀၈ နေဖြူကို ပြန်ပို့လိုက်ပါတယ်။ အဲဒီတော့ PSO တစ်နေရာ လွတ်သွားပြီပေါ့။ တိုင်းမှူးအနေနဲ့ တပ်တွေနဲ့ မရင်းနှီးတော့တဲ့အတွက် ကိုယ်ကိုယ်တိုင် PSO မရွေးနိုင်တော့ပါ။ ဒါ့ကြောင့် ဗိုလ်မှူးကြီး လှဖေကို အရွေးခိုင်းတဲ့အခါ သူ့ရဲ့ ထောက်ခံချက်နဲ့ OKM ဟာ သူ့ရဲ့ PSO ဖြစ်လာပါတော့တယ်။

အဲဒီတော့ ကျွန်တော် စဉ်းစားမိပါတယ်။ ဗိုလ်စိန်သောင်းသာ ဆတ်ဆော့ပြီး နောက်မိန်းမ မယူခဲ့ရင် OKM ဟာ ဘယ်လိုမှ PSO ဖြစ်စရာ အကြောင်း မရှိပါဘူး။ ဒီလိုဆိုရင် ကမ္ဘာကျော် "ခုန်းကျော်မြင့် အရေးအခင်း" ဖြစ်လာစရာအကြောင်း မရှိပါဘူး။ OKM ဟာ သူ့ဆရာ တိုင်းမှူး ဘဝကနေ ဒုချုပ်၊ ဒုချုပ်ကနေ ဦးစီးချုပ် တောက်လျှောက် ဖြစ်လာရာမှာ သူကလည်း PSO အဖြစ် ပါလာတော့တာပေါ့။ အဲဒီလို ဖြစ်လာအောင် သူ့ဘဝကို ဗိုလ်မှူးကြီး လှဖေက အဓိက ပံ့ပိုးသူ တစ်ယောက် ဖြစ်လာခဲ့ပါတယ်။ ဒီအမှုမှာ ဗိုလ်မှူးကြီး လှဖေ ကိုယ်တိုင် တရားခံတစ်ဦး ဖြစ်လာပြီး ထောင်ဒဏ် ခုနစ်နှစ်ကျခဲ့တာဟာလည်း သူနဲ့ OKM တို့ရဲ့ ဆက်နွှယ်မှုကြောင့် ဖြစ်ပါတယ်။

ဗိုလ်မှူးကြီး လှဖေဟာ တပ်မမှူး၊ တိုင်းမှူး ဖြစ်လာလို့ စစ်ရုံးကို ဝင်လာတဲ့အခါတိုင်း OKM ဆီမှာ အမြဲ ဝင်လေ့ ရှိပါတယ်။ ဆရာ တပည့် နှစ်ယောက် အာလာပသလ္လာပ ပြောလိုက်၊ တစ်ခါတလေလည်း အလုပ်ကိစ္စ ပြောလိုက်နဲ့ပေါ့။ သူနဲ့ အဲဒီလို ပြောဆိုပြီးမှ သူ့ဆရာ ဒုချုပ်ဆီကို ဝင်ပြီး သတင်းပို့လေ့ရှိတာပါ။ ဦးစီးချုပ်ကြီးကို အရေးယူခံရတာက ဖေဖော်ဝါရီလ ဒုတိယပတ်၊ OKM ကိစ္စ ပေါ်လာတာက ဇူလိုင်လ တတိယပတ် ဆိုတော့ ဒီ ငါးလကာလမှာ ဗိုလ်မှူးကြီး လှဖေဟာ စစ်ရုံးကို အကြိမ်ကြိမ် ရောက်ပါတယ်။

ရောက်တိုင်းလည်း OKM ဆီ အမြဲတမ်း ဝင်ပါတယ်။ ဝင်တိုင်းလည်း OKM က ဦးစီးချုပ်ဟောင်းကြီးကို ပြန်တင်မယ်၊ ဦးစန်းယုနဲ့ မျက်မှန်ကြီးကို ရှင်းမယ် ဆိုတဲ့ အကြောင်းတွေ ပြောနေကျပါ။ ဆရာ တပည့် အရင်းတွေမို့လား။ ဗိုလ်မှူးကြီး လှဖေကတော့ သူ့တပည့် အဲဒီလို စည်းလွတ်ဝါးလွတ် ပြောနေတာတွေကို ဖြောင်းဖြတာ၊ တားတာတွေ လုပ်ပါတယ်။ ဒါပေမဲ့ မအောင်မြင်ပါဘူး။ ဒါ့ကြောင့် ဒီကိစ္စကြီးလည်း ဖြစ်ရော သူပါ ပါလာရောပေါ့။

## ဗိုလ်မှူးကြီး လှဖေရဲ့ ငယ်သူငယ်ချင်း

ဗိုလ်မှူးကြီး လှဖေဟာ မန္တလေး ဇာတိပါ။ တပ်ထဲကို တစ်ပြိုင်နက် ဝင်တုန်းက အင်မတန် ခင်တဲ့ ငယ် သူငယ်ချင်း တစ်ယောက် ပါပါတယ်။ သူ့နာမည်က မောင်မောင် ဖြစ်ပါတယ်။ တပ်ထဲမှာ မောင်မောင်တွေ များလွန်းလို့ သူတို့ကို တစ်ဦးချင်း ကြိယာ ဝိသေသန ပေးပြီး ခေါ်ကြလေ့ ရှိပါတယ်။ ကျွန်တော့် ဆရာအရင်းကိုတော့ အထက်မှာ ရေးခဲ့သလို "ဗီလီ မောင်မောင်"၊ နောက်တစ်ယောက်ကိုတော့ သူ့ခန္ဓာကိုယ် ထူးခြားချက်အရ "ဖင်ကြီး မောင်မောင်" လို့ ခေါ်ပါတယ်။ ဗိုလ်မှူးကြီး လှဖေရဲ့ သူငယ်ချင်းကိုတော့ "အပ္ပနား မောင်မောင်" လို့ ခေါ်ပါတယ်။ အိန္ဒိယသွေး ပါလို့ပါ။

သူက အဲဒီလို အချိန်မှာ ကက (ကျင့်) မှာ G-1 ဖြစ်နေပါတယ်။ ကျန်းမာရေး အခြေအနေကြောင့်

ဆေးအဆင့် ကျလို့ ဒုဗိုလ်မှူးကြီး အဆင့်ပဲ ရောက်ပါသေးတယ်။ ဒါပေမဲ့ သူနဲ့ တစ်နေ့တည်း၊ တစ်ရက်တည်း တပ်ထဲကို ဝင်ခဲ့တဲ့ ဗိုလ်မှူးကြီး လှဖေကတော့ ဗျူဟာမှူး၊ တပ်မမှူး အဆင့်ဆင့်ကို ဖြတ်သန်းပြီး တိုင်းမှူး တောင် ဖြစ်နေပါပြီ။ ဗိုလ်မှူးကြီး လှဖေက စစ်ရုံးကို ရောက်တိုင်း သူငယ်သူငယ်ချင်း ဒုဗိုလ်မှူးကြီး မောင်မောင် ကို တခုတ်တရ တွေ့လေ့ရှိပါတယ်။ အာလာပသလ္လာပ ပြောကြတာပေါ့။ သူတို့ နှစ်ဦး ဆက်ဆံရေးက အဲဒီ လောက် ရင်းနှီးမှု ရှိတာပါ။

ဗိုလ်ချုပ်ကြီး တင်ဦး ပြုတ်ပြီး ဗိုလ်မှူးကြီး လှဖေ ရန်ကုန်ကို လာတဲ့အခါ OKM နဲ့ တွေ့ပြီး ကြားလာတဲ့ ကိစ္စတွေကို သူ့သူငယ်ချင်းကို ပြောပါတယ်။ (ဒီအကြောင်းတွေက ဒုဗိုလ်မှူးကြီး မောင်မောင် ကိုယ်တိုင် တရားရုံးမှာ ထွက်ဆိုတဲ့ အကြောင်းအရာတွေ သတင်းစာထဲမှာ ပါပါတယ်။) အပ္ပနား မောင်မောင်က ခရိုင် တရားရုံးမှာ ထွက်ဆိုခဲ့ရာမှာ ဘယ်နေ့ ဘယ်နေ့တွေမှာ ဗိုလ်မှူးကြီး လှဖေ သူ့အခန်းကို လာပါကြောင်း၊ လာတဲ့ အခါမှာ OKM က လူကြီးတွေကို လုပ်ကြံပြီး ဦးစီးချုပ်ဟောင်းကြီးကို ပြန်နေရာပေးဖို့ စီစဉ်တဲ့ အကြောင်း၊ ခံစားချက်ရှိတဲ့ အရာရှိငယ်တွေလည်း ပါတယ် ဆိုတဲ့ အကြောင်းအရာတွေ ပြောခဲ့ပါကြောင်း ထွက်ဆိုခဲ့ပါတယ်။

တစ်ဆက်တည်း ထွက်ဆိုခဲ့တာက ဗိုလ်မှူးကြီး လှဖေ ပြန်သွားတာနဲ့ တစ်ပြိုင်နက် သူက ကက (လှမ်း) ညွှန်မှူးကို သွားသတင်းပို့ခဲ့ပါကြောင်း၊ ညွှန်မှူးရဲ့ တောင်းဆိုချက်အရ အကြောင်းအရာ အားလုံးကို စာနဲ့ ရေးသား၍ ပေးအပ်ခဲ့ပါကြောင်း ထွက်ဆိုသွားပါတယ်။ အဲဒီအကြောင်းကို သတင်းစာထဲမှာ ဖတ်ရတဲ့ အခါမှာ "ဩော်... သူငယ်ချင်း အချင်းချင်း လုပ်ရက်လိုက်တာ" လို့ သံဝေဂ ဖြစ်မိပါတယ်။ အဲဒီအမှုကြီး ပြီးသွားလို့ နောက် ခြောက်လလောက် အကြာမှာ ဒုဗိုလ်မှူးကြီး မောင်မောင်ဟာ အနောက် ဂျာမနီ နိုင်ငံရဲ့ သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်း ခံရပါတယ်။ သူ့ ငယ်သူငယ်ချင်း ဗိုလ်မှူးကြီး လှဖေကတော့ ထောင်ဒဏ် ခုနစ်နှစ် ကျခံသွားရရှာပါတယ်။

## အမှု ပေါ်ပေါက်လာပုံ

မတ်လ ၂၇ ရက်နေ့မှာ OKM ရဲ့စီမံကိန်း အဖျားရှူးသွားတဲ့ အကြောင်း အထက်မှာ ရေးပြခဲ့ပြီးပါပြီ။ အဲဒီလို မအောင်မြင်တဲ့အတွက် နောက်တစ်နေ့ (မတ်လ ၂၈ ရက်) OKM က ပါဝင်ခဲ့တဲ့ အရာရှိတွေကို နဝရတ် သူ့ တိုက်ခန်းမှာ ခေါ်ပြီး အခြေအနေ ရှင်းပြ briefing ပေးပါတယ်။ ပြီးခဲ့တဲ့ ညက မမျှော်လင့်တဲ့ အခြေအနေ ပြောင်းလဲမှုတွေကြောင့် အကောင်အထည် မဖော်ခဲ့ပေမဲ့ မူလ ရည်ရွယ်ချက်ကို မစွန့်လွှတ်စေလိုကြောင်း ဒီ ရည်ရွယ်ချက်ကို ထာဝရ ဆုပ်ကိုင်ထားရမှာ ဖြစ်ကြောင်း ပြောပါတယ်။

ရာထူးတွေ တက်ပြီး နယ်အသီးသီးကို ပြောင်းရွှေ့သွားရင်လည်း ရည်မှန်းချက် အကောင်အထည် ဖော်ဖို့ အခွင့်အရေး ရှာပြီး ဆောင်ရွက်နေမှာ ဖြစ်ကြောင်း၊ လောလောဆယ်တော့ အားလုံး "အေးစေ" သဘောမျိုးနဲ့ Stand down လုပ်ထားကြဖို့အပြင် ဒီကိစ္စကို ပိပိရိရိနဲ့ မပေါက်ကြားအောင် ထိန်းသိမ်းကြစေ လိုကြောင်းကို OKM က အကျယ်တဝင့် ပြောပြပြီး တန်းဖြုတ်လိုက်ပါတယ်။

OKM က ဒီလို ပြောပြီး တန်းဖြုတ်လိုက်တာက မတ်လ ၂၈ ရက်နေ့မှာပါ။ အခြေအနေ အရာအားလုံး အေးဆေးသွားပြီလို့ ယူဆစရာရှိပါတယ်။ ဒါပေမဲ့ သွေးအေးမသွားတဲ့ သူကတော့ ဗိုလ်ကြီး ဝင်းသိန်းပါ။ အနောက်ပိုင်းတိုင်း တိုင်းမှူး ဗိုလ်မှူးကြီး မင်းဂေါင်ရဲ့ PSO ပေါ့ ဗိုလ်ကြီး ဝင်းသိန်းဟာ ဗထူး တပ်မြို့မှာ တပ်စု မှူး သင်တန်း တက်ရင်းနဲ့ သူ့အခန်းမှာ ဖဲပိုင်းထောင် ရန်ဖြစ်လို့ သင်တန်း မပြီးခင် တပ်ကို ပြန်ပို့ခံလိုက်ရတာပါ။

## ဗိုလ်ဝင်းသိန်း PSO ဖြစ်ဖို့အရေး

နောက်ပြီး မေမြို့ (ပြင်ဦးလွင်) မှာ ရှိတဲ့ အုပ်ချုပ်မှု အကူ အတတ်သင်ကျောင်းမှာ သင်တန်း တက်ရင်းနဲ့ ဖဲဝိုင်းမှာ ရန်ဖြစ်လို့ တပ်ပြန်ပို့ခံရပါတယ်။ အဲဒီမှာ တပ်ရင်းမှူးအဖြစ် ဒုဗိုလ်မှူးကြီး မင်းဂေါင် ရောက်လာတော့ သူက IO ဖြစ်လာပါတယ်။ ဗိုလ်မှူးကြီး မင်းဂေါင်ဟာ ဗျူဟာမှူးအဖြစ် ရာထူး တက်သွားတဲ့အခါ PSO လိုလာပါတယ်။ ဒါ့ကြောင့်မို့ ကက (ထူး) နဲ့ ဆက်သွယ်ပြီး ဗိုလ်ဝင်းသိန်းကို သူ့ရဲ့ PSO အဖြစ် ခန့်အပ်ပေးဖို့ တင်ပြပါတယ်။

ကက (ထူး) က သူ့ရဲ့ အရာရှိ မှတ်တမ်းမှာ သင်တန်းကျောင်းတွေ တက်ရင်း စည်းကမ်းဖောက်တဲ့ အတွက် မပေးနိုင်ကြောင်း မှင်နီတွေ များနေလို့ လူကြီးတစ်ယောက်ရဲ့ အနားမှာ ရှိနေသင့်တဲ့သူ မဟုတ်ဘူးလို့ ဆုံးဖြတ်ပြီး မပေးပါဘူး။ ဒါ့ကြောင့် ဗိုလ်မှူးကြီး မင်းဂေါင်ဟာ သူကိုယ်တိုင် ကက (ထူး) ကို သွား၊ ညွှန်မှူး (ဂျွန် လှမောင်ကြီး ထင်ပါတယ်) နဲ့ တွေ့ပြီး ဗိုလ်ဝင်းသိန်းကို PSO ခန့်ဖို့ ပြောပါတယ်။ ဂျွန်ကြီးက ကိုဝင်းသိန်းရဲ့ Service record ကို ပြပြီး မဖြစ်နိုင်ကြောင်း ပြောပါတယ်။

## မင်းနီအိုး မှောက်ကျသွားတယ်

သို့သော်လည်း ဗိုလ်မှူးကြီး မင်းဂေါင်က ဗိုလ်ဝင်းသိန်းကို သူ တာဝန် ယူနိုင်ပါကြောင်း ကိုယ်တိုင် အာမခံပါတယ်။ ဒါ့ကြောင့် ကက (ထူး) ကလည်း ဗိုလ်ဝင်းသိန်းကို PSO အဖြစ် မခန့်ချင်ခန့်ချင်နဲ့ ခန့်လိုက်တာပါ။ ဒီမှာလည်း ပြောစရာရှိတာက ဗိုလ်စိန်သောင်းနဲ့ OKM တို့လိုပါပဲ။ ဗိုလ်စိန်သောင်း နောက်မိန်းမ မယူမိရင် OKM ဟာ PSO ဖြစ်လာစရာ မဟုတ်သလို ကက (ထူး) က ဗိုလ်ဝင်းသိန်း PSO ဖြစ်ရေးကို တိတိကျကျ ရပ်တည်ခဲ့ရင် သူဟာ PSO ဖြစ်လာစရာအကြောင်း မရှိပါဘူး။ တကယ်တော့ ဒီအမှုကြီး တစ်ခုလုံး စတင် ပေါ်ပေါက်ဖို့အတွက် ဗိုလ်ဝင်းသိန်းက PSO ဖြစ်လာရတာပါ။

ဖြစ်ပုံက ဒီလိုပါ။ မတ်လ ၂၈ ရက်နေ့က OKM နဲ့ သူကြိုရာပါ အရာရှိတွေဟာ လောလောဆယ် အခြေအနေများအရ သူတို့ ရည်မှန်းချက်ကို ခဏ နားထားကြဦးစို့လို့ ပြောထားခဲ့တာကို ရေးပြပြီးခဲ့ပါပြီ။ ဒါပေမဲ့ ဗိုလ်ဝင်းသိန်းကတော့ နားနေချင်ဟန် မတူပါဘူး။ ဘာ့ကြောင့်လဲ ဆိုတော့ သူတို့ကိစ္စ ပြီးသွားတဲ့နောက် လေးလလောက် အကြာ၊ ဇူလိုင်လ ဒုတိယပတ်လောက်မှာ ဗိုလ်ဝင်းသိန်းလည်း တိုင်းမှူး သူ့ဆရာနဲ့ အတူ စစ်တွေကနေ ရန်ကုန်ကို ရောက်လာပါတယ်။

အဲဒီအခါမှာ ဗိုလ်ဝင်းသိန်းက ဒုတိယ ဝန်ကြီး ဗိုလ်မှူးကြီး သန်းတင်ရဲ့ PSO ဗိုလ်ဘချစ်ကို ပူဆာပါတယ်။ ဘာလဲဆိုတော့ သူ့ဆရာ ဗိုလ်မှူးကြီး သန်းတင်နဲ့ တွေ့ပါရစေလို့ပေါ့။ ဗိုလ်မှူးကြီး သန်းတင်ကို ဗိုလ်ဘချစ်က သတင်းပို့တော့ ဗိုလ်မှူးကြီးက ဘာကိစ္စလဲလို့ မေးပါသေးတယ်။ ဗိုလ်ဘချစ်က ဘာကိစ္စမှန်း မသိဘူးလို့ ဖြေပေမဲ့ ဗိုလ်မှူးကြီး သန်းတင်က ဗိုလ်ဝင်းသိန်းနဲ့ တွေ့ဖို့ သဘောတူလိုက်ပါတယ်။

ဗိုလ်ဝင်းသိန်းက လာတွေ့တဲ့အခါမှာ သူတို့ OKM တို့ ခေါင်းဆောင်ပြီး မတ်လ ၂၇ ရက်နေ့က လုပ်ကြဖို့ ကြိုးစားကြပုံ၊ အတွေ့အကြုံရင့်တဲ့ ခေါင်းဆောင် မရှိလို့ မအောင်မြင်ဘူးလို့ ယူဆခဲ့ပုံ၊ ဒါ့ကြောင့် ဗိုလ်မှူးကြီး သန်းတင်လိုလူ ခေါင်းဆောင်မှ ဖြစ်နိုင်လိမ့်မယ် ယုံကြည်တဲ့အတွက် သူတို့ကိစ္စ ခေါင်းဆောင်ပါရန် တင်ပြလိုက်ပါတယ်။ အဲဒီလို တင်ပြတာက အကြောင်းရှိပါတယ်။ ဗိုလ်မှူးကြီး သန်းတင်ဟာ တိုက်ရည်ခိုက်ရည် ကောင်းတဲ့ Commander တစ်ယောက် ဖြစ်ပါတယ်။

အလားတူပဲ ထွက်လိုက်ရတဲ့ ဗိုလ်ချုပ်ကြီး တင်ဦးဟာလည်း တိုက်ရည်ခိုက်ရည် ကောင်းတဲ့ ပုဂ္ဂိုလ် တစ်ဦးပါ။ ဗိုလ်ချုပ်ကြီး ထွက်လိုက်ရတဲ့ ကိစ္စနဲ့ ပတ်သက်လို့ ဗိုလ်မှူးကြီး သန်းတင် အရမ်း ခံစားရတယ်လို့ ထင်ပါတယ်။ ဒါကို ဗိုလ်ဘချစ်က ပြောလို့ ကျန်တဲ့သူတွေ သိပါလိမ့်မယ်။ ဒါ့ကြောင့် ဗိုလ်ဝင်းသိန်းက ဗိုလ်မှူးကြီး သန်းတင်ကို စည်းရုံးတာပေါ့။ ဗိုလ်ဝင်းသိန်းရဲ့ ရွှေဉာဏ်တော်စူးရောက်ပုံက တကယ့်ကို ပြုချစရာပါ။

ဗိုလ်ဝင်းသိန်း လာပြောတဲ့ကိစ္စကို ဗိုလ်မှူးကြီး သန်းတင်က တစ်ညလုံး စဉ်းစားတယ် ထင်ပါတယ်။ နောက်တစ်နေ့ မနက်ကျတော့မှ ရုံးတက်တဲ့အခါမှာ သူ့အထက်အရာရှိ ဝန်ကြီး ဦးမောင်မောင်ခကို သတင်းပို့ပါတယ်။ ဦးမောင်မောင်ခကလည်း ထုံးစံအရ ဝန်ကြီးချုပ်ကို သတင်းပို့ရမှာပါ။ ဒါပေမယ့် သူက ဗိုလ်မှူးကြီး သန်းတင်ကို တစ်ပါတည်း ခေါ်ပြီး နိုင်ငံတော် ကောင်စီရုံးကို သွားပြီး ဦးစန်းယုကို တိုက်ရိုက် သတင်းပို့ပါတယ်။ ဦးစန်းယုကမှ မျက်မှန်ကြီးကို ခေါ်ပြီး သတင်းယူစေပါတယ်။ အဲဒီနေ့က စပြီးတော့ ဗိုလ်ဝင်းသိန်းကို ဖမ်း၊ စစ်ကြောရေးတွေ လုပ်၊ စစ်ချက်တွေအပေါ် မူတည်ပြီး ဖမ်းဖို့လိုတဲ့ လူတွေကို ပိုက်စိပ်တိုက် ဖမ်းပါတော့တယ်။

အဲဒီလို ဖမ်းပြီး စစ်ချက်တွေ ယူ၊ ပြည့်စုံပြီလို့ ယူဆတော့မှ ဇူလိုင်လ ၂၀ ရက်နေ့မှာ "ဗိုလ်ကြီး အုန်းကျော်မြင့်၊ ဗိုလ်ကြီး ဝင်းသိန်းနဲ့ ဗိုလ်ကြီး စံကြည်တို့ ခေါင်းဆောင်ပြီး တပ်မတော် အရာရှိငယ်များက နိုင်ငံတော် ခေါင်းဆောင်များ လုပ်ကြံလျက် အာဏာသိမ်းရန် ကြံစည်သည့် အစီအစဉ်များကို အမျိုးသား ထောက်လှမ်းရေး အဖွဲ့ NIB က ဖော်ထုတ်လိုက်ခြင်း" ဆိုတဲ့ သဘောပါတဲ့ ကြေညာချက်ကို ရေဒီယိုမှာ စတင် ကြေငြာပါတော့တယ်။ အဲဒီသတင်းကို ကျွန်တော် မိုင်းရှူးခွင်မှာ တိုက်ကင်းထွက်လို့ ခဏ နားရင်းနဲ့ နားထောင်မိခဲ့တာပါ။

## ဗိုလ်ကြီး ထွန်းကျော်နဲ့ ဗိုလ်ကြီး စံကြည်

သူတို့ နှစ်ယောက်ကို ဖော်ကောင်လို့ သတ်မှတ်ထားခြင်းကို ပထမတော့ သဘောမပေါက်ပါဘူး။ ဒါပေမဲ့ နောက်ပိုင်းမှာ ဥပဒေ ပညာတွေ သင်လာတဲ့အခါကျတော့မှ အရေးကြီးတဲ့ အမှုတွေ ဆိုရင် တရားခံဘက်က ရှေ့နေ ကျွမ်းကျင်ပါက အဓိက တရားခံတွေ လွတ်သွားတတ်လို့ ဒါမျိုး မဖြစ်အောင် ဖော်ကောင်တွေကို ဖော်ထုတ် သတ်မှတ်ပေးဖို့ လိုတယ်ဆိုတာ သိသာလာပါတယ်။ တရားရုံးမှာ ဖော်ကောင်တွေရဲ့ ထွက်ဆိုချက်နဲ့ တရားခံတွေကို ပြစ်ဒဏ် ချမှတ်နိုင်အောင်၊ အပိုင် ချည်နှောင်နိုင်အောင်လို့ ဖြစ်ပါတယ်။

ဗိုလ်ကြီး ထွန်းကျော်ရဲ့ ထွက်ချက်နဲ့ အဓိက တရားခံများဖြစ်တဲ့ OKM၊ ဝင်းသိန်းနဲ့ ဘချစ်တို့ကို ဘယ်လိုမှ ရှောင်လွှဲလို့ မရအောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဗိုလ်ထွန်းကျော်က ဖွင့်ဖွင့်သမား ဖြစ်လို့ မေးသမျှကို မကွယ်မထောက် ဟောဟောဒိုင်းဒိုင်း ပြောတာကို မျက်မှန်ကြီးက သဘောကျပါတယ်တဲ့။ သူ ဖော်ကောင် ဖြစ်ရတဲ့ အကြောင်းရင်းထဲမှာ အဲဒီ တစ်ချက်လည်း ပါပါတယ်။

ဗိုလ်စံကြည်ကို ဖော်ကောင်လို့ သတ်မှတ်တာဟာ သူ့ရဲ့ ထွက်ချက်နဲ့ ဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီး တင်ဦးကို ထောင်ချနိုင်အောင်လို့ပါ။ ဒါလည်း လွယ်လွယ်နဲ့ ရခဲ့တာ မဟုတ်ပါဘူး။ ဦးစီးချုပ်ကြီး ထွက်ပြီး တစ်လလောက် အကြာမှာ OKM က တောင်းဆိုလို့ ဗိုလ်စံကြည်က သူ့ကို ဦးစီးချုပ် အဟောင်းကြီးအိမ်ကို ခေါ် သွားပေးခဲ့ပါတယ်။ ဟိုရောက်တော့ OKM က ဗိုလ်ချုပ်ကြီး တင်ဦးကို ကန်တော့တဲ့အခါ OKM က သူ့ စိတ်ထဲမှာ ရှိတဲ့ ကြံရွယ်ထားတာတွေကို ရုတ်တရက် ချက်ချင်း မပြောပေမဲ့ သူ ထွက်ရတာဟာ မတရားဘူးလို့ ခံစားရကြောင်း ပြောကြားပါတယ်။

ဦးစီးချုပ် အဟောင်းကြီးက ဒါမျိုးတွေ မပြောဖို့ ဦးစီးချုပ်သစ်ရဲ့ PSO အနေနဲ့ ရှေ့မှာ အလားအလာ ကောင်းကြောင်း စတဲ့ စကားတွေကို ချော့မော့ ပြောဆိုပြီး နှစ်သိမ့်ပေးခဲ့ပါတယ်။ အဲဒီ အချက်နဲ့ပဲ ဦးစီးချုပ် ဟောင်းကြီးကို အရေးယူဖို့ လုံလောက်ပြီလို့ မျက်မှန်ကြီးက ဆုံးဖြတ်လိုက် ဟန် တူပါတယ်။

ဗိုလ်စံကြည်ဟာ ဖမ်းခါစတုန်းက ဘာမှမပြောဘဲ အားလုံးဘူးခံငြင်းခဲ့ပါတယ်။ ဒါပေမဲ့ OKM တို့ ဝင်းသိန်းတို့ ထွက်ချက်တွေ ရထားပြီးဖြစ်သော်လည်း စံကြည် တင်းခံနေတာကို ချိုးနှိမ်ဖို့ ရေကြည်အိုင် အတွင်းက ထောင့်တစ်နေရာမှာ ရှိတဲ့ နှိပ်စက်ခန်း Torture Chamber ထဲကို ပို့လိုက်ပါတယ်။ နောက်ပိုင်းမှာ စံကြည် ပြောလို့ သိရတာက သူ့ကို သွပ်ပြားတွေနဲ့ ကာထားတဲ့ အလုံပိတ် အခန်းထဲ ထည့်ထားပါတယ်တဲ့။ မတ်တတ်ရပ်လို့ မရတဲ့အတွက် တစ်ချိန်လုံး ထိုင်နေရပါသတဲ့။ ထမင်း ကျွေးတဲ့အခါမှာလည်း ထမင်းနဲ့ ငါးပိပဲ ကျွေးပြီးတော့ သဲတောင်ဖြူးထားပါသတဲ့။ အဲဒီတော့ ဗဟုသုတနည်းတဲ့ ဗိုလ်စံကြည်ဟာ နှစ်ရက် သုံးရက် လောက်လည်း နေရော Breakdown ဖြစ်သွားပါလေရော။ ချုံးပွဲချ ငိုရတဲ့အထိ ဖြစ်ခဲ့တယ်လို့ ဗိုလ်စံကြည်က ပြောဖူးပါတယ်။

အဲဒီကျတော့မှ မျက်မှန်ကြီးက ရောက်လာပြီး "မင့်ကို ငါကယ်မယ်" လို့ အာမခံပါသတဲ့။ အဲဒီကျမှ ဗိုလ်စံကြည်ဟာ သူနဲ့ OKM တို့ ပြောခဲ့ဆိုခဲ့တာတွေ၊ OKM ဦးစီးချုပ်ကြီးကို လာတွေ့တဲ့ အကြောင်းတွေ ရေး ချပြပါတော့တယ်။ သူ့ရဲ့ ထွက်ဆိုချက်နဲ့ ဦးစီးချုပ်ဟောင်းကြီးကို ထောင်ချနိုင်ခဲ့တယ်လို့ပဲ ပြောရမှာပါ။

## ဝန်ကြီးများ အစည်းအဝေးကို တင်ပြီ

ဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော် အခု တင်ပြမယ့် အကြောင်းအရာတွေဟာ စာရွက်စာတမ်း အထောက်အထား ရလို့ ရေးပြရခြင်း မဟုတ်ပါဘူး။ အဲဒီတုန်းက တာဝန်ရှိ အရာရှိတချို့ရဲ့ ပြောစကားများအရ ဆက်စပ် တွေး ခေါ်ပြီး သဘာဝကျအောင် တင်ပြလိုက်ရခြင်း ဖြစ်ပါတယ်။ အဲဒီ ချိန်တုန်းက ဝန်ကြီးချုပ်က (ဗိုလ်မှူးချုပ် ဟောင်း) စိန်ဝင်းပါ။ သူကလည်း ဗိုလ်ချုပ်ကြီး တင်ဦးကို အလွန် သံယောဇဉ် ကြီးတဲ့လူပါ။ ဒါ့ကြောင့် ဦးမောင်မောင်ခက ဒုဝန်ကြီး ဗိုလ်မှူးကြီး သန်းတင် သတင်းပို့ပြီးတဲ့အခါ ဝန်ကြီးချုပ်ဆီ မသွားဘဲနဲ့ နိုင်ငံတော် ကောင်စီ အတွင်းရေးမှူးဆီကို တိုက်ရိုက် သွားသတင်းပို့တာဟာ အဲဒီအကြောင်းကြောင့်များလားလို့ တွေးမိ ပါတယ်။

ဒီအမှုကြီးဟာ ပြည်တွင်းမှာသာမက ပြည်ပနိုင်ငံများကပါ စိတ်ဝင်စားတဲ့ အမှုဖြစ်ပါတယ်။ ဒါ့ကြောင့် အမှုဖြစ်စဉ်တွေကို စေ့စပ် သေချာစွာ ပြင်ဆင်ပြီး နီးရာ ဝန်ကြီးများ အစည်းအဝေး Cabinet ကို တင်ပြပါတယ်။ တရားခံအဖြစ် သတ်မှတ်ရမယ့် လူတွေစာရင်း၊ အစိုးရ သက်သေအဖြစ် သတ်မှတ်ထားတဲ့ လူစာရင်းနဲ့ အစိုးရ သက်သေ (ဖော်ကောင်) အဖြစ် သတ်မှတ်ထားတဲ့ လူတွေ စာရင်းတွေကို အပိုင်းလိုက် တင်ပြသွားပါတယ်။

တရားခံ စာရင်းမှာတော့ ဗိုလ်ချုပ်ကြီး တင်ဦး၊ ဗိုလ်မှူးကြီး လှဖေ၊ ဗိုလ်မှူး စိန်မြင့်၊ ဗိုလ်မှူး မောင်လတ်၊ ဗိုလ်မှူး သူရ ချစ်ခိုင် (လေ)၊ ဗိုလ်ကြီး ဘချစ်၊ ဗိုလ်ကြီး အုန်းကျော်မြင့်နဲ့ ဗိုလ်ကြီး ဝင်းသိန်းတို့ ဖြစ်ပါတယ်။ သက်သေတွေကတော့ ကျွန်တော် အပါအဝင် အများကြီးမို့ ရေးမပြတော့ပါဘူး။ ယခင်ခေတ်က ဖော်ကောင်လို့ ခေါ်ပြီး ယခုအခါ အစိုးရသက်သေလို့ သတ်မှတ်တဲ့ သူတွေကတော့ ဗိုလ်ကြီး ထွန်းကျော်နဲ့ ဗိုလ်ကြီး စံကြည် တို့ ဖြစ်ပါတယ်။

## ဗိုလ်မှူး မောင်လတ်နဲ့ ဗိုလ်မှူး သူရ ချစ်ခိုင် (လေ)

အထက်မှာ ရေးပြခဲ့ပြီးပါပြီ။ NIB ရဲ့ တင်ပြချက်အရ သူတို့ဟာ တရားခံများအဖြစ် သတ်မှတ်ခံရပါပြီ။ ဒါ့ကြောင့် တရားခံတွေလို့ သတ်မှတ်ခံရတဲ့သူ အားလုံးကို တရားရုံးတင်နိုင်ဖို့ အင်းစိန် ထောင်မကြီးရဲ့ အပြင်က သီးသန့် ထောင်ကို ပို့လိုက်ပါတယ်။ ဗိုလ်မှူး မောင်လတ်တို့ကို သီးသန့်ထောင်မှာ ရှိတဲ့ နှစ်ထပ်အိမ်ကြီးကို ပို့လိုက် ပါတယ်။ သူတို့ နှစ်ထပ်အိမ်ကြီးရဲ့ အပေါ်ထပ်ကို ရောက်တော့ သူတို့ရဲ့ လက်ထိပ်ကို ဖြုတ်ပေးလိုက်ပါတယ်။

လက်ထိပ်လည်း ဖြုတ်ပေးရော ကိုလတ်ကြီးက နံရံက ပြတင်းပေါက်မှာ တပ်ထားတဲ့ သံတိုင်ကြီး တစ်ခုကို အတင်း ဆွဲထုတ်လိုက်တော့ သံတိုင်ကြီး ပြုတ်ထွက်သွားပါလေရော။ အဲဒီမှာ သူက I will not die like a sheep လို့ တအားကြုံးအော်ပြီး အစောင့် ပါလာတဲ့ ထောက်လှမ်းရေးတွေကို လိုက်ရိုက်ပါတယ်။ ထောက်လှမ်းရေး တပ်ကြပ်ကြီးတွေလည်း အမလေး ဘလေး အော်ပြီး ထွက်ပြေးသွားကြပါသတဲ့။ ပြီးမှ ထောက်လှမ်းရေးနဲ့ ထောင်ဝန်ထမ်းတွေ ပေါင်းပြီး ကိုလတ်ကြီးကို အတင်း ဖမ်းချုပ်၊ ခြေထိပ်လက်ထိပ်နဲ့ ထားရပါသတဲ့။ သူတို့က အထက်ကို သတင်းပို့တော့ "ဗိုလ်မှူး မောင်လတ် စိတ်ဖောက်ပြန်သွားပါပြီ" တဲ့။ ဗိုလ်မှူး သူရ ချစ်ခိုင်ကတော့ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ပါပဲ။

ဘယ်သူတွေ ဘာများ ပြောစရာ ရှိပါသလဲလို့ စိတ်ခေါ် ပါတယ်။ အများစုကတော့ ဘာမှ ပြောစရာ မရှိ။ အပေါ်မှာ ရေးခဲ့တဲ့ ကက်ဘိနက် အစည်းအဝေး အကြောင်း ပြန်ကောက်ချင်ပါတယ်။ မျက်မှန်ကြီးက တရားခံ၊ သက်သေနဲ့ ဖော်ကောင်တွေ စာရင်း တင်ပြပြီးတော့ ဝန်ကြီးချုပ် ဦးစိန်ဝင်းက သဘောပါပါတဲ့။ ဒါပေမဲ့ ကျန်းမာရေး ဝန်ကြီး ဗိုလ်မှူးကြီး ကြည်မောင် (ကျွန်တော့် ဆရာ) က နည်းနည်း ပြောစရ ာရှိပါတယ် ဆိုပြီးတော့ ထပြောပါတယ်တဲ့။

သူက ဗိုလ်မှူး သူရ ချစ်ခိုင်နဲ့ ဗိုလ်မှူး မောင်လတ်တို့ အကြောင်းကို ကျိုးကြောင်း ဆီလျော်တဲ့ အချက် တွေနဲ့ တင်ပြပါတယ်။ ဗိုလ်မှူး သူရ ချစ်ခိုင်ဟာ OKM သူ့ဆီ လာတဲ့အခါ အခြေအနေမှန် သုံးသပ်ပြီး ဗိုလ်ချုပ် စောဖြူထံ လာရောက် အပ်နှံတာဟာ တာဝန်သိတယ်ဆိုတဲ့ တစ်ချက်၊ သူဟာ တရုတ်ဖြူ အရေးအခင်းတုန်းက ကျူးကျော်သူ တရုတ်ဖြူ လေယာဉ်ပျံ နှစ်စီးကို ပစ်ချနိုင်ခဲ့လို့ "သူရ" ဘွဲ့ ရခဲ့တဲ့ ပုဂ္ဂိုလ် တစ်ဦး ဖြစ်တယ် ဆိုတဲ့ အချက်၊ နောက်တစ်ချက်ကတော့ တပ်မတော် အတွက် စွမ်းစွမ်းတမံ တာဝန် ထမ်းဆောင်ခဲ့တဲ့သူ တစ်ယောက်ဟာ အခုလို အခြေအနေမှာ တရားခံအဖြစ် သတ်မှတ်လိုက်ခြင်းဟာ ပြည်တွင်းမှာရော၊ ပြည်ပ မှာပါ မိမိတို့ အစိုးရရဲ့ ဂုဏ်သိက္ခာ ထိပါးနိုင်တယ်ဆိုတဲ့ အချက်။ ဒီအချက်တွေကြောင့် သူ့ကို တရားခံအဖြစ် သတ်မှတ်တာ သင့်မသင့် စဉ်းစားကြစေလိုကြောင်း။

နောက်တစ်ယောက်ကတော့ ဗိုလ်မှူး မောင်လတ်၊ သူဟာ စစ်တက္ကသိုလ် အပတ်စဉ် ၁ က ဖြစ်တယ်။ သူ့ကို OKM က လာပြီး စည်းရုံးတဲ့အခါ မဆုံးဖြတ်တတ်လို့ ခေါင်းရှောင်နေခဲ့သော်လည်းပဲ OKM ခိုင်းတဲ့ အတိုင်းသာ လုပ်မယ် ဆိုရင် အဲဒီနေ့ ကတည်းက ကျော်မကောင်း/ကြားမကောင်း ဖြစ်သွားနိုင်ခဲ့ကြောင်း၊ သူ အဲဒီလို ခေါင်းရှောင်ခဲ့တဲ့ အတွက်ကြောင့် အရုပ်ဆိုးစေမယ့် အဖြစ်အပျက်တွေ ပေါ်ပေါက်လာခြင်း မရှိ ကြောင်း။ ဒါ့ကြောင့် သူ့ကို တရားခံ စာရင်းက ပယ်ဖျက်ပေးဖို့ သင့်မသင့် တင်ပြပါတယ်။

အဲဒီအချိန်မှာ ကိုလတ်ကြီး ထောင်ထဲမှာ စိတ်ဖောက်ပြီး လူတွေကို လိုက်ရိုက်တဲ့ သတင်းက မျက်မှန် ကြီးဆီ ရောက်နေပါပြီ။ ဒါ့ကြောင့် မျက်မှန်ကြီးက ဗိုလ်မှူး ကြည်မောင် တင်ပြချက်များကို မကန့်ကွက်တဲ့ အပြင် အခြား ဝန်ကြီးများကလည်း ထောက်ခံတဲ့အတွက်ကြောင့် ဗိုလ်မှူး မောင်လတ်နဲ့ ဗိုလ်မှူး သူရ ချစ်ခိုင် တို့ကို တရားခံ စာရင်းက ပယ်ဖျက်လိုက်ပါတယ်။

သူတို့ကို ရေကြည်အိုင်ကို ပြန်ခေါ်လာတဲ့နေ့ကို ကျွန်တော် မှတ်မိပါတယ်။ မနက် ရှစ်နာရီလောက်မှာ ထောင်တံခါးမကြီး ဂျိမ်းဆို ဖွင့်သံကြားတော့ ကျွန်တော်က အိမ်ရှေ့ ဝရန်တာပေါ် တက်ကြည့်တဲ့အခါ လူနှစ်ယောက်ကို စောင်နဲ့ အုပ်ပြီး ခေါ်သွင်းလာတာကို မြင်ရပါတယ်။ ဘယ်သူတွေမှန်းတော့ ချက်ချင်း မသိပါဘူး။ ထမင်း လာပို့တဲ့ ရဲဘော်လေးကို မေးကြည့်မှ ကိုလတ်နဲ့ ဗိုလ်မှူး ချစ်ခိုင်မှန်း သိရတာပါ။ သူက ကျွန်တော်တို့ကို "ဗိုလ်မှူး မောင်လတ်...." ဆိုပြီး သူ့နားထင်ကို လက်ညှိုးနဲ့ ထောက်ပြပါတယ်။ ပြီးမှ "ရူးသွားပြီ" လို့ ပြောပြီး ကမန်းကတန်း ပြန်ထွက်သွားပါတယ်။

## တရားလို၊ တရားခံနဲ့ အစိုးရ သက်သေ (ဖော်ကောင်) များ

အင်းစိန် သီးသန့်ထောင် ဘေးနားမှာ ရှိတဲ့ အဆောက်အဦ တစ်ခုမှာ ရန်ကုန်တိုင်း တရားရုံး အဖြစ်နဲ့ ဖွဲ့စည်းပြီး ရုံးတင် စစ်ဆေးမှုများ ပြုခဲ့ပါတယ်။ တရားခံတွေကတော့ ခေါင်းဆောင် ဗိုလ်ကြီး အုန်းကျော်မြင့်နဲ့ ဗိုလ်ကြီး ဝင်းသိန်း၊ ကြံရာပါများ အဖြစ် ဗိုလ်ချုပ်ကြီးဟောင်း ဦးတင်ဦး၊ ဗိုလ်မှူးကြီး လှဖေ (ကွယ်လွန်)၊ ဗိုလ်မှူး စိန်မြင့် (ကွယ်လွန်)၊ ဗိုလ်ကြီး ဘချစ်တို့ ဖြစ်ကြပါတယ်။ သက်သေတွေကတော့ အများကြီးပါ။ ကျွန်တော် မှတ်မိသလောက် ဗိုလ်မှူးကြီး ထားဝယ် မျိုးအောင်က လွဲလို့ ကျန်တဲ့လူတွေ အားလုံးလိုလို တိုင်းတရားရုံး သွားပြီး သက်သေ ထွက်ချက်ပေးကြရပါတယ်။

အချုပ်ထဲမှာ လပေါင်းများစွာ ကြာနေရာက မာဇဒါ ဂျစ်ကားလေးနဲ့ အင်းစိန်ကို သွားတဲ့အခါ ပတ်ဝန်းကျင် မြင်ကွင်းအသစ်တွေ မြင်ရလို့ လူကို လန်းဆန်းစေပါတယ်။ ဖော်ကောင်တွေ ဖြစ်တဲ့ ဗိုလ်ထွန်းကျော်နဲ့ ဗိုလ်စံကြည်တို့ကိုတော့ ရေကြည်အိုင်ထဲမှာပဲ ထားတယ်လို့ သိရပေမဲ့ ကျွန်တော်တို့ ဝင်းထဲမှာ မရှိပါဘူး။

## တရားခွင် ကာလ ထူးခြားဖြစ်စဉ်များ

ကျွန်တော်တို့ကို ရေကြည်အိုင်မှာ ထားပြီး စစ်ကြောရေးတွေ ပြီးလို့ တရားလို၊ တရားခံတွေ ရွေးနေတဲ့ ကာလလောက်မှာ သတင်းစာတွေ ဖတ်ခွင့်ရပါတယ်။ ရုံးထုတ်တာတွေ ဖြစ်လာတော့ ကျွန်တော်တို့ကိုလည်း မိသားစုနဲ့ တစ်ပတ် တစ်ခါ တွေ့ခွင့်ရပါတယ်။ တွေ့တဲ့နေရာကတော့ မင်္ဂလာဒုံက ပိုင်းခဲလော့ ရိပ်သာလို့ ခေါ်တဲ့ နေရာမှာ လွတ်လွတ်လပ်လပ် တွေ့ရတာပါ။ အိမ်က ပါတဲ့ အစားအသောက်တွေ၊ စာအုပ်တွေ ယူခွင့် ရှိသလို ရေဒီယိုကိုပါ ခွင့်ပြုပါတယ်။ အချုပ်အနှောင် ခံနေရပေမဲ့ သက်သာခွင့်ရတဲ့ အခိုက်အတန့်လေးတွေပေါ့။

ကျွန်တော် သက်သေ ထွက်ရမယ့် အလှည့်ရောက်တော့ ရေကြည်အိုင်က မနက် ကိုးနာရီလောက်က ထွက်ပါတယ်။ အင်းစိန်ထောင် ရောက်တော့ ၁၀ နာရီလောက် ရှိပြီပေါ့။ ရှေ့မှာ တစ်ယောက် သက်သေ ထွက်ဆိုနေတော့ ကျွန်တော် စောင့်နေရပါသေးတယ်။ ၁၁ နာရီလောက်မှ ကျွန်တော့်ကို ခေါ်တာပါ။ တရားရုံး ဥက္ကဋ္ဌ ဦးအုန်းမောင်ပါ။ သူက အရင်က ဒုဗိုလ်မှူးကြီးဟောင်းပါ။ ကျွန်တော် အောင်နိမိတ် စစ်ဆင်ရေး ကိစ္စတွေနဲ့ နယ်စပ်က နယ်နိမိတ် သတ်မှတ်ရေး အဖွဲ့တွေကို ရိက္ခာ ထောက်ပံ့ရေး ကိစ္စနဲ့ ပတ်သက်လို့ သူနဲ့ မကြာခဏ ဆက်ဆံရဖူးလို့ လူချင်း ခင်ပါတယ်။

တရားခံလို့ သတ်မှတ်ပြီး ထိုင်နေကြတဲ့သူတွေ အားလုံးက ကျွန်တော်နဲ့ ခင်မင်ခဲ့ဖူးတဲ့ သူတွေဆိုတော့ သူတို့ကို ကျွန်တော်က ကရုဏာစိတ်နဲ့ တစ်ယောက်ချင်း နှုတ်ဆက်ပါတယ်။ သူတို့ကလည်း တအံ့တသြနဲ့ တုံ့ပြန်ကြပါတယ်။ တရားရုံး ဥက္ကဋ္ဌကိုလည်း "ဗိုလ်မှူး နေကောင်းလား" စသဖြင့်ပေါ့။

ကျွန်တော်ရဲ့ သက်သေ ထွက်ဆိုချက်က သိပ်မများပါဘူး။ သို့သော်လည်း ထွက်ဆိုချက်လည်း ပြီးရော

ကျွန်တော့်ကို ပြန်လှန် မေးခွန်းထုတ်မယ့် အပိုင်းကို ထမင်းစားချိန်မို့ ရုံးပြန်စမှ လုပ်မယ် ဆိုပြီး ထမင်းစား နားလိုက်ပါတယ်။ တရားသူကြီးတွေ ထွက်ခွာသွားပြီးတဲ့ အချိန်မှာ ကျွန်တော် ပြန်မထွက်ခင် OKM ဆီကို သွားပြီး "ခင်ဗျားလက် ပြစမ်းပါ ဥပဒေ့ဒဏ်ကား ပါလားလို့ သိချင်လို့" ဆိုပြီး သူ့လက်ဝါးကို ကိုင်ကြည့်ပါတယ်။ လက္ခဏာ ဖတ်ဖို့ပေါ့။

အဲဒီအခါမှာ သတင်း တပ်ဖွဲ့မှူး ဗိုလ်မှူး စိုးမြင့်က ကျွန်တော့်ကို လှမ်းအော်ပါတယ်။ "ဟေ့... ကိုဝင်းထိန်၊ တရားခံတွေနဲ့ စကားပြောခွင့် မရှိဘူး"။ ကျွန်တော်က "မသိဘူးလေဗျာ၊ ခင်ဗျားတို့က ကြိုမှ ပြောမထားဘဲ" လို့ ပြန်ပြောလိုက်ပါတယ်။ ဒါ့ကြောင့် ဗိုလ်ချုပ်ကြီးနှင့်တကွ တခြား တရားခံ ဖြစ်နေတဲ့သူတွေကိုပါ နှုတ်ဆက်ပြီး SB က သတ်မှတ်ပေးတဲ့ နေရာမှာ သူတို့ ကျွေးတဲ့ ထမင်းကို စားရပါတယ်။

ဒီမှာ ပြောစရာတစ်ခု ကျန်နေပါသေးတယ်။ ကျွန်တော့်ကို သက်သေ မထွက်ခင် ရက်အနည်းငယ် အလိုမှာ SB က ကျွန်တော့်ကို မေတ္တာရပ်ခံပါတယ်။ ဘာလဲဆိုတော့ ကျွန်တော့် ထွက်ဆိုချက်မှာ ဗိုလ်ချုပ်ကြီး ကတော် ဒေါက်တာ ဒေါ်ခင်မိုးဝေက နိုင်ငံခြား စစ်သံတွေ ဖြစ်တဲ့ ဝီကင်းက ဗိုလ်မှူးကြီး သက်ဝေနဲ့၊ ဘန်ကောက်က ဗိုလ်မှူးကြီး သန်းလှတို့ထံက ရေချိုးခန်းသုံး ပစ္စည်းတွေ ဖြစ်တဲ့ ကြွေပြား၊ ကြည့်မှန် စတဲ့ ပစ္စည်းတွေကို မှာယူတဲ့ အကြောင်း၊ ဗမာပြည် ရောက်တဲ့အခါမှာ ဗိုလ်ကြီး သန့်ဇင်မြိုင်က ပစ္စည်းတွေ သွားယူရကြောင်း စတဲ့ အချက်တွေကို ထွက်ဆိုပေးဖို့ကိုပါ။

ကျွန်တော်ကလည်း အလွယ်တကူပဲ "ရပါတယ်" ဆိုပြီး ပြောခဲ့ပါတယ်။ ခုံရုံးကျတော့ ကျွန်တော် အဲဒီ အချက်တွေ ထည့်မပြောလိုက်ပါဘူး။ တမင် ချန်ထားခဲ့တာပါ။ သက်သေ ထွက်ဆိုချက် ပြီးလို့ ကျွန်တော် အပြင် ထွက်လာတဲ့အခါမှာ အမြဲ စောင့်ကြည့်နေတဲ့ ဗိုလ်မှူး စိုးမြင့်က "ကိုဝင်းထိန်၊ သန့်ဇင်မြိုင် အကြောင်း ကျန်နေခဲ့သေးတယ်လေ" လို့ ပြောပါတယ်။ ကျွန်တော်ကလည်း "အေးဗျာ ဆောရီးပဲ၊ ဘာမှလည်း အရေးမပါတာပါဗျာ" လို့ ပြန်ပြောလိုက်ပါတယ်။

## SB ဗိုလ်မှူး စိုးမြင့်ရဲ့ လက်စွမ်း

ဗိုလ်မှူး စိုးမြင့် ဆိုတာ ကျွန်တော် စစ်ရုံး ရောက်ခါစက သူက ဗိုလ်ကြီးပဲ ရှိပါသေးတယ်။ ကက ‌(လှမ်း) က စီနီယာ ဗိုလ်ကြီးပေါ့။ အစည်းအဝေးတွေမှာ အကြိမ်ကြိမ် တွေ့ခဲ့ရဖူးလို့ လူချင်းလည်း ခင်နေတာပါ။ သူက ဉာဏ်နီ ဉာဏ်နက်များလို့ မျက်မှန်ကြီးက သဘောကျပြီး SB သတင်း တပ်ဖွဲ့မှူးအဖြစ် တာဝန်ပေးထားတာပါ။ နောက်ပိုင်းမှာ ထိုင်းနိုင်ငံ သံအမတ်ကြီးအထိ ဖြစ်လာပြီး မျက်မှန်ကြီးတို့ကို ရှင်းတဲ့ ၁၉၈၄ ခုနှစ်လောက်မှာ အဖမ်းခံရပြီး ထောင်ကျခဲ့တယ်လို့ ထင်ပါတယ်။ ဘယ်လောက်ကြာလဲဆိုတာ မမှတ်မိတော့ပါဘူး။ သူ ဉာဏ်နီ ဉာဏ်နက် ဘယ်လောက်များသလဲ ဆိုတာ ကျွန်တော့် ကိုယ်တွေ့မို့ ရေးပြရပါဦးမယ်။

ကျွန်တော်တို့ ကိစ္စတွေပြီးလို့ အပြင်ရောက်တဲ့အခါမှာ နှစ်လ သုံးလလောက် ကြာတော့ ကျွန်တော့် Intake က မျိုးမြင့် (၁၇၂- ကွယ်လွန်) နဲ့ တွေ့ပါတယ်။ သူက အဲဒီတုန်းက ရဲချုပ် ဗိုလ်မှူးကြီး ရွှေသန်းရဲ့ PSO ပါ။ သူက ကျွန်တော့်ကို "မင်းက တော်တော် နောက်တဲ့ကောင်" လို့ ပြောတော့ ကျွန်တော်က "ဘာနောက်တာလဲကွ" လို့ ပြန်မေးပါတယ်။ သူက "မင်းက တရားရုံးမှာ တရားခံ အုန်းကျော်မြင့်ကို လက်ဆွဲနှုတ်ဆက်ပြီး Congratulation လုပ်တယ်ဆို" လို့ ပြောပါတယ်။ ကျွန်တော်က "ကြံကြံဖန်ဖန်ကွာ" လို့ ပြန်ပြောလိုက်ပါတယ်။

ခဏ နေမှ ကျွန်တော် သတိရပြီး မျိုးမြင့်ကို "အား... ငါ သတိရပြီ၊ ရုံးနားတဲ့ အချိန်မှာ ငါက OKM

ဆီသွားပြီး မင့်လက် ပြစမ်း၊ ဥပဓေ့ဒကကာ ပါလား သိချင်လို့ ဆိုပြီး သူ့လက်ကို ကြည့်တာကွ၊ ဒါကို ဗိုလ်မှူး စိုးမြင့်က လှမ်းတားတာ ငါ မှတ်မိတယ်" လို့ ပြန်ပြောလိုက်ရပါတယ်။ တစ်ဆက်တည်းမှာ ဗိုလ်မှူး စိုးမြင့် ဆိုတဲ့ ပုဂ္ဂိုလ်က တော်တော် Cunning ဖြစ်တာပဲလို့ မှတ်ချက်ချမိပါတယ်။ သန့်ဖင်မြိုင် ကိစ္စ ကျွန်တော် တမင် သက်သက် ချန်ထားမှန်းသိလို့ သူ့ရဲ့ ပညာနဲ့ လက်စားချေလိုက်တယ်လို့ ယူဆပါတယ်။

## ဗိုလ်ဝင်းသိန်းရဲ့ စောဒက

ခုံရုံး ကာလမှာ ထူးခြားချက် တစ်ခုက သက်သေတွေ အားလုံး စစ်ဆေးပြီးလို့ တရားသူကြီးက စီရင်ချက်ချနိုင်ဖို့ ရုံးတော်ကို ခဏ နားမယ် ဆိုတဲ့ အချိန်မှာပါ။ တရားသူကြီး ကြေညာပြီးတာနဲ့ တရားခံ ဗိုလ်ဝင်းသိန်းက "ကျွန်တော် တရားရုံးကို တင်ပြစရာ ရှိပါတယ်၊ ခွင့်ပြုပါခင်ဗျ" ဆိုပြီး ထခွင့်တောင်းပါတယ်။ တရားသူကြီးက ခွင့်ပြုတော့ သူက "တရားသူကြီးမင်း ခင်ဗျား၊ ကျွန်တော် တရားရုံးမှာ သက်သေများရဲ့ ထွက်ဆိုချက် အားလုံးကို ငြင်းဆိုခဲ့ပါတယ်၊ ဒါဟာ ကျွန်တော့် သဘောနဲ့ ပြောတာ မဟုတ်ပါဘူး ကျွန်တော်ရဲ့ ရှေ့နေ ဦးရဲထွန်းက တိုက်တွန်းလို့ ပြောခဲ့ရတာပါ၊ ကျွန်တော့် သဘောထား မပါပါဘူး၊ တကယ်တော့ သက်သေတွေ ပြောတဲ့ ကျွန်တော်နဲ့ ပတ်သက်တဲ့အချက် အားလုံး အမှန်တွေလို့ ဝန်ခံပါတယ်" ဆိုတဲ့ စကားတွေ ပြောတဲ့အခါ ရုံး တစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားပါတယ်။

ဟုတ်ပါတယ်၊ OKM ရော၊ ဝင်းသိန်းရော သူတို့နဲ့ ပတ်သက်တဲ့ ထွက်ဆိုချက်တွေကို သတင်းစာထဲမှာ ဖော်ပြတဲ့အခါမှာ "...... ဟုဆိုလျှင် ငြင်းကြောင်း" ဆိုတဲ့ ဝါကျတွေ ခဏ ခဏ ပါပါများလို့ လူထုကြားမှာတောင် အချိန် အတန်ကြာမျှ ရေပန်းစားသွားခဲ့ပါသေးတယ်။ ဝင်းသိန်းက ဒီလို ပြောပေမဲ့ OKM ကတော့ သူနဲ့ ပတ်သက်တဲ့ ထွက်ဆိုချက်တွေကို ဘာမှ ပြန်မပြောတော့ပါ။

## ခုံရုံးက ဆုံးဖြတ်ပြီ

သတ်မှတ်ထားတဲ့အတိုင်း ခုံရုံးက စီရင်ချက်ချလိုက်ပါပြီ။ မှတ်မိသမျှကတော့ ဗိုလ်အုန်းကျော်မြင့်ကို သေဒဏ်၊ ဗိုလ်ဝင်းသိန်းကို ထောင်ဒဏ် အနှစ် ၂၀ နဲ့ ကျန်တဲ့ ပုဂ္ဂိုလ်တွေကို ခုနစ်နှစ်၊ ၁၀ နှစ် အသီးသီး ပြစ်ဒဏ်များ ချမှတ်ခဲ့ပါတယ်။ ကျွန်တော့် အထင်တော့ ဗိုလ်ဝင်းသိန်းလည်း သာမန် အနေအထားအတိုင်း ဆိုရင် သေဒဏ် ကျနိုင်ပါတယ်။ ဒီကိစ္စ တစ်ခုလုံးကို စပြီး initiate လုပ်ခဲ့သူက OKM ဖြစ်ပြီး ဝင်းသိန်း ခလောက်ဆန်လို့ ဒီအမှုကြီး ဘွားဘွား ပေါ်ခဲ့ရတာပါ။ သူ့ကဏ္ဍဟာ အင်မတန် ကြီးမားပါတယ်။

နောက်သုံးနှစ်ခန့် ကြာတဲ့အခါမှာ OKM ကို ကြိုးပေး အဆုံးစီရင်လိုက်ပေမဲ့ ဗိုလ်ဝင်းသိန်းကတော့ ကံဇာတာ တစ်မျိုးပါ။ ရှစ်လေးလုံး အရေးပေါ်ပုံမှာ နာယကကြီး ဦးတင်ဦးအတွက် တက်တက်ကြွကြွ လှုပ်ရှားခဲ့လို့ လအနည်းငယ် အချုပ်ခံရပါသေးတယ်။ ဒါပေမဲ့ သူ လွတ်သွားတဲ့ အချိန်ကစပြီး ဆောက်လုပ်ရေး လုပ်ငန်းတွေနဲ့ အရမ်း ကြီးပွား တိုးတက်သွားတာ သူ့ရဲ့ ထူးခြားတဲ့ ကံဇာတာ အကျိုးပေးလို့ ပြောရမလို ဖြစ်ပါတယ်။ အဲဒီအမှုက ထောင်ကျသွားတဲ့ ပုဂ္ဂိုလ် အားလုံးလိုလိုဟာ ၁၉၈၀ ခုနှစ် သာသနာ သန့်ရှင်းရေး အကြောင်းပြုပြီး အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် ပေးတဲ့အခါမှာ လွတ်မြောက်လာခဲ့ပါတယ်။

ဦးစီးချုပ်ဟောင်း ဦးတင်ဦးကတော့ ထောင်က လွတ်တာနဲ့ RL သင်တန်း တက်ရောက် အောင်မြင်ခဲ့တယ်။ နောက်ပြီး စာပေးစာယူ သင်တန်းနဲ့လည်း LLB အောင်မြင်ခဲ့တဲ့အထိ ကြိုးစားခဲ့ပါတယ်။ သူ့ ရည်ရွယ်ချက်ကတော့ ရှေ့နေအဖြစ် အသက်မွေးဝမ်းကြောင်းပြုရင် ကောင်းမလား ဆိုတဲ့ သဘောပါ။ ဒါပေမဲ့ ရှစ်

လေးလုံး အရေးတော်ပုံကြီး ဖြစ်ပွားလာတဲ့အခါ အများပြည်သူတို့ရဲ့ တောင်းဆိုချက်အရ သူဟာ ရှေ့တန်းကို ထွက်လာခဲ့ရာမှ အစပြုပြီး ယနေ့ NLD ရဲ့ နာယကကြီးအဖြစ် နိုင်ငံရေး လမ်းကြောင်းကို ဖြတ်သန်းလာခဲ့ရ ပါတယ်။

## လောကုတ္တရာ အမြင်

ကျွန်တော် ကိုယ်တိုင်လည်း လမ်းစဉ် ပါတီခေတ်မှာ အလွန် အောင်မြင်တဲ့ စီးပွားရေးသမား တစ်ယောက် ဖြစ်ပေမဲ့ ဦးတင်ဦးကြီးရဲ့ ခေါင်းဆောင်မှုကြောင့် နိုင်ငံရေးနယ်ပယ်ထဲ ရောက်ရှိ ကျင်လည်ခဲ့ရပါတယ်။ သို့သော် လည်းပဲ ဖြတ်သန်းလာခဲ့ရတဲ့ လောကုတ္တရာ ကျင့်စဉ်များက တစ်ဖေါ၊ လိုအပ်လို့ နိုင်ငံရေး၊ လူမှုရေး ဖြစ်စဉ် တွေကို ဖြတ်သန်းလာခဲ့ရတာက တစ်ဖက်မို့ အရာရာကို အနတ္တသဘောနဲ့ ဆင်ခြင်ပြီး နှလုံးသွင်းပါတယ်။

မြတ်စွာဘုရားက မဟာသမယသုတ်မှာ ဟောထားတဲ့ ပုထုဉ်တွေရဲ့ စရိုက် ခြောက်မျိုး ရှိပါတယ်။ ကျွန်တော့်မှာ ဒေါသစရိုက် ရှိပါတယ်၊ ပညာစရိုက် ရှိပါတယ်၊ သဒ္ဓါစရိုက် ရှိပါတယ်။ နေ့စဉ် ကြုံတွေ့ရတဲ့ ပြဿနာတွေကို ကျွန်တော်ရဲ့ စရိုက်တစ်မျိုးက ဦးဆောင်ပြီး ဖြတ်သန်းခဲ့တာတွေကို ပြန်လည် သတိပြုမိပါ တယ်။ ဒေါသစရိုက် ဆိုရာမှာလည်း ထိုးမယ်၊ ရိုက်မယ်၊ နှိပ်စက်မယ်ဆိုတာမျိုး မဟုတ်ပါဘူး။ မဟုတ်မတရား တာကို တွေ့ရင် မခံစားနိုင်လို့ တုံ့ပြန်ခဲ့တာမျိုးတွေ ရှိပါတယ်။ ကျွန်တော်က ဒီနေရာမှာ အမေနဲ့ တူတာပါ။

မဟုတ်တာဆိုရင် ချက်ချင်းသိ၊ ချက်ချင်း တုံ့ပြန်တတ်ပါတယ်။ အမေကတော့ ကလေး ၁၃ ယောက် အထိ မွေးခဲ့တဲ့ အိမ်ထောင်ရှင်မကြီးဆိုတော့ သူသိတဲ့ ကိစ္စတွေ ပါးစပ်နဲ့ပဲ ထုတ်ဖော်လေ့ရှိပါတယ်။ ကျွန်တော်ကတော့ အမြဲလိုလို ပေါ်ပေါ်ထင်ထင် တုံ့ပြန်တတ်လို့ ငေါ် ခဏ ခဏ ကျတာပါ။ အဖေကတော့ ကျောင်းဆရာပီပီ အင်မတန် သည်းခံစိတ် ကြီးမားပါတယ်။ ဒါကြောင့် အပေါင်းအသင်းတွေကို ကျွန်တော် ပြောလေ့ရှိတဲ့ စကားတစ်ခွန်းက "ငါ့စိတ်က အမေနဲ့ တူလို့ ထောင်ကျ ခဏ ခဏ ကျတာကွ၊ အဖေနဲ့ တူရင် သမ္မတ ဖြစ်မှာ" ဆိုတာပါပဲ။

## ထွက်တော်မူ နန်းက စွာပြီ Farewell to Arms

OKM ကိစ္စ စီရင်ချက်ချတာက ကျွန်တော့်စိတ်ထင် ၁၉၇၇ ခုနှစ် ဇဝါရီလ ဒုတိယ အပတ် ဖြစ်ပါတယ်။ ကျွန်တော်တို့ကလည်း အကုန်လုံးပြီးရင်တော့ တစ်ခုခု ထူးနိုင်ယ်လို့ ထင်ခဲ့ပါတယ်။ စိတ်နှလုံး တုံးတုံးချထားတာကတော့ ကျွန်တော်တို့ကို တပ်ထဲမှာ ဆက်လက်မှာ မဟုတ်တော့ဘူးဆိုတဲ့ အချက်ပါ။ ထင်တဲ့အတိုင်းပါပဲ ဇန်နဝါရီလ ၁၈ ရက်နေ့မှာ ကျွန်တော်တို့ကို အစာစားတွေ သိမ်းဆည်းခိုင်းပါတယ်။ အားလုံး ထုတ်ပိုးပြီးတော့ ထောင်ဘူးဝက ရုံးခန်းမှာ အားလုံး စုနေပါတယ်။ ဘူးဝရုံးထဲမှာ စောင့်နေသူက တော့ ထောက်လှမ်းရေး ညွှန်ကြားရေးမှူး အသစ် ဗိုလ်မှူးကြီး မျိုးငွေ (ရှမ်း) စောင့်နေပါတယ်။

ဗိုလ်မှူးကြီး မျိုးအောင်က ကျွန်တော်တို့ အားလုံးကို တန်းစီ၊ စကားပြောပါတယ်။ မှတ်သားစရာ ကောင်းပါတယ်။ ဘယ်လိုပြောလဲ ဆိုတော့ "ခင်ဗျားတို့ အားလုံး ဘာလို့ဖြစ်ခဲ့ကြတယ် ဆိုတာ ပြောစရာ မလိုဘူး၊ ကျွန်တော်တို့ နိုင်ငံမှာမို့လို့ ယူဂန်ဒါလို နိုင်ငံမှာဆိုရင် ခင်ဗျားတို့ အားလုံး ပစ်သတ်ခံရတာ ကြာပြီ၊ အခု ခင်ဗျားတို့ကို တပ်ကထွက်ခွင့်ပေးလိုက်ပြီ၊ ပင်စင်လည်း ခံစားခွင့်၊ အဲဒီတော့ ကောင်းကောင်းမွန်မွန် အသက်မွေးကြ၊ ဘာမေးစရာ ရှိသေးလဲ" ဆိုပြီး မေးတဲ့အခါ ကျုပ်တို့က ဘာမှမေးစရာ မရှိဘူးလို့ ပြန်ပြောခဲ့ပါတယ်။

အရာရှိတစ်ယောက်က ကျွန်တော်တို့အတွက် MS order လို့ ခေါ်တဲ့ ကက (ထူး) ရဲ့ အမိန့်စာကို တစ်စောင်စီ ပေးပါတယ်။ အမိန့်စာကို ကြည့်လိုက်တော့ လူကြီး နှစ်ယောက်ဖြစ်တဲ့ ဗိုလ်မှူး မောင်လတ်နဲ့ ဗိုလ်မှူး သူရ ချစ်ခိုင် (လေ) က အစပြုပြီး အရာရှိ အားလုံးကို နုတ်ထွက်ခွင့် ပြုလိုက်ကြောင်း ဆိုပြီး ရေးထားပါတယ်။ နောက်တစ်ပိုဒ်မှာတော့ ဤအရာရှိများ၏ စစ်မှုထမ်းခြင်းများကို ကျေနပ်ဖွယ် မရှိ (မရှိ) ဟု သတ်မှတ်သည်လို့ ပါပါတယ်။ အပြင်ရောက်တော့ ဗိုလ်မှူး ချစ်ခိုင်က ပေါက်ကွဲပါတော့တယ်။ သူက "တရုတ်ဖြူ လေယာဉ်ပျံ နှစ်စီးကို စွန့်စွန့်စားစား ပစ်ချခဲ့လို့ သူရ ဘွဲ့ရခဲ့တာကွ၊ ဒါကိုများ ကျေနပ်ဖွယ် မရှိဘူးတဲ့၊ ကဲကွာ.... ကဲကွာ....." လို့ ရေရွတ်ပြီးတော့ MS order ကို အစိတ်စိတ် အမြွာမြွာ ဆုတ်ဖြဲပြီး လွှင့်ပစ်လိုက် ရုံတင်မက စာရွက်စုတ်တွေကို ဖနောင့်နဲ့တောင် ပေါက်လိုက်ပါသေးတယ်။ သူ စိတ်ကြီးပုံက။

ကျွန်တော်တို့ တပ်က ထွက်ရတော့ ကျွန်တော့် သူငယ်ချင်း တွန်ဖာပုံးက ကျွန်တော့်ဆီကို ဆန်အိတ်တွေ၊ ဆီပုံးတွေနဲ့ လက်ဆောင် လာပေးရင်းနဲ့ ချင်းပီပီ တစ်တစ်ခွခွ ပြောပုံက "မင်းတို့၊ ကိုလတ်တို့၊ ဂေါင်းကြီးတို့ တပ်က ထွက်ရတာကွာ နာလိုက်တာ၊ ဘာနဲ့တူသလဲဆိုတော့ ခိုင်းနွား ကောင်းကောင်းကြီးတွေကို မခိုင်းပဲ တောထဲကို ဘေးမဲ့လွှတ်လိုက်တာနဲ့ သွားတူနေတယ်" ပါတဲ့။ ဩော်.... မှတ်သားလောက်ပါပေရဲ့ ကိုရွှေ basket ရယ်။ သိတဲ့အတိုင်းလေ basket ဆိုတာ "ခြင်း"။ ဟုတ်ပါလိမ့်မယ်။ ကိုလတ်ကြီးကလဲ ကြိုးစား လုပ်ကိုင်ခဲ့တဲ့ သူ့ရဲ့ စိုးစံ ဘော်ဒါဟာ မေမြို့မှာ အရမ်း အောင်မြင်နေတာပါ။ ကျွန်တော်ရယ်၊ ကိုဂေါင်းကြီးရယ်၊ စံကြည်ရယ်က စစ်တက္ကသိုလ်ရဲ့ ရွှေတံဆိပ်ဆုရှင်တွေပါ။ ကိုစိန်သောင်းက OTS အပတ်စဉ် ၃၀ က Best Cadet ပါ။ ဗိုလ်ထွန်းကျော် ဆိုရင်လည်း "သူရဲကောင်း မှတ်တမ်း ဝင်ဘွဲ့" ရရှိထားတဲ့သူ ဖြစ်ပါတယ်။ ဗိုလ်မှူး ချစ်ခိုင်ကျတော့ အများ သိကြတဲ့အတိုင်း သူရဘွဲ့။

## ဦးသိန်းဟန် (ခ) ပြောင်ကြီး

ဦးသိန်းဟန်ဟာ မူလက ဂျုံးဖြူ သိန်းဟန်လို့ နာမည်ကြီးခဲ့တာပါ။ ဘာ့ကြောင့်လဲ ဆိုတော့ ရန်ကုန်မှာ နာမည်ကြီးတဲ့ ဂျုံးဖြူ ကျူရှင်ကို သူ ဖွင့်ခဲ့တာပါ။ အလွန် အောင်မြင် ကျော်ကြားတဲ့ ကျူရှင်ကျောင်းပါ။ တကယ်တော့ သူဟာ လျှပ်စစ် အင်ဂျင်နီယာပါ။ OKM ကိစ္စဖြစ်တော့ သူက အင်းစိန် မြို့နယ် လျှပ်စစ်ဦးစီးဌာနရဲ့ မြို့နယ် ဦးစီးမှူးပါ။ OKM ကိစ္စဖြစ်တော့ ထောက်လှမ်းရေးက အမှုကို ရုံးတင်မယ်၊ အမှုဖြစ်စဉ် အစအဆုံးကို အသံဖမ်းမယ်။ ဒါ့ကြောင့် ရုံးချိန်ကာလအတွင်းမှာ မီးမပျက်ရဘူး။ ဒါကို မြို့နယ်ဦးစီးမှူးက တာဝန်ယူရမယ်လို့ တာဝန်ပေးပါတယ်။ သူကိုယ်တိုင်ကလည်း ဒီကိစ္စကို စိတ်ဝင်စားတော့ တရားရုံးရှိတဲ့ နေ့တိုင်း နားထောင်ပါတယ်။

သူ့ဘဝရဲ့ အပြောင်းအလဲဟာ OKM နဲ့ ပတ်သက်လို့ နောက်ဆုံး လျှောက်လဲချက်ပေးတဲ့ နေ့မှာ ဖြစ်ပွားခဲ့ပါတယ်။ OKM ရဲ့ ရှေ့နေက နာမည်ကျော် ဦးကိုယုပ (ကွယ်လွန်) ဖြစ်ပါတယ်။ ဦးကိုယုရဲ့ လျှောက်လဲချက်ပေးတဲ့အခါ သူပြောပုံက အကျဉ်းချုပ်အားဖြင့် ရေးပြရရင်...။

"OKM ဟာ အရာရှိကောင်း တစ်ယောက် ဖြစ်ပါတယ်၊ အခုလို လူကြီးတွေကို သတ်မယ် ဖြတ်မယ် ဆိုတာဟာ အကြမ်းပတမ်း လုပ်ချင်လို့ မဟုတ်ပါဘူး။ ဗိုလ်ကြီး အုန်းကျော်မြင့်ဟာ ပညာတတ် ဘွဲ့ရတစ်ဦး ဖြစ်ပါတယ်၊ ပြီးတော့ စနစ်တကျ OTS လို့ ခေါ်တဲ့ ဗိုလ်သင်တန်းကျောင်းက လေ့ကျင့်ပေးလိုက်လို့ တပ်မတော် အရာရှိ တစ်ယောက် ဖြစ်လာခဲ့တာပါ၊ သူဟာ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ကျော်ထင် တိုင်းမှူးဘဝ ကတည်းက ကိုယ်ရံတော် အရာရှိ လုပ်ခဲ့ပါတယ်၊ တာဝန် ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ပါတယ်"

ဆိုတဲ့ ကနဦး စကားများနဲ့ ဦးကိုယုက စတင် လျှောက်လွှဲချက်ပေးပါတယ်။ သဘောသွားအရ ရေးပြရတာမို့ စကားလုံးတော့ အတိအကျ ဟုတ်ချင်မှဟုတ်မှာပါ။

ဦးကိုယုက ဆက်လက်ပြီး "ယခု ဗိုလ်ကြီး ခုန်းကျော်မြင့်တို့က လူကြီးအရှို့ကို ဖယ်ရှားပြီး အစိုးရ အပြောင်းအလဲ လုပ်ချင်တာဟာ ရာဇဝတ်မှုလို့ သတ်မှတ်လို့ မရပါ၊ နိုင်ငံရေး အခြေခံသဘောထားတွေ ပါတဲ့ အတွက်ကြောင့် ဗိုလ်ကြီး ခုန်းကျော်မြင့်တို့ရဲ့ လုပ်ရပ်ဟာ ရုံးတော်က သတ်မှတ်သလို နိုင်ငံတော် လုပ်ကြံမှု လို့ မယူဆနိုင်ပါဘူး၊ တကယ်တန်းဆိုရင် နိုင်ငံ ကောင်းစားဖို့ စိတ်ထား အခြေခံပြီး လူပြောင်း၊ စနစ်ပြောင်း ချင်တဲ့ ဆန္ဒအရ ဆောင်ရွက်ခြင်း ဖြစ်တဲ့အတွက်ကြောင့် ဗိုလ်ကြီး ခုန်းကျော်မြင့်ကို စွဲဆိုထားတဲ့ ပုဒ်မတွေကို ပယ်ဖျက်ပြီး ပြစ်ဒဏ် ချမှတ်ခြင်းမှ ကင်းလွတ်ခွင့် ပေးပါရန် လျှောက်ထား တင်ပြအပ်ပါသည်" လို့ ပြော လိုက်ပါတယ်။

အဲဒီအချိန်မှာ အမှုကြီးရဲ့ ကာလ တစ်လျှောက်လုံးမှာ လျှပ်စစ်မီး မပျက်အောင် တာဝန်ယူထားရတဲ့ အပြင် နေ့စဉ် ထွက်ဆိုချက်တွေကိုလည်း ကြားနာရတဲ့ အခါ သူက အလွန် စိတ်ဝင်စားလှပါတယ်။ ဦးကိုယုရဲ့ လျှောက်လွှဲချက်ကိုလည်း ကြားရော သူက ပရိသတ်ထဲက ထပြီး အားရပါးရ လက်ခုပ် ထတီးပါတော့တယ်။

ဘာဖြစ်မလဲဆိုတာ စာဖတ် ပရိသတ်ကြီးပဲ ခန့်မှန်းကြည့်ကြပါတော့။ ဟုတ်ပါတယ်၊ သူ့ကို အဲဒီလ (ဇန်နဝါရီ) မှာပဲ အငြိမ်းစားပေးခြင်း ခံရပါတယ်။ သူက ဉာဏ်ကောင်းပြီး အကွက်မြင်တဲ့ ပုဂ္ဂိုလ်မို့ မကြာမီမှာပဲ ရန်ကုန်က နာမည် အကြီးဆုံး ကျူရှင်ဆရာတွေကို ငှားပြီး "ဂျိုးဖြူ" ကျူရှင် ထောင်လိုက်တာ အရမ်း အောင်မြင်သွားပါတယ်။ နိုင်ငံရေး စိတ်ဓာတ် ရှိတဲ့သူမို့ ရှစ်လေးလုံး အရေးတော်ပုံကြီး ဖြစ်ပွားတဲ့အခါမှာ ကျူရှင်ဆရာများ သမဂ္ဂမှာ တက်ကြွစွာ ပါဝင်ခဲ့ပြီး NLD ဖွဲ့တဲ့အခါမှာ ရန်ကုန်တိုင်း တာဝန်ခံ အဖြစ် တက်တက်ကြွကြွ ပါဝင်လာပြန်ပါတယ်။

၁၉၈၉ ခုနှစ်က ၁၉၉၂ ခုနှစ်အထိ အကျဉ်းကျခံရပြီး နောက်ပိုင်းမှာလည်း ဘာမှ လုပ်စားလို့ မရအောင် နောက်ယှက်ခံရလို့ မန္တလေးကို ပြောင်းပြီး စီးပွားရေး လုပ်ခဲ့ပါတယ်။ ၂၀၁၀ ခုနှစ် နှောင်းပိုင်း ဒေါ် အောင်ဆန်းစုကြည် လွတ်လာတဲ့အခါ သူက ရန်ကုန် ပြန်လာပြီး NLD ရဲ့ လှုပ်ရှားမှုတွေမှာ ပြန်လည်ပါဝင်ခဲ့ ပါတယ်။

## စကားနောက် တရားပါ

အဲဒီလို လှုပ်ရှားပြီး မကြာခင်မှာ သူ့မှာ အဆုပ်ကင်ဆာ ဖြစ်လာတဲ့အကြောင်း သိရပါတယ်။ ဒါပေမဲ့ သူက ထိုင်မနေပါဘူး။ ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲ ကာလမှာ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်း ရွေးကောက်ပွဲ လှုံ့ဆော်ရာမှာ အနပဉ ၁အဖွဲ့ကို ခေါင်းဆောင်ပြီး အောင်နိုင်ရေး လုပ်ခဲ့ပါတယ်။ ဒီရောဂါက လူကြားထဲ သွားလေ ပိုဆိုးလေဖြစ်တာပါ။ ဒါ့ကြောင့် ကြားဖြတ် ရွေးကောက်ပွဲ အပြီး သုံးလလောက်မှာ ဆုံးပါး သွားပါတယ်။

သူက လူပုံအလယ်မှာ ဒေါ်အောင်ဆန်းစုကြည်ကို ပြောဖူးပါတယ်၊ "အစ်မ၊ ကျွန်တော့်မှာ စီးပွားရေး ဖူလုံပြီး၊ မိသားစုအတွက် ဘာမှ ပူစရာ မလိုတော့တဲ့အတွက် သူ့ဘဝ ကျန်တဲ့ အစိတ်အပိုင်းမှာ NLD နဲ့ အစ်မအ တွက် သက်စွန့်ဆန်ဖျား လုပ်သွားပါမယ်" တဲ့။ သူဟာ စကားနဲ့ အလုပ်နဲ့ ဘက်ညီအောင် လုပ်သွားတဲ့ NLD သူရဲကောင်းကြီး တစ်ယောက်ပါ။

## သူနဲ့ ထောက်လှမ်းရေး ဆက်ဆံပုံ

ကျွန်တော်တို့ကို ၁၉၈၉ ခုနှစ်၊ ဇူလိုင် ၂၀ ရက်နေ့မှာ ဖမ်းပေမဲ့ ကိုသိန်းဟန်ကိုတော့ မဖမ်းသေးပါဘူး။ ရှေ့နေတစ်ယောက်လည်း ဖြစ်တဲ့အတွက် ထောက်လှမ်းရေးက ချင့်ချိန်နေဟန်လည်း တူပါတယ်။ နောက်ပြီးတော့ ရွေးကောက်ပွဲ ကျင်းပမယ်လို့ ကြေငြာလိုက်တာလည်း တစ်ကြောင်း ဖြစ်ပါလိမ့်မယ်။ သူက ဒေါ်အောင်ဆန်းစုကြည် ရွေးကောက်ပွဲ ဝင်ဖို့ ကြိုးစားရာမှာ အဓိကကျတဲ့ ပုဂ္ဂိုလ် တစ်ယောက်လည်း ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ဗဟန်းမြို့နယ်မှာ ရွေးကောက်ပွဲဝင်ဖို့ လျှောက်လွှာတင်တဲ့အခါ ပါတီကြီးတစ်ခုက ကန့်ကွက်ပါတယ်။

ဒီကိစ္စနဲ့ ပတ်သက်လို့ ကိုသိန်းဟန်က ဒေါ်အောင်ဆန်းစုကြည် ကိုယ်စား ဗဟန်းမြို့နယ် တရားရုံးမှာ လျှောက်လွှဲချက်ပေးရပါတယ်။ အံ့ဩစရာ ကောင်းတာက ဗဟန်းမြို့နယ် တရားရုံးက အနိုင်ပေးလိုက်ပါတယ်။ ကန့်ကွက်တဲ့ဘက်က မကျေနပ်လို့ ရန်ကုန်တိုင်း ရွေးကောက်ပွဲ ကော်မရှင်ရုံးကို တက်ပါတယ်။ တိုင်းကော်မရှင်ရုံးမှာ ကန့်ကွက်တဲ့ဘက်က ဥပဒေပညာရှင်က တိုင်းရင်းသား တစ်ယောက်လို့ ပြောပါတယ်။ သူက ဒေါ်အောင်ဆန်းစုကြည်ရဲ့ မိသားစု ကိစ္စတွေ၊ သားများ အကြောင်းပါ မကျန် မမှန်ကန်တဲ့ အချက်တွေ တင်ပြသွားပါတယ်။ ရိုင်းပြတဲ့ အသုံးအနှုန်းတွေ ပါတယ်လို့လည်း သိရပါတယ်။

ကိုသိန်းဟန်ကတော့ မြို့နယ်မှာ တင်ပြခဲ့တဲ့အတိုင်း ဒေါ်အောင်ဆန်းစုကြည်ကို ဗဟန်း မြို့နယ် ရွေးကောက်ပွဲ ပါဝင် ခွင့်ပြုဖို့ တင်ပြပါတယ်။ တိုင်းအဆင့်မှာတော့ ကိုသိန်းဟန်က အနိုင်မရပါဘူး။ ဒီလူက တစ်ဖက် ပုဂ္ဂိုလ်ရဲ့ ပြောဆိုချက်တွေနဲ့ ပတ်သက်ပြီး အကြီးအကျယ် ဒေါ်ပွနေတာပါ။ တိုင်းကလည်း ပယ်လိုက်ရော သူ့ဒေါသက အထွတ်အထိပ် ရောက်သွားပါပြီ။ တက်ရောက် ကြားနာနေတဲ့ NLD အဖွဲ့ဝင်တွေကလည်း ဒေါသထွက်နေပါပြီ။ ရုံးတော်က အထွက် တစ်ဖက် ဥပဒေပညာရှင် နားလည်း ရောက်ရော ရုတ်တရက် လှည့်ပြီး တံတွေးနဲ့ ထွေးလိုက်ပါတယ်။ သူ့လုပ်ပုံ မြင်တဲ့အခါ ကျန်တဲ့ NLD ဝင်တွေကလည်း အဲဒီ တိုင်းရင်းသား ဥပဒေ ပညာရှင်ကို တံတွေးနဲ့ ဝိုင်းထွေးကြပါသတဲ့။

မမျှော်လင့်ဘဲဖြစ်တဲ့ ကိစ္စမို့ တစ်ဖက်ကလည်း ဘာမှ ချက်ချင်း မတုံ့ပြန်နိုင်ပါဘူး။ သူ့ တိုက်ပုံ အင်္ကျီတော့ တံတွေးတွေ တော်တော် ရွှဲသွားပါသတဲ့။ အဲဒီကိစ္စဖြစ်လို့ထင်ပါတယ်၊ ကိုသိန်းဟန်ကို ဖမ်းပါတော့တယ်။ သူဟာ ထောက်လှမ်းရေးမှာ တော်တော် ညှင်းဆဲခံရပါတယ်။ ဘယ်လောက်ထိ ခံရလဲဆိုရင် ရှေ့သွား သုံးချောင်း ကျိုးသွားတဲ့ အထိပါပဲ။ စစ်ခုံရုံးနဲ့ ထောင်ငါးနှစ်ကျပြီး ပြန်လွတ်တော့လည်း နိုင်ငံရေးပဲ ဆက်လုပ်ပါတယ်။ ဒါပေမဲ့ သူ စီးပွားရေးကို ဘာမှ ဟုတ်တိပတ်တိ လုပ်လို့ မရပါဘူး။ အိမ်ရှေ့မှာလည်း ထောက်လှမ်းရေးက စောင့်၊ သူ သွားလေရာမှာလည်း ထောက်လှမ်းရေးက မော်တော်ဆိုင်ကယ်နဲ့ တကောက်ကောက် လိုက်ခံနေရတဲ့ အနေအထားပါ။

## ကုလသမဂ္ဂ အထူး သံအရာရှိ

၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာ NLD က ၈၂ ရာခိုင်နှုန်းကျော် အနိုင်ရခဲ့ပေမဲ့ နဝတ အစိုးရဟာ အာဏာ မလွှဲတဲ့အပြင် နိုင်ငံရေးသမားတွေကိုလည်း ပိုမို နှိပ်ကွပ် ဖမ်းဆီး ထောင်ချတာတွေ ပိုလုပ်လာပါတယ်။ ဒါ့ကြောင့် နိုင်ငံတကာ ဖိအားတွေ သိပ်များလာပြီး ကုလသမဂ္ဂ အနေနဲ့ အထူးသံ အရာရှိ တစ်ယောက်ကို ခန့်အပ်ပြီး မြန်မာပြည်နဲ့ပတ်သက်ပြီး ၎င်းက လေ့လာဖို့ ဖြစ်ပါတယ်။ အဲဒီ လေ့လာချက်တွေကို ကုလသမဂ္ဂကို ပြန်တင်ပြရပါမယ်။

ပထမဆုံး သံအရာရှိကတော့ Mr. Yokota ဖြစ်ပါတယ်။ သူက ဗမာပြည် လာပြီး နဝတက ပုဂ္ဂိုလ်တွေနဲ့တွေ့၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ အရေးပါမယ့် နိုင်ငံရေးသမားတွေ တွေ့၊ နောက်ပြီး ထောင်ထဲမှာရောက်နေတဲ့ နိုင်ငံရေးသမား အချို့နဲ့တွေ့ စတဲ့ အလုပ်တွေ လုပ်ပါတယ်။ သူနဲ့ တွေ့တဲ့အထဲမှာ ကိုသိန်းဟန်လည်း ပါပါတယ်။ နိုင်ငံရေး အသိုင်းအဝိုင်းက လူတွေနဲ့ တွေ့တဲ့အထဲမှာ သိပ်မလွတ်လပ်ပါဘူး။ ထောက်လှမ်းရေးက အမြဲတမ်း ပါနေပါတယ်။ ပွင့်ပွင့်လင်းလင်း ပြောရင် ထောင်ကျနိုင်ပါတယ်။

ကိုသိန်းဟန်က Mr. Yokota ကို လာတွေ့တဲ့ အခါ သူက ဘာမှ မပြောလိုက်ပါဘူး။ ခြေဟန်လက်ဟန်နဲ့ ပြောလို့ မဖြစ်ဘူး ဆိုတဲ့ အကြောင်း လုပ်ပြပြီး သူ့ ရှေ့သွား သုံးချောင်းကို လက်ညှိုး ထိုးပြပါတယ်။ သဘောကတော့ ထောက်လှမ်းရေးက ညှင်းဆဲလို့ ဒီလိုဖြစ်တယ် ဆိုတဲ့ သဘောပေ့ါ။ အခုတော့ ကိုသိန်းဟန်တစ်ယောက် စကားနောက် တရားပါ ဆိုသလို NLD ဝင်မယ့် ကြားဖြတ် ရွေးကောက်ပွဲအတွက် ရွှတ်ရွှတ်ချွန်ချွန် စည်းရုံးခရေး လုပ်ငန်းတွေ လုပ်ပြရင်းနဲ့ အဲဒီဒဏ်တွေကြောင့် အသက်ပါ စွန့်လိုက်ရတဲ့ အထိပါပဲ။

♥♥♥♥♥

# အခန်း (၅)
# အရပ်သား ဘဝ

## စကာတည်းက ယဉ်သကို

အဲဒီတုန်းက ကျွန်တော်ဟာ ခလရ ၁၀၆ အနေနဲ့ ရတဲ့ မင်္ဂလာဒုံက အရာရှိအိမ်မှာ နေရပါတယ်။ လေတပ် အရာရှိ ရိပ်သာနဲ့ နီးပါတယ်။ အခု အသစ် ဖွင့်ထားတဲ့ ဓာတ်ဆီဆိုင်နဲ့ဆို ပိုနီးတာပေ့ါ။ "စကာတည်းက ယဉ်သကို" ဆိုသလို ကျွန်တော် အိမ်ကို ပြန်ရောက်တာနဲ့ ရန်ကုန်တိုင်းက ကျွန်တော်တို့ကို နှစ်ပတ်အတွင်း အိမ်က ထွက်ပေးရမယ်လို့ လာအကြောင်းကြားပါတယ်။

ဇာတ်လမ်းက စလာပြီပေ့ါ။ ဒါ့ကြောင့် အပူတပြင်း အိမ်ရှာတဲ့အခါ ကျွန်တော်နဲ့ Intake အတူတူ ကျောင်းဆင်းခဲ့တဲ့ ဒေးဗစ် ဝီလ်ရှိုင်းယားရဲ့ ယောက္ခမ မစ္စတာ Stevenson ရဲ့ အိမ်နောက်ဖေးက Servant Quarter မှာ ငှားလို့ ရပါတယ်။ စပေါ် မပေးရတာ ကျွန်တော့်အတွက် အများကြီး အသက်ရှူချောင်ပါတယ်။ ဒီထက်ပိုပြီး ကျေးဇူးတင်စရာ ကောင်းတာက နိုင်ငံရေး မိုးလေဝသ မကောင်းတော့ ကျွန်တော်တို့ကို အိမ်ငှားဖို့ နေနေသာသာ လက်ခံ စကားပြောမယ့်သူတောင် အလွန် ရှားပါတယ်။ နောက်ပြီး ကျွန်တော်တို့ ရသင့်တဲ့ ဆု ကြေးငွေလည်း အပြည့်မရပါဘူး။ ၁၂ ရာနှုန်း အဖြတ်ခံရတယ် ထင်ပါတယ်။ ပင်စင်ကျတော့ ၃၁၆ ကျပ် ၇၅ ပြား ရပါတယ်။

## ရဲဘော်ရဲဘက်စိတ် Comradeship

ပင်စင်ကိစ္စတွေနဲ့ ပတ်သက်လို့ CMA တို့ မှတ်တမ်းရုံးတို့မှာ စာရွက်စာတမ်း ကိစ္စနဲ့ သွားရလာရတဲ့အခါ ဘာသိလာရသလဲ ဆိုတော့ OKM ကိစ္စနဲ့ ပတ်သက်လို့ ထွက်ရတဲ့ အရာရှိတွေနဲ့ အဆက်အသွယ် မလုပ်ရ၊ အကယ်၍ မလွှဲမရှောင်သာပဲ လုပ်ရမယ်ဆိုရင် သူတို့နဲ့ ပြောခဲ့သမျှကို အထက်ကို အစီရင်ခံရမယ်လို့ ကက (လုပ်း) က နှုတ်မိန့် ထုတ်ပါသတဲ့။ ဒီအမိန့်ကြောင့် ကျွန်တော်တို့ဟာ တပ်မတော်နဲ့ လုံးဝနီးပါးလောက် ကင်းကွာသွားခဲ့ပါတယ်။ တစ်ချိန်တုန်းက ကိုယ့်ညီအစ်ကိုတွေထက် ချစ်ခင်ရမယ်၊ အားကိုးရမယ်၊ ရိုင်းပင်းရ မယ်လို့ သဘောထား ရှိခဲ့တဲ့ ကျွန်တော်တို့ ငယ်သူငယ်ချင်း အရင်းချင်းလည်း လုံးဝနီးပါး အဆက် အသွယ် ပြတ်သွားပါတယ်။

ကျွန်တော်တို့ တပ်ထဲ ဝင်စက သော်လည်းကောင်း၊ တပ်မှာ အမှုထမ်းနေစဉ်တုန်းက သော်လည်း ကောင်း ဆရာတွေက သွန်သင်တဲ့ ဩဝါဒတွေထဲမှာ တပ်မတော်သားတွေ ဆိုတာ နိုင်ငံ့ ကာကွယ်ရေး တာဝန် ထမ်းဆောင်ရင်းနဲ့ အရင်းချင်း သွေးစည်း ညီညွတ်ပြီးတော့ တစ်ယောက် အသက်ကို တစ်ယောက်

ကာကွယ်ရတယ်။ ဒီလို ကာကွယ်ရင်းနဲ့ ရဲဘော်ရဲဘက်စိတ် Comradeship ဆိုတာ အလိုလို ဖြစ်လာတယ်။ အဲဒီ Comradeship ဟာ တပ်ထဲမှာ တာဝန် ထမ်းဆောင် နေစဉ်သာမက အပြင်ဘက် ရောက်ရင်လည်း ဒီလို စိတ်မျိုးတွေ ဆက်လက် မွေးမြူ ထိန်းသိမ်းရမယ် ဆိုပြီး နာခံရဖူးပါတယ်။

ကျွန်တော် ကိုယ်တိုင်ကလည်း တလေးတစား ခံယူခဲ့ဖူးပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့နဲ့ ပတ်သက်လို့ ဒီလို အမိန့်တွေ ထုတ်ပြီး စည်းခြားခံလိုက်ရတဲ့အခါ တပ်တွင်းမှာ ကျန်နေခဲ့တဲ့ မိတ်ဆွေ အပေါင်းအသင်းများဟာ သူတို့ရဲ့ ရပ်တည်မှုကို ငဲ့ကွက်ပြီး ကျွန်တော်တို့ကို မပြောရဲ၊ မဆိုရဲ ဖြစ်ခဲ့ကြလေတော့ ရဲဘော်ရဲဘက်စိတ်ဆိုတာ လုံးဝ ဆိတ်သုဉ်းသွားခဲ့ပါတော့တယ်။


ဒီလို ဖြစ်စဉ်မျိုးဟာ ကျွန်တော်တို့တုန်းကမှ ပေါ်လာခဲ့တာ မဟုတ်ပါဘူး။ အရင်တုန်းက ထွက်သွားခဲ့ဖူးတဲ့ ဗိုလ်မှူးချုပ် ကျော်ဇောတို့၊ ဗိုလ်မှူးချုပ် အောင်ကြီးတို့တုန်းကလည်း ဒီလိုပါပဲ။ သူတို့ကို ခင်မင် ရင်းနှီးပြီး လေးစားတဲ့ တပည့်ဟောင်းတွေက သွားရောက် လည်ပတ်တဲ့အခါမှာ ထိုစဉ်က ဦးစီးချုပ် ဗိုလ်ချုပ်ကြီး နေဝင်းက မကြိုက်ပါဘူး။ "မင်းတို့တစ်တွေ သတိထား သွားကြနော်" ဆိုတဲ့ warning ခဏ ခဏ ပေးခံရပေါင်း များတော့ အစဉ်အလာ တစ်ရပ်လို ဖြစ်သွားပါတယ်။ ဦးနေဝင်း ထားခဲ့တဲ့ အမွေဆိုးတစ်ခုလို့ ပြောလို့ရပါတယ်။

## အပြောကျယ်လှတဲ့ သမုဒ္ဒရာ ဝမ်းတစ်ထွာ


တပ်မတော်က ဖြုန်းစားကြီး နှုတ်ထွက်ခဲ့ရတာဟာ ကျွန်တော် လုံးဝ မျှော်လင့်မထားတဲ့ ဖြစ်ရပ်ပါ။ အပေါ်မှာ ရေးခဲ့ဖူးသလို "နွေလယ်ကောင် မိုးကြိုး ပစ်ခံရခြင်း" ပါပဲ။ သဘောက နွေဆိုတာ မိုးရိပ်၊ တိမ်ရိပ် မရှိဘူးလေ၊



၁၉၇၇ ခုနှစ်၊ ဒီဇင်ဘာလ နောက်ဆုံးပတ်၊ သာစည်မြို့ ငါးဆူ ကျောင်းတိုက်တွင် ကျွန်တော့်ကို အကြောင်းပြု၍ ညီနံ့ပါတ် ၄ ရဲမြင့် (ခ) လင်းထွန်းက လှူပြီး ညီအစ်ကို ခုနစ်ယောက် ဒုလ္လဘ ဝတ်ကြစဉ်။ ရှေ့တွင် ထိုင်နေကြသူများမှာ မိဘနှစ်ပါး၊ မောင်ရဲမြင့်နှင့် ညီမများ ဖြစ်သည်။



ယောကျ်ားမများ နေထိုင်သည့် အောင်ဆန်းမြို့
သ န က ၅ တွင် ပြုလုပ်သော စုပေါင်း ရဟန်းခံ
ရှင်ပြုပွဲ၌ ဒုလ္လဘ ဝတ်မည့် စစ်သည်တော်
တစ်ဦးအား ရဟန်းဒါယကာခံခဲ့စဉ်။



သမီးဦး မဂင်းစုကြည် (၈) ဖွန်နှင့်အတူ

လက်ထပ်ပြီးစ ဇနီးမောင်နှံနှင့် ညီမ သုံးဦး



မိုးရိပ် တိမ်ရိပ် မရှိဘဲ မိုးကြိုးပစ်ခံရတဲ့ အနေအထားနဲ့ နှိုင်းယှဉ်ပြတာပါ။ တပ်က ထွက်ရပြီ ဆိုကတည်းက အပေါ်မှာ ရေးပြခဲ့သလို တပ်က နှင်ထုတ်ပါပြီ။ Moral courage ရှိတဲ့ သူငယ်ချင်း မိသားစုရဲ့ ကောင်းမှုကြောင့် သင့်တင့် လျောက်ပတ်တဲ့ နေစရာလေးလည်း ငှားလို့ ရပါပြီ။ နေစရာ ရှိပြီပေါ့၊ ဝတ်စရာကတော့ ဒီလောက် ပူစရာ မလိုပါဘူး။ နောက်မေးခွန်း တစ်ခု၊ အဲဒီ မေးခွန်းက အကြီးကြီးပါ။ ဘာလုပ်စားမလဲ။ ဘယ်လိုနည်းနဲ့ အသက်မွေးဝမ်းကျောင်း လုပ်မလဲ။ အဲဒါက ဦးနောက် အစားဆုံး မေးခွန်းပါ။ တပ်က နုတ်ထွက်ခြင်း ခံရလို့ Forced to retire မို့ အစိုးရ ဝန်ထမ်း လုပ်ဖို့ မဖြစ်နိုင်တော့ပါဘူး။

ဆိုရှယ်လစ် လမ်းစဉ် တည်ဆောက်နေတဲ့ ကာလမို့ ပုဂ္ဂလိက ကုမ္ပဏီတွေကလည်း အလွန် ရှားပါးတဲ့ အတွက် အဲဒီ နေရာတွေကိုလည်း မျှော်မှန်းလို့ မရနိုင်ပါဘူး။ အဲဒီကျတော့မှ တပ်မတော်ထဲမှာ အပတ်တကုတ် လေ့ကျင့် သင်ကြားခဲ့တဲ့ စစ်ပညာတွေဟာ အပြင်လောကမှာ ဘာမှ သုံးစားလို့ မရတော့ပါလား ဆိုတာ ကောင်းကောင်းကြီး သဘောပေါက်မိပါတယ်။ ပြီးတော့ တပ်ထဲမှာ ယဉ်ပါးခဲ့တဲ့ အမိန့်ပေးခြင်း၊ အမိန့်နာခံခြင်း ဆိုတဲ့ အလေ့အထတွေဟာလည်း ပြင်ပ လောကမှာ ကျင့်သုံးလို့ မရနိုင်ပါဘူး။

အသက်ကလည်း ၃၆ နှစ်ဆိုတော့ မကြီးလွန်းသေးပေမဲ့ မငယ်တော့ပါဘူး။ DSA မှာ ရွှေတံဆိပ် ရတဲ့ အထိ စာမှာ ထူးချွန်ခဲ့တော့ အဲဒီ အရည်အချင်းတွေကို သုံးပြီး အပြင်မှာ ကျူရှင် ပြစားရမလား ဆိုတဲ့ အတွေးလည်း ပေါက်ပါတယ်။ ဒါ့ကြောင့် တကယ် လုပ်ဖြစ်သည်၊ မလုပ်ဖြစ်သည် ရှိစေ Physics ၊ Chemistry နဲ့ Maths ဘာသာရပ်တွေကို ပြန်နွှေးမယ် ဆိုပြီး သင်ခန်းစာ စာအုပ်တွေ ဝယ်ယူ စုဆောင်းပြီး ပြန်လည် လေ့လာပါတယ်။ လွယ်လွယ်ကူကူနဲ့ သင်ခန်းစာတွေကို ပြန်လည် မှတ်သားနိုင်တာ တွေ့ရလို့ ဝမ်းသာအားရ ဖြစ်မိပါတယ်။

ကျူရှင် ဖွင့်မယ် ဆိုရင်လည်း အရင်းအနှီး အများကြီး လိုတယ်ဆိုတာ သိရပါတယ်။ နေရာ တစ်နေရာ ငှားရမ်းရမယ်၊ စာသင်ခန်း ပရိဘောဂတွေ ဝယ်ရမယ်၊ သင်တန်း အထောက်အကူ ဝန်ထမ်း နည်းနည်းပါးပါး ငှားရမယ်။ တွက်ကြည့်လိုက်ရင် အရင်းအနှီး များလှတာမို့ လက်လှမ်းမမီပါဘူး။ နာမည်ရ ကျူရှင်များကို သွားစုံစမ်းတော့လည်း အဆင်မပြေမှုများနဲ့သာ တွေ့ခဲ့ရပါတယ်။

## အလုပ် မျိုးစုံ

တပ်က ထွက်ရပြီ ဆိုတဲ့အခါ "ငါဟာ အခုချိန်က စပြီးတော့ ငါနဲ့ ငါ့မိသားစု ရပ်တည်ရေး အတွက် ကိုယ့်လက် ကိုယ့်ခြေနဲ့ ကြိုးစားပြီး အသက်မွေးရတော့မယ်" လို့ ပိုင်းဖြတ်ထားပါတယ်။ ပထမဆုံး ကြိုးစားတာကတော့ မူလက ကျွန်တော် စဉ်းစားထားခဲ့သလိုပဲ ကျူရှင်ပြတဲ့ လုပ်ငန်းပါ။ မိတ်ဆွေ တစ်ယောက်ရဲ့ ဆက်သွယ် ပေးချက်အရ ၁၄ လမ်းမှာ မူလဆရာတွေ စွန့်ခွာသွားတဲ့ အသင့်ဖွင့်ပြီး ကျူရှင်ခန်း တစ်ခုမှာ စတင်ခဲ့ပါတယ်။ ကျောင်းသားတွေ ထိုင်မယ့် ခုံတွေနဲ့ စာရေးပြမယ့် Black board တွေ အဆင့်သင့်ပါ။ အခန်းပိုင်ရှင်ကလည်း သဘော အင်မတန် ကောင်းပါတယ်။ အဖိုးအခကတော့ တက်လာတဲ့ ကျောင်းသားတွေ ပေးတဲ့ ကျူရှင်ဖိုး တစ်ယောက် တစ်ဝက်ပါ။ အင်မတန် မျှတပါတယ်။ ပြီးတော့ အဲဒီခေတ်က ခေတ်စားတဲ့ စပေါ် တို့၊ အပျောက်တို့ ဆိုတာလည်း မပေးရတော့ ဒီထက်ကောင်းတာ ဘာရှိသေးလဲ။

ကျောင်းသားလည်း သိပ်မများသေးပါ။ ၁၄ လမ်းမှာ မနက်ပိုင်း သင်ပြီး ညနေပိုင်းမှာ ကျွန်တော့် သူငယ်ချင်း တစ်ယောက် (မျိုးမြင့်- ၁၇၂) ဆက်သွယ်ပေးလို့ သူ့ရဲ့ တူ၊ တူမ သုံးယောက်နဲ့ သူတို့ မိတ်ဆွေ နှစ်ယောက် ပေါင်း ငါးယောက်တို့ကို အင်းယားလမ်းက သူတို့ရဲ့ အိမ်မှာ ညနေပိုင်း တစ်ချိန်လုံး ကျူရှင်

ပေးရပါတယ်။ ဘာသာစုံ သဘောမျိုး သင်ရတာပါ။ ရူပ၊ ဓာတု၊ သင်္ချာနဲ့ အင်္ဂလိပ်စာတွေပါ။ တစ်ယောက်ကို တစ်လ ၂၀၀ ကျပ် နှုန်းနဲ့ ပေါင်း ကျပ် ၁၀၀၀ ရတယ် ဆိုပါတော့။ ဗိုလ်မှူး တစ်ယောက် ရတဲ့ လခထက်တော့ ပိုပါတယ်။ ဒါပေမဲ့ တပ်ထဲမှာတုန်းကတော့ ရေမီး အစုံ၊ ကျန်းမာရေး စောင့်ရှောက်မှု စတဲ့ အရာတွေနဲ့ နှိုင်းယှဉ်ရင်တော့ ဘာမှ မဖြစ်လောက်သေးဘူးပေါ့။

## အင်းယားလမ်းက မိတ်ဆွေများ

အင်းယားလမ်းက အိမ်ရှင်များကတော့ ဦးကျော်သောင်းနဲ့ ဒေါ်ခင်မျိုးသိမ့်တို့ ဖြစ်ပါတယ်။ ကျွန်တော်နဲ့ ကျောင်းဆင်းဘက် မျိုးမြင့်ရဲ့ အစ်မနဲ့ ယောက်ဖပေါ့။ မျိုးမြင့်ရဲ့ မိဘများက ကျန်းမာရေး မကောင်းလို့ ၁၉၆၃ ခုနှစ် ကျောင်းဆင်းပွဲမှာ သူ့ရဲ့ အကြီးဆုံး အစ်မ ကျွန်တော်တို့ အခေါ် မမမျိုးနဲ့ သူ့သား အကြီးဆုံး မိုးကျော်သောင်းတို့ လာကြပါတယ်။ ညစာ စားပွဲမှာ မျိုးမြင့်က သူ့အစ်မနဲ့ မိတ်ဆက်ပေးတော့ မမမျိုးက ကျွန်တော့်ကို မေးပါတယ် "ဘယ်ကျောင်းတွေမှာ နေခဲ့သလဲ"။ အဓိပ္ပာယ်ကတော့ ဆုနစ်ဆု ရခဲ့တဲ့အတွက် ကျွန်တော် ဘယ်ကျောင်းတွေမှာ နေခဲ့ဖူးသလဲဆိုတဲ့ သဘောပေါ့။

ကျွန်တော်က မိတ္ထီလာ အ.ထ.က ကျောင်းကပါလို့ ဆိုတော့ သူက "ဪ" လို့ပဲ မှတ်ချက်ပေးပါတယ်။ အဲဒီကတည်းက သိကျွမ်းခဲ့တာပါ။ ကျွန်တော် စစ်ရုံးရောက်တော့လည်း သံလွင်လမ်းက သူတို့ရဲ့ အိမ်ကို မကြာခဏ သွားလည်ဖြစ်ပါတယ်။ စားအိမ် သောက်အိမ် တစ်ခုပေါ့။ ကျွန်တော် တပ်က ထွက်ရတော့ ကရုဏာစိတ်နဲ့ သူ့သားသမီးတွေကို စာသင်ပေးရင်း သွယ်ဝိုက်ပြီး ထောက်ပံ့တဲ့သဘောပါ။ သူတို့က ငွေကြေး ပြည့်စုံသူတွေပါ။ ထိုစဉ်က ဦးကျော်သောင်းဟာ မြန်မာနိုင်ငံရဲ့ အကြွယ်ဝဆုံးသော သူဌေးတွေထဲမှာ တစ်ယောက် အပါအဝင်ပါ။

အချိန်က တော်လှန်ရေးကောင်စီ ဘဝကနေပြီး ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ လမ်းစဉ် ပါတီ အစိုးရ စတင် တာဝန်ယူတဲ့ ကာလဖြစ်ပါတယ်။ လွတ်လပ်ပြီး တရားမျှတမှု ရှိတဲ့ ရွေးကောက်ပွဲ ဟုတ်တာ မဟုတ်တာ အသာထားလို့ ဖွဲ့စည်းပုံအရ ရွေးကောက်ပွဲနဲ့ တက်လာတဲ့ အစိုးရမို့ နိုင်ငံတကာ အသိုင်းအဝိုင်းက အသိအမှတ်ပြုလာတဲ့ အနေအထား ရောက်လာပါပြီ။ ဒါ့ကြောင့် ကမ္ဘာ့ဘဏ်နဲ့ အာရှ ဖွံ့ဖြိုးရေး ဘဏ်လို နိုင်ငံတကာ အဖွဲ့အစည်းတွေကလည်း ဝင်ရောက်လာပြီ ဖြစ်ပါတယ်။ တိုက်ဆိုင်မှုလို့ပဲ ပြောရမလား မသိပါ။

ဦးကျော်သောင်းဟာ ထိုစဉ်က ကမ္ဘာ့ဘဏ် ချေးငွေနဲ့ တင်ဒါခေါ် ထားတဲ့ မြောင်းမြ ဂုန်နီ စက်ရုံ စီမံကိန်း အတွက် ကြိုးစားနေချိန်လည်း ဖြစ်ပါတယ်။ သူတို့ ကလေးတွေကို ကျူရှင်ပေးတဲ့ ကာလဟာ ၁၉၇၈ ခုနှစ်၊ ဖေဖော်ဝါရီလလောက်မှာ ပြီးသွားပါတယ်။ မတ်လဆိုရင် စာမေးပွဲကြီးတွေ ပြီးသွားပြီကိုး။

မြောင်းမြ ဂုန်နီစက် စီမံကိန်းကို ဦးကျော်သောင်း အောင်မြင်သွားပြီလို့ ကြားရပါတယ်။ စက်မှု ၁ ဝန်ကြီး ဌာနရဲ့ လက်အောက်ခံ စက်မှု (အထည်အလိပ်) ကော်ပိုရေးရှင်းနဲ့ပါ။ (ဂုန်နီ ကော်ပိုရေးရှင်းက နောက်မှ အသစ် ဖွဲ့စည်းခဲ့တာပါ။) ကန်ထရိုက် တန်ဖိုးကတော့ ဒေါ်လာ ၁၄ သန်း ကျော်တယ်လို့ သိရပါတယ်။ ဒီလုပ်ငန်းက စက်မှု ၁ ရဲ့ ဦးစီးမှုး အောက်မှာ အကောင်အထည် ဖော်ရမှာ ဖြစ်သော်လည်း ကုမ္ပဏီဘက် ကလည်း အများကြီး လုပ်ပေးရမှာမို့လို့ တာဝန်တွေ အများကြီး ရှိတဲ့ အကြောင်း၊ ဝန်ထမ်းတွေလည်း လိုမှာ ဖြစ်ကြောင်း ကလေးတွေကို စာသင်ရင်းနဲ့ နားစွန်နားဖျား ကြားနေရပါတယ်။

ဖြစ်ချင်တော့ ကျွန်တော် မြို့ထဲမှာ မနက်ပိုင်း ပြတဲ့ ကျူရှင်နဲ့ ပတ်သက်လို့ စိတ်မချမ်းသာစရာ တစ်ခု

ဖြစ်ခဲ့ပါတယ်။ ဘာလဲဆိုတော့ ကျွန်တော်နဲ့ ပတ်သက်တဲ့ ကိစ္စတွေကို ကျူရှင် ခန်းမ ပိုင်ရှင် မိသားစုကို သက်ဆိုင်ရာက မေးမြန်း စုံစမ်းတယ် ဆိုတဲ့ အချက်ပါ။ မေးတဲ့လူတွေက ထောက်လှမ်းရေးကလား၊ ရဲကလား၊ အုပ်ချုပ်ရေး အဖွဲ့ကလား ဆိုတာတော့ မသိရပါ။ ပထမတော့ အိမ်ရှင်များက ကျွန်တော့်ကို အားနာလို့ မပြောခဲ့သော်လည်းပဲ သူ့မိသားစုထဲက တစ်ယောက်က ကျွန်တော့်ကို အားနာပါးနာနဲ့ ပြောလို့ သိရတာပါ။

သဘောကတော့ အခန်းရှင် မိသားစုများက အာဏာပိုင်တွေနဲ့ ပြဿနာ မဖြစ်ချင်တာ ထင်ရှားနေပါပြီ။ ဒါကြောင့် ကျွန်တော်ကပဲ အခန်းရှင် အဘွားကြီးနဲ့ တွေ့ပြီး ကျွန်တော်နဲ့ ပတ်သက်လို့ အမေးမြန်းခံရတာ စိတ်မကောင်းပါကြောင်း။ ဒီသတင်းကြောင့် ကျွန်တော့် ကျူရှင်လည်း ကြီးပွား တိုးတက်လာဖွယ် မရှိပါကြောင်း ဒါ့ကြောင့် နှစ်ဦးနှစ်ဖက် မိတ်မပျက်စေလိုတဲ့ အတွက် ကျွန်တော့် ကျူရှင်ကို ပိတ်သိမ်းတော့မယ် ဖြစ်ပါကြောင်း ပြောပြီး နှုတ်ဆက်ခဲ့ပါတယ်။

နွေရာသီ ကျောင်းပိတ်ရက်မှာတော့ ကျွန်တော့် ကျူရှင် နားထားလိုက်ပါတယ်။ အင်းလျားလမ်း အိမ်ကိုလည်း မကြာ မကြာ ရောက်ခဲ့ပါတယ်။ အဲဒီလို ရောက်တဲ့အခိုက်မှာ အိမ်ရှင် ဦးကျော်သောင်းနဲ့ ဆုံမိပါတယ်။ သူက အပြင်မှာ အလုပ်များနေတဲ့အတွက် ကျွန်တော်နဲ့ ဆုံခဲပါတယ်။ ဒါကြောင့် ကြုံကြိုက်တဲ့ အခိုက်မှာ အရဲစွန့်ပြီး ဦးကျော်သောင်းနဲ့ ပရောဂျက်မှာ လိုအပ်သလို ကျွန်တော့်ကို အသုံးပြုပါလို့ ပြောတဲ့အခါ သူကလည်း အလွယ်တကူ လက်ခံလိုက်ပါတယ်။ ကျွန်တော်လည်း ပျော်သွားပါတယ်။ ဒါကြောင့် ၁၉၇၈ ခုနှစ် ဧပြီလ နောက်ပိုင်းလောက်က စပြီး ကျွန်တော်ဟာ ဦးကျော်သောင်းရဲ့ ဝန်ထမ်းအဖြစ် အချိန်ပြည့် အလုပ် လုပ်ပါတော့တယ်။

## ကုမ္ပဏီ အလုပ်တွေ

ဂုန်နီအိတ် လုပ်ငန်းနဲ့ ပတ်သက်ပြီး စက်ပစ္စည်းတွေကို ထုတ်လုပ်တဲ့ ကုမ္ပဏီက အင်္ဂလန် နိုင်ငံရဲ့ အစိတ်အပိုင်း တစ်ခုဖြစ်တဲ့ မြောက်အိုင်ယာလန် နိုင်ငံက နာမည်ကျော် Belfast ဘဲလ်ဖတ်စ်မြို့မှာ တည်ရှိပါတယ်။ ကုမ္ပဏီ နာမည်ကတော့ James Mackie ဖြစ်ပါတယ်။ အင်ဂျင်နီယာ ၁၀ ယောက်လောက် လာပြီး စက်ရုံ တည်ရာမှာ အချိန်အားဖြင့် ရှစ်လလောက် ကြာမှာပါ။ ဒါကြောင့် မြောင်းမြမှာ သူတို့ နေဖို့၊ ထိုင်ဖို့ အိမ်ရှာရပါတယ်။

သူတို့ နေထိုင်မှုနဲ့ ညီအောင် အခန်းတွေကို လေအေးစက်၊ အိမ်သာဆိုလည်း ဗိုလ်ထိုင် အိမ်သာ စတာတွေ စီစဉ်ပေးရသလို၊ ရံဖန်ရံခါ ရန်ကုန်မှာ နားနေမယ် ဆိုရင်လည်း သူတို့ နားဖို့အတွက် အိမ်နှစ်လုံး ငှားပေးထားရပါတယ်။ တစ်လုံးက ပြည်လမ်းပေါ်မှာ၊ ဒေသကောလိပ်နဲ့ နီးပါတယ်။ နောက်တစ်လုံးကတော့ ကုန်းမြင့်ရိပ်သာ အတွင်းပိုင်းမှာပါ။ အနောက်တိုင်း လူနေမှု စနစ်နဲ့ ကိုက်ညီအောင် အိမ်တွေကို ပြုပြင်ပေးရ သလို သူတို့နေမှု၊ ထိုင်မှု အဆင်ပြေအောင် ထမင်းချက်၊ သန့်ရှင်းရေး အလုပ်သမား၊ ယာဉ်မောင်းတွေကိုလည်း ရှာပေးရပါတယ်။ အဲဒီအလုပ်တွေ အားလုံး ကျွန်တော် စီစဉ်ပေးရတာပါ။

လုပ်ငန်းတွေ လုပ်ရင်းနဲ့ ပြင်ပ စီးပွားရေး လောက၊ သံတမန်နဲ့ နိုင်ငံခြား ပညာရှင်များ လောကနဲ့ ပတ်သက်တဲ့ အိမ် အငှားအရမ်း လုပ်ငန်း၊ အိမ်တစ်လုံး အတွက် အိုး ခွက် ပန်းကန်ပြား ဝယ်ယူခြင်း၊ ပရိဘောဂ များ ဝယ်ခြင်း ဆိုတဲ့ အလုပ်တွေ အကြောင်း သဘောပေါက်လာပါတယ်။ ဥပမာ ရန်ကုန်မြို့ပေါ်မှာ နိုင်ငံခြား အင်ဂျင်နီယာတွေ နေဖို့ အိမ်နှစ်လုံး ငှားရမ်းရာမှာ တစ်နှစ်စာ စာချုပ် ချုပ်ရပါတယ်။ တစ်လကို အဲဒီခေတ်က ငွေ ၃၀၀၀ ကျပ် ဆိုရင် တစ်နှစ်စာ ၃၆၀၀၀ ကျပ် ဖြစ်ပါတယ်။ အိမ်ငှား ဖြစ်ပြီဆိုတာနဲ့ အိမ်ရှင်က ပွဲစား (ကျွန်တော့်) ကို တစ်လစာ ပေးရရိုး ထုံးစံပါ။

ဒါကြောင့် အဲဒီ ပွဲခလေးတွေဟာ ကျွန်တော့် မိသားစု အတွက် များစွာ အထောက်အကူ ဖြစ်ခဲ့ပါတယ်။ အဲဒီ အိမ်နှစ်လုံး အတွက် ပန်းကန်ခွက်ယောက်တွေ၊ ဓာတ်ငွေ့ မီးဖို၊ ရေခဲသေတ္တာနဲ့ အခြား ပရိဘောဂများ ဝယ်ပြီး တပ်ဆင်ရတာ သိန်းဂဏန်း ကျော်ပါတယ်။ ဒီလို ပွဲခ ရတာတွေဟာ ဒီနေ့အထိ ရေးသားမထားတဲ့ ထုံးတမ်းစဉ်လာတွေပါ။ ခုခေတ် ဒေါ်လာနဲ့ ပေးချေနေရတော့ အဲဒီနယ်က လူတွေ အထိုက်အလျောက် ချောင်လည်သွားကြမှာပဲလို့ မှုဒိတာပွားမိပါတယ်။

## Hard drinking Irish

ကျွန်တော်က စာဖတ် ဝါသနာပါတော့ လူကြုံကောင်းတဲ့ အခါဆိုရင် ကိုယ်ကြိုက်တဲ့ စာအုပ်တွေကို ဝယ်ခဲ့ပါလို့ မှာလေ့ရှိပါတယ်။ ဝတ္ထု၊ သမိုင်း၊ အတ္ထုပ္ပတ္တိ စာအုပ်မျိုးစုံကိုပါ။ အနောက်နိုင်ငံ နာမည်ကြီး စာရေးဆရာတွေက အိုင်ယာလန် နိုင်ငံက Irish လူမျိုးတွေနဲ့ ပတ်သက်ရင် အမြဲ ညွှန်းလေ့ရှိတာက Hard drinking Irish လို့ ရေးခဲ့ကြတာ မှတ်မိပါတယ်။ ဆိုလိုတာက Irish လူမျိုးတွေဟာ အသောက်ကြမ်းတယ် ဆိုတဲ့ သဘောပါ။ ဟုတ်လည်း ဟုတ်ပါတယ်၊ ဒီကောင်တွေက အလုပ်ချိန် ပြီးတယ်ဆိုတာနဲ့ သောက်ပွဲတွေကို သန်းခေါင်၊ သန်းလွဲထိ ဆင်နွှဲလေ့ရှိပါတယ်။

ဘီယာဆိုရင် တစ်ယောက်ကို တစ်နေ့ ခြောက်လုံး ခုနစ်လုံး၊ ရမ်တို့ ဝီစကီတို့ ဆိုရင် တစ်လုံးကို နှစ်ရက် ခံရင် ကံကောင်း။ ကျွန်တော်နဲ့ ခင်တဲ့ သူတို့ရဲ့ Chief အင်ဂျင်နီယာကြီး ဆိုရင် တစ်ခါများ တစ်ညနေ တည်းနဲ့ ဘီယာ အလုံး ၂၀ သောက်တာ ကိုယ်တွေ့ ကြုံရဖူးပါတယ်။ နောက်တစ်မျိုးလည်း ရှိပါသေးတယ်၊ မှတ်သားစရာပေါ့။ ကော်ဖီဆိုရင် သာမန် ကော်ဖီဆိုတာထက် Irish coffee ဆိုတာမျိုးလည်း ရှိပါတယ်။ အသင့် ဖျော်ထားတဲ့ ကော်ဖီထဲကို ဝီစကီ ဖြစ်ဖြစ်၊ ရမ် ဖြစ်ဖြစ် ရောပြီးမှ သောက်တဲ့ ကော်ဖီမျိုးပါ။ အဲဒီလောက် အထိ သူတို့က အရက်ကို ခုံမင်တာပါ။

၁၉၇၈ ခုနှစ် ကာလဆိုတာက သူတို့ မြောက်အိုင်ယာလန် နိုင်ငံမှာ I.R.A. လို့ ခေါ်တဲ့ Irish တော်လှန်ရေး အဖွဲ့က အင်္ဂလန်ရဲ့ အုပ်စိုးမှုကို မြေပေါ် မြေအောက် နည်းမျိုးစုံနဲ့ တော်လှန် ပုန်ကန်နေတဲ့ အချိန်မှာ ရန်ကုန် ရောက်လာတဲ့ အင်ဂျင်နီယာ အဖွဲ့ထဲမှာလည်း I.R.A. နဲ့ ဆက်နွှယ်တဲ့လူ တစ်ယောက်တလေ ပါမယ် ထင်ပါတယ်။ ဘာ့ကြောင့်လဲဆိုရင် အလုပ်ချိန် ပြင်ပ စားတဲ့သောက်တဲ့ အချိန်မှာ အချင်းချင်း ကျယ်ကျယ်လောင်လောင် ငြင်းခုန်နေကြတာ မကြာခဏ တွေ့မိပါတယ်။ အဲဒီထဲက တစ်ချို့ဟာ အလုပ် ပြီးတာနဲ့ အမေရိကန် နိုင်ငံကို သွားဖို့ သံရုံးကို ဗီဇာ လျှောက်တဲ့အခါ အမေရိကန် ဗီဇာ မရဘဲ Reject လုပ်ခံရတာ နှစ်ဦး ရှိတာ မှတ်မိပါတယ်။

## Project အသစ် တစ်ခု

ဒီလို လုပ်ရင်း အဲဒီအလုပ်တွေ လုပ်ရတာ ပင်ပန်းပေမဲ့ ကိုယ် မသိတဲ့ နယ်ပယ်မှာ ကျင်လည်ရလို့ အများကြီး ပညာ ရပါတယ်။ တပ်ထဲမှာ နေစဉ်တုန်းကထက် လူမှုရေး အသိလည်း အများကြီး သိလာပါတယ်။ ဦးကျော်သောင်းရဲ့ ကံဇာတာ အကျိုးပေးပုံက နောက်လုပ်ငန်းတစ်ခု အတွက်ပါ အခြေ ပျိုးခွင့် ရခဲ့တာပါ။ ဒါက ဘာလဲဆိုတော့ မြောင်းမြ ဂုန်နီစက်ရုံရဲ့ စက်ကိရိယာများဟာ အလွန် အဆင့်မြင့်တာမို့ အဲဒီ ကုမ္ပဏီကပဲ ဂုန်နီ၊ ကော်ဇော စက်ရုံ တစ်ခု ဝယ်ဖို့ ဖြစ်လာပါတယ်။ သာကေတမှာပါ။ အင်္ဂလိပ် အစိုးရရဲ့ ချေးငွေနဲ့ ဖြစ်ပါတယ်။ တန်ဖိုးကတော့ ဒေါ်လာ ၁၂ သန်းလောက်ပါ။

ကျွန်တော်က အရင် မြောင်းမြ စက်ရုံနဲ့ ပတ်သက်လို့ အတွေ့အကြုံတွေ ရထားတော့ ဝုန်နီ ကော်ဖော စက်ရုံ စီမံကိန်း ကန်ထရိုက်အတွက် စကားပြောတဲ့အခါမှာ ကျွန်တော်ပဲ ဒိုင်ခံပြီး စာချုပ်ကိစ္စတွေ ဆောင်ရွက်ပါတယ်။ အဲဒီအချိန်မှာ ဦးကျော်သောင်းကတော့ သူ့ရဲ့ ပြင်ပ လူမှုရေး ကိစ္စတွေနဲ့ အလုပ်များနေပါတယ်။ မြောင်းမြ ဝုန်နီ စက်ရုံ အတွေ့အကြုံကြောင့် သာကေတ ဝုန်နီ ကော်ဖော စက်ရုံ စီမံကိန်းဟာ လွယ်လွယ်ကူကူ ပြီးမြောက်သွားပါတယ်။

ဝုန်နီ ကော်ဖော စက်ရုံ ပြီးတာနဲ့ နောက်ထပ် ဦးကျော်သောင်း ရသွားတဲ့ ကန်ထရိုက်ကတော့ သမိုင်းမှာ ရှိတဲ့ ဝုန်နီ စက်ရုံ အဟောင်းကို ပြန်လည် မွမ်းမံတဲ့ လုပ်ငန်းကြီးပါ။ အဂ်လိပ် အစိုးရ ချေးငွေနဲ့ ဖြစ်ပါတယ်။ ပမာဏကတော့ ဒေါ်လာ သန်း ၂၀ ကျော်ပါတယ်။ ဒီစီမံကိန်းကျတော့ ကျွန်တော့် လက်၊ ကျွန်တော့် ခြေ ဖြစ်သွားပါပြီ။ မှတ်မှတ်ရရ လုပ်ငန်းစဖို့ အဆိုပြုတဲ့ အချိန်ကစပြီး စာချုပ်ချုပ်တဲ့ အချိန်ထိ သုံးလလောက် ကြာပါတယ်။ အရင် စီမံကိန်း နှစ်ခု အတွေ့အကြုံကြောင့် ဒီစီမံကိန်းကျတော့ အခက်အခဲ မရှိတော့သလောက် ပါပဲ။ ဝန်ကြီးဌာနက လူတွေနဲ့လည်း ခင်မင် ရင်းနှီးနေပါပြီ။

## လမ်းစဉ် ပါတီခေတ်က စာချုပ်တစ်ခု ချုပ်ဆိုရာမှာ

ကျွန်တော် အထက်မှာ တင်ပြခဲ့တဲ့ စီမံကိန်းတွေ ချုပ်ဆိုရာမှာ တွေ့ရတဲ့ အတွေ့အကြုံတွေကို တင်ပြချင်ပါတယ်။ ကာယကံရှင်ကတော့ စက်မှု ၁ အထည်လုပ်ငန်း ကော်ပိုရေးရှင်း ဖြစ်ပါတယ်။ စာချုပ်တဲ့ ဆွေးနွေးပွဲတွေမှာ အဓိက ပင်တိုင် ဆွေးနွေးတဲ့ ပုဂ္ဂိုလ်တွေကတော့ စီမံကိန်း မန်နေဂျာ၊ လက်ထောက် မန်နေဂျာနဲ့ ငွေစာရင်း အရာရှိတွေ ဖြစ်ပါတယ်။ လိုအပ်ရင် လက်အောက်က အင်ဂျင်နီယာတွေကိုလည်း ခေါ်ယူ ဆွေးနွေး ကြရပါတယ်။ ငွေရေး ကြေးရေးနဲ့ ပတ်သက်ရင် မြန်မာ့ နိုင်ငံခြားဘဏ်၊ စက်မှု ဘဏ္ဍာ ဝန်ကြီးဌာနက FERD လို့ ခေါ်တဲ့ နိုင်ငံခြားငွေနဲ့ ပတ်သက်ရင် အမြဲ ပါလေ့ပါထ ရှိတဲ့ ဌာနတွေပါ။ အခု သမ္မတ အဖြစ်က နုတ်ထွက်သွားတဲ့ ဦးထင်ကျော်ဟာ အဲဒီတုန်းက FERD ရဲ့ ဦးစီးအရာရှိကြီး တစ်ဦးပါ။ သူနဲ့က အဲဒီကတည်းက သိကျွမ်း ခင်မင်ခဲ့တာပါ။

ဥပဒေ အကြောင်းအရာနဲ့ ပတ်သက်ရင် ရှေ့နေချုပ်ရုံးက ကိုယ်စားလှယ်၊ Central Law Offices က အရာရှိတွေဟာ စာချုပ်ပါ အချက်အလက်တွေကို ဆွေးနွေး ဆုံးဖြတ်ရာမှာ အရေးပါတဲ့ နေရာတွေက ပါဝင်ခဲ့ပါတယ်။ စက်ပစ္စည်းတွေနဲ့ ပတ်သက်ရင် ဌာနဆိုင်ရာ အင်ဂျင်နီယာများရဲ့ ဆုံးဖြတ်ချက်ဟာ အရေးကြီးပါတယ်။ ကျွန်တော် တွေ့ခဲ့ရသလောက်တော့ ကန်ထရိုက်တွေမှာ ပါဝင်တဲ့ အရာရှိ အားလုံးလိုလိုဟာ အရည်အချင်း ပြည့်မီတယ် ဆိုတဲ့ အချက်ပါ။ အဲဒီတော့ ကျွန်တော် ထင်ပါတယ်၊ တခြားဌာနတွေက စာချုပ်တွေဟာလည်း စက်မှု ၁ က စာချုပ်များ နည်းတူ စနစ်ကျနစွာ ချုပ်ဆိုခဲ့ကြမှာပါ။ စက်ပစ္စည်းတွေနဲ့ ပတ်သက်လို့ နောက်ဆုံး အဆုံးအဖြတ်ပေးတဲ့ ဌာနက ECC - Equipment Control Committee လို့ ခေါ်တဲ့ စက်မှု ၂ က ဌာန တစ်ခုပါ။

အဲဒီခေတ်က ဓားထက်တဲ့ စက်မှု ၂ ဝန်ကြီး ဦးမောင်ချို (ကွယ်လွန်- NLD ရဲ့ အတွင်းရေးမှူး တာဝန် ထမ်းဆောင်ခဲ့ဖူးတဲ့ ဦးလွင်ရဲ့ ညီအရင်းပါ) က နောက်ဆုံး ဆုံးဖြတ်တာပါ။ အတွေ့အကြုံများတဲ့ အင်ဂျင်နီယာ လူဟောင်းကြီး တစ်ယောက်က ဘယ်လို မှတ်ချက်ချသလဲ ဆိုရင် "ကျုပ်တို့ နိုင်ငံထဲကို ဝင်လာတဲ့ နိုင်ငံခြား စက်ပစ္စည်းတွေ ဆိုရင် အပ်ကနေ လေယာဉ်ပျံအထိ ဦးမောင်ချို ခွင့်ပြုမှ ရတာပါ" လို့ ညည်းတွားသံ ကြားခဲ့ရ ဖူးပါတယ်။

## နေရာ အရွှေ့အပြောင်း

တပ်က ထွက်ခါစက အာလိန်ငါးဆင့် ဘုရားနားက လင့်လမ်းမှာ တစ်နှစ်၊ လမ်းသစ်က ဒေါ်ညိုမြ အိမ် ကျဉ်းကျဉ်းလေးထဲမှာ တစ်နှစ်၊ နောက်တစ်နှစ်မှာတော့ လမ်းသစ်လမ်းကပဲ ဗိုလ်မှူး ဘဝင်း (လေ) ရဲ့ အိမ်မှာ တစ်နှစ် စုစုပေါင်း လေးနှစ်လောက် တစ်နေရာကနေ တစ်နေရာ ရွှေ့ပြောင်း နေခဲ့ရပါတယ်။ အကြောင်းရင်းတွေကိုတော့ မမှတ်မိတော့ပါဘူး။ သေချာတာကတော့ တစ်နေရာမှာ အဆင်မပြေလို့ နောက်တစ်နေရာကို ပြောင်းတာပါ။ ပြောင်းဖို့ လိုအပ်တဲ့ အခြေခံ အကြောင်းတရား (ခါးသီးမှုများ) ကိုတော့ မမှတ်မိတော့ပါဘူး။ နေစရာ အိမ်ကိုတော့ ကိုယ့်ဘာသာကိုယ် ဖန်တီးခဲ့ရပေမဲ့ သုံးစရာ ကားတစ်စီးကိုတော့ ဦးကျော်သောင်းက ခွင့်ပြုပေးခဲ့ပါတယ်။

နေရာ အရွှေ့အပြောင်း ဖြစ်ခဲ့ပေမဲ့ သားသမီးတွေကတော့ တကွဲတပြားပါ။ သမီးကြီး မဖွန်ကိုတော့ မိတ္ထီလာမှာ ပို့ထားခဲ့ပါတယ်။ သုံးနှစ်လောက် ကြာလိမ့်မယ်ထင်ပါတယ်။ သား အလတ်ကောင် ကိုဂျူးကိုတော့ အောင်ဆန်းက သူ့အဘိုးအဘွားဆီ ပို့ထားခဲ့ပါတယ်။ သူလည်း အဲဒီမှာ နှစ်နှစ်လောက် ကြာပါတယ်။ ကျွန်တော် ရေကြည်အိုင်မှာ ရှိတုန်း မွေးခဲ့တဲ့ သားငယ် တစ်ယောက်ပဲ မိဘနှစ်ပါးနဲ့ အတူ ရှိနေခဲ့တာပါ။ သားတွေ၊ သမီးတွေ တကွဲတပြားဆီဖြစ်တဲ့ အနေအထားကို အခုချိန် ပြန်စဉ်းစားကြည့်ရင် ရင်နင့်စရာ ကောင်းတယ်လို့ ထင်ကောင်း ထင်ကြပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော်တို့ အဖို့ကတော့ ရင်ဆိုင် ဖြတ်သန်းရတဲ့ ဘဝ အခြေအနေမှာ အသင့်တော်ဆုံး ဖန်တီးခဲ့တယ်လို့ပဲ အောင့်မေ့မိပါတယ်။

## ဘဝ တစ်ဆစ်ချိုး ပြောင်းပြန်ပြီ

အထက်မှာ ရေးပြပြီးခဲ့သလို သုံး-လေးနှစ် ကာလလောက် အတွင်းမှာ စီမံကိန်း သုံးခုကို ရှော့ရှော့ရှူရှူ လက်မှတ် ရေးထိုးနိုင်ခဲ့တဲ့ ဖြစ်ရပ်ကို ပင်ရင်း ကုမ္ပဏီဖြစ်တဲ့ James Mackie က လူကြီးတွေ သတိပြုမိသွားကြပါတယ်။ ဖြစ်စဉ်တွေက တစ်ခုပြီး တစ်ခု တိုက်ဆိုင်လွန်းလှပါတယ်။ နောက်တစ်ကြောင်းကတော့ လုပ်ငန်းအားလုံး ကျွန်တော့်ကို အပ်ပြီးတော့ ဦးကျော်သောင်းတို့ ဇနီးမောင်နှံဟာ အင်္ဂလန်ကို နှစ်လ သုံးလလောက် ထွက်သွားကြပါတယ်။

ကျွန်တော့် အထင်ကတော့ သူတို့ရဲ့ ငွေရေး ကြေးရေး အခြေအနေတွေကို စီမံ ဖန်တီးနိုင်အောင် သွားတဲ့ သဘောလို့ ယူဆပါတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ ဦးကျော်သောင်း ရတဲ့ စီမံကိန်းတွေရဲ့ တန်ဖိုး စုစုပေါင်းဟာ ဒေါ်လာ သန်း ၄၀ လောက် ရှိမှာပါ။ ကုမ္ပဏီက ဦးကျော်သောင်းကို ဘယ်လောက် ပေးတယ်ဆိုတာ ကျွန်တော် မသိပါ။ ကျွန်တော် အပါအဝင် ဝန်ထမ်း လေးယောက်ကို ပေးရတဲ့ လစာ တစ်လ တစ်သောင်း မပြည့်ပါ။ နောက်ပိုင်း ကျွန်တော် စီးပွားရေး ကိုယ်တိုင် လုပ်လာတော့မှ ဦးကျော်သောင်း ရနိုင်တဲ့ ပမာဏကို မှန်းဆနိုင်ပါတော့တယ်။

နောက်တစ်ချက်က ဟော်လန် (နယ်သာလန်) နိုင်ငံက Stork-Weerkspoor Sugar ကုမ္ပဏီရဲ့ ကိစ္စ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ရှမ်းပြည်နယ် တောင်ပိုင်းမှာ သောင်းကျန်းသူများ ကင်းရှင်းလို့ အထိုက်အလျောက် ငြိမ်းချမ်းနေပါပြီ။ ဒီလို ငြိမ်းချမ်းနေလို့မို့ ရှမ်းပြည်နယ် အတွက် စက်မှု လုပ်ငန်း တစ်ခု တည်ဆောက်ဖို့ ဦးနေဝင်းက ညွှန်ကြားပါတယ်။ စက်မှု ၁ က အကောင်အထည် ဖော်ရမှာပါ။ ဒါပေမဲ့ စက်မှု ၁ မှာ ဘတ်ဂျက် မရှိပါဘူး။




ဟိုတုန်းက တစ်နှစ် တစ်ခါလောက် ကျိုက်ထီးရိုးဘုရားကို တက်ခဲ့တယ်။
ယောကျ်ားမ နှစ်ဦး၊ သူတို့ သမီးလတ် သားသား (ခ) စိုးစိုးမြင့်နဲ့ ကျွန်တော်တို့ ဇနီးမောင်နှံ။

၁၉၈၇ ခုနှစ်၊ မိဘ နှစ်ပါးစလုံး ဒွေးထွက်သံယို ဖြစ်ပြီး မွေးဖွားလာသော သမီးငယ်လေး ချစ်။





မိသားစုဝင် ခြောက်ဦး၊ ဝဲအစွန်- ကွယ်လွန်သွားသော ဂင်းမာမြင့် (ပုံတွင် မရှစ် မပါ)



၁၉၈၂ ခုနှစ်၊ လက်ထပ်ပွဲ ၁၀ နှစ်ပြည့် မေမြို့ ပွဲကောက် ရေတံခွန်။

## ကျွန်တော်ရဲ့ ပထမဦးဆုံး စာချုပ်

ဒီသတင်းတွေကို ကျွန်တော် ရတဲ့အခါ ဒီကုမ္ပဏီနဲ့ အဆက်အသွယ် ရှိတဲ့အတွက် သူတို့ကို အဲဒီခေတ်က ဆက်သွယ်ရေး စနစ်အရ Telex ကို အသုံးပြုပြီး မေးလိုက်ပါတယ်။ "မင်းတို့ ကုမ္ပဏီက အစိုးရကို တိုက်တွန်းလို့ ရမလား။ စက်မှု ၁ က သကြား စက်ရုံ တစ်ခု တည်ချင်တယ်၊ မင်းတို့ အစိုးရက ဗမာအစိုးရကို ပိုက်ဆံ ချေးနိုင်မလား၊ စက်မှု ၁ ဝန်ကြီး ဗိုလ်မှူးချုပ် တင့်ဆွေ ဟော်လန်ကို ဘယ်နေ့မှာ လာမယ်၊ ချေးငွေ စီစဉ်ပြီး အဲဒီ ချေးငွေ ရရင် မင်းတို့ ကုမ္ပဏီက စက်တွေ ဝယ်ရမယ် ဆိုတဲ့အချက် ချေးငွေ စာချုပ်မှာ ပါပါစေ" ဆိုတဲ့ သဘောပါတဲ့ သတင်းတွေကို အကြိမ်ကြိမ် အခါခါ ပို့ခဲ့ပါတယ်။

ဝန်ကြီး သွားတဲ့အခါ ကျွန်တော် အကြောင်းကြားထားတဲ့အတိုင်း ချေးငွေ ရပါတယ်၊ ချေးငွေကို နယ်သာလန် အစိုးရက ဗမာအစိုးရ စီမံဘဏ္ဍာကို ချေး (အတိုး တစ်ရာခိုင်နှုန်း)၊ စီမံဘဏ္ဍာကမှ စက်မှု ၁ ကို ပြန်ချေး (အတိုးနှုန်းက ၁၀ ရာခိုင်နှုန်း)၊ ချေးငွေ သေချာပြီ ဆိုတော့မှ စက်မှု (စားကုန်) ကော်ပိုရေးရှင်းက Stork-Werkspoor Sugar ကုမ္ပဏီက လူတွေကို ဖိတ်၊ အကြိတ်အနယ် ဆွေးနွေးပြီး စာချုပ် ချုပ်နိုင်ခဲ့ပါတယ်။ အဲဒီလို စာချုပ် ချုပ်တဲ့အခါ ကုမ္ပဏီဘက်က ဦးဆောင်ညွှန်ကြားရေးမှူး (MD)၊ ဗိုလ်မှူးကြီး ဘရွှေ (ငြိမ်း) နဲ့ ကျွန်တော်တို့ လက်မှတ်ထိုးခဲ့ရပါတယ်။ ဒါက ကျွန်တော့်ရဲ့ ပထမဦးဆုံးသော စာချုပ်ပါ။

ဗိုလ်မှူးကြီး ဘရွှေ (ငြိမ်း) ဆိုတာက အဲဒီတုန်းက လမ်းစဉ် ပါတီ အစိုးရ အဖွဲ့ဝင်များက လေးစားရတဲ့ ပုဂ္ဂိုလ်ဖြစ်ပြီး အိမ်စောင့် အစိုးရ လက်ထက်က စက်မှု လက်မှု ဝန်ကြီးဌာနမှာ အထူး အရာရှိအဖြစ် တာဝန် ယူခဲ့ဖူးသူပါ။ မြောင်းမြ ဂုန်နီ စက်ရုံ စီမံကိန်း ဦးကျော်သောင်း ရရှိအောင်လည်း ဗိုလ်မှူးကြီး ဘရွှေက အထိုက်အလျောက် ကူညီခဲ့ရဖူးပါတယ်။ ဦးကျော်သောင်းတို့ အင်္ဂလန် သွားတဲ့အချိန်မှာ သူ့ရဲ့ လုပ်ငန်းတွေ

လုပ်ဆောင်ရာမှာ ကျွန်တော်နဲ့ လက်တွဲလုပ်ဖို့ ဦးကျော်သောင်းက အကူအညီတောင်းလို့ ကျွန်တော်နဲ့ လက်တွဲမိတာပါ။

အဲဒီ စာချုပ် ချုပ်တဲ့အခါ ကျွန်တော်နဲ့ ဗိုလ်မှူးကြီး ဘရွှေတို့က စာချုပ် ပမာဏ (ဒေါ်လာ သုံးသန်းကျော်) အပေါ် ကျွန်တော်တို့ ဘယ်လောက် ရပါစေလို့ မပြောချင်သေးကြောင်း၊ ဦးကျော်သောင်း လန်ဒန်မှာ ရောက်နေတဲ့ အတွက်ကြောင့် သူကိုယ်တိုင် သွားတွေ့ပြီး ဆွေးနွေးစေချင်ကြောင်း၊ သို့မဟုတ် ဦးကျော်သောင်း မြန်မာပြည် ပြန်လာမှ သူကိုယ်တိုင် လိုက်လာပြီး ဆွေးနွေး အဖြေရှာသင့်ကြောင်း ပြောခဲ့ရာမှာ ၎င်းက သဘောတူခဲ့ပါတယ်။ သူ့နာမည်ကတော့ Mr. Van Dokkum (VDK) ဖြစ်ပါတယ်။ အခုတော့ ကွယ်လွန်သွားရှာပါပြီ။

နောက်တစ်လလောက် ကြာတဲ့အခါ ဦးကျော်သောင်းတို့ ပြန်လာပါပြီ။ တစ်ပတ် နှစ်ပတ်လောက် အကြာ မှာ Mr. Van Dokkum လိုက်လာပါတယ်။ သူ လိုက်မလာခင် ကတည်းက ဦးကျော်သောင်းနဲ့ ကျွန်တော်တို့ နှစ်ယောက် ဆွေးနွေးတာ အဆင်မပြေခဲ့ပါ။ ကျွန်တော်တို့က VDK နဲ့ သူ မသိအောင် ကြိတ်သဘောတူထားတာ ရှိတယ်လို့ စွပ်စွဲပါတယ်။ ကျွန်တော်တို့ ရှင်းပြပေမဲ့ ဘယ်လိုမှ သူ လက်မခံပါဘူး။ ဒီအကြောင်းကိုလည်း ကျွန်တော်တို့က VDK ကို Telex နဲ့ ကြိုသတိပေးထားပါတယ်။ မှတ်မိပါသေးတယ်။ VDK က ညနေ ခြောက်နာရီလောက်မှာ လေယာဉ်ပျံ ဆိုက်ပါတယ်။ ဆိုက်ဆိုက်ချင်း သူနဲ့ မန်နေဂျာ Mr. Speeken Brink လည်း ပါပါတယ်။

ဦးကျော်သောင်းအိမ် ရောက်တော့ VDK တို့ နှစ်ယောက်၊ ကျွန်တော်နဲ့ ဗိုလ်မှူးကြီး ဘရွှေ၊ အိမ်ရှင် ဦးကျော်သောင်းနဲ့ မမျိုး (ကျွန်တော့် သူငယ်ချင်း မျိုးမြင့် ပါ မပါတော့ မမှတ်မိပါ။) နှုတ်ဆက် စကားတွေ ပြောပြီးပြီးချင်းမှာပဲ ဦးကျော်သောင်းက ရွှေညောင် သကြားစက်နဲ့ ပတ်သက်လို့ ကုမ္ပဏီက ပေးရန်ရှိတဲ့ ပမာဏကို ကုမ္ပဏီနဲ့ ကျွန်တော်တို့ (ဦးဝင်းထိန်နဲ့ ဦးဘရွှေ) က အမှန်အတိုင်း မပြောပဲ ကွယ်ဝှက်ထားကြောင်း ကုမ္ပဏီအနေနဲ့ ဒီလို မလုပ်သင့်ကြောင်း စွပ်စွဲပါတယ်။ ကျွန်တော် ကြည့်နေပါတယ်၊ ဖြူနေတဲ့ VDK ရဲ့ မျက်နှာဟာ တစ်မုဟုတ်ချင်း နီရဲသွားပါတယ်။

ကျွန်တော်ကတော့ ပြေလည်ရာ ပြေလည်ကြောင်း အမှန်ကို တင်ပြပါတယ်။ အစ ကတည်းက ကျွန်တော်တို့ ရရန်ကိစ္စတွေကို မပြောခဲ့ပဲ ဦးကျော်သောင်းနဲ့သာ ဆုံးဖြတ်ဖို့ ပြောခဲ့ကြောင်း အကျယ်တဝင့် အင်္ဂလိပ်လို ရှင်းပြပါတယ်။ ဦးကျော်သောင်းက လုံးဝ မယုံဘူး ဆိုတဲ့ သဘောမျိုးနဲ့ တုံ့ပြန်ပါတယ်။ VDK က ဦးကျော်သောင်းရဲ့ စွပ်စွဲမှုတွေဟာ ကုမ္ပဏီနဲ့ သူရဲ့ သိက္ခာကို ထိပါးတဲ့ အတွက် ဦးကျော်သောင်းနဲ့ လက်တွဲ မလုပ်နိုင်တော့ကြောင်း၊ ဦးဝင်းထိန်နဲ့ ဗိုလ်မှူးကြီး ဘရွှေတို့နဲ့ပဲ ဆက်လက် လုပ်တော့မှာ ဖြစ်ကြောင်း ပြောပြီး ထွက်ခွာသွားပါတယ်။ ကျွန်တော်တို့ နှစ်ယောက်ကလည်း ဦးကျော်သောင်းကို စိတ်မကောင်းကြောင်း နှုတ်ဆက် စကား ပြောပြီး သူတို့ တည်းတဲ့ အင်းလျားလိတ် ဟိုတယ်ကို လိုက်သွားပါတယ်။

ဟိုတယ်ရောက်တော့ သူတို့ နှစ်ယောက်နဲ့ ကျွန်တော်တို့ နှစ်ယောက် ရှေ့လုပ်ငန်းစဉ်ကို ဆွေးနွေးပါတယ်။ အနှစ်ချုပ်ကတော့ ရွှေညောင် သကြားစက် တန်ဖိုးပမာဏ ဒေါ်လာ သုံးသန်းရဲ့ သုံးရာခိုင်နှုန်းကိုပဲ သူတို့က ပေးနိုင်မှာ ဖြစ်ကြောင်း၊ ကျွန်တော်တို့ကလည်း ဘာမှ စောဒကမတက်ဘဲ လက်ခံလိုက်ပါတယ်။ ဒီပမာဏက တလုံးတခဲတည်း ချက်ချင်း ရမှာ မဟုတ်ပါဘူး။ စက်ပစ္စည်း တင်ပို့မှု သုံးကြိမ်လို့ သတ်မှတ်ခဲ့ရာမှာ စက်ပစ္စည်း သင်္ဘောပေါ် တင်ပို့ ပမာဏပေါ် မူတည်ပြီး ကျွန်တော်တို့က အချိုးကျ ရမှာပါ။

ဒါကိုလည်း ကျွန်တော်တို့ သဘောကျပါတယ်။ ဗိုလ်မှူးကြီး ဘရွှေရဲ့ စကားတစ်ခုက ရိုင်းပေမဲ့ တော်

တော် မှန်ပါတယ်။ ဘာလဲဆိုတော့ Beggers can't be choosers ပါတဲ့။ သဘောကတော့ "သူတောင်းစား ဆိုတာ ပေးသမျှ ယူ၊ အရိုးများသလေး ရွေးခါးသလေး မလုပ်နဲ့" ဆိုပဲ။ အဲ့ဒီ စာချုပ်အရ ဌာနဆိုင်ရာ စာပေး စာယူ၊ Telex အပေးအယူ၊ ဧည့်သည် လာတဲ့အခါ အကြိုအပို့ (Driver) လည်း ကိုယ်ပဲ၊ MD လည်း ကိုယ်ပဲ၊ တံမြက်လှည်းလည်း ကိုယ်ပဲ ဆိုတဲ့ အလုပ်မျိုးတွေနဲ့ စခန်းသွားခဲ့ရပါတယ်။ အဲဒီခေတ်က ဘယ်လိုမှ တရား မဝင်တဲ့ အပြင် ဘယ်သူကမှ အသိအမှတ် မပြုတဲ့ BA SHWE & WIN HTEIN ENTERPRICES ဆိုပြီး Letter head တွေ ရိုက်၊ မဟာဗန္ဓုလလမ်းနဲ့ ရွှေဘုံသာလမ်းထောင့်မှာ ရုံးခန်းတစ်ခုကို ငှားပြီး ရုံးလုပ်ငန်းတွေ ဆောင် ရွက်ပါတယ်။

ကျွန်တော် အထက်မှာ ရေးခဲ့သလိုပါပဲ၊ ရွှေညောင် သကြားစက်အတွက် စာချုပ်တွေ ချုပ်ပြီးတဲ့အခါ နယ်သာလန် နိုင်ငံက အင်ဂျင်နီယာတွေ ရောက်လာပါတယ်။ စက်မှု (စားကုန်) က ညွှန်ကြားရေးမှူး၊ စီမံကိန်း မန်နေဂျာနဲ့ အင်ဂျင်နီယာတွေ ပါတဲ့ တစ်ဖွဲ့လုံး ဟဲဟိုးက တစ်ဆင့် ညောင်ရွှေကို သွားရပါတယ်။ သကြား စက် ဆိုတာ ရေကို အများအပြား သုံးရတဲ့အတွက် နွေ၊ မိုး၊ ဆောင်း ရေမပြတ် ရနိုင်မယ့် စမ်းချောင်း တစ်ခု တွေ့အောင် ရှာရပါတယ်၊ စမ်းချောင်း တွေ့ပြီ ဆိုတော့မှ ရေမပြတ် ရအောင် ဆည် တည်ဆောက်ရေး အစီ အစဉ်၊ စက်ရုံဆောက်ဖို့ မြေနေရာ စသည်တို့ကို ရွေးချယ်ရပါတယ်။ မြေကျောင် လျှောက်လိုက်၊ လိုအပ်ရင် ကားနဲ့ သွားလိုက်နဲ့ နှစ်ရက် သုံးရက်လောက် ဖတ်ဖတ်မောပြီးမှ သင့်လျော်တဲ့ မြေနေရာ တစ်ခု ရခဲ့ပါတယ်။

စက်ရုံ တည်ဆောက်ရေး လုပ်ငန်းက ရှစ်လလောက် ကြာပါတယ်။ ကုမ္ပဏီက အင်ဂျင်နီယာ နှစ် ယောက်နဲ့ စက်မှုက အင်ဂျင်နီယာတွေ ပေါင်းပြီး အကောင်အထည် ဖော်ရတာပါ။ တည်ဆောက်မှု ပြီးပြီ ဆိုတော့မှ စက်ရုံကို အစမ်း လည်ပတ်ရပါတယ်။ ကြံကြိတ်နှုန်းက မူလ သတ်မှတ်ထားတဲ့အတိုင်း မှီပါတယ်။ သကြား ထွက်နှုန်းလည်း ကောင်းတဲ့အတွက် နောက်ဆုံးမှာ ရွှေညောင် သကြားစက်ကို စက်မှု (စားကုန်) ကို အပြီး လွှဲအပ်နိုင်ခဲ့ပါတယ်။ ဒီလို အစ အဆုံး ပြီးမှ အပ်နှံတဲ့ စီမံကိန်းမျိုးကို Turn-key project လို့ ခေါ်ပါတယ်။

## ရခိုင်ပြည်နယ်မှာလည်း တည်ပေးပါတဲ့

ရွှေညောင် သကြားစက် စီမံကိန်း မပြီးဆုံးမီ ကျွန်တော့် ကံဇာတာ ဖန်လာပုံက ရခိုင်ပြည်မှာလည်း အလားတူ သကြားစက် တစ်ခု တည်ပေးဖို့ ဖြစ်လာပြန်ပါတယ်။ နောက်မှ စုံစမ်းကြည့်ရတာက ရခိုင် ပြည်နယ်က လူကြီး တစ်ဦး ဖြစ်လာတဲ့ ဗိုလ်မှူးချုပ် သူရ စောဖြူ (လေ) က ဦးနေဝင်းကြီးကို အပူကပ်လို့ သူက ဝန်ကြီး ဦးတင့်ဆွေ ကို လုပ်ခိုင်းလိုက်ရင်းနဲ့ လမ်းစ ပေါ်လာခြင်း ဖြစ်ပါတယ်။ ရွှေညောင် စီမံကိန်းလိုပဲ ချေးငွေကို နယ်သာလန်က ယူ၊ အဲဒီ ပိုက်ဆံနဲ့ နယ်သာလန်က စက်ရုံကို ဝယ်၊ ဒီသဘောပါ။ စီမံကိန်း နာမည်ကိုတော့ ကျောက်တော် သကြားစက် စီမံကိန်းလို့ ခေါ်ပါတယ်။ ဒီမှာလည်း ကျွန်တော်ရယ်၊ နိုင်ငံခြား အင်ဂျင်နီယာတွေရယ်နဲ့ စက်မှုက အရာရှိတွေ ပါတဲ့ အဖွဲ့ဟာ ကျောက်တော် တစ်ဖက်ကမ်းက မြေနေရာ တစ်ခုကို စက်ရုံနေရာအဖြစ် သတ်မှတ်ပြီး လုပ်ငန်း ဆောင်ရွက်ခဲ့ပါတယ်။

## လက်ဖျားခါရပါတယ်

ကျွန်တော် အခု ရေးပြမယ့် အကြောင်းအရာကတော့ လမ်းစဉ် ပါတီခေတ် စီမံကိန်းတွေရဲ့ အဆီအငေါ် မတည့်တဲ့ ဖြစ်ပုံဖြစ်နည်းတွေပါ။ သကြားစက် တည်ဖို့ အဓိက လိုအပ်တဲ့ ကြံကို ကျောက်တော် ဒေသမှာ ဘယ်သူမှ မစိုက်ပါ။ စက်ရုံ တည်နေတုန်း ကာလမှာပဲ ဉာဏ်ကြီးရှင်များကလို့ ဆိုရမှာပေါ့။ ပျဉ်းမနားက

ကြံမျိုးတွေကို ယူ၊ မင်္ဂလာဒုံက စစ်တွေကို လေယာဉ်ပျံနဲ့ ပို့၊ စစ်တွေကမှ ကျောက်တော်ကို ရုပ်နာရီ ရေကြောင်း ခရီးနဲ့ ပို့၊ ကျောက်တော်ရောက်မှ လယ်သမားတွေကို ကြံစိုက်နိုင်း။ အဲဒီ ဖြစ်စဉ် ကြားရတော့ ကျွန်တော်က "သြော်.... လက်ဖျားခါလောက်ပါပေရဲ့" လို့ မှတ်ချက်ပြုမိပါတယ်။

ကျွန်တော့် တစ်ကိုယ်ရေ အနေနဲ့ဆိုရင် စက်ရုံ တည်တဲ့အတွက် ကိုယ့်မှာ အကျိုး ရှိတာ မှန်ပါရဲ့၊ ဒါပေမဲ့ တစ်ဖက်ကျတော့ နိုင်ငံချစ်စိတ်နဲ့ ယှဉ်ပြီး စဉ်းစားတဲ့အခါ ဒီလို အဆီအငေါ် မတည့်တဲ့ စီမံကိန်းတွေ ဘယ်လောက်များ များနေပြီလဲလို့ တွေးပြီး ရင်လေးမိပါတယ်။ ဒီထက် ဆိုးတာ ရှိပါသေးတယ်။ ဘာလဲဆိုတော့ ပြည်မက သကြားစက်တွေကို ကြံသယ်ရင် ကားတွေနဲ့ သယ်တာ၊ နွားလှည်း ကျွဲလှည်းတွေနဲ့ သယ်ကြပါတယ်။ ရခိုင်ပြည်နယ်ကတော့ တစ်မျိုးဗျ၊ သူတို့က ကျွဲတွေ နွားတွေကို နဖားကြိုး ထိုးတဲ့ အကျင့် မရှိပါဘူး။ နဖားကြိုး မထိုးတော့ နွားတွေ၊ ကျွဲတွေက ဝန် မရုန်းနိုင်ပါဘူး။ ပြည်မက နွားလှည်းတစ်စီး ဆိုရင် ကြံ သုံးတန်လောက် သယ်နိုင်ပေမဲ့ ကျောက်တော်က နွားလှည်းတွေက ကြံ တစ်တန်မှ အနိုင်နိုင်။

## အရက်ချက် စက်ရုံ တစ်ခုလည်း တည်ရမယ်

စက်ရုံ စလည်ပြီ ဆိုတာနဲ့ သကြား အထွက် ကောင်းသလို ဘေးထွက် ပစ္စည်း တစ်ခု အမြဲတမ်း ရှိပါတယ်။ ဒါကတော့ တင်လဲရည်ပါ။ ရွှေညောင် သကြားစက်တုန်းက ထွက်လာတဲ့ တင်လဲရည်ကို ဖေယျာဝတီနဲ့ မန္တလေးမှာ ရှိတဲ့ အရက်ချက်စက်တွေကို ပို့ပြီး အရက် ချက်စေပါတယ်။ ကျောက်တော် သကြားစက်ကျတော့ ထွက်လာတဲ့ တင်လဲရည်ကို ပထမတော့ မြစ်ထဲကို ပစ်ပါတယ်။ ရေရှည် မဖြစ်နိုင်ဘူးဆိုတာ သိတဲ့ အတွက်ကြောင့် ကျောက်တော်မှာ သကြားစက်နဲ့ တွဲပြီး အရက်ချက် စက်ရုံ တစ်ခု တည်ဖို့ လိုလာပါပြီ။ ဒါကြောင့် နယ်သာလန်က ကုမ္ပဏီကို မေတ္တာရပ်ခံပြီး အရက်ချက် စက်ရုံ တည်ဆောက်ပေးမယ့် ကုမ္ပဏီ တစ်ခုနဲ့ ဆက်သွယ်ပေးဖို့ မေတ္တာရပ်ခံပါတယ်။

စက်မှု ၁ ရဲ့ ဆန္ဒကို ကျွန်တော့် ကုမ္ပဏီက လှမ်းအကြောင်းကြားလို့ သူတို့က နယ်သာလန် နိုင်ငံ ထဲမှာ စုံစမ်းတဲ့အခါ သူတို့ စိတ်တိုင်းကျမယ့် ကုမ္ပဏီ ရှာလို့ မတွေ့ပါဘူးတဲ့၊ နောက်မှ ဖင်လန် နိုင်ငံက ကုမ္ပဏီ တစ်ခုနဲ့ အဆက်အသွယ် ရပါတယ်။ စက်ရုံအတွက် လိုအပ်တဲ့ ငွေကြေး ပမာဏဟာ သကြားစက် တစ်ခုနဲ့ တန်ဖိုး အတူတူလောက်ပါပဲ။ ချေးငွေကလည်း နယ်သာလန် နိုင်ငံက စီစဉ်ပေးတဲ့အတွက် အစစ အရာရာ အဆင်ပြေပါတယ်။ ကျွန်တော့်အတွက်ကတော့ အဲဒီ Project တွေကြောင့် နားရတယ် မရှိပါဘူး။ အမြဲတမ်း ခရီးသွားနေရပါတယ်။ စက်မှုပညာနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေလည်း အများကြီး တိုးပါတယ်။

## မြစ်သားမြို့က ဝါစက်

ဒီ ဝါစက် စီမံကိန်းက အာရှ ဖွံ့ဖြိုးရေးဘဏ် ချေးငွေ ဒေါ်လာ တစ်သန်းနဲ့ တင်ဒါ အောင်ခဲ့တာပါ။ ကွယ်လွန် သွားပြီဖြစ်တဲ့ "ကြက်ဆင် ဦးသန်းမောင်" နဲ့ တွဲပြီး လုပ်ခဲ့တာပါ။ နည်းပညာက ထူးခြားပါတယ်။ တခြား ဝါစက်တွေက ကြိတ်လုံး ဝါစက် Roller gin တွေပါ။ ဒါပေမဲ့ မြစ်သားမှာ တည်ခဲ့ရတဲ့ ဝါစက်ကတော့ ကြိတ်လုံး မျက်နှာပြင်မှာ အင်မတန် သေးတဲ့ ချိတ်ကလေးတွေဟာ လွှသဘောမျိုးနဲ့ တည်ဆောက်ထားတာပါ။ Saw gin လို့ ခေါ်ပါတယ်။ ဝါတွေဟာ အဲဒီ လွှကြိတ်လုံးထဲ ဝင်သွားတဲ့အခါ ကြိတ်လုံးမှာ ပါတဲ့ လွှသဏ္ဌာန် ချိတ် ကလေးတွေက ဝါစေ့မှာ ကပ်နေတဲ့ ဝါတွေကို ဆွဲယူပါတယ်။

အဲဒီလို ဆွဲယူလိုက်တဲ့ ဝါအများစုက အစေ့နဲ့ ကွာသွားပြီးတော့ ဝါစေ့မှာ အမျှင်လေးတွေ ကျန်နေခဲ့

ပါတယ်။ အဲဒီ အမျှင်လေးတွေကို Lint လို့ ခေါ်ပါတယ်။ အဲဒီ အမျှင် ပါတဲ့ ဝါစေ့လေးတွေကို ဓာတုအရည် တစ်မျိုးထဲကို ထည့်စိမ်လိုက်တဲ့အခါ ဝါစေ့ အမျှင်လေးတွေဟာ ပျော်ပြီးတော့ အနည်ထိုင်သွားပါတယ်။ အမျှင်လေးတွေကြောင့် အနည်ထိုင်သွားတဲ့ ဝါအနှစ်တွေကို အရည် စစ်ပြီးတော့ ကာကွယ်ရေး ပစ္စည်း စက်ရုံကို ပို့ရပါသတဲ့။ အဲဒီ အနှစ်တွေကို အခြေခံပြီး အိတ်အိုအိတ် 808 ယမ်းပျော့ ဖြစ်လာအောင် ထုတ်လုပ်ရပါသတဲ့။

အဲဒီ ယမ်းပျော့မျိုးကို ကျွန်တော် တပ်ထဲမှာတုန်းက အင်ဂျင်နီယာတပ်မှာ သင်တန်းတက်ရင်း တွေ့ခဲ့ဖူးပါတယ်။ ပဲပြားနဲ့ သဏ္ဍာန်တူပါတယ်။ သူ့ချည်းထားရင် အန္တရာယ် မရှိနိုင်ပါဘူး။ သူ့ကို ဖောက်ခွဲဖို့ ပရိုင်မာ Primer လိုပါတယ်။ အဲဒီ ပရိုင်မာကိုမှ စနက်တန် Detonator ထည့်ပြီးမှ ပေါက်ကွဲတာပါ။ မှတ်မိပါသေးတယ်၊ ကျွန်တော်တို့ ဗိုလ်လောင်းဘဝက သင်တန်းမှာ အင်ဂျင်နီယာတပ် B.E. ကို သင်တန်း သွားတက်ရပါတယ်။ သင်ခန်းစာ တစ်ခုမှာ 808 ယမ်းပျော့ အကြောင်း ပါပါတယ်။

သင်တဲ့ တပ်ကြပ်ကြီးက တစ်ထွာလောက် ရှည်တဲ့ 808 ယမ်းပျော့ကို သူ့လက်ဖဝါးကို ရိုက်ပြလိုက်၊ ခုံကို ရိုက်ပြလိုက်နဲ့ သင်တန်း ပို့ချခဲ့ပါတယ်။ သူ့ရဲ့ ဂုဏ်သတ္တိတွေကို ရှင်းပြနေတာပေါ့။ ပြီးမှ သင်တန်းသား ဗိုလ်လောင်း တစ်ယောက်ဆီကို ဖြတ်ကနဲ လှမ်းပစ်လိုက်တဲ့အခါ အဲဒီ ဗိုလ်လောင်းက လန့်ပြီး ထခုန်လို့ ပွဲကျသွားပါသေးတယ်။ သင်တန်းဆရာက သာမန်ဆိုရင် ဘယ်လိုမှ အန္တရာယ် မရှိဘူးလို့ လက်တွေ့ပြချင်တာပါ။

## လုပ်ငန်းများတွင် တွေ့ကြုံရသော ကောင်း/ဆိုးကွက်များ

ရွှေညောင် သကြားစက် စီမံကိန်း အကောင်အထည် ဖော်စဉ်က ရှမ်းပြည်နယ်သို့ မကြာ မကြာ သွားခဲ့ရပါတယ်။ စက်ရုံ နေရာဟာ လမ်းစဉ် ပါတီခေတ် လူရည်ချွန်များ စခန်းဖြစ်တဲ့ အင်းလေး ခေါင်တိုင် စခန်းနဲ့ နီးပါတယ်။ စက်ရုံနဲ့ ခေါင်တိုင် စခန်းကြားမှာ ရေပူစမ်း တစ်ခု ရှိပါတယ်။ အလုပ် နားတဲ့အချိန်မှာ အဲဒီ ရေပူစမ်းဟာ အပန်းဖြေစရာ နေရာလေး တစ်ခုပါ။ ထိုစဉ်က ရေပူစမ်းဟာ သဘာဝအတိုင်း နီးပါးလောက်ပဲ ရှိပြီး နောက်ပိုင်းမှာတော့ တဖြည်းဖြည်း ပြုပြင်ခဲ့တာ အခုဆိုရင် လူအများ လာချင်စဖွယ် ဖြစ်အောင် ပြင်ဆင်ထားတဲ့ အနားယူစခန်း တစ်ခု ဖြစ်နေပါပြီ။

ကျောက်တော်မှာတော့ မဟာမြတ်မုနိဘုရား တည်ရှိတဲ့ နေရာနဲ့ ခုနစ်မိုင်လောက် ဝေးပါတယ်။ အလုပ်နားတဲ့အချိန်မှာ ကုမ္ပဏီက MD ဖြစ်တဲ့ VDK ရယ်၊ သူ့ အင်ဂျင်နီယာတွေရယ် စက်မှု (စားကုန်) က အရာရှိတွေ ကားတစ်စီးနဲ့ သွားခဲ့ပါတယ်။ ကားက အမျိုးအမည် မသိတဲ့ ပထမ ကမ္ဘာစစ် လက်ကျန် ကားနဲ့ တူပါတယ်။ လူသိများတဲ့ ဒေါ့ဂျစ်နဲ့လည်း ခပ်ဆင်ဆင်ပါ။ ဒရိုင်ဘာက ကားမောင်းတဲ့အခါ ဂီယာ တစ်နဲ့ နှစ်ပဲ ထိုးလို့ရပါတယ်။ နှစ် ထိုးပြီး မောင်းရင် ဂီယာတံကို တုတ်နဲ့ ထောက်ပြီး ထည့်ရပြန်ပါသေးတယ်။

ဒီထက် ဆိုးတာက လူတစ်ယောက်က ကားစက်ခေါင်းပေါ် မှာ ထိုင်လိုက်ပြီး ကာဗျူရေတာကို လက်နဲ့ ပိတ်လိုက် ဖွင့်လိုက်၊ ပိတ်လိုက် ဖွင့်လိုက်နဲ့ ဆီ ချူရပါသေးတယ်။ နိုင်ငံခြားသား အင်ဂျင်နီယာတွေကတော့ အဲဒီ မြင်ကွင်းကို သဘောတွေကျလို့ပေါ့။ ဓာတ်ပုံတွေ ရိုက်၊ နားတဲ့ အချိန်မှာ စက်ခေါင်းကို လှေ့လာလိုက်နဲ့ ခေါင်းတခါခါ စုတ်တသပ်သပ်နဲ့ပါ။ သူတို့ အနောက် နိုင်ငံတွေမှာ ဘယ်လိုမှ မတွေ့နိုင်တော့တဲ့ ကားပါ။

မဟာမြတ်မုနိဘုရားကတော့ ဉာဏ်တော် နှစ်ပေလောက်ပဲ ရှိမှာပါ။ ဗမာတွေ ယူသွားတဲ့ ဘုရားက အတု၊ ဒီဘုရားမှ အစစ်လို့ အဲဒီ ဒေသမှာ လူပြောများပါတယ်။ အဲဒီတုန်းက ဘုရား ပရဝဏ်က သိပ် မသားနားသေးပါဘူး။ အခုတော့ စည်ကား သပ်ရပ်နေပါပြီ။ နောက်တစ်ခု အမှတ်တရ ရှိစေတာက စစ်တွေက ကျောက်

တော်ကို စီးလုံးငှား နှစ်ထပ် မော်တော်ဘုတ်နဲ့ ခရီးပါ။ အဆန် ခရီးက ရှစ်နာရီ ကြာပါတယ်။ လမ်းခုလတ် ရောက်တော့ ပုဏ္ဏားကျွန်းကို ဖြတ်ရပါတယ်။ အဲဒီနား တစ်ဝိုက်မှာ တံငါလေ့တွေ အများကြီးပါ။ ကျွန်တော်တို့က မော်တော်ကို ရပ်ပြီး တံငါလေ့တွေကို ခေါ်တဲ့အခါ သူတို့ဆီမှာ လတ်လတ်ဆတ်ဆတ် ပုစွန်ကြီးတွေ ဖမ်းထားတာ တွေ့ပါတယ်။

ဒါနဲ့ လူကြီးလက်ဖျံလောက် အရွယ်ရှိတဲ့ ပုစွန် လေး-ငါးကောင် ဝယ်ပါတယ်။ အလွန် ဈေးချိုပါတယ်။ တစ်ကောင်မှ ကျပ် ၁၀ လောက်ပါ။ အခုခေတ်မှာ တစ်ပိဿာကို ငါးသောင်း ခြောက်သောင်းလောက် အရွယ်တွေပါ။ အဲဒီ ပုစွန်တွေကို မော်တော်ပေါ်မှာ ပါလာတဲ့ ထမင်းချက်ကို အပ်လိုက်ပါတယ်။ သူက ပုစွန်တွေကို အခွံခွာပြီး အစိမ်းလိုက်ကို ရှောက်ရည် ရွှဲရွှဲ ဆမ်းလိုက်ပါတယ်။ ပြီးမှ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ငရုတ်သီးစိမ်းနဲ့ အစိမ်းသုတ် သုတ်တာပါ။ နိုင်ငံခြားသားတွေ ပါလာတဲ့ Johnny Warker တစ်လုံး ထောင်ပြီး စားလိုက် သောက်လိုက် စကားပြောလိုက်နဲ့ ညနေ လေးနာရီလောက် ကျောက်တော် ရောက်တော့ ပုစွန်လည်း ကုန်၊ အရက်ပုလင်းလည်း ပြောင်၊ လူတွေလည်း ရေချိန်ကိုက်မှ။

## အနိဋ္ဌာရုံများ

သိကြတဲ့အတိုင်း ကျွန်တော်ဟာ အုန်းကျော်မြင့် ကိစ္စနဲ့ တပ်က ထွက်လိုက်ရတော့ ကျွန်တော်ဟာ အာဏာပိုင်တွေ စောင့်ကြည့်ခံနေရတယ် ဆိုတဲ့ ရေဒါထဲမှာ အကျုံးဝင်နေပါတယ်။ ဒါ့ကြောင့် ရွှေညောင်လို၊ စစ်တွေလို နေရာတွေကို သွားတဲ့အခါ ပြည်နယ်တွေ ဖြစ်တဲ့အတွက် ဟဲပိုး လေဆိပ်၊ စစ်တွေ လေဆိပ် ရောက်တာနဲ့ လေဆိပ်က SB မှူးခင်း တပ်ဖွဲ့ဝင်တွေက ကျွန်တော့်ကို ချဉ်းကပ်ပြီး ဘာလုပ်လာတာလဲ၊ အတူပါတဲ့ နိုင်ငံခြားသားတွေက ဘယ်သူလဲ၊ ဘာကိစ္စလဲ၊ ဘယ်လောက် ကြာမှာလဲ စသဖြင့် "ဘ"ပေါင်း များစွာ အစချီတဲ့ မေးခွန်းတွေ ဒရစပ် အမေးခံရပါတယ်။ ဟိုတယ်မှာ တည်းတယ် ဆိုရင်လည်း ကျွန်တော် ဧည့်သည်တွေမို့ အထူး ဂရုစိုက် စောင့်ကြည့်ခြင်းခံရပါတယ်။

များသောအားဖြင့် နိုင်ငံခြားသားများရဲ့ ရှေ့မှာ မေးမြန်း စစ်ဆေးတာ ခံရတော့ သိက္ခာကျတယ်လို့လည်း ခံစားရသလို နိုင်ငံခြားသားများကလည်း ကျွန်တော့်အပေါ် အထင်မသေးသည့်တိုင်အောင် စိုးရိမ်ကြောင့်ကြမှုတွေတော့ ရှိကြမှာပါ။ ကျွန်တော်ကတော့ ဒီလို အနိဋ္ဌာရုံတွေကို လျစ်လျူရှုပြီး ကိုယ့်အလုပ်ပဲ အာရုံစိုက်ခဲ့တဲ့အတွက် စိတ်အနှောက်အယှက် ဖြစ်ရုံကလွဲလို့ ပြဿနာ ကြီးငယ်များ မပေါ်ပေါက်ခဲ့ပါဘူး။

## ချည်ထည် အချောကိုင် စက်ရုံ စီမံကိန်း (ရွှေတောင်) Textile Finishing Plant Project

ရွှေတောင် Project လို့ပဲ လွယ်လွယ်ကူကူ ခေါ်လိုက်ပါမယ်။ ကမ္ဘာ့ဘဏ် ချေးငွေနဲ့ပါ။ ချေးငွေ ပမာဏ ကြီးလို့ တင်ဒါ လေး-ငါးခုလောက် ခွဲရပါတယ်။ Textile Finishing ဆိုတာက သေချာ ပြုပြင်ထားတဲ့ ချည်မျှင်တွေနဲ့ ရက်တဲ့ ချည်သား ကောင်းကောင်းတွေပေါ်မှာ ဆေးဆိုးပန်းရိုက် လုပ်ငန်း ဖြစ်ပါတယ်။ အဲဒီ ခေတ်ကတည်းက စက်တွေကို Computer နဲ့ ထိန်းချုပ်ပြီး အရောင်တွေကလည်း လွင်လွင်နဲ့၊ ဆိုးတဲ့ ဆေးတွေကလည်း အဆင့်အတန်း မြင့်ပါတယ်။ တကယ်တမ်း ဒီစက်ရုံ ပြီးရင် အင်ဒိုနီရှား ပါတိတ်တွေကို ယှဉ်နိုင်တဲ့ ချည်ထည်တွေ ထွက်မှာပါ။

ဒီ Project ရဖို့လည်း တော်တော် ကြိုးစားရပါတယ်။ အဲဒီခေတ်က အဂတိတရား အလွန် နည်းပါတယ်။ ကျွန်တော် သကြားစက်တွေ တည်တုန်းက ကုမ္ပဏီက Stork Sugar ပါ။ အခု ချည်ထည် လုပ်ငန်းကိုတော့

Stork Textile ဆိုတဲ့ တခြား ကုမ္ပဏီက ကိုင်တွယ်ပါတယ်။ အဲဒီ Stork ဆိုတဲ့ ကုမ္ပဏီကြီးက လူသုံးကုန် ပစ္စည်း အမျိုးမျိုး ထုတ်တဲ့ တခြား ကုမ္ပဏီတွေလည်း ရှိပါတယ်။ ဒီလို ကုမ္ပဏီကြီးမျိုးကို Conglomerate လို့ ခေါ်ပါတယ်။ အဲဒီ စီမံကိန်း အကောင်အထည် ဖော်ခါနီး၊ စက်ပစ္စည်းတွေနဲ့ အင်ဂျင်နီယာတွေ ရောက် မလာမီ ကာလလေးမှာ ကျွန်တော်ဟာ နိုင်ငံရေး ပုဒ်မနဲ့ ထောင်ထဲကို ဝင်ခဲ့ရပါတော့တယ်။

## ကျွန်တော်နဲ့ တောင်တွင်းကြီး ဆရာတော် ဗိုလ်ကော

ကျွန်တော် တပ်က ထွက်တော့ ၁၉၇၈ ခုနှစ်လောက်မှာ ဆယ်မိုင်ကုန်းက ဘုန်းကြီးကျောင်းကို သွားပါတယ်။ ကျောင်းနာမည်တော့ မမှတ်မိတော့ပါဘူး။ ကျွန်တော်တို့ အခေါ် တောင်တွင်းကြီးကျောင်းလို့ မှတ်သားထားတာ ပါ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီက ကျောင်းထိုင်က တောင်တွင်းကြီး ဇာတိပါ။ ဘွဲ့တော့ ကောင်းကောင်း မသိ ပါဘူး။ ကျွန်တော်တို့ အခေါ်က ဗိုလ်ကော ဖြစ်ပါတယ်။ သူ့ဘွဲ့က ကောသလ္လ ထင်ပါရဲ့။

ကျွန်တော်တို့က ဦးနေဝင်း လုံခြုံရေး ယူတဲ့အခါ သူ ဂေါက်ကွင်း ရောက်ပြီ ဆိုတာနဲ့ ကျွန်တော်တို့က အဲဒီ ကျောင်းထဲမှာ ပြန်နားကြတာပါ။ ဒီလိုနဲ့ ခင်လာခဲ့ကြတာပါ။ သူက ဗေဒင် လက္ခဏာ ကျွမ်းတယ်လို့ နာမည်ကြီးပါတယ်။ ဒါ့ကြောင့် ကျွန်တော်ရဲ့ အနာဂတ်ကံကို သိချင်လို့ သူ့ဆီသွားပြီး လက္ခဏာ ကြည့်တာပါ။ သူ ဟောတာ အပြည့်အစုံတော့ မမှတ်မိတော့ဘူး၊ တစ်ခုကိုတော့ ကောင်းကောင်း မှတ်မိပါတယ်။ သူက "ခင်ဗျားမှာ ငွေတွေ အလုံးလိုက် ဝင်စရာ ရှိတယ်ဗျ၊ လိမ့်လိမ့်ဝင်မှာ၊ ဘယ်လို သဘောလဲတော့ မသိဘူး၊ မိဘ သို့မဟုတ် ယောက္ခမဆီက အမွေရတာမျိုးလား၊ မပြောတတ်တော့ဘူးဗျာ" လို့ ဟောပါတယ်။

သူက ကျွန်တော်တို့ကို စကား ပြောရင် လူလို "ခင်ဗျားနဲ့ ကျွန်တော်နဲ့" သဘောမျိုး ပြောတာပါ။ ကျွန်တော်ကတော့ အကျင့်ပါနေလို့ ဘုန်းကြီးလိုပဲ ဆက်ဆံ ပြောဆိုပါတယ်။ သူ ဟောပြောချက်ကို ကြားရ တော့ ကျွန်တော်က "ဆရာတော်ကလည်း မဖြစ်နိုင်တာ တပည့်တော် မိဘက ကျောင်းဆရာ၊ ယောက္ခမက တပ်ထဲမှာ၊ ဘယ်လိုလုပ် အမွေရမှာလဲ" ဆိုပြီး စိတ်ပျက်လက်ပျက် ပြန်ပြောမိပါတယ်။ ဗိုလ်ကောက "အဲဒါ တော့ ကျွန်တော်လည်း မပြောတတ်ဘူးဗျာ၊ မြင်သလို ဟောရတာပဲ" လို့ ပြန်ပြောပါတယ်။

## ငွေ အပေးအယူ

ကျွန်တော် စီးပွားရေး လုပ်ငန်းတွေ အောင်မြင်တော့ ထိုခေတ်က ဥပဒေ စည်းမျဉ်းတွေ အရ ကော်မရှင် ယူခွင့် မရှိပါဘူး။ ဒါ့ကြောင့် ရသမျှ ငွေတွေကို သူတို့ ကုမ္ပဏီမှာပဲ ထိန်းထားခိုင်းပြီး ကျွန်တော်တို့ကိုတော့ လခစား သဘောမျိုး တစ်လကို ဒေါ်လာ ၂၀၀ မျိုး၊ ၃၀၀ မျိုး ပို့ခိုင်းခဲ့ပါတယ်။ ပိုတဲ့ ငွေကိုတော့ တရုတ်၊ ကုလားတွေနဲ့ ဆက်သွယ်ပြီး ဟွန်ဒီနဲ့ ဗမာငွေ ရပါတယ်။ လွန်ခဲ့တဲ့ အနှစ် ၄၀ လောက်ကပါ။

ဒါ့ကြောင့်မို့လို့ အဲဒီလို လွှဲလို့ရတဲ့ ငွေတွေနဲ့ အခုလက်ရှိ နေနေတဲ့ မြေကို ဝယ်ယူခဲ့ပါတယ်။ အကျယ် အဝန်းက ပေ ၁၀၀ x ၉၀ ပါ။ ၁၉၈၂ ခုနှစ်လောက်က စဝယ်ပြီး ပျဉ်ထောင်အိမ် တစ်လုံး ဆောက်ပြီး နေခဲ့ပါ တယ်။ တကယ်တော့ ကျွန်တော်ဟာ ခံ့ညား သပ်ရပ်တဲ့ တိုက် ဆောက်နိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့ အနေအထားဟာ အာဏာပိုင်တွေရဲ့ စောင့်ကြည့်ခြင်း ခံနေရတဲ့ အတွက် အိမ်လည်း ကောင်းကောင်း ဆောက်မနေရဲ၊ ကားလည်း အကောင်းစား မစီးရဲတဲ့ ဘဝပါ။

ဒါပေမဲ့ မိတ္ထီလာရှိ မိဘ နှစ်ပါးကိုလည်း တစ်ထပ်တိုက် တစ်လုံး ဆောက်ပေးခဲ့ပါတယ်။ ယောက္ခမကြီး ကလည်း ဗိုလ်မှူးဘဝနဲ့ တပ်က ထွက်တော့ နေစရာ မရှိပါဘူး။ ဒါ့ကြောင့် သူတို့ အတွက် အင်းစိန် လမ်းသစ်

မှာပဲ နှစ်ထပ်တိုက် တစ်လုံးကို သုံးသိန်းခွဲနဲ့ ဝယ်ပေးပြီး သူ့မိသားစု တစ်စုလုံးအတွက် နေစရာ ဖန်တီးပေးခဲ့ပါတယ်။ နောင်မှာ ဒီအိမ်နဲ့ ပတ်သက်ပြီး ပေါ်လာတဲ့ ပြဿနာများကြောင့် ဇနီးသည်နဲ့ သံယောဇဉ် ပြတ်လောက်တဲ့ အထိ ဖြစ်သွားခဲ့ပါတယ်။ (အကျိုးအကြောင်း အပြည့်အစုံတော့ နောက်မှာ အလျဉ်းသင့်သလို ရေးပြပါ့မယ်။ သံဝေဂ ရနိုင်စရာ ကိစ္စမို့ပါ။)

တခြား ပြည်တွင်း စီးပွားရေး လုပ်ငန်း မျိုးစုံလည်း လုပ်ပါသေးတယ်၊ ၁၉၈၉ ခုနှစ် အဖမ်းခံရတော့ ကျွန်တော့် အိမ်မှာ ကားငါးစီး ရှိပါတယ်။ ဇနီးသည်မှာလည်း အတွင်းပစ္စည်း တော်တော်များများ ရှိပါတယ်။ ဒါပေမဲ့ သူက စီးပွားရေး မလုပ်တတ်တော့ ထောင်ဝင်စာ လိုအပ်ချက်တွေကြောင့် ရှိတာတွေကို တစ်စ တစ်စ ထုတ်ရောင်းရင်း ရပ်တည်ခဲ့ပါတယ်။ ဒါ့ကြောင့် ၁၉၉၅ ခုနှစ် ထောင်က လွတ်တော့ အိမ်မှာ ကားတစ်စီးပဲ ကျန်ပါတော့တယ်။

ကျွန်တော် စီးပွားရေး အဆင်ပြေလာတော့ တောင်တွင်းကြီး ဘုန်းကြီး ဗိုလ်ကောဟ ကျွန်တော့်ကို ပေါခဲ့တာကို သွားသတိရပါတယ်။ ဒါ့ကြောင့် သူ့ကို အသိအမှတ်ပြုတဲ့ အနေနဲ့ ဗိုလ်ကောကို သွားကန်တော့မယ်လို့ စုံစမ်းကြည့်တဲ့အခါမှာ ဗိုလ်ကော အပြင်မှာ မရှိတော့ပါဘူး၊ ထောင်ထဲ ရောက်နေပါပြီတဲ့။ ၁၉၈၈ ခုနှစ်က ဦးနေဝင်း လုပ်ခဲ့တဲ့ သာသနာ သန့်ရှင်းရေး လုပ်ငန်းရဲ့ စစ်ဆင်ရေး တစ်ခုမှာ ငြိပြီး ထောင်ထဲ ဝင်သွားတာပါ။

ထောင်ထဲ ဝင်ရုံတင်မကဘူး သူ့ မြေရော၊ ကျောင်းရောပါ အသိမ်းခံရပါတယ်။ အခုတော့ သူ့ ကျောင်းကွင်း နေရာမှာ အင်းစိန် မြို့နယ် အ.လ.က တစ်ခုအဖြစ် ပြောင်းလဲသွားပါပြီ။ ဗိုလ်ကောက ထောင်ထဲမှာ နှစ်နှစ်နီးပါး နေခဲ့ရပါတယ်။ သူ ထောင်က လွတ်တော့ လှုမ်းထက်ဆိုတဲ့ နာမည်နဲ့ ဗေဒင်ဆရာ လုပ်နေပါတယ်။ သူ ထောင်ကျတဲ့ အကြောင်းအရင်းကတော့ မိန်းမကိစ္စ ဖြစ်ပါတယ်။ သူ့ဆီကို ဗေဒင်လာမေးတဲ့ မိန်းမတွေနဲ့ ဖြစ်တာပါ။

အပျိုအရွယ် ရုပ်ရှင်မင်းသမီး၊ ကတော်ကြီး၊ ကတော်ငယ်သူမှတ်မိသလောက် ရှုပ်ခဲ့တာ ၄၆ ယောက် ရှိပါသတဲ့။ သူ မမှတ်မိတာတွေလည်း အများကြီးပါ။ အခုတော့ ဆုံးသွားပြီလို့ ကြားပါတယ်။ သူ မဆုံးခင် သူ့ ဗေဒင်အခန်းကို ကျွန်တော် ခဏ ရောက်ခဲ့ပါသေးတယ်။ သူ့နားမှာ မိန်းမတွေ ဝိုင်းနေတာ လေး-ငါးယောက်လောက် ရှိမယ် ထင်ပါတယ်။ ကျွန်တော်က ဘာမှ မှတ်ချက်မပေးခဲ့ပဲ စိတ်ထဲကတော့ "ဪ.... သူ့အကျိုးပေးပေကိုး" လို့ မှတ်ချက်ချမိပါတယ်။

## ဘဝရဲ့ အရေးပါတဲ့ မှတ်တိုင် တစ်ခု

ကျွန်တော် အားအရဆုံး ကိစ္စကတော့ ၁၉၈၈ ခုနှစ်၊ မေလ (ရုတ်ရုတ်သဲသဲ မဖြစ်ခင်) မှာ ကျွန်တော့်သား နှစ်ယောက်ကို အကြောင်းပြုပြီး ချမ်းမြေ့ရိပ်သာမှာ အလှူကြီး လှူခဲ့တဲ့ ဖြစ်ရပ်ကိုပါ။ သူတို့ နှစ်ယောက်အပြင် အဖေနဲ့ ယောက္ခမကြီး ဦးကျော်မြင့်နဲ့ ညီများ၊ မယားညီအစ်ကိုများ၊ ယောက်ဖများ ဒုလ္လဘ ၁၃ ပါး၊ သမီးများနဲ့ တူမများ ငါးယောက်က သီလရှင်ဝတ်၊ သား နှစ်ယောက်က ကိုရင်ဝတ်၊ မောင်လင်းထွန်းရဲ့ သားများနဲ့ လှစန်းရီ သားများက ဖိုးသူတော်ဝတ် ဆိုပြီး မြိုင်မြိုင်ဆိုင်ဆိုင် အလှူကြီး ပေးခဲ့ပါတယ်။ သက်နီးစည်းတဲ့ သူတွေလည်း ဝိပဿနာ တရားများကို စူးစူးစိုက်စိုက် ကျင့်ခဲ့ရတဲ့အတွက် စဉ်းစားမိတိုင်း ဝမ်းမြောက်ရပါတယ်။ ကိုယ့်အတွက်ကတော့ ဒါနကုသိုလ် တစ်ခုပေါ့၊ သူတို့အတွက်ကတော့ ဘာဝနာအကျိုး ရမှာမလွဲပါ။

**မသေကောင်း မပျောက်ကောင်း (၉)၊ (နောက်ဆုံး ထင်ရဲ့)**

ဒီခေါင်းစဉ်နဲ့ပဲ ရေးခဲ့တဲ့ ဖြစ်စဉ် ရှစ်ခုတောင် ရှိခဲ့ပါပြီ။ ဒါက ကိုးကြိမ်မြောက်ပေါ့။ တပ်ထဲမှာတုန်းကတော့ သေနတ်တွေ တကားကား၊ ကျည်ဆံတွေ တရှိုးရှိုးနဲ့မို့ သေဘေးနဲ့ သီသီလေး လွတ်ခဲ့ရတဲ့ ဖြစ်စဉ်တွေပါ။ တစ်ခုသော ဖြစ်စဉ်ကတော့ ချွင်းချက်ပါ။ အဲဒါကတော့ ရုရှားဘာသာ အတူ တက်ခဲ့တဲ့ ဗိုလ်ကြည်ဝင်းနဲ့ Bachelor night မှာ ဖြစ်ခဲ့တဲ့ ဖြစ်စဉ်ပါ။ အဲဒီတုန်းက ကျွန်တော်က စစ်ရုံးကို ရောက်နေပါပြီ။ သူကတော့ နိုင်ငံခြားရေးရုံး တွဲဘက် တာဝန်နဲ့ စမ်းချောင်း ဝေဠုဝန် တိုက်ခန်းမှာ နေစဉ် ကြုံခဲ့ရတာပါ။ (အထက်မှာ ဖော်ပြပြီးပါပြီ။)

တပ်က ထွက်လိုက်ရတော့ ဒီလို ဖြစ်စဉ်တွေနဲ့ ဝေးခဲ့ပြီပေါ့။ အဲဒီလို အတွေးပေါက်နေချိန်မှာ ၁၉၈၆ ခုနှစ်မှာ တစ်ကြိမ် ထပ်ကြုံခဲ့ရတာပါ။ အဲဒီအချိန်မှာ ကျွန်တော် စီးပွားရေး လုပ်နေပါပြီ အလွန် အောင်မြင်နေလို့မို့ အကြောင်းသိတွေက ကျွန်တော့်ကို "သူဌေး ပေါက်စ" လို့ အခေါ်ခံနေရတဲ့ အချိန်ပေါ့၊ အခု နာမည်ထွက်နေတဲ့ "ပက်ပ်စီ ကိုသိန်းထွန်း" ဆိုတာဟာ အဲဒီတုန်းက စီးပွားရေး လုပ်ဖော်လုပ်ဖက်တွေပါ။ သူ တစ်ချိန်က ခရီးတွေများပြီး အရေးပေါ် ငွေလိုတုန်း ကျွန်တော့်ဆီမှာ ပိုက်ဆံချေးဖူးပါတယ်။ ယုံကြပါ့မလား မသိဘူး၊ ထားပါတော့.....။

ကျွန်တော်တို့ လုပ်ငန်း Ba Shwe and Win Htein Enterprises အတွက် ရုံးခန်း တစ်ခန်းကို မဟာဗန္ဓုလလမ်းနဲ့ ရွှေဘုံသာ လမ်းထောင့်က ပထမထပ်တစ်ခုမှာ ငှားပြီး ရုံးခန်းအဖြစ် အလုပ်တွေ လုပ်ပါတယ်။ ဌာနဆိုင်ရာတွေနဲ့ရော ပြည်ပနဲ့ပါ ဆက်သွယ်ဖို့ လိပ်စာ/စာတိုက်ပုံး စတာတွေ စီစဉ်ရပါတယ်။ ကျွန်တော် အရင်က တစ်နေရာမှာ ရေးပြခဲ့ဖူးသလို အဲဒီရုံးမှာ ကျွန်တော်ပဲ တံမြက်စည်း လှည်း၊ ကျွန်တော်ပဲ လက်နှိပ်စက် စာရေး၊ ကျွန်တော်ပဲ ယာဉ်မောင်း၊ ကျွန်တော်ပဲ ဦးဆောင် ညွှန်ကြားရေးမှူး။ (တခြား ဝန်ထမ်း တစ်ယောက်မှ မရှိ။)

အဲဒီလို "နည်းနည်းနဲ့ ကျဲကျဲဝိုင်း" ခဲ့တာပါ။ ကျွန်တော် ရှိရင်တော့ ရုံးဖွင့်ထား၊ ကျွန်တော် စက်မှု ၁ ရုံးကို သွားရရင် သော့လည်းကောင်း၊ စာတိုက်ကြီးမှာ အစိုးရ Telex သွားရိုက်ရရင် သော့လည်းကောင်း၊ ရုံးပိတ်ထား၊ အဲဒီလို စခန်းသွားနေတဲ့ ကာလပါ။

အဲဒီ ရုံးခန်းကို ၁၉၈၂ ခုနှစ်လောက်က စခဲ့တာပါ။ ၁၉၈၈ ခုနှစ်မှာ "ရှစ်လေးလုံး အရေးတော်ပုံကြီး" ဖြစ်ပေါ်လာတော့ ဖြစ်ပေါ်လာတဲ့ နိုင်ငံရေး ရေစီးကြောင်းထဲကို တစ်ဟုန်ထိုး မျောပါ ပါဝင်ခဲ့တော့ အဲဒီရုံးကို ယနေ့အထိ တစ်ခေါက်မျှ ပြန်မရောက်ခဲ့တော့ပါ။ အဲဒီတုန်းက ရုံးဘီရို၊ စာရွက်စာတမ်း၊ ပရိဘောဂ အနည်း ငယ်တွေကို ဒီအတိုင်းပဲ ထားခဲ့လိုက်ပါတယ်။ ယနေ့အထိ ဘာဖြစ်သွားပြီလဲ ဆိုတာ စုံစမ်း မေးမြန်းတာတွေ လည်း မလုပ်ခဲ့ပါ။ အိမ်ရှင်များက အင်မတန် ဘဝေါထား ပြည့်ဝတဲ့ သူတွေ ဖြစ်ပါတယ်။ သူတို့အကြောင်းကို နောက်မှ သီးသန့် ရေးပြပါဦးမယ်။

ရုံးကို အလာများသူတွေကတော့ ကျွန်တော်နဲ့ Partner ဗိုလ်မှူးကြီး ဘရွှေ (ငြိမ်း) ပါ။ သူက တစ်ပတ်ကို သုံး-လေးရက်လောက် လာလေ့ရှိပြီး နေ့တစ်ဝက်လောက်ပဲ နေလေ့ရှိပါတယ်။ နေ့ခင်း တစ်နာရီလောက် ထိတောင် နေခဲပါတယ်။ သူ ရှိရင် သူ့မိတ်ဆွေ အသက် ၇၀ တန်းက ဦးသိန်းမောင်၊ ကြက်ဆင် ဖဲထီး စက်ရုံ ပိုင်ရှင် ဦးသန်းမောင်၊ နိုင်ငံရေးသမားဟောင်း သခင် ဝတင်၊ သတင်းစာ ဆရာဟောင်း ကြီးပွားရေး ဦးသိန်း (ယခု ရာထူးဝန် အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဝင်းသိန်းရဲ့ ဖခင်) တွေ လာလေ့ရှိပါတယ်။ သူတို့ ရှိရင်တော့ စိတ် ဝင်စားစရာ ကောင်းတဲ့ နိုင်ငံရေး၊ စီးပွားရေး ရှေးဟောင်း နှောင်းဖြစ်တွေ ကြားသိရပါတယ်။ ကျွန်တော်ကလည်း

ဒါမျိုးတွေကို စိတ်ဝင်စားတော့ သဘောကျပါတယ်။

ကျွန်တော့် မိတ်ဆွေတွေလည်း လာကြပါတယ်။ အလာ အများဆုံးကတော့ အခု ကွယ်လွန်သွားပြီ ဖြစ်တဲ့ မျက်မှန်ကြီးခေတ် ထောက်လှမ်းရေးက အငြိမ်းစား ပေးခံရတဲ့ ဒုဗိုလ်မှူးကြီး ဇော်ဝိတ်၊ ကိုလှဝင်း (ယခု စာရေးဆရာ လေသူရဲ တစ်ဦး)၊ တစ်တပ်တည်း အတူနေခဲ့ဖူးတဲ့ ဗိုလ်မှူး မျိုးနောင် (ကွယ်လွန်)၊ ကိုသန့်ဇင်မြိုင် (ယခု US ရောက်နေ)၊ နောက် ကိုလတ်ကြီး။ ကိုလတ်ကြီးကတော့ တပ်က ထွက်တော့ မေမြို့ပြန်ပြီး အလုပ်မျိုးစုံ လုပ်နေတဲ့သူပါ၊ ဒါပေမဲ့ ကြီးလည်း ကြီးပွား နာမည်လည်း ရတာကတော့ "စိုးစံ ဘော်ဒါ" ဖြစ်ပါတယ်။ ရန်ကုန်ကို နှစ်လ တစ်ခါ၊ သုံးလ တစ်ခါ လာလေ့ရှိပါတယ်။ လာတိုင်းလည်း ကျွန်တော့်ရုံး သို့မဟုတ် အိမ်ကို မရောက်ရောက်အောင် လာပြီး မေမြို့ထွက် ပစ္စည်းတွေနဲ့ လက်ဆောင် ပေးလေ့ရှိပါတယ်။

အဲဒီနေ့က ကိုသန့်ဇင်မြိုင် ကျွန်တော့် ရုံးခန်းကို လာပြီး ထွေရာလေးပါးတွေ ပြောနေခဲ့ပါတယ်။ သူ့အကြောင်းကို အရင်အခန်းတွေမှာ ရေးခဲ့ပြီးပါပြီ။ သူက အပတ်စဉ် DSA အပတ်စဉ် ၁၁ က စာပေ ဓမ္မ တံဆိပ် ဆုရှင်ပါ။ ကျွန်တော်နဲ့ ရေကြည်အိုင် ထောက်လှမ်းရေး ထောင်မှာ ခြောက်လ အတူ နေခဲ့တဲ့သူပါ။ ပြီးတော့ အခု အထူး ကော်မရှင် ဥက္ကဋ္ဌ သူရ ဦးရွှေမန်းနဲ့လည်း အပတ်စဉ် အတူတူပါ။ တပ်က ထွက်ရပြီးတော့ ပထမ အိမ်ထောင်နဲ့ ကွာပြီး၊ ဒုတိယ အိမ်ထောင် သူနာပြု ဆရာမ မတင်ရီနဲ့ အတူ နေနေတာပါ။

ကျွန်တော်က သူ့အိမ်ထောင် နှစ်ခုလုံးနဲ့ ခင်ပါတယ်။ ကိုသန့်ဇင်မြိုင်က ညနေ ရုံးဆင်းချိန် လေးနာရီ လောက်ထိ နေနေတော့ ကျွန်တော်က အင်းစိန် ပြန်မယ်၊ သူက တက္ကသိုလ် ရိပ်သာလမ်း၊ ယခု ဖူဂျီ စားသောက်ဆိုင်နဲ့ မျက်စောင်းထိုး လမ်းခြားလေးထဲမှာ နေပါတယ်။ အဲဒီအိမ်မှာ နေရင်း နဝတ အစိုးရ တက်လာတော့ အဖမ်းမခံနိုင်ဘူး ဆိုပြီး သူရယ်၊ ဗိုလ်မှူး အေးမြင့် (အခု ဩစတေးလျ ရောက်နေတယ်လို့ကြားပါတယ်။) နဲ့ ညိုအုန်းမြင့် (အခု မြန်မာပြည် ပြန်ရောက်) တို့နဲ့ အတူ ထိုင်းနိုင်ငံကို ထွက်သွားခဲ့ပါတယ်။

အဲဒီကာလမှာ ကျွန်တော်စီးတဲ့ ကားက မာဇဒါ ပရက်စတို ပစ်ကပ် အနီရောင်လေးပါ။ နှစ်ဆန်း ဆန်နီနဲ့ တစ်ရွယ်တည်းပါ။ နံပါတ်က ၈/၂၃၂၃ ဖြစ်ပါတယ်။ ကိုသန့်ဇင်မြိုင်နဲ့ ကျွန်တော်တို့က ရွှေဘုံလာလမ်းကနေ မဟာဗန္ဓုလလမ်းကို ချိုးပြီး ဆူးလေဘုရားကို ပတ်ပါတယ်။ ပြီးမှ တက္ကသိုလ်ရိပ်သာ ရောက်ရင် ဘယ်ချိုးပြီး ကိုသန့်ဇင်မြိုင်ကို ချပြီးရင် ကျွန်တော်က အင်းစိန်လမ်းအတိုင်း အိမ်ပြန်ပေါ့၊ အဲဒီလို စိတ်ကူးနဲ့ ကျွန်တော် ထွက်လာတာပါ။ ကျွန်တော်က မောင်းပြီး သူက ဘေးက ထိုင်ပေါ့။ ဒါနဲ့ ဗိုလ်ချုပ်အောင်ဆန်းလမ်းဆုံလည်း ရောက်ရော မီးနီတွေကို ရပ်စောင့်ပါတယ်။ ကျွန်တော် နောက်မှာ ရှိလှရင် ကား လေး-ငါးစီးပေါ့။

အဲဒီတုန်းက ၁၉၈၆ ခုနှစ် ဆိုတော့ ကားတွေကလည်း မများသေးပါဘူး။ ဆူးလေဘုရားလမ်းကလည်း မချဲ့ရသေးပါဘူး။ မီးရထား ရိပ်သာဆိုတဲ့ သမ္မတ ရုပ်ရှင်ရုံနဲ့ မျက်စောင်းထိုးက အဆောက်အဦကလည်း မဖျက်ရသေးပါ။ ပြီးတော့ ဆူးလေဘုရားလမ်းနဲ့ အလုံပြဘုရားလမ်းတို့ဟာ နှစ်လမ်းမောင်းပဲ ရှိပါသေးတယ်။ ယခု ယောက်လမ်း လမ်းဆုံမှာ ဆောက်ထားတဲ့ Park Royal ဆိုတဲ့ ဟိုတယ်လည်း မရှိသေးပါဘူး။ ပြည်သူ့ပိုင် သိမ်းထားတဲ့ Auto Car အဆောက်အဦပဲ ရှိပါသေးတယ်။ ယခု Yuzana Garden Hotel ဆိုတာလည်း မပေါ်သေးပါဘူး။ အဲဒီနေရာမှာ အရင် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည် ရုံးထိုင်ခဲ့ဖူးတဲ့ "မိခင်နဲ့ ကလေးများ စောင့်ရှောက်ရေး အဖွဲ့" ရုံးနေရာ၊ နောက်တော့ ကာကွယ်ရေးဌာန နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ်ပိုင် ဖြစ်နေဆဲပါ။

မီးပွိုင့်က စိမ်းတော့ ကျွန်တော့်ကား စထွက်ပါပြီ။ အဲဒီခေတ်က ကားတိုင်းလိုလို manual gear ပါ။ စထွက်တော့ တစ်နဲ့ ထွက်၊ ဆူးလေ ကုန်းကျော် တံတားပေါ် ရောက်တော့ ဂီယာ နံပါတ်နှစ်ကို ပြောင်းလိုက်ပါပြီ။

နံပါတ် သုံးကို မပြောင်းသေးပါဘူး၊ သမ္မတ ရုပ်ရှင်ရုံကျော်ရင် ဘယ်ကွေ့ဝိုက်တက်ရတဲ့ လမ်းသဘောကို သိနေလို့ပါ။ ဒါပေမဲ့ အရှိန်ကတော့ တစ်နာရီ မိုင် ၂၀ နှုန်းလောက် ရှိနေပါပြီ။ ယောက်လမ်း (ယခု ယောမင်းကြီး လမ်း) ကျတော့ ဘယ်ဘက်ကို ဝိုက်ကွေ့လိုက်ပါတယ်။

ဒီအခိုက်မှာပဲ တစ်ဘက် လမ်းကြောက အုတ်သယ်ကားကြီးက အရှိန်နဲ့ မောင်းလာပါတယ်။ မှုမှန်ပုံ မရလို့ ရုတ်တရက် ကြည့်လိုက်တော့ အုတ်ကားကို မောင်းတဲ့ ကားဆရာက (ခုထိ မှတ်မိနေပါသေးတယ်) အမူအရာ ပြူးတူးပြဲတဲနဲ့ သူ့ကားရဲ့ စတီယာရင် (steering) ကို ဘယ်လှည့်လိုက်၊ ညာလှည့်လိုက် လုပ်နေပါတယ်။ ဒါပေမဲ့ ကားဘီးက ဘယ်လိုမှ တူရူမပြောင်းဘဲ တစ်ဘက်လမ်းကြောက ကျွန်တော့် ကားဆီကို အရှိန်နဲ့ ဝင်လာပါတော့တယ်။ ကျွန်တော့်ဘေးက ကိုသန့်ဇင်မြိုင်ကတော့ "ဟာ.........ဟာ" နဲ့ အော်နေပါပြီ။

ကျွန်တော်က ဒီအနေအထားမှာ ငယ်ငယ်က တပ်ထဲက စစ်ဆင်ရေး တစ်ခုမှာ ကျွဲခတ် ခံရစဉ်တုန်း ကလို ဖျတ်ခနဲ စဉ်းစား ဆုံးဖြတ်လိုက်ရပါတယ်။ ကျွန်တော် လန့်ဖျပ်ပြီး ဘရိတ် မအုပ်လိုက်ပါဘူး။ အုပ်လိုက် ရင် နောက်က ကပ်ပါလာတဲ့ ကားက ကိုယ့်ကို ဝင်ဆောင့်မှာ သေချာပါတယ်။ ဒါနဲ့ လီဗာကို မသိမသာ လျှော့ လိုက်တဲ့အခါ အရှိန် နှေးသွားပါတယ်။ အဲဒါကလည်း စက္ကန့်ပိုင်းလေး အတွင်းမှာပါ။ ကျွန်တော့်ကား အရှိန် နှေးသွားခိုက်မှာ အုတ်ကားကြီးက တစ်ဘက်လမ်းကြောကို အရှိန်နဲ့ ဖြတ်ဝင်လာပြီး ကျွန်တော့်ရှေ့က ရိပ်ခနဲ ဖြတ်ဝင်သွားပါတယ်။

သူ့ကား နောက်ပိုင်းမှာရှိတဲ့ စပယ်ယာတွေ တက်ဖို့ လုပ်ထားတဲ့ သံခြေနင်းကွင်းဟာ ကျွန်တော့်ကား ညာဘက် နောက်ကြည့်မှန်နဲ့ ရှပ်ပြီးသွားလို့ နောက်ကြည့်မှန်က တုန်ခါပြီး ကျန်ခဲ့ရပါတယ်။ အုတ်ကားက တော့ အရှိန်နဲ့ ညာဘက်မှာ ရှိတဲ့ ခရစ်ယာန် ဘုရားရှိခိုးကျောင်း အဝက အုတ်ခုံကို ဝင်တိုက်မိကာ " ဂျိမ်း" ခနဲ ဟိန်းသွားတဲ့ အသံကို ကြားလိုက်ရပါတယ်။

ဘေးက ကိုသန့်ဇင်မြိုင်ကတော့ ရင်ဘက်ကို လက်နဲ့ဖိပြီး "ဘုရား....ဘုရား" နဲ့ တ,နေပါတော့တယ်။ စာရှုသူများ ခန့်မှန်းမိကြပါလိမ့်မယ်။ အုတ်ကားကြီး ဝင်လာတဲ့အခါ ကျွန်တော် လီဗာကို မသိမသာ လျှော့လိုက်ခြင်းအားဖြင့် အရှိန်နှေးသွားတာပါ။ မူလ ပုံမှန် အရှိန်နဲ့ဆိုရင် အုတ်ကားနဲ့ ကျွန်တော့်ကား ထိပ်တိုက် တိုးမိမှာပါ။ ကားအရှေ့ခန်းထဲက ကျွန်တော်တို့ နှစ်ယောက်စလုံး ဘယ်လို ဖြစ်သွားမယ် ဆိုတာ မှန်းဆသာ ကြည့်ကြပါတော့။

ခုအခါမှာတော့ ကိုသန့်ဇင်မြိုင် တစ်ယောက်ဟာ Illinois ပြည်နယ်၊ ချီကာဂိုမြို့မှာ ဇနီးသည် မတင်ရီ၊ သမီးလေး တစ်ယောက်နဲ့ နေနေပါတယ်။ ပြည်ပရောက် နိုင်ငံသားတွေ တစ်ဖွဲ့ဖွဲ့ ပြန်လာပေမဲ့ သူကတော့ အခုထိ ရောက်မလာသေးပါဘူး။ သူနဲ့ ကျွန်တော်နဲ့ဟာ ရေကြည်အိုင်မှာလည်း အတူတူ၊ ၁၉၇၇ ခုနှစ်ကနေပြီး ၁၉၈၉ အထိဟာ မပြတ် တွေ့ဆုံခဲ့ကြတာမို့ သူ ဘာတွေးနေမယ်၊ ဘာလုပ်နေမယ် ဆိုတာ ကျွန်တော် မှန်းဆ လို့ ရနိုင်သလို၊ ကျွန်တော့် အနေအထားနဲ့ သဘောထားကိုလည်း သူ သိနေမှာ သေချာပါတယ်။ ဒါကြောင့် သူ ပြန်လာခြင်း၊ မလာခြင်းဟာ ကျွန်တော်တို့ နှစ်ယောက် အတွက် ပြဿနာ မဟုတ်ဘူးလို့ ယူဆပါတယ်။

## သေဖို့က ကံပါလာဦးမှလို့ ပြောရမလား

ကျွန်တော်က သေနိုင်လောက်တဲ့ သို့မဟုတ် မသေရင်လည်း ကြီးကြီးမားမား ထိခိုက် ဒဏ်ရာ ရစေနိုင်တဲ့ ကိစ္စတွေကို အထက်မှာ ရေးပြခဲ့ပြီးပါပြီ။ ကံ မပါလာလို့ ဒဏ်ရာလည်း မရခဲ့တဲ့ အပြင် သေဘေးက ပွတ်ကာ သီကာလေး လွတ်ခဲ့ပါတယ်။ အရွယ်ရလာလို့ ဗုဒ္ဓဘာသာ တရားတွေ လေ့လာတဲ့အခါ သုတ္တန် တရားတော်တွေ

ထဲမှာ "စူဠကမ္မဝိဘင်္ဂသုတ်" ဆိုတာ ဖတ်ရှု လေ့လာ မှတ်သားရပါတယ်။ အဲဒီ တရားတော်ကတော့ မူလက ဗုဒ္ဓဘာသာအပေါ် ယုံကြည်ခြင်း မရှိတဲ့ "သုဘလုလင်" ကို ဟောကြားတဲ့ တရားပါ။

သုဘလုလင်ရဲ့ အဖေ "တောဒေယျ" ဆိုတဲ့ ပုဏ္ဏားကြီးက မကွယ်လွန်မီက လောကကြီးရဲ့ မညီမျှမှု တွေကို ဆင်ခြင် မှတ်သားထားပြီး သူ့ အသက်ရှိစဉ်တုန်းက ကြိုးစား အဖြေရှာခဲ့ပါတယ်။ ဒါပေမဲ့ မအောင်မြင် ခဲ့ပါဘူး။ ဒါကြောင့်မို့ သူ့သား လက်ထက်မှာများ ဖြေနိုင်မယ့်သူ ပေါ်လိုပေါ်ညား ဆိုပြီး အဲဒီ မေးခွန်းတွေကို ကြေးပြားပေါ်မှာ ရေးသားပြီး အိမ်ရဲ့ ညှော့ခန်း နံရံမှာ ကြေးမှိုတွေနဲ့ ရိုက်ပြီး ထိန်းသိမ်းထားတာပါ။

အဲဒီ မေးခွန်းတွေရဲ့ အဖြေတွေကို မြတ်စွာဘုရားက ဖြေကြားခဲ့ပါတယ်။ ဒီအဖြေတွေကြောင့် သုဘ လုလင်ဟာ ဘုရား၊ တရားနဲ့ သံဃာတွေကို ရာသက်ပန် ကိုးကွယ် ဆည်းကပ် ထောက်ပံ့တဲ့ ဥပါသကာ တစ်ဦး ဖြစ်လာခဲ့ပါတယ်။ ဒီတရားတော်ကို ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားက မှတ်ရလွယ်အောင် အောက် ပါ အဝှဲင်း လင်္ကာတွေ ရေးခဲ့ပါတယ်။

၁။ သူ့ကို သတ်ဖြတ်၊ သက်တိုအပ်၊ မသတ် အသက်ရှည် (အသက်တိုခြင်း၊ ရှည်ခြင်း)

၂။ ညှင်းဆဲသူကား အနာများ၊ သနား ကျန်းမာသည်။ (အနာရောဂါ ပေါခြင်း၊ ကျန်းမာရေး ကောင်းခြင်း)

၃။ ဒေါသ မီးလျှံ အကျည်းတန် သည်းခံ လှပသည်။ (ရုပ်ဆိုးခြင်း၊ ရုပ်ရည် လှပခြင်း)

၄။ မပေးလှူက မွဲပြာကျ၊ လှူက ပေါကြွယ်သည် (ဆင်းရဲခြင်း၊ ချမ်းသာခြင်း)

၅။ မရိုမသေ မျိုးယုတ်ချေ၊ ရိုသေ မျိုးမြတ်သည် (အမျိုးညံ့ညံ့ လူဖြစ်ခြင်း၊ အမျိုးကောင်းသား ဖြစ်ခြင်း)

၆။ မနာလိုမှာ ခြွေရံကွာ၊ နာလို ခြွေရံစည် (အထီးကျန်ခြင်း၊ ခြွေရံသင်းပင်း ပေါခြင်း)

၇။ မမေးမမြန်း ဉာဏ်မြင်ကန်း၊ မေးမြန်း ဉာဏ်ကြီးသည်။ (ပညာမဲ့ခြင်း၊ ပညာတတ်ခြင်း)

လောကကြီးမှာ မညီမျှတာတွေ ခုနစ်မျိုး ရှိပါတယ်။ အကောင်း အညံ့ ခွဲလိုက်ရင် ပေါင်း ၁၄ မျိုးပေါ့။ စာရှုသူများ ကြိုးစား ရှာဖွေပြီး အကျယ်အဖြေ ရအောင် လုပ်ကြပါလို့ တိုက်တွန်းပါတယ်။ ကျွန်တော် တင်ပြ နေတဲ့ အကြောင်းအရာတွေနဲ့ ပတ်သက်တဲ့ "သူ့ကို သတ်ဖြတ်၊ သက်တို အပ်၊ မသတ် အသက်ရှည်" ဆိုတဲ့ အကြောင်းပဲ ရေးပြပါရစေ။

သဘောကတော့ သူများ အသက်ကို သတ်တဲ့ လူတွေဟာ ဖြစ်လေရာ ဘဝတိုင်းမှာ အသက် တိုတယ် ပေါ့။ သူတစ်ပါး အသက် ဆိုတာက လူရော တိရစ္ဆာန်ရော ပါပါတယ်။ ပါဠိလို ပြောရရင် "ပါဏာတိပါတက်" လုံတဲ့လူတွေလို့ ပြောလို့ရပါတယ်။ အဲဒီ ကံ လုံရင်တော့ အသက်ရှည်တတ်ပြီး အဲဒီကံ မလုံတဲ့သူတွေက အသက် တိုကြတယ်ပေါ့။ တချို့ကတော့ မိခင်ဝမ်းထဲမှာပဲ သေကြတယ်။ တချို့ကတော့ လူငယ် ဘဝ၊ တချို့လည်း လူလတ် ဘဝနဲ့ အသက် တိုကြတယ်လို့ ဆိုရမှာပါ။ ဒါကလည်း သူတို့ ဒီကံ ကျူးလွန်တဲ့ အသက် အပိုင်းအခြားနဲ့ ဆိုင်ပါလိမ့်မယ်။

အခုဆိုရင် ကျွန်တော့် အသက် ၇၇ နှစ် ရှိပြီဆိုတော့ အထိုက်အလျောက် ပါဏာတိပါတက် လုံခဲ့လို့ပဲ လို့ ယူဆစရာရှိပါတယ်။ ဒါပေမဲ့ စိတ်ချရပြီလို့ တစ်ထစ်ချ ယူဆလို့ မရပါဘူး။ ဒါနဲ့ ပတ်သက်လို့ အထင်ရှားဆုံး ဥပမာ ပြပါဆိုရင် အင်္ဂလန် နိုင်ငံက ဘုရင်မကြီး အဲလစ်ဇဘက်ရဲ့ အစ်ကို ဝမ်းကွဲတော်တဲ့ "လူဝီ မောင့် ဘက်တန်" ကို နမူနာ ပေးရမှာပါ။

သူဟာ ပထမ ကမ္ဘာစစ်မှာရော ဒုတိယ ကမ္ဘာစစ်မှာပါ ဗြိတိသျှ ရေတပ်မှာ ထူးထူးချွန်ချွန် တာဝန်

ထမ်းဆောင်ခဲ့လို့ နောက်ဆုံး စစ်ပြီးခါနီးမှ အရှေ့တောင် အာရှနဲ့ မဟာမိတ် တပ်တွေရဲ့ စစ်သေနာပတိချုပ် Supreme Comander of South East Asia Allied Forces ထိ အဆင့်ဆင့် တာဝန် ထမ်းဆောင်ခဲ့တာပါ။ ရေတပ် တိုက်ပွဲတွေမှာလည်း အကြိမ်ကြိမ် ပါခဲ့ဖူးပါတယ်။ ဒါပေမဲ့ အသက် အန္တရာယ် မကြုံခဲ့ရဘဲ ဗြိတိသျှ ရေတပ်မတော်က အငြိမ်းစား ယူခဲ့ရင်း အေးအေးဆေးဆေး ဘဝကို ဖြတ်သန်းခဲ့တာပါ။ သူဟာ မျိုးရိုးအားဖြင့် လည်းကောင်း၊ ရာထူးအားဖြင့် လည်းကောင်း၊ ပညာဉာဏ် ကြွယ်ဝမှုအားဖြင့် လည်းကောင်း၊ ငွေကြေး ချမ်းသာမှုအားဖြင့် လည်းကောင်း၊အစစ အရာရာ ပြည့်စုံသူတစ်ဦး ဖြစ်လို့ ဘဝ အကျိုးပေး အလွန်ကောင်းတဲ့ သူတစ်ဦးပေါ့။ မြန်မာပြည် လွတ်လပ်ရေးရဖို့ ထောက်ခံခဲ့ရသူ တစ်ဦး ဖြစ်တဲ့အတွက် သူ့ကို သိမိတဲ့ မြန်မာနိုင်ငံက နိုင်ငံရေးသမားကြီးတွေက သူ့ကို ချစ်ကြပါတယ်။

သူက ငွေကြေး ပြည့်စုံသူဖြစ်လို့ ကိုယ်ပိုင် ဇိမ်ခံ သင်္ဘော Yacht တစ်စီး ဝယ်ထားပြီး ပင်လယ် ခရီး ထွက်လေ့ရှိပါတယ်။ သူက နဂိုကမှ ပင်လယ်ပျော် တစ်ဦးကိုး။ အဲဒီအချိန် (၁၉၇၀ ခုနှစ်) လောက်မှာ မြောက် အိုင်ယာလန် နိုင်ငံ၊ Belfast မြို့ကို အခြေပြုပြီး အိုင်းရစ် အမျိုးသား တပ်မတော် IRA က ဗြိတိသျှ အစိုးရကို သဲကြီးမဲကြီးတိုက်ခိုက်နေတဲ့အချိန်ဖြစ်ပါတယ်။ထူးဆန်းလှပါတယ်။ကမ္ဘာ့အတိုးတက်အဖွံ့ဖြိုးဆုံးတွေထဲမှာ ထိပ်ဆုံးက ပါနေတဲ့ အင်္ဂလန် နိုင်ငံမှာ အိုင်းရစ် လူမျိုးတွေက မြို့ပြ ပျောက်ကြား စနစ် Urban Guarilla နဲ့ တော်လှန် တိုက်ခိုက်နေကြတာပါ။

မောင့်ဘက်တန်ကလည်း အသက် ၇၀ ကျော်ပါပြီ။ တစ်နေ့မှာ မောင့်ဘက်တန်က သူ့သင်္ဘောမှာ အမှုထမ်းတဲ့သူတွေ ရှိနေပေမဲ့ ကိုယ်တိုင် လုပ်ရမှ ကျေနပ်သူ ဆိုတော့ သူ့ ဇိမ်ခံ သင်္ဘောကို ကိုယ်တိုင် စက်နှိုးရာမှာ IRA ထောင်ထားတဲ့ ဗုံး ကွဲပြီး ကွယ်လွန်သွားရှာပါတယ်။ အသက် ၇၀ ကျော်မှ ဥပဒ္ဒေါကဲ့ အကျိုးပေးပေါ့။

## မောင့်ဘက်တန်နဲ့ မြန်မာပြည်

မောင့်ဘက်တန်ဟာ မြန်မာပြည် လွတ်လပ်ရေး ရအောင် အင်္ဂလိပ် အစိုးရကို တိုက်တွန်းခဲ့တာ သမိုင်းဝင် ဖြစ်ရပ်မို့၊ မြန်မာတွေက သူ့ကို ချစ်သလို သူကလည်း မြန်မာပြည်ကို သံယောဇဉ် ရှိပါတယ်။ သူ ကွယ်လွန်တော့ သေတမ်းစာ တစ်ခု ရေးထားခဲ့ပါတယ်။ ကိုယ်ပိုင် ပစ္စည်း ခွဲဝေမှုတွေ မသိရပါ။ ဒါပေမဲ့ ဒုတိယ ကမ္ဘာစစ်မှာ သူ တာဝန်ယူခဲ့ရတဲ့ နိုင်ငံတွေက ရေတပ် စစ်ဦးချုပ်တွေကို ဖိတ်ပြီး သူ့ရဲ့ အလောင်းထမ်းဖို့ ခွင့်ပြု ဖိတ်ခေါ်တဲ့ အစီအစဉ်ကို ထည့်သွင်းထားပါတယ်။ အဲဒီ နိုင်ငံတွေကတော့ ပါကစ္စတန်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ မလေးရှားနဲ့ စင်ကာပူတို့ ဖြစ်ပါတယ်။ ရေတပ် ဦးစီးချုပ်တွေ အခေါင်း ထမ်းရတယ် ဆိုတာ သူက ဂုဏ်ပြုတဲ့ အနေနဲ့ ဖိတ်ခေါ်ခြင်း ဖြစ်ပါတယ်။

မြန်မာပြည်နဲ့ ပတ်သက်လို့ ပြဿနာလေး တစ်ခု ဖြစ်ခဲ့ပါတယ်။ ကြီးကြီးမားမားတော့ မဟုတ်ပါ။ ဖြစ်ပုံက အဲဒီတုန်းက တိုင်းပြည် ခေါင်းဆောင် လုပ်နေတဲ့ ဦးနေဝင်းက သူ သွားမယ်ဆိုပြီး ဖြစ်ပါလေရော။ ဗီဇာ လျှောက်တော့ အကြောင်းရင်းကို ဖော်ပြရတာကိုး။ အဲဒီတုန်းက အင်္ဂလိပ် အစိုးရက ဗီဇာတော့ ပေးခဲ့ ပါတယ်။ မှတ်ချက်မှာက အသုဘတော့ တက်ရောက်နိုင်ပါတယ်၊ ဒါပေမဲ့ ရာပနာ အခမ်းအနား အခေါင်းထမ်း ဖို့တော့ အဲဒီခေတ်က ဒုတိယ ကာကွယ်ရေး ဦးစီးချုပ် (ရေ) ဗိုလ်မှူးချုပ် ချစ်လှိုင်ကိုပဲ တရားဝင် ခွင့်ပြုထား ပါတယ်လို့ တုံ့ပြန်ပါသတဲ့။ သူတို့က ယဉ်ကျေးတာကိုး။

ဒါကြောင့် ဦးနေဝင်းဟာ မောင့်ဘက်တန် ရာပနကို မတက်ရောက်တော့ဘဲ စင်ကာပူကပဲ အရှက်ပြေ

ပြန်လာရပါသတဲ့၊ အဲဒီ ဖြစ်ရပ်ကတော့ ဦးနေဝင်းနဲ့ အနီးကပ် နေခဲ့တဲ့ သူတွေ ပြောစကား အရ ရေးပြရခြင်း ဖြစ်ပါတယ်။ နိုင်ငံရေး ဆိုရိုးစကား တစ်ခု ရှိပါတယ်။ ဒါက Power corrupts. Absolute power corrupts absolutely ဆိုတဲ့ စကားပါ။ အာဏာဟာ လူကို ပျက်စီးစေတယ်။ လုံးဝ အာဏာ ပိုင်စိုးမှုဟာ သူတို့ကို လုံးဝ ပျက်စီးစေတယ် ဆိုတဲ့ သဘောပါ။ သာမန် ကိစ္စလေးက အစ တွင်ကျယ်ခြင်ကြတာလေ။

## ဘုရားဟောများ မှန်ကန်ပုံ

ကျွန်တော်ဟာ အရင်ဘဝက ဘုန်းကြီး ဖြစ်ခဲ့ဖူးပြီး ခုဘဝမှာ လူဝင်စားခဲ့တဲ့ အကြောင်း အထက်မှာ ရေးပြခဲ့ ပါပြီ။ ဒါ့ကြောင့်မို့ ထင်ပါရဲ့၊ ကျွန်တော်ဟာ ဒုလ္လဘ ဘဝကို ခုနစ်ကြိမ် ဝတ်ခဲ့ပြီးပါပြီ။ တစ်ခါတလေ တစ်ပတ်၊ တစ်ခါတလေ ၁ဝ ရက်။ ၂ဝ၁ဝ ခုနှစ်၊ အောက်တိုဘာမှာတော့ ချမ်းမြေ့ ရိပ်သာမှာ တစ်လ ဝင်ခဲ့ပါတယ်။ ဝိပဿနာ ဘာဝနာများ ပွားများခဲ့ပါတယ်။ ဘုရားစာ ဆိုရင် ပရိတ်ကြီး ၁၁ သုတ်အပြင်၊ အခြားသုတ်တွေပါ ဆိုရင် ၁၅ သုတ်ကို အာဂုံဆောင်နိုင်ပါတယ်။ ဒါ့အပြင် ဓမ္မစကြာ၊ မဟာသမယသုတ်၊ ပဋ္ဌာန်း ပါဠိတော်တွေကို အလွတ်ရပါတယ်။ နေ့စဉ်လည်း ရွတ်ဖတ်ပါတယ်။ ပဋ္ဌာန်းဆိုရင် အနုလုံ ပဋိလုံ ရွတ်ဆိုနိုင်တဲ့အထိ ရခဲ့ပါ တယ်။ ပြီးတော့ ဘုရား ကိုယ်တော်တိုင်ရဲ့ နှုတ်ထွက်စကားတွေမို့ ပိုလို့ပင် ယုံယုံကြည်ကြည် ရွတ်ဆိုခဲ့ပါတယ်။ ဒီအကြောင်း ရေးရတာကတော့ ဘုရားဟော တရားတွေရဲ့ မှန်ကန်မှု တစ်ခုကို တင်ပြချင်လို့ပါ။

အပေါ်မှာ ရေးခဲ့တဲ့ စူဠကမ္မဝိဘင်္ဂသုတ်ထဲမှာ ပါတဲ့ "မမေး မမြန်း ဉာဏ်မြင်ကန်း၊ မေးမြန်း ဉာဏ်ကြီး သည်" ဆိုတဲ့ အချက်နဲ့ ပတ်သက်လို့ပါ။ ဆိုလိုတာကတော့ လူ့ဘဝမှာ လူရယ်လို့ ဖြစ်လာရင် ဘယ်ဟာ ကုသိုလ်၊ ဘယ်ဟာ အကုသိုလ်ရယ်လို့ သိအောင် မေးမြန်း စူးစမ်းသင့်ပါတယ်။ မေးရမယ်။ ခုခေတ်ဆိုရင် တရားနာတာတွေ၊ TV က တစ်ဆင့် သီလယူ တရားနာတာတွေ နာနာလုပ်တဲ့သူဟာ ဘဝတိုင်း ဘဝတိုင်း ဉာဏ်ပညာ ကြီးမားမယ်။ အဲဒီလို မေးမြန်း စုံးစမ်းမှု မရှိဘဲ ဖြစ်သလိုနေ ဖြစ်သလိုစား၊ လူဖြစ်လာခဲ့ရပေမဲ့ အိပ်၊ စား၊ ကာမ ဤသုံးဘဝနဲ့ပဲ နေနေတဲ့ လူတွေ တစ်ပုံကြီးပါ။ ကောင်းမှု၊ မကောင်းမှု၊ ကုသိုလ် အကုသိုလ်တွေကို စိတ်မဝင်စားဘူးဆိုတဲ့ လူစားမျိုးတွေ ကိုယ်တိုင် တွေ့ဖူးပါတယ်။ ဒီလို လူစားမျိုးတွေက ဖြစ်လေရာ ဘဝတိုင်းမှာ ပညာဉာဏ် နည်းပါးတတ်ကြပါတယ်။ ဒီလို အဖြစ်မျိုး မြင်းခြံထောင်မှာ နေစဉ်က ကိုယ်တွေ့ ကြုံခဲ့ရပါတယ်။

ထောင်တွေကို ကမ္ဘာ့ ကြက်ခြေနီ (ICRC) ဝင်ပြီးတဲ့နောက်မှာ ထောင်ထဲက အနေအထားတွေဟာ လွတ်လပ်လာကြပြီး စာအုပ်တွေ သွင်းလို့ ရပါပြီ။ အဲဒီလို နေနေရာက ကျွန်တော်တို့ တိုက်မှာ ဝေယျာဝစ္စ အတွက် တွဲထားတဲ့ အကျဉ်းသား တစ်ဦး ရှိပါတယ်။ သူနာမည်ကိုတော့ ဝင်းမောင်လို့ပဲ ဆိုကြပါစို့။ သူက ကျွန်တော်တို့ အတွက် မိလ္လာသိမ်းတာနဲ့ တခြား သန့်ရှင်းရေးတွေ လုပ်ရပါတယ်။ လူရှင်း ခင်တော့မှ စာ မတတ်မှန်း သိရတာပါ။ သူက တောင်သာ မြို့နယ်ထဲက ရွာတစ်ရွာကပါ။ လူသတ်၊ မုဒိမ်းမှု ကျူးလွန်လို့ အနှစ် ၂ဝ ထောင်ကျခဲ့တာ ဖြစ်ပါတယ်။

သူ စာမတတ်မှန်း သိရလို့ သူ့ကို စာသင်ပေးမယ် ပြောတော့ သူက လိုလိုချင်ချင်နဲ့ စာသင်မယ်လို့ ပြောပါတယ်။ ဒါနဲ့ ဝန်ထမ်းတွေ အကူအညီနဲ့ ကျောက်သင်ပုန်းနဲ့ ကျောက်တံတွေ အပြင်က မှာပါတယ်။ ရတော့ ပထမ "က၊ ခ၊ ဂ၊ ဃ၊ င" ကို စသင်ပါတယ်။ အဲဒီ အက္ခရာ ငါးလုံးကို သူ နှစ်ရက်လောက် ကြာမှ ရေးနိုင် ဖတ်နိုင်ပါတယ်။ အဲဒါပြီးတော့ နောက်တစ်ဆင့်၊ "စ၊ ဆ၊ ဇ၊ ဈ၊ ည" တက်ပါတယ်။ ဒါလည်း တစ်နေ့ တည်း မရပါဘူး။ သုံး-လေးရက်လောက် ကြာပါတယ်။

အဲဒီ ငါးလုံး ရေးနိုင် ဖတ်နိုင်ပြီ ဆိုတော့ "ကကြီးကနေ ည အထိ" ချရေးခိုင်းတော့ ပြဿနာ တက်ပါလေရော။ ပထမ ငါးလုံးကို လုံးဂ မရေးတတ်တော့ပါဘူး။ ဂင်းမောင်က သုံးလလောက် ကြာတဲ့အထိ "ကကြီးကနေ အ အထိ" လုံးဂ မရပါဘူး။ ဒါနဲ့ပဲ ကျွန်တော် လက်လျှော့လိုက်ပါတယ်။ သူ ငယ်စဉ်က ဘဂတွေ ဖြတ်သန်းခဲ့ရာမှာ ဘယ်လိုများ ဖြတ်သန်းခဲ့ပါလိမ့်လို့ ရင်မောစွာ တွေးမိပါတယ်။ စူဠကမ္မဝိဘင်္ဂသုတ်မှာ ပါတဲ့ "မမေး မမြန်း၊ ဉာဏ်မြင်ကန်း၊ မေးမြန်း ဉာဏ်ကြီးသည်" ဆိုတဲ့ အချက် မှန်လှချည်လားလို့လည်း မှတ်ချက် ချပါတယ်။ ဒါပေမဲ့ မောင်ဝင်းမောင် အတွက် ကောင်းတာ တစ်ချက်က သူဟာ နေ့စဉ် ဘုရားရှိခိုးတယ်၊ ငါးပါးသီလ စောင့်တယ်၊ ပုတီးစိပ်တာလေးတွေ တွေ့ရတော့ ဒါလေးတွေဟာ သူ့ ဘဂ သံသရာ ခရီးအတွက် အထောက်အပံ့ ဖြစ်မှာပါပဲလို့ စိတ်ဖြေသိမ့်ရပါတယ်။

## လူကြီး မိတ်ဆွေတွေများထဲက ဗိုလ်မှူးကြီး ဘရွှေ

သူဟာ မန္တလေး ဇာတိပါ။ မန္တလေးသား အာဇာနည် တစ်ဦးဖြစ်တဲ့ ဆရာကြီး ဦးရာဇတ်ရဲ့ တပည့် တစ်ယောက် ပါ။ ကိုလိုနီခေတ်က မန္တလေးကို အခြေပြုပြီး လွတ်လပ်ရေး ကြိုးပမ်းမှုတွေမှာ ပါဝင်ခဲ့ပါတယ်။ အထက် ဗမာပြည်မှာ ဆိုရင် မန္တလေးနဲ့ စစ်ကိုင်းက လှုပ်ရှားမှု အားကောင်းကြပါတယ်။ ဆရာကြီး ဦးရာဇတ်ဟာ မွတ်ဆလင် ဖြစ်ပေမဲ့ ဗမာပြည်ကို လွတ်လပ်ရေး ရအောင် ကြိုးပမ်းတဲ့ လှုပ်ရှားမှုတွေမှာ သူဟာ ထင်ရှားတဲ့ ခေါင်းဆောင် တစ်ဦး ဖြစ်ပါတယ်။

ဒ့ါကြောင့်လည်းပဲ လွတ်လပ်ရေး ရလို့ အစိုးရ ဖွဲ့တဲ့အခါ ဗိုလ်ချုပ်အောင်ဆန်းက သူ့အစိုးရ အဖွဲ့မှာ ထည့်သွင်း ဖွဲ့စည်းခဲ့တာပါ။သူ့လိုပဲ ထင်ရှားတဲ့ ခေါင်းဆောင် တစ်ဦးကတော့ ဗိုလ်ခင်မောင်ကလေး ဖြစ်ပါ တယ်။ မူလက ကိုခင်မောင်ကလေး ဆိုပေမဲ့ ဂျပန်ခေတ် တော်လှန်ရေး ကာလမှာ သူဟာ ပျောက်ကြား ခေါင်းဆောင် တစ်ယောက် ဖြစ်လာပြီး သူ့နာမည် ရှေ့မှာ ဗိုလ် တပ်ခေါ်ရာက လွတ်လပ်ရေး ခေတ်မှာ ကျတော့လည်း ဗိုလ်ခင်မောင်ကလေး အဖြစ် နာမည် တွင်သွားတဲ့ ပုဂ္ဂိုလ် တစ်ဦး ဖြစ်ပါတယ်။ ဗိုလ်မှူး ကြီး ဘရွှေဟာ အဲဒီ ဗိုလ်ခင်မောင်ကလေးရဲ့ ယောက်ဖပါ။ သူ့အစ်မနဲ့ အိမ်ထောင်ကျခဲ့တာပါ။

စကားစပ် အနေနဲ့ ရေးပြရရင်တော့ အဲဒီ ဗိုလ်ခင်မောင်ကလေးဟာ လွတ်လပ်ရေးခေတ် ဦးနု ခေါင်းဆောင်တဲ့ အစိုးရ အဖွဲ့မှာ ဝန်ကြီးတစ်ပါး ဖြစ်လာခဲ့ပါတယ်။ ဖဆပလ အစိုးရ နှစ်ခြမ်းကွဲတော့ သူဟာ ဦးကျော်ငြိမ်း - ဦးဘဆွေတို့ရဲ့ တည်မြဲ ဖဆပလ အဖွဲ့ဝင် ဖြစ်သွားပြီး ၁၉၆၀ ခုနှစ် ရွေးကောက်ပွဲမှာတော့ သူ့ မဲဆန္ဒ နယ်မြေရဲ့ သန့်ရှင်း (ဦးနု) ပြိုင်ဘက်ကို ရှုံးပြီး နိုင်ငံရေးလောကက နားသွားတာပါ။ ဦးနေဝင်း အာဏာ သိမ်းတော့ ထိန်းသိမ်းခံရတဲ့ အထဲမှာ သူလည်း ပါသွားတယ် ထင်ပါတယ်။ နောက်ပိုင်း ဇာတ်လမ်းတွေကို တော့ ကျွန်တော် မကြားမိတော့ပါဘူး။

ဗိုလ်မှူးကြီး ဘရွှေက လွတ်လပ်ရေး ကာလမှာ ဖွဲ့ခဲ့တဲ့ ဗမာ့ တပ်မတော်ရဲ့ အရာရှိ ၂၀၀ ထဲမှာ ပါလို့ တိုက်ရိုက် အရာရှိ ဖြစ်ခဲ့တာပါ။ သို့သော်လည်း ဂျပန် တော်လှန်ရေးတုန်းကလည်း BIA/BDA ကာလတွေမှာ အမြောက်တပ် အရာရှိအဖြစ် ပါဝင် ဆင်နွှဲခဲ့တဲ့သူပါ။ ဒ့ါကြောင့် ဗမာ့ တပ်မတော် အသစ်ဖွဲ့တော့လည်း အမြောက် တပ်မှူး အဖြစ် တာဝန်ပေးခံရခြင်း ဖြစ်ပါတယ်။ အခု ကျွန်တော် တင်ပြမယ့် အကြောင်းအရာက လွတ်လပ်ရေး ကာလ သူ အမြောက်တပ်မှူး အဖြစ် တာဝန်ယူနေစဉ်က ဖြစ်ရပ်တွေပါ။ အခု မှတ်တမ်းရုံးလို့ ခေါ်နေတဲ့ ဘောက်ထော် ဝင်းကြီးမှာ သူ့ရဲ့ အမြောက်တပ် ရှိပါတယ်။ သူက တပ်မှူးပေါ့။

လွတ်လပ်ရေး ရခါစ ဆိုတော့ တချို့ စားသောက်ဆိုင်တွေ၊ ဘားတွေမှာ အင်္ဂလိပ်ခေတ် ကတည်းက

ကျယ်ပြန့်စွာ ပြန့်ပွားနေတဲ့ ယဉ်ကျေးမှု တစ်ခု ရှိပါတယ်။ ဒါက ဘာလည်း ဆိုတော့ တရုတ်တန်းက ဘားဆိုင်တွေမှာ အရက်ရောင်းရင် ဘားမယ်လေးတွေနဲ့ ပြိတီတီ လုပ်လို့ ရပါတယ်။

အဲဒီတော့ ငွေရေးကြေးရေ ပြေလည်တဲ့ ပုဂ္ဂိုလ်များက အဲဒီဘားတွေကို သွားပြီး အရက်သောက်ရင်းနဲ့ ကောင်မလေးတွေနဲ့ ပရောပရီ လုပ်လေ့ရှိကြပါတယ်။ အချို့သောသူများရဲ့ ပြန်လည် ပြောကြားလို့ ကြားသိရတာကတော့ အဲဒီ ဘားမယ်လေးတွေဟာ အရက်သောက်တဲ့ သူတွေရဲ့ ပေါင်ပေါ်မှာ ထိုင်ပြီး အရက်ငှဲ့ပေးတာတို့ အမြည်း ခွံ့တာတို့ လုပ်ပေးလေ့ရှိပါတယ်တဲ့။

တစ်နေ့မှာ ဘောက်ထော် အမြောက်တပ်က အရာရှိငယ် တချို့ အဲဒီ တရုတ်တန်း ကျုံးကြီးလမ်းက ဘားတစ်ခုမှာ သွားသောက်ကြပါသတဲ့။ အဲဒီလို သွားသောက်တဲ့အခါ ဘားမယ်လေးတွေနဲ့ အပျော်တွေ ကြူး၊အရက်တွေကလည်း မူး၊ ပါသမျှလည်း ပြောင်ပေါ့။ အချိန်ကလည်း လင့်တဲ့အခါမှာ အလုမ်းဝေးတဲ့ ဘောက်ထော်ကို ပြန်ဖို့ မြင်းလှည်း ငှားကြပါတယ်။ အဲဒီ မြင်းလှည်းနဲ့ ဘောက်ထော်တပ်လည်း ပြန်ရောက်ရောမြင်းလှည်းသမားကို ပေးစရာ ပိုက်ဆံ မရှိတော့ပါဘူး။ အဲဒီမှာ မြင်းလှည်းသမားနဲ့ အချင်းများကြပြီးတော့ အရက်မူးနေတဲ့ အရာရှိငယ်များက မြင်းလှည်းသမားကို ရိုက်လွှတ်လိုက်ကြပါတယ်။ အဲဒီကိစ္စကို နောက်တစ်နေ့ကျတော့ မြင်းလှည်းသမား ရောက်လာပြီး တပ်မှူး ဖြစ်တဲ့ ဗိုလ်မှူးကြီး ဘရွှေကို လာတိုင်ပါတော့တယ်။

ဗိုလ်မှူးကြီး ဘရွှေက တာဝန်ကျ အရာရှိနဲ့ ဂိတ်ဝင်၊ ဂိတ်ထွက်ကို မေးတဲ့အခါမှာ မြင်းလှည်းသမားက မှန်ကြောင်း သိရပါတယ်။ အဲဒီအခါမှာ သူက အဲဒီ အရာရှိ သုံးယောက်ကို တပ်ရင်းမှူး ရုံးခန်းကို ခေါ်ပါတယ်။ ခေါ်ပြီး အပြစ် ရှိ မရှိ စစ်မေးတဲ့အခါမှာ ဟုတ်မှန်ကြောင်း ဝန်ခံကြပါတယ်။ အဲဒီအခါမှာ ဗိုလ်မှူးကြီး ဘရွှေက သူတို့ကို တပ်လုပ်ထုံးလုပ်နည်းအရ စွဲချက်တင်ပြီး အပြစ်ပေးတာ ခံမလား ဒါမှမဟုတ် တပ်မှူးရဲ့ ဆုံးမနည်းနဲ့ ဆုံးမတာ ခံမလားလို့ မေးပါတယ်။ အဲဒီလို မေးတဲ့အခါမှာ အရာရှိများက တပ်ရင်းမှူးရဲ့ ဆုံးမတဲ့နည်းနဲ့ ဆုံးမတာကို ခံပါမယ်လို့ ပြန်ဖြေကြပါတယ်။ အဲဒီအခါမှာ ဗိုလ်မှူးကြီး ဘရွှေက ကိုင်း ကောင်းပြီ ဆိုပြီး အဲဒီ အရာရှိတွေကို သူ့ရုံးမှာ အသင့်ရှိတဲ့ ကြိမ်တုတ်တွေကို ရွေးခိုင်းပါတယ်။

တစ်ဆင့် ပြောစကားတွေအရ ဗိုလ်မှူးကြီး ဘရွှေရဲ့ ရုံးခန်းမှာ ဆိုဒ်မျိုးစုံ ကြိမ်တုတ် ငါးချောင်း ရှိပါသတဲ့။ နံပါတ် ၁ ကနေ ၅ အထိပေါ့ ။ အရာရှိ အကြပ် တပ်သားတွေကို အပြစ်ပေးတဲ့ အခါမှာ ရုံးတင်ပြီး အချုပ်အနှောင် ချမယ့်အစား တုတ်နဲ့ ရိုက်ပြီး ဆုံးမပါသတဲ့။ အဲဒီတော့ ခုနက အရာရှိ သုံးယောက်ကလည်း အလယ်အလတ် နံပါတ် ၃ ကို ရွေးလိုက်ပါတယ်။ အဲဒီ တုတ်နဲ့ တစ်ယောက် သုံးချက်စီ အရိုက်ခံပြီးတဲ့အခါမှာ သူတို့ အမှုကိစ္စက ပြီးသွားပြီပေါ့။ အဲဒီ အရာရှိတွေ တဖြည်းဖြည်းနဲ့ ရာထူးတွေ တက်လာတဲ့အခါမှာ ဗိုလ်မှူးကြီး ဘရွှေကို ကျေးဇူးတင်လို့မဆုံးပါဘူးတဲ့။

ဘာ့ကြောင့်လဲ ဆိုတော့ စည်းကမ်း၊ နည်းလမ်းအရ လုပ်မယ် ဆိုရင် သူတို့ အမှုကို ရုံးတင်ရမယ်၊ ပြီးတော့ ပြစ်ဒဏ် ချမှတ်တာကို သူတို့ရဲ့ အရာရှိ မှတ်တမ်း Service Book ထဲမှာ တရားဝင် ထည့်သွင်းရမယ်၊ စစ်ရုံးကို ပို့ပေးရမယ် ဆိုရင် အဲဒီ ချမှတ်တဲ့ ပြစ်ဒဏ်တွေဟာ မှတ်တမ်းမှတ်ရာ ရှိပြီးသားမို့ ရာထူး တက်ဖို့ စီစစ်တဲ့ အခါမှာ မလွှဲမသွေ အနှောင့်အယှက် ဖြစ်မှာပါ။ အခုတော့ ကြိမ်ဒဏ် သုံးချက်စီ အရိုက်ခံလိုက်ရတာနဲ့ သူတို့ ပြစ်ဒဏ်ဟာ ဘယ်မှတ်တမ်းထဲမှ မဝင်တော့ပါဘူး။ ပြီးတော့ ရာထူးတက်ရမှာလည်း အနှောက်အယှက် မဖြစ်တော့ပါဘူး။

ကျွန်တော့်အသိ အမြောက်တပ်ထဲက အရာရှိတချို့ ဆိုရင် ဗိုလ်မှူးကြီး ဘရွှေရဲ့ ကြိမ်ဒဏ် အကြိမ်ကြိမ် ခံခဲ့ရဖူးပါတယ်။ ဒါပေမဲ့ ကျွန်တော်နဲ့ သိတဲ့အချိန်မှာ အဲဒီပုဂ္ဂိုလ်က ဗိုလ်မှူးကြီး ဖြစ်နေပါပြီ။ အဲဒီခေတ်က

ဗိုလ်မှူးကြီးဆိုရင် တော်တော်မြင့်တဲ့ ရာထူးကိုး။ ဗိုလ်မှူးကြီး အဆင့် ပုဂ္ဂိုလ်တွေကို အဲဒီခေတ်က "ကာနယ်" လို့ ခေါ်ကြပါတယ်။ နောက်တစ်ချက်က သူတို့အဆင့် ဆိုရင် တပ်မတော် တစ်ခုလုံးမှာ လက်ချိုးရေလို့ ရပါတယ်။

## သူ့ရဲ့ ဘဝခရီး

ဗိုလ်မှူးကြီး ဘရွှေဟာ ၁၉၆၉ ခုနှစ်လောက်မှာ သံအမတ်အဖြစ် ပြောင်းရွှေ့ တာဝန်ပေးခြင်း ခံရပါတယ်။ အဓိက အကြောင်းအရင်းကတော့ တည်မြဲ-သန့်ရှင်း ရွေးကောက်ပွဲတွေမှာ တည်မြဲ ဘက်ကို မဲပေးဖို့ မဲဆန္ဒရှင်တွေကို ဖိအား ပေးခဲ့တဲ့အတွက်ကြောင့်လို့ ဆိုပါတယ်။ သူနဲ့အတူ တပ်မတော် အရာရှိကြီး တော်တော်များများဟာ တချို့က စစ်သံအဖြစ်၊ တချို့က သံအမတ်အဖြစ်နဲ့ တာဝန်ပေးခံကြရပြီး၊ တချို့ကိုတော့ ဘာတာဝန်မှ မပေးဘဲ တပ်က နုတ်ထွက်ခွင့် ပြုလိုက်ကြပါတယ်။

မကြာမီက ကွယ်လွန်သွားတဲ့ ဗိုလ်မှူးချုပ်ဟောင်း အောင်ရွှေက သံအမတ်အဖြစ် လည်းကောင်း၊ စစ်ကိုင်းသားများ ဖြစ်တဲ့ ဗိုလ်မှူးကြီး သီဟ သူရ လှမော်နှင့် ဗိုလ်မှူးကြီး သိန်းတုတ်တို့ကလည်း သံအမတ်၊ ဗိုလ်မှူးကြီး ထွန်းစိန်က စစ်သံများ ဖြစ်သွားကြတာ မှတ်မိပါတယ်။ ဗိုလ်မှူးကြီးဟောင်း ချစ်ခိုင်၊ ဗိုလ်မှူးကြီးဟောင်း ကြည်ဝင်း၊ ဗိုလ်မှူးကြီးဟောင်း ခင်ညိုတို့ကိုတော့ ဘာတာဝန်မှ မပေးပဲ တပ်က ထွက်စေခဲ့ပါတယ်။

နောက်ပိုင်းမှ လူကြီးတွေ ပြောစကားအရ သိရတာက အထက်ပါ ပုဂ္ဂိုလ်တွေကို အရေးယူ လိုက်တာဟာ ရွေးကောက်ပွဲ ဘက်လိုက်လို့လို့ ဆိုလိုက်သော်လည်းပဲ၊ ဒါဟာ အကြောင်းပြချက် သက်သက် တစ်ခုလို့ သိလိုက်ပါတယ်။ ဦးနေဝင်းဟာ နိုင်ငံရေး ရည်မှန်းချက် ကြီးသူပီပီ နောင်အနာဂတ်မှာ သူ့ကို ခြေရာချင်း တိုင်းလာစရာ ရှိတဲ့ ပုဂ္ဂိုလ်တွေကို ကြိုတင် ရှင်းလင်းပွဲ လုပ်တယ်လို့ ပြောကြပါတယ်။ ဥပမာ ဗိုလ်မှူးကြီး သီဟ သူရ လှမော်၊ ဗိုလ်မှူးကြီး သိန်းတုတ်၊ ဗိုလ်မှူးကြီး ဘရွှေ ဗိုလ်မှူးကြီး ခင်ညိုတို့ဟာ စစ်ကိုင်း/မန္တလေး ဇာတိသားတွေပါ။ အနေမှန်ပြီး စိတ်ဓာတ် ကြံ့ခိုင်တဲ့သူတွေ ဖြစ်ပါတယ်။ သူတို့က မှန်တယ် ထင်ရင် ဦးနေဝင်းကို ခံငြင်းရဲတဲ့သူတွေပါ။ ဒီလိုလူမျိုးတွေကို ဦးနေဝင်း မလိုလားပါဘူး။

ဦးဘရွှေဟာ သံအမတ်ဘဝက အငြိမ်းစားယူတဲ့အခါ ဗဟန်း မြို့နယ်၊ ကမ္ဘာ့ဇ ရိပ်သာက သူ့အိမ်မှာပဲ နေပါတယ်။ သားသမီး ကိုးယောက် ရှိပါတယ်။ သူ့ရဲ့ သားကြီး ဇော်မြင့်ဟာ စစ်တက္ကသိုလ် အပတ်စဉ် ၈ ကျောင်းဆင်း ဖြစ်လို့ သူက တစ်ဆင့် ကျွန်တော်နဲ့ သိကျွမ်း ခင်မင်ခဲ့ကြပါတယ်။ အဲဒါအပြင် ဇော်မြင့်ရဲ့ အစ်မအကြီးဆုံး၊ ကျွန်တော်တို့ အခေါ် "နှင်း" ဟာ ဇော်မြင့်နဲ့ အပတ်စဉ် အတူတူ၊ ရေတပ်က ဖိုးနိုင်း ဗိုလ်မြင့်သိန်းနဲ့ အိမ်ထောင်ကျတော့ ကျွန်တော်တို့ရဲ့ ဆက်ဆံမှုဟာ ပိုမို ကျယ်ပြန့် နက်ရှိုင်းလာတယ်လို့ ပြောရပါမယ်။

သူဟာ ၁၉၅၉-၆၀ အိမ်စောင့် အစိုးရ လက်ထက်မှာ စက်မှု လက်မှု ဝန်ကြီးဌာနရဲ့ အထူးအရာရှိအဖြစ် တာဝန်ပေးခံရပါတယ်။ အဲဒီတုန်းက ဗိုလ်မှူးကြီး ဘရွှေရဲ့ လက်အောက်က အရာရှိ တစ်ယောက်ကတော့ ဗိုလ်မှူး အဆင့်သာ ရှိသေးတဲ့ ဦးမောင်မောင်ခပါ။ တစ်ချိန်မှာ လမ်းစဉ် ပါတီ အစိုးရရဲ့ နောက်ဆုံး ဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့ရသူ တစ်ဦးပါ။ အဲဒီလို တာဝန် ထမ်းဆောင်ရင်းနဲ့ စက်မှု/ စီးပွားရေး နယ်ပယ်က လုပ်ငန်းရှင် အချို့နဲ့ သိကျွမ်း ခင်မင်ခဲ့ရပါတယ်။ အဲဒီလို ခင်မင်တဲ့ သူတွေထဲက ဦးကျော်သောင်းလို့ ခေါ်တဲ့ လုပ်ငန်းရှင် သူဌေး တစ်ဦးနဲ့ သိကျွမ်းခဲ့ပါတယ်။ ဦးကျော်သောင်းဟာ ထိုစဉ်က အုတ်ကျင်း ဂုန်နီ စက်ရုံ စီမံကိန်းမှာ ကုမ္ပဏီဘက်က တာဝန်ခံပါ။

## ဦးကျော်သောင်းနဲ့ ဆက်ဆံရေး

သူ အငြိမ်းစားယူတဲ့ ကာလမှာ ဦးကျော်သောင်းနဲ့ တစ်ခါ ပြန်ဆက်မိသွားပါတယ်။ အဲဒီအချိန်က ဦးကျော်သောင်းက အာရှ ဖွံ့ဖြိုးရေးဘဏ် ADB ရဲ့ ချေးငွေနဲ့ မြောင်းမြ ဂုန်နီ စက်ရုံ စီမံကိန်း တင်ဒါကို ကြိုးစားနေတဲ့ ကာလ ဖြစ်ပါတယ်။ ၁၉၇၇-၇၈ ခုနှစ် ကာလ ဖြစ်ပါတယ်။ အဲဒီအခါမှာ ဗိုလ်မှူးကြီး ဘရွှေကို ဦးကျော်သောင်းက လုပ်ငန်း အတိုင်ပင်ခံ ပုဂ္ဂိုလ် သဘောမျိုးနဲ့ ခေါ်ထားပါတယ်။ ကျွန်တော်ကလည်း တပ်မတော်က ထွက်တော့ ပထမ အလုပ် မျိုးစုံ လုပ်ပါတယ်။ ဥပမာ အငှားယာဉ်မောင်းသမား၊ ကျူရှင်ဆရာ စသဖြင့် လုပ်ခဲ့ပါတယ်။ လုပ်ရင်းနဲ့ ဦးကျော်သောင်းရဲ့ ကလေးတွေကို ပိုင်းကျူရှင် ပြဖို့ဖြစ်လာပါတယ်။

ဘယ်လို အဆက်သွယ် ရသလဲဆိုတော့ ဦးကျော်သောင်းရဲ့ ဇနီး ဒေါ်ခင်မျိုးသိမ့်ရဲ့ မောင်မျိုးမြင့်က ကျွန်တော်နဲ့ အပတ်စဉ် အတူတူပါ။ ကျွန်တော်က ကျူရှင် ပြနေချိန်ဆိုတော့ ဦးကျော်သောင်း သားသမီး တချို့နဲ့ သူတို့ မိတ်ဆွေတွေရဲ့ သားသမီး တချို့ကို ပိုင်းကျူရှင် ပြနေခိုက် ဖြစ်ပါတယ်။ (၁၉၇၇-၇၈ ခုနှစ် ဆိုတော့ ပိုင်းကျူရှင် ပြတာဟာ ကျွန်တော်ကများ စတာလားလို့ တွေးမိပါသေးတယ်။)

အဲဒီအချိန်မှာ မြောင်းမြ ဂုန်နီစက်ရုံ စီမံကိန်းကို ဦးကျော်သောင်းက တင်ဒါ နိုင်လိုက်တဲ့အတွက် စက်မှု (အထည်) ကော်ပိုရေးရှင်းနဲ့ စာချုပ်ချုပ်ဖို့ နိုင်ငံခြားသားတွေ ရောက်လာပါတယ်။ မြောက် အိုင်ယာလန် နိုင်ငံ၊ Belfast မြို့မှာ အခြေစိုက်တဲ့ James Mackie & Sons ကုမ္ပဏီ ဖြစ်ပါတယ်။ သူတို့ ရောက်လာတဲ့အခါကျတော့ ဦးကျော်သောင်းဆီမှာ အင်္ဂလိပ်လို ကျွမ်းကျင်တဲ့ ဝန်ထမ်း မရှိသလောက်ပါပဲ။ ကျွန်တော်ကလည်း ဒီ အခွင့်အရေးကို သတိပြုမိတာနဲ့ ဦးကျော်သောင်း ကုမ္ပဏီမှာ လိုအပ်ရင် ကျွန်တော် လုပ်ပါရစေလို့ ပြောကြားတဲ့အခါမှာ ဦးကျော်သောင်းက လိုလိုလားလား လက်ခံတဲ့အတွက် ကျွန်တော်ဟာ နိုင်ငံခြား ကုမ္ပဏီ ကိုယ်စားလှယ် လုပ်ငန်းတွေနဲ့ စတင် ယှဉ်ပါးလာပါတော့တယ်။





၁၉၈၂ ခုနှစ်၊ ရွှေညောင် သကြားစက်
စာချုပ် မချုပ်မီ စက်မှု (စားကုန်) ၌။
ဝဲမှယာ- ကိုဆန်နီ၊ စာရေးသူ၊ Mr.
Spekenbrink၊ Mr. Van Dokkun
(VDK)၊ ဗိုလ်မှူးကြီး ဘရွှေ (ငြိမ်း) နှင့်
ဦးဆောင် ညွှန်ကြားရေးမှူး (ဗိုလ်မှူး-
ရဲ) မောင်မောင်သန်းထွန်း။ (အပေါ်ပုံ)

---

၁၉၈၄ ခုနှစ်၊ ကျောက်တော်
သကြားစက် လက်မှတ်ထိုးပြီးရက်
အထိမ်းအမှတ် ညစာ စားပွဲ။ ဝဲမှယာ-
စက်မှု ၁ ဒုတိယ ဝန်ကြီး ဦးမောင်အုန်း၊
Mr. Van Dokkun (VDK) နှင့်
ညွှန်မှူးကြီး အောင်မြင့်။ (ဝဲပုံ)

---

၁၉၈၆ ခုနှစ်၊ မြစ်သားမြို့၌
တည်ဆောက်မည့် Saw Gin Project
လက်မှတ်ထိုးပြီးနောက် ကုမ္ပဏီ
တာဝန်ခံနှင့် အမေရိကန် သံရုံးသို့
သွားရောက်စဉ်။ ကုမ္ပဏီမှ တာဝန်ရှိသူ
တစ်ဦး၊ ကြက်ဆင် ဦးသန်းမောင်နှင့်
ကျွန်တော်။ (ယာပုံ)



မြောင်းမြ ဂုန်နီစက်ရဲ့ စီမံကိန်းက အထက်မှာ ရေးခဲ့သလို အာရှ ဖွံ့ဖြိုးရေးဘဏ် ADB ရဲ့ ချေးငွေနဲ့ပါ။ တန်ဖိုးကတော့ အသေအချာ မမှတ်မိတော့ပါဘူး။ ဒေါ်လာ ၁၄ သန်းလောက်လို့ ထင်ပါတယ်။ အဲဒီ စက်ရဲ့ စီမံကိန်း တင်ဒါ အောင်မြင်ရေးမှာ ဦးကျော်သောင်းအတွက် ဗိုလ်မှူးကြီး ဘရှေက နူတ်၏ စောင်မခြင်းနဲ့ ကူညီ ပံ့ပိုးခဲ့တယ်လို့ ထင်ပါတယ်။ အသေအချာတော့ မသိပါ။ စိစစ်ရေး အဖွဲ့ရဲ့ ဆုံးဖြတ်ချက် ရတာနဲ့ (စက်မှု အထည်) ရဲ့ ဖိတ်ခေါ် ချက်အရ ကုမ္ပဏီက တာဝန်ရှိသူတွေ ရောက်လာပြီး စာချုပ်အတွက် အသေးစိတ် ညှိနှိုင်းကြပါတယ်။ နှစ်လကျော်ကျော်လောက် ကြာပါတယ်။

ဒီကာလမှာ ကုမ္ပဏီက နိုင်ငံခြားသားတွေနဲ့ ကျွန်တော် ရင်းနှီးလာတဲ့အပြင် ဗိုလ်မှူးကြီး ဘရှေနဲ့လည်း တွေ့ဆုံမှု ပိုများလာပါတယ်။ ဦးကျော်သောင်းနဲ့ အလုပ်လုပ်ရင်း ဂုန်နီစက်ရဲ့ စီမံကိန်းအပြင် အခြား ကုမ္ပဏီ တွေရဲ့ အလုပ်တွေကိုလည်း တွဲလုပ်ရပါတယ်။ ဥပမာ- ဘယ်လ်ဂျီယမ်နိုင်ငံကို ဂုန်နီတွေ တင်ပို့တဲ့ လုပ်ငန်း၊ သကြားစက်တွေနဲ့ ပတ်သက်ပြီး ရောက်လာတဲ့ အင်ဒိုနီးရှားက လုပ်ငန်းရှင်တွေ၊ ဟော်လန် နိုင်ငံက မြန်မာ နိုင်ငံကို စီးပွားရေး ထုတ်ချင်တဲ့ ကုမ္ပဏီတွေက ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။

ဦးကျော်သောင်းကတော့ ဂုန်နီစက်ရဲ့ ကိစ္စကို ဦးစားပေး လုပ်နေပြီး ကျန်တဲ့ ကိစ္စတွေကို ကျွန်တော်နဲ့ ဗိုလ်မှူးကြီး ဘရှေတို့ကို လွှဲထားပါတယ်။ အဲဒီလို လွှဲထားပေးတဲ့ အတွက်ကြောင့်လည်း ကျွန်တော်တို့ နှစ်ယောက်ဟာ ဟော်လန် နိုင်ငံက ပုဂ္ဂိုလ်တွေနဲ့ ပိုပြီး ရင်းနှီးခဲ့ပါတယ်။ အဲဒီ ရင်းနှီးမှုဟာ ကျွန်တော့် ဘဝ ခရီးအတွက် အကောင်းဘက်ကို တစ်ဆစ်ချိုး ပြောင်းစေမယ့် အခြေခံ အကြောင်းရင်း ဖြစ်လာပါတယ်။ အဲဒီအပြင် ကျွန်တော်နဲ့ ဗိုလ်မှူးကြီးဘရှေတို့ဟာ နောင်မှာ လုပ်ငန်းနဲ့ ပတ်သက်ပြီး တွဲဖက် လုပ်ကိုင်ဖို့ ဖြစ်လာပါတယ်။ သူ့ရဲ့ မိသားစုနဲ့လည်း တရင်းတနှီး ဖြစ်လာခဲ့ပါတယ်။

အဲဒီလို တွဲဖက် လုပ်ကိုင်ခဲ့ရာက ၁၉၈၈ ခုနှစ်မှာ ရှစ်လေးလုံး အရေးတော်ပုံကြီး ပေါ်လာတဲ့အခါ ကျွန်တော်ဟာ တပ်မှူးဟောင်းများ အဖွဲ့ (နောင်တွင် မျိုးချစ် ရဲဘော်ဟောင်းများ အဖွဲ့) မှာ ပါလာခဲ့ပါတယ်။ ဒါပေမဲ့ ၁၉၈၈ ခုနှစ် ဩဂုတ် လဆန်းပိုင်းမှာတော့ ဦးအောင်ကြီး အုပ်စု တစ်ခုလုံးကို သမ္မတသစ် ဦးစိန်လွင် တက်လာတာနဲ့ အဖမ်းခံကြရပါတယ်။ ဒါပေမဲ့ ဒေါက်တာ မောင်မောင် တက်လာတဲ့ အခါမှာတော့ သူတို့ တစ်ဖွဲ့လုံးကို ပြန်လွှတ်ပေးလိုက်ပါတယ်။ တစ်လပြည့်အောင်တောင် မနေလိုက်ရပါဘူး။ ဗိုလ်မှူးကြီး ဘရှေ အတွက်တော့ ကံကောင်းတယ်လို့ ပြောရမှာပါ။ သူ့ဘဝ တစ်သက်တာမှာ ဒီတစ်ခါပဲ အချုပ်အနှောင် ခံရဖူး တာပါ။

နဝတ ခေတ်၊ NLD ဖွဲ့တဲ့ အခါမှာလည်း အတူ ပါလာပါတယ်။ ဒါပေမဲ့ ဦးအောင်ကြီး အုပ်စုနဲ့ ဒေါ် အောင်ဆန်းစုကြည် အုပ်စုတို့ စာရင်းရှင်းရာမှာ သူက ဦးအောင်ကြီး အုပ်စုနဲ့ ပါသွားပြီး သူတို့ ဖွဲ့တဲ့ ပါတီမှာ ဒုတိယ ဥက္ကဋ္ဌ ဖြစ်လာပါတယ်။ ၁၉၈၉ ခုနှစ် နိုင်ငံရေး အမှုနဲ့ ကျွန်တော် ထောင်ကျတော့ သူလည်း ကျွန်တော့် မိသားစုကို မပြတ် လာအားပေးလေ့ ရှိပါတယ်။ နောက်ဆုံး အကြိမ် ၁၄ နှစ်ကျော်ကြာ ထောင်ထဲမှာ နေရစဉ် ကာလမှာလည်း ကျွန်တော့် မိသားစုနဲ့ အဆက်အသွယ် မပြတ်ပါ။ ကျွန်တော်ကလည်း ထောင်ထဲကနေ စာ ရေးခွင့် ရတဲ့အခါ သူ့ဆီကို မပြတ် စာရေးပါတယ်။ သူကလည်း ထောင်ထဲမှာ ရှိတဲ့ ကျွန်တော့်ကို အမြဲလိုလို စာရေးပါတယ်။ များသောအားဖြင့် ဘာသာရေး အကြောင်းအရာတွေ ရေးလေ့ရှိပါတယ်။

ဗိုလ်မှူးကြီး ဘရှေနဲ့ ကျွန်တော် လက်တွဲဖြစ်ခဲ့တဲ့ ကာလဆိုရင် ၁၀ နှစ်ကျော် ကြာပါတယ်။ ဒီအခြေ အနေ အတွင်းမှာ သူနဲ့ ကျွန်တော် တစ်ခါမှ အငြင်းအခုန် မဖြစ်ခဲ့ဘူးပါ။ သူ့ရဲ့ ထူးခြားတဲ့ အရည်အချင်း တစ်ခုကတော့ ဖြောင့်မတ် တည်ကြည်မှု ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဥပုသ်နေ့တိုင်းမှာ ဥပုသ်

စောင့်ခြင်း ဖြစ်ပါတယ်။ ၂၀၁၀ ခုနှစ် ကျွန်တော် ထောင်က မလွတ်ခင်ကတည်းက သူရော၊ သူ့ဇနီးပါ ကျန်းမာရေး မကောင်းတော့ပါ။ အသက်ကလည်း ၉၀ ဝန်းကျင် ရှိနေပြီဖြစ်တဲ့အတွက် နှစ်ယောက်စလုံး အိပ်ရာပေါ်က မထနိုင်ကြတော့ပါ။ သူ့ရဲ့ သားသမီးများကတော့ လိုလေသေးမရှိအောင် အလုပ်ကျွေး ပြုစု တယ်လို့ သိရပါတယ်။ ကျွန်တော် ထောင်က မလွတ်မီမှာပင် သူတို့ နှစ်ယောက် ရှေ့ဆင့် နောက်ဆင့် ကွယ်လွန်သွားကြပါပြီ။ နှစ်ယောက်စလုံးဟာ သီလ မြဲမြံကြတဲ့ ပုဂ္ဂိုလ်တွေမို့ ကောင်းရာသုဂတိ လားကြ လိမ့်မယ်လို့ ယုံကြည်မိပါတယ်။

## ဦးသိန်းမောင် သို့မဟုတ် ရွှေသိန်းမောင်

Ba Shwe & Win Htein Enterprises ရုံးခန်းရဲ့ပိုင်ရှင်က ဦးသိန်းမောင် ဖြစ်ပါတယ်။ သူ့ကို ရွှေသိန်းမောင် လို့လည်း ခေါ်ကြပါသတဲ့။ အကြောင်းရင်းကတော့ ရွှေပန်းတိမ် လုပ်ငန်း လုပ်လို့ ဒီနာမည် ရသလားတော့ မသိပါ။ ဦးန အစိုးရ လက်ထက်တုန်းကတော့ စီးပွားရေး အခြေအနေ တော်တော် ကောင်းဟန်တူပါတယ်။ ရုံးခန်း ဆိုသော်လည်းပဲ လူနေတဲ့ တိုက်ခန်းပါ။ ဦးသိန်းမောင်ရဲ့ ဇနီးနဲ့ သမီး သုံးယောက် နေကြပါတယ်။ သူ့ ဇနီးက ကရင်လူ မျိုးပါ။ အငြိမ်းစား သူနာပြု ဆရာမကြီး ဖြစ်ပါတယ်။ ဒုတိယ ဇနီးပါ။

ပထမ ဇနီးကတော့ အလုံလမ်းမှာ ရှိပါတယ်။ သားသမီး ငါးယောက် ထင်ပါရဲ့။ အဲဒီအထဲက ယောကျ်ားလေး တစ်ဦး ဖြစ်တဲ့ ကိုသိန်းနိုင်နဲ့တော့ ရင်းနှီးပါတယ်။ သူနဲ့ တောင်ကြီးသူ ရှမ်းမလေး မမီးမီးနဲ့ လက်ထပ်ရာမှာ ကျွန်တော်က သက်သေ အနေနဲ့ လက်မှတ်ထိုးခဲ့ပါသေးတယ်။ အခုတော့ သူတို့ အမေရိကန် နိုင်ငံမှာ အခြေချနေကြပါပြီ။ ဦးသိန်းမောင်ဟာ ပထမ မယားကြီးနဲ့ မိသားစုကို အလုံမှာ အိမ်တစ်ဆောင် မီးတပြောင်နဲ့ ထားသလို ဒုတိယ မယားနဲ့ မိသားစုကိုလည်း ရွှေဘုံသာ လမ်းထောင့်က-တိုက်ခန်း တစ်ခုမှာ ကောင်းကောင်းမွန်မွန် စောင့်ရှောက်ခဲ့ပါတယ်။

ဒုတိယ မိသားစုထဲက သမီးငယ်တစ်ယောက် အိမ်ထောင်ပြုရာမှာ သမ္မတ ဟိုတယ်မှာ ခမ်းခမ်းနားနား လုပ်ပေးခဲ့ပါတယ်။ မဘသ ဥပဒေ အတည်ဖြစ်လာတဲ့ ခုခေတ်လို ဆိုရင် ဦးသိန်းမောင် တစ်ယောက် ဘယ် လိုများ ရင်ဆိုင်မလဲလို့ မကြာခဏ တွေးမိပါတယ်။ အခုတော့ ကွယ်လွန်သွားရှာပါပြီ။ ကျန်းမာရေးလည်း ကောင်း၊ အသက်လည်း ရှည်၊ မိသားစုကလည်း နှစ်စုဆိုတော့ အားကျစရာပေါ့။

## ကြက်ဆင် ဦးသန်းမောင်

ဦးသန်းမောင်ကြီးကို ကြက်ဆင် ဦးသန်းမောင်လို့ ဦးန ခေတ်က မိတ်ဆွေများက ခေါ်ဆလေ့ရှိပါတယ်။ ဘာဖြစ် လို့လည်း ဆိုတော့ အဲဒီခေတ်က နာမည်ကြီးတဲ့ ကြက်ဆင် ဖဲထီးကို ထုတ်လုပ် ဖြန့်ချိခဲ့သူ ဖြစ်လို့ပါ။ အဲဒီ ထီး စက်ရုံကြောင့် ဦးသန်းမောင်ဟာ ချမ်းသာ ကြွယ်ဝတဲ့ လူတစ်ယောက် ဖြစ်ခဲ့ပါတယ်။ ပျော်ပျော်ပါးပါး နေ တတ်ပြီး စီးပွားရေး လုပ်ငန်း မျိုးစုံ လုပ်ရင်းနဲ့ အောင်မြင်တဲ့ စီးပွားရေး လုပ်ငန်းရှင် တစ်ဦးပါ။ စီးပွားရေး အောင်မြင်သလိုပဲ လူမှုရေးမှာလည်း စိတ်တိုင်းကျ နေထိုင်ခဲ့ပါတယ်။ ထိုစဉ်က အမျိုးသမီး ငယ်ငယ် ချောချော တွေနဲ့လည်း နာမည်ကြီးလောက်အောင် နေခဲ့တယ်လို့ သိရပါတယ်။

ကျွန်တော် စီးပွားရေး လုပ်ငန်းနယ်ထဲကို ရောက်လာတဲ့အခါ ဗိုလ်မှူးကြီး ဘရွှေတို့ ဦးသိန်းမောင်တို့နဲ့ တွေ့ဆုံ ဆက်သွယ်ရင်း သူနဲ့လည်း ရင်းနှီးခဲ့တာပါ။ သူ့ရဲ့ ကြက်ဆင် ဖဲထီး စက်ရုံကလည်း ပြည်သူပိုင် သိမ်းတဲ့ အထဲမှာ ပါသွားခဲ့တဲ့အတွက် လမ်းစဉ် ပါတီခေတ်မှာ ဘေးကင်းတဲ့ စီးပွားရေး လုပ်ငန်း မျိုးစုံ ရှာကြ

လုပ်ကိုင်နေတာပါ။ ပြည်လမ်း ရာမညဆောင်နဲ့ မျက်စောင်းထိုးလောက်မှာ ရှိတဲ့ သူ့ရဲ့ ခြံဝင်းထဲမှာ ကြက်ဆင်မုန့်တိုက်ဆိုပြီး မုန့်မျိုးစုံ ပြုလုပ် ရောင်းချခဲ့တာ နာမည်လည်း ရ၊ စီးပွားလည်း ဖြစ်တယ်လို့ သိရပါတယ်။

ကျွန်တော်နဲ့ သိကျွမ်း ခင်မင်လာတဲ့အခါ ကြက်ဆင် မုန့်တိုက်ဝင်းက သူ့အိမ်ကို အလည်ခေါ်လို့ လိုက်သွားဖူးပါတယ်။ သူ့ဇနီးကြီးက ရုပ်ရည် ခန့်ညား တည်ကြည်ပါတယ်။ သားသမီး မရှိပါ။ ဒါကြောင့် သူ့လုပ်ငန်းတွေကို တူ၊ တူမတွေက ဦးစီး လုပ်နေပါတယ်။ အလားတူပဲ ကျောက်ကုန်းဘက်မှာ ရှိတဲ့ အိမ်တစ်ခုကိုလည်း ကျွန်တော့်ကို ခေါ်သွားပါတယ်။ အဲဒီမှာ သူ့ရဲ့ ဒုတိယ ဇနီးကို တွေ့ဖူးတာပါ။ ငယ်ငယ်တုန်းကတော့ ရုပ်ရည်ချောမောပါလိမ့်မယ်။ ကပြားရုပ်ဆိုတော့ တစ်မျိုး လှတယ်လို့ ပြောရမှာပေါ့။ အဲဒီအမျိုးသမီးက လားရှိုးမြို့က နာမည်ကြီး အဆိုတော် တစ်ဦးရဲ့ အဒေါ် တော်ပါတယ်။ အဲဒီ အမျိုးသမီးကိုလည်း အိမ်ကြီးရခိုင်နဲ့ ထားတာပါ။

သူဟာ ဦးနေဝင်းနဲ့လည်း အရင်ခေတ်က သိကျွမ်း ခင်မင်ခဲ့ဖူးတယ်လို့ သိရပါတယ်။ ဦးနေဝင်းကတော့ ဦးသန်းမောင်ကို လောင်းကစား ခုံမင်သူ၊ မိန်းမ ပွေသူလို့ မှတ်ချက်ချထားကြောင်း သူပြောလို့ သိရပါတယ်။ လမ်းစဉ် ပါတီခေတ်၊ ၁၉၇၀ ခုနှစ် အကျော်လောက်မှာ ဆိုရှယ်လစ် စီးပွားရေး ကာကွယ်ဖို့ ဆိုပြီး နိုင်ငံတစ်ဝှမ်းလုံးက သူဌေးတွေ အကုန်လုံး နီးပါးလောက် အဖမ်းခံခဲ့ရပါတယ်။ ဦးသန်းမောင်လည်း ပါသွားတာပေါ့။ ဘာစစ်ကြောရေးမှလည်း မလုပ်ခဲ့၊ ဘာထွက်ချက်မှလည်း မပေးခဲ့ရဘဲနဲ့ ထောင်ထဲမှာ နှစ်နှစ် နေခဲ့ရပါတယ်။

နှစ်နှစ်ပြည့်လို့ ထောင်က လွှတ်ပေးတော့ လွှတ်ပေးတဲ့ ထောက်လှမ်းရေး အရာရှိက "အန်ကယ့်ကို ဘယ်သူ ဖမ်းတာလဲ၊ ဘယ်တုန်းက ဖမ်းထားလဲ၊ ကျွန်တော်တို့ဆီမှာ စာရင်းရှာ မရဘူး" ဆိုပြီး ပြောပါသတဲ့။ သဘောက သူ့ကို ဖမ်းတဲ့ စာရင်းထဲမှာ မပါဘဲ ထောင်ထဲမှာ ဖမ်းထည့်ထား၊ အခြောက်တိုက် အဖမ်းခံရတဲ့ ပုံစံမျိုး ကျွန်တော့်ကို ရင်နာနာနဲ့ ပြောပြဖူးပါတယ်။ ကျွန်တော်က "အန်ကယ် အဲ့ဒါ ယုံသလား၊ ဦးနေဝင်းက ဇာတ်နာအောင် အန်ကယ့်ကို တမင်သက်သက် လုပ်လိုက်တာဗျ၊ သူက ဒါမျိုးတွေ သိပ်ကျွမ်းတာ" လို့ ပြန်ပြောခဲ့ဖူးပါတယ်။

သူနဲ့ ကျွန်တော်ဟာ အထက် တစ်နေရာမှာ ရေးပြခဲ့ဖူးတဲ့ မြစ်သားမြို့က လွှဝါကြိတ်စက် Saw Gin Project နဲ့ ပတ်သက်ပြီး လက်တွဲမိတာပါ။ ကမ္ဘာ့ဘဏ် ချေးငွေ ဒေါ်လာ တစ်သန်းတန် စီမံကိန်း ဖြစ်ပါတယ်။ ဒီစီမံကိန်းကို လွယ်လွယ်ကူကူ အခက်အခဲမရှိ အောင်မြင်ခဲ့တဲ့အတွက် ရှေ့လျှောက်ပြီး သူနဲ့ လက်တွဲ လုပ်ဖို့ သဘောတူခဲ့ပါတယ်။ သို့သော် သူနဲ့ ကျွန်တော် ဆက်ပြီး လက်တွဲချိန် မရတော့ဘဲ ၁၉၈၉ ခုနှစ်မှာ ထောင်ထဲ ဝင်သွားရပါတယ်။ ၁၉၉၅ ခုနှစ်မှာ ထောင်က လွှတ်တော့ သူ ကွယ်လွန်သွားရှာပါပြီ။

## ကျုပ်တောင် စိတ်ပါသလို ဖြစ်လာပြီ

ဗိုလ်မှူးကြီး ဘရွှေဟာ ကျွန်တော်နဲ့ လက်တွဲနေတဲ့ ကာလတွေမှာ ဗိုလ်မှူးချုပ်ဟောင်း အောင်ကြီးနဲ့လည်း မပြတ် တွေ့နေပါတယ်။ ထုံးစံအတိုင်း အဲဒီခေတ် ရေစီးကြောင်းမှာ ကြုံတွေ့ရတဲ့ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး အကြောင်းအရာတွေကို ဝေဖန်ကြတာပေါ့။ အဲဒီလို စကားဝိုင်း တစ်ခုမှာ ဗိုလ်ချုပ် အောင်ကြီးက သူ့ကို မေးပါသတဲ့။ "ခင်ဗျားနဲ့ ပေါင်းတဲ့ လူတွေထဲမှာ ကြက်ဆင် ဦးသန်းမောင်ကတော့ ငယ်ငယ်ကတည်းက မိန်းမ စွံတာဗျ၊ ဦးသိန်းမောင်ကတော့ ဘယ်လိုလဲ" လို့ မေးပါသတဲ့။ အဲဒီတော့ ဦးဘရွှေက "အိုး... ကိုအောင်ကြီးနယ်၊ ကျုပ်တောင် စိတ်ပါသလို ဖြစ်လာပြီ" လို့ ဖြေပါသတဲ့။ နောက်တာပါ၊ တကယ်တော့ ဦးဘရွှေဟာ အင်မတန် သိက္ခာ သမာဓိနဲ့ ပြည့်စုံတဲ့ လူကြီးပါ။

?

## ကဏ္ဍတစ်ခုရဲ့ နိဂုံး

ဘဝရဲ့နိဂုံးလို့ ပြောဖို့ရန် မဖြစ်နိုင်လို့ ကျွန်တော့်ဘဝ ဖြတ်သန်းမှု ကဏ္ဍအသီးသီးမှာ ကိုယ့်ပယောဂ မပါဘဲ အပြောင်းလဲကြီး ပြောင်းလဲခဲ့ရတာတွေ ရှိခဲ့ပါတယ်။ ကျောင်းသား ဘဝကနေ တပ်မတော်ထဲ ရောက်ခဲ့တာကတော့ ရည်ရွယ်ချက်ရှိရှိနဲ့ ပြောင်းလဲတာပါ။ တပ်မတော်သား ဘဝကျပြန်တော့ ကိုယ့်ဆန္ဒ မပါဘဲနဲ့ ပြောင်းလဲခဲ့ရပါတယ်။ ဥပမာ ပြောပြရရင် ရှင်သန် ကြီးထွားစ ပြုနေတဲ့ သစ်ပင် တစ်ပင်ကို အမြစ်က ဆွဲနုတ်လိုက်သလိုပါပဲ။

တပ်က ထွက်လာပြီးတဲ့နောက် လုပ်ငန်းမျိုးစုံ လိုက်လုပ်ရင်းနဲ့ နိုင်ငံခြား အဆက်အသွယ်ကြောင့် စီးပွား ဖြစ်ထွန်းခဲ့တာ အပေါ်မှာ တော်တော်များများ ရေးပြခဲ့ပြီးပါပြီ။ အခုလည်းပဲ စီးပွားရေး လောကထဲမှာ ကျင်လည် ကြီးပွားခဲ့ရင်းနဲ့ ဘဝလမ်းကြောင်း တစ်မျိုးပြောင်းဖို့ ဖြစ်ရပ်တွေက တွန်းပို့နေပါပြီ။ အစကတော့ သူများက တိုက်တွန်းလို့ သို့မဟုတ် ဆွဲဆောင်လို့ ပါခဲ့ရပေမဲ့ နောက်ပိုင်းမှာ မတရားမှုတွေကို ထုနဲ့ ထည်နဲ့ တွေ့လိုက်တဲ့ အခါကျတော့ ဘဝလမ်းကြောင်းဟာ မပြောင်းချင်လို့ မရတော့အောင် ကြမ္မာက ဖန်တီးလာပါတော့တယ်။

## လုပ်ငန်း သုံးခု လုပ်ရမယ်တဲ့

ဒီအကြောင်းတွေ ရေးရင်းနဲ့ ကျွန်တော့်ခေါင်းထဲမှာ တစ်ချိန်က ဗေဒင် မေးခဲ့ဖူးတဲ့ အကြောင်းကို သွားသတိရပါတယ်။ အချိန်က ၁၉၈၅ ခုနှစ်လောက် ဖြစ်ပါလိမ့်မယ်။ မိတ်ဆွေတ စ်ယောက်က ညွှန်းလို့ ကြည့်မြင့်တိုင်ထဲက အိမ်တစ်လုံးမှာ ဗေဒင် သွားမေးခဲ့ပါတယ်။ ဗေဒင်ဆရာရဲ့နာမည်က "ရွှေတိုင်မြင့်" လို့ ခေါ်ပါတယ်။ သူနဲ့လက္ခဏာကြည့်ရဖို့ တိုကင်တောင်ယူခဲ့ရပါသေးတယ်။

သူ ကျွန်တော့်ကို ဟောတဲ့အထဲမှာ အခုထိ မှတ်မိနေတဲ့ အချက်တစ်ခု ရှိပါတယ်။ ဒါကဘာလဲ ဆိုတော့ "ခင်ဗျား ဘဝမှာ လုပ်ငန်း သဘာဝ သုံးမျိုး ပြောင်းမယ်၊ ပြောင်းတိုင်းလည်း တစ်ကနေ ပြန်စရတာချည်းပဲ၊ အဲဒီ ဘဝ သုံးမျိုးလုံးမှာ လူသိများပြီးတော့ အောင်မြင်မှုတွေ ရမယ်" ပါတဲ့။ အခု ဒီအသက်အရွယ် ရောက်လို့ ပြန်သုံးသပ်ကြည့်တော့... ... ...

- ပထမ ဘဝက စစ်မှုထမ်း
- ဒုတိယ ဘဝလမ်းကြောင်းက စီးပွားရေးသမား
- တတိယ ဘဝလမ်းကြောင်းက နိုင်ငံရေးသမားပေါ့။

အဲဒီလို ပြန်သုံးသပ်မိပြန်တော့ ဒီဆရာ ဟောတာ မှန်နေသလိုပေါ့။ နောက်ပိုင်းကျတော့ အဲဒီ ဗေဒင်ဆရာကို ပြန်ရှာလို့ မရတော့ပါဘူး။

အချုပ်အားဖြင့် ပြောရရင်တော့ လူရယ်လို့ ဖြစ်လာတဲ့အချိန်မှာ အကုသိုလ်တရား နည်းနိုင်သမျှ နည်းပြီးတော့၊ ကုသိုလ် တရားများနဲ့ ရှင်သန် နေထိုင်ခြင်းသာလျှင် လူဖြစ်ကျိုး နပ်မယ်လို့ ကျွန်တော် ယုံကြည်မိပါတယ်။ ကြိုကြိုက်လို့ တင်ပြချင်တာက ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ နန္ဒမာလာဘိဝံသရဲ့ ၁၃၈၀ ပြည့်နှစ်အတွက် နှစ်သစ်ကူး ဩဝါဒကို ကြိုက်လွန်းလို့ လက်ဆောင်ကမ်း ဝေမျှပါရစေ။

၁။ ငါသည် သူတစ်ပါး ပျက်စီးအောင် လုပ်တတ်သူ မဖြစ်စေရ၊
သူတစ်ပါး၏ ကြီးပွားမှုကို လိုလားသူသာ ဖြစ်စေရမည်။
၂။ ငါသည် သူတစ်ပါး၏ အောင်မြင်မှုကို မနာလိုသူ မဖြစ်စေရ၊
ဝမ်းသာနိုင်သူသာ ဖြစ်စေရမည်။
၃။ ငါသည် လူအများကို လှည့်စား ဟန်ဆောင်တတ်သူ မဖြစ်စေရ၊
ဟန်ဆောင်မှု ကင်းသော ရိုးသား ပွင့်လင်းသူသာ ဖြစ်စေရမည်။

♥ ♥ ♥ ♥ ♥

## အခန်း (၆)
## ရှစ်လေးလုံး အရေးတော်ပုံနှင့် အတူ

**တာစူနေသော အခြေခံအကြောင်းများ**

ကျွန်တော်ဟာ လမ်းစဉ် ပါတီခေတ်မှာ ဆီလို အပေါက်ရှာပြီး စီးပွားရေး အောင်မြင်အောင် လုပ်နိုင်ခဲ့ပါတယ်။ ဆီလို အပေါက်ရှာပြီး လုပ်ခဲ့တယ် ဆိုတာက လမ်းစဉ် ပါတီရဲ့ စီးပွားရေး စနစ်ဟာ စီမံကိန်း စီးပွားရေး ဖြစ်တဲ့ အတွက် ပုဂ္ဂလိက လုပ်ငန်းတွေကို အားမပေးပါဘူး။ ဆိုဗီယက် ရုရှားတို့၊ ကွန်မြူနစ် တရုတ် နိုင်ငံတို့မှာ ကျင့်သုံးတဲ့ စီးပွားရေး စနစ်မျိုး ကျင့်သုံးတာပါ။ အကြောင်းကြောင်းကြောင့် ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းငယ် လေးတွေကို ခွင့်ပြုတယ် ဆိုရင်လည်း ရှင်သန် ကြီးထွားခွင့် မပေးပါဘူး။

အဲဒီ စနစ်မျိုး ကျင့်သုံးနေတဲ့ ကာလမှာ ကျွန်တော်က အောင်မြင်ခဲ့တာပါ။ ၁၉၈၈ ခုနှစ်မှာ ဆိုရင် အခု နေတဲ့ နေရာမှာ မြေကွက်က ပေ ၁၀၀ ပတ်လည်၊ အိမ်ကိုတော့ တပ်တွေမှာ အရာရှိငယ်တွေ အတွက် ဆောက်တဲ့ အိမ်မျိုး၊ အိမ်သုံးကားနဲ့ စီးပွားရှာတဲ့ကား ငါးစီး ရှိနေပါပြီ။

ကိုယ်နဲ့ ကိုယ့်မိသားစု စီးပွားရေး အောင်မြင်နေပေမဲ့ နိုင်ငံရဲ့ စီးပွားရေးဟာ တဖြည်းဖြည်းနဲ့ ချွတ်ခြုံကျ လာနေတာတွေကို မြင်နေ၊ တွေ့နေရပါတယ်။ စီးပွားရေး အခြေအနေ မကောင်းလွန်းလို့ ၁၉၈၇ ခုနှစ်မှာ မြန်မာ နိုင်ငံကို ကုလသမဂ္ဂက "အဆင်းရဲဆုံး နိုင်ငံ Least Developed Country- LDC" အဖြစ် အသတ်မှတ် ခံခဲ့ရပါတယ်။ ၁၉၆၂ ခုနှစ်၊ ဦးနေဝင်း အာဏာသိမ်းတုန်းက မြန်မာနိုင်ငံဟာ ကမ္ဘာမှာ ဆန်အများဆုံး တင်ပို့ နိုင်တဲ့ နိုင်ငံအဖြစ် ရပ်တည်ခဲ့တာပါ။ အဲဒီ အနေအထားကနေ ၂၆ နှစ် အကြာမှာ မြန်မာ နိုင်ငံဟာ ကမ္ဘာရဲ့ အဆင်းရဲဆုံး နိုင်ငံ ဖြစ်သွားခဲ့ပါပြီ။

စီးပွားရေးမှာ အဲဒီလို အခြေအနေ ဆိုးဝါးနေခဲ့သလို ဥပဒေနဲ့ တရားစီရင်ရေး ကဏ္ဍမှာလည်း အခြေ အနေတွေ အများကြီး ယိုယွင်းနေပါပြီ။ ဦးနေဝင်းရဲ့ တိုက်တွန်းချက်ကြောင့် ဒေါက်တာ မောင်မောင် အကောင် အထည် ဖော်ခဲ့တဲ့ စနစ်တစ်ခု ရှိပါတယ်။ ၁၀ တန်း "ခ" အောင်ရုံနဲ့ ရှေ့နေ လိုင်စင် ရနိုင်တဲ့စနစ်။ ၁၀ တန်း "ခ" အောင်ပြီ ဆိုတာနဲ့ သတ်မှတ်ထားတဲ့ ဥပဒေပညာတွေကို သတ်မှတ်ထားတဲ့ အချိန်အတိုင်းအတာ တစ်ခု အထိ သင်၊ ပြီးရင် လိုင်စင်ရ ရှေ့နေကြီးတွေဆီမှာ Chamber- အလုပ်သင် ဆင်း။ ပြီးတာနဲ့ ရှေ့နေလိုင်စင် ရ။ နာမည်ပေးပုံက တော်တော်သင်းတယ်။

ဘယ်လိုလဲ ဆိုတော့ Higher Grade Pleading- HGP၊ မြန်မာလို ဘာသာပြန်ရရင် အထက်တန်း ရှေ့နေပေါ့။ အဲဒီခေတ်က အလုပ်အကိုင် ရှားပါးတဲ့ ကာလဆိုတော့ ရှေ့နေ လိုင်စင်နဲ့ အသက်မွေးဝမ်းကြောင်း

ဟာ မက်လောက်စရာ ကိစ္စဖြစ်တော့ လူ တော်တော်များများဟာ HGP လမ်းကြောင်းကို ရွေးချယ်ခဲ့ကြပါတယ်။ ဒါပေမဲ့ ဥပဒေပညာကို နှံ့စပ်မှုလည်း မရှိ၊ ဥပဒေ ပညာရှင် တစ်ဦးရဲ့ ကျင့်ဝတ်တွေကိုလည်း ကောင်းစွာ နားမလည်ကြတော့ အဲဒီလို ရှေ့နေ တော်တော်များများဟာ အမှုပွဲစား ပုံသဏ္ဌာန်မျိုးနဲ့ တရားဥပဒေ စိုးမိုးရေးကို အကြီးအကျယ် ထိခိုက်စေတဲ့ လုပ်ရပ်မျိုးတွေ ပေါ်ပေါက်လာပါတော့တယ်။ ဒီလိုနည်းနဲ့ တရားရေး မဏ္ဍိုင်ဟာ ယိုင်နဲ့လာပါတော့တယ်။

ရေးရရင်တော့ အများကြီးပါ။ ပညာရေး စနစ်ကြီး တစ်ခုလုံးဟာလည်း တချို့ကိစ္စတွေလိုပဲ ပထမတော့ မသိမသာ၊ နောက်တော့ သိသိသာသာ ပျက်ယွင်းလာပါတယ်။ ကျူရှင်ကိစ္စတွေ လွှမ်းမိုးလာတယ်၊ ကျူရှင်ဆရာတွေ ကြီးပွားလာရုံမက ဝန်ထမ်းဖြစ်တဲ့ ဆရာ/ဆရာမတွေကပါ ကျူရှင်လမ်းကို လိုက်ခဲ့ကြတဲ့အတွက် ပညာရေး စနစ် တစ်ခုလုံး ကျဆင်းသွားခဲ့ပါတယ်။ အဲဒီ အချက်အလက်တွေနဲ့ ဆက်နွှယ်ပြီးတော့ တစ်မျိုးသားလုံး အနေနဲ့ အကျင့်စာရိတ္တတွေပါ ပျက်လာခဲ့ပါတယ်။

ဒီလို အခြေအနေတွေကို သုံးသပ်မိတဲ့ အတွက် ၁၉၈၇ ခုနှစ် နှောင်းပိုင်းလောက်မှာ တို့နိုင်ငံဟာ ယမ်းအိုးကြီးနဲ့ တူနေပြီ၊ စနက်တံ တစ်ခုပဲ လိုတော့တယ်၊ အဲဒီ စနက်တံဆိုတဲ့ မီးပွားလေးသာ ပေါ်လာခဲ့ရင် မြန်မာပြည် ဆိုတဲ့ ယမ်းအိုးကြီးကလည်း အချိန်မရွေး ပေါက်ကွဲသွားနိုင်တယ် ဆိုတဲ့ အတွေးတွေက ကျွန်တော့်ခေါင်းထဲမှာ ထပ်ကာ ထပ်ကာ ပေါ်လာပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ စီးပွားရေး လုပ်ငန်းတွေထဲမှာ နှစ်နေတဲ့အတွက် ဘယ်နိုင်ငံရေး လှုပ်ရှားမှုမှာမှ မပါနိုင်ခဲ့ပါ။

## ဦးအောင်ကြီးရဲ့ ၄၁ မျက်နှာ ရှိတဲ့ စာ

၁၉၈၇ ခုနှစ်လောက်မှာ ဦးအောင်ကြီးဟာ သူ့ကျန်းမာရေး အတွက် ဆေးစစ်ဖို့ ဩစတေးလျ နိုင်ငံကို သွားပါတယ်။ အပြန်မှာ စင်ကာပူ၊ မလေးရှားနဲ့ ထိုင်း နိုင်ငံတွေကို ဝင်ခဲ့ပါတယ်။ အဲဒီ နိုင်ငံတွေကို ရောက်တဲ့အခါမှာ သူတို့ အားလုံးလိုလို စီးပွားရေး တိုးတက်နေတာ တွေ့ခဲ့ရပါတယ်။ ဒီအတွေ့အကြုံတွေကို မှတည်ပြီး နိုင်ငံရဲ့ ကျဆင်းနေတဲ့ အနေအထားတွေ ပြင်ဆင်ဖို့ လိုတဲ့ ကိစ္စရပ်တွေကို ကျယ်ကျယ်ပြန့်ပြန့် စာရေးပြီး ဦးနေဝင်းဆီ ပို့ပါတယ်။ ဦးနေဝင်းရဲ့ လမ်းစဉ် ပါတီ စနစ် အောင်မြင်နိုင်ဖို့ အလားအလာ မရှိတဲ့ အတွက် ပြင်ဆင်ဖို့ တိုက်တွန်းတဲ့ စာပါ။ အထူးသဖြင့် စီးပွားရေး ကဏ္ဍ ဘယ်လို လုပ်သင့်သလဲ ဆိုတဲ့ အကြောင်းတွေ ပါပါတယ်။

ဦးနေဝင်းက ဦးအောင်ကြီး ပေးတဲ့ စာကို ဖတ်ပြီး ဦးအောင်ကြီးကို နေ့လယ်စာ ထမင်းစား ဖိတ်ပါတယ်။ နေ့လယ်စာ စားရင်းနဲ့ ဦးနေဝင်းက ဦးအောင်ကြီးကို ထပ်ပြောခိုင်းပါတယ်။ ဦးအောင်ကြီးကလည်း ပိုပြီး ပြည့်ပြည့်စုံစုံ တင်ပြပါတယ်။

စားပြီးသောက်ပြီးလို့ ပြန်ခါနီး ရောက်တဲ့အခါမှာ ဦးနေဝင်းက ဦးအောင်ကြီးကို "အခု ခင်ဗျား ပြောတာတွေကို ပြည့်ပြည့်စုံစုံ ပြန်ရေးပြီး ကျွန်တော့်ဆီ ပို့ပေးပါ၊ ကျွန်တော်လည်း တိုင်ပင်သင့်တဲ့ လူတွေနဲ့ တိုင်ပင်မယ်၊ ခင်ဗျားကလည်း အသိပေးသင့်တဲ့ လူတွေရှိရင် ပေးဖတ်ပေါ့" လို့ ပြောလိုက်ပါတယ်။

ဦးနေဝင်းက ဦးအောင်ကြီးကို သူ့စာကို အခြား အသိပေးသင့်တဲ့ လူတွေလည်း အသိပေး ဖတ်ဖို့ ပြောလိုက်တာဟာ ဦးနေဝင်းက ဦးအောင်ကြီး အကြောကို သိလို့ တမင်သက်သက် ပြောလိုက်တယ်လို့ ယူဆပါတယ်။ ဘာ့ကြောင့်လဲဆိုရင် ဦးနေဝင်းရဲ့ ခွင့်ပြုချက် ရပြီလို့ ယူဆပြီး သူ့ရဲ့စာကို တစ်နိုင်ငံလုံးကို ဖြန့်တော့မယ်လို့ ကြံမြင်တဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။ ဒါက ကျွန်တော့် အယူအဆပါ။ ဦးအောင်ကြီးရဲ့ စာဟာ

စာမျက်နှာ ၄၁ မျက်နှာ ရှိလို့ "၄၁ မျက်နှာ စာ" လို့ ကျော်ကြားခဲ့ပါတယ်။ တကယ်ပဲ အဲဒီစာဟာ တစ်နိုင်ငံလုံး ပြန့်ခဲ့ပါတယ်။

တရဲ့အနှစ်သာရကတော့ လမ်းစဉ် ပါတီ စနစ်ကြီးရဲ့ ချွတ်ချော်မှုကြောင့် စီးပွားရေး ကျဆင်းလာတဲ့ အကြောင်းကို အထောက်အထားမျိုးစုံနဲ့ တင်ပြထားတာပါ။ အဲဒီအထဲမှာ သူတို့ လူကြီးချင်း နစ်ယောက်သာ သိနိုင်မယ့် အကြောင်းတွေသာ ထည့်ရေးထားပါတယ်။ ဝါရင့် တပ်မှူးဟောင်း အချို့နဲ့ ဒီစာအကြောင်း ဆွေးနွေးတဲ့အခါမှာ "ဗိုလ်အောင်ကြီး ရေးတဲ့ စာထဲမှာ တော်တော်များများတော့ မှန်ပါတယ်၊ ဒါပေမဲ့ တချို့ ကိစ္စတွေမှာ သူ့ကိုယ်သူ ကိုယ်ရည်သွေးထားတာတွေက များလွန်းတယ်" လို့ မှတ်ချက်ပေးကြပါတယ်၊ ဘယ် အချက်တွေ ဆိုတာတော့ ကျွန်တော် မမှတ်မိတော့ပါဘူး။

## ဘာ့ကြောင့်ပါလိမ့်

အဲဒီ ၄၁ မျက်နှာ စာဟာ လမ်းစဉ် ပါတီ စနစ်ကို မကြိုက်တဲ့ လူတွေကြားထဲမှာ အရမ်းကို ခေတ်စားပါတယ်။ ပထမတော့ သိုသိုသိပ်သိပ် လက်ဆင့်ကမ်း ဖတ်ခဲ့ကြပေမဲ့ လအနည်းငယ် ကြာတဲ့အခါ အဲဒီစာရဲ့ ဖြန့်ဝေမှုဟာ တော်တော် တွင်ကျယ်လာပါတယ်၊ ကျွန်တော့်အသိ ပိုင်းလော့တွေဆိုရင် အဲဒီစာကို အထပ်လိုက် Photo copy ကူးပြီးတော့ သူတို့ လေကြောင်းလိုင်း ရောက်တဲ့ မြို့တိုင်းမှာ ဖြန့်ဝေခဲ့တာ ကိုယ်တိုင် ကြုံတွေ့ခဲ့ရပါတယ်။

ဒီလို အဖြစ်မျိုးတွေ တွေ့ကြုံရတော့ ဒီစာဟာ အစိုးရ တစ်ဖွဲ့လုံး အသုံးမကျဘူးလို့ ပြောထားတဲ့ စာ၊ ဒီလို ပေါ်တင်နီးပါး ဖြန့်ဝေနေတာကို အာဏာပိုင်တွေက ဘယ်လိုမှ အရေးမယူခဲ့ပါဘူး။ ဘာ့ကြောင့်ပါလိမ့်လို့ ကျွန်တော် အကြိမ်ကြိမ် တွေးခဲ့ဖူးပါတယ်။ ရှစ်လေးလုံး အရေးတော်ပုံကြီး တစ်ဟုန်ထိုး ပေါက်ကွဲပြီး ပေါ် ပေါက်လာတော့မှ ဒါဟာ ဦးနေဝင်းရဲ့ အကြံအစည်များလေလားလို့ အတွေးပေါက်လာမိပါတယ်။

ဘယ်လို အတွေးလဲ ဆိုတော့ ဦးနေဝင်းဟာ ထောက်လှမ်းရေးဉာဏ် အပြည့်ရှိနေတဲ့ ပုဂ္ဂိုလ် ဖြစ်နေ တော့ လမ်းစဉ် ပါတီ စနစ်ကြီး တစ်ခုလုံး ယိုယွင်းလာတာ သူ မသိမဟုတ် သိမှာပါပဲ။ ဒါ့ကြောင့်မို့လို့ ဒီစာကို အရေးမယူပဲ မသိမသာ လက်ရှောင်နေခဲ့တာ ဖြစ်လိမ့်မယ်။ သူလည်း ဒီအချုပ်ထုပ်ကြီးကို ဖယ်ချင်ပြီပေါ့၊ ဖယ်လို့ လွယ်အောင် ဒီစာ တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်တယ်။ ဘာနဲ့နှိုင်းရမလဲ ဆိုရင် ရေချိုး တဲ့ အခါမှာ ကြေးညှော်တွေ မြန်မြန်ကျွတ်အောင် ကြိုတင်ပြီးတော့ ရေနဲ့ နှူးထားရတဲ့ သဘောရှိပါတယ်၊ ဒီမှာလည်း လမ်းစဉ် ပါတီ စနစ် တစ်ခုလုံး အသုံးမကျတာ တစ်နိုင်ငံလုံး သိအောင် လွှတ်ပေးထားတယ်လို့ ယူဆရပါတယ်။

## တို့ဗမာတွေရဲ့ အယူသီးမှုတွေများလား

၁၉၈၇ ခုနှစ် ကုန်ခါနီးမှာ သော်လည်းကောင်း၊ ၁၉၈၈ ခုနှစ် ကူးပြီးမှ သော်လည်းကောင်း နိုင်ငံရေးနဲ့ ပတ် သက်တဲ့ ကောလာဟလတွေ တစ်ခုပြီး တစ်ခု ပေါ်ပေါက်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ် လ,တွေ ကူးလာလေ ကောလာဟလတွေက ပိုများလာလေ ဖြစ်ပါတယ်၊ အထူးသဖြင့် ဩဂုတ်လဟာ ဂဏန်းအားဖြင့် ၈ လ ဆိုတော့ ၈ ရက်၊ ၈ လနဲ့ ၈၈ (၈၊ ၈၊ ၈၈) ဆိုရင်တော့ တစ်ခုခု ထူးခြားမယ်ဆိုတဲ့ သဘောတွေ ပဲ့တင်ထပ် နေပါတယ်။ ကျွန်တော်တို့ လူမျိုး အများစုကလည်း ဒါမျိုးဆိုရင် ယုံချင်လှချည်ရဲ့ပေါ့။

## လမ်းစဉ် ပါတီ အစိုးရရဲ့ အခက်

၁၉၈၇ ခုနှစ်က စပြီးတော့ တိုင်းပြည်ကို ရက်ရှည်လများ အုပ်ချုပ်ခဲ့တဲ့ လမ်းစဉ် ပါတီ အစိုးရဟာလည်း အခက်အခဲပေါင်း မြောက်မြားစွာ ကြုံတွေ့နေရပါတယ်။ လမ်းစဉ် ပါတီ အစိုးရဟာ ၁၉၇၄ ခုနှစ်က စပြီး တရားဝင် ရပ်တည်ခဲ့ပါတယ်။ အဲဒီ အစိုးရရဲ့ သမ္မတအဖြစ်နဲ့ ဒေါ်လည်းကောင်း၊ ပါတီဥက္ကဋ္ဌလို့ ဒေါ်လည်းကောင်း အမည်ခံပြီး တကယ်တော့ ဦးနေဝင်းကသာ အုပ်ချုပ်ခဲ့တာပါ။ အဲဒီထက် ပိုထင်ရှားတဲ့ ဥပမာ ပြရရင် ဦးနေဝင်းဟာ ဗိုလ်ချုပ်ကြီးအဖြစ်နဲ့ ၁၉၆၂ ခုနှစ်ကနေ ၁၉၇၄ ခုနှစ် အထိ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌ အနေနဲ့ အုပ်ချုပ်ခဲ့တာပါ။ ဒါ့ကြောင့် ဦးနေဝင်းဟာ ရာထူးအမျိုးမျိုး ဖန်တီးပြီး နိုင်ငံကို အုပ်ချုပ်ခဲ့တာဟာ ၂၅ နှစ် ကျော်ခဲ့ပြီပေါ့။

ဒီကာလမှာပဲ စီးပွားရေး၊ တရား စီရင်ရေး၊ ပညာရေး နယ်ပယ်မှာတွေမှာ အဖက်ဖက်က ယိုယွင်းလာပြီ ဖြစ်တဲ့အတွက် "ကမ္ဘာ့ရဲ့ ဖွံ့ဖြိုးမှု အနိမ့်ဆုံး နိုင်ငံ Least Developed Country" အဖြစ် ကမ္ဘာ့ ကုလသမဂ္ဂက အသိအမှတ်ပြုခံရတဲ့ အထိပါပဲ။ ပြည်သူလူထုအပေါ် စေတနာ မထားခဲ့ပဲ ငါတကော ကောခဲ့တဲ့ လုပ်ရပ်တွေရဲ့ ရလဒ်ပါ။ ဒီအနေအထားဟာ ပြည်တွင်းမှာရော၊ ပြည်ပမှာပါ ကြီးမားတဲ့ ဂယက် ဖြစ်ပေါ်စေပါတယ်။

## တိုင်းပြည်ကို ဓားပြတိုက်ခြင်း

ဦးနေဝင်း အုပ်ချုပ်တဲ့ ၂၆ နှစ် ကာလမှာ ငွေစက္ကူများကို တရားမဝင်ကြောင်း ကြေညာခဲ့တာ သုံးကြိမ် ရှိခဲ့ပါတယ်။ ပထမ တစ်ကြိမ်က ၁၉၆၄ ခုနှစ်၊ ဒုတိယ တစ်ကြိမ်က ၁၉၈၅ ခုနှစ်၊ နောက်ဆုံး အကြိမ်က ၁၉၈၇ ခုနှစ်တို့ ဖြစ်ကြပါတယ်။ ပထမ နှစ်ကြိမ်တုန်းက ငွေစက္ကူ အဟောင်းတွေကို ပြန်အပ်ရင် အကန့်အသတ်နဲ့ ပြန်လည် လဲလှယ်ပေးတာ ရှိခဲ့ပေမဲ့ နောက်ဆုံး အကြိမ်မှာတော့ လုံးဝ ပြန်ပေးမယ့် အစီအစဉ် မပါခဲ့ပါဘူး။ အပြတ်ရိတ်လိုက်တာပါ။

နောင်းလူများအတွက် အခု ရေးပြလိုတာက ဦးနေဝင်းဟာ ငွေစက္ကူတွေကို ကိုယ် လိုသလို ပုံနှိပ် ထုတ်ဝေနိုင်အောင် ငွေစက္ကူ ရိုက်နှိပ်နိုင်တဲ့ စက်ရုံတစ်ရုံကို မကွေးတိုင်းက ဝါဇီ ဆိုတဲ့ အရပ်မှာ တည်ခဲ့ပါတယ်။ ဂျာမနီက စက်တွေ ထင်ပါတယ်။ ကျွန်တော် စစ်ရုံးမှာနေတုန်းက ရောက်ဖူးပါတယ်။ သူက ဗေဒင် ယတြာတွေကို လိုသလို အသုံးချတတ်တယ်လို့ ကြားဖူးပါတယ်။ ဒါ့ကြောင့် ငွေစက္ကူတွေကို ၂၅ ကျပ်တန်၊ ၃၅ ကျပ်တန်၊ ၇၅ ကျပ်တန်၊ ၉၀ ကျပ်တန်တွေ အဖြစ် ထုတ်ဝေခဲ့ပါတယ်။ အဲဒီ ငွေစက္ကူတွေ စထုတ်ကတည်းကိုက ကျွန်တော့်မှာ ဒီပိုက်ဆံတွေဟာ အူကြောင်ကြောင် တန်ဖိုးတွေလို့ ယူဆခဲ့ဖူးပါတယ်။ ဒီငွေစက္ကူတွေ ကြာကြာ ခံပါ့မလားလို့လည်း စိတ်ထင့်ခဲ့ဖူးပါတယ်။

ကျွန်တော် စိတ်ထင့်ခဲ့ဖူးတဲ့အတိုင်း ၁၉၈၇ ခုနှစ်မှာ တကယ် ဖြစ်ခဲ့ပါတယ်။ အဲဒီနေ့ကို ကျွန်တော် ကောင်းကောင်း မှတ်မိနေပါတယ်။ နိုဝင်ဘာလထဲက တနင်္ဂနွေ တစ်နေ့ ထင်ပါတယ်။ ကျွန်တော်နဲ့ ဇနီးသည်တို့ ရေမိုးချိုးပြီး အိမ်ရှေ့က ကုလားထိုင်တွေမှာ ခဏ နားနေတုန်း ကျွန်တော်ရဲ့ ညီ ၁၂ မောင် ကျော်လင်းက အိမ်ကို ကတိုက်ကရိုက် ရောက်လာပါတယ်။ "ကိုကြီး၊ ငွေစက္ကူတွေကို တရားမဝင် ကြေညာကြောင်း မနက် ၁၁ နာရီ သတင်းမှာ ပါတယ်။ ၂၅ ကျပ်၊ ၃၅ ကျပ်နဲ့ ၇၅ ကျပ်တန်တွေ" တဲ့လို့ ပြောပါတယ်။

ဟုတ်ပါတယ်၊ ရေဒီယို ဖွင့်နားထောင်တော့ အစိုးရရဲ့ ကြေညာချက်ကို ထပ်ကာ ထပ်ကာ လွှင့်နေလို့ ကြားသိရပါတယ်။ အဲဒီမှာ ကျွန်တော်နဲ့ မိန်းမ နှစ်ယောက်ပေါင်း ပိုက်ဆံ လေးသိန်းလောက် မိနေပြီဆိုတာ

ထွက်လို့ရပါတယ်။ မိန်းမက ကျွန်တော် မသိအောင် ကဲ့စုထားတဲ့ ငွေနှစ်သိန်း ထွက်လာပါတယ်။ ဒါနဲ့ ကျွန်တော်လည်း ရှိသမျှ ပိုက်ဆံတွေ ယူပြီး မြို့ထဲက ကျွန်တော့်ရုံးကို သွားပါတယ်။ ငကျော့်ကိုလည်း ခေါ်သွားပါတယ်။

မြို့ထဲက ကျွန်တော့်ရုံးကို ရောက်တော့ ငကျော့်ကို ရွှေဘုံသာလမ်းကို လွှတ်ပြီး သတင်းတွေ သွားနားထောင်ခိုင်းပါတယ်။ ရွှေဘုံသာလမ်း ဆိုတာက ရန်ကုန် တစ်မြို့လုံးရဲ့ ရွှေတွေ၊ ကျောက်သံ ပတ္တမြားတွေနဲ့ နိုင်ငံခြားငွေတွေ တရားမဝင် ရောင်းဝယ် ဖောက်ကားနေတဲ့ နေရာပါ။ ငကျော် ပြန်လာတော့ သတင်း ပါလာပါတယ်။ တရားမဝင် ငွေစက္ကူတွေကို ဝယ်တဲ့လူတွေ တွေ့ခဲ့ပါတယ်တဲ့။ ငွေလဲလှယ်နှုန်းကတော့ တရားမဝင် ငွေတစ်ရာကို တရားဝင်ငွေ ၆၀ နှုန်းပါတဲ့။ ဒါနဲ့ ကျွန်တော့်မှာ ပါလာတဲ့ ငွေတွေကို ငကျော့်ကို အပ်ပြီး သွားလဲခိုင်းပါတယ်။ ခဏနေတော့ ပြန်လာပါတယ်။ တရားဝင်ငွေ နှစ်သိန်းနဲ့ လေးသောင်း ရပါတယ်။ တစ်ဆယ်တန်နဲ့ ငါးကျပ်တန်တွေပါ။ တစ်ထုပ်တစ်ပိုးကြီးပေါ့။

ကျွန်တော်က ဖန်းသည်နဲ့ တချို့ သူငယ်ချင်းတွေကို ဖုန်းဆက်ပြီး တရားမဝင် ငွေတွေ စုနိုင်သမျှ များများ စုထားဖို့ ပြောပြီး ငကျော့်ကို ကားနဲ့ အိမ်ပြန်လွှတ်လိုက်ပါတယ်။ နေ့လယ် နှစ်နာရီလောက်ကျတော့ ငကျော် ပြန်လာပါတယ်။ ပိုက်ဆံတွေလည်း ပါလာပါတယ်။ အချိန်က ညနေ လေးနာရီလောက် ဖြစ်မှာပါ။ ငကျော့်ကို အဲဒီပိုက်ဆံတွေ သွားလဲခိုင်းတော့ ငွေလဲနှုန်းက ကျပ် ၁၀၀ ကို ၄၀ ကျပ်ပဲ ရပါတော့မယ်တဲ့။ ငွေကျနှုန်းက အလွန်မြန်ပါတယ်။ ကျွန်တော်က အဲဒီ ပိုက်ဆံပိုင်ရှင်တွေကို ၄၀ ကျပ်နှုန်းနဲ့ လဲဖို့ သဘောတူ မတူ မေးရပါသေးတယ်။ သဘောတူတဲ့ လူတွေကိုတော့ ရသလောက် လဲပေးပြီး သဘောမတူတဲ့ လူတွေရဲ့ ပိုက်ဆံကိုတော့ လဲမပေးပါဘူး။ ဟုတ်ပါတယ်၊ နှုန်းက နည်းလွန်းတော့ တချို့ကလည်း နမြောကြပေမပေါ့။

## လျှင်လိုက်ကြပုံများ

အဲဒီ ငွေကြေး ဈေးကွက်က နှစ်ပတ်လောက် ကြာပါတယ်။ ရွှေဘုံသာလမ်း အနေအထားကို အမြဲ စောင့်ကြည့်နေတဲ့ ထောက်လှမ်းရေးက ပုဂ္ဂိုလ်တွေလည်း ရှိပါတယ်။ ဘာမှ အရေးယူခြင်း မရှိပါ။ နောက်ဆုံးရက်တွေမှာတော့ ကျပ် ၁၀၀ လဲရင် ၁၀ ကျပ်လောက်ပဲ ဈေးရှိပါတော့တယ်။ ဘာဖြစ်လို့ အခုလို အရောင်းအဝယ် ဖြစ်နေကြသလဲလို့ စုံစမ်းတဲ့အခါမှာ တချို့ အစိုးရ ဌာနတွေရဲ့ ဘဏ္ဍာရေး ဌာနက တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေက သူတို့ မီးခံသေတ္တာမှာ သိမ်းထားတဲ့ တရားဝင်ငွေတွေကို ထုတ်၊ ရွှေဘုံသာလမ်းက တရားမဝင် ငွေတွေကို ဝယ်၊ ပြီးတော့ စာရင်း ဖလှယ်လိုက်ခြင်းအားဖြင့် သူတို့ အတွက် ပိုငွေတွေ တထောကြီး ရလိုက်ကြပါသတဲ့။ တော်တော် လျင်တဲ့ ပုဂ္ဂိုလ်တွေပါပဲ။

## တစ်ပြေးညီ အထိနာခဲ့ခြင်း

၁၉၆၄ ခုနှစ်မှာ လုပ်ခဲ့တဲ့ ရာတန်၊ ငါးဆယ်တန်တွေကို တရားမဝင် ကြေညာတုန်းက ပမာဏ တစ်ခုအထိ ငွေပြန်အမ်းပါတယ်။ ပိုသွားတဲ့ ငွေပမာဏတွေ အတွက် ပိုင်ရှင်တွေကို ခေါ်တွေ့ပြီး အဲဒီ ငွေတွေ တရားဝင်ရတာဟုတ်/မဟုတ် စိစစ်ပါတယ်။ စိစစ်လို့ မှန်ရင် အကုန်ပြန်ပေးပါတယ်။ အထိ သိပ်မနာခဲ့ဖူးပေါ့။

၁၉၈၅ ခုနှစ်မှာ လုပ်တဲ့ တရားမဝင်ငွေ ကြေညာတုန်းက ငွေကျပ် ၅၀၀၀ အထိ ချက်ချင်း ပြန်ပေးမယ်လို့ ဆိုခဲ့ပါတယ်။ ဒါ့ကြောင့် ကန်ထရိုက်တာကြီး တစ်ယောက်က သူ့အလုပ်သမား လေး-ငါးဆယ်လောက်ကို စုစည်းပြီး ပုံစံ ၁၀ တွေ ပြန်ယူခိုင်း၊ ပြီးမှ ကျပ် ၅၀၀၀ စီ သွားလဲခိုင်း။ ချက်ချင်း ပြန်ရတာမို့ အဲဒီ ကန်ထရိုက်တာ

ကြီးက သူ့အလုပ်သမားတွေကို တစ်ယောက် ၅၀၀ ကျပ်စီ ပြန်ပေးခဲ့ပါသတဲ့။ အလုပ်သမားတွေလည်း ဝင်ငွေရ၊ သူကလည်း အနည်းငယ် ဆုံးရှုံးသွားပေမဲ့ သူ့လုပ်ငန်းကိုတော့ ဟန်မပျက် ဆက်လုပ်နိုင်ပါသတဲ့။

အဲဒီ ဖြစ်ရပ်ကို ဦးနေဝင်းက ကြားသိရတဲ့အခါ ဒေါသူပုန်ထပြီး တာဝန်ရှိတဲ့ လူတွေကို ကြိမ်းမောင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကို အခဲမကြေလို့ ထင်ပါရဲ့၊ ၁၉၈၇ ခုနှစ်ကျတော့ တစ်ပြားတစ်ချပ်မှ ပြန်ပေးမယ့် အစီအစဉ် မရှိတော့တဲ့အတွက် နိုင်ငံသူ၊ နိုင်ငံသား အားလုံး တစ်ပြေးညီ အထိနာခဲ့ပါတယ်။ ကျွန်တော့် သဘောကတော့ နိုင်ငံကို ဓားပြတိုက်တယ်လို့ ယူဆပါတယ်။

## မလိုတမာ ပေးတဲ့ အကြံလေလား

၁၉၆၄ ခုနှစ်မှာ ငွေစက္ကူတွေကို တရားမဝင် ကြေညာလိုက်တဲ့ အဖြစ်ဟာ ဦးနေဝင်းကို ပိုက်ဆံ Currency တွေကို လိုသလို ခြယ်လှယ်လို့ ရပါလားဆိုတဲ့ အသိ ရသွားစေပါတယ်။ ဒီလုပ်ရပ်နဲ့ အကြံဟာ သူ့ကိုယ်ပိုင် မဟုတ်ဘူးလို့ သူ့ကို သိမှီတဲ့လူတွေက ပြောကြပါတယ်။ တော်လှန်ရေး ကောင်စီတက်လို့ ဆိုရှယ်လစ်လမ်းစဉ်နဲ့ ချီတက်မယ်လို့ ဆုံးဖြတ်ပြီးတဲ့အခါ ဆိုရှယ်လစ် စီးပွားရေး အကြောင်း သိမယ်ထင်တဲ့ ပြင်ပ လက်ဝဲ နိုင်ငံရေးသမား၊ လက်ဝဲ စီးပွားရေး ပညာရှင်တစ်ချို့ကို ဦးနေဝင်းက ဖိတ်ခေါ်ပြီး အစိုးရ အဖွဲ့ထဲမှာ ထည့်သွင်းဖွဲ့စည်းခဲ့ပါတယ်။

အဲဒီပုဂ္ဂိုလ်က ပေးတဲ့အကြံကြောင့် ဒီငွေစက္ကူတွေကို အရေးယူတဲ့ ကိစ္စ ဖြစ်ပေါ်လာတာပါ။ နှစ်အနည်းငယ် ကြာတော့ အဲဒီပုဂ္ဂိုလ်လည်း အစိုးရ အဖွဲ့ထဲမှာ မရှိတော့ပါဘူး။ တစ်ကြိမ်မှာတော့ အဲဒီ ပုဂ္ဂိုလ်က သူ့အသိုင်းအဝိုင်းမှာ ဒီလို ပြောပါသတဲ့၊ "ငွေစက္ကူတွေကို တရားမဝင် ကြေညာဖို့ ငါ တိုက်တွန်းခဲ့တာ၊ ဗိုလ်နေဝင်းက တကယ် လိုက်လုပ်မယ်လို့ မထင်မိခဲ့ဘူး" ပါတဲ့။ မှန်တာ မမှန်တာတော့ ထားလိုက်ပါတော့၊ အဲဒီ စကားဟာ အဲဒီ ပုဂ္ဂိုလ်ရဲ့ နှုတ်ထွက်စကားလို့ ယူဆတာဟာ ယုတ္တိရှိမယ်လို့ ကျွန်တော် ထင်ပါတယ်။ ကောင်းကြသေးရဲ့လားဗျာတို့။

## ရှစ်လေးလုံး အရေးတော်ပုံ ဖြစ်စေမယ့် မီးစ

ငွေစက္ကူတွေကို တရားမဝင် ကြေညာလို့ ကျွန်တော့်အနေနဲ့ ငွေလေးသိန်းလောက် ထိခဲ့တာ အထက်မှာ ရေးပြခဲ့ပြီးပါပြီ။ ကျွန်တော် မြေမြန်လက်မြန်နဲ့ ငွေတွေ အကြိမ်ကြိမ် လဲခဲ့ရာမှာ သုံးသိန်း နီးပါးလောက် ပြန်ရခဲ့ပါတယ်။ ထိပေမဲ့ သိပ်မနာခဲ့ဘူးလို့ ဆိုရပါမယ်။ ဒါပေမဲ့ ပြည်သူ အများကတော့ တစ်ပြေးညီ အထိနာခဲ့တဲ့အတွက် ဦးနေဝင်း အပေါ်မှာ သော်လည်းကောင်း၊ လမ်းစဉ် ပါတီ အစိုးရ အပေါ်မှာ သော်လည်းကောင်း မကျေနပ်မှုတွေဟာ တိုးပွားလာခဲ့ပါတယ်။

သို့သော် အဲဒီ ကာလမှာတော့ ပြည်သူလူထုဟာ ချက်ချင်း မတုံ့ပြန်နိုင်ခဲ့ပါဘူး။ ကိုယ် ဆုံးရှုံးသွားတဲ့ ငွေတွေ မရှိတော့တာမို့ နေ့စဉ် စားဖို့သောက်ဖို့အတွက် ရုန်းကန် ရှာဖွေနေရတာက အဓိက ဖြစ်နေလို့ ထင်ပါတယ်။ ဒါပေမဲ့ အဲဒီ မကျေနပ်မှုတွေဟာ ပြည်သူလူထုကြားမှာ တစ်အုံနွေးနွေး ဖြစ်စေခဲ့တာတော့ အမှန်ပါ။ ဒါ့ကြောင့် တက္ကသိုလ် ကျောင်းသားတွေ ခေါင်းဆောင်တဲ့ ရှစ်လေးလုံး အရေးတော်ပုံ ဖြစ်လာတဲ့ အခါမှာ ဩဂုတ်လနဲ့ စက်တင်ဘာလ ဆိုတဲ့ နှစ်လအတွင်းမှာ ပြည်သူလူထု တစ်ရပ်လုံးအပြင် တပ်မတော်တပ်ရင်း တပ်ဖွဲ့တွေကပါ ပါလာခြင်း ဖြစ်တယ်လို့ သုံးသပ်မိပါတယ်။

## ပါတီ ညီလာခံ

၁၉၈၈ ခုနှစ်၊ ဇူလိုင်လမှာ လမ်းစဉ် ပါတီရဲ့ ညီလာခံ ကျင်းပပါတယ်။ အဲဒီ ညီလာခံမှာ ပါတီ ဥက္ကဋ္ဌ ဦးနေဝင်းက သမိုင်းတွင်မယ့် စကားတွေ အများကြီး ပြောခဲ့ပါတယ်။ အဓိက အချက်တွေကတော့ မှတ်မိသမျှ အောက်ပါ အတိုင်း ဖြစ်ပါတယ်-

- အနာဂတ် မြန်မာနိုင်ငံမှာ တစ်ပါတီ စနစ်နဲ့ အုပ်ချုပ်စေချင်သလား၊ ပါတီစုံ စံနစ်နဲ့ သွားချင်သလား။
- စစ်တပ်ဟာ ပစ်မယ် ဆိုရင် မိုးပေါ် ထောင်မပစ်ဘဲ တည့်တည့် ပစ်မှာ။
- ဦးနေဝင်းနဲ့တကွ ထိပ်ပိုင်း ပုဂ္ဂိုလ် ငါးဦး နုတ်ထွက်စာ တင်မယ်။
- ပြည်သူလူထုဆန္ဒ သိရဖို့အတွက် ဦးတင်အောင်ဟိန်း ခေါင်းဆောင်တဲ့ "စုံစမ်းရေး ကော်မရှင်" ဖွဲ့ပေးမယ်။

နုတ်ထွက်စာ တင်မယ့် ပုဂ္ဂိုလ်တွေကတော့ ဦးနေဝင်း၊ ဦးစန်းယု၊ ဦးအေးကို၊ ဗိုလ်ချုပ်ကြီး ကျော်ထင်နဲ့ ဦးမောင်မောင်ခတို့ ဖြစ်ပါတယ်။ ဒီမိန့်ခွန်းကို ကျွန်တော် ကိုယ်တိုင် စောင့်ကြည့် နားထောင်ခဲ့ပါတယ်။ တီဗီ ဖန်သားပြင်မှာ တွေ့ရတဲ့ ဦးနေဝင်းရဲ့ အမူအရာဟာ အလွန်ဒေါသကြီးနေတဲ့ ပုံပါ။ တစ်ပါတီ စနစ်နဲ့ ပါတီစုံ စနစ်ကို ဘယ်ဟာ ကြိုက်မလဲ ဆိုတဲ့ကိစ္စဟာ နိုင်ငံ တစ်နိုင်ငံလုံးအတွက် အကြီးအကျယ် တုန်လှုပ် ချောက်ချား စေတဲ့ ခေါင်းစဉ် ဖြစ်ပါတယ်။

အလားတူပဲ ထိပ်ပိုင်းက တာဝန်ရှိတဲ့သူတွေ နုတ်ထွက်မယ် ဆိုတဲ့ ကိစ္စဟာလည်း ဘယ်သူမှ မျှော်လင့် မထားတဲ့ ကြီးမားတဲ့ အပြောင်းလဲကြီး တစ်ခုပါ။ အဲဒီ အချက် နှစ်ချက်ဟာ မြန်မာနိုင်ငံ အတွင်းမှာ လှုပ်လှုပ်ရွရွ ဖြစ်နေတဲ့ နိုင်ငံရေး အင်အားစုများကို လှုပ်နှိုးလိုက်သလိုပဲ ဖြစ်ပါတယ်။ အဲဒီ အချက်တွေဟာ ရှစ်လေးလုံး အရေးတော်ပုံ ပေါ်ထွန်းစေဖို့ တွန်းအားပေးလိုက်သလို ဖြစ်သွားပါတယ်။

သမိုင်းတစ်လျှောက် ဖျက်မရတဲ့ အမည်းစက်ကြီးကတော့ "စစ်တပ်ဟာ ပစ်ရင် တည့်တည့် ပစ်တယ်၊ မိုးပေါ် ထောင်မပစ်ဘူး" ဆိုတဲ့ ဦးနေဝင်းရဲ့ ကြုံးဝါးချက်ပါပဲ။ ဒီစကားဟာ ပြည်သူလူထု တစ်ရပ်လုံးကို ခြိမ်းခြောက်တာ ဖြစ်သလို စော်ကားတဲ့ စကားလည်း ဖြစ်ပါတယ်။ ကျွန်တော်က တော်လှန်ရေး ကောင်စီ တက်ခါစက ဖြစ်ခဲ့တဲ့ "ဇူလိုင် ၇ ရက် အရေးအခင်း" ဖြစ်ပေါ်ပြီးစမှာ ဗိုလ်ချုပ်ကြီး နေဝင်း ဘဝက ပြောခဲ့တဲ့ မိန့်ခွန်းမှာလည်း အဲဒီ အရေးအခင်းနဲ့ ပတ်သက်လို့ ရင်ဆိုင်ရမယ် ဆိုရင် "ဓားကို ဓားချင်း၊ လှံကို လှံချင်း" လို့ ကြုံးဝါးခဲ့ဖူးပါတယ်။

ဦးနေဝင်း အာဏာယူပြီး ပထမဦးဆုံး ပြောတဲ့ မိန့်ခွန်းမှာတော့ "ဓားကို ဓားချင်း၊ လှံကို လှံချင်း" လို့ ကြုံးဝါးလိုက်သလို အာဏာ စွန့်လွှတ်တော့မယ့် နောက်ဆုံးနှစ် ဖြစ်တဲ့ ၁၉၈၈ ခုနှစ် ပါတီ ညီလာခံမှာလည်း "စစ်တပ်ဟာ ပစ်ရင် တည့်တည့် ပစ်တယ်၊ မိုးပေါ် ထောင်မပစ်ဘူး" ဆိုတဲ့ မိန့်ခွန်းနဲ့ ပိတ်သွားတာဟာ တိုက်ဆိုင်မှုပဲလား၊ ဒါမှမဟုတ် ဦးနေဝင်းရဲ့ ပြည်သူလူထုအပေါ်မှာ ထားတဲ့ တကယ့် စိတ်ရင်းအမှန်ပဲလား ဆိုတာ ဝေခွဲရ ခက်လာပါတယ်။

## မတည်ငြိမ်မှု အစ ဖုန်းမော်က

ဒီအကြောင်းကိုတော့ တော်တော်များများ သိပြီးသားပါ။ ပြန် အစဖော်ရမယ် ဆိုရင် မတ်လ ၁၃ ရက်နေ့ ညနေခင်းမှာ စက်မှု တက္ကသိုလ်ရဲ့ နောက်ကျောဘက်လောက်မှာ ရှိတဲ့ အရှေ့ ကြို့ကုန်းလမ်းပေါ်က "စန္ဒာ

ဝင်း" လက်ဖက်ရည်ဆိုင်မှာ ဖြစ်ခဲ့ပါတယ်။ ရပ်ကွက်ထဲက လူငယ် တစ်ချို့က တစ်ဘက်၊ စက်မှု တက္ကသိုလ် ကျောင်းသားများက တစ်ဘက်ပါ။ လူငယ်ချင်း အငြင်းပွားပြီး ခိုက်ရန် ဖြစ်ခဲ့တာကို ရပ်ကွက် ကောင်စီက ဖြေရှင်းပေးခဲ့ပါတယ်။ မပြေလည်ပါ။

နောက်နေ့ မတ်လ ၁၂ ရက်နေ့မှာလည်း ဆက်ဖြစ်မယ့် အလားအလာတွေကြောင့် မြို့နယ် ကောင်စီကပါ ဆင်းပြီး ညှိနှိုင်းပေးပါတယ်။ ညှိနှိုင်းပုံက တစ်ဖက်စောင်းနင်းနိုင်တဲ့ အတွက် ကျောင်းသားတွေဘက်က ပိုမို အုံကြွလာပါတယ်။ မတ်လ ၁၃ ရက်မှာတော့ ကျောင်းသားတွေရဲ့ မကျေနပ်မှုဟာ ကြီးထွားလာပြီး ကျောင်းခန်းတွေ၊ အဆောင်တွေမှာ စုရုံး စုရုံး ဖြစ်လာပါတယ်။ ကြွေးကြော်သံတွေလည်း အော်ဟစ်ရင်း ဆန္ဒပြတဲ့အသွင် ဆောင်လာပါတယ်။ ညနေဘက်ကျတော့ ပိုဆိုးလာပါပြီ။ ကျောင်းသားတွေ အင်းစိန် လမ်းပေါ် တက်ပြီး အော်ဟစ်လာပါတယ်။ အဲဒါအပြင် စက်မှုတက္ကသိုလ် ရှေ့က ဖြတ်မောင်းလာတဲ့ အစိုးရသုံး မာဇဒါ ဂျစ် (အစိမ်း) တစ်စီးကို ကျောင်းသားတွေက တားပြီး မီးရှို့လိုက်ပါတယ်။ အခြေအနေတွေက ပြင်းထန်လာပါပြီ။

အဲဒီအချိန်မှာ ပြည်ထဲရေး ဝန်ကြီးက ဗိုလ်ချုပ် မင်းခေါင်ပါ။ ဝန်ကြီးချုပ်က ဦးမောင်မောင်ခ။ အစိုးရ အဖွဲ့အနေနဲ့ စက်မှုတက္ကသိုလ်မှာ ဖြစ်နေတဲ့ ပြဿနာကို ဘယ်လို ရင်ဆိုင်ဖြေရှင်းရမလဲ ဆိုတာ ဝန်ကြီးအဖွဲ့ အနေနဲ့ တိုင်ပင်ကြပြီး ပြည်ထဲရေး ဝန်ကြီး ဦးမင်းခေါင်ကို စေလွှတ်ပြီး အခြေအနေကို ထိန်းနိုင်းမယ်လို့ ဆုံးဖြတ်ကြပါတယ်။ ဦးမင်းခေါင်ကလည်း ရဲတပ်ဖွဲ့ဝင်အချို့ ခြံရံပြီး အခင်း ဖြစ်ပွားရာနေရာကို သွားပါတယ်။ သူတို့တစ်တွေ အင်းစိန်လမ်းအတိုင်း လာပြီး သမိုင်း မီးပွိုင့် အလွန်၊ "အောင်ဓမ္မရိပ်သာလမ်း" အလွန် "ဒေးဗစ် ရွှေနုလမ်း" အထိပဲ သွားလို့ရပါတယ်။ ရှေ့ဆက်သွားရင် အော်ဟစ်နေတဲ့ ကျောင်းသားအုပ်ကြီး ရှိပါတယ်။

အချိန်ကလည်း မှောင်စပြုပါပြီ။ ဝန်ကြီးအဖွဲ့ကလည်း ရှေ့ကို မတိုးဘဲ စက်မှုတက္ကသိုလ်ရှေ့ အင်းစိန် လမ်းမပေါ် မှာ အော်ဟစ် ဆန္ဒပြနေတဲ့ ကျောင်းသားထုကို လှမ်းအကဲခတ်နေပါတယ်။ ဆန္ဒပြနေတဲ့ ကျောင်း သား အုပ်စုက လက်နက်ကိုင် ရဲအစောင့်အရှောက် ပါတဲ့ ဝန်ကြီးအဖွဲ့ကို မြင်တဲ့ အခါ သွေးကြွလာကြပြီး ဝန်ကြီးနဲ့ အဖွဲ့ကို လှမ်းပြီး အော်ဟစ်တာတို့ ဆဲဆိုတာတို့ လုပ်လာကြပါတယ်။ တချို့က နီးရာ ခဲတွေ ကောက်ပြီး လှမ်းပစ်နေပါပြီ။

ဝန်ကြီး ဦးမင်းခေါင်က ညနေ နေစောင်းပြီ ဆိုတာနဲ့ ရုံးခန်းထဲမှာ အရက်သောက်လေ့ရှိတာ သူ့အနီးက လူတွေ သိကြပါတယ်။ ဒေးဗစ်ရွှေနုလမ်း ရောက်တဲ့အချိန်မှာ သူ တော်တော် ရေချိန်ကိုက်နေပါပြီ။ ဆန္ဒပြ နေတဲ့ ကျောင်းသားတွေကိုလည်း အမျိုးမျိုး ဝေဖန် ရွတ်ချနေပါတယ်။ ကျောင်းသားအုပ်ကြီးကလည်း ဝန်ကြီး ပါလာမှန်း မသိကြပါ။ တစ်စုံတစ်ယောက်သော အာဏာပိုင် ဆိုတာလောက်ပဲ သိပါတယ်။ ဒါ့ကြောင့် ကျောင်း သားထုထဲက ရဲတဲ့လူ တစ်ချို့က ဝန်ကြီးနဲ့ အဖွဲ့နား သွားလိုက်၊ ခဲနဲ့ ထုလိုက်၊ အခြေအနေ ထိန်းသိမ်းတဲ့ လူတွေက ဖျောင်းဖျရင် နောက်ဆုတ်လိုက်နဲ့ ရှေ့တိုးနောက်ငင် ဖြစ်နေပါတယ်။ ဝန်ကြီးနဲ့ ပါလာတဲ့ အဖွဲ့က လည်း ဒေါသတွေ ကူးစက်နေပါပြီ။

ရန်လိုတဲ့ ကျောင်းသားအုပ်စုတွေက လူကြီးအုပ်စုနား မရဲတရဲလာလိုက်၊ ခဲနဲ့ထုပြီး ပြန်ဆုတ်လိုက်နဲ့ ဖြစ်လာပြီး တစ်ခါမှာတော့ ခဲတွေက သူတို့အုပ်စုနားကို အစုလိုက်အပြုံလိုက် ရောက်လာပါတယ်။ အဲဒီအခါမှာ ဘယ်သူကမှ အမိန့်မပေးဘဲ ကျောင်းသားအုပ်ထဲကို အဆက်မပြတ် ပစ်ခတ်ကြပါတော့တယ်။ သိပ်မကြာလိုက် ပါ၊ အဲဒီအခါကျမှ ဦးမင်းခေါင်က "ဟေ့၊ ဘယ်သူက ပစ်ခိုင်းလို့လဲ၊ ခွေးကောင်တွေ အပစ်ရပ်၊ အပစ်ရပ်" လို့ အော်တော့မှ ပစ်တာတွေ ရပ်သွားပါတယ်။ (ဒီဖြစ်ရပ်ကို အဲဒီတုန်းက ပါတဲ့ အနီးကပ် လူတစ်ယောက်က ပြောပြလို့ အစုလို အတိအကျ ရေးနိုင်တာပါ။)

စက်မှုတက္ကသိုလ်ရှေ့က အင်းစိန်လမ်းမပေါ်မှာတော့ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ပါပြီ။ မှန်တဲ့လူက မှန်၊ လဲတဲ့လူက လဲ၊ ပြေးတဲ့လူက ပြေးနဲ့ ဆိုတော့ ဝရုန်းသုန်းကားပေါ့။ အဲဒီမှာ ဆိုးဆိုးရွားရွား မှန်တာက စက်မှုတက္ကသိုလ် ကျောင်းသား ဖုန်းမော်နဲ့ နောက်တစ်ယောက်ပါ။ ဖုန်းမော်ကတော့ ဆေးရုံ မရောက်မီ ကွယ်လွန်သွားတယ်လို့ သိရပြီး နောက်ရက်အနည်းမှာတော့ နောက်တစ်ယောက်ပါ ဆုံးပါးသွားခဲ့ပါတယ်။

## မလုပ်ကောင်းတာတွေ

ဇာတ်လမ်းက အဲဒီမှာတင် ရပ်မနေပါဘူး။ ကျောင်းသား မောင်ဖုန်းမော်ရဲ့ နေအိမ်က မြို့လယ် ဖဆပလ တိုက်ခန်း တစ်ခုမှာ ဖြစ်ပါတယ်။ အဲဒီ တိုက်ခန်းကို သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့က သွားပြီး အိမ်ကို အသုဘ အိမ်နဲ့ တူအောင် မလုပ်ဖို့၊ သာမန် နေထိုင်တဲ့ ပုံစံမျိုးသာ နေပေးဖို့ တားမြစ်ပါတယ်။ သူတို့ တားမြစ်ပေမဲ့လည်း ကျောင်းသားအချို့ဟာ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ကြားပြီး ရောက်လာကြပါတယ်။ ဒါကို အာဏာပိုင် အဖွဲ့အစည်းတွေက မကျေနပ်ပါဘူး။ အာဏာပိုင် အဖွဲ့ရဲ့ ပစ်ခတ်မှုကြောင့် သားလေး မောင်ဖုန်းမော်လည်း သေရ၊ အသုဘ အခမ်းအနားတောင်မှ မလုပ်ရ ဆိုတဲ့ သတင်းစကားတွေ ပျံ့နှံ့သွားတဲ့ အခါမှာ လူထုကြီးရဲ့ လမ်းစဉ် ပါတီ အစိုးရအပေါ် မကျေနပ်ချက်တွေဟာ ဆတက်ထမ်းပိုး တိုးပွားလာပါတော့တယ်။ အထူးသဖြင့် ကျောင်းသား လူငယ်များ အတွက်တော့ အင်မတန်ခါးသီးတဲ့ ဆေးတစ်ခွက်ပေါ့။

ဒါကြောင့်မို့ အစိုးရအပေါ် ကျောင်းသားများရဲ့ မကျေနပ်ချက်တွေဟာ စက်မှုတက္ကသိုလ်တင် မက တော့ပဲ ပင်မ တက္ကသိုလ်ကြီး အထိပါ ပျံ့နှံ့သွားတဲ့အတွက် ဆူပူ ဆန္ဒပြမှုတွေ ဆက်တိုက် ဖြစ်လာပါတော့ တယ်။ ဒေသကောလိပ် ၂ မှာလည်း အလားတူပါပဲ။ အဲဒီ အကြောင်းရင်းတွေကြောင့် မတ်လ ၁၃ ရက်နေ့ဟာ ဒီမိုကရေစီ လှုပ်ရှားမှု စတင် ဖြစ်ပေါ် ပေါက်ဖွားစေတဲ့ နေ့မို့လို့ ဖုန်းမော်နေ့ အဖြစ် သတ်မှတ်ပြီးတော့ နှစ်တိုင်း သတိရ အောက်မေ့ဖွယ်နေ့အဖြစ် အခမ်းအနားများ နှစ်စဉ် ကျင်းပခဲ့တာပါ။

## တံတားဖြူ အရေးအခင်း

ခုခေတ် ကလေးတွေကတော့ ဒီအရေးအခင်းကို သိကြမယ့်လူ ရှိမှာ မဟုတ်တော့ပါဘူး။ တံတားဖြူ ဆိုတာ လည်း ကြားဖူးကြမှာ မဟုတ်တော့ပါဘူး။ ဖုန်းမော် ကိစ္စကို ကြားရတဲ့အခါကျတော့ ကျောင်းသားထု တစ်ရပ် လုံး မခံမရပ်နိုင် ဖြစ်ခဲ့ကြပါတယ်။ ရိုးရိုး ဆန္ဒပြတာကို သေနတ်နဲ့ ပစ်ခံရလို့ မကျေနပ်တာက တစ်ကြောင်း၊ ဒါတင်မကဘူး အသုဘချတာတောင် ဖြောင့်ဖြောင့်တန်းတန်း မချရအောင် မိသားစုကိုပါ ခြိမ်းခြောက်ပြီး တားမြစ်တယ်ဆိုတဲ့ သတင်းတွေကြောင့် စက်မှုတက္ကသိုလ်က ကျောင်းသားတွေတင်မက ဒေသ ကောလိပ် ၂ ကျောင်းသားများ၊ ရန်ကုန် တက္ကသိုလ် (ပင်မ) ဝိဇ္ဇာ/သိပ္ပံ ကျောင်းသားများပါ အုံကြွလာပါတော့တယ်။

အဲဒီ ကျောင်းသားတွေဟာ ပြည်လမ်းပေါ်မှာ တစ်စုတစ်ဝေးတည်း ဆန္ဒပြ ချီတက်လာကြပါတယ်။ အဲဒီ တစ်ပိုက်မှာတော့ လုံ/ထိန်းလို့ ခေါ်တဲ့ ရဲလုံခြုံရေး တပ်ဖွဲ့တွေက ကားတွေနဲ့ ပြည်လမ်း တစ်လျှောက်မှာ နေရာယူထားကြတာပါ။ အဲဒီတော့ ဒေသကောလိပ် ၂ က ကျောင်းသားအုပ်ကြီးက ရန်ကုန် တက္ကသိုလ် (ပင်မ) ဝိဇ္ဇာ/သိပ္ပံ ကျောင်းသားတွေနဲ့ ပေါင်းဖို့ ချီတက်အလာမှာ တံတားဖြူလို့ နာမည်တွင်တဲ့နေရာမှာ သူတို့တစ်တွေကို လုံ/ထိန်းတွေက ရိုက်ကြ နက်ကြ၊ အစုလိုက် အပြုံလိုက် ဖမ်းဆီးကြနဲ့ တော်တော့်ကို ရုပ်ပျက်ဆင်းပျက်နိုင်တဲ့ ပွဲကြီးပါ။

အဲဒီ တံတားဖြူလို့ ခေါ်တဲ့နေရာဟာ ပြည်လမ်း ဘဏ်ရိပ်သာနဲ့ မနီးမဝေးမှာ ရှိပါတယ်။ အဲဒီနားမှာ

"ခရမ်းပြာ" ဆိုတဲ့ လက်ဖက်ရည်ဆိုင် ရှိပါတယ်။ တက္ကသိုလ်ကျောင်းက ဆရာတွေ၊ ကျောင်းသားတွေ အားပေးတဲ့ နေရာပေ့ါ။ အခုတော့လည်း ဘာမှ မဟုတ်သလိုပဲ၊ တက္ကသိုလ် မာလာဆောင်ကနေပြီး ခြောက်မိုင်ခွဲက International Convention Centre အထိ အင်းလျားကန်ဘောင် တစ်ခုလုံးဟာ တစ်နေ့တာ အပန်းဖြေချင်တဲ့ ရန်ကုန် မြို့သူ မြို့သားတွေ လာရောက် လည်ပတ်တဲ့ နေရာပေ့ါ။ အထူးသဖြင့် ညနေပိုင်း ဆိုရင်တော့ အဲဒီ နေရာမှာ အပန်းဖြေတဲ့ လူတွေနဲ့ ပြည့်ညပ်နေပါတယ်။

အဲဒီ ဖြစ်ရပ်ဟာ ရှစ်လေးလုံး အရေးတော်ပုံကြီးရဲ့ လူထုနဲ့ အာဏာပိုင်တွေရဲ့ ပထမဦးဆုံး ထိပ်တိုက်တွေ့တဲ့ အဖြစ်ပါ။ ? ? ? ဖုန်းမော် သေပြီးလို့ နောက်နှစ်ရက် မတ်လ ? ၁၃ ? ရက်ပေ့ါ။ ? ? ?

## လူမဆန်တဲ့ ဖြစ်ရပ်များ

ကျွန်တော် အရင်က ရေးခဲ့ပြီးပါပြီ။ ဦးနေဝင်းနဲ့ ထိပ်တန်း အာဏာပိုင်များဟာ နိုင်ငံ့အာဏာကို နှစ်ရှည်လများ အပိုင်စီးထားတဲ့အခါ သာမန် ပြည်သူလူထုကို အလေးထားတဲ့စိတ် ခေါင်းပါးသွားပါတယ်။ သာဓကကတော့ မြို့ထဲမှာ ဆူပူဆန္ဒပြတဲ့ လူအုပ်တစ်အုပ်ကို လုံ/ထိန်းတွေနဲ့ ပိုင်းဖမ်းပြီး အချုပ်ကား တစ်စီးပေါ် ဖမ်းထည့်ထားပါတယ်။ အဲဒါက မနက်ပိုင်း ၁၀ နာရီလောက်ပါ။

လုံ/ထိန်းတွေကလည်း မြို့ထဲက လမ်းအနှံ့အပြားမှာ ဖြစ်ပေါ်နေတဲ့ ဆန္ဒပြတဲ့နေရာတွေ သွားရောက် ပိတ်ဆို့ တားဆီးနေတဲ့အတွက် အလုပ်များနေဟန်တူပါတယ်။ အဲဒီ အချုပ်ကားကို မေ့နေကြပါတယ်။ အချုပ်ကားထဲက လူတွေကတော့ သောက်ရေ မရှိ ၊ အစားအစာ မရှိနဲ့ တစ်နေကုန် အပူ ပေါင်းအိုးကြီးထဲမှာ နေရသလို ဖြစ်နေခဲ့ပါတယ်။ ညနေ သတိရလို့ အဲဒီ အချုပ်ကားကို ဖွင့်စစ်လိုက်တဲ့ အခါမှာ အားလုံး သေကုန်ပါပြီ။ စုစုပေါင်း ၄၃ ယောက် ရှိတယ်လို့ အစိုးရက ကြေညာပါတယ်။

ကျွန်တော် အထက်မှာ ရေးခဲ့သလို ပြည်သူလူထုကို လူရယ်လို့ မထင်တော့ဘဲ တို့ ပြုသမျှ နကြရမယ် ဆိုတဲ့ သဘောနဲ့ ဆက်ဆံခဲ့တာပါ။ ဒီကိစ္စဟာ ပြည်ထဲရေး ဝန်ကြီးနဲ့ ပတ်သက်နေတဲ့ အတွက်ကြောင့် သူ့ကို နုတ်ထွက်ခွင့် ပေးလိုက်ပါတယ်။ ဒါဟာ လမ်းစဉ် ပါတီ အစိုးရရဲ့ ကျဆုံးခန်း အစပေ့ါ။

## ရှစ်လေးလုံး အရေးတော်ပုံကြီးမှာ ကျွန်တော့်ရဲ့ ကဏ္ဍ

ကျွန်တော် အထက်မှာ ရေးပြခဲ့ဖူးသလိုပါပဲ၊ ၁၉၈၇ ခုနှစ်ကတည်းက နိုင်ငံရဲ့ အနေအထားဟာ ယိုယွင်းလာတာ နိုင်ငံဟာ ယမ်းအိုးကြီးနဲ့ တူနေပြီလို့၊ ပေါက်ကွဲဖို့ရာ စနက်တန်ပဲ လိုတော့တယ်လို့ သုံးသပ်ခဲ့ဖူးပါတယ်။ ၁၉၈၇ ခုနှစ် အကုန်၊ ၁၉၈၈ ခုနှစ် အကူးမှာ အအောင်မြင်ဆုံးအချိန်လို့ ဆိုရမယ့် Shwedaung Textile Finishing Project တင်ဒါ နိုင်ခဲ့ပါတယ်။ နယ်သာလန် နိုင်ငံက ကုမ္ပဏီနဲ့ပါ။ ၁၉၈၈ ခုနှစ် ဧပြီလ နောက်ပိုင်းမှာ စက်ပစ္စည်း တချို့ ရောက်နေပါပြီ။ လုပ်ငန်းနဲ့ ပတ်သက်တဲ့ အင်ဂျင်နီယာ တစ်ချို့လည်း ရောက်နေပါပြီ။ ကျွန်တော် ကိုယ်တိုင်လည်း ရွှေတောင်ဆိုတဲ့ မြို့ငယ်လေးကို အခေါက်ခေါက် အခါခါ ရောက်ခဲ့ပါပြီ။

၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက် အထိ ကျွန်တော်ဟာ ရွှေဘုံသာလမ်းထောင့်မှာ ဖွင့်ထားတဲ့ ရုံးမှာ လုပ်ငန်းတွေ ဆက်လုပ်နေတုန်းပါ။ နောက်ဆုံး ရတဲ့ ရွှေတောင် စီမံကိန်းဟာ နည်းနည်းကြီးတဲ့ အတွက်ကြောင့် ဝန်ထမ်း နှစ်ယောက်လောက် ခန့်အပ်ရင် ကောင်းမလားလို့ ချင့်ချိန်နေတဲ့ ကာလ ဖြစ်ပါတယ်။

မှတ်မှတ်ရရ အဲဒီနေ့မှာ ရုံးလုပ်ငန်းတွေ လုပ်နေတုန်း မွန်းတည့် ၁၂ နာရီလောက်မှာ အပြင်က လက်ခုပ်တီးသံ၊ လက်ခေါက်မှုတ်သံတွေ ကြားရပါတယ်။ ပြတင်းပေါက် ထွက်ကြည့်တော့ ဒိုင်နာကား တစ်စီးဟာ ခွပ်ဒေါင်း အလံတွေ တင်ပြီး လူငယ်တချို့က "လမ်းစဉ် ပါတီ အစိုးရ အလိုမရှိ" ဆိုတဲ့ ကြွေးကြော် သံတွေနဲ့ ရောက်လာကြတာပါ။ အဲဒီကားက ရွှေဘုံသာလမ်းထဲ ချိုးဝင်တဲ့အခါကျတော့ အဲဒီလမ်းမှာ ရှိနေ ကြတဲ့ စိန်၊ ရွှေ ကုန်သည် ပွဲစားတွေနဲ့ ရောင်းသူ ဝယ်သူတွေဟာ လုပ်ငန်းတွေ ရပ်ပြီး အဲဒီ ကားပေါ်မှာ ပါလာတဲ့ လူငယ်တွေကို လက်ခုပ်လက်ဝါး တီးပြီး အားပေးနေတာပါ။

အဲဒီ မြင်ကွင်းကို တွေ့ရတဲ့အခါမှာ ကျွန်တော်ဟာ ကြက်သီးမွေးညင်းတွေ တဖြည်းဖြည်း ထပြီး "ဩော်... ၈ ရက် ၈ လမှာတော့ တကယ် ဖြစ်လာပါပကော" လို့ အတွေး ပေါ်လာပါတယ်။ ခုနက ကလေးတွေက ဘယ်သူတွေလဲ၊ ဘာအဖွဲ့ကလဲ ဆိုတာ ကျွန်တော် ခန့်မှန်းလို့ မရနိုင်ပါဘူး။ တကယ် သတ္တိရှိတဲ့ ကောင်လေး တွေပါလားလို့ အသိအမှတ်ပြုလိုက်ပါတယ်။ ကျွန်တော့် ခံစားချက်အရ ပြောရမယ်ဆိုရင် ဒီလို ဆန္ဒပြပွဲတွေ ပေါ်လာတာကို သဘောလည်း ကျပါတယ်။ ထောက်လည်း ထောက်ခံပါတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ ကျွန်တော်က စီးပွားရေး ကိစ္စတွေနဲ့ လုံးပမ်းနေရလို့ နိုင်ငံရေး လှုပ်ရှားမှုတွေမှာ ဝင်ပါဖို့ မလွယ်ပါဘူး၊ ဝင်ပါရ အောင်လည်း အဆက်အသွယ် မရှိဘူးလေ။

## ကံတရားက ဖန်လာပုံ

ဩဂုတ်လ ၈ ရက်နေ့က စပြီး ဟိုနားနည်းနည်း၊ ဒီနားနည်းနည်းနဲ့ ဆန္ဒပြပွဲတွေ ပေါ်လာပါ ပြီ။ သတ္တိကောင်း ကျောင်းသားတွေ ဦးဆောင်လို့ ဆန္ဒပြပွဲတွေက တဖြည်းဖြည်းနဲ့ ကျယ်ပြန့်လာတာပါ။ မောင်မောင်ကျော်၊ မင်းကိုနိုင်၊ မိုးသီးဇွန်လို့ ခေါ်တဲ့ ကျောင်းသား ခေါင်းဆောင်တွေရဲ့ နာမည်တွေလည်း ကြားရစပြုပါပြီ။ ကျွန်တော် အတတ်နိုင်ဆုံး လုပ်ပေးတာကတော့ အဲဒီလို ဆန္ဒပြတဲ့ ကျောင်းသားတွေကို သောက်ရေသန့်တို့၊ မုန့်ပဲသရေစာတို့ ဝေငှပေးတာလောက်ပါပဲ။ ရန်ကုန်မြို့မှာ ဆန္ဒပြပွဲတွေ ဖြစ်လာသလို မန္တလေးမှာလည်း စနေပါပြီ။ တချို့သော နေရာတွေမှာ ရဟန်း သံဃာတော်တွေကတောင် ဦးဆောင် ပါဝင်နေကြပါပြီ။

ကျွန်တော် ကိုယ်တိုင်က ဘယ်နေရာမှာမှ မပါနိုင်သေးတဲ့အတွက် ကိုယ့်စီးပွားရေး လုပ်ငန်းမှာပဲ အာရုံ စိုက်နေခဲ့ပါတယ်။ ရွှေတောင် စီမံကိန်းအတွက် စက်တွေလည်း ရောက်နေပါပြီ။ နိုင်ငံခြား အင်ဂျင်နီယာတွေ လည်း ရောက်နေပါပြီ။ ဒါပေမဲ့ ကံကြမ္မာ ဖန်လာပုံက ကျွန်တော်နဲ့ တပ်မတော်သား ဘဝမှာ ခင်မင်ခဲ့ဖူးတဲ့ ဗိုလ်ချုပ်ကြီးဟောင်း ဦးတင်ဦးက ကျွန်တော့်ဆီ ဖုန်းဆက်လာပါတယ်။ ဩဂုတ်လ တတိယပတ်လောက်မှာပါ။ သူက "ဟေ့ ဗိုလ်ထိန်ရေ၊ အခု ကျောင်းသားတွေ ဆန္ဒပြနေတာ ကြားတယ်မို့လား၊ ငါ့ကိုလည်း အပြင်လူထုနဲ့ ထိတွေ့ပြီး စာနာတဲ့ သဘောထားတွေနဲ့ အားပေး အားမြှောက်ပြုဖို့၊ တချို့ကဆိုရင် ခေါင်းဆောင်မှုမဲ့နေတဲ့ ဆန္ဒပြတဲ့ လူထုတွေ အပေါ်မှာ ခေါင်းဆောင်မှု ပေးဖို့ ဆိုပြီး လာပြောနေကြတယ်ကွာ၊ အဲ့ဒါ ငါ ထွက်မှ ဖြစ် တော့မှာ၊ ဒါ့ကြောင့်မို့လို့ ငါ့ကို မင်းတို့ ကူညီကြဦးဟေ့" လို့ တောင်းဆိုပါတယ်။

ကျွန်တော်ကလည်း "မစွမ်းရင်းကလည်း ရှိ၊ ကန်စွန်းခင်းကလည်း ငြိ" ဆိုတဲ့စကားလို သူ့ရဲ့ တောင်း ဆိုချက်ကို လက်ခံပြီး နောက်တစ်နေ့က စလို့ သူ့အိမ်မှာ အချိန်ပြည့် လုပ်အား သွား ပေးနေပါတော့တယ်။ ဗိုလ်ချုပ်ကြီးဟောင်း သူရ ဦးတင်ဦး အနေနဲ့ ဆန္ဒပြနေတဲ့ ရဟန်း သံဃာတော်နဲ့ လုပ်သား ပြည်သူ၊ ကျောင်းသူ ကျောင်းသားတွေကို စာနာစိတ် အပြည့်နဲ့ ထောက်ခံပါတယ်လို့ ကြေညာချက် ထုတ်ပြန်ပါတယ်။ အဲဒီ ကြေညာချက်အရ ဆန္ဒပြနေတဲ့ အဖွဲ့အစည်း အသီးသီးဟာ ဦးတင်ဦးဆီကို လာတွေ့ပြီး အကြံဉာဏ် ယူခြင်း၊

လမ်းညွှန်မှု ခံယူခြင်း စတဲ့အလုပ်တွေ လုပ်လာပါတော့တယ်။ ကျွန်တော်တို့ကတော့ သူ့ဆီ လာတဲ့ တယ်လီဖုန်းတွေ ပြောပေးရတယ်၊ လာတွေ့တဲ့ ပရိသတ်တွေနဲ့ အစည်းအဝေး လုပ်မယ် ဆိုရင် နေရာထိုင်ခင်း စီစဉ်ပေးရတယ်၊ ကားနဲ့ သွားစရာရှိရင် လိုက်ပို့ပေးရပြီး ကျန်တဲ့ပုဂ္ဂိုလ်တွေက လုံခြုံရေး ဆောင်ရွက်ကြရပါတယ်။

ဦးတင်ဦးကြီး စတင် လှုပ်ရှားပြီဆိုတော့ တခြား အရာရှိဟောင်းတွေလည်း ကျွန်တော့်လို ရောက်လာကြပါတယ်။ ဗိုလ်မှူး သာဌေး (ဂျီအီး)၊ ဗိုလ်စိန်သောင်း၊ ဗိုလ်စိုးမြင့်၊ ဗိုလ်ဟန်ဇော်နဲ့ ဗိုလ်မှူး သန်းနွဲ့တို့ ပါပါတယ်။ ကျွန်တော်ကတော့ လိုအပ်မယ့် ရိက္ခာ၊ ပစ္စည်းတွေ ပံ့ပိုးရင်းနဲ့ သူ့ ရုံးလုပ်ငန်းတွေကိုလည်း ကူညီပေးခဲ့ပါတယ်။ အဓိကကျတဲ့ ပံ့ပိုးမှုကိုတော့ ဗိုလ်ဝင်းသိန်းက ပင်တိုင် လုပ်ပေးခဲ့ပါတယ်။ သူတင်မက သူ့သားတွေပါ ခေါ်လာပြီး လုပ်အားပေးစေခဲ့ပါတယ်။ လိုအပ်တဲ့ ဆန်အိတ်က အစ ရိက္ခာတချို့လည်း ပံ့ပိုးပေးခဲ့ပါတယ်။

## မြန်ဆန်လွန်းလှတဲ့ ဖြစ်ရပ်တွေ

ပါတီညီလာခံ ပြီးလို့ ဦးနေဝင်းနဲ့ တခြား ထိပ်တန်း ပုဂ္ဂိုလ် လေးဦးတို့ ထွက်သွားပြီးတဲ့အခါမှာ ဆန္ဒပြမှုတွေက ပိုပြီး အရှိန်ကောင်းလာပါတယ်။ ဦးစိန်လွင် သမ္မတ ဖြစ်လာပြီ ဆိုတာနဲ့ ဗိုလ်မှူးချုပ် အောင်ကြီးနဲ့ သူ့ အသိုင်းအဝိုင်းက ပုဂ္ဂိုလ် ၁၀ ဦးလောက် ထိန်းသိမ်းလိုက်ပါတော့တယ်။ တစ်ပြိုင်တည်းလောက်မှာပဲ အနာဂတ်နိုင်ငံတော်ကို တစ်ပါတီ စနစ်နဲ့ သွားသင့်သလား၊ ပါတီစုံ စနစ်နဲ့ သွားသင့်သလား ဆိုတာကို စုံစမ်း ဆုံးဖြတ်ဖို့ တရားသူကြီးချုပ် ဦးတင်အောင်ဟိန်း ခေါင်းဆောင်ပြီး ဆန္ဒခံယူစေပါတယ်။

သူတို့ စုံစမ်းရေး ကော်မရှင်ဟာ ဦးဝိစာရလမ်း အင်ဗိုင်း ခန်းမ (ယခု တပ်မတော် ခန်းမ) မှာ ရုံးခန်းဖွင့်ပါတယ်။ သူတို့လည်း ရုံးထိုင်ရော ဆန္ဒပြတဲ့ အဖွဲ့တွေဟာ သူတို့ရုံးကို ထောင်ဂဏန်း၊ သောင်းဂဏန်းလောက် ဝိုင်းဝန်းပြီး ဆန္ဒပြကြပါတယ်။ အဖြေကတော့ အာဏာရှင် အစိုးရ အလိုမရှိ၊ ဒီမိုကရေစီ အရေးကိုသာ ဆန္ဒပြုကြောင်း ဝိုင်းဝန်း အော်ဟစ်ပြီး တောင်းဆိုခဲ့ကြပါတယ်။ ဒါ့ကြောင့် ဦးတင်အောင်ဟိန်းတို့ အဖွဲ့ဟာ ပြည်သူလူထုက ပါတီစုံ နိုင်ငံရေး စနစ်ကိုသာ လိုလားကြောင်း ထုတ်ပြန် ကြေညာပြီး သူတို့ ကော်မရှင်ရဲ့ လုပ်ငန်းတွေကို အပြီးတိုင် အဆုံးသတ်ခဲ့ပါတယ်။

အဲဒီဖြစ်ရပ်တွေနဲ့ မတိမ်းမယိမ်းမှာပဲ ရန်ကုန် ပြည်သူ့ ဆေးရုံကြီးဝင်းထဲမှာ ပြဿနာ တစ်ခုဖြစ်ခဲ့ပါတယ်။ တကယ်တော့ အပြင်မှာ ဆန္ဒပြမှုတွေ များနေပေမဲ့ ဆေးရုံကြီးက ဆရာဝန်၊ သူနာပြုတွေကတော့ ကိုယ့်အလုပ်တွေနဲ့ကိုယ် ဗျာများပြီး ပြင်ပ လှုပ်ရှားမှုတွေနဲ့ ကင်းကွာနေသလို ဖြစ်နေပါတယ်။ တစ်နေ့မှာတော့ ဆေးရုံရှေ့ လမ်းမပေါ်မှာ ရပ်ထားတဲ့ စစ်ကားတစ်စီးပေါ်က ဒုအရာခံဗိုလ် တစ်ယောက်လို့ ယူဆရတဲ့ သူတစ်ယောက်က ဆေးရုံထဲမှာ ကိုယ့်အလုပ်ကိုယ် လုပ်နေတဲ့ ဆရာဝန်၊ ဆရာမ အုပ်စုတစ်စုကို သေနတ်နဲ့ လှမ်းပစ်လိုက်ပါတယ်။ သေကျေ ဒဏ်ရာရသူတွေ ရှိပါတယ်။ အတိအကျတော့ မမှတ်မိတော့ပါဘူး။

ကိုယ့်အလုပ် ကိုယ်လုပ်နေတဲ့ ဆရာဝန်၊ ဆရာမတွေကို ဆေးရုံရှေ့ လမ်းမပေါ်မှာ ရပ်ထားတဲ့ ကားပေါ်က စစ်သည်တော် တစ်ယောက်က မဆီမဆိုင် သေနတ်နဲ့ လှမ်းပစ်လို့ သေကျေ ဒဏ်ရာရစေတဲ့ ဖြစ်ရပ်ဟာ ဆေးရုံပေါ်မှာ ရောက်နေတဲ့ ဆရာဝန်၊ ဆရာမတွေကို လှုပ်နှိုးလိုက်သလို ဖြစ်ပါတယ်။ အဲဒီ ဖြစ်ရပ်ကြောင့် ဆေးရုံပေါ်က နိုင်ငံရေး နိုးကြားတဲ့ ဆရာဝန်တွေရယ်၊ ပြင်ပ ဌာန တချို့က အရာရှိတွေ ပေါင်းပြီး နိုင်ငံရေး သဘောထားပါတဲ့ အဖွဲ့တစ်ခု ဖွဲ့လိုက်ပါတယ်။ သူတို့အဖွဲ့ကို အတိုကောက်အားဖြင့် SCS လို့ ခေါ်ပါတယ်။ Supervising committee for students' movement ပါ။ အဲဒီထဲက ခေါင်းဆောင် အချို့ကတော့ ဒေါက်တာ တင်မျိုးဝင်း (ယခု ငြိမ်းချမ်းရေး ကော်မရှင် ဒုတိယ ဥက္ကဋ္ဌ)၊ ဒေါက်တာ သက်မင်း (ယခု အပြင်

ရောက်နေ) နဲ့ ဦးမောင်ကို (ရေကြည်အိုင် စခန်းတွင် ကွယ်လွန်) တို့ ပါပါတယ်။

အခု ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဖြစ်နေတဲ့ မောင်မောင်ဦးလည်း အဖွဲ့ဝင် တစ်ယောက်ပါ။ ဒေါက်တာ တင်မျိုးဝင်းကတော့ NLD ဖွဲ့စည်းရာမှာ တောက်လျှောက် ပါလာခဲ့ပြီး ဒေါက်တာ သက်မင်းကတော့ ၁၉၈၉ ခုနှစ်လောက်မှာ ထောင်ကျခဲ့ပြီး ပြန်လွတ်တဲ့ အခါမှာတော့ ဘယ်မှာမှ မပါခဲ့တော့ပါဘူး။

## General Strike Committee (GSC)

ကျောင်းသား လှုပ်ရှားမှုတွေ၊ လူထု လှုပ်ရှားမှုတွေ များလာတဲ့အခါမှာ အထွေထွေ သပိတ် ကော်မတီ GSC ဆိုပြီး အဖွဲ့တစ်ခု ပေါ်လာပါတယ်။ သူတို့ရဲ့ ဌာနချုပ်ကို ရန်ကုန် ဆေးတက္ကသိုလ် ၁ ဝင်းထဲမှာ ဖွင့်ထားပါတယ်။ သူတို့ရဲ့ ရည်ရွယ်ချက်ကတော့ သပိတ်မှောက်နေတဲ့ အဖွဲ့အစည်း အသီးသီးတို့ အချင်းချင်း ညှိနှိုင်းပြီး နိုင်ငံရေး လမ်းစဉ် ဖော်ထုတ်ဖို့ ဖြစ်တယ်လို့ သိရပါတယ်။ ကျွန်တော် ထောင်ထဲရောက်မှ သိရတာက အဲဒီ GSC ဆိုတဲ့ အဖွဲ့ ဖွဲ့ဖို့ အဝေးရောက် ဗကပ အဖွဲ့က ညွှန်ကြားလို့ ဖွဲ့ရတာပါ။ GSC ဌာနချုပ်မှာ ပါတဲ့ အဓိက နေရာတွေမှာ ဗကပရဲ့ လူရင်းတွေ ထည့်ထားပါတယ်။ သို့သော်လည်း သူတို့ရဲ့ ဇာစ်မြစ်ကို မသိကြတော့ သပိတ်ကော်မတီအသီးသီးဟာ သူတို့နဲ့ဆက်သွယ်ပြီး သူတို့ညွှန်ကြားတဲ့အတိုင်း လိုက်နာဆောင်ရွက်နေကြပါတယ်။

## S C S

ဒေါက်တာ တင်မျိုးဝင်း ခေါင်းဆောင်တဲ့ SCS ဟာ စတင် လှုပ်ရှားတာနဲ့ ဌာနဆိုင်ရာ အသီးသီးရဲ့ သပိတ် ကော်မတီတွေက လာရောက် ဆက်သွယ်တဲ့အခါ သူတို့ကလည်း အင်အား တစ်ခု ဖြစ်လာပါတယ်။ အဲဒီ အချိန်မှာပဲ အမေရိကန် သံရုံးက သံအရာရှိ တစ်ဦးက ဒေါက်တာ တင်မျိုးဝင်းနဲ့ လာတွေ့ပါတယ်။ သူက ဒေါက်တာ တင်မျိုးဝင်းကို ရှင်းပြပါတယ်။ SCS ကို ရောက်လာတဲ့ သပိတ် ကော်မတီတွေရဲ့ အနေအထားကို သူတို့က အားရကြောင်း ပြောပါတယ်။ သူတို့ဟာ ဝန်ထမ်းများ၊ အရာရှိများ ပါဝင်တဲ့ အတွက် တည်ငြိမ်တဲ့ သမဂ္ဂတွေ ဖြစ်မယ်လို့ ယုံကြည်ကြောင်း GSC မှာ အဓိကကျတဲ့ ပုဂ္ဂိုလ်တွေ ဗကပ အမာခံတွေ ဖြစ်လို့ နောင် အနာဂတ် အတွက် အန္တရာယ် ရှိနိုင်ကြောင်း သတိပေးတဲ့အခါမှ ဒေါက်တာ တင်မျိုးဝင်းနဲ့ အဖွဲ့ အရမ်း အံ့အား သင့်သွားကြပါတယ်။

GSC ဟာ ဗကပရဲ့ အရိပ်အောက်မှာ ရှိတယ်ဆိုတာ ကျွန်တော်တို့လည်း မသိပါ။ တပ်မတော် ထောက်လှမ်းရေး အဖွဲ့ကလည်း သိဟန်မတူပါ။ SCS ကြောင့် ပေါ်ပေါက်လာတဲ့ လှုပ်ရှားမှုတွေဟာ ဆေးရုံကြီးဝင်း အတွင်း လွတ်နေတဲ့ ထောင့်တစ်နေရာမှာ ဆောက်ထားတဲ့ စင်မြင့်ပေါ်က နေပြီး နိုင်ငံရေး ဟောပြောပွဲတွေ စတင်ပါတော့တယ်။

## ဒေါက်တာ မောင်မောင် သမ္မတ ဖြစ်လာခဲ့ပြီ

ဦးစိန်လွင်ရဲ့သမ္မတ သက်တမ်းဟာ ရက်သတ္တပတ် နှစ်ပတ်ပဲ ခံပါတယ်။ အဲဒီ နှစ်ပတ် ကာလမှာ ဦးစိန်လွင်က ဆန္ဒပြတဲ့ အဖွဲ့အစည်းတွေပေါ်မှာ ကိုင်တွယ်မှု ကြမ်းတမ်းခဲ့ပါတယ်။ အဲဒီကာလမှာ ဝန်ထမ်းတွေကို လခ တိုးပေးဖို့ ကြေညာခဲ့ပါတယ်။ ဒါပေမဲ့ အုံကြွနေတဲ့ ပြည်သူလူထုအပေါ် ဘယ်လိုမှ အကျိုးသက်ရောက်မှု မရှိပါဘူး။ သူ သမ္မတ ဖြစ်ပြီဆိုတာနဲ့ ဗိုလ်မှူးချုပ်ဟောင်း အောင်ကြီးနဲ့ အဖွဲ့တစ်သိုက်ကို ဖမ်းပြီး ထောင်ထဲကို

တန်းပို့လိုက်ပါတယ်။ တကယ်တော့ ဦးစိန်လွင်ကို သမ္မတအဖြစ် ရာထူးပေးလိုက်ခြင်းဟာ ပုရွက်ဆိတ်အုံကို တုတ်နဲ့ ထိုးလိုက်သလိုပါပဲ။ ဆန္ဒပြမှုတွေဟာ ပိုလို့တောင် အုံကြွလာပါသေးတယ်။

ဦးစိန်လွင်ဟာ ရက်သတ္တပတ် နှစ်ပတ်လောက် သမ္မတ ဖြစ်လာတဲ့အခါမှာ တိုင်းပြည် အခြေအနေဟာ ပိုဆိုးလာတဲ့အတွက် ဒေါက်တာ မောင်မောင်ကို သမ္မတ အဖြစ် ခန့်လိုက်ပါတယ်။ သူ သမ္မတ ဖြစ်ဖြစ်ခြင်း ထုတ်လိုက်တဲ့ အမိန့်ကတော့ ဦးအောင်ကြီးတို့ အဖွဲ့ကို ပြန်လွှတ်ပေးလိုက်တာပါပဲ။ ဩဂုတ်လ ၂၃ ရက်လောက်မှာ ဖြစ်ပါလိမ့်မယ်။ အဲဒီအချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ကလည်း နိုင်ငံရေး လှုပ်ရှားမှုထဲမှာ ပါလာပြီး ရွှေတိဂုံဘုရား အနောက်မုခ်မှာ လူထု ဟောပြောပွဲကြီး လုပ်မယ်လို့ ကြေညာထားပါတယ်။

## ဦးအောင်ကြီးရဲ့ဟောပြောပွဲ

ဦးအောင်ကြီးတို့၊ ဦးဘရွှေတို့ကို ဖမ်းဆီးခဲ့တုန်းက ရန်ကုန်မှာ ဆန္ဒပြပွဲတွေ အကျယ်တဝင့် မပျံ့နှံ့သေးပါဘူး။ ဦးစိန်လွင် သမ္မတ ဖြစ်ပြီး အကိုင်အတွယ် ကြမ်းတမ်းခဲ့တဲ့အတွက် ဆန္ဒပြပွဲတွေဟာ ရန်ကုန် နေရာအနှံ့မှာ ဖြစ်နေပါပြီ။ ဒါ့ကြောင့်မို့ ဦးအောင်ကြီးတို့ ထောင်က ပြန်ထွက်လာတဲ့ အချိန်မှာ နေရာအနှံ့ ဖြစ်ပေါ်နေတဲ့ ဆန္ဒပြတဲ့ အဖွဲ့တွေ ဆိုင်းဘုတ်တွေကို တွေ့ရတဲ့အခါ သူတို့တစ်တွေ တအံ့တဩ ဖြစ်ခဲ့ကြရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်က ရွှေတိဂုံဘုရား အနောက်မုခ်မှာ ဩဂုတ်လ ၂၆ ရက်မှာ ပြောမယ်လို့ ကြေညာထားတဲ့ အတွက် ဦးအောင်ကြီးကလည်း လက်ဦးမှုရအောင် ဩဂုတ်လ ၂၄ ရက်မှာ စမ်းချောင်း ပဒုမ္မာ ကွင်းမှာ ဟောပြောပွဲလုပ်မယ်လို့ ကြေညာလိုက်ပါတယ်။ ကြေညာတဲ့အတိုင်းပဲ အဲဒီနေ့မှာ စမ်းချောင်း ပဒုမ္မာ ကွင်းမှာ ဦးအောင်ကြီး မိန့်ခွန်း ပြောပါတယ်။ ကျွန်တော် မရောက်ခဲ့ပါ နောက်မှ သိရတာက သူဟာ မြန်မာ နိုင်ငံကို ပါတီစုံ ဒီမိုကရေစီ စနစ်နဲ့ သွားဖို့ ဦးနေဝင်းကို ပထမဦးဆုံး ပြောကြားခဲ့သူ ဖြစ်ကြောင်း၊ ဗမာပြည် စီးပွားရေး တိုးတက်ဖို့အတွက် ပါတီစုံ ဒီမိုကရေစီ စနစ်နဲ့ သွားသင့်ကြောင်း စသဖြင့် အကျယ်တဝင့် ပြောခဲ့ပါတယ်။

သူ့မိန့်ခွန်းမှာ လူအများက အော့ကြောလန်စေမယ့် စကားတစ်ခု ပြောသွားပါတယ်။ အဲဒီ စကားက တော်တော်လေး တွင်ကျယ်သွားပါတယ်။ ဘာလဲဆိုတော့ "တပ်မတော်ကို စိတ်နဲ့တောင် မပြစ်မှားကြနဲ့" ဆိုတဲ့ စကားပါ။ အဲဒီလို စကားပြောတဲ့အခါ တက်လာကြတဲ့ သပိတ်အဖွဲ့ အသီးသီးက ပုဂ္ဂိုလ်တွေ ဒေါသူပုန် ထပြီး အပြန်အလှန် အော်ကြဟစ်ကြနဲ့ တော်တော် ရှုတ်ရှုတ်သဲသဲ ဖြစ်သွားပါတယ်။

## ဒေါ်အောင်ဆန်းစုကြည်

ကျွန်တော် အထက် တစ်နေရာမှာ ရေးခဲ့သလို ကလေးသာသာ ဘဝက အဖေနဲ့အတူ ဗိုလ်ချုပ် အောင်ဆန်း နေအိမ်သို့ ရောက်ခဲ့ဖူးပါပြီ။ ထိုစဉ်ကတည်းက ဗိုလ်ချုပ်အောင်ဆန်းတွင် သား နှစ်ယောက်၊ သမီး တစ်ယောက် ရှိကြောင်း သိထားခဲ့ပါတယ်။ အောင်ဆန်းဦး၊ အောင်ဆန်းလင်းနဲ့ အောင်ဆန်းစုကြည် ဆိုတဲ့ နာမည်တွေဟာ ကျွန်တော်နဲ့ ယဉ်ပါးပြီးသားပါ။ အောင်ဆန်းလင်းဟာ ကလေးဘဝကတည်းက ကွယ်လွန်သွားတာလည်း သိနေပါတယ်။ ကျွန်တော် တပ်မတော်သား ဘဝမှာ သော်လည်းကောင်း၊ စီးပွားရေး လုပ်နေစဉ်မှာ သော် လည်းကောင်း ဗိုလ်ချုပ်အောင်ဆန်း မိသားစုနဲ့ နီးစပ်မှု မရှိခဲ့ပါ။

ရှစ်လေးလုံး အရေးတော်ပုံ စဖြစ်ပြီ ဆိုကတည်းက သူ့ရဲ့နာမည်ကို ကျယ်ကျယ်ပြန့်ပြန့် ကြားနေရပါပြီ။ သူ ရွှေတိဂုံဘုရား အနောက်မုခ်မှာ မိန့်ခွန်း ပြောတယ် ဆိုတာလည်း သိပါတယ်။ ဒါပေမဲ့ ကျွန်တော် မရောက်

ဖြစ်ပါ။ ဘာ့ကြောင့်လဲ ဆိုတော့ အဲဒီအချိန်မှာ ကျွန်တော်က ဦးတင်ဦးကြီး အနားကို ရောက်နေပြီး သူ့ရဲ့ ကိစ္စအဝဝမှာ ပါဝင်ခဲ့ပါပြီ။ ရန်ကုန် ဆေးရုံကြီး အတွင်းက စင်မြင့်တစ်ခုမှာ ဦးတင်ဦး ပထမဦးဆုံး အကြိမ် လူထုဟောပြောပွဲ ပြုလုပ်ခဲ့ပါတယ်။ ကျွန်တော်လည်း သူနဲ့အတူ လိုက်ပါပြီး လူထု ပရိသတ် ပြင်ပမှာပဲ နေပြီး ပရိသတ်ရဲ့တုံ့ပြန်မှုတွေကို အကဲခတ်ရင်း လုံခြုံရေး ရှုထောင့်ကလည်း လေ့လာ ဆန်းစစ်ရင်း နေခဲ့ပါတယ်။ လူထု ပရိသတ်ရဲ့တုံ့ပြန်မှုကတော့ အင်မတန် ကျေနပ်စရာ ကောင်းပါတယ်။

## ရွှေတိဂုံဘုရား အနောက်မုခ်က တရားပွဲ

ဩဂုတ်လ ၂၆ ရက်နေ့မှာ လုပ်ဖြစ်ခဲ့ပါတယ်။ တက်ရောက်လာတဲ့ လူထု ပရိသတ်ဟာ နှစ်သိန်းလောက် ရှိမယ်လို့ ခန့်မှန်းကြပါတယ်။ ကိုယ်တိုင် မတက်ဖြစ်သော်လည်းပဲ နောက်ပိုင်းမှာ ထုတ်ပြန်လာတဲ့ သူ့ရဲ့ မိန့်ခွန်းကို ကျွန်တော် ဖတ်ရပါတယ်။ သူ့မိန့်ခွန်းမှာ အဓိက ပါတာက မြန်မာနိုင်ငံကို လွှအခွင့်အရေးနဲ့ ဒီမိုကရေစီ အရေးတို့ကို ဦးစားပေးမယ့် ပါတီစုံ ဒီမိုကရေစီ ထွန်းကားတဲ့ နိုင်ငံ ပေါ်ထွန်းလာစေရေး အတွက် အားလုံးက ညီညီညွတ်ညွတ်နဲ့ ပါဝင်စေဖို့၊ အဲဒီလို အနေအထား ရောက်အောင် တစ်မျိုးသားလုံး သည်းခံတဲ့ စိတ်၊ ရိုင်းပင်း ကူညီတဲ့ စိတ်နဲ့ ဆောင်ရွက်ကြဖို့၊ မိမိတို့ မျှော်မှန်းတဲ့ နိုင်ငံရေး ပန်းတိုင်ကို ရောက်ဖို့ အကြမ်းမဖက်ဘဲ နလုံးရည်နဲ့ ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသွားပါတယ်။

သူ့မိန့်ခွန်းကို ဖတ်ကြည့်တဲ့အခါမှာ လက်ရှိ အနေအထားတွေနဲ့ ကိုက်ညီပြီး သူ ဆောင်ရွက်မယ့် နိုင်ငံရေး လမ်းစဉ်တွေကို ဖော်ပြသွားခဲ့တာဟာ ကျေနပ်စရာ ကောင်းတယ်လို့ သိရပါတယ်။ သူ မိန့်ခွန်းပြောပုံက အသင့် ရေးထားတဲ့ စာရွက်ကို ကြည့်ပြီး ဖတ်တာ မဟုတ်ဘဲ စိတ်ထဲက ကြိုတင် စဉ်းစားထားတာတွေကို စီကာပတ်ကုံး ပြောသွားပုံဟာ အထင်ကြီးစရာ ဖြစ်ပါတယ်။

## တပ်မှူးဟောင်းများ အဖွဲ့

ဒီအဖွဲ့ရဲ့ လှုပ်ရှားမှုဟာ ကျောက်ကုန်း ဘိုးရာဇာလမ်းက ဗိုလ်မှူးကြီး အာပြ လှမောင် အိမ်က စခဲ့တာပါ။ ရန်ကုန် တစ်မြို့လုံး ဆန္ဒပြပွဲတွေ ဖြစ်နေတဲ့အချိန်မှာ ဗိုလ်မှူးကြီး လှမောင်က သူ့မွေးနေ့ အထိမ်းအမှတ်နဲ့ သူ့အိမ်ကို ကြွရောက်ကြဖို့ ဖိတ်စာ ဖြန့်ပါတယ်။ တကယ်တော့ မွေးနေ့ အခမ်းအနား လုပ်တာထက် လက်ရှိ နိုင်ငံရေး အနေအထားကို ဆွေးနွေး တိုင်ပင်လိုတဲ့သဘော ပိုများပါတယ်။ အဲဒီနေ့မှာ အရေးပါတဲ့ တပ်မတော် တပ်မှူးဟောင်းများ ပါဝင်ပါတယ်။ မှတ်မိသမျှ ပြောရရင် ကွယ်လွန်သွားပြီဖြစ်တဲ့ ဗိုလ်မှူးချုပ် အောင်ရွှေ၊ ဗိုလ်မှူးချုပ် သောင်းဒန် (လေ)၊ ဗိုလ်မှူးကြီး စောမြင့်၊ ဗိုလ်မှူးကြီး သိန်းတုတ်၊ ဗိုလ်မှူးကြီး သီဟ သူရ လှမော်၊ ဗိုလ်မှူးကြီး ချစ်ခိုင်၊ ဗိုလ်မှူးကြီး မောင်လွင် စတဲ့ ပုဂ္ဂိုလ်များ ရောက်ရှိနေကြပါတယ်။

အဲဒီပွဲမှာ ဗိုလ်မှူးကြီး စောမြင့်က အသင့် ရေးယူလာတဲ့ သုံးသပ်ချက် စာတမ်း တစ်စောင် ဖတ်ပြပါတယ်။ အကျဉ်းချုပ်ကတော့ လက်ရှိ မတည်ငြိမ်တဲ့ နိုင်ငံရေး အခြေအနေတွေကြောင့် ပြည်သူလူထု တစ်ရပ်လုံးက ဆန္ဒပြမှုတွေ ဖြစ်ပေါ်နေကြောင်း၊ အဖွဲ့ပေါင်း မြောက်မြားစွာ ပေါ်နေတဲ့ အတွက် ခေါင်းဆောင်မှု လိုအပ်ချက်တွေ ရှိနေကြောင်း၊ အစိုးရကလည်း အခြေအနေကို စောင့်ကြည့်နေတဲ့အတွက် မတည်ငြိမ်မှုတွေ ပိုဖြစ်လာစရာ ရှိကြောင်း၊ ဒါ့ကြောင့် နိုင်ငံ ချစ်တဲ့စိတ်တွေ ရှိနေဆဲ ဖြစ်တဲ့ တပ်မှူးဟောင်းများ အနေနဲ့ ဒီ အရေးတော်ပုံမှာ ပါဝင် အားပေးသင့်ကြောင်း။ ဒီလို အားပေးတဲ့ အခါမှာ အကွဲကွဲ အပြားပြား မဟုတ်ပဲ တစ်စု တစ်စည်းတည်း ပါဝင်ခြင်းဖြင့် အရေးတော်ပုံကို တစ်ဖက်တစ်လမ်းက ကူညီရာကျမည် ဖြစ်ကြောင်း။ ဒါ့

ကြောင့် အခု တက်လာတဲ့ ပုဂ္ဂိုလ်တွေထဲက ပြည်သူအများက လိုလားတဲ့ ပုဂ္ဂိုလ် တစ်ယောက်ကို ခေါင်းဆောင် အဖြစ် ရွေးမြှောက်စေလိုကြောင်း၊ အဲဒီလို ခေါင်းဆောင်အဖြစ် သူရ ဦးတင်ဦးကို တင်မြှောက်သင့်ကြောင်း အကျယ်တဝင့် တင်ပြသွားပါတယ်။

တစ်ဆက်တည်း အဖွဲ့ နာမည်နဲ့ အဖွဲ့ သဘောထားတွေကို ရေးဖို့ စိုင်းပြင်းကြပါတယ်။ သဘောထား တွေ ရေးဖို့အတွက်ကတော့ အဲဒီတုန်းက သပြေ မဂ္ဂဇင်း ထုတ်ဝေတဲ့ ဗိုလ်မှူးကြီး အရမ်း သန်းညွန့်နဲ့ ဗိုလ်မှူး ကြီး စောမြင့်တို့ တိုင်ပင်ရေးကြပါတယ်။ ကျွန်တော်က သူတို့ ပြောသမျှကို ဘောပင်တစ်ချောင်းနဲ့ လိုက်ရေးရ တာပေါ့။ အဖွဲ့ နာမည်ကိုတော့ "မျိုးချစ် တပ်မှူးဟောင်းများ အဖွဲ့" လို့ အမည်ပေးပြီးတော့ သဘောထား ကြေညာချက်မှာတော့ လက်ရှိ ပေါ်ပေါက်နေတဲ့ ရှစ်လေးလုံး အရေးတော်ပုံကြီးကို ထောက်ခံကြောင်း၊ နောင် အနာဂတ် မြန်မာနိုင်ငံမှာ ပါတီစုံ ဒီမိုကရေစီစနစ် အခြေခံသော အစိုးရအဖွဲ့ ပေါ်ပေါက်လာရေးကို ကြိုဆို ကြောင်း စသဖြင့် ကြေညာချက် ရေးခဲ့ပါတယ်။

အဲဒီ ကြေညာချက်ကို ဖယောင်းစက္ကူပေါ်မှာ လက်နှိပ်စက်နဲ့ ရိုက်ပြီး Copy ပွားရပါတယ်။ အဲဒီလို ပွားပြီးတော့ စစ်ရုံးကို သွားပေးဖို့ ကျွန်တော့်ကို တာဝန်ပေးပါတယ်။ ကျွန်တော်က ကိုစိန်သောင်းနဲ့အတူ စစ်ရုံးက ဧည့်ကြိုဌာနကို သွားပြီးတော့ "မျိုးချစ် တပ်မှူးဟောင်းများ အဖွဲ့၏ ကြေညာချက် အမှတ် ၁" ကို သွားပေးပါတယ်။ အဲဒီ ကြေညာချက်ကို တာဝန်ကျသူတွေက ဘယ်သူမှ လက်ခံမယူပါဘူး။ ဘယ်လိုမှ ပြောလို့မရတဲ့အခါမှာ "ကဲ ကိုယ့်လူတို့၊ ယူချင်ယူ မယူချင်နေ၊ ဟောဒီမှာ ထားခဲ့ပြီ" ဆိုပြီး စာရွက်ကို သူတို့ စားပွဲပေါ်မှာ တင်ထားခဲ့ပါတယ်။

## နောက်ဆက်တွဲ ဖြစ်ရပ်များ

နောက် သုံး-လေးရက်လောက် အကြာမှာ မျိုးချစ် တပ်မှူးဟောင်းများရဲ့ EC လို့ ခေါ်ရမယ့် ပုဂ္ဂိုလ်တွေ ကျောက်ကုန်း ဗိုးရာဇာလမ်းက ဗိုလ်မှူးကြီး အာပြ လှမောင် အိမ်မှာ ပြန်လည် စုစည်းပြီး ပထမဦးဆုံးနေ့က ထုတ်ပြန်ခဲ့တဲ့ ကြေညာ စာတမ်းကို အတည်ပြုခဲ့ပါတယ်။ ရှေ့ဆက် လုပ်ရမယ့် လုပ်ငန်းစဉ်တွေထဲမှာ ကျောက်ကုန်းက မိုးကောင်း ဓမ္မာရုံမှာ လူထုဟောပြောပွဲ လုပ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ အဲဒီ အစည်းအဝေးမှာ တပ်မတော် တပ်မှူးဟောင်းများ အနေနဲ့ ဖွဲ့စည်းတာ ဖြစ်လာဖို့ရယ်၊ အဲဒီ အဖွဲ့အစည်းရဲ့ ဦးဆောင်ဦးရွက် ပြုရမယ့် ပုဂ္ဂိုလ် (ဗိုလ်ချုပ်ကြီးဟောင်း သူရ ဦးတင်ဦး) တို့ကို စာတစ်တန် ပေတစ်တန်နဲ့ အဆိုပြုခဲ့တဲ့ ဗိုလ်မှူး ကြီး စောမြင့် (စာရေးဆရာ နာမည် ယိမ်းနွဲ့ပါး) က ပြောပါတယ်။ သူရယ်၊ အရမ်း သန်းညွန့် (စာရေးဆရာ နာမည် မှူးသပြေ) တို့ကို ဦးနေဝင်းက နေ့လယ်စာ ထမင်းစား ဖိတ်ထားလို့ သွားရမယ် ဖြစ်ကြောင်း အသိပေး တင်ပြပါတယ်။

တတိယအကြိမ် မျိုးချစ် တပ်မှူးဟောင်းများ အဖွဲ့ အစည်းအဝေးမှာ ဗိုလ်မှူးကြီး စောမြင့်က တင်ပြ လာပါတယ်။ သူနဲ့ အရမ်း သန်းညွန့်တို့ ဦးနေဝင်း ဖိတ်တဲ့ နေ့လယ်စာ သွားစားကြောင်း ပြောပါတယ်။ သူတို့ ဘာတွေပြောတယ် ဆိုတာကိုတော့ အသေးစိတ် ရှင်းမပြပါဘူး။ အဲဒီ နေ့လယ်စာ စားပွဲအပြီးမှာ သူနဲ့ အရမ်း သန်းညွန့်တို့ဟာ ဘယ်လှုပ်ရှားမှုမှ ပါလို့ မဖြစ်တော့ပါဘူး။ အားလုံးက နားလည် ခွင့်လွှတ်ကြစေကြောင်း ပြောပြပါတယ်။

ကျွန်တော်က အစည်းအဝေး မှတ်တမ်း လိုက်ရေးနေရသူဖြစ်တော့ ဗိုလ်မှူးကြီး စောမြင့် ပြောစကား တွေ ကြားရတဲ့အခါ အလိုလိုနေရင်း အသက်ရှူ ကျပ်သလို ခံစားရပါတယ်။ စိတ်ထဲကတော့ "ဩော်... ဒီ

လူကြီးနှယ်၊ တပ်မတော် တပ်မှူးဟောင်းများ အနေနဲ့ ရှစ်လေးလုံး အရေးတော်ပုံ အပြီးမှာ အားတက်သရော ပါဝင်ကြဖို့ ဦးစွာ ဆော်ဩတဲ့သူကလည်း သူပဲ၊ ဒီလှုပ်ရှားမှုကို ဦးဆောင်ဦးရွက်ပြုဖို့ ဗိုလ်ချုပ်ကြီးဟောင်း သူရ ဦးတင်ဦးကို အဆိုပြုတာလည်း သူ၊ အခုတော့ သူက နောက်ဆုတ်သွားပြီ၊ ဘယ်လိုလဲ” လို့ အတွေးတွေ ဖြစ်ပေါ် ခဲ့ပါတယ်။

နောက်ဆက်ပြီး တွေးမိတာက တပ်မတော်သား ဘဝတုန်းက ဗိုလ်မှူးကြီး စောမြင့်နဲ့ ဗိုလ်မှူးကြီး အရမ်း သန်းညွန့်တို့ဟာ သူတို့ခေတ် ကာလမှာ နာမည်ရကြတဲ့ တပ်မှူးဟောင်းတွေပါ။ ဒါပေမဲ့ ဦးနေဝင်းကို တော့ ငယ်ကြောက်တွေ ဖြစ်နေဟန်တူပါတယ်။ မူလကတော့ ရှစ်လေးလုံး အရေးတော်ပုံကြီးနဲ့ ပတ်သက်ပြီး အားတက်သရော ထောက်ခံ အားပေးပြီး ဦးနေဝင်းနဲ့ တစ်ခါ တွေ့ပြီးပြီဆိုတာနဲ့ လုံးဝ ဘေးထွက်ထိုင်တဲ့အထိ ရောက်သွားခဲ့ပါတယ်။ အဲဒီ လူကြီးနဲ့ သူတို့ ဘာတွေပြောခဲ့တယ် ဆိုတာတော့ မသိရပါဘူး။

## မိုးကောင်းဘုရား ဓမ္မာရုံ အစည်းအဝေး

ဒီအစည်းအဝေးကို တပ်မတော် တပ်မှူးဟောင်းများ အဖွဲ့က ကြီးမှူး ဆောင်ရွက်ခဲ့တာပါ။ တက်ရောက်လာတဲ့ ပရိသတ် အများစုကတော့ တပ်မတော် အငြိမ်းစားများ ဖြစ်ပါတယ်။ မှတ်မှတ်ရရ ရဲဘော် သုံးကျိပ်ဝင် ဗိုလ် ရဲထွဋ်လည်း တက်လို့ သူ့ကို သဘာပတိအဖြစ် တင်မြှောက်ပြီး မိန့်ခွန်းပြောစေခဲ့ပါတယ်။ အဓိက ဟောပြော သူကတော့ ကျွန်တော်တို့ ဆရာ ဗိုလ်ချုပ်ကြီးဟောင်း သူရ ဦးတင်ဦး ဖြစ်ပါတယ်။

သူကတော့ တပ်ထဲမှာကတည်းက အဟောကောင်း၊ အပြောကောင်းမို့လို့ ဒီပွဲမှာလည်းပဲ အခြေအနေ အချိန်အခါနဲ့ညီတဲ့ စကားတွေ ပြောနိုင်လို့ တက်ရောက်လာတဲ့ ပရိသတ်အပေါင်းရဲ့ လက်ခုပ် ဩဘာ ပေးခြင်း ခံရပါတယ်။ အဲဒီမှာ ကျွန်တော် သတိထားမိတာက နေရာတကာမှာ ပါလေ့ပါထ မရှိတဲ့ ကျွန်တော့် ဆရာများ ဖြစ်တဲ့ ဗိုလ်မှူးကြီး ဝီလီမောင်မောင်နဲ့ ဗိုလ်မှူးကြီး ခင်မောင်တည်တို့ ဖြစ်ပါတယ်။

## အပြောင်းအလဲမြန်သော ဖြစ်ရပ်များ

ရှစ်လေးလုံး အရေးတော်ပုံ ကာလဟာ တစ်နေ့နဲ့ တစ်နေ့ကို မတူပါဘူး။ ဖြစ်စဉ်တွေဟာ မြန်လွန်းလို့ ဖျတ်ခနဲ ဖျတ်ခနဲ ပြောင်းလဲသွားတယ်လို့တောင် သိထားမိပါတယ်။ ပထမဦးဆုံး ရေးချင်တာက အရင် ဝန်ကြီးချုပ် ဟောင်း ဦးနုကလည်း လှုပ်ရှားမှုမှာ ပါဝင်လာပြီး သူ့ကိုယ်သူ ဝန်ကြီးချုပ်လို့ ကြေညာခဲ့တာပါ။ ဒါတင်မကပါဘူး အစိုးရ အဖွဲ့ကိုပါ လူနာမည်စာရင်းနှင့်တကွ အမိန့်ထုတ်ပြန်ပါတယ်။ ဥပမာ- သူရ ဦးတင်ဦးကို ကာကွယ်ရေး ဝန်ကြီး၊ ဦးအောင်ရွှေကို စီမံဘဏ္ဍာ ဝန်ကြီး၊ ဦးချစ်ခိုင် စသဖြင့် ရာထူးတွေပေးပြီး ကြေညာချက် ထုတ်ပါတယ်။

အဲဒီလို ကြေညာတဲ့အခါမှာ တပ်မှူးကြီးဟောင်းများဟာ သူတို့တောင် မသိလိုက်ရပဲ ရာထူးပေးခံ လိုက်ရလို့ မကျေမနပ်နဲ့ ဦးနု ရှိရာ (ဗိုလ်မှူးအောင်ရဲ့ အိမ်) ကို သွားပြီးတော့ ကန့်ကွက်ကြပါတယ်။ သူတို့ တစ်မနက်လုံး၊ တစ်နေ့လယ်လုံး ဆွေးနွေး ငြင်းခုံနေကြပါတယ်။ ကျွန်တော်ကတော့ ယာဉ်မောင်း ဆိုတော့ အစည်းအဝေးခန်းထဲ မဝင်ရပါဘူး။ ဒါပေမဲ့ အစည်းအဝေးပြီးလို့ သိရတာက ကျွန်တော်တို့ တပ်မှူးကြီးတွေ အားလုံး ဦးနု သတ်မှတ်တဲ့ ရာထူးတွေက နုတ်ထွက်ခဲ့တယ် ဆိုတဲ့ အကြောင်းပါပဲ။

## အထွေထွေ သပိတ် ကော်မတီ - GSC

ကျွန်တော်က ဦးတင်ဦး ကိစ္စတွေပဲ ဦးစားပေး လုပ်ပေးနေရတဲ့ အတွက် အပြင်က သပိတ် ကော်မတီတွေ

အကြောင်း ကောင်းကောင်း မသိပါဘူး။ ဒါပေမဲ့ ကျောင်းသား ခေါင်းဆောင် မောင်မောင်ကျော်၊ မင်းကိုနိုင်၊ မိုးသီးဇွန် စတဲ့ နာမည်တွေတော့ ကြားဖူးနေပါပြီ၊ ဂျာနယ် ထုတ်ဝေသူတွေကလည်း အခွင့်ကောင်းယူပြီး သတင်းထူး၊ သတင်းဦးတွေ ရလို့ လွတ်လွတ်လပ်လပ် ဖော်ပြစ ပြုနေပါပြီ။ ယုတ်စွအဆုံး ပြည်သူပိုင် သတင်းစာတွေတောင်မှ အစိုးရ အာဘော်တင်မကဘူး လတ်တလော ဖြစ်ပေါ်နေတဲ့ သတင်းတွေကိုပါ ဖော်ပြစ ပြုနေပါပြီ။ GSC ကို ဗကပက ကြိုးကိုင်နေတယ် ဆိုတာ ထောင်ထဲရောက်မှ သိတာပါ။

ကျွန်တော် ၁၉၈၉ ခုနှစ်၊ ထောင်ထဲ ရောက်ခါစ ၂ တိုက်မှာ နေရပါတယ်။ အဲဒီမှာ ဗကပ ယူဂျီတွေနဲ့ အတူ နေရပါတယ်၊ အဲဒီအထဲမှာ ဒေါက်တာ ဇော်မင်း ဆိုတာ ပါပါတယ်။ သူက အိန္ဒိယသွေး ပါပြီး အရပ်ရှည်ပြီး ချောပါတယ်။ သူပြောပြချက်အရ GSC အတွင်းရေးမှူးဟာ သူ့ညီအရင်း ဖြစ်ပြီးတော့ သူကိုယ်တိုင် ရွေးချယ်ဖွဲ့စည်းပေးတယ်လို့ ဆိုပါတယ်။ နဝတ တက်တော့ သူ့ညီဟာ ထိုင်းဘက်ကို တောခိုသွားပါပြီ။

ဒေါက်တာ မောင်မောင် သမ္မတ ဖြစ်တဲ့ ကာလမှာပဲ GSC က သပိတ် ခေါင်းဆောင် အချို့ကို ဖိတ်ပါတယ်။ သူတို့ ဖိတ်တဲ့ ခေါင်းဆောင်အချို့ကတော့ ဦးနု၊ ဗိုလ်မှူးချုပ်ဟောင်း အောင်ကြီး၊ ဗိုလ်ချုပ်ကြီးဟောင်း သူရ ဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ ဖြစ်ပါတယ်။ ဆေးတက္ကသိုလ်ဝင်း အတွင်းမှာ စခန်းချနေတဲ့ GSC ဌာနချုပ်မှာ အထက်ပါ ပုဂ္ဂိုလ်တွေကို စင်မြင့်ပေါ်မှာ နေစေပြီး အသင့် ရောက်ရှိနေတဲ့ GSC အဖွဲ့ဝင်တွေက အဲဒီပုဂ္ဂိုလ်တွေကို အရေးဆိုတာပါ။

သူတို့ရဲ့ တောင်းဆိုချက်ကတော့ "သပိတ် ခေါင်းဆောင်ကြီးများ ဦးဆောင်တဲ့ ကြားဖြတ် အစိုးရ ဖွဲ့စည်းရေး" ဖြစ်ပါတယ်။ တက်ရောက်လာတဲ့ ပုဂ္ဂိုလ် အသီးသီးဟာ နိုင်ငံရေး အသိပညာ နက်ရှိုင်း ကြွယ်ဝတဲ့ ပုဂ္ဂိုလ်များ ဖြစ်လို့ GSC ရဲ့အစီအစဉ်ကို လက်မခံပါဘူး။ (ထောင်ထဲ ရောက်မှ သိရတာက ဒီလို လူကြီးတွေကို အကြပ်ကိုင်ပြီး ကြားဖြတ် အစိုးရ ဖွဲ့နိုင်းစေတဲ့ အစီအစဉ်ဟာ တရုတ်ပြည် နယ်စပ် ရောက်နေတဲ့ ဗကပ ဌာနချုပ်က ပေးပို့တဲ့ ညွှန်ကြားချက်အရ လုပ်တာပါ။)

## ဒေါက်တာ မောင်မောင်

ဒေါက်တာ မောင်မောင် ဆိုသူက နယ်သာလန် နိုင်ငံက ဥပဒေပညာနဲ့ မဟာဘွဲ့ ရခဲ့တဲ့ ပုဂ္ဂိုလ်ပါ။ တော်လှန်ရေး ကောင်စီ တက်တဲ့အချိန်ပါ၊ သူက စာအုပ်တစ်အုပ် ရေးပါတယ်။ စာအုပ် နာမည်က "ဗိုလ်ချုပ်ကြီး နေဝင်းနဲ့ မြန်မာ့ နိုင်ငံရေး ခရီး" ဖြစ်ပါတယ်။ အဲဒီ စာအုပ်ရဲ့ အဓိက အနှစ်သာရကတော့ ဗိုလ်ချုပ်ကြီး နေဝင်းဟာ ထူးခြား ထင်ရှားတဲ့ စစ်ရေးခေါင်းဆောင်အပြင် အတွေ့အကြုံများတဲ့ နိုင်ငံရေးခေါင်းဆောင်အဖြစ် အမွှမ်းတင်ထားတာပါ။

၁၉၇၄ ခုနှစ်မှာ အသစ် ဖွဲ့စည်းတဲ့ လမ်းစဉ် ပါတီ အစိုးရ အဖွဲ့မှာ ဒေါက်တာ ဂမောင်မောင်ဟာ တရားသူကြီးချုပ် ဖြစ်လာခဲ့ပါတယ်၊ လူအများကတော့ ဦးနေဝင်း အကြောင်းကို အကောင်းမြင် ဝါဒနဲ့ ရေးခဲ့လို့ ဆုချခံရတယ်လို့ ပြောကြပါတယ်။ ဒါတင်မကသေးပါဘူး၊ ဦးနေဝင်း အစိုးရ လက်ထက်မှာ တောက်လျှောက်ကျင့်သုံးခဲ့တဲ့ မူဝါဒအတိုင်း ထပ်မံ ဆုချခံရပါတယ်။

ဒီမှာကတော့ ဦးနေဝင်း လက်ထက်မှာ ဝန်ကြီး၊ ဒုဝန်ကြီး၊ တိုင်းမှူး၊ တပ်မမှူးတွေကို ရန်ကုန်မြို့ တစ်ဝှမ်းလုံးမှာ ရှိတဲ့ လွတ်နေတဲ့ မြေတွေကို နေရာချထားပေးတာ ဖြစ်ပါတယ်။ ဒေါက်တာ မောင်မောင်ကိုတော့ ဦးနေဝင်းက ဘယ်လောက်အထိ အလေးပေးသလဲ ဆိုရင် သူ နေထိုင်တဲ့ အေဒီလမ်း အိမ်ဘေးက မြေကွက်ကို နေရာချပေးလိုက်ပါတယ်။ နေရာက အလွန့် အလွန် ကောင်းတဲ့ နေရာဖြစ်တဲ့အပြင် ကျယ်လည်း ကျယ်ဝန်းပါ

တယ်။ ဘယ်လောက်အထိ ကျယ်သလဲဆိုရင် ဒေါက်တာ မောင်မောင် ကွယ်လွန်တဲ့အခါမှာ သူ့သားသမီး မြေးမြစ်ယောက်ကို သင့်တင့်လျှောက်ပတ်တဲ့ မြေကွက် ခြောက်ကွက် ပိုင်းခြားပြီး အမွေခွဲပေးနိုင်ခဲ့ပါတယ်။

လမ်းစဉ် ပါတီ အစိုးရ လေးနှစ်ပြည့်တော့ ၁၉၇၈ ခုနှစ်မှာ ဒေါက်တာ မောင်မောင်ကို နိုင်ငံတော် ကောင်စီဝင်အဖြစ် ပြောင်းရွှေ့ ခန့်အပ်ပြီးတော့ ဗိုလ်မှူးကြီး သူရ အောင်ဖေကို တရားသူကြီးချုပ် အဖြစ် ပြောင်းလဲ ခန့်အပ်ခဲ့ပါတယ်။ ဦးနေဝင်းဟာ ဒီလိုနည်းနဲ့ ဒေါက်တာ ဒမောင်မောင်ကို နိုင်ငံတော် ကောင်စီဝင် အဖြစ်နဲ့ "ဥ" ထားပြီး ရှစ်လေးလုံး အရေးတော်ပုံကျတော့မှ ဒေါက်တာ မောင်မောင်ကို သမ္မတအဖြစ် ခန့်အပ် ခဲ့တာပါ။ လူငယ်စကားနဲ့ ပြောရမယ် ဆိုရင်တော့ ဦးနေဝင်းက ရှစ်လေးလုံး အရေးတော်ပုံကြီးမှာ ပြည်သူလူထု အပေါ် "ဝမ်း-တူး" ရိုက်ခဲ့တာပါ။ ပထမ လူကြမ်းကြီး ဦးစိန်လွင်နဲ့ ခပ်ကြမ်းကြမ်း အုပ်ချုပ်စေပြီး ထိန်းမနိုင် သိမ်းမရ ဖြစ်လာတော့မှ လူအေး ဒေါက်တာ မောင်မောင်နဲ့ လဲလိုက်တာပါ။

## အလှူ့ပေါင်းစုံ ပါလာပြီ

လမ်းစဉ် ပါတီ အစိုးရ မီးစာကုန် ဆီခန်း ဘဝမှာ ကျောင်းသားတွေ ဦးဆောင်မှုကြောင့် ဩဂုတ်လ ၈ ရက်နေ့က စတင်ခဲ့တဲ့ ဆန္ဒပြမှုတွေဟာ တဖြည်းဖြည်းနဲ့ ကျယ်ပြန့်လာပါတယ်။ ရန်ကုန်မြို့ တစ်မြို့တည်းသာ ကွက်ပြီး ဖြစ်နေတာ မဟုတ်တော့ဘဲ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ မြို့ကြီး မြို့ငယ်တွေမှာပါ ဆန္ဒပြမှုတွေ အများ အပြား ပေါ်လာနေပါပြီ။ အထူးသဖြင့် အထက် ဗမာပြည်ရဲ့အချက်အချာလို့ ဆိုရမယ့် မန္တလေးမြို့မှာလည်း ဆန္ဒပြမှုတွေ အရှိန်ရလာပါပြီ၊ အထူးသဖြင့် ရဟန်း သံဃာတွေ ဦးဆောင်တဲ့ လှုပ်ရှားမှုကြောင့် ပိုမို ကျယ်ပြန့် လာပြီး သပိတ် ခေါင်းဆောင် တစ်ဦးဖြစ်တဲ့ "ဂဠုန်နီ" ဆရာတော်ကို လူအများက သတိထားမိပါပြီ။

ဒေါက်တာ မောင်မောင်ကလည်း ပြည်သူလူထု အုံကြွလာတာကို နှစ်သိမ့်တဲ့ သဘောနဲ့လို့ ဆိုရမလား၊ အပြစ်ဖို့တဲ့ သဘောလို့ ဆိုရမလား ဝေခွဲလို့မရတဲ့ မိန့်ခွန်းတစ်ခု ပြောပါတယ်။ မှတ်မိသလောက် ပြောရရင် ဦးနေဝင်းခေတ်က ဖောက်ခွဲ ဖျက်ဆီးခံရတဲ့ ကျောင်းသား သမဂ္ဂ အဆောက်အဦကို ကျောင်းသားတွေနဲ့ ပျော်ပျော်ပါးပါးကြီး ပြန်လည် တည်ဆောက်ကြရအောင် ဆိုတဲ့စကား။ အခု ဆန္ဒပြနေတဲ့လူတွေဟာ နိုင်ငံရေး အရ တက်ကြွတဲ့လူတွေ ဆိုပေမဲ့ တကယ်တန်း ကိုယ့်အိမ်ထဲမှာ နေပြီး အေးအေးဆေးဆေး နေလိုတဲ့ ပုဂ္ဂိုလ် အများစု ရှိနေသေးကြောင်း၊ ဒါ့ကြောင့်မို့ ပြည်သူလူထုအနေနဲ့ အေးဆေး တည်ငြိမ်တဲ့ ဘဝကို ပြန်လည် ကြိုးစား တည်ဆောက်ကြဖို့ တိုက်တွန်းကြောင်း စတဲ့ စကားတွေ ပါလာပါတယ်။

ဒေါက်တာ မောင်မောင် ဆိုလိုတာက နိုင်ငံရေး နယ်ပယ်မှာ အသုံးများနေတဲ့ စကားလုံး တစ်ခု ဖြစ်တဲ့ Silent Majority ကို ဆိုလိုတာပါ။ သဘောက လမ်းပေါ်တက် ဆန္ဒပြနေတဲ့လူက အနည်းစုပါ၊ လူအများစု ကတော့ အေးအေးဆေးဆေး နေချင်ကြပါတယ် ဆိုတဲ့ သဘောမျိုး ထောက်ပြတာပါ။ အဲဒီ မိန့်ခွန်းကို တီဗီက တိုက်ရိုက် လွှင့်တဲ့ အတွက်ကြောင့် လူအများစုက မခံမရပ်နိုင်ဖြစ်ပြီး နောက်တစ်နေ့မှာ ကြိုတင် တိုင်ပင် ထားခြင်း မရှိကြဘဲ မြို့နယ်အလိုက်၊ ရပ်ကွက်အလိုက်မှာ အိမ်ရှင်မများက ဒန်အိုး၊ ဒန်ခွက်တွေ ကိုင်ပြီး အုပ်စုလိုက် ဆန္ဒပြပွဲထဲမှာ ပါဝင်လာပါတော့တယ်။ အလားတူပဲ "အလှဖန်တီးရှင်" များလည်း သီးသန့် ပါဝင် လှုပ်ရှားတဲ့ အတွက်ကြောင့် အများပြည်သူတို့အတွက် ပြုံးချင်စရာလေးတွေ ဖြစ်လာပါတယ်။

## ထူးခြားချက်များ

ပြည်သူလူထု ဆန္ဒပြပွဲတွေ အရှိန်ရလာတဲ့အခါမှာ ဘယ်သူမှ မမျှော်လင့်တဲ့ အုပ်စုက ဆန္ဒပြပွဲထဲမှာ ပါဝင်

လာပါတော့တယ်။ ဘယ်သူတွေလဲ ဆိုတော့ တပ်မတော် ကြည်း/ ရေ/ လေက အုပ်စုတွေပါပဲ။ အရာရှိတွေ မပါတဲ့ ရေတပ်က ဆန္ဒပြတဲ့ ရဲဘော်တွေရဲ့ လှုပ်ရှားမှုကိုတော့ ကြားရုံသာ ကြားခဲ့ပြီး ၎င်းတို့ကို ဗိုလ်မှူး ဘသော် (ရေ) [စာရေးဆရာ မောင်သော်က] က ကြိုဆို နှုတ်ဆက်ပါတယ်။ အဲဒီ ရဲဘော်တွေကို ပန်းဆိုး တန်းလမ်း (လို့ ထင်ပါတယ်) မှာ ရှိတဲ့ မူလတန်းကျောင်း တစ်ခုမှာ နေရာချပေးပါတယ်။ သူတို့ရဲ့ နေ့စဉ် အစားအသောက် ကိစ္စကိုတော့ အနီးအနား ပတ်ဝန်းကျင်က စေတနာရှင်များက စုပေါင်းပြီး တာဝန်ယူထား ပါတယ်။

တစ်ပြိုင်နက်တည်းလောက်မှာပဲ တပ်မတော် (လေ) မင်္ဂလာဒုံ ပြင်/ထိန်း တပ်ဖွဲ့က ရဲဘော်တွေ ကလည်း ညီညီညာညာနဲ့ မြို့ထဲဘက်ကို ချီတက်လာပါတယ်။ သူတို့က စော်ဘွားကြီးကုန်း လမ်းဆုံ ရောက် တော့ ပြည်လမ်းမအတိုင်း မသွားပဲ အင်းစိန်ဘက်ကို ချိုးကွေ့ပြီး အင်းစိန်လမ်းအတိုင်း ချီတက်ကြပါတယ်။ ချီတက်ရာ လမ်းတစ်လျှောက်မှာ ပြည်သူလူထုက သောင်းသောင်းဖြဖြ ကြိုဆိုကြပါတယ်။ အဲဒီ ရဲဘော်တွေ ကမာရွတ် လမ်းဆုံ ရောက်တော့ တက္ကသိုလ်ရိပ်သာလမ်းဘက် ချိုးပြီး တက္ကသိုလ်ထဲက အဆောင် တစ်ဆောင်မှာ နေရာချထားပါတယ်။ သူတို့ကို ကျောင်းသား ခေါင်းဆောင်များအပြင် တပ်မှူးဟောင်းများ အဖွဲ့က သူရ ဦးတင်ဦး၊ ဦးအောင်ရွှေ၊ ဦးချစ်ခိုင် စတဲ့ ပုဂ္ဂိုလ်များက အားပေးခဲ့ပါတယ်။ သူတို့ အဲဒီမှာ အချိန် ကြာလာတဲ့အခါ လမ်းမတော်က သရက်တော ကျောင်းတိုက်ထဲကို ပြောင်းရွှေ့ပေးလိုက်ပါတယ်။

အလားတူပဲ တပ်မတော် မှတ်တမ်းရုံးက ရဲဘော်အချို့နဲ့ အခြားတပ်က ရဲဘော်တွေလည်း တစ်ယောက် စ နှစ်ယောက်စ ဆိုသလို လူထု အုံကြွမှုထဲမှာ ပါဝင်လာပါတယ်။ ထူးခြားတာက အရာ ရှိများ မပါဝင်တဲ့ အချက် ပါ။ ချွင်းချက်အနေနဲ့ ပြောရမယ် ဆိုရင် ဗိုလ်ကြီး စိုင်းဝင်းကျော် ဆိုသူ တစ်ယောက်ကတော့ ပေါ်ထွက် လာပါတယ်။ အဲဒီအချိန်မှာ ကိုယ့်သဘောနဲ့ကိုယ် ထုတ်ဝေတဲ့ သတင်း၊ ဂျာနယ်တွေ ပေါ်နေပြီ ဆိုတော့ ဗိုလ်ကြီး စိုင်းဝင်းကျော်ရဲ့ သတင်းဟာ သတင်းသမားတွေအတွက် သည်းခြေကြိုက်ပေါ့။

အထက်မှာ ဖော်ပြထားတဲ့ တပ်မတော် ကြည်း၊ ရေ၊ လေ ရဲဘော်များက ဆန္ဒပြ ပြည်သူလူထုကို လာရောက် ပူးပေါင်း ပါဝင်မှုဟာ နိုင်ငံလုံး အတိုင်းအတာနဲ့ ပြောရမယ်ဆိုရင် ဒီဆန္ဒပြပွဲ တစ်ခုလုံးဟာ လူထု လူတန်းစား ပေါင်းစုံ လွှမ်းခြုံတဲ့ အရေးတော်ပုံကြီး တစ်ခု ဖြစ်လာပါပြီ။ ကျွန်တော် ကိုယ်တိုင်ကတော့ မျိုးချစ် တပ်မှူးဟောင်းများ အဖွဲ့မှာ အောက်ခြေသိမ်း လုပ်ပေးရင်းနဲ့ ရံဖန်ရံခါ ဘေးကနေ အကဲခတ်သူ Third party အမြင်နဲ့ ရှုမြင် သုံးသပ်ကြည့်ပါတယ်။ ဘယ်လို မြင်မိသလဲ ဆိုတော့ ဟုတ်ပြီ၊ ပြည်သူလူထု တစ်ရပ်လုံးကတော့ လမ်းစဉ် ပါတီ အစိုးရကို မကျေနပ်တာကို ကမ္ဘာ့ချင်းအောင်ထိ ပြနိုင်ခဲ့ပြီ။ ဘယ်အထိ ဆက်သွားမှာလဲ၊ ဘယ်သူက ခေါင်းဆောင်မှာလဲ ဆိုတဲ့ မေးခွန်းကို ရောက်ရင် ကျွန်တော် ဆက်မတွေးတတ်တော့ပါဘူး။

ရဟန်း သံဃာတွေလည်း ပါဝင်လာပြီး အစိုးရဌာန အသီးသီးလည်း ဆန္ဒမပြတဲ့ အဖွဲ့လို့ မရှိသလောက် ဖြစ်နေပြီ၊ ပြည်သူ့ရဲတွေလည်း လမ်းမပေါ် ထွက်လာပါပြီ။ တပ်မတော် ကြည်း၊ ရေ၊ လေ အသီးသီးကလည်း တစ်စစီ တစ်စစီ ပဲ့ပြီး ပါနေပြီ။ အဖွဲ့အစည်းအနေနဲ့ အထိုက်အလျောက် တည်တံ့ ခိုင်မြဲနေတာကတော့ တပ်မတော် တစ်ခုပဲ ရှိပါတော့တယ်။

နောက်ပိုင်းမှာ ပါကောင်းပါမှာ ဖြစ်သော်လည်းပဲ ကြိုကြိုက်တုန်းတော့ တပ်မတော်က ဆန္ဒပြပွဲကို ပါဝင်လာတဲ့ ရဲဘော်တွေ အကြောင်း ရေးပြချင်ပါတယ်။ စက်တင်ဘာ ၁၈ ရက်မှာ တပ်မတော် အာဏာသိမ်းပြီး နဝတ အစိုးရတက်တော့ သူတို့အားလုံး ဘဝပျက်ပြီပေါ့။ စစ်အစိုးရ တက်လာပြီဆိုတာနဲ့ သူတို့ အဖွဲ့ထဲက တချို့လည်း တောခိုတဲ့အထဲ ပါသွားတယ်။ တချို့လည်း တပ်ပြေး ဖြစ်ကုန်တယ်။ အများစုကတော့ မိမိ မိခင်

တပ်ရင်းကို ပြန်လည် သတင်းပို့ကြပါတယ်။ တပ်တွင်း ခုံရုံးတွေနဲ့ စစ်ဆေးခံရပြီး ထောင်ဒဏ် အသီးသီး ချမှတ်ခြင်း ခံရပါတယ်။ ဒီမှာ ကွာခြားတာက ရေတပ်က ရဲဘော်တွေကို အမြင့်ဆုံး ထောင်ဒဏ် နှစ်နှစ် အထိပဲ ချမှတ်ပြီး၊ လေတပ်က ရဲဘော်တွေကျတော့ ထောင်ဒဏ် လေး-ငါးနှစ်အထိ ချမှတ်ခြင်းခံကြပါတယ်။

## ပြောင်းလဲလာသော မြို့ပြမြင်ကွင်းများ

ဆန္ဒပြပွဲများ ပို၍ များပြား ကျယ်ပြန့်လာတာနဲ့အမျှ အစိုးရ ယန္တရားများရဲ့ ဩဇာ အာဏာများလည်း ယိုယွင်းလာခဲ့ပါပြီ။ ထိုစဉ်က လူထု စိတ်နေသဘောထားမှာ အစိုးရနဲ့ ပတ်သက်သမျှ အားလုံးကို မူလက လက်မခံချင်သော စိတ်များ ဖြစ်ပွားလာပြီး အချိန်ရလာတာနှင့်အမျှ အာခံလိုစိတ်၊ တော်လှန်လိုစိတ်မှသည် အခွင့်အရေး ရလျှင် နှိပ်ကွပ်ဖို့၊ ဖျက်ဆီးဖို့ ဆိုတဲ့ စိတ်တွေ တဖွားဖွား ပေါ်ပေါက်လာပါတယ်။ ဒါ့ကြောင့် မိမိတို့ နေရာ ရပ်ကွက် (သို့မဟုတ်) လမ်းများမှာ လုံခြုံရေးအတွက် မိမိတို့ အစီအစဉ်နဲ့ လုပ်ဆောင်လာပါတော့တယ်။

ဥပမာ ကျောက်တံတား မြို့နယ် ဆိုပါစို့။ ကျောက်တံတား မြို့နယ်မှာ အကြီးဝင်တဲ့ ၃၃ လမ်းမှာ နေတဲ့ လူတွေ အချင်းချင်း ညှိနှိုင်းပြီး လမ်းထိပ်တွေမှာ အကာအကွယ် အတားအဆီးတွေ ချထားပြီး ဝင်းထရံ ကာတာမျိုးတွေ လုပ်လာပါတယ်။ နေ့ကင်း၊ ညကင်းတွေကိုလည်း မိမိတို့ဘာသာ ဖွဲ့စည်းပြီး လုံခြုံရေး အစီအစဉ်များ ချမှတ် ဆောင်ရွက်လာပါတော့တယ်။ ဒါ့ကြောင့်လည်း အဲဒီတုန်းက ထွက်တဲ့ ပုဂ္ဂလိက ဂျာနယ် အချို့မှာ "တို့လူထုကတော့ ကိုယ်နေတဲ့ နေရာတစ်ဝိုက်ကို သီးခြား နိုင်ငံငယ်လေးတွေ တည်ဆောက်လိုက်ပြီ" ဆိုတဲ့ သဘောပါတဲ့ သတင်းတွေ စတင် ဖော်ပြလာပါတော့တယ်။ ၃၃ လမ်း အနေအထား ဆိုရင် "၃၃ လမ်း Republic" ဆိုတဲ့ ခေါင်းစဉ်မျိုး တပ်ပေးကြပါတယ်။

## အဖျက်အမှောင့် ပယောဂ

ရန်ကုန် တစ်မြို့လုံး အဲဒီလောက်အထိ အခြေအနေတွေ ဆိုးရွားလာပါပြီ။ တစ်ဦးအပေါ် တစ်ဦးလည်း မယုံသင်္ကာစိတ်တွေ တိုးပွားလာပါပြီ။ ဒါပေမဲ့ သပိတ် တစ်ဖွဲ့နဲ့ တစ်ဖွဲ့ အယောင်ဆောင်တာမျိုး ပဋိပက္ခ အသွင် ဆောင်တာမျိုး မပေါ်ပေါက်သေးပါ။ လူထုကြီးဟာ ကိုယ်နေရာ ကိုယ့်ဒေသနဲ့ ဆီလျော်တဲ့ လုံခြုံရေး အစီအစဉ်များ ဆွဲပြီး ထိန်းသိမ်းလျက် ရှိနေကြပါတယ်။

ဒါပေမဲ့ ဘယ်သူမှ ကြိုတင် တွေးမထားတဲ့ ဖြစ်ရပ်တွေဟာ ဆင့်ကဲ ဆင့်ကဲနဲ့ ဖြစ်ပေါ်လာပါတယ်။ မြို့လယ်ကောင် လသာ မြို့နယ်က ဆေးရုံကြီးမှာ ရှိတဲ့ ရေစင်ပေါ်မှာ တက်ပြီး အဆိပ်ခတ်မယ် ဆိုတဲ့ လူ နှစ်ဦးကို ဖမ်းမိတယ်လို့ ဆိုပါတယ်။ အဲဒီ ဖမ်းမိတဲ့သူ နှစ်ဦးကို အဲဒီ မြို့နယ်က သပိတ်အဖွဲ့တွေက ဖမ်းပြီး စစ်ဆေးပါတယ်။ စစ်ဆေးပြီး မှန်ကန်တယ်လို့ ဆုံးဖြတ်တဲ့အတွက် ခေါင်းဖြတ် သတ်လိုက်ကြပါတယ်။ (မှန် မမှန်တော့ မသိပါဘူး။)

အဲဒီလိုပဲ အင်းစိန် မင်းကြီးလမ်း ဟိုက်ပဒ်နားမှာ ရှိတဲ့ အများသုံး ရေတွင်းကို အဆိပ်ခတ်မယ့် လူနှစ်ဦးကို အင်းစိန် ရဲစခန်းကို ပို့လိုက်ပါတယ်။ ဒီ့ထက် ဆိုးတဲ့ဖြစ်ရပ် တစ်ခုက တောင်ဥက္ကလာမှာ ဖြစ်ခဲ့တာပါ။ အဲဒီ မြို့နယ် ရပ်ကွက်တစ်ခုက သပိတ်အဖွဲ့ တစ်ခုကို လူတချို့က လာသတင်းပို့ပါတယ်။ သူတို့နဲ့ မလှမ်းမကမ်းမှာ ရှိတဲ့ ချောင်းကမ်းစပ် တစ်ခုမှာ လူတချို့ အကြမ်းဖက်ခံရတယ် ဆိုပြီးတော့ လာပြောတာပါ။ ဒါ့ကြောင့် အဲဒီ သပိတ်စခန်းက သံပြာတစ်ပါးနဲ့ လူအချို့ လိုက်သွားတဲ့အခါ အဲဒီနားမှာ အသင့် စောင့်နေတဲ့ လူတစ်ချို့က ဖမ်းပြီး ခေါင်းဖြတ် သတ်လိုက်ပါတယ်။

## သတ်ကုန်ကြပြီ

အဲဒီ အဖွဲ့ထဲက တစ်ယောက်က ထွက်ပြေးသွားပြီး သပိတ်စခန်းကို ပြန်ပြီး သတင်းပို့ပါတယ်။ သပိတ်စခန်း အဖွဲ့က လူတွေ အုပ်လိုက် လိုက်သွားပြီးတော့ အခင်းဖြစ်ပွားတဲ့ နေရာကို သွားပြီး သပိတ် အဖွဲ့ကို သတ်တဲ့ လူတွေ နေတယ်လို့ ယူဆရတဲ့ ရပ်ကွက်ကို ဝိုင်းပါတော့တယ်။ ဝိုင်းပြီးတော့ သပိတ် အဖွဲ့ဝင်တွေကို သတ်တဲ့ လူတွေကို ဖော်ထုတ်ဖို့ ကြိုးစားရာမှာ ဘာအဖြေမှ မရပါဘူး။ သပိတ် အဖွဲ့ဝင်တွေကို သတ်တယ်လို့ ပြန့်သွားတဲ့အတွက် တခြားစခန်းက သပိတ် အဖွဲ့ဝင်တွေ လာပေါင်းအတဲ့အတွက် လူအုပ်ကြီး ပိုများလာပါ တယ်။ ကိုယ့်အဖွဲ့သားတွေ အသတ်ခံရလို့ ဒေါသထွက်နေတဲ့ လူအုပ်ကြီးက အဲဒီ ရပ်ကွက်ကို ဝိုင်းပြီး ရှိသမျှ ယောကျာ်းတွေ ခေါ်ထုတ်လိုက်ပါတယ်။

ခေါ်ထုတ်လိုက်တဲ့ အမျိုးသား အင်အားဟာ ၁၀၀ ကျော်တယ်လို့ သိရပါတယ်။ အဲဒီလူတွေကို သပိတ် တာဝန်ခံတွေက လူတွေကို သတ်တဲ့အကြောင်း မေးတဲ့အခါမှာ ရပ်ကွက်ထဲက လူတွေက ဘာမှ ပတ်တိ ပတ်တိ ဖြေဆိုနိုင်ခြင်း မရှိဘဲ ဒီလူတွေရဲ့ အမူအရာဟာ ကြောင်တိကြောင်တောင် ဖြစ်နေတယ်လို့ သိရပါ တယ်။ အဲဒီလို မေးတဲ့အခါမှာ သူတို့က မဖြေနိုင်လေ သပိတ်အဖွဲ့ထဲက အချို့က စိတ်မရှည်လို့ အဲဒီသူတွေကို ဓားနဲ့ ခေါ်လည်းကောင်း၊ ချွန်ထက်တဲ့ အရာနဲ့ ခေါ်လည်းကောင်း ထိုးတဲ့ အခါမှာ သူတို့က နာကျင်တဲ့ဟန် မပေါ်ဘဲ မထုံတက်သေး ဖြစ်နေကြပါတယ်။ ဒါ့ကြောင့် သူတို့ကို ဆေးတစ်မျိုးမျိုး ထိုးထားလေသလားလို့ အားလုံးက သံသယ ရှိကြပါတယ်။

အဲဒီလို ဖြစ်နေတဲ့အခါမှာ သပိတ်အဖွဲ့တွေက စိတ်မထိန်းနိုင်တော့ဘဲ ချက်ချင်း စရင်းရှင်းဖို့ အတွက် သပိတ် အဖွဲ့ကို ၁၀ ယောက် ခွဲပြီး တာဝန်ပေးလိုက်ပါတယ်။ အဲဒီလို တာဝန်ပေးတယ် ဆိုတာက သူတို့ကို ရှင်းပစ်ဖို့ပါ။ အဲဒီသတင်းဟာ တစ်မြို့လုံး ပြန့်သွားတဲ့အတွက် အဲဒီလို လက်လွှတ်စပယ် သတ်တာတွေ တား နိုင်ဖို့ မင်းကိုနိုင်တို့၊ မိုးသီးဇွန်တို့ အဖွဲ့တွေကလည်း သွားပြီးတော့ ဖြေရှင်းပါတယ်။ မရပါဘူး။ ကျွန်တော်တို့ ဆရာကြီး သူရ ဦးတင်ဦးကိုလည်း တောင်ဥက္ကလာက အဖွဲ့တွေက လှမ်းအကြောင်းကြားလို့ အဖိုးကြီးနဲ့အတူ ကျွန်တော်တို့ လိုက်သွားကြပါသေးတယ်။

ကျွန်တော်တို့ အဖွဲ့ ကျောက်ကုန်း ဗိုးရာဇာလမ်း အတိုင်း တောင်ဥက္ကလာကို သွားခဲ့ပါတယ်။ ဒါပေမဲ့ မီးရထားလမ်း ကျော်တာနဲ့ ရပ်ကွက်အလိုက် လုံခြုံရေး အစီအစဉ်တွေ ရှိနေတော့ သူတို့ကို မနည်းပြောဆိုပြီး ကျော်ဖြတ်ခဲ့ရပါတယ်။ ကျွန်တော်တို့ ရောက်သွားတော့ အများကြီး နောက်ကျပြီး လက်လွန်ကုန်ပါပြီ။ ဒါပေမဲ့ ကျွန်တော်တို့ မရောက်ခင်မှာ တောင်ဥက္ကလာ "ငွေကြာရံ" ကျောင်းတိုက် ဆရာတော်က ရောက်လာပြီး လက် မလွန်သေးတဲ့ သူတွေကို ဆရာတော်က "အာယုဒါန"အဖြစ် အလှူခံပြီး သူ့ကျောင်းမှာ သက်န်းဆီးပေးပါတယ်။

## ငွေကြာရံ ဘုန်းကြီးကျောင်းမှာ

ကျွန်တော်တို့ ဦးတင်ဦးနဲ့ အဖွဲ့ ငွေကြာရံ ဆရာတော်ဆီ သွားပြီး အကျိုးအကြောင်း မေးမြန်း လျှောက်ထားတဲ့ အခါမှာ ဆရာတော်က ရှင်းပြပါတယ်။ ပြီးတော့ သူ သင်္ကန်းဆီးပေးထားတဲ့ ပုဂ္ဂိုလ်တွေနဲ့ တွေ့ရပါတယ်။ အဲဒီ သင်္ကန်းဆီးထားတဲ့ ပုဂ္ဂိုလ်တွေကို ကျွန်တော်တို့ အဖွဲ့က အာလာပသလ္လာပ ပြောဖို့ ကြိုးစားတဲ့အခါမှာ သူတို့ဘက်က ဘာမှ တုံ့ပြန်မှု မရှိဘဲ ကြောင်တောင်တောင်နဲ့ တုံ့ပြန်တာကိုပဲ တွေ့ရပါတယ်။ မှန်းဆလို့ရတာ က သူတို့ဟာ ဆေးထိုးခံရတာလား၊ ဆေးမိတာလား တစ်ခုခု ဖြစ်မယ်လို့ မှန်းဆရပါတယ်။

တောင်ဥက္ကလာ ငွေကြာရဲ့ ကျောင်းတိုက် ဆိုတာက ၂၀၀၇ ခုနှစ်၊ ရွှေဝါရောင် တော်လှန်ရေးမှာ ကျောင်းထိုင် ဆရာတော်က အစ ကျောင်းရှိ သံဃာအကုန် အဖမ်းခံရပြီး ကျောင်းကိုပါ ချိတ်ပိတ်ထားတဲ့အထိ အရေးယူခံရတဲ့ ကျောင်းတိုက်ပါ။ ဒီကျောင်းတိုက်ဟာ ဒီမိုကရေစီ အရေးတော်ပုံမှာ အရေးပါတဲ့ နေရာတစ်ခုက ပါဝင်ခဲ့တယ်လို့ ပြောနိုင်ပါတယ်။

## တပ်မတော် စစ်ကြောင်းများ

ရှစ်လေးလုံး အရေးတော်ပုံကြီး ဖြစ်နေတဲ့အချိန်မှာ ကျွန်တော်တို့ တပ်မှူးဟောင်းများ အနေနဲ့က တပ်ရင်း တပ်ဖွဲ့တွေနဲ့ အဆက်အသွယ် ပြတ်နေတာ ကြာပါပြီ။ ကျွန်တော်တို့ တပ်ထဲမှာ ရှိစဉ်က (၁၉၇၇ ခု) တပ်မ ဆိုလို့ ၇၇၊ ၈၈ နဲ့ ၉၉ ပဲ ရှိတာပါ။ ၁၉၈၈ ခုနှစ်လောက်မှာတော့ တပ်မ ၁၁ ကနေပြီး ၆၆ အထိ တိုးချဲ့ ဖွဲ့စည်းပြီးပါပြီ။

သိရသလောက် ရန်ကုန်မြို့ပေါ်မှာ တပ်မ လေးခုလောက် ခေါ်ထားပြီး တပ်တွေကို နေရာ အနှံ့ ချထားပါတယ်။ သူတို့ကို ပြောပြထားတာက ရန်ကုန်မြို့ တစ်မြို့လုံးကို ဗကပတွေက လှုံ့ဆော်လို့ တစ်မြို့လုံး မငြိမ်မသက် ဖြစ်နေကြောင်း၊ ဒါ့ကြောင့် အခြေအနေအရ တပ်တွေကို "အသင့်" အနေအထား နေစေပြီး ပတ်ဝန်းကျင် လူမှုအဖွဲ့အစည်းတွေနဲ့ လုံးဝ အဆက်အသွယ် မလုပ်ဖို့ မှာထားပါတယ်။ ဒါ့ကြောင့် တပ်မတော်သား အများစုဟာ အရာရှိတွေ အပါအဝင် ယုံကြည်ကြတာက ဆန္ဒပြမှုတွေဟာ လမ်းစဉ် ပါတီရဲ့ နှစ်ရှည်လများ ဖိနှိပ် အုပ်ချုပ်ခဲ့တာကို မကျေနပ်လို့ ပေါ်ပေါက်လာတဲ့ ဆန္ဒပြမှုတွေလို့ မမြင်ဘဲ ဗကပတွေ လှုံ့ဆော်လို့ ဖြစ်နေတာလို့ပဲ အများစုက လက်ခံနေကြပါတယ်။

## ကုန်သွယ်ရေးရုံး ဖြစ်စဉ်

ရက်စွဲတော့ မမှတ်မိတော့ပါဘူး။ တစ်မနက်မှာ ကျွန်တော်တို့ ဦးတင်ဦးအိမ်မှာ ရောက်နေတုန်း မြို့ထဲက တယ်လီဖုန်းဝင်လာပါတယ်။ ကမ်းနားလမ်းက ကုန်သွယ်ရေးရုံးကို လူအုပ်ကြီး ဝိုင်းဖနေတယ် ဆိုတဲ့အကြောင်း။ ကုန်သွယ်ရေး ရုံးပေါ်မှာတော့ တပ်မတော်က တပ်ခွဲတစ်ခု ရှိနေကြကြောင်း၊ လမ်းမပေါ်မှာ ချီတက် လမ်း လျှောက်ပြီး ဆန္ဒပြတဲ့ လူအုပ်ထဲကို ကုန်သွယ်ရေးရုံးပေါ်က အကြောင်းမဲ့ ပစ်ခတ်တဲ့အတွက် လူအုပ်ကြီးက မကျေနပ်လို့ ကုန်သွယ်ရေးရုံးကို လုပ်ကြံဖို့ ဝိုင်းဝန်းနေကြောင်း သတင်းရပါတယ်။

အဲဒီ သတင်းမျိုးကို ဦးအောင်ကြီး အဖွဲ့ကလည်း ရခဲ့လို့ ကုန်သွယ်ရေးရုံး သွားနေပြီဆိုတဲ့ အကြောင်းလည်း သိရပါတယ်။ ဒါ့ကြောင့် အဖိုးကြီးနဲ့အတူ ကုန်သွယ်ရေးရုံးကို သွားကြပါတယ်။ သွားတဲ့အခါ ကျွန်တော်ရဲ့ တိုယိုတာ ပစ်ကပ်လေးနဲ့ သွားတာပါ။ ကျွန်တော်က မောင်းပြီး အဖိုးကြီးက ရှေ့ခန်းမှာ ထိုင်ပါ တယ်။ အနောက်ခန်းမှာတော့ ဗိုလ်စိုးမြင့်၊ ဗိုလ်စိန်သောင်း၊ သန့်ဇင်မြိုင် စတဲ့ အရာရှိဟောင်း လေး-ငါးယောက် လောက် ပါပါတယ်။ ကုန်သွယ်ရေး ရုံးနားရောက်တော့ လူအုပ်က တော်တော် များနေပါပြီ။ ကုန်သွယ်ရေးရုံး တစ်ဝိုက် ပတ်ပတ်လည်မှာ လူအုပ်ကြီးက အပေါ်မှာရှိတဲ့ ရဲဘော်တွေကို လှမ်းပြီး ကြိမ်းမောင်းနေတာတွေ၊ အစိုးရကို အလိုမရှိဟု ကြွေးကြော်နေတာတွေ ကြားနေရပါတယ်။ လူအုပ်ကြီးက တော်တော် သွေးဆူနေပါပြီ။

အဖိုးကြီးက ကားပေါ်က ဆင်းပြီး လူအုပ်ကို ဖျောင်းဖျဖို့ ကြိုးစားပါတယ်။ မအောင်မြင်ပါဘူး။ အဲဒီမှာ အနီးနားမှာ ဒိုင်နာကားတစ်စီး ရှိပါတယ်။ ဘေးနားက လူတွေရဲ့ တောင်းဆိုချက်အရ အဖိုးကြီးကို ဒိုင်နာကား ခေါင်မိုးပေါ် တက်ပြီး လူထုကို စကားပြောစေပါတယ်။ ဒါပေမဲ့ လူအုပ်ကြီးက ဘယ်လိုမှ ဖျောင်းဖျလို့ မရဘဲ

ရန်လိုတဲ့ စကားတွေနဲ့ တုံ့ပြန်ပါတယ်။ ဒါတင်မကဘူး လူအုပ်ထဲက တစ်ချို့ဟာ သူတို့ ပါလာတဲ့ "ဂျင်ဂလိ" တွေနဲ့ ဒိုင်နာ ခေါင်မိုးပေါ် ရောက်နေတဲ့ အဖိုးကြီးကို ချိန်ရွယ်ပြီး ခြိမ်းခြောက်ပါတယ်။ ဒါ့ကြောင့် ဗိုလ် စိန်သောင်းတို့ ဗိုလ်စိုးမြင့်တို့က သူတို့ ခန္ဓာကိုယ်နဲ့ ကာကွယ်ပေးထားရပါတယ်။

ကျွန်တော့်ကားက လမ်းပေါ်မှာ ရပ်လို့မရတဲ့ အတွက်ကြောင့် အဲဒီလမ်းက လုံခြုံရေး ပုဂ္ဂိုလ်တွေ ပြော သလို ဆူးလေဘုရားလမ်းဘက်ကို မောင်းသွားရပါတယ်။ ဒါ့ကြောင့် ပါလာတဲ့ လူတချို့ကို ကျွန်တော် ကမ်းနားလမ်းက ပြန်ကွေ့လာမယ်ဆိုတဲ့ အကြောင်း ပြောထားခဲ့ပါတယ်။ ဆူးလေဘုရားလမ်း ရောက်တော့မှ ကွေ့ပြီး ကမ်းနားလမ်းအတိုင်း ဖြည်းဖြည်းချင်း မောင်းရပါတယ်။ ကမ်းနားလမ်းမှာလည်း လူအုပ်ကြီးက ပြည့် နေပါပြီ ကားကိုလည်း ဖြည်းဖြည်းချင်း လိုမ့်ပြီး မောင်းရပါတယ်။

ကံကြမ္မာက ဘယ်လို ဖန်လာသလဲ မပြောတတ်ပါဘူး ကျွန်တော့်ကား ကုန်သွယ်ရေးရုံးရှေ့ ရောက်တာ နဲ့ ရုံးပေါ်က ရဟန်း သုံး-လေးပါးနဲ့ တပ်မတော်သား သုံး-လေးယောက်လောက် ဆင်းလာပါတယ်။ ကိုယ်တော် တွေက သေနတ်ကြီးတွေ ထမ်းထားပြီး ကျည်ဆန် ခါးပတ်တွေ စလွယ်သိုင်းထားပါတယ်။ သူတို့လည်း ကျွန်တော့်ကားနဲ့ တည့်တည့်တိုးတဲ့အခါ သံဃာတစ်ပါးက ကျွန်တော့်ကားရှေ့ ဘောနက်ပေါ်ကို သူ့ ဂုက်ကြီး တောင် ဓားနဲ့ နှစ်ချက် သုံးချက် ရိုက်ပြီးတော့ "ဒကာကြီး ကျုပ်တို့ကို သရက်တောကျောင်း လိုက်ပို့" လို့ ပြော တာနဲ့ ကျွန်တော်ကလည်း "မှန်ပါ့ဘုရား" ပေါ့။

ထင်ရတာကတော့ ဘုန်းကြီးတွေနဲ့ အပေါ်က တပ်မတော်သားတွေနဲ့ အပြန်အလှန် အပေးအယူမှုပြီး အဖြေ ရသွားဟန်တူပါတယ်။ ရှေ့ခန်းမှာ ဘုန်းကြီးတစ်ပါး၊ နောက်ခန်းမှာက ဘုန်းကြီးများ အပါအဝင် ရဲဘော်တွေနဲ့ ရှစ်ယောက် ကိုးယောက်လောက် ခေါင်မိုးပေါ်မှာပဲ ငါးယောက် ခြောက်ယောက်လောက်၊ တကယ့်ကို over ဝိတ် ဖြစ်နေပါပြီ။ နောက်ပိုင်းမှာ နဝတက ထုတ်တဲ့ သတင်းစာ/စာအုပ်တွေမှာ ဘုန်းကြီးနဲ့ ရဲဘော်တွေ မဆုံမပြဲ တင်ပြီး ကျွန်တော်က ကားမောင်းနေတဲ့ပုံ ပါလာပါတယ်။

လူ ဘယ်လောက် များသလဲဆိုရင် ကားက အရှိန်တင်ပြီး မောင်းလို့ မရတော့ဘဲ ဝိတ်တွေ များနေလို့ ဦးမော့နေပါတယ်။ ကျွန်တော့်ကားကို အသုံးချတာ အဲဒီနေ့ နောက်ဆုံးပါပဲ။ ဘာ့ကြောင့်လဲ ဆိုတော့ လူ အများကြီး စီးတဲ့ အတွက်ကြောင့် ကားနောက်ပိုင်းက လေးတွေဟာ ပြားပြီး ကား အနေအထား ပျက်သွားလို့ အဲဒါတွေ ပြင်ဖို့ နောက်တစ်နေ့မှာ ဝပ်ရှော့ထိုးလိုက်ရပါတယ်။ ကားပေါ် ပါလာတဲ့ တပ်မတော်သားတွေနဲ့ ရဲဘော်တွေကိုတော့ သရက်တော ကျောင်းကို လိုက်ပို့လိုက်ရပါတယ်။

နဝတခေတ်မှာ စာအုပ်တွေ ထုတ်ပါတယ်။ အဲဒီစာအုပ်တွေထဲမှာ အထင်ရှားဆုံးက စာအုပ် အနီနဲ့ စာအုပ် အစိမ်းတို့ ဖြစ်ပါတယ်။ စာအုပ် အနီကတော့ ကိုသက်ခိုင်နဲ့ ကိုတင်အောင်တို့ ခေါင်းဆောင်တဲ့ ဗကပ ယူဂျီတွေ အကြောင်းပါ။ အဲဒီအထဲမှာတော့ သူတို့နှစ်ယောက်ရဲ့ စည်းရုံးမှုကြောင့် တစ်နွယ်ငင် တစ်စင် ပါလာတဲ့ ပုဂ္ဂိုလ်အတွေ အကြောင်းပါ။ ပါလာတဲ့ လူတွေထဲမှာ ဆရာဝန်တွေ၊ ဌာနဆိုင်ရာ ဝန်ထမ်းတွေအပြင် ရဲတပ်ဖွဲ့က အရာရှိတွေပါ ပါတဲ့အတွက် လူအများက စိတ်ဝင်တစား ရှိကြပါတယ်။ နဝတ ထောက်လှမ်းရေး တပ်ဖွဲ့ရဲ့ အောင်မြင်မှုလို့ ပြောရမှာပေါ့။

စာအုပ် အစိမ်းမှာတော့ လက်ဝဲနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ လက်ျာဘက် ယိမ်းတဲ့ အုပ်စုတွေက ရှစ် လေးလုံး အရေးတော်ပုံကြီးမှာ (သူတို့က အရေးတော်ပုံလို့ မသုံးပါ၊ အရေးအခင်းလို့ပဲ သုံးပါတယ်။) အစိုးရ ဆန့်ကျင် ဘက်လှုပ်ရှားမှုတွေ၊ သံရုံးတွေနဲ့ ဆက်သွယ်ပုံတွေ၊ ကျောင်းသား လှုပ်ရှားမှုတွေ အကြောင်း ရေး ထားတာပါ။

အဲဒီစာအုပ်တွေကို ကျွန်တော်တို့ ထောင်ထဲမှာ ရှိနေတုန်း ထောက်လှမ်းရေးက ပေးဖတ်လို့ သိရတာပါ။ ဒါ့ကြောင့် SGS မှာ အတွင်းရေးမှူးလုပ်တဲ့ ဆေးကျောင်းက ဗကပ ယူဂျီ ဒေါက်တာ ဇော်မင်းရဲ့ ညီအရင်း၊ သူတို့က ပြည်ပ ဗကပရဲ့ ညွှန်ကြားချက်အရ လုပ်နေခဲ့တာတွေ၊ စာအုပ် အစိမ်းမှာ ပါတဲ့ ရွှေနေ ဦးရဲထွန်း (ယခု ကွယ်လွန်)၊ ဘွဲ့ရ ကျောင်းသားများ အဖွဲ့ ကိုရန်ကျော်၊ ကျောင်းသား ခေါင်းဆောင်တွေ ဖြစ်တဲ့ မင်းကိုနိုင်၊ မိုးသီးဇွန်၊ မောင်မောင်ကျော်၊ ကိုကိုကြီး စတဲ့ ပုဂ္ဂိုလ်များ အကြောင်းတွေပါ ဖတ်ရပါတယ်။

ကျွန်တော်နဲ့ ပတ်သက်လို့ ထူးခြားချက် တစ်ခုကတော့ ကုန်သွယ်ရေး ရုံးထဲက ထွက်လာတဲ့သူတွေ ကျွန်တော့် ကားပေါ်မှာ ပါလာတဲ့ အကြောင်း ရေးဖွဲ့ပြီးပါပြီ။ စာအုပ် အစိမ်းထဲမှာ ကျွန်တော်က ကားမောင်းလို့၊ ကားခေါင်မိုးပေါ်နဲ့ ကားထဲမှာ ဘုန်းကြီးတွေနဲ့ ရဲဘော်တွေ မဆံ့မပြတင်ထားတဲ့ ဓာတ်ပုံက ထင်ထင်ရှားရှားကြီး ပါနေခဲ့ပါတယ်။

## အောင်-စု-တင်

ဩဂုတ်လကုန်လောက်က စပြီး စက်တင်ဘာအထိ သပိတ် လှုပ်ရှားမှုတွေ ပိုပို များလာတဲ့အပြင်၊ ခေါင်းဆောင် အဖြစ် ထင်ရှားလာတဲ့ ဦးနု၊ ဦးအောင်ကြီး၊ သူရ ဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ရဲ့ လှုပ်ရှားမှုတွေဟာ တဖြည်းဖြည်း စိပ်လာပါတယ်။ တစ်နေ့တော့ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် ဦးတင်ဦးအိမ်ကို ရောက်လာတော့မှ သူ့ကို ပထမဦးဆုံး မြင်ဖူးတာပါ။ ကျွန်တော် အံ့ဩသွားပါတယ်။ အဲဒီအချိန်မှာ သူ့အသက်ကို တွက်ကြည့်တော့ အသက်က ၄၃ နှစ် ရှိပါပြီ။ ဒါပေမဲ့ သူ့ကို အသက် ၃၀ ကျော်လေးပဲလို့ ထင်ရလောက်အောင် အရွယ်တင်ပါတယ်။

သပိတ်ခေါင်းဆောင်တွေ အချင်းချင်း တွေ့ပြီး ညှိနှိုင်းတဲ့ အကြိမ်တွေက ပိုပြီးတော့ များလာပါတယ်။ အထူးသဖြင့် ဦးအောင်ကြီး၊ ဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည့်တို့ရဲ့ တွေ့ဆုံမှုတွေပေါ့။ များသောအားဖြင့် အဲဒီ တွေ့ဆုံမှုတွေကို ဦးဝိစာရလမ်းက ဂါးဒီယန်း ဦးစိန်ဝင်း အိမ်မှာ လုပ်ကြပါတယ်။ လွတ်လွတ်လပ်လပ် လှုပ်ရှားတဲ့ သတင်း မီဒီယာတွေက အဲဒီလို တွေ့ဆုံတဲ့ အကြောင်းတွေ သိတဲ့အခါ သူတို့ တွေ့ဆုံမှုကို "အောင်-စု-တင်" လှုပ်ရှားမှုလို့ နာမည်ပေးကြပါတယ်။

တကယ်တော့ အဲဒီလူကြီး သုံးယောက် ဆုံပြီးတော့ ပြောကြဆိုကြတာဟာ လူထု အုံကြွမှုကြောင့် ပေါ်ပေါက်နေတဲ့ အခြေအနေတွေကို နိုင်ငံရေးအရ ဘယ်လို ထွက်ပေါက်ရှာရမလဲ ဆိုတာကို တွေ့ဆုံ ဆွေးနွေးပြီး အဖြေရှာဖို့ ကြိုးစားကြတာပါ။ အခြေအနေက သူတစ်လူ ငါတစ်မင်း ဖြစ်နေတဲ့အပြင် တပ်မတော်ထဲက အင်အားစု အချို့ကပါ ပါလာပြီ ဆိုတော့ လမ်းစဉ် ပါတီ အစိုးရရဲ့ ဖြစ်တည်မှုဟာ အဓိပ္ပာယ် မရှိတော့ပါဘူး။ နောက်ပိုင်း ဥပဒေဆိုတာ မရှိတော့ဘဲ လူအုပ်ရဲ့ စိုးမိုးမှု Mobocracy ပျံ့နှံ့လာပြီး ခေါင်းဖြတ်သတ်တဲ့ အဆင့်အထိ ရောက်လာပါတယ်။ တိုင်းပြည်ရဲ့ အနေအထားဟာ လုံးဝ ဖရိုဖရဲ ဖြစ်နေပါပြီ။

## လမ်းစဉ် ပါတီအတွင်း အခက်အခဲများ

ပြီးခဲ့တဲ့ ညီလာခံမှာ ဦးနေဝင်းက ဘယ်သူနဲ့မှ မတိုင်ပင်ဘဲ နုတ်ထွက်မယ်လို့ ကြေညာလိုက်တော့ ပါတီတွင်းမှာ ဂယက်ရိုက်တာကတော့ ပြောမဆုံးပေါင် တောသုံးထောင်ပါပဲ။ သူတစ်ယောက်တည်းတင်မကဘူး ထိပ်ပိုင်းက အခြား ပုဂ္ဂိုလ် လေးယောက်ပါ နုတ်ထွက်သွားတယ် ဆိုတော့ လမ်းစဉ် ပါတီရဲ့ အရေးပါတဲ့ ထိပ်ပိုင်း ပုဂ္ဂိုလ်များ မရှိတော့ဘူးဆိုတဲ့သ ဘောမျိုးပေါ့။ ဘာနဲ့တူသလဲလို့ နှိုင်းရမယ်ဆိုရင် အားကောင်းမောင်းသံ ဖြစ်နေတဲ့

မြွေဆိုးကြီး တစ်ကောင်ရဲ့ ထိပ်ပိုင်းကို ဓားထက်ထက်နဲ့ ဖြတ်ချလိုက်သလိုပေါ့။ မြွေတစ်ကောင်ဟာ ခေါင်းဖြတ်ခံရရင် ကိုယ်ထည် တစ်ခုလုံးဟာ ဆောက်တည်ရာမရ ဝရုန်းသုန်းကား ဖြစ်သွားစမြဲပါ။ လမ်းစဉ် ပါတီလည်း ဒီသဘောပဲပေါ့။

လမ်းစဉ် ပါတီရဲ့ ဥက္ကဋ္ဌသစ်အဖြစ် ဦးစိန်လွင်ကို မြှောက်တင်ပေးခဲ့ပါတယ်။ သူ သမ္မတ ဖြစ်လာတဲ့အခါကျတော့ ကြားကြားခြင်း ကျွန်တော် သတိရလိုက်တာကတော့ စံ-ဇာဂနီဘိုကိုပါပဲ။ ဦးစိန်လွင်ဟာ လွန်ခဲ့တဲ့ ၁၉၇၃-၇၄ ခုနှစ်လောက်မှာ မန္တလေး အခြေစိုက်တဲ့ နမခဆိုတဲ့ စစ်တိုင်းက တိုင်းမှူး တစ်ယောက်ပါ။ နယ်က လူကြီးတွေ အစည်းအဝေး ရှိလို့ ရန်ကုန်လာတိုင်း ယောက်လမ်းမှာ ရှိတဲ့ သူ့ဌေး ကိုတင်ရဲ့ အိမ်မှာ မနက်စာ (သို့မဟုတ်) နေ့လယ်စာ စားနေကျပါ။

အဲဒီလိုနဲ့ တစ်နေ့မှာ စံ-ဇာဂနီဘိုက ကိုတင်ရဲ့ အိမ်ကို ရောက်လာပါတယ်။ ကိုတင့် မိန်းမက ဇာဂနီဘိုရဲ့ အစ်မ တော်ပါတယ်။ ကိုတင့် ယောက်ဖပေါ့။ အိမ်မှာ လူစုံတုန်း ကိုတင်က စံ-ဇာဂနီဘိုကို ခေါ် လိုက်ပါတယ်။ ကိုတင်က သူ့ကို လူကြီးတွေနဲ့ မိတ်ဆက်ပေးပြီး လက္ခဏာ ဖတ်ခိုင်းပါတယ်။ စံ-ဇာဂနီဘိုကလည်း ဗေဒင်ဟောစားခါစမို့ အလွန် တက်ကြွနေတဲ့ အချိန်ပေါ့။ အဲဒီအထဲမှာ ဦးစိန်လွင်ကို သူ ဟောလိုက်တဲ့ပုံက "တစ်ချိန်မှာ သမ္မတ မုချဖြစ်ရမယ်" ပါတဲ့။ သူ့ဟောပုံကို ကြားလိုက်ရတော့ ရောက်နေတဲ့ လူတွေက ယုံရခက်ခက်နဲ့ ဟားတဲ့လူက ဟားပေါ့။

ဦးနေဝင်း နုတ်ထွက်တဲ့ ပါတီညီလာခံ အပြီးမှာ ဦးစိန်လွင် သမ္မတ ဖြစ်လာပါတယ်။ ဦးစိန်လွင်ဟာ သမ္မတအဖြစ် ၁၆ ရက်သာ နေရပြီး နုတ်ထွက်သွားပါတယ်။ ဒီတော့ စံဇာဂနီဘို ဟောတာ မှန်တာပေါ့။ ဒါပေမဲ့ သူ သမ္မတ ဘဝမှာ ခဏလေး နေရမယ်ဆိုတာတော့ မဟောခဲ့ပါဘူး။ ကုန်းဘောင်ခေတ်က "ဖောင်းကားစား မောင်မောင်" နန်းလုတော့ ခုနစ်ရက်ပဲ ခံပါတယ်။ ဦးစိန်လွင်က "ဖောင်းကားစား မောင်မောင်" ထက်တော့ သာသေးတယ်လို့ ပြောရမှာပါ။

ဦးစိန်လွင် သမ္မတ ဖြစ်လာတဲ့အချိန်မှာ တစ်နိုင်ငံလုံး အထူးသဖြင့် ရန်ကုန်မြို့မှာ ဆန္ဒပြပွဲတွေ နေ့ရာအနှံ့ ဖြစ်နေပါပြီ။ ရှစ်လေးလုံး အရေးတော်ပုံ စတင် ဖြစ်ပွားနေစပေါ့။ ဦးစိန်လွင်က ရန်ကုန်မြို့ကို စစ်နယ်မြေများ အဖြစ် ပိုင်းခြား သတ်မှတ်ခဲ့ပါတယ်။ ပုဒ်မ ၁၄၄ ထုတ်ပြန်ပြီး နယ်မြေ အသီးသီးအတွက် ဗိုလ်မှူးကြီး/ဗိုလ်မှူးချုပ်များကို ဒေသမှူးများအဖြစ် ခန့်အပ်ခဲ့ပါတယ်။ မှတ်မိသမျှဆိုရင် မြို့တော်ခန်းမ အပါအဝင် စစ်နယ်မြေ ဒေသကို နောက်ပိုင်းမှာ S1 လို့ နာမည်ကျော်ခဲ့တဲ့ ဗိုလ်မှူးကြီး ခင်ညွန့်ကို တာဝန်ပေးခဲ့ပါတယ်။

ဆန္ဒပြတဲ့ လူတွေကို သေနတ်နဲ့ ပစ်ခတ် နှိမ်နင်းတာဟာ အဲဒီ မြို့တော်ခန်းမတစ်ဝိုက်က အစပြုခဲ့တာပါ။ အဲဒီ ဒေသရဲ့ တာဝန်ခံ ပုဂ္ဂိုလ်ကတော့ နောင်မှာ S1 လို့ နာမည်ကြီးလာပြီး ဗိုလ်ချုပ်ကြီး အဆင့်နဲ့ ဝန်ကြီးချုပ်ရာထူးပါ ရခဲ့တဲ့ ဦးခင်ညွန့် ဖြစ်ပါတယ်။ သူ့ခမျာ "ကာလဝိပါက် နောက်ပိုးတက်" လို့ ဆိုရိုးစကား ရှိခဲ့သလို သူနဲ့ သူ့တပည့်များဟာ ထောင်ဒဏ် နှစ်ရှည်လများ ကျခဲ့ရုံတင်မက သူတို့ရဲ့ အဖွဲ့အစည်းဖြစ်တဲ့ အမျိုးသားထောက်လှမ်းရေး အဖွဲ့ NIB တစ်ခုလုံးပါ ဖျက်သိမ်းခြင်း ခံရပါတယ်။ အဲဒီလို ဖျက်သိမ်းဖို့ ဆုံးဖြတ်ချက်ချခဲ့သူကတော့ ဗိုလ်ချုပ်မှူးကြီးဟောင်း သန်းရွှေဖြစ်ပါတယ်။ သူက အမိန့်ပေးပြီး လက်တွေ့အကောင်အထည်ဖော်သူကတော့ ယခု ဒုတိယ သမ္မတ- ၁ ဖြစ်နေတဲ့ ဦးမြင့်ဆွေပါ။ သူက ထိုစဉ်က ရန်ကုန်တိုင်း စစ်တိုင်းမှူး ဖြစ်ပါတယ်။

## ထောက်လှမ်းရေး အဖွဲ့ရဲ့ သံသရာ

ဒီကဏ္ဍကတော့ ရှစ်လေးလုံး အရေးတော်ပုံကြီးကို တာစူတဲ့ အကြောင်းအရာကို ရေးရမှာ ဖြစ်ပေမဲ့ ကြုံကြိုက်တာက တစ်ကြောင်း၊ ရေးရင်းရေးရင်းနဲ့ မေ့သွားနိုင်တာက တစ်ကြောင်းနဲ့ စာဖတ်သူ ပရိသတ်များလည်း ဗဟုသုတ ဖြစ်စေနိုင်မယ့် အကြောင်းတွေကြောင့် ရေးပြရပါတော့မယ်။

၁၉၆၄ ခုနှစ်၊ နှစ်ကုန်လောက်မှာ ကျွန်တော်တို့ သနက ၅ တပ်ရင်း တစ်ရင်းလုံး အရှေ့မြောက် ဒေသ၊ ကွတ်ခိုင် မြို့နယ်ထဲက၊ မုန်းပေါ် ဆိုတဲ့ ရွာကြီးမှာ အခြေပြုပြီး စစ်ဆင်ရေးဝင်လာတဲ့ ကာလဖြစ်ပါတယ်။ နောက်တန်းက အဖွဲ့တစ်ခုဟာ လစဉ်လိုလို ဌာနချုပ်ကိုလာပြီး တပ်ရဲ့ ငွေစာရင်းကိစ္စနဲ့ အုပ်ချုပ်ရေး ကိစ္စများကို တပ်ရင်းမှူးကြီးနဲ့ ဆုံစည်း တင်ပြလေ့ရှိပါတယ်။ အဲဒီအဖွဲ့က ယူလာတဲ့ စာတွေထဲမှာ စာတစ်စောင်က စိတ်ဝင်စားဖွယ် ကောင်းပါတယ်။

စာက စစ်ရုံးက ဖြန့်တဲ့စာပါ။ အဲဒီစာထဲမှာ ဗိုလ်ကြီး ကျော်စွာမြင့် (ဓာတ်ပုံနှင့်တကွ) အသက်ကိုပါ ဖော်ပြပြီး အရပ်အမောင်း၊ ဆံပင်အရောင်၊ မျက်လုံးအရောင်တို့ကိုပါ ဖော်ပြထားပါတယ်။ အဲဒီ ဗိုလ်ကြီး ကျော်စွာမြင့် ဆိုသူဟာ ခွင့်မဲ့ ပျက်ကွက်/တပ်ပြေး ဖြစ်သွားပြီး နိုင်ငံတော် လုံခြုံရေးကိုပါ ထိပါးစေနိုင်တဲ့ အတွက် သူ့ကို တွေ့တဲ့နေရာမှာ ဖမ်းဆီးပြီး ရန်ကုန်ရှိ စစ်ရုံးကို ပို့ပေးဖို့ နိုးဆော်တဲ့စာပါ။ နိုင်ငံ တစ်နိုင်ငံလုံးမှာ ရှိတဲ့ တပ်အားလုံးကို ဖြန့်ဝေတာပါ။

အဲဒီစာက ကျွန်တော်တို့ တပ်ကို ရောက်လာတဲ့အခါမှာ အစပထမတော့ နားမလည်ပါဘူး။ ဘာ့ကြောင့် အဲဒီစာကို ဖြန့်ဝေတယ် ဆိုတာကိုပေါ့။ နောက်မှ မေးမြန်း စုံစမ်းကြည့်တဲ့အခါ သတင်းတွေ စုံလာတော့မှ "သြော်... ဒါကြောင့်ကိုး" လို့ မှတ်ချက်ချမိပါတော့တယ်။ ဖြစ်ပုံက ဒီလိုပါ...။

အဲဒီ ဗိုလ်ကြီး ကျော်စွာမြင့်ဆိုသူက ကက (လှမ်း) က အရာရှိပါ။ သူက အရပ်မြင့်မြင့်၊ ထောင်ထောင် မောင်းမောင်း လူချော တစ်ယောက် ဖြစ်ပါတယ်။ ခရစ်ယာန် ဘာသာဝင် တစ်ယောက် ဖြစ်ပြီး အင်္ဂလိပ်လူမျိုးနဲ့ ကရင်အမေတို့က ဆင်းသက်လာတာ ဖြစ်ပါတယ်။ တော်လှန်ရေးကောင်စီ အစိုးရက ဆိုရှယ်လစ် လမ်းစဉ်နဲ့ သွားမယ်လို့ ကြေညာတဲ့အခါ သူက သဘောမတူပါဘူး။ နောက်ပိုင်း စီးပွားရေး လုပ်ငန်းများနဲ့ ပညာရေး နယ်ပယ်က ပုဂ္ဂလိက ကျောင်းတွေ ပြည်သူပိုင် လုပ်တဲ့အခါ သူနဲ့ ပတ်သက်ရာ ပတ်သက်ကြောင်းတွေ ပါသွားလို့ သူ့ရဲ့မကျေနပ်မှုတွေ ကြီးမားလာပါတော့တယ်။

အဲဒီလို မကျေနပ်တာတွေနဲ့ ပတ်သက်လို့ သူ့ရဲ့ ပြင်ပ မိတ်ဆွေများနဲ့ စကားပြောရတိုင်း ဗိုလ်ချုပ်ကြီး နေဝင်းရဲ့ မူဝါဒတွေကို ရပ်တန်းက ရပ်သွားအောင် သူကို လုပ်ကြံမှုဖြစ်မယ်လို့ ပြောလာကြပါတော့တယ်။ ဗိုလ်ကြီး ကျော်စွာမြင့်ဟာ ထောက်လှမ်းရေးက အရာရှိ ဖြစ်တဲ့အတွက် ဦးနေဝင်းရဲ့ အနီးကပ် လုံခြုံရေးကို ဆောင်ရွက်နေရသူ ဖြစ်ပါတယ်။ ဒါပေမဲ့ ဗိုလ်ချုပ်ကြီး နေဝင်းဟာ ရဲဘော် သုံးကျိပ်ဘဝနဲ့ ဂျပန် နိုင်ငံမှာ စစ်ပညာ သင်တုန်းကတောင် ထောက်လှမ်းရေး ပညာတွေကို သီးသန့် ဂျပန်ဆရာတွေဆီက သင်ခဲ့တာပါ။

ဒါကြောင့်မို့လို့ တပ်မတော်ရဲ့ ဖွဲ့စည်းပုံအရ ရှိနေတဲ့ တပ်မတော် ထောက်လှမ်းရေး အဖွဲ့ကို သူ စိတ်ကြိုက် စီမံ ခန့်ခွဲထားခဲ့သူ ဖြစ်ပါတယ်။ ထိုစဉ်က ကက (လှမ်း) ညွှန်ကြားရေးမှူးဟာ ဗိုလ်မှူးကြီး မောင်လွင် (နှုတ်ခမ်းမွေး) ဖြစ်ပါတယ်။

တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်းဟာ လုံခြုံရေးအသိ အလွန် ကြီးမားသူ ဖြစ်တဲ့ အတွက်ကြောင့် ဗိုလ်ကြီး ကျော်စွာမြင့် အမှုအရာတွေ ပျက်နေတာကို (အတွေ့အကြုံအရ ပြောရရင် အဲဒီ

ဗိုလ်ကြီးရဲ့လှုပ်ရှားမှုတွေကို၊ Counter Intelligence နဲ့ လုပ်နေတာကို သတိပြုမိပါလိမ့်မယ်)။

ဗိုလ်ကြီး ကျော်စွာမြင့်ကလည်း သူတို့ လုပ်ရပ်တွေကို ဗိုလ်ချုပ်ကြီး နေဝင်း ရိပ်မိသွားပြီဆိုပြီး ရိပ်စားမိတဲ့ အတွက် တောခိုသွားပါတော့တယ်။ သူ တောခိုပြီဆိုတာနဲ့ သူ့အမျိုးတွေ၊ ပတ်သက်သမျှ ပုဂ္ဂိုလ်တွေကို ဖမ်းပါတော့တယ်။ ကက (လှမ်း) ညွှန်မှူး ဗိုလ်မှူးကြီး မောင်လွင်ကိုလည်း ဂျာမနီ နိုင်ငံ သံအမတ် အဖြစ်နဲ့ လည်းကောင်း၊ ကက (လှမ်း) က G-2 သုံးယောက်ကိုတော့ ပြင်ပ အစိုးရ ဌာနတွေကို ညွှန်ကြားရေးမှူးအဖြစ် သတ်မှတ်ပြီး နေရာရွှေ့လိုက်ပါတယ်။ ထောက်လှမ်းရေး အရာရှိ အားလုံးလိုလိုကိုလည်း တပ်ပြန်ပို့ခံရတဲ့လူနဲ့ အချို့ကျတော့ ပြင်ပ အစိုးရ ဌာနတွေကို ပြောင်းရွှေ့ပေးလိုက်ပါတယ်။ ထောင်ချခြင်းခံရသူကတော့ သုံး-လေးဦးလောက်ပဲ ရှိပါတယ်။ ကျွန်တော် မမှားဘူး ဆိုရင်ပေါ့။ အဲ့ဒါက ၁၉၆၄ ခုနှစ်မှာပါ။

## နောက်ဆုံးအနှစ် ၂၀ ကြာတဲ့အခါ

၁၉၈၄ ခုနှစ်ပေါ့။ ဗိုလ်ချုပ်ကြီး နေဝင်းဘဝက ဦးနေဝင်း အသွင်ပြောင်းပြီး လမ်းစဉ် ပါတီ အစိုးရ အုပ်ချုပ်နေတာ ၁၀ နှစ်လောက် ရှိပါပြီ။ နှုတ်ခမ်းမွေး မောင်လွင်ကြီး သံအမတ်ဖြစ်တော့ သူ့နေရာကို ညွှန်ကြားရေးမှူးအဖြစ် ဗိုလ်မှူးကြီး ချစ်ခင် (လေ) ကို တာဝန်ပေးပါတယ်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ လမ်းစဉ် ပါတီ အစိုးရ ဖွဲ့တဲ့အခါမှာ မျက်မှန် တင်ဦးကြီးက ညွှန်မှူး ဖြစ်လာပါတယ်။ သူ ညွှန်မှူး ဖြစ်လာတဲ့အချိန်မှာ လမ်းစဉ် ပါတီ လွှတ်တော်ရဲ့ အတည်ပြုချက်အရ ထောက်လှမ်းရေး အဖွဲ့အစည်း အားလုံးကို ကွပ်ကဲမယ့် အမျိုးသား ထောက်လှမ်းရေး အဖွဲ့ (National Intelligence Bureau- NIB) ဆိုတာ ပေါ်ပေါက်လာပါတယ်။ အဲဒီမှာ မျက်မှန်ကြီးက ထောက်လှမ်းရေး ညွှန်မှူးအပြင် ဌာန အားလုံး၊ MI / SB / CID စသည်တို့ကိုလည်း ကွပ်ကဲခွင့် ရှိလာပါတယ်။

ထောက်လှမ်းရေးရဲ့ ဩဇာပါဝါတွေ တဖြည်းဖြည်း လွှမ်းမိုးလာပြီး နေရာပေါင်းများစွာမှာ အာဏာပြခြင်း၊ အလွဲသုံးစား လုပ်ခြင်းများ ကျယ်ပြန့်လာပါတယ်။ မြို့နယ်အဖွဲ့ခွဲတွေမှာ တပ်ကြပ်ကြီးတို့၊ ဒုအရာခံဗိုလ်တို့က ကွပ်ကဲကြပါတယ်။ အဲဒီအဆင့်တွေက မြို့နယ်အသီးသီးမှာ တွင်ကျယ်ပြီး အာဏာပြတော့ အစိုးရ ဝန်ထမ်းများဖြစ်တဲ့ ထွေအုပ်တို့၊ စည်ပင်တို့ တာဝန်ခံတွေဟာ ထောက်လှမ်းရေး တပ်ကြပ်ကြီးတွေကို ပြန်ကြောက်နေရတဲ့ ဘဝအထိ ရောက်ခဲ့ပါတယ်။ အဲဒီလို ဖြစ်နေတာကို ဦးနေဝင်းက ကောင်းကောင်း သိပါတယ်။

အဲဒီအချိန်ကာလမှာပဲ သမ္မတ ဦးနေဝင်းရဲ့ အစိုးရ အဖွဲ့မှာ ဗိုလ်မှူးကြီး ချစ်ခင် (လေ) သံအမတ် ဖြစ်သွားတော့ ထောက်လှမ်းရေး ညွှန်မှူးအဖြစ် ဦးဘိုနီ၊ ဦးဘိုနီ ပြည်ထဲရေး ဝန်ကြီး ဖြစ်သွားတဲ့ အခါကျတော့ သူ့နေရာမှာ ဗိုလ်မှူးကြီး ကျော်ထွန်းက ညွှန်မှူး ဖြစ်လာပါတယ်။ မျက်မှန် တင်ဦးကြီးကလည်း ယခင်က NIB တစ်ခုပဲ တာဝန်ယူနေရာက နောက်ပိုင်းမှာ သမ္မတရဲ့ စစ်ဘက် လက်ထောက်အပြင် ပါတီမှာလည်း တွဲဘက် အထွေထွေ အတွင်းရေးမှူး ရာထူးအထိ မြင့်တက်လာခဲ့ပါတယ်။ သူ့ရဲ့ အာဏာ လွှမ်းမိုးမှုဟာ ဘယ်လောက်ထိ တွင်ကျယ်လာသလဲ ဆိုရင် နိုင်ငံခြား မီဒီယာတွေက One & half (တစ်ခွဲ) လို့တောင် နာမည်ပေးကြပါတယ်။ ဦးနေဝင်းက နံပါတ် ၁၊ ဦးစန်းယုက နံပါတ် ၂။ အများ အခေါ်အဝေါ်အရ ဆိုရင် သူဟာ ဦးစန်းယုထက်တောင် မြင့်နေတဲ့ သဘောပေါ့။

အဲဒီလို အာဏာတွေတင်မကဘဲ ဘယ်လောက်ထိ တွင်ကျယ်လာသလဲ ဆိုရင် မျက်မှန်ကြီးရဲ့ သားမင်္ဂလာဆောင်ဟာ အဲဒီခေတ် အဆင့်အတန်းနဲ့ ဆိုရင် အင်မတန် ကြီးကျယ် ခမ်းနားလွန်းလှပါတယ်။ ကိုယ်တိုင် မသိပေမဲ့ အများပြော စကားအရ သိရတာက လက်ထပ်ပြီးခါစ ဇနီးမောင်နှံဟာ ဟန်းနီးမွန်းကို ထိုင်း

နိုင်ငံမှာ သွားရောက်ပြီး အနားယူစေခဲ့ပါတယ်။ သူတို့ ဘန်ကောက်ကို ရောက်တဲ့အခါ အဲဒီ ရောက်နေတဲ့ မြန်မာ သံအမတ် ဦးစိုးမြင့် (OKM အမှုတုန်းက သတင်း တပ်ဖွဲ့မှူး) က ထိုဖနီးမောင်နံကို ကော်ဖောနီ ခင်းပြီး ကြိုတဲ့ သတင်းတောင် ဖြစ်ခဲ့ပါတယ်။

၁၉၈၃ ခုနှစ်၊ မေလမှာ ဖြစ်ပါတယ်။ နိုင်ငံပိုင် သတင်းစာတွေမှာ မျက်နှာဖုံးသတင်း တိုတိုလေး တစ်ခု ပါပါတယ်။ ဘာသတင်းလဲ ဆိုတော့ "စစ်ဘက်လက်ထောက် အရာရှိ ဗိုလ်မှူးချုပ် တင်ဦးနဲ့ ပြည်ထဲရေး ဝန်ကြီး ဦးဘိုနီတို့ကို အနားပေးလိုက်ခြင်း" ဆိုတဲ့ သတင်းပါ။ သတင်းက တိုတိုလေး ဖြစ်သော်လည်းပဲ တစ်နိုင်ငံလုံးက စိတ်ဝင်စားတဲ့ သတင်း ဖြစ်ပါတယ်။ အဲဒီ နှစ်ယောက်စလုံးဟာ ထောက်လှမ်းရေး ထိပ်ပိုင်းမှာ နေခဲ့ဖူးတဲ့ သူတွေ ဖြစ်ပါတယ်။ အဲဒီ အကျိုးဆက်အဖြစ် ထောက်လှမ်းရေး အဖွဲ့ဝင် အရာရှိ၊ အရာခံ အကြပ် တပ်သားတွေ အထိပါ ပတ်သက်သွားစေတဲ့ သတင်းပါ။

## ဝင့်လည်ခြင်း

မျက်မှန် တင်ဦးကြီးက ခြေလျင်တပ်မှာ မနေခဲ့ဖူးပါဘူး။ ထောက်လှမ်းရေးမှာပဲ အဆင့်ဆင့် ရာထူးတွေ တိုးခဲ့တာပါ။ ပြီးတော့ သူ ဗိုလ်ကြီးဘဝကလည်း ဂျပန်နိုင်ငံမှာ အမေရိကန် စစ်တပ် အခြေစိုက်စခန်းက အိုကီနာဝါ Okinawa မှာ ရှိပါတယ်။ အဲဒီမှာ ဖွင့်တဲ့ CIA သင်တန်းကို သူနဲ့ အခြား ဗိုလ်ကြီး တစ်ယောက် (ဦးလေးမောင်) တို့ သွားတက်ခဲ့ဖူးပါတယ်။ ဦးဘိုနီကတော့ ထောက်လှမ်းရေးမှာပဲ အခြား အဆင့်ကနေ အရာရှိ ဖြစ်၊ ကက (လှမ်း) မှာလည်း ညွှန်ကြားရေးမှူး ဖြစ်၊ အဲဒီကမှ ပြည်ထဲရေး ဝန်ကြီး ဖြစ်ခဲ့တာပါ။ ဆိုလိုတာက သူတို့ဟာ ထောက်လှမ်းရေးမှာ ရာထူး အဆင့်ဆင့် ကြီးလာတဲ့အထိ ဖြတ်သန်းခဲ့ရာမှာ လူပေါင်းများစွာကို ဖမ်းဆီးခဲ့ရပါတယ်။ လူပေါင်းများစွာကို တရားရုံးတင် အပြစ်ပေးခဲ့ရပါတယ်။

သူတို့ အလှည့်ကျတော့ မျက်မှန်ကြီးကို သူ့ခြံထဲမှာ တိရစ္ဆာန် မွေးမြူရေးခြံတွေကို တပ်မတော် ဘတ်ဂျက်နဲ့ ဆောက်တဲ့အတွက် ထောင်ဒဏ် အနှစ် ၂၀၊ ဦးဘိုနီကျတော့ ဝန်ကြီးအဆင့်နဲ့ ဗီလစ်ပိုင်မှာ အစည်းအဝေး သွားတက်တဲ့အခါ အပြန်မှာ Casio တံဆိပ်နဲ့ Electric Organ တစ်ခုကို ဝယ်လာတဲ့ အတွက် အရေးယူခံရတာပါ။ အဲဒီ Organ ရဲ့ဈေးက ဒေါ်လာ ၂၀၀၀ လို့ သိရပါတယ်။ ဝန်ကြီး အနေနဲ့ ပြည်ပ ခရီး သွားဖို့ အဲဒီပိုက်ဆံနဲ့ ကျော်လွန်ပြီး သုံးစွဲခဲ့တဲ့ သဘောပေါ့။ နှစ်ယောက်လုံးကို ထောင်ဒဏ် အနှစ် ၂၀ စီ ချလိုက်တယ်လို့ ထင်ပါတယ်။

သူတို့ နှစ်ဦးလုံးဟာ "ကာလဝိပါက် နောက်ပိုးတက်" ဆိုတာလို သူတို့ လုပ်ခဲ့တဲ့ အကုသိုလ်ရဲ့ အာနိသင်ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရတာပါ။ ဒီမှာ ကြုံလို့ လားရှိုးမှာ နေခဲ့တဲ့ တရုတ်ကြီး တစ်ယောက် (အခုတော့ ဆုံးသွားပါပြီ)။ သူ့ရဲ့ သားသမီးတွေကို ဆုံးမတဲ့ စကားတစ်ခု သွားသတိရပါတယ်။ ဘာလဲဆိုတော့ "မင်းတို့ ဗမာပြည်မှာ မကောင်းတာ မလုပ်ကြပါနဲ့၊ ကောင်းတာပဲ လုပ်ကြပါ။ မကောင်းတာ လုပ်ရင် ဗမာဘုရား တန်ခိုးကြီးတယ်၊ နောက်ဘဝ မစောင့်ဘူး" ပါတဲ့။

မျက်မှန်ကြီးနဲ့ ဦးဘိုနီတို့ အနားယူသွားပြီ ဆိုတဲ့နောက်မှာ ထောက်လှမ်းရေးက အရာရှိတွေကို ဖြည်းဖြည်းခြင်း နုတ်ထွက်ခိုင်းတာတွေ ရှိလာပါပြီ။ ၁၉၈၃ ခုနှစ်၊ အောက်တိုဘာလ ထင်ပါရဲ့၊ အာဇာနည်ကုန်းမှာ တောင်ကိုးရီးယား သမ္မတနဲ့အတူ လိုက်လာတဲ့ ဝန်ကြီးများအဖွဲ့ ရှိခိုက်မှာ မြောက်ကိုးရီးယား ထောက်လှမ်းရေး အဖွဲ့ ထောင်ထားတဲ့ ဗုံး ကွဲခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး ထောက်လှမ်းရေး အဖွဲ့ဝင်တွေကို မြန်မြန်ဆန်ဆန် အရေးယူတာ လုပ်ခဲ့ပါတော့တယ်။

မျက်မှန်ကြီး ဦးဆောင်တဲ့ NIB အဖွဲ့တွေကို စိစစ် အရေးယူဖို့ ပါတီအနေနဲ့ အဖွဲ့တစ်ခုကို ဦးနေဝင်းက ဖွဲ့ပေးလိုက်ပါတယ်။ ပါတီ CEC တွေချည်းပဲ ပါတဲ့ အဖွဲ့ပါ။ ပါဝင်သူတွေကတော့ ဝန်ကြီးချုပ် ဦးမောင်မောင်ခ၊ ဒုတိယ ဝန်ကြီးချုပ် သူရ ဦးထွန်းတင်နဲ့ ဒုတိယ ဝန်ကြီးချုပ် ကာကွယ်ရေး ဝန်ကြီး ဗိုလ်ချုပ်ကြီး ကျော်ထင်တို့ ဖြစ်ပြီး အဖွဲ့ခေါင်းဆောင်ကို ဗိုလ်ချုပ်ကြီး ကျော်ထင်ကို တာဝန်ပေးလိုက်ပါတယ်။

အဖွဲ့က တာဝန်ယူ ဆောင်ရွက်ရတယ် ဆိုပေမဲ့ တကယ်တော့ ဆုံးဖြတ်ချက် အားလုံးရဲ့ ၉၀% ကျော် ကျော်လောက်က ဗိုလ်ချုပ်ကြီး ကျော်ထင်ရဲ့ သဘောတစ်ခုတည်းနဲ့ လုပ်သွားခဲ့တာပါ။ အစပိုင်းမှာ အထက်က ရေးခဲ့သလို ဖြည်းဖြည်းချင်း အရေးယူခဲ့ပေမဲ့ တောင်ကိုးရီးယား သမ္မတ ချွန်ဒူးဝှမ် ခရီးစဉ် ဗုံးဖောက်ခွဲမှု ဖြစ်လာတဲ့အခါ အရေးယူမှုတွေက စိပ်လာပါတယ်။ အချုပ်အားဖြင့် ရေးရရင် NIB / ထောက်လှမ်းရေး အရာရှိ ၉၅% လောက်ကို ရာထူး အသီးသီးက နုတ်ထွက်စေခဲ့ပါတယ်။ အရေးပါတဲ့ ထောက်လှမ်းရေး တပ်ဖွဲ့က အရာ ၁ဗိုလ်၊ တပ်ကြပ်ကြီး၊ တပ်ကြပ် တချို့ကိုလည်း နုတ်ထွက်စေခဲ့ပါတယ်။

## ရွှေးသိပ်ပုံက

ထူးခြားတာက နုတ်ထွက်ခဲ့ရတဲ့ အရာရှိတိုင်းကို နေစရာ တိုက်ခန်း တစ်ခန်းနဲ့ မာဇဒါ ဘီ- ၆၀၀ ကား တစ်စီးစီ ဝယ်ခွင့် ပြုခဲ့ပါတယ်။ မလိုလို့ ထုတ်ပစ်သော်လည်း သူတို့ရဲ့ စားဝတ်နေရေး အတွက် စဉ်းစားပြီး လုပ်ပေးခဲ့တာပါ။ အဲဒီခေတ်က မာဇဒါ ဘီ-၆၀၀ ကားတစီး ပိုင်တယ်ဆိုရင် မိသားစု စားဝတ်နေရေး ဖူလုံအောင် ဝင်ငွေရှာနိုင်တဲ့ ကားကလေးပါ။

ဒီကိစ္စကြီး တစ်ခုလုံးဟာ ၁၉၈၄ ခုနှစ်မှာ ဖြစ်ခဲ့တာပါ။ ကျော်စွာမြင့် ကိစ္စ ပေါ်ပေါက်ပြီး နောက် အနှစ် ၂၀ အကြာမှာ ဖြစ်ခဲ့တာပါ။

## နောက်ထပ် အနှစ် ၂၀ မှာ ဖြစ်လာပြန်ပါပြီ

၁၉၈၃-၈၄ ခုနှစ်၊ ချွန်ဒူးဝှမ် ဗုံးကွဲတဲ့ ကိစ္စနဲ့ တစ်ဆက်တည်း ထောက်လှမ်းရေး တစ်ဖွဲ့လုံးကို အသစ်တဖန် ပြန်လည် တည်ဆောက်ခဲ့ရာမှာ အဲဒီတုန်းက ဗိုလ်မှူးကြီး ခင်ညွန့်ဟာ ထောက်လှမ်းရေးမှူး ညွှန်ကြားရေးမှူး ဖြစ်လာခဲ့ပါတယ်။ သူ ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဖြစ်ပြီး ၁၉၈၈ ခုနှစ်၊ ရှစ်လေးလုံး အရေးတော်ပုံမှာ တက်လာတဲ့ "နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေး အဖွဲ့ (နဝတ)" မှာ အတွင်းရေးမှူး ၁ ဖြစ်လာခဲ့ပါတယ်။ သူကလည်းပဲ ဗိုလ်မှူးကြီး ဘဝကနေ ရာထူးတွေ တက်လာလိုက်တာ နောက်ဆုံး ထွက်တဲ့ အချိန်အထိ ဗိုလ်ချုပ်ကြီး/ဝန်ကြီးချုပ်အထိ ဖြစ်လာခဲ့ပါတယ်။

ကျွန်တော်က ၁၉၉၇ ခုနှစ်မှာ အင်းစိန်ထောင်ကနေ မြင်းခြံထောင်ကို ရောက်ခဲ့ပါတယ်။ တိုက်ခန်း ၅၀ ရှိတဲ့ တိုက်ထဲမှာ နေခဲ့ရပါတယ်။ ၁၉၉၉-၂၀၀၀ ခုနှစ်များမှာ ကမ္ဘာ့ ကြက်ခြေနီ အဖွဲ့ ICRC တွေ ထောင်တွေကို လှည့်ပတ် ကြည့်ရှုလို့ရတဲ့ အချိန်က စပြီးတော့ နေရထိုင်ရတာ ချောင်လည်လာပြီး စာအုပ်စာတမ်းတွေလည်း ဖတ်ခွင့်ရလာခဲ့ပါတယ်။ အပြင်က သတင်းတွေကိုလည်း မပြတ်ရနေခဲ့ပါတယ်။ နိုင်ငံရေး အနေအထားတွေကို လည်း ဘဝတူ နိုင်ငံရေး အကျဉ်းသားများနဲ့ တွေ့ဆုံ ဆွေးနွေး တိုင်ပင်ခွင့် ရခဲ့ပါတယ်။

၂၀၀၃ ခုနှစ်လောက်မှာ (ဒီပဲယင်း အရေးအခင်း အပြီး) ထောက်လှမ်းရေးက ပုဂ္ဂိုလ်များရဲ့ အနေအထားတွေ မကြာခဏ သုံးသပ် ကြည့်ခဲ့ဖူးပါတယ်။ အထူးသဖြင့် ၁၉၆၄ ခုနှစ်က ဗိုလ်ကြီး ကျော်စွာမြင့် အရေးအခင်း ကြောင့် ထောက်လှမ်းရေး တစ်ဖွဲ့လုံး နီးပါး ဖယ်ရှားခံရပြီး အသစ်တဖန် ပြန်ဖွဲ့ခဲ့ရပုံ၊ အဲဒီနောက် ၁၉၈၄

ခုနှစ်မှာလည်း တောင်ကိုးရိုးယား သမ္မတ ချွန်ဒူဝှမ် ဖုံးခွဲမှုနဲ့ ဆက်စပ်ပြီး ထောက်လှမ်းရေး တစ်ဖွဲ့လုံး နီးပါး ထွက်ခဲ့ကြရပြီး ဗိုလ်မှူးကြီး ခင်ညွန့် ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဖြစ်ချိန်က စပြီး ထောက်လှမ်းရေး တစ်ခုလုံး ပြန်လည် ဖွဲ့စည်းရပုံတွေကို စဉ်းစား ဆင်ခြင် တွေးတောနေမိပါတယ်။

## အစုလိုက် အပြုံလိုက် လူဖမ်းပွဲကြီး

အခု ကျွန်တော် ရေးပြမယ့် အကြောင်းအရာတွေကတော့ မြင်းခြံထောင်၊ မန္တလေးထောင်နဲ့ ကသာထောင်တွေမှာ ကျွန်တော်နဲ့ တွေ့ခဲ့ရတဲ့ ထောက်လှမ်းရေးက ထောင်ကျခဲ့တဲ့ ပုဂ္ဂိုလ်တွေထံက ကြားသိရတဲ့ အကြောင်းတွေပါ။ ဖြစ်တာက ဗိုလ်ချုပ်ကြီး ခင်ညွန့် စင်ကာပူ နိုင်ငံကအပြန် အထက်အညာ ခရီးတစ်ခု သွားနေခိုက်မှာ ဖြစ်တာပါ။ ကျွန်တော်တို့ သတင်းစာ ဖတ်ရတော့ ဗိုလ်ချုပ်ကြီး ခင်ညွန့် မန္တလေးကို ရောက်တဲ့အခါမှာ နိုင်ငံကျော် ရုပ်ရှင် မင်းသမီး/အဆိုတော် ဒေါ်မေရှင်ကို သွားရောက် ဂါရဝပြု နှုတ်ဆက်တဲ့ သတင်းဓာတ်ပုံတွေကို သတင်းစာတွေထဲမှာ တွေ့ရပါတယ်။ အဲဒီနေ့ဟာ သူ ဝန်ကြီးချုပ် ဘဝ/အမျိုးသား ထောက်လှမ်းရေး အဖွဲ့ချုပ် NIP ရဲ့ အကြီးအကဲအဖြစ် နောက်ဆုံး လှုပ်ရှားခွင့်ရတဲ့ နေ့ပါ။ အဲဒီနေ့ နောက်ပိုင်းမှာတော့ သူ့ရဲ့ အရိုက်အရာ အားလုံး ရုပ်သိမ်းခံရပြီး အကျယ်ချုပ်ဘဝနဲ့ နေခဲ့ရတာပါ။

ထောက်လှမ်းရေး အဖွဲ့ကို ဖျက်သိမ်းပြီး ရှိနေတဲ့ အရာရှိ အားလုံးနီးပါးကို အရေးယူဖို့ တာဝန် နှင်းအပ်ခြင်း ခံရသူကတော့ ယခု ဒုတိယ သမ္မတ ၁ ဖြစ်နေတဲ့ ဗိုလ်ချုပ်ကြီး မြင့်ဆွေ ဖြစ်ပါတယ်။ ဒီတာဝန်ကို တကယ် လက်တွေ့ ဆောင်ရွက်တဲ့နေ့ မတိုင်ခင် ဘယ်နရက်များ ကြိုတင် တာဝန်ပေးခံရသလဲ ဆိုတာ မမှန်းဆနိုင်ပါဘူး။ ပါဝင်တဲ့ တပ်ဖွဲ့ဝင်တွေကို အခြေအနေများကို ကြိုတင် ရှင်းပြပြီး ဆက်လက် ဆောင်ရွက်ပုံတွေဟာ အထစ်အငေါ့ မရှိ ချောချောမောမော ပြီးမြောက်ခဲ့တာပါ။

ထောက်လှမ်းရေး ဌာနချုပ်က ကုန်းမြင့်သာမှာ ရှိပါတယ်။ ယခင် လမ်းစဉ် ပါတီခေတ်က လမ်းစဉ် ပါတီ ဌာနချုပ် လုပ်မယ်လို့ ရည်မှန်းပြီး အကျအန ဆောက်ထားတဲ့ အဆောက်အဦမှာပါ။ တပ်ထုံးစံ အရ မနက် ရုစ်နာရီမှာ အားလုံးလိုလို ရုံးကို ရောက်နေကြပါပြီ။ မနက် ကိုးနာရီလောက်မှာ ရန်ကုန်တိုင်းက တပ်ဖွဲ့ တစ်ခုဟာ ယာဉ်တန်း တစ်ခုအနေနဲ့ ဝင်ရောက်လာပြီး ထောက်လှမ်းရေး ဌာနချုပ်ကို ဝိုင်းထားလိုက်ပါတယ်။ အဲဒီ ယာဉ်တန်းနဲ့အတူ ရန်ကုန်မြို့ တစ်ဝိုက်က တပ်ဌာန အသီးသီးကို သွားပြီး လိုအပ်သလို ဆောင်ရွက်ရမယ့် မော်တော်ယာဉ်တွေလည်း ပါလာပါတယ်။ အဲဒီ ယာဉ်တွေပေါ်မှာတော့ ယာဉ်မောင်းနဲ့ အရာရှိ တစ်ဦး (သို့ မဟုတ်) နှစ်ဦး ပါလာပါတယ်။

ထောက်လှမ်းရေး ဌာနချုပ်ကို ဝိုင်းပြီးပြီဆိုတာနဲ့ တာဝန် အသီးသီး ယူထားကြတဲ့ ဗိုလ်မှူး/ ဒုဗိုလ်မှူးကြီး သုံး-လေး-ငါးယောက်လောက် ဆင်းလာပါတယ်။ သူတို့က ဧည့်သည် ဧည့်ခံတဲ့နေရာ ရောက်တဲ့အခါ အဲဒီမှာ တာဝန်ကျတဲ့ ပုဂ္ဂိုလ်တွေကို မိမိတို့ အလိုရှိတဲ့ အရာရှိ နာမည်တွေ ခေါ်ပြီး အဲဒီ အရာရှိတွေ ဆင်းလာတဲ့ အခါမှာ သူ့အတွက် သတ်မှတ်ထားတဲ့ မော်တော်ယာဉ်နဲ့ အရာရှိတစ်ဦး လိုက်လာပြီး မူလ စီစဉ် သတ်မှတ်ထားတဲ့ တပ်တစ်ခုရဲ့ အချုပ်ခန်းကို သွားပို့စေပါတယ်။ ဒီလိုနည်းနဲ့ ဗိုလ်မှူးချုပ်တွေ၊ ဗိုလ်မှူးကြီးတွေ၊ ဒုဗိုလ်မှူးကြီးတွေ တစ်ယောက်ပြီး တစ်ယောက် ခေါ်ထုတ်ပြီး မူလ စီစဉ်ထားတဲ့ ယာဉ်တွေနဲ့ ရန်ကုန် တိုင်း အတွင်းက တပ်တွေရဲ့ အချုပ်ခန်းတွေကို ပို့ပေးရပါတယ်။

စီစဉ်ထားပုံက စနစ်ကျပါတယ်။ တပ်တစ်တပ်ကို အချုပ်သား တစ်ဦးစီပဲ ပို့စေပါတယ်။ အဲဒီ အရာရှိကို ခေါ်ထုတ်ရာမှာ လိုအပ်ရင် မူလက ကြိုတင် စီမံထားတဲ့ အတိုင်း သက်ဆိုင်ရာ အရာရှိရဲ့ ရုံးခန်းကို သွားပြီး

စာရွက်စာတမ်းတွေ သိမ်း၊ လက်နက်တွေ သိမ်းတာတွေ လုပ်ပါတယ်။ တပ်က အချုပ်ခန်းတွေကို ပို့တဲ့အခါမှာလည်း အပို့ခံရတဲ့ အရာရှိကို သက်ဆိုင်ရာ တပ်က ဆက်ဆံပုံက တစ်နေရာနဲ့ တစ်နေရာ မတူပါဘူး။ တစ်ချို့တပ်တွေကျတော့ ရောက်ရှိလာတဲ့ အရာရှိကို ခေါင်းတုံးနီးပါး ဆံပင် ရိတ်ပေးပြီး လက်ထိပ်ခတ်၊ ခြေချင်းခတ်ပြီး အချုပ်ခန်းထဲ ထည့်ပါတယ်။ တချို့တပ်တွေကျတော့ ရောက်လာတဲ့ ပုဂ္ဂိုလ်တွေကို အရာရှိနဲ့ ထိုက်တန်တဲ့ ဆက်ဆံမှုမျိုးနဲ့ ကြိုဆိုခဲ့ပါတယ်။

အဲဒီလို ဖမ်းဆီးရာမှာ မပါခဲ့တဲ့ ပုဂ္ဂိုလ် အနည်းအကျဉ်း ရှိပါတယ်။ သူတို့ကတော့ ဗိုလ်မှူးချုပ် ကျော်ဝင်း၊ ဗိုလ်မှူးချုပ် ကျော်သိန်းနဲ့ ဗိုလ်မှူးကြီး လှအောင်တို့ပါ။ ဗိုလ်မှူးချုပ် ကျော်ဝင်းကတော့ ဒုတိယ ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဖြစ်ပြီးတော့၊ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကြီး ခင်ညွန့် အောက်မှာ တိုက်ရိုက်လုပ်နေရသူပါ။ တကယ်တော့ သူဟာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တပ်ရင်းမှူး ဘဝကနေ တပ်မမှူး၊ တိုင်းမှူး၊ ဒုချုပ်ဘဝအထိ တောက်လျှောက် ပါလာတဲ့ အရာရှိ တစ်ဦးပါ။

ဗိုလ်မှူးချုပ် ကျော်သိန်းကတော့ ဘယ်သူက ဘေးမဲ့ပေးထားလဲ မသိဘူး အဖမ်းမခံရပါဘူး။ နောက်တစ်ယောက်ကတော့ ဗိုလ်မှူးကြီး လှအောင်ပါ။ သူကတော့ ဗိုလ်ချုပ်ကြီး မြင့်ဆွေနဲ့ အပတ်စဉ် အတူတူ ကျောင်းဆင်းခဲ့သူ ဖြစ်ပါတယ်။ သူတို့က အဖမ်းမခံရသော်လည်းပဲ တပ်ကတော့ ထွက်လိုက်ရပါတယ်။

## နဖူးတွေ့ ဒူးတွေ့ လောကဓံ

သူတို့ကို ဖမ်းထားပြီး ရန်ကုန်တိုင်း အတွင်းက တပ်အသီးသီးက အချုပ်ခန်း အတွင်းမှာ ခွဲချုပ်ထားတဲ့ အခါ သူတို့ရဲ့ ထွက်ဆိုချက်တွေကိုလည်း စုစည်းရပါတယ်။ ထွက်ဆိုချက်တွေကို သတင်း တပ်ဖွဲ့က အရာရှိများက ဆောင်ရွက်ခဲ့ရပါတယ်။ တစ်ချိန်တုန်းကဆိုရင် သတင်း တပ်ဖွဲ့ အရာရှိ အများစုဟာ တပ်မတော် ထောက်လှမ်းရေး အရာရှိတွေကို မော်တောင် ကြည့်ရဲကြတာ မဟုတ်ပါဘူး။ သူတို့ရဲ့ ထွက်ဆိုချက် အသီးသီးကို ရတဲ့ အခါမှာ ရှေ့နေချုပ်ရုံးကို ပို့ပြီး ဘာပုဒ်မနဲ့ တရားစွဲရမယ် ဆိုတာ ညှိနှိုင်း ရှာဖွေရပါတယ်။ ရှေ့နေချုပ်ရုံးရဲ့ မှတ်ချက် ရမှ သူတို့ကို တရားစွဲဆိုရတာပါ။

ဒါကြောင့်မို့လို့ ဒီဖြစ်စဉ်တွေဟာ အချိန်ယူရပါတယ်။ ကြာပါတယ်။ ဘယ်လောက်ထိ ကြာသလဲ ဆိုရင် ရှစ်လလောက်တောင် ကြာသွားပါတယ်။ ဒီကြားထဲမှာ မိသားစုနဲ့ အဆက်အသွယ်လည်း လုပ်လို့ မရ။ တချို့တပ်တွေကတော့ လူလူသူသူ ကျွေးပေမဲ့၊ တချို့တပ်တွေကျတော့ သာမန် ရာရှင် (ရိက္ခာ) နဲ့ပဲ ကျွေးတော့ အာဟာရဓာတ် ချို့တဲ့ကုန်ကြတာပေါ့။ အဖမ်းခံရတဲ့ အရာရှိ အများစုဟာ အသက် ၄၀ ကျော်ကုန်ကြပြီ ဆိုတော့ သူတို့ရဲ့ ကျန်းမာရေးဟာ ဒေါင်ဒေါင်မြည် မဖြစ်နိုင်တော့ပါဘူး။ ဆေးကုသမှုတွေလည်း ကောင်းကောင်း လုပ်မပေးနိုင်ပါဘူး။

ထောက်လှမ်းရေး အရာရှိ အများစုဟာ အဖမ်းမခံရခင်တုန်းက အဆင့်အတန်း မြင့်မြင့် နေထိုင် စားသောက်ခဲ့ကြသူတွေပါ။ ဒီဘဝကနေ ရုတ်တရက် အချုပ်အနှောင် ခံရတယ်၊ အစားအသောက်တွေကလည်း အညံ့ကြီး မဟုတ်ပေမဲ့ ကောင်းလှတယ်လို့ မဟုတ်ပါဘူး။ ကျွန်တော် အထက်မှာတုန်းက ရေးပြခဲ့ဖူးသလို သူတို့ ဘဝတွေဟာလည်း လုံးဝ မျှော်မှန်းမထားတဲ့ အခြေအနေ ဖြစ်တဲ့အတွက် သူတို့အတွက်လည်း "နွေလယ်ခေါင် မိုးကြိုးပစ်ခံရတာပါပဲ"။

## ရုံးတင်ပြီ

ထောက်လှမ်းရေးက အရာရှိတွေကို ရုံးတင်တဲ့အခါမှာ ခေါင်းသူကြီး ဦးခင်ညွန့်က စပြီးတော့ တစ်သုတ်ပြီး တစ်သုတ်ပါပဲ။ မြန်မာနိုင်ငံရဲ့ တရားစီရင်ရေး ထုံးတမ်း အစဉ်အလာအရ ရုံးမတင်ခင် ကတည်းက ဘယ်သူ့ကို ဘယ်နနှစ် ထောင်ချရမယ်ဆိုတာ သတ်မှတ်ပြီးသားပါ။ ဒါကြောင့် ဦးခင်ညွန့်က ထောင်ဒဏ် ၄၄ နှစ်၊ အချို့သော ဗိုလ်မှူးချုပ် ဗိုလ်မှူးကြီးများက တချို့ နှစ်ပေါင်း လေးငါးဆယ်၊ တချို့လည်း နှစ် ၁၀၀ ကျော် ရက်ရက်စက်စက် ထောင်ဒဏ်တွေ ကျခံနေရတာပါ။ ဘယ်လို စိတ်ထားနဲ့ ဘယ်လို အငြိုးနဲ့များ ဒီလို လုပ်ရက်ကြသလဲ ဆိုတာ မစဉ်းစားတတ်တော့ပါဘူး။

ကျွန်တော့် ကိုယ်ပိုင် အယူအဆနဲ့ ပြောရမယ်ဆိုရင် လူတွေကို အခုလို နှစ်ရှည်လများ ထောင်ချတာဟာ တရားဥပဒေကို ပျက်ရယ်ပြုတယ်လို့ ယူဆပါတယ်။ အခု စာရေးနေတဲ့ အချိန်အထိ တရားဥပဒေ မဏ္ဍိုင်ဟာ စိတ်ကျေနပ်ဖွယ် မရှိသေးပါဘူး။ တရားစီရင်ရေးတွေ ဖရိုဖရဲ ဖြစ်နေတာ တရားရေး ဌာနက ပုဂ္ဂိုလ်တွေ အကတိ တရားတွေ များနေတာတွေဟာ အဲဒီခေတ်က အရမ်းကာရော လုပ်ခဲ့တဲ့ အလေ့အထတွေကြောင့် ဖြစ်ပါတယ်။ တကယ်တော့ ကျွန်တော်တို့ကို တစ်လျှောက်လုံး ဒုက္ခပေးခဲ့တဲ့ လူတွေက သူတို့ပါ။ ဒါပေမဲ့ သူတို့ကို အဲဒီလို အရေးယူတာဟာ အာဏာပိုင် အဖွဲ့ ကိုယ်တိုင်က ဥပဒေမဲ့ လုပ်တယ်လို့ ကောက်ချက်ချရမှာပါ။ ကိုယ့်ကို ရန်လုပ်နေတဲ့ အဖွဲ့အစည်းက ပုဂ္ဂိုလ်တွေကို ဒီလို အရေးယူတာမျိုးကို ကျွန်တော်တို့ ဝမ်းမသာနိုင်ပါ။ မထောက်ခံနိုင်ပါ။

## လူစု ခွဲပြီ

သူတို့ကို ပြစ်ဒဏ်အသီးသီး ချမှတ်ပြီးတဲ့အခါမှာ ဗမာပြည် အနှံ့အပြားမှာ ရှိတဲ့ ထောင်အသီးသီးကို ခွဲပို့လိုက်ပါတယ်။ ကျွန်တော် မြင်းခြံထောင်မှာ ရှိစဉ်က ဗိုလ်မှူးချုပ် သိန်းဆွေနဲ့ ဗိုလ်မှူးချုပ် ခင်အောင်၊ မန္တလေး ထောင်ရောက်တော့ ကျွန်တော့်ကို ဆေးရုံတိုက်မှာ ထားလို့ ထောက်လှမ်းရေးက ထောင်ကျ အရာရှိတွေနဲ့ မတွေ့မိပါဘူး။ ကသာထောင် ရောက်တော့ ဒုဗိုလ်မှူးကြီး မင်းသူ (ယခု ကွယ်လွန်) တို့နဲ့ တွေ့ခဲ့ရပါတယ်။

ဗိုလ်မှူးချုပ် သိန်းဆွေက DSA အပတ်စဉ် ၈ ကပါ။ ကျွန်တော် နောက်ဆုံးနှစ် ဗိုလ်လောင်းမှာ သူ ပထမနှစ်ပါ။ သူက ဖျတ်လတ် တက်ကြွလို့ လေတပ် ထောက်လှမ်းရေးက တဆင့် ကက (လှမ်း) ကို ရောက်လာတာပါ။ ဒီကိစ္စတွေ ဖြစ်တဲ့အချိန်မှာ သူက အငြိမ်းစားယူခွင့် ရနေပါပြီ။ အဲဒီလို နေနေရာက သူ့ကို တကူးတက အိမ်က လာခေါ်ပြီး ဒီအုပ်စုထဲကို ရောထည့်လိုက်တာပါ။ အဲဒီလို အဖျားအနား ခတ်ပြီး ပါလာရတဲ့အတွက် သူ့မှာ တဖျစ်တောက်တောက်နဲ့ ပြောလို့မဆုံးပါဘူး။ ကြောက်လိုက်တာကလည်း တုန်လို့။ မြင်းခြံထောင်မှာ သူနဲ့ ကျွန်တော်နဲ့ လမ်းလျှောက်ရင်း ဆုံတဲ့အခါ သူပြောနေကျ စကားက "Walls has ears" ပါတဲ့။ ဆိုလိုတာက ကျွန်တော်နဲ့ လွတ်လွတ်လပ်လပ် ပြောလို့မဖြစ်ဘူး နံရံတွေမှာ နားတွေ ရှိတယ်ဆိုတဲ့ သဘောပေါ့။

## သုံးသပ်ချက်

အထက်ပါ အကြောင်းအရာတွေကို ရေးပြနေတာက ပတ်သက်ရာ ပတ်သက်ကြောင်းတွေကို လိပ်ပတ်လည်အောင် သိစေချင်လို့ပါ။ တကယ်တန်း ထောက်ပြချင်တာက ထောက်လှမ်းရေး တပ်ဖွဲ့ရဲ့ သံသရာ။ နှစ်ပေါင်း ၂၀ ရောက်တိုင်း တပ်ဖွဲ့ တစ်ခုလုံး ဒုက္ခရောက်ကြတဲ့ အဖြစ်မျိုးကို ဖော်ပြချင်လို့ပါ။ ၂၀၀၄ ခုနှစ်မှာ ကြုံရတဲ့ သူတို့ရဲ့ အဖြစ်ကတော့ အင်မတန် နာကျည်းစရာ ကောင်းပါတယ်။ ထိပ်ပိုင်း အာဏာပိုင်တွေက သူတို့ကို

မညှာမတာနိုင်းပြီး သူတို့ကလည်း အားတက်သရော လိုက်နာ ဆောင်ရွက်ခဲ့ကြပါတယ်။ အဲဒီလို လုပ်တဲ့အခါ အလွန်အကျွံတွေ ဖြစ်လာလို့ လူထုကလည်း အော့နလုံးနာလာတဲ့အခါ သူတို့ကို ရက်ရက်စက်စက် အရေးယူခဲ့တာပါ။

နမူနာပြရရင် ကြိုးတစ်ချောင်းကို ကြက်ကြိတ်စက်ထဲ ထည့်ပြီး တစ်ခါ ကြိတ်ပြီး ညှစ်တယ်၊ နောက်တစ်ခါ ထည့်ပြီး ညှစ်ပြန်တယ်၊ တတိယအကြိမ် ညှစ်ပြီးတဲ့အခါ ကြံဖတ်ထဲမှာ အရည်မကျန်တော့ဘူး၊ ဒါတောင် ရေနဲ့ ပက်ပြီး ညှစ်ပြန်ပါသေးတယ်။ ဘာအရည်မှ မကျန်တော့ဘူးလို့ ဆိုမှ သူတို့ ကြံဖတ်တွေကို စွန့်ပစ်လိုက်တာပါ။ သူတို့ဘဝက ဒီအတိုင်းပါပဲ။ ဒါ့ကြောင့်မို့ တချို့ ပုဂ္ဂိုလ်တွေက အစုအချိန်မှာ ထောင်က လွတ်လာခဲ့ပြီဆိုသော်လည်း နာကျည်းစိတ်တွေနဲ့ မခံမရပ်နိုင်အောင် ဖြစ်နေဆဲပါ။

လုပ်ပုံကလည်း ကြည့်ဦးလေ၊ ဗိုလ်ချုပ်ကြီး ခင်ညွန့်ဆိုရင် သား၊ သားမက်၊ ယောက်ဖ မကျန် ထောင်ချခံရတယ်။တချို့ကြတော့ သားတွေ၊ တူတွေ တပ်ထဲမှာ ရှိရင် ထွက်ခိုင်းတယ်။ အစိုးရ ဝန်ထမ်း ဆိုရင်လည်း အမျိုးမျိုး ပြဿနာ ရှာတယ်၊ အချို့ဆိုရင် အိမ်တွေ၊ ကားတွေ အသိမ်းခံရတယ်။ အဲဒီလို ခံခဲ့ရတဲ့ လူတွေအတွက်ကတော့ "ပြုသူ အသစ်၊ ဖြစ်သူ အဟောင်း" ဆိုတဲ့ ဆောင်ပုဒ်ကလေးကိုပဲ နှလုံးသွင်းနေကြရတာပါ။

## ပြန်ပြီး အစဖော်ကြဦးစို့

ရေးလက်စရှိလို့ ခြေဦးတည့်ရာကို လမ်းလျှောက်သလို ထောက်လှမ်းရေး အကြောင်း ပေါ်လာတာနဲ့ သူတို့ရဲ့ ဇာတ်လမ်းအစုံကို မှတ်မိသမျှ ရေးပြလိုက်တာပါ။ ဒါ့ကြောင့် မူရင်း ခေါင်းစဉ်အတိုင်း အရေးတော်ပုံ အကြောင်း ပြန်ကောက်ရပါဦးမယ်။

အရေးတော်ပုံ အရှိန်ရတာနဲ့အမျှ ဝန်ကြီးချုပ်ဟောင်း ဦးနုက လက်ဦးမှု ယူပြီးတော့ အစိုးရအဖွဲ့ ဖွဲ့တဲ့ အကြောင်း ကြေညာလိုက်တာ အတော်လေး ဂယက်ရိုက်သွားပါတယ်။ ဒါပေမဲ့ အရေးတော်ပုံထဲမှာ ပါတဲ့ နိုင်ငံရေး အဖွဲ့အစည်း၊ သပိတ် အဖွဲ့အစည်းတွေက ဦးနုရဲ့ ကဏ္ဍကို သိပ်မသိမိုကြတဲ့ အတွက်ကြောင့် ဦးနုရဲ့ လှုပ်ရှားမှုဟာ ထိရောက်မှု နည်းပါတယ်။ တကယ်တန်း လူထု စိတ်ဝင်စားတာက အောင်-စု-တင်လို့ ခေါ်တဲ့ ပုဂ္ဂိုလ်တွေအပေါ်မှာ ပိုပြီး အာရုံစိုက်ကြပါတယ်။ ဒါ့ကြောင့်မို့ ဦးအောင်ကြီးကို သော်လည်းကောင်း၊ ဒေါ်အောင်ဆန်းစုကြည်ကို သော်လည်းကောင်း ကျွန်တော်တို့ အဘိုးကြီးဖြစ်တဲ့ သူရ ဦးတင်ဦးကို သော်လည်းကောင်း အသင်းတွေ အဖွဲ့တွေက လာရောက်ပြီး တင်ပြတာတွေ သဘောထား ညှိနှိုင်းကြတာတွေ လုပ်လာကြပါတယ်။

ကျွန်တော့်အနေနဲ့က ဦးတင်ဦးအတွက် ပံ့ပိုး ကူညီနေတာဖြစ်တော့ လာသမျှအဖွဲ့တွေ အသင်းတွေ၊ တချို့ဆိုရင် မန္တလေးက၊ တချို့ဆိုရင် ပဲခူးက စတဲ့ နယ်အသီးသီးက အဖွဲ့တွေကို အဖိုးကြီးနဲ့ တွေ့ဖို့ စီစဉ်ပေးရပါတယ်။ လာတဲ့ အဖွဲ့တွေကလည်း နယ်မြေအစုံက ဖြစ်ပါတယ်။ ဥပမာ- စာရေးဆရာများ သမဂ္ဂ၊ ဂီတနယ်ပယ်က အဖွဲ့အစည်းများလည်း ပါပါတယ်။ ယုတ်စွအဆုံး အဲဒီတုန်းက နာမည်ကြီးတဲ့ ရုပ်ရှင် မင်းသား ကျော်ဟိန်းကလည်း သီးသန့် လာတွေ့ပါတယ်။ သူကတော့ ရုပ်ရှင် အသိုင်းအဝိုင်းက ဖြစ်တဲ့ အတွက် တကယ်လို့ ဒီမိုကရေစီ ရရင် ရုပ်ရှင် ကဏ္ဍကိုလည်း ဘယ်လို ပြုစု ပျိုးထောင်ပေးမလဲ ဆိုတာ သိချင်လို့ လာတာပါ။

အဲဒီအချိန်မှာ မင်းသား ကျော်ဟိန်းက ရုပ်ရှင် ရိုက်ကူးတင်မကက ဆေးပေါ့လိပ် တစ်မျိုးကိုလည်း ဈေးကွက်တင်နေတဲ့ အချိန်ပါ။ သူက ဦးတင်ဦးနားမှာ ရှိနေတဲ့ ပုဂ္ဂိုလ်တွေ အတွက် ရည်ရွယ်ပြီး သူ့ ဆေးပေါ့လိပ်တွေ

လည်း တော်တော်များများ ယူလာပြီး လက်ဆောင်ပေးပါတယ်။ ကျွန်တော်က ပါးစပ် အငြိမ်မနေနိုင်တဲ့သူ ပီပီ "ဟော့ဒီမှာဟေ့၊ ပြည်လုံးချမ်းသာ ဆေးပေါ့လိပ်တဲ့၊ ကျော်ဟိန်း ချမ်းသာ တစ်ပြည်လုံး ချောင်းဆိုး ဆိုတဲ့ ဆေးလိပ်ပေါ့"လို့ပြောလိုက်မိရာမှာကျော်ဟိန်းကဘာမှတော့ပြန်မပြောသော်လည်းမျက်စောင်းထိုးတာတော့ ခံလိုက်ရပါတယ်။

အောင်-စု-တင်လို့ သမုတ်ခံရတဲ့ ပုဂ္ဂိုလ်တွေဟာလည်း လူထုရဲ့ အားကိုးမှုခံရတဲ့ သူတွေ ဖြစ်သော်လည်းပဲ ကျစ်လျစ် သိပ်သည်းတဲ့ အဖွဲ့တွေအဖြစ် ရပ်တည်နိုင်မှု မရှိသေးတဲ့အတွက် ပေါ်ပေါက်လာစရာ ရှိတဲ့ အခြေအနေတွေကို မှန်းဆရုံပဲ မှန်းဆနိုင်ပြီး တိကျ ရေရာတဲ့ နိုင်ငံရေး လမ်းစဉ် ဖော်ထုတ်ပြီး ဦးဆောင်မှု မပေးနိုင်ခဲ့ပါဘူး။

အကြောင်းတစ်ခု ပေါ်ပေါက်လို့ ကျွန်တော်တို့ အဘိုးကြီးက ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခြံကို သွားရတာမျိုးလည်း ရှိတတ်ပါတယ်။ အဲဒီ ခြံမှာကတော့ ခြံနောက်ဘက်က Servant Quarter မှာ သခင် တင်မြ၊ ဦးအုန်းမြင့်၊ ရခိုင် ဗိုလ်သာကျော်တို့လို လူကြီးတွေက ရုံးလုပ်ငန်းတွေ ဆောင်ရွက်နေကြတာ တရုန်းရုန်းနဲ့ပေါ့။ အဘိုးကြီး ဒေါ်အောင်ဆန်းစုကြည်အိမ် အောက်ထပ်ကို ဝင်တဲ့အခါ သူ့ခြံမှာ လုံခြုံရေး လုပ်နေတဲ့ "သုံးရောင်ခြယ်" အဖွဲ့ဝင် လူငယ်တွေက လုံခြုံရေးယူထားလို့ သူတို့ရဲ့ အထပ်ထပ် စိစစ်ခြင်း ခံရပါတယ်။

## အခြား လှုပ်ရှားမှုများ

ဒေါက်တာ တင်မျိုးဝင်း၊ ဒေါက်တာ သက်မင်းနဲ့ ဦးမောင်ကိုတို့ ခေါင်းဆောင်တဲ့ Supervising Committee for Students' Movement- S.C.S ကလည်း တော်တော် အရှိန်ရနေပါပြီ။ သူတို့အဖွဲ့ဟာ S.G.S လောက် အင်အား ကြီးမလာသော်လည်းပဲ အရောင်ဆိုး မခံချင်ဘူးဆိုတဲ့ ကျောင်းသား သပိတ်၊ အရပ်သား သပိတ်တွေနဲ့ ဝန်ထမ်း သပိတ် အဖွဲ့အစည်း တော်တော်များများ လာပြီး ပူးပေါင်းကြတဲ့အတွက် အင်အား ကောင်းလာပါတယ်။ အဲဒီ ခေါင်းဆောင်ပိုင်းမှာ ပါတဲ့ ဦးမောင်ကို ဆိုသူကတော့ ဆိပ်ကမ်း ကော်ပိုရေးရှင်း အထက်တန်း အရာရှိ တစ်ယောက် ဖြစ်တဲ့အပြင် နိုင်ငံရေးအမြင်နဲ့ စည်းရုံးတဲ့အတွက် ထိရောက်မှုရှိပါတယ်။

နောက်တစ်နေရာကတော့ ဘားလမ်း (မဟာဗန္ဓုလပန်းခြံလမ်း) မှာ ရှိတဲ့ စံပယ်ဦး တေးသံသွင်းနဲ့ စာအုပ် ထုတ်ဝေရေး လုပ်နေတဲ့ စံပယ်ဦး ဦးတင်စိုး ရုံးခန်း၊ သူ့ရုံးခန်းက ကျယ်လည်းကျယ်၊ ဗဟိုလည်း ကျတဲ့ အတွက် အဲဒီမှာ ရုပ်ရှင်၊ ဂီတ အနုပညာသည်တွေအပြင် စာရေးဆရာတွေပါ စုစည်းတဲ့ နေရာ ဖြစ်ပါတယ်။ အဲဒီမှာ ဝင်ထွက် သွားလာနေတဲ့ ပုဂ္ဂိုလ်တွေက ကြေညာချက်တွေ ထုတ်တယ်၊ စာစောင်တွေ ဝေငှတယ်၊ သပိတ်အဖွဲ့တွေက ဖိတ်တယ်ဆိုရင် အနုပညာသည် တစ်ယောက်ယောက်ကို လွှတ်ပြီးတော့ တရားဟော နိုင်းတယ် ဆိုတဲ့အလုပ်တွေ လုပ်ကြပါတယ်။

အလားတူ လူစည်ကားတဲ့ နေရာကတော့ လမ်းမတော် သရက်တော ကျောင်းတိုက် ဖြစ်ပါတယ်။ အဲဒီမှာ တပ်မတော်က သပိတ်မှောက်တဲ့ စစ်သည်တွေကို နေရာချထားပေးပြီး သူတို့ရဲ့ စားရေး၊ သောက်ရေးတွေကိုပါ လိုလေသေး မရှိအောင် ဆောင်ရွက်ပေးပါတယ်။ ကျွန်တော်တို့ တပ်မှူးဟောင်းများ အဖွဲ့ကတော့ တစ်ရက်ခြား နှစ်ရက်ခြား ဆိုသလို ကျောက်ကုန်း ဖိုးရာဇာလမ်းက ဗိုလ်မှူးကြီး လှမောင်ရဲ့ အိမ်မှာ ဆုံပြီး ဖြစ်ပေါ်နေတဲ့ အနေအထား အမျိုးမျိုးကို လေ့လာ သုံးသပ်ကြပါတယ်။

## အာဏာသိမ်းပြီ

ကျွန်တော်တို့ တပ်မှူးဟောင်းများ အဖွဲ့က ကျောက်ကုန်း ဗိုးရာဇာလမ်း အိမ်မှာ အစည်းအဝေး လုပ်နေပါတယ်။ အချိန်က ညနေ ငါးနာရီကျော် ရှိပါပြီ။ အဲဒီအိမ်က တယ်လီဖုန်းကို အပြင်က ဖုန်းလာပါတယ်။ အကြောင်းကတော့ တပ်က အာဏာသိမ်းလိုက်ပြီ ဆိုတဲ့အကြောင်းပါ။ စက်တင်ဘာလ ၁၈ ရက်နေ့ပေါ့။ ဒါ့ကြောင့် အဲဒီအိမ်မှာ ရှိတဲ့ ရေဒီယိုကို ဖွင့်နားထောင်တဲ့အခါမှာ ဟုတ်ပါတယ်။ တပ်မတော်က အာဏာသိမ်းလိုက်တဲ့အကြောင်း။ သိမ်းလိုက်တဲ့ အဖွဲ့နာမည်က "နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့- နဝတ" လို့ ခေါ်ကြောင်း၊ အဖွဲ့ ခေါင်းဆောင်ကတော့ ဗိုလ်ချုပ်ကြီး စောမောင် ဖြစ်ပြီး အတွင်းရေးမှူး ၁ အဖြစ် ဗိုလ်မှူးကြီး ခင်ညွန့်နဲ့ အတွင်းရေးမှူး ၂ အဖြစ် ဗိုလ်မှူးကြီး တင်ဦးတို့ ဖြစ်ကြောင်း ဖော်ပြထားပါတယ်။ အဲဒီသတင်းက ညနေ လေးနာရီ ရေဒီယို အစီအစဉ် စကတည်းက ကြေညာနေတာပါတဲ့။

တပ်မတော်က အာဏာသိမ်းတာနဲ့ ပတ်သက်လို့ ကျွန်တော်တို့ လူကြီးတွေ အမျိုးမျိုး ထင်မြင်ချက်များ ပေးကြပါတယ်။ အားလုံးရဲ့ သုံးသပ်ချက်ကတော့ တစ်တိုင်းတစ်ပြည်လုံး အခြေအနေတွေက အဖက်ဖက်မှာ ယိုယွင်းနေပြီ။ တစ်စုတစ်စည်းတည်း ရှိနေတာကတော့ တပ်မတော်ပဲ ကျန်တော့တယ်။ နိုင်ငံ့အာဏာကို စစ်တပ်က အာဏာသိမ်းတာဟာ မလိုလားအပ်တဲ့ အနေအထား ဆိုသော်လည်းပဲ မလွှဲမရှောင်သာတဲ့ အနေအထားမို့ ဒီဘူတာကို ဆိုက်ရတော့တာပဲလို့ သုံးသပ်ကြပါတယ်။ နိုင်ငံ့အာဏာကို ၁၉၆၂ ခုနှစ်တုန်းက တစ်ကြိမ်၊ ၁၉၈၈ ခုနှစ်က တစ်ကြိမ်၊ ဒါနဲ့ပါဆိုရင် တတိယအကြိမ်မြောက်ပေါ့လို့ မှတ်ချက်ပြုကြပါတယ်။

## ဖြစ်စဉ်များအပေါ် ကျွန်တော့်ရဲ့ သုံးသပ်ချက်

တပ်မတော်က အာဏာသိမ်းလိုက်တယ် ဆိုတဲ့သတင်း ကြားရတဲ့အခါမှာ ကျွန်တော့်စိတ်ဟာ ဟုန်သွားပါတယ်။ လူကြီးတွေ သုံးသပ်သလို ဒီဘူတာကို ဆိုက်တာတော့ မှန်ပါရဲ့၊ ဒါပေမဲ့ ဒီဇာတ်လမ်းက ဘယ်လောက်ထိ မျောသွားမှာလဲ ဆိုတဲ့အတွေးကြောင့် ကျွန်တော့်စိတ်တွေ ဟုန်သွားခြင်းဖြစ်ပါတယ်။ ဒီဘူတာ ဆိုက်ဖို့အတွက် လွန်ခဲ့တဲ့ လပေါင်းများစွာက ဖြစ်ရပ်တွေကို အပြန်ပြန် အလှန်လှန် စဉ်းစားတဲ့အခါမှာ ဒီလို အနေအထား ရောက်လာတာဟာ သဘောရိုးနဲ့ မဟုတ်ဘဲနဲ့ တမင်သက်သက် ဖန်တီးများ ယူလေရော့သလား ဆိုတဲ့ အတွေးဝင်လာမိပါတယ်။

အထက်မှာ ရေးပြခဲ့ဖူးပါတယ်။ ဦးအောင်ကြီးရဲ့ ၄၁ မျက်နှာစာဟာ တစ်နိုင်ငံလုံးကို ပျံ့နှံ့ခဲ့တဲ့အတွက် လမ်းစဉ် ပါတီ အစိုးရရဲ့ ရှိုးယွင်းချက်တွေကို ပြည်သူတစ်ရပ်လုံးကို ချပြလိုက်သလို ဖြစ်သွားတယ် ဆိုတဲ့ အချက်။ ဘာနဲ့တူသလဲ ဆိုတော့ ရေချိုးမယ့် လူတစ်ယောက်ကို ကြေး(ဂျိုး)နှုးပေးလိုက်သလို ဖြစ်ကြောင်း ဖော်ပြခဲ့ဖူးပါတယ်။ ဩဂုတ်လ ၈ ရက်နေ့က ကျွန်တော်ရုံးမှာ ရှိနေစဉ် ဒိုင်နာတစ်စီးပေါ်မှာ ခွပ်ဒေါင်းအလံတွေ လွှင့်ပြီး ရွှေဘုံသာလမ်းထဲကို ချိုးဝင်တဲ့အခါ ပတ်ဝန်းကျင် ပရိသတ်က လက်ခုပ်လက်ဝါး တီးပြီး အားပေး ချီးကျူးကြတာကို မြင်လိုက်တဲ့အခါမှာ ကျွန်တော့်စိတ်ထဲမှာ ပြည်သူလူထုက လမ်းစဉ် ပါတီ အစိုးရအပေါ် ဘယ်လောက်အထိ မကျေနပ်ကြသလဲဆိုတာ သဘောပေါက်လိုက်ပါတယ်။

အရေးတော်ပုံကြီး စတာကတော့ သတ္တိကောင်းတဲ့ ကျောင်းသားတွေကြောင့် ဆိုတာ ငြင်းလို့ မရပါဘူး။ မတ်လ ၁၃ ရက်နေ့မှာ ဖုန်းမော် အရေးအခင်း ဖြစ်လာတဲ့အခါ ဒီကိစ္စဟာ စနက်တံလို ဖြစ်သွားပြီး ကျောင်းသားထု တစ်ရပ်လုံး အုံကြွလာစေခဲ့ပါတယ်။ ဦးအောင်ကြီးနဲ့ ဦးတင်ဦးတို့ကတော့ ပင်ကိုဗီဇက နိုင်ငံကို ကြီးပွားတိုးတက်ချင်တဲ့ စိတ်ကြောင့် ပါလာတာ ဖြစ်သော်လည်း ဒေါ်အောင်ဆန်းစုကြည်ဟာ ဆေးရုံကြီးထဲမှာ

ပစ်ခတ်မှု ဖြစ်ပြီးမှသာ ပါလာခြင်း ဖြစ်ပါတယ်။ မိခင် ဒေါ်ခင်ကြည်ကို ဂျပန် ဆေးရုံမှာ အနီးကပ် ပြုစုရင်းနဲ့ နိုင်ငံရေး ဖြစ်စဉ်တွေကို လေ့လာနေဟန်တူပါတယ်။

ရန်ကုန် ဆေးရုံကြီးထဲမှ ဒရိုက်ဆရာဝန်၊ ဆရာမတွေကို ဗိုလ်ချုပ်လမ်းပေါ်မှာ ရပ်ထားတဲ့ ကားပေါ်က ပစ်လို့ ဆရာဝန်၊ ဆရာမ အချို့ ထိခိုက် ဒဏ်ရာရခဲ့တဲ့ ဖြစ်ရပ်ဟာ အကျိုးဆက် နှစ်ခု ပေးပါတယ်။ ပထမ တစ်ခုကတော့ ဒေါက်တာ တင်မျိုးဝင်း ခေါင်းဆောင်တဲ့ SCS ပေါ်လာစေပြီး၊ ဒုတိယ အချက်ကတော့ ဒေါ် အောင်ဆန်းစုကြည်ဟာ နိုင်ငံရေး ရေစီးကြောင်းထဲကို လုံးဝဥဿုံ ဝါဝင်ခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီ ပစ်ခတ်မှုဟာ ဒေါ်အောင်ဆန်းစုကြည်ကို အရေးတော်ပုံထဲ ပါလာအောင်လို့ လှုံ့ဆော်တဲ့ ဖြစ်ရပ်လေများလားလို့ ကျွန်တော် တွေးမိပါတယ်။

## မီးလောင်ရာမှာ ဓာတ်ဆီနဲ့ ပက်သလို

မှတ်မှတ်ရရ ဩဂုတ်လ ၂၆ ရက် ဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက ကျွန်တော်ဟာ ဒုညင်းကုန်း ဂေါက်ကွင်းမှာ အသင်းဝင် ဖြစ်နေပါပြီ။ အဲဒီနေ့ မနက်က ကျွန်တော့်သား နှစ်ယောက်နဲ့ အတူ ဂေါက်သွားရိုက်ပါတယ်။ ရိုက်ဖော်ရိုက်ဖက်ကတော့ ကိုထွန်းအောင်ကျော်နဲ့ ဖြစ်ပါတယ်။ ကိုထွန်းအောင်ကျော်က စစ်တက္ကသိုလ် အပတ်စဉ် ၂ က လေ့ကျင့်ထူးချွန်ဆု ရတဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ကျွန်တော် စစ်တက္ကသိုလ် ရောက်တော့ သူက ကျွန်တော်တို့ ဘုရင့်နောင် တပ်ခွဲက ဗိုလ်လောင်း တပ်ခွဲမှူးပါ။ သူက ကျွန်တော့်ထက် စောပြီး တပ်က အငြိမ်းစား ယူသွားခဲ့တာပါ။

ကျွန်တော် တပ်က အငြိမ်းစား ရတဲ့အခါ သူနဲ့ တွဲဖြစ်သွားတာပါ။ သူက အခုတော့ နယူးဇီလန်မှာ နေလိုက် စင်ကာပူ နိုင်ငံမှာ နေလိုက်နဲ့ တစ်ခါတလေတော့လည်း မြန်မာပြည် ပြန်လာပြီး ရိပ်သာဝင်လိုက်နဲ့ သွားလာ လှုပ်ရှားနေတာပါ။ သူ့ရဲ့ဇနီးက ဒေါက်တာ မိကျော်သောင်းဖြစ်ပြီး နာမည်ကျော် စာရေးဆရာမကြီး ဒေါ်ခင်နှင်းယု သမီးပါ။ ကျွန်တော် စင်ကာပူ ဆေးသွားစစ်တော့ သူတို့အိမ်မှာ နှစ်ပတ်လောက် တည်းဖူးပါ တယ်။ ညီအစ်ကိုတမျှ ခင်တဲ့သူတွေပါ။

ဂေါက်စရိုက်လို့ တတိယကျင်းလောက်ပဲ ရှိသေးတယ်၊ ဇနီးသည်ဆီက အရေးတကြီး ဖုန်းဆက်လာပါ တယ်။ အချိန်က မနက် ရှစ်နာရီခွဲလောက်ပါ။ အကြောင်းက အင်းစိန်ထောင်ဘက်က သေနတ်သံတွေ ကြားလို့ အလန့်တကြား ဖုန်းဆက်တာပါ။ ဟုတ်ပါတယ်။ ကျွန်တော် နားစွင့်ကြည့်လိုက်တော့ သေနတ်သံ သဲ့သဲ့ ကြားရပါတယ်။ အဲဒါနဲ့ ကျွန်တော်တို့ ဂေါက်ဆက်မရိုက်တော့ဘဲ အိမ်ကို ပြန်လာခဲ့ပါတယ်။ အိမ်ပြန် ရောက်တော့ သေနတ်သံတွေက ပိုပြီး ကျယ်ကျယ်လောင်လောင် ကြားရပါတယ်။ ကျွန်တော် နေတာက အင်းစိန် အရှေ့ရွာမ ရပ်ကွက်မှာဆိုတော့ ထောင်နဲ့က ကိုက် ၂၀၀၀ လောက်ပဲ ဝေးမှာပါ။

အဲဒီလို ပစ်ခတ်မှုတွေဟာ အဲဒီနေ့ တစ်နေ့လုံး တစ်ညလုံး ဆက်တိုက်ဖြစ်နေတာပါ။ ကျွန်တော်က တပ်ထဲမှာ နေခဲ့ဖူးပြီး တိုက်ပွဲတွေလည်း ဖြစ်ခဲ့ဖူးလို့ သေနတ်သံ ကြားရင် ကျည်ဆံ ကိုယ့်ဘက်ကို လာ မလာ မှန်းဆတတ်ပါတယ်။ သေနတ်သံတွေက အပြင်ဘက်ကို ပစ်ဟန်မတူပါဘူး။ ထောင်တွင်းကိုပဲ ပစ်တယ်လို့ မှန်းဆလို့ရပါတယ်။ ဒါကြောင့် ကျွန်တော်ကတော့ အဲဒီညမှာ ကောင်းကောင်း အိပ်ပျော်ပါတယ်။ ဒါပေမဲ့ ဇနီးသည်ကတော့ အခြေအနေ မသုံးသပ်တတ်ဖူး ထင်ပါရဲ့၊ အိပ်ပျော်ဟန် မတူပါဘူး။ ကျွန်တော့်ကို နာရီဝက် တစ်ခါ၊ တစ်နာရီ တစ်ခါလောက် နှိုးပြီး သေနတ်သံတွေ ကြားနေရတဲ့ အကြောင်း ပြောတော့ အဲဒီညက အိပ်ရေးမဝလိုက်ပါဘူး။

နောက်ပိုင်းမှ သီရတာက အင်းစိန်ထောင် အပါအဝင် မြန်မာပြည် တစ်ဝှမ်းလုံးမှာ ရှိတဲ့ ထောင်တွေကို ပြည်ထဲရေး ဝန်ကြီးဌာနက အမိန့်ပေးပြီး ဖွင့်နိုင်းလိုက်တာပါ။ အင်းစိန်ထောင်ကျတော့ နစ်ရှည် အကျဉ်းသား တွေက ဦးစီးပြီး ထောင်ဝန်ထမ်း အချို့ကို အချုပ်ခန်းထဲ ပြန်ထည့်၊ သူတို့က ထောင်ကို အုပ်ချုပ်၊ ထောင်မကြီး တံခါးလည်း ဖွင့်ပေးပြီးတော့ အကျဉ်းသားတွေ ထောင်နဲ့ရှိုပြီးတော့ လွှတ်ပေးလိုက်ပါတယ်။ ဒါ့ကြောင့်မို့ ရန်ကုန်မြို့ အနေအထားဟာ မီးလောင်ရာ လေပင့်ဆိုသလို ရာဇဝတ်သားတွေ အပြင် ရောက်လာတဲ့အတွက် ပိုမို ရှုပ်ထွေးသွားပါတယ်။ ဒါဟာ အစိုးရက တစ်နိုင်ငံလုံး မတည်မငြိမ် ဖြစ်အောင် လုပ်လိုက်တဲ့ ဖြစ်ရပ်လို့ ကျွန်တော်တွေးမိပါတယ်။ ဒီလိုအခြေအနေမျိုးကိုဖန်တီးနိုင်သူကတော့ ဦးနေဝင်းကလွဲလို့ဘယ်သူရှိမလဲပေါ့။

## သပိတ်ကာလ နောက်ဆုံး အခြေအနေ

သပိတ် ၁မှာက် ဆန္ဒပြမှုတွေ နယ်ပယ်အစုံက ပါဝင်လာကြပါပြီ။ ဌာနဆိုင်ရာများနဲ့ ပြည်သူ့ရဲ တပ်ဖွဲ့ဝင်များ အပြင် တပ်မတော် ကြည်း၊ ရေ၊ လေ တပ်မတော်သားတွေပါ ပါလာပြီဆိုတော့ လှည်းနေ လှေအောင်း မြင်းဖောင်း မကျန် ဖြစ်လာပြီပေါ့။ အဲဒီက တစ်ဆင့်တက်ပြီး အစိုးရ ဂိုဒေါင်တွေ ဖောက်ပြီး လုယက်လာတာ တွေ၊ ခေါင်းဖြတ်သတ်တဲ့ ဖြစ်ရပ်တွေပါ လုပ်လာကြပြီဆိုတော့ အစိုးရရဲ့ အုပ်ချုပ်ရေး ယန္တရားကြီး လုံးဝ နီးပါးလောက် ပြိုကွဲသွားပါပြီ။ အဖျားအနားတွေ ပွဲသွားပေမဲ့ အဖွဲ့အစည်း တစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ ရှိတဲ့ တပ်မတော်သာလျှင် နိုင်ငံကို ထိန်းချုပ်နိုင်တော့မှာပါလား ဆိုတဲ့ အနေအထားကို ရောက်လာပါပြီ။ ဒါ့ကြောင့် တပ်မတော်က အာဏာသိမ်းပြီး နဝတ အစိုးရ ပေါ်ပေါက်လာခြင်းဟာ အခြေအနေ အရပ်ရပ်ရဲ့ တောင်းဆိုမှု ကြောင့်လို့ ပြောနိုင်ပါတယ်။

## နဝတ အစိုးရ

တပ်မတော်က အာဏာသိမ်းတာနဲ့ နဝတ အစိုးရ ဖွဲ့စည်းကြောင်း ကြေညာပါတယ်။ ဆက်တိုက် ဆိုသလို ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ဖျက်သိမ်းကြောင်းလည်း ကြေညာလိုက်ပါတယ်။ ဤနည်းအားဖြင့် ၁၉၄၇ ခုနှစ်မှာ အတည်ပြုခဲ့တဲ့ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေရယ်၊ ၁၉၇၄ ခုနှစ်က အတည်ပြုခဲ့တဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေတို့ကို ဖျက်သိမ်းခဲ့တာ တိုက်တိုက်ဆိုင်ဆိုင် တပ်မတော်ချည်းပါပဲ။ အခု လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကိုတော့ တပ်မတော်ကပဲ ရေးဆွဲ အတည်ပြုခဲ့တာပါ။

နဝတ အစိုးရ တက်ပြီး အရေးကြီးတဲ့ ကြေညာချက်တွေထဲမှာ နိုင်ငံရေးပါတီတွေ ထောင်ခွင့် ပြုတယ်ဆိုတဲ့ အချက်ဟာ အလွန်အရေးကြီးတဲ့ ကြေညာချက် ဖြစ်ပါတယ်။ တနည်းအားဖြင့် ပြောရမယ်ဆိုရင် ရှစ်လေးလုံး အရေးတော်ပုံကြီးရဲ့ အရှိန်အဟုန် ကြီးမားတဲ့အတွက်ကြောင့် နိုင်ငံရေး ထွက်ပေါက်ပေးတဲ့ သဘောလည်း ဖြစ်ပါတယ်။ တစ်ဆက်တည်း ကြေညာတာက ပါတီစုံ ဒီမိုကရေစီ ရွေးကောက်ပွဲ ကျင်းပပေး မယ် ဆိုတဲ့ အစီအစဉ် ဖြစ်ပါတယ်။

## အာဏာသိမ်းပြီးစ အခြေအနေများ

တပ်မတော်က အာဏာသိမ်းပြီး နဝတ အစိုးရ ဖွဲ့စည်းလိုက်တယ်လို့ ကြေညာတဲ့ စက်တင်ဘာလ ၁၈ ရက် နေ့က စပြီး အမြို့မြို့ အနယ်နယ်မှာ ရှိနေတဲ့ သပိတ်မှောက် အင်အားစုတွေဟာ အားလုံးလိုလို ရည်မှန်းချက် ပျောက်ကုန်ကြပါတယ်။ အဖျားအနား ပါမိသူအချို့ကတော့ အိမ်မြေ့မပျက် ထိန်းထိန်းသိမ်းသိမ်း နေနိုင်ကြပေမဲ့

အများစုကတော့ ရည်မှန်းချက်တွေ ထွေပြားကုန်ပါတယ်။ နဝတ အစိုးရက ပါတီတွေ ဖွဲ့ခွင့်ပြုမယ်လို့ ကြေညာလိုက်တဲ့အခါမှာ အဓိကကျတဲ့ နိုင်ငံရေး အင်အားစုတွေကတော့ မိမိတို့ အင်အားတွေ စုစည်းပြီး ပါတီဖွဲ့ဖို့ စိုင်းပြင်းလာကြပါတယ်။

လူငယ်ထု အများ ပါဝင်တဲ့ အုပ်စုတွေကတော့ တက်လာတဲ့ အစိုးရကို ယုံကြည်မှု လုံးဝ မရှိတဲ့ စိတ်နဲ့ပဲ တုံ့ပြန်ကြပါတယ်။ ယုံကြည်မှု မရှိနိုင်အောင်လည်း နဝတ အစိုးရက ဆန္ဒပြအုပ်စုတွေကို ရက်ရက်စက်စက် ချေမှုန်းတာကို ခံကြရပါတယ်။ စက်တင်ဘာလ နောက်ဆုံး ရက်သတ္တပတ်တွေမှာ လမ်းပေါ်မှာ တွေ့တဲ့ လက်နက်မဲ့ လူထုတွေကို မောင်းပြန်သေနတ်များနဲ့ ပစ်ခတ် နှိမ်နင်းခဲ့ပါတယ်။

အထူးသဖြင့် မဟာဗန္ဓုလလမ်း၊ ထိုစဉ်က အမေရိကန် သံရုံးရှေ့မှာ စုရုံး ရောက်ရှိနေတဲ့ လူထုကို ပစ်ခတ် နှိမ်နင်းတဲ့ မြင်ကွင်းတွေဟာ နိုင်ငံခြား မီဒီယာများက မှတ်တမ်းတင်နိုင်ပြီး ကမ္ဘာကိုပါ ဖြန့်ချိနိုင်ခဲ့တဲ့အတွက် စစ်အစိုးရရဲ့ ရက်စက်မှုတွေဟာ ဖြေဖျောက်လို့ မရနိုင်စရာပါ။ ဒီလို ဖြစ်ရပ်တွေကြောင့် ဆန္ဒပြပွဲမှာ ပါဝင်ခဲ့တဲ့ ရဟန်းရှင်လူ ပြည်သူအများ၊ အထူးသဖြင့် ကျောင်းသား လူငယ်များ ထိုင်းနိုင်ငံဘက်ကို အလုံးအရင်းနဲ့ ထွက်သွားကြပါတယ်။

## သပိတ်မှောက် အင်အားစုအချို့ တောခိုကြခြင်း

ဒီလို ကြေညာချက်တွေ ထုတ်ပြီး နိုင်ငံရေး တည်ငြိမ်အောင် နဝတ အစိုးရက ကြိုးစားပေမဲ့ တစ်ဝက်တစ်ပျက်ပဲ ထိရောက်တယ်လို့ ဆိုရမှာပါ။ ဘာကြောင့်လဲဆိုတော့ အရေးတော်ပုံထဲမှာ တက်တက်ကြွကြွ ပါဝင်ခဲ့တဲ့ အင်အားစု တော်တော်များများဟာ ထိုင်းနိုင်ငံဘက်ကို သော်လည်းကောင်း၊ အချို့က အိန္ဒိယနိုင်ငံဘက်ကို သော်လည်းကောင်း၊ အချို့ အင်အားစုတွေကတော့ ပြည်တွင်း လက်နက်ကိုင် အဖွဲ့အစည်းများ ရှိရာ ဒေသများသို့ လည်းကောင်း အလျှိုလျှို ထွက်ခွာသွားကြပါတယ်။

သူတို့ အဲဒီလို ထွက်ခွာသွားကြတဲ့ အဓိက အကြောင်းရင်းကတော့ နဝတ အစိုးရ တက်ခါစ ရက်သတ္တနှစ်ပတ်လောက်မှာ ပုဒ်မ ၁၄၄ ထုတ်ထားတာမို့ လမ်းမပေါ်မှာ လူအုပ်စုစု တွေ့တာနဲ့ မညှာမတာ ပစ်ခတ်နှိမ်နင်းခဲ့တဲ့ အတွက် ဖြစ်ပါတယ်။ သေကျေ ဒဏ်ရာရတဲ့ အရေအတွက်ဟာ ရေတွက်လို့ မရအောင် များပြားပါတယ်။ ထိုစဉ်က အမေရိကန် သံရုံးရှေ့ လမ်းမပေါ်မှာ လက်နက်မဲ့ ပြည်သူတွေကို စစ်သေနတ်နဲ့ ပစ်ခတ်နှိမ်နင်းတဲ့ မြင်ကွင်းဟာ ဂျပန်နိုင်ငံက တစ်ဆင့် ကမ္ဘာကိုပါ ပျံ့နှံ့သွားပါတယ်။ ဘယ်လိုမှ ဖျောက်ဖျက်လို့ မရတဲ့ အမည်းစက်တွေပါ။

နဝတ အစိုးရက လူထုကို မညှာမတာ ပစ်ခတ် နှိမ်နင်းတဲ့အခါမှာ အချို့ကလည်း ကိုယ့်နည်း ကိုယ့်ဟန်နဲ့ ပြန်လည် တုံ့ပြန်ကြတာ ရှိပါတယ်။ ဥပမာ- ကမာရွတ် သုခလမ်းနဲ့ အင်းစိန် လမ်းမကြီး ဆုံတဲ့နေရာမှာ ရှိနေတဲ့တပ်တွေကို ဆန္ဒပြ အုပ်စုတစ်ချို့က ရရာလက်နက်နဲ့ ပစ်ခတ်ခဲ့တာဟာ အဲဒီကာလမှာ အထင်အရှားပါပဲ။ အဲဒါအပြင် ဆန္ဒပြကာလမှာ လူတွေကို ခေါင်းဖြတ်တယ်လို့ စွပ်စွဲပြီး ပါတယ်လို့ ယူဆရတဲ့ လူများကိုလည်း ဖမ်းဆီးပြီး စစ်ခုံရုံးနဲ့ သေဒဏ်များ ချမှတ်ခဲ့ပါတယ်။

## အဝေးရောက်များရဲ့ ဘဝကြမ္မာ

နဝတ အစိုးရကို မယုံလို့ ပြည်ပကို ထွက်သွားတဲ့ အုပ်စုတွေဟာ အစပိုင်းမှာတော့ အလွန် ခက်ခဲ ကြမ်းတမ်းတဲ့ အခြေအနေတွေကို ရင်ဆိုင်ရပါတယ်။ ထိုင်း-မြန်မာ နယ်စပ်မှာ မူလကတည်းက ကရင် လက်နက်ကိုင်

အဖွဲ့များနဲ့ မွန် လက်နက်ကိုင် အဖွဲ့အစည်းများ ရှိကြပါတယ်။အစုလိုက် အပြုံလိုက် ရောက်လာတဲ့ ပြည်တွင်းအင်အားစုတွေကို သူတို့အနေနဲ့ ဘယ်လို တုံ့ပြန်ရမယ်ဆိုတာ ရုတ်တရက်တော့ ဘယ်လိုပြင်ဆင်မှုမှ မရှိပါဘူး။ ဒါ့ကြောင့်မို့လို့ စိတ်လိုက်မာန်ပါ ထွက်သွားကြတဲ့ အုပ်စုတွေဟာ ရောက်တာနဲ့ပဲ စား ဝတ် နေရေး သုံးမျိုးစလုံး ဒုက္ခရောက်ကြရပါတယ်။ အခု မြန်မာပြည် ပြန်ရောက်နေတဲ့ အဆိုတော် မွန်းအောင် ဆိုရင် စောစောကတည်းက ထွက်သွားတဲ့အထဲမှာ ပါပါတယ်။

သူတို့ခမျာ နေစရာ ဆိုရင်လည်း သစ်ပင်အောက်မှာ ဖြစ်သလို တဲထိုးနေရတာမျိုး၊ အဝတ် လဲစရာ မရှိလို့ အဝတ် တစ်ထည် ကိုယ်တစ်ခု နေရတာမျိုး၊ စားစရာ ငတ်ပြတ်တဲ့အခါ ငှက်ပျောအူနကို ရေလုံပြုတ် စားရတာမျိုးတွေ ကြုံခဲ့ရဖူးပါတယ်။ နောက်ပိုင်း ထိုင်းနိုင်ငံဘက်ကို ရောက်လာတဲ့ အင်အားစုတွေ အပေါ် အမြင်မှန်ရလာတဲ့ အခါကျမှသာ သူတို့ကို နေရာထိုင်ခင်းပေးခြင်း၊ အစားအသောက်တွေ မျှဝေခြင်း ဆိုတာ တွေ ရှိလာတာပါ။

## နဝတရဲ့ ကြိုးပမ်းမှု

သပိတ် အင်အားစုတွေ ပြည်ပကို ရောက်တာတွေ များလာတဲ့အခါ နိုင်ငံတကာရဲ့အာရုံ စူးစိုက်မှုကို ခံခဲ့ရပြီး ကုလသမဂ္ဂကပါ ဝင်ရောက် ပြောဆိုလာတဲ့ ဘဝကို ရောက်လာပါတယ်။ နဝတ အစိုးရကလည်း ထိုင်းနိုင်ငံကို ကိုယ်စားလှယ် အဖွဲ့တွေ အသီးသီး လွှတ်ပြီး အဝေးရောက်နေတဲ့ အင်အားစုတွေကို တတ်နိုင်သမျှ ပြန်ခေါ်ဖို့ စီစဉ်ခဲ့ပါတယ်။ ဒါ့ကြောင့် ထိုင်းနဲ့ အိန္ဒိယ နယ်စပ်တွေ ရောက်နေတဲ့ အများစု အချို့ဟာ သူတို့ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို ခံနိုင်ရည် မရှိတော့ဘဲ နဝတက စီစဉ်တဲ့အတိုင်း ပြန်လည် ဝင်ရောက်လာကြပါတယ်။

နဝတ အစိုးရ တက်ခါစမှာ လူထု စိတ်ဝင်စားလောက်တဲ့ ဖြစ်စဉ်တွေက ရှားတဲ့အတွက် ပြည်ပက ဝင်ရောက်လာတဲ့ အဖွဲ့အစည်းတွေရဲ့ သတင်းတွေဟာ အစိုးရအတွက် အကောင်းဆုံးသော သတင်းတွေ ဖြစ်လာပါတယ်။ ပြန်လည် ကြိုဆိုရေး စခန်းတွေ နယ်စပ်မှာ ဖွင့်ပြီး ကုန်းကြောင်းက ပြန်လာတဲ့ လူတွေ ရှိသလို ထိုင်းနိုင်ငံက လေကြောင်းက ပြန်လာတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိပါတယ်။ လေကြောင်းနဲ့ ပြန်လာတဲ့သူ တွေကို မင်္ဂလာဒုံ လေဆိပ်မှာ ကြိုတဲ့ပုံတွေ၊ သူတို့ကို အထူးယာဉ်တွေနဲ့ ခေါ်ပြီး မင်္ဂလာဒုံ စစ်တိုင်းဌာနချုပ်ရဲ့ ဘောလုံးကွင်းမှာ ရှိတဲ့ အဆောက်အဦတွေမှာ မိသားစု ပြန်လည် စုံတွေ့ကြတဲ့ပုံတွေဟာ အားလုံး စိတ်ဝင်စားကြတဲ့ ဖြစ်စဉ်တွေပါ။

## ပြည်ထောင်စု ရွေးကောက် တင်မြှောက်ရေး ကော်မရှင် Union Election Commission-UEC

နဝတ အစိုးရက ပထမဦးဆုံး ဖွဲ့စည်းတဲ့ အဖွဲ့အစည်းဟာ UEC ဖြစ်ပါတယ်။ ဥက္ကဋ္ဌအဖြစ် ဦးဘငြေး ဖြစ်ပြီး အဖွဲ့ဝင်များ အဖြစ် ဦးစန်းမောင်၊ ဆရာချယ်၊ ဦးကျော်ညွန့်နဲ့ ဗိုလ်မှူးချုပ် စောကြာဒိုး (ငြိမ်း) တို့ ဖြစ်ပါတယ်။ ဦးဘငြေးနဲ့ ဦးစန်းမောင်တို့ကတော့ အသက် ၈၀ ကျော်ပါပြီ။ အခုခေတ် ရာထူးတွေနဲ့ နှိုင်းယှဉ်ရမယ်ဆိုရင် အငြိမ်းစား အတွင်းဝန်ကြီးများပေါ့။

အဲဒီခေတ်က အတွင်းဝန်မှာတောင် သာမန် အတွင်းဝန်နဲ့ အမြဲတမ်း အတွင်းဝန် ဆိုပြီး ခွဲခြားထားပါ သေးတယ်။ ဦးကျော်ညွန့်ကလည်း အငြိမ်းစား အတွင်းဝန်ပါပဲ။ ဆရာချယ်ကတော့ သိက္ခာရှိတဲ့ နိုင်ငံရေးသမား ဟောင်း ဖြစ်ပြီး ဗိုလ်မှူးချုပ် စောကြာဒိုးကတော့ အင်္ဂလိပ် အစိုးရ လက်ထက် ကတည်းက ပါလာတဲ့ ထိပ်တန်း တပ်မတော် အရာရှိဟောင်းပါ။ စောဘဦးကြီး ခေါင်းဆောင်တဲ့ ကရင် လက်နက်ကိုင် ပဋိပက္ခ ပေါ်ပေါက်တဲ့

အခါမှာ အငြိမ်းစားယူခဲ့တာပါ။ ထူးခြားချက်အနေနဲ့ ပြောရရင် ဦးကျော်ညွန့်နဲ့ ဆရာချယ်တို့ဟာ အစွလာန် ဘာသာဝင်တွေ ဖြစ်ပါတယ်။

ဒီလို လေးစားလောက်တဲ့ လူကြီးတွေ ပါတဲ့ UEC ကို ဖွဲ့စည်း ကြေညာလိုက်တာဟာ နဝတ အစိုးရ အနေနဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ လုပ်ပေးတော့မယ် ဆိုတဲ့ အဓိပ္ပာယ်ပေါက်အောင် လုပ်ပြခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီ ပုဂ္ဂိုလ်ကြီးတွေဟာ တကယ်ပဲ သိက္ခာ၊ သမာဓိ ပြည့်ဝတဲ့ လူကြီးတွေပါ။ နဝတ စစ်အစိုးရဟာ စတက်လာတာနဲ့ ရက်ရက်စက်စက် လူထုကို ပစ်ခတ် နှိမ်နင်းတဲ့ ဇာတ်ကြမ်းနဲ့ စခဲ့ရသော်လည်း ရေရှည် ရည်ရွယ်ချက်မှာတော့ သမာသမတ်ကျတဲ့ ရွေးကောက်ပွဲ လုပ်မယ်ဆိုတဲ့ သဘောထားကို ပြည်တွင်း ရော ပြည်ပမှာပါ သိစေချင်တဲ့ သဘော ပါပါတယ်။

## NLD ပါတီဖွဲ့ပြီ

နဝတရဲ့ ပါတီတွေ ဖွဲ့ခွင့်ပြုတဲ့ ကြေညာချက်အပြီးမှာ ဦးအောင်ကြီး၊ ဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ ခေါင်းဆောင်တဲ့ အုပ်စု သုံးခုဟာ ပါတီတစ်ခုဖွဲ့ဖို့ သဘောတူညီကြပါတယ်။ အမည်နဲ့ ပတ်သက်လို့ အမျိုးမျိုး ဆွေးနွေး ညှိနှိုင်းပြီးတဲ့အခါ နောက်ဆုံးမှာ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ဆိုတဲ့အမည်ကို သဘောတူခဲ့ကြပြီး အင်္ဂလိပ်လိုတော့ National League for Democracy လို့ မှည့်ခေါ် ရန် သဘောတူညီကြပါတယ်။

ခေါင်းဆောင်များကိုတော့ ဥက္ကဋ္ဌအဖြစ် ဦးအောင်ကြီး၊ ဒုတိယ ဥက္ကဋ္ဌအဖြစ် ဦးတင်ဦးနဲ့ အထွေထွေ အတွင်းရေးမှူးအဖြစ် ဒေါ်အောင်ဆန်းစုကြည် ဆိုပြီး သတ်မှတ် ဖွဲ့စည်းခဲ့ပါတယ်။ အတွင်းရေးမှူးများ အဖွဲ့ဝင် အဖြစ် ဦးဝင်းတင် (ကွယ်လွန်)၊ ဒေါ်မြင့်မြင့်ခင် (ယခု US ရောက်နေ) နဲ့ ဦးမောင်မောင် (ဦးအောင်ကြီး အဖွဲ့) တို့ကို သတ်မှတ်ထားခဲ့ပါတယ်။ အဲဒီလို ဖွဲ့စည်းပြီး ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှာ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့မှာ သွားရောက်မှတ်ပုံတင်ခဲ့ပါတယ်။ နဝတ တက်ပြီး ကိုးရက် အကြာမှာပေါ့။

အဲဒီလို မှတ်ပုံတင်ပြီးတဲ့အခါ ပါတီ ဗဟိုကော်မတီကိုလည်း တစ်ဆက်တည်း ဖွဲ့စည်းလိုက်ပါတယ်။ ဦးအောင်ကြီး၊ ဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည် ဆိုတဲ့ ခေါင်းဆောင် သုံးယောက် အဖွဲ့တွေထဲက တစ်ဖွဲ့မှာ ၁၂ ယောက် (လို့ ထင်ပါတယ်၊ အသေအချာ မမှတ်မိတော့ပါဘူး) စီ ပါဝင်ပြီးတော့ ပေါင်း ၃၆ ဦးနဲ့ ဖွဲ့ခဲ့ပါတယ်။ ဦးအောင်ကြီးနဲ့ ဦးတင်ဦးတို့ နှစ်ယောက်ပေါင်း အဖွဲ့ကို ကြည့်ရင်တော့ တပ်မှူးဟောင်းများ အများစု ပါဝင်ပါ တယ်။ ဒေါ်အောင်ဆန်းစုကြည်ဘက်ကတော့ ရုပ်ရှင် မင်းသား အောင်လွင်တို့ ဒေါ်မြင့်မြင့်ခင်နဲ့ ဦးကိုယုတို့ အပြင် ဒေါက်တာ တင်မျိုးဝင်း၊ ဒေါက်တာ သက်မင်း စတဲ့ ပုဂ္ဂိုလ်တွေ ပါပါတယ်။

ပါတီ ဖွဲ့စည်းပြီး ဗဟို ကော်မတီဝင်များ ရွေးချယ် သတ်မှတ်ပြီးတဲ့အခါ ပါတီရဲ့ ခေါင်းဆောင်များက တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ စည်းရုံးရေး ခရီး ထွက်ကြရန် ဆုံးဖြတ်ကြပါတယ်။ အဲဒီ ဆုံးဖြတ်ချက်အရ ဦးအောင်ကြီးဟာ အညာဒေသ စည်းရုံးရေး ခရီးစဉ်အဖြစ် မန္တလေး/မိုးကုတ်ဘက်ကို ထွက်ခွာသွားပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း အောက်တိုဘာလလယ်လောက်က စပြီး အညာ ခရီးစဉ် စဖို့ ဆုံးဖြတ်လိုက်ပါ တယ်။ အဲဒီလို ဆုံးဖြတ်ပြီးတဲ့နောက်မှာ သူ့စည်းရုံးရေး ခရီးစဉ်ကို အထောက်အကူ ပြုနိုင်ဖို့အတွက် အရာရှိ ဟောင်း တစ်ယောက် တွဲပေးဖို့ ဒေါ်အောင်ဆန်းစုကြည်က ဦးတင်ဦးထံကို တောင်းဆိုပါတယ်။

အဲဒီ တောင်းဆိုမှုကြောင့် ဦးတင်ဦးကြီးက ကျွန်တော်နဲ့ ကိုစိန်သောင်းကို ခေါ်ပြီးတော့ ဒေါ်အောင်ဆန်း စုကြည်ရဲ့ စည်းရုံးရေး ခရီးစဉ်ကို အောင်မြင်ဖို့အတွက် အကူအညီပေးကြဖို့ အမိန့်ပေးပါတယ်။ ဒါ့ကြောင့် ကျွန်တော်နဲ့ ကိုစိန်သောင်းတို့ကို ဦးတင်ဦးကြီးက ဒေါ်အောင်ဆန်းစုကြည်ဆီ ခေါ် သွားပါတယ်။ ဒေါ်အောင်

ဆန်းစုကြည်ဆီ ရောက်တဲ့အခါမှာ နေရာ အခက်အခဲရှိလို့ ဆိုပြီးတော့ တစ်ယောက်ပဲ လိုက်ဖို့ ပြောပါတယ်။ ဒါ့ကြောင့် ဦးတင်ဦးက "ကဲ ဗိုလ်ထိန်၊ မင်းပဲ လိုက်သွားတော့" ဆိုပြီး ဆုံးဖြတ်လိုက်ပါတယ်။ ဒီလိုနဲ့ စည်းရုံးရေး ခရီးစဉ် ထွက်တဲ့ ဒေါ်အောင်ဆန်းစုကြည်ဆီမှာ ကျွန်တော် တွဲဖက် ရောက်သွားပါတော့တယ်။

## ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပထမဦးဆုံး စည်းရုံးရေး ခရီးစဉ်

သူ့ရဲ့ ပထမဦးဆုံး စည်းရုံးရေး ခရီးစဉ်ရဲ့ ပထမရက် အစီအစဉ်ဟာ ရန်ကုန်က ထွက်ပြီး ပြည်လမ်းအတိုင်း ပဲခူးတိုင်း အနောက်ခြမ်းက မြို့တွေကို ဖြတ်ပြီး ပြည်မြို့မှာ ညအိပ် ရပ်နားမယ့် အစီအစဉ်ပါ။ ကားသုံးစီး ပါပါတယ်။ ပထမကားမှာ လူလေးယောက် ပါပါတယ်။ ကားပိုင်ရှင် မျိုးသိမ်း ကိုယ်တိုင် မောင်းပါတယ်။ နို့နှစ်ရောင် တိုယိုတာ ဆလွန်း နံပါတ် ၈/၁၅၁၅ ပါ။ ရှေ့ခန်းမှာ မျိုးသိမ်းက ကားမောင်းပြီး သူ့ဘေးမှာ ဆရာ စိန်ဝင်း ထိုင်ပါတယ်။ နောက်ခန်းမှာတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ မသီဂီတို့ပါ။ နောက်ကားတစ်စီးကတော့ တိုယိုတာ ဟိုင်းလပ်စ် အစိမ်းနုရောင်ပါ။

ကားမောင်းတဲ့လူက အောင်အောင်လေး၊ ဘေးမှာတော့ ကျွန်တော်နဲ့ အောင်ကျော်ဦး၊ တစ်ခါတလေ ကိုမော်၊ တစ်ခါတလေ အောင်အောင်ကြီးတို့ စီးကြပါတယ်။ အမိုး တပ်မထားတဲ့ နောက်ခန်းမှာတော့ လုံခြုံရေး လိုက်ပါတဲ့ သုံးရောင်ခြယ်က လူငယ်တွေပါ။ တစ်ခါတလေ ရှစ်ယောက်၊ တစ်ခါတလေ ကိုးယောက် ပါပါတယ်။ နောက်ကားတစ်စီးကတော့ တိုယိုတာ ဟိုင်းလပ်စ် အဖြူရောင်ပါ။ အဲဒီကားမှာတော့ ကားဆရာအပြင် စာရေးဆရာ ကိုမိုးသူ၊ စာရေးဆရာမ မသီတာ (စမ်းချောင်း)၊ ဒေါ်နွဲ့နွဲ့ (စာရေးဆရာ တင်ဆွေမိုး ခေါ် ကိုမြင့်ဆွေရဲ့ ဇနီး) နဲ့ ပြန်ကြားရေး လူငယ်တွေ လိုက်ပါလာပါတယ်။

ကြိုတင် စီစဉ်တဲ့အတိုင်း လမ်းမှာ တွေ့တဲ့ မြို့လေးတွေဖြစ်တဲ့ မှော်ဘီ၊ တိုက်ကြီး၊ သာယာဝတီမြို့ တွေမှာ NLD လို့ ခေါ်ရမယ့် လူစုလူဝေးတွေ တွေ့ဆုံ မိတ်ဆက် စကားပြောပါတယ်။ အဲဒီမြို့တွေကို ဝင်တဲ့ အခါ မြို့အဝင်ဂိတ်တွေမှာ စပြီး အတားခံရပါတယ်။ တားရုံတင်မက လူနာမည် စာရင်း၊ မှတ်ပုံတင် အမှတ် စတဲ့ အချက်အလက်တွေ တောင်းပါတယ်။ အဲဒီအခါမှာ ကျွန်တော်ကပဲ ဒိုင်ခံပြီး ပြဿနာတွေကို ရင်ဆိုင် ဖြေရှင်းရပါတယ်။ မြို့တိုင်းလိုလို အုပ်ချုပ်ရေး တာဝန်ခံတွေဟာ ဗိုလ်ကြီးတွေ၊ ဗိုလ်မှူးတွေမို့ ကျွန်တော်က လည်း ဘယ်သူဘယ်ဝါ ဆိုတာ ရှင်းပြ မိတ်ဆက်ပြီး ချော့ချီတစ်ခါ၊ ခြောက်ချီတစ်လှည့်နဲ့ ရင်ဆိုင် ဖြတ်ကျော် ရပါတယ်။

## လူတွေရဲ့ စိတ်ဝင်စားမှု

မှတ်မှတ်ရရ ကြို့ပင်ကောက်မြို့ကို ရောက်တော့ ဒေါ်စု စီးလာတဲ့ကားက ဘီးပေါက်ပါတယ်။ ဒါ့ကြောင့်မို့ ကျွန်တော်တို့ တစ်ဖွဲ့လုံး ကားပေါ်က ဆင်းပြီး မောင်မျိုးသိမ်းက လေထိုး ကျွတ်ဖာဆိုင် သွားရှာပြီး သူ့ဘီးကို ပြင်ဖို့ ထွက်သွားပါတယ်။ အချိန်က မနက် ၁၀ နာရီလောက် ရှိပါပြီ။ အနီးနားမှာ လက်ဖက်ရည်ဆိုင် တစ်ခု ရှိလို့ ဒေါ်အောင်ဆန်းစုကြည်ကို ဆိုင်ထဲမှာ ခဏ ဝင်ထိုင်ရင်း နားဖို့ ပြောရပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ဆိုင်မှာ ခဏ ဝင်နားပြီး မကြာခင်မှာပဲ လက်ဖက်ရည်ဆိုင်ထဲကို လူတွေ တစ်ယောက်ပြီး တစ်ယောက် ရောက် လာကြပါတယ်။

လူကြီးတွေ၊ ကလေးတွေ၊ မိန်းမတွေ၊ ဘုန်းကြီးနဲ့ သီလရှင်တွေပါ မကျန်ပေါ့။ သူတို့ ရောက်လာတဲ့ အဓိက အကြောင်းရင်းက "အောင်ဆန်းစုကြည် ရောက်နေတယ် ဆိုလို့ ကြည့်ချင်လို့ပါ" ဆိုပြီး ရောက်လာကြ

တာပါ။ အဲဒီအခါမှာ ကျွန်တော် အတော့်ကို အံ့ဩသွားမိပါတယ်။ ဒေါ်အောင်ဆန်းစုကြည် အပေါ် လူထု စိတ်ဝင်စားမှုဟာ တော်တော် အင်အား ကြီးမားပါလားလို့ သိလိုက်ရပါတယ်။ အဲဒီနေ့ ညနေ ပြည်ကို ရောက်တော့လည်း အဲဒီလိုပါပဲ။ သူ တည်းခိုနေတဲ့အိမ်ကို ညမှောင်နေတာတောင် လူတွေက လာပြီး "ထွက်ပြပါဦး၊ ကြည့်ချင် မြင်ချင်လို့ပါ" ဆိုပြီး အလျှာမျိုးစုံကနေပြီး လာကြပါတယ်။ သူကလည်း ထွက်တွေ့ပြီး လာတဲ့သူတွေ မေးတဲ့ မေးခွန်းတွေကို ဆီလျော်တဲ့ အဖြေတွေ ပြန်ပေးနိုင်တာ တွေ့ရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ စည်းရုံးရေး ခရီးစဉ် ပထမဦးဆုံးနေ့မှာပဲ ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်လို့ အောက်ဖော်ပြပါ အကြောင်းအရာများကို သဲသဲကွဲကွဲ သိမြင်လိုက်ရပါတယ်။

- တစ်နေ့တာ လုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီး ချမှတ်ထားတဲ့ အချိန်ဇယားအတိုင်း ကိုက်ညီအောင် အတတ်နိုင်ဆုံး ကြိုးစား ဆောင်ရွက်နိုင်ခဲ့တယ်။
- လူထုနဲ့ တွေ့ဆုံပွဲတွေမှာ ဆွေးနွေးသမျှ မေးမြန်းသမျှတွေကို ရိုးရိုးရှင်းရှင်းနဲ့ ပြန်လည် တုံ့ပြန်ခဲ့တယ်။ စိတ်သဘောထား ရိုးဖြောင့်တယ်ဆိုတာ ထင်ရှားပါတယ်။
- လူထုအများကို ဆွဲဆောင်နိုင်တဲ့ စွမ်းအား ရှိတယ်။
- ခေါင်းဆောင်မှု အရည်အချင်း ရှိတယ်လို့ တွေ့မြင်ရပါတယ်။

အဲဒီ အချက်တွေကို တွေ့မြင်ရတဲ့အတွက် ကျွန်တော်ဟာ သူ့နိုင်ငံရေး လုပ်ငန်းတွေ အောင်မြင်ဖို့ တတ်နိုင်သမျှ ပံ့ပိုးပေးမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

## မန္တလေးက အဘ ဦးညီပု၊ အမေ ဒေါ်နင်းတို့ရဲ့ အိမ်

စည်းရုံးရေး ခရီးစဉ်ရဲ့ ပထမနေ့မှာ ပြည်မြို့မှာ ညအိပ် ရပ်နားပါတယ်။ ပြည်မြို့ကမှတစ်ဆင့် တောင်တွင်းကြီး၊ မကွေး၊ ပခုက္ကူ၊ ပုဂံ၊ ညောင်ဦး၊ မိတ္ထီလာနဲ့ မန္တလေးအထိ ခရီးဆက်ပါတယ်။ စည်းရုံးရေး ခရီးစဉ်အတွင်းမှာ မြို့တိုင်းမှာ တွေ့ရတာက မြို့နယ်အဆင့်တိုင်းကို တပ်မတော်က အရာရှိတွေက အုပ်ချုပ်ရေး တာဝန် ယူထားကြပါတယ်။ ဒါ့ကြောင့် ရောက်တဲ့ နေရာတိုင်းမှာ ပြဿနာ အမျိုးမျိုး ရှာခံကြရပါတယ်။ ပြဿနာတိုင်းကို ကျွန်တော်က ဒိုင်ခံ ဖြေရှင်းရတဲ့အတွက်ကြောင့် ကျွန်တော်ဟာ နဝတရဲ့ ငြိုငြင်မှုကို ခံရပါတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ စည်းရုံးရေး ခရီးစဉ် အောင်မြင်အောင် ကျွန်တော်က ပံ့ပိုး ကူညီခဲ့တယ်။ ဒီအချက်ဟာ သူတို့အဖို့ ခွင့်မလွှတ်နိုင်တဲ့ အပြစ်ကြီးပေ့ါ။

မန္တလေးကို ရောက်တဲ့အခါ ကျွန်တော်တို့ အဖွဲ့က လူအင်အား ၂၀ လောက် ရှိတာပါ။ အဲဒီ အဖွဲ့ကို ဘယ်ဘုန်းကြီးကျောင်းကမှ တည်းခိုဖို့ လက်မခံရဲကြပါ။ တည်းခိုခန်း/ဟိုတယ်တွေမှာ တည်းဖို့လည်း ကျွန်တော်တို့မှာ ရန်ပုံငွေ အလုံအလောက် မရှိပါ။ နောက်ဆုံးတော့ ကယ်တင်ရှင် ပေါ်လာပါတယ်။ အဲဒီ မိသားစုကတော့ "ငွေမြင်းပျံ လက်ဖက်စို၊ လက်ဖက်ခြောက် လုပ်ငန်း" ပိုင်ရှင်များ ဖြစ်ကြတဲ့ အဘ ဦးညီပုနဲ့ အဘွား ဒေါ်နင်းတို့ မိသားစုပါပဲ။

ကိုမိုးသူကတော့ မန္တလေးသား ဖြစ်လို့ သူနဲ့ သူ့အဖွဲ့ အတွက် နေစရာ မရှားပါဘူး။ လူကြီး ဆိုလို့ ကျွန်တော်ရယ်၊ ဒေါ်အောင်ဆန်းစုကြည်ရယ်၊ မသိဂီရယ် ရှိပြီး လုံခြုံရေးလိုက်တဲ့ သုံးရောင်ခြယ် လူငယ်တွေက ၁၀ ယောက်လောက် ရှိမှာပါ။ ကျွန်တော်နဲ့ လူငယ်တွေက ဦးညီပုတို့ အိမ်ရဲ့ အပေါ်ထပ် ဘုရားခန်းမှာ တစ်ပြေးညီ အိပ်ကြရပါတယ်။



၁၉၈၈ ခုနှစ်၊ နိုဝင်ဘာလ၌ မန္တလေးမြို့၊ ဘဘ ဦးညီပုနဲ့ အမေနင်း၊ သမီး လှိုင်မိုးသန်း (ကွယ်လွန်) တို့၏ အိမ်တွင် ဒေါ်အောင်ဆန်းစုကြည်နဲ့ သုံးရောင်ခြယ် အဖွဲ့ အားမနာတမ်း တည်းခိုခဲ့ကြစဉ်က။

---

ဦးညီပုတို့အိမ်ရဲ့ ပတ်ပတ်လည်မှာတော့ ရဲရယ်၊ စစ်တပ်ရယ်၊ စစ်ထောက်လှမ်းရေး အဖွဲ့တွေရယ်၊ ရဲသတင်းတပ်ဖွဲ့က လူတွေရယ် ပတ်ပတ်လည် ဝိုင်းလို့ပါ။ ဦးညီပု မိသားစုဟာ နိုင်ငံရေးအရ ပတ်သက်မှု မရှိခဲ့သော်လည်း ဒေါ်အောင်ဆန်းစုကြည်ကို ဗိုလ်ချုပ် အောင်ဆန်း သမီး အဖြစ်နဲ့ မေတ္တာထားလို့ တည်းခိုခွင့်ပြုခဲ့တာပါ။ တစ်ဖွဲ့လုံးဟာ ဦးညီပု အိမ်ကို အခြေပြုပြီး စစ်ကိုင်းတိုင်း၊ ကချင် ပြည်နယ်နဲ့ အရှေ့မြောက် ရှမ်းပြည်နယ် တစ်ခွင်ကို ထောင်းလမောင်း ထအောင် သွားခဲ့ကြပါတယ်။ ဦးညီပုတို့ မိသားစု ကျေးဇူးကြီးလှပါပေတယ်။ ဦးညီပုကတော့ ဒေါ်အောင်ဆန်းစုကြည် ပထမအကြိမ် အကျယ်ချုပ် ကာလမှာပဲ ကွယ်လွန်သွားခဲ့ပြီး အဘွား ဒေါ်နင်းကတော့ ယနေ့အထိ အသက် ၉၂ နှစ် အရွယ် ကျန်းမာနေတုန်းပဲဖြစ်ပါတယ်။

## မိုးကုတ်

မိုးကုတ်နဲ့ ဒေါ်အောင်ဆန်းစုကြည်ကတော့ အစတည်းက တစ်သားတည်းလို့ ပြောရမှာပါ။ မိုးကုတ် မရောက်ခင် ကြပ်ပြင်ကို ရောက်ကတည်းက လူတွေ၊ ကားတွေ ကြိုလိုက်ကြတာ ဝက်ဝက်ကွဲပါပဲ။ မိုးကုတ်မြို့ ဝင်တော့လည်း တည်းခိုမယ့် နေရာ ရောက်တဲ့အထိ လူအုပ်ကြီးက ပျားပန်းခပ်မျှ ကြိုဆိုကြပါတယ်။ "ဒေါ်အောင်ဆန်းစုကြည် ကျန်းမာပါစေ" ဆိုတဲ့ အသံတွေကတော့ လှိုင်နေအောင် ကြားနေရပါတယ်။ ရန်ကုန်က ထွက်ခါစက ဆရာ စိန်ဝင်းက ဒေါ်စုရဲ့ ကားရှေ့ခန်းထဲမှာပါ။ သူက မိတ္ထီလာ သပိတ်မှာ ကောလိပ် ကျောင်းဆရာ အဖြစ် ပါခဲ့ပြီး ဒေါ်စုဆီ ရောက်လာတာပါ။

မိတ္ထီလာ ရောက်တော့ သူ့မိသားစု ရှိလို့ ကျန်နေခဲ့ပါတယ်။ ကျွန်တော်က ဒေါ်စုကား ရှေ့ခန်းမှာ လိုက်စီးရပါတယ်။ မိုးကုတ်မြို့ကို ဝင်တော့ လူထု မြင်ရအောင် ကားမှန်တွေ ချထားပါတယ်။ မိုးကုတ် ပရိသတ်ကြားထဲမှာ ကားကို ဖြည်းဖြည်း မောင်းတဲ့အခါမှာ ကားအရှေ့ခန်းကိုရော၊ အနောက်ခန်းကိုရော ပိုက်ဆံတွေ

အထုပ်လိုက် ပစ်ထည့်တာ မိုးကုတ်ရဲ့ ထူးခြားချက်ပါပဲ။ မိုးကုတ်မှာ တစ်ညအိပ် နှစ်ရက် နေတဲ့အခိုက်မှာ မိုးကုတ်သူ၊ မိုးကုတ်သားတွေက NLD အတွက် စာပုံနှိပ်စက် ဝယ်ဖို့ ငါးသိန်းအပြင် အရပ်ရပ် အလှူငွေ နှစ်သိန်းကျော် ရခဲ့ပါတယ်။

ဒီပိုက်ဆံတွေကို ရန်ကုန် ပြန်ရောက်တော့ ဘဏ္ဍာရေးမှူး ဦးလွင်ကို ကျွန်တော် အပ်ပါတယ်။ ဦးလွင်က "ကျန်တဲ့လူတွေတုန်းကတော့ တစ်ပြားတစ်ချပ်မှ မရဘူး၊ ဗိုလ်ထိန်နဲ့ကျမှ ရန်ပုံငွေ နှစ်သိန်းကျော် ရတယ်ကွ" လို့ မှတ်ချက်ပေးပါတယ်။ နောက်ပိုင်းမှာ ဒေါ်အောင်ဆန်းစုကြည် မိုးကုတ်ကို လာတိုင်း မိုးကုတ်လူထုကတော့ ဘယ်တော့မှာ လျော့နည်းသွားလေ့မရှိဘဲ အမြဲတမ်း တစ်ခဲနက် ကြိုဆိုလေ့ရှိကြပါတယ်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာလည်း ဒီအတိုင်းပါပဲ။

## မိုးကုတ်မြို့က အမာခံများ

ဒေါ်အောင်ဆန်းစုကြည်ရဲ့ မိုးကုတ် ခရီးစဉ် အောင်မြင်အောင် အဓိက စီစဉ်သူကတော့ ဦးအောင်ကျော် ဖြစ်ပါတယ်။ ဦးအောင်ကျော် မိသားစုဟာ မိုးကုတ်မြို့က အစဉ်အဆက် ချမ်းသာတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ မိုးကုတ်မြို့မှာ ချမ်းချမ်းသာသာ နေနိုင်ရုံတင်မက ရန်ကုန်မှာလည်း အိမ်တွေ အမြောက်အမြား ရှိပါတယ်။ ဒေါ်အောင်ဆန်းစုကြည် မိုးကုတ်မြို့ကို ရောက်မယ့် အချိန်မှာ မိုးကုတ်မြို့ရဲ့ မဝတ ဥက္ကဋ္ဌ ဗိုလ်မှူး မြို့မှာ မရှိဘဲ ခရီးထွက်နေပါသတဲ့။ ဒါ့ကြောင့်မို့ ထင်ရဲ့၊ ပုဒ်မ ၁၄၄ ထုတ်ထားတဲ့အချိန်မှာ တစ်မြို့လုံးလိုလို ဒေါ်စုကို ထွက်ကြိုကြတာပါ။

ဦးအောင်ကျော်က မြို့မှာ သြဇာရှိသလို မြို့ခံတစ်ဦး ဖြစ်တဲ့ ဒေါ်မေနှင်းကြည် (ခ) ဒေါ်နီဟာလည်း မြို့မှာ သြဇာရှိသူ တစ်ယောက် ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို မိုးကုတ်က တစ်ခဲနက် ကြိုတာကို မကျေနပ်လို့ တိုင်းမှူး အမိန့်နဲ့ ဦးအောင်ကျော်ကို ဖမ်းပြီး ထောင်ချပါတယ်။ ဒါ့ကြောင့် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာ ကိုယ်စားလှယ်လောင်း အဖြစ် ဒေါ်နီကို စာရင်းပေးတဲ့အခါ သူဟာ အလွယ်တကူ အရွေးခံခဲ့ရပါတယ်။

ရွေးကောက်ပွဲ နိုင်တဲ့ ပုဂ္ဂိုလ်တွေကို နဝတက အစုလိုက် အပြုံလိုက် ဖမ်းတဲ့အခါမှာ ဒေါ်နီလည်း အဖမ်းခံရပါတယ်။ ထောင်က လွတ်လာတဲ့အခါမှာ ဒေါ်နီဟာ ကျန်းမာရေးကြောင့် အရွေးမခံတော့သော်လည်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ တက္ကသိုလ် ရိပ်သာလမ်းက အိမ်ကို စီမံ ခန့်ခွဲ နေခဲ့တာ ယနေ့ အထိပါပဲ။ ဦးအောင်ကျော်ကတော့ ကွယ်လွန်သွားပါပြီ။ ၁၉၈၉ ခုနှစ် ဒေါ်စု ခရီးစဉ်မှာ တက်တက်ကြွကြွ ပါဝင်ခဲ့တဲ့ ကိုမင်းသူကတော့ ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲမှာ နေပြည်တော် မြို့နယ် တစ်ခုက အရွေးခံရပြီး ၂၀၁၅ ခုနှစ် အစိုးရ အသစ် ဖွဲ့ပြီးတဲ့အခါမှာတော့ သူဟာ နေပြည်တော် စည်ပင်သာယာရေး ကော်မတီဝင် တစ်ဦး အဖြစ် တာဝန် ထမ်းဆောင်နေပါတယ်။ အဲဒီတုန်းက တက်ကြွတဲ့ လူငယ်တစ်ဦး ဖြစ်တဲ့ ကိုနိုင်ငံကျော်ကတော့ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ မိုးကုတ် မြို့နယ်က လွှတ်တော် ကိုယ်စားလှယ်တစ်ဦး အဖြစ် အရွေးခံရပါတယ်။

မိုးကုတ်မှာ ကျွန်တော် သတိထားမိသလောက် ပြောရမယ် ဆိုရင် မိုးကုတ်သူလေးတွေရဲ့ လှပချောမွေ့မှုပါပဲ။ ကျွန်တော် ဒေါ်အောင်ဆန်းစုကြည်နဲ့ မြန်မာပြည် တစ်ခွင် ပြပြစ်အောင် ရောက်ခဲ့ဖူးပါတယ်။ တပ်ထဲမှာ နေတုန်းက သော်လည်းကောင်း၊ တပ်က ထွက်ပြီး စီးပွားရေး လုပ်တုန်းက သော်လည်းကောင်း ပြည်တွင်း နေရာ အနှံ့ ရောက်ခဲ့ဖူးပါတယ်။ မိန်းကလေးတွေ လှတာမှာတော့ မိုးကုတ်က နံပါတ်တစ်လို့

ပြောချင်ပါတယ်။ ဘာ့ကြောင့်ပါလိမ့်လို့ ကျွန်တော် စဉ်းစားတဲ့ အခါမှာ အချက် တစ်ချက်ကို သွားတွေ့ပါ တယ်။

ဒါက ဘာလဲဆိုတော့ မိုးကုတ်သူ၊ မိုးကုတ်သားတွေက အစဉ်အဆက် ပတ္တမြား၊ နီလာ၊ ကျောက် လုပ်ငန်းတွေ လုပ်ပါတယ်။ သူတို့က ငါးပါးသီလ လုံမှ ကျောက်အောင်လေ့ရှိတယ်လို့ ယုံကြည်ကြသူတွေပါ။ ဒါ့ကြောင့် တခြားမြို့တွေနဲ့စာရင် မိုးကုတ်သူ၊ မိုးကုတ်သားတွေက ဘုရား တရား အလုပ်မှာ သော်လည်း ကောင်း၊ ငါးပါးသီလ လုံရာမှာ သော်လည်းကောင်း သူများထက် သာတယ်လို့ တွေ့ရှိရပါတယ်။ ဒါ့ကြောင့် မိုးကုတ်သူလေးတွေက တခြား မြို့သူလေးတွေထက် ပိုလှတယ် ဆိုတာ ငါးပါးသီလ လုံကြလို့ပဲလို့ ကျွန်တော် ကောက်ချက်ချမိပါတယ်။

## ဦးအောင်ကြီးနဲ့ လမ်းခွဲပြီ

ဦးအောင်ကြီးက ဒေါ်အောင်ဆန်းစုကြည်ထက် စောပြီး မန္တလေး၊ မိုးကုတ် ခရီးစဉ်က ပြန်ရောက်ပါတယ်။ ရန်ပုံငွေတွေလည်း ရခဲ့တယ်လို့ သိရပါတယ်။ ဘယ်လောက် ရခဲ့တယ် ဆိုတာ ဘယ်သူမှ မသိရပါ။ ဒေါ် အောင်ဆန်းစုကြည်လည်း အညာခရီးစဉ်က ပြန်ရောက်ပြီးလို့ မကြာခင်မှာ ဦးအောင်ကြီးက ဒေါ်အောင်ဆန်း စုကြည်ကို လိပ်စာတပ်ပြီး အိတ်ဖွင့်ပေးစာ တစ်စောင် ပေးပါတယ်။ စာထဲမှာ ပါတဲ့ အကြောင်းအရာကတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အုပ်စုနဲ့ ပါလာတဲ့ ဗဟိုကော်မတီဝင် တစ်ချို့ဟာ ကွန်မြူနစ်တွေ ဖြစ်တဲ့အတွက် ဒီမိုကရေစီ လမ်းကြောင်း ချိတက်မယ်လို့ ကြွေးကြော်ခဲ့တဲ့ NLD အနေနဲ့ ရေရှည်မှာ အန္တရာယ် ရှိကြောင်း၊ ဒါ့ကြောင့် သူတို့ကို အရေးယူဖို့ တောင်းဆိုကြောင်း သဘောတွေ ပါပါတယ်။ အစကတည်းက ယဉ်သကိုပေါ့။

## မဲခွဲ ဆုံးဖြတ်ပြီ

အဲဒီစာကို အကြောင်းပြုပြီးတော့ ဗဟိုကော်မတီ အရေးပေါ် အစည်းအဝေး ခေါ်ယူပါတယ်။ အဲဒီ အစည်းအဝေး မှာ ဦးအောင်ကြီး အုပ်စုက ပါတဲ့ ဗိုလ်မှူးကြီး ကြည်မောင်က အဆိုတစ်ခု တင်ပါတယ်။ သူ့အဆိုက ဦးအောင် ကြီး စွပ်စွဲတာ ခံရတယ်တဲ့ ပုဂ္ဂိုလ်တွေက သူတို့ တစ်ဦးချင်းကို စွပ်စွဲတာ မှန်မမှန် တစ်ဦးချင်း တင်ပြပါစေ၊ အဲဒီလို တင်ပြပြီးရင် ဗဟိုကော်မတီဝင် အားလုံးက ဦးအောင်ကြီးရဲ့ အဆိုကို ထောက်ခံသည် မထောက်ခံသည် မဲခွဲ ဆုံးဖြတ်ပါစေ။ မဲခွဲလို့ ရှုံးရင် ရှုံးတဲ့အဖွဲ့က ထွက်သွားပြီး နိုင်တဲ့အဖွဲ့က NLD အဖြစ် ဆက်လက် လှုပ်ရှားပါ စေလို့ တင်ပြပါတယ်။

အားလုံးက သဘောတူတဲ့ အတွက် ဒုတိယနေ့မှာ မဲခွဲ ဆုံးဖြတ်ပါတယ်။ အဲဒီလို မဲခွဲ မဆုံးဖြတ်မီ စွပ်စွဲ ခံရသူတွေက တစ်ဦးချင်း ထပြီး သူတို့ရဲ့ ရပ်တည်ချက်တွေကို တစ်ဦးချင်း တင်ပြပါတယ်။ အဓိက အချက် တွေကတော့ သူတို့ကို ဦးအောင်ကြီး စွပ်စွဲသလို ကွန်မြူနစ်များ မဟုတ်ကြကြောင်း၊ သို့သော် ဆိုရှယ်လစ် စနစ်ကိုတော့ စိတ်ပါဝင်စားကြကြောင်း ပြောကြားသွားကြပါတယ်။

အဲဒီလို တစ်ဦးချင်း ထပြီး ပြောတဲ့ ပုဂ္ဂိုလ်တွေကတော့ ကျွန်တော် မှတ်မိသလောက် ပြောရမယ် ဆိုရင် ဦးဝင်းတင်၊ ဦးအောင်လွင်၊ ဒေါ်မြင့်မြင့်ခင်၊ ဦးကိုယုံ၊ မုံရွာ ဦးတင်ရွှေ၊ ဦးဝင်းခက်၊ ဦးမိုးသူ၊ ဦးသော်က (ဗိုလ်မှူး ဘသော်) နဲ့ ပိသုကာ ဦးကျော်မင်းတို့ ဖြစ်ပါတယ်။ ဒုတိယနေ့ မဲခွဲတော့ ဒေါ်အောင်ဆန်းစုကြည် အုပ်စု တစ်ဖွဲ့လုံးနဲ့ ဦးတင်ဦး အဖွဲ့ တစ်ဖွဲ့လုံးက ဦးအောင်ကြီး အဆိုကို ကန့်ကွက်မဲ ပေးခဲ့ကြပါတယ်။ ထူးခြားချက် က ဦးအောင်ကြီး အုပ်စုက ဗိုလ်မှူးကြီး ကြည်မောင်ဟာ ဦးအောင်ကြီးကို မထောက်ခံပဲ ကန့်ကွက်မဲ ပေးခဲ့ပါ

တယ်။ ဒါ့ကြောင့် ဦးအောင်ကြီးကို ထောက်ခံသူ ၁၁ မဲ၊ ဦးအောင်ကြီးကို မထောက်ခံသူ ၂၄+၁၊ စုစုပေါင်း ၂၅ မဲနဲ့ ဦးအောင်ကြီး ရှုံးသွားပါတယ်။

အဲဒီကိစ္စ ပြီးတဲ့အခါမှာ ဦးအောင်ကြီးဟာ သီးသန့် ပါတီတစ်ခု ထောင်ပါတယ်။ UNDP လို့ အတိုကောက် ရပါတယ်။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာတုန်းကတော့ တစ်နိုင်ငံလုံး နေရာပေါင်း ၃၀၀ ကျော် ဝင်ခဲ့ပါတယ်။ တစ်နေရာမှ မနိုင်ခဲ့ပါဘူး။ ဦးအောင်ကြီးရဲ့ အုပ်စုထဲက ဗိုလ်မှူးကြီး ကြည်မောင်က သူနဲ့ ဗိုလ်ချုပ် အောင်ကြီး တို့ဟာ ၁၉၃၉ ခုနှစ်လောက်က စပြီး ကျောင်းသား ခေါင်းဆောင်များ အဖြစ် တွေ့ဆုံ ခင်မင်ခဲ့ကြပါတယ်။ ၁၉၈၉ ခုနှစ် NLD ကိစ္စကျမှပဲ နှစ်ပေါင်း ၅၀ ခင်မင်ခဲ့တဲ့ မိတ်ဆွေဘဝဟာ ပြီးဆုံးသွားခဲ့တယ်လို့ စိတ်မကောင်း စွာ မှတ်ချက်ချခဲ့ပါတယ်။

## ပြုတ်စရယ်နဲ့မှ အိုဖျင်းတောင်း

သိကြတဲ့အတိုင်းပဲလေ၊ NLD စဖွဲ့ပြီ ဆိုကတည်းက ခေါင်းဆောင် ဦးအောင်ကြီး၊ ဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်း စုကြည်တို့ ခေါင်းဆောင်တော့ ပါတီဝင် လျှောက်တဲ့သူတွေ သောက်သောက်လဲ၊ တစ်နိုင်ငံလုံး၊ မြို့အသီးသီး မှာ ရှိနေတဲ့ ရှစ်လေးလုံး အရေးတော်ပုံမှာ ပါခဲ့တဲ့ လူအများစုဟာ NLD ကို ဝင်လာကြပါတယ်။ လူကြီး၊ လူငယ်၊ ကျောင်းသား၊ တချို့ ဦးဇင်းတွေ ဆိုရင် ဦးဇင်းဝတ်နဲ့ NLD ဝင်လို့ ရ/မရ လာမေးတဲ့ ဆရာတော်တွေ တောင် ရှိပါတယ်။

ရန်ကုန်၊ မန္တလေး မြို့ကြီးတွေမှာ ပိုများတာပေါ့။ မြို့နယ်တိုင်းလိုလိုကလည်း NLD ဝင်ချင်တဲ့သူတွေ တစ်ပုံကြီးဆိုတော့ မူအရ အားလုံးကို လက်ခံရတာပေါ့။ လူမျိုး မရွေး၊ ဘာသာ မရွေး၊ ကျား/မ မရွေး အားလုံး ကို လက်ခံခဲ့ပါတယ်။

ဦးအောင်ကြီး ထွက်သွားတော့လည်း NLD ကို ဝင်လာတဲ့သူ များမြဲများဆဲပါပဲ။ ဦးအောင်ကြီး ပါနေလို့ မယုံမရဲ ဖြစ်ပြီး တုံ့ဆိုင်းနေတဲ့ လူတွေပါ အင်တိုက်အားတိုက် ဝင်လာကြပါတယ်။ အဲဒီလို လက်ခံတဲ့အခါ ကျတော့ ဘယ်သူဟာ ဘယ်သူလဲ ဆိုတာ ခွဲခြား မသိနိုင်ခဲ့ပါ။ အုတ်အရောရော၊ ကျောက်အရောရော ဆို သလို လူမျိုးစုံ ဝင်လာတော့ အချိန်တန်တဲ့အခါ သူတို့ဇာတိ ပေါ်လာစမြဲပါ။ ဖုန်းမရ၊ ဖိမရ ဖြစ်ပြီး ပေါ်လာတဲ့ ကိစ္စတွေ ရှိသလို ကြိတ်ဖြစ်နေတဲ့ ကိစ္စတွေလည်း ရှိမှာမလွဲပါ။

## ခပ်တည်တည် လာထိုင်တဲ့ ပုဂ္ဂိုလ်

အထင်ရှားဆုံးသော ဥပမာ တစ်ခုကတော့ ရုံးချုပ်မှာ ဖြစ်ခဲ့တာပါ။ အထက် တစ်နေရာမှာ ရေးခဲ့ဖူးသလို ရုံးချုပ် နေရာကို ဒေါ်အောင်ဆန်းစုကြည်နဲ့ နီးစပ်တဲ့ ခြံထဲက တိုက်တစ်လုံးမှာ ဖွင့်ထားပါတယ်။ နှစ်ထပ်တိုက် ဖြစ်တဲ့အတွက် အောက်ထပ်မှာ အထွေထွေ စာပေးစာယူ ဌာနအပြင် ဦးအောင်ကြီး အဖွဲ့က ကိုမောင်မောင် ရုံးထိုင်ပါတယ်။ အပေါ်ထပ်မှာတော့ အိပ်ခန်း သုံးခန်း ရှိရာမှာ ဦးတင်ဦး၊ ဦးအောင်ရွှေ၊ ဦးလွင်တို့က တစ်ခန်း၊ ကိုမိုးသူ၊ ကိုဝံသနဲ့ ဒေါ်မြင့်မြင့်ခင်တို့က တစ်ခန်း၊ နောက်တစ်ခန်းမှာတော့ ဦးဝင်းတင်နဲ့ လူကြီးတစ်ဦး (နာမည် မဖော်ပြလိုပါ) တို့ ရုံးထိုင်ပါတယ်။

အဲဒီလူကြီးက ရှစ်လေးလုံး အရေးတော်ပုံမှာ ပဲခူးတိုင်း အရှေ့ခြမ်း ႏမြို့တစ်မြို့က သပိတ် အဖွဲ့ဝင် တစ်ဦး ဖြစ်ပါတယ်။ သပိတ်ကာလမှာ အဲဒီပုဂ္ဂိုလ်က ရန်ကုန်ကို မကြာခဏ လာပြီး ဦးအောင်ကြီး၊ ဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ဆီ မကြာခဏ လာတွေ့ဖူးပါတယ်။ ဒါ့ကြောင့် ကျွန်တော်က အစ သူ့ကို မျက်မှန်း

တန်းမိနေပါတယ်။ အဲဒီ လူကြီးက ဦးဝင်းတင် အခန်းထဲမှာ စားပွဲ တစ်လုံးနဲ့ ထိုင်ပြီး နယ်က လာတဲ့ NLD ကိုယ်စားလှယ်တွေကို ဆွေးနွေး တိုင်ပင်တာတို့၊ ညွှန်ကြားချက်ပေးတာတို့ လုပ်လေ့ရှိပါတယ်။

အဲဒီလို နယ်က NLD ကိုယ်စားလှယ်တွေကို အဲဒီလူကြီးက လက်ခံ တွေ့ဆုံပြီး ပြောတာတွေ၊ ဆွေးနွေးတာတွေ၊ ညွှန်ကြားတာတွေဟာ ချထားတဲ့ မူဝါဒတွေနဲ့ မကိုက်ညီတာ ကြားသိလာရပါတယ်။ အဲဒီအခါ ဦးဝင်းတင်က သံသယ ဖြစ်လာပါတယ်။ ဦးဝင်းတင် အထင်က အဲဒီပုဂ္ဂိုလ်က ဦးအောင်ကြီး (သို့မဟုတ်) ဦးတင်ဦး အဖွဲ့က လူပေါ့။ ဦးတင်ဦးတို့ကလည်း သူဟာ ဦးဝင်းတင် အခန်းမှာ ထိုင်နေလေတော့ ဦးဝင်းတင်ရဲ့ လူပေါ့။ အဲဒီလို ထင်မှတ်မှားနေခဲ့တာပါ။ ဒီလိုနဲ့ တစ်ပတ်ကနေ နှစ်ပတ်၊ နှစ်ပတ်ကနေ သုံးပတ် ကြာလာတဲ့အခါ သူပြောတာတွေက လမ်းလွဲနေတော့ ဦးဝင်းတင်က ဦးတင်ဦးကို မေးပါတယ်။ အဲဒီလူကြီးကို အန်ကယ်တို့ ဘာတာဝန် ပေးထားသလဲပေါ့။

အဲဒီကျမှ ဦးတင်ဦးကလည်း ခင်ဗျားတို့ (ဦးဝင်းတင်တို့) အဖွဲ့က အောက်မေ့လို့ ဆိုတာ ပြောပါတယ်။ ဒီလိုနဲ့ ဦးဝင်းတင်နဲ့ ဦးတင်ဦးတို့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးတော့မှ ဒီလူကို ဘယ်သူမှ ဘာမှ တာဝန်ပေးမထားပဲ သူ့သဘောနဲ့သူ လာထိုင်ပြီး ခပ်တည်တည်နဲ့ ဝင်ရောနေတာပါ။ ပဲခူးတိုင်းက တာဝန်ရှိတဲ့ သူတွေကို မေးတော့ သူက တစ်ချိန်တုန်းက အစိုးရ အရာရှိကြီး တစ်ယောက် ဖြစ်ခဲ့ဖူးကြောင်း၊ အဲဒီအချိန်မှာ ပင်စင်စား တစ်ယောက် ဖြစ်နေကြောင်း၊ ဒါပေမဲ့ ဦးနှောက် အနည်းငယ် ချို့ယွင်းနေဟန်တူကြောင်း၊ ရုစ်လေးလုံး အရေးတော်ပုံကြီးမှာလည်း သူ့ကိုယ်သူ သပိတ်ခေါင်းဆောင် တစ်ယောက်လို့ လျှောက်ပြောနေလို့ တားမြစ်ခဲ့ရဖူးကြောင်း သိလာရပါတယ်။

အဲဒီအခါကျတော့မှ ညနေပိုင်း လူစဲတဲ့ အချိန်ရောက်တော့မှ ဦးတင်ဦးက အဲဒီပုဂ္ဂိုလ်ကို ညင်ညင်သာသာ ပြောပြီး နောက်နေ့က စလို့ ရုံးမလာတော့ရန်၊ တကယ်လို့ စိတ်ရှိသေးတယ် ဆိုရင်တော့ ကိုယ့်မြို့ကို ပြန်ပြီး လှုပ်ရှားရန်၊ အေးအေးဆေးဆေး ဖျောင်းဖျ ပြောရပါတယ်။ ဒါကြောင့်မို့ အဲဒီလူကြီးက နောက်တစ်နေ့က စပြီး ရုံးကို မလာတော့ပါ။

တကယ်တော့ အဲဒီလူကြီးရဲ့ အဖြစ်ဟာ သနားစရာ ကောင်းပါတယ်။ သပိတ် စိတ်ဓာတ် ရှိပေမဲ့ ဘယ်သူကမှ တာဝန်မပေးဘဲ ရုံးချုပ်မှာ ခပ်တည်တည် လာထိုင်ပြီး နယ်က လာသမျှ NLD ကိုယ်စားလှယ်တွေကို ညွှန်ကြားချက်တွေ ပေးနေတာဟာ ရက်ပေါင်း ၂၀ နီးပါးလောက်ပါ။ အဲဒီလူကြီးကို ကျွန်တော်လည်း သိနေခဲ့တာပါ။ သူ ဂေါက်တောက်တောက် ဖြစ်နေတာကိုလည်း အရေးတော်ပုံ ကာလက ဦးတင်ဦးဆီ လာတွေ့တဲ့ အချိန်ကတည်းက ကျွန်တော် အကဲခတ်မိတာပါ။ အခုတော့လည်း အမလေးဟဲ့ ဖြစ်ရလေခြင်းပေါ့။

## ဒီတစ်ယောက်ကတော့ တစ်မျိုး

အဲဒီလိုပဲ အလားတူ တစ်ခု ဖြစ်ခဲ့တာကတော့ ပဲခူးတိုင်းကပါ။ အဲဒီတုန်းက ပဲခူးတိုင်း NLD ဥက္ကဋ္ဌ/တာဝန်ခံက ဗိုလ်မှူးကြီးဟောင်း မင်းညီ ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ပထမဦးဆုံး အကြိမ် ပဲခူးတိုင်း အနောက်ပိုင်း စည်းရုံးရေး ထွက်စဉ်က ဗိုလ်မှူးကြီး မင်းညီ ပါပါတယ်။ သူနဲ့အတူ ပဲခူးတိုင်း NLD တိုင်းဦးစီး အဖွဲ့ဝင် ပုဂ္ဂိုလ် တစ်ယောက် ပါပါတယ်။ အဲဒီ ကောင်လေးက အသက် ၃၀ ကျော်လောက် ရှိမှာပါ။ အရုပ်အမောင်း ကောင်းပြီး အသားဖြူတဲ့အတွက် လူချော တစ်ယောက်လို့တောင် ပြောရပါမယ်။

ဒေါ်စု ခရီးစဉ်မှာ လိုက်တဲ့ မော်တော်ကား Convoy အစီအစဉ်မှာ နံပါတ်တစ် ဒေါ်စုကား၊ နံပါတ်နှစ်က လုံခြုံရေးကား၊ နံပါတ်သုံးက ပြန်ကြားရေးကား ဖြစ်ပါတယ်။ သူတို့ပြီးမှ NLD တိုင်းဥက္ကဋ္ဌ စီးတဲ့ကား ဖြစ်ပါ

တယ်။ အဲဒီကားကို အဲဒီ လူချောလေးက မောင်းပါတယ်။ ကားမောင်း ကျွမ်းကျင်ကြောင်း သိရပါတယ်။ အဲဒီ ခရီးစဉ်မှာ ဗိုလ်မှူးကြီး မင်းညီက ပြည်/အောင်လံ အထိပဲ လိုက်ပို့ပြီး ဟိုဘက်လွန်တော့ မကွေးတိုင်း NLD တာဝန်ခံနဲ့ အဖွဲ့က တာဝန်ယူ ခေါ်ဆောင်သွားပါတယ်။

ဒီလိုနဲ့ NLD ဟာ ပါတီကြီး တစ်ရပ် အသွင်ဆောင်လာပြီး စည်းရုံး ဖွဲ့စည်းဖို့ တာဝန်ကျတဲ့ သူတွေက စည်းရုံး ဖွဲ့စည်း၊ ပြန်ကြားရေး တာဝန်ကျသူတွေက သတင်းလွှာတွေကို ပုံမှန်ထုတ်၊ အနယ်နယ် အရပ်ရပ်က အဖွဲ့ဝင်တွေကို စီစစ်ပြီး NLD ကပ်ပြားတွေ ထုတ်ဝေတဲ့လူက ထုတ်ဝေ စတဲ့ လုပ်ငန်းတွေနဲ့ ပျားပန်းခပ်မျှ အလုပ် များနေကြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခြံကလည်း လူတွေ တစ်ရှုန်းရှုန်းနဲ့ ဝင်လိုက်ထွက် လိုက်။

ဒါနဲ့ တစ်နေ့ကျတော့ သကြံန်အပြီး မေလဆန်းလောက်မှာပါ။ လုံခြုံရေး ယူထားတဲ့ သုံးရောင်ခြယ် အဖွဲ့မှာ ပြဿနာ တက်ပါတယ်။ ဘာလဲဆိုတော့ သုံးရောက်ခြယ်တွေ ထားတဲ့ ပစ္စည်း တချို့ကို အပြင်က ရောက်လာတဲ့ လူငယ်တစ်ယောက်က ခိုးမှုပါ။ လက်ပူးလက်ကြပ်မိလို့ သုံးရောင်ခြယ် ကလေးတွေက ဗဟန်း ရဲစခန်း ပို့ပြီး အမှုဖွင့်ပါတယ်။ အဲဒီလို အမှုဖွင့်တော့မှ သုံးရောင်ခြယ် လူငယ်တွေက ဗဟန်း ရဲစခန်းမှာ ဖွင့်ထားတဲ့ အမှုတွေ အကြောင်း ဖော်ပြတဲ့ ကြော်ငြာဘုတ်ပြားကို ကြည့်မိပါတယ်။ အဲဒီဘုတ်ပြားမှာ လိမ်လည်မှု ပုဒ်မ ၄၂၀ နဲ့ အမှုဖွင့်ထားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို သတိပြုမိပါတယ်။ ဓာတ်ပုံပါ ဖော်ပြထားတော့ အဲဒီပုဂ္ဂိုလ် ဟာ ပဲခူးတိုင်း NLD ဥက္ကဋ္ဌ ဗိုလ်မှူးကြီး မင်းညီရဲ့ တပည့် ဖြစ်နေတာကို တွေ့ကြရပါတယ်။

သူ့အမှုက ဗဟန်း မြို့နယ်ထဲက သီလရှင် ကျောင်းတစ်ကျောင်းမှာ ရှိတဲ့ သီလရှင်တွေရဲ့ အတွင်းပစ္စည်း တွေကို ခဏ ဆိုပြီး ယူသွားပါတယ်။ ရက်ကြာလာလို့ လူလည်း ပျောက်၊ ပစ္စည်းလည်း ဆုံးမယ့် အနေအထား ရောက်မှ သီလရှင်တွေက ဗဟန်း ရဲစခန်းမှာ အမှုဖွင့်တာပါ။ အမှုဖွင့်တာ လေးလလောက် ရှိပါပြီတဲ့။ အဲဒီ ရဲစခန်း ရောက်မှ သုံးရောင်ခြယ် လူငယ်တွေ သိလိုက်ရတာက အဲဒီပုဂ္ဂိုလ်ဟာ ဗွီဒီယို ဇာတ်ကား တစ်ခုမှာ လည်း မင်းသား လုပ်ဖူးပါတယ်တဲ့။

ကလေးတွေက အဲဒီ အထောက်အထားတွေ ကူးယူပြီး ကျွန်တော့်ကို လာတင်ပြပါတယ်။ ကျွန်တော်က လည်း ဒေါ်အောင်ဆန်းစုကြည်ဆီကို သတင်းပို့ရပါတယ်။ ဒေါ်စုက ဗိုလ်မှူးကြီး မင်းညီနဲ့ တွေ့ပြီး စုံစမ်းခိုင်းပါ တယ်။ အဲဒီတော့ ကျွန်တော်ကလည်း ဗိုလ်မှူးကြီး မင်းညီကို တွေ့ပြီးတော့ အကျိုးအကြောင်း တင်ပြပါတယ်။ အစကတော့ ဗိုလ်မှူးကြီး မင်းညီက မယုံပါဘူး။ အလွန် အားထားရတဲ့ လူတစ်ယောက် ဖြစ်ကြောင်း၊ တာဝန် ပေးရင်လည်း ပေးသလို တာဝန်ကျေကြောင်းတွေ ပြောပါတယ်။ အဲဒီပုဂ္ဂိုလ်ကလည်း ဘယ်လောက်ထိ အကွက်မြင်သလဲ ဆိုရင် ဗိုလ်မှူးကြီး မင်းညီရဲ့ အိမ်ကိုတောင် ဝင်ထွက် သွားလာနေတဲ့အထိ ရောက်နေ ပါပြီ။

ကျွန်တော်တို့ဘက်က အထောက်အထား ခိုင်လုံနေတော့ ဗိုလ်မှူးကြီး မင်းညီကလည်း သူ စုံစမ်းပေးပါ့ မယ်၊ မှန်ရင်တော့ မှန်သလို အရေးယူပေးပါ့မယ်လို့ ပြောပြီး ပြန်သွားပါတယ်။ နောက် နှစ်ရက်လောက်မှာ သူ ပြန်လာပါတယ်။ သူကိုယ်တိုင် အဲဒီကောင်လေးကို ခေါ်မေးတဲ့အခါ သူ အမှုဖြစ်ခဲ့တာကို ဝန်ခံပါတယ်။ NLD ဝင်ခဲ့ရတာလည်း သူ့ပစ္စည်းတွေ အသိမ်းခံရမှာနဲ့ ထောင်ကျမယ့် ရန်တွေက ကြောက်လို့ ဖြစ်ပါတယ်တဲ့။ ဒါ့ကြောင့်မို့လို့ ဗိုလ်မှူးကြီး မင်းညီက အဲဒီကောင်လေးကို NLD က အပြီးအပိုင် ထုတ်လိုက်ပါပြီလို့ သတင်း ပို့ပါတယ်။

## မိတ္ထီလာမှာလည်း ဖြစ်ခဲ့ပါသေးတယ်

ကျွန်တော် အထက်မှာ တင်ပြခဲ့တဲ့ ကိစ္စ နှစ်ခုကို သုံးသပ်လိုက်ရင် NLD စဖွဲ့စည်းကတည်းက လူတွေကို သေသေချာချာ မစိစစ်နိုင်ဘဲ လာသတင်းပို့တဲ့လူ မှန်သမျှကို လက်ခံခဲ့ရခြင်းရဲ့ ဆိုးကျိုး ဖြစ်ပါတယ်။ တခြား တိုင်းနဲ့ပြည်နယ်တွေ၊ မြို့နယ်တွေမှာလည်း အလားတူ ဖြစ်ရပ်မျိုးတွေ ရှိပါတယ်။ ဥပမာ ပြောရရင် ကျွန်တော်တို့ မိတ္ထီလာမှာလည်း အလားတူ ဖြစ်ရပ် ရှိခဲ့ပါသေးတယ်။ ဒါတောင် ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲ ဝင်မယ့် ကာလပါ။

ကြားဖြတ် ရွေးကောက်ပွဲဝင်ဖို့ မိတ္ထီလာ ရောက်တဲ့အခါ မြို့နယ် NLD အဖွဲ့ဝင်တွေနဲ့ အရင် တွေ့ပြီး ခင်မင် ရင်းနှီးအောင် လုပ်ရပါတယ်။ အဲဒီလို ခင်မင် ရင်းနှီးပြီးတော့မှ တိုက်/နယ် တာဝန်ခံတွေ၊ ရပ်/ကျေး တာဝန်ခံတွေလည်း တွေ့ရပါတယ်။ အဲဒီလို တွေ့တဲ့အခါမှာ ထူးဆန်းတဲ့ သတင်းတစ်ခုကို ကြားရပါတယ်။ ရပ်ကွက် နာမည်တော့ မပြောတော့ပါဘူး။ အဲဒီ ရပ်ကွက် တာဝန်ခံက သူ့ဆီကို လူတစ်ယောက်က NLD ဝင်ချင်လို့ လာလျှောက်ထားတဲ့ အကြောင်း၊ အဲဒီလို လျှောက်ထားရင်းနဲ့ သူက ဒီလို ပြောပါသတဲ့ "ကျွန်တော်က အကျဉ်းဦးစီး ဌာနက ထောင်မှူးကြီး ဘ၀ အငြိမ်းစား ယူလာပါတယ်၊ ဦးဝင်းထိန် မြင်းခြံထောင်မှာ ရှိတုန်းက အကူအညီ အများကြီး ပေးခဲ့ပါတယ်" လို့ ပြောပါတယ်။

နာမည် မေးကြည့်တော့ လား...လား အဲဒီပုဂ္ဂိုလ်က ကျွန်တော်တို့ မြင်းခြံထောင်မှာ ရှိတုန်းက ထောင်မှူးကြီး။ ကျွန်တော်တို့ နိုင်ငံရေး အကျဉ်းသမားတွေကို ဘယ်လို ညှဉ်းဆဲရမလဲလို့ အချိန်မရွေး ကြံစည်နေတဲ့သူ။ ထစ်ခနဲဆို အကျဉ်းသားတွေကို ရိုက်တာနှက်တာတွေကို ဝန်မလေးတဲ့သူ။ NLD မိုးကောင်းလာပြီဆိုမှ ပါတီရိပ် ခိုပြီး သက်သာရာ သက်သာကြောင်း ရှာတဲ့လူ။ အဲဒီ အကြောင်းကို ရှင်းပြပြီးတော့ အဲဒီလူကို ပါတီဝင် အဖြစ် လက်ခံရင် လက်ခံလိုက်၊ ဒါပေမဲ့ သူ့ကို မျက်နှာသာ မပေးဖို့ ဆိုပြီး ရှင်းပြရပါတယ်။

ကျွန်တော်တို့ ပါတီက တစ်နိုင်ငံလုံးမှာ အင်အား လေးသန်းကျော် ရှိတဲ့အတွက် ဘယ်လို အကြောင်းကြောင့်ပဲ လာလာ လက်ခံပါတယ်။ သို့သော် သူတို့လို လူမျိုးကိုတော့ နေရာပေးလို့ မဖြစ်ပါ။ ဆိုလိုတာက NLD ကို နည်းမျိုးစုံနဲ့ ဝင်လာတဲ့သူတွေဟာ "ဖြတ်စဖျင်းတောင်းပဲ" လို့ ဆိုလိုရင်း သဘောပါ။

## သုံးရောင်ခြယ် အဖွဲ့

အဲဒီအဖွဲ့ဟာ ရှစ်လေးလုံး အရေးတော်ပုံနှင့်အတူ ပေါ်ပေါက်လာခဲ့တဲ့ အဖွဲ့ ဖြစ်ပါတယ်။ တက္ကသိုလ် ကျောင်းသား အများစု ပါဝင်ပြီးတော့ ရန်ကုန်မြို့ မြို့နယ် အသီးသီး မှာနေထိုင်ကြတဲ့ လူငယ်များ ပါဝင်ပါတယ်။ အဖွဲ့ဝင်တွေထဲမှာ ငွေရေးကြေးရေး ချောင်လည်တဲ့ လူငယ်များ (ဥပမာ- မျိုးသိမ်း၊ မျိုးသန့်၊ မိုးကျော်သူ စသည်) ပါဝင်သလို၊ သာမန် လက်လုပ်လက်စား မိသားစုဝင်များလည်း ပါဝင်ပါတယ်။ သူတို့အဖွဲ့မှာ ခေါင်းဆောင်ရယ်လို့ သတ်သတ်မှတ်မှတ် မထားဘဲ တာဝန်ကျများ အဖြစ် အလှည့်ကျ သတ်မှတ်ပြီး အလုပ် လုပ်ကြပါတယ်။

အသက်အရွယ် ကြီးရင့်တဲ့ မြတ်စံ၊ စိုးသိန်း (ကွယ်လွန်) နဲ့ နေတင်မြင့်တို့လို အသက်အရွယ် ကြီးရင့်တဲ့လူတွေ ပါသလို ငယ်ရွယ်တဲ့ မိုးကျော်သူ၊ မျိုးသန့်တို့လို လူငယ်တွေလည်း ပါပါတယ်။ ထူးထူးခြားခြား မိန်းကလေး သုံးယောက် ပါပါတယ်။ တစ်ယောက်ကတော့ အခု ရန်ကုန်တိုင်း လွှတ်တော် ကိုယ်စားလှယ် ဖြစ်နေတဲ့ စန္ဒာမင်း (ခေါ်) ရွှီးနဲ့ ခင်ခင်ဦး၊ တင်တင်ဦးတို့ ညီအစ်မတွေ ပါပါတယ်။ နောက်မှ သိရတာက

ခင်ခင်ဦးတို့ ညီအစ်မဟာ ကျွန်တော့် မိတ်ဆွေ ဗိုလ်ကြီး သန်းစော (ယခု ဦးဇင်းဝတ်) ရဲ့ သမီးတွေ ဖြစ်ပါတယ်။ ဗိုလ်ကြီး သန်းစော ဆိုတာက လမ်းစဉ် ပါတီခေတ် သမ္မတ ဦးစန်းယုရဲ့ PSO ဖြစ်ပါတယ်။

သူတို့ဟာ ဒေါ်အောင်ဆန်းစုကြည် ရွှေတိဂုံ အနောက်မုခ်မှာ မိန့်ခွန်း ပြောကတည်းက လုံခြုံရေး တာဝန်ယူခဲ့ပြီး နောက်ပိုင်းမှာ တက္ကသိုလ်ရိပ်သာလမ်းမှာ ရှိတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ် လုံခြုံရေး ကိုပါ တာဝန်ယူခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ တတိယပတ်လောက်က စပြီး တွဲမိကြတာပါ။ ပထမတော့ သာမန် လုံခြုံရေး တာဝန်တွေ ယူခဲ့သော်လည်းပဲ အချိန်ကြာတာနဲ့အမျှ သူတို့ ကိုယ်ပိုင် လှုပ်ရှားမှုလေးတွေ ရှိလာပါတယ်။ ဦးအောင်ကြီး ထွက်သွားပြီးကတည်း NLD ရဲ့ စည်းရုံးရေး လုပ်ငန်းတွေဟာ ပိုမို အရှိန်ကောင်း လာတဲ့ အခါ သုံးရောင်ခြယ် အဖွဲ့ထဲက လူငယ် အချို့ဟာလည်း နိုင်ငံရေး လှုပ်ရှားမှုတွေ လုပ်လာသလို သူ့ အဖွဲ့အစည်းကိုလည်း ပိုပြီး တိုးချဲ့ချင်တဲ့ အရိပ်အယောင်တွေ ပြလာပါတယ်။

## ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်

ဒေါ်အောင်ဆန်းစုကြည်ဟာ မူလက သူ့ရဲ့ခင်ပွန်း ရှိရာ အင်္ဂလန်နိုင်ငံ၊ အောက်စ်ဖို့ဒ် တက္ကသိုလ်မှာ နေနေပါ တယ်။ ၁၉၈၈ ခုနှစ်၊ ဖွန်လပိုင်းလောက်မှာ မိခင်ဖြစ်သူ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည် ပြင်းထန်တဲ့ လေဖြတ်ခြင်း ရောဂါ ခံစားရပါတယ်။ အနီးကပ် ပြုစုဖို့ လိုအပ်တဲ့အတွက်ကြောင့် ဒေါ်အောင်ဆန်းစုကြည် မြန်မာပြည်ကို ပြန်လာပါတယ်။ မိခင်ဖြစ်သူ ဒေါ်ခင်ကြည်ကို ဂျပန် ဆေးရုံလို့ ခေါ်တဲ့ ရန်ကုန် ဆေးရုံကြီးရဲ့ အဆောက်အဦ အသစ်မှာ တင်ထားတဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်က အဲဒီ ဆေးရုံမှာပဲ နေ့ရောညပါ ပြုစု စောင့်ရှောက်နေပါတယ်။

ဒေါ်အောင်ဆန်းစုကြည် မိခင်ကြီးကို လာပြီး ပြုစုတဲ့အချိန်မှာ မတ်လ ၁၃ ရက်၊ ဖုန်းမော် အရေးအခင်း ဖြစ်ပြီးသွားပါပြီ။ နိုင်ငံရေး မငြိမ်မသက်မှုတွေ နေရာတကာ ဖြစ်ပေါ်ခဲ့ပေမဲ့ ဒေါ်အောင်ဆန်းစုကြည် အနေနဲ့ ဘယ်သူနဲ့မှ ပတ်သက်မှု မရှိသေးပါဘူး။ ကျွန်တော့် စိတ်အထင်အရ ပြောရမယ်ဆိုရင် ဩဂုတ်လ တတိယ ပတ်ရဲ့ နေ့တစ်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်း လမ်းပေါ်မှာ ရှိတဲ့ စစ်ကားတွေပေါ်က တစ်ယောက်က ဆေးရုံ ဝင်းကြီး အတွင်းမှာ ရှိတဲ့ ဆရာဝန် သူနာပြု အစုအဝေး တစ်ခုကို သေနတ်နဲ့ ပစ်လိုက်တဲ့အချိန်က စပြီး ပြည်သူလူထု လှုပ်ရှားမှုမှာ သူ ပါဝင်မှ ဖြစ်မယ်လို့ ဆုံးဖြတ်လိုက်ဟန် တူပါတယ်။

သူ့အနေနဲ့က မြန်မာပြည်နဲ့ ကင်းကွာပြီး ပြည်တွင်း နိုင်ငံရေး အခြေအနေကို သိပ်မသိတဲ့ အတွက် တိုင်ပင်သင့်တဲ့ လူတွေနဲ့ တိုင်ပင်ခဲ့တယ်လို့ သိရပါတယ်။ သူ တိုင်ပင်ခဲ့တဲ့ ပုဂ္ဂိုလ်တွေကတော့ ပထမမှာ ကိုထွေးမြင့် (ကွယ်လွန်) ဖြစ်ပါတယ်။ နောက်ပိုင်းတော့ သခင် တင်မြ၊ ရုပ်ရှင်မင်းသားကြီး ထွန်းဝေ၊ ဦးအုန်းမြင့် (ကိုကိုးကျွန်းပြန်) နဲ့ ရဲဘော်ဖြူဟောင်း ရခိုင် ဗိုလ်သာကျော်တို့ ပါပါတယ်။ အဲဒါအပြင် ဦးဝင်းတင်၊ ဦးသော်က၊ ဦးကိုယုနဲ့ ကိုလှဝင်း (လေသူရဲတစ်ဦး) တို့ကိုလည်း တစ်နေရာမှာ တွေ့ဆုံပြီး တိုင်ပင်ပါတယ်။ ကိုထွေးမြင့်နဲ့လည်း တိုင်ပင်ပြီး ကြေညာချက်တစ်ခု ထုတ်ပြန်ပါတယ်။

ဒီကာလထဲမှာပဲ မိခင်ကြီး ဒေါ်ခင်ကြည်ရဲ့ ကျန်းမာရေးဟာ အားရစရာ မရှိတာကြောင့် ဆေးရုံကြီးမှာ မထားတော့ဘဲ အိမ်ကို ပြန်ခေါ်လာပါတယ်။ ဒေါ်ခင်ကြည်ရဲ့ အနေအထားဟာ ပြန်ကောင်းလာစရာ မရှိ တော့ပါ။ သတိရတဲ့ အချိန်က နည်းပြီး သတိမရတဲ့ အချိန်က များပါတယ်။ နေ့ရောညပါ သူနာပြုဆရာမတွေနဲ့ အနီးကပ် ပြုစု စောင့်ရှောက်ပါတယ်။ မိခင်ကြီး ဒီလိုအနေအထားမှာတောင် အထက်မြန်မာပြည် စည်းရုံးရေး ခရီးကို လေး-ငါးရက်အကြာ သွားခဲ့ပါသေးတယ်။

## တပ်မတော်က တာဝန်ယူသွားတယ်

ဒေါ်ခင်ကြည်ရဲ့ ကျန်းမာရေးဟာ တဖြည်းဖြည်း ဆုတ်ယုတ်လာပြီး ဒီဇင်ဘာလ ၂၇ ရက်နေ့မှာ ဇိဝိန် ချုပ်ငြိမ်း သွားပါတယ်။ အဲဒီ အခြေအနေကြောင့် နဝတ အစိုးရအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ကြီး စောမောင်နဲ့ အတွင်း ရေးမှူး ၁ ဗိုလ်မှူးကြီး ခင်ညွန့်တို့ အသုဘ သတင်း လာမေးကြပါတယ်။ တပ်မတော် ဖခင်ကြီးရဲ့ ဇနီးဖြစ်လို့မို့ တပ်မတော်အနေနဲ့လည်း အသုဘ ကိစ္စမှာ ပါဝင် ကူသိုလ်ယူပါရစေလို့ မေတ္တာရပ်ခံတာကို ဒေါ်အောင်ဆန်း စုကြည်က သဘောတူခဲ့ပါတယ်။

နောက်တစ်နေ့က စပြီး ရက်လည်တဲ့ နေ့အထိ စစ်ရုံး ရိပ်သာက အင်အားစုတွေ တချို့လည်း ယူနီ ဖောင်းနဲ့ တချို့လည်း အရပ်ဝတ်နဲ့ လာသမျှ ဧည့်သည်တွေ အတွက် ဒေါ်အောင်ဆန်းစုကြည် ခြံဝင်းထဲမှာ မဏ္ဍပ်ပေါ်တွ ဆောက်၊ စားပွဲ ကုလားထိုင်တွေ ချနဲ့ လာရောက် လုပ်အားပေးကြပါတယ်။ အဲဒီ အပြင် လာသမျှ ဧည့်သည်ကို လက်ဖက်ရည်၊ ကော်ဖီ၊ နေကြာစေ့၊ ဖရုံစေ့၊ ဆေးပေါ့လိပ် စတဲ့ ပစ္စည်းတွေနဲ့ ဧည့်ခံပါတယ်။

ကျွန်တော်ဟာ တပ်မတော်က အငြိမ်းစားယူပြီးနောက် နစ်စဉ်လိုလို ကျွန်တော့် မွေးနေ့ ရောက်တိုင်း အရပ်ဝတ်နဲ့ သော်လည်းကောင်း၊ ဒုလ္လဘဝတ်နဲ့ သော်လည်းကောင်း ရိပ်သာ ဝင်ဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ် တုန်းကလည်း ဒီဇင်ဘာလ ၂၃ ရက်နေ့က စပြီး ရန်ကုန်မြို့ ချမ်းမြေ့ရိပ်သာမှာ ဒုလ္လဘ ဝတ်ပြီး ဝိပဿနာ တရားများ အားထုတ်နေပါတယ်။ မူလက ၁၀ ရက်လောက် ကြာအောင် ဒုလ္လဘ ဝတ်မယ်လို့ ရည်မှန်းထား သော်လည်း ဒေါ်ခင်ကြည် ကွယ်လွန်ကြောင်း သတင်းရတဲ့အခါ ချမ်းမြေ့ဆရာတော်ဘုရားကြီးထံ ခွင့်ပန်ပြီး လူဝတ်လဲလိုက်ရပါတယ်။ နောက်တစ်နေ့က စပြီး ဒေါ်ခင်ကြည်ရဲ့ ဈာပနမှာ လုပ်အားပေးခဲ့ပါတယ်။

## ဂူသွင်း သင်္ဂြိုဟ်မယ့် အစီအစဉ်

ဗိုလ်ချုပ်ကြီး စောမောင် ပြန်သွားတဲ့အခါ ပြည်ထဲရေး ဝန်ကြီး အဖြစ် တာဝန်ယူထားတဲ့ ဗိုလ်ချုပ် ဘုန်းမြင့်ကို တာဝန်ပေးသွားပါတယ်။ အမိန့်ကတော့ ရိုးရိုးလေးပါ။ ဒေါ်ခင်ကြည် ဈာပနနဲ့ ပတ်သက်လို့ ဒေါ်အောင်ဆန်း စုကြည် ဆန္ဒရှိသမျှ အားလုံး လုပ်ကိုင်ပေးဖို့ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဗိုလ်ချုပ် ဘုန်းမြင့်ဟာ ဒေါ်အောင်ဆန်း စုကြည်ရဲ့အိမ်ကို နေ့တိုင်း လာပြီး ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဆန္ဒကို မေးလေ့ ရှိပါတယ်။ ဒေါ်အောင်ဆန်း စုကြည်က ဒေါ်ခင်ကြည်ကို ရွှေတိဂုံဘုရား တောင်ဘက်မုခ်မှာ ရှိတဲ့ သခင် ကိုယ်တော်မှိုင်းနဲ့ ဦးသန့်တို့ အုတ်ဂူများ ရှိရာနေရာမှာ ဂူသွင်း သင်္ဂြိုဟ်ချင်တယ်လို့ ပြောတဲ့အခါ ဗိုလ်ချုပ် ဘုန်းမြင့်က မဆိုင်းမတွပဲ သူ့ရဲ့ ဝန်ကြီးကားနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို တင်ပြီး ရွှေတိဂုံဘုရား တောင်ဘက်မုခ်ကို သွားကြပါတယ်။

ကျွန်တော်တို့ကလည်း သုံးရောင်ခြယ် လူငယ်တွေနဲ့ ကားတစ်စီး သီးသန့် လိုက်သွားကြပါတယ်။ ရွှေတိဂုံဘုရား တောင်ဘက်မုခ်က ဆင်းတဲ့အခါ ဘယ်ဘက်မှာ အကောက်ခွန် ဗွှာရုံ ရှိပါတယ်။ အဲဒီ ဗွှာရုံနဲ့ မျက်စောင်းထိုးမှာ စုဘုရားလတ်၊ သခင် ကိုယ်တော်မှိုင်းနဲ့ ဦးသန့် အုတ်ဂူတို့ ရှိပါတယ်။ အဲဒီနားမှာပဲ သူတို့ အုတ်ဂူ ပမာဏလောက် ရှိတဲ့ နေရာမှာ လွတ်နေတဲ့ မြေတစ်ကွက် ရှိပါတယ်။ အဲဒီ နေရာကို သေသေချာချာ လေ့လာပြီး ဒေါ်ခင်ကြည်ရဲ့ အုတ်ဂူဆောက်ဖို့ ချက်ချင်း သဘောတူ သတ်မှတ်လိုက်ပါတယ်။

အဲဒီလို နေရာ ရွေးပြီးပြီ ဆိုတာနဲ့ ဘယ်လို အုတ်ဂူမျိုး ဆောက်သင့်သလဲဆိုတာကို ဒေါ်အောင် ဆန်းစုကြည် စဉ်းစားရပါတော့တယ်။ ကံအားလျော်စွာ NLD ရဲ့ဗဟိုဦးစီး အဖွဲ့မှာ ဦးကျော်မင်းက အဖွဲ့ဝင်ပါ။ သူဟာ အမေရိကန် နိုင်ငံ မက်ဆာချူးဆက် စက်မှုတက္ကသိုလ် MIT က ဘွဲ့ရလာသူ ဖြစ်တဲ့အပြင် သခင်

ကိုယ်တော်မှိုင်းနဲ့ ဦးသန့် အုတ်ဂူတွေကိုလည်း သူပဲ ဒီဇိုင်းဆွဲပေးခဲ့တာပါ။ ဒါ့ကြောင့် ဒေါ်ခင်ကြည် အုတ်ဂူ ဒီဇိုင်းကိစ္စ ဦးကျော်မင်းကို တာဝန်လွှဲအပ်လိုက်ပါတယ်။

ဗိုလ်ချုပ် ဘုန်းမြင့် နောက်ရက်တွေမှာ လာတဲ့အခါ ဒေါ်ခင်ကြည်ရဲ့ ရုပ်အလောင်းကို ဂူသွင်းမယ့် နေရာကို ရောက်တဲ့အထိ သယ်ဆောင်ရာမှာ သယ်ဆောင်ရမယ့် အစီအစဉ် အသုံးပြုမယ့် မော်တော်ယာဉ်နဲ့ ကြာမယ့် အချိန် စသည်တို့ကို တွက်ချက်ပြီး တိုင်ပင်ကြပါတယ်။ တပ်မတော် မိခင်ကြီး ဗိုလ်ချုပ်ကတော်ရဲ့ အသုဘမို့လို့ တပ်မတော် ကြည်း၊ ရေ၊ လေ ဂုဏ်ပြုတပ်ဖွဲ့ သုံးဖွဲ့ စီစဉ်ထားမယ် ဆိုတဲ့ အကြောင်း ဒေါ်ခင်ကြည်ရဲ့ ရုပ်အလောင်း ပါတဲ့ မော်တော်ယာဉ် ရောက်လာတဲ့အခါ အဲဒီတပ်ဖွဲ့တွေက ဦးဝိစာရ အဝိုင်းနားက စောင့်ကြိုပြီး ရှေ့ကနေ အနေးလျှောက်နဲ့ ဂူသွင်းမယ့် နေရာအထိ လိုက်ပို့မှာ ဖြစ်ကြောင်း စတဲ့ အချက်တွေ အသေးစိတ် ညှိနှိုင်းကြပါတယ်။

ဒေါ်ခင်ကြည်ရဲ့ ရုပ်အလောင်းကို မပုပ်မသိုးအောင် ဆေးနဲ့ စီရင်ထားပါတယ်။ ကွယ်လွန်တဲ့ နေ့က စပြီး အသုဘရှု လာတဲ့ ပရိသတ်ဟာ များလွန်းလို့ ခြံတံခါးကို ဖွင့်ထားပေးရပါတယ်။ လူထု ပရိသတ်ကို ရှေ့နောက် တန်းစီစေပြီး ဒေါ်ခင်ကြည်ရဲ့ ရုပ်အလောင်းထားရာ အိမ်အောက်ထပ်ကို သူတို့တစ်တွေကို ခေါ်သွင်းပါတယ်။ အဲဒီနောက်မှာ သူတို့တစ်တွေကို ရပ်မနေစေဘဲ ရုပ်အလောင်းကို တစ်ပတ်ပတ် ကန်တော့စေပြီး တခြားအပေါက်က ထွက်ခွာစေပါတယ်။

ဒေါ်ခင်ကြည်ရဲ့ အသုဘကို ခုနစ်ရက် ထားပါတယ်။ အသုဘ ချမယ့်နေ့ မတိုင်မီအထိ အသုဘရှု လာတဲ့ ပရိသတ်ဟာ မနက် ရှစ်နာရီလောက်က စပြီး ညနေ ငါးနာရီလောက်ထိ စဲသွားတယ် မရှိပါဘူး။ ရှေ့နောက် မီတဲ့လူတွေ ပြောတာကတော့ အရင့်အရင်တုန်းကလည်း အဲဒီလို စည်ကားတဲ့ အသုဘတွေ ရှိခဲ့ဖူးပါတယ်တဲ့။ ဥပမာ- ၁၉၅၄ ခုနစ်လောက်က ကွယ်လွန်သွားတဲ့ ရုပ်ရှင်မင်းသမီး မေရီမြင့် အသုဘ၊ အဲဒီ အချိန်လောက်မှာပဲ တရုတ်ဖြူတပ်တွေနဲ့ လေကြောင်း တိုက်ပွဲမှာ ကျဆုံးသွားတဲ့ ဗိုလ်ပီတာရဲ့ အသုဘ၊ ၁၉၉၅ ခုနစ်မှာ ကွယ်လွန်သွားခဲ့တဲ့ ဝန်ကြီးချုပ်ဟောင်း ဦးနုရဲ့ အသုဘ စသည်တို့ ဖြစ်ပါတယ်တဲ့။

ကျွန်တော်ကတော့ အဲဒီ အသုဘတွေနဲ့ မကြုံကြိုက်ဖူးပါဘူး။ ဒါပေမဲ့ ဒေါ်ခင်ကြည်ရဲ့ အသုဘမှာ တော့ ကိုယ်တွေ့မို့လို့ အတော့်ကို လူစည်ကားတာ တွေ့မြင်ခဲ့ရပါတယ်။ အဲဒါအပြင် ရန်ကုန်မှာ ရှိတဲ့ သံအမတ်ကြီးတွေကလည်း သူတို့ ကိုယ်တိုင် အသုဘရှု လာကြတဲ့အပြင် အသုဘ မချခင် တစ်ရက်မှာ ပေးပို့လာတဲ့ ပန်းခွေ၊ ပန်းခြင်းတွေ ဆိုတာကတော့ မရေမတွက်နိုင်လောက်အောင်ပါပဲ။

## အသုဘချတဲ့ နေ့မှာ

အဲဒီနေ့မှာတော့ အသုဘယာဉ်ကို ပန်းကနုတ်၊ ပန်းပြသာဒ်တွေ ပါတဲ့ အသုဘယာဉ်ကို မငှားဘဲ ဘာ အဆောင်အယောင်မှ မပါတဲ့ Flat bed ပုံစံမျိုး ငှားပြီးတော့ အလောင်းပါတဲ့ အခေါင်းကို တင်ပါတယ်။ အဲဒီ အပေါ်မှာ ဒေါ်စု ခြံထဲမှာ အနီးကပ် လုံခြုံရေးလုပ်တဲ့ သုံးရောင်ခြယ်က လူငယ်လေးတွေ ၁၀ ယောက်လောက် တင်ပေးပါတယ်။

အသုဘယာဉ် တက္ကသိုလ်ရိပ်သာလမ်း အိမ်က ထွက်ပြီ ဆိုတာနဲ့ လည်ကတုံး အကျႌအဖြူ၊ ကချင် လုံချည် ဝတ်ထားပြီး ဘယ်ဘက် လက်မောင်းမှာ လက်ပတ် အနီ ဝတ်ထားတဲ့ လူငယ်တွေက လက်ချင်း တွဲပြီး သုံးထပ်နဲ့ ကာထားပါတယ်။ ယာဉ်မောင်းကိုလည်း မှာထားတာက လူငယ်တွေ လမ်းလျှောက်တဲ့ နှုန်း အတိုင်း မောင်းဖို့၊ နောက်ပြီး ကိုယ့်သဘောနဲ့ကိုယ် ကားအရှိန် မမြှင့်ဖို့ ဆိုတာတွေ ပါပါတယ်။

တက္ကသိုလ်ရိပ်သာလမ်းက ဒေါ်ခင်ကြည်ရဲ့ အသုဘယာဉ် ထွက်လာတဲ့အခါမှာ လမ်းဘေး တစ်ဖက် တစ်ချက်မှာလည်း စောင့်ကြို နှုတ်ဆက်နေတဲ့ ပရိသတ်တွေလည်း ရှိပါတယ်။ တက္ကသိုလ်ရိပ်သာလမ်းကနေ ပြီးတော့ ဖြည်းဖြည်းချင်း ထွက်၊ လှည်းတန်းမီးပွိုင့် ရောက်တဲ့အထိ ထွက်ခွာလာခဲ့ပါတယ်။ လှည်းတန်း လမ်းဆုံရောက်မှ ဘယ်ကွေ့ပြီး ပြည်လမ်းအတိုင်း ဆက်လက် ထွက်ခွာလာခဲ့ပါတယ်။ အဲဒီအချိန်မှာ ပြုံးချင် စရာလေး တစ်ခု ဖြစ်ခဲ့ပါတယ်။

ရှစ်လေးလုံး အရေးတော်ပုံ ကာလမှာ ထင်ရှားတဲ့ ကျောင်းသား ခေါင်းဆောင် တစ်ယောက်ပေါ့။ သူက လှုပ်ရှားမှု ထင်ပေါ်လာတဲ့ အတွက်ကြောင့် အဖမ်းခံရမှာစိုးလို့ အိမ်ပြန် မအိပ်ဘဲ ရှောင်နေရတဲ့ သူတစ်ယောက် ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့လည်း လူချင်းသိတဲ့ ကျောင်းသား ခေါင်းဆောင် တစ်ယောက်ပါ။ သူက ရုပ်ဖျက်ထားပါတယ်။ လည်ကတုံး ကချင် လုံချည် မဝတ်ဘဲ ဂျင်းဘောင်းဘီ၊ Walking Shoe၊ တီရှပ် နဲ့ပါ။ လျှာထိုး ပါတဲ့ ဦးထုပ် ဆောင်းထားပြီး နေကာမျက်မှန်လည်း တပ်ထားပါတယ်။

## ပြုံးချင်စရာလေး တစ်ခု

သူက လမ်းဘေး တစ်နေရာကနေ ဘွားခနဲ ပေါ်လာပါတယ်။ ပြည်လမ်း အသံလွှင့်ရုံ ရှေ့မှာပါ။ သူက အသုဘ ယာဉ်ပေါ်ကို တက်ချင်တယ် ဆိုတော့ သုံးရောင်ခြယ် လူငယ်တွေက သူ့ကို လူတန်းကို ဖြတ်ဝင်ခွင့် ပေးလိုက် ပြီး အသုဘယာဉ်ပေါ်ကို တက်ခွင့်ပေးလိုက်ပါတယ်။ အပေါ် ရောက်တော့ သူက ကြွေးကြော်သံ တိုင်ပေးပါ တယ်။ "ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည် သက်တော် ရာကျော် ရှည်ပါစေ" ပါတဲ့။ ကားပေါ်က လူငယ်တွေက လည်း ပထမတော့ ကြောင်သွားပြီး ခဏနေတော့မှ "ဟေ့ကောင် ဘာတွေ လျှောက်အော်နေတာလဲ" လို့ ပြောပြီး သူ့ကို ကားပေါ်က မောင်းချပါတော့တယ်။ သူက အဲဒီလို လူပါ။ နာမည်တော့ မပြောတော့ပါဘူး။

အသုဘယာဉ်တန်းဟာ ပြည်လမ်းအတိုင်း သွားပြီး ဟံသာဝတီအဝိုင်းကို ရောက်တဲ့အခါမှာ ဦးဝိစာရ လမ်းအတိုင်း ဆက်လက် ချီတက်ပါတယ်။ မူလ စီစဉ်ထားတဲ့အတိုင်း ကြည်၊ ရဲ၊ လေ တပ်စု သုံးစုက ဦးဝိစာရ အဝိုင်းမှာ စောင့်နေပါတယ်။

ကျွန်တော်ကတော့ အသုဘကား ကမာရွတ် လမ်းဆုံ ရောက်ကတည်းက ကားပေါ်က ဆင်းပြီး အသုဘကား ရှေ့က တောက်လျှောက် ခြေကျင်လိုက်လာခဲ့တာပါ။ အကြောင်းရင်းကတော့ ပြည်လမ်း တစ်လျှောက်မှာ များပြားတဲ့ လူအုပ်ကြီးက စောင့်ကြိုနေကြတာ ဖြစ်လို့ အကြောင်းတစ်ခု ပေါ်ပေါက်လာရင် မြန်မြန်ဆန်ဆန် ပြဿနာ ဖြေရှင်းနိုင်အောင်လို့ပါ။ ဒေါ်စုနဲ့ သူ့ရဲ့ခင်ပွန်း Dr. Michael Aris နဲ့ သားနှစ်ယောက် ကတော့ ဆလွန်းကား တစ်စီးနဲ့ အသုဘယာဉ် နောက်က လိုက်လာပါတယ်။

## ကြိုတင် စီစဉ်ထားတွေ အကုန်တလွဲ

အသုဘယာဉ်တန်း ဦးဝိစာရအဝိုင်းလောက် ရောက်တဲ့အခါ သာမန် လူထု ပရိသတ်ကလည်း ခြေကျင် လိုက် ပို့ကြပါတယ်။ နောက်ပြီး ဦးဝိစာရအဝိုင်းနဲ့ ရွှေတိဂုံဘုရား တောင်ဘက်မုခ် အထိ လူအုပ်ကြီးက ပြည့်ညပ်လို့ အဲဒီလိုပဲ ရွှေတိဂုံဘုရား တောင်ဘက်မုခ်က ဒေါ်ခင်ကြည်ရဲ့ ရုပ်အလောင်းကို ထားမယ့် ဂူဗိမာန် တစ်ဝိုက်မှာ လည်း လူတွေ ပြည့်ညပ်လို့ ဆိုတဲ့ သတင်းတွေ ကျွန်တော် ရပါတယ်။ အဲဒီတော့ ကျွန်တော်က ရှေ့ပြေးသွား နေသူပိပိ ဦးဝိစာရ အဝိုင်းတစ်ဖက်မှာ တန်းစီထားတဲ့ ကြည်၊ ရဲ၊ လေ စစ်ကြောင်းက တပ်မှူးနဲ့ သွားတွေ့ ပါတယ်။

လူအုပ်ထဲကို တိုးဝှေ့ပြီး ခက်ခက်ခဲခဲ သွားတွေ့ရတာပါ။ တပ်ဖွဲ့မှူးက ဗိုလ်မှူးလား၊ ဒုဗိုလ်မှူးကြီးလား မမှတ်မိတော့ပါဘူး။ ကျွန်တော်က မိတ်ဆက်ပြီး "ခင်ဗျားတို့ရဲ့ ဂုဏ်ပြုတပ်ဖွဲ့က ဒေါ်ခင်ကြည် ရုပ်အလောင်း ပါတဲ့ ကားရှေ့က ဦးဆောင်သွားမှာ ဆိုတော့ ဒီလူအုပ်ကြီးနဲ့ ဖြစ်ပါ့မလား" လို့ မေးတော့ သူ့အမူအရာကလည်း ဗလေဗလါပါ။ ကျွန်တော် မေးတာကို နားလည်ပေမဲ့ သူ့မှာလည်း ဘာအဖြေမှ မရှိပါဘူး။ ကျွန်တော်ကလည်း ဘာအကြံဉာဏ်မှ မပေးနိုင်တော့ မီးစင်ကြည့် ကရမှာပဲလို့ သဘောထားလိုက်ပါတယ်။ တရွေ့ရွေ့နဲ့ အသုဘ ကား ဦးဝိစာရအဝိုင်း ပတ်ပါပြီ။

အသုဘကားကို သုံးရောင်ခြယ် လူငယ်တွေက လက်ချင်းဆက်ပြီး သုံးထပ် ဝိုင်းပတ်ထားတဲ့ အနေ အထား မပျက်ပါဘူး။ ပိုပြီးတော့တောင် စိပ်လာပါသေးတယ်။ ကျွန်တော်ကလည်း မကြံတတ်တော့ပါဘူး။ သုံးရောင်ခြယ် ကလေးတွေက ဦးဝိစာရ အဝိုင်း ပတ်ပြီးတာနဲ့ တန်းစီ ရပ်နေတဲ့ ကြည်း၊ ရေ၊ လေ စစ်ကြောင်း ဘေးကနေ ဖောက်ထွက်ပါတော့တယ်။ လူက ကြပ်ညပ်နေတော့ ရဲဘော်တွေလည်း တန်းစီတဲ့ အနေအထား ပျက်ပြီး တရွေ့ရွေ့နဲ့ ဘေးရောက်ကုန်ပါတော့တယ်။

အဲဒီလိုနဲ့ အသုယာဉ်ကြီးဟာ တရွေ့ရွေ့ ရှေ့တိုးသွားလေလေ ကြည်း၊ ရေ၊ လေ စစ်ကြောင်းကလည်း ဘေးရောက်သွားလေလေနဲ့ တချို့ ရဲဘော်တွေဆို ကန်ထဲတောင် ပြုတ်ကျတယ်လို့ ပြောကြပါတယ်။ ဒါနဲ့ ဒေါ်ခင်ကြည် အုတ်ဂူရှေ့ကျတော့ ကားရပ်ပြီး ရုပ်အလောင်းကို သယ်ယူခြင်း၊ မိသားစုက နောက်ဆုံး ဂါရဝ ပြုခြင်းစတဲ့ လုပ်ဆောင်ဖွယ် ရှိတာတွေကို လုပ်ရင်းနဲ့ စခန်းသိမ်းသွားပါတော့တယ်။ အုတ်ဂူ ဆောက်ထားတဲ့ ကွင်းပေါ်မှာတော့ လုံခြုံရေး အဖွဲ့တွေက တာဝန်ယူထားလို့ လူသိပ်မပြည့်ပါဘူး။ ဒါ့ကြောင့် နောက်ဆုံး ကဏ္ဍကို ရှောရှောရှုရှုနဲ့ အောင်မြင်စွာ ပြီးဆုံးအောင် ဆောင်ရွက်နိုင်ခြင်း ဖြစ်ပါတယ်။

## မျှော်လင့်ချက်များ

ဗိုလ်ချုပ် ကတော် ဒေါ်ခင်ကြည်ရဲ့ အသုဘကို အကြောင်းပြုပြီး တပ်မတော် ခေါင်းဆောင်တွေနဲ့ ဒေါ် အောင်ဆန်းစုကြည်တို့ ထိတွေ့မှု ပိုများလာပါတယ်။ အသုဘ ထားတဲ့ ခုနစ်ရက်လုံးလုံး တပ်မတော် ခေါင်း ဆောင်တွေ ဒေါ်အောင်ဆန်းစုကြည် ခြံထဲကို မပြတ်လိုလို လာကြပါတယ်။ အဲဒီတုန်းက တပ်မတော် ထောက် လှမ်းရေးက ဒုတိယ ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး သန်းထွန်း ဆိုရင် နေ့တိုင်းလိုလို ကြီးကြပ်ခဲ့ပါတယ်။ အဲဒီလို ထိတွေ့မှုတွေ များလာတဲ့အခါမှာ တခြားလူတွေကတော့ မပြောတတ်ဘူး ကျွန်တော်ကတော့ ဒေါ်စုနဲ့ တပ်မတော် ကြားမှာ ပိုပြေလည်လာလေမလားလို့ မျှော်လင့်မိပါတယ်။

ဒါပေမဲ့ ကျွန်တော့် မျှော်လင့်ချက်က ကြာရှည်မခံလိုက်ပါဘူး။ အသုဘကိစ္စ တဖြည်းဖြည်း အရှိန်ပြေ သွားတာနဲ့ နဝတ အစိုးရက NLD နဲ့ ဒေါ်အောင်ဆန်းစုကြည်အပေါ် ဝေဖန် ပုတ်ခတ်မှုတွေ တစ်စပြီး တစ်စ အရှိန်မြင့်လာပါတယ်။ အသုဘကိစ္စတွေ ပြီးတာနဲ့ ဒေါ်အောင်ဆန်းစုကြည်ကလည်း ပြည်တွင်း စည်းရုံးရေး ခရီးစဉ်တွေ စတင် လုပ်ဆောင်ပါတော့တယ်။

## ရက်လည်နေ့

ဒေါ်ခင်ကြည် အသုဘရဲ့ ရက်လည်နေ့မှာတော့ ရက်လည်ဆွမ်းကို ချမ်းမြေ့ဆရာတော်နဲ့ အဲဒီ ကျောင်းက သံဃာများ၊ ရွှေတောင်ကုန်း ဆရာတော် ဦးပဏ္ဍိတာဘိဝံသနဲ့ ဆရာတော်များ၊ တက္ကသိုလ်ရိပ်သာလမ်းကပဲ တောင်ပုလု ဆရာတော် ဘုရားကြီး ရန်ကုန် လာရင် အမြဲ တည်းခို သီတင်းသုံးလေ့ရှိတဲ့ ကျောင်းက ဆရာ

တော်များကို ပင့်ဆောင် ကပ်လှူပါတယ်။ လုပ်အားပေးတဲ့ လူတွေလည်း တော်တော်များပါတယ်။ ကျွန်တော်ကတော့ ဒုလ္လဘ ဝတ်ရာက ထွက်ခါစမို့ ခေါင်းတုံးနဲ့ပေါ့။

အဲဒီ ဆွမ်းကျွေးအတွက် ချက်တာ၊ ပြုတ်တာတွေကို စစ်ရုံးရိပ်သာက ထမင်းချက် ရဲဘော်များလည်း လာရောက် ကူညီခဲ့ပါတယ်။ ဒါ့ကြောင့်မို့ ရက်လည်နေ့ ဆွမ်းသွပ်ပွဲဟာလည်း စည်စည်ကားကား၊ မြိုင်မြိုင်ဆိုင်ဆိုင် ပြီးမြောက်သွားပါတယ်။

## နားလည်မှုတစ်ခု ရလိုက်တယ်

ဒေါ်ခင်ကြည်အသုဘကိုအကြောင်းပြုပြီးတပ်မတော်ထိပ်ပိုင်းခေါင်းဆောင်တွေကဒေါ်အောင်ဆန်းစုကြည်နဲ့ ဆက်ဆံရေး ပိုများလာတာ တွေ့ရတော့ ကျွန်တော် အထက်မှာ ရေးခဲ့သလို မျှော်လင့်ချက်ပေါင်း များစွာနဲ့ ကျေနပ်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ အသုဘ ကိစ္စလည်း ပြီးသွားရော နဝတနဲ့ တပ်မတော် ခေါင်းဆောင်တွေဟာ "ဒေါ်ခင်ကြည်ဟာ တပ်မတော်ရဲ့ ဖခင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဇနီးဖြစ်လို့ တာဝန်ရှိတယ်လို့ ယူဆတဲ့အတွက် စိတ်ရောကိုယ်ပါ ကူညီ ပံ့ပိုးခဲ့တယ်။ ဒါပေမဲ့ သူ့သမီးဟာ တပ်မတော်က မလိုလားတဲ့ နိုင်ငံရေး အုပ်စုတွေနဲ့ ပေါင်းနေတဲ့အတွက် တပ်မတော်အနေနဲ့ ဆက်လက် ကူညီစရာ အကြောင်း မရှိတော့ဘူး" ဆိုတဲ့ သဘောကို ဆက်လက် ကျင့်သုံးတာကို ကျွန်တော် မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရပါတယ်။

နဝတ/တပ်မတော်နဲ့ ပြေလည်ချင်တဲ့ ဆန္ဒ ဒေါ်အောင်ဆန်းစုကြည်မှာ အပြည့်အဝ ရှိပါတယ်။ ဒီလို ပြေလည်စေချင်တာက နိုင်ငံ့အာဏာ ရရှိမှု ဆိုတာထက် နိုင်ငံ တစ်ဝှမ်းလုံး ငြိမ်းချမ်းရေး ရပြီး နိုင်ငံသူ နိုင်ငံသားများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆိုတာတော့ အများသူငါ သိမယ့် အချက် မဟုတ်ပါဘူး။ ကျွန်တော်ကတော့ အနီးကပ် နေတာ ကြာလို့ သူ့သဘောထားကို အကဲခတ်မိတာပါ။

♥ ♥ ♥ ♥ ♥

## အခန်း (၇)
## ဒီမိုကရေစီအသိ မြှင့်တင်ရေး ခရီးစဉ်များ

**မြန်ပြည်အနှံ့ မရပ်မနား**

ဒေါ်အောင်ဆန်းစုကြည်ရဲ့ စည်းရုံးရေး ခရီးစဉ်ဟာ သူ့မိခင်ရဲ့ ကျန်းမာရေးနဲ့ နာရေး ဖြစ်စဉ်တွေ ပေါ်လာတဲ့ အတွက် ခေတ္တခဏ ရပ်ဆိုင်းသွားလိုက်ရပါတယ်။ အဲဒီကိစ္စတွေ ပြီးဆုံးတော့မှ စည်းရုံးရေး ခရီးစဉ်တွေကို ပုံမှန် ပြန်ထွက်ဖြစ်ပါတယ်။ သူ့ခရီးစဉ်တွေမှာ ကျွန်တော်က အမြဲ လိုက်ပါရတော့ သူ့ရဲ့ ဟောပြောချက်တွေ၊ ပြည်သူလူထုနဲ့ ထိတွေ့ ဆက်ဆံပုံတွေကို တွေ့မြင်နေရပါတယ်။ လွန်စွာ အားရစရာကောင်းပါတယ်။

ခရီးထွက်ရာမှာလည်း မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်တွေနဲ့ ကြုံသလို သွားခဲ့ရပါတယ်။ အဲဒီလို သွားရာမှာ တွေ့ကြုံရတဲ့ ပြဿနာက ဘယ်လိုယာဉ်နဲ့ပဲ သွားသွား မူးဝေ အော့အန်တဲ့ Motion Sickness ဖြစ်တတ်တဲ့ ဝေဒနာပါပဲ။ ဒီပြဿနာဟာ ဆိုးဝါးတဲ့ဝေဒနာ မဟုတ်သော်လည်းပဲ ဖြစ်လာရင် ဘာဆေးမှ မတိုးတဲ့ အနေအထား ရှိပါတယ်။ တနင်္သာရီတိုင်းဘက်မှာ သွားစဉ်က ရေယာဉ်နဲ့ ခရီးသွားရာမှာ ဒီအနေအထား မကြာခဏ ကြုံတွေ့ခဲ့ရပါတယ်။

ဒီပြဿနာတွေကို သူ့အနေနဲ့ ပြဿနာလို့ မယူဆပါဘူး။ ခဏတစ်ဖြုတ်အတွင်း ကျော်လွှားနိုင်အောင် ကြိုးစားခဲ့ပြီး မူလရည်မှန်းချက်ဖြစ်တဲ့ စည်းရုံးရေး ခရီးစဉ်များကို အောင်မြင်အောင် ဆောင်ရွက်သွားခဲ့ပါတယ်။ ဒီခရီးစဉ်တွေကို လေ့လာကြည့်တဲ့အခါ ကျွန်တော် ဘယ်လို သဘောပေါက်ခဲ့သလဲ ဆိုတော့ ဗိုလ်ချုပ် အောင်ဆန်း အသက်ရှိစဉ်က လွတ်လပ်ရေး ရရှိဖို့ ကြိုးစားတဲ့အခါမှာ သွားခဲ့တဲ့ ခရီးစဉ်တွေအတိုင်း ဖြစ်တယ် ဆိုတာ တွေ့ရပါတယ်။ ၈၀ ရာခိုင်နှုန်းလောက် တူညီတယ်လို့ ပြောနိုင်ပါတယ်။

ဒီခရီးစဉ်တွေမှာ ပြောခဲ့တဲ့ စကားတွေဟာ အဓိပ္ပာယ် ဖော်ကြည့်မယ်ဆိုရင် အဓိကအချက်ကတော့ မပြီးဆုံးသေးတဲ့ ဒီမိုကရေစီခရီးအတွက် ပြည်သူလူထုကို လှုံ့ဆော်တာဖြစ်သလို သူတို့ရဲ့ နိုင်ငံရေးအသိ၊ နိုင်ငံရေး သဘောထားများ အဆင့်မြင့်လာအောင် ပညာပေးတဲ့ သဘောတွေလည်း ပါတယ်ဆိုတာ သတိထားမိပါတယ်။ ပြောတဲ့စကားတွေထဲမှာ အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များကို အပုတ်ချတဲ့ သဘောတွေ လုံးဝ ကင်းရှင်းတာကိုလည်း တွေ့ရှိရတဲ့အတွက် သူ့ခရီးစဉ်တွေ အောင်မြင်အောင် ကူညီ ပံ့ပိုးခဲ့တာတွေဟာ ပညာလည်း ရ၊ စိတ်လည်း ချမ်းသာခဲ့ရပါတယ်။

## စစ်ကိုင်းတိုင်း

မူလ အစီအစဉ်က စစ်ကိုင်းတိုင်းအတွင်း မြို့ကြီး မြို့ငယ်များ အားလုံးကို စည်းရုံးရေး ခရီးစဉ် အနေနဲ့ သွားရောက်ပြီး စစ်ကိုင်းတိုင်းပြီးရင် ကချင် ပြည်နယ်ကို သွားဖို့ပါ။ စစ်ကိုင်းတိုင်းက မြို့တွေ သွားတဲ့အခါမှာ မြို့တွေတင်မက ရွာများကပါ ကြိုဆိုကြပါတယ်။ စစ်ကိုင်းတိုင်းထဲက ရွာသူရွာသားတွေကတော့ နိုင်ငံရေးကို စိတ်ဝင်စားတာထက် ဗိုလ်ချုပ်အောင်ဆန်း သမီးမို့လို့ ပိုပြီး စိတ်ဝင်စားကြတာပါ။ ရွာတွေကို ဖြတ်တိုင်းလည်း အစားအသောက် အမျိုးမျိုးနဲ့ ဧည့်ခံ ကြိုဆိုကြပါတယ်။

တစ်ရွာက မန်ကျည်းသီး ဖျော်ရည်နဲ့ ဧည့်ခံရင်၊ နောက်တစ်ရွာက ကျောက်ကျော၊ နောက်တစ်ရွာက မုန့်လက်ဆောင်း စသည်တို့နဲ့ ဧည့်ခံပါတယ်။ ဧည့်ခံတာတွေကလည်း ဒေါ်အောင်ဆန်းစုကြည်ကို ဦးတည် ဧည့်ခံတဲ့ အတွက် ဧည့်ဝတ်ပြုတဲ့သူတွေ ကျေနပ်အောင် ဒေါ်အောင်ဆန်းစုကြည်က စားရပါတယ်။ ကျွန်တော် ကတော့ နောက်လိုက်ပီပီ တစ်နေရာ တခါ ဧည့်ခံတိုင်း လိုက်မစားပါဘူး။ ဒေါ်စုက ရွာတွေ ရောက်တိုင်း သူတို့ ဧည့်ခံနေတာတွေ စားတဲ့ အချိန်မှာ ကျွန်တော်တို့ကိုလည်း "စားလေ၊ စားလေ" လို့ တိုက်တွန်းပါတယ်။ ကျွန်တော်တို့ကတော့ ဝပြီလေဆိုတဲ့ သဘောနဲ့ သူ စားဆိုတိုင်း လိုက်မစားပါဘူး။

ဧည့်ခံတာတွေကို အဲဒီလို စားတဲ့အခါ ကန့်ဘလူလည်း ရောက်ရော ဒေါ်စု ဝမ်းပျက်တဲ့ ဝေဒနာ ခံရပါ တယ်။ သူ အဲဒီလို ဖြစ်တဲ့အခါမှာ အတူ လိုက်ပါလာတဲ့ မသိဂီက ပြုစုရပါတယ်။ (ဒီတစ်ခေါက်တော့ ဆရာဝန် လည်း ဖြစ်တဲ့ မသီတာ-စမ်းချောင်း ပါမလာတော့ပါဘူး။) ဒါ့ကြောင့် သာမန် ဝမ်းပိတ်ဆေးပဲ ပေးနိုင်ပါတယ်။ ဒါပေမဲ့ နောက်တစ်နေ့အထိ ဝမ်းက ပြန်မကောင်းခဲ့သေးပါ။ ဒါ့ကြောင့် အတူ လိုက်ပါလာတဲ့ ဗိုလ်မှူးကြီး လှဖေနဲ့ တိုင်ပင်ပြီး ကချင် ပြည်နယ်ကို ဆက်မသွားဘဲ မန္တလေးက ဦးညီပု အိမ်မှာပဲ နားဖို့ ဆုံးဖြတ်ကြပါတယ်။ ဒေါ်စုကတော့ အင်တင်တင်နဲ့ လက်မခံချင်ပါဘူး။ ဒါ့ကြောင့် နောက်တစ်နေ့မှာ ကချင် ပြည်နယ် ခရီးစဉ် ဖျက်ပြီး မန္တလေးမြို့ကို ပြန်ပါတော့တယ်။ ဦးညီပု အိမ်မှာပဲ တည်းခိုကြပါတယ်။

## လှတောရွာ

စစ်ကိုင်းတိုင်းကို စည်းရုံးရေး သွားတဲ့ အကြောင်းကို အထက်မှာလည်း ရေးပြီးပါပြီ။ စည်းရုံးရေး ခရီးစဉ်တွေမှာ အာဏာပိုင်တွေဘက်က လိုက်နှာ မှတ်သားတာတွေ ရှိပေမဲ့ ဧရာဝတီတိုင်းမှာလို တင်းကျပ်တဲ့ ချုပ်ချယ်မှုတွေ မရှိပါ။ ဒါ့ကြောင့် ဒေါ်အောင်ဆန်းစုကြည် သွားတဲ့ ရွာတိုင်း၊ မြို့တိုင်းမှာ လူအုပ်ကြီးက ရုတ်ရုတ်သဲသဲနဲ့ တိုးကြလွန်းလို့ ကျွန်တော်တို့ လုံခြုံရေးလိုက်တဲ့သူတွေ တော်တော် ဂရုစိုက်ရပါတယ်။ တော်တော်လည်း အပင်ပန်းခံရပါတယ်။

လူအုပ်က တိုးလွန်းမက တိုးတော့ သုံးရောင်ခြယ် လူငယ်လေးတွေဟာ ဒေါ်စုကို နစ်ထပ်ရံ ပြီးတော့ လူအုပ်ဒဏ်က ကာကွယ်ရပါတယ်။ လှတောက ရွာဆိုပေမဲ့ တော်တော် အိမ်ခြေများပါတယ်။ ဗိုလ်ချုပ် သမီးမို့ စိတ်ဝင်စားပြီး ထွက်လာတဲ့လူတွေက ပိုများမယ် ထင်ပါရဲ့။

လှတောကို ရောက်တော့ မနက် ၁၀ နာရီလောက် ရှိပါပြီ။ ဒေါ်စုက ရွာထိပ်မှာ ရွာသူရွာသားတွေကို ဟိုင်းလပ်စ် ပစ်ကပ်ကားပေါ်ကနေ စကားပြောပါတယ်။ ရွာသူရွာသားတွေကလည်း ကားကို ဝိုင်းရံပြီး တိုးကြ ပါတယ်။ ဟောပြောပြီးလို့ တခြားတစ်နေရာ သွားဖို့ ကားပေါ်က ဆင်းတဲ့အခါ လူအုပ်ကလည်း စဲမသွားပါဘူး။ လူငယ်တွေ နစ်ထပ်ရံပြီးတော့ လူအုပ်ကို တိုးသွားရပါတယ်။ ကျွန်တော်ကတော့ မတိုးနိုင်လို့ နောက်မှာ ကျန်နေခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်နဲ့ မလှမ်းမကမ်းက လှတောသူ တစ်ယောက်က ပြောလိုက်ပါတယ်။

"အမယ်လေးဟဲ့၊ ရုတ်ရုတ်သဲသဲ ဖြစ်လိုက်ကြတာ၊ အောင်ဆန်းစုကြည် ဖြစ်မယ့်အစား ငါသာ ဆိုရင် ပေါ်တာမပဲ လုပ်တော့မယ်"ပါတဲ့။ ဩော်... လူတောသားများ စကားကြွယ်ပုံ၊ အခုတော့ ကိုယ်တွေ့ကြုံရပြီပေါ့။

## ကချင် ပြည်နယ် ခရီး

ဒေါ်အောင်ဆန်းစုကြည် နေကောင်းလာတဲ့အခါ မန္တလေးကနေ၊ မြစ်ကြီးနားကို လေကြောင်းနဲ့ လာခဲ့ပါတယ်၊ ကျွန်တော်ကတော့ သုံးရောင်ခြယ် လူငယ်တစ်ချို့နဲ့အတူ မြစ်ကြီးနားကို ရထားနဲ့ ကြိုပြီး ရောက်လာခဲ့တာပါ။ ဒေါ်အောင်ဆန်းစုကြည် မရောက်ခင်မှာ မြစ်ကြီးနားမှာ ရှိတဲ့ တွေ့သင့် တွေ့ထိုက်တဲ့ ပုဂ္ဂိုလ်များနဲ့ ဒေသခံ ပါတီများကို တွေ့ဆုံပြီး ဒေါ်အောင်ဆန်းစုကြည် ရောက်လာရင် ဘယ်လို ကြိုဆိုရမယ် ဆိုတဲ့ အစီအစဉ်တွေကို ကြိုဆွဲရပါတယ်။ တည်းဖို့ကျတော့ မြစ်ကြီးနားမြို့ အစွန် စီတာပူ ရပ်ကွက်မှာ ရှိတဲ့ ဗိုလ်မှူး ဖျစ်ထူး အိမ်မှာ တည်းဖို့ စီစဉ်ပါတယ်။

ဗိုလ်မှူး ဖျစ်ထူးက တပ်မတော်က အငြိမ်းစားယူတာ ကြာပါပြီ။ ကျွန်တော်တို့ ခေါင်းဆောင် သူရ ဦးတင်ဦး တပ်ရင်းမှူး ဘဝတုန်းက သူက ဒုတိယ တပ်ရင်းမှူးပါ။ ဒါ့ကြောင့်မို့လို့ ဗိုလ်မှူး ဖျစ်ထူးတို့ မိသားစုဟာ ကျွန်တော်နဲ့ လုံခြုံရေးပါတဲ့ သုံးရောင်ခြယ် လူငယ်များကို ကောင်းကောင်း ဂရုစိုက် ဧည့်ခံကြပါတယ်၊ ဗိုလ်မှူး ဖျစ်ထူးတို့ မိသားစုဝင် အားလုံး သဘောကောင်းကြပါတယ်။

ဒီခရီးစဉ် ဖြစ်မြောက်အောင် ပံ့ပိုး ကူညီခဲ့တဲ့ အဓိက ပုဂ္ဂိုလ်တွေကတော့ မကြူကြူသန်းနဲ့ မကြည်ကြည် စိုးတို့ ဖြစ်ကြပါတယ်၊ မကြူကြူသန်းက ရှစ်လေးလုံး အရေးတော်ပုံကြီးမှာ အထက်တန်းပြ ဆရာမ အနေနဲ့ ပါဝင်ခဲ့ပြီး ဒေါ်စုရဲ့ ခရီးစဉ်အတွက် လိုလေသေး မရှိအောင် စီစဉ် ဆောင်ရွက်ပေးခဲ့ပါတယ်။ ဇာတိက ဖန်းမော်က ဖြစ်ပြီး ရုတ်တရက် ကြည့်ရင် တရုတ်ကပြားလို့ ထင်စရာရှိသော်လည်း ရုပ်ရည် ရူပကာကတော့ ရွှက်ကြမ်းရေကြိုထက် သာတယ်လို့ ထင်ပါတယ်၊ ကြည်ကြည်စိုးကတော့ ရန်ကုန် စည်ပင်ရုံးက ဝန်ထမ်း ဖြစ်ပါတယ်။ ရုပ်ကတော့ အိန္ဒိယနွယ်ဖွား ဖြစ်ကြောင်း သိသာပါတယ်။

မြစ်ကြီးနား ခရီးစဉ်မှာ ဗိုလ်မှူးကြီး လှဖေ လိုက်ပါလာပါတယ်။ သူ တပ်မတော်မှာ အမှုထမ်းစဉ်က မြောက်ပိုင်းတိုင်း တိုင်းမှူးအဖြစ် တာဝန်ထမ်းခဲ့တဲ့အတွက် ကချင် ပြည်နယ်အကြောင်း တော်တော် သိထားတဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်။ မြစ်ကြီးနားမှာ ပြည်နယ်အဆင့် NLD ဖွဲ့စည်းနိုင်ဖို့ရယ်၊ မြို့နယ်နဲ့ ခရိုင် အဆင့်တွေမှာ အလားအလာ ရှိတဲ့ လူငယ်တွေကို ဖွဲ့စည်းပေးခဲ့ပါတယ်၊ မြစ်ကြီးနားမှာ လူထု ဟောပြောပွဲတွေ လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ တိုင်းတွေမှာ လုပ်ခဲ့တဲ့ လူထု အစည်းအဝေးပွဲတွေလောက် ပရိသတ် မများပါ။ အကြောင်းကတော့ မြစ်ကြီးနားမှာ အခြား ကချင် ပါတီတွေလည်း ရှိနေခဲ့လို့ ဖြစ်ပါတယ်။

မြစ်ကြီးနားကပြီးတော့ ဗန်းမော်ကို လေကြောင်းခရီးနဲ့ ဆက်သွားခဲ့ပါတယ်။ ဗန်းမော်က ကြူကြူသန်းရဲ့ ဇာတိပါ။ ဒါပေမဲ့လည်း ကျွန်တော်တို့အဖွဲ့ ဗန်းမော် ရောက်ပြီ ဆိုတာနဲ့ ကျွန်တော်တို့ အုပ်စုအပေါ် အာဏာပိုင်တွေရဲ့ တုံ့ပြန်မှုက ရေဝတီတိုင်းတုန်းကလို ပြန်ဖြစ်လာပါတယ်။ ချုပ်ချယ် ကန့်သတ်မှုတွေ များပါတယ်။ လူထုနဲ့ တွေ့ဆုံပွဲတွေ လုပ်တဲ့အခါ တပ်မတော်သားများက အနီးအနားလာပြီး နေရာယူတာတွေ တွေ့ရပါတယ်။

## ရေဝတီ မြစ်ရေ

ဒေါ်အောင်ဆန်းစုကြည် ကချင် ပြည်နယ် စည်းရုံးရေး ခရီးစဉ် သွားမယ်ဆိုပြီးတော့ ကျန်းမာရေး အခြေအနေကြောင့် ပထမ တစ်ခေါက်မှာ မသွားဖြစ်ခဲ့ပါ။ အဲဒီ အခေါက်တုန်းကလည်း ကျွန်တော်နဲ့ လူငယ် တချို့

ကြိုပြီး တစ်ခေါက် သွားခဲ့ပါတယ်။ သူ လာမယ်ဆိုတဲ့ ရက်မတိုင်ခင် သုံးရက်လောက် စောရောက်ခဲ့ပါတယ်။ မြို့ခံတွေနဲ့ ညှိနှိုင်းပြီးတဲ့အခါမှာ နောက်ရက်တွေ အားပါတယ်။ ဒါ့ကြောင့် လူငယ် နှစ်ယောက် သုံးယောက် ခေါ်ပြီး ရေဝတီမြစ်ရေ ချိုးဖို့အတွက် ရေဝတီမြစ်ဆီ သွားပါတယ်။ ဗိုလ်မှူး ဖျစ်ထူး အိမ်နဲ့ နီးပါတယ်။ နေ့ခင်း နှစ်နာရီလောက်မှာပါ။ လကလည်း ဧပြီလဆိုတော့ ရေချိုးရင် ကောင်းမယ်လို့ ထင်တာပေါ့။

ရေဝတီမြစ်ထဲ ဆင်းလိုက်တဲ့အခါကျတော့ လား....လား ရေဝတီမြစ်က စိမ့်နေအောင် အေးလှပါလား။ မြစ်ရေထဲမှာ ကြာကြာ မစိမ်နိုင်ပါဘူး။ ရေခဲရေတမျှ အေးလွန်းလို့ ခဏလေးနဲ့ ကုန်းပေါ် တက်လိုက်ရပါတယ်။ မြစ်ကြီးနားက လူတွေကတော့ ပြောသား၊ တောင်ပေါ်က နှင်းတွေ အရည်ပျော် ကျတဲ့ရေမို့လို့ အေးလိမ့်မယ်လို့။ ကျွန်တော်က သူတို့စကားကို အမှုမထားမိဘဲ မြစ်ရေထဲဆင်းတဲ့အခါ အေးလိုက်တဲ့ဖြစ်ခြင်း။

ပန်းမော်ရောက်တော့ အနေအထားက တစ်မျိုး။ ညစာ စားပြီး ညခုနစ်နာရီလောက်မှာ ဒေါ်စုက မြစ်ထဲ ရေချိုးချင်တယ်လို့ ပြောပါတယ်။ အဲဒီတော့ ကျွန်တော်က မြစ်ကြောင်းကို ဆင်းလို့ရတဲ့နေရာကို လက်နှိပ်ဓာတ်မီး တစ်လက်နဲ့ လမ်းကြောင်း ရှာရပါတယ်။ လမ်းကြောင်းသိပြီ ဆိုမှ ကျွန်တော်ရယ် ဗိုလ်မှူးကြီး လှဖေရယ်၊ ဒေါ်စုနဲ့ မသိဂီတို့ လေးယောက်တည်း အိမ်နောက်ဖေးက ထွက်ပြီး ကျွန်တော် ရှာထားတဲ့ လမ်းကြောင်းအတိုင်း မြစ်ထဲကို ဆင်းပါတယ်။ ကျွန်တော်တို့ မြစ်ရေစိမ်တော့ မြစ်ကြီးနားတုန်းကလို ရေက မအေးတော့ပါဘူး အနေတော်လေးပါပဲ။

ခဏလေးနေတော့ ကိုမော်နဲ့ အောင်အောင်တို့က ခေါင်းဆောင်ပြီး လူငယ် သုံး-လေးယောက်နဲ့ မြစ်ကမ်းထိပ်က လက်နှိပ်ဓာတ်မီးတွေ တဝင်းဝင်းနဲ့ "အမရေ၊ ကိုထိန်ရေ" နဲ့ တကြော်ကြော် ခေါ်ပြီးတော့ ကျွန်တော်တို့ကို ရှာနေတဲ့အသံ ကြားရပါတယ်။ အဲဒီကျတော့မှ ဒေါ်စုက "ကိုဝင်းထိန်၊ ထူးလိုက် ထူးလိုက်" လို့ ဆိုတဲ့အတွက် ကျွန်တော်က "ဟေ့ ဒီမှာဟေ့" လို့ ပြန်ထူးလိုက်ပါတယ်။ အဲဒီကျတော့မှ ကိုမော်တို့ တစ်သိုက် အမောကြီး အပန်းကြီးနဲ့ ကျွန်တော်တို့ဆီ ရောက်လာပါတော့တယ်။ တကယ်တော့ ဒေါ်စုက လူမသိ သူမသိ မြစ်ရေစိမ်ချင်လို့ လူလေးနည်းနည်းနဲ့ ထွက်လာခဲ့ကြတာပါ။

## ကိုမော်၊ ကိုအောင်နဲ့ သူတို့ဖခင် ဗိုလ်မင်းလွင်

သူတို့ရဲ့ နာမည် အပြည့်အစုံက မော်မင်းလွင်နဲ့ အောင်ကြီးလွင်ပါ။ ကျွန်တော်တို့က ကိုမော်နဲ့ ကိုအောင်လို့ပဲ ခေါ်ကြတာပါ။ သူတို့နှစ်ယောက် ညီအစ်ကိုဖြစ်ပြီး ကိုမော်က အကြီးပါ။ သူတို့ရဲ့ ဖခင်ကတော့ ဗိုလ်မှူး မင်းလွင်ပါ။ ဆောက်လုပ်ရေး ဝန်ကြီးဌာနက ညွှန်ကြားရေးမှူးပါ။ ဗိုလ်ချုပ် အောင်ဆန်း သက်ရှိထင်ရှား ရှိစဉ်က ဗိုလ်မင်းလွင်၊ ဗိုလ်ထွန်းလှ (တရေးဆရာ တက္ကသိုလ်နေဝင်း) နဲ့ နွတ်ခမ်းပုံ ဗိုလ်ထွန်းရွှေတို့က အနီးကပ် သက်တော်စောင့် အရာရှိတွေပါ။ အဲဒီတုန်းက သူတို့ကို အပါးတော်မြဲလို့ခေါ်ကြပါတယ်။

ဗိုလ်မင်းလွင်ဟာ လွတ်လပ်ရေး ရပြီးခါစက ဦးနု အစိုးရ အကောင်အထည် ဖော်တဲ့ စီမံကိန်းမှာ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ယူရတဲ့သူပါ။ အဲဒီ စီမံကိန်းကတော့ "အောင်ဆန်းမြို့ စီမံကိန်း" ဖြစ်ပါတယ်။ အဲဒီ စီမံကိန်းရဲ့ ရည်ရွယ်ချက်တော့ ဗိုလ်ချုပ် အောင်ဆန်း သက်ရှိထင်ရှား ရှိစဉ်က ဆန္ဒရှိခဲ့တဲ့ ကျေးလက်ဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်းတွေ အတွက် ရည်ရွယ်တာပါ။ အင်းစိန် ဒညင်းကုန်း လမ်းမကြီး တစ်ဝိုက် ဖော့ကန် အလွန်က ရပ်ကွက်တွေကို အောင်ဆန်း ရပ်ကွက်လို့ သတ်မှတ်လိုက်ပါတယ်။

အဲဒီမှာ ပါတဲ့ စီမံကိန်းတွေက ထွန်စက်မောင်း သင်တန်း၊ ထွန်စက်ပြင် သင်တန်း၊ ပရိဘောဂ ထုတ်လုပ်ရေး သင်တန်းများ ပါပါတယ်။ နောက်ပြီး သင်တန်းနှစ် သုံးနှစ်ပဲ တက်ရတဲ့ ဆေးမှူး သင်တန်းလည်း ပါပါ

တယ်။ အဲဒီက သင်တန်းဆင်းတွေကို ကျေးလက် ကျန်းမာရေးမှူးအဖြစ် ခန့်အပ်ပြီး ကျေးလက် ကျန်းမာရေး စောင့်ရှောက်မှုအတွက် အသုံးတည့်မယ့် ပုဂ္ဂိုလ်တွေကို မွေးထုတ်ပေးခဲ့တာပါ။

ဗိုလ်မှူး မင်းလွင်ဟာ အောင်ဆန်း စီမံကိန်းမှာ ညွှန်ကြားရေးမှူး အဖြစ်နဲ့ ဆောင်ရွက်ခဲ့တာ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီ အာဏာသိမ်းတဲ့ အထိပါပဲ။ တော်လှန်ရေးကောင်စီဟာ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ကို ကြေညာပြီး ဆိုဗီယက် ယူနီယမ်နဲ့ ဆက်ဆံရေး တိုးမြှင့်လိုက်ပါတယ်။ ဒါ့ကြောင့် ဆိုဗီယက် နိုင်ငံ အခြေအနေတွေ လေ့လာနိုင်အောင် ဆောက်လုပ်ရေး ဝန်ကြီးဌာနက အရာရှိတွေ ပါဝင်တဲ့ လေ့လာရေး အဖွဲ့ တစ်ခုကို ရုရှားကို လွှတ်လိုက်ပါတယ်။ အဲဒီအဖွဲ့ထဲမှာ ဗိုလ်မှူး မင်းလွင် ပါသွားပါတယ်။ အဲဒီ အဖွဲ့ မော်စကိုမြို့ကို ရောက်တဲ့အခါကျမှ မြန်မာနိုင်ငံက နိုင်ငံခြားရေး ဝန်ကြီး ဌာနက ကြေးနန်း တစ်စောင်ဟာ မော်စကိုမှာ ရှိတဲ့ မြန်မာသံရုံးကို ရောက်လာပါတယ်။ အဲဒီ ကြေးနန်းရဲ့အဓိပ္ပာယ်က ဗိုလ်မှူး မင်းလွင်ကို မြန်မာပြည်ကို အမြန်ဆုံး ပြန်လွှတ်ပေးဖို့ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဗိုလ်မှူး မင်းလွင်ဟာ သူတစ်ယောက်တည်း မော်စကိုကနေ ရန်ကုန်ကို ပြန်လာပါတယ်။ မင်္ဂလာဒုံ လေယာဉ်ပျံကွင်းကို ရောက်တဲ့အခါ အသင့်စောင့်နေတဲ့ ထောက်လှမ်းရေးအဖွဲ့က သူ့ကို အင်းစိန် ထောင်ကို ပို့လိုက်ပါတယ်။ အဲဒီခေတ်က ပုဒ်မ ၁၀ နဲ့ ပတ်သက်တဲ့ ဥပဒေ မပြဋ္ဌာန်းရသေးသော်လည်းပဲ ဗိုလ်မှူး မင်းလွင်ကို ထောင်ထဲ ထည့်ထားတာကလည်း ဒီသဘောပါပဲ။ ဗိုလ်မှူး မင်းလွင် စိတ်ဓာတ် ထက်မြက် တာ၊ ရဲရင့်တာကို သိတာက ဦးနေဝင်းပါ။ ဗိုလ်မင်းလွင်ဟာ ဗိုလ်ချုပ်အောင်ဆန်း တပည့် ဖြစ်ရုံတင်မက ဦးနေဝင်းရဲ့ ဩဇာကို မနာခံတာကို ဦးနေဝင်းက သိပါတယ်။ ဦးနေဝင်းကလည်း သူ အာဏာ တည်ဆောက်စဲ ကာလမှာ သူ့အတွက် ဆူးငြောင့်ခလုတ် ဖြစ်မယ့် သူတွေကို ရှင်းနေတဲ့ကာလ ဖြစ်ပါတယ်။

တကယ်တော့ ဗိုလ်မင်းလွင်မှာ ဘာအပြစ်မှ မရှိပါဘူး။ အောင်ဆန်းမြို့ စီမံကိန်းကြီး တစ်ခုလုံးကို သူ ကြီးကြပ်ရတဲ့အခါမှာ ခေါင်းဆောင်မှု အပြည့်ရနေတာကို ဦးနေဝင်းက သိလို့ စောစောစီးစီး ကြိုပြီး ရှင်းထားတဲ့ သဘောပေါ့။ ဗိုလ်မင်းလွင်ဟာ ထောင်ထဲမှာ ဘာအပြစ်မှမရှိဘဲ တစ်လက နှစ်လ၊ နှစ်လက သုံးလ ကြာလာ တဲ့ အခါ ထောင်ထဲက အဆက်အသွယ်နဲ့ အောင်ဆန်းက သူ့တပည့်တွေဆီ အကြောင်းကြားပါတယ်။

အဲဒီအခါမှာ အောင်ဆန်းမှာ ရှိတဲ့ တပည့်တပန်းတွေ စုပြီးတော့ ထောင်ကို အရေးဆိုမယ်၊ ဒါမှမဟုတ် အောင်ဆန်းမှာ ရှိတဲ့ လူတွေ စုပြီး ထောင်ကို ဝိုင်းမယ် ဆိုတဲ့အထိ ဖြစ်လာပါတယ်။ အဲဒီလို ဖြစ်လာတဲ့အခါမှာ ဗိုလ်မင်းလွင်ကို ထောင်က လွှတ်ပေးလိုက်ရပါတယ်။ ဒါပေမဲ့ အောင်ဆန်းမြို့ စီမံကိန်းမှာ မထားတော့ဘဲ ဆောက်လုပ်ရေး ဝန်ကြီးဌာနက ညွှန်ကြားရေးမှူး တစ်နေရာ ပို့ပြီး ပြောင်းပေးလိုက်ပါတယ်။ အဓိကကျတဲ့ အချက်က ဗိုလ်မင်းလွင်ရဲ့အခြေခံ အင်အားစုနဲ့ ကင်းကွာသွားအောင် ဖြစ်ပါတယ်။

ရှစ်လေးလုံး အရေးတော်ပုံကြီးမှာ ဒေါ်အောင်ဆန်းစုကြည် ပါဝင်လာတဲ့အခါမှာ ဗိုလ်မင်းလွင်က သူ့ သား နှစ်ယောက်ဖြစ်တဲ့ ကိုမော်နဲ့ အောင်အောင်တို့ကို ခေါ်ပြီး "မင်းတို့ နှစ်ယောက်၊ မင်းတို့ အစ်မကို စောင့် ရှောက်ဖို့ သွားကြ၊ သူ သေဆို သေ၊ ရှင်ဆို ရှင်၊ ပြန်မလာကြနဲ့" လို့ ဩဝါဒပေးလိုက်လို့ သူတို့ နှစ်ယောက် ဒေါ်စု အနားမှာ ရောက်လာကြတာပါ။ ဒါ့ကြောင့် သူတို့နှစ်ယောက်ဟာ ဒေါ်စု စည်းရုံးရေး ခရီးစဉ် သွားရာမှာ လုံခြုံရေး တာဝန်ကို အဓိက ထမ်းဆောင်နေတဲ့သူ နှစ်ယောက် ဖြစ်လာပါတယ်။ ကိုမော်က အကြီး ဖြစ်သူပီပီ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့သမျှ ပရိသတ်ကို ထိန်းပါတယ်။ အောင်အောင်ကတော့ Body Guard ပေါ့။

နှစ်ယောက်စလုံးကတော့ စိတ်ထက်တဲ့ သူတွေပါ။ ဒေါ်အောင်ဆန်းစုကြည်ကို ချဉ်းကပ်လာတဲ့ ပရိ သတ်တွေ နည်းနည်း လွန်လာတဲ့အခါမှာ သူတို့က ထိန်းရပါတယ်။ ဒါ့ကြောင့် ရံဖန်ရံခါ လူထုနဲ့ ကတောက်ကဆ

ပုံစံမျိုးတွေ ဖြစ်တတ်ပါတယ်။ ဒါကိုတော့ ဒေါ်အောင်ဆန်းစုကြည်က သူ့ကို ချစ်လို့လာတဲ့ ချဉ်းကပ်လာတဲ့ လူတွေကိုလည်း ဖျောင်းဖျ၊ သူတို့ကိုလည်း ဆုံးမတာမျိုး မကြာခဏ ကြားဝင် ဖြေရှင်းပေးရပါတယ်။

သူတို့ကလည်း ကျွန်တော့်ကို လေးစားမှု ရှိတော့ ဆက်ဆံရတာ အဆင်ပြေပါတယ်။ တစ်ခါတလေ အောင်အောင်က နေကာမျက်မှန် တပ်ရတဲ့ခါ ဒေါ်စုက "အောင်အောင့် ပုံစံက ဂျပန် ယာကူဇာ Yakuza နဲ့ တူတယ်" လို့ မှတ်ချက်ချလေ့ ရှိပါတယ်။ ဟုတ်ပါတယ်၊ အောင်အောင်ကတော့ အသားဖြူဖြူ အရပ်မြင့်မြင့်နဲ့ ရုပ်က ချောတယ်လို့ ပြောရပါမယ်။ ဒေါ်စုဆီကို ချဉ်းကပ်လာတဲ့ ပရိသတ်ထဲက ဘယ်သူ ဘာဖောက်မလဲ ဆိုတာ အမြဲတမ်း အကဲခတ်နေသူဖြစ်တော့ မျက်နှာ အမူအရာက အမြဲ မာရေကျောရေ ဖြစ်နေတာပါ။ ကိုမော်ကတော့ အောင်အောင်လောက် မထွားပေမဲ့ တစ်ခု တစ်ခု မဟုတ်တာဖြစ်ရင် ပေါက်ကွဲတတ်ပါတယ်။

## ဖန်းမော်- ရွှေကူ ခရီးစဉ်

ကျွန်တော်တို့ ညအချိန်မှာ ဧရာဝတီမြစ်ထဲ ရေဆင်းချိုးတော့ ကိုအောင်တို့ ကိုမော်တို့ မသိဘဲ ဆင်းလာတဲ့ အတွက် သူတို့နှစ်ယောက် ရုတ်တရက်ဆိုတော့ ပျာသွားကြတာပါ။ ဖန်းမော်မှာ လူထု တွေ့ဆုံပွဲကိုတော့ ကျွန်တော်တို့ တည်းတဲ့ အိမ်မှာပဲ လုပ်ပါတယ်။ နောက်တစ်နေ့မှာ ရေလမ်းခရီးနဲ့ ရွှေကူကို ဆက်သွားကြပါ တယ်။ ဖန်းမော်က အုပ်ချုပ်ရေး တာဝန်ကျတဲ့လူတွေဟာ ဘယ်လောက်ထိ လုပ်သလဲဆိုရင် ဒေါ်အောင်ဆန်း စုကြည်နဲ့ အဖွဲ့ ဖန်းမော်က ထွက်တာနဲ့ ကျွန်တော်တို့ တည်းခိုတဲ့ အိမ်ကို ချိတ်ပိတ်လိုက်ပါတယ်။ အိမ်ရှင်တွေ ကတော့ ချက်ချင်း လက်ငင်း ဒုက္ခရောက်သွားတာပေ့ါ။

ဖန်းမော်ကနေ ရွှေကူသွားတော့ ဧရာဝတီမြစ်ရဲ့ နာမည်ကြီးတဲ့ "မြစ်ကျဉ်း" တွေကို ဖြတ်သန်းခဲ့ပါ တယ်။ မြစ်ကျဉ်းတွေဟာ နာမည်နဲ့လိုက်အောင် ရေကြောင်းလမ်း ကျဉ်းမြောင်းလှပါတယ်။ ကျဉ်းရုံတင်မက ရေစီးကလည်း ညင်သာပါတယ်။ ဟုတ်မဟုတ်တော့ စမ်းသပ်မကြည့်မိခဲ့ပါဘူး။ အပ်ချည်လုံး အစကို ကျောက် ခဲနဲ့ သီပြီး ရေထဲ ပစ်ချလိုက်ရင် အဲဒီ အပ်ချည်လုံး ကုန်တဲ့အထိ ကျောက်ခဲက မြစ်အောက် ကြမ်းပြင်ကို မထိပါဘူးတဲ့။ ရွှေကူက ကချင် ပြည်နယ်မှာ ပါနေပေမဲ့ ကချင် လူမျိုးထက် ဗမာတွေ ပိုများပါတယ်။ ဒါ့ကြောင့် အဲဒီ မြို့နယ် NLD- EC အဖွဲ့မှာ ဗမာတွေ ပိုများပါတယ်။

## ကသာမြို့

ဒေါ်အောင်ဆန်းစုကြည် မြန်မာပြည် တစ်ပြည်လုံး စည်းရုံးရေး ခရီးစဉ်မှာ မဖြစ်ဘူးတဲ့အရာတွေ ဖြစ်ခဲ့တဲ့မြို့ပါ။ ကသာ ဆိပ်ကမ်းကို သင်္ဘောဆိုက်တာနဲ့ မြို့ပေါ်က လူတွေ ကြိုဆိုတာ တစ်ခဲနက်ပါပဲ။ စာထဲမှာ ပါသလို "ကမ်းလုံး ညွတ်မျှ" ဆိုတဲ့ စကားနဲ့ သွားညီညွတ်နေပါတယ်။ လမ်းတစ်လျှောက်တွေမှာလည်း လူထုတွေ များတဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်က ကားပေါ်ကနေ မတ်တတ်ရပ် လိုက်ခဲ့ပါတယ်။ ကြိုတဲ့အထဲမှာ ပါတဲ့ မိန်းမတွေက "အောက်ကိုဆင်း လမ်းလျှောက်ပါ" လို့ ပြောတော့ သူက လိုက်လျောတဲ့အနေနဲ့ ဆင်းပြီး တော့ လမ်းလျှောက်ပါတယ်။

အဲဒီလို လမ်းလျှောက်တဲ့အခါ ကြိုဆိုတဲ့အထဲ မိန်းမတစ်ချို့က စံပယ်ပန်းလို၊ ခရေပန်းလိုကို ကြိုးနဲ့ သီပြီး ဒေါ်စုခေါင်းက စွပ်ပြီး ဂုဏ်ပြုတယ်ပေ့ါ။ တစ်နေရာကျတော့ မိန်းမတစ်ယောက်က ပန်းကုန်း စွပ်ရင်းနဲ့ ဒေါ်စုကို ဖက်နမ်းပါလေရော။ ဘေးက ရံလိုက်လာတဲ့ ကိုမော်နဲ့ ကိုအောင်တို့ကလည်း ရုတ်တရက် ဆိုတော့ ဘာမှမလုပ်တတ်ဘဲ ဟေး... ဟေးနဲ့ အော်ပြီး တားပါတယ်။ နောက်တစ်နေရာကျတော့လည်း အဲဒီလိုပဲ

ဖြစ်ပြန်ပါတယ်။ အဲဒီတော့ ကျွန်တော်က လူမိုက်လုပ်ရပါတယ်။ ဒေါ်စုရှေ့ လေး-ငါးလှမ်းလောက် ကြိုသွားထားပြီး မိန်းကလေးတွေ တွေ့ရင် "ဟေ့..ဟေ့ ဒေါ်စုကို မနမ်းရဘူးနော်၊ နမ်းချင်ရင် ငါ့ကိုနမ်း" လို့ ပြောပါတယ်။ အဲဒီတော့ သူတို့က "အမယ် ဘာလို့ နမ်းရမှာလဲ" လို့ ဆိုပြီး ပြန်ပက်ပါတယ်။

## အကဲလွန်တဲ့ ကသာသူတွေ

ကျွန်တော် အဲဒီလို နှစ်ခါ သုံးခါ ပြောတော့ ဒေါ်စုက "ကိုဝင်းထိန် အဲဒီလို မပြောပါနဲ့" လို့ တားပါတယ်။ ဒါပေမဲ့ ကသာသူတွေက ကဲလွန်းလို့ ဒေါ်စုကို ကားပေါ် ပြန်တက်ခိုင်းပြီး ကားကို ဖြည်းဖြည်း မောင်းပြီး လူထုကို နှုတ်ဆက်ရပါတယ်။ ညအိပ် တည်းခိုမယ့်နေရာ ရောက်ခါနီးမှာ အဖွဲ့တစ်ဖွဲ့က ကြိုဆိုပါတယ်။ အဲဒီအဖွဲ့ထဲမှာ တွန်းလှည်း Wheel chaire နဲ့ မိန်းကလေး တစ်ယောက် စံပယ်ပန်းကုံးတွေ ကိုင်ပြီး စောင့်နေပါတယ်။

ဒေါ်စုက အဲဒီမိန်းကလေးကို မြင်တဲ့အခါမှာ ကားပေါ်က ဆင်းပြီး သူ့ဆီကို လျှောက်သွားပါတယ်။ သူ့နား ရောက်တော့ ကုန်းပြီး ပန်းကုံးစွပ်စေတဲ့အခါမှာ ကောင်မလေးက ဒေါ်စုပုခုံးကို ကိုင်ပြီးတော့ နမ်းလိုက်ပါတယ်။ အဲဒီမှာ အရင် ရက်ပေါင်းများစွာက ပင်ပန်းတဲ့ဒဏ်တွေကြောင့်လား မသိပါ။ ဒေါ်စုက ပန်းကုံးစွပ်တဲ့ ကောင်မလေးပေါ်မှာ လဲကျပြီး သတိမေ့သွားပါတယ်။ အဲဒီအခါမှာ အနားမှာ ရှိတဲ့ ကိုအောင်က ၁၀ ကိုက်လောက်ပဲ ဝေးတဲ့ နားခိုမယ့်နေရာကို ပွေ့ချီသွားရပါတယ်။

မိုးကုတ်မှာတုန်းက တစ်နိုင်ငံလုံးက မြို့တွေထဲမှာ မိုးကုတ်သူတွေက အလှဆုံးလို့ ပြောခဲ့ဖူးပါတယ်။ ကသာကျတော့ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးမှာ အကဲဆုံးသော မိန်းမတွေလို့ ပြောရမလို ဖြစ်နေပါတယ်။ ကသာပြီးတော့ ရွှေကူကို ရောက်ပါတယ်။ ရွှေကူက အမျိုးသမီးတွေကလည်း ကသာသူတွေကို မှီသဗျ။ တော်တော် ကဲကဲလေးတွေပါ။ ဒီလောက်ပဲ ပြောပါရစေ။

ကသာ ရောက်တုန်းမှာ အရွယ်ရောက်တဲ့ ယောကျ်ားတွေ မတွေ့ခဲ့ရပါဘူး။ အဲဒီတုန်းက တပ်မတော် စစ်ဆင်ရေးတွေ ဝင်နေတဲ့အတွက် တချို့လည်း ပေါ်တာ ပါသွားပြီး တချို့ကြတော့ ပေါ်တာ အဆွဲမခံရအောင် ရှောင်နေကြပါတယ်။ ဒါ့ကြောင့် ဒေါ်စုပါတဲ့ သဘော် ကသာ ဆိပ်ကမ်း ရောက်တော့ လာကြိုတဲ့ ပရိသတ်က အမျိုးသမီးတွေနဲ့ ကလေးတွေ များပါတယ်။ မှောင်ရီဖျိုးဖျ အချိန်ဖြစ်လို့ ဒေါ်စုနဲ့ ကလေးတွေ အပြန်အလှန် ပြောဆိုကြတဲ့ မြင်ကွင်းဟာ အင်မတန် ကြည်နူးစရာ ကောင်းပါတယ်။

## မိုးညှင်း/မိုးကောင်း ခရီးစဉ်

မြစ်ကြီးနားက ရထားနဲ့ ထွက်ပြီး နမ္မတီးနားမှာ ဆင်းရပါတယ်။ အဲဒီကမှ တစ်ဆင့် မိုးညှင်း၊ မိုးကောင်းဘက်ကို ကားနဲ့ သွားကြရတာပါ။ လမ်းတွေက မကောင်းပါဘူး။ ကျောက်ချောလမ်းဖြစ်ပါတယ်။ ခရီးစဉ်တစ်လျှောက်မှာ ဖုန်တထောင်းထောင်းပေါ့။ မိုးကောင်းမြို့မှာ အရေးအခင်းကာလတုန်းက ထင်ရှားတဲ့ ပြဿနာတစ်ခု ဖြစ်ခဲ့ပါတယ်။ အဲဒီ ပြဿနာက ဝက်သားနဲ့ ချဉ်ပေါင် ဖြစ်ပါတယ်။ မြို့မှာ သပိတ်တွေ မှောက်ကြတော့ သပိတ်ကော်မတီ နှစ်ခု ပေါ်လာပါတယ်။

တစ်ခုက ကြေးရေတတ် လူတွေ ပါတဲ့အတွက်ကြောင့် ရန်ပုံငွေ တောင့်တဲ့အဖွဲ့ပါ။ သူတို့အဖွဲ့ကို "ဝက်သား" လို့ ခေါ်ပါတယ်။ နောက်တစ်ဖွဲ့ကတော့ တက်ကြွတဲ့ လူငယ်အများစုနဲ့ ဖွဲ့ထားတာပါ။ ရန်ပုံငွေ မပြည့်စုံပါဘူး။ သူတို့အဖွဲ့ကိုတော့ "ချဉ်ပေါင်" အဖွဲ့လို့ ခေါ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် သူတို့ မြို့ကို ရောက်တဲ့အခါ စုပေါင်း လာမတွေ့တဲ့အတွက် ဒေါ်စုက သူတို့တစ်ဖွဲ့ချင်းကို သွားတွေ့ပြီး NLD ဖွဲ့ရင်တော့

နှစ်ဖွဲ့ ညီညွတ်မှ ဖြစ်မယ်လို့ ဩဝါဒပေးခဲ့ပါတယ်။

မိုးညှင်းကတော့ ညီပါတယ်။ ကျောင်းအုပ်ဆရာဟောင်း ဦးဖေစိန်ရဲ့ စည်းရုံးရေး စွမ်းအားကြောင့် တစ်မြို့လုံးမှာ ရှိတဲ့ လူဦးရေရဲ့ ၆၀ ရာခိုင်နှုန်းလောက်ကို NLD ပါတီဝင်ဖြစ်အောင် လုပ်ထားခဲ့တာပါ။ သူတို့ စီစဉ်တဲ့ လူထု တွေ့ဆုံပွဲကလည်း အစီအစဉ်တကျ ရှိပါတယ်။ လူကြီး/လူငယ် အဖွဲ့တွေပါ စနစ်တကျ ဖွဲ့ထားခဲ့တာပါ။ ကျွန်တော့် အတွေ့အကြုံအရ မြန်မာ တစ်နိုင်ငံလုံးမှာ NLD အင်အား အကောင်းဆုံး ရှိတာ ဘယ်မြို့လဲလို့ မေးရင် မိုးညှင်းလို့ ဖြေရမှာပါ။

## ဗိုလ်ချုပ်ကြီး စောမောင်ရဲ့ မိန့်ခွန်း

ဇူလိုင်လ ၅ ရက်နေ့မှာ ဗိုလ်ချုပ်ကြီး စောမောင်က တစ်နိုင်ငံလုံးကို တီဗီက တစ်ဆင့် မိန့်ခွန်း ပြောပါတယ်။ သူ့မိန့်ခွန်းက သုံးနာရီလောက် ကြာပါတယ်။ ကျွန်တော် အဆုံးထိ နားမထောင်ဖြစ်ခဲ့ပါဘူး။ တစ်နာရီလောက် ကြာတော့ မဟန်နိုင်တော့ဘဲ အိပ်ရာဝင်ခဲ့ပါတယ်။ နောက်နေ့ မနက် ဒေါ်စုကို သူ့မိန့်ခွန်း အကြောင်း မေးတော့ သူလည်းပဲ ဆုံးအောင် နားမထောင်ဖြစ်ဖူးလို့ ပြောပါတယ်။ နားထောင်မိတဲ့ အပိုင်းမှာ ဗိုလ်ချုပ်ကြီး စောမောင်ရဲ့ မိန့်ခွန်းထဲက အဓိကကျတဲ့ အကြောင်းအရာတွေတော့ နားထောင်ဖြစ်ပါတယ်။

သူ့စကားအတိုင်း ပြန်ဖောက်သည်ချရရင်တော့ "ပါတီစုံ ဒီမိုကရေစီ အတွက် ရည်ရွယ်ပြီး ကျွန်တော်တို့ ရွေးကောက်ပွဲတွေ လုပ်ပေးမယ်၊ အဲဒီ ရွေးကောက်ပွဲမှာ နိုင်တဲ့ပါတီတွေက ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆွဲကြလေ၊ ကျွန်တော်တို့ကတော့ ရွေးကောက်ပွဲပြီးရင် Barrack ကို ပြန်ကြမယ်၊ ကျွန်တော်တို့က ဆွဲရင် စောမောင် ရေးပေးတဲ့ Constitution က စောက်သုံးမကျဘူးလို့ အပြောမခံနိုင်ဘူး" လို့ သဘောပါတဲ့ စကား ကြမ်းကြမ်း ရမ်းရမ်း ပြောသွားခဲ့တာပါ။

ဗိုလ်ချုပ်ကြီး စောမောင်ရဲ့ စကားကို ကြားရတော့ ကျွန်တော် စိတ်ချမ်းသာသွားပါတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ ကျွန်တော် လောလောဆယ် ဆောင်ရွက်နေတဲ့ "ရွှေတောင် အထည်ချော စက်ရုံ စီမံကိန်း" က စပြီး အသက်ဝင်နေပါပြီ။ ပစ္စည်းတွေလည်း ရောက်စပြုနေပါပြီ။ လုပ်ငန်းနဲ့ ပတ်သက်တဲ့ နယ်သာလန် နိုင်ငံက အင်ဂျင်နီယာတွေလည်း ဘယ်နေ့ လာမယ်ဆိုတာ အကြောင်းကြားတဲ့ Telex လည်း ရလို့ သက်ဆိုင်ရာ စက်မှု (အထည်) က ပုဂ္ဂိုလ်တွေကိုလည်း အသိပေးပြီးပါပြီ။ ရွေးကောက်ပွဲက နောက်နှစ် မေလမှာ စမယ် ဆိုတော့ ကျွန်တော့်လုပ်ငန်းကို ကိုယ် ကိုယ်တိုင် ပြန်လည် ကြီးကြပ်ရမှာနဲ့ အချိန်ကိုက်ပါပဲ။

"ရွေးကောက်ပွဲပြီးရင် တပ်က Barrack ကို ပြန်မှာ" ဆိုတဲ့ ဗိုလ်ချုပ်ကြီး စောမောင်ရဲ့ ကတိ စကားကို ကျွန်တော် ယုံကြည် လက်ခံလိုက်ပါပြီ။ ဘာဖြစ်လို့လဲဆိုတော့ သူက နိုင်ငံ့ခေါင်းဆောင်လေ၊ ပြီးတော့ သူက တပ်မတော်ရဲ့ ဦးစီးချုပ်။ သူလိုလူက ကတိတွေ ပေးတယ်ဆိုတော့ ကျွန်တော်လို လူကလည်း ယုံရတော့ တာပေ့ါ။

ဒီလို ယုံမိတဲ့အတွက် ကျွန်တော်ရဲ့ နိုင်ငံရေး လုပ်ဆောင်မှုတွေဟာ ရွေးကောက်ပွဲ ကာလ အထိ လုပ်ပေးမယ်လို့ ပိုင်းဖြတ်တဲ့စိတ် ဖြစ်ခဲ့တာပါ။ ရွေးကောက်ပွဲ ပြီးတာနဲ့ ဒေါ်စုတို့ ဦးတင်ဦးတို့လည်း နိုင်ငံရေး ဆက်လုပ်ကြ၊ ကျွန်တော်လည်း ကိုယ့်စီးပွားရေး ကိုယ်ပြန်လုပ်၊ ဒီလို အတွေးမျိုးနဲ့ ဗိုလ်ချုပ်ကြီး စောမောင်ရဲ့ မိန့်ခွန်းကို သဘောကျခဲ့တာပါ။

## ရန်ကုန်တိုင်း

၁၉၈၈ ခုနှစ် ကုန်ပြီး ၁၉၈၉ ခုနှစ် ကူးလာတာနဲ့အမျှ ဒေါ်အောင်ဆန်းစုကြည်ရဲ့ စည်းရုံးရေး ခရီးစဉ်တွေ ပိုများလာပါတယ်။ နယ်ကို ခရီးထွက်တာ များသလို ရန်ကုန်တိုင်းအတွင်းမှာလည်း အချိန်ရရင် ရသလို စည်းရုံးရေး ခရီးစဉ်တွေ၊ ဟောပြောပွဲတွေ ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော် မှတ်မိသမျှ ပြန်ပြောင်းပြောရရင် အနော်ရထာလမ်းနဲ့ ဆူးလေဘုရားလမ်းဆုံ နီလာ ဒ်ပေါက်ဆိုင် အပေါ်ထပ်က ဟောပြောပွဲတစ်ခုကတော့ သတိရစရာလေးတွေပါ။ အဲဒီ ဟောပြောပွဲဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ တခြား တရားပွဲတွေလိုပဲ အင်မတန် လူစည်ကားပါတယ်။ အနော်ရထာလမ်းနဲ့ ဆူးလေဘုရားလမ်းထောင့်မှာ ထုံးစံအတိုင်း လူတွေ အပြည့်ပေါ့။

အဲဒီဘက်မှာ ထူးခြားတာက ကျောင်းသား ခေါင်းဆောင် မိုးသီးဇွန်ကိုပါ ဖိတ်ခေါ်ပြီးတော့ ဟောပြောစေတာပါ။ ဒေါ်အောင်ဆန်းစုကြည်ကတော့ သူ့ပုံစံအတိုင်း ဒီမိုကရေစီအကြောင်း၊ လူ့အခွင့်အရေးအကြောင်း၊ သူ့ရဲ့ မျှော်မှန်းချက်တွေ၊ လူထုရဲ့အင်အားက အရေးပါပုံတွေ ပြောသွားပါတယ်။ ဒါပေမဲ့ မိုးသီးဇွန်ကတော့ ရှစ်လေးလုံး အရေးတော်ပုံမှာ ကြုံခဲ့တဲ့အကြောင်းတွေ ပြောရင်းနဲ့ လက်ခုပ်သံ တဖြောင်းဖြောင်း ထစေမယ့် စကားမျိုးတွေ ပြောပါတယ်။

သူပြောတဲ့အထဲမှာ ကျွန်တော် မှတ်မိတာကတော့ "မောင်းပြန်ကို ဒေါင်းအလံနဲ့ တိုက်မယ်" ဆိုတဲ့ စကားပါ။ လက်ခုပ်သံမစဲတဲ့ သည်းခြေကြိုက် စကားမျိုးပေါ့။ ဒီစကားနဲ့ ပတ်သက်လို့ ၁၉၈၉ ခုနှစ်၊ ဇူလိုင်လက စပြီး နိုင်ငံရေး အဖွဲ့အစည်းတွေကို ထောက်လှမ်းရေးက နှိပ်ကွပ်တဲ့ အခါမှာ သူတို့ မကြာခဏ ကိုးကားတဲ့ စကားပါ။ အဲဒီ စကားကြောင့် အာဏာပိုင် အဖွဲ့အစည်းတွေက လုံးဝ မကျေနပ်ဘူးဆိုတဲ့ သဘောပေါ့။

နောက်ထပ် တစ်နေရာကတော့ ပန်းဆိုးတန်းလမ်း အပေါ်ဘလောက် တတိယထပ်က နေပြီး ပန်းဆိုးတန်း လမ်းပေါ်မှာ ရှိနေတဲ့ လူထုကို ဟောပြောတဲ့ ပွဲပါ။ အဲဒီပွဲမှာ ထူးခြားတာက သားအကြီး Alexander ကိုပါ ခေါ်လာပါတယ်။ သူ မိန့်ခွန်းပြောတဲ့ အချိန်မှာ ဘေးမှာ ရံနေတဲ့ သုံးရောင်ခြယ် လူငယ်များနဲ့ အတူ ရပ်ပြီး နေစေခဲ့ပါတယ်။ သားအကြီးကို ပွဲထုတ်တဲ့သဘောလို့ ကျွန်တော် ယူဆမိပါတယ်။ ဒေါ်အောင်ဆန်း စုကြည်က သူ့သားများအပေါ်မှာ ထားတဲ့ မေတ္တာ စေတနာရဲ့အတိုင်းအဆကို ကျွန်တော် အကဲခတ်မိပါ တယ်။

နောက်တစ်ပွဲက ရေကျော် ဗိုလ်ချုပ် အောင်ဆန်းလမ်းပေါ်မှာ ရှိတဲ့ ဦးနိုင်းနိုင်းရဲ့ အိမ်ရှေ့မှာ လုပ်တဲ့ ပွဲပါ။ ဦးနိုင်းနိုင်းဟာ အဲဒီတုန်းက ပုဇွန်တောင်မြို့ NLD ဥက္ကဋ္ဌပါ။ ဟောပြောပွဲ အပြီးမှာ တက်ရောက်လာကြတဲ့ လူထုရဲ့မေးခွန်းတစ်ခုကို ဒေါ်အောင်ဆန်းစုကြည်ရဲ့ အဖြေက အများ သဘောကျစရာတစ်ခု ဖြစ်ပါတယ်။ လူထုထဲက တစ်ယောက်က မေးပါတယ်။ "တစ်နေ့ညက ဗိုလ်ချုပ်ကြီး စောမောင်က တီဗီက တစ်ဆင့် မိန့်ခွန်း ပြောပါတယ်၊ အဲဒီမိန့်ခွန်းကို ဒေါ်အောင်ဆန်းစုကြည် ဘယ်လို သဘောထားပါသလဲ" တဲ့။ ဒေါ်အောင်ဆန်း စုကြည်ရဲ့ အဖြေက "သူ့မိန့်ခွန်းက ရှည်လွန်းလို့ ခဏပဲ နားထောင်ပြီး အိပ်ပစ်လိုက်တယ်" ဆိုတော့ ပရိသတ်က တဝါးဝါးပါ။

အလားတူပဲ စမ်းချောင်း၊ ရန်ကင်း၊ သဃ်န်းကျွန်း မြို့နယ်တွေမှာ ဟောပြောပွဲတွေ လုပ်တဲ့အခါ လူထုရဲ့ စိတ်ပါဝင်စားမှုတွေ တိုးတက်လာပါတယ်။ အလားတူပဲ အာဏာပိုင်တွေရဲ့ စောင့်ကြည့်မှုကလည်း အမြဲမပြတ် ရှိနေဆဲပါ။ ဒါပေမဲ့ ရုပ်ပျက်ဆင်းပျက် နှောင့်ယှက်တာမျိုးတော့ မရှိပါ။

## ရှမ်းပြည်နယ်နဲ့ ကယား ပြည်နယ်

၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ ဒုတိယပတ်မှာ ရှမ်းပြည်နယ် တောင်ပိုင်းကို ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့ စည်းရုံးရေး ခရီးစဉ် ထွက်ပါတယ်။ အဲဒီ စည်းရုံးရေး ခရီး မထွက်မီမှာ ဗဟို အလုပ်အမှုဆောင် အဖွဲ့ အစည်းအဝေး ကျင်းပပါတယ်။ အဲဒီအခါ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ရဲ့ ပြည်တွင်း လက်နက်ကိုင် ပဋိပက္ခများနဲ့ ပတ်သက်တဲ့ သဘောထား၊ တိုင်းရင်းသားများနဲ့ ပတ်သက်တဲ့ သဘောထားများကို အများပြည်သူ အတွက် ရည်ရွယ်ပြီး ကြေညာချက် တစ်စောင် ထုတ်ပြန်ဖို့ သဘောတူခဲ့ပါတယ်။ ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှာ ပင်လုံကို ရောက်ရှိပြီး ညအိပ် ရပ်နားပါတယ်။

နောက်တစ်နေ့ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ပြည်ထောင်စုနေ့မှာ ဒေါ်အောင်ဆန်းစုကြည် အမှူးပြုတဲ့ အင်အားများရယ်၊ ရှမ်းပြည်နယ် တောင်ပိုင်း (တောင်ကြီး၊ လွယ်လင်၊ ရွှေညောင် စသည်) တို့က NLD အဖွဲ့ဝင်တွေ စုစည်းပြီးတော့ ပြည်တွင်း ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ NLD ရဲ့ သဘောထားကို ထုတ်ပြန် ကြေညာခဲ့ပါတယ်။ အဲဒီ ကြေညာချက်မှာ ပါတဲ့ အဓိက အချက်ကတော့ "ပြည်တွင်း လက်နက်ကိုင် ပဋိပက္ခတွေကို တွေ့ဆုံ ဆွေးနွေး ညှိနှိုင်း အဖြေရှာခြင်းဖြင့် ငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်မယ်" ဆိုတဲ့အချက်ပါ။ NLD ဟာ အဲဒီတုန်းကတည်းက ချမှတ်ခဲ့တဲ့ သဘောထားကို ယနေ့အထိ ခိုင်မြဲစွာ ဆုပ်ကိုင်လျက် ငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်နေပါတယ်။

ရှမ်းပြည်နယ် တောင်ပိုင်း ခရီးစဉ်မှာ တောင်ကြီးနဲ့ လွယ်လင်မြို့ ခရီးစဉ်တွေလည်း အောင်မြင်ပါတယ်။ တောင်ကြီးမှာတော့ နဝတ အစိုးရ တက်ခါစက ဆန္ဒပြပွဲကို ဦးဆောင်ခဲ့တဲ့ မိသားစုရဲ့အိမ်ကို ညအချိန်မှာ တပ်က ပစ်ခတ်လို့ တစ်အိမ်လုံး ကျည်ဆန်ရာတွေ မွစာကြဲအောင် ခံရတာတွေ၊ ထိခိုက် ဒဏ်ရာရသူတွေ ရှိတဲ့ အကြောင်းကြား သိခဲ့ရပါတယ်။ လွိုင်လင်မှာတော့ သတ္တိကောင်းတဲ့ ဒေါ်မီးမီးတို့ မိသားစုက NLD ရုံး ဖွင့်နိုင်အောင် ကြိုးစားပုံတွေ ကြားသိရပါတယ်။

## တောင်ကြီးမြို့ ညစည့်ခံပွဲ

ကျွန်တော်တို့အဖွဲ့ တောင်ကြီးကို ရောက်တဲ့အခါမှာ မြို့ခံ NLD တွေက ညစာစားပွဲနဲ့ ဧည့်ခံပါတယ်။ နေရာတော့ အတိအကျ မမှတ်မိတော့ပါဘူး။ ကျယ်ဝင်းတဲ့ ခြံဝင်း တစ်ခုထဲမှာပါ။ ဧည့်သည်တွေကို တိုက်ထဲမှာ ဧည့်မခံပါဘူး။ ခြံဝင်းထဲမှာ စားပွဲတွေ၊ ကုလားထိုင်တွေ ချပြီး တစ်ခြံလုံး မီးတွေ လင်းနေအောင် ထွန်းထားပါတယ်။ ဒေါ်အောင်ဆန်းစုကြည် အဲဒီ ခြံဝင်းကို ရောက်တဲ့အခါ ကြိုတင် ရောက်ရှိနေတဲ့ ဧည့်သည်တွေကို ဒေါ်အောင်ဆန်းစုကြည်က လိုက်လံ နှုတ်ဆက်ပါတယ်။

စားပွဲတစ်ခုကို ရောက်တဲ့အခါမှာ အဲဒီစားပွဲမှာ ရှိနေတဲ့ ရှမ်းအမျိုးသား လူကြီး တစ်ယောက်က ဒေါ်အောင်ဆန်းစုကြည်ကို ခင်မင် ရင်းနှီးစွာ နှုတ်ဆက်ပါတယ်။ သူက ဦးထွန်းမြင့် ဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းတို့ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလမှာ ပင်လုံ စာချုပ် ချုပ်စဉ်က ပါဝင်ခဲ့တဲ့ ရှမ်းအမျိုးသား ခေါင်းဆောင် ဦးထွန်းမြင့် ဖြစ်ပါတယ်။ သူက ပင်လုံ စာချုပ် အကြောင်း ပြောရင်းနဲ့ ပင်လုံ စာချုပ်မှာ ပါတဲ့ အချက်တွေကို ဗမာတွေက မလိုက်နာဘူး ဆိုတဲ့ အချက်နဲ့ ပတ်သက်ပြီး ပြောရင်းနဲ့ နှစ်ယောက်သား အင်္ဂလိပ်လို ငြင်းကြခုန်ကြတဲ့ အဆင့် ရောက်သွားပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကလည်း ပင်လုံ စာချုပ်ကို ကောင်းကောင်း ဖတ်ထားတဲ့သူ တစ်ယောက်မို့ သူ့ဖခင် ဗိုလ်ချုပ် အောင်ဆန်း အမြော်အမြင် ကြီးကြီးနဲ့ တည်ဆောက်ခဲ့တဲ့ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု

စိတ်ဓာတ်ကို အခြေခံပြီးတော့ ငြင်းချက်ထုတ်ပါတယ်။ ဦးထွန်းမြင့်ကလည်း ပင်လုံ စာချုပ်မှာ ဖော်ပြခဲ့တဲ့ လွတ်လပ်ရေး ရပြီး ၁၀ နှစ် ပြည့်ရင် ပြည်နယ်များ ခွဲထွက်ခွင့် ရှိသည် ဆိုတဲ့အချက်ကို ထောက်ပြီးတော့ ငြင်းတာပါ။ အဲဒီလို ငြင်းခုန်တဲ့ စကားတွေကို တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က အသံ ဖမ်းထားတာပါ။ အဲဒီ အသံသွင်းထားတဲ့ တိတ်ခွေဟာ ဒေါ် စုတို့ ကျွန်တော်တို့ ရန်ကုန် မရောက်ခင် ရန်ကုန်မှာ ပျံ့နှံ့လို့နေပါပြီ။ အဲဒီ တိတ်ခွေကို အာဏာပိုင်တွေက ဘယ်လို သဘောထားသလဲ ဆိုတာ မသိပါ။

ရှမ်းပြည်နယ် တောင်ပိုင်း ခရီးစဉ် ပြီးတဲ့အခါမှာ ကယား ပြည်နယ်ကို ခရီးဆက်ပါတယ်။ ဒီခရီးစဉ်မှာ ရုပ်ရှင် မင်းသား အောင်လွင် ပါပါတယ်။ သူက လူသိများတဲ့သူ ဆိုတော့ လူစုရတာ လွယ်ပါတယ်။ "မင်းသား အောင်လွင်ကြီး ပါတယ်ဟေ့" လို့ ဆိုတာနဲ့ လူတွေ ဗိုင်းအုံလာကြတာပါ။ တိုင်းရင်းသား နယ်မြေ ဖြစ်တော့ ဗိုလ်ချုပ် အောင်ဆန်း သမီး ဒေါ်အောင်စုကြည် ဆိုတာကို လူသိ မများသေးပါ။

ကယား ပြည်နယ် NLD တွေက ကြိုပုံကတော့ သင်းပါတယ်။ သူတို့က ရှမ်းပြည်နယ် အဆုံး ကယား ပြည်နယ် အစပ်က လာကြိုတာပါ။ သူတို့က ကယား လူမျိုးတို့ရဲ့ ထုံးတန်း အစဉ်အလာအရ ဆိုပြီး နယ်စပ် ကျော်တာနဲ့ ခေါင်ရေတွေနဲ့ ဧည့်ခံ ကြိုဆိုပါတယ်။ ပါလာတဲ့ အဖွဲ့က တချို့လူတွေ အတွက်တော့ အကြိုက် ပေါ့။ ကျွန်တော်ကလည်း ကယား ခေါင်ရေက နာမည်ကြီးတော့ သူတို့ ပေးတာကို နစ်နစ်ချိုက်ချိုက်ကြီး သောက်ကြည့်ပါတယ်။ "အမယ် ကောင်းတယ်ဟ" လို့ မှတ်ချက်ချမိပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း ကြိုဆို ဧည့်ခံတဲ့သူတွေ အလိုကျ သောက်ပြပါတယ်။ လွိုင်ကော်လည်း ရောက်ရော သူ မူးနေပါပြီ။

လွိုင်ကော်မှာ ကျွန်တော်တို့ တည်းတဲ့နေရာက ပြည်နယ် NLD တာဝန်ခံ စောဦးရယ်ရဲ့ အိမ်မှာပါ။ စောဦးရယ်ဟာ ကရင် အမျိုးသားပါ။ ကယား ပြည်နယ်မှာ ကရင် လူမျိုးများ အများအပြား နေထိုင်ပြီး တချို့ ဆိုရင် အရေးပါ အရာရောက်တဲ့ နေရာတွေမှ နေရာ ရနေကြပါပြီ။ စောဦးရယ်ဟာ ကရင် အမျိုးသား ဖြစ်သော် လည်းပဲ အစဉ်အဆက် ကယားပြည်နယ်မှာ နေထိုင်ခဲ့တဲ့ သမိုင်းရှိတဲ့အတွက်ကြောင့် ကရင် လူမျိုးစု အတွင်း မှာရော၊ ကယား လူမျိုးစု အတွင်းမှာပါ လေးစားမှုခံနေရပါတယ်။

## အနှောက်အယှက် တစ်ခု

လွိုင်ကော်မှာ NLD လိုလားသူများနဲ့ NLD အဖွဲ့ဝင်တွေကို စောဦးရယ်ရဲ့ အိမ်အပေါ်ထပ်မှာ ဒေါ်အောင်ဆန်း စုကြည်နဲ့ လက်ခံ တွေ့ဆုံပါတယ်။ ထုံးစံအတိုင်း ဒေါ်စုက အခြေအနေ ရှင်းပြ၊ မေးချင်တဲ့ လူတွေကလည်း မေးခွန်းတွေ မေးနဲ့ လုပ်နေခိုက်မှာ ကျွန်တော်တို့အထဲက တာဝန်ရှိတဲ့ ပုဂ္ဂိုလ် တစ်ယောက်က ကျွန်တော့်ကို လာခေါ်ပါတယ်။ ကိစ္စက ဘာလဲ ဆိုတော့ ဒေါ်စုက လူထုနဲ့ တွေ့ဆုံနေတဲ့ အချိန်မှာ တောင်ကြီးက ပါလာတဲ့ အထဲက ပုဂ္ဂိုလ်တစ်ယောက်က အသံဖမ်းတာကို ဖမ်းမိတဲ့အတွက်ပါ။ ဒါ့ကြောင့် ကျွန်တော်တို့က သူအသံဖမ်း ထားတဲ့ ကက်ဆက်နဲ့ တိတ်ခွေကို သိမ်းပြီး လူကိုတော့ ဘာမှမလုပ်ပဲ ပြန်လွှတ်လိုက်ပါတယ်။

ကျွန်တော်တို့ရဲ့ ပြဿနာက အဲဒါပါပဲ။ ပါတီတွေလည်း ဖွဲ့လိုက်ရော အစုလိုက် အပြုံလိုက် ဝင်လာတဲ့ ပုဂ္ဂိုလ်တွေထဲက သူလူ ကိုယ့်လူ ခွဲခြားဖို့ ခက်တဲ့ ပြဿနာပါ။ ဒီလို အဖြစ်မျိုးဟာ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ အပြတ်အသတ် နိုင်ပြီး အစိုးရ ဖွဲ့ပြီးတဲ့အချိန်ထိ ရှိနေဆဲပါ။ ကွန်မြူနစ်တွေရဲ့ အသုံးအနှုန်းမျိုးနဲ့ ပြောရမယ် ဆိုရင် ရန်/ငါ မခွဲခြားနိုင်တဲ့ သဘောပေါ့။

## ရောဝတီတိုင်း

ဒေါ်အောင်ဆန်းစုကြည် ရောဝတီတိုင်းကို စည်းရုံးရေး ဆင်းတဲ့အခါ ကမ္ဘာ့ကျော်သွားစေတဲ့ ဖြစ်ရပ်တွေ ဖြစ်ခဲ့ပါတယ်။ အဲဒီအချိန်တုန်းက တိုင်းမှူးက ဗိုလ်ချုပ် မြင့်အောင်ပါ။ သူက "တာဝန်နဲ့ ပတ်သက်ရင် အဖေ အမေကိုတောင် ဦးစားမပေးနိုင်ဘူး" လို့ ကြွေးကြော်ခဲ့ဖူးသူပါ။ ခင်ပွန်းကြီး ဆယ်ပါးမှာ အကျုံးဝင်တဲ့ သူတွေ ကိုတောင် ဝစီကံမြောက် စော်ကားဖို့ ဝန်မလေးတဲ့ ပုဂ္ဂိုလ်တွေပါ။ (နောက်ပိုင်းမှာ သူ ကံကြီးထိုက်သွားတဲ့ အကြောင်းကို အများသိပြီးသားမို့ ရေးမပြတော့ပါဘူး။)

ပုဒ်မ ၁၄၄ ထုတ်ထားသော်လည်း ရန်ကုန်နဲ့ မြန်မာပြည်တစ်ခွင် စည်းရုံးရေး ထွက်တိုင်း လူစုလူဝေး အမြဲ ဖြစ်ပေါ်လေ့ရှိတာကို တိုင်းမှူး သိပါတယ်။ ဒါ့ကြောင့် ဒေါ်အောင်ဆန်းစုကြည် သူ့တိုင်းကို လာရဲရင် လာကြည့် တွေ့မယ်လို့ ကြိမ်းဝါးထားတာပါ။

## သေတမ်းစာ

ရောဝတီတိုင်းကို ဒေါ်စု စည်းရုံးရေး သွားမယ်ဆိုတော့ ဦးအောင်ရွှေ၊ ဦးတင်ဦး၊ ဦးလွင် စတဲ့ ပုဂ္ဂိုလ်တွေက မသွားစေချင်ပါဘူး။ အန္တရာယ် များတယ်ပေ့ါ။ ဒေါ်စုကလည်း သဘောပေါက်ပါတယ်။ ဒါ့ကြောင့် ခရီးစဉ် မသွားခင် နှစ်ရက်အလိုမှာ NLD လူကြီးတွေရဲ့ ရှေ့မှာ ကျွန်တော့်ကို စာမူကြမ်း တစ်စောင် ရေးခိုင်းပါတယ်။ အဓိပ္ပာယ်ကတော့ သူများ အကယ်၍ သက်ရှိထင်ရှား မရှိတော့ရင် တက္ကသိုလ်ရိပ်သာလမ်းက ဒီအိမ်ကြီးကို သူ့အဖေနဲ့ အမေ အထိမ်းအမှတ် အနေနဲ့ အများပိုင် ပရဟိတ လုပ်ငန်း ဆောင်ရွက်ဖို့ သဘောပါတဲ့ စာပါ။

အဲဒီ ပရဟိတ လုပ်ငန်းတွေကို ကြီးကြပ်ဖို့ အဖွဲ့တစ်ခု ဖွဲ့ပေးပါတယ်။ အဖွဲ့ခေါင်းဆောင် အဖြစ် ဦးအုန်းမြင့်လို့ သတ်မှတ်ပြီး၊ အဖွဲ့ဝင်တွေအဖြစ် Mr. Leo၊ ဦးအေးဝင်း (အာဇာနည် ဦးဘဝင်းရဲ့ သားအကြီး)၊ ဦးကြည်မောင်နဲ့ ကျွန်တော်တို့ကို နာမည်စာရင်း ထည့်သွင်းပေးပါတယ်။ အဲဒီစာကို အားလုံးက သဘောတူ ပြီးတဲ့အခါ ငါးကျပ်တန် တံဆိပ်ခေါင်းပါတဲ့ စက္ကူပေါ်မှာ ကျွန်တော်က လက်နှိပ်စက်နဲ့ ရိုက်ပေးပြီး အားလုံးကို လက်မှတ်ထိုးခိုင်းပါတယ်။

## နဖူးတွေ့ ဒူးတွေ့

ရောဝတီတိုင်းကို ဒေါ်အောင်ဆန်းစုကြည် သွားတဲ့အခါ နှစ်ထပ် သင်္ဘောကြီးနဲ့ သွားခဲ့တာပါ။ ရန်ကုန်က ထွက်လို့ ပုသိမ်က သင်္ဘောကျင်း ရောက်တဲ့အချိန်ကို သူတို့က သိတော့ သင်္ဘောဆိပ်ကနေ ဒေါ်အောင်ဆန်း စုကြည် တည်းမယ့်နေရာကို သွားတဲ့ လမ်းကိုတော့ ဖွင့်ထားပေးပါတယ်။

အဲဒီ လမ်းတစ်လျှောက်မှာ ထောက်လှမ်းရေး၊ ရဲနဲ့ တပ် (အရပ်ဝတ်အရပ်စားနဲ့) ချထားပြီး မနက် ရှစ်နာရီလောက်က စပြီး လမ်းရဲ့ ဒီဘက်နဲ့ ဟိုဘက်ကို အဖြတ်အသန်း လုံးဝ မရှိစေရ ဆိုတဲ့ အမိန့်နဲ့ ပိတ်ထားပါတယ်။ မနက်ပိုင်းက အဲဒီလမ်းကို ဖြတ်ကူးပြီး တစ်ဘက် ရပ်ကွက်ထဲကို ဆွမ်းခံသွားတဲ့ ဦးဇင်း တွေလည်း ကျောင်းပြန်ခွင့်မရလို့ ရောက်တဲ့နေရာမှာပဲ သပိတ်ထဲမှာ ပါတဲ့ ဆွမ်းကိုပဲ ဘုန်းပေးခဲ့ရပါသတဲ့။ ရောဝတီတိုင်း စည်းရုံးရေးခရီး ဆင်းရာမှာ ဦးကြည်မောင် (ကွယ်လွန်) အမြဲ ပါလေ့ ရှိပါတယ်။ ဦးကြည် မောင်က တော်လှန်ရေး ကောင်စီ တက်ခါစက ဦးနေဝင်းနဲ့ မတည့်လို့ နုတ်ထွက်ခဲ့ရတဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်။ အဲဒီလို နုတ်မထွက်ခင်က ရောဝတီတိုင်းမှာ တိုင်းမှူးအဖြစ် တာဝန် ထမ်းဆောင်ခဲ့သူပါ။ သူက ရောဝတီတိုင်းနဲ့ ပတ်သက်ရင် ကျွမ်းကျင်ပါတယ်။

ရောဝတီတိုင်း စည်းရုံးရေး တာဝန်ခံကတော့ ဒေါက်တာ သက်မင်း ဖြစ်ပါတယ်။ သူဟာ ရန်ကုန်ဆေးရုံကြီးက ဆရာဝန် တစ်ယောက်ပါ။ ဆေးရုံကြီးဝင်းထဲမှာ ပစ်ခတ်မှုဖြစ်လို့ ဒေါက်တာ တင်မျိုးဝင်းနဲ့အတူ SCS ကို စတင် ဖွဲ့စည်းတုန်းက ပါဝင်လာတဲ့ ခေါင်းဆောင်တစ်ယောက်ပါ။ မူလက အိမ်ထောင် ရှိပါတယ်။ သမီးလေး တစ်ယောက်လည်း ရှိတယ်ထင်ပါရဲ့။ သပိတ်ကာလမှာ လှုပ်ရှားကြရင်းနဲ့ သပိတ် အဖွဲ့ထဲက မိန်းကလေး တစ်ယောက်နဲ့ ငြိပြီး အတည်ပေါက် နောက်အိမ်ထောင်ပြုပါတယ်။ ရောဝတီတိုင်း ခရီးစဉ်မှာ သူနဲ့အတူ အဲဒီ မိန်းကလေးပါ ခေါ်လာတဲ့အတွက် ဒေါ်စုနဲ့ အတူ ပါလာတဲ့ သုံးရောင်ခြယ် လူငယ်များက သူ့ကို မကြည်ပါ။ အခွင့်အရေး ရရင် ရသလို ပြဿနာ ရှာလေ့ရှိပါတယ်။ အခြေအနေ ပိုမဆိုးလာအောင် ကျွန်တော်ပဲ ထိန်းပေးရပါတယ်။

ဒေါ်အောင်ဆန်းစုကြည် ပုသိမ်မြို့ကို ရောက်ရောက်ခြင်းမှာ လူထု အစည်းအဝေးပွဲ လုပ်လို့ မရပါဘူး။ အထက်မှာ ရေးခဲ့သလို တိုင်းမှူး အမိန့်နဲ့ လမ်းတွေကို အကုန်ပိတ်ဆို့ထားတဲ့ အတွက် သာမန် မြို့သူမြို့သား တွေတောင် သွားရလာရ ခက်ကုန်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် အတွက်လည်း မြို့သူမြို့သားနဲ့ တွေ့ဖို့ အစီအစဉ်တွေ လုပ်လို့ မရတော့ပါဘူး။ အတူပါလာတဲ့ ကိုမော်နဲ့ လူငယ်အချို့က အရင်ကတည်းက သိကျွမ်းဖူးတဲ့ ပုသိမ်မြို့ထဲက အိမ်တစ်အိမ်ကို ခက်ခက်ခဲခဲ ထွက်သွားပြီး စက်ဘီးတွေ ငှားခဲ့ပါတယ်။

အချိန်က ညနေ လေးနာရီခွဲလောက် ရှိပါပြီ။ အခြေအနေက အေးအေးဆေးဆေး ဖြစ်နေတော့ လုံခြုံရေး လုပ်တဲ့လူတွေလည်း "အေးစေ" အနေအထား ဖြစ်နေကြပါတယ်။ အဲဒီအချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ကလည်း ရုတ်တရက် အတွေးပေါက်ပြီး စက်ဘီးနဲ့ မြို့ထဲ လျှောက်လည်မယ် ဖြစ်ပါလေရော။ အဲဒါနဲ့ ကျွန်တော်တို့တည်းတဲ့ အိမ်ရှင်ကို အပူကပ်ပြီး နောက်ထပ် စက်ဘီး လေး-ငါးစီးလောက် ရအောင်ရှာရပါတယ်။ အဲဒါနဲ့ စက်ဘီး ၁ဂ စီးလောက်နဲ့ မြို့ထဲကို လျှောက်ပတ်စီးကြရာမှာ လူထုက သိသွားပြီး နောက်က လူတွေ အုပ်လိုက် လိုက်လာပါတယ်။

အဲဒါနဲ့ ကျွန်တော်တို့ စက်ဘီး အုပ်စုက ရွှေမော်တော ဘုရားဆီကို ဦးတည်ပြီး သွားကြပါတယ်။ ကျွန်တော်တို့ ဘုရားရင်ပြင်လည်း ရောက်သွားရော မူလက ရောက်နေတဲ့ ဘုရားဖူး တချို့နဲ့ နောက်က လိုက်လာတဲ့ လူအုပ်ကြီးတွေနဲ့ ပေါင်းလိုက်တဲ့အခါ လူအင်အား သုံး-လေးရာလောက် ဘုရားရင်ပြင်မှာ စုမိကြပါတယ်။ ပုသိမ်မြို့ လူထုဟာ လုံခြုံရေးတပ်တွေကို ဖောက်ထွက်ပြီး စက်ဘီးနဲ့ မြို့ထဲ ထွက်တယ် ဆိုကတည်းက လက်ခေါက်မှုတ်သံ၊ လက်ခုပ်တီးသံတွေ တဖြောင်းဖြောင်းနဲ့မို့ လူထုက ရိပ်မိသွားပြီး အခုလို စုစုဝေးဝေး ဖြစ်လာတာပါ။ ဘုရား ရင်ပြင်ပေါ်မှာ ရှိတဲ့ လူထုကို စကား ပြောနိုင်ပြီဆိုကတည်းက တိုင်းမှူး ဗိုလ်ချုပ်မြင့်အောင်ရဲ့ ပိတ်ဆို့ရေး အစီအစဉ်ဟာ ကျိုးပဲ့ ပျက်စီးသွားပါပြီ။ အဲဒီအချိန်နဲ့ နောက်နေ့တွေမှာလည်း ပုသိမ်မြို့ကို လှည့်ပြီး လူထုဟောပြောပွဲတွေ လုပ်ခဲ့ပါတယ်။

## မသေကောင်း မပျောက်ကောင်း - ငနဲ့မြို

ငနဲ့မြိုဘက်ကို စည်းရုံးရေး ခရီး သွားတဲ့ အခါမှာ ဦးကြည်မောင် ပါပါတယ်။ အဲဒီ ခရီးစဉ်က ကျွန်တော်တို့ မြစ်ကြီးနား ပြန်ရောက်ပြီး နောက်တစ်နေ့မှာ ခရီးဆက်တာပါ။ အဲဒီမြို့ မဝတ ဥက္ကဋ္ဌက ဗိုလ်ကြီး မြင့်ဦးလို့ သိရပါတယ်။ ဒဏ်ရာရပြီး ဆေးအဆင့်နိမ့်လို့ နယ်ဘက် ရောက်ခဲ့တာပါ။ ခရိုင်မြို့ ဖြစ်လို့ ခဝတ ဥက္ကဋ္ဌလည်း ရှိပါတယ်။ ဗိုလ်မှူး တစ်ယောက်ပါ။ နာမည်တော့ မမှတ်မိတော့ပါဘူး။

ငနဲ့မြိုဆိုတာ ရောဝတီတိုင်းက မြို့တစ်မြို့ ဖြစ်လို့ ဒေါ်အောင်ဆန်းစုကြည် လာတာနဲ့ တိုင်းမှူး ဗိုလ်ချုပ်

မြင့်အောင်ရဲ့ မူအတိုင်း တင်းကြပ်တဲ့ စည်းကမ်းတွေ ထုတ်ထားပါတယ်။ အရင်က သွားချင်တိုင်း သွား၊ လာချင်တိုင်း လာလို့ရတဲ့ လမ်းတွေကို တစ်လမ်းမောင်း သတ်မှတ်ပြီး ဒေါ်စုနဲ့ အဖွဲ့ လမ်းကြောင်းကို ရှောရှော ရှူရှူ မဖြစ်အောင် ကန့်သတ်မှုတွေ လုပ်ပါတယ်။ မနက်ပိုင်း ရောက်ရောက်ချင်း မြို့ခံလူထုနဲ့ တွေ့ဆုံပါတယ်။ အဲဒီလို တွေ့ဆုံပြီး စက်လှေများနဲ့ ကြိုတင် စီစဉ်တဲ့ ရွာတွေကို သွားပါတယ်။ လူထု တွေ့ဆုံပွဲတွေ လုပ်ပြီးတဲ့ အခါမှာ ခနေဖြူမှာ ညအိပ် ရပ်နားမှာမို့ ခနေဖြူကို ပြန်ပါတယ်။

မြို့ရောက်တဲ့ အခါမှာ မနက်က တစ်လမ်းမောင်း သတ်မှတ်ထားတဲ့ လမ်းတွေကို ပြောင်းပြန် လုပ်ထားတာ တွေ့ရပါတယ်။ မနက်က ဝင်လို့ရတဲ့ လမ်းကို ပိတ်ထားတဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်က အဲဒီလို ဗလောင်းဗလဲ လုပ်တာကို လက်မခံတဲ့ အတွက် ပိတ်ထားတဲ့ လမ်းကပဲ တည်းမယ့် နေရာကို လမ်းလျှောက် သွားပါတယ်။ အဲဒီ လမ်းထိပ်မှာ ဗိုလ်မြင့်ဦးက စောင့်နေပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ဝင်လာတာကို မြင်တော့ ဗိုလ်မြင့်ဦးက မဝင်ရဘူးလို့ တားပါတယ်။ ဒါပေမဲ့ ဒေါ်အောင် ဆန်းစုကြည်က မရပ်ဘဲ ဝင်မြဲ ဝင်ပါ တယ်။ အဲဒီအခါမှာ ဗိုလ်မြင့်ဦးက ပစ္စတိုကို မောင်းတင်ပြီး ဒေါ်စုကို ချိန်လိုက်ပါတယ်။ တကယ် ပစ်မယ့် သဘောပေါ့။

အဲဒီအချိန်မှာ ခဝတ ဥက္ကဋ္ဌ ဗိုလ်မှူး ရောက်လာပြီး ဗိုလ်မြင့်ဦးရဲ့ သေနတ်ကိုင်ထားတဲ့ လက်ကို လှမ်းကိုင်ပြီး သေနတ်ကို လုပါတယ်။ ဗိုလ်မြင့်ဦးက အလုမခံဘဲ လုံးတော့ နစ်ယောက်သား ထွေးလုံးရစ်ပတ် ပေါ့။ ဒေါ်အောင်ဆန်းစုကြည် သေနတ်နဲ့ အပစ်ခံရမယ့် အခြေအနေက လက်တစ်လုံးခြား လွတ်သွားခဲ့တာပါ။ ဘေးက အတူကပ်ပါလာတဲ့ ဗိုလ်မှူးကြီး ကြည်မောင်က ဘယ်လို မှတ်ချက်ချသလဲ ဆိုတော့ "ဗိုလ်ထိန်ရေ လက်မတင်လေးကွ၊ အဲဒီတုန်းက တကယ် ပစ်လိုက်လို့ ဒေါ်စုကို ထိသွားရင် တို့တစ်တွေ တောခိုရမယ့် အခြေအနေပဲ" လို့ ပြောပါတယ်။

အဲဒီ ဖြစ်စဉ်ဟာ ကမ္ဘာတစ်ဝှမ်းလုံးထိ ရိုက်ခတ်သွားတဲ့ သတင်း ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး နဝတ အစိုးရက တရားဝင် ထုတ်ပြန် ကြေညာခြင်း မရှိပါဘူး။ တိုင်းမှူး ဗိုလ်ချုပ် မြင့်အောင်ကတော့ နိုင်ငံရေး အင်အားစုများအပေါ် သူ့ရဲ့ သဘောထားနဲ့အညီ ဆောင်ရွက်တဲ့ ဗိုလ်ကြီး မြင့်ဦး ဆိုသူကို သဘောကျဟန် တူပါတယ်။ မကြာမီ ကာလမှာ ဗိုလ်ချုပ် မြင့်အောင်က လယ်ယာ/ဆည်မြောင်း ဝန်ကြီး ဖြစ်လာတဲ့အခါ အဲဒီ ဗိုလ်ကြီး မြင့်ဦးကို သူ့ဝန်ကြီးဌာနမှာ အမှုထမ်းဖို့ ခေါ်လိုက်ပြီး ရာထူး ကောင်းကောင်း ပေးထားပါတယ်။ အဲဒါ အပြင် သူ့အတွက် စီးပွားရေး အဆင်ပြေမယ့် လုပ်ကွက်တွေလည်း ဖန်တီးပေးထားတယ်လို့ သိရပါတယ်။

## မွန်ပြည်နယ်/ ကရင် ပြည်နယ်

မွန်ပြည်နယ် စည်းရုံးရေး ခရီးစဉ် သွားတဲ့အခါ ဗိုလ်မှူးကြီးဟောင်း မောင်လွင် ပါပါတယ်။ ဗိုလ်မှူးကြီး မောင်လွင်ဟာ လမ်းစဉ် ပါတီ အစိုးရ လက်ထက်မှာ ဒုတိယ ဝန်ကြီးချုပ် အဖြစ် စီမံ/ဘဏ္ဍာ ဝန်ကြီးဌာနကို တာဝန်ယူရတဲ့သူ ဖြစ်ပါတယ်။ အဲဒါမတိုင်ခင်က အရှေ့တောင်တိုင်း စစ်ဌာနချုပ်မှာ တိုင်းမှူးအဖြစ် တာဝန် ထမ်းဆောင်ခဲ့ဖူးပါတယ်။

မွန်ပြည်နယ်ရဲ့ မြို့တော်ဖြစ်တဲ့ မော်လမြိုင်မြို့ကို အဓိကထားပြီး သွားတာပါ။ လမ်းမှာ ဖြတ်သန်းခဲ့ရတဲ့ ကျိုက်ထို၊ သထုံ စတဲ့မြို့ကြီးတွေမှာ ထုံးစံအတိုင်း ပြည်သူလူထုက သောင်းသောင်းဖြဖြ ကြိုဆိုကြပါတယ်။ ကျိုက္ခမီ မြို့နယ် ရောက်တော့ အဲဒီမြို့နယ်ထဲက တချို့ရွာတွေမှာ မွန် သို့မဟုတ် ဗမာ တစ်ယောက်မှ မတွေ့ ရဘဲ တိုင်းတစ်ပါးသားများကိုသာ တွေ့ခဲ့ရပါတယ်။ သူတို့ နှုတ်ဆက်တဲ့ စကားတွေမှာ သူတို့ စကားနဲ့

နှုတ်ဆက်ပေမဲ့ အောင်ဆန်းစုကြည် ဆိုတဲ့ နာမည် ပါတာတော့ သတိပြုမိပါတယ်။ သူတို့ကို တွေ့မြင်ရတော့ ဗိုလ်မှူးကြီး မောင်လွင်က အကြီးအကျယ် စိတ်ဆိုးပါတယ်။

မော်လမြိုင်မြို့ကလည်း စည်စည်ကားကားနဲ့ ကြိုဆိုကြပါတယ်။ တည်းခိုတဲ့ နေရာမှာ ပစ္စည်းတွေ နေရာချထားပြီး အချိန်ရတဲ့အခါ ဗိုလ်မှူးကြီး မောင်လွင် လမ်းမှာ စိတ်ဆိုးတဲ့ အကြောင်းကို မေးမိပါတယ်။ အဲဒီကျမှ ဗိုလ်မှူးကြီး မောင်လွင်က သူ မော်လမြိုင်မှာ တိုင်းမှူးလုပ်ခဲ့တုန်းက အခြေအနေတွေ ရှင်းပြပါတယ်။ သူက ဒီလို ပြောပါတယ်။ "ကျွန်တော် ဒီရတခမှာ ၁၉၇၄ ခုနှစ်ထိ တိုင်းမှူးအဖြစ် နေခဲ့ဖူးတယ်၊ အဲဒီတုန်းက ကျိုက္ကမီ မြို့နယ်မှာ ကုလားရွာတွေ ဘယ်နှစ်ရွာ ရှိသလဲ ဆိုပြီး ပြည်နယ် လဝကမှူးကို ခိုင်းဖူးတယ်၊ လဝက ပြည်နယ်မှူးက စာရင်းကောက်ပြီး ဘင်္ဂါလီရွာ ၁၁ ရွာ ရှိကြောင်း ပြန်သတင်းပို့ပါတယ်"

အဲဒီတော့ ကျွန်တော်က သူ့ကို ပြောထားတယ် "အဲဒီ ရွာ ၁၁ ရွာ စာရင်းကို မင်း တိတိကျကျ ကိုင်ထားပါ။ သာမန် မွေးဖွားလို့ လူဦးရေ တိုးလာတာက လွဲရင် တခြားနည်းနဲ့ လူဦးရေ တိုးတာကို မလိုချင်ဘူးလို့ ညွှန်ကြားထားခဲ့တာ၊ သူကလည်း လိုက်နာ ဆောင်ရွက်ခဲ့တယ်၊ ဒါပေမဲ့ အခုတော့ဗျာ အဲ့ဒီမြို့နယ်ထဲမှာတင် ဘင်္ဂါလီရွာ ၆၀ ကျော် ရှိတယ်တဲ့ဗျာ၊ ကိုင်း ဘယ်နယ့်လုပ်ကြမတုန်း" လို့ ညည်းရှာပါတယ်။

အဲဒီတော့ ကျွန်တော်ကလည်း ကျွန်တော့် ဖနီးသည်ရဲ့ ရွာကို စခန်းထောက်လုပ်ပြီး ရခိုင် ရိုးမတောင်ကို ကျော်ပြီး တရားမဝင် ကျော်ဖြတ်လာတဲ့ ဘင်္ဂါလီ ရေစီးကြောင်းကြီးဟာ ၁၉၇၀ ခုနှစ်ကျော် ကတည်းက ယနေ့ အထိ (၁၉၈၉ ခုနှစ်) အဲဒီ ရေစီးကြောင်းကြီးဟာ အမြဲ စီးဆင်းနေသေးကြောင်း ပြောပြပါတယ်။ အခု ဒီစာကို ရေးနေတဲ့ ၂၀၁၈ ခုနှစ်အထိ သတင်းစာ/ဂျာနယ်တွေမှာ ဟိုဘက်က တရားမဝင် ခိုးဝင်လာတဲ့ ဘင်္ဂါလီတွေကို တစ်လ တစ်ခါ၊ နှစ်လ တစ်ခါ ဆိုသလို အမ်း၊ သံတွဲ၊ ပန်းတောင်း (ပြည် တစ်ဖက်ကမ်း) တွေမှာ အစုလိုက် အပြုံလိုက် ဖမ်းမိတဲ့ သတင်းတွေ ကြားနေရဆဲပါ။

ရံဖန်ရံခါ အဲဒီကိစ္စ ခေါင်းထဲ ရောက်လာတိုင်း ကျွန်တော့် စိတ်ထဲမှာ မသက်မသာ ခံစားရပါတယ်။ ကျွန်တော်တို့ နိုင်ငံထဲမှာ အဓိက တိုင်းရင်းသားများ ဖြစ်တဲ့ မွန်၊ ကရင်၊ ရှမ်းတို့ဟာ နိုင်ငံခြားသားတွေနဲ့ ပတ်သက်ရင် သည်းခံစိတ် ကြီးမားကြပါတယ်။ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့လို မြန်မာများတဲ့ နေရာ တွေထက် ကရင် ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တွေမှာ အဲဒီလို ဘင်္ဂါလီတွေ တစ်စ တစ်စ တိုးပွား လာတာဟာ တစ်နေ့တခြား ဒီရေအလား တိုးပွားနေပါတယ်။ အခု လောလောဆယ် ဖြစ်နေတာကတော့ ဘူးသီးတောင်၊ မောင်တော ဒေသက ပြဿနာတွေဟာ နယ်စပ်ဒေသနဲ့ နီးလို့ အခုလို မြန်မြန်ဆန်ဆန် ဖြစ်လာတာပါ။ ပြည်တွင်း အနှံ့အပြားမှာ ရောက်နေတဲ့ ဘင်္ဂါလီနွယ်ဖွားတွေဟာ နောင်မျိုးဆက်တွေ လက် ထက်မှာ ပေါက်ကွဲလာဖို့ အလားအလာ များပါတယ်။

မွန်ပြည်နယ် စည်းရုံးရေး ပြီးတဲ့အခါ နောက်ပြန်လှည့်ပြီး ကရင် ပြည်နယ်၊ ဘားအံကို သွားကြပြန်ပါ တယ်။ ကရင် ပြည်နယ် ခရီးစဉ်လည်း အောင်မြင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အရှိန်အဝါကြောင့် ရောက်လေရာ နေရာတိုင်းမှာ မြို့နယ် အဆင့်သာမက ရပ်/ကျေး အဆင့်အထိပါ ရုံးတွေ ပိုပြီး ဖွင့်လှစ် နိုင်ပါတယ်။ အဖွဲ့ဝင် အင်အားစုတွေလည်း ပိုမို တိုးပွားလာပါတယ်။

## တနင်္သာရီတိုင်း စည်းရုံးရေး ခရီးစဉ်

ဒီခရီးစဉ်ကို ဦးဆောင်ဦးရွက်ပြုသူတွေက ဗိုလ်မှူးကြီး မျိုးအောင် (ထားဝယ်) (ကွယ်လွန်) နဲ့ ဒေါက်တာ တင်မျိုးဝင်းတို့ ဖြစ်ပါတယ်။ ဦးလှမင်းလည်း အရေးပါတဲ့ ကဏ္ဍက ပါဝင်ပါတယ်။ ပထမဦးဆုံး သွားရမယ့်

နေရာကတော့ ထားဝယ် ဖြစ်ပါတယ်။ ဒါ့ကြောင့် ရေကြောင်းခရီးစဉ်နဲ့ သွားကြပါတယ်။ တနင်္သာရီတိုင်းမှာ သွားတဲ့ စည်းရုံးရေး ခရီးစဉ်တိုင်း အောင်မြင်ပါတယ်။ အနောက်အယှက်ရယ်လို့တော့ မဟုတ်ပေမဲ့ အချို့သမီး က အစည်းအဝေးတိုင်းကိုတော့ မှတ်တမ်းအနေနဲ့ သော်လည်းကောင်း၊ အထက်ကို တင်ပြနိုင်ဖို့ သော်လည်း ကောင်း အနီးကပ် သတင်းယူတာတွေတော့ ရှိပါတယ်။

မှတ်မှတ်ရရ နောက်တစ်နေ့မှာ မောင်းမကန်မှာ သွားပြီး ကမ်းခြေမှာ ညအိပ်ပါတယ်။ ဧည့်သည်တွေ တည်းနေကျ ဗိုလ်တဲတစ်ခုမှာ တည်းပါတယ်။ အဲဒီမှာ ညအိပ်ရာဝင်ပြီ ဆိုတာနဲ့ ပြဿနာတက်ပါတော့တယ်။ ဒေါ်စုနဲ့ မသိင်္ဂီက တစ်ခန်း အိပ်တော့ ညအိပ်ရာဝင်တာနဲ့ သူတို့အခန်းက စကားပြောသံတွေ ကြားရပါတယ်။ အကြောင်းကိစ္စ ပေါ်တယ်လို့ထင်လို့ တံခါးခေါက်ပြီး သူတို့ အခန်း ဝင်သွားပါတယ်။ သူတို့နှစ်ယောက်က ခြင်ထောင်ထဲမှာ၊ ဘာလုပ်နေတယ် မှတ်ပါသလဲ၊ ကြမ်းပိုးတွေ ဖမ်းနေတာဗျို့။ ကျွန်တော့်ကို ပြတဲ့အခါမှာ နည်းတဲ့ ကြမ်းပိုးတွေ မဟုတ်ဘူး မည်းသဲနေတာပဲ။

ဒေါ်အောင်ဆန်းစုကြည်က သတ်ဖြတ်တဲ့ အလုပ်တွေ မလုပ်ချင်တဲ့အတွက် ပုလင်း အလွတ်တစ်ခု ရှာပြီး ဖမ်းမိတဲ့ ကြမ်းပိုးတွေကို မသိင်္ဂီက ရှာပြီး ပုလင်းထဲ ထည့်၊ ဒေါ်စုက ဘေးက ဖယောင်းတိုင် ကိုင်ပြီး ကြမ်းပိုး ရှာ၊ တော်တော် အချိန် ကြာသွားပါတယ်။ ကြမ်းပိုးက ဘေးက နံရံတွေမှာရော၊ အောက်က သစ်သား ကြမ်းကြားတွေမှာပါ ရှိတာပါ။ ဖမ်းလို့ကို မကုန်နိုင်ဘူး။ ဒါ့ကြောင့် ကျွန်တော်လည်း လက်လျှော့ပြီး ကိုယ့် အခန်းကို ပြန်လာပါတယ်။ ကျွန်တော့် အခန်း ပြန်ရောက်တော့လည်း ထိုနည်းလည်းကောင်းပါပဲ။ ဖမ်းလို့ မကုန်နိုင်မယ့် အတူတူ ပေပြီး အိပ်ပစ်လိုက်ပါတယ်။ ကြမ်းပိုးတွေအတွက်တော့ ပွဲတော်ကြီးပေါ့။ အာယု ဒါနလို့ပဲ သဘောထားလိုက်ပါတယ်။ တစ်နည်းအားဖြင့် သွေးအလှူပေါ့။

နောက်တစ်နေ့ မနက်ခင်း လင်းတော့ သူတို့ ဧည့်ခံတဲ့ ထားဝယ် အစားအသောက်တွေ စားပြီး ကမ်းခြေဘက် ထွက်ခဲ့ပါတယ်။ မောင်းမကန် ကမ်းခြေက အလွန် သာယာတာပါ။ နဝတ လက်ထက်မို့ ခရီး အသွားအလာတွေ နည်းတဲ့အတွက် ကမ်းခြေမှာ ကျွန်တော်တို့ချည်းပါ။ ကျွန်တော်က ရုတ်တရက် ရေထဲ မဆင်းသေးပါဘူး။ နေလည်း သိပ်မပူသေးတဲ့အတွက် ပါလာတဲ့ စာအုပ် တစ်အုပ်ကို ဖတ်ပါတယ်။ လေး-ငါး မျက်နှာလောက် ဖတ်ပြီး ပင်လယ်ကမ်းစပ်ကို ဆင်းပါတယ်။ သဲသောင်ပြင် ဖြူဖြူဖွေးဖွေးက တစ်မျှော်တစ်ခေါ် ကြီးပါ။ ကုန်းပေါ်မှာတော့ အုန်းပင်တွေ စီရရီနဲ့ ဘန်ဂလိုတွေ ရှိပါတယ်။ ပင်လယ်က ကြည့်လိုက်ရင် ပြာနေ ပေမဲ့ အောက်ခြေက သဲနဲ့ ကျောက်စရစ်အချို့ကို မြင်ရပါတယ်။

မလှမ်းမကမ်းမှာ ရပ်ထားတဲ့ လှေအထိ ကျွန်တော် ကူးသွားပါတယ်။ ရေတိမ်ပိုင်းမှာတော့ လမ်း လျှောက်လို့ ရပေမဲ့ ငြိမ်နေရင် ငါးအတွက်ခံရပါတယ်။ ဒါနဲ့ ကျွန်တော်လည်း ကြာကြာ ရေမစိမ်တော့ပါဘူး။ ကမ်းပေါ်တက်ပြီး စာဆက်ဖတ်ပါတယ်။ အမယ်... မသိင်္ဂီက ရေကူးဝတ်စုံနဲ့ဗျို့။ ကျွန်တော်က "မကြည့်ရဲဘူး ဗျို့" လို့ အော်ပြီး စပါတယ်။ သူကတော့ ဘာမှ ပြန်မပြောပါ။ ခပ်တည်တည်နဲ့ ရေထဲဆင်းပြီး ရေကူးပါတော့ တယ်။ သူလည်း ကြာကြာ မကူးနိုင်ပါဘူး။ ငါးသေးသေးလေးတွေ အတွက်ခံရလို့ ကမ်းပေါ် တက်လာပါတယ်။

## ရေလမ်းခရီး

ထားဝယ် မောင်းမကန် ခရီးစဉ် ပြီးတဲ့အခါ လောင်းလုံကို စက်လှေနဲ့ သွားရတဲ့ ခရီးရှိပါတယ်။ စစ်အုပ်ချုပ်ရေး ကာလ ဆိုတော့ ခရီးသွားလာမှုတွေက မတွင်ကျယ်သေးပါဘူး။ ထားဝယ်ကနေ လောင်းလုံကို ရေကြောင်း ခရီးနဲ့ သွားမှာပါ။ နယ်ခံတွေ စီစဉ်ပေးထားတဲ့ စက်လှေနဲ့ ညမမှောင်ခင် ထားဝယ်က ထွက်ပါတယ်။ ည

အိပ်ကြတဲ့ အခါကျတော့ စက်လှေ ကုန်းပတ်မှာပဲ အားလုံး အိပ်ကြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို အလယ်မှာထားပြီး ကိုမော်ရယ်၊ ကိုအောင်ရယ်၊ မသီဂီရယ်၊ ကျွန်တော်ရယ်က သူ့ ပတ်ပတ်လည်မှာ အိပ်ကြပါတယ်။

လုံခြုံရေးအတွက် ညကင်းတွေကိုတော့ အလှည့်ကျ စီစဉ်ပေးပါတယ်။ လူငယ်တွေကတော့ အိပ်လို့ရတယ်လို့ ပြောကြပါတယ်။ စက်လှေက စက်သံ ဆူဆူညံညံရှိပေမဲ့ ကျွန်တော်ကတော့ အိပ်လို့ရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကတော့ အိပ်လို့မရဘူးလို့ ပြောပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက သင်္ဘောမူးနေလို့ပါ။ ဒေါ်အောင်ဆန်းစုကြည်က လေယာဉ်လည်း မူးတတ်ပါတယ်။ ကားလည်း မူးတတ်ပါတယ်။ သင်္ဘောက အဆိုးဆုံးလို့ ပြောပါတယ်။ အမူးပြေဆေးတွေ ရှိပေမဲ့ ဘယ်ဆေးမှ အလုပ်မဖြစ်ပါဘူး။

နောက်တစ်နေ့ မနက်ခင်း လေးနာရီခွဲလောက်မှာ လောင်းလုံမြို့ကို ရောက်ပါတယ်။ တစ်နိုင်ငံလုံး ညမထွက်ရ အမိန့်ရှိနေလေတော့ ကျွန်တော်တို့ သင်္ဘော မြို့နား ကပ်လို့ရပေမဲ့ လူတွေ ဆင်းလို့ မရသေးပါဘူး။ ဒေါ်အောင်ဆန်းစုကြည် သင်္ဘော မူးနေတာနဲ့ အတော်ပါပဲ။

ကျွန်တော်ကတော့ ရောက်တုန်းရောက်ခိုက် ပင်လယ်ထဲ ရေကူးဖူးတယ် ဆိုရအောင် ဘောင်းဘီတို ဝတ်ပြီး စက်လှေ တစ်ပတ် ရေကူးပါတယ်။ စက်လှေရဲ့ နောက်ပိုင်း ရောက်ခဲ့ပေမဲ့ ရှေ့ပိုင်းကို မြန်မြန် ပြန်ပါတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ ကျွန်တော် နောက်ပိုင်းကို ရောက်ခါနီး အချိန်မှာ ရေယာဉ် နောက်ပိုင်းက အိမ်သာမှာ လူတစ်ယောက် အိမ်သာတက်နေလို့လေ။

လောင်းလုံမှာလည်း စည်းရုံးရေးလုပ်ငန်း အောင်မြင်ပါတယ်။ ထားဝယ်ကနေ ရန်ကုန်ကို လေကြောင်းနဲ့ ပြန်ရမှာပါ။ ဒါ့ကြောင့် ထားဝယ်ကို ပြန်ကြရပါတယ်။ တနင်္သာရီ စည်းရုံးရေး ခရီးစဉ်ဟာ တခြား တိုင်းနဲ့ ပြည်နယ်တွေနဲ့ မတူဘဲ အလွန် ထူးခြားပါတယ်။ အဲဒီတုန်းက လုပ်ခဲ့တဲ့ စည်းရုံးရေး အချိန်အခါကြောင့် ၁၉၉၀ ခုနှစ်၊ ၂၀၁၂ ခုနှစ်နဲ့ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွေမှာ မြဲမြဲမြံမြံ အောင်မြင်ခဲ့တာပါ။

## ဗိုလ်မှူး ကျော်ဒွန်း

ကိုကျော်ဒွန်းက OTS အပတ်စဉ် ၃၄ ကပါ။ တပ်ကြပ်ကြီးဘဝနဲ့ OTS ကို တက်ပြီး ကျွန်တော့် ယောက္ခမနဲ့အတူ သနက- ၅ (ယခု သနက- ၃၁၅) ကို ရောက်လာတာပါ။ မြိတ် (ဘိတ်) ဇာတိ ဖြစ်တဲ့အတွက် စကားပြောရင် ဘိတ်သံ ဝဲပါတယ်။ ကျွန်တော် အတွေ့အကြုံအရ တနင်္သာရီဘက်က လူတွေဟာ အင်မတန် စည်းကမ်း ရှိပါတယ်။ အမိန့်နဲ့ တာဝန်ကိုလည်း လေးစားပါတယ်။

ရှစ်လေးလုံး အရေးတော်ပုံ ဖြစ်တဲ့အချိန်မှာ သူက တပ်က အငြိမ်းစား ယူပြီးပါပြီ။ NLD ဖွဲ့တဲ့အခါ တနင်္သာရီတိုင်း NLD အဖွဲ့ဝင် ဖြစ်လာပြီး ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခရီးစဉ် တစ်လျှောက်လုံး လုံခြုံရေး တာဝန်ယူခဲ့သူပါ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ တနင်္သာရီ ခရီးစဉ် ပြီးဆုံးတဲ့အခါ အထက် အမိန့်အရ တိုင်း တာဝန်ရှိသူတွေကို ဖမ်းတဲ့အခါမှာ သူ့ကိုလည်း ဖမ်းဖို့ တရင်းပါလာပါတယ်။

သူက အဖမ်းမခံပါဘူး။ ရန်ကုန်မှာ ခဏ ရှောင်နေပြီး ကျွန်တော့်အိမ်ကို လာတွေ့ပါတယ်။ သူက အဖမ်းမခံနိုင်တော့ဘူး၊ ကျွန်တော် ပြေးတော့မယ်လို့ လာပြောပါတယ်။ ကျွန်တော်ကတော့ သူ့ကို မပြေးပါနဲ့လို့ မပြောရက်တော့ပါ။ ကိုယ်ကိုယ်တိုင်လည်း ဘယ်အချိန်မှာ အဖမ်းခံရမယ်ဆိုတာ မသိတဲ့အပြင် အဖမ်းခံရမှာမို့ ထွက်ပြေးဖို့လည်း စိတ်မကူးမိပါ။

သူ တကယ်ပဲ ထိုင်းဘက်ကို ထွက်ခွာသွားပါတယ်။ ကျွန်တော် ၁၉၉၅ ခုနှစ် အပြင် ပြန်ရောက်တော့ သူ အမေရိကားကို ရောက်သွားပြီဆိုတာ သိရပါတယ်။ ရောက်သွားရုံသာမက ကင်ဆာရောဂါပါ ဖြစ်နေပြီ ဆိုတာ သိရပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်က ၆၄ နှစ် ရှိပါပြီ။ သူကတော့ အသက် ၇ဂ နား ကပ်နေပါပြီ။ ဒါ့ကြောင့် သူ့ကို ပြုစုဖို့ သူ့သားတွေ US ကို လိုက်နိုင်အောင် ကျွန်တော် ကြိုးစားပေးခဲ့ပါတယ်။ ၁၉၉၆ ခုနှစ်၊ မေလမှာ ကျွန်တော် အဖမ်းခံရပြီးလောက်ကျမှ သားနှစ်ယောက်စလုံး US ဗီဇာ ရလို့ လိုက်သွားကြတယ်လို့ သိရပါတယ်။ သူတို့ ပြုစုချိန် ရလိုက်ပါတယ်။ သူတို့ရောက်ပြီး တစ်နှစ်လောက် အကြာမှာ ကိုကျော်ဒွန်း ဘဝ တစ်ပါးကို ပြောင်းသွားပါတယ်။

## ရှမ်း/ကယားမှ အပြန်

ကယားပြည်က အပြန်မှာ တောင်ကြီးကို မဝင်တော့ဘဲနဲ့ အောင်ပန်းနဲ့ ကလောမြို့များမှာ ဒေါ်အောင်ဆန်းစုကြည်က ဟောပြောပွဲများ ပြုလုပ်ခဲ့ပါတယ်။ ရှမ်းပြည်နယ်က ဆင်းလို့ ယင်းမာပင် ရောက်တဲ့အခါ ပျော်ဘွယ်ကို သွားတဲ့ ဖြတ်လမ်းက တည်ဆောက်ဆဲပါ။ ယင်းမာပင်ကနေ ပျော်ဘွယ်ကို ဖုန်တထောင်းထောင်းနဲ့ သွားကြရပါတယ်။ ပျော်ဘွယ်ကို ရောက်တဲ့အခါ မြို့မိ၊ မြို့ဖတစ်ဦးလို့ ဆိုရမယ့် ပုဂ္ဂိုလ်ရဲ့ ခြံမှာ နားပါတယ်။ အဲဒီလို နားရင်းနဲ့ ပျော်ဘွယ်မြို့ခံ NLD အဖွဲ့ဝင်များကို ဒေါ်စုက တွေ့ဆုံ စကားပြောပါတယ်။ တကယ်တော့ ပျော်ဘွယ်မှာ NLD အင်အားမကောင်းသေးပါ။

ပျော်ဘွယ်ပြီးတော့ တပ်ကုန်းကို ဆက်သွားပါတယ်။ တပ်ကုန်းကျတော့ အခြေအနေ ပိုဆိုးပါတယ်။ မဝတ ဥက္ကဋ္ဌရဲ့ အမိန့်ကြောင့် NLD အဖွဲ့ဝင်များရော၊ မြို့သူမြို့သားများရော ဘယ်သူမှ လာရောက်ကြိုဆိုခြင်း မရှိပါ။ ဒါ့ကြောင့် ကချင် ပြည်နယ် ခရီးစဉ်မှာ အတူပါလာတဲ့ မကြူကြူသန်းနဲ့ ကြည်ကြည်စိုးတို့က အိမ်ပေါက်စေ့ သွားပြီးတော့ "ဗိုလ်ချုပ်အောင်ဆန်း သမီး ဒေါ်အောင်ဆန်းစုကြည် လာနေပြီ၊ တပ်ကုန်းမြို့ကို ရောက်နေပြီ၊ အားလုံး လာရောက် တွေ့ဆုံနိုင်ပါတယ်" ဆိုပြီး လှုံ့ဆော်ရပါတယ်။ အဲဒီအခါကျမှ လူတွေ ထွက်လာပါတယ်။ ကျိုးတိုးကျဲတဲပါ။

အဲဒီလို ထွက်လာတဲ့လူ သုံး-လေးဆယ်ကိုမှ ဒေါ်အောင်ဆန်းစုကြည်က စကားပြောရတာပါ။ တပ်ကုန်းမြို့က NLD ကို ခေါင်းဆောင်တဲ့သူက လုပ်ငန်းပိုင်ရှင် တရုတ်အမျိုးသားပါ။ ဒါ့ကြောင့် ကျွန်တော်တို့က ကိုတရုတ်ကြီးလို့ပဲ ခေါ်ပါတယ်။

လူစုလူဝေးတွေကို စကားပြောတဲ့အခါမှာ လူငယ်တွေထဲက နှစ်ယောက်လောက်က အသံဖမ်းအား ကောင်းတဲ့ ရေဒီယို နှစ်လုံး ပါပါတယ်။ အဲဒီနှစ်လုံးကို ပရိသတ်ထဲ ပို့ပြီးတဲ့အခါ ဒေါ်စုက မိုက်ကရိုဝေ့မိုက်နဲ့ စကားပြောတဲ့အခါ လူထုက ကောင်းကောင်း ကြားရပါတယ်။ အလွန် ထိရောက်တဲ့ နည်းပါ။ အဲဒီလို စကားပြောတဲ့အခါ မြို့မှာ တပ်စွဲထားတဲ့ တပ်အစိတ်အပိုင်း တချို့က ရောက်လာပြီး မိုးပေါ် ထောင်ပြီး သေနတ် ဖောက်ပါတယ်။

အဲဒီလို သေနတ်သံ ကြားပေမယ့် ကျွန်တော်တို့ အဖွဲ့က ရုတ်ရုတ်သဲသဲ မဖြစ်ပါဘူး။ သေနတ်ဖောက်တဲ့ တပ်ဖွဲ့တွေကိုလည်း ဘာမှ ရန်မလုပ်ပါဘူး။ တည်တည်ငြိမ်ငြိမ်နဲ့ပဲ တုံ့ပြန်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ စိတ်ထဲမှာတော့ နောင်မှာ တပ်ကုန်းမြို့ကို အထူး စည်းရုံးရေး လုပ်ရမယ်လို့ စွဲမှတ်သွားပါတယ်။

## ရေတာရှည်မြို့

ရေတာရှည်မြို့က ပဲခူးတိုင်း အတွင်းမှာပါ။ တောင်ငူခရိုင်က မြို့လေးတစ်မြို့ပေါ့။ ကျွန်တော်တို့တစ်တွေ မန္တလေးက ပြန်လာရင် သော်လည်းကောင်း၊ ရှမ်းပြည်နယ်က ပြန်လာရင် သော်လည်းကောင်း အစီအစဉ်မှာ မပါသော်လည်းပဲ ရေတာရှည်ကို ဖြတ်ပြီဆိုတာနဲ့ တစ်ခုခု ဖြစ်မြဲပါ။ ဥပမာ ကားဘီး လေလျော့လို့ သော် လည်းကောင်း၊ ထွက်လာတဲ့ နေရာတွေမှာ မစားမသောက်ဘဲ ရေတာရှည်ရောက်မှ စားမယ် ဆိုတာမျိုး ဖြစ်တော့ ရပ်ရပါတယ်။ တစ်ခါ မကပါဘူး၊ နှစ်ခါ မကပါဘူး၊ သုံး-လေးခါလောက် ဖြစ်ပါတယ်။

အဲဒီလို ဖြစ်ပါများတော့ ကျွန်တော် ဒေါ်စုကိုတောင် ပြောမိပါသေးတယ်။ "ယုံတာလည်း မဟုတ်ပါဘူး၊ အယူသီးတာလည်း မဟုတ်ပါဘူး၊ ဒါပေမဲ့ ရေတာရှည် ရောက်တိုင်း ရပ်နားစရာ ကိစ္စလေး တစ်ခုမဟုတ် တစ်ခု ပေါ်ပြီး နားနေရတာ များတော့ ဒေါ်စု ကြိုးပမ်း ဆင်နွှဲနေတဲ့ ဒီမိုကရေစီ တော်လှန်ရေးကြီးဟာ ရေရှည်ကြာမယ့် သဘောများလား" ပေါ့။ ရေတာရှည်က သွားဆရာဝန် ဒေါက်တာကျော်ကျော်ကတော့ ဒေါ်အောင်ဆန်းစုကြည် လာတိုင်း ကြိုဆို ဧည့်ခံခွင့်ရလို့ သဘောတွေ့၊ မနောခွေ့နေလေရဲ့။ အခုတော့ ဆရာ ကျော်ကျော်က ပဲခူးတိုင်းရဲ့ ရေတာရှည် မြို့နယ် လွှတ်တော် ကိုယ်စားလှယ် ဖြစ်နေပါပြီ။ သူ့ရော၊ သူ့သား အောင်မိုးကျော် (ခ) ပွကြီးတို့ နှစ်ယောက်စလုံးဟာ မြင်းခြံထောင်မှာ နေခဲ့ကြရပါတယ်။

## ၁၉၈၉ ခုနှစ်၊ သင်္ကြန်ကာလ

ဒေါ်အောင်ဆန်းစုကြည်ဟာ ဘယ်အချိန်မှာ ဘာလုပ်ရင် ကောင်းမယ် ဆိုတာ အမြဲတမ်း ကြိုတင် ကြံဆနေ တာပါ။ မတ်လလောက်ကတည်းက လာမယ့် သင်္ကြန်မှာ NLD သံချပ်ပြိုင်ပွဲ လုပ်ဖို့ အဆိုပြုပါတယ်။ အဲဒီ တုန်းက ကာလ တစ်လျှောက်လုံး NLD ဗဟို အလုပ်အမှုဆောင် အဖွဲ့အခြေအနေတွေကို ကျွန်တော် မှတ်တမ်း လိုက်ရေးရတာပါ။ အလုပ်တွေ များလွန်းလို့ အစည်းအဝေး မှတ်တမ်းတွေကို လက်နှိပ်စက်နဲ့ ရိုက်ပြီး မှတ်တမ်း မပြုစုနိုင်ပါဘူး။ ကျွန်တော့် လက်ရေးနဲ့ လိုက်ရေးပြီး အစည်းအဝေး ပြီးတာနဲ့ ဒေါ်အောင်ဆန်း စုကြည်ကို အပ်ရတာပါ။ အဲဒီ မှတ်တမ်းတွေကို သူကိုယ်တိုင် သိမ်းထားပါတယ်။ ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်ကို သူ့အိမ်မှာ ပုဒ်မ ၁၀ (ခ) နဲ့ အကျယ်ချုပ် ချတဲ့အခါ သူ့ရဲ့ စာရွက် စာတမ်းတွေကို ထောက်လှမ်းရေးက အကုန်သိမ်းသွားပါတယ်။

သင်္ကြန်သံချပ် ပြိုင်ပွဲလုပ်မယ့် ကိစ္စကို ဗဟို အလုပ်အဆောင် အဖွဲ့နဲ့ တော်တော်လေး ငြင်းရခုန်ရ ပါတယ်။ နောက်ဆုံးတော့ အားလုံးက လက်ခံပြီး လုပ်မယ်ဆိုတဲ့ဘက်က နိုင်သွားပါတယ်။ အဲဒီ သံချပ်ပြိုင်ပွဲကို ကြီးကြပ်ဒိုင်အဖြစ် ဦးကြည်မောင်၊ ဦးဝင်းတင်နဲ့ ကိုအောင်လွင် (ထင်ပါတယ်၊ မသေချာပါ။) သံချပ်ပြိုင်ပွဲ လုပ်မယ်လည်း ကြေညာလိုက်ရော မြို့နယ်တိုင်းမှာရှိတဲ့ NLD တွေ အလုပ်များသွားကြပါလေရော။ သင်္ကြန် သံချပ် ပြိုင်ရမယ့် မဏ္ဍပ်ကိုတော့ အဲဒီတုန်းက NLD ရုံးချုပ်နေရာမှာ စင်ဆောက်ပါတယ်။ အဲဒီတုန်းက NLD ရုံးချုပ်ဟာ ဒေါ်အောင်ဆန်းစုကြည် ခြံနဲ့ တစ်ဆက်တည်းရှိတဲ့ ခြံကို ငှားထားတာပါ။ အဲဒီ ဝင်းထဲမှာပါ။

မြို့နယ်တွေ သံချပ်ကိစ္စနဲ့ အလုပ်များနေပေမဲ့ ဒေါ်အောင်ဆန်းစုကြည်က စည်းရုံးရေး ခရီးစဉ်တွေကို တစ်ပတ် တစ်ခါ၊ နှစ်ပတ် တစ်ခါ ထွက်လေ့ရှိပါတယ်။ ရန်ကုန်တိုင်း တစ်ဖက်ကမ်းက မြို့နယ်တွေကိုလည်း အလွတ်မပေးပါဘူး။ လှိုင်မြစ် တစ်ဖက်ကမ်း ကူးပြီး ရွှေလင်ပန်းဘက်က ရွာတွေလည်း သွားခဲ့ပါတယ်။ နောက်ပြီး တွံတေးဘက်ကို ကူးပြီး တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း မြို့လေးတွေလည်း သွားခဲ့ပါတယ်။

## ဦးကြည်မောင်ရဲ့ မိတ်ဆွေ

ဘောလယ်ကျွန်း (အင်းစိန် တစ်ဖက်ကမ်း) ထဲက ရွာတစ်ရွာမှာပါ။ အဲဒီရွာတွေမှာ လယ်လုပ်သားတွေ များလို့ သူတို့နဲ့ တွေ့ပြီး စကားပြောချင်ရင် ညပိုင်းမှ ပြောလို့ အဆင်ပြေပါတယ်။ ဒါကြောင့် အဲဒီရွာက လူကြီး လူငယ်တွေကို ဒေါ်အောင်ဆန်းစုကြည်၊ ဦးကြည်မောင်နဲ့ ကျွန်တော်တို့ တွေ့ဆုံခဲ့ပါတယ်။ နစ်နာရီလောက် ကြာမယ် ထင်ပါတယ်။ ရောက်လာတဲ့ ပရိသတ်က လေး-ငါးဆယ်လောက် ရှိမယ် ထင်ပါတယ်။ ရွာမှာ ဆိုတော့ အောက်လင်းဓာတ်မီးနဲ့ အစည်းအဝေး လုပ်ရပါတယ်။ အစည်းအဝေး ပြီးတဲ့အချိန်က ည ကိုးနာရီ လောက် ရှိနေပါပြီ။

လူစု ကွဲခါနီးမှာ လူအုပ်ထဲက အသက် ၆၀ ကျော်လောက် ထင်ပါတယ်။ လူကြီး တစ်ယောက်က ထလာပြီး အားလုံးကို ရည်ရွယ်ပြီး စကားပြောပါတယ်။ "ဟေ့ ကလေးတွေ" လို့ဆိုပြီး ဦးကြည်မောင် ပခုံးကို ကိုင်လိုက်ပါတယ်။ သူက ဆက်ပြောပါတယ်။ "ဒီပုဂ္ဂိုလ်က နယ်နယ်ရရ ပုဂ္ဂိုလ် မဟုတ်ဘူးဟေ့၊ အတွင်းဝန်ရုံးကို ကျောင်းသားတွေ ဝိုင်းတော့ ပုလိပ်တွေက ရိုက်လို့ ဗိုလ်အောင်ကျော် သေပါရောလား။ ဗိုလ်အောင်ကျော်က တစ်ချက်တည်းနဲ့ ဦးဆက် ရိုက်မိပြီး သေသွားတာ၊ ကိုကြည်မောင်က သုံး-လေးချက် အရိုက်ခံရတာ ပိုနာ တယ်" လို့ ပြောပါတယ်။ အဲဒီပြောတဲ့ ပုဂ္ဂိုလ်က သူလည်း တက္ကသိုလ် ကျောင်းသား ဖြစ်ကြောင်း၊ အတွင်းဝန်ရုံး ဆန္ဒပြရာမှာ သူ ပါကြောင်း တစ်ဆက်တည်း ပြောခဲ့ပါတယ်။

အဲဒီလို ပြောတဲ့အခါ တက်ရောက်လာတဲ့ သူများကရော ကျွန်တော်တို့ အဖွဲ့က လူငယ်များကပါ တအံ့တဩ ချီးကျူးကြပါတယ်။ ကျွန်တော်ကလည်း သူနဲ့ နှစ်ယောက်တည်း ရှိတဲ့အချိန်မှာ ပြောမိပါတယ်။ "ဗိုလ်မှူးကြီး ခုနက ကိစ္စမျိုးကို လူငယ်တွေကို မကြာခဏ ပြောပေးသင့်တယ်၊ ဒါမှလည်း ဗိုလ်မှူးကြီးရဲ့ နိုင်ငံရေး အတွေ့အကြုံတွေကို သင်ခန်းစာ ယူလို့ရတာပေါ့" လို့ ပြောတော့ ဗိုလ်မှူးကြီး ကြည်မောင်က "လုပ်သင့်တဲ့ အချိန်မှာ လိုအပ်တယ်ထင်လို့ ဝင်ပါတာပါဗျာ၊ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ဖော်တာမျိုး မလုပ်ချင်ပါဘူး" လို့ ပြောပါတယ်။ ဘာပဲပြောပြော ဒီလိုပုဂ္ဂိုလ်ကြီး ကျွန်တော်တို့ NLD ခေါင်းဆောင်ဖြစ်လာတာ ကျွန်တော့်အနေနဲ့တော့ အင်မတန် ဂုဏ်ယူမိပါတယ်။

## မတ်လ ဖြစ်စဉ်များ

ဒီဖြစ်ရပ်တွေကတော့ ယခင်နှစ် (၁၉၈၈ ခုနှစ်) မတ်လကို အကြောင်းပြုပြီးတော့ ဖြစ်ခဲ့တာပါ။ အထက်မှာ ရေးပြခဲ့သလိုပါပဲ ဖုန်းမော်နဲ့ အခြားကျောင်းသားတစ်ဦး သေဆုံးခဲ့တဲ့ မတ်လ ၁၃ ရက်နေ့ နှစ်ပတ်လည် အဖြစ် ရန်ကုန် စက်မှုတက္ကသိုလ်က ကွင်းပြင်မှာ ကျင်းပခဲ့ပါတယ်။ အဲဒီလို ကျင်းပတာကို နဝတ အစိုးရက မကြိုက်ပါ။ အခမ်းအနားကို ကျောင်းသားနဲ့ လူငယ်တချို့က ပြင်ဆင်နေတဲ့အချိန် မှာ RIT မျက်နှာချင်းဆိုင်က ဇိုက်ပျိုးရေး သုတေသနဝင်းမှာ တပ်စု အချို့ လာပြီးနေရာယူပါတယ်။ အဲဒါအပြင် အဲဒီဝင်းထဲကို အမြောက်ကြီး တစ်လက်လည်း သယ်ယူပြီး နေရာချထားပါတယ်။ ကျွန်တော့်အမြင်ကတော့ ကလေးကလား အလုပ်တွေလို့ ထင်ပါတယ်။

အဲဒီ အခမ်းအနား လုပ်မယ်လို့ သတင်းပြန့်သွားတဲ့အတွက် လူကြီး လူငယ် နိုင်ငံရေး စိတ်ပါဝင်စားသူ အများ တက်ရောက်ကြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်လည်း တက်ရောက်ပါတယ်။ အဲဒီ အခမ်းအနားမှာ အမှတ်တရ စကားပြောသူတွေ တော်တော်များပါတယ်။ ကျောင်းသားခေါင်းဆောင်ထဲက မင်းကိုနိုင်နဲ့ မိုးသီးဇွန်၊ အခြား ကျောင်းသားအုပ်စုထဲကလို့ ပြောလို့ရနိုင်တဲ့ စိုးသိန်းလည်း ပါပါတယ်။ မင်းကိုနိုင်ကတော့

သူ ပါဝင်ခဲ့တဲ့ ကျောင်းသား လှုပ်ရှားမှုအကြောင်း၊ ဒီမိုကရေစီ မရသေးတဲ့ အတွက် ရှေ့ဆက်ပြီး တိုက်ပွဲဝင်ကြ ရမှာမို့ အားမွေးထားဖို့ လိုကြောင်း ပြောသွားပါတယ်။

စိုးသိန်း ပြောတာကို မမှတ်မိသော်လည်းပဲ တက်တက်ကြွကြွ ပြောသွားတာတော့ မှတ်မိပါတယ်။ မိုးသီးဇွန်ကတော့ အများစုဖြစ်နေတဲ့ ပရိသတ်ထဲက ကျောင်းသားထုကို ရည်ရွယ်ပြီးတော့ စိတ်တက်ကြွဖွယ်ရာ စကားတွေ ပြောပါတယ်။ လက်ခုပ်သံ တဖြောင်းဖြောင်းပေါ့။ သူ ပြောတဲ့ စကားတွေထဲက ကျွန်တော် မှတ်မိ တာ ပြောရရင် သူက "ပေား ချာတာလစ်၊ မင်း ဗမာပြည် လာရဲရင် လာခဲ့၊ မင်းကို ရိုက်ဖို့ ငါ ဝါးရင်းတုတ်တွေ စုထားတယ်" လို့ ပြောတဲ့အခါ ပရိသတ်က လက်ခုပ်ဩဘာ ပေးကြပါတယ်။ ချာတာလစ် ဆိုတာကတော့ အဲဒီတုန်းက ထိုင်း ဗိုလ်ချုပ်ကြီးဟောင်း ဘဝနဲ့ ဝန်ကြီးချုပ် အဖြစ် တာဝန် ထမ်းဆောင်နေသူ ဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကတော့ ကျွန်တော့် အတွေ့အကြုံအရ ပြောရရင် သူ့ဘဝမှာ အတိုဆုံး မိန့်ခွန်း လို့ ဆိုရမယ့် စကားတွေ ပြောသွားပါတယ်။ သူ ပြောတဲ့စကားကတော့ "ဒီအခမ်းအနားကို ဖြစ်မြောက်အောင် ဆောင်ရွက်ပေးတဲ့လူတွေရော၊ တက်ရောက်လာကြတဲ့ ပရိသတ် အားလုံး သတ္တိရှိကြပါတယ်၊ ချီးကျူးပါတယ်" လို့ပဲ ပြောသွားပါတယ်။

တော်ဘုရားကလေး (ခ) ဦးအောင်ဇေယျကတော့ ပြုံးချင်စရာပါ။ သူ ပြောတဲ့စကားတွေထဲမှာ "ဒီနေ့ ဩဂုတ်လ ၁၃ ရက်နေ့ ဖြစ်ရပ်က ရှစ်လေးလုံး အရေးတော်ပုံကြီးကို ဖြစ်ပေါ်စေခဲ့ပါတယ်၊ ဒါ့ကြောင့် ရှစ် လေးလုံး အရေးတော်ပုံကို ရည်စူးပြီး ရှစ်မိနစ်ပဲ ပြောပါ့မယ်" လို့ ပါပါတယ်။ တကယ်လည်း စကားပြောရော စိတ်ပါသွားတယ်နဲ့ တူပါတယ်၊ ရှစ်မိနစ်မှာလည်း မရပ်ပါဘူး။ ၁၅ မိနစ်မှာလည်း မရပ်ပါဘူး။ သူ အပြောနဲ့ အလုပ် မညီတာတွေကို တက်ရောက်လာတဲ့ ပရိသတ်က သိတဲ့အခါ ပွစိပွစိနဲ့ စကားတွေ ပြောလာကြပါပြီ။

ဒါ့ကြောင့်မို့ ထင်ရဲ့ နောက်ထပ် မိနစ် ၂၀ လောက် ကြာတဲ့အထိ စကားပြောပြီးမှ ရပ်သွားပါတော့တယ်။ အဲဒီ တော်ဘုရားကလေး ဆိုတဲ့ ပုဂ္ဂိုလ်ဟာ အခုတော့ ကွယ်လွန်သွားပါပြီ။ သီပေါမင်းရဲ့ မြေးဖြစ်လို့ သူ့ နာမည်ကို "တော်" ထည့်ပြီး မှည့်ထားတာပါ။ ထောင်ထဲမှာ ဦးဝင်းတင်နဲ့ ကျွန်တော်နဲ့ သူနဲ့ တစ်တိုက်တည်း နေရတုန်းက ဦးဝင်းတင်က သူ့ကို တစ်ခါတလေ Prince လို့ ခေါ်ပြီး၊ တစ်ခါတလေကျတော့ Red Prince လို့ ခေါ်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူက ကွန်မြူနစ်ဝါဒကို လိုလားတဲ့သူမို့ပါ။

## အမှတ်ရစရာ နေရာလေးများ

မတ်လနဲ့ ပတ်သက်လို့ နောက်ထပ် အမှတ်ရစရာ တစ်ခုက အင်းလျား ကန်ဘောင်ဒေါး ပြည်လမ်း ပေါ်မှာပါ။ အဲဒီ ဖြစ်စဉ်ကတော့ ဟိုတုန်းက တံတားဖြူလို့ ခေါ်တဲ့နေရာမှာ ဖြစ်ခဲ့တာပါ။ အဲဒီနားမှာ "ခရမ်းပြာ" ဆိုတဲ့ လက်ဖက်ရည်ဆိုင် ရှိပါတယ်။ အဲဒီ နေရာမှာ ပင်မ တက္ကသိုလ်ကြီးက ကျောင်းသားတချို့နဲ့ ဒဂုံ ကောလိပ် ၂ က ကျောင်းသားတွေကို လုံ/ထိန်း တပ်ဖွဲ့တွေက ဝိုင်းဝန်း ပိတ်ဆို့ ဖမ်းဆီးတဲ့ ဖြစ်စဉ်ပါ။

နောက်တစ်ခုကတော့ ပြည်လမ်း၊ မြေနီကုန်းမှာ ဖြစ်ခဲ့တဲ့ ဖြစ်ရပ်ပါ။ မတ်လ ၂၀ ရက်နေ့မှာ ဖြစ်ပါတယ်။ ယခင်က St. Phelomena၊ ယခု စမ်းချောင်း အ ထ က ၂ မှာ ဖြစ်ခဲ့တာပါ။ အဲဒီမှာ လုံ/ထိန်းကပဲ ဆန္ဒပြသူ တစ်ချို့ကို ပိတ်ဆို့ ဖမ်းဆီးသွားခဲ့ပါတယ်။ နောက်တစ်နေ့ဖြစ်တဲ့ ၁၉၈၉ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့မှာ ဒေါ် အောင်ဆန်းစုကြည်က စမ်းချောင်း NLD ရုံးရှေ့မှာ စကားပြောပါတယ်။ အဲဒီက စကားပြောအပြီးမှာ မြေနီကုန်း၊ ပြည်လမ်းအတိုင်း ပြန်ပါတယ်။ အရင်နေ့က ကျောင်းသားတွေ ပိတ်ဆို့ ဖမ်းဆီးတဲ့ နေရာမှာ ကား ရပ်ပြီး ပန်းစည်းချပါတယ်။

အဲဒီလို ပန်းစည်းချတာနဲ့ တစ်ပြိုင်နက် အနားမှာ အသင့်စောင့်နေတဲ့ ထောက်လှမ်းရေးနဲ့ တပ်က ဝိုင်း ဖမ်းပါတော့တယ်။ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အားလုံး လူ ၂၀ လောက်ကို TE- 11 တီအီး အလဲဗင်း ပေါ် တင်ပြီး စမ်းချောင်း မဝတရုံးကို ခေါ်သွားပါတယ်။ မဝတ ဥက္ကဋ္ဌက ဘာလုပ်ရမှန်း မသိတော့ စစ်နယ်မြေ မှူးကို မေးပါတယ်။ စစ်နယ်မြေမှူးက အားလုံး ထောင်ထဲ ပို့လိုက်လို့ ပြောတဲ့အခါ မဝတ ဥက္ကဋ္ဌက သူတို့ကို ထောင်ထဲပို့ဖို့ ပြင်နေပါတယ်။

အဲဒီအချိန်မှာ စစ်ရုံးက တယ်လီဖုန်း ဝင်လာပါတယ်။ "သူတို့တစ်ဖွဲ့လုံးကို ပြန်လွှတ်လိုက်" လို့ ဆိုပြန် ပါတယ်။ အဲဒါနဲ့ မဝတ ဥက္ကဋ္ဌကလည်း သူတို့ကို ပျော့ပျော့ပါးပါးကြီး ပြန်လွှတ်လိုက်ပါတယ်။ ဒေါ်အောင်ဆန်း စုကြည်နဲ့ အဖွဲ့ အဲဒီ မဝတ ဥက္ကဋ္ဌရုံးမှာ နှစ်နာရီလောက် ကြာသွားပါတယ်။ ဒေါ်အောင်ဆန်းစုကြည် အတွက် ပထမဦးဆုံး အချုပ်အနှောင် ခံရခြင်း ဖြစ်ပါတယ်။ နာရီပိုင်းပေါ့။

## ဖျာပုံ-ကျိုက်လတ် ခရီးစဉ်

ဒေါ်အောင်ဆန်းစုကြည် ဧရာဝတီတိုင်းကို စည်းရုံးရေး ခရီးစဉ်ထွက်ရာမှာ အပိုင်းလိုက် လုပ်သွားပါတယ်။ စစခြင်း ထွက်တဲ့ စည်းရုံးရေး ခရီးစဉ်က ဧရာဝတီတိုင်း အနောက်ခြမ်းလို့ ပြောရပါမယ်။ ပုသိမ်၊ သာပေါင်း၊ ငပုတော၊ ကျောင်းကုန်း၊ ရေကြည်၊ အသုတ်တို့ပေါ့။ နောက်တစ်ခေါက် ထွက်တာကျတော့ ဧရာဝတီ အလယ်ပိုင်း မြောင်းမြ၊ အိမ်မဲ၊ မအူပင်၊ ညောင်တုန်းတို့ ဖြစ်ပါတယ်။ နောက်ဆုံး အခေါက်ကတော့ ဖျာပုံ၊ ကျိုက်လတ် ဖြစ်ပါတယ်။ အဲဒီနေရာတွေ ပြီးရင် ဧရာဝတီ တစ်တိုင်းလုံး ခြုံမိပြီပေါ့။ ဒါ့ကြောင့် ထွက်ထွက်ခြင်း ဖျာပုံကို သွားပါတယ်။ နေ့လယ် ထမင်းစားချိန် အမီ သွားတာပါ။ မြို့ပေါ်မှာ ဟောပြောပွဲ ပြီးရင် နယ်က ရွာကြီး တွေကို ဆက်သွားပါတယ်။

နောက်တစ်နေ့မှာ ကျိုက်လတ်မြို့ကို သွားပါတယ်။ မြစ်ဝကျွန်းပေါ် ဆိုတော့ ထုံးစံအတိုင်း သင်္ဘောနဲ့ သွားကြရတာပါ။ ဒီတစ်ခေါက်တော့ တစ်ထပ်သင်္ဘောနဲ့ပါ။ ကျိုက်လတ်ကို ရောက်တော့ မွန်းလွဲချိန် ရောက် ပါပြီ။ ကျိုက်လတ်မြို့မှာ ရှိတဲ့ NLD လူကြီး၊ လူငယ်တွေနဲ့ အလီလီ တွေ့ရပါတယ်။ အဲဒီလို အစည်းအဝေးတွေ လုပ်နေတုန်းမှာ ကျိုက်လတ်မှာ ရှိနေတဲ့ လှေဘောင်သစ်ပါတီက လူငယ် တချို့က သူတို့မှာရှိတဲ့ ပြဿနာ တချို့ကို သီးသန့် တင်ပြချင်လို့ ဒေါ်စုကို လာဖိတ်ပါတယ်။ ဒေါ်စုကလည်း လူငယ်အရေးမှာ စိတ်ဝင်စားတာမို့ သူတို့ရုံး တည်ရှိရာကို သွားကြပါတယ်။ အချိန်က ညနေ ငါးနာရီလောက် ရှိပါပြီ။

တကယ်တော့ ကျွန်တော်တို့ ကျိုက်လတ်က ခပ်စောစော ပြန်မလို့ပါ။ ဘာ့ကြောင့်လဲဆိုတော့ နောက် တစ်နေ့ ဆိုရင် ဧပြီလ ၁၃ ရက် သင်္ကြန် အကြိုနေ့၊ သံချပ် ပြိုင်ပွဲ စမှာပါ။ အဲဒီအချိန်တုန်းက ရန်ကုန်နဲ့တကွ မြို့ကြီးပြကြီးတွေ အားလုံး ညကိုးနာရီကနေ နောက်တစ်နေ့ မနက် လေးနာရီအထိ ညမထွက်ရ အမိန့် ထုတ် ထားတာပါ။ လှေဘောင်သစ်ရုံးမှာ အလွန်ဆုံးကြာလှ နှစ်နာရီပေါ့။ ရန်ကုန်ကို နောက်တစ်နေ့ မနက် မလင်းခင် ဝင်နိုင်ရင် ပြီးတာပဲ ဆိုတဲ့သဘောနဲ့ လှေဘောင်သစ်ပါတီနဲ့ ဆွေးနွေးဖို့ သဘောတူလိုက်တာပါ။

### မမေ့နိုင်သော သီချင်းညည်းသံ

လှေဘောင်သစ်ရုံးမှာ ဆွေးနွေးပွဲက ညခုနစ်ကျော်လောက်မှ ပြီးပါတယ်။ အချိန် လုံလုံလောက်လောက် ရ တာမို့ လှေဘောင်သစ်ရုံးကနေ သင်္ဘောဆိပ်ကို တစ်ဖွဲ့လုံး လမ်းလျှောက်သွားကြပါတယ်။ အထုပ်အပိုးတွေ ကလည်း သင်္ဘောပေါ်မှာ ထားခဲ့တာဖြစ်လို့ အားလုံးက ပေါ့ပေါ့ပါးပါးပါပဲ။ ဧရာဝတီ ခရီးစဉ်ဆိုတော့ ထုံးစံ

အတိုင်း ဦးကြည်မောင် ပါတာပေါ့။ ညမထွက်ရ အချိန် နီးနေလို့ ထင်ပါရဲ့ လှေဘောင်သစ်ရုံးက သင်္ဘောဆိပ်ကို သွားတဲ့ ခရီးမှာ ဘယ်သူမှ မရှိပါဘူး။ ဓာတ်တိုင်မီးရောင်တွေကတော့ မှိန်ပျပျပါ။

ဘယ်သူက ဘယ်လို စလိုက်တယ် မသိပါဘူး အသံ မတိုးမကျယ်လေးနဲ့ "ကမ္ဘာ မကျေဘူး၊ ဒီမိုရေစီ တိုက်ပွဲအတွင်းမှာ ကျဆုံးသော......" အစရှိတဲ့ သီချင်းကို တစ်ယောက်က စလိုက်ပါတယ်။ ဒေါ်စု အပါအဝင် ကျန်တဲ့လူ အားလုံးက ဆက်ပြီးတော့ လိုက်ဆိုကြပါတယ်။ မှိန်ပျပျ မီးရောင်၊ တိတ်ဆိတ်နေတဲ့ ည၊ ငြိမ်တူ နီးပါး ဖြည်းဖြည်း မှန်မှန် လှမ်းနေတဲ့ ခြေသံတွေနဲ့အတူ မကျယ်လွန်း၊ မတိုးလွန်းသော ရစ်လေးလုံး အရေး တော်ပုံမှာ ပေါ်ခဲ့တဲ့ သီချင်းကို လိုက်ဆိုရင်းနဲ့ ကျွန်တော် ကြက်သီးမွေးညင်း တဖျင်းဖျင်းထမိပါတယ်။ မေ့လို့ မရနိုင်တဲ့ အတွေ့အကြုံတွေပါ။

## လုပ်ကြံမှုလေလား

ကျွန်တော်တို့ ကျိုက်လတ်က သင်္ဘောထွက်တော့ ညရှစ်နာရီခွဲလောက် ရှိပါပြီ။ သင်္ဘော မာလိမ်မှူးကတော့ ကျိုက်လတ်-ရန်ကုန် ခရီးစဉ်က သူ သွားနေကျပါလို့ ပြောပါတယ်။ သင်္ဘောပေါ်မှာ အိပ်ခန်း နှစ်ခန်း ပါတော့ တစ်ခန်းမှာ ဒေါ်စုနဲ့ မသီကီတို့ အိပ်စေပြီး တစ်ခန်းမှာ ကျွန်တော်နဲ့ ဦးကြည်မောင် အိပ်ပါတယ်။ ကုန်းပတ် ပေါ်မှာတော့ ပါလာတဲ့ လူငယ်တွေ အိပ်စေပါတယ်။ ညကင်းအနေနဲ့ ဦးပိုင်းမှာ တစ်ယောက်၊ ပဲ့ပိုင်းမှာ တစ်ယောက် နှစ်နာရီ တစ်လှည့် ညကင်းစောင့်စေပါတယ်။

ကျွန်တော် မေးခနဲ အိပ်ပျော်သွားပါတယ်။ စူးစူးဝါးဝါး အော်သံကြားလို့ ကျွန်တော် နိုးလာပါတယ်။ ကင်းတာဝန်ကျတဲ့ ကောင်လေးက အော်နေတာပါ။ "မလာနဲ့၊ မလာနဲ့" လို့ စူးစူးဝါးဝါး အော်နေတုန်းမှာ "ဂျိန်း" ခနဲ အသံကြီး တစ်ခု ကြားလိုက်ပြီးတော့ သင်္ဘောကလည်း တစ်စုံတစ်ခုနဲ့ တိုက်မိသလို သိမ့်သိမ့်ခါသွားပါ တယ်။ ခုနက အော်နေတဲ့ ကောင်လေးက အော်ကျော်ဦးရဲ့ ညီလေးပါ။ အရပ်ရှည်ရှည် ပိန်ပိန်ပါးပါး၊ နာမည်က ခင်မောင်မြင့် ထင်ပါတယ်။ ဂျိမ်းခနဲ အသံလည်း ကြားရော အဲဒီကောင်လေးက ပက်ပက်စက်စက် အော်ဆဲ နေပါတယ်။

ကျွန်တော် ကမန်းကတန်း ထသွားတော့ ကောင်လေးက အဆဲရပ်သွားပြီး "သင်္ဘောတစ်စီးဗျာ၊ မီးသွေး သင်္ဘောလား၊ ထင်းသင်္ဘောလား မသိဘူး၊ အကြီးကြီးပဲ၊ ပြီးတော့ မီးလည်း ထွန်းမထားဘူး၊ ကျွန် တော်တို့ သင်္ဘောက ရှေ့ရော နောက်ရော မီးနဲ့၊ အဲဒါကို တည့်တည့်ကြီးကို တိုးလာတာ၊ လှမ်းအော်တာ လည်း မရဘူး၊ တည့်တည့်ကြီး ဝင်တိုက်တာ၊ ဒါ့ကြောင့် ဆဲနေတာ" ဆိုပြီး တစ်ဖက် သင်္ဘော တိုက်သွားတဲ့ နေရာကို ပြပါတယ်။ သူ ပြတဲ့နေရာ ကြည့်လိုက်တော့ သင်္ဘောပေါ်ကို လူဝင်မယ့် အပေါက်ဘေးက တိုင်ကို တည့်တည့် ဝင်တိုက်မိတာပါ။ လေးလက်မ ပက်လည်လောက် ရှိပါမယ်။ အဲဒီတိုင်ကြီး သွင်သွင်ကျိုးသွားတာပါ။

အဲဒီကျမှ ကျွန်တော် စဉ်းစားမိတာပါ။ စစ်အုပ်ချုပ်ရေး ကာလမို့လို့ ညမထွက်ရ အချိန်မှာ သင်္ဘော တစ်စီးက ညကြီးသန်းခေါင် မြစ်လယ်မှာ ရှိနေတယ်၊ မီးလည်း မထွန်းဘဲနဲ့ မီးထွန်းထားတဲ့ ကျွန်တော်တို့ သင်္ဘောကို ဝင်တိုက်တယ်၊ အချိန်ပြင်းလွန်းလို့ သင်္ဘောအလယ်ကတိုင် နှစ်ပိုင်း ပြတ်သွားတယ်။ သင်္ဘော တစ်ဖက် စောင်းပြီး မှောက်သွားနိုင်တယ်။ သင်္ဘော မှောက်လို့ကတော့ ကိုယ်ကျိုးနည်းပြီပေါ့။ စသဖြင့် အတွေးတွေ ဖြစ်လာတဲ့အခါ အလိုလိုနေရင်း ခေါင်းကြီးသွားပါတယ်။ ဒါ ဒေါ်စု ပါလို့ လုပ်ကြံတာပဲ။ ဘာမှ မဖြစ်တာ ကံကြီးပေလို့ပေါ့။

ဒီအတွေးတွေကို ကျွန်တော် ဦးကြည်မောင်ကိုရော၊ ဒေါ်စုကိုရော မပြောပြဖြစ်ခဲ့ပါဘူး။ အဖြစ်မှန်ကို

မီဒီယာတွေ ရိပ်စားမိသွားရင် ရေးလိုက်ကြမယ့်အမျိုး။ ဒါ့ကြောင့်မို့လို့ ဒီအဖြစ်အပျက်ကို အခုမှ ထုတ်ဖော် ရေးသားပြရတာပါ။ ဒေါ် အောင်ဆန်းစုကြည်ရဲ့ကံ ကြီးမားပုံပေါ့။

## အမျိုးသား ဒီမိုကရေစီ ပါတီ

နိုင်ငံရေးအခြေအနေ ဆိုးဝါးတဲ့အခါမှာ နဝတ အစိုးရဟာ NLD ပါတီကို ဖျက်သိမ်းနိုင်တယ်လို့ ဒေါ် အောင်ဆန်း စုကြည်က သုံးသပ်မိပါတယ်။ ဒီကိစ္စကို ဗဟို အလုပ်အမှုဆောင် အဖွဲ့မှာလည်း တင်ပြ ဆွေးနွေးပါတယ်။ အဲဒီအခါမှာ လိုရမည်ရ အရန်ပါတီ တစ်ခု ဖွဲ့သင့်တယ်လို့ ဆွေးနွေး သဘောတူကြပါတယ်။ တကယ် လို့ NLD ပါတီ ဖျက်ခံရရင် အဲဒီ အရန်ပါတီထဲကို အစုလိုက် အပြုံလိုက် ပြောင်းလဲ ဝင်ရောက်နိုင်ဖို့ ရည်ရွယ်ပါ တယ်။ ဒါ့ကြောင့်မို့လို့ ပါတီ အသစ်တစ်ခု ဖွဲ့ဖို့ သဘောတူကြပါတယ်။ နာမည်ရွေးတော့ "အမျိုးသား ဒီမို ကရေစီ ပါတီ" လို့ သတ်မှတ်ပြီး မှတ်ပုံတင်ခဲ့ပါတယ်။ အဲဒီမှာ ပါတီခေါင်းဆောင်တွေကို ရွေးတဲ့အခါ အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်ပါတယ်။

| | | |
|---|---|---|
| (၁) | ဒေါက်တာ စိန်ဝင်း | ဥက္ကဋ္ဌ |
| (၂) | ဦးဝင်းတိန် | အဖွဲ့ဝင် |
| (၃) | ဗိုလ်ကြီး စိန်သောင်း (ငြိမ်း) | အဖွဲ့ဝင် |
| (၄) | ဦးသိန်းဦး | အဖွဲ့ဝင် |
| (၅) | ဦးစိုးဝင်း (အဖြူလေး) | အဖွဲ့ဝင် |
| (၆) | ဒုဗိုလ်မှူးကြီး အေးမြင့် (ငြိမ်း) | အဖွဲ့ဝင် |
| (၇) | ဦးမြင့်ဆွေ (ခ) တင်ဆွေမိုး | အတွင်းရေးမှူး |

အမျိုးသား ဒီမိုကရေစီ ပါတီရဲ့ နာယကများအဖြစ် ဦးတင်ဦးနဲ့ ဒေါ် အောင်ဆန်းစုကြည်တို့ကို နာမည် စာရင်း ပေးထားပါတယ်။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာ အမျိုးသား ဒီမိုကရေစီ ပါတီက ရွေးကောက်ပွဲ နေရာ သုံးနေရာမှာ ဝင်ပြိုင်ခဲ့ပါတယ်။ သုံးနေရာစလုံး နိုင်ခဲ့ပါတယ်။ ဒေါက်တာ စိန်ဝင်းက ပေါက်ခေါင်း၊ ဖြူလေး စိုးဝင်းက ပဲခူးနဲ့ ကိုသိန်းဦးက ဒုတ်တွင်း ဖြစ်ပါတယ်။ အမျိုးသား ဒီမိုကရေစီ ပါတီအနေနဲ့ ရာနှုန်းပြည့် နိုင်တဲ့ သဘောပေါ့။

အဖြူလေး စိုးဝင်းကတော့ အမျိုးသား ဒီမိုကရေစီ ပါတီဝင်၊ စီးပွားရေး လုပ်ငန်းအဖြစ် ပုံနှိပ် လုပ်ငန်း ရှိပါတယ်။ သူ့ကို ၁၉၉၀ ခုနှစ် အရွေးချယ်ခံ အမတ်အဖြစ် ငြိုးပြီး အမျိုးမျိုး ညှင်းဆဲ နှိပ်စက်ခြင်း ခံရပါတယ်။ အဲဒီ နှိပ်စက်မှုဒဏ်ကြောင့် ဘယ်ဘက် မျက်လုံး ရှို့ယွင်းပြီး အခုထိ အမြင် အာရုံ မရပါ။ ဒါတင်မကသေးဘဲ သူ့အိမ်နဲ့ လုပ်ငန်းကိုလည်း အမျိုးမျိုး အပြစ်ရှာပြီး ပုံနှိပ်လုပ်ငန်း လိုင်စင်ကို ပိတ်ပင်ခံရတာ ယနေ့အထိပါပဲ။

ကိုသိန်းဦးကတော့ ဒုတ်တွင်းမှာ အရွေးခံတဲ့ အခါ နယ်ခံ လူထုက "လာရဲရင် လာကြည့်" လို့ ကြိမ်းမောင်းခံခဲ့ရသူပါ။ ဒါပေမဲ့ နယ်ခံ NLD အပြင် ဗဟိုက စည်းရုံးရေး အဖွဲ့ဝင် ဆရာမ ဒေါ်ခင်ဝင်းတို့ရဲ့ ဝိုင်းဝန်း ပံ့ပိုးမှုကြောင့် ဒုတ်တွင်းမှာ အောင်ပွဲဆင်ခဲ့တာပါ။ သူလည်းပဲ "နဝတ မျက်စောင်း အကြောင်း မရွေး" ဆိုသလို ခံခဲ့ရတာ ဒဏ်ရာဒဏ်ချက်တွေ ဒုနဲ့ဒေးပါ။ ၁၉၉၆ ခုနှစ် လူဖမ်းပွဲမှာ လှည်းကူး မြို့နယ်ထဲမှာ ရှိတဲ့ သူတို့ရဲ့ "ရဲမွန် အကျဉ်းစခန်း" မှာ ငါးနှစ်လောက် ဝါဆိုခဲ့ရပါသေးတယ်။ အခုတော့ NLD ရုံးချုပ်မှာ ပါတီရဲ့ငွေရေးကြေးရေး ကိစ္စတွေ ကြီးကြပ် ကွပ်ကဲနေပါတယ်။

ဒေါက်တာ စိန်ဝင်းက အာဇာနည် ဦးဘဝင်းရဲ့ သားအငယ်ဆုံးပါ။ အာဇာနည်တွေ ကျဆုံးပြီးမှ မွေးဖွားခဲ့သူပါ။ ဒေါ်စုနဲ့ မောင်နှမ တစ်ဝမ်းကွဲပေါ့။ ဦးမြင့်ဆွေကတော့ ယခု တင်ဆွေမိုး နာမည်နဲ့ ကဗျာတွေ စာတွေ ရေးနေတဲ့ လူတစ်ယောက်ပါ။ ကိုမြင့်ဆွေကို ပါတီရဲ့ အတွင်းရေးမှူးအဖြစ် သတ်မှတ် စာရင်းပေးခဲ့ပါတယ်။ ဇနီးကတော့ ဒေါ်နွဲ့ ဖြစ်ပါတယ်။ အခုတော့ သူတို့ဇနီးမောင်နှံ နှစ်ယောက်စလုံး NLD နဲ့ ကင်းကွာနေပါတယ်။

ဗိုလ်ကြီး စိန်သောင်း (ငြိမ်း) ကတော့ ၁၉၈၉ ခုနှစ်၊ ဇူလိုင်လမှာ အဖမ်းခံရပြီး နောက်ပိုင်း နိုင်ငံရေးအသိုင်းအဝိုင်းနဲ့ ကင်းကွာသွားပါတယ်။ အခုတော့ သူတို့မိသားစု အားလုံး အမေရိကန် နိုင်ငံသားတွေ ဖြစ်နေကြပါပြီ။ သူဟာ ဗိုလ်ကြီး အုန်းကျော်မြင့် ကိစ္စနဲ့ ရေကြည်အိုင်မှာ ခြောက်လ အချုပ် ခံရပြီး တပ်မတော်က ကျွန်တော်နဲ့အတူ ထွက်ခဲ့ရတာပါ။ သူက OTS အပတ်စဉ် ၃၀ က ဖြစ်ပြီး အဲဒီ အပတ်စဉ်ရဲ့ Best Cadet ဖြစ်ပါတယ်။ လူတော် တစ်ယောက်ပါ။ သူဟာ ဘာပဲလုပ်လုပ် အင်မတန် စိရိယကြီးတဲ့သူပါ။

## NCGUB ဖွဲ့စည်းခြင်း

၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာ ဒေါက်တာ စိန်ဝင်းက ပေါက်ခေါင်း မြို့နယ်မှာ အမျိုးသား ဒီမိုကရေစီ ပါတီ နာမည်နဲ့ အရွေးခံခဲ့ရပါတယ်။ ဒါပေမဲ့ နဝတက ကတိမတည်ဘဲ ခေါင်းဆောင်တွေကို ဖမ်း၊ အရွေးချယ်ခံ အမတ်တွေကိုလည်း ပိုက်စိတ်တိုက် ဖမ်းလာတဲ့အခါမှာ ဒေါက်တာ စိန်ဝင်းက ထိုင်း နိုင်ငံဘက်ကို ထွက်သွားပါတယ်။ ထောက်လှမ်းရေးက ပုဂ္ဂိုလ်များ လုံးဝ မသိလိုက်ပါ။ ဒါကြောင့်မို့လို့ ဒေါက်တာ စိန်ဝင်း အဲဒီလို သွားဖြစ်အောင် ကူညီခဲ့တဲ့ ပုဂ္ဂိုလ်များလည်း အဖမ်းခံကြရပါတယ်။

ဒေါက်တာ စိန်ဝင်း ဟိုဘက်ကို ရောက်သွားတဲ့ အခါမှာ သူက ဒေါ်အောင်ဆန်းစုကြည်ရဲ့ မောင် တစ်ဝမ်းကွဲ၊ အာဇာနည် ဦးဘဝင်းရဲ့ သား၊ ရွေးကောက်ပွဲ အောင်နိုင်တဲ့ ပုဂ္ဂိုလ်ဆိုတဲ့ ဂုဏ်ပုဒ်တွေကြောင့် တစ်ဖက်နိုင်ငံ ရောက်နေတဲ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းက ကြိုဆိုကြပါတယ်။ ဒေါက်တာ စိန်ဝင်းအပြင် တခြား အရွေးချယ်ခံ ပုဂ္ဂိုလ်တွေလည်း ရောက်လာကြပါတယ်။ ရွေးကောက်ပွဲ နိုင်ပြီး ပြည်ပ ရောက်သွားတဲ့ အရွေးချယ်ခံ ပုဂ္ဂိုလ် စုစုပေါင်း ၂၈ ဦး ရှိပါတယ်။

အများစုက ထိုင်းနိုင်ငံဘက်ကို ရောက်သွားကြတာပါ။ သူတို့ အင်အား အထိုက်အလျောက် များတယ်လို့ ဆိုရပါမယ်။ ဒေါက်တာ စိန်ဝင်းတို့ ထိုင်းနိုင်ငံ ထွက်သွားတဲ့ အခါမှာ ဗကပတွေ သုံးသပ်တာက စိတ်ဝင်စားစရာ ကောင်းပါတယ်။ ဘယ်လိုလဲ ဆိုတော့ "အောင်ဆန်းစုကြည်က ဉာဏ်ပြေးတယ်ကွ၊ နဝတကို မယုံတဲ့အတွက် သူ့မောင်ကို အရန် ထားခဲ့တာ၊ ဒေါက်တာ စိန်ဝင်း အခုလို လုပ်လိုက်တာ ဘယ်လောက် အကွက်မိသလဲ" လို့ ပြောကြပါတယ်၊ ထားပါတော့။

ဒါ့ကြောင့် ဒေါက်တာ စိန်ဝင်း ခေါင်းဆောင်တဲ့ ပြည်ပရောက် အမတ် အများစုဟာ ပြည်ပရောက် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ အကြိမ်ကြိမ် ဆွေးနွေးပြီးတော့ အဝေးရောက် အစိုးရလို့ ဆိုနိုင်တဲ့ "ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသား ညွန့်ပေါင်း အစိုးရ National Coalition Government of the Union of Burma - NCGUB" ဖွဲ့စည်းလိုက်ပါတယ်။ အဲဒီ အစိုးရ အဖွဲ့ရဲ့ ဝန်ကြီးချုပ်ဟာ ဒေါက်တာ စိန်ဝင်း ဖြစ်ပါတယ်။

## ဒေါက်တာ စိန်ဝင်း (ခ) ကိုနီတိုး

တရားဝင် နာမည် ဒေါက်တာ စိန်ဝင်း ဆိုသော်လည်းပဲ ကျွန်တော်က သူ့ကို ကိုနီတိုးလို့ပဲ သိပါတယ်။ ဒါက

အိမ်နာမည်ပါ။ သူ့ဖခင် ဦးဘဝင်း လုပ်ကြံခံရတဲ့အချိန်မှာ သူ့မိခင်က သူ့ကို ကိုယ်ဝန် လွယ်ထားရချိန် ဖြစ်ပါတယ်။ ဉာဏ်ကောင်းတဲ့ လူတစ်ယောက် ဖြစ်တဲ့အတွက် တက္ကသိုလ်မှာ သင်္ချာ အဓိကနဲ့ ဘွဲ့ရပြီး သင်္ချာဌာနမှာ သရုပ်ပြ ဖြစ်လာပါတယ်။ ဂျာမနီ နိုင်ငံက ပညာတော်သင် ခေါ်တဲ့ အခါ အရွေးခံရပြီး အဲဒီမှာ သုံးနှစ်ကြာ မဟာဘွဲ့ သင်တန်း တက်ခဲ့ပါတယ်။ မဟာဘွဲ့ ရတဲ့အခါမှာ သူ့တက္ကသိုလ် ပါမောက္ခများက သူ့ကို ဒေါက်တာဘွဲ့ ဆက်ပြီး တက်စေချင်ပါတယ်။ သူက ပညာရေး ဌာနကို ခွင့်တောင်းတဲ့အခါမှာ ခွင့်ပြုချက်မရပါ။

ပညာရေးဌာနက ခွင့်မပြုသော်လည်း သူက မပြန်ဘဲ ဒေါက်တာဘွဲ့ ရအောင် ဆက်တက်ပါတယ်။ သူတက်နေတဲ့ တက္ကသိုလ်က အချိန်ပိုင်း ဆရာအဖြစ် တာဝန်ပေး ခန့်ထားတဲ့ အတွက် သူဟာ ဂျာမနီ နိုင်ငံမှာ ရပ်တည်နိုင်ခဲ့ပါတယ်။ ဒါ့ကြောင့် သူ့ရဲ့ နိုင်ငံကူး လက်မှတ်ဟာ သက်တမ်း ကုန်ဆုံးသွားပါတော့တယ်။ ဒါပေမဲ့ ကိုနီတိုးကတော့ မမှုပါ။ အဲဒီလိုနဲ့ ဒေါက်တာဘွဲ့ ရခဲ့ပါတယ်။ ဒေါက်တာဘွဲ့ ရပြီးတော့ သီရိလင်္ကာ နိုင်ငံက တက္ကသိုလ် တစ်ခုမှာ သင်္ချာ ပါမောက္ခအဖြစ် သွားရောက် စာသင်ခဲ့ပါသေးတယ်။

၁၉၈၇ ခုနှစ် ရောက်တဲ့အခါမှာ သူ့အမေကို လွမ်းတဲ့အတွက် မြန်မာပြည် ပြန်လာပါတယ်။ လေဆိပ်ရောက်တော့ နိုင်ငံကူးလက်မှတ် မပါပေမဲ့ အာဇာနည် ဦးဘဝင်းရဲ့ သား ဖြစ်တဲ့အတွက် သူ့ကို အိမ်ပြန်ခွင့်ပေးလိုက်ပါတယ်။ ဒါပေမဲ့ နောက် ၁၀ ရက်လောက် ကြာတော့ ပြည်ထဲရေး ဝန်ကြီးဌာနက ဆင့်ခေါ်ပြီး ထောင်ထဲ ပို့လိုက်ပါတယ်။ ပုဒ်မ ၁၀ နဲ့ပါ။ ထောင်ထဲကို အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ရောက်ခဲ့ရပေမဲ့ ကိုနီတိုးကတော့ "အေးဆေး" ပါ။

ထောင်က လွတ်လာတဲ့အခါ သင်္ချာ ပါမောက္ခ တစ်ယောက် ဖြစ်ခဲ့ဖူးတဲ့ သူ့ရဲ့ ပညာ အရည်အချင်းကို သိတဲ့ တက္ကသိုလ် ပညာ ဌာနက ဆရာကြီးတွေက သူ့ကို ပြန်ခေါ်ပါတယ်။ ဒါပေမဲ့ "အမြဲခန့်" မဟုတ်သော်လည်းပဲ ကန်ထရိုက် ဆရာ သဘောမျိုးနဲ့ ရန်ကုန် တက္ကသိုလ် သင်္ချာ ပညာ ဌာနမှာ အချိန်ပိုင်း ဧည့်ပါမောက္ခ ဖြစ်လာပါတယ်။ အဲဒီမှာ ဆရာလုပ်နေရင်းနဲ့ သရုပ်ပြ ဆရာမအဖြစ် တာဝန် ထမ်းဆောင်နေတဲ့ ဒေါ်စီစီနဲ့ ဖူးစာဆုံ လက်ထပ် ဖြစ်ပါတယ်။ ကျွန်တော်တို့ ဆုံတဲ့အချိန်မှာ သူတို့မှာ "မေလပြည့်စိန်ဝင်း" ဆိုတဲ့ သမီးလေး ရနေပါပြီ။

NCGUB ရဲ့ လုပ်ရပ်က တော်တော် ကြီးမားပါတယ်။ နဝတ အစိုးရအတွက် အကြီးအကျယ် နိုင်ငံရေး အခက်အခဲ ပေါ်စေခဲ့ပါတယ်။ သူတို့ အဖွဲ့အစည်းဟာလည်း လောကဓံ အမျိုးမျိုး ကြုံခဲ့ရတယ်။ အကွဲကွဲအပြားပြား ဖြစ်ခဲ့ပါတယ်။ ဒေါက်တာ စိန်ဝင်း ကိုယ်တိုင်ကိုက ကျောင်းဆရာ ဆိုတော့ လူအေးပါ။ အင်မတန်ရှုပ်ထွေးလှတဲ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ တွဲပြီးတော့ အလုပ် လုပ်ရတာ ခက်ခဲမယ်ဆိုတာ ကျွန်တော် မှန်းဆလို့ ရပါတယ်။

ပုံစံကျတဲ့ အဖွဲ့အစည်း မဟုတ်တဲ့အပြင် ပါတဲ့လူတွေကလည်း ရည်ရွယ်ချက် အမျိုးမျိုး နောက်ခံသမိုင်း အမျိုးမျိုးနဲ့ ဆိုတော့ ဒေါက်တာ စိန်ဝင်း မနိုင်တဲ့ဝန် ထမ်းနေရတယ် ဆိုတာ သဘောပေါက်ပါတယ်။ NCGUB နဲ့ ပတ်သက်လို့ ရေးစရာတွေ အများကြီး ရှိမှာပါ။ ကျွန်တော် မသိတာတွေ အများကြီးပါ။ ရေးနိုင်တဲ့သူရှိရင်တော့ စာအုပ် တစ်အုပ်စာလောက်တော့ အသာလေး ထွက်လာပါလိမ့်မယ်။

အမျိုးသား ဒီမိုကရေစီ ပါတီနဲ့ ပတ်သက်လို့ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် ဆောင်းပါး တစ်စောင် ရေးဖူးပါတယ်။ ဒါပေမဲ့ ၂၀၁၃ ခုနှစ် NLD ရဲ့ ပထမဦးဆုံးသော ညီလာခံ လုပ်တဲ့အချိန်မှာတော့ အမျိုးသား ဒီမိုကရေစီ ပါတီရဲ့ ကဏ္ဍဟာ ပျောက်ပျယ်သွားပါပြီ။ လိုလည်း မလိုအပ်တော့ပါဘူး။ နောင်လာ နောက်သားတို့ အလို့ငှာ ရေးသား တင်ပြခြင်း ဖြစ်ပါတယ်။

## ပွဲကြမ်းစပြုလာပြီ

ကျိုက်လတ်က ပြန်လာတဲ့ သဘော်ာ ရန်ကုန် ပန်းဆိုးတန်း ဆိပ်ကမ်းကို မနက် ငါးနာရီလောက် ရောက်ပါတယ်။ ဒေါ် စု စီးနေကျ ကားတစ်စီးနဲ့ လုံခြုံရေး လူငယ်တွေ စီးတဲ့ ပစ်ကပ်ကား တစ်စီးနဲ့ ပြန်လာကြတာပါ။ ကျွန်တော်တို့မနက် အစောကြီးဒေါ်စုခြံပြန်ရောက်ပေမဲ့ လူငယ်တွေစီးလာတဲ့ ကားကတော်တော်နဲ့ရောက်မလာသေးပါ။ ဒါ့ကြောင့် ကားတစ်စီးနဲ့ ပြန်လိုက်သွားတော့ ကလေးတွေရဲ့ ကားကို ကမ္ဘာ့အေးဘုရားလမ်းပေါ်မှာ ဖမ်းပြီး ဗဟန်း မ၀တရုံးမှာ ခေါ်ထားပါတယ်။ ဘာ့ကြောင့်လဲလို့ မေးကြည့်တော့ သူတို့ ကားက ဆိပ်ကမ်းက ပြန်အလာမှာ အလံထူလာလို့ပါတဲ့။

တကယ်တော့ ဖမ်းတဲ့လူတွေက ဒေါ်အောင်ဆန်းစုကြည်ရဲ့ လုံခြုံရေးကားမှန်း သိလျက်နဲ့ ဖမ်းတာပါ။ ကလေးတွေကလည်း ဘာစိတ်ကူးပေါက်ပြီး အလံထောင်မှန်း မသိပါဘူး။ တကယ်တော့ ကျွန်တော်တို့က သံချပ် ပြိုင်ပွဲ လုပ်မယ် ဆိုတဲ့အချိန်က စပြီးတော့ တတ်နိုင်သမျှ နိပ်ကွပ်ဖို့ ကြိုးစားလာကြတာပါ။ တိုက်ဆိုင်ချင်တော့ သံချပ်ပြိုင်ပွဲ စတဲ့နေ့မှာမှ သူတို့ကားကို အလံထူပြီး ကမ္ဘာ့အေးဘုရားလမ်းအတိုင်း ပြန်လာလို့ ရည်ရွယ်ချက် မရှိဘဲ အဖမ်းခံရတာပါ။ ဒါ့ကြောင့် သူတို့ကို အာမခံပြီး ထုတ်ခဲ့ရပါတယ်။

## သံချပ်ပြိုင်ပွဲ

ရန်ကုန်မှာ သင်္ကြန်ကာလ သံချပ်ပြိုင်ပွဲတွေ ဘယ်တုန်းက လုပ်တယ်ဆိုတာ မေ့တောင် မေ့နေပါပြီ။ ဒါ့ကြောင့်မို့လို့ NLD က သံချပ်ပြိုင်ပွဲ လုပ်မယ်ဆိုတော့ လာလိုက်ကြတဲ့လူတွေ၊ တက္ကသိုလ် ရိပ်သာလမ်း ပြည့်လုနီးပါးပါပဲ။ မနက် ရှစ်နာရီလောက်ကတည်းက သံချပ်တွေ ထိုးလိုက်ကြတာ ပွက်လောရိုက်ထလို့။ ဒီလောက် လူတွေပြည့်နေတဲ့ လမ်းထဲကို စစ်ကားကြီးက ရဲဘော်တွေ အပြည့်နဲ့ နာရီဝက် တစ်ခါလောက် ကင်းလှည့်နေပါသေးတယ်။ အင်အားပြတယ် ထင်ပါရဲ့။ ဒါပေမဲ့ သံချပ်ထိုးတဲ့လူတွေကလည်း အထိုးမပျက်၊ လမ်းမပေါ်က လူအုပ်ကြီးကလည်း သူတို့ကြိုက်တဲ့ သံချပ်ဆိုရင် လက်ခုပ်တီးလိုက်၊ လက်ခေါက်မှုတ်လိုက်နဲ့ ပျော်နေလိုက်ကြတာများ။ ကျွန်တော်ကတော့ သံချပ် ထိုးတာကို ခဏ နားထောင်လိုက်၊ လူထု ပရိသတ်တွေရဲ့ အနေအထားကို အကဲခတ်ကြည့်လိုက်နဲ့ ပျော့ပျော့ပါးပါးပဲ ဖြတ်သန်းခဲ့ပါတယ်။

## နှစ်ဆန်း တစ်ရက်နေ့

ကျွန်တော် အခါတိုင်းနှစ်တွေလို ဥပုသ် မစောင့်ဖြစ်ပါဘူး။ သံချပ်ပြိုင်ပွဲကလည်း မပြီးသေးပါဘူး။ နိုင်တဲ့ အဖွဲ့တွေကို အဲဒီနေ့ ညနေမှ ဆုပေးမှာပါ။ ဒါပေမဲ့ အနှောက်အယှက် တစ်ခုတော့ ဖြစ်ခဲ့ပါသေးတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခြံဝင်းတည့်တည့်နဲ့ တစ်ဖက်အိမ် ခြံစည်းရိုးမှာ ဗီနိုင်းတစ်ခု ကပ်ပြီး မိုးသီးဖွန်က အလှူခံနေပါတယ်။ အဲဒီ ဗီနိုင်းပေါ်မှာ ရေးထားတဲ့စာက "နိုင်ငံရေး အကျဉ်းသားများ လွတ်မြောက်ရေးကို ရည်စူးလျက် ငါးလွှတ်ပွဲ ကျင်းပမည် ဖြစ်ပါသည်။ သို့ဖြစ်၍ သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ် ပါဝင်နိုင်ကြပါသည်"လို့ရေးထားပါတယ်။ပြီးတော့ သူ့အဖွဲ့သားတွေဖြစ်မှာပေါ့၊လူငယ်လေးငါးခြောက်ယောက်လောက်က အလှူခံခွက်တွေနဲ့ သံချပ်ပြိုင်ပွဲကို လာရောက်ကြတဲ့ ပရိသတ်ဆီက အလှူခံနေပါတယ်။

မိုးသီးဖွန်က ပင်ကို အမှုအရာကိုယ်နှိုက်က "မျက်နှာမြင် ချစ်ခင်ပါစေ" ဆိုတဲ့ ပါရမီမပါပဲ မှုန်တေတေနဲ့မို့ ကျွန်တော်နဲ့ အဖွဲ့မကျပါ။ ဒါပေမဲ့ သူလုပ်ပုံက သံချပ်ပြိုင်ပွဲကို လာတဲ့ လူထုအတွက် စိတ် ကသိ

ကအောက် ဖြစ်မှာစိုးလို့ သူ့ကို သွားစကားပြောစေပါတယ်။ သူ့ရဲ့ တုံ့ပြန်မှုက သိပ်ပြေပြေလည်လည် မရှိတာနဲ့ နေပါစေတော့လို့ သဘောထားပြီး လွှတ်ထားလိုက်ပါတယ်။

တကယ်တော့ မိုးသီးဇွန်ဟာ နောက်တစ်နေ့မှာ ထိုင်းနိုင်ငံကို ထွက်ခွာသွားပါတော့တယ်။ အဲဒီကျတော့မှ သူဟာ လူစည်ကားတဲ့ နေရာမှာ ပေါ်ပေါ်ထင်ထင် ရုပ်လုံးပြပြီး သူတို့ကို မပြတ်စောင့်ကြည့်နေတဲ့ အာဏာပိုင် အဖွဲ့အစည်းတွေကို လှည့်ဖျားလိုက်တာပါ။ အဲဒီသတင်းတွေ ကြားတော့ ကျွန်တော့် စိတ်ထဲမှာ "ဩော်... ဒါ မိုးသီးဇွန် အစစ်ပေပဲ" လို့ မှတ်ချက်ချမိပါတယ်။

## လူ့ဘောင်သစ်နဲ့ ဒေါ်အောင်ဆန်းစုကြည်

ဒေါ်အောင်ဆန်းစုကြည်ဟာ လူငယ်တွေကို အမြဲတမ်း ဦးစားပေး ဂရုစိုက်လေ့ရှိပါတယ်။ ဒါကြောင့် လူငယ်တွေနဲ့ ဖွဲ့စည်းထားတဲ့ လူ့ဘောင်သစ်ပါတီကို အမြဲတမ်း နေရာပေးလေ့ ရှိပါတယ်။ ပထမအကြိမ် ရောဝတီတိုင်း စည်းရုံးရေး သွားတုန်းက လူ့ဘောင်သစ်ပါတီရဲ့ အထွေထွေ အတွင်းရေးမှူး မိုးဟိန်း (ယခု သူရိယ နေဝန်း ထုတ်ဝေသူ) နဲ့ ရဲနိုင်အောင် (ခ) ကိုဝ (ယခု ရှစ်လေးလုံး ပြည်သူ့ ပါတီ ခေါင်းဆောင် တစ်ဦး) တို့ ပါပါတယ်။ သူတို့ဟာ ဧရာဝတီတိုင်းမှူး ဗိုလ်ချုပ် မြင့်အောင်က ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ကို ဘယ်လို နှိပ်ကွပ်တယ် ဆိုတာ ကောင်းကောင်း သိခဲ့ကြပါတယ်။ အထက် ဗမာပြည် ခရီးစဉ်တစ်ခုမှာလည်း မိုးဟိန်းနဲ့ ဝင်းမြင့်အောင် (ယခု မြင်ပ စီးပွားရေး လုပ်ငန်းရှင်) တို့ ပါတယ်။ မွန်ပြည်နယ်နဲ့ ကရင် ပြည်နယ် ခရီးစဉ်မှာတော့ မိုးသီးဇွန် ကိုယ်တိုင် ပါခဲ့ပါတယ်။

ရည်ရွယ်ချက်က လူငယ်တွေအနေနဲ့ ဒီမိုကရေစီ သဘောထားတွေ နားလည်အောင်ရယ်၊ နိုင်ငံရေး စည်းရုံးရေး သဘောတွေ အတွေ့အကြုံရဖို့ ခေါ်တာပါ။ အခုတော့ မိုးသီးဇွန်ကလည်း ပြည်ပရောက်၊ မိုးဟိန်းကလည်း ပြည်ပ ရောက်ကနေ အခု ပြန်လာပြီး ဂျာနယ် ထုတ်တဲ့သူတွေ ဖြစ်နေကြပါ ပြီ။ ကိုဝ တစ်ယောက်ပဲ နိုင်ငံရေးလောကထဲမှာ ကျန်နေခဲ့တာပါ။ ဒါတောင် သူဟာ နိုင်ငံရေးလောကနဲ့ ထိလိုက် ခွာလိုက်နဲ့ နေခဲ့တာ နှစ်ပေါင်း ၂၀ လောက် ရှိမယ်ထင်ပါတယ်။

ဒေါ်စုက သူတို့ လူ့ဘောင်သစ်ကို ဘယ်လောက်ထိ ဦးစားပေးသလဲဆိုရင် အင်းစိန် မြို့နယ်ကို သွားရင် အဲဒီမှာ ရှိတဲ့ လူ့ဘောင်သစ်ရုံးကို ဝင်မေးပါတယ်။ နောက်ပြီး သူတို့ ဌာနချုပ် ဖွင့်ထားတဲ့ ဗဟန်း မြို့နယ် ဓမ္မစေတီလမ်းနားမှာ ရှိတဲ့ ဝါးရုံတောမှာ လုပ်တဲ့ အစည်းအဝေးကိုလည်း တက်ပေးပါတယ်။ အခုတော့ ခေါင်းဆောင်တွေလည်း အကွဲကွဲအပြားပြား ဖြစ်၊ လူ့ဘောင်သစ်ပါတီ ဆိုပြီးတော့လည်း တစ်ခုကနေ နှစ်ခု ပေါ်လာ၊ ကျွန်တော်တောင် သူတို့နဲ့ ပတ်သက်လို့ မျက်စိလည်နေပါပြီ။ ရှစ်လေးလုံး အရေးတော်ပုံတုန်းက ရှိခဲ့တဲ့ နိုင်ငံရေး အသိစိတ်ဓာတ်တွေ ဘယ်များ ရောက်ကုန်ကြပြီလဲလို့ ကျွန်တော် မကြာခဏ တွေးမိပါတယ်။ ပြီးတော့ အမျှော်အမြင်ကြီးကြီးနဲ့ သူတို့ကို ဒေါ်အောင်ဆန်းစုကြည်က မြေတောင်မြှောက်ပေးရတာလည်း ကြိုးစားရကျိုး မနပ်ဘူးလို့ ပြောချင်ပါတယ်။

## NLD လူငယ်

အထက်မှာ ရေးပြခဲ့ပြီးပါပြီ။ ရှစ်လေးလုံး အရေးတော်ပုံ စကတည်းက ဒေါ်စုရဲ့ အနီးကပ် လုံခြုံရေးကို သုံးရောင်ခြယ် လူငယ်တွေက တာဝန်ယူခဲ့တာပါ။ ဒေါ်စုနား ကျွန်တော် ရောက်သွားတော့ ကျွန်တော်က ကြီးကြပ်ရတဲ့ အနေအထား ရောက်သွားပါတယ်။ သူတို့အပြင် ကိုမော်၊ အောင်အောင်နဲ့ အောင်ကျော်ဦးတို့

ညီအစ်ကိုတွေလည်း ရှိပါသေးတယ်။ နောက်ပြီး အောင်အောင်လေး ဆိုတာလည်း ရှိပါသေးတယ်။

ဒေါ်စုကားကို မျိုးသိမ်း (ယခု စီးပွားရေး လုပ်ငန်းရှင်) အမြဲ မောင်းခဲ့သလို အောင်အောင်လေးကတော့ လုံခြုံရေး အဖွဲ့တွေ ပါတဲ့ ပစ်ကပ်ကားကို မောင်းတာပါ။ လူ လေးငါးဆယ်ယောက် ပါတဲ့ ကားကို ဒေါ်စု သွားချင်တဲ့ အမြန်နှုန်း အတိုင်း မောင်းနိုင်တဲ့ ကလေးပါ။ ကားမောင်း အရမ်း ကျွမ်းကျင်ပါတယ်။ ဒေါ်စု ဒုတိယ အကြိမ် အကျယ်ချုပ်ကျတဲ့ ကာလမှာ သူနဲ့ သူ့မိသားစုဟာ ပြည်ပကို ထွက်ခွာသွားပြီး အခုတော့ ဩစတြေးလျ ရောက်နေပြီလို့ သိရပါတယ်။ အောင်အောင်ကြီးက အခုတော့ နယူးယောက်ကို ရောက်နေပါပြီ။

ဥက္ကဋ္ဌ သူရ ဦးတင်ဦးနဲ့ အထွေထွေ အတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ တစ်နိုင်ငံလုံး လှည့်ပတ်ပြီး NLD ဖွဲ့စည်းခဲ့တာ တော်တော် ခရီးရောက်နေပါပြီ။ အဲဒီလို အခြေအနေ ကောင်းနေပေမဲ့ လူငယ်တွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့မှာ ဘာအစီအစဉ်မှ မရှိပါ။ ၁၉၈၈ ခုနှစ် နှစ်မကုန်ခင် အညာ ခရီးစဉ် တစ်ခုမှာ ဒေါ်အောင်ဆန်းစုကြည်က NLD လူငယ် ဖွဲ့သင့်တယ်ဆိုတဲ့ အကြောင်း ကျွန်တော့်ကို ပြောပါတယ်။ တိုင်ပင်တဲ့ သဘောတော့ မဟုတ်ပါဘူး။ သူ့ခေါင်းထဲမှာ ပေါ်လာတဲ့ အစီအစဉ်ကို ကျွန်တော့်ကို အသိပေးတဲ့ သဘောပါ။

ကျွန်တော်က အဲဒီလို လူငယ်သီးသန့် ဖွဲ့နိုင်ရင်တော့ ကောင်းတာပေါ့။ ဒါပေမဲ့ သူ့ရဲ့ အတွင်းစည်း လုံခြုံရေး လုပ်နေတဲ့ သုံးရောင်ခြယ်တွေကိုရော ဘယ်လို စဉ်းစားမှာလဲလို့ မေးလိုက်ပါတယ်။ သူကတော့ အခြေအနေ ကြည့်ပြီး လိုအပ်သလို လုပ်ရမှာပေါ့လို့ ပြောပါတယ်။ သုံးရောင်ခြယ် အဖွဲ့ကလည်း အထက်မှာ ရေးပြဖူးသလိုပါပဲ ခေါင်းဆောင်လည်း မရှိ၊ အင်အားကလည်း အခြေအနေပေါ် မူတည်ပြီး ၃၀ ဖြစ်လိုက်၊ ၅၀ ဖြစ်လိုက်နဲ့ ပုံမှန်မရှိပါ။ ပြီးတော့ သူတို့ထဲက လူနည်းစု တစ်ချို့က မူးယစ်ဆေးဝါး သုံးတာတွေ၊ အရက် သောက်တာတွေ ရှိလာပါတယ်။

ဒီထက်ဆိုးတာတွေလည်း တစ်စ တစ်စ ဖြစ်လာပါတယ်။ ဥပမာ- ဒေါ်အောင်ဆန်းစုကြည် မြို့မှာ အခြေပြုတယ်ဆိုတဲ့ အရှိန်အဝါကို သုံးပြီးတော့ အဖွဲ့ဝင် စုဆောင်းတာတွေ လုပ်လာတဲ့အပြင် ဒေါ်စုရဲ့ မြီလိပ်စာကိုအသုံးပြုပြီး ကြေညာချက် ထုတ်တာတွေ လုပ်လာပါတယ်။ အဲဒီလို ကြေညာတဲ့ စာတမ်းတွေကို ဒေါ်အောင်ဆန်းစုကြည် လက်ထဲ ရောက်အောင် သူတို့က ပို့ပေးပါသေးတယ်။

အညာ ခရီးစဉ်က ပြန်လာတော့ NLD လူငယ် ဖွဲ့စည်းရေး အစီအစဉ်ကို ဗဟို အလုပ်အမှုဆောင် အဖွဲ့ကို တင်ပြပါတယ်။ ဗဟို အလုပ်အမှုဆောင်ရဲ့ သဘောတူညီချက်နဲ့ NLD လူငယ်တွေ ဖွဲ့စည်းရေး လုပ်ငန်းကို ၁၉၈၈ ခုနှစ်၊ နိုဝင်ဘာ လလယ်လောက်မှာ စတင် ဖွဲ့စည်းခဲ့ပါတယ်။ အံ့ဩစရာ ကောင်းပါတယ်။ လူငယ် ဖွဲ့စည်းရေး စတင်တယ် ဆိုတာနဲ့ တစ်နိုင်ငံလုံး အဝိုင်းအဝတာနဲ့ မြို့နယ်၊ ခရိုင်၊ တိုင်း၊ ပြည်နယ် ဖွဲ့စည်းမှုတွေဟာ အရှိန်ကောင်းလာပြီး လူငယ် အင်အား သောင်းဂဏန်းထိ ရရှိခဲ့ပါတယ်။ အခု လွှတ်တော်ကိုယ်စားလှယ် ကြီးတန်းမှာ ရောက်နေတဲ့ ကိုမောင်မောင်ဦး၊ ကိုတင်ထွဋ်ဦး၊ ကိုရန်အောင်၊ ကိုမြင့်ဌေး၊ ကိုလှဦး၊ ကိုအေးထွန်းအပြင် သေသွားတဲ့ ကိုမျိုးညွန့် စတဲ့ ပုဂ္ဂိုလ်တွေဟာ မူလက NLD လူငယ်တွေပါ။

ပြည်ပ ရောက်သွားတဲ့ ကိုဝင်းလှိုင်၊ ကိုမြင့်စိုး၊ အခု ပြန်ရောက်နေတဲ့ သင်းသင်းအောင်အပြင် ပအို့ဝ်မှာ နေရာရရှိတင်မက မိန်းမရပြီး ကလေးတွေနဲ့ပါ ဖြစ်လာတဲ့ ခွန်မြင့်ထွန်း၊ အခု ကင်းကွာသွားတဲ့ ထွန်းဇော်ဇော်၊ ကင်းကွာသလိုလို မကင်းကွာသလိုလို ဖြစ်နေတဲ့ ပဲခူးတိုင်းက ကိုခင်ထွန်းတို့ဟာလည်း NLD လူငယ်တွေပါ။ အခု ကွီးမြိုးလို့ အများခေါ်နေကြတဲ့ ရန်ကုန်တိုင်း ဝန်ကြီးချုပ် ကိုဖြိုးမင်းသိန်းကတော့ "အကာသ" လို့ ခေါ်တဲ့ ရှာတိတ် ကျောင်းသား သမဂ္ဂပါ။ ထောင်ကျတော့ ၁၈ နှစ်တောင် မပြည့်သေးပါဘူး။

တိုင်းနဲ့ ပြည်နယ်၊ ခရိုင်နဲ့ မြို့နယ် လွှငယ်ခေါင်းဆောင်တွေကတော့ အများကြီးပေါ့။ သူတို့ နာမည်တွေ ပြည့်အောင် ထည့်ရင်တော့ စာအုပ် တစ်အုပ်စာလောက် ရှိမှာပါ။

## သုံးရောင်ခြယ်နဲ့ လမ်းခွဲပြီ

အထက်မှာ ရေးပြခဲ့သလို သုံးရောင်ခြယ် လူငယ် တစ်ချို့က ဒေါ်အောင်ဆန်းစုကြည်ရဲ့ မြို့ကို အခြေခံပြီး နိုင်ငံရေး လှုပ်ရှားမှုတွေ လုပ်ခဲ့ပါတယ်။ ဒါတင်မက ဒေါ်အောင်ဆန်းစုကြည့် မြို့လိပ်စာ တပ်ပြီး ကြေညာချက်တွေ ထုတ်ခဲ့ပါတယ်။ အဲဒီ ကြေညာချက်တချို့ကို ဒေါ်အောင်ဆန်းစုကြည်ဆီ ရောက်အောင် ပို့ပေးကြပါတယ်။ အဲဒီ လုပ်ရပ်တွေကို ဒေါ်စုက မကြိုက်ပါ။ သူတို့ ဖြန့်ဝေတဲ့ စာရွက်လေးကို ဒေါ်စုက မြင်တော့ "ဒီကလေးတွေ နည်းနည်းတော့ တရားလွန်လာပြီ" လို့ မှတ်ချက်ပြုပါတယ်။ ဒီကြားထဲမှာ ဒေါ်စု အနီးကပ် လုံခြုံရေး အုပ်စု ထဲက လူငယ်တစ်ယောက် ကာလသားရောဂါ ဖြစ်ပါတယ်။

ကျွန်တော်က သိုသိုသိပ်သိပ်နဲ့ ဆေးကုပေးခဲ့ပေမဲ့ မိုးညှင်း မြို့နယ် လူငယ် တစ်ယောက်ရဲ့ အလိုက်ကမ်းဆိုး မသိတဲ့ တင်ပြချက်ကြောင့် ဒေါ်စု အရှက်ရစရာ ဖြစ်သွားပါတယ်၊ ကျွန်တော့်ကို မေးတဲ့ အခါ ဟုတ်တိုင်းမှန်ရာ သူ့ကို ပြောပြရပါတယ်။ ဒါပေမဲ့ အဲဒီကလေးကို မန္တလေးကို ပြန်ပို့ပြီးပါပြီ။ ဒါတွေက တော့ သုံးရောင်ခြယ် လူငယ်တွေနဲ့ ကင်းကွာစရာ ဖြစ်လာတဲ့ အချက်အလက် တချို့ပေါ့။

ရန်ကုန်ကို ပြန်ရောက်တော့ မေလလောက်ဖြစ်ပါပြီ။ ရောက်ပြီး ရက်ပိုင်းတွင်းမှာပဲ ဒေါ်စုနဲ့ သုံးရောင် ခြယ် လူငယ်တို့ အစည်းအဝေး လုပ်ကြပါတယ်။ ကျွန်တော် မပါပါ။ ဘာတွေ ပြောကြဆိုကြတယ်တော့ ကျွန်တော် မသိပါဘူး။ အစည်းအဝေး ပြီးတဲ့အခါမှာ သုံးရောင်ခြယ် လူငယ်အ များစုဟာ ဒေါ်စု မြို့ထဲက ထွက်ခွာသွားကြပါတယ်၊ ကျော်သူရ၊ ဘောကြီး၊ ကျော်ဆန်းတို့တစ်တွေ အနည်းစုကတော့ ကျန်နေခဲ့ပါတယ်။ အခုတော့ သူတို့လည်း မရှိတော့ပါဘူး။ တစ်နှစ်မှာ တစ်ခါ၊ နှစ်ခါလောက်တော့ သုံးရောင်ခြယ် လူငယ် အထိမ်းအမှတ်ပွဲတွေ လုပ်တာတော့ ကြားသိရပါတယ်။

## လူ-ကယ်-ပြန်က လုပ်နေတဲ့ လူငယ်အဖွဲ့နဲ့ NLD လူငယ်

NLD အစိုးရ မစတင်ခင်ကတည်းက လူ-ကယ်-ပြန် ဝန်ကြီးဌာနက မြန်မာနိုင်ငံ လူငယ်များ ရေး ရာ ဖော်ထုတ် ရေး လုပ်ငန်းစဉ်တွေ စဖို့ လုပ်ထားပါတယ်။ ဦးသိန်းစိန် အစိုးရ လက်ထက်မို့လို့ NLD လူငယ်တွေကို လူရာ မသွင်းပါ။ ကျွန်တော်တို့ အစိုးရ တက်လာတော့ လူ-ကယ်-ပြန် ဝန်ကြီးက ဒေါက်တာ ဝင်းမြတ်အေးပါ။ အင်မတန် အလုပ်လုပ်ပြီး အင်မတန် တော်တဲ့ ဝန်ကြီးတစ်ပါး ဖြစ်ပါတယ်။ ဉာဏ်ပညာ ထက်မြက်သူ ဆိုတော့ ကိုယ့်ကို တာဝန်တစ်ခု ပေးလိုက်တယ် ဆိုတာနဲ့ ဘာလုပ်ရင် ကောင်းမလဲ ဆိုတာကို စဉ်းစား တွေးခေါ်ပြီး ချက်ချင်း အဖြေထုတ်နိုင်သူ တစ်ဦးပါ။

မြန်မာနိုင်ငံ လူငယ်များ ဆိုင်ရာ မူဝါဒ ဖော်ထုတ်ရေး လုပ်ငန်းတွေ ပြန်လည် စတင်တဲ့အခါမှာ ကျွန်တော်က ဆရာ ဝင်းမြတ်အေးကို ပြောပါတယ်။ "ဆရာရေ့၊ NLD လူငယ်ဆိုတာ ၁၉၈၈ ခုနှစ် NLD စတင် ဖွဲ့စည်းပြီး မရေးမနှောင်း ကာလအတွင်းက စပြီး စည်းရုံး လှုပ်ရှားခဲ့တာပါ။ မြန်မာနိုင်ငံက လူငယ်တွေ အကြောင်း ပြောမယ် ဆိုရင် NLD လူငယ်လောက် ဝါရင့်တာ၊ NLD လူငယ်လောက် အတွေ့အကြုံ များတာ မရှိဘူး ဆရာရေ့၊ ဒါ့ကြောင့် ဆရာတို့ ဝန်ကြီးဌာနက လုပ်နေတဲ့ လူငယ်ဝါဒ ဖော်ဆောင်ရေးမှာ ကျွန်တော်တို့ NLD လူငယ်တွေ ပါသင့်တယ်ဆရာ" လို့ အကြိမ်ကြိမ် ပြောခဲ့ပါတယ်။

ဆရာလည်း အကြိမ်ကြိမ် ကြိုးစားခဲ့ပါတယ်။ ကျွန်တော့်ကိုလည်း မကြာခဏ ဖုန်းဆက်ပြီး ပြောလေ့ရှိပါတယ်။ ဒါတင်မကဘူး သူ့ဝန်ကြီးဌာနက ညွှန်မှူးတွေ၊ ဝန်ထမ်းတွေ အကြိမ်ကြိမ် လွှတ်ပြီး သူတို့ လုပ်ငန်းစဉ်တွေကို ရှင်းပြစေပါတယ်။ ကျွန်တော်က လူငယ် လုပ်ငန်းစဉ်ဟာ ဘာဖြစ်သင့်တယ်၊ ညာဖြစ်သင့်တယ် မပြောပါဘူး၊ နှုတ်တိုက် ချမပေးပါဘူး။ ကျွန်တော် တောင်းဆိုတာက တစ်ခုတည်းသော အချက်ပါ။ ဘာလဲဆိုတော့ "ဆရာတို့ လူငယ် အဖွဲ့အစည်းတွေ ဘာပဲလုပ်လုပ် ကျွန်တော်တို့ NLD လူငယ်တွေကို ဖိတ်ခေါ်ပြီး ပူးပေါင်းဆောင်ရွက်စေချင်လို့ပါ" ဒါလေးပဲ တောင်းဆိုတာပါ။ သို့သော်လည်း သူ့ဝန်ကြီးဌာနက ပုဂ္ဂိုလ်တွေက စနစ်ဟောင်းရဲ့ အတွေးအခေါ် နဲ့ လုပ်ပုံလုပ်နည်းတွေမှာ မျောပါနေသလို ဖြစ်တော့ ကျွန်တော် ဖြစ်စေချင်တဲ့ ကိစ္စ အကောင်အထည် မပေါ်ခဲ့ပါ။

ကျွန်တော် ပြောလွန်းမက ပြောတော့ ပြည်ထောင်စု အဆင့် လူငယ် မူဝါဒ ဖော်ဆောင်ရေး အစည်းအဝေးကို နေပြည်တော်မှာ လုပ်တော့ ပြည်သူ့လွှတ်တော်က လူငယ် ခေါင်းဆောင်ဟောင်း ဖြစ်တဲ့ ကိုမောင်မောင်ဦးနဲ့ အမျိုးသား လွှတ်တော်က ကိုယ်စားလှယ် တစ်ဦး ပေါင်း နှစ်ဦးပဲ ဖိတ်ပါတယ်။

သူတို့ အစည်းအဝေး သွားတက်ပါတယ်။ Work Shop သဘောမျိုးပါ။ ကိုယ့်လူတွေ အဲဒီ အစည်းအဝေးက ပြန်လာတော့ မေးကြည့်ပါတယ်။ သူတို့ရဲ့ သဘောထားကတော့ "အန်ကယ်ရေ သူတို့ ပြောဆို ဆွေးနွေးတာတွေကို ကျွန်တော်တို့က နားမလည်သလို၊ ကျွန်တော်တို့က ပြောပြ ရှင်းလင်းတဲ့ အချက်တွေကိုလည်း သူတို့ နားလည်မယ် မထင်ပါဘူး" လို့ ပြန်ပြောပါတယ်။

အစည်းအဝေးမှာ ဖြန့်တဲ့ စာအုပ်လေးတွေ ပြတဲ့အခါ နိဒါန်း အမှာစာမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ လက်မှတ်နဲ့ ဥယျောဇဉ် စကား ပါလာတာမို့လို့ ကျွန်တော် ဘာမှ ဆက်ပြောတော့ပါ။ သူတို့ လုပ်ချင်ရာ ဆက်လုပ်ကြပေါ့။ ကျွန်တော်ရော၊ NLD လူငယ်တွေရော လူ-ကယ်-ပြန်က ကြီးမှူး ပြုစုခဲ့တဲ့ လူငယ် မူဝါဒရေး တွေနဲ့ ပတ်သက်လို့ ကျွန်တော် မဝေဖန်တော့ပါဘူး။ သဘာဝအတိုင်းပဲ ရှိပါစေတော့ Let's nature takes its course လို့ပဲ သဘောထားလိုက်ပါတယ်။

## လူငယ် ညီလာခံများ

အားလုံး သိကြတဲ့အတိုင်း ကျွန်တော်တို့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ဟာ စတင် တည်ထောင်ခဲ့တဲ့ ၁၉၈၈ ခုနှစ်က စပြီး ဦးသိန်းစိန် အစိုးရတက်တဲ့ ၂၀၁၁ ခုနှစ်အထိ ဖိနှိပ်မှု အမျိုးမျိုး ကြုံခဲ့တာပါ။ အဲဒီတုန်းကများ ဆိုရင် NLD ရုံးအဆင့်ဆင့်ဟာ ခြောက်ကပ်နေခဲ့တာပါ။ ဒေါ်အောင်ဆန်းစုကြည်ပုံ ပါတဲ့ စာရွက်စာတမ်း ဆိုလည်း ဖြန့်လို့မရပါ။ သူ့ဓာတ်ပုံနဲ့ ပြက္ခဒိန် ထုတ်တာတောင်မှ ဒိုင်လျှို ထုတ်ခဲ့ရတာပါ။ ဒါတွေ ရေးပြနေရတာက စစ်အစိုးရနဲ့ ဦးသိန်းစိန် အစိုးရအထိ NLD ရဲ့ အနေအထားကို သိစေချင်လို့ပါ။

အဲဒီလို အနေအထားတွေကနေပြီး အခြေအနေ တစ်စထက် တစ်စ ကောင်းလာတဲ့အခါမှာ ၂၀၁၃ ခုနှစ် (NLD သက်တမ်း- ၂၅ နှစ်) အတွင်းမှာ ပထမဦးဆုံးသော ညီလာခံကို ရန်ကုန်တိုင်း၊ ဗဟန်း မြို့နယ်၊ တော်ဝင် နှင်းဆီ ခန်းမမှာ သုံးရက်တိုင်တိုင် ကျင်းပခဲ့ပါတယ်။ စကားချပ်အနေနဲ့ ကြားဖြတ် တင်ပြရလျှင် ကျွန်တော်ဟာ အရင်တုန်းက "ထမင်းအိုးထမ်း၊ ဟင်းအိုးထမ်း" ဘဝကနေ ဗဟို အလုပ်အမှုဆောင် ကော်မတီဝင် ဖြစ်လာခဲ့တာပါ။

## ဒုတိယအကြိမ် လူငယ် ညီလာခံ

ပါတီ ညီလာခံကို ငါးနှစ် တစ်ကြိမ် ကျင်းပမယ်လို့ စည်းကမ်း သတ်မှတ်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်မှာ ငါးနှစ် ပြည့်ပြီ ဖြစ်တဲ့အတွက် ညီလာခံ ကျင်းပဖို့ လိုအပ်လာပါပြီ။ အဲဒီလို လူကြီး ညီလာခံ မကျင်းပမီမှာ လူငယ် ညီလာခံ တစ်ခု ထပ်မံ ကျင်းပဖို့ လိုအပ်လာတဲ့အတွက်ကြောင့် ဒုတိယအကြိမ် လူငယ် ညီလာခံ ကျင်းပဖို့ အတွက် ကိုမောင်မောင်ဦးကိုပဲ ကော်မရှင် ဥက္ကဋ္ဌအဖြစ် တာဝန်ပေးပြီး ဆောင်ရွက်စေခဲ့ပါတယ်။

တကယ်တော့ လူငယ် တာဝန်ခံ အဖြစ် ဒေါ်အောင်ဆန်းစုကြည်သာလျှင် ကိုင်တွယ်ခဲ့တာမို့ ဒုတိယ အကြိမ် လူငယ် ညီလာခံကို ဗဟို အလုပ်အမှုဆောင် တစ်ဦးက ဦးဆောင်ရမယ် ဖြစ်တာမို့ ကျွန်တော့်ကို တာဝန်ပေးပါတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ ကျွန်တော် ဆေးရုံတက်နေတဲ့ အတွက် မောင်မောင်ဦးကို ပြောင်းလဲ တာဝန်ပေးခဲ့တာပါ။

ဒီတစ်ခါ ညီလာခံကတော့ နေပြည်တော်မှာ ထည်ဝါ ခံ့ညားစွာ ကျင်းပနိုင်ခဲ့တာပါ။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ အဆင့်ဆင့်သော လူငယ် ကိုယ်စားလှယ် ၂၆၀ ကို နေပြည်တော် MICC-II မှာ ကျင်းပပြီး ဗဟိုနဲ့ အဆင့်ဆင့်သော လူငယ် တာဝန်ခံများကို ဖော်ထုတ်နိုင်ခဲ့ပါတယ်။ ဒီမိုကရေစီ နည်းလမ်းအရ ကျင်းပ ပြီး ရွေးချယ် တင်မြှောက်တယ် ဆိုပေမဲ့ အားနည်းချက် တချို့ တွေ့ရှိရပါတယ်။ အဲဒီ အားနည်းချက်ကိုတော့ နောက်မှာ ပြုပြင်သွားရမှာပါ။

လူကြီး ညီလာခံ ပြီးတာနဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ညွှန်ကြားချက်နဲ့ NLD လူငယ် ညီလာခံကို ၂၀၁၃ ခုနှစ်မှာလည်း ကျင်းပနိုင်ခဲ့ပြီး ဗဟို လူငယ် တာဝန်ခံအဖွဲ့ကို ဖော်ထုတ်နိုင်ခဲ့ပါတယ်။ အလားတူပဲ တိုင်း၊ ပြည်နယ်၊ ခရိုင်နဲ့ မြို့နယ် လူငယ် တာဝန်ခံများကိုလည်း အဆင့်ဆင့် ဖော်ထုတ်နိုင်ခဲ့ပါတယ်။ အဲဒီ ညီလာခံကို ၁၉၈၈ ခုနှစ်တုန်းက လူငယ် ခေါင်းဆောင် ဖြစ်ခဲ့ဖူးတဲ့ ကိုမောင်မောင်ဦးကို လူငယ် ညီလာခံ ကော်မရှင် ဥက္ကဋ္ဌအဖြစ်နဲ့ တာဝန်ပေးခဲ့ပါတယ်။

ဒုတိယအကြိမ် လူငယ် ပါတီ ညီလာခံ လုပ်ဖို့အတွက် ဗဟို လူငယ် ကော်မရှင်ဖွဲ့သလို ပြည်နယ်၊ တိုင်း၊ ခရိုင်နဲ့ မြို့နယ် အဆင့်ဆင့်မှာလည်း ကော်မရှင်တွေ ဖွဲ့ပါတယ်။ အဲဒီ ကော်မရှင်တွေရဲ့ လုပ်ငန်း ကတော့ အသက် ၃၀ အောက် NLD လူငယ်တွေကို ကိုယ့် နေရာဒေသအလိုက် ဖော်ထုတ်ပြီး လူငယ် ညီလာခံ တက်ဖို့ လူငယ် ကိုယ်စားလှယ်များကို ဖော်ထုတ်ပေးဖို့ ဖြစ်ပါတယ်။

ဒုတိယအကြိမ် လူငယ် ညီလာခံ အောင်မြင်စွာ ပြီးစီးလို့ စာရင်းချုပ်လိုက်တဲ့အခါ အဆင့်ဆင့်သော ကော်မရှင် အင်အား စုစုပေါင်းဟာ ၅၀၀၀ ကျော် ဖြစ်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ NLD လူငယ် အင်အား ဟာ စုစုပေါင်း ၇၀၀၀၀ ကျော် ဖော်ထုတ်ရရှိပါတယ်။ ကော်မရှင် အဖွဲ့ဝင် အများစုရဲ့ သက်တမ်းဟာ ၃၅ နှစ် ကျော်ပြီ ဖြစ်တဲ့အတွက် လူငယ် အဖွဲ့အစည်းတွေမှာ မပါဝင်နိုင်တော့ပါ။ ဒါပေမဲ့ အဲဒီ ကော်မရှင် အင်အားစု တွေဟာ NLD ရဲ့ တကယ့် အမာခံ ပုဂ္ဂိုလ်တွေ ဆိုတာ ကောက်ချက်ချနိုင်ပါတယ်။

ဒုတိယအကြိမ် လူငယ် ညီလာခံကို နေပြည်တော်က MICC-2 မှာ ကျင်းပခဲ့ကြောင်း အထက်မှာ ဖော်ပြပြီးပါပြီ။ ညီလာခံ အစမှာ NLD သဘာပတိဖြစ်စေ ပူပူနွေးနွေးလေး ကျွန်တော်က အဖွင့် မိန့်ခွန်း ပြောရ ပါတယ်။ ကျွန်တော် ပြောတဲ့ စကားတွေထဲမှာ NLD ရဲ့ ကံဇာတာ ညှိုးမှိန်ခဲ့တဲ့ ၂၀၁၃-၂၀၁၄ နှစ်တွေမှာ ပါတီ ဌာနချုပ်မှာတောင်မှ ဌာနချုပ် ဆိုင်းဘုတ် ဖြုတ်ချခံရမယ့် အနေအထား ဖြစ်ခဲ့ပြီး အချို့ မြို့နယ်တွေမှာ ဆိုရင် ရုံးပိတ်ခံရတာတို့ ဆိုင်းဘုတ် ဖြုတ်ချခံရတာတို့ ရှိနေခဲ့တယ်။

ဗဟို အလုပ်အမှုဆောင် အစည်းအဝေးကိုတောင်မှ ပုန်းလျှိုးကွယ်လျှိုး လုပ်ခဲ့ရပုံတွေ ပြောပြပြီး အခုလို နေပြည်တော်မှာ ခမ်းခမ်းနားနား၊ ထည်ထည်ဝါဝါ ညီလာခံ ကျင်းပနိုင်တဲ့ အနေအထား ထိရောက်ခဲ့ပုံတွေ ရှင်းပြပါတယ်။ NLD အနေနဲ့ နိုင်ငံ့တာဝန်ကို ယူရတဲ့အထိ အခြေအနေ ပြောင်းလဲတာတွေဟာ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ရဲ့ စွမ်းရည်ကြောင့် ဖြစ်တယ်ဆိုတာ လူငယ်တွေ အားလုံး သတိမူစေဖို့ လိုကြောင်း ထည့်သွင်း ပြောကြားခဲ့ပါတယ်။

လူငယ်တွေအနေနဲ့ ဒီညီလာခံမှာပဲ ဗဟို လူငယ်တာဝန်ခံတွေ ဖော်ထုတ် ရွေးချယ်သွားမှာ ဖြစ်ကြောင်း၊ အဲဒီလို တာဝန်ယူကြရာမှာ ဂိုဏ်းဂဏ မဖွဲ့ဖို့၊ လေ့ကြီးပေါ်မှာ လေငယ်တင်တဲ့ အဖြစ်မျိုးတွေ ရှောင်ရှားကြဖို့ နှိုးဆော်ခဲ့ပါတယ်။ ကျွန်တော် ပြီးတဲ့အခါ ဒုတိယ ဥက္ကဋ္ဌ ၂ ဒေါက်တာ ဇော်မြင့်မောင်က အမှာစကား ပြောပါတယ်။ လူငယ် ကော်မရှင် ဥက္ကဋ္ဌ မောင်မောင်ဦးက လူငယ် ကော်မရှင် အဆင့်ဆင့်ကို အချိန် ခြောက်လခန့် ယူပြီးတော့ ဆောက်ရွက်ခဲ့တဲ့ အခြေအနေတွေကို တင်ပြပါတယ်။

အမှာ စကားတွေ ပြောပြီးတဲ့နောက်မှာ လူငယ် တာဝန်ခံ အသီးသီးကို အောင်မြင်စွာ ရွေးချယ် တင်မြှောက်နိုင်ခဲ့ပါတယ်။ ဒီလိုနဲ့ နိုင်ငံလုံးဆိုင်ရာ ဒုတိယအကြိမ် လူငယ် ညီလာခံ အောင်မြင်စွာ ပြီးစီးခဲ့ပါတယ်၊ ကော်မရှင် ဥက္ကဋ္ဌ မောင်မောင်ဦးကတော့ ညီလာခံကြီး အောင်မြင်စွာ ပြီးသွားတာကိုပဲ ဂုဏ်ယူလို့ မဆုံးပါဘူး။ ဒါပေမဲ့ ညီလာခံအပြီးမှာ ကြားသိရတဲ့ သတင်းတချို့ကြောင့်ကျွန်တော် စိတ်မသက်မသာ ဖြစ်မိပါတယ်။

ဒါက ဘာလဲဆိုတော့ ဗဟို လူငယ် တာဝန်ခံတွေ ရွေးတဲ့အခါ ပါသင့်တဲ့လူတွေ မပါဘဲ မပါသင့်တဲ့ လူငယ်တချို့ ပါလာတာတွေ ကြားသိရပါတယ်။ ဒီလိုဖြစ်အောင် လှုံ့ဆော် စည်းရုံးတဲ့ လူငယ် တချို့ကိုလည်း အမည်နာမနဲ့တကွ သိရှိရပါတယ်။ ဒီကိစ္စကို ကျွန်တော်က "အဲဒီ လူငယ်တွေက ဒို့လူကြီးတွေကို ပညာပေးလိုက်တာပဲ" လို့ ကောက်ချက်ချပါတယ်။ နောက်နောင် ဒီလို အားနည်းမှုတွေကို ရှောင်နိုင်အောင် စည်းကမ်း စည်းမျဉ်းတွေ ချရမယ်လို့ တာဝန်ရှိတဲ့လူတွေကို ထောက်ပြခဲ့ပါတယ်။

ကျွန်တော်ရော၊ ဒေါက်တာ ဇော်မြင့်မောင်ရော၊ မောင်မောင်ဦးရော ပြောတဲ့ စကားတွေထဲမှာ NLD လူငယ် စတင် ဖွဲ့စည်းကတည်းက ယနေ့အချိန်ထိ လူငယ် တာဝန်ခံဟာ ဒေါ်အောင်ဆန်းစုကြည်ပဲ ဖြစ်တယ်ဆိုတဲ့ အကြောင်းတွေ ထပ်တလဲလဲ ပြောခဲ့ပါတယ်။

## မေ၊ ဇွန်၊ ဇူလိုင်

ဧပြီလ သင်္ကြန်ကာလ နောက်ပိုင်းမှာတော့ သင်္ကြန်သံချပ် အောင်မြင်မှု ဂယက်တွေ လှိုင်းထနေခဲ့ပါတယ်။ သံချပ်ထိုးနေတဲ့ အခြေအနေမှာ ဒေါ်အောင်ဆန်းစုကြည် မြို့ရှေ့က တက္ကသိုလ် ရိပ်သာလမ်းပေါ်မှာ မနက်ကနေ ညနေထိ လူတွေက ပြည့်လျှံနေတာပါ။ ဒီလို ပြည့်လျှံနေတာတောင် တပ်မတော်သားတွေ တင်ထားတဲ့ စစ်ကားကြီးက တစ်နာရီ တစ်ခါနီးပါးလောက် လူအုပ်ကြားထဲက ဖြည်းဖြည်းချင်း မောင်းနှင်ပြီး အင်အား ပြလေ့ရှိပါတယ်။ အဲဒီလို စစ်ကားကြီး လူအုပ်ကြားထဲမှာ သွားလာနေပေမဲ့ လူထုက စစ်ကားကို ဘယ်လိုမှ အန္တရာယ် မလုပ်ပါဘူး။ အေးအေးချမ်းချမ်းပါပဲ။

မေ၊ ဇွန် နှစ်လမှာတော့ ရန်ကုန်တိုင်း အတွင်းက မြို့တွေနဲ့ ရန်ကုန် အနီးတစ်ဝိုက်က မြို့လေးတွေကို ဒေါ်အောင်ဆန်းစုကြည် စည်းရုံးရေးခရီး ထွက်ပါတယ်။ ကျွန်တော် သနက ၅ မှာ တာဝန် ထမ်းဆောင်စဉ်က ရုရှား ဘာသာကို "နိုင်ငံခြား ဘာသာသင် သိပ္ပံ" သင်ခဲ့ဖူးကြောင်း အထက် တစ်နေရာမှာ တင်ပြပြီးခဲ့ပါပြီ။

ဒုတိယနှစ် နောက်ဆုံး စာမေးပွဲ မပြီးခင် သင်တန်းသားတိုင်းက စာတမ်းတစ်ခု တင်ပြရပါတယ်။ ကျွန်တော် တင်ပြတဲ့ စာတမ်းကတော့ "ဗိုလ်ချုပ် အောင်ဆန်း" အကြောင်း ဖြစ်ပါတယ်။ အဲဒီ စာတမ်းကို မရေးမီမှာ တပ်မတော် မော်ကွန်းတိုက်ကို သွားပြီးတော့ လိုရာစာအုပ်တွေ ရှာဖွေရပါတယ်။ အဲဒီ စာတမ်းကို နှစ်လ လောက် ဗမာလို ပြင်ဆင်ပြီးမှ ရုရှားဘာသာနဲ့ ပြန်ဆို၊ ကျောင်းမှာ ပိုနေတဲ့ ရုရှား လက်နှိပ်စက်ကို ယူပြီး ကျွန်တော် ကိုယ်တိုင်ရိုက်ပြီး တင်ခဲ့တာပါ။

ဗိုလ်ချုပ် အောင်ဆန်းရဲ့ စာအုပ်တွေ ဖတ်တဲ့အခါမှာ လွတ်လပ်ရေးအတွက် ကြိုးပမ်းတဲ့ အခါ ဗမာပြည် တစ်ဝှမ်းလုံး ခရီးထွက်ပြီး ပြည်သူလူထုကို လွတ်လပ်ရေးအတွက် လှုံ့ဆော်ခဲ့ပါတယ်။ အခု ဒေါ်အောင်ဆန်း စုကြည် တစ်နိုင်ငံလုံးကို စည်းရုံးရေးခ ရီးစဉ် ထွက်ခဲ့တာဟာ သူ့ဖခင် ဗိုလ်ချုပ် အောင်ဆန်း သွားခဲ့တဲ့ ခရီးစဉ်တွေနဲ့ တော်တော်ဆင်တူပါတယ်။ ဗိုလ်ချုပ် အောင်ဆန်း ခရီးထွက်ပုံကို မိခင်ကြီး ဒေါ်ခင်ကြည် ပြန်ပြောတာကို ဒေါ်စုက ကျွန်တော်တို့ကို ဒီလို ပြန်ဖောက်သည်ချလေ့ ရှိပါတယ်။ "ကိုအောင်ဆန်းက မနက်စာကို ထားဝယ်မှာ စားပြီး၊ နေ့လယ်စာကို မုံရွာမှာ စားတယ်၊ ညစာကျတော့ မြစ်ကြီးနားမှာ စားတယ်" သဘောက ဗိုလ်ချုပ် အောင်ဆန်းဟာ လွတ်လပ်ရေး ကြိုးပမ်းမှုမှာ တစ်နိုင်ငံလုံး မရပ်မနား ခရီးသွားခဲ့ပုံကို ထင်ရှားအောင် ပြောတဲ့စကားပါ။

## မင်းသားခေါင်း ကွာကျပြီ

ဇွန်လရက်တွေ တစ်ရက်ပြီး တစ်ရက် ကုန်ဆုံးပြီး ဇူလိုင်လဆီသို့ တရွေ့ရွေ့ ချဉ်းကပ်နေပါပြီ။ ကျွန်တော်တို့ အားလုံး သတိပြုမိတဲ့အတိုင်း ဇူလိုင်လ ၁၉ ရက်ဟာ အာဇာနည်နေ့ ဖြစ်ပါတယ်။ မေ/ဇွန်လတွေမှာတော့ ပြဿနာ ကြီးကြီးကျယ်ကျယ် မဖြစ်သော်လည်းပဲ နဝတနဲ့ ကျွန်တော်တို့ NLD တို့ဟာ ပိုမို ပြေလည်လာတယ်လို့ မရှိပါဘူး။ ခပ်တန်းတန်းတော့ ဖြစ်နေဆဲပါ။

ဇွန် အကုန်၊ ဇူလိုင် အကူးမှာ နဝတ အစိုးရက "အာဇာနည်နေ့" အစီအစဉ်ကို ကြေညာပါတယ်။ အနှစ်ချုပ်ကတော့ "အာဇာနည်နေ့" မှာ နိုင်ငံရေး ပါတီတွေနဲ့ အာဇာနည် မိသားစု အပါအဝင် အားလုံးဟာ တစ်ဖွဲ့မှာ နှစ်ယောက်ပဲ ဂါရဝပြုခွင့် ပေးမယ် ဆိုတဲ့အကြောင်းပါ။ သူတို့ အကြောင်းပြတာကတော့ လုံခြုံရေး အခြေအနေ အရလို့ ဆိုပါတယ်။ နောက်ပြီး ဂါရဝပြုမယ့်လူတွေရဲ့ နာမည် စာရင်းလည်း ကြိုပေးရမယ်လို့ ဆိုပါတယ်။

အဲဒီ အစီအစဉ်ကို ဒေါ်အောင်ဆန်းစုကြည်က လက်မခံပါ။ လက်မခံတဲ့ အကြောင်းကိုလည်း မီဒီယာက တစ်ဆင့် ပြောကြားခဲ့ပါတယ်။ နိုင်ငံအတွက် အသက်ပေးခဲ့ကြတဲ့ အာဇာနည်ကြီးတွေကို ဂါရဝပြုရာမှာ အကန့်အသတ် လုပ်တာကို လက်မခံဘူး ဆိုတဲ့ အကြောင်းပြချက်နဲ့ပါ။ NLD လူကြီးပိုင်းကလည်း ဒေါ်စုနဲ့ သဘောထားချင်း တိုက်ဆိုင်ပါတယ်။ ဒါ့ကြောင့် တကယ့်နေ့ကျရင် ဒေါ်စု အနေနဲ့ရော၊ NLD အနေနဲ့ရော အခမ်းအနား တက်သင့် မတက်သင့် စတင် ဆွေးနွေး ငြင်းခုန်လာကြပါပြီ။ ဒါပေမဲ့ NLD ထဲမှာ ပါနေတဲ့ တပ်မှူးဟောင်းကြီးများ အနေနဲ့တော့ နဝတ အစိုးရရဲ့ အစီအစဉ်အတိုင်း လိုက်နာမယ်ဆိုတဲ့ သဘောထား ဖော်ပြကြပါတယ်။

"အာဇာနည်နေ့" အစီအစဉ်နဲ့ ပတ်သက်လို့ NLD ဗဟို/တိုင်းနဲ့ မြို့နယ် (ထိုစဉ်က ခရိုင် NLD အဖွဲ့များ မရှိသေးပါ) အဖွဲ့အစည်း အသီးသီးမှာ အကြိတ်အနယ် ဆွေးနွေး ငြင်းခုန်စရာ အကြောင်းအရာ တစ်ခု ဖြစ်လာပါတယ်။ အများစုကတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သဘောထားနဲ့ ကိုက်ညီကြပါတယ်။ ဒေါ်

အောင်ဆန်းစုကြည်ကတော့ ဦးတင်ဦး၊ ဦးအောင်ရွှေတို့ ဦးဆောင်နေတဲ့ တပ်မှူးဟောင်းများရဲ့ သဘောထားများကို မကျေနပ်လို့ ဇူလိုင်လ ဒုတိယပတ်လောက်မှာ ကျောက်ကုန်း ဗိုးရာဇာလမ်းမှာ ရှိတဲ့ ဗိုလ်မှူးကြီးလှမောင် အိမ်ကို သွားပါတယ်။ လူကြီးတွေလည်း ရောက်နေကြပါပြီ။ ကျွန်တော် မှတ်မိသမျှတော့ ဦးအောင်ရွှေ (ကွယ်လွန်)၊ ဦးချစ်ခိုင် (ကွယ်လွန်)၊ သူရဦးတင်ဦး၊ ဦးကြည်မောင် (ကွယ်လွန်)၊ ဦးလွန်းတင် (ကွယ်လွန်)၊ ဦးလှဖေ (ကွယ်လွန်)၊ ထားဝယ် ဦးမျိုးအောင် (ကွယ်လွန်)၊ ဦးလွင် (ကွယ်လွန်) တို့ ဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်က လာမယ့် အာဇာနည်နေ့နဲ့ ပတ်သက်ပြီး နဝတ အစိုးရက နိုင်ငံရေး အကွက်ဆင်မှုကို လူကြီးများအနေနဲ့ မြင်တတ်ဖို့ လိုကြောင်း၊ သူတို့ ကြိုးဆွဲရာ က,နေရင် နိုင်ငံရေး အရ သိက္ခာမဲ့သလို ဖြစ်သွားမှာ ဖြစ်ကြောင်း နာရီဝက်လောက် ပြောသွားပါတယ်။ ပြောပုံပြောနည်းက ပြေပြေပြစ်ပြစ် မဟုတ်ပါဘူး။ ဒေါသ ပါပါတယ်။ အဲဒီ အစည်းအဝေးမှာ ပြောကြဆိုကြတဲ့ စကားတွေကို အသံသွင်းထားပါတယ်။ တကယ်တော့ လူကြီးတွေက ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လှန် ငြင်းခုန်နေတာမျိုး မရှိပါ။

## အသံသွင်းခွေ ဘယ်လိုပြန့်

ဒီကိစ္စနဲ့ ပတ်သက်လို့ လိပ်ပတ်လည်အောင် ပြောပြမှ ကောင်းမယ် ထင်လို့ တစ်ပါတည်း ရေးပြလိုက်ပါရစေ။ ဇူလိုင်လ ၂၀ ရက် ဒေါ်အောင်ဆန်းစုကြည် အိမ်က ရှိသမျှလူတွေ အကုန်ဖမ်းပြီး ဒေါ်အောင်ဆန်းစုကြည်ကို အကျယ်ချုပ် ချတဲ့နေ့မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ လက်ထောက် တစ်ဦးကိုတော့ ချန်ထားပါတယ်။ အဲဒီ ပုဂ္ဂိုလ်ကို ခဏ ချန်ထားတဲ့အ ကြောင်းက ဒေါ်အောင်ဆန်းစုကြည် အိမ်မှာ ရှိတဲ့ စာရွက်စာတမ်းများ၊ အသံသွင်း တိတ်ခွေများကို စာရင်းလုပ်ပေးဖို့ ဖြစ်ပါတယ်။ အဲဒီပုဂ္ဂိုလ်ဟာ သူတို့ လိုသမျှ ပစ္စည်းတွေကို စာရင်း လုပ်ပြီးတော့ ထောက်လှမ်းရေးကို အပ်ရပါတယ်။ အဲဒီလို အပ်ပြီးတော့ သူ့ကို အင်းစိန်ထောင် ပို့လိုက်ပါတယ်။

အဲဒီပုဂ္ဂိုလ်ကို ရှစ်လလောက် အကြာမှာ ထောင်က ပြန်လွှတ်ပေးခဲ့ပါတယ်။ သူ့ကို ပြန်လွှတ်ပြီး မကြာခင်မှာပဲ၊ တစ်နိုင်ငံလုံး ဆိုပါတော့၊ ဒေါ်အောင်ဆန်းစုကြည်က တပ်မှူးကြီးများကို ကြိမ်းမောင်းတဲ့ အခွေဆိုပြီး ဖြန့်ခဲ့ပါတယ်။ ကျွန်တော့် အထင်တော့ အဲဒီပုဂ္ဂိုလ်ကို စောပြီး လွှတ်ခဲ့တာရယ်၊ အခွေတွေ ဖြန့်ခဲ့တာရယ်ဟာ တိုက်ဆိုင်လွန်းလို့ အခွေဖြန့်တဲ့ကိစ္စ သူ့ကို တာဝန်ယူဖို့ ထောက်လှမ်းရေးက ခိုင်းခဲ့တယ်လို့ ကျွန်တော် ကောက်ချက်ချမိပါတယ်။

## တာဝန်အရ ဗိဆန်ကြ

ကျွန်တော် ဒါတွေ ရေးပြနေရတာက အာဇာနည်နေ့ကို အကြောင်းပြုပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ကို နိုင်ငံရေး အရ ပြဿနာ ရှာချင်လို့ အကွက်ဆင်တာတွေကို သိစေချင်လို့ပါ။ ဖြစ်ချင်တော့ အဲဒီကာလ မတိုင်ခင်က NLD ရဲ့ ဆောင်ပုဒ်တစ်ခု ထုတ်လိုက်ပါတယ်။ ဒါကတော့ "မတရားတဲ့ အမိန့် အာဏာဟူသမျှ တာဝန်အရ ဗိဆန်ကြ" ဖြစ်ပါတယ်။ အဲဒီ ဆောင်ပုဒ်ဟာ ပြည်တွင်း နိုင်ငံရေး အသိုင်းအဝိုင်းမှာသာမက နိုင်ငံတကာ အထိပါ ပေါက်ရောက်သွားပါတယ်။ ဒီဆောင်ပုဒ် တွင်ကျယ်လာတဲ့အခါ နဝတ အစိုးရက NLD ဟာ အာဏာဖီဆန်ဖို့ ကြိုးစားနေတယ်၊ ထိပ်တိုက် တွေ့ဖို့ Confrontation ကြိုးစားနေတယ် ဆိုပြီး စွပ်စွဲပါတယ်။ သူတို့ ဖွဲ့ထားတဲ့ သတင်းနှင့် ပြန်ကြားရေးအဖွဲ့ကလည်း NLD ကို ပုတ်ခတ် တိုက်ခိုက်ပါတယ်။

"အာဇာနည်နေ့" နဲ့ ပတ်သက်လို့ နဝတရဲ့ ကန့်သတ်ချက်တွေကို မြို့နယ် NLD တွေကပါ ဆန့်ကျင်ဖို့

ဆုံးဖြတ်ကြပြီး လှုပ်ရှားမှုတွေ ပြုလုပ်လာပါတယ်။ NLD ဌာနချုပ်ရဲ့ ပြန်ကြားရေး အဖွဲ့ကလည်း ဆက်တိုက် ဆိုသလို သတင်းလွှာတွေ ထုတ်ဝေပြီး လူထုကြားကို ရောက်တဲ့အထိ ဖြန့်ဝေပါတယ်။ အခြေအနေတွေက တင်းမာလာတဲ့သဘော ဖြစ်ပါတယ်။

## အစီအစဉ်တွေ ပြောင်းလိုက်ပြီ

အခြေအနေတွေ တင်းမာလာပြီး ထိပ်တိုက် ရင်ဆိုင်တွေ့မယ့် အလားအလာတွေ ဖြစ်လာပါပြီ။ ဒါကြောင့်မို့လို့ ဒေါ်အောင်ဆန်းစုကြည်က အလုပ်အမှုဆောင် အဖွဲ့ဝင်တွေနဲ့ ဇူလိုင်လ ၁၈ ရက်နေ့ ညနေမှာ "အာဇာနည် နေ့" နဲ့ ပတ်သက်ပြီး NLD အနေနဲ့ လုံးဝ မတက်တော့ဖို့ ဆုံးဖြတ်ပြီး ရန်ကုန်တိုင်းက မြို့နယ် NLD ကို ဘယ်လို လှုပ်ရှားမှုမျိုးမှ မလုပ်ဖို့ ညွှန်ကြားချက် ထုတ်ပါတယ်။ ဒါပေမဲ့ ညနေပိုင်း အချိန်လွန်ပြီမို့ ရုံးအဖွဲ့တွေ အားလုံး အိမ်ပြန်ကုန်ကြပါပြီ။ ရှိတဲ့လူနဲ့ပဲ အဲဒီညွှန်ကြားချက်ကို ရိုက်ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ဖြန့်ဝေမှုကိုတော့ နောက်တစ်နေ့ မနက်ခင်းကျမှ ဖြန့်ဝေဖြစ်ပါတယ်။

အဲဒီကြေညာချက်ကို စောင့်နေတဲ့ ကမာရွတ်မြို့နယ် NLD အဖွဲ့ဝင်တစ်ဦး ဖြစ်တဲ့ မတိုးတိုးတင်တို့ဟာ အဲဒီ စာရွက်တွေကို ဒေါ်အောင်ဆန်းစုကြည် ခြံထဲက ယူပြီး ဖြန့်နိုင်သမျှ ဖြန့်ဝေဖို့ ထွက်ခွာသွားတဲ့အခါ ဗဟန်း ရေခဲဆိုင် မှတ်တိုင်နားမှာ သူတို့ကားကို တားပြီး အာဏာပိုင်တွေက ဖမ်းဆီးတာခံရပါတယ်။ အမျိုးသမီးသုံးယောက်ပါပါတယ်။ နာမည်တွေတော့ မမှတ်မိတော့ပါဘူး။ အဲဒီအမျိုးသမီးသုံးယောက်စလုံးဟာ ထောင်ထဲမှာ သုံးနှစ်နီးပါးလောက် နေသွားခဲ့ပါတယ်။

ဒီလိုနဲ့ပဲ ဇူလိုင်လ ၁၉ ရက်နေ့မှာ ကြီးမားတဲ့ ပြဿနာ တစ်စုံတစ်ခုမှ မပေါ်ဘဲ ပြီးဆုံးသွားပါတယ်။ တကယ်ပြဿနာကတော့နောက်တစ်နေ့ကျမှပါ။ ကျွန်တော်ကအမြဲလိုလိုအိပ်ရာကစောစောနိုးတတ်ပါတယ်။ မနက် ခြောက်နာရီလောက်မှာ ကိုမော့်ဆီက တယ်လီဖုန်း လာပါတယ်။ သူတို့က ဒေါ်အောင်ဆန်းစုကြည် ခြံဝင်းမှာ ညအိပ်တာပါ။ ကိုမော်က "အကိုရေ အိမ်ရှေ့မှာ စစ်တပ်တွေ လာချထားပြီဗျ" လို့ ဖုန်းဆက်ပါတယ်။ ဒါနဲ့ ကျွန်တော်က စား၊ သောက်၊ အဝတ်အစားလဲပြီး သူတို့ဆီ ရောက်သွားပါတယ်။ မနက် ခုနစ်နာရီ ကျော်ကျော်လေးပေါ့။ အဲဒီအချိန်မှာ ခြံဝင်း အတွင်း/အပြင် ဝင်ထွက်မှုကို မတားမြစ်သေးပါဘူး။

ကျွန်တော်ရောက်ပြီး မကြာမီမှာပဲ ဦးတင်ဦး၊ ဦးကြည်မောင်၊ ဦးအောင်ရွှေနဲ့ ဦးချစ်ခိုင်တို့ ရောက်လာကြပါတယ်။ မသီဂီနဲ့ အပြင်ရောက်နေတဲ့ သုံးရောင်ခြယ် အဖွဲ့သားတွေလည်း ရောက်နေကြပါတယ်။ အလားတူပဲ ရုံးချုပ် ဖွင့်ထားတဲ့ အဆောက်အဦးမှာလည်း စာရေးဆရာ ကိုမိုးသူနဲ့ ကိုဝံသတို့ ရောက်နေကြပါတယ်။ မနက် ခုနစ်နာရီလောက်မှာတော့ ခြံဝင်း အဝင်အထွက် အားလုံးကို ပိတ်ပင်လိုက်ပါတယ်။ မရှေးမနှောင်းမှာပဲ ဒေါ်အောင်ဆန်းစုကြည် ခြံနဲ့ အဖွဲ့ချုပ်ရုံးမှာ ပိတ်မိနေတဲ့ သူတွေ အားလုံးရဲ့ နာမည်၊ မှတ်ပုံတင် နံပါတ် တောင်းပါတယ်။

## ပုဒ်မ ၁၀ (ခ)

နေ့ခင်း ၁၁ နာရီလောက်မှာ ဂိတ်က သတင်းတစ်ခု လာပါတယ်။ စာပေးစရာရှိလို့ လူကြီး တစ်ယောက် လာခဲ့ပါ ဆိုပြီးတော့၊ ကျွန်တော် သွားယူပါတယ်။ အဲဒီစာက စာအိတ် မပါပါဘူး။ ဂိတ်ဝမှာ ဗိုလ်ကြီးအဆင့် အရာရှိ တစ်ယောက်က ကျွန်တော့်ကို စာရွက်တစ်ရွက် ထုတ်ပေးပါတယ်။ ကျွန်တော် ဖတ်ကြည့်လိုက်ပါတယ်။ စာပါ အကြောင်းအရာက ရိုးရိုးရှင်းရှင်းလေးပါ။ "နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှုအဖွဲ့က ပြည်တွင်း အခြေအနေ

များကြောင့် ဒေါ်အောင်ဆန်းစုကြည်ကို ပုဒ်မ ၁၀ (ခ) အရ အကျယ်ချုပ် တစ်နှစ် ချလိုက်ကြောင်း" အကြောင်းကြားစာပါ။ လက်မှတ်ထိုးတဲ့သူကတော့ ဗိုလ်ချုပ် ဖုန်းမြင့် ဖြစ်ပြီး သူက ပြည်ထဲရေး ဝန်ကြီး တာဝန်ကို ယူထားတာ ဖြစ်ပါတယ်။

ကျွန်တော် အဲဒီစာကို ယူပြီးတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ရောက်နေတဲ့ လူကြီးများကို ပြပါတယ်။ လူကြီးများက ဘာမှတ်ချက်မှ မပြောသော်လည်းပဲ ဒေါ်စုကတော့ "တစ်နှစ်ဆိုလည်း တစ်နှစ်ပေါ့" ဆိုတဲ့ ရိုးရိုးရှင်းရှင်း မှတ်ချက်ချပါတယ်။ ကျွန်တော် ကြားဖူးနေတာက ပုဒ်မ ၁၀ (က) ပါ။ ၁၀ (ခ) ဆိုတဲ့ ပုဒ်မကတော့ နဝတ အစိုးရခေတ်ကျမှ ထပ်တိုးလိုက်တဲ့ ပုဒ်မလို့ ထင်ပါတယ်။

## အဲဒီနေ့

အဲဒီနေ့ တစ်နေ့လုံးလိုလို ကျွန်တော်တို့ ဒေါ်အောင်ဆန်းစုကြည် အိမ်ထဲမှာပဲ ရှိနေကြပါတယ်။ စားချိန်သောက်ချိန်က လွဲလို့ ဘာအလုပ်မှ မရှိတာနဲ့ ဂိမ်းတွေ ကစားလိုက်၊ Scrabble ကစားလိုက် အချိန်ဖြုန်းကြရပါတယ်။ ညနေ လေးနာရီလောက်မှာတော့ လူကြီး လေးယောက်ကို အပြင် ခေါ် ထုတ်ပြီး အိမ်ပြန်ခွင့်ပေးလိုက်ပါတယ်။ ကျန်တဲ့လူတွေ နေမြဲပေါ့။ ညပိုင်း ခြောက်နာရီလောက်ကျတော့ အမှောင်လွှမ်းစပြုလာပါပြီ။ အဲဒီအချိန်မှာ ခြံအပြင်မှ တိုင်တစ်ခု ထူပြီး အဲဒီ တိုင်ပေါ်မှာ မီးမောင်း Search Light တစ်ခု လာဆင်ပါတယ်။ အဲဒီ မီးမောင်းကြီး ဒေါ်အောင်ဆန်းစုကြည် အိမ်ဘက်ကို မီးထိုးထားပါတယ်။

မကြာမီမှာပဲ ခြံတံခါးကို ရဲဘော်တွေက ဖွင့်လိုက်ပြီး ကားကြီးနှစ်စီး ဖင်ထိုးဝင်လာပါတယ်။ ပထမ ကားပေါ်ကိုတော့ ကိုစိုး (ဒေါ်အောင်ဆန်းစုကြည်ရဲ့မောင်ဝမ်းကွဲ)၊ ခြံထဲမှာ ဖွင့်ထားတဲ့ လက်ဖက်ရည်ဆိုင်က ကလေးတွေရယ်၊ သုံးရောင်ခြယ်က လူငယ်လေး တချို့ကို တင်ပါတယ်။ နောက်ကားပေါ်မှာတော့ သုံးရောင်ခြယ် လူငယ်လေးတွေရယ်၊ ရုံးချုပ် ဖွင့်ထားတဲ့ နေရာမှာ ပိတ်မိနေတဲ့ ကိုဝံသနဲ့ ကိုမိုးသူတို့ရယ် နောက်ပြီး ကျွန်တော်နဲ့ မသီကီတို့ တက်ရပါတယ်။ မှန်းဆတဲ့အတိုင်းပါ။ ကျွန်တော်တို့ ကားကြီး နှစ်စီးဟာ အင်းစိန်ထောင်ကို ရှေးရှု ထွက်ခွာလာခဲ့ပါတယ်။ ခြံထဲမှာတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ စာရွက်စာတမ်းတွေ စာရင်းပြုစုဖို့ အတွက် ထ.လ.ရ အမိန့်နဲ့ ကျန်ခဲ့တဲ့ ပုဂ္ဂိုလ် တစ်ဦးရယ် ပေါင်းနှစ်ဦးပဲ ကျန်ခဲ့ပါတယ်။ စာရင်းအရ စုစုပေါင်း ၄၁ ဦးပါ။ ကျွန်တော်က မဆီမဆိုင် ငယ်ငယ်တုန်းက ကြည့်ခဲ့ဖူးတဲ့ ရုရှားရုပ်ရှင် 41st. ကို သွားသတိရမိပါတယ်။

ကျွန်တော်တို့ အင်းစိန်ထောင်ကို ရောက်တော့ ကျွန်တော်ရယ်၊ ကိုဝံသရယ်၊ ကိုမိုးသူရယ်တို့ကို ကားပေါ်မှာပဲ ဆက်ရှိနေစေပြီး ကျန်တဲ့လူတွေအားလုံးကိုအင်းစိန်ထောင်ထဲပို့ပါတော့တယ်။ ကျွန်တော်တို့ကိုတော့ ကိုးမိုင်မှာ ရှိတဲ့ ထောက်လှမ်းရေးတပ်ကို ခေါ် သွားပါတယ်။ ထောက်လှမ်းရေးတပ်ကို ရောက်တော့ အချိန်က ည ၁၁ နာရီလောက် ရှိပါပြီ။ ဒေါ်အောင်ဆန်းစုကြည် ခြံထဲမှာရော၊ ထောင်ရောက်တော့ရော လူ အရေအတွက်၊ အမည်၊ အဖ အမည်၊ မှတ်ပုံတင်နံပါတ် စတဲ့ဟာတွေကို စစ်နေရတာနဲ့ အချိန်ကုန်သွားတာပါ။ ဒီဖြစ်ရပ်ကို ကြုံရတော့ ကျွန်တော့် စိတ်ထဲမှာ ဖြစ်ပေါ်လာတာက မင်းသား မျက်နှာဖုံး ဆောင်းထားတဲ့ အခွံ ကွာကျသွားပြီး အတွင်းသဘောဖြစ်တဲ့ ဘီလူးရုပ် ပေါ်လာတော့တာပါပဲ။

## ထောက်လှမ်းရေးမှာ ရမန်ကြီး နှစ်ပတ်

ရမန်လို့ တရားရုံးတွေမှာ သုံးနေတဲ့ အသုံးအနှုန်းဟာ Remand ကို ဗမာမှု ပြုလိုက်တာပါ။ လူတစ်ယောက်ကို ဖမ်းတဲ့အခါမှာ ရုံးမတင်ဘဲ ဖမ်းချုပ်ထားနိုင်တဲ့ အမိန့်ပါ။ ရမန်ကြီး တစ်ပတ်ဆိုရင် ၁၄ ရက်၊ နှစ်ပတ်ဆိုတော့

၂၈ ရက်ပေါ့။ ထောက်လှမ်းရေး အချုပ်မှာ ၂၈ ရက် နေခဲ့တဲ့သဘောပေါ့။ ကျွန်တော်ရယ်၊ ကိုဝံသရယ်၊ ကိုမိုးသူရယ်တို့ဟာ ထောက်လှမ်းရေးတပ် ရောက်တာနဲ့ လူစုကွဲသွားပါပြီ။ ပြန်မဆုံကြတော့ဘဲ အင်းစိန် ထောင် ရောက်မှ ပြန်တွေ့ကြတာပါ။ သူတို့ကတော့ ထောက်လှမ်းရေးမှာ အဲဒီလောက် မကြာပါဘူး။ တစ်ပတ်၊ နှစ်ပတ်ပဲ နေကြပြီး အင်းစိန်ထောင်ကို ပို့လိုက်ပါတယ်။ ကျွန်တော်ကတော့ ထောက်လှမ်းရေးမှာ ၂၈ ရက် ကြာပြီးမှ ထောင်ကိုရောက်တာပါ။

## ထောက်လှမ်းရေးနဲ့ စစ်ကြောရေး

လူတစ်ယောက်ကို ထောက်လှမ်းရေး ဖမ်းပြီဆိုတဲ့အခါ မလွှဲမသွေ လုပ်ရမှာက ဖမ်းထားတဲ့ လူ စစ်ကြောရေး Interrogation ပါပဲ။ ကျွန်တော့်ကိုလည်း ထောက်လှမ်းရေး ရောက်တာနဲ့ ထုံးစံအတိုင်း စစ်ကြောရေးပေါ့။ ကျွန်တော်က စာဖတ်ဝါသနာ ပါလေတော့ ကမ္ဘာကျော် ထောက်လှမ်းရေး အဖွဲ့တွေဆိုတဲ့ အမေရိကန်က CIA၊ အင်္ဂလန် နိုင်ငံက Special Branch၊ ထိုစဉ်က ဆိုဗီယက် ယူနီယမ်ရဲ့ KGB ဆိုတဲ့ အဖွဲ့တွေရဲ့လုပ်နည်း လုပ်ဟန်တွေကို မှတ်တမ်းနေနဲ့ သော်လည်းကောင်း၊ စိတ်ကူးယဉ် ဝတ္ထုအနေနဲ့ သော်လည်းကောင်း ဖတ်ဖူးခဲ့ တဲ့သူပါ။

ဒါကြောင့်မို့လို့ ကျွန်တော့်ကို ထောက်လှမ်းရေးတပ်ကို ခေါ်ပြီဆိုတာနဲ့ ကိုယ့်စိတ်ကို ပြင်ဆင်ထားပြီး သားပါ။ အကြမ်းနည်းတွေ သုံးမလား၊ အနုနည်းကို သုံးမလား၊ ဒါတွေကို ဘယ်လို တုံ့ပြန်ရမယ် ဆိုတာ စိတ်ထဲက ပြင်ဆင်ပြီးသားပါ။ ကျွန်တော် ထောက်လှမ်းရေးကို ရောက်ပြီဆိုတာနဲ့ အခန်း တစ်ခန်းထဲကို ပို့ပါ တယ်။ အဲဒီမှာ အရပ်ဝတ်နဲ့ လူတစ်ယောက်က ကျွန်တော့်ရဲ့ ကိုယ်ရေး ရာဇဝင်ကို မေးပါတယ်။ ကျွန်တော့် ညီအစ်ကို မောင်နှမတွေရဲ့ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ အဖေ အမေ၊ ဦးလေး၊ အဒေါ် တို့ရဲ့ အလုပ်အကိုင်နဲ့ နေရပ်လိပ်စာ၊ နောက် သားသမီးတွေ။

ပြီးတော့မှ ကျွန်တော် မွေးတဲ့ အချိန်ကစပြီး နေခဲ့တဲ့ ကျောင်းတွေ၊ လုပ်ကိုင်ခဲ့တဲ့ အလုပ်အကိုင်တွေ စတဲ့ အချက်အလက်တွေကို မေးမြန်းပါတယ်။ နောက်ဆုံးမှာတော့ ကျွန်တော် နိုင်ငံရေးစတင် လုပ်ကိုင်ပုံတွေနဲ့ လှုပ်ရှားပုံတွေ မေးပြီး မှတ်တမ်းတင်ပါတယ်။ ဒီအကြောင်းအရာတွေကို မေးတဲ့ ပုဂ္ဂိုလ်က အရာရှိဟုတ်ဟန် မတူပါ။ တပ်ကြပ်ကြီး အဆင့်လောက်ပဲ ရှိမယ် ထင်ပါတယ်။ လူကိုတော့ မမြင်ရပါ။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော့် ခေါင်းကို အဝတ်အိတ် တစ်ခုနဲ့ အုပ်ထားလို့ပါ။

ဒီအထိတော့ ပြေပြေလည်လည်ပါ။ အဲဒီနောက်ပိုင်းမှာတော့ စစ်မေးတဲ့ ပုဂ္ဂိုလ်က အာဏာသံ ပါလာ ပါပြီ။ ကျွန်တော်ဟာ ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလလောက်က စပြီး ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ အထိ ဒေါ် အောင်ဆန်းစုကြည် ရုံးမှာ လုပ်ခဲ့တယ်။ ပြည်တွင်း စည်းရုံးရေး ခရီးစဉ်မှာလည်း အမြဲလိုလို ပါခဲ့တယ် ဆိုတဲ့ အတွက်ကြောင့် ဒေါ်အောင်ဆန်းစုကြည်ရဲ့ လျှို့ဝှက်ချက်တွေကို သိရမယ် ဆိုတဲ့ အချက်ကြောင့် ဒေါ်စုရဲ့ နိုင်ငံခြား အဆက်အသွယ်တွေ၊ ကိစ္စတွေ မေးလာပါတယ်။ ကျွန်တော်က ဒေါ်စုရဲ့ ပြည်တွင်း၊ ပြည်ပ ဧည့်သည်တွေနဲ့ တွေ့ဆုံပွဲတွေကို စီစဉ်ရတာ မှန်သော်လည်းပဲ အစည်းအဝေးထဲကို ဝင်ထိုင်ရတာ မဟုတ်တဲ့ အတွက်ကြောင့် ဘာမှမသိပါ။

ကျွန်တော်က မသိဘူး ပြောလေ၊ မေးတဲ့သူက စိတ်ဆိုးလေ ဖြစ်လာပါတယ်။ အဲဒီထက် တစ်ဆင့် တက်ပြီး အမေရိကန် နိုင်ငံက CIA နဲ့ အင်္ဂလန် နိုင်ငံက Special Branch တို့နဲ့ အဆက်အသွယ်တွေကို မေးလာပါတယ်။ မေးပုံက ရိုးရိုး မဟုတ်ပါဘူး။ ရောက်စက ခင်ဗျား၊ ကျွန်တော်လို့ သုံးနှုန်း ဆက်ဆံနေရာက

မင်းတစ်လုံး၊ ငါတစ်လုံးနဲ့ ရိုင်းပြ မောက်မာတဲ့ စကားတွေ ပြောလာပါတယ်။ "မင်း သူနဲ့အတူ နေတာ အကြာ ကြီး၊ မင်း သိကို သိရမယ်" ဆိုတဲ့ အသုံးအနှုန်းမျိုးနဲ့ လူကို ငေါက်ငမ်း ဆက်ဆံလာပါတယ်။ ကျွန်တော်ကတော့ အပျော့ဆွဲလေးပေ့ါ။ "မသိပါဘူး ခင်ဗျာ၊ မဟုတ်ရပါဘူး ခင်ဗျာ" ပေ့ါ။

ကျွန်တော်က အပျော့ဆွဲလေးနဲ့ ဖြေလေ၊ သူက ရှူးရှူးရှားရှား ပိုဖြစ်လာလေပေ့ါ။ နောက်ဆုံးတော့ မင်းတွေ ငါတွေနဲ့ ကြိမ်းမောင်းပြီး စားပွဲကို လက်သီးနဲ့ ထုတာတွေ ဖြစ်တာပါတယ်။ တကယ်တော့ အဲဒီ အချိန်မှာ ညသန်းခေါင် ကျော်ရုံတင်မက မနက်ခင်း နှစ်နာရီ သုံးနာရီလောက် ရှိပြီထင်ပါတယ်။ နေ့လယ်ပိုင်းက ဒေါ်အောင်ဆန်းစုကြည် အိမ်မှာ နေ့လယ်စာ စားပြီးတဲ့ အချိန်ကစပြီး ထောက်လှမ်းရေးမှာ စစ်ကြောရေးကို ဖြေနေတဲ့ အချိန်ထိ ဘာမှ မစားရသေးပါ။ ရေလည်း မတိုက်ပါ။ လက်ကိုလည်း နောက်ပြန် လက်ထိပ်ခတ်ထား တဲ့ အတွက် နေရထိုင်ရတာ အလွန်ကျဉ်းကြပ်ပါတယ်။ ကြာလာတော့ သူ လက်လျှော့သွားဟန်တူပါတယ်။ ရေးပြီးသမျှ စာရွက်တွေကို စုစည်းပြီး အခန်းအပြင် ထွက်သွားပါတယ်။ ကျွန်တော်ကတော့ နားရတာပဲလို့ ယူဆပြီး ထိုင်လျက်သားနဲ့ စားပွဲပေါ်မှာ ခေါင်းချပြီး အိပ်ဖို့ ကြိုးစားပါတယ်။ အိပ်မပျော်ပါ။

နာရီဝက်လောက် ကြာတော့ သူ ပြန်ဝင်လာပါတယ်။ သူနဲ့အတူ သော့တွဲတစ်ခု ပါလာတယ်နဲ့ တူပါရဲ့၊ သော့သံ တချွင်ချွင် ကြားရပါတယ်။ ကျွန်တော်က ခေါင်းပြန်မတ်လိုက်တော့ သူက ကျွန်တော့် လက်မောင်း ကိုင်ပြီး "ထသွားမယ်" လို့ ပြောပြောဆိုဆို အခန်းအပြင်ကို ခေါ်ထုတ်ခဲ့ပါတယ်။ အခန်းအပြင် ရောက်ပြီး ငါး မိနစ်လောက် လျှောက်တဲ့အခါ အခန်း တစ်ခန်းထဲကို ရောက်သွားပါတယ်။ လိုက်ပို့တဲ့သူက လက်ထိပ်ကို ဖြုတ် "နောက်လှည့်မကြည့်နဲ့" ဆိုပြီး ကျွန်တော့် ခေါင်းကို စွပ်ထားတဲ့ အဝတ်အိတ်ကို ဖြုတ်ယူလိုက်ပါတယ်။ သူက အခန်းပြင် ထွက်ပြီး တံခါးကို သော့ခတ်သံ ကြားမှ ကျွန်တော်လည်း မိတ်ထားတဲ့ မျက်စိကို ဖြည်းဖြည်း ချင်း ဖွင့်ကြည့်ပြီး ပတ်ဝန်းကျင်ကို လေ့လာရပါတယ်။

အခန်းက ၁၀ ပေ ပတ်လည်လောက်ပဲ ရှိမှာပါ၊ မျက်နှာကြက် နိမ့်ပါတယ်။ အခန်းထဲမှာလည်း ဘာ ပစ္စည်းမှ မရှိပါ။ ကုလားထိုင်၊ စားပွဲ၊ ခုတင် ဘာမှမရှိပါ။ ကျွန်တော့်မှာက မနက်ကတည်းက ဝတ်လာတဲ့ ကချင် လုံချည်၊ လည်ကတုံး ရုပ်အင်္ကျီ အဖြူနဲ့ တိုက်ပုံ အင်္ကျီ တစ်ထည်တည်း ပါလာတာပါ။ အဝတ် တစ်ထည် ကိုယ်တစ်ခုလို့ ပြောလို့ရပါတယ်။ အဲဒီအချိန်မှာ အဆိုးဝါးဆုံးဒုက္ခကတော့ ရေငတ်ခြင်းပါပဲ။ ဒေါ်အောင်ဆန်း စုကြည် အိမ်က စထွက်လာကတည်းက အခန်းထဲ ရောက်တဲ့ အထိ ရေတစ်ခွက်မှ မသောက်ရသေးပါ၊ အိပ်လည်း မအိပ်ရသေးပါ။ လူက တစ်ကိုယ်လုံး ပင်ပမ်း နွမ်းနယ်ပြီး အိပ်ချင်လာပါတယ်။ ဒါ့ကြောင့် ကျွန်တော် သမံတလင်းပေါ်မှာပဲ လှဲချပြီး ခေါင်းအုံး အဖြစ် စီးထားတဲ့ ဖိနပ်ကို နှစ်ခု ထပ်ပြီး အပေါ်က လက်ကိုင်ပဝါနဲ့ စည်းလိုက်ပါတယ်။ ခေါင်းအုံးပေ့ါ။

ကျွန်တော် အိပ်ပျော်သွားပါတယ်။ ဘယ်လောက် ကြာသွားလဲတော့ မသိပါ။ အပြင်က သော့ဖွင့်သံ ကြားမှ နိုးလာပါတယ်။ ကျွန်တော့်ကို မနက်စာ လာပို့တာပါ။ လက်ဖက်ရည်နဲ့ အီကြာကွေး တစ်ချောင်း။ ကျွန်တော် ဆာဆာနဲ့ အကုန် စားလိုက်ပါတယ်။ စားပြီးပြီ ဆိုတော့မှ ကျွန်တော့်ကို ခေါင်းစွပ် စွပ်ပြီးတော့ ပြန်ခေါ်သွားပါတယ်။ ဒီတစ်ခါတော့ အရင်ညက ကျွန်တော့် ထွက်ဆိုချက်တွေကို ပြန်ဖတ်ခိုင်းပြီး လက်မှတ် ထိုးခိုင်းတာပါ။ အဲဒီအချိန်မှာ ခေါင်းစွပ် ဖြုတ်ပေးပါတယ်။ လက်မှတ် ထိုးခိုင်းတဲ့လူက ထင်တဲ့အတိုင်းပါ။ အရာရှိ မဟုတ်ပါဘူး။ တပ်ကြပ်ကြီး အဆင့်လောက် ရှိမှာပါ။ အသားညိုညို ခေါင်းတုံးဆံတောက်နဲ့၊ အရပ် မနိမ့်မမြင့်ပါ။ သူ့နာမည်ကို ကျွန်တော် မမေးပါ။

လက်မှတ်ထိုးပြီးတော့ ကျွန်တော့အခန်းကို ပြန်ပို့ပါတယ်။ တစ်နေကုန် လာမခေါ်တော့ပါ။ ဒါ့ကြောင့်

ကျွန်တော်က အခန်းထဲမှာပဲ ဖြည်းဖြည်း လမ်းလျှောက်ရင်း ရထားသမျှ ပရိတ်တွေ၊ ဂါထာတွေ ရွတ်ရင်း လမ်းလျှောက်ပါတယ်။ အခန်းက ကျဉ်းတော့ ဒေါင့်တန်း လမ်းလျှောက်ရင်တောင် ခုနစ်လှမ်းပဲ ရှိပါတယ်။ လမ်းလျှောက်ပြီးတာနဲ့ လက်၊ ခါး၊ ခြေ လေ့ကျင့်ခန်း ဖြည်းဖြည်းလုပ်ပါတယ်။ ခဏ နားပြီးရင် မေတ္တာပို့ပြီး တရားထိုင်ပါတယ်။ အပြင်မှာတည်းက ဒုလ္လဘ ငါးကြိမ်လောက် ဝတ်ခဲ့ပြီးပါပြီ။ မဟာစည်နဲ့ ချမ်းမြေ့ရိပ်သာ တွေမှာ ဝင်ပြီး အကြိမ်ကြိမ် တရားထိုင်ဖူးတော့ အဲဒီ အခန်းကျဉ်းလေးထဲမှာ ကောင်းကောင်း တရားထိုင်နေ ပါတယ်။

နေ့လယ်စာနဲ့ ညစာကို အဲဒီအခန်းထဲမှာပဲ စားရပါတယ်။ ထမင်းက သိပ်မကြမ်းပါ။ အသားဟင်း တစ်ခွက် ပါပါတယ်။ အချုပ်အနှောင်နဲ့ စားရတော့ အရသာ သိပ်မတွေ့ပါ။ အဲဒီညမှာလည်း ဖိနပ်ကို ခေါင်းအုံးပြီး အိပ်ရပြန်ပါတယ်။ နောက်တစ်နေ့နဲ့ တစ်ညလည်း အလားတူပါပဲ။

ဇူလိုင်လ ၂၂ ရက် ရှိပါပြီ။ ကျွန်တော်နဲ့ ပတ်သက်တဲ့ ထွက်ဆိုချက်တွေကို အထက်က အရာရှိတွေ ဖတ်နေတုန်းပဲလို့ ထင်ပါတယ်။ ကျွန်တော့် ထွက်ချက်တွေကို ညွှန်ကြားရေးမှူးလည်း ဖြစ်၊ နဝတရဲ့ အတွင်းရေးမှူး ၁ လည်း ဖြစ်တဲ့ ဗိုလ်မှူးကြီး ခင်ညွန့်အထိ ရောက်မရောက် မမှန်းဆတတ်ပါ။ အရင်တုန်း ကတော့ ကျွန်တော့်တို့ နှစ်ယောက်ရဲ့ ဆက်ဆံရေးမှာ သူ့ကို ကျွန်တော်က "ကိုခင်ညွန့်" လို့ ခေါ်သလို သူက လည်း ကျွန်တော့်ကို "ကိုဝင်းထိန်" လို့ပဲ ခေါ်ပါတယ်။

## ကျွန်တော်နဲ့ ဗိုလ်ခင်ညွန့်

နဝတ အတွင်းရေးမှူး ၁ ဖြစ်နေတဲ့ ဗိုလ်မှူးကြီး ခင်ညွန့်နဲ့က ၁၉၆၄ ခုနှစ်ကတည်းက သိကျွမ်း ခင်မင်ခဲ့တာပါ။ ကျွန်တော်တို့ တပ်က ရှမ်းပြည်နယ် မြောက်ပိုင်း စစ်ဆင်ရေးက ပြန်အလာ၊ သူကလည်း ထိုစဉ်က နတခ ဗျူဟာမှူး ဗိုလ်မှူးကြီး တင့်ဆွေ (နောင် ဗိုလ်မှူးချုပ်၊ စက်မှု ၁ ဝန်ကြီး) နဲ့ အတူ သနက ၅ ဌာနချုပ်ဖြစ်တဲ့ မအူပင်မြို့၊ ပန်တပွတ် ဌာနချုပ်ကို လာစစ်တာပါ။ ကျွန်တော့် တပ်မှူးကတော့ ကျွန်တော့်ကို ဒုံးဒဏ်ရာ ရစေ ခဲ့ပြီး ငွေ ၂၀၀၀ ကျပ် ပျောက်စေခဲ့တဲ့ ဗိုလ်မှူး သိုးထိန်းပါ။ သူ (ကိုခင်ညွန့်) က OTS အပတ်စဉ် ၂၆ က ဆင်း တော့ ကျွန်တော့်ထက် အသက် နှစ်နှစ်လောက် ပိုကြီးပါတယ်။ သူက DSA အပတ်စဉ် ၃ နဲ့ အတူတူလောက်ပါ။

ကျွန်တော် ၁၉၆၉ ခုနှစ် စစ်ရုံးကို ပြောင်းတော့ သူ့ဆရာက မော်လမြိုင် ရောက်နေပါပြီ။ ရတခ တိုင်းမှူး အဖြစ်နဲ့ပါ။ စစ်ရုံးမှာ လေးလပတ် အစည်းအဝေး အမြဲတမ်းရှိတော့ သူ့ဆရာနဲ့ ပါလာတဲ့အတွက် ကျွန်တော်နဲ့ ပြန်ဆုံတာပါ။ သူ့ရုပ်ရည်က နှစ်လိုဖွယ်ရှိပြီး လူတိုင်းနဲ့ ခင်အောင် ပေါင်းလေ့ရှိပါတယ်။ တပ်မတော်မှာ စည်းစနစ်ကျနပြီး ရုံးလုပ်ငန်းရော၊ တိုက်ရည်ခိုက်ရည်ပါ ပြည့်စုံတဲ့ ဗိုလ်မှူးကြီး တင့်ဆွေလို လူရဲ့ တပည့် ဖြစ်တဲ့အတွက် သူကိုယ်တိုင်လည်း စည်းကမ်း ကောင်းပါတယ်။ ရုံးလုပ်ငန်းတွေလည်း ကျွမ်းကျင်ပါတယ်။

သူ့ဆရာ ဒုဝန်ကြီး၊ ဝန်ကြီး အဆင့်ဆင့် ရာထူးတက်သွားတဲ့အခါမှာ သူ လိုက်မသွားပါဘူး။ ပထမဦးဆုံး စစ်တွေက ခလရ ၂၀ မှာ တပ်ရင်းမှူး ဖြစ်ပါတယ်။ အဲဒါပြီးတော့ တိုင်း ဂ္ဂ-ဝမ်း၊ အဲဒီကမှ တစ်ဆင့် ဗျူဟာမှူး ဖြစ်ပါတယ်။ ၁၉၈၃ ခုနှစ်မှာ အာဇာနည်ကုန်း ဗုံးခွဲမှု ဖြစ်တဲ့အခါ ထောက်လှမ်းရေး ညွှန်ကြားရေးမှူးက ဗိုလ်မှူးကြီး အောင်ကိုး (DSA အပတ်စဉ် ၁- ကွယ်လွန်) ဖြစ်ပါတယ်။ ဗုံးကွဲတဲ့အချိန်မှာ ဗိုလ်မှူးကြီး အောင် ကိုးက တပ်မတော် ဂေါက်ကွင်းမှာ မိတ်ဆွေတစ်ချို့နဲ့ ဂေါက်ရိုက်နေပါတယ်။ ဗုံးကွဲမှုဖြစ်လို့ ဦးနေဝင်းက ခေါ်တဲ့အခါ ဗိုလ်ချုပ်ကြီး ကျော်ထင်နဲ့ ဗိုလ်မှူးကြီး အောင်ကိုးတို့ သွားရပါတယ်။ အဲဒီအချိန်မှာ ဗိုလ်မှူးကြီး အောင်ကိုးက ဂေါက်ကွင်းက တိုက်ရိုက်လာလို့ ဂေါက်ရိုက် အဝတ်အစားနဲ့ပါတဲ့။

ဗိုလ်မှူးကြီး အောင်ကိုးက အရင် ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ဘိုနီ ပြည်ထဲရေး ဝန်ကြီး ဖြစ်သွားတဲ့ အခါမှာ သူက ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဖြစ်ခဲ့တာပါ။ အာဇာနည်ကုန်း ဗုံးကွဲမှု ဖြစ်ပြီးတဲ့နောက် မကြာခင်မှာ ကိုအောင်ကိုးဟာ အမေရိကန် ဝါရှင်တန် သံရုံးကို စစ်သံမှူး အဖြစ်နဲ့ ပြောင်းရွှေ့ ခန့်အပ်ခြင်း ခံရတာယ်။ လစ်လပ်သွားတဲ့ နေရာကို ဖြည့်ဖို့ ဗိုလ်ချုပ်ကြီး ကျော်ထင်ကို ဦးနေဝင်းက လူစားရှာခိုင်းပါတယ်။ ဘယ်လို လူစားမျိုးလဲ ဆိုတော့ "အရက် မသောက်၊ ဖဲကစား မရိုက်တဲ့ကောင် တစ်ကောင်ကို ရှာပြီးခန့်ကွာ" လို့ ဆိုတဲ့အတွက် ကိုခင်ညွန့်က ၁၉၈၄ ခုနှစ်မှာ ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဖြစ်လာပါတယ်။

၁၉၈၈ ခုနှစ် န၀တ တက်တော့ ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဖြစ်တာ လေးနှစ်ကျော်ပြီပေါ့။ န၀တမှာ အတွင်းရေးမှူး ၁ အဖြစ်နဲ့ နိုင်ငံတကာအထိ ကျော်ကြားလာတဲ့ ပုဂ္ဂိုလ် ဖြစ်လာပါတယ်။ နောက်ပိုင်း တော့ ဗိုလ်ချုပ်ကြီးအထိ ဖြစ်လာ၊ ဝန်ကြီးချုပ်အထိ ဖြစ်လာရာက ၂၀၀၄ ခုနှစ်မှာ ဦးသန်းရွှေက သူ့ကို ဖြုတ်ပြီး ထောင်ဒဏ် နှစ် ၄၀ ကျော် ချခံရတဲ့အထိပါပဲ။ သူ ကြီးပွားတဲ့ကာလ တစ်လျှောက်လုံးလိုလို ကျွန်တော်ဟာ ထောင်ထဲမှာ နေခဲ့ရတာပါ။

ဒီကာလမှာ သူ့ရဲ့ အနေအထား တစ်စ တစ်စ ပြောင်းလဲ တိုးတက်လာတာကိုရော သူ့စိတ်နေ သဘာဝ ပြောင်းလဲလာတာတွေကိုလည်း အကဲခတ်မိပါတယ်။ အာဏာကို သာယာလာတဲ့ ပုံစံမျိုး၊ ရာထူးမာန် တက်တဲ့ ပုံစံမျိုးတွေ အကဲခတ်မိပါတယ်။ ဒါပေမဲ့ သူ ကျွန်တော့်ကို ထူးထူးခြားခြား အကျိုးပြုခဲ့တာ တစ်ခု ရှိပါတယ်။ ၂၀၀၁ ခုနှစ်မှာ ကျွန်တော် ဖခင်ကြီး ဦးလှထွန်း မိတ္ထီလာမှာ ကွယ်လွန်ခဲ့ပါတယ်။ အဲဒီအခါ ကျွန်တော့် ညီ/ ညီမတွေက သူ့ဆီကို အသနားခံစာ တင်ပါတယ်။ မြင်းခြံထောင်မှာ ရောက်နေတဲ့ ကျွန်တော့်ကို မိတ္ထီလာ ထောင်ကို ပြောင်းပြီး အသုဘ ပို့ခွင့်ပေးဖို့ပါ။

"အမယ်၊ ရသဗျ"

အဖေ နေမကောင်းတာတော့ ကြာပါပြီ။ အချိန်မရွေး ကွယ်လွန်သွားမယ် ဆိုတာ တွက်ပြီးသားပါ။ ဒါနဲ့ တစ်နေ့တော့ ထောက်လှမ်းရေးက တပ်ကြပ်ကြီး တစ်ယောက်နဲ့ ထောင်မှူး တစ်ယောက်က ကျွန်တော့် အခန်းဆီ ပေါက်လာပြီး " အဝတ်အစား တစ်ပတ်စာလောက် ယူပြီး အပြင်သွားမယ်" လို့ ပြောတဲ့အခါ ကျွန် တော်က "မိတ္ထီလာကို သွားမှာလား" လို့ မေးတော့ သူတို့က ထုံးစံအတိုင်း ဘာမှ ပြန်မပြောပါ။ ဒါကြောင့် ကျွန်တော်က အဝတ်အစားလဲ၊ တစ်ပတ်စာ အစားအသောက်တွေ ယူပြီး သူတို့ခေါ်ရာ လိုက်သွားပါတယ်။ ထောင်ဘူးဝ ရောက်တော့ အသင့် စောင့်နေတဲ့ ဆလွန်းကား နှစ်စီးနဲ့ မိတ္ထီလာကို သွားပါတော့တယ်။

ကျွန်တော်က ထောင်မှူးနဲ့ ထောက်လှမ်းရေး ပါတဲ့ကား၊ နောက်တစ်ကားကတော့ လုံခြုံရေးတွေ ပါတယ် ထင်ပါရဲ့၊ နှစ်နာရီကျော်ကျော်လောက် မောင်းရပါတယ်။ မိတ္ထီလာထောင် ရောက်တော့ ကျွန်တော့်ကို တိုက်ကို ပို့ပါတယ်။ တိုက်မှာက အခန်း သုံးခန်းပဲ ရှိပါတယ်။ အကျဉ်းသားက ကျွန်တော် တစ်ယောက်တည်းပါ။ အဖေ ကွယ်လွန်ပြီး သုံးရက်မြောက်ကျမှ ကျွန်တော် မိတ္ထီလာ ရောက်တာပါ။ အဖေရဲ့ အသုဘက ငါးရက်ထား ရမှာမို့လို့ အဲဒီနေ့ကျမှ ကျွန်တော့်ကို အပြင်ထုတ်ပါတယ်။ အဖေ့ ရုပ်အလောင်းက မိတ္ထီလာမြို့ ပြည်သာယာ ၄ လမ်းက ကျွန်တော့် ညီမ (နံပါတ် ၇) ဒေါ်နုနုရီ (ကွယ်လွန်) နဲ့ သူ့ခင်ပွန်း ဦးဆန်နီလှိုင်တို့ အိမ်မှာပါ။ ထောက်လှမ်းရေးက ကြိုအသိပေးထားလို့ ကျွန်တော် လာမယ် ဆိုတဲ့အကြောင်း အားလုံး သိနေကြပါပြီ။

ကျွန်တော် အသုဘ သွားပို့ရမှာလည်း မိတ္ထီလာ လေတပ် ထောက်လှမ်းရေးက တာဝန်ယူပါတယ်။ ထောင်မှူး တစ်ယောက်လည်း ပါပါတယ်။ အဲဒီလို ကိုယ့်နောက်က အပြီးတန်းလန်းနဲ့ လာတဲ့ အခါကျတော့ အသုဘပို့ ပရိသတ်ထဲက ကျွန်တော့်ကို ပေါ်ပေါ်ထင်ထင် လာပြီး နှုတ်ဆက်ရဲတဲ့သူ သိပ်မရှိပါ။ အမျိုးထဲက

သတ္တိကောင်းတဲ့ တစ်ယောက်တလေလောက်ပဲ လာနှုတ်ဆက်ပါတယ်။ ကျွန်တော် ရောက်တော့ အဖေ့အလောင်းကို ဘုန်းကြီးသုံးပါးနဲ့ သရဏဂုံတင်ပါတယ်။ ပြီးမှ အခေါင်းထဲ ထည့်ပြီး သင်္ချိုင်းကို သွားကြပါတယ်။ သင်္ချိုင်းက အသစ်ပါ။ စစ်အစိုးရက ရန်ကုန်က စပြီး သင်္ချိုင်းတွေကို အပြင်ထုတ်တာ လုပ်ရိုးထုံးစံ တစ်ခု ဖြစ်သွားပါပြီ။

ကားနဲ့ သွားရတာတောင်သင်္ချိုင်းက တော်တော် ဝေးပါတယ်။ အသစ်ဆိုတော့ မြေပုံတွေတောင် သိပ်မရှိသေးပါ။ ညီ/ညီမတွေက အဖေ့အတွက် အုတ်ဂူ အသင့် ဆောက်ထားပါတယ်။ ရောက်တာနဲ့ အသုဘပို့တဲ့ လူတွေ စုံအောင်စောင့်ပြီးတော့ ဂူသွင်း သင်္ဂြိုဟ်ခဲ့ပါတယ်။ ပြီးတဲ့အခါ ညီမအိမ် သွားပြီး ဆွေမျိုး မိတ်ဆွေတွေကို တွေ့ဆုံပြီး စကားစမြည် ပြောပါတယ်။ တချို့ကလည်း ဟက်ဟက်ပက်ပက်၊ တချို့ကျတော့ မဝံ့မရဲ။ ဘာပဲဖြစ်ဖြစ်လေ  ကျွန်တော်ကတော့ သူတို့နဲ့ တွေ့ဆုံ စကားပြောရတာပဲ အမြတ်လို့ သဘောထားနေတာပါ။ ပြီးတော့ ကျွန်တော့် ဇနီးရယ်၊ ဗမာပြည်မှာ ရှိနေတဲ့ သားငယ်နဲ့ သမီးငယ်တို့ရယ် ရောက်နေတာပါ။ သမီးကြီးက ဩစတေးလျ နိုင်ငံနဲ့ သားကြီးက အမေရိကန် နိုင်ငံမှာပါ။

တစ်နာရီလောက် ကြာတော့ အားလုံးကို နှုတ်ဆက်ပြီး ထောင်ကို ပြန်ပါတယ်။ ထောင်မှာ နစ်ရက် အချိန် ဖြုန်းပြီး ခုနစ်ရက်နေ့ ရက်လည်တဲ့အခါ မနက် လေးနာရီလောက်က ထပြီး ပြည်သာယာအိမ်ကို သွားပါတယ်။ မနက် ငါးနာရီကျော်ကျော်လောက်မှာ သံဃာတော် ငါးပါးနဲ့ ရက်လည်ဆွမ်း ကျွေးခြင်း၊ ပရိတ်တရားတော်များ နာယူခြင်းများ ပြုလုပ်ပြီး ဘုန်းကြီးတွေကို အရုဏ်ဆွမ်း ကပ်ပါတယ်။ အဲဒီ အခမ်းအနားကို ရွာက အမျိုးတွေကပါ လှည်းတွေနဲ့ ရောက်လာကြပါတယ်။ ဒါ့ကြောင့် ဘုန်းကြီးတွေ ပြန်ကြွသွားတဲ့အခါမှာ ရောက်လာတဲ့ လူတွေကို အစားအသောက်တွေ တည်ခင်း ကျွေးမွေးရင်းနဲ့ လွတ်လွတ်လပ်လပ် စကားပြောခဲ့ရပါတယ်။

နေ့လယ်စာ စားပြီးတဲ့အခါ ထောင်ကို ပြန်သွားပါတယ်။ လိုက်ပို့တဲ့သူတွေကတော့ လေတပ် ထောက်လှမ်းရေးက ဖြစ်ပါတယ်။ အသွားရော အပြန် ခရီးမှာရော ကားထဲမှာ ပါလာတဲ့ ထောက်လှမ်းရေးတွေက ဖော်ရွေမှု သိပ်မရှိလို့ စကားများများ မပြောဖြစ်ခဲ့ပါဘူး။ မြင်ခြံထောင် ပြန်ရောက်တော့ ကျွန်တော့်ကို မူလနေရာ ပြန်မပို့ဘဲနဲ့ ပြစ်ဒဏ်တိုက်ကို ပို့ပေးပါတယ်။ အဲဒီတိုက်မှာက သူခိုးကြီး မြင့်သိန်းနဲ့ ဖော်ဆိုင်းတို့ ရောက်နေကြပါပြီ။

## သားသား (ခ) မြင့်သိန်း

သားသား (ခ) မြင့်သိန်း ဆိုသူက စောရနကွတ် ပါလို့ထင်ပါရဲ့ ဆယ်ကျော်သက် အရွယ်ကတည်းက ထောင်ကို အိမ်ဦးနဲ့ ကြမ်းပြင်လို သဘောထားပြီး နေခဲ့တာပါ။ သူ့ဇာတိက သံလျင် ကျောက်တန်းဘက်ကပါ။  သူက စောရနကွတ်နဲ့ ယှဉ်ပြီး မွေးတယ်နဲ့တူပါတယ်။ သူ လသားအရွယ်မှာ ကတည်းက ပြဿနာ စခဲ့တာပါ။ ဘယ်လို ပြဿနာလဲ ဆိုတော့ သူ လသားအရွယ်မှာ သူ့အိပ်ရာဘေးမှာ ကြည့်လိုက်ရင် နာရီ၊ လက်ကောက်၊ ဆွဲကြိုး၊ လက်စွပ်၊ ဖောင်တိန် စတဲ့ ပစ္စည်းတွေ ရောက်နေပါတယ်တဲ့။

ညကတည်းက ကြောင်တွေက ချီပြီး သူ့အနား လာပို့တာပါ။ မနက်လင်းတဲ့အခါမှာ သူတို့ အိမ်ရှေ့မှာ လူ လေးငါး ဆယ်ယောက်လောက်က နေ့တိုင်းလိုလို အမြဲ လာစောင့်ကြလေ့ရှိပါတယ်။ သူတို့ ပျောက်တဲ့ ပစ္စည်းတွေဟာ အဲဒီ ကလေး အိပ်ရာ ပတ်ပတ်လည်မှာ ရောက်နေတဲ့အတွက် မနက်ကျရင် အကျိုးအကြောင်း မေးပြီး ပိုင်ရှင်ကို ပြန်ပေးရတာ နေ့စဉ်လိုလိုပါပဲ။ သူ အသက် ၁၂ နှစ် ၁၃ နှစ်လောက်ကျတော့ အိမ်မှာ မနေ

ချင်တော့ပါဘူး။ ဒါကြောင့် အိမ်က ထွက်ပြေးပြီး ရန်ကုန်က ဈေးတွေ တစ်ဝိုက်၊ ဘူတာကြီး တစ်ဝိုက်မှာ ကျင်လည် ကျက်စားရင်းနဲ့ ကလေးထောင်မှာ လေး-ငါးခါလောက် ကျဖူးပါတယ်။ အရွယ်ရောက်တော့ လူကြီး ထောင်ပေါ့။

ကျွန်တော်နဲ့ တွေ့တဲ့အထိ သူ ထောင်ကျတာ အကြိမ် ၂၀ ကျော်ပါပြီ။ သူပြောမှ သိရတာပါ။ သူ ထောင်ထဲ ရောက်ပြီဆိုတာနဲ့ သူ့ဘော်ဒါတွေက ထောင်ထဲမှာ အပြည့်ပါ။ တန်းစီးတို့၊ ဘုတ်ကိုင်တို့ ဆိုတာ သူ့ ဘော်ဒါတွေချည်းပါပဲ။ အများစုက ကလေးထောင်မှာ ဆုံခဲ့ဖူးကြသူတွေ ဖြစ်ပါတယ်။ နောက်ဆုံးတစ်ခါကတော့ နဝတ ခေတ်မှာ ကျော်ကြားမှုနဲ့ စစ်ခုံရုံးက ခုနစ်နှစ် ချလိုက်တာပါ။ သူက ထောင်သမ္ဘ ဖြစ်လို့ ထောင်ထဲ မှာလည်း အစားအသောက် မခက်ခဲတဲ့အပြင် စိတ်ရှိရင် ဆေးခြောက်တောင် ရှူလို့ရပါတယ်။

ထောင်ထဲမှာလည်း ထင်တိုင်းကြဲလို့ ရတယ်ဆိုပေမဲ့ တစ်ခါတလေ အကြောင်းအပေါင်း မသင့်ရင် ထောင်တွင်း ပြစ်ဒဏ် ခံရလေ့လည်း ရှိပါတယ်။ တစ်ကြိမ်မှာတော့ ထောင်ပိုင်က အသစ်ဖြစ်တော့ သူ့ အကြောင်းကို မသိပါဘူး။ သူနဲ့ အရင်းဖြစ်ပွားတဲ့ အခြားနှစ်ယောက်ကိုပါ ပေါင်းပြီး "စစ်ခွေးတိုက်" က အခန်းတစ်ခုကို ပို့လိုက်ပါတယ်။ နေရာပြောင်းသွားပေမဲ့ အခက်အခဲ မရှိတဲ့အပြင် သူတို့ သုံးယောက် ထောင် ဝိတ်ပြီ ဆိုတာနဲ့ ဖဲရိုက်ကြပါသတဲ့။ ငွေကြေးရယ်လို့ များများ မတတ်နိုင်သော်လည်း လုံချည်ကြေး၊ အင်္ကျီကြေး၊ စောင်ကြေး ရိုက်ကြတဲ့အခါ တစ်ခါတလေ သူ့မှာ ပြောင်သလင်းခါပြီး အတွင်းခံ ဘောင်းဘီလေးပဲ ကျန်တဲ့အထိ ဖြစ်တတ်ပါသတဲ့။

သူ့ကို ပြစ်ဒဏ်ပေးတာနဲ့ ပတ်သက်လို့ မကျေနပ်တဲ့အတွက် ထောင်ပိုင်နဲ့ တွေ့ပါရစေလို့ သတင်းပို့ သော်လည်း ထောင်ပိုင် လာမတွေ့ပါ။ အခန်းဖော်တွေနဲ့ ဖဲရိုက်တိုင်းလည်း ရှုံးနေတော့ ကြံမိကြံရာ ကြံပါ တော့တယ်။ ဘယ်လို ကြံသလဲဆိုတော့ သူ့ဘော်ဒါတွေကို ကြက်တစ်ကောင်လုံး ကာလသားဟင်း ချက်ပြီး ဆေးခြောက်ပါ ခတ်ခိုင်းပါတယ်။ သူ့အခန်းဖော် နှစ်ယောက်ကိုတော့ အချိုသတ် အယုံသွင်းပြီး သူ့မွေးနေ့ အခမ်းအနားလိုလို ဘာလိုလိုနဲ့ ဆေးခြောက် ကြက်သားဟင်းကို ကျွေးပါတယ်။ သူကတော့ စားချင်ယောင်ပဲ ဆောင်ပါတယ်။ တကယ် မစားပါ။

သူ့အဖော် နှစ်ယောက် ဆေးခြောက်မူးပြီး အိပ်မောကျနေတဲ့ အချိန်ကျမှ ရေချိုးထွက်ချိန်က ခိုးသွင်း လာတဲ့ အုတ်နီခဲနဲ့ သူတို့ ခေါင်းတွေကို မသေမချင်း ရိုက်ပါတော့တယ်။ အဲဒီလို ရုန်းရင်းဆန်ခတ် ဖြစ်တော့ တာဝန်ကျ ထောင်ဝန်ထမ်းတွေ ရောက်လာပါတယ်။ ဒါပေမဲ့ နောက်ကျသွားပါပြီ။ ဟိုနှစ်ယောက်လုံးက သေ သွားပါပြီ။ အတိုချုပ် ပြောရရင် အဲဒီ နှစ်မှုအတွက်က ထောင်ဒဏ် အနှစ် ၂၀ စီ၊ ပေါင်း အနှစ် ၄၀ ပေါ့။

ကျွန်တော်နဲ့ မြင်းခြံထောင် ပြစ်ဒဏ်တိုက်မှာ သူနဲ့ ဆုံမိလို့ သူပြောသမျှကို ပြန်ဖောက်သည်ချရတာပါ။ သူ ကျွန်တော့်ကို တိုက်တွန်းတာ တစ်ခုရှိပါသေးတယ်။ ဘာလဲဆိုတော့ "ဦးထိန်၊ ဆေးခြောက်ကို အများကြီး တော့ မလုပ်နဲ့၊ နဲနဲတော့ ရှူကြည့်ပါ၊ အရမ်း ဖိမ်ကျတဲ့အပြင် အလုပ်အကိုင်တွေလည်း လျှောလျှောရှူရှူ ပြီး သွားတတ်ပါတယ်" ပါတဲ့။ မှတ်သားလောက်ပါပေတယ်။

## ဇော်ဆိုင်း

သူက KIA အဖွဲ့ဝင် တစ်ယောက် ဖြစ်ပါတယ်။ ၁၈ နှစ်သား ကတည်းက သေဒဏ်ကျတာပါ။ မန္တလေး နန်းတွင်းထောင်ကနေ မြင်းခြံထောင်ကို ရောက်လာတာပါ။ အကြောင်းအရင်းက မန္တလေး ထောင်ကို ဖောက်ပြီး ထွက်ပြေးမယ့် အစီအစဉ်ရှိတယ်လို့ စွပ်စွဲခံရတာပါ။ သေဒဏ်ကျခံရတဲ့ အကြောင်းအရင်းကတော့

အဲဒီတုန်းက မြောက်ပိုင်းတိုင်း တိုင်းမှူး ဗိုလ်ချုပ် အယ်လ်ကွန်ဖန် (အဆိုတော် အယ်လ်ခွန်းရီရဲ့ အဖေ) ကို လုပ်ကြံမှုကြောင့် ဖြစ်ပါတယ်။ တိုင်းမှူးကို လုပ်ကြံတာ အောင်မြင်ပြီး ထွက်အပြေးမှာ အဖမ်းခံရတာပါ။ သူနဲ့ အတူ လုပ်ကြံမှုမှာ ပါတဲ့ နှစ်ယောက်ကတော့ လွတ်သွားပါတယ်။

ကျွန်တော် မြင်းခြံထောင် ရောက်ခါစ (၁၉၉၇ ခုနှစ်) ကတော့ အရမ်း တင်းကြပ်လွန်းတဲ့အပြင် တုတ်မိုး အုပ်ချုပ်တဲ့ ကာလမို့ သူ ရှိနေတယ်ဆိုတာတော့ သိပါတယ်။ ၂၀၀၀ ခုနှစ် ကမ္ဘာ့ ကြက်ခြေနီ အဖွဲ့ ICRC ဝင်လာတဲ့ အချိန်ကျမှ တစ်စ တစ်စ လွတ်လပ်လာပြီး တိုက်ပြင်ကို ထွက်ခွင့်ရတော့မှ သူနဲ့ ဆုံမိတာပါ။ အဲဒီ အချိန်မှာ သူဟာ ထောင်သက် ၁၀ နှစ်လောက် ရှိပါပြီ။ စိတ်သဘောထား ဖြောင့်မတ်ပါတယ်။ မဟုတ်မခံ စိတ်လည်း ရှိပါတယ်။

ပြဿနာ ခဏ ခဏ တက်လို့ ထောင်ထဲမှာ သူဟာ သံခြေချင်းလည်း မကြာခဏ အခတ်ခံရပါတယ်။ သူကတော့ မဖြုံပါဘူး။ သူက နိုင်ငံရေး အကျဉ်းသားတွေကို အရမ်း လေးစားပါတယ်။ NLD က လူတွေကိုလည်း လေးစားတယ်၊ ထောင်ထဲမှာ ရှိတဲ့ ကွန်မြူနစ် ယူဂျီတွေကိုလည်း လေးစားတယ်၊ ကျောင်းသား ဘဝက ထောင်ကျလာတဲ့ လူတွေကိုလည်း လေးစားတယ်။ အဲဒီလို လူမျိုးပါ။

ကျွန်တော် မိတ္ထီလာက ပြန်လာတော့ သူက သူ့မိုး မြင့်သိန်းနဲ့အတူ ပြစ်ဒဏ်တိုက် ရောက်နေနှင့်ပါပြီ။ အကြောင်းရင်းကိုတော့ မေ့သွားပါပြီ။ သေရာတာကတော့ အဲဒီတုန်းက ထောင်ပိုင်လုပ်တဲ့ ဦးသောင်းညွန့်က မကြိုက်လို့ ပြစ်ဒဏ်တိုက် ရောက်နေတာပါ။ ပြစ်ဒဏ်တိုက်က ၁၀ ခန်းလောက် ရှိမှာပါ။ ကျွန်တော် ရောက် သွားတဲ့ အချိန်မှာတော့ ကျွန်တော်တို့ သုံးယောက်ပဲ ရှိလို့ သူတို့နဲ့ပဲ စကားပြောရတာပေါ့။ အဲဒီအခါကျမှ ဇော်ဆိုင်းဟာ ဟိုပင်နဲ့ အင်းတော်ကြီး သွားတဲ့ လမ်းပေါ်က ရွာတစ်ရွာ ဇာတိဆိုတာ သိရတာပါ။ ခရစ်ယာန် ဘာသာဝင် ဖြစ်ပြီး ဘာသာရေးကိုလည်း လေးလေးနက်နက် လေးစား ယုံကြည်တဲ့ လူတစ်ယောက် ဖြစ်ပါ တယ်။

ဦးသိန်းစိန် လက်ထက်က လွတ်ငြိမ်းချမ်းသာခွင့် တစ်ခုကြောင့် ထောင်က လွတ်ပါပြီ။ သူ ရန်ကုန်ကို ရောက်လာတော့ ကျွန်တော်နဲ့ တွေ့ပါသေးတယ်။ သူ့ရွာကိုတော့ တစ်ခေါက်လောက် ပြန်ရောက်ပါတယ်။ အခုတော့ ကွတ်ခိုင်က ရှမ်းဖောမ တစ်ယောက်နဲ့ အိမ်ထောင်ကျပြီး ကလေး နှစ်ယောက် ရပြီး ကွတ်ခိုင်မှာ နေတယ်လို့ သိရပါတယ်။ သူနဲ့ KIA နဲ့ အဆက်အသွယ် ရှိ/ မရှိ မသိတော့ပါ။

## ပွဲကြမ်းပြီ

ထောက်လှမ်းရေးတပ်မှာ စစ်ကြောရေးခံရတဲ့ အကြောင်းကနေ တစ်ဆက်တည်း ဗိုလ်ခင်ညွန့် အကြောင်းနဲ့ မြင်းခြံထောင်ကနေ ခင်ကြီး အသုဘ လိုက်ပို့ရတဲ့ အကြောင်းတွေ လမ်းကြောင်းသင့်လို့ မမှုခင် ရေးပြ လိုက်ရတာပါ။ ကျွန်တော့်ရဲ့ ထွက်ဆိုချက်တွေ လက်မှတ်ထိုးပြီးတဲ့အခါမှာ ကျွန်တော့်ခေါင်းကို အဝတ်အိတ် စွပ်ပြီး ခေါ်သွားပါတယ်။ တော်တော် လျှောက်ရပါတယ်။ တစ်နေရာ ရောက်တော့ အခန်းသော့ ဖွင့်သံတွေ ကြားပြီး ကျွန်တော့်ကို အခန်းတစ်ခန်းထဲ ခေါ် လိုက်ပါတယ်။

ထောက်လှမ်းရေးတပ်က အချုပ်ခန်းပါ။ အဲဒီမှာ တော်ဘုရားလေး အောင်ဇေ ရောက်နေပါတယ်။ နောက်ပြီး စစ်ရုံးမှာ အတူတူ တာဝန်ထမ်းခဲ့ဖူးတဲ့ ဗိုလ်မှူး ကိုလေးကြီးကိုလည်း တွေ့ရပါတယ်။ သူက ကြို့ကုန်း အရှေ့လမ်းမှာ နေတာပါ။ သူ့လမ်းထဲက လက်ဖက်ရည်ဆိုင်မှာ နိုင်ငံရေးစကားတွေ ပြောရင်းနဲ့ တစ်ယောက်က သတင်းပို့တဲ့အတွက် ရောက်လာတာပါ။ ကျွန်တော် အဲဒီမှာ ညမအိပ်လိုက်ရပါဘူး။ မှောင်